



# မဟာဘုတ်အောင် ဝိပဿနာ

## ပညာပေး-အလုပ်ပေး

## လုပ်ငန်းခွင်ဝင်-ကျင့်စဉ်တရားတော်


ဒုတိယပိုင်း


ရန်ကုန်-ဦးဝိသုဒ္ဓ
ဝိပဿနာယာန ဓမ္မကထိက-ကမ္မဋ္ဌာနာစရိယ

ဟောကြား-ရေးသားသည်

ဓမ္မဒါနံ
သဗ္ဗဒါနံ ဇိနာတိ

၉/၃၆




{ စိရံ တိဋ္ဌတု၊ }

# 'မဟာဉာဏ်အောင် ဝိပဿနာ'

## သာသနာ့ - ဝန်ထမ်းမှာ၊

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊
သာသနံပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။ ။

★

၁၄၆၀၆

* ရန်ကုန်မြို့- သိမ်ဖြူလမ်း
* ဓမ္မိကာရုံ ပါဠိတက္ကသိုလ်
* ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ
* တိပိဋက ရွေးချယ်ရေး- နာယက
* ဒေဝသာဂရ သိမ်ကုန်း ဆရာတော်ဘုရား၏
* အဋ္ဌေဝါဒါသိက, တပည့်....

၂၉၄ - ၃၆၄
၀၁၁၃
၁၄၆၀၆

★

* ရန်ကုန်-ဦးဝိသုဒ္ဓ
* ဟောကြား- ရေးသားသော
* မဟာဉာဏ်အောင်- ဝိပဿနာ
* ပညာပေး – အလုပ်ပေး
* လုပ်ငန်းခွင်ဝင် – ကျင့်စဉ်တရားတော်
* ဒုတိယပိုင်း၊

★

* မစိုးရိမ် – ဦးဝိစက္ခဏ
* ဓမ္မာစရိယ-
* မဟာဉာဏ်အောင်ဝိပဿနာ-နာယယ
* တည်းဖြတ် – သုခ်သင်သည်၊
* စုပေါင်း ဓမ္မဒါန– ရယူကြသည်၊
* ၁၃၃၉-ခု၊ ဝါခေါင်လပြည့်နေ့၊

ဘာသာရေးဆိုင်ရာ
စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် ( ၁၀၀၆၁ )

မျက်နှာဖုံးဒီဇိုင်း.... တင်ဖေ
။ ဘလောက်.... တိုင်းချစ်ဘလောက်တိုက်-
။ ရိုက်နှိပ် .... ပြည်သူ့မိတ်ဆွေ၊
စာအုပ်ရေ .... ၂၀၀၀၊
ပထမအကြိမ် .... ၁၉၇၇-ခု၊ စက်တင်ဘာလ-

ရောင်းဈေးနှုန်း ၁၂ ကျပ်

ထုတ်ဝေသူ ။ ဦးတင်ယု-
(ဧဟာဉာဏ်အောင် ဝိပဿနာပြန့်ပွားရေး)
ကင်းလွတ်ခွင့်အမှတ်- (၀၄၀၁၈)
အမှတ်-၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ ဒေါ်ကျင်ပု-
မှတ်ပုံတင် ( မြ- ၀၁၈၉၄ )
ပြည်သူ့မိတ်ဆွေ- စာပုံနှိပ်တိုက်၊
အမှတ်-၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

# (လိုရင်းအာ ချုပ် - မာတိကာ)


| | | |
|---|---|---|
| B။ | ဥယျော်ဇနကထာ-တိုက်တွန်းလွှာ | B |
| B။ | ထိုထိုသဘာဝ-လိုက်နာကြ | B.၇ |
| ၁။ | ပဏာမ-ပဋိညာဉ် | ၁/၂ |
| ၂။ | တရားတော်အချီး-နှိုးနှော်နည်း | ၃ |
| ၃။ | နာမရူပ ပရိဂ္ဂဟ-ဒိဋ္ဌိဝိသုဒ္ဓိကထာ | ၁၁ |
| ၄။ | ဝိပဿနာအာရုံ-ဓမ္မရာသီ-အစုအပုံ | ၁၂ |
| ၅။ | ဝိပဿနာဉာဏ် ငါးပါးအချုပ် | ၂၀ |
| ၆။ | သောတာပတ္တိ မဂ်ရကြောင်း-အင်္ဂါလေးပါး | ၂၂ |
| ၇။ | ရူပ ပရိစ္ဆေဒ-ဉာဏ ကထာ | ၂၃ |
| ၈။ | ပထဝီရုပ် ဓါတ်ပရမတ် | ၂၆ |
| ၉။ | မြူလေးမျိုး | ၄၅ |
| ၁၀။ | ပရမတ်-ဓါတ်-ရုပ်-ဒြပ်-သဘော | ၅၃ |
| ၁၁။ | အကျဉ်းချုံး၍ မှတ်ရန် | ၅၅ |
| ၁၂။ | ပထဝီရုပ်ဓါတ် ကျင့်စဉ်မြတ် | ၆၃ |
| ၁၃။ | ပထဝီရုပ်ဓါတ် ဌာန်လေးပါး | ၈၀/၈၃ |
| ၁၄။ | အာပေါရုပ်ဓါတ် ပရမတ် | ၈၅ |
| ၁၅။ | အာပေါရုပ်ဓါတ် ဌာန်လေးပါး | ၉၈ |
| ၁၆။ | တေဇောရုပ်ဓါတ် ပရမတ် | ၉၉ |
| ၁၇။ | တေဇောရုပ်ဓါတ်ဌာန်လေးပါး | ၁၁၀ |
| ၁၈။ | ဝါယောရုပ်ဓါတ် ပရမတ် | ၁၁၆ |
| ၁၉။ | လောကသုံးစား-ဓါတ်လေးပါးနှင့် နိယာမတရား | ၁၂၀ |
| ၂၀။ | သုံးလောကအချုပ် ပဓါနနှင့် ပဋ္ဌာန | ၁၂၉ |
| ၂၁။ | ဝါယောရုပ်ဓါတ် ဌာန်လေးပါး | ၁၄၅ |
| ၂၂။ | ဝဏ္ဏရုပ်ဓါတ်-ပရမတ် | ၁၄၈ |
| ၂၃။ | ဝဏ္ဏရုပ်ဓါတ် ဌာန်လေးပါး | ၁၆၇ |
| ၂၄။ | ဂန္ဓရုပ်ဓါတ် ပရမတ် | ၁၆၈ |
| ၂၅။ | ဂန္ဓရုပ်ဓါတ် ဌာန်လေးပါး | ၁၇၃ |
| ၂၆။ | ရသရုပ်ဓါတ်-ပရမတ် | ၁၇၃ |
| ၂၇။ | ရသရုပ်ဓါတ် ဌာန်လေးပါး | ၁၈၉ |
| ၂၈။ | သြဇာရုပ်ဓါတ်-ပရမတ် | ၁၉၀ |
| ၂၉။ | သြဇာရုပ်ဓါတ်၏ ဌာန်လေးပါး | ၂၁၁ |

# လိုရင်းအချုပ် — မာတိကာ


၃၀။ ပရိစ္ဆေဒရုပ်ခေါ်- အာကာသဓါတ် ၂၁၂

၃၁။ အာကာသ ပရိစ္ဆေဒဓါတ် ဌာန်လေးပါး ၂၃၂

၃၂။ ရုပ်ခန္ဓာ-ဇယား ၂၃၃

၃၃။ ရူပက္ခန္ဓာ သဘောတရား ၂၃၃

၃၄။ နာမ်ခန္ဓာ လေးပါး ဇယား ၂၄၁

၃၅။ သင်္ခါရက္ခန္ဓာတရားကိုယ်- စေတသိက်ငါးဆယ် ၂၅၁

၃၆။ နာမ ပရိစ္ဆေဒ-ဒိဋ္ဌိဝိသုဒ္ဓိကထာ ၂၆၇

၃၇။ စိတ်, ဝိညာဏ်, နာမ်တရားခေါ်- ဝိညာဏက္ခန္ဓာ ၂၅၀

၃၈။ ဝိညာဏက္ခန္ဓာ၏ ဌာန်လေးပါး ၂၇၃

၃၉။ စေတသိက်နာမ်ကရားများကို သုံးသပ်ချက် ၂၇၄

၄၀။ ဝေဒနက္ခန္ဓာတရား ၂၈၀

၄၁။ ဝေဒနက္ခန္ဓာ၏ ဌာန်လေးပါး ၂၉၉

၄၂။ သညက္ခန္ဓာတရား ၃၀၀

၄၃။ သညက္ခန္ဓာ၏ ဌာန်လေးပါး ၃၀၆

၄၄။ သင်္ခါရက္ခန္ဓာတရား ၃၀၇

၄၅။ သမထ-ဝိပဿနာ-သိအပ်စရာ ၃၂၂

၄၆။ သမထ ဘာဝနာ လေးဆယ်တို့မှာ ၃၂၃

၄၇။ ဝိပဿနာ ဘာဝနာကမ္မဌာန်း ၃၂၅

၄၈။ သတိပဋ္ဌာန် လေးပါး ၃၂၆

၄၉။ လုပ်ငန်းခွင်အစ ကျင့်သိအပ်စရာများ ၃၃၀

၅၀။ အမှတ်, အသိ, အတတ်, အရ, အရှိပညာဇယား ၃၃၂

၅၁။ သာသနာသုံးရပ်-ပရိညာသုံးပါး ဖြစ်ရာတရား ၃၃၅

၅၂။ ကာယာနုပဿနာ-အာနာပါန ဝိပဿနာရှုပွားနည်း ၃၄၁

၅၃။ ဌာနတူ-အာကာရတူ- သမထ, ဝိပဿနာခွဲနည်း ၃၄၄—၃၄၅

၅၄။ အာနာပါန လက္ခဏာရမ္မဏိက ဝိပဿနာအခြေခံများ ၃၅၂

၅၅။ ပဌမ=မဟာသတိပဋ္ဌာနသုတ်တော်လာ-ရှုပွားနည်းအကျဉ်း ၃၅၆

၅၆။ ဒုတိယ=ဝိသုဒ္ဓိမဂ်လာ- ရှုပွားနည်းအကျဉ်း ~~၃၆~~၃

၅၇။ တတိယ=ပဋိသမ္ဘိဒါမဂ်လာ-ရှုပွားနည်းများ ၃၆၈

၅၈။ အာနာပါန ဝိပဿနာရှုပွားပုံ ဇယား ၃၇၃

၅၉။ အာနာပါန လက္ခဏာရမ္မဏိကဝိပဿနာ=သံပေါက်ဆော်၁ ၃၇၃

၆၀။ ဓမ္မဒါန-သာဝက-ကောင်းမှုရှင်များ ၃၇၄

တည်းဖြတ်-သုတ်သင်သူ

# မဓိုးရှိမ် - ဦးဝိစက္ခဏ - ဓမ္မာစရိယ



## ဆရာတော် - ဦးဝိစက္ခဏ၏

# ဥယျောဇနကထာ - ကိုက်တွန်းလွှာ။

ဆရာတော်သည်၊ ဤ.... မဟာဉာဏ်အောင်ဟု- အမည့်မဆောင်ခင်၊ ပြန့်ပွားရေးအဖွဲ့အနေ-မစတင်စဉ်ကပင်၊ ဦးဆောင်ရှေ့ရှုက်-သာသနာ့ဝန်ထမ်း လျက်ရှိသော- တကိုယ်တော်၊ ရန်ကုန်-ဦးဝိသုဒ္ဓအား- သိကျွမ်းလာခဲ့ရပေ သည်။ ဘာ့ကြောင့်-တကိုယ်တော်ဟု- ကင်ပွန်းတပ်လိုက်ရပါသနည်းဆိုသော်၊ မကျော်ကြားသော- ရန်ကုန်-ဦးဝိသုဒ္ဓသည်၊ ကျော်ကြားမှုကို- မလိုလား၊ မကြိုးစားဘဲ၊ တကိုယ်ထည်းအားဖြင့်သာ၊ ရဟန်းဘဝ- လေးနှစ်တာခရီးတွင် မိမိဆည်းပူးသိရှိခဲ့- ကျင့်သုံးရရှိခဲ့သော- ဝိပဿနာတရားတော်- မြတ်များကို၊ ကြုံဆုံကြိုက်ညီ- လက်လှမ်းမှီရာဌာနတို့၌၊ ဝိပဿနာသင်တန်းတရားပွဲများကို၊ တဌာနလျှင်- တလမှ- နှစ်လကျော်ကျော်တိုင်- ဆက်တိုက်- ဟောကြားပြသ လာခဲ့ပေရာ၊ အဖေါ်မမှီး- တကိုယ်ထည်းဖြင့်- ကျော်ကြားမှုကို လိုလားပြီး- မညွန်းမကျေညာဘဲ၊ တရားလိုလားသော- ဓမ္မမာမက, များတို့ကို- ပို့ချသွန်သင် လာခဲ့ပေသည်။

ထိုသို့သော= တရားပွဲတိုင်းတွင်- လာဘ်ကူ ပူဇော်ဘို့မလို- အလှူဝတ္ထု အထွေထွေတို့ကိုလည်း မခံမယူ- သာသနာ့ဝန်ထမ်းသူပီပီ၊ တည်ကြည်စွာ ရှက် ဆောင်လာခဲ့သည်ကို- ကိုယ်တွေ့- နားကြား- မျက်မြင်, အားဖြင့်- ဖြစ်ခဲ့ရ ပါသည်။

ဘုရားအစရှိသော- အရိယာအပေါင်းနှင့်- သူတော်ကောင်းတို့၏အစဉ်ကို အတုလိုက်၍၊ ကျင့်သုံးသော- သူတော်ကောင်းနှင့်- အတုလိုက်နိုင်ရန် ကျင့်သုံး သော- သူတော်ကောင်းဟူ၍၊ နှစ်မျိုးနှစ်စားရှိရာတွင်၊ အတုလိုက်ရုံမျှ-ပုံဟန်ပြ၍ ကျော်ကြားမှုကို လိုလားကြိုးစားသော သူတော်ကောင်းစာရင်းမှအပဖြစ်သည့်၊ အတုလိုက်၍ ကျင့်သုံးခါ- သာသနာ့ဝန်ကို- သန့်စင်စွာ, ထမ်းဆောင်လျက်၊ ကျော်ကြားမှုကို-မရှေ့ရှု, မလိုလား- မဖန်တည်းသည်ကပင်၊ အတုနှင့်အတူ- သူ့စိတ်ဆန္ဒမှုကို- အနီးကပ်ကြည့်မိသောအခါ၌လည်း၊ တိတိပပ, မိမိကိုယ်တိုင် ကျင့်သုံးရရှိသော- တရားတော်မြတ်များကို၊ မခန်းမချောက်, မပျောက်မပျက် စေဘဲ၊ ဝေနေယျတို့အား- သံသရာထောက်ရာ, တည်ရာရစေလိုသော- စေတနာ သဒ္ဓါ, မေတ္တာ, အညွန့်အညှောင့်မှ- ပေါက်ဖွားဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း ကို၊ ကိုယ်တွေ့ မျက်မြင်, သန့်စင်စွာ တွေ့ရှိရပါသောကြောင့်...။

မဟာဉာဏအောင်- အမည်ဆောင်၍၊ ပြန့်ပွားရေးဆောင်ရွက်ရာတွင်၊ တရားစဉ်ကို- ချဉ်းကပ်၍၊ ဆရာတော်ကိုယ်တိုင်ပင်- လေ့လာအပ်ခဲ့ပါသည်။

ကျင့်သုံးကြည့်မိခဲ့အပ်ပါသည်။ ထိုသို့= သိုးသပ်ရာတွင်- ဓမ္မာမက- ဝေနေယျတို့၏- "ဆန္ဒ–စိတ္တ–ဝိရိယ–ဝီမံသ" တည်းဟူသော– လေးဖြာအဓိပတိ-ထက်သန်မှုရှိလာ, ပြည့်ဖြိုးလာစေသော– ဟောပြော, ပို့ချ- ရေးသား- ဖြန့်ဝေမှုမျိုးအစစ်ကို၊ ဒေသနက္ကမနည်းကျ–မှန်ကန်လှပုံဖြင့်- တွေ့ရှိယုံကြည်လာမိသည် အလျောက်၊ တတပ်တအား- တတ်အားသမျှ, အကူအညီပေးရန်- ဆုံးဖြတ်မိသည်ဖြစ်၍....။

ယခုအခါ၊ ဤမဟာဉာဏ်အောင်- ဝိပဿနာပြန့်ပွားရေးဆောင်သည့်-အဖွဲ့၏– နာယကတပါးအဖြစ်- ရပ်တည်ကူညီပါရန်– လျှောက်ထား ပန်ကြားချက်အရ၊ သန့်စင်သော- သဒ္ဓါ,စေတနာ,မေတ္တာဖြင့်၊ ပရိယတ္တိဒေသနာတော်တို့ကို- ပဋိပတ္တိအဖြစ်- ဝိုင်းဝန်းသုခ်သင်ပေးလာခဲ့ပါသည်။ ယခုအခါ– ဤ-မဟာဉာဏ်အောင်- ဝိပဿနာ-သင်တန်းလွှာအစား၊ အခမဲ့, ဓမ္မဒါန– နှစ်စားဖြင့် ဖြန့်ဝေလျက်ရှိသော- ဝိပဿနာတရားမြတ်များကို– လုပ်ငန်းခွင်ဝင်- ကျင့်စဉ်အပိုင်းမှ စတင်ရာတွင်- ပဌမပိုင်းအဖြစ်- ဓမ္မဒါနပြုခဲ့သော– တရားတော်မြတ်များမှာ...။

(၁) ရတနတ္တယပဏာမ တရားတော်သည်၊ ယောဂီတို့အဘို့ အလိုအပ်ဆုံးဖြစ်သည့်- သရဏဂုံဆောက်တည်မှုကို- ယုံမှားခြင်း ရှစ်ပါး– ကင်းစင်သွားအောင်–ပြဆိုထားလျက်- အမြတ်ဆုံး, သရဏဂုံ ဆောက်တည်ပုံနှင့်- အကျိုးသွားတို့ကို၊ သဒ္ဓါမှန်- အထွဋ်အထိပ်နှင့်-ပြည့်စုံစွာ ရရှိအောင်- စီစစ်ညွှန်ပြပေးအပ်ထားသည်ကို- တွေ့ရှိရပါသည်။ ။

(၂) ပုဗ္ဗကိစ္စကိုးပါး– ပုဗ္ဗကရဏသုံးပါး တရားအားဖြင့်လည်း၊ ဝိပဿနာဘာဝနာ၏- ရှေ့ဦးစွာ- မချွတ်မယွင်း ပြုရမည့်တရားနှင့်- အထိုက်,အလိုက် အတတ်နိုင်ဆုံးလိုက်နာကျင့်သုံးရမည့်တရားတို့ကို၊ ယောဂါဝစရပုဂ္ဂိုလ်အမည်ခံ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တန်းသို့ ဝင်လိုသူအတွက်- ဟာကွက်မရှိအောင် အသိဉာဏ် လေးနက်စေသော- အချက်အလက်တို့နှင့်- ဖေါ်ပြပေးခဲ့သည်ကိုလည်း ကျေနပ်ဘွယ်ရာ တွေ့ရှိရပါသည်။

(၃) မဇ္ဈိမ- ပဋိပဒါ- ခြောက်မျိုးရှင်းတမ်း တရားတော်၌လည်း၊ သမ္မာပဋိပတ်- အလယ်အလတ်, လမ်းစဉ်မြတ်မည်ပုံကို။ တပာတ်တရားနှစ်ပါး- အယူတရားနှစ်ရပ်– မူလနှစ်ပါးပါ ကင်းပြတ်သွားအောင်– မဇ္ဈိမ ပဋိပဒါမျိုးစေ့အမှန်– အပင်သန်အောင် စိုက်ပျိုးနိုင်ရန် လိုအပ်သမျှ– အကျင့်သဘောတို့ကို၊ သံသယရှင်းအောင်ဖေါ်ပြ၍၊ ဝိပဿနာသမ္မာဒိဋ္ဌိပညာ ပိုင်နိုင်အောင် ပီပီပြင်ပြင် ပေါ်လွင်စွာ– သွန်သင်ပြသခဲ့ကြောင်း တွေ့ရှိရပါသည်။

(၄) ဒေသကနှင့်သာဝကတာဝန် ရှင်းတမ်းတရားတော်တွင်လည်း၊ မိမိ တည်းဟူသော- ဒေသက တာဝန်ဘက်ကိုလည်း ငဲ့ကွက်မှုမရှိ၊ ဘုရားရှင်အလို တော်ကျ- လိုက်နာရပ်တည်- အင်္ဂါရပ်တွေ ပြည့်ဝညီရမည့်သဘောကိုရင်း၊ သူ တပါးဟု ဆိုအပ်သော- သာဝကတို့၏ တာဝန်ကိုလည်း- မပေါ့မပျက်- လျော့ ပါးချက်မရှိရအောင်ရင်း၊တရားတော်နှင့်အံဝင်ဂွင်ကျရရှိရေးအတွက်ညွှန်ပြထား ပုံကိုကြည့်ပါက၊ ဓမ္မမာမကတို့၏ အကျိုးတရားအစစ်ကို လိုလားနှစ်သက်ပုံနှင့်- အမှားအမှန်ဝေဘန်ခွဲခြမ်း-ပုဗ္ဗဘာဂမဂ်ပန်း-ဆင်မြန်းနိုင်စေရေးကိုသုခ်သင်ပေး ထားအပ်သည်မှာလည်း အပိုအလိုမရှိအောင်ပြည့်စုံလျက်ရှိပုံကို တွေ့ရှိရပါသည်။

(၅) သီလဝိသုဒ္ဓိတရားတော်အပိုင်းကိုလည်း၊အာဂါရ-အနာဂါရလမ်း နှစ်သွယ်တွင်၊ ထိုက်သင့်သမျှ လိုက်ဘက်သော သီလတရားတော်တို့ကို၊ ဝိပဿနာ ပညာဖြင့် ဆေးကြောသုခ်သင်နိုင်အောင်အထိ၊ ပြဆိုပေးထားသည်မှာ၊ဝိပဿနာ ဘာဝနာ မကျင့်သုံးမီ- အစဉ်တည်ရမည့် သီလနှင့် ကျင့်သုံးသက်ဝင်, အဓိသီလ သိက္ခာအယာဉ်သဘောတို့ကို၊ ပိုင်းခြားသိစေအပ်သည်ဖြစ်၍၊ မကျဉ်းမကျယ်- မလစ်မလပ်, လိုအပ်သမျှ- သီလတရားတို့ကို၊ ပိုင်းခြားသိရှိအောင်၊ ဝိပဿနာ လုပ်ငန်းခွင်နှင့် လိုက်လျောစွာ ဖေါ်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤသို့အားဖြင့်.... ဓမ္မမာမကတို့၏ အကျိုးသွားရရှိရေးကို နှိုးဆွ, တိုက် တွန်းလျက်၊ ဓမ္မဒါနပြုလိုက်သည်ကို ကြည့်ရှုပါက၊ သာသနဟိတ- ပရဟိတဖြင့် ကိုယ်ကျိုးမဘက်- တကိုယ်တော်စွန့်လွှတ်လျက် ဆောင်ရွက်ရာတွင်၊ အစကောင်း ခဲ့သည်မှာ- သေချာ၍ နေပါပေပြီ။ ၎င်းပြင်= အနှောင်းသေချာအောင်လည်း မူလသင်တန်းစဉ် မာတိကာကြီးမှ၊ လုပ်ငန်းခွင်ဝင်, ကျင့်စဉ်တရားတော်အဖြစ်၊ သင့်လျော်ရာ ထုတ်နှုတ်၍၊ ပညာပေး, အလုပ်ပေး အနေအားဖြင့်- ဒုတိယပိုင်း ကိုရင်း၊ ပစ္စက္ခဉာဏ်, ဒေသနာဉာဏ်နှစ်စားဖြင့် ကိုယ်တိုင်လဲ အားထုတ်နိုင်၊ သူ တပါးတို့အားလည်း ထိုက်သင့်သမျှ- ပို့ချနိုင်အောင်- (တတိယပိုင်း) ကိုရင်း၊ ဆက်လက်ရေးသားပြီးလျှင်၊ ဆရာတော်အား- ပဌမလက်ရေးကော်ပီများကို- သုံးသပ်, သုခ်သင်ပေးရန် ဆက်ကပ်လာသည့်အတိုင်း၊ မဆိုင်းမတွ-ဝိုင်းမ,ကြည့်ရှု လေ့လာခဲ့ရာတွင်....။

ဤ= ဒုတိယပိုင်း၌၊ လုပ်ငန်းခွင်ဝင်,ကျင့်စဉ်နှင့်- လိုက်ဘက်လျော်ကန် သော- ဒိဋ္ဌိဝိသုဒ္ဓိအစ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအလယ်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဝယ်, အဆုံး သဘောတွယ်မှီနိုင်သည့်- ဝိပဿနာသမ္မာဒိဋ္ဌိပညာအဆီတို့ကို- ထုတ် နှုတ်၍ ဖေါ်ပြပေးအပ်ထားသည်မှာလည်း၊ အကျယ်လိုအပ်လျှင်- အကျယ်၊ အကျဉ်းလိုအပ်လျှင်- အကျဉ်း၊ မကျဉ်းမကျယ်လိုအပ်လျှင်- မကျဉ်းမကျယ်

အားဖြင့်- ဝိပဿနာလုပ်ငန်းခွင်တွင် အနယ်ထိုင်၍- ငိုပ်ငေး တွေးဆနေစရာ- အကြောင်း မရှိကောင်းတော့အောင်၊ စိတ်ချ, လက်ချ-ထာဝရကျင့်သုံးပွားများ သွားပါလျှင်၊ ပုဗ္ဗဘာဂမဂ်ပန်း- ပွင့်လန်းလာနိုင်ရေးကို- မျိုးစေ့အစစ် ချပျိုးစိုက် ပေးထားပုံများသည်လည်း အားရကျေနပ်ဘွယ်ရာ စုံစေ့လှပါပေသည်။

ဤသို့= ဒုတိယပိုင်းတွင်၊ ဇယားကွက်များနှင့်တလီ၊ လင်္ကာနှင့်တမျိုး၊ သံပေါက်နှင့်တဖုံ- အဓိပ္ပါယ်ယူဆပုံ- ဥပမာ ဥပမေယျ, ဥပမာဏနှင့်- ဥပမာ ဇောတကတွေကိုပါ- တက်ပေးပြသလျက်- မချွတ်မချော်ရအောင် အာဂမယုတ္တိ သာဓကယုတ္တိ- သဘာဝယုတ္တိ၊ သုံးတန်သောအစုဖြင့်- စေ့ငုသေချာစွာ- ဘုရား အလိုတော်ကျနှင့်အညီ- ပြသထားသည်မှာလည်း- အားထားလောက်စရာအဖြစ် တွေ့ရှိရပါသည်။ ထို့ကြောင့်- ဒိဋ္ဌိဝိသုဒ္ဓိကထာ, အစဖြာသည့်- ဤ-ဒုတိယပိုင်း- လုပ်ငန်းခွင်ဝင်, ကျင့်စဉ်လှိုင်းကို- ဉာတပရိညာ- တီရဏပရိညာ နှစ်ပိုင်းတို့ဖြင့် သုတ, စိန္တာ, ပညာဉာဏ်ကသိုဏ်းကို- ယောဂီသူမြတ်တို့သည်- ပြည့်ဖြိုးအောင်- ဆည်းပူးကြိုးကုတ်လျက်၊ မဆုတ်မနစ်- နှလုံးဓါတ်အသစ်ဖြစ်သော- ဝိဝဋ္ဋဇ္ဈာသယကိန်းလျက်- နိက္ခမဆန္ဒအမြတ်ကို- ဝိပဿနာပညာတတ်၍- အစဉ်ရရှိထား အောင်- ကြိုးစားသင့်ကြောင်း- ဆန္ဒကောင်းဖြင့် တိုက်တွန်းလိုက်ရပါသည်။

ထိုမှတလီ= ပြုစုအောင်မြင်နေပြီဖြစ်သော- (တတိယပိုင်း) ဖြစ်သည့်- လုပ်ငန်းခွင်ဝင်, ကျင့်စဉ်တရားတော် အပိုင်းကိုလည်း၊ လက်ရေးကော်ပီကို- စီစစ်သုံးသပ်ကြည့်အပ်ခဲ့ရာ၌၊ ပဟာနပရိညာ- ဘာဝနာမယ, ပညာဉာဏ်ဖြစ်ရှိ ရေးကို၊ ပစ္စက္ခဉာဏ်အားဖြင့်တဖုံ- ဒေသနာဉာဏ်အားဖြင့်တသွယ်၊ အမှားတွယ် တတ်ပုံတနည်း၊ ဖယ်ရှားကုန်စင်- ဉာဏ်မြင်သန့်စင်စေရေးအထိ စီစစ်ပေးထား သည်မှာလည်း၊ တရားတွေ့ဉာဏ်မြင်, ထာဝစဉ်မဂ်ပန်းဖြင့်- ပွင့်လန်းဆင်မြန်းထား နိုင်စရာ, အကြောင်းအဆောက်အဦသဘောတို့ကို-စောကြောပြသ ပေးအပ်ထား သည်မှာ၊ ဉာဏ်ထက်မျက်သူတို့အတွက်- လိုအပ်ချက်မရှိအောင်- ပို၍ပင် ဉာဏ် အမြင်တိုးတက်ရရှိနိုင်သည့်အပြင်၊ ဉာဏ်အလတ်စား- ယောဂီများအတွက်လည်း လိုရာအကွက်ကို အချက်ကျကျ- ရှာဖွေကြည့်ရှု၍၊ အနုဗောဓဉာဏ်အစစ်-ဖြစ်ပွား မှုအစဉ်ရရှိအောင်- ကျင့်သုံးသွားနိုင်မည်ကိုရင်း၊ ဉာဏ်နုံ့သူတို့အတွက်တွင်လည်း ပစ္စက္ခဉာဏ်သက်သက်, တနည်းစွက်၍- ပြသပေးထားချက်အပြင်၊ ဒေသနာဉာဏ် ပစ္စက္ခဉာဏ်နှစ်စားကို၊ တစ, တစ, ယှဉ်တွဲနားလည်- အားထုတ်သွားနိုင်အောင် လည်း၊ အပိုင်အနိုင် ပြဆိုထားပေသည်။

ထိုသို့= ယောဂီအစားစား, ပုဂ္ဂိုလ်များတို့- မမှားတောက်လျှောက်- ပဟာနပရိညာ မြောက်အောင်- ဘာဝနာဘိသမယဉာဏ်, ပွားများမှု ရရောက်စေ

လျက်၊ အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, ပုဗ္ဗဘာဂမဂ်ပန်းအခေါင်ကို၊ မဟာဉာဏ်အောင်- ဝိပဿနာအဖြစ်- တရားတွေ့ဉာဏ်မြင်- သေက္ခပုဂ္ဂိုလ်တန်းကို- ဝင်စေပြီးလျှင်၊ ဗောဓိဉာဏ်စက် မဂ်ခလုပ်ကို အမြဲမယုတ်, ကြိုးစားအားထုတ်ခါ၊အရိယာသန္တာန် ရေတွက်ခံရမည့်- အဓိကာရအကြောင်းကို ကောင်းစွာ- ပြည့်စုံနိုင်စေကြောင်း သုံးသပ် တွေ့ရှိရပါသည်။

ထိုသို့သော= ဝိပဿနာပညာဉာဏ် သဘော မိပုံများကို၊ ဆရာတော် ကိုယ်တိုင်–' တရားတွေ့ဉာဏ်မြင်, ကျင့်သုံးမှုအစဉ်ကို– ခိုင်ကြည်စွာ- သက်ဝင်ရရှိနိုင်အပ်ကြောင်း- တွေ့ရှိလတ်ပြီး– ဖြစ်ခဲ့ပါ၍၊ ဓမ္မမာမကအပေါင်း, သူတော်ကောင်းတို့သည်၊ ဤ= မဟာဉာဏ်အောင် ဝိပဿနာ= ပညာပေး, အလုပ်ပေး, လုပ်ငန်းခွင်ဝင်- ကျင့်စဉ်တရားတော်မြတ်အယာဉ်ကို- သဒ္ဓါ, ပညာယှဉ်လျက်- သက်ဝင်ယုံကြည်– ခံယူကျင့်သုံး သင့်သည့်အလျောက်၊ ပဌမပိုင်းကို ကျေညက်ခဲ့ပြီးသော- ယောဂီအသီးသီးတို့သည်၊ ယခု- ဒုတိယပိုင်းကိုလည်း- ပိုင်နိုင်စွာ- ဆည်းပူးဖြည့်တင်းကြလျက်၊ တတိယပိုင်းအတွက်ကိုလည်း– တဆက်ထည်း ရရှိသွားအောင်– ကြိုးစားပေးထားသည့်အတိုင်း၊ မဆိုင်းမတွ ရယူကြကာ၊ အရဟတ္တဖိုလ်တံခွန်ထူနိုင်အောင်၊ အောက်တန်းစား– စူဠသောတာပန်တန်းဖြင့်– တသာသနာ့,မဆုံးရှုံးသော အဂ္ဂပန္နက်ကို ခိုင်မြဲစွာ– ချသင့်ပါတော့သည်။

ဤသို့= တိတိ,ပပ– မိမိ,ရရ- ရရှိစေရန်၊ လုပ်ငန်းခွင်ဝင် ကျင့်စဉ်တရားတော်၊ ပဌမ– ဒုတိယ- တတိယ, သုံးပိုင်းစလုံးကို အခိုင်အမာ-ပြန့်ပွားရရှိသွားအောင်လည်း- အဖွဲ့မှ- ပဌမပိုင်းကို ပြန်လည်လိုအပ်သမျှ- ဖြည့်စွက်ရေးသားပြီးပါက၊ ဒုတိယ--တတိယ, ပိုင်းတို့ကဲ့သို့၊ ငါးလက်မခွဲ- ကိုးလက်မ,အရွယ် စာအုပ်ဆိုက်ကြီးဖြင့်– စုစည်းရိုက်နှိပ်ခါ၊ ဓမ္မဒါနထပ်မံပြုရန်လည်း စီစဉ်နေပြီဖြစ်ပါ၍ သုံးပိုင်း,သုံးကျမ်းစလုံး- တလုံးတခဲထည်း- သိမ်းရရှိကြမည်ဖြစ်ရာ၊ ကိုယ်တိုင်လည်း အားထုတ်– သူတပါးတို့အားလည်း တတ်နိုင်သမျှ- ဖေါ်ထုတ်ပြသ,ပေးစွမ်းနိုင်သည့်- ဝိမုတ္တိရသစက်ခလုတ်ကို– မဆုတ်မနစ်, ဖွင့်လှစ်ရယူ- ပြည့်စုံစေရန်ကိုမူ၊ သန္နိဋ္ဌာန်ချ– ကြိုးစားသင့်ကြကြောင်းကို– မေတ္တာ, ကရုဏာရေ သွန်းလောင်းလျက်– တိုက်တွန်းညွှန်ပြကြောင်း- ပြုလိုက်ရပါတော့သည်။

မစိုးရိမ် – ဦးဝိစက္ခဏ

( ဓမ္မာစရိယ )


မဟာဉာဏ်အောင်- ဝိပဿနာ-နာယက။

# ကျေးဇူးပြု၍– အမှား, အမှန်, ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | မှား, | မှန် |
|---|---|---|---|
| ၂၁ | ၁၆ | ပစ်ရပည့် | ပစ်ရမည့် |
| ၂၄ | ၂ | သာဓယုတ္တိ | သာဓကယုတ္တိ |
| ၂၇ | ၂၁ | မဟိဒ္ဓ | ဗဟိဒ္ဓ |
| ၄၃ | ၁၀ | စေင့်ကြည့် | စောင့်ကြည့် |
| ၄၂ | ၁၄ | ပြူနိုင်ကွက် | ပြနိုင်ကွက် |
| ၅၅ | ၂၂ | သုသုတ | သုညတ |
| ၆၀ | ၁၁ | သင်္ခတမ္မ | သင်္ခတဓမ္မ |
| ၆၇ | ၂၃ | ရူပက္ခာ | ရူပက္ခန္ဓာ |
| ၆၉ | ၂၆ | သုးသပ်တိုင် | သုံးသပ်တိုင် |
| ၇၀ | ၇ | ဘက်တို့ | ဘက်သို့ |
| ၁၁၃ | ၂၃ | ကမ္မာဝရဏ | ကမ္မာနဝရ |
| ၁၂၈ | ၂၉ | ဥဂ္ဃတိတညူ | ဥဂ္ဃဋိတညူ |
| ၁၄၅ | ၂၄ | ပ-တေ-ဝါ | ပ-တေ-အာ |
| ၁၅၅ | ၁၇ | သွယ်တို့တို | သွယ်တို့ကို |
| ၁၅၆ | ၃ | ဆောင်ထးာရက် | ဆောင်ထားရက် |
| ၁၅၇ | ၁၁ | မြေနိုင်လျှင် | မြင်နိုင်လျှင် |
| ၁၆၀ | ၁၄ | အမုတ်တာ | သမုတ်တာ |
| ၁၆၂ | ၁၁ | မနဓါနဲ့ | မနဓါတ်နဲ့ |
| ၁၆၆ | ၂၀ | မသတ်ပြာရင် | မသတ်ပြန်ရင် |
| ၁၆၈ | ၁၈ | စေနံခြင်း | နံစေခြင်း |
| ၁၈၁ | ၃ | ကမ္မာဝရဏ | ကမ္မာနဝရ |
| ၁၈၄ | ၁ | သိရပါရယ် | သိရပါမယ် |
| ၁၈၆ | ၁၈ | ကမ္မာဝရဏ | ကမ္မာနဝရ |
| ၁၉၇ | ၁၁ | တလုည့်နဲ့ | တလှည့်နဲ့ |
| ၁၉၈ | ၂၁ | ဆုံးဖြတ်ဟာ | ဆုံးဖြတ်ထာ |
| ၂၅၁ | ၁၆ | မနေဓါတ်၏ | မနောဓါတ်၏ |
| ၂၆၅ | ၁၉ | စန္တေ | စိန္တေ |
| ၂၇၃ | ၈ | တီရဏ် | တီရဏ |

ဣမာယ ဓမ္မာနု ဓမ္မပဋိ ပတ္တိယာ
ဗုဒ္ဓံ- ဓမ္မံ- သံဃံ- ဝိသုဒ္ဓံ- ပူဇေမိ။

★



* ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာအရိပ်၊ ကျေးဇူး ဟိတ်ကို၊ မဆိတ်ဘယ်ခါ၊ ဆပ်ချေပါလည်း၊ အရာ ထွင်းဖေါက်၊ ပြုရာ ရောက်အောင်၊ တထောက်ပစ္စယ၊ နုဂ္ဂဟကား၊ မုချမပြို၊ ဗုဒ္ဓ ဆို၏၊ အလိုအမှန်၊ ပေးဆပ် ရန်ကား၊ ကေန်ကျင့်အပ်၊ ပဋိ ပတ်ကို၊မပြတ်ကျင့်ပြီး၊သစ္စာမှီး၍၊ တနည်းဖြန့်ဝေ၊မြတ်ဓမ္မ ကို၊မသွေနုဂ္ဂဟ၊ပြုပါမှလျှင်၊ မုချထွင်းဖေါက်၊ဆပ်ရာရောက် ရှင့်၊ ထို့ကြောင့်, သုဒ္ဓ၊ ဝိ,ဘဝတွင်၊ ခိုရတထောက်၊ အရိပ် အောက်ဝယ်၊ မကောက်မမှု၊ အဆိပ်ဆိုသည့်၊ အလိုမိစ္ဆာ၊ ကင်းဝေးစွာလျှင်၊ အရိပ်ပင်အောက်၊ အရိပ်ဆောက်သည်- ကြွင်ရောက်,ခိုမှီး- အေးစေသတည်း....*

## ယောဂီသူမြတ်၊ အကျိုးရပ်ကို၊ ရအပ်စေလို၊ ညွှန်ကြားဆိုသည်၊ ထိုထိုသဘာဝ—လိုက်နာကြ။

* ဤစာအုပ်ကို- ဘတ်ရှုတော်မူပါလျှင်....

(၁) **သာတ္ထက**= အကျိုးဟုတ်သည်၊ မဟုတ်သည်ကို၊ (ဝါ) အကျိုးရှိသည်- မရှိသည်ကို၊ (ဝါ)အကျိုးရသည်- မရသည်ကို၊ သမ္ပဇည= သတိပြဋ္ဌာန်းသောပညာဖြင့်၊ (ဝါ)မမေ့မလျော့- အောက်မေ့က-အမှတ်ရစေခြင်း အနုဿတိသော့ဖြင့်ဖွင့်၍၊ ဆင်ခြင်ကြည့်တိုင်း- ပိုင်းခြား သိစေသောအားဖြင့်၊ သာတ္ထကသမ္ပဇညနှင့် ပြည့်စုံရအောင်- စိတ်မပါ, သတိမပါ, ပညာမပါဘဲ၊ အပျင်းပြေအားဖြင့်- မဘတ်ရှုမူ၍၊ အကျိုးဟုတ်အောင်၊ အကျိုးရှိအောင်၊ သတိရှေ့ဆောင်- သိမ်းဆည်းပြီးမှ ဘတ်ရှုပါ။

(၂) **သပ္ပာယ**= လျောက်ပတ်သည်-မလျောက်ပတ်သည်၊မသင့်လျော်သည်၊ သင့်လျော်သည်ကို၊ သမ္ပဇည- သတိပြဋ္ဌာန်းသော ပညာဖြင့်- ဆင်ခြင်ရှေ့ရှု၍၊ အပိုင်းလိုက်အစဉ်- သတိသမ္ပဇညမဖြစ်ဘဲ၊ ဟိုကျော်- ဒီခုန်- အပြစ်ရှာဝေဘန်လိုပုံမျိုးဖြင့်-အကုသိုလ်, စိတ္တုပ္ပါဒ်ဖြစ်အောင်- မဘတ်ရှုဘဲ၊ လျောက်ပတ်သော- သမ္ပဇာနကာရီဖြစ်အောင် ကြည့်ရှုတော်မူပါ။

(၃) **ဂေါစရ**= သတိ, အနုဿတိ, ဖြစ်ရှိအောင် ရစေသော- အပိုင်းကဏ္ဍများ၌၊ ကောင်းစွာ အထပ်ထပ်- ကျက်စား, လေ့ကျက်အပ်သည်ကို၊ သမ္ပဇည= သတိပြဋ္ဌာန်းသောပညာဖြင့်- ရအောင်ရှုပါ- ယူပါ။ (ဝါ) စာအုပ်လို့ မမြင်နဲ့၊ (ဝါ) ရေးသူလို့ မမြင်နဲ့၊ (ဝါ) ဆရာလုပ်သည်လို့ မမြင်နဲ့၊ မိမိသတိပညာကိုသာ- မိမိဆရာဖြစ်စေပါ၍၊ အမှား, အမှန်, ဝေဘန် ပိုင်းခြားကာ၊ အမှားလက်တွင်း- ဆုပ်ထားမိခြင်းတွေ ဖြစ်ရှိနေပါက၊ အမှန်တွေလျှင်-ဖြေလွှတ်၍ ချပစ်ပါ။ ဇွတ်နှစ်၍- မိမိအယူနှင့် တူအောင်- မညှိနှိုင်းပါနှင့်၊ (ဝါ) ဒိဋ္ဌိ-မာနကို ခွါကာချ၍- ပျော့ပြောင်းသော-နှလုံးနှင့်- သတိပညာသုံးလျက် လေ့ကျက်ရှုစားပါ။

(၄) **အသမ္မောဟ**= မတွေမဝေသောအားဖြင့်-မိမိတွင် ဖုံးလွှမ်းခံထားရသော- အဝိဇ္ဇာကို၊ သမ္ပဇည= သတိပြဋ္ဌာန်းသောပညာဖြင့်- ခွါချနိုင်အောင်-ဆင်ခြင်သမှု ဘတ်ရှုလေ့ကျက်ပါ။ အကျိုးမယုတ်- လျစ်လျူပြုလုပ်ရမည့်အရာကို၊ ဝိစိကိစ္ဆာခွဲကာ-မတွယ်ပါနှင့်၊ အကျိုးမဲ့ဘောင်-ချဉ်းနင်းဆောင်သည်ဟုဝိစိကိစ္ဆာမှုရှိလာပါမူ၊ မရှင်းလင်းချက်- စာနှင့်ဆက်၍ မေးမြန်းချက်ထုတ်လိုက မဆုတ်မဆိုင်း- ဖြေပိုင်းပေးပါမည်။

(၅) အထက်ပါ= အချက်လေးရပ်ကို- သတိချုပ်၍- ဘတ်ရှုလေ့ကျက်ရကျိုးနပ်အောင်- သုံးသပ်တော်မူပါ။ ဤပညာပေး လုပ်ငန်းခွင်ဝင်- ကျင့်စဉ်

တရားတော်များကို၊ နက်ရှိုင်း- ကျယ်ဝန်း- သိမ်မွေ့နူးညံ့- ခက်ခဲသမျှကိုတော့ ပြသနိုင်ခဲ့သည်မဟုတ်ပါ။ ရှေ့-တတိယပိုင်း၊ အကျင့်လိုင်းနှင့်- လျော်ညီသည့် အပိုင်းမျှကိုသာ- အကျဉ်းအားဖြင့် အဓိကထား၍- ပြဆိုရေးသားရခြင်း ဖြစ်ပါသည်။ ရှေ့လုပ်ငန်းခွင်ဝင်- ကျင့်စဉ်အတွက်- ဝိပဿနာသမ္မာဒိဋ္ဌိပညာကို- လျှောက်ပတ်သင့်တင့်စွာ- ရရှိလာစေမည် ကေန်ဖြစ်ပါသည်။

(၆) သို့ပါ၍၊ အမှားအမှန်- ဝေဘန်ပိုင်းခြားလျက်၊ အထက်ပါ.... သမ္ဗဇညလေးပါး- သဘောသွားဖြင့်- လေ့လာဆည်းပူးတော်မူကြပါ။ လေ့လာဆည်းပူး၍-ပြည့်ဝချိန်လောက်တွင်-တတိယ၊ အပိုင်းကို-ဆက်လက်ဆည်းပူး အားထုတ်တော်မူနိုင်ရန်- ဆက်တိုက်ရရှိအောင်- ကြိုးစားရေးသား- ဖြန့်ဝေပေးသွားပါမည်။ ဤ-မဟာဥာဏ်အောင်၊ အမည်ဆောင်သည့်-ဘုရားတရားတော်မြတ်များကို- ရေးသားမှုသည်- နာမည်ခံရလျှင်- ပြီးစတန်းအားဖြင့်ငှင်း၊ အခယူရောင်းစား- ကိုယ်ကျိုးများအောင်ငှင်း၊ ကျော်ကြားသမှု- ဂုဏ်အစုကို မျှော်ရှု၍ငှင်း- ပြုနေသည်မဟုတ်၊ ဓမ္မဝေနေယျတို့- သံသရာထောက်ရာ၊ တည်ရာ၊ ရစေခြင်းငှါသာ၊ခန္ဓာ့ဝန်ကို ဖြုတ်ရင်း- သာသနာ့ဝန်ထုပ်ကို- ထမ်းဆောင်ခြင်း ဖြစ်ပေသည်။

(၇) ထို့အပြင်လည်း= သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ပစ္စနီက သုတ်တော်၌၊ မြတ်ဘုရားရှင်- တိုက်ရိုက်မှာကြား သွန်သင်တော်မူခဲ့သည်မှာ။ ဆန့်ကျင်ဘက်ပြုမှုကို သာယာသောစိတ်ဖြင့်ငှင်း၊ ညစ်နွမ်းနောက်ကျု- ကြည်လင်မှုမရှိသော စိတ်ဖြင့်ငှင်း၊ ချုပ်ချယ်လိုမှု များမြောင်သော စိတ်ထားဖြင့်ငှင်း နာကြားသူသည်၊ (ဝါ) ဘတ်ရှုသောသူသည်၊ ကောင်းစွာ ဆိုအပ်၊ ရေးသားအပ်သော— စကား၊ စာပေအဓိပ္ပါယ်တွေကို မသိနိုင်ရာ။ ။အကြင်သူသည်၊ ချုပ်ချယ်လိုစိတ်ကိုငှင်း၊ စိတ်မကြည်လင်ခြင်းကိုငှင်း ပယ်ဖျောက်၍၊ ဆန့်ကျင်ဘက်ပြုလိုမှု- အမျက်ဒေါသကို စွန့်လျက်- ကြားနာ၏။ (ဝါ)ဘတ်ရှု၏။ ထို— သူသည်သာ၊ ကောင်းစွာ၊ ဆိုအပ်သော- တရားစကားကိုငှင်း၊ ကောင်းစွာရေးသားအပ်သော- တရားစာပေအဓိပ္ပါယ်တွေကိုငှင်း၊ စင်စစ်- ကောင်းစွာသိမြင်နိုင်ရာ၏-ဟု၊ ပစ္စနီကသာတ ပုဏ္ဏား၏ ဆန့်ကျင်ဘက်- ပြုလိုစိတ်အယာဉ်ကို- ကြိုတင်သိမြင်- ဆုံးမသွန်သင်တော်မူခဲ့ပါသည်။ ထို့ကြောင့်....

**ဘုရားဆုံးမ- လိုက်နာကြ၍၊**
**အရှုံးမထွက်- ဘဝစက်ကို- ဖြိုဖျက်နိုင်ကြပါစေ။**

**ရန်ကုန်—ဦးဝိသုဒ္ဓ**

ဉာဏ်စာအုပ်-မျက်နှာဖုံးတွင် ရည်စူး၍

# ကိုးဆူဘုရား-ပူဇော်ကြား-သားများရန်ရှောင်

## မဟာဥာဏ်အောင်

ဗောဓိမဏ္ဍိုင်၊ ဗဟိုမြိုင်တွင်၊ ရှစ်ဆိုင်မြွက်ဆုတ်၊ ဖြန့်ကြဲထုတ်၍၊ မယုတ်ခိဋ္ဌာန်၊ မြတ်ဘုန်းကံကြောင့်၊ အမှန်ပေါ်ထွက်၊ ပလ္လင်ထက်ဝယ်၊ စံလျက်မသေ့၊ အောင်ပွဲခွေ့သည့်၊ လေးထွေးမဂ်စု၊ သဗ္ဗညုလျှင်၊ သုံးလူ့သျှင်ကို၊ ကြည်လင်သဒ္ဒါ၊ ဦးထိပ်မှာဝယ်၊ တည်ကာမသေ့၊ အာရုံစေ၍၊ ဂါရဝေပြု၊ မြတ်နိုးမှုဖြင့်၊ ဝတ်ပြုအစဉ်၊ ဖူးမြော်မြင်သည်၊ ဘေးလျှင်ရန်ပေါင်း-ငြိမ်းစေကြောင်းတည်း။

ဗုဒ္ဓသျှင်ဋ္ဌာန်၊ လကျာရံဟု၊ ပညာမဟာ၊ ဂုဏ်တော်ဖြာသည့်၊ပုတ္တာသာရိ၊ ထွဋ်ဘုန်းရှိနှင့်၊ ဇာဒ္ဒိတန်ခိုး၊ လွန်စိုးမိုး၍၊ တင့်ဖြိုးဝေဖြာ၊ မောဂ္ဂလာဟု၊ ဋ္ဌာနာလက်ဝဲ၊ ခရံမြဲလျက်၊ တနဲမကွာ၊ ဝိနယာတွင်၊ ရလာတေဒဂ်၊ နောက်တောင်ဘက်တည့်၊ ဥပါလိထေရ်၊ တည်ရှိနေရှင့်၊ တထွေလျှင်ပြု၊ ရှင်ရာဟုကို၊ ရှေ့စုမြောက်ရပ်၊စံနေလတ်သို့၊အမြတ်အာရုံ၊ရှုမျှော်တုံလျက်၊ တဖုံမကွာ၊အာနန္ဒာဟု၊ တလှာအနောက်၊ ခြံရံမြောက်၍၊ တထောက်မဆွ၊ ကောဏ္ဍညလျှင်၊ ပုဗ္ဗရှေ့ရပ်၊ စံနေလတ်သည့်၊ အမြတ်သံဃာ၊ လက်ဦးစွာဝင်၊ ထေရ်သခင်နှင့်၊ အရှင်ရေဝတ၊ သမဏဟု၊ ဈာနမြဲမြံ၊ ရှေ့တောင်ယံဝယ်၊ တည်စံလေငြား၊ ရှိသောလားသို့၊ မခြားအာရုံ၊လွှမ်းခါထုံလျက်၊ဘုန်းဂုဏ်အရှင်၊နောက်မြောက်ခွင်ဝယ်၊ဂဝံပတိ၊ မည်တော်ရှိသည့်၊ ပြည့်ဘိကိုးပါး၊ သျှင်တော်များကို၊ ဝပ်တွားကော်ရော်၊ မြတ်ဂုဏ်တော်တွင်၊ ပူဇော် ဆည်းကပ်၊ သဒ္ဓါခါတ်သည်- အမြတ်မဂ်ဉာဏ်-ကိန်းကြောင်းတည်း။ ။

## ကိုးဆူဘုရား-ရေတွက်ထား-ရှေးများစဉ်အလာ။

(၁) ဘုရားရှင်အလယ်- ဗောဓိပလ္လင်ဝယ်ရည်စူး၍၊
(၂) ရှင်သာရိပုတ္တရာ၊ နံတော်-ဗုဒ္ဓဟူး၊ တောင်ရပ်-လကျာ၊
(၃) ရှင်မဟာမောဂ္ဂလာန်၊ သောကြာ-မြောက်အရပ် လက်ဝဲ၊
(၄) ရှင်ဥပါလိ၊ စနေ-အနောက်တောင်၊
(၅) ရှင်လာဟုလာ၊ တနင်္ဂနွေ၊ အမြောက်၊
(၆) ရှင်အာနန္ဒာ၊ ကြာသပတေး-အနောက်၊
(၇) ရှင်ကောဏ္ဍည၊ တနင်းလာ-အရှေ့၊
(၈) ရှင်ရေဝတ-အင်္ဂါ-အရှေ့တောင်၊
(၉) ရှင်ဂဝံပတိ၊ ရာဟု-အနောက်မြောက်၊

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## (ပဏာမ)

ဝိဇ္ဇာဟု ပေတ သမ္ဗုဒ္ဓံ၊
စရဏေ ဟိ ပိ အဋ္ဌဟိ၊
တီဟိ သဗ္ဗကာလ မဟံ၊
ပန္နရသဟိ ဝါနမေ။ ။

တီဟိဝိဇ္ဇာဟိဝါ-ပု,ဒိ,အာ,မှန်- သုံးတန်သော ဝိဇ္ဇာဉာဏ်တို့နှင့်၎င်း၊ အဋ္ဌဟိဝိဇ္ဇာဟိဝါ- သေ၊တာဒိဗ္ဗ- ပရစိတ္တာ၊ ဣဒ္ဓိ မနော- မယိဒ္ဓိနှောခါ- ဝိပဿနာနှင့်၊ ပု,ဒိ,အာ,မချို- ရှစ်ဖြာသော အဘိုရှိသော ဝိဇ္ဇာဉာဏ်တို့နှင့်၎င်း၊ ပန္နရသဟိ စရဏေဟိဝါ-သီ,ဣန်,ဘော,ဇာ-ထိုလေးဖြာနှင့်-ရူပါစျာန်စတု၊ ခွန်နစ်ခုသဒ္ဓမ္မ-တဆယ့်ငါးထွေသော စရဏတရားတို့နှင့်၎င်း၊ ဥပေတံ-ဉာဏ်တော်သဗ္ဗညု အထွဋ်ပြု၍ အမှုကုန်လုံး ကပ်ရောက် ပြည့်စုံတော်မူသော၊ သမ္ဗုဒ္ဓံ- သယမ္ဘူဉာဏ်ရှင် မြတ်စွာဘုရား သခင်ကို၊ သဗ္ဗကာလံ- နေ့ညမပြတ် အခါခပ်သိမ်း၊ အဟံ- ဝိဇ္ဇာစရဏ အမှီရငြား ဘုရား တပည့်သားသည်၊ နမေနမာမိ- အသိဉာဏ် မဂ်ဝိဇ္ဇာ အကျင့်မြတ်စရဏာဖြင့် မြတ်မြတ်နိုးနိုး ရှိခိုးပါ၏ အရှင်မြတ်ဘုရား။ ။

* ကျားအတွက်။ ။အဟံ- ဝိဇ္ဇာစရဏ- မှီရ မွေ့လျော် ဘုရားတပည့်တော်သည်။

* မ. အ တွက်။ ။အဟံ-ဝိဇ္ဇာစရဏ-မှီခိုရသည့် ဘုရား တပည့်တော်မသည်။

# ပဏာမ- ပဋိညာဉ်

၁။ ဉာဏ်-ပု,ဒိ,အာ၊ ထိုသုံးဖြာ၊ ဝိဇ္ဇာအစပါ၊

၂။ ဣဒ္ဓိဝိခ၊ ဘိညာဉ်ရ၊ ဒိဗ္ဗဓသာတဖြာ၊

၃။ ပရစိတ္တေ၊ ဝိဇာနေ၊ မသွေဉာဏ်မဟာ၊

၄။ မနောမယိဒ္ဓိ၊ လိုတိုင်းသိ၊ ဣဒ္ဓိဉာဏ်ကွန်ချာ၊

၅။ အနုဗောဓါ၊ ဉာဏ်ဝေဖြာ၊ ဝိပဿနာပါ၊

၆။ အားလုံးပေါင်းစည်း၊ ရှစ်ပါးပြီး၊ တနည်း ဝိဇ္ဇာဖြာ၊

၇။ ကိုးလုံးပြည့်စုံ၊ ဗုဒ္ဓဂုဏ်၊ နှစ်စုံဝိဇ္ဇာပါ၊

၈။ သီ,လ္လန်,ဘောဇ၊ ထိုလေး၀၊ အစ,စရဏာ၊

၉။ ရူပါဝစရ၊ စတုက္က၊ လေး၀စျာန်အင်္ဂါ၊

၁၀။ သူတော်တရား၊ ခုနစ်ပါး၊ ပေါင်းငြားဆယ့်ငါးပါး၊

၁၁။ လုံးစုံစရဏ၊ မြတ်ဗုဒ္ဓ၊ ပြည့်ဝဂုဏ်မဟာ၊

၁၂။ ဝိဇ္ဇာ-စရဏ၊ သမ္ဗုဒ္ဓ၊ မုချသမ္ပန္နာ၊

၁၃။ နေ့ညမပြတ်၊ အထပ်ထပ်၊ ဆည်းကပ်ဝန္ဒနာ၊

၁၄။ ဝိဇ္ဇာစရဏ၊ ဝိသုဒ္ဓ၊ အရခိုမှီးကာ၊

၁၅။ ဝေနေယျများ၊ ရစေငြား၊ ရေးသားကျမ်းရွှေစာ၊

၁၆။ မဟာဉာဏ်အောင်၊ အမည်ဆောင်၊ ထွန်းပြောင်ဝိဇ္ဇာပါ၊

၁၇။ မဂ္ဂင်ရှစ်ထပ်၊ အလုပ်ဓါတ်၊ တရပ်စရဏာ၊

၁၈။ ပြည့်ဝလိုလား၊ ယောဂီများ၊ ကြိုးစားဆည်းပူးပါ၊

၁၉။ သတိပဋ္ဌာန်၊ မျိုးစေ့မှန်၊ ကေန်ရမည်သာ၊

၂၀။ ဝိပဿနာမဂ်၊ မျိုးစေ့ဆက်၊ မပျက်မဂ်ဖိုလ်လာ၊

၂၁။ မဂ်သီးဖိုလ်ပွင့်၊ ခါမလင့်၊ ခူးခွင့်ကြုံတုံးမှာ၊

၂၂။ ဆွတ်ချူသုံးစား၊ မြတ်တရား၊ စံငြားနိဗ္ဗုတာ။ ။

၂၃။ ပဏာမတွင်၊ သဒ္ဓါယှဉ်၊ အစဉ်ဝန္ဒနာ၊

၂၄။ တရားမြတ်တွင်၊ ပဋိညာဉ်၊ အမြင်ဝန်ခံကာ၊

၂၅။ သစ္စာစကား၊ ဆိုရငြား၊ အများဝေနေယျာ၊

၂၆။ သန္တိသုခ၊ နိဗ္ဗာန၊ ရကြပါစေသား။ ။

# “ဒိဋ္ဌိဝိသုဒ္ဓိ တရားတော်”

# တရားတော်အချီး– နှိုးနှောနည်း

ဤအပိုင်းကို ရေးသားဆောင်ရွက်ရန် စာရေးသူ၌ လွန်စွာ ဝန်လေးလျက်ရှိရတော့သည်၊ ယခုဆက်လက် ရေးသားပြနေသော တရားတော်မြတ်များသည် လုပ်ငန်းခွင်ဝင်, ကျင့်စဉ်ဆီသို့ ရည်ညွှန်းပို့ချလျက်ရှိရာ၊ ဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုအပ်သည့် အယူ၏ အထူးစင်ကြယ်စေမှုသည် လွန်စွာ ကျယ်ဝန်းလှပါပေသည်။ ထို့ကြောင့် လုပ်ငန်းခွင်ဝင်, ကျင့်စဉ်တရားနှင့် သင့်လျော်ရုံမျှ ရေးသား၍ ပြသလိုက်ပါက၊ ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပြည့်စုံကုန်လုံမှုငြမ်းကို ထက်ဝန်းကျင် လုံလောက်စွာ သက်ဝင်လာနိုင်မည်တော့ မဟုတ်ပါပေ။ ထို့ကြောင့် ဤမျှသာသိ၍ ဤမျှသာ ပြသည်ဟူ၍ရင်း၊ ဤမျှနှင့်တော့ အားရဘင်းတိမ်ခြင်းငှါ မထိုက်သေးဟူ၍ရင်း၊ ကိုလုံစွာ,မတတ်,မသိဘဲလျက် သင်ပေးချင်ရသေးသည်ဟူ၍ရင်း၊ ကဲ့ရဲ့ရှုပ်ချခကျင်းတို့သည် တင်းကြမ်းပြည့် ဖြစ်ပေါ် လာနိုင်တတ်သည်ကြောင့် ဝန်လေးနေမိခြင်းဖြစ်ရပါတော့သည်။ မည်သို့ဖြစ်စေ လူနတ်ဗြဟ္မာ ကဲ့ရဲ့မှာကို ဆိတ်စာမကြောက် ဘုရားကဲ့ရဲ့မှာကိုသာ ကြောက်ရွံ့သော အားဖြင့်သာ၊ ထိုက်သင့်သလောက်, ယထာရဟ သဘောကို အကျင့်စခန်း လက်လှမ်းမှီနိုင်ရုံမျှ ရေးသားဆောင်ရွက်ရတော့မည် ဖြစ်ပါပေသည်။

မည်သည့်တရားရင်– ပညာရှင် ပုဂ္ဂိုလ်မြတ် တဦးဦးကဖြစ်စေ၊ မိမိတရားတော်မြတ်တို့၌၊ ဖေါက်ထွင်းကုံလုံ အသိဉာဏ်ဟုန်ရသလို၊ အကုန်အစင် ပေးနိုင်ခြင်းငှါ၊ ပြည့်စုံလောက်လုံ ကုန်သွားပါပြီဟူ၍- ဆိုစမှတ်ပြုအပ်စရာ မရကောင်းပါပေ။ ခံယူဆည်းပူး သူတို့ ဘက်မှလည်း ပေးသမျှ အမြတ်တရားတွေကို တခုမကျန်ရထားလိုက်ပါပေပြီဟု- ကိုလုံစေ့ငှအောင် ရယူနိုင်စွမ်း မရှိနိုင်ကြပါပေ။ ထိုသည့်အထဲမှာပင် ဆရာစဉ်ဆက်, ဆင်းသက်ပြသ ပြည့်နှက်ကြွယ်ဝသော ဗုဒ္ဓအမွေတရားတော်မြတ်တွေကို၊ မိမိတို့ အလိုအာလယ, ဆန္ဒဝိစိနှင့် စပ်ဟပ်မိရာ၌ ထပ်မနား ဆည်းပူးကြ၍ သာဝကပါရမီထူးကို ပစ္စက္ခသာသနာတွင် ရရှိသက်ဝင်ခိုလှုံမိကြသူတွေ အနန္တအားဖြင့် ရှိငြားခဲ့ပါပေသည်ကိုကြည့်က၊ ဧကောကလျာဏ, သပ္ပုရိသ၏- ဗုဒ္ဓ, ဓမ္မ, အဆုံးအမ ခံယူနိုင်ကြသော သဘောအားဖြင့်သာ၊ သံသရာ ထောက်ရာတည်ရာ ရကောင်းလာကြ၊ ရကောင်းနေကြ၊ ရကောင်းလာ ဖြစ်ရသည်မှာ မလွဲတော့ပါပေ။

ဤသို့- ချင်းရာ သိရှိကာဖြင့်၊ ဗုဒ္ဓအမွေ ခံယူလေပြီး ကျင့်သုံးနည်းကို၊ ကိုယ်လည်းမပြတ် လိုက်နာလတ်၍၊ သူတပါးတို့လည်း ရငြားပါစီ၊ အာသီဆန္ဒ ဓမ္မဒါနကို ပြုရာဝယ်၊ ကဲ့ရဲ့ခံရမှု လွတ်အပ်သူမရှိပါဟူ၍လည်း၊ ဤသို့ ပိုင်းခြား သိထားလိုက်ရပါ၏။

အခါတပါးဝယ်၊ အတုလ, ဥပသကာ အမှူးရှိသော သီတင်းသည် ငါးရာတို့သည် ဇေတဝန်ကျောင်းတော်မြတ်သို့ ချဉ်းကပ်ကြလျက်၊ တရားနာယူလိုသော ဆန္ဒစေါ်တ်ဖြင့်လာကြရာ၊ ရှေးဦးစွာ အသျှင် ရေဝတမထေရ် ရှေ့မှောက်သို့ ရောက်ရှိဝတ်ပြုကြပြီးလျှင်၊ တရားနာရမှုအတွက် ဆိုင်းငံဝတ်တွား နားစွင့်ထားခါ ခ,စား၍နေကြရာ၌၊ အသျှင်ရေဝတမထေရ်၏ ဆိတ်ဆိတ်နေမှုကို ကြာရှည်စွာ သည်းမခံနိုင်ကြတော့ဘဲ ဖဲခွါခဲ့ကြပြီးလျှင်၊ အသျှင်သာရိပုတ္တရာမထေရ် မြတ်ရှိရာသို့ တဖန်သွားရောက်၍၊ တရားနာလို မဟောဆိုဟု- အသျှင်ရေဝတမထေရ်ကို၊ ကဲ့ရဲ့သင်္ဂြိုဟ်သမှုပြုခါ လျှောက်ထားပြီးလျှင်၊ တရားတောင်းခံကြရာတွင်၊ သျှင်သာရိပုတ္တရာမထေရ်မြတ်သည် သစ္စာလေးရပ်နှင့်စပ်သော တရားတော်မြတ်များကို အကျယ်တဝင့် ဖွင့်၍ဟောကြားတော်မူလေရာ၊ အချိန်နာရီတွေဖင့်နွဲ၍ သြောင်းညာမှု ဘိစီးခံရသည့်တိုင် ဖြစ်ရှိလာမှ ပြီးဆုံးစေရာ။ တရားရှေမှန်း, အလိုက်မသိ ချဲ့လွန်းလှသည်ဟု- သဘောမကျ တရားပွဲမှ ထသွားကြပြီးလျှင်၊ အသျှင် အာနန္ဒာမထေရ်မြတ်ထံ, ချဉ်းကပ်ပြန်၍၊ သျှင်ရေဝတမထေရ်နှင့် အသျှင်သာရိပုတ္တရာမထေရ်တို့ အကြောင်းကို ကဲ့ရဲ့ပြစ်တင်ကြောင်းပြုပြန်ပြီး၊ တရားထပ်မံတောင်းခံပြန်ရာ၊ အသျှင် အာနန္ဒာမထေရ်မြတ်သည် မကျဉ်းမကျယ်, အလယ်အလတ်, ဟောအပ်ပြီးဆုံးစေလိုက်ပါ၏။ ထိုအခါ၌လည်း အတုလ ဥပသကာတို့က တရားနာ၍ကောင်းတုံး, ဖြက်ထားခံရသလို၊ ဇိမ့်ဇတ်ဇတ်နှင့် မနူးမနပ်မျှ တရားနာရပါကလားလို့၊ မကျေမနပ်, ထပ်၍ဖြစ်ကြပြန်ပြီးလျှင်၊ ဘုရားရှင်တော်ထံမှောက်သို့ ခ,စား,ဝတ်တွား အရောက်သွားကြလေကာ၊ အထက်ပါ-မထေရ်မြတ်သုံးပါးတို့ထံ၌၊ မကျေနပ်ချက်ကို လျှောက်တင်၍ တရားတောင်းပြန်လေသောအခါ၊ မြတ်ဘုရားရှင်သည် အတုလ, ဥပသကာတို့၏ ကဲ့ရဲ့ခဏ်းကို၊ ပြန်လှန်ဆန်းစစ် ဟောကြားတော်မူခဲ့ပါပေ၏။ ထိုသို့- မြတ်စွာဘုရားသခင်, ဟောကြားတော်မူသော ဓမ္မပဒပါဠိတော်ကို၊ အဋ္ဌကထာဆရာ အရှင်မြတ်သည် ချဲ့ထွင်သိစေအပ်သော သဘောသွားဖြင့် ဓမ္မပဒအဋ္ဌကထာ, ဒုတိယတွဲ၊ စာမျက်နှာ ၂၁၀-၌၊ ကဲ့ရဲ့ခဏ်းဆိုက်, လွတ်သူမရှိထိုက်ပုံဖြင့် ဖွင့်ဆိုတော်မူခဲ့ပါသည်။

ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနမိဝ၊
နိန္ဒန္တိ တုဏှိ မာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ၊
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိလောကေ အနိန္ဒိတော။ ။

အတုလ- ရတနာသုံးပါး, အမြတ်ထား၍၊ ခိုနားချဉ်းခ- ဥပါသကာ အတုလ၊ တုဏှိမာသီနံ-တရားမဟော တုဏှိဘောဖြင့်၊ သဘောစင်ဖြူ့ နေသောသူကိုလည်း၊ နိန္ဒန္တိ-ဆွန့်အသလော့ မေးစစ်ကြော၍၊ ဆိုပြော ကဲ့ရဲ့တတ်ကြကုန်၏။ ဗဟုဘာဏိနမ္ပိ-မျှားစွာရှည်မြော တရားဟောသော သူကိုလည်း၊ နိန္ဒန္တိ- မစိုက်သတိ့ လိုက်မသိဟု၊ မချိမနော့ ကျိကျိလောအောင် ဆိုပြောကဲ့ရဲ့ တတ်ကြကုန်၏။ မိတဘာဏိမ္ပိ- အကျယ်မဝင့် အလယ်ဖွင့်၍၊ အသင့်ကြံယူ ဟောသောသူကိုလည်း၊ နိန္ဒန္တိ- တဝက်တမြီး အတွက်ကြီးသည်ဟု၊ ဖျက်ဆီးကဲ့ရဲ့တတ်ကြကုန်၏။ အတုလ-ဥပသကာ့အတုလ၊ တေံ- ဤသို့ အဖျင်းဖျင်း, ကဲ့ရဲ့ကြခြင်းသည်၊ ပေါရာဏံ-ကမ္ဘာဝေးဆက် ရှေးအထက်ထက်က၊ မပျက်ဆက်ခါ ဆင်းသက်လာ၏။ တေံ- ဤသို့ရှုပ်ချ အပြစ်ပြ၍၊ ဒေါသမာန်သွင်း ကဲ့ရဲ့ခြင်းသည်၊ နအဇ္ဇတနာမိဝ- သက်တန်းအာယု တရာစုသည့် ယခုကာလမှသာ မဟုတ်ပါချေ။ လောကေ- လူ့ပြည်, နတ်ရပ်- လောကဓါတ်၌၊ အနိန္ဒိတော-အပြစ်မျိုးကင်း,ညစ်ဆိုးရှင်း၍၊ စင်းလင်းလုံးကျွတ် အကဲ့ရဲ့လွတ်သောသူမည်နည်း ၊နတ္ထိ-ဘဝင်တုံရောက် အကုန်လျှောက်လည်း၊ တယောက်ထူးထွေ မရှိပါချေ။

နစာဟု နစ ဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ၊
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံဝါ ပသံသိတော။ ။

အတုလ- ရတနာသုံးပါး, အမြတ်စားဟု၊ မှတ်သားကြည်စွာ ဒါယကာ့ အတုလ၊ ဧကန္တံနိန္ဒိတော- ကိုယ်လုံးပြည့်လျှမ်း ကဲ့ရဲ့ခံဏ်းသာလျှင်ရှိသော၊ ပေါသော ဝါ- လူတွင်ပေါက်ဖွား မိန်းမ,ယောကျ်ားသည်ငှင်း၊ ဧကန္တံပသံသိတော- လုံးစုံမလပ်, ပြစ်ရပ်မရှိ၊ ချီးမွမ်းစရာအတိသာရှိသော၊ ပေါသောဝါ- လူတွင်ပေါက်ဖွား မိန်းမ,ယောကျ်ားသည်ငှင်း၊ နစာဟု- ကမ္ဘာကြာညောင်း, ရှေ့ထောင်သောင်းက မှုဟောင်းစံနေ မဖြစ်ဘူးချေ၊ နစ ဘဝိဿတိ- ဥဒါန်းအသစ်, နောင်တခေတ်လည်း ပေါ်ဖြစ်လိမ့်မည် မဟုတ်ချေ၊ တေရဟိ-မျက်မြင်ဒိဋ္ဌ, ယခုကာလ၌လည်း၊ နဝိဇ္ဇတိ- သုံးဆယ့်တခေတ်, ဘုံမှာဆစ်၍ စစ်ခါရှာဖွေ မရှိနိုင်ပါချေ။

အထက်ပါ၊ ဓမ္မပဒ အဋ္ဌကထာ -ဖေါ်ပြလာဘိသကဲ့သို့၊ ပုထုဇဉ်၊ နယ်တခိုတွင် ဘယ်လိုပင်၊ မေတ္တာကရုဏာယှဉ်၍၊ ဘုရားအဆုံးအမ၊ အစဉ်အလာကို လုပ်ဆောင်ခါကြိုးပမ်းငြားသော်လည်း၊ (ဝါ) လုပ်ငန်းတခုကို (ဝါ) လှုပ်ရှားမှုတရပ်ကို၊ ကိုယ်ကျိုးပင်မကပ် အများအကျိုး တိုးပွားရပ်တည်နိုင် ရေးအတွက် ဆောင်ရွက် သော်လည်း၊ ကဲ့ရဲ့ခံရတဲ့၊ နယ်ဘောင်ကတော့ လွတ်မည် မဟုတ်ကြောင်း ထင်ရှားလှပါတော့သည်။ ဘုရားရှင် မကဲ့ရဲ့ဘဲ သူတော်ကောင်း မှန်သမျှတို့ရဲ့ သာဓုခေါ်မည့်ဘက်ကိုသာ မျက်နှာမူ၍၊ ဤတရားတော်မြတ်တို့ကို ကျင့်စဉ်နှင့် လျော်ညီစွာသာ ဆောင်ရွက်ပါတော့မည်ဟု ဆုံးဖြတ်သမှု ပြုလိုက်ရပါတော့သည်။ သို့မဟုတ် အကျယ်ဝေဝုဝ် လွန်စွာထုတ်က ဝါစုဂ္ဂတ ပြုရခက်ခဲ ကျင့်စဉ်ကျင့်ဆဲရောက်ရန် လွန်စွာနှေးဖင့်တော့မည်ကို ငဲ့၍ ချုံးလိုက်ရခြင်း ဖြစ်ပေတော့သည်။

ဒုတိယ၊ အချက်တခုအနေအားဖြင့်လည်း ပြီးစီးခဲ့သော ရှေ့အခဏ်းတွင် သီလဝိသုဒ္ဓိသဘောကို အကျဉ်းမျှပြခဲ့ပြီး၍၊ ဒိဋ္ဌိဝိသုဒ္ဓိဘက်သို့ ဆက်ပြလိုက်ရာ၊ စိတ္တဝိသုဒ္ဓိကို ချန်ခဲ့သည်ဟုလည်း အထင်အစွဲ မရှိကြပါကုန်လင့်၊ ယခုပြဆဲဖြစ်သော ဝိပဿနာဘာဝနာရပ် လုပ်ငန်းခွင်ဝင်၊ ကျင့်စဉ်မြတ်သည်၊ သမထရှေ့ ဝိပဿနာနောက်ဟု ဆိုအပ်သော လမ်းရှည်မဟုတ်ပါ၊ သမထ၊ ဝိပဿနာ၊ တူစုံမကွာဟု ဆိုအပ်သော လမ်းလတ်၊ လမ်းစဉ်လဲ မဟုတ်ပါ၊ ဝိပဿနာရှေ့- သမထနောက်ဟု ဆိုအပ်သည့် လမ်းတိုလမ်းစဉ် (ဝါ) သုက္ခဝိပဿက၊ ပညာဝိမုတ္တ လမ်းစဉ်သာဖြစ်ပါ၍၊ စိတ္တဝိသုဒ္ဓိကို တသီးတခြား၊ မပြဆိုတော့ခြင်း ဖြစ်ပါသည်။ တကြောင်းအားဖြင့်လဲ ပုဗ္ဗကရဏ-သုံးပါးနှင့် မဇ္ဈိမပဋိပဒါ ခြောက်မျိုးရှင်းတမ်းအတွင်း၌ စိတ္တဝိသုဒ္ဓိခေါ် အဓိစိတ္တသိက္ခာဖြစ်ရေးကို ထိုက်သင့်သလိုပြသပေးခဲ့ပြီးဖြစ်၍တကြောင်း၊ ဗုဒ္ဓ၏-အနုသယစက် ခြေဖျက်ပုံနှင့် ဝိပဿနာဘာဝနာဆိုင်ရာ သုံးဆယ့်ခုနစ်ခိုင်သော ဗောဓိမဏ္ဍိုင်များ စာအုပ်တွင်လည်း လေးပါးသောအဘိုရှိသည့် သမာဓိခြေ၊သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမာဓိမဂ္ဂင်သဘောတို့ကို၊ ကေဂ္ဂတာ စေတသိက်တရားကိုယ်တခု၌- ဗောဓိပက္ခိယအဘိုလိုအပ်သော အဓိစိတ္တသိက္ခာ၊ စိတ္တဝိသုဒ္ဓိဖြစ်ရှိရေးကို ညွှန်ပြပေးခဲ့သည်ဖြစ်ပါ၍၊ သမထသက်သက် အာဒိကမ္မိက အချက်ကို ချန်လှပ်လွှန်မြောက်ပြီး၊ ဝိပဿနာအာဒိကမ္မိက- သုက္ခဝိပဿက၊ ဝိပဿနာ၊ ခဏိက သမာဓိကိုသာ ပါဒကပြုကာ၊ ဓမ္မအဘိညာ-လောကုတ္တရာဈာန်နှင့် မဂ္ဂအပ္ပနာကို ရှေ့ရှုအားထုတ်ရန်နည်း ဖြစ်ပါ၍၊ စိတ္တဝိသုဒ္ဓိသဘောကို စရဏမဂ္ဂင်ဝင် "သမ္မာဝါယာမ- သမ္မာသတိ- သမ္မာသမာဓိ" အလုပ်ဓါတ်မဂ္ဂင်မြတ်နှင့်ပင် စင်ကြယ်စေအပ်သည့် ပညာနှင့်

ဆေးကြောပြီးသော သဘောကိုသာ (ဝါ) ဆေးကြောခြင်းသဘောကိုသာ အဓိကထား၍ ပြသွားပေးမည်ဖြစ်ပါသည်။

ထို့အပြင်လည်း၊ ဤဒိဋ္ဌိဝိသုဒ္ဓိ တရားတော်မြတ်သည်၊ဝိသုဒ္ဓိ (၇)ပါးဟုဆိုအပ်သော (၁) သီလဝိသုဒ္ဓိ၊ (၂) စိတ္တဝိသုဒ္ဓိ၊ (၃) ဒိဋ္ဌိဝိသုဒ္ဓိ၊ (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊၊ (၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ (၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ (၇) ဉာဏဒဿနဝိသုဒ္ဓိတို့တွင် သီလနှင့်စိတ္တဝိသုဒ္ဓိတို့သည်- စရဏမဂ္ဂင်၊ သိပ္ပါယတန-မျိုးသာဖြစ်ပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိမှစ၍ (၅) ပါးသော ဝိသုဒ္ဓိတို့မှာ၊ ပညာမဂ္ဂင်၊ ဝိဇ္ဇာယတန မျိုးဖြစ်ပါသည်။ထို့ကြောင့်- သီလဝိသုဒ္ဓိသည် "သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ" မဂ္ဂင်၊ စရဏမျိုး အတွင်းဝင်၍၊ စိတ္တဝိသုဒ္ဓိမှာ "သမ္မာဝါယာမ-သမ္မာသတိ-သမ္မာသမာဓိ" မဂ္ဂင်၊စရဏမျိုးတွင် ပါဝင်ပြီးလျှင်၊ ကြွင်း(၅)ပါးသော ဝိသုဒ္ဓိတို့သည်သာ "သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ"ဟု ဆိုအပ်သော ပညာမဂ္ဂင်- ဝိဇ္ဇာမျိုးအတွင်းဝင်သော တရားဖြစ်ကြောင်း ပိုင်းခြားသိအပ်ရပါသည်။

ထို့ကြောင့်- အကျင့်စရဏနှင့် အသိဉာဏ်၊ မဂ်ဝိဇ္ဇာ တည်းဟူသော၊ တပေါင်းထည်း၊ တကြောင်းထည်း၊ ကျင့်သုံးအားထုတ်သွားရမည့် မဂ်ခရီးတွင် သီလဝိသုဒ္ဓိခေါ်တွင် မဂ္ဂင်သုံးပါးသည် ခြေနှင့်တူ၍၊ စိတ္တဝိသုဒ္ဓိခေါ်ပြား မဂ္ဂင်သုံးပါးသည် ကိုယ်ထည်နှင့်တူပြီး၊ ဝိသုဒ္ဓိငါးပါးဝင်- ပညာမဂ္ဂင် နှစ်ပါးသည် ဦးခေါင်းနှင့်ပမာတူ၍၊ သုံးသပ်တော်မူကြည့်ပါလျှင်၊ မဂ္ဂင်လမ်းကြောင်း မတိမ်းစောင်းအောင်၊ဆောင်ကြောင်းအမှန်၊ ရောက်ကြောင်းမဂ်လေးတန် ဝေကန်ထမြောက်ဘို့အရေးသည်၊ ဦးခေါင်း၏ မျက်နှာမူရာသို့သာ ကိုယ်ကာယိမ်းနွဲ့ ခြေကိုနှဲ့၍ လှုပ်ရှားရွေ့ဆောင် ခရီးဘောင်ကို သွားရမြဲဖြစ်ရာ၊ ထိုသို့- မဟုတ်မူက ကိုယ်ဆောင်ရာသို့ ခြေကချ၊ ခြေလိုက်ရာသို့ မျက်နှာလှည့်ဖြင့် ရည်ရွယ်ချက်မဲ့သော ခရီးမျိုးသာ ဖြစ်စရာရှိပါလိမ့်မည်၊ ပညာမဂ္ဂင်၊ ဦးစီးနှင်သည့် သမ္မာဒိဋ္ဌိ-အမြင်အသိနှင့်မှ မဂ္ဂင်လမ်းကြောင်း မတိမ်းမစောင်းနိုင်ဘဲ၊ မျက်နှာမူ ခေါင်းဆောင်ရာသို့ ကိုယ်လက်ခြေအပါတွဲ၍ တခဲနက်မပြတ် မဂ်ခရီး ထွက်တတ်မှသာလျှင်၊ တဏှာပါသဏ၊ ကြော့ကွင်းညွှတ်မှ လွတ်ကင်းသည့် အထွဋ်အမြတ်တဏှက္ခယ၊ နိဗ္ဗာနဓါတ်ကို ခိုလှုံနိုင်မည်ဖြစ်ရာ၊ဤပညာမဂ္ဂင်၊ပဌမ-ဒိဋ္ဌိဝိသုဒ္ဓိစခန်းအစသည် တကယ့်လမ်းမှန်ကျဘို့ရာ အရေးပါလှသော ဝိဇ္ဇာဋ္ဌာန၊ ဝိဇ္ဇာယတနဖြစ်၍၊ လွန်စွာဂရုတစိုက်၊ ဆည်းပူးရယူထိုက်၊ ရယူနိုင်ဘို့- အရေးကြီးပါပေသည်။

ထိုတွင်မျှမကသေး၊ လုပ်ငန်းကျင့်စဉ် ခရီးတွင်အောင်, နှင်နိုင်ဘို့အရေးတွင် ဤအံခြေစိုက်စခန်းကလေးကို အမိအရကြိုးကုတ်၍၊ ဝိသုဒ္ဓိ (၇)ပါး အထူးစင်ကြယ်ရမည့် တရားအစဉ်တွင် မဂ္ဂင်နှင့် အံဝင် ဂွင်ကျရမည် ဖြစ်ခြင်းကြောင့်၊ ဤမဂ္ဂင်ရှစ်ပါး တရားကိုယ်များသည် ပွားများရာအမှန် ဘာဝေတဗ္ဗ ကိစ္စမြတ်ဝေကန်ကို မပြတ်မလပ်, ကျင့်သုံးအပ်မှ ရမှာပါကလားဟု- သန္နိဋ္ဌာန်ပြုထားစေလိုပါသည်။

မဂ္ဂင်တရားကိုယ်တို့နှင့် ဝိသုဒ္ဓိအလိုတွေအရ၊ ဘာဝေတဗ္ဗကိစ္စ- ပွားများအားထုတ်မှုကျင့်စဉ်မြတ်ကို လုပ်ရမှာတော့ဟုတ်ပါပြီ။ ဘယ်သူ့ကိုလဲ- ဘယ်သူကလဲ၊ ဘယ်တရားက- ဘယ်တရားကိုလဲဆိုတော့၊ ဒိဋ္ဌိနဲ့ယှဉ်နေတဲ့ ရုပ်,နာမ် ခန္ဓာတရားကို-ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ကြောင်း သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင်ဦးစီးပြီး၊ စိတ္တဝိသုဒ္ဓိနဲ့အညီ "သမ္မာဝါယာမ- သမ္မာသတိ- သမ္မာသမာဓိ" တို့က အထူးစင်ကြယ်သော ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင်, မမေ့သတိ အစဉ်ရှိရမည့် အထူးစင်ကြယ်သော ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် မပြတ်ပွားများ ပေါင်းစည်းအားထုတ်ပေးရပါမယ်၊ အထူးစင်ကြယ်သောဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် ခိုင်မြဲတည်ကြည်စွာ အနုလောမဉာဏ်, ပစ္စဝေက္ခဏာဉာဏ်အထိ၊ အထူးစင်ကြယ်ပြီးသည့် အကျိုးကိုရအောင် ပညာမဂ္ဂင်, ဉာဏ်ယှဉ်မယုတ်နည်းဖြင့် အဟုတ်ပြီးအောင် တည်ဆောက်ကျင့်ဆောင်ရမည်ဖြစ်ပါသည်။

ကဲ- ဒါဖြင့်၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် လုပ်ရမှာက ဘယ်သူ့ကိုလဲ၊ ပုဂ္ဂိုလ်လား, သတ္တဝါလား, ယောကျ်ားလား,မိန်းမလား, အတုံးအလုံး, အခဲ,အထည်, ဒြဗ်, သဏ္ဌာန်လား, အသက်,လိပ်ပြာတွေလားဆိုတော့ မဟုတ်ဘူး၊ အဲဒါတွေက ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် လုပ်လို့ရတဲ့ တရားကိုယ်တွေ မဟုတ်ဘူး။ အဲဒီလို-သူဘဲ, ငါဘဲ, ပုဂ္ဂိုလ်,သတ္တဝါဘဲ၊ ဗြဟ္မာ,နတ်,လူ၊ တိရစ္ဆာန်, အသူရကာယ်၊ ပြိတ္တာ, ငရဲသား၊ ကျား,မ,အားဖြင့်၊ အတုံးအခဲ, ဒြဗ်သဏ္ဌာန်တွဲ၍၊ အသက်, လိပ်ပြာတွေဘဲလို့၊ တသံသရာလုံးက စွဲယူသိမှတ်လာတာတွေကတော့၊ ဒိဋ္ဌိဝိသုဒ္ဓိရဲ့တရားကိုယ်မဟုတ်ဘဲ၊ ဒိဋ္ဌိစင်စစ်-ဖြစ်၍နေခြင်းဟုဆိုအပ်သော၊ "ဒိဋ္ဌိမလ-ဒိဋ္ဌိဥပယုပါဒါန, ဘိနိဝေသ, ဝိနိဗန္ဓ, ဖြစ်နေကြတဲ့သဘောဘဲ၊ ဘယ်လိုဖြစ်နေကြသလဲဆိုတော့၊ "ဒိဋ္ဌိကဏှ- မဲသောအယူ၊ ဒိဋ္ဌိမလ- မစင်ကြယ်လစ်- ညစ်ထေးသောအယူ၊ ဒိဋ္ဌိဝိသူက-မမှန်မကန် ဖေါက်ဖေါက်ပြန်ပြန်အားဖြင့် မှားသောအယူ၊ အဲဒီ- အယူဒိဋ္ဌိတွေသာ ကပ်ရောက်နေမှု, ဥပယ၊ ပြင်းစွာစွဲလန်းနေမှု-ဥပါဒါန်၊စိတ်နာမ်ခန္ဓာအစဉ်မှာ အနုသယကိလေသာနဲ့ယှဉ်ပြီး နှစ်မြုပ်စူးဝင်နေမှု- အဘိနိဝေသ, တရားတို့နဲ့ နှောင်ဖွဲ့ခံထားရတဲ့ ဝိနိဗန္ဓ-သဘောအတိုင်း၊ မဆိုင်းမတွ-

တကွနက်စွဲယူနေကြတဲ့၊ မဲမှောင်, ညစ်ထေး၊ ဖေါက်ပြန်, မှားယွင်း ကပ်ရောက်ခြင်းနှင့် စွဲလန်းပြင်းထန် နစ်မြုပ်စူးဝင်ခံနေရသော- အယူမှားဘေးကြီးတွေသာ ဖြစ်ပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိ-ဖြစ်အောင် ပြုရမည့်တရားကိုယ်ကတော့၊ ရုပ်ရယ်, နာမ်ရယ်၊ ခန္ဓာငါးပါးရယ်၊ အာယတန တဆဲ့နှစ်ပါးရယ်၊ ဓါတ် ၁၈-ပါးရယ်၊ လောကီဣန္ဒြေ-တဆဲ့ကိုးပါးရယ်ဆိုတဲ့၊ သင်္ခါရလောကမှာ- ထင်ရှားအမှန် ဆင်းရဲခြင်းကေန် ဒုက္ခသစ္စာတရားသာဖြစ်ပါတယ်။ အဲဒီ့တရားကိုယ်တွေကို- တသံသရာလုံးက၊ ဒိဋ္ဌိဇာ- ဒိဋ္ဌိမလ- ဒိဋ္ဌိမိစ္ဆာ- အယူအမှတ် အသိနဲ့သုံးလာတဲ့။ သမုတိသစ္စာနယ်ထဲက, တသီးတခြားနှုတ်ပြီး၊ ပရမတ္ထသစ္စာသရုပ်နဲ့- ဒုက္ခသစ္စာ အဟုတ်ပါဘဲလို့၊ မဖေါက်မပြန် ယထာဘူတအမှန် သမ္မာဒိဋ္ဌိ ပညာဉာဏ်နဲ့ခွဲထုတ်၍၊ ဒိဋ္ဌိတွေစင်ကြယ်အောင် ဒိဋ္ဌိတွေ အထူးသဖြင့် စင်ကြယ်ပြီး၊ နောင်တဖန်ဝင်၍ မတွယ်အောင် မဂ္ဂင်ဖေါင်စီးရင်း ဆေးကြောသုတ်သင်ပစ်ခြင်း ပြုရမှာဖြစ်ခြင်းကြောင့်၊ ဘယ်သူက, ဘယ်သူ့ကိုဟု- အဆိုပြုစရာမရှိ၊ ဒုက္ခသစ္စာ, ပရိညာတဗ္ဗကိစ္စကို မဂ္ဂသစ္စာ, ဘာဝေတဗ္ဗကိစ္စနဲ့ သစ္စိကရဏကိစ္စ ပြီးမြောက်အောင်-ရှေ့သွား သမ္မာဒိဋ္ဌိပညာတရားနှင့်၊ ဝိဇ္ဇာဋ္ဌာနတွင်, ဝိဇ္ဇာယတန အစဉ်ခိုအောင်းလျက်၊ မဂ္ဂင်အမြတ်ထိုနှစ်ရပ်က-နိဗ္ဗာန်သောင်ထက် အရောက်ပို့ဆက်သည်အထိ-မိမိရရ ဘာဝေတဗ္ဗပြုကြရမှာဖြစ်ပေသည်။

ထို့ကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိနယ်သည်၊ လောကီ သမ္မာဒိဋ္ဌိ ပညာဉာဏ်ဖြင့်-ပရိညာသုံးပါးမြောက်၍၊ သစ္စိကရဏအထိ ရောက်မိရန်အရေးသည်၊ သေးသေးကွေးကွေး၊ နွေးနွေး-ဆေးဆေး၊ ကျဉ်းကျဉ်း-ကြပ်ကြပ်၊ ပြတ်ပြတ် လပ်လပ်၊ ဆည်းပူးရုံ-ပေးစွမ်းပုံမျိုးမျှဖြင့်၊ ကုံလုံနိုင်သော အရာဌာနတော့ မဟုတ်ပါပေ။ သို့တစေမူလည်း၊ အလုပ်ပေး- ကျင့်စဉ်နှင့်- ဂွင်ကျရုံကလေး တိုင်အောင်တော့ ရှင်းလင်း၍ ပေးသွားပါမည်။ ဤ- ဒိဋ္ဌိဝိသုဒ္ဓိ တရားကိုယ်အရှိတွေကို သတ္တဝါသူငါတစတို့၏ "အတ္တ-အတ္တ၊ ငါ-ငါ"ဆိုတဲ့ ယှဉ်စပ်ဖွဲ့နှောင်ခံနေရမှု- အဘ္ဘကိစ္စကြီး ပြီးမြောက်သွားအောင်၊ ကွင်းလုံးကျွတ်သွားအောင်၊ တမွတ်ချွန်ချွန်-တံခွန်ထူနိုင်အောင်, အားလုံးမဟုတ်သော်ငြားလည်း၊ သမုဒ္ဒရာရေတစက်၏ အရသာငန်ချက်ကို အဆက်ဆက်,အခါခါ သိသဖြင့်၊ သမုဒ္ဒရာ တစင်းလုံးရှိ ရေတပြင်သားလုံးသည်၊ ဆားငန်ရေတွေသာဖြစ်သည်ဟု ဆုံးဖြတ်ယုံကြည်ရတော့သလို၊ ဤ- ဒိဋ္ဌိဝိသုဒ္ဓိစခန်းကိုလည်း၊ လုပ်ငန်းခွင်ဝင်, ကျင့်စဉ်အမှန်နှင့်စပ်၍၊ ယထာရဟာ

လိုက်သင့်သလို ယထာဘူတကျကျ ပေါ်ပြသွားရာ၌၊ တန္တယ်ငင့်တစင်ပါ ဆိုသလို၊ ဉာဏ်အမြင်ကိုခွဲပြီး ရှုကွက်နဲ့ဆက်၍- အတ္တကိစ္စ ပြည့်စုံစွာ လှန်မြောက်ရမှာ ဖလဲ့ပ ဟု ယုံကြည်မှုပိုမို၍၊ ဆည်းပူးလေ့ကျက် အားတက်ကျင့်ကြံ ပွားများ အားထုတ်မှု ထက်ထက်သန်သန်ဖြင့် မဂ္ဂဋ္ဌာန်,ကေန်ချဉ်းကပ်ရအောင် ကြိုးစားတော်မူကြပါကုန်။ ။

ကြိုးစားတော်မူနိုင်ကြပါစေသောဝ်။ ။

---

သံသရာခွင်၊ အပါယ်တွင်၊ သက်ဝင် သူ့ကြောင့်ပါ၊
အမှားဒိဋ္ဌိ၊ အစဉ်ငြိ၊ လွတ်၍ မရှိရာ၊
အတ္တသမုတ်၊ ဒိဋ္ဌိယုတ်၊ ခွဲထုတ်စင်ကြယ်ပါ၊
မပြုတ်သော်ငြား၊ မယုံမှား၊ ထင်ရှားမရှိတာ၊
သကာယတွင်၊ အတ္တလျှင်၊ မယှဉ် နာမ်ရုပ်သာ၊
ဝိစိကိစ္ဆာ၊ ကင်းပြတ်ကွာ၊ စူဠသောတာပါ၊
သောတာစူဠ၊ ဤကျမ်းမှ၊ မုချ ရယူကာ၊
အခြေခိုင်ခန့်၊ ဉာဏ်ကိုဆန့်၊ မတန့်ရှေ့သို့သာ၊
ဒိဋ္ဌိစင်ကြယ်၊ ကျင့်စဉ်တွယ်၊ တသွယ်ဘာဝနာ
လုပ်ငန်းခွင်ရပ်၊ အကျင့်မြတ်၊ မပြတ်ဆက်ငံ့ခါ၊
တတိယပိုင်း၊ ကျင့်စဉ်လှိုင်း၊ တုန့်ဆိုင်းမရှိရာ၊
ရယူပွားက၊ မဂ်လမ်းစ၊ မုချရမည်သာ၊
တိတိကျကျ၊ ညွှန်ကာပြ၊ ဗုဒ္ဓအလိုပါ၊
မဟာဉာဏ်အောင်၊ အမည်ဆောင်၊ အခေါင် ဝိပဿနာ၊
တရားအချီး၊ နှီးနှောနည်း၊ စုစည်းလိုက်နာပါ၊
ဝိပဿနာမဂ်၊ ဉာဏ်စဉ်ဆက်၊ မပျက်ရရှိမှာ၊
ထို့ကြောင့်ယောဂီ၊ မနှောကြည်၊ ယုံကြည် ကြိုးစားပါ။

**ရန်ကုန်-ဦးဝိသုဒ္ဓ**

## “ရုပ် နာမ်ပိုင်းခြား- သိမ်းဆည်းငြား”
## “မြင်ပွားဉာဏ်ယှဉ်—သုဒ္ဓိစင်”
## “နာမရူပ,ပရိဂ္ဂဟာ- ဒိဋ္ဌိဝိသုဒ္ဓိကထာ။”

ဤဒိဋ္ဌိဝိသုဒ္ဓိစခန်း၌- ဝိပဿနာ၏ အာရုံဘူမိဖြစ်သော၊ ရုပ်, နာမ်ဓမ္မ-ငါးဝမက္ခာ၊ ဥပါဒါနက္ခန္ဓာ တရားတို့၌၊ သကာယကို သက္ကာယဒိဋ္ဌိ- အတ္တဒိဋ္ဌိအားဖြင့်၊ စွဲယူ့သိမြင်, မှတ်သားထားချက်တွေ အထူးစင်ကြယ်ရေးတွင်၊ နာမရူပ,ပရိဂ္ဂဟဉာဏ်ဟူ၍ရှင်း၊နာမရူပ,ဝဝတ္ထာနဉာဏ်ဟူ၍ရှင်း၊သင်္ခါရပရိစ္ဆေဒဉာဏ်ဟူ၍ရှင်း၊ သဒ္ဒါသာထူး၍ အနက်မခြားသော အမည်သုံး စားအားဖြင့် ခေါ်ဝေါ်ရပါငြားလည်း၊ ဝိပဿနာသမ္မာဒိဋ္ဌိ-ဉာဏ်မြင်မိအောင် ရရှိဘို့သာ လိုရင်းအချုပ် စာရင်းပင် ဖြစ်ပါတော့သည်။ ဤသဘော ဤဉာဏ်များ ရရှိစေခြင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌၊ “လက္ခဏ ရသ,ပစ္စုပဋ္ဌာန,ပဒဋ္ဌာနဝသေန-နာမရူပပရိဂ္ဂဟော- ဒိဋ္ဌိဝိသုဒ္ဓိနာမ”ဟု- ဖွင့်ဆိုသည့်နှင့်အညီ၊ စိတ်,စေတသိက်ဟူသော-နာမ်တရားများနှင့် ရုပ်တရားအပေါင်းတို့ကို၊ လက္ခဏာနှင့်တကွ- ဌာန်လေးပါးလုံး ပိုင်းခြားသိ၍၊ သိမ်းဆည်းဆင်ခြင်ခါ- အထက်ပါ ဉာဏ်သုံးအင် မြောက်မှုသို့ ရရောက်စေခြင်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိစခန်း-ပြီးမြောက်မည်ဟု ဆိုအပ်ပါသည်။

ထိုတွင်မျှမကသေး၊ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်စေအပ်ခြင်း၏ တရားကိုယ်ဖြစ်သော ဝိပဿနာ အာရုံဘူမိ အလုံးစုံသည်၊ အဘိညေယျာ- ပရိညာအားဖြင့်- ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ, သုံးပါးဆိုက်အောင် ထိုးထွင်းသိထိုက်သော တရားဖြစ်ပေသည်။ သို့မှသာ- သတ္တဝါ, သူငါတစတို့၏ အတ္တကိစ္စကြီး ပြီးစီးလွန်မြောက်နိုင်မှာ မှန်ကန်ပါသည်၊ ထိုသို့- အဘိညေယျ- ပရိညာသုံးပါးဖြင့် သိထိုက်ကုန်သော တရားတို့ကိုလည်း ပရမတ္ထဝိဘာဝနီ- နာမရူပပရိစ္ဆေဒ၌၊ ဤသို့- ဆုံးဖြတ်ပြဆိုပါသည်။

“အဘိညေယျ သဘာဝေန- ဒွါသတ္တတိ သမီရိတာ။”

အဘိညေယျသဘာဝေန- သတိပညာယဉ် မြို့၍- ယောဂီ၏ဉာဏ်တွင်-ကောန်ထင်ထိုက်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ဒွါသတ္တတိ- ခုနစ်ဆယ်နှစ်ပါး- သလက္ခဏာတရားများကိုသာ၊ သမီရိတာ- သရုပ်အလိုထုတ်ဆိုပြအပ်၏ဟု- ဖွင့်ဆိုခြင်းကြောင့်....

အဘိဓေယျ။ ။ဝိပဿနာဘူမိ- ဖြစ်ရှိစရာ အာရုံတရားသည်၊ စိတ် (၁)၊ စေတသိက်(၅၂)၊ ကံ,စိတ်,ဥတု, အာဟာရ၊ အကြောင်းလေးပါးအားဖြင့် ထင်ရှားဖြစ်ခြင်း မှန်သော နိပ္ဖန္နရုပ် (၁၈)၊ နိဗ္ဗာန် (၁) အားဖြင့်-ပေါင်း(၇၂)ပါးဖြစ်ပါသည်။ အသင်္ခတဓါတ် နိဗ္ဗာန်မြတ်မှာ-အောက်,ဉာဏ်အားဖြင့်- သန္တိပဒဉာဏ်နှင့် အလယ်ဉာဏ်အားဖြင့်-ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်အရာဖြစ်ပြီး၊ အထမြက်ဆုံးအားဖြင့်-မဂ်ဉာဏ်၏ သစ္ဆိကိရိယာတဗ္ဗ အာရုံဖြစ်ပါသည်။

အဘိညာ ။ ။ထူးသောဉာဏ်ဖြစ်၍- ပေါက်ထွင်းမြင်တတ်သော-အာရမ္မဏိက တရားမှာ၊ ဝိပဿနာစိတ္တုပ္ပါဒ်နှင့် မဂ္ဂအပ္ပနာစိတ္တုပ္ပါဒ်တို့ဖြစ်ပါသည်။

ဤသို့သော- ရုပ်နာမ်ဓမ္မ- သင်္ခါရလောက၊ ရူပကာယ, အနေတွေ့၌၊ သက္ကာယဒိဋ္ဌိ- အတ္တဒိဋ္ဌိကို ခွါချေပယ်နှုတ်၍၊ ဝိပဿနာဉာဏ်မြင် စိတ္တုပ္ပါဒ် အထိ- ဖြစ်ရှိလာမှသာ၊ ဒိဋ္ဌိဝိသုဒ္ဓိအားဖြင့် အထူးစင်ကြယ်သော အထက်ပါ, ဉာဏ်မြင်သုံးမျိုးကို ခိုနားကပ်ရောက် အနုတ္တပေါက်နိုင်မှာ ဖြစ်ပါသည်။ ထိုမှ တတန်- ဉာဏ်ပဋိဘာန်-လုံးစုံယံ၌- ဖြစ်ရန်မမှီသော်လည်း၊ သုတမယအနေ သိထိုက်တာတွေကို ပြရသော်၊ ပဋိသမ္ဘိဒါ မဂ်-ပါဠိတော်၌၊ ဝိပဿနာဖြစ်ရာဘူမိ ဓမ္မကောဋ္ဌာသ, အပိုင်းအခြားရှိပုံနှင့် ဓမ္မရာသိ, တရားအစုသဘောတို့ကို (၂၃) စုပြု၍- ပြဆိုတော်မူသည်မှာလည်း....၊

## "ဝိပဿနာအာရုံ-ဓမ္မရာသီအစုအပုံ"

| | | | |
|---|---|---|---|
| ၁။ ခန္ဓာ | (၅)ပါး၊ | ၁၃။ အာယတန | (၁၂)ပါး၊ |
| ၂။ ဒွါရ | (၆)ပါး၊ | ၁၄။ ဓါတ်(အကျယ်) | (၁၈)ပါး၊ |
| ၃။ အာရုံ | (၆) ။ | ၁၅။ လောကီဣန္ဒြေ | (၁၉) ။ |
| ၄။ ဝိညာဏ် | (၆) ။ | ၁၆။ ကောဋ္ဌာသ | (၃၂) ။ |
| ၅။ ဖဿ | (၆) ။ | ၁၇။ ကသိဏ | (၁၀) ။ |
| ၆။ ဝေဒနာ | (၆) ။ | ၁၈။ ကာမ၊ရူပ၊အရူပ-ဓါတ်(၃) ။ | |
| ၇။ သညာ | (၆) ။ | ၁၉။ ဘဝကြီး | (၉) ။ |
| ၈။ စေတနာ | (၆) ။ | ၂၀။ ရူပဈာန် | (၅) ။ |
| ၉။ တဏှာ | (၆) ။ | ၂၁။ အရူပဈာန် | (၄) ။ |
| ၁၀။ ဝိတက် | (၆) ။ | ၂၂။ သမာပတ် | (၈) ။ |
| ၁၁။ ဝိစာရ | (၆) ။ | ၂၃။ ပဋိစ္စသမုပ္ပါဒ် | (၁၂)ပါး |
| ၁၂။ ဓါတ်(အကျဉ်း) | (၆) ။ | တို့ဖြစ်ကြပါသည်။ | |

အထက်ပါ- (၂၃)စုသော တရားတော်မြတ်တို့ သည်လည်း၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်၏ အာရုံအဖြစ် ပိုင်းခြားသိခြင်း၊ သိမ်းဆည်းသိခြင်း၊ ပွားသိခြင်း၊ ထိုးထွင်းဉာဏ်ပေါက်, အလင်းမြောက်ခြင်း ဆောင်စေရန်ဖြစ်သော တရားတော်မြတ်များဖြစ်ရာ၊ ပိုင်းခြားကုန်စင် အသိ်လင်းစေနိုင်ကာမှ- သိသင့်, သိအပ်, သိထိုက်သလောက်ကိုမူ၊ ကြိုးစားဆည်းပူးသင့်ကြသော တရားတော်မြတ်များ ဖြစ်ပါပေသည်။

သက္ကာယဒိဋ္ဌိ-အတ္တဒိဋ္ဌိ၊ နှစ်မည်ငြိ၍၊ အစဉ်ကိန်းလာသော ဒိဋ္ဌိအနုသယ နယ်ကျယ်သမျှကို၊ သမ္မာဒိဋ္ဌိနယ်ပယ်၌- ဝင်ဆန့်နိုင်လေလေ ကောင်းမြတ်လေလေ, ဖြစ်ငြားပါသော်လည်း၊ မတတ်သာအားပါက- အကျဉ်းမျှနဲ့ပင် အကျယ်ကိုဖြုတ်နိုင်သည့် အင်္ဂါက မဂ္ဂင်အလုပ်ကို အားထုတ်ကြဘို့ အရေးကြီးလှပေတော့သည်။

သက္ကာယဒိဋ္ဌိ-အတ္တဒိဋ္ဌိနယ်ကတော့၊ အထက်,နေဝသညာနာသညာယတနဘုံကနေ အဝီစိတိုင်အောင် ပျံ့လှိုင်စွဲရောက်ပို့ချအောက်ထက်- ဂရောက်ဂယက် ဒုက္ခစက်ကို မပြတ်စေသော တရားခံအစစ်သာဖြစ်ပါပေသည်၊တဏှာမူလတွင်-ဒိဋ္ဌိအစဉ် ယှဉ်ခါပါဝင်သမျှ၊ ကာမ,ရူပ, အရူပ၌၊ ကာမတဏှာ- ဘဝတဏှာကို ဒိဋ္ဌိနဲ့မြင်သိပြီး၊ လိုချင်လို့ပြု- အဝိဇ္ဇာမှုတန်းလန်းနဲ့ ကုသိုလ်ခန်း ကလေးများကြောင့် ဘဝကောင်းရာ ငါ့ကောင်းသို့၊ ခဏခေတ္တ ရောက်ကြရလည်း ပုညကုန်ဆုံး- ဒိဋ္ဌိနဲ့သုံးခဲ့တဲ့၊ ပါပဓမ္မ,ပါပကမ္မတို့ကြောင့်၊ အပါယ်လေးဘုံမှာ, တဖန်ငုပ်ပြီး၊ပေါ်မလာ ဇာတ်ထုပ်ကို ကမ္ဘာအသင်္ချေနဲ့ဖြုတ်မရပေါင်းများခဲ့တာလဲ၊ သက္ကာယနဲ့-အတ္တဒိဋ္ဌိကြောင့်သာလို့ ပိုင်းခြားသိပြီးလျှင်၊ သူမရှိမှ-ပါပဓမ္မ, ပါပကမ္မ၊ အပါယဇာတ်တွေ ပြတ်မည်ကို ယုံယုံကြည်ကြည်နဲ့သိလျက်၊ ဆက်လက်ပေးသမျှတရားကလေးကို မိမိရရယူလို့- ဘာဝနာခွင်အထိ သွားကြပါစို့...။

ဤသို့ပြော၍သာ၊ တိုက်တွန်းညွှန်းပို့ ဆိုလိုသာ,ဆိုလိုက်ရသည်၊ ရထားတဲ့ ခန္ဓာပဥ္စကကို လူပါဘဲလို့ စွဲထားတဲ့ အစွဲကလဲ မဖြုတ်နိုင်၊ယောကျ်ား,မိန်းမ, အသက်ဇီဝနဲ့- ငါ့အတ္တ, သူ့အတ္တလို့လဲ အစွဲကနာ၊ ရလာအကျိုး ခန္ဓာမျိုးက ကာမဂုဏ်အာရုံတွေနဲ့ တိုးနေတာကိုလဲ၊ ကာမသုခ, တဒင်္ဂကို အစဉ်ထာဝရလို့ အောက်မေ့ပြီး၊ ခံစားလို့မမုံး ရှာဖွေလို့မဆုံး တပြုံးပြုံး, တပျော်ပျော်-ပစ္စုပ္ပန်ချမ်းသာရေးကိုလဲမျှော်၊ နောင်တမလွန်နော်- ဘဝကောင်းအမွန်ဟု၊ လူမင်းစည်းစိမ်ကို ယမ်းမီးရှိန်လို မထင်နိုင်ဘဲ၊ ရရောက်ခံစားချင်လို့ ကြိုးစားပြုလုပ်, အားထုတ်ရတာကလဲတဖုံကြောင့်၊ အဝိဇ္ဇာပစ္စယာ- ပုညာဘိ သင်္ခါရ-တွေနဲ့လဲ၊

မကွေမကွာနိုင်၊ပစ္စုပ္ပန်ကာမဂုဏ်ငါးပါး မပြတ်ခံစားဘို့အားထုတ်ရမှာတောင် မရ,အရ- ပါပမ္မေ, ပါပကမ္မဘဲရယ်လို့ မရှောင်မလွှဲနိုင်ဘဲ၊ အဝိဇ္ဇာပစ္စယာ- အပုညာဘိသင်္ခါရတွေကိုလဲ သာသာထိုးထိုး၊ပြုပြီး,ပြုဆဲ,ပြုလတံ့တွေကလဲ မပြတ်မစဲနိုင်၊ လက်ရှိဒုက္ခသစ္စာ,ငါးခန္ဓာသည် ကောင်းမှုအကျိုး အလှည့်ဖန်၍၊ သုဂတိယံ အဖြစ်,ကြုံသာကြုံရသည်၊ အတီတာနန္တရက- အပုည,အထုပ်အပိုးတွေကို ကြောပိုးလျက် ဘယ်လောက် ထမ်းထားရသည်ကိုလည်းမသိ၊ ဤပုညအကျိုး ကုန်ဆုံးရိုးအမှန် ရွေ့လျောရပြန်လျှင် အတ္တဒိဋ္ဌိတန်းလန်းနှင့် ဗရမ်းဗတာ,ပျက်စီးကျရာတွင်၊ ပစ္စုပ္ပန်,အပုညတို့နှင့် တပေါင်းတည်းပြု၍၊ အပါယ်ဇာတိ, ညွတ်ကွင်းတဖန်မိလျှင်ဖြင့်၊ ကမ္ဘာအသင်္ချေ- လေးထွေစိအောင် ထပ်ပြန်တလဲလဲ, ဖြစ်ရှိရမည့် အရေးကိုတွေး၍ ကြည့်ပါက၊ အတ္တကိစ္စ-မပြီးမမြောက်မခြင်း ကြောက်စရာအခင်းနှင့်သာ ရင်ဆိုင်ရမှာပါတကားဟု- ကောင်းစွာသိလျက်၊ ပုည အကျိုး, ရိုးရိုးကံလမ်း, ကုန်ဆုံးခမ်းတွင် ဗရမ်းဗတာပျက်စီးပါမူ၊ အထက် ဘဝဂ်အဆုံး နေဝသညာနာသညာဘဝမှ- ရွေ့ကျသူ, ဗြဟ္မာအန္ဓ တို့သော်လည်း၊ အပါယ်လေးပါးတွင် ပြန်ခါနစ်၍ နုံလံမထူနိုင်ပုံအဖြစ်ကို၊ဝိဘင်းပါဠိတော်၌ ဟောတော်မူခဲ့သည်မှာ ...

ဉက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ၊
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုနဂစ္ဆန္တိ ဒုဂ္ဂတိံ၊
နတ္ထိကောစိ ဘဝေါနိစ္စော၊ ဣတိဝုတ္တံ မဟေသိနာ။ ။

ပုညတေဇေန- ကောင်းမှုရှိန်စော် အာနုဘော်သည်၊ ဉက္ခိတ္တာ-ထောက်ပံ့မြှောက်ပင့်, ချီးမြှင့်အပ်ကုန်သည်ဖြစ်၍၊ ကာမရူပဂတိံ- ကာမသုဂတိ, ရူပသုဂတိဘုံသို့၊ ဂတာ- လားရောက်ရကုန်သော၊ ဘဝဂ္ဂတမ္ပိ- ဘုံတို့ထွဋ်ချာ,နေဝသညာနာသညာ,ဘုံအဆုံးသို့သော်လည်း၊ သမ္ပတ္တာ- ပြည့်စုံကုံလုံ ရောက်ရကုန်သောပုထုဇဉ်အန္ဓ,မှန်သမျှတို့သည်၊ပုန-တုံ့ခေါက်တဖန်,ပြန်လှန်၍သာ ဒုဂ္ဂတိံ- ချမ်းသာတစိ- မရှိဘယ်ခါ ပါယ်လေးရွာသို့၊ ဂစ္ဆန္တိ- လားရောက်သက်ဝင်ရပြန်ကုန်၏။ နိစ္စော-မြဲသောအားဖြင့်၊ ကောစိဘဝေ- တစုံတခုသော ဘုံဘဝသည်၊ နတ္ထိ- မရှိဧကန်မှန်လှပါပေ၏။ ဣတိ- ဤသို့၊ မဟေသိနာ- သီလက္ခန္ဓ-စသည် ကျေးဇူးဂုဏ်အသူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်၊ဝုတ္တံ-ဟောတော်မူအပ်ပြီ။

အဲဒီလို- အမြင့်ဆုံးဘုံဘဝတွေမှာ- ဖြစ်ကြရငြားသော်လည်း၊ အန္ဓပုထုဇဉ် အဖြစ်နဲ့- သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ တန်းလန်းရှိနေသမျှ ကာလပတ်လုံး၊ အပါယ် ဇာတိမငြိမ်းနိုင်ဘဲ၊ သုဂတိဘုံသို့- တကြိမ်တခေါက် ရောက်ပြန်ရပြီး- ကုန်ခါ ဆုံး၍- ဗရမ်းဗတာ ပျက်စီးပြီဆိုရင်တော့၊ လေးမျိုးသော ဒုဂ္ဂတိတွင်- သတ္တဝါ အနန္တ-ဖန်ခါခါဖြစ်ရှိရလျက်-ကမ္ဘာသချေ၊ တွက်ရေမဆုံး-ဆင်းရဲတွင်းထဲ- မြှုပ်မိ ခံရပုံတွေသည်၊ အတ္တဒိဋ္ဌိကို မပယ်မရှင်းနိုင်သည်နှင့်အမျှ၊ အပါယ်လေးပါးသည်- မိမိအမြဲနေရာ-အိမ်ဂေဟာသဖွယ်-ဖြစ်၍နေခဲ့ရပေတော့သည်၊ ထို့ကြောင့်-အတ္တ ဒိဋ္ဌိရှိကာ-ငြိနေသေးရင်တော့၊ အပါယ်လေးပါးကို ငြင်း၍မရဘဲ- လိုက်ပါနေရ တတ်ပါတယ်ဆိုတာကို၊ ပရမတ္ထဒီပနီ၌- ဤသို့ဖွင့်ဆိုထားပါသည်။

သဗ္ဗာနိစ အပါယဂါမိ ကမ္မာနိနာမ၊
အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဝိပစ္စန္တိ၊
အသတိယာ နဝိပစ္စန္တိ၊ ဒိဋ္ဌသစ္စာနဉ္စ
သာဒိဋ္ဌိ သဗ္ဗသော ပဟီနာ ဟောတိ။ ။

သဗ္ဗာနိစ-အလုံးစုံလည်း ဖြစ်ကုန်သော၊ အပါယဂါမိ ကမ္မာနိနာမ- အပါယ်လားကြောင်း မကောင်းမှု ကံတို့မည်သည်ကား၊ အတ္တဒိဋ္ဌိယာ- ကေန် တကယ်ရှိ-တကယ်ဟုတ်မှန်သည့်- ရုပ်နာမ်၊ နှစ်ဖြာ- ငါးခန္ဓာ၊ သကာယထဲမှာ၊ ငါ၊ ဆိုတာ- မပါမရှိပါဘဲလျက်၊ ပါသည်ရှိသည်ဟု၊ အထင်၊ အမြင်၊ အစွဲအယူ မှားနေကြသော၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူမှားကြီးသည်၊ သတိယာဧဝ- သတ္တဝါတို့၏ သန္တာန်မှာ-စွဲကပ်လျက်ရှိနေတော့သည်သာလျှင်၊ ဝိပစ္စန္တိ-အပါယ် လေးပါးကျခြင်းကို ဖြစ်စေနိုင်၏။ အသတိယာ- အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိအယူမှား ကြီးသည်- သတ္တဝါတို့၏သန္တာန်မှာ၊ ကင်းပြတ်ချုပ်ငြား- ထင်ရှားမရှိခဲ့သည်ရှိ သော်၊ နဝိပစ္စန္တိ-အပါယ်ကျကြောင်းအကျိုးကို မပေးနိုင်ကုန်၊ (ဝါ)အပါယ်ကို မကျရောက်နိုင်ကုန်၊ ဒိဋ္ဌသစ္စာနဉ္စ-တရားစစ်၊ တရားမှန်ကို ကေန်ဖေါက်ထွင်း၍၊ သန္နိဋ္ဌိက၊ ပစ္စက္ခဉာဏ်ဖြင့်၊ ဝိပဿနာမဂ်-လောကုတ္တရာမဂ်တိုင်အောင်- ပိုင်နိုင်မြင် တွေ့ကြကုန်သော ပုဂ္ဂိုလ်တို့အားလည်း၊ သာဒိဋ္ဌိ- ထိုအပါယ်ကို ချတတ်သော- သက္ကာယဒိဋ္ဌိအယူမှားကြီးကို၊ သဗ္ဗသော- အချင်းခပ်သိမ်းအားဖြင့်၊ ပဟီနာ- စွန့်ခွါပယ်ရှားတတ်သည်၊ (ဝါ)စွန့်ခွါပယ်ရှားနိုင်သည်၊ ဟောတိ-ဖြစ်၏။ ။

အထက်ပါ-အာဂမ္မယုတ္တိတော်အရ၊ အပါယ်လေးပါးကို မချပို့ပို့နေတဲ့ လက်သယ်တရားခံကတော့၊ သက္ကာယဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိဘဲဖြစ်ပါတယ်၊ ကောင်းမှု

ကံဟုန်ကြောင့်-သုဂတိဘုံကို မကားမြစ်နိုင်သော်လဲ၊ မိမိဆိုတဲ့-အတ္တဒိဋ္ဌိက၊ မိမိကို ကောင်းမှုကံဟုန်ကလေး၊ ကုန်ခမ်းသွားတိုင်း၊ မဆိုင်းမတွ- အပါယ်ဘေး အနန္တတွေကို- ပေးအပ်ပို့ဆောင်ပေးနေတတ်ပါတယ်၊ တကြိမ်မျှ- အပါယ်လေးပါး ကျသွားရပြန်ရင်လဲ- ကမ္ဘာအသင်္ချေနဲ့ ပြန်ပေါ်လာဘို့ လွန်စွာခဲယဉ်းလှပါပေတယ်၊ ယုတ်စွ အဆုံး၊ ကြက်ငှက်ဆိုတဲ့- တိရစ္ဆာန် ဘဝကလေးတခုကို အဖြစ်ခံရရင်၊ အဲဒီလက်ရှိတိရစ္ဆာန်ဘဝမှာ၊ စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်းနှင့် သူ့သက်သတ်စား-ဒုစရိုက်များ ထပ်ဆင့်၍တိုးပြန်သဖြင့်၊ ထို့ထက်၊ ထို့ထက် ဆိုးသော နိရယ၊ ငရဲအိုးဘို့ ဆင်းရပြန်ပေါ့၊ ထိုမှတဖန်- ပြိတ္တာ၊ အသူရကာယ်၊ ပြိတ္တာ၊ အသူရကာယ်မှ တဖန်- တိရစ္ဆာန်၊ တိရစ္ဆာန်မှတဖန်-ငရဲပြန်ခံနှင့်၊ အပါယ်လေးပါးမှ- တကြိမ်ထကြွလွတ်မြောက်ဘို့အရေးသည်၊ လွန်စွာလွန်စွာ ခဲယဉ်းလှပါပေတော့သည်။

ထို့ကြောင့်၊ ဝေးမြင့်သီခေါင်၊ အထက်ဘဝဂ်ဘုံတိုင်အောင်၊ ဥက္ကိတ္တာ ပုညတေဇနေကြောင့်၊ ရှောင်ပုန်း၍- တဘဝ၊ တခဏမျှနေနိုင်ကြပေမဲ့၊ ပါပမ္မ၊ ပါပကမ္မတွေ-နောက်ကြောပိုးလျက်၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ တန်းလန်းနှင့်-အန္ဓ ပုထုဇဉ်ဆိုရင်၊ အပါယ်လေးပါး ပုခက်တွင်းကို ရင်ခွင်ပိုက်ခံပြီး၊ သက်ဆင်းရမှာ သေချာလှပါတော့သည်။ဒါ့ကြောင့်-မုချအပါယဇာတိ၊ ပြတ်ခဏ်းအထိကတော့၊ ကလျာဏဇာတိအစ- အရိယာသန္တာန်=အရိယာလို့ ရေတွက်ခြင်းခံရတဲ့- အရိယာဘုံသားမဖြစ်သေးသမျှ၊စိတ်မချရ-စိတ်မအေးရပါသဖြင့်၊ အပါယ်ဘေးမခတော့ပါဘူးလို့- ဆုံးဖြတ်ချက်မချဘဲ၊ ဝိပဿနာမဂ်နဲ့-လောကုတ္တရာမဂ် ရရန်အရေးတွင် မရမနေကြိုးစားသင့်ပုံကလေးကို၊ မဏိမဉ္ဇူသာ ဋီကာဆရာမြတ်က-အောက်ပါအတိုင်း၊ သတိပေးထားအပ်ပါသေးသည်။

"ယထာစ ပုထုဇ္ဇနာနံ ပဟီနာပိ ကိလေသာ ပုန ဥပဂစ္ဆန္တိ၊ တိဟေတုက ဘူတာပိ ပန ဒွိဟေတုကာ ဟေတုက ဘာဝံ ဂစ္ဆန္တိ၊ယတော တေ ဥပရိ ဘဝဂ္ဂေ နိဗ္ဗတ္တာပိ အပါယေသု သန္ဒိဿန္တိ၊ သီလဝန္တာပိ ပုန ဒုဿီလာ ဟောန္တိ၊ သမာဟိတာပိ ပုန ဥမ္မတ္တကာဝါ ခိတ္တ စိတ္တာဝါ ဟောန္တိ၊ ပညဝန္တာပိ ပုန ဒုပ္ပညာဝါ ဧဠ မူဂါဝါ ဟောန္တိ၊ န တထာ အရိယာ တေပန တေန တေန မဂ္ဂေန ပဟီနာ ကိလေသာ ပုန နဥပဂစ္ဆန္တိ၊ ပုထုဇနဘာဝံဝါ ဟေဋ္ဌိမာရိယဘာဝံဝါ နဂစ္ဆန္တိ၊ အနုက္ကမေန ဘဒ္ဒါဒီနံ ကုလုန္ဒိယာနံ ပရိပက္က ဘာဝမေဝ ဥပဂစ္ဆန္တီတိ။ ။"

စ-ပုထုဇဉ်နှင့် အရိယာတို့၏ ထူးခြားသော အရာကို ထင်ရှားစွာ ပြပေဦးအံ့။ ပုထုဇ္ဇနာနံ-ဒိဋ္ဌိမခွာသူ ပုထုဇဉ်ဟူသမျှတို့အား၊ ပဟီနာပိ- တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်အားဖြင့် ဖယ်လှန်အပ်ပြီးသည်လည်း ဖြစ်ကုန်သော၊ ကိလေသာ- ကိလေသာတို့သည်၊ ဥပဂစ္ဆန္တိ- ပြန်၍ကပ်လာကြကုန်၏။ တိပေဘုကဘူတာပိ- တိဟိတ်ဖြစ်ပြီးသော သူတို့သည်လည်း၊ပုန-တဖန်၊ ဒွိဟေတုက,အဟေတုကဘာဝံ- ဒွိဟိတ်အဖြစ်, အဟိတ် တိရစ္ဆာန် အဖြစ်သို့၊ ဂစ္ဆန္တိ- လားရောက်ကြကုန်၏။ ယတော- အကြင့်ကြောင့်လည်း၊ တေ-ထိုတိဟိတ်ပုဂ္ဂိုလ်တို့သည်၊ ဥပရိဘဝဂ္ဂေ- အထက်ဘုံဘဝဂ်၌၊ နိဗ္ဗတ္တာပိ-ရောက်ကြငြားသော်လည်း၊ အပါယေသု-အပါယ် လေးပုံ၌၊ သန္ဒိဿန္တိ- ထင်ရမြင်ရ ပြန်ကုန်၏။ သီလဝန္တာပိ- သီလရှိကုန်သော ရဟန်းမြတ်ကြီးတို့သည်လည်း၊ ပုန-တဖန်၊ ဒုဿီလာ- ဘိန်းစား, ဆေးရှူ,လူချုး, လူမိုက်စသော ဒုဿီလပုဂ္ဂိုလ်တို့သည်၊ ဟောန္တိ- ဖြစ်ကြကုန်၏။ သမာဟိတာပိ- တည်ကြည်ခြင်း, သမာဓိရှိကြသော အဘိညာဉ်ရ- ဈာနလာဘီပုဂ္ဂိုလ်ကြီးတို့ သည်လည်း၊ ပုန-တဖန်၊ ဥမ္မတ္တကာဝါ- အရူးအမိုက်တို့သည်ငင်း၊ ခိတ္တစိတ္တာဝါ- စိတ်ထားမန့်-ပျံ့လွင့်သောသူအဖြစ်ငင်း၊ ဟောန္တိ-ဖြစ်ကြရကုန်၏။ ပညဝန္တာပိ- ပိဋကတ်သုံးပုံ အလုံးစုံကို အာဂုံဆောင်ဘိ ပညာရှိဆရာတော်ကြီးတို့သည်လည်း၊ ပုန-တဖန်၊ ဒုပ္ပညဝါ- ပညာမရှိကုန်သော၊ လူဖျင်း, လူပြိန်းတို့သည်ငင်း၊ ဠေမူဂါဝါ-လူအေး,လူအ,လူနုံ့,လူအတို့သည်ငင်း၊ ဟောန္တိယထာ-ဖြစ်ကြရပြန်သကဲ့ သို့၊ တထာ- ထိုသို့ ကပြောင်းကပြန် ပုထုဇဉ်တို့ဖြစ်သလို၊ အရိယာသောတာပန် စသော သူတော်သူကောင်းတို့သည်၊ နဟောန္တိ-ပြန်၍မဖြစ်ကြလေကုန်၊ တေပန- ထိုအရိယာသူမြတ်တို့သည်ကား၊ တေနတေနမဂ္ဂေန- ထိုထို မိမိတို့ရရှိကြသောမဂ်ဖြင့်၊ ပဟီနာ-ပယ်အပ်ပြီးကုန်သော ကိလေသာတို့သည်၊ ပုန-တဖန်၊နဥပဂစ္ဆန္တိ- မပြန်လာကြကုန်၊ ပုထုဇ္ဇနဘာဝံဝါ- ပုထုဇဉ်အဖြစ်သို့ငင်း၊ ဟေဋ္ဌိမာရိယဘာဝံဝါ- အောက်,အရိယာအဖြစ်သို့ငင်း၊ နဂစ္ဆန္တိ-တဖန်ပြန်၍ မရောက်ကြလေကုန်၊ အနုက္ကမေန- အစဉ်အားဖြင့်၊ သဒ္ဒါဒီနံ- သဒ္ဓါအစရှိကုန်သော၊ ဣန္ဒြိယာနံ-ဣန္ဒြေ တို့၏၊ ပရိပက္ကဘာဝမေဝ- တဆင့်ထက် တဆင့်, ရင့်ခြင်း သဘောသို့သာလျှင်၊ ဥပဂစ္ဆန္တိ- ကေန်မလွဲ- အမြဲရောက်ကြရလေကုန်သတည်း။

ကဲ,ဒီတော့၊ အထက်ပါ- ဋီကာဆရာ ဖွင့်ဆိုတော်မူချက်အရ၊ ပုထုဇဉ်ဆို တဲ့ စကားလုံးကလေး ချိပ်နေသေးသမျှ၊အပါယ်လေးပါးကို မုချင်တ်မချရသေး ပါဘူးဆိုတာ၊ လယ်ပြင်မှာ- ဆင်သွားသလို ထင်ရှား၍နေပါတော့တယ်၊ ရောက် ရှိ, ချိပ်မိရုံ ကလျာဏပုထုဇဉ်ဘုံကလေးနဲ့တော့ စိတ်အေးပြီးမနေနဲ့၊ အရိယာ လို့ရေတွက်ခြင်းခံရမှ ရင်အေးရမှာဖြစ်၍၊ တင်းတိမ်, တွန့်ဆုတ်, နောက်ဘဝ,

နောက်သာသနာ မျှော်ကြောင်းဖြာတဲ့- တဏှာအပေါင်းပါ, ခေါင်းဆောင်ရာကို မလိုက်မိဘို့ အရေးကြီးလှ ပါတော့သည်။ ထပ်ထပ်ပြီး, စောဒကမတက်ရအောင် ပြတ်ပြတ်ကြီး ပြောပြုရရင်တော့၊ သောတာပတ္တိမဂ်ရ- ဖိုလ်တည်- အရိယာမမည်သေးရင်၊ ပုထုဇဉ်သာဖြစ်လို့- အပါယ်လေးပါး- အမျှင်ကလေး ရှိနေသေးသည်ဟု- တထစ်ချမှတ်ပါလေ။ ထိုကြောင့်....

(၁) အရိယာဘူမိ=အရိယာနယ်မြေအတွင်းသို့ ဝင်ရောက်ရရှိမှု၊
(၂) အရိယာဂေါတ္တံ=အရိယာနွယ်ဝင်အဖြစ်သို့ သက်ဝင်ရောက်ရှိရမှု၊
(၃) အရိယာသဉ်ျ=တပါးပါးသော မဂ်ဖိုလ်ဖြင့် အရိယာဟုရေတွက်ခြင်း ခံယူရမှု၊
(၄) အရိယသစ္စံ=အရိယာအစစ်အမှန်၊ မဂ်လေးတန်, ဖိုလ်လေးတန် ပြည့်စုံရရှိမှု၊

အထက်ပါ-စတုက္ကလေးပါး, အဆင့်ဆင့်တိုးပွား၍၊ နိဗ္ဗာနသုခ ရငြားဘို့ရာကို၊ သမ္မာဗေ့ဇ္ဆန္ဒ-မနသိကာရဝိမိ,မိမိရရုကြီးနဲ့ အဘိနိဝေသ အစဉ်ဖြစ်ရှိအောင် သန္နိဋ္ဌာန်ချသင့်ပါတော့သည်၊ ဒီတော့- အတ္တဒိဋ္ဌိ အလုံးစုံကင်းပြတ်၍၊ အရိယာဂေဇက်, ဇေကန်ထွက်အောင်၊ အန္ဓလှန်ကဲ-အန္ဓဗာလထဲမှာဘဲ ရှိနေသေးတယ်ဆိုရင်လဲ၊ အောက်ပါ,ဆက်လက်ဖေါ်ပြဘိသကဲ့သို့ အဆင့်ဆင့် ဆည်းပူးပြီးကြိုးစားတော်မူသင့်ကြပါသည်၊ ၎င်းတို့မှာ....

သဒ္ဓမ္မသုံးဖြာ သာသနာနှင့်၊ ပက်ပင်းတွေ့ကြုံ-လူ့ဘုံခန်းဝါ-ဗုဒ္ဓဘာသာအယူအသိ ရှိကြသည်ဆိုသော်လည်း၊ ထုပုဇဉ်နယ်-ဤသုံးသွယ်တို့တွင်- အကျုံးဝင်နေဆဲသာ ဖြစ်ရှိတတ်ကြပါသည်၊ (၁) အန္ဓဗာလ, ပုထုဇဉ်၊ (၂) အန္ဓပုထုဇဉ်၊ (၃) ကလျာဏပုထုဇဉ်ဟု- အထင်ကရ, ဖြစ်ရှိကြရာဝယ်၊ "အန္ဓဗာလ" ကတော့၊ ကန်းလဲကန်း- မိုက်လဲမိုက်၊ ဒုစရိုက်,ဒုရာဇီဝတို့နှင့်-မနားတန်း ယှဉ်စပ်နေသော ပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။ "အန္ဓ" မှာမူ၊ ကန်းရုံသာကန်း- မိုက်ခန်းနဲ့ပါး၊ ဒုစရိုက်,ဒုရာဇီဝ,တရားတို့၌၊ အမြဲတစေ မလိုက်စားသော်လည်း၊ မရှောင်ရှား, မကျော်နင်းနိုင်ဘဲ၊ ရံဖန်ရံခါ- ဇွတ်ဆင်းမိရသော ပုဂ္ဂိုလ်စား ဖြစ်ပါသည်။ "ကလျာဏ" ခေါ်တွင် ပုထုဇဉ်အမည် ချိပ်နေသေးသည့် ပုဂ္ဂိုလ်တို့မှာ သုံးစား ဖြစ်ပါသည်။ ၎င်းတို့မှာ....

(၁) အာဒိကလျာဏ- အစ၏ကောင်းခြင်း, သီလနှင့် ပြည့်စုံသော ကလျာဏပုထုဇဉ်၊ (၂) မဇ္ဈေကလျာဏ-အလယ်၏ကောင်းခြင်း, သမာဓိနှင့်ပြည့်စုံပြီး၊ သမထလျှင် အမွန်ရှိသော ကလျာဏပုထုဇဉ်၊ (၃) ပရိယောသာနေ

ကလျာဏ- အဆုံး၏ကောင်းခြင်း, သမ္မာဒိဋ္ဌိ ပညာရှိ၍၊အသိဉာဏ်- ဝိပဿနာမဂ်ဝိဇ္ဇာလျှင် အမွန်ရှိသည့် ပုထုဇဉ်ဟူ၍၊ ပါပဇာတိဝင် ပုထုဇဉ်နှစ်စားနှင့်၊ ကလျာဏဇာတိဝင်, ပုထုဇဉ်သုံးစားရယ်လို့- မြတ်စွာဘုရား သာသနာတော်နှင့် စပ်၍၊ ခွဲခြားရှိအပ်, သိအပ်ပါပေသည်။

အထက်ပါ- ပရိယောသာနေ ကလျာဏဟု ဆိုအပ်သော၊ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ကိုသာ အရိယာနွယ်ဝင်,ကလျာဏသူတော်စင်အစစ်ဟု ဆိုအပ်ပါသည်၊ ယင်းကဲ့သို့-အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသည်ဟုဆိုရာဝယ်၊ သဒ္ဓမ္မသုံးဖြာ- သာသနာတော်နှင့် လျော်ညီသော- သိက္ခာသုံးပါးတို့တွင် အစ၏ကောင်းခြင်း- အဓိသီလသိက္ခာဟု ဆိုအပ်သော သီလဝိသုဒ္ဓိ သဘောတို့နှင့်၎င်း၊ အလယ်၏ကောင်းခြင်း- အဓိစိတ္တသိက္ခာဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိသဘောနှင့်၎င်း၊ အဆုံး၏ကောင်းခြင်း- အဓိပညာသိက္ခာဟုဆိုအပ်သော၊ သမ္မာဒိဋ္ဌိပညာရှိ၍ အသိဉာဏ်မဂ်ဝိဇ္ဇာလျှင် အမွန်ရှိသော- ဒိဋ္ဌိဝိသုဒ္ဓိ- ကင်္ခါဝိတရဏဝိသုဒ္ဓိ- မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ သဘောတို့နှင့် ထက်ဝန်းကျင် ပြည့်စုံသည့်-သေက္ခပုဂ္ဂိုလ်တန်းကို ဆိုလိုပါသည်၊ ထို-သီလအစ, သမာဓိအလယ်, ပညာဝယ်အဆုံး- သိမ်းကြုံးပြည့်စုံ- ပရိယောသာနေကလျာဏဘုံဟု ဆိုရာ၌လည်း၊သြကာ-သတ္တ-သင်္ခါရဟု၊ လောကသုံးစား, ပိုင်းခြားနားလည်၍- ဝိပဿနာ သမ္မာဒိဋ္ဌိပညာ- ဒုက္ခက္ခယဂါမိနီပညာ- နိဗ္ဗေဓိကပညာဟုဆိုအပ်သော၊ မဂ်ရောက်- ဖိုလ်တည်- လောကုတ္တရာအဆီအနှစ် ပညာစစ်တို့နှင့် ပြည့်စုံခြင်းကို ဆိုအပ်ပါသည်။

သို့မှသာ အကြင်- အရိယာနွယ်ဝင်, ကလျာဏ သူတော်စင်သည်၊ အန္ဓဗာလမှအစ- ပုထုဇဉ်ဟူသမျှ သဘောတို့အား၊ ဖြတ်တောက်, ပယ်ရှားနိုင်သောတရားတို့ကို၊ ကြိုးစားမယုတ်, အားထုတ်နိုင်စွမ်းရှိမည်ဖြစ်ပါတော့သည်၊ ဤသို့မှမဟုတ်၊ အန္ဓဗာလ အဖြစ်သည်- ၎ှုလတ်သေးသော်၊ အန္ဓ အဖြစ်သည်လည်းရှိလတ်သေးသော်၊ ဝိပဿနာ,သမ္မာဒိဋ္ဌိပညာ, ကုံလုံစွာဖြင့်- ဒုက္ခတို့၏ အဆုံးသို့ရောက်အောင်၊ (ဝါ)ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ, ကင်းဖြတ်ရာရောက်သွားအောင်၊ပြုတတ်, သွားတတ်,လားတတ်သော ဒုက္ခက္ခယဂါမိနီ ပဋိပဒါသို့- မသက်ဝင်နိုင်ပါ။ ထို့ကြောင့်- ဤပုထုဇဉ်သဘောတို့ထက် လွန်မြောက်သော ပရိယောသာနေကလျာဏ, သေက္ခပုဂ္ဂိုလ်တန်းသို့ ရောက်စိမ့်သောငှါ၊ ရှေးရှုဆည်းပူး အားထုတ်ပြည့်စုံအပ်ပြီးသော ဝိပဿနာပညာရှင်တို့သည်သာ၊ အန္ဓဗာလမှသည် ပရိယောသာနေကလျာဏတိုင်အောင်, ရောက်ရှိရပ်တည်လျက် ဝိပဿနာဉာဏ်ငါးဆူကိုထူထောင်ပြီးလျှင်၊ ဒိဋ္ဌိနှဲ့ဝိစိကိစ္ဆာကို, ပယ်သတ်ပါမှ၊ အန္ဓဗာလ, အန္ဓမျှမက၊ ပုထုဇဉ်အနွယ်အမျိုးပြတ်မည်ဟု-ထပ်ချပ်မကွာ ရှေးဆက်၍ ဤသို့-သိအပ်ကြရပါသည်။

# ဝိပဿနာ-ဉာဏ်ငါးပါးအကျဉ်း

(၁) ကမ္မဿကတာ, သမ္မာဒိဋ္ဌိဉာဏ်၊
(၂) ဝိပဿနာ, သမ္မာဒိဋ္ဌိဉာဏ်၊
(၃) မဂ္ဂ, သမ္မာဒိဋ္ဌိဉာဏ်၊
(၄) ဖလ, သမ္မာဒိဋ္ဌိဉာဏ်၊
(၅) ပစ္စဝေက္ခဏာ, သမ္မာဒိဋ္ဌိဉာဏ်၊

အထက်ပါ- ဉာဏ်ငါးဆူတို့တွင်၊ (၁) ကမ္မဿကတာ, သမ္မာဒိဋ္ဌိဉာဏ်သည်၊ သာမညအားဖြင့်- ကံ, ကံ၏ အကျိုးတရားတို့၌ ယုံကြည် သက်ဝင်သော အသိဉာဏ်မျှသာဖြစ်ပေသည်။ ဝိပဿနာဉာဏ်ငါးဆူဟူ၍ အထူးရှုမြင်မှုနှင့်ယှဉ်ရမည့်ဉာဏ်အရာ၌မူ၊ ကံ, ကံ၏ အကျိုးနှင့်ပတ်သက်၍၊ ပုဗ္ဗေကတဟေတုကဒိဋ္ဌိ-ဟုဆိုအပ်သော၊ သူတပါးအသက်သတ်မိတာလဲ အတိတ်ကံကြောင့်၊ သူများဥစ္စာလိမ်လည်ခိုးယူမိတာလဲ အတိတ်ကံကြောင့်၊ မုသားပြောမိ,ပြောရတာလဲ အတိတ်ကံကြောင့်၊ သူများအိမ်ယာ-ကျူးလွန်မိတာလဲ အတိတ်ကံကြောင့်၊သေရည် သေရက်-သောက်စားနေမိရတာလဲ အတိတ်ကံကြောင့်၊ ကောင်းကျိုးခံရမှန်သမျှနှင့် မကောင်းကျိုးခံရ သုခ,ဒုက္ခတို့သည်လဲ အတိတ်ကံကြောင့်ဟု၊ ပုဗ္ဗေ-ရှေးဘဝ၌၊ ကတ-ပြုခဲ့သော၊ ဟေတု- အကြောင်းကံတို့ကြောင့်ချည်းသာဟု- တဘက်သတ်စွဲကပ်ယူထားတတ်သော အယူမှား ဒိဋ္ဌိမှ-လွတ်မြောက်သောအသိဉာဏ်ဖြင့်၊ကံကိုပြုလုပ်သူမရှိ၊ ကံ၏အကျိုးကို ခံစားတတ်သူလည်းမရှိ၊ ကံထဲ၌အကျိုးဝိပါက်မရှိ၊ အကျိုးဝိပါက်ဝယ်၌လည်း ကံမရှိ၊ ကံတည်းဟူသော အကြောင်းကြောင့်- အကျိုးဝိပါက်မဖြစ်သည်သည်လည်းမဟုတ်၊ သဒ္ဓမ္မ- သင်္ခါရအချက် (ဝ၁) သုဒ္ဓ- ပုဂ္ဂိုလ်သတ္တဝါမဟုတ် သက်သက်စင်ကြယ်သော၊ ဓမ္မ- ရုပ်နာမ်ဓမ္မ- ခန္ဓာငါးဝတို့၏၊ သင်္ခါရ- စေတနာရှေ့ရှု ပြုမှုသင်္ခါရ- ပုည, အပုည, အာနဉ္ဇ စနက်, ကံသင်္ခါရအချက်၌၊ ကမ္မဝဋ်-ဝိပါကဝဋ်အကွက်ကို ဖေါက်ထွင်းပိုင်းခြား, ဝိပဿနာ ဘာဝနာအားဖြင့်မြင်သော သမ္မာဒိဋ္ဌိဉာဏ်ကိုသာ ဆိုလိုရင်းကေန် ဖြစ်ပါသည်။ ဤနေရာ၌- ကံလမ်းသက်သက်, မက်မောမှု- ရာဂစက်ဖြုတ်ပုံကို အကျယ် မထုတ်ဆိုတော့ပါပေ၊ သက်ဆိုင်ရာကဏ္ဍ၌- မကျဉ်းမကျယ်မျှကိုမူ၊ ထပ်မံပြသပေးပါဦးမည်။

(၂) ဝိပဿနာ- သမ္မာဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သည့်မှာ၊ (၁) ရူပပရိစ္ဆေဒဉာဏ်=ရုပ်တရားတို့၌ ပိုင်းပိုင်းခြားခြား, အပြားအားဖြင့်သိသောဉာဏ်၊(၂)နာမ

ပရိစ္ဆေဒဉာဏ်= နာမ်တရားတို့၌- ပိုင်းပိုင်းခြားခြား, အပြားအားဖြင့် သိသော ဉာဏ်၊ (၃) နာမရူပ ပရိစ္ဆေဒဉာဏ်= နာမ်ရုပ်နှစ်ပါး- ခန္ဓာငါးပါး၌ ပိုင်းပိုင်း ခြားခြား,အပြားအားဖြင့်သိသောဉာဏ်၊ (၄)ဟေတုပစ္စယ ပရိဂ္ဂဟဉာဏ်=နာမ်, ရုပ်နှစ်ပါး- ခန္ဓာငါးပါးတို့၌၊ ဟေတုအကြောင်း, ပစ္စယအကြောင်း အားဖြင့်၊ သိမ်းဆည်းထိုးထွင်း၍သိသောဉာဏ်၊ (၅) သစ္စာနုလောမိကဉာဏ်=အရိယသစ္စာ လေးပါးကို- အရိယာတို့ မျက်မှောက်ပြုအပ်ဘိသကဲ့သို့ လျော်ညီသော- ဝိပဿ နာဘာဝနာပွားများမှုဖြင့်- အစဉ်သက်ဝင်သည့်ဉာဏ်စဉ် (၁၀)ပါး,ဟူ၍၊ငါး ပါးသော ဉာဏ်အစုကို တပေါင်းတည်းပြု၍ ခေါ်ဆိုအပ်သော ဝိပဿနာ သမ္မာ ဒိဋ္ဌိဉာဏ်ဟု- ပိုင်းခြားဝေဘန်သိရပါမည်။

(၃) မဂ္ဂ၊ (၄) ဖလ၊ (၅) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ ဉာဏ်တို့မှာ၊ မဂ္ဂ- ဖလ, သစ္ဆိကိရိယမြောက် (ဝါ) မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့်, နိဗ္ဗာန်ကို မျက်မှောက် ပြုသော- လောကုတ္တရာ မဂ်, ဖိုလ်, စိတ္တုပ္ပါဒ် ဖြစ်၍၊ အထူးဆိုဘွယ်မရှိ၊ မျက် မှောက်ပြုမိပါက- သစ္စာသိမြင် အရိယာသူတော်စင်ဟု မိမိကိုယ်တိုင် ဆုံးဖြတ်နိုင် မည်ကေန်ဖြစ်ပါသည်။ ပစ္စဝေက္ခဏာဉာဏ်မှာမူ၊ ယင်း,လောကုတ္တရာစိတ္တုပ္ပါဒ် ၏ နိသန္ဒအကျိုးဆက်အဖြစ်- ထိုက်သင့်သလို သက်ဝင်မည်ဖြစ်၍၊ပယ်ဖျက်,တိုက် ထုတ်ပစ်ရပည့်စစ်က- ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုသာဖြစ်ရာ၊ စစ်မရောက်ခင်, များအ ကုန်ခံရမလိုပုံမျိုးဖြစ်မည်ကြောင့်၊ အကျယ်မဆိုတော့ဘဲ ပုထုဇဉ်အန္ဓယ် အဆင့် ဆင့်အားဖြင့် ပယ်နိုင်ပုံဘက်ကို ဆက်လက်ကြပါစို့....

အထက်ပါ-ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်တွင် အကျုံးဝင်သော ဉာဏ်ငါး မျိုးနှင့်၊ ဝိပဿနာ ဉာဏ်ငါးဆူအချုပ်တို့ကို ဆည်းပူး,ထူထောင်, ပြည့်မှီအောင် ကျင့်သုံးပေါက်မြောက်လိုပါက....၊

(၁) အန္ဓဗာလ,ပုထုဇဉ်ဟုဆိုအပ်သော (မိစ္ဆာဒိဋ္ဌိ=မှားသောအယူ) ဖြင့်၊ သံသရာရေယာဉ်ကြော၌၊ နစ်မွန်းနေသော ပုထုဇဉ်တို့သည် ကမ္မသကတာ, သမ္မာဒိဋ္ဌိဉာဏ်ကို-ပိုင်နိုင်ထိုးထွင်း ပြည့်စုံခြင်းရှိပါလျှင် လွန်မြောက်နိုင်ပါသည်။

(၂) အန္ဓ,ပုထုဇဉ်ဟုဆိုအပ်သော (အတိသြဠာရိက,ဒိဋ္ဌိ= အလွန်ကြမ်း ထမ်းသော အတ္တဒိဋ္ဌိ)ဖြင့်၊ သံသရာရေယဉ်ကြော၌- နစ်မွန်းနေသော ပုထုဇဉ်တို့ သည်၊ ရူပပရိစ္ဆေဒဉာဏ်, နာမပရိစ္ဆေဒဉာဏ်, နာမရူပပရိစ္ဆေဒဉာဏ်, သုံးပါးကို ပိုင်းပိုင်းခြားခြား အပြားအားဖြင့် ထိုးထွင်းပိုင်နိုင်ပါက (ဝါ) ဒိဋ္ဌိဝိသုဒ္ဓိတိုင်- ပိုင်နိုင်ပါက- အန္ဓပုထုဇဉ် အဖြစ်မှ လွတ်မြောက်ပါသည်။

(၃) အာဒိကလျာဏဟုဆိုအပ်သော (သြဠာရိက, ဒိဋ္ဌိ=အကြမ်းစား အတ္တဒိဋ္ဌိ)ဖြင့်၊ သံသရာ့ရေယာဉ်ကြော၌ နစ်မွန်း မြောပါနေသော ပုထုဇဉ်တို့

သည်၊ ဟေတုပစ္စယ ပရိဂ္ဂဟဉာဏ်ကို၊ ကမ်္ဘာ-ယုံမှား၊ လွန်မြောက်ငြားအောင် သိမ်းဆည်းဆင်ခြင် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်မြင်ကို ပိုင်နိုင်ပါက (၀၁)ကင်္ခါဝိတရဏ, ဝိသုဒ္ဓိတိုင် ပိုင်နိုင်ပါက၊ အစ,ကလျာဏ ပုထုဇဉ်အဖြစ်မှ လွတ်မြောက်နိုင်မည်ပါသည်။

(၄) မဇ္ဈေကလျာဏ ပုထုဇဉ်ဟုဆိုအပ်သော (သုခုမ,ဒိဋ္ဌိ=နူးညံ့သော အတ္တဒိဋ္ဌိ)ဖြင့်၊ သံသရာ့ရေယာဉ်ကြောတွင် နစ်မြောနေသေးသော ပုထုဇဉ် တို့သည်၊ သစ္စာနုလောမိက,ဉာဏ်စဉ် (၁၀)ပါးကို၊ အနုလောမ, ပဋိပဒါတိုင် ပိုင်နိုင်ပါက၊ (၀၁) မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိတိုင် ပေါက်မြောက်အောင်ပွားများနိုင်ပါက၊ အလယ်, ကလျာဏပုထုဇဉ် အဖြစ်မှ လွတ်မြောက်နိုင်ပါသည်။

(၅) ပရိယောသာနေကလျာဏ- ပုထုဇဉ်ဟုဆိုအပ်သော (အတိသုခုမ, ဒိဋ္ဌိ-အလွန်နူးညံ့စွာ ကျန်ရှိနေတတ်သေးသော အတ္တဒိဋ္ဌိ)ဖြင့်၊ သံသရာ့ရေယာဉ် ကြော၌- ပေါ်မြော,မြောနေတတ်ပေသေးသော သေက္ခပုထုဇဉ်ယောဂီသူတော် စင်သည်၊ ပဉ္စမ- သောတာပတ္တိမဂ်ဟု ဆိုအပ်သော (မဂ္ဂ-ဖလ- ပစ္စဝေက္ခဏာ, သမ္မာဒိဋ္ဌိဉာဏ်ကို) ပိုင်နိုင်ပွင့်လန်း ဆွတ်လှမ်းနိုင်ပါက၊ (၀၁)ဉာဏဒဿနဝိသုဒ္ဓိကို ပိုင်နိုင်ပါက၊ ပုထုဇဉ်အနွယ်အားလုံးမှ-ကျွတ်လွတ်,ထွက်မြောက်နိုင်ပါသည်။

အထက်ပါ-ဉာဏ်ငါးဆူတို့၏ သရုပ်သဘောအရှိနှင့်၊ဒိဋ္ဌိအစားစားတို့ကို၊ ဒေသနက္ကမနည်းကျအရ၊ သုမ်သင်,ပယ်သတ်နိုင်ကြောင်းကို၊ကောင်းစွာယုံကြည် သက်ဝင်သော ဉာဏ်နှင့်ယှဉ်သည့် သဒ္ဓါဟုန်ကို ကိုယ်စိတ်နှလုံးတွင် လှမ်းထုထားဘို့ အရေးကြီးပါသည်။ ၎င်းသဒ္ဓါသည်- ပသာဒသဒ္ဓါမျှကို မဆိုလိုပါ၊ ဩကပ္ပနသဒ္ဓါကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ ၎င်း, ဩကပ္ပနသဒ္ဓါ, ပြည့်ဝဘို့ရာ- နီးစွာသောအကြောင်းတရားကတော့၊ ''သောတာပတ္တိယင်္ဂ = သောတာပန်ဖြစ်ကြောင်း- အင်္ဂါလေးပါးဘဲဖြစ်ပါတယ်။ (ဩကပ္ပနသဒ္ဓါအကြောင်းကို- ဗုဒ္ဓ၏- အနုသယစက်, ချေဖျက်ပုံစာအုပ်၌ ရှင်းလင်းပြသခဲ့ပြီးဖြစ်ပါသည်။

## ''သောတာပတ္တိမဂ်ရကြောင်း အင်္ဂါလေးပါး''

| | |
|---|---|
| (၁) သပ္ပုရိသသံသေဝ | (၁) သူတော်,သူမြတ်-မြဲဆည်းကပ်၍၊ |
| (၂) သဒ္ဓမ္မသဝန | (၂) မှတ်မှတ်,သားသား-တရားကိုနာ၊ |
| (၃) ယောနိသော မနသိကာရ | (၃) ဖြူစွာနှလုံး-ဉာဏ်သင့်သုံးလျက်၊ |
| (၄) ဓမ္မာနု ဓမ္မပဋိပတ္တိ | (၄) လောကုတ်,ဓမ္မ-ပွားများမှန်၊ |
| သောတာပတ္တိ-မဂ်ရအင်္ဂါဖြစ်ပါ၏၊ | မဂ်ဉာဏ်ရရန်-လေးပါးတည်း။ |

ရှေ့အခဏ်း တို့တွင်လည်း ဖေါ်ပြပြီးခဲ့တဲ့အတိုင်း၊ သောတာပတ္တိမဂ်ကို ရကြောင်း, အင်္ဂါလေးပါးနှင့်အညီ၊ ကြိုးစားမယုတ်- လုလ္လထုတ်ခါ၊ "ဆည်းကပ်" "နာကြား,ဘတ်ရှုမှတ်သားပြီးလျှင်" ဒုက္ခတို့၏ကုန်ဆုံးရာကို သွားမည်ဟု "နှလုံးသွင်း စွဲထားရှ်" "အဋ္ဌင်္ဂိကမဂ္ဂင်, ဓမ္မာနုဓမ္မပဋိပတ်, ကျင့်စဉ် မြတ်ကို" မပြတ်မလပ်သည်ဖြစ်၍သာ၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ- အနုသယနှစ်ဖြာကို ပယ်သတ်နိုင်တဲ့ မဂ်ဉာဏ်လက်နက် ပေါ်ထွက်အောင် ကြိုးစားကြရာပါသည်။

ဤကဲ့သို့၊ သတ္တဝါဝေနေယျ တို့သည်၊ အတ္တဒိဋ္ဌိ ကိစ္စကြီးမှ အပြီးတိုင်, မလွန်မြောက်နိုင်ကြကုန်သည်သာဖြစ်၍၊ အတ္တဒိဋ္ဌိ၏ အပါယ်ခွင်သို့-တွင်တွင်ပို့ချ ဘဝအနန္တ- ကမ္ဘာအသင်္ချေ- ဒုဂ္ဂတိအဖြစ်တွေနဲ့ နစ်မြုပ်ကြဉ်လည်ခဲ့ရတဲ့ အပြစ်ဘေးကြီးသည်၊ အမြဲတန်း,ခြံရံနေရခြင်းကို သံဝေဂဉာဏ် သွင်း၍- အတ္တဒိဋ္ဌိ၏ အပြစ်ကို ကောင်းစွာသိမြင်သော ယောဂီသူမြတ်သည်၊ အထက်ပါ- အတ္တဒိဋ္ဌိ ဘေးကြီးမှ- အပြီးတိုင်လွန်မြောက်ရေးကို- မုချပေးစွမ်းနိုင်သော ဝိပဿနာဉာဏ် ငါးဆူအချုပ်မှ- ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သော၊ ရူပပရိစ္ဆေဒ- နာမရူပ ပရိစ္ဆေဒ- ဟေတုပစ္စယပရိဂ္ဂဟ ဉာဏ်တို့ကို၊ အခြေခံရယူခါ- ပိုင်နိုင်အောင် ဆည်းပူး၍၊ အဇ္ဈတ္တယောနိသော မနသိကာရထူးဖြင့်- ဝိပဿနာ သမ္မာဒိဋ္ဌိပညာကို- သုတမယဉာဏ်ထက်, လွန်မြောက်လျက်၊ စိန္တာမယဉာဏ်ပေါက်ပြီးခါ၊သစ္စာနုလောမိက,ဉာဏ်စဉ်မြတ် (၁၀) ပါးထက်ကို၊ ဘာဝနာဘိသမယဉာဏ် အဆက်ဆက်နှင့်- မပျက်မကွက်,ရနိုင်သော- အဋ္ဌင်္ဂိကမဂ်နှင့် အညီ- ပွားများနိုင်မှုဆီသို့ ရရောက်ပိုင်နိုင်အောင်, ကြိုးစားကြပါစို့.... (ဝါ) ကြိုးစားကြပါကုန်။

# "ရူပ ပရိစ္ဆေဒ- ဉာဏကထာ"

ရူပ ပရိစ္ဆေဒဉာဏ်= ရုပ်တရားတို့၌၊ ပိုင်းပိုင်းခြားခြား- အပြားအားဖြင့်- သိသောဉာဏ်ကို- ဆိုလိုသည်။

ရုပ်ဓါတ်တရား (၂၈)ပါးရှိရာတွင်၊ ရုပ်ဓါတ် (၄) ပါးမျှကိုသာ- လုပ်ငန်းခွင် ကျင့်စဉ်ဝင်ရုံမျှ တပါးချင်း,ပြသပေးသွားပါမည်။ ကျန်ရုပ်ဓါတ်တွေကိုမူ၊ လုံးခြုံငုံသိ, အနေအားဖြင့် ပြဆိုသွားပါမည်၊ လိုသို့ ပြဆိုရာတွင်- "အာဂမယုတ္တိ- သာဓကယုတ္တိ- သဘာဝယုတ္တိ"ဟု- ယုတ္တိ သုံးတန်ရှိရာ၌၊ အာဂမယုတ္တိတည်းဟူသော-ဘုရားဟောနှင့်-အဋ္ဌကထာ-ဋီကာ- ပါဠိတော်တို့တွင်၊သုတ္တာဘာဇနီယ- သုတ္တန်ပါဠိတော်သည့် ပရိယာယ်, ဒေသနာယုတ္တိဖြစ်ပါသည်၊ အဘိဓမ္မာ

ဘာဇနိယ, ပါဠိတော်စသည်တို့သည် မုချဒေသနာဖြစ်ပါသည်။ ထိုအာဂမယုတ္တိတို့ကို· အလွန်လိုအပ်ပါမှ သုံးစွဲပြသပါတော့မည်။ သာဓယုတ္တိ= ၎င်းသည် အတ္ထုပ္ပတ္တိက ဒေသနာတော်မှ- ဝတ္ထုဇာတ်ကြောင်းကို သက်သေထူ၍ပြသသော ယုတ္တိဖြစ်ပါသည်။ ၎င်းသည်-မခိုင်မာ၊ သားရေမျှော့ကြိုးကဲ့သို့- ပုဂ္ဂိုလ်ထိုထိုတို့၏ လိုသလိုဆွဲရပါ၍၊ ပြရ,ပြတတ်-ပြကြခြင်း အကြောင်း သက်သေမျှ ဖြစ်သဖြင့်၊ ၎င်းကိုလည်း မုချနည်းနှင့်မယှဉ်လျှင်- မသုံးစွဲမပြသတော့ပေ။ သဘာဝယုတ္တိ=သ,အကြောင်း၊ ဘာဝ- အဖြစ်၊ အကြောင်းကြောင့် ဖြစ်ခြင်းသဘောယုတ္တိ။ (ဝါ) အကြောင်းနှင့် တကွ- အကျိုးအဖြစ် ဆောင်တတ်သော ယုတ္တိ၊ ဤသဘာဝယုတ္တိသည်သာ အရေးအကြီးဆုံး ဖြစ်ပါသည်။ အဘိဓမ္မာဘာဇနိယ, မုချဒေသနာနည်းသည်- ဤသဘာဝယုတ္တိသည်ဘာလျှင် အမှန်ရှိပါသည်။ ထို့ကြောင့်- ဤယုတ္တိသည်သာ- မုချတိကျသော- အဘိဓမ္မာဘာဇနိယ၏ အတွင်းဝင်သည်ဖြစ်၍၊ သဘာဝယုတ္တိကိုသာ- ဦးစားပေးပြသသွားပါမည်။

စိတ်- စေတသိက်- ရုပ်- နိဗ္ဗာန်သည်၊ ပရမတ္ထ တရားဖြစ်သည်၊ မဖေါက်မပြန်- ထင်ရှားကေန်လည်းရှိသည်၊ မဖေါက်မပြန်-မှန်ကန်သော-မြတ်သောဉာဏ်၏ကျက်စားရာလည်းဖြစ်သည်၊ထို့ကြောင့်-မရှိပညတ်ကို သုခ်သင်၍-အထူးရှုမြင်မှု· ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်နှင့် မဖေါက်မပြန်- မှန်ကန်သော ဉာဏ်မြင် ရောက်အောင်၊ ကြားသိ,ဖတ်သိ,မှတ်သိ,သိမှု= သုတမယ ဉာဏ်ပညာနှင့်၊ တွေးကြံသိ, ဆင်ခြင်သိ, ထင်မြင်သိ,သိမှု= စိန္တာမယဉာဏ်ပညာကို၊ ရှေးဦးစွာ- ရလာ, ဖြစ်လာစေဘို့ လိုအပ်ပါသည်၊ထိုမှတဆင့်-လုပ်ငန်းခွင်ဝင် ကျင့်စဉ်အတွင်း၌ ဖြစ်စေသော- ဘာဝနာမယ, ဉာဏ်ပညာဖြင့်- ဖေါက်ထွင်း၍သိသော ဝိပဿနာမဂ်သိ၊ အလင်းရောက်အောင် သိသော- လောကုတ္တရာမဂ်သိ တိုင်အောင် ပြည့်စုံပါမှ၊ လောကီ,ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အဆင့်ဆင့်ဖြင့်- လောကုတ္တရာ, မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

တသံသရာလုံးက၊ ရုပ်နယ်,နာမ်နယ်,နိဗ္ဗာန်နယ်- ပရမတ္ထတရားကို၊မြတ်သောဉာဏ်နဲ့ မကျက်စားဘူးခဲ့၊ မဖေါက်ထွင်းဘူးခဲ့၊အလင်းပေါက်အောင်,မပြီးမြောက်ဘူးခဲ့ခြင်းကြောင့်၊ ယခုလို- သံသရာထဲမှာ ငုပ်တုပ်မဲထဲ- ဒုက္ခဝဲတွင်-မြုပ်လို့မစဲတဲ့- သခ်ါရဆင်းရဲနဲ့ တွဲနေရတယ်လို့လဲသိပါ။ အဲဒီလို- တကယ်ထင်ရှားကေန်- မဖေါက်မပြန်ရှိတဲ့ တရားကိုတော့- မြတ်သောဉာဏ်နဲ့ မကျက်စားခဲ့ဘူးပေမဲ့၊ အညာဏ=ဉာဏ်မရှိဘဲလျက်၊ မောဟ=တွေဝေလျက်၊ အဝိဇ္ဇာ—အမှန်ကိုဖုံးထားလျက်၊ မသိအပ်တာတွေကိုတော့- အရှိဟတ်ပြီး, သိမှတ်လာမိ, ကျက်စားလာမိတာကတော့- ယခုတိုင်အောင်ဘဲ၊ ဘာတွေကိုလဲဆိုတော့- သတ္တလောက

လို့ခေါ်တဲ့ ဖြဟ္မာ့,နတ်,လူ၊ တိရစ္ဆာန် ဟူသမျှကို၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်-လိပ်ပြာ၊ အတုံး,အခဲ၊ အထည်,ဒြပ်, သဏ္ဌာန် တွေနဲ့- ကေန် အရှိဘဲရယ်လို့၊ မှတ်စွဲ-သိစွဲ-ယူစွဲခါ-အစဉ်ခိုင်မြဲလျက် ရှိနေကြတယ်။ နောက်တဖန်- ဩကာသလောကထဲမှာလဲ၊ ရေ-မြေ-တော,တောင်၊ အင်း, အိုင်, ချောင်း, မြောင်း၊ ပင်လယ်,သမုဒ္ဒရာ၊ ကောင်းကင်,မိုးတိမ်၊ နေလ, နက္ခတ်ဘာရာ- ကြယ်တကာနှင့်- အိမ်,ကျောင်း, ဇရပ်, အထက်,အောက်- ဘုံလောကဒေါက်တွေကိုလဲ၊ အဟုတ်ရှိ,တကယ်ရှိလုပ်ပြီး၊ မှတ်ခဲ့-သိခဲ့-စွဲယူလို့ လာခဲ့ကြတယ်၊ အမှန်ကတော့- သတ္တလောကနဲ့- ဩကာသလောကမှာ- အကျုံးဝင်တဲ့၊ မှတ်,သိ, စွဲယူစရာ-အာရုံတွေမှန်သမျှဟာ အဟုတ်ရှိ- တကယ်ရှိတဲ့ တရားမဟုတ်ပါဘူး။ ပရမတ္ထ တရားလို အဝိပရိတအနေ၊ မဖေါက်မပြန် ကေန်ထင်ရှားရှိတဲ့ တရားတွေ မဟုတ်ပါဘူး၊ ဝိပရိဏာမ= ဖေါက်ဖေါက်ပြန်ပြန် တရားတွေမို့၊ ထင်ရှားကေန်- အဟုတ်ရှိ, တကယ်ရှိ တရားမဟုတ်တာ အမှန်ပါဘဲ၊ ဒါပေမဲ့- ပညပေမိ= ဉာဏ်မယှဉ်ဘဲ- သိကြောင်းအမျိုး၊ အတ္တ-အဓိပ္ပါယ်အနက်, အကျိုးကိုတော့-အရှိဘရားလိုလှည့်စားဆောင်ပြီး၊ ဝဋ္ဋဘောင်သမား, ဝဋ်သားသတ္တဝါတွေရဲ့ သံသရာ ဤမှာဘက်ကမ်းမှာ- ဥပါဒါနက္ခန္ဓာရဲ့ အာရုံငြမ်းအဖြစ်ကို (၀ါ) ငါးဖြာအာရုံ ကာမဂုဏ်အဖြစ်ကို၊ သမုတိသစ္စာ- သမုတိပညတ်= သမုတ်ခေါ်ဝေါ် အာရုံပေါ်ရန်မျှ သာမှန်ကန်တဲ့ မရှိသက်သက်, ပညတ်စွက်၍၊ ဉာဏ်လက်နက် ပေါ်မထွက်နိုင်အောင် (၀ါ) အမှန်တရားကို ထင်ရှားစွာ မမြင်သာအောင်၊ အဝိဇ္ဇာ ချယ်မှုန်းသမျှ ဖုံးအုပ်ထားရာမှာ- တခဲနက်ပါဝင်နေတဲ့- ပညတ္တိအတ္ထ= မရှိလို့သိမှတ်ရမဲ့ တရားတွေသာ ဖြစ်တယ်လို့ ခွဲခြားသိရပါမည်။

သဘာဝယုတ္တိနဲ့- အဟုတ်ရှိ, မဖေါက်မပြန်၊အဝိပရိတဓမ္မ-ပရမတ်ကေန်ကိုတော့၊ ရုပ်,နာမ်,ဓမ္မဆိုတဲ့ သင်္ခါရလောကထဲမှာသာ၊ ထင်ရှားကေန် ဆောင်နေဟန်သဘောကို- စစ်တန်းထုတ်၍၊ ဘုရားရှင်နှုတ်တော်ထွက်နဲ့ အညီ၊ ဉာဏ-အမောဟ-ပညာ-ဝိဇ္ဇာ-ဝိမံသာ-နေပက္က-သမ္ပဇညံ- ခုနစ်တန်ခေါ်ဆို ပညိန္ဒြေ တရားကိုယ်နှင့် အတ္တာ,နတ္တကို သိတတ်သော သမ္မာသတိ,ပြဋ္ဌာန်းဘ်သည့် ပညာဖြင့်၊ သမ္မာဒိဋ္ဌိဉာဏ်အမြတ်, ဖြစ်ရှိအောင် ဆည်းပူးကြိုးကုတ်- စေ့စေ့ငုပ်ငုပ် ရှာဖွေရေးလုပ်ရမှာ ဖြစ်ပါတယ်။

သူ့သူ့ငါငါ, အန္ဓပုထုဇဉ် မှန်သမျှတို့သည်၊ ရုပ်ခန္ဓာ တလုံး ယင်ရှားဆောင်ဖြစ် ရုပ်တရားအစစ် (၂၈)ပါးကို၊ အတုံးအလုံး, အထည်,ဒြပ်,သဏ္ဌာန်နဲ့ စပ်ပြီး၊ ဇပြတ်မစဲ-မပျက်မစီး- ဟည်တန့်ပြီးမှုနေတယ်လို့ ထင်စွဲထားရှိတဲ့ ရုပ်တရားတို့သည်ကား....။

| | | | |
|---|---|---|---|
| ၁။ | ဘူတရုပ် | ။ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ | (၄) ပါး၊ |
| ၂။ | ပသာဒရုပ် | ။စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ | (၅) ပါး၊ |
| ၃။ | ဂေါစရရုပ် | ။ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ပ-တေ-ဝါ,ဖေါဋ္ဌဗ္ဗ-၃၊ | (၇) ပါး၊ |
| ၄။ | ဘာဝရုပ် | ။ဣတ္ထိဘာဝ၊ပုမ္ဘာဝ၊ | (၂) ပါး၊ |
| ၅။ | ဟဒယရုပ် | ။ဟဒယဝတ္ထု၊ | (၁) ပါး၊ |
| ၆။ | ဇီဝိတရုပ် | ။ဇီဝိတိန္ဒြေ | (၁) ပါး၊ |
| ၇။ | အာဟာရရုပ် | ။ဩဇာရုပ်မါတ်၊ | (၁) ပါး၊ |
| ၈။ | ပရိစ္ဆေဒရုပ် | ။အာကာသပရိစ္ဆေဒ၊ | (၁) ပါး၊ |
| ၉။ | ဝိညတ်ရုပ် | ။ကာယဝိညတ်၊ ဝစီဝိညတ်၊ | (၂) ပါး၊ |
| ၁၀။ | ဝိကာရရုပ် | ။ရူပဿလဟုတာ၊ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ- ကာယဝိညတ်- ဝစီဝိညတ် | (၇) ပါး၊ |
| ၁၁။ | လက္ခဏရုပ် | ။ဥပစယ၊သန္တတိ၊ဇရတာ၊အနိစ္စတာ | (၄) ပါး၊ |

* ဂေါစရရုပ်မှ- ပ,တေ,ဝါနှင့် ဝိကာရရုပ်မှ ဝိညတ်နှစ်ပါး

နှုတ်သော်၊ ပေါင်း ၂၈- ပါး။

မှတ်ချက်။ ။မူလမာတိကာအရ၊ အကျယ်ပြလေ့ရှိသော- သီးခြားဇယားပုံးတွဲ ပါရှိပြသထားပါသည်။

အထက်ပါ-ရုပ်ဓါတ်တရား (၂၈)ပါးသည်၊ သတ္တဝါ, သူ, ငါမဟုတ်၊ ရူပက္ခန္ဓာဟု ခေါ်ဆိုအပ်သည့်၊ ရုပ်အစုပေါင်းသဘော- ပရမတ္ထအားဖြင့်- ထင်ရှားဆောင်တတ်သော ရုပ်ဓါတ်တရားများ ဖြစ်ပါသည်၊ ဤရုပ်တရားများတို့တွင် အာဟာရရုပ်ခေါ် ဩဇာရုပ်ဓါတ်အထိ (၁၈)ပါးသောရုပ်တို့မှာ၊ ဝိပဿနာဘူမိ, အာရုံတွင်ပါဝင်သော၊ နိပ္ဖန္န= ကံ, အစရှိသော အကြောင်းတရားတို့ကြောင့် ပြီးသောရုပ်ဖြစ်သည်၊ ထိုရုပ်များထဲမှ ရွေးဦးစွာ ကလာပ်အဖြစ်ဖွဲ့၍ဖြစ်တတ်သော ရုပ်တို့ကို ပြဆိုပါမည်၊ ဘူတရုပ် လေးပါးမှတပါး ကြွင်းသော ရုပ်ဓါတ်(၂၄) ပါးသည်၊ ဘူတရုပ်လေးပါးကို မှီဖြစ်ရ၍- ဥပါဒါရုပ်ဟု ခေါ်ပါသည်၊ ၎င်း- ဥပါဒါရုပ်တို့တွင် ဘူတရုပ် လေးပါးနှင့် မကင်းကွာကောင်းသော ရုပ်လေးပါးမှာ၊ ဂေါစရရုပ်မှ ရူပါရုံခေါ်- ဝဏ္ဏ- အဆင်းရုပ်၊ ဂန္ဓာရုံခေါ်- အနံ့ရုပ်၊ ရသာရုံခေါ်-ရသရုပ်နှင့် အာဟာရရုပ်ခေါ်- ဩဇာ- ရုပ်ဓါတ်တို့ဖြစ်ပါသည်၊ ထို့ကြောင့်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ- ရုပ်ဓါတ်တို့သည်- ရှစ်ပါးသောအစုဖြင့်၊ ကလာပ်ဖွဲ့စပ်- အမြဲဒလစပ်,

မကင်းမကွာခြင်းကြောင့်- အဝိနိဗ္ဘောဂရုပ်ဟူ၍- ခေါ်ဝေါ်ကြောင်း သိမှတ်အပ်ရာသည်၊ ၎င်း အဝိနိဗ္ဘောဂ= မကင်းကောင်း, မကွာကောင်းသောရှစ်ပါးသောရုပ်စုကိုပင် အဋ္ဌကလာပ-ရုပ်ဟူ၍၎င်း၊ သုဒ္ဓဋ္ဌကလာပ- ဟူ၍၎င်း၊ ရှစ်ပါးရှိသော ရုပ်ကလာပ်တစီးအဖြစ်မျှအပြင်၊ သုဒ္ဓ= ပုဂ္ဂိုလ်, သတ္တဝါ မဘက်နိုင်၍ စင်ကြယ်သော- (ဝါ) သက္ကာယ, အတ္တဒိဋ္ဌိအားဖြင့် စွဲယူစရာမရသည်ဖြစ်၍ စင်ကြယ်သော၊ အဋ္ဌကလာပ= ရှစ်ပါးသော ရုပ်ကလာပ် တစီးသဘောမျှဟူ၍၎င်း- ပိုင်းခြားသိမှတ်အပ်သည်ဖြစ်၍၊ မကင်းကောင်း, မကွာကောင်း စုပေါင်းဖြစ်တတ်ခြင်းမျှကို= အဝိနိဗ္ဘောဂ။ ရုပ်ရှစ်ခုပေါင်းစည်းစု၍ ဖြစ်တတ်ခြင်းကို အဋ္ဌကလာပ၊ ပုဂ္ဂိုလ်, သတ္တဝါ, ဒိဋ္ဌိနှစ်ဖြာမှ- သုဉ်းဆိတ်စင်ကြယ်ခြင်းကိုစွဲ၍= သုဒ္ဓဋ္ဌကလာပဟူ၍ ခေါ်ဝေါ်အပ်ကြောင်းကို ပိုင်းခြားသိမှတ် ကွဲပြားအောင် ခွဲခြားသိအပ်ရာပါသည်။

ဤအဋ္ဌကလာပ, ရုပ်ဓါတ်ရှစ်ပါးတို့၏- အဝိနိဗ္ဘောဂအားဖြင့် အသီးသီးမကင်းမကွာခြင်းမှာ၊ ဥပါဒါရုပ်လေးပါးဖြစ်သော- ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ရုပ်ဓါတ်လေးပါးတို့သည်၊ ဘူတရုပ်ဖြစ်သော- ပထဝီ, အာပေါ, တေဇော, ဝါယော, မဟာဘုတ်ရုပ်တို့၏ အတွင်းဝင်သည်၏အဖြစ်, စွဲမှီဖြစ်ပွားရခြင်းကြောင့် ဖြစ်ပါသည်။ ၎င်း ဥပါဒါရုပ် လေးပါးသည်- ဘူတရုပ် လေးပါးစလုံးကို မှီငြားသော်လည်း အဇ္ဈတ္တိကရုပ်အနေအားဖြင့် ထင်ရှားပုံမှာ၊ ဝဏ္ဏ ရုပ်ဓါတ်သည် ပထဝီ, တေဇော, ဓါတ်တို့၏ ထက်မြက်မှု၌ထင်ရှားပါသည်၊ ဂန္ဓ ရုပ်ဓါတ်သည်- ပထဝီ, ဝါယောဓါတ်တို့၏ ထက်မျက်မှု၌ထင်ရှားပါသည်၊ ရသရုပ်ဓါတ်သည်- ပထဝီ, အာပေါရုပ်ဓါတ်တို့၏ ထက်မျက်မှု၌ ထင်ရှားပါသည်၊ ဩဇာ ရုပ်ဓါတ်သည်- မဟိဒ္ဓအားဖြင့်မူ ပထဝီ, အာပေါ, တေဇော- ရုပ်ဓါတ်တို့၏ ထက်မျက်မှု၌ ထင်ရှားပါသည်၊ အဇ္ဈတ္တအားဖြင့်မူ အဇ္ဈတ္တိက- ဩဇာဋ္ဌမက, အာဟာရ ရုပ်တို့၏ ညီညွတ်ထက်မျက်မှုရှိမှသာ ဗဟိဒ္ဓဩဇာဓါတ်နှင့် ပေါင်းစပ်ဖြစ်ပွား စည်ပင်ခွင့်ရှိရရာ အဇ္ဈတ္တိကဓါတ်လေးပါးစလုံး ထက်မျက်ညီညွတ်မှသာ ထင်ရှားရာပါတော့သည်။ ပထဝီရုပ်ဓါတ်သည် မူလဘူတနေရာ၌ ကြွင်း- မဟာဘုတ်တို့၏ တည်ရာလည်း ဖြစ်ရုံမျှမက= ဥပါဒါရုပ်အပေါင်းတို့၏တည်ရာလည်းဖြစ်ရာ အဓိကအားဖြင့် အမှီပြုခြင်း၌ ပြဋ္ဌာန်းအပ်ရသော ရုပ်ဓါတ်ပင် ဖြစ်ပါတော့သည်။ ကြွင်းသော ဥပါဒါရုပ် (၂၄)တို့သည် ထိုအဋ္ဌကလာပလျှင် အရင်းခံရှိသော ဘူတရုပ်ကို မှီ၍ဖြစ်ရပါသည်၊ ဤ၌ မကင်းမကွာပါသော ဥပါဒါရုပ်လေးပါးကို ကြွင်း (၂၀)ပါးတို့က မှီသည်မဟုတ်ပါ၊ ဥပါဒါရုပ်ဟု- အမည်ရထားသော ရုပ်မှန်သမျှ မိမိတို့ကသာ မှီတတ်၍ အခြားတပါးသော ရုပ်တို့က မှီအပ်၍ ရကောင်း

သော ရုပ်ခါဝ မျှားမဟုတ်ပါ၊ ဘူတရုပ်လေးပါးတို့သည်သာ အချင်းချင်းလည်း နီးစွာအကြား ပဒဋ္ဌာန်ဖြင့် မှီတတ်၍၊ ကြွင်း- ဥပါဒါရုပ်တို့၏ မှီအပ်သော ရုပ်ဓါတ်ကြီးလေးပါးဖြစ်သည်ဟု ပိုင်းခြားသိအပ်ပါသည်။

အထက်ပါ-ကြွင်းသော ဥပါဒါရုပ်(၂၀)ပါးတို့သည် အဋ္ဌကလာပရုပ်ရှိ ဘူတရုပ်တို့ကို မှဲမှီသည်ဟုဆိုရာတွင်- အဋ္ဌကလာပတိုင်း၌ မှီနိုင်ခြင်းမရှိ၍၊ ကင်းကွာတတ်သော ဝိနိဗ္ဘောဂရုပ်များ ဖြစ်ကြပါသည်၊ မှန်ပေသည်၊ စက္ခုဒသက (၁၀)ပါးရုကလာပ်သည်၊ မိမိ၏ သသမ္ဘာရ- အကြောင်းအဆောက်အဦနှင့်စပ်သော မျက်နက်ဝန်းတို့၏ အလယ်ဌာန၌သာ၊ မူရင်း, အဋ္ဌကလာပတွင် ဇီဝိတရုပ်နှင့် စက္ခုပသာဒရုပ်ဟူ၍- စုံမှီကာ၊ ရူပါရုံခေါ်- ဝဏ္ဏ အဆင်းရုပ်ဓါတ်၏ ထင်ခြင်း, ပသာဒကလာပ်အဖြစ်- စက္ခုဒသက, ကလာပ်ဟူ၍ ဆောင်နှင်းပါသည်။ သောတဒသက- ကာယဒသက,စသည်တို့နှင့် မရောမယှက်- မမှီဘဲသာ ဖြစ်ခြင်းကြောင့်၊ အခြား, အဋ္ဌကလာပတို့နှင့် ကင်းကွာရကား= အပြန်အလှန်အားဖြင့် ဝိနိဗ္ဘောဂ, ဥပါဒါရုပ်ဟု- ခေါ်ဆိုရတော့သည်။ ဝဏ္ဏ, ဂန္ဓ,ရသ,ဩဇာ, ဓါတ်တို့ကဲ့သို့ ကလာပ်တိုင်းနှင့် မကင်းမကွာမှီပါက စက္ခုကို မှီ၍လည်း မြင်စိတ်ဖြစ်၊ သောတကိုမှီလည်း မြင်စိတ်ဖြစ်၊ ကာယပသာဒ တခုလုံးကလဲ ပျံ့နှံ့ရာ ကလာပ်တိုင်းက- မြင်စိတ်တွေဖြစ်ကုန်ပါက၊ စိတ္တနိယာမ တရားကြီး ပျက်စီးရတော့မည်ဖြစ်သည်၊ တွေ့ထိသိကောင်းသော- ကာယဒသက, ကလာပ်တို့သည်၊ ရူပကာယ တခုလုံး ပျံ့နှံ့တည်ပါသည်ဆိုသော်လည်း၊ ခြေသည်း,လက်သည်း, ဆံပင်,သွား, ဟု- သီးခြား, သသမ္ဘာယကာယ၌- ကာယဒသက, ပသာဒရုပ်- မဖြစ် မရှိ၍၊ ဖေါဋ္ဌဗ္ဗာရုံ မထိက်တော့ခြင်းကို ကြည့်ပါက၊ ကြွင်း, ပသာဒနှင့် ဥပါဒါရုပ်တို့- အဋ္ဌကလာပတိုင်းရှိ ဘူတရုပ်တို့၌ အမြဲမမှီ- ကင်းကွာနေသည်ကို ထင်ရှားစွာ သိကောင်းပါတော့သည်။

ဤ- အဝိနိဗ္ဘောဂ, အဋ္ဌကလာပရုပ်ဓါတ်တစီးကား၊ အရူပဘုံကိုချန်လှပ်၍- ဘယ်ဘုံဌာန- ဘယ်လောက၌ ဘယ်အကြောင်းကြောင့်မျှဖြစ်စေ၊ ဖြစ်ပေါ်လာပြီဆိုလျှင် မကင်းကောင်း, မကွာကောင်းပါပေ၊ မြင့်မိုရ်တောင်နှင့် အဋ္ဌကလာပ ရုပ်တခုကို ကြိတ်ချေသော်လည်း မကင်း, မကွာပါပေ၊ ဤသည်ကား= သစ္စာတပရမတ္ထတရား၏- ဓမ္မနိယာမ= သဘောတရား၏ မြဲသော အစဉ်အလာအားဖြင့်- လေးကသိုးစား ပေါ်ထွန်းရာတွင် လောကဓါတု-နာနာဓါတုအဖြစ် ဗီဇနိယာမ- ဥတုနိယာမ, အမှုတို့ဖြင့်ပြီးသော ဓမ္မသဘောပင်ဖြစ်ပေသည်။

ဤသို့သော ရုပ်ဓါတ်တပါးစီ သဘောသွားကို၊ ပထဝီရုပ်ဓါတ်မှစ၍၊ ပရမတ္ထ တရားထက်၌- ဉာဏ်ချက်ထောက်မိအောင် ရှာဖွေ စစ်ကြည့်ကြပါစို့....၊

# ''ပထဝီရုပ်ဓါတ်- ပရမတ်''

ပထဝီရုပ်ဓါတ်- သန်တပရမတ္ထ တရားကိုသာ- ပြဆိုပါမည်၊ ပထဝီဟု- အသံမြည်အောင် ဘတ်ကြည့်၊ ဘာကိုသိ, အမည်ကိုသာ သိသည်၊ ဒါကြောင့်- ပထဝီဆိုတာ- ရုပ်ဓါတ်တပါးရဲ့ နံမယ်၊ နာမယ်ဆိုရင် နာမပညတ်ဘဲ၊ ပညတ်ပေမဲ့- ထင်ရှားရှိတဲ့တရားကို- မှည့်ခေါ်တဲ့ သိကြောင်းအနက်ဖြစ်လို့၊ ဝိဇ္ဇာမာနပညတ်ဘဲဖြစ်တယ်။ ပထဝီဆိုတဲ့အမည်တပ်ပြီး ထင်ရှားမရှိတဲ့- အဝိဇ္ဇာမာနပညတ်နဲ့ ခေါ်ထားတဲ့- ပထဝီတွေကလဲ ရှိသေးတယ်။

မဟာပထဝီဆိုရင်- မြေကြီးကိုခေါ်တယ်၊ သေလာပထဝီဆိုရင်-ရေထုကိုခေါ်တယ်၊ ပံသုပထဝီဆိုရင်- ကျောက်ထုကို ခေါ်တယ်၊ ကသိဏပထဝီဆိုရင်- ကသိုဏ်းဝန်းမှာ မြင်အပ်တဲ့စိတ်ထင်ပထဝီကိုခေါ်တယ် အဲဒီ့ပထဝီတွေကတော့ နာမယ်ကလဲပညတ်၊ ထင်ရှား ကေန်ရှိတဲ့ မဖေါက်မပြန် ပရမတ်လို- အဟုတ်ရှိကာ, တကယ်ရှိတာ, မဟုတ်ခြင်းကြောင့်၊ လုံးလုံးမရှိတဲ့တရားတွေမှာ မှည့်ခေါ်ထားတဲ့ မရှိပညတ်ဘဲဖြစ်တယ်၊ ပညတ်ပေါ်- ပညတ်ဆင့်ပြီး နာမယ်မှည့်ခေါ်ကာ သင်္ကေတပြုရရုံကလွဲလို့-ဘာမျှမရှိ၊ ဒါကြောင့်- အဝိဇ္ဇာမာနပညတ်, ထင်ရှားမရှိတဲ့တရားကို မှည့်ခေါ်ထားတဲ့၊ သြကာသလောက၏- သမုတိသစ္စာ နယ်တွင်မျှ အကျုံးဝင်တဲ့ မရှိပညတ်စစ်, ကေန်ဖြစ်တယ်၊ ရှိပညတ်ကတော့- ပထဝီရုပ်ဓါတ်ဆိုတာ- ဝိဇ္ဇာမာန- နာမပညတ်၊ ပထဝီဆိုတဲ့- နာမယ်နဲ့ လိုက်လျောအောင် ထင်ရှားဆောင်တဲ့ ပရမတ္ထတရားကိုစွဲ၍ မှည့်ခေါ်သိစေသော- နာမယ်ဖြစ်တယ်။

အဟုတ်ရှိ- တကယ်ရှိတဲ့ တရားကို၊ သတ္တ- သြကာ, လောကနှစ်ဖြာမှာ၊ သမုတိပညတ်တွေက ဝိုင်းအုံ-ဖုံးဖိထားကြတယ်၊ အဲဒီ့မရှိပညတ်တွေကိုဖယ်ထုတ်အပ်ပြီးမှဘဲ၊ အရှိပရမတ်ကို မြင်သိခြင်းငှါ စွမ်းနိုင်မယ်၊ ဒါကြောင့်- မရှိပညတ်တွေကို သမုတ်ခေါ်ဝေါ်ရုံမျှသာ ''သမုတိသစ္စာမျှသာ'' မုသာဝါဒကံမဖြစ်ရုံမျှသာ သုံးစွဲမှန်ကန်တဲ့တရား သမ္မာဒိဋ္ဌိဉာဏ်အမြင်ရဲ့ ပဋိပက္ခ တရားတွေလို့ ပိုင်းခြားသိထားရပါမည်။ ''သန်္ဌါန- ဝိကာရ- လက္ခဏ- နိဗ္ဗာန်- ပညတ်'' ဆိုတဲ့၊ ဉေယျဓမ္မတရား ငါးပါးကိုကြည့်ရင်၊ အဝိဇ္ဇာမာန ပညတ်တွေဟာလဲ မရှိတာအမှန်လို့ သိအောင်ကြည့်မြင်သိအပ်ရမဲ့ တရားဖြစ်တယ်၊ ရုပ်နာမ်ဓမ္မ- သန်္ဌါန တရားတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းတွင်၊ သန်တပရမတ္ထတရားတို့ရဲ့- ဝိကာရ ထူးသော အချင်းအရာ, အမူအရာ ဗျာပါရသဘောဟာ၊ မိမိဆိုင်ရာမှတ်ကြောင်း—

သဘာဝလက္ခဏာတွေကို အခြေခံပြီးလျှင်- လက္ခဏာဝန္တ တိုင်အောင်, ဖေါက် ထွင်းမြင်မှ ပရမတ္ထဉာဏ်ဆီ,အမှီရောက်နိုင်မယ်၊ ဒီလိုရောက်နိုင်အောင် မရှိပညတ် တွေကိုလဲ ပညတ်မျှသာလို့သိပြီး, နှုတ်ပယ်ပစ်ရမယ်၊ ထိုနည်းလိုဘဲ- အသင်္ခတ ပရမတ်, နိဗ္ဗာန်မြတ်ကျတော့လဲ ပညတ်စင်ကြယ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ် အယာဉ်နဲ့စပြီး၊ သင်္ခတဓမ္မာ, သင်္ခါရာတွေကနေ= သင်္ခါရကိုလျစ်လျူပြုလျက် လောကီတရားတွေကိုဖေါက်ထွင်းကာ- လောကုတ္တရာမဂ်စိတ္တုပ္ပါဒ် အထွင်းမှာ သာ- အသင်္ခတ ပရမတ်နိဗ္ဗာန်ဓါတ်ကို မြင်သိ, မျက်မှောက်ပြုနိုင်စွမ်းရှိမှာ ဖြစ် ပါတယ်။

ဒီတော့- ပထဝီရုပ်ဓါတ်စစ်စစ်ရဲ့ အနှစ်ဖြစ်တဲ့-ပရမတ္ထဉာဏ်ဖြစ်ချင်ရင်၊ သူ့ကိုသိရမဲ့ မှတ်ကြောင်းလက္ခဏာနဲ့ သိပြီးမှ- အမှန်ကိုရောက်မယ်၊ ပထဝီ ရုပ် ဓါတ်ရဲ့လက္ခဏာကတော့....၊ ကက္ခဠလက္ခဏာ, မုဒုလက္ခဏာလို့- မှတ်သိ,သိရမဲ့- မှတ်ကြောင်းနှစ်ခုရှိတယ်၊ ကက္ခဠလက္ခဏာအရ– ခက်မာတဲ့မှတ်ကြောင်း၊ မုဒု လက္ခဏာအရ= နူးညံ့တဲ့မှတ်ကြောင်းလို့ လက္ခဏာနှစ်ရပ်ကို ဆောင်နှင်း ထွန်းပြ တတ်တယ်။အဲဒီ-ကက္ခဠလက္ခဏာကို မြန်မာလိုပြန်တဲ့နေရာမှာ၊ ခက်မာတယ်,ခိုင် မာတယ်,ကြမ်းတမ်းတယ်, တောင့်တင်းကယ်,စသည်ဖြင့် မြန်မာလို ဝေါဟာရ- စကားပရိယာယ်တွေကတော့ များတယ်၊ အဲဒီ,ဝေါဟာရ ပရိယာယ်တွေ အား လုံးသည် မာတယ်ဆိုတဲ့သဘောကို အခြေခံပြီး ခေါ်ဝေါ်တာဖြစ်လို့၊ ခက်တာ, ခိုင်တာ,ကြမ်းတာ,တောင့်တင်းတာတို့ကို ဖြုတ်လိုက်ပြီး၊ "မာ" လို့ တလုံးထဲသုံး ရင် နားလဲရှင်းတယ်- အဓိပ္ပါယ်လဲ ဖြောင့်စင်းတယ်၊ ဒါကြောင့်- ကက္ခဠလက္ခ ဏာ= မာတဲ့ မှတ်ကြောင်းလို့သိပါ၊ ဒုမုလက္ခဏာ ကျပြန်တော့လဲ၊ နူးညံ့တယ်, ချောမွေ့တယ်,အိတယ်,စက်တယ်,ပျော့ပြောင်းတယ် စသည်ဖြင့် ပရိယာယ်တွေ များပြန်ပြီ၊ ဒီတော့- ဒုမုလက္ခဏာကို ကက္ခဠလက္ခဏာ—မာ,ရဲ့ဆန့်ကျင်ဘက်ဖြစ် တဲ့ ပျော့တဲ့မှတ်ကြောင်းလို့ အတိုချုံးခေါ်ဝေါ်ခြင်းသည် သဿတဝါဒ,တည် တန့်သည်၏ အယူအစွဲအဖြစ်မှလဲ လွတ်တယ်၊ သဘာဝလဲကျတယ်၊ ဒါကြောင့်- ပထဝီကို-သိရန်မှတ်ကြောင်းလက္ခဏာသည် မာတဲ့မှတ်ကြောင်း- ပျော့တဲ့ မှတ် ကြောင်းရှိတယ်လို့-သိမှတ်ရပါမည်။

အဲဒီ- ပထဝီရုပ်ဓါတ်, ပရမတ္ထတရားကို သိကြောင်းဖြစ်တဲ့- ကက္ခဠလက္ခ ဏာ, ဒုမုလက္ခဏာဆိုတာ- ရုပ်ဓါတ် တပါးချင်းစီရဲ့ လက္ခဏာဖြစ်လို့- သဘာဝ လက္ခဏာလို့ခေါ်တယ်၊ ရုပ်ဓါတ်(၂၈)ပါးစလုံးနဲ့ဆိုင်တဲ့လက္ခဏာကတော့၊ရုပ္ပန လက္ခဏာဖြစ်ပြီး- သာမည လက္ခဏာလို့ခေါ်တယ်၊ ရုပ်အားလုံး၌- မူလ, လက္ခ ဏာအရ— ဖေါက်ပြန်ပျက်စီးတတ်သောကြောင့်- ရုပ်တရားလို့ခေါ်တယ်၊ မြင်,

ကြား, နံ့,စား,တွေ့ထိ,ကြံသိ,တရားနဲ့ စပ်ယှဉ်လာတဲ့ ရုပ်တရားမှန်သမျှ၊ ရုပ်လို့ သိရင်,ရုပ်လို့နှလုံးသွင်းမိရင်, ဖေါက်ပြန်ပျက်စီးတတ်တဲ့ တရားတွေဘဲလို့- သူ့ လက္ခဏာမှတ်ကြောင်းအရ- သိမှတ်ရမယ်၊ သဘာဝလက္ခဏာ အနေနဲ့ ပထဝီရုပ် ဓါတ်တရားဟာလဲ ဖေါက်ပြန်ပျက်စီးတတ်တဲ့- မူလသဘောအစဉ်ရှိတယ်၊ မာတဲ့ မှတ်ကြောင်း-ပျော့တဲ့မှတ်ကြောင်း အရသဘောသည်၊ ပထဝီရုပ်ဓါတ်တရားရဲ့ ဝိကာရ=အမူအရာထူးဗျာပါရအားဖြင့် ဖေါက်ပြန်ပျက်စီးတတ်တဲ့ အစဉ်အလာ ဖြစ်တယ်၊(ဝါ)ပထဝီရုပ်ဓါတ်၏- ထက်သည်၏ အဖြစ်-အားကြီးသည်၏အဖြစ်- နုံ့သည်၏ အဖြစ်- အားသေးသည်၏ အဖြစ်အားဖြင့်- ဝိကာရအနေ-အမူအရာ မတူထူးခြား,, အာကာရနှစ်စား- ကြုံငြားနေရခြင်းသည်- ဖေါက်ပြန် ပျက်စီး တတ်တဲ့ အစဉ်အလာသဘောအရ ဖြစ်ပါသည်။

ဩကာ-သတ္တ-သင်္ခါရဆိုတဲ့- လောကသုံးစားမှာ၊ လောကဆိုတဲ့-အမည် အမှည့်ခံရတာကိုက၊ "ပလုစ္စတိ-လုစ္စတိ-လောကော" အရ၊ ဖေါက်ပြန်ပျက်စီး တတ်ခြင်းကြောင့် လောကဟုသမုတ်ရလျှင်၊ သင်္ခါရလောကမှာ-ထင်ရှားဆောင် ပြတဲ့ ပထဝီရုပ်ဓါတ်တရားဟာလဲ ရုပ္ပနလက္ခဏာအရ— အကြောင်း တရားတို့နှင့် မပြတ်ပူပြင် စီရင်ခြင်းအတွင်းမှ၊ သီတ, ဥဏှ, ဥတုကြောင့်- ဖေါက်ပြန်ပျက်စီး ခြင်း၊ သင်္ခါရအခြေ— လောကအနေအားဖြင့်လဲ- ဓမ္မတာနိယာမသဘောကြောင့် ဖေါက်ပြန် ပျက်စီးတတ်ရခြင်းရယ်လို့"ရှေ့တိုးထမ်းပိုး,နောက်ဆုတ်လှည်းဒုတ်" ဆိုသလို၊ ဖေါက်ပြန်ပျက်စီးတတ်တဲ့ သရုပ်နှစ်ရပ်,ညှပ်လျက် "ဖြစ်ပျက်" တတ် တဲ့- ရုပ်တရားလို့လဲ ပိုင်းခြားသိရပါမည် ဤတွင် ရှေ့မက-ပထဝီဓါတ်ရဲ့-ဆောင် နှင်းထွန်းပြတတ်တဲ့-အမူအရာထူးမှာလဲ မာခြင်း,ပျော့ခြင်း, နှစ်ဖြာအခင်းဖြစ်ပါ ၍၊ အညတ္ထာဘာဝ- ဝိပရိဏာမနဲ့ "ခယ,ဝယ"တိုင်ရောက်, ကုန်ပျောက်တတ် တဲ့ ရုပ်တရားဘဲဖြစ်ပါတယ်။

ပထဝီရုပ်ဓါတ်သည်- အားကြီးရင်မာတယ်၊ အားသေးရင် ပျော့တယ်ဆို တာ- ဖေါက်ပြန်တတ်လို့ဖြစ်ရတဲ့ သဘောဘဲ၊ အဲဒီအထဲမှာ- မဖေါက်မပြန်တဲ့ အဝိပရိတ,ပရမတ်သဘောကို ရှာကြည့်ရမှာပါ။ လောကသုံးစားမှာ— အလင်းရှိ ရင်- အမှောင်ရှိတယ်၊ အပူရှိရင်- အအေးရှိတယ်၊ အဆင်းရှိရင်- အတက်ရှိတယ်၊ အားကြီးတာရှိရင်- အားသေးတာရှိတယ်၊ အမှားရှိရင်- အမှန်ရှိတယ်၊ အကုန် အကျွမ်းဝင်အောင် ပြောရရင်၊ သင်္ခတရှိရင်- အသင်္ခတရှိတယ်၊အဲဒီလို-ဆန့်ကျင် ဘက် သဘောတွေဟာ၊ ဓမ္မနိယာမ,သဘောထဲမှာ၊ ဝိရုဒ္ဓ=ဆန့်ကျင်ဘက် အဖြစ် ကို၊ အသာဓါရဏ= မဆက်ဆန်သော ပဋိပက္ခ အနေနဲ့လဲ ဖြစ်ရှိတတ်တယ်၊ အဝိရုဒ္ဓ= မဆန့်ကျင်တဲ့အဖြစ်နဲ့၊ သာဓါရဏ- ဆက်ဆန်သော- ဒွိပက္ခ အနေ

နဲ့လဲဖြစ်ရှိတတ်တယ်၊ ပထဝီရုပ်ဓါတ်၏ မာခြင်း ပျော့ခြင်း ဆိုတဲ့၊ ရုပ်သဒ္ဒါရရဲ့-ဝိကာရ အမူအရာထူးဟာလဲ-မဆန့်မကျင့်၊ ဆက်ဆန်သောအကြောင်းနဲ့-ပြောင်းလဲဖြစ်ပေါ်- ပေါ်ပြဘတ်တဲ့ ဒွိပက္ခအဖြစ်၊ မှတ်ကြောင်း- သဘာဝ လက္ခဏာကေန်ဖြစ်တယ်လို့ အပြားအားဖြင့် ပိုင်းခြားသိရပါမည်။

မေ့မာမကာအပေါင်း၊ သူတော်ကောင်းတို့၊ တိုက်တွန်းကြောင်းပြုပါစေ၊ တရားဆည်းပူး-ဓမ္မစာပေ ဘတ်ရှုသုံ သပ်ရာမှာ၊ စိတ်ပါဝင်စားစွာ ဘတ်ရှုလေ့လာပါ၊ သမာန်ကာ၊ ရှန်ကာ၊ ဖတ်ပြီး နားလဲ မလယ်နိုင်ပါကလားလို့ မဖြစ်ပါစေနဲ့၊ နားလယ်သဘောပေါက်အောင်လို့တော့- စာရေးသူက ကြိုးစားရေးပေးနေပါတယ်၊ ဒါပေမဲ့ စိတ်တိုင်းကျတော့မဖြစ်ပါ၊ နှလုံးသွင်းသလောက်သဘောပေါက်စေလိုသော စိတ်အစဉ်ကို လက်က၊ မှီအောင်လိုက်မရေးနိုင်၍ မကျေနပ်၊ အားလဲမရပါ၊ အကယ်၍- နှုတ်ဖြင့် ဟောပြောပြသပေးရရင်တော့ လက်ရေးထက်၊ လေးဆလောက်မြန်သဖြင့်- နှလုံးသွင်းအစဉ်နဲ့ နားလည် သဘောပေါက်စေချင်တာဘော့- အံဝင်ဂွင်ကျဖြစ်စရာ- ရကောင်းမှာအမှန်ဘဲ၊ ယခုတော့- စိတ်နှလုံးအစဉ်က လျင်မြန်ပြီး၊ လက်က မလိုက်နိုင်တော့- ကြားထဲမှာ- ပျောက်၊ ကျော်သွားနိုင်စရာတွေ- စာလုံးမချောတာတွေ ဖြစ်နိုင်လို့- ဂရုတစိုက်ဖတ်ပြီး၊ အထပ်ထပ်၊ စိတ်ပါ-လက်ပါ၊ လေ့လာရင်တော့၊ ပထဝီ ရုပ်ဓါတ် တပါးကို-ပြသစဉ်အထဲမှာဘဲ၊ သုတမယပညာဉာဏ် ရယူစရာတွေ၊ စိန္တာမယပညာဉာဏ် ဖြစ်ပေါ်ပြီး၊ အဇ္ဈတ္တယောနိသော မနသိကာရအဖြစ်နဲ့ ဉာဏ်ပေါ်ထွက်လာစရာတွေအဆင့်ဆင့်အပိုင်းပိုင်း ပါလာပါလိမ့်မယ်၊ မြတ်ဘုရားရှင် တရားဦး ဓမ္မစကြာဒေသနာ ဟောကြားတော်မူစဉ်က၊ တသံသရာလုံးက- မကြားဘူးခဲ့ရတဲ့ တရားတွေကို၊ ရှေးဦးစွာ ကောဏ္ဍညမထေရ်မြတ်သည်သာ စိတ်ရော ကိုယ်ပါ စူးစိုက်သဖြင့် "အဘိနန္ဒတိ" လွန်စွာနှစ်ချိုက်၊ သဘောပေါက်၊ မွေ့လျော် နိုင်ချက်ကြောင့်၊ ရှေးဦးစွာ သောတာပတ္တိမဂ်ဖိုလ်ပုဂ္ဂိုလ် ဖြစ်တော်မူခဲ့တယ်။

ဒီတော့- အဘိနန္ဒတိ-မဖြစ်ရှိစရာ၊ နှလုံး မပျော့ပြောင်းသဖြင့် သူတော်ကောင်းမမည်တဲ့- အကြည့်အဖတ်မျိုးနဲ့- မဖတ်ပါနဲ့၊ နှလုံးပျော့ပြောင်းအောင် အတ္တဒိဋ္ဌိနဲ့ မာနကလေးကို သိမ်းဆည်းပြီး၊ ကြည်လင်တဲ့ စိတ်ကောင်း၊ စိတ်မြတ်နဲ့ သဘောမိအောင် ဖတ်ရှုပေးပါ၊ တတ်နိုင်သမျှ ပညာဉာဏ် ဖြစ်စေမှု အတွက်၊ အကုက်မကျော်အောင်တော့၊ စိတ်တိုင်းကျ ကျေနပ်စရာအဖြစ် မရောက်ပေမဲ့- ကြိုးစားပြီး ရေးသား ပေးသွားပါမည်... မေ့မာမကာ၊ အပေါင်း.... သူတော်ကောင်းတို့....။

အထက်ကပြခဲ့သော၊ မာခြင်း ပျော့ခြင်း၊ ဆောင်နှင်းထွန်းပြ- သဘာဝ အညီ- ပထဝီဆိုတဲ့ရုပ်ဓါတ်သည်၊ ဤလက္ခဏာနှစ်ရပ် ဖေါ်ဌဗ္ဗဓါတ်ကို- တွေ့ထိ သိအပ်ပြီးမှ၊ လက္ခဏာဝန္တ- တရားကိုယ်သဘောကို- ဉာဏ်ချက် ထော က်မိရမှာ ဖြစ်ပါတယ်၊ ဒီတော့- မာတာ ပျော့တာ ပထဝီရုပ်ဓါတ် ပရမတ်လားလို့ မေး လျှင်၊ ဘယ်လိုဖြေရမလဲ- မာတာ ပျော့တာ ပထဝီရုပ်ဓါတ်-ပရမတ်မဟုတ်ဘူး လို့ဖြေရမယ်၊ အကယ်၍-မာတာ ပျော့တာ ပထဝီရုပ်ဓါတ်-ပရမတ်ပါလို့ ဆိုရင်၊ ကြမ်းပြင်စမ်းကြည့်တော့ မာတယ်၊ စားပွဲကုလားထိုင်စမ်းကြည့် မာတယ်၊ အိုး၊ ခွက်၊ ပုဂံ စမ်းကြည့်တော့ မာတယ်၊ သံတုံး သံပြား၊ သံချောင်း စမ်းကြည့် မာ တယ်၊ မြေကြီးစမ်းကြည့် မာတယ်၊ ကျောက်ခဲစမ်းကြည့် မာတယ်၊ ရွှံ့စမ်းကြည့် တော့ ပျော့တယ်၊ နုံးစမ်းကြည့် ပျော့တယ်၊ ခေါင်းအုံးစမ်းကြည့် ပျော့တယ်၊ ချက်ပြီးနူးပြီး ထမင်းဟင်း စမ်းကြည့် ပျော့တယ်၊ မိမိခေါင်းကို စမ်းကြည့် မာ တယ်၊ ဒူးခေါင်းစမ်းကြည့် မာတယ်၊ ညိုသကြီးစမ်းကြည့် မာတယ်၊ ခြေမျက်စေ့ စမ်းကြည့် မာတယ်၊ ဆံပင်စမ်းကြည့် မာတယ်၊ နံရိုးစမ်းကြည့် မာတယ်၊ ဝမ်း ဗိုက်စမ်းကြည့် ပျော့တယ်၊ ပေါင်စမ်းကြည့် ပျော့တယ်၊ ခြေသလုံးသား စမ်း ကြည့် ပျော့တယ်၊ မာတာ ပျော့တာ ပထဝီရုပ်ဓါတ်- ပရမတ်လို့ဆိုခဲ့ရင်၊ အဲဒီ- မာတာ ပျော့တာ တွေအားလုံးဟာ- ပထဝီရုပ်ဓါတ်- ပရမတ်တွေချည်းဘဲ ဖြစ် ကုန်လိမ့်မယ်၊ ပထဝီရုပ်ဓါတ်- ပရမတ် သဘောဟာ၊ အမူအရာ၊ ဗျာပါရ- နှစ် ချက်ဖေါ်ပြနေပေမဲ့၊ တရားကိုယ်က၊ တနေ့ထဲသာဖြစ်တယ်၊ ခုနစမ်းလို့ တွေ့တဲ့- မာတာ ပျော့တာတွေမှန်သမျှ ပထဝီရုပ်ဓါတ်- ပရမတ်ပါဆိုရင်၊ ဆံပင်က မာ တယ်- ဆံပင်ပထဝီ၊ ဒူးခေါင်းက မာတယ်- ဒူးခေါင်းပထဝီ၊ဗိုက်ကပျော့တယ်- ဗိုက်ပထဝီ၊ ပေါင်ကပျော့တယ်-ပေါင်ပထဝီနဲ့ ဆုံးနိုင်ပါအုံးမလား၊မှတ်လို့ကော ရနိုင်ပါအုံးမလား မဆုံးနိုင်၊ မမှတ်နိုင်တော့- မခွဲခြားနိုင်တော့ဘူး၊စမ်းသပ်ကြည့် တိုင်း တွေ့ထိသိရတဲ့၊ မာတာ ပျော့တာ၊ မာခြင်း ပျော့ခြင်းဟာ-ပထဝီရုပ်ဓါတ် ပရမတ်မဟုတ်ဘူး၊ ပထဝီရုပ်ဓါတ်- ပရမတ်ကိုသိရန် မှတ်ကြောင်း လက္ခဏာမျှ သာဖြစ်တယ်လို့ ခွဲခြားသိပါ၊ သင်္ခတ တရားဖြစ်လို့ မုချသင်္ခါရ လောကအနေနဲ့ မှတ်ကြောင်းလက္ခဏာဆောင်နှင်းထွန်းပြတာလို့လဲပိုင်းခြားသိပါ၊လက္ခဏာသည် မှတ်ကြောင်းမျှဖြစ်၍၊ ပထဝီရုပ်ဓါတ်အနှစ်-ပရမတ်အစစ် မဟုတ်သေးကြောင်း ကို၊ လက္ခဏာနဲ့ လက္ခဏာဝန္တကွဲအောင်၊ လက္ခဏာသဘောကို-(ဥပမာ) ကလေး နဲ့ ရှင်းကြည့်ကြစို့ ... ။

(ဥပမာ) အထက် အညာကျေးရွာတရွာမှာ၊ အမေဝတ္ထု သားဟော့ ဆင်း ရဲမှုနဲ့ လုပ်ကိုင် စားသောက်နေရာမှ၊ မိခင် ဖြစ်သူသည် လူကြီးနာဖြင့်- သေရ

ညောင်စောင်း, လည်းလျောင်းရသောအခါ၌၊ သားလုပ်သူကို- သိုကလိုမှာခဲ့သတဲ့ "ငါ့သား, အောက်ပြေ့အောက်ရွာသွားပြီး- အလုပ်လုပ်ချင်လို့ ခွင့်တောင်းခဲ့တာ အမေက ခွင့်မပေးနိုင်ခဲ့ဘူး၊ အခုတော့- အမေလဲ, ဒီတောင်က ကျော်နိုင်မယ်မထင်ဘူး၊ အမေမရှိရင်လဲ-ဒီရွာမှာ ဆွေမျိုးရင်းချာ မရှိနဲ့ဆိုတော့၊ ငါ့သား အောက်ပြေ့အောက်ရွာ, သွားချင်တယ်ဆိုတဲ့အတိုင်း၊ မင်းဦးလေးရှိရာကို လိုက်သွားပေတော့၊ သူတို့ကတော့ အောက်ပြေ ရောက်နေတာ အနှစ်အစိပ်လောက်ရှိပြီ၊ ချောင်ချောင်လယ်လယ်ဘဲလို့လဲ ကြားရတယ်၊ ပဲခူးမြို့ကြီးနားက ရွာတရွာမှာ ရှိလေရဲ့၊ မင်းဦးလေးနာမယ်က ဦးသိလို့ခေါ်တယ်၊ တို့ရွာသား ဇာတိသို့ပြောပြီး မေးကြည့်ရင် ရနိုင်ပါတယ်၊ အမေ့မှာ သားတယောက်, မင်းရှိမှန်းလဲ သူသိပါတယ်၊ မမြင်ဘူးပေမဲ့ သားလိုက်သွားပြီး အကျိုးအကြောင်း ပြောလို့၊ ကိုယ့်ဦးလေးဆီမှာဘဲ သွားပြီး လုပ်ကိုင်စားသောက်ပေါ့သို့ မှာကြားခဲ့တယ်တဲ့။

မကြာခင်ဘဲ မိခင်ကြီး ကွယ်လွန်သွားတော့၊ အောက်ပြေ သွားချင်တဲ့ ဆန္ဒလဲပြည့်၊ အမေမှာခဲ့တဲ့အတိုင်းလဲ ဖြစ်တော့၊ မောင်နီဟာ- မဆိုင်းမတွ- ကားဟတန်-ရထားတလီနဲ့ ပဲခူးကိုရောက်၊ ရွာရောက်အောင် တဖန်မေးမြန်းပြီး- ခြေကျင်လမ်းကနေ သွားရောက်ခဲ့တယ်၊ ရွာပေါက်ဝ ရောက်တော့ သူငယ်ကလေးတယောက်တွေ့၍ မေးမြန်းကြည့်ရာ၊ မရေမရာနဲ့ ရွာထဲကိုဝင်လာခဲ့တယ်၊ခြံစည်းရိုးပြင်နေတဲ့ အဘိုးအိုတယောက်ကိုတွေ့တော့မှ "ဘကြီးခင်ဗျာ- ဒီရွာမှာ ဦးသိတယောက်များ မရှိဘူးလား- ဦးသိတို့အိမ် ဘယ်နားမှာလဲလို့" မေးသတဲ့။ ဒီတော့- အဘိုးကြီးက- "ဟာ- မင်းမေးတဲ့ ဦးသိက, နွားမ်းမွှေးဦးသိလား၊ အနာရွတ် ဦးသိလား" လို့ ပြန်မေးခံရသတဲ့၊ ဒီတော့- သူ့ဦးလေးကို ဦးသိဆိုတဲ့ နာမယ်သာသိတာကိုး၊နခမ်းမွှေးနဲ့လား-အနာရွတ်နဲ့လားဆိုတာ မသိတော့၊ "ကျွန်တော်- ဒီလိုတော့ ခွဲမသိပါဘူး၊ ကျွန်တော် နို့ စို့ အရွယ်ထဲက ကွဲကွာသွားကြတော့ မှတ်လဲ,မမှတ်မိပါဘူး ဘကြီး၊ ကျွန်တော်တို့ မိတ္ထီလာ အနောက် ထိန်ကုန်းက ဦးသိပါ" လို့ ပြန်ပြောလိုက်ရသတဲ့။ ဒီတော့-အဘိုးကြီးက "အေးအေး, ဒီရွာမှာ ဦးသိက- နှစ်ယောက်ကွ၊ မင်းတို့ထိန်ကုန်းကဆိုရင်တော့ နဖူးမှာ အနာရွတ်နဲ့ ဦးသိဘဲကွ၊ ဒီလမ်းအတိုင်း လိုက်သွား ဖြတ်လမ်းကလေးကျတော့- ညာဘက်ကို ချိုးလိုက်၊ ဒုတိယအိမ်ဟာ မင်းတွေ့ချင်တဲ့ ဦးသိရဲ့အိမ်ဘဲလို့ ညွှန်လိုက်တယ်။

ဒါနဲ့- မောင်နီသိုတဲ့ သူငယ်ကလဲ၊ အဘိုးအိုညွှန်တဲ့ လမ်းချိုးကလေးထဲဝင်ပြီး ဒုတိယ,အိမ်ဝိုင်းထဲကို လှမ်းကြည့်လိုက်တော့၊အိမ်ရှေ့မှာ ကွပ်ပစ်တလုံးနဲ့ထိုင်နေတဲ့ နဖူးမှာ အနာရွတ်ကြီးနဲ့ လူကိုတွေ့ရသတဲ့၊ မောင်နီဟာ-နဖူးက,အနာ

ရှတ်နဲ့လူကိုတွေ့လိုက်ရတာနဲ့၊ ဒါ-သူ့ဦးလေးဦးသီဘဲလို့ တွေ့တွေ့ခြင်းဘဲ သိပြီးဆုံးဖြတ်လိုက်နိုင်သတဲ့။

ကဲ့ ဒီတော့- မောင်နီဟာ နဖူးက အနာရှတ်နဲ့လူကို မြင်တာနဲ့ ဦးသီလို့ သိလိုက်တာဟာ၊ ဦးသီဟာ အနာရှတ်လားလို့မေးရင်- ဘယ်လိုဖြေမလဲ၊ အနာရှတ်ဟာ ဦးသီမဟုတ်ဘူးလို့ ဖြေရမယ်၊ ဒါကြောင့်- အနာရှတ်ဟာ-ဦးသီမဟုတ် ဦးသီဟာလဲ့ အနာရှတ်မဟုတ်၊ အနာရှတ်ထဲမှာလဲ- ဦးသီမရှိ၊ ဦးသီထဲမှာလဲ- အနာရှတ်မရှိဘူး၊ ဒါပေမဲ့- အနာရှတ်ဆိုတဲ့ မှတ်ကြောင်း လက္ခဏာကြောင့်၊ ဦးသီဟုတ်တယ်လို့ သိရသလို၊ (ဝါ)အနာရှတ်သည် ဦးသီကိုသိရန် မှတ်ကြောင်း လက္ခဏာဖြစ်သလို၊ စောစောကပြောခဲ့တဲ့ (ဝါ)စမ်းကြည့်ခဲ့တဲ့- မာတာ့ ပျော့တာ့တွေ့သိမှုတွေဟာလဲ၊ ပထဝီရုပ်ဓါတ်- ပရမတ်ကိုသိရန် မှတ်ကြောင်း လက္ခဏာမျှသာဖြစ်တယ်၊ ဦးသီ၏အနာရှတ် မှတ်ကြောင်း လက္ခဏာ- ဥပမာကဲ့သို့- ပထဝီရုပ်ဓါတ်-ဗရမတ်ကိုသိရန် မှတ်ကြောင်းလက္ခဏာဟာလဲ၊ မာခြင်း့ ပျော့ခြင်းလို့ ပိုင်းခြားသိရပါမယ်၊ ရုပ်အစု့အရာဝတ္ထု- သက်ရှိ့ သက်မဲ့တွေကို စမ်းသပ်တွေ့ထိတိုင်း မာခြင်း့ပျော့ခြင်း- ဆောင်နှင်းထွန်းပြ၊ စမ်းသပ်လို့ တွေ့နေရတတ်တာ- ဘာကြောင့်လဲဆိုတော့၊ သခ်တ့ပရမတ်တရား၏-"အတ္တနောသဘာဝံ ဓါရေတီတိ ဓါတု"အရ၊ ဓါတ်အနေ့ဆောင်နှင်းချက့်မပြတ်လို့လို့ သိရပါမယ်။

သခ်တံ- အကြောင်းတရားတို့ မပြတ်ပြုပြင် စီရင်အပ်သော၊ ပရမတ္တော- ထင်ရှားကေန်ရှိသည့်-ပရမတ္ထသဘောတရားဖြစ်သော၊ ပထဝီဓါတုယာ-ပထဝီရုပ် သကပ်- အလုပ်ဓါတ်သဘောသည်၊ အတ္တနော-မိမိ၏၊ သဘာဝံ- အကြောင်းနှင့် တကွဖြစ်သော- မာခြင်း့ပျော့ခြင်း့ သဘာဝကို၊ ဓါရေတိ-မပျက်မယွင်းဆောင် နှင်းတက်၏။ ဣတိ- ထို့ကြောင့်၊ ဓါတု-ဓါတ်မည်၏။

မိမိသဘောကို မိမိဆောင်တတ်၍- ဓါတ်လို့ခေါ်တယ်၊ ဒီနေရာမှာ-သူ့ သဘောသူဆောင်တယ်လို့ သွားမလုပ်ပါနဲ့၊ သူ့သဘော သူဆောင်တယ်ဆိုရင်၊ အပြင်သဘောဖြစ်သွားတယ် အပြင်ကိုစွဲပြောရင်-အတွင်းက ငါရှိနေတတ်တယ်၊ သူ့ဟာသူဆိုရင်လဲ- ငါ့ဟာငါလို့ ဖြစ်နေတတ်ပါတယ်၊ သူ့သဘောသူဆောင် တယ်လို့ ပြောရင်သိရင်လဲ- ငါသိနဲ့ပြောတာဖြစ်နေပါလိမ့်မယ်၊ အမှန်က- မိမိ သဘော မိမိဆောင်တယ်ဆိုတာ၊ တကွဖြစ်ဘက်-အဝိနိဗ္ဘောဂ ရုပ်ကလာပ်ရှစ်ခု မှာ၊ ပထဝီဓါတ်သည်၊ မိမိဓါတ်အနေနဲ့ မာမှု့ပျော့မှုကိုသာ သဘာဝလက္ခဏာ အရ- မပျက်မယွင်း ဆောင်တတ်တယ်၊ အခြား့သဘာဝလက္ခဏာဖြစ်တဲ့- အာပေါသဘောကိုလဲ မဆောင်ဘူး၊ တေဇောသဘောကိုလဲ မဆောင်ဘူး၊ ဝါယောသဘောကိုလဲ မဆောင်ဘူး၊ အကြောင်းစုံညီလာလို့- ကလာပ်တစီး- ရုပ်ရှစ်ခု-

ဖြစ်ခိုက်တိုင်း, ဖြစ်ခိုက်တိုင်း၌၊ မိမိသဘောကိုမိမိ, မပျက်မယွင်းဆောင်နှင်းတတ်ခြင်းကို- ဓါတ်၏သဘောအမှန်လို့ ဝေဘန်သိရပါမယ်။

အဲဒီလို-မြင်မြင်ကရာ၊ တွေ့ထိကရာ- စမ်းသပ်ရာတိုင်းမှာ၊ မာခြင်း,ပျော့ခြင်း,ဆိုကဲ့- လက္ခဏာမှတ်ကြောင်းကိုတော့၊ ပထဝီဓါတ်အနေနဲ့- အစဉ်ဆောင်ပြလျက်ပါတယ်၊ မည်သည့်-သက်ရှိ-သက်မဲ့- ရုပ်ဝတ္ထုမှာမဆို၊ ရုပ်ကလာပ်တွေသည်၊ သတ္တလောက, သင်္ခါရလောကမှာ- အကြောင်း လေးပါးကြောင့်ရှင်း၊ ဩကာသလောကမှာ- အကြောင်းတပါးကြောင့်ရှင်း၊ စုစီးမိတာကို- ရုပ်ဝတ္ထုလို့ခေါ်တယ်၊ သတ္တလောကနဲ့ဩကာသလောကဟာ-ဝတ္ထုဘူမိ, ဝတ္ထာဘုံလို့ခေါ်တယ်၊ ရုပ်ဝတ္ထုအဖြစ် စုမိရင်- မှီရာဖြစ်လာတယ်၊ စက္ခုပသာဒကလာပ်, ရုပ်ဝတ္ထုစုမိလို့- စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်ဖြစ်ရန် အာဝဇ္ဇာန်း စိတ်ရဲ့မှီရာ-ရှိလာရတယ်၊ သောတပသာဒကလာပ်- ရုပ်ဝတ္ထုစုမိလို့-သောတဝိညာဏ်ဆိုတဲ့ ကြားသိစိတ်ဖြစ်ရန်- အာဝဇ္ဇာန်းစိတ်မှီရာ ရှိလာရတယ်၊ ဃာနပသာဒကလာပ်, ရုပ်ဝတ္ထုစုမိလို့- ဃာနဝိညာဏ်ဆိုတဲ့- နံသိ စိတ်ဖြစ်ရန် အာဝဇ္ဇန်းစိတ်၏ မှီရာရှိလာရတယ်၊ ဇိဝှါပသာဒကလာပ်, ရုပ်ဝတ္ထုစုမိလို့ ဇိဝှါဝိညာဏ်ဆိုတဲ့ စားသိစိတ်ဖြစ်ရန် (ဝါ) ရသာရုံပေါ်စိတ်ဖြစ်ရန် အာဝဇ္ဇာန်းစိတ်ရဲ့မှီရာ ရှိလာရတယ်၊ ဟဒယရုပ်စုဝတ္ထု ဖြစ်ပေါ်လို့လဲ- မနောဝိညာဏ် သိစိတ်ဖြစ်ရန် မနောဒွါရာဝဇ္ဇာန်းစိတ်ရဲ့ရာမှီ ရှိလာရတယ်၊အလုံးစုံ(၂၈)ပါး-ရုပ်တရားဟု အစုဝတ္ထု ဖြစ်ပေါ်ပြုလာတဲ့- ရူပက္ခန္ဓာ-တခုလုံးသည်၊ သင်္ခါရစနက်နဲ့- ထုန္နက်ခါ "ဖြစ်ပျက်" မပြတ်ခြင်းကိုလဲ သိမ်းကြုံး၍၊ တဏှာ-မာန-ဒိဋ္ဌိတို့က အမှီရရှိလာကြတယ်။

ဤသို့- ရုပ်ကလာပ်အစု ဝတ္ထုတွေဖြစ်ပေါ်လို့၊ (ဝါ) အရာဝတ္ထု ရုပ်အစုတွေဖြစ်ပေါ်လို့- ရူပအာရုံ,ရုပ်အာရုံတွေ-အဖုံဖုံမှီစရာဖြစ်လာရတယ်၊ အဲဒီ-ဝတ္ထုအာရုံ-ဝတ္ထုဘူမိ-ဝတ္ထုဘုံလို့ဆိုရတဲ့ ဩကာ-သတ္တ- လောကနှစ်ဖြာထဲမှာဘဲ, သိရင်,ကျက်စားရင်တော့၊ သမုတိသစ္စာ- သမုတိပညတ်နယ်မှာဘဲ- အဆုံးရှိတယ်၊ အမှန်-သင်္ခတ,ပရမတ္ထတရားတို့ ထင်ရှားဆောင်ပြနေတာက၊သင်္ခါရလောကထဲမှာသာ ဖြစ်ပါတယ်၊ သင်္ခါရလောကထဲမှာ ဆောင်တဲ့သဘောကို လက္ခဏာနဲ့လက္ခဏာဝန္တကွဲမှ၊ ပရမတ်သဘောကို ရောက်မယ်၊သင်္ခတသင်္ခါရအစွမ်းကြောင့်ကြောင့်၊ ဩကာ,သတ္တ,လောကနှစ်ဖြာကို သက်ဝင်တဲ့- ဝတ္ထုအာရုံ- ဝတ္ထုဘူမိ-ဝတ္ထာဘုံရယ်လို့- သင်္ခါရလောကထဲကိုကျပြီး၊ ဖြစ်ပျက်တွေပေါင်းစုမိစွမ်းခြင်းကိုစွဲ၍၊ အာရုံဝတ္ထု- မီးဇာစုသဖွယ်-လောကသုံးပါးဝယ်၊တောက်လျှောက်တောက်လောင်၍ ငြိမြစ်ဘွယ်သလို ဖြစ်ပွားကြတယ်၊ အသင်္ခတ,ပရမတ်-နိဗ္ဗာန်မြတ်ကျတော့၊ ဝတ္ထုဘူမိ-ဝတ္ထာဘုံမဟုတ်တော့ဘူး၊ အဝတ္ထုဘူမိ- အဝတ္ထာဘုံသာဖြစ်

တယ်၊ ရုပ်ကလာပ်တွေစုစည်းဖြစ်တဲ့- ဝတ္ထုဘူမိ- ရူပက္ခန္ဓာရယ်လို့- ဒုက္ခသစ္စာနဲ့ယှဉ်စပ်သမျှ သခ်တ ဓါတ်တရားမရှိတော့ဘူး၊ သခ်တ, သခ်ါရ အစွမ်းကြောင့် ဝတ္ထုဘူမိကို- တဏှာ-မာန-ဒိဋ္ဌိနဲ့ ငြိနေသမျှ၊ အဝတ္ထာဘုံဘူမိကို ဘယ်တော့မှ- မျက်မှောက်ပြုနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့်- ဝတ္ထုဘူမိ ဆောင်ရှိစွမ်းရည်- အတုံး,အလုံး,အခဲ,အစု- သုဉ်းဆိတ်သည့်- မိမိသဘော မိမိဆောင်သောကြောင့်၊ "ဓါတ်"လို့ အမည်စွဲပြုတဲ့- ပရမတ္ထအနက်သဘောရောက်ပုံကို၊ ဤသို့ ဝစနတ္ထအားဖြင့် ဖွင့်ဆိုထားပုံ၌- ဝေဘန်ထိုးထွင်း- ဉာဏ်အမြင်ထင်အောင် ရှင်းလင်းကြည့်ပါဦး....။

"ဓါတ္ဝတ္ထောနာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌောနာမ သုညတတ္ထော၊ သုညတတ္ထော- နိဿတ္တဋ္ဌော၊ တသ္မာ- သဘာဝ သုညတနိဿတ္တဋ္ဌေန ပထဝီ ဓါတုယေဝ ပထဝီဓါတူတိ ပထဝီဓါတု။"

ဓါတွတ္ထောနာမ- ဓါတ်မည်သည်ကား၊သဘာဝဋ္ဌော- သဘောဖြစ်သော အနက်သဘောတည်း၊ သဘာဝဋ္ဌောနာမ- သဘောဖြစ်သော အနက် သဘောမည်သည်ကား၊သုညတဋ္ဌော- အတ္တဟူသော အစိုးရသောသူမှဆိတ်သော အနက်သဘောတည်း၊ သုညတဋ္ဌောနာမ- အတ္တဟူသော အစိုးရသူမှဆိတ်သော အနက်သဘောမည်သည်ကား၊ နိဿတ္တဋ္ဌော- သတ္တဝါ မဟုတ်သော အနက် သဘောတည်း၊ တသ္မာ-ထို့ကြောင့်၊ သဘာဝသုညတနိဿတ္တဋ္ဌေန- သဘော အနက်၊ အတ္တဟူသော အစိုးရသူမှ ဆိတ်သောအနက်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သောအနက် သဘောကြောင့်၊ ပထဝီယေဝ- ပထဝီသည်သာလျှင်၊ (ဝါ) ကက္ခဠ လက္ခဏာ, မုဒုလက္ခဏာအားဖြင့် ဆောင်နှင်းခါ၊ ကြွင်းသော ဘူတရုပ်သုံးပါးနှင့် ဉပါဒါရုပ်တို့၏ တည်ရာအဖြစ် ကိစ္စရသရှိသော ပထဝီဓါတ်သည်သာလျှင်၊ဓါတု-ဓါတ်မည်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ပထဝီဓါတု- ပထဝီရုပ်ဓါတ်မည်၏။

ဤသို့၊ ပရမတ္ထအစစ် ဓါတ်အဖြစ်နှင့် ဆောင်နှင်းချက်- သဘော သဘာဝတ္ထအနက်တို့သည်၊ သဘောဟူသောအနက်၊ အတ္တဟူသော အစိုးရသူမှ ဆိတ်သောအနက်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သောအနက်၊ အတုံး အလုံး အခဲ- အထည်, ဒြပ်,သဏ္ဌာန်မှ ဆိတ်သောအနက်အားဖြင့်၊ ပထဝီဟူ၍-မှည့်ခေါ်အပ်သည့် ဓါတ်သဘာဝသည် သခ်တပရမတ်ဖြစ်၍၊အကြောင်းလေးပါးတို့ကြောင့်သာ ကလာပအနေသက်ဝင်ရပြီး၊ ဖြိုလုပ်ဖန်တည်း စီရင်လျှင်ပြီးစေတတ်သည့် သတ္တ-အတ္တ-ဇီဝမပါ၊ သခ်တသခ်ါရ သဘောမျှသာဟု ထိုးထွင်းသိအပ်ရာပါသည်။

ထိုသို့- ထိုးထွင်းသိရန် တွေ့ထိစမ်းသပ်ကြည့်လျှင်-ပထဝီရုပ်ဓါတ် သဘာဝလက္ခဏာကိုသာ သိရတယ်၊ ပရမတ္ထတရားကျတော့— (ဝါ) သညာတ-နိဿတ္တ-နိဇ္ဇီဝသဘောကို ဉာဏ်ချက်ထောက်မိရန်ကျတော့၊ စမ်းသပ်ဆုပ်နယ် တွေ့ထိလို့လဲမရဘူး၊ ချိန်တွယ်လို့လဲမရဘူး၊ ပုံစံသဏ္ဍာန်နဲ့လဲ ပြလို့မရဘူး၊ အရှေအတိုလဲ တိုင်းထွာလို့မရဘူး၊ ပကတိမျက်စေ့နဲ့မမြင်ရလို့လဲ အမဲအမှောင်-အဖြူအလင်းလို့လဲပြလို့မရဘူး၊ ရုပ်ဖြစ်အောင် ဓါတ်အနေနဲ့ဆောင်တတ်တဲ့သတ္တိကိုပေးစွမ်းတတ်တဲ့ သဘောမျှ သက်သက်သည်သာလျှင် ဉာဏ်နဲ့တွေ့မြင်ရမဲ့-တွေ့မြင်ရတဲ့ ပရမတ္ထတရားအစစ်ဖြစ်ပါတယ်။

ဒီတော့-ပရမတ်ရယ်၊ ဓါတ်ရယ်၊ ရုပ်ရယ်၊ ဒြဗ်ရယ်လို့- အဆင့်လေးဆင့်နဲ့ဖြစ်ခိုက်အတွင်းမှာ ဆောင်ခိုက်အရှိ "ဓါတ်"နဲ့၊ ထင်ရှားအရှိ "ပရမတ်"ကိုခွဲခြား၍ သိအောင်-ဆက်နွယ်ပုံကို ပိုင်းခြားရှင်းလင်းကြည့်ဘို့ လိုလာတယ်၊ အဲဒီ, လေးဆင့်ကို မရှင်းလင်းခင်-ဆောင်, ဆိုတဲ့ ဓါတ်သတ္တိကစပြီး၊ ပညတ်မရှိပုံနဲ့ မပျက်မယွင်း သဘာဝအခင်းဖြင့်-ဆောင်ခြင်း ဘယ်ပုံဝင်သည်တို့ကို- ဥပမာနှင့်တကွ ပညတ်တွေ ပယ်နှုတ်ပြီး- အရင်, ရှင်းလင်းကြည့်ကြအုံးစို့....။

(ဥပမာ) သံဖြင့်ပြုလုပ်၍၊ ဓါဘ်ဆီထည့်ခြစ်ရသောကြောင့်၊ ဓါတ်မီးခြစ်ဟု ခေါ်ဆိုရသော- မီးခြစ်ကလေးတလုံးကို၊ လက်ဖဝါးပေါ် တင်ထားပြီးတော့-အနီးမှာရှိတဲ့- သူတွေကိုပြပြီး- ဒါ,ဘာလဲလို့မေးရင်- ဓါတ်မီးခြစ်ပေါ့လို့အားလုံးက ဖြေကြမယ်၊ အဲဒီအဖြေ, မှမှန်ဘူးလားဆိုတော့- မှန်ပါတယ်၊ ဘယ်လိုမှန်သလဲဆိုတော့=အများက, ဓါတ်ဆီထည့်ပြီး မီးခြစ်ရင်- မီးတောက်တတ်လို့- ဓါတ်မီးခြစ်အမည်ခေါ် သမုတ်ထားတဲ့အတိုင်း၊ သမုတိသစ္စာအနေနဲ့-မှန်ကန်ခြင်းသာ ဖြစ်ပါတယ်၊ ဒါဖြင့်- အဲဒီဓါတ်မီးခြစ်ကို- ဇမ်းကြည့်စမ်းပါ၊ ဘယ်လိုနေသလဲမေးရင်-မာတယ်လို့ ဖြေကြမယ်၊ ဘယ်ဟာက- မာတာလဲမေးရင်- မီးခြစ်ကမာတာပေါ့- မာတာဟာ, မီးခြစ်ပေါ့လို့- မလှဲအောင်- စမ်းသပ်တွေ့ထိယုံကြည်မိတဲ့အတိုင်း ဖြေမယ်၊ အမှန်က- ဓါတ်မီးခြစ်ဆိုတာ- ပရမတ္ထသစ္စာအနေနဲ့- ရှိတဲ့တရားမဟုတ်ဘူး၊ မရှိတဲ့ပညတ်တရားသာဖြစ်တယ်၊ ဓါတ်ဆီထည့်၍- ခြစ်ခပ်လို့ မီးတောက်တာကို အစွဲပြုပြီး- ဓါတ်မီးခြစ်လို့ အမည်သမုတ်ထားဒါက- နာမပညတ်၊ လက်ဝါးပေါ်တင်ပြတော့- ပုံစံကလေးနဲ့- ရုပ်စုဘဏ္ဍဒြဗ်ကို မြင်သိရတာက- သဏ္ဍာနပညတ်၊လေးဒေါင့်- ရှေမျောမျောနဲ့-တလက်မ-တလက်မခွဲလောက်ရှိတဲ့ အချင်းအရာစုက- ဃနပညတ်၊ မီးခြစ်အိမ်, အဖုံး, ခွေးသွားစိပ်ဘီးလုံး- စပရိန်-ဝက်အူ-မီးဇာ-ဂွမ်း အစရှိတာတွေပေါင်းပွဲနေတာက-သမူဟပညတ်၊ အဲဒီလို-ခေါ်ဝေါ်ခါမျ-နံမည်၊ ပုံသဏ္ဍာန်၊ အလုံးအခဲ,အပေါင်း

အစုမှန်သမျှ- ထင်ရှားကေန်မရှိတဲ့- ပညတ်ချည်းဘဲ၊ ဘာဖြစ်လို့မရှိတဲ့ ပညတ်လို့ ပြောရသလဲဆိုတော့၊ ပရမတ်လို၊ အဝိပရိတ= မဖေါက်မပြန်- မပျက်စီးတတ်တဲ့ သဘော- သူ့မှာလုံးဝမရှိဘူး၊ ဝိပရိဏာမ= ဖေါက်ပြန်ပျက်စီးတတ်ပြီး ထင်ရှားကေန်- ဉာဏ်နဲ့ဝေဘန် ကြည့်မြင်စရာမရှိခြင်းကြောင့်၊ မရှိပညတ်တရားတွေသာ- အမှန်ဖြစ်တယ်လို့ မုချဆိုရပါတယ်။

ဘယ်ကစပြီး:- မရှိလာတာလဲဆိုတော့၊ မရှိတဲ့လူလို ခေါ်ဝေါ်သမုတ်ခံထားရတဲ့၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားက- ပယောဂါဘိသင်္ခါရဖြင့်- ပြုပြင်စီရင်အားထုတ်လိုက်လို့- အသုံးအဆောင်အဖြစ် သက်ဝင်လာတဲ့- ရုပ်စုဝတ္ထု- ဒြဗ်မှုသာဖြစ်လို့- အစထဲကလဲ မရှိတာအမှန်ဘဲ၊ အဲဒီ- ဓါတ်မီးခြစ်ကို- ဖေါက်ပြန်သလား- မဖေါက်ပြန်ဘူးလားလို့- သူ့ကို ပယောဂါဘိသင်္ခါရနဲ့- ပြန်ပြုပြင်ကြည့်မယ်ဆိုရင်၊ သံဖြင့်ပြီးသော ဓါတ်မီးခြစ်ကို- သံဆုံထဲကိုထည့်- သံကျည်ပွေ့နဲ့ ခပ်နာနာထောင်းပေးပစ်လိုက်ပြီး၊ သံဆုံထဲကဟာတွေကို-လက်ဖဝါးပေါ်ပြန်တင်၊ ခုနက, မီးခြစ်ပါဘဲလို့- မီးခြစ်က မာတယ်လို့ပြောတဲ့သူတွေကို၊ ပြန်ပြပြီး= ခု, လက်ပေါ်ကဟာတွေ- ဘာလဲလို့ ထပ်မေးရင်၊ သံတိုသံစတွေလို့ ပြောမယ်၊ စမ်းကြည့်ပါအုံး- ဘယ်လိုနေသလဲမေးရင်၊ မာတယ်လို့ဘဲ ဖြေမယ်၊ ဘယ်သူက မာတာလဲမေးရင်- သံတိုသံစတွေက- မာတယ်လို့ပြောအုံးမယ်၊ ခုဏက, ဒီလူတွေဘဲ- မီးခြစ်လို့ ပြောခဲ့တယ်၊ ပယောဂါဘိသင်္ခါရကြောင့်- ပုံစံသဏ္ဌာန်ကလေးပျက်စီးသွားတော့- သဏ္ဌာန်ကိုစွဲခေါ်တဲ့-မီးခြစ်ဆိုတဲ့- နာမပညတ်လဲ- ဖေါက်ပြန်ပျက်စီးသွားတယ်၊ တကယ်ရှိ- အဟုတ်ရှိတဲ့-တရားဆိုရင်၊ မဖေါက်ပြန်မပျက်စီးပါဘူး၊ ဒီတော့- မီးခြစ်ဆိုတဲ့ နံမယ်နဲ့- ပုံစံသဏ္ဌာန်ဟာ- မရှိပညတ်တရားဆိုတာ- ထင်ရှားပါတယ်၊ အခု- သံတိုသံစလို့ခေါ်ရတဲ့-အဖြစ်ကို- ရောက်သွားပြန်ပြီ၊ စမ်းကြည့်တော့လဲ- မာတယ်လို့ ပြောပြန်ပြီ၊ အဲဒီ, သံတိုသံစတွေကို လုံထဲထည့်-မီးသွေးပန်းဘဲဖို မီးခဲတွေကြားထဲမှာထားပြီး၊ လေးငါးနာရီလောက်ကြာအောင်- ဖိုဆွဲပေးလိုက်၊ သံတိုသံစတွေ အရေပျော်သွားလိမ့်မယ်၊ ဒီအခါ- လုံကိုဆယ်ပြီး အအေးခံ- အေးတော့, မှောက်ပြီးသွန်ချလိုက်၊ လုံးလုံးကလေးထွက်လာလိမ့်မယ်၊ အဲဒါကို- လက်ဝါးပေါ်ပြန်တင်ကာ- ခုဏက, လူတွေကိုပြပြီး ပြန်မေးကြည့်၊ ဘာလုံးကလေးလဲဆိုရင်- သံလုံးလို့ပြောမယ်၊ စမ်းကြည့်ပါအုံးဆိုရင်၊ မာတယ်လို့ပြောမယ်၊ သံတိုသံစပျက်စီးသွားပြီး- သံလုံးဘဝရောက်သွားပြန်တော့လဲ- မာတယ်လို့ပြောပြန်ပြီ၊ တခါ- သံလုံးကိုလုံထဲ ပြန်ထည့်-လေးငါးနာရီ ဖိုဆွဲပေးလိုက်၊အရည်ပျော်သွားတော့၊ သံမြောင်းကလေးထဲကိုလောင်းချလိုက်၊ အေးသွားတော့- ဇက်ာထုတ်ယူလိုက်ပြီး၊ ခုဏက, လူတွေကို- ထောင်

ကိုင်ပြပြီး- ပြန်မေးရင်း၊ သံချောင်းလို့ ဖြေကြမယ်၊ စမ်းကြည့်ခိုင်းတော့လဲ- မာတယ်လို့ဘဲဖြေကြမယ်၊ အဲဒီ၊ သံချောင်းဘဝကိုတခါ- တံစည်းနဲ့ ကုန်အောင် တိုက်ပစ်လိုက်၊ အောက်က- အခံတ်ခံထား၊ သံမှုန့်ဘဝ ပြောင်းသွားပြန်ပေါ့၊ ခုဏက လူတွေကိုဘဲ- ပြန်ပြီးမေးကြည့်ရင်၊ သံမှုန့်ပေါ့လို့ ဖြေမယ်၊ စမ်းကြည့် ပါအုံးဆိုရင်လဲ- မာတယ်လို့ဘဲ ပြောမယ်။

ကဲ ဆက်ပြီး- စိန္တာမယဉာဏ်လုပ်ကြည့်ရအောင်၊ အစကတော့- မီးခြစ်လို့ခေါ်တယ်၊ မီးခြစ်က မာတယ်လို့ပြောတယ်၊ မရှိတဲ့နာမပညတ်၊ မီးခြစ် ဆိုတဲ့ အမည်နဲ့- ပုံစံသဏ္ဍာန်ပျက်စီးသွားတော့၊ သံတိုသံစဘဝရောက်တယ်၊ သံတို သံစဘဝ ကျပြန်တော့လဲ- မာတယ်လို့ ပြောတယ်၊ သံတိုသံစဘဝကနေ- သံလုံး ဘဝရောက်ပြန်တော့လဲ- မာတယ်လို့ဘဲပြောဘယ်၊ သံလုံးဘဝကနေ သံချောင်း အဖြစ်ရောက်တော့လဲ- မာတယ်လို့ဘဲ- ထပ်ပြောပြန်ပြီ၊ သံချောင်းအဖြစ်ကနေ သံမှုန့်အဖြစ်ရောက်ပြန်တော့လဲ- မာတယ်လို့ဘဲ- ပြောတယ်၊ မရှိပညတ်=မီးခြစ် သဏ္ဍာန်၊ သံတိုသံစအစု၊ သံလုံးအခဲ၊ သံချောင်း- သံမှုန့်ဘဲဆိုတဲ့- သမူဟပညတ် တွေကတော့- ပြောင်းလဲ ဖေါက်ပြန်ပျက်စီးပေမဲ့၊ မီးခြစ်ဘဝတုံးကလဲမာတယ်၊ သံတိုသံစဘဝရောက်တော့လဲ မာတယ်၊ သံလုံးအဖြစ်ကျတော့လဲ မာတယ်၊ သံချောင်းအဖြစ်မှာလဲ မာတယ်၊ အခု သံမှုန့်အဖြစ်မှာလဲ မာတယ်ဆိုတော့၊ မရှိတဲ့ပညတ်တွေသာ- ပြောင်းလဲ ဖေါက်ပြန်ပျက်စီးသွားပြီး၊ ရှိပမတ်- သဘော သဘာဝဖြစ်တဲ့- "မာမှု" ဂုဏ်သတ္တိကတော့ မီးခြစ်၊ သံတိုသံစ၊ သံလုံး၊ သံချောင်း သံမှုန့်အဖြစ်အထိ၊ မဖေါက်ပြန်မပျက်စီးဘဲ၊ မချွတ်မယွင်း၊ မိမိ၏သဘောလက္ခဏာကို မိမိ ဆောင်နှင်းထွန်းပြလျက်ဘဲဆိုတာ- မထင်ရှားဘူးလား....၊ ထင်ရှား ပါတယ်။ အဲဒီလို- ဓါတ်အနေနဲ့ ထင်ရှားဆောင်ပြတတ်တဲ့- သဘောသဘာဝ တရားသည်သာလျှင်၊ ပထဝီရုပ်ဓါတ်၏ အနှစ်- ပရမတ်အစစ်ဖြစ်တယ်။ သမူဟ ပညတ်အစ- ဃနပညတ်အလယ်- သဏ္ဍာနပညတ်ဝယ်အဆုံး၊ နံမယ်တပ် ခေါ်ဝေါ်သုံးတာ မှန်သမျှတွေကတော့၊ လုံးလုံးမရှိတာ၊ ကေန်ပင်၊ ပညတ္တိအတ္ထ- သင်္ကေတသဘောမျှသာ ဖြစ်တယ်၊ မိမိသဘောသဘာဝတ္ထကို- မိမိ၊ မပျက်မယွင်း ဆောင်နှင်းထွန်းပြတတ်တဲ့- ဂုဏ်သတ္တိအစစ်သည်သာ- ပရမတ္ထ သဘောဓမ္မတရား ကေန်မှန်ပေတယ်လို့- ဉာဏ်နဲ့ပိုင်းခြား ဝေဘန်လျက်- ထိုးထွင်း၍ သိအပ်ရာ ပါသည်။

ဒီနေရာမှာ- စောဒနာတခု ဝင်စရာရှိလာတာကို၊ ဓမ္မမာမကတို့ ဘက်က နေပြီး- ပြန်မေးကြဘို့ ကောင်းတယ်၊ ဘယ်လိုလဲဆိုတော့၊ ဉာဏ်နှင့်ပိုင်းခြား၍ ထိုးထွင်းသိအပ်ရာသည်ဆိုတော့၊ပထဝီရုပ်ဓါတ်ပရမတ္ထတရားဟာ၊မာခြင်း-ပျော့

ခြင်းလဲမဟုတ်၊ မာတာ-ပျော့တာလဲ မဟုတ်၊ မာမှု-ပျော့မှုလဲမဟုတ်၊ မာခြင်း, ပျော့ခြင်းဆိုတဲ့ မိမိရဲ့သဘောလက္ခဏာကို မပျက်မယွင်း, ဆောင်နှင်းထွန်းပြတတ်တဲ့ လက္ခဏာရဲ့ ဟိုမှာဘက်မှာရှိတဲ့ သဘောတရားသက်သက် ဂုဏ်သတ္တိသည်သာ-ပထဝီရုပ်ဓါတ်အနှစ်ရဲ့ ပရမတ္ထအစစ်ဖြစ်တယ်လို့တော့ ပိုင်းခြားထိုးထွင်းသိပါပြီ၊ ဒီတော့– အဲဒီ,ပရမတ္ထတရားရဲ့ အကြောင်းရှိစွမ်းရည်- ဂုဏ်သတ္တိကလေးကို၊(ဝါ) ဓါတ်ရဲ့အနှစ် ပရမတ္ထအစစ်ကို တမူးသား, တပဲသား, တရွေးသားလောက် ဖြစ်ဖြစ် ချိန်တွယ်ပေးစမ်းပါ၊ ဒါမှမဟုတ် အတိုအရှေ- တပေ,တလက်မလောက် ဖြစ်ဖြစ်၊ လေးဒေါင့်,သုံးမျှောင့်, အဝိုင်းလို ပုံကလေးနဲ့ ဖြစ်ဖြစ်၊ မဲသလား, ဖြူသလား, ဝါသလား,ပြာသလားဘဲ ဖြစ်ဖြစ်၊ မီးခိုးငွေ့- ရေငွေ့ ကလေးလို ဖြစ်ဖြစ်၊ တိုးဝှေ့ပြ-တိုက်လှင့်ပြတဲ့ လေလိုဘဲဖြစ်ဖြစ်၊ သရုပ်သကောင်ကလေးနဲ့၊ ချိန်တွယ်တိုင်းတာ,ပုံစံလွှာနဲ့ အဖြူအမဲ- သဲကွဲသွားအောင် နဲနဲလောက် ပေးစမ်းပါဗျာ၊ ပြစမ်းပါဗျာ၊ ကိုင်တို့ကြည့်ရမလား၊ မြင်တွေ့ ကြည့်ရမကား၊ ကြားတွေ့နဲ့ နားထောင်ကြည့်ရမလား၊ နံတွေ့နဲ့ နမ်းရှုကြည့်ရမလား၊ စားတွေ့နဲ့ လျက်ကြည့်ရမလားလို့ ကျွန်တော်တို့ ယုံမှား ကင်းသွားလောက်အောင်တော့ သက်သေ ထူစေချင်ပါသေးတယ်လို့ စောဒနာ ဆိုလာရင်တော့၊ အထက်က ပြောခဲ့သလိုပါဘဲ၊ ချိန်တွယ်,တိုင်းထွာ- ပုံစံလွှာနှင့် အတိုအရှေ- အမဲအဖြူ အနေနဲ့တော့ ဓါတ်ရဲ့ အနှစ် ပရမတ္ထ,သဘောဓမ္မတရားအစစ်ကိုတော့ ပြလို့မဖြစ်ပါဘူး၊သရုပ်သကောင်သဏ္ဌာန်အနေ ထင်ရှားတဲ့တရား မဟုတ်ပါဘူးလို့ ဆိုအပ်ပါတယ်၊ "ဒါဖြင့်ဗျာ-အဲဒီလို သရုပ်သကောင်အနေနဲ့ မပြနိုင်ရင်၊ ပရမတ္ထ-အဝိပရိတ= မဖောက်မပြန်ထင်ရှားကေန်ရှိတယ်ဆိုတဲ့ သဘောသဘာဝတရားဟာ ရှိတယ်သာဆိုပြီး မပြနိုင်ရင်တော့- ရှိမှရှိရဲ့လားဗျာ၊ ကောင်းကင်ကိုဆုပ်ကိုင်လို့ မရသလို အဘာဝပညတ်များ ဖြစ်မနေဘူးလားလို့ စောဒနာထပ်တင်ပြီး မေးပြန်ရင်တော့....၊

ထင်ရှားကေန် မဖောက်မပြန်ရှိတာတော့ မှန်ကန်ပါတယ်၊ အဲဒီလို ကပ်သီးကပ်သပ်, မေးမှ-မေးတပ်ပလေ၊ ဓမ္မမာမကတွေကို ရိုးရိုးကလေး, ပြန်အဖြေပေးရရင်တော့၊ "ပရမဿအတ္တော ပရမတ္တော" အရ၊ ပရမဿ- မြတ်သောဉာဏ်၏၊ အတ္တော-ကျက်စားရာ အာရုံတည်း၊ ပရမတ္တော- မြတ်သောဉာဏ်၏ ကျက်စားရာ အာရုံတည်းဟု ဖွင့်ဆိုသည်နှင့်အညီ၊ ဉာဏ်မပါဘဲနဲ့သိမြင်သော ၆ါးအာရုံသိစိတ်၊ သဥ္ဓာနာတိ- မှတ်စိတ်-သညာသိမျိုးနဲ့သိအောင် သရုပ်သကောင်တော့ မရှိပါဘူး၊ အဲဒီ, သရုပ်သကောင် ပညတ်ဘောင် သဘောတွေကို ပယ်နှုတ်ပြီး၊ ပဇာနာတိ=ပညာသိကိုဖြစ်စေတဲ့ မနောဝိညာဏ်, ဉာဏ်သိနဲ့မှ- သိလို့ရလို့-ပညတ်ပယ်လတ် မြတ်သောဉာဏ်တို့၏ ကျက်စားရာ အဖြစ်နဲ့သာ ပိုင်းခြားဝေဘန် ထိုး

ထင်းသိနိုင်တာဖြစ်လို့- သရုပ်သကောင်ဆောင်သည် မရှိသော်လည်း၊ မြတ်သော ဉာဏ်နဲ့ ထင်ရှားရှိပုံကို- ဉာဏ်သိနဲ့ သာသိနိုင်သော- ပရမတ္ထ တရားသာ ဖြစ်ပါတယ်လို့ ပိုင်းခြားသိမှတ်- ယုံကြည်စေအပ်ပါတယ်။ ထို့ကြောင့်—

"ပရမော ဥတ္တမော သန္တော သံဝိဇ္ဇမာနော အတ္ထော ပရမတ္ထော" လို့ ဖွင့်ဆိုချက်မှာ ...

အဝိပရိတော- မဖေါက်မပြန်သော၊ သန္တော သံဝိဇ္ဇမာနော- ထင်ရှားကေန်ရှိသော၊ ပရမော ဥတ္တမော- မဖေါက်မပြန်၍မြတ်သော၊ (ဝါ) မြတ်သော ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်၍ မြတ်သော၊ အတ္ထော- အနက်သဘောသည်၊ (ဝါ)သဘောဟူသော အနက်သည်၊ ပရမတ္ထော- မဖေါက်မပြန် ထင်ရှားကေန်ရှိသော- ပရမတ်သဘောတည်း။ ။လို့—ဋီကာကျော်ဖွင့်ဆိုချက်နှင့်အညီ၊ ပညတ်ခွါလှစ်- မြတ်သောဉာဏ်နဲ့ ကျက်စားလို့ဖြစ်တဲ့၊ (ဝါ) စိန္တာမယဉာဏ်နှင့်- မနသိကာရေန္တဿ- ဗဟုလီကတဿ, တိုင်အောင် ခွဲစိတ်ကြံ၍ ဉာဏ်ချက် ထောက်မိပြီး ဖြစ်ခဲ့,ရခဲ့၊ သဘောပေါက်နိုင်ခဲ့ပြီဖြစ်ပါ၍၊ စောဒနာချက်, သရုပ်သကောင်စွက်ပြီး ပြုနိုင်ကွက် မရှိတာတော့ အမှန်ပါဘဲ၊ အဲဒီလို မပြန်နိုင်တိုင်း, မဖေါက်မပြန် ကေန်မရှိဘူးလို့ မငြင်းဆို မအောက်မေ့- မယူဆပါနဲ့တော့၊ဒါမှ-မကျေနပ်သေးရင်လဲ ဥပမာကလေးနဲ့ ဓမ္မမာမကတွေကို ထပ်ဆင့်ပြန်ပြီး မေးကြည့်လိုက်ပရစေ။

ဓမ္မမာမက,တို့ တတွေရဲ့ အရပ်ထဲမှာ၊ မောင်အေးဆိုတဲ့ သူငယ်တယောက်ရှိတယ်ဆိုကြပါစို့၊ မောင်အေးကို တရပ်ကွက်လုံးက အလွန်သဘောကောင်းတဲ့ မောင်အေးဘဲလို့ ဓမ္မမာမက အပါအဝင် အများကယူဆပြီး ကင်ပွန်းတပ်ပေးထားကြတယ်၊ မောင်အေးဟာ- တရပ်ကွက်လုံးနဲ့ လိုက်လျောညီထွေရှိပြီး၊ ပရဟိတ, လုပ်ငန်းတွေကိုလဲ လုပ်လေ့လုပ်ထ ရှိတယ်၊ မည်သည့် လူကြီး, သူမတို့ရဲ့ စကားကိုမဆို နားထောင်လျက် ထထ,ကြွကြွ ရိုရိုသေသေ, လေးလေး, စားစား ဆက်ဆန်တတ်ပြီး၊ သဘောအလွန်ကောင်း, ပျော့ပြောင်းတဲ့ နှလုံးသားရှိတာလဲ အမှန်၊ အဲဒီလို- ဓမ္မမာမကတို့အရပ်မှာရှိတဲ့ မောင်အေးသဘောကောင်းတာကို၊ အများနည်းတူ- ဓမ္မမာမက,ကလဲ ယူမှတ်ထောက်ခံပြီး၊ ဟုတ်တာပေါ့-ဒို့အရပ်ထဲက မောင်အေးပါလို့ ယုံကြည်စိတ်ချစွာယူပြီး ပြောဆိုလာရင်၊ ဓမ္မမာမကဆီမှာ-ထပ်ပြီး မေးလိုက်ပါရစေ၊ မောင်အေး သဘောကောင်းတာ အမှန်ဆိုရင်၊ အဲဒီ- မောင်အေး သဘောကောင်းတာကလေးကို သိရအောင် သူများလဲ ပြနိုင်အောင် တမူးသား, တပဲသားလေးလောက် ချိန်တွယ် ပေးစမ်းပါ၊ ပုံစံသဏ္ဍာန်လေးနဲ့ဖြစ်ဖြစ် ပြစမ်းပါ၊ဘယ်နှစ်ပေ, ဘယ်နှစ်လက်မလောက် သဘောကောင်း

သလဲလို့လဲ တိုင်းပေးစမ်းပါ၊ လေးဒေါင့်လား၊ သုံးမျှောင့်လား၊ အဝိုင်းကလေးလားလို့လဲ ပြစမ်းပါလို့ဆိုရင်၊ မောင်အေး သဘောကောင်းတာကို ဘယ်လိုလုပ်ပေး၊ ဘယ်လိုလုပ်ပြမလဲ၊ ဒီတော့ မမ္မာမက,က- မောင်အေး သဘောကောင်းတာကတော့ဖြင့် အမှန်ပါဘဲ၊ ဒီလိုတော့- သရုပ်သကောင်နဲ့ ပြစရာမရှိပါဘူးဗျာ၊ ဘယ်သူ့ မေးကြည့်, မေးကြည့် မောင်အေး သဘောကောင်းတာအမှန်လို့တော့ ဆုံးဖြတ်ပြောကြမှာ အမှန်ပါဘဲဗျာသို့ ပြောရုံကလွဲပြီး၊ သရုပ်သကောင် ပြစရာမရှိ ဖြစ်မနေပေဘူးလား၊ ဒါဖြင့်-မမ္မာမကတို့ အများကပြောကြပေမဲ့ မောင်အေး သဘောကောင်းတယ်ဆိုတာကို ဒီလိုမှ မပြနိုင်ရင် မယုံဘူးဗျာလို့ဆိုရင်၊ "လက်တွေ့တော့ မပြနိုင်ဘူးဗျာ၊ သူ့သဘောထားနဲ့ ဆောင်ရွက်တာတွေကို စေ့ကြည့်ပေတော့လို့- ပြောရုံဘဲရှိတော့မယ်၊ ဒီတော့မှ- မယုံရင်မယုံတဲ့အသျောက် မောင်အေးရဲ့ ဆောင်ရွက်မှု အမူအရာတွေကို ဆန်းစစ်ပြီး စေ့ကြည့်တော့၊ အများသူငါနဲ့ ဆက်ဆန်ဆောင်ရွက်ပုံတွေမှာ-မောင်အေးရဲ့ ယဉ်ကျေးလိုက်လျော ပျော့ပြောင်းတဲ့ သဘောထားတွေကို တွေ့ရတော့မှ- ဟုတ်ပီဗျို- မောင်အေးကတော့ တကယ့်ကို သဘောကောင်းတဲ့ ကောင်လေးပါဘဲလို့ ယုံကြည်လာနိုင်တယ်။ယုံကြည်စရာ အမှန်တွေ့ရတာလဲ-တကယ်မုချ အမှန်ဖြစ်သလို ...

ပထဝီရုပ်ဓါတ်- ပရမတ္ထ- သဘောသဘာဝတ္တ တရား၏ မဖေါက်မပြန်ထင်ရှားကေန် ဆောင်တတ်တဲ့ ဂုဏ်သတ္တိသဘောအဆီကို၊ ပညတ်ခွါလှစ်-ဉာဏ်နဲ့ကျက်စားမိအောင် အထက်ကပြသသကဲ့သို ဗဟုလီကတဿ လုပ်ပေးရင်တော့ (ဝ၁) မောင်အေး သဘောကောင်းတာ မယုံ၍ ဆန်းစစ် စေ့ကြည့်ဘိသလို၊ ပဇာနာတိ- ပညာဉာဏ်သိဖြစ်အောင် လုပ်ပေးရင်တော့၊ ဓမ္မမာမကတို့၏ မြတ်သောဉာဏ်နဲ့ ပထဝီဓါတ်ရဲ့ လက္ခဏာမှ- လက္ခဏာဒ္တ- သဘောဓမ္မကို၊ ပိုင်းခြားဝေဘန် ထိုးထွင်းဉာဏ်နဲ့ ေကန်မြင်ပြီး စေဒနာလဲပျောက် ယုံကြည်သဘောပေါက်မည်မှာ- မလွဲတော့ပါပေ။

ဒီနေရာမှာ၊ ထပ်ဆင့်၍ သဘောပေါက်အောင်၊ နှိုင်းယှဉ်ချက်နဲ့ ရှင်းလင်းကွက်တခု ပြပေးပါဦးမည်၊ လက္ခဏာမှ- လက္ခဏာဝန္တတိုင်,ပေါက်မြောက်နိုင်အောင်ဆိုတဲ့ သဘော၌၊ လက္ခဏာသည် သဘာဝလက္ခဏာဖြစ်ခြင်းကြောင့်၊ သ=အကြောင်းနှင့်တကွ၊ ဘာဝ=ဖြစ်ထွန်းယဖြစ်ခြင်းကို၊လက္ခဏာ=ပထဝီရုပ်၏ မာခြင်း,ပျော့ခြင်း,ထွန်းပြဆောင်နှင်းသော ဓါတ်သဘောသည်၊ လက္ခဏာမည်၏-ဟု,ဆိုခြင်းကြောင့်- အစဉ်စမ်းသပ်တိုင်း,တွေ့ထိအပ်သည့် မာမှု, ပျော့မှု-

ဆောင်တတ်ခြင်းသဘာဝသည် "ဓါတ်"မည်၏ (ဝါ)သဘာဝလက္ခဏာသည် "ဓါတ်"၏ ဆောင်ခြင်းမည်၏။

လက္ခဏာဝန္တ, ဆိုသည်မှာ၊ သဘာဝလက္ခဏာကို- ဆောင်ခြင်း"ဓါတ်"၏- မိမိသဘောမိမိ- မပျက်မယွင်းဆောင်စေတတ်သော- အကြောင်းရှိစွမ်းရည် ဂုဏ်သတ္တိသည်- လက္ခဏာဝန္တ- ပရမတ္ထတရားကိုယ်, သဘောဓမ္မဖြစ်၏။ (ဝါ) ဓါတွတ္ထောနာမ-သုညတဥ္စော= ဓါတ်၏သဘောဟူသော- အနက်သည်၊ လက္ခဏာဝန္တ, ပရမတ္ထမည်၏။ (ဥပမာ) သီလ= ဒုစရိုက်, ဒုရာဇီဝတို့မှ- ကြဉ်ရှောင်စောင့်စည်း, စောင့်ရှောက်- ကုံလုံပြည့်စုံစေခြင်း- "အာဇီဝဋ္ဌမက"သဘာဝသဘောသည် သီလမည်၏၊ သီလဝန္တ= ထိုသီလနှင့် ပြည့်စုံကုံလုံသော- သီလက္ခန္ဓဖြစ်သော၊ (ဝါ)သီလတရားကိုယ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်- သီလဝန္တမည်၏။ ထိုကဲ့သို့- သဘာဝလက္ခဏာသည်- ဓါတ်သဘောအလျောက်, ဆောင်တတ်ခြင်းကြောင့်- ဓါတ်သဘာဝ, လက္ခဏာမည်၏၊ လက္ခဏာဝန္တသည်- ထိုဓါတ်သဘာဝလက္ခဏာကို- ပြည့်စုံစေတတ်သော (ဝါ)ဓါတ်သဘာဝလက္ခဏာ၏ဂုဏ်သတ္တိ, အစဉ်ရှိသော— သဘောဓမ္မ၏- စွမ်းရည်ထူးသည်- လက္ခဏာဝန္တဖြစ်၏,ဟု- သီလနှင့်, သီလဝန္တ= ဥပမာကဲ့သို့၊ လက္ခဏာ, ဓါတ်နှင့်- လက္ခဏာဝန္တ, ပရမတ္ထသဘောဓမ္မကို- ခွဲခြားသိအပ်နိုင်ပါပြီ ဖြစ်၍၊ စာဒနာ အရပ်ရပ်= ပြေလည်အပ်ပြီးသည့်၊ မြတ်သောဉာဏ်ဖြစ်ခွင့်ကို- အရပိုင်နိုင်, သိရှိနားလည်မှု ကြိုင်လှိုင်စွာဖြင့်- ပရမတ္ထဉာဏ်အမြတ်ကို- ရယူနိုင်လောက်ပါပေပြီ ဖြစ်ပါတော့သည်။

ကဲ....ဒီတော့- ပထဝီရုပ်ဓါတ်၏- သဘာဝယုတ္တိပြီးမြောက်အောင်- ရှေ့ဆက်ပြီးသွားကြအုံးစို့၊ ဘာဖြစ်လို့လဲဆိုတော့၊ အထက်က, ပြသပေးခဲ့တဲ့— မီးခြစ်ကနေ- သံတိုသံစ၊ သံတိုသံစကနေ- သံလုံး၊ သံလုံးကနေ- သံချောင်း၊ သံချောင်းကနေ- သံမှုန့်အဖြစ်ရောက်သွားသည့်တိုင်အောင် အတွင်းမှာ၊ အဝိပရိတ, ပုဒ်အရ= မဖောက်မပြန်- မိမိလက္ခဏာကိုမိမိ- ဆောင်နှင်းတဲ့- သဘောသဘာဝတ္တဂုဏ်သတ္တိကလေးဟာဖြင့်- ပရမတ္ထတရား၏ အရှိသဘောဓမ္မလို့- ဉာဏ်ရောက်ခဲ့ပြီ၊ ဒါပေမဲ့— သံမီးခြစ်ကနေ- သံမှုန့်အထိ၊ သံဆိုတဲ့နာမယ်ကလဲ မပျောက်၊ အမှုန့်တွေဆိုတဲ့= သမူဟပညတ်ကလဲရှိသေးတော့၊ အဲဒီ-ပညတ်တွေ အကုန်ပျောက်တဲ့ဆီတိအောင်- ဆက်ပြီး-ဉာဏ်ချက်ထောက်လို့- မျက်မှောက်ပြုနိုင်အောင်- ရှာဖွေရေး, ဆက်လုပ်ကြည့်ကြပါစို့....။

အဲဒီ- သံမှုန့်တွေကို- လုံခပ်ကြီးကြီးတလုံးထဲကိုထည့်၊ ပြီးတော့= ဆေးဒန်းရယ်, ကန့်ရယ်, ယမ်းစိမ်းရယ်, ဒုတ္ထာရယ်, သတ္တုက္ခတ္တုံရယ်ကို- သံမှုန့်နဲ့

ဆတူစီထပ်ထည့်-အပေါ်က လုံတလုံးကို မှောက်ပြီးအုပ်၊ လေလုံအောင်- ရွှံ့စေး နဲ့- ဇော်ဂျီမံ့, မ်ပေးလိုက်၊ မီးရဲနေတဲ့- ဖိုထဲကိုထည့်၊ မီးသွေး(၁၂)ခါထည့်ပြီး (၁၂)မီးလောက်ကုန်အောင်ထိုး၊ ထိုးပြီးရင်, ဖိုထဲမှာဘဲ အအေးခံထား၊ အေးပြီ ဆိုတော့- သံပြင်ပေါ်ကို- လုံကလေးမှောက်သွန် ခါချလိုက်၊ ပုံနေတဲ့ ချော်တုံး ကလေး, သံပြင်ပေါ်ရောက်လာမယ်၊ ပြီးတော့- ငါးပေါင်ဘူ ဖင်ပိုင်းနဲ့- မထု နဲ့၊ အသာကလေးဖိပြီး-ရွှေ့တိုးနောက်ငင် လုပ်ခါ ကြိတ်ပေးလိုက်၊ ချော်တုံး ကလေးမှုန့်မှုန့်ညက်ညက် ကြေသွားလိမ့်မယ်၊ အဲဒါကို- သံပြားပါးကလေးတခု နဲ့ခြစ်ပြီး- စက္ကူထူထူထဲကိုထည့်၊ သံမှုန့်က, မာတယ်လို့ ပြောတဲ့လူတွေ ရှေ့ယူ သွားပြီး၊ စက္ကူနဲ့ထုပ်ထားဒါ ဖြေပြလိုက်၊ ဘာလဲလို့မေး = ခင်ဗျားဟာ- ပျာ တွေထုပ်ယူလာတာပါ၊ပျာတွေပေါ့လို့- ပြောမှာအမှန်ဘဲ၊ သမုတိသစ္စာ, အမှန် ကလဲ- သံမှုန့်အဖြစ်က- ပြောင်းသွားတဲ့ ချော်တုံးကို အမှုန့်ဖြစ်အောင်- ပယော ဂါဘိသင်္ခါရနဲ့- လုပ်လိုက်တော့- ပျာဖြစ်သွားတာကိုး၊ ကဲ—သံဆိုတဲ့နံမယ်လဲ မရှိတော့ဘူး၊ အမှုန့်လို့ခေါ်ရတဲ့- သမူဟပညတ်လဲ မရှိတော့ဘူး၊ ပျာအဖြစ်ကို ရောက်သွားပြန်ပြီ၊ ပျာထုပ်ထဲက- ပျာစုကလေးထဲ- လက်ညှိုးထိုးပြီး စမ်းကြည့် ပါဆိုတော့၊ နူးညံ့တယ်, ပျော့တယ်လို့- ပြောရတဲ့ အဖြစ်ရောက်သွားပြန်ပြီ၊ ဒီ, နူးညံ့ ပျော့ပြောင်းတာလဲ- ပထဝီရုပ်ဓါတ်ရဲ့- လက္ခဏာ ဆောင်နှင်းချက် တရပ်ဘဲဖြစ်တယ်၊ ကလာပ်ကလေးတခုစီ, သဘောရောက်သွားရအောင်- ပျာ ဘဝ, ပျာအဖြစ်နဲ့- ခဏရပ်ထားပြီး- ရုပ်ကလာပ်တို့ရဲ့ မြူသဘောဆီကို သွားကြ အုံးစို့ ..။

## မြူလေးမျိုး

(၁) ရထရေမြူ။
(၂) တဇ္ဇာရီမြူ။
(၃) အဏုမြူ။
(၄) ပရမာဏုမြူ = ဟူ၍၊ မြူလေးမျိုးရှိပါသည်။

(၁) ရထရေမြူ။ ။နွေကာလ-စပါးရိတ်သိမ်းပြီးချိန်၊ လှည်းမောင်း လို့- လှည်းလမ်းကြောင်း- ကောင်းကောင်းပေါ်တဲ့- တပေါင်း, တံခူးမှာ၊ လှည်းလမ်းကြောင်းထဲက၊ ဖုံမှုန့်တွေ-လှည်းနောက်ကို တထောင်းထောင်းထပြီး လှည်းရှိန်ဟတ်သလောက်, ပျံ့လွှင့်ထကြွခါ- တက်တက်မလာဘူးလား၊ ဒါကိုဘဲ ဖုတ်တွေ တထောင်းထောင်းထနေအောင်- အတော်အသွား ကောင်းတဲ့- နွား လှည်းဘဲလို့ မပြောကြဘူးလား= ပြောကြတယ်၊ အဲဒီလို- လှည်းလမ်းပကြောင်း

က- တထောင်းထောင်းထပြီး ပျံ့လွင့်တက်ကြွလာတဲ့- ဖုံမှုန့်ပမာဏကို ရထရေမှု လို့ ခေါ်တယ်။ အဲဒီ- ရထရေမှုမှာ= အဝိနိဗ္ဘောဂရုပ်ဆိုတဲ့၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-ရုပ်ဓါတ်ဖြစ်သည့်၊ အဋ္ဌကလာပ ရုပ်ကလာပ်စီးပေါင်း (၄၂၄၄၆၂၅) စီး- ပါရှိတယ်၊ ရထရေမှုတခုမှာ- ကလာပ်စီးပေါင်း, ဘယ်လောက်ရှိသလဲမေးရင်= လေးသန်း, နှစ်သိန်း, လေးသောင်း, လေးထောင်, ခြောက်ရာ, နှစ်ဆယ်, ငါးစီး- ရှိပါတယ်လို့- ဖြေနိုင်, ရမယ်= သိထားရပါမယ်။

(၂) တဇ္ဇာရီမှု။ ။တဇ္ဇာရီမှုဆိုတာကတော့၊ အထက်က, ပြဆိုခဲ့တဲ့၊ ရထရေမှုကို၊ (၃၆)သုံးဆယ်နဲ့ခြောက်စိပ်, စိပ်၊ တစိပ်စာရှိတဲ့ မှုကို တဇ္ဇာရီမှုလို့ခေါ်တယ်၊ ရထရေမှုကို (၃၆)စိပ်, စိပ်တော့- ဘာနဲ့စိပ်ရမလဲ၊ ဉာဏ်သိနဲ့စိတ်ရမယ်၊ တစိပ်စာမျှရှိတယ်ဆိုတဲ့- ရထရေမှုထက် (၃၅)ဆယ်သော မှုအဖြစ်ကို ရောက်သွားတယ်၊ အဲဒီ, တဇ္ဇာရီမှုကိုတော့- သာမာန်မျက်စေ့နဲ့ (ဝါ)ပကတိ- ပသာဒစက္ခုနဲ့- အမြဲတစေ မမြင်ရဘူး၊ တခါတရံ- ထရံကြို, ထရံကြား, အိမ်ခေါင်မိုးပေါက်ကလေးများကနေပြီး၊ ကိုးဝင်လာတတ်တဲ့-နေရောင်ခြည်အမျှင်တန်းကလေးတွေ- ဖြစ်ပေါ်တတ်တယ်၊ အဲဒီ- နေရောင်ခြည်တန်းကလေးထဲကို၊ အလင်းရောင်ရဲ့ ဆန့်ကျင်ဘက်ကနေ- အလိုက်သင့်, ကြည့်နေလိုက်မယ်ဆိုရင်၊ အခန့်သင့်ရင် တွေ့ရတတ်တယ်၊ နောက်ပြီး- ရုပ်ရှင်ဆလိုက်မီးရောင်ခြည်ထဲမှာ၊ ဆလိုက်မီးမောင်းများ ထိုးထားတဲ့ ရောင်ခြည်ထဲမှာလဲ၊ ကလာပ်မှုန်, ကလာပ်မွှားကလေးတွေ- ကစင့်ကလျား- ပြေးလွှားနေတာကို တွေ့ရတတ်တယ်၊ အဲဒီ- မှုတွေကတော့- ရထရေမှုထက် (၃၅)ဆ, ငယ်တဲ့- တဇ္ဇာရီမြူလို့- ဉာဏ်နဲ့ခွဲစိပ်ပိုင်းခြားသိမှတ်ရမယ်။ အဲဒီ, တဇ္ဇာရီမြူဟာ- ရထရေမြူထက် (၃၅)ဆ, ငယ်တယ်ဆိုတော့- အဋ္ဌကလာပ, ကလာပ်စီးပေါင်း (၄၁၂၃၃၅၀) လျော့သွားပြီး၊ တဇ္ဇာရီမြူမှာ- ကလာပ်စီးပေါင်း (၁၂၁၂၇၅) တသိန်း, နှစ်သောင်း, တထောင်, နှစ်ရာ, ခုနစ်ဆယ်, ငါးစီးဘဲရှိတော့တဲ့- အဖြစ်ကို ရောက်သွားတယ်လို့- ပိုင်းခြား,သိမှတ်ရပါမယ်။

(၃) အဏုမြူ။ ။အဏုမြူဟာလဲ၊ အထက်က, ရထရေမြူလိုဘဲ၊ တဇ္ဇာရီမြူကို (၃၆)သုံးဆယ့်ခြောက်စိပ်, စိပ်၊ တစိပ်စာမျှရှိတဲ့ မြူကို- အဏုမြူလို့ခေါ်တယ်၊ ဉာဏ်နဲ့စိပ်ကြည့်ပြီးတော့၊ တဇ္ဇာရီမြူထက်(၃၅)ဆ, ငယ်တဲ့ မြူဟာ- အဏုမြူလို့ ဉာဏ်နဲ့ဘဲ ပိုင်းခြားသိပါ၊ သူ့ကျတော့- ပကတိ, ပသာဒစက္ခုဆိုတဲ့- သာမာန်မျက်စေ့နဲ့မပြောနဲ့၊ အဆ, တသိန်းချဲ့ထားတဲ့- မှန်ဘီလူးနဲ့တောင် ကြည့်လို့မမြင်ရတော့ဘူး၊ ဒိဗ္ဗစက္ခုဆိုတဲ့- စျာန်အဘိညာဉ်- မျက်စေ့

နဲ့တော့ မြင်နိုင်သေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့- တရံတခါ- နေရောင်ခြည် တန်းထဲမှာ- အဆင်သင့်မှ- မြင်နိုင်တဲ့ တဇ္ဇာရီမြူမှာပါတဲ့ ကလာပ်စီးတွေထဲက မြူကလေးတခုကို(၃၆)စိပ်, စိပ်ပြီး၊ တစိပ်စာသာရှိရတော့- ကလာပ်စီးပေါင်း (၁၁၇၁၁၀) တသိန်း, တသောင်း, ခုနစ်ထောင်, ရှစ်ရာ, တဆယ်, စီးတောင်, လျော့သွားလို့ဘဲ ဖြစ်တယ်၊ အဲဒီလို- တသိန်း, တသောင်းကျော်- ကလာပ်စီး တွေ လျော့သွားတော့၊ သူ့ မှာ ရှိ တော့ တဲ့- အဋ္ဌကလာပ, ကလာပ်စီးက (၃၄၆၅)သုံးထောင့်, လေးရာ, ခြောက်ဆယ်, ငါးစီးဘဲ ရှိတော့တယ်။ အမည် အားဖြင့်လဲ- အဏုမြူလို့ခေါ်ရတဲ့- အဖြစ်ကို- ရောက်သွားပြီလို့- သိမှတ်ရ ပါမယ်။

(၄) ပရမာဏုမြူ။ ။ပရမာဏုမြူကလဲ= အဏုမြူကို (၃၆) သုံး ဆယ့်ခြောက်စိပ်,စိပ်၊ တစိပ်စာမျှရှိတဲ့ မြူကိုဘဲ၊ ပရမာဏုမြူလို့- ခေါ်တယ်။ အဲဒီ-ပရမာဏုမြူကလေးတလုံးကျတော့- ကလာပ်စီး (၉၉)စီးမျှဘဲ ရှိတော့ တယ်၊ အဲဒီလို- သေးငယ်ဆုံး- ပရမာဏုမြူကလေးတလုံးကိုတော့- ဘယ်သူမှ ဘယ်နည်းနဲ့မှ မမြင်နိုင်တော့ဘဲ၊ သဗ္ဗညုတဉာဏ်ရှင်- ဘုရားသခင်ရဲ့- ဉာဏ်တော် အရာတော်သာ ဖြစ်ပါတယ်၊ သူ့မှာလဲ ပရမာဏုမြူလို့- ခေါ်ရတဲ့- ဝိဇ္ဇာမာန, ပညတ်တပ်လို့ရအောင် (၉၉)စီးဆိုတဲ့- သမူဟပညတ်ကလေး ရှိနေသေးတယ်။ ဒါကြောင့်- ယောဂါဝစရပုဂ္ဂိုလ်=ယောဂီတို့ရဲ့ ဉာဏ်ဝမှာ- ပရမာဏုမြူကလေး တလုံးခံနေရင်၊ မဂ်ဉာဏ်ရဘို့- မြင့်မိုရ်တောင်ကြီး ပိတ်ကာဆည်းထားသလိုပါ ဘဲ၊ သုညတဝိမောက္ခ- မရနိုင်အောင် ဖြစ်ရှိစေတတ်ကြရတယ်။

ပရမာဏုမြူမှာ၊ ကလာပ်စီးပေါင်း (၉၉)စီးသာရှိပြီး၊ အဏုမြူထက်- ကလာပ်စီးပေါင်း (၃၃၆၆) သုံးထောင်, သုံးရာ, ခြောက်ဆယ့်, ခြောက်စီး- ရှေ့နည်းသေးငယ်တဲ့- ကလာပ်အစု မြူအားဖြင့်-လောကဓါတု လောကဓါတ် ကြီးတခုလုံးကို- မြူမှုန့်ကလာပ်စုအနေနဲ့၎င်း၊ အဋ္ဌေ ကလာပ်စုအနေနဲ့၎င်း၊ အရှိန်ကလာပ်စုအနေနဲ့၎င်း၊ ဥတုနိယာမအလိုက်၊ ဩကာသလောကကြီးကို၊ သယံဇာတ, အနေအားဖြင့်၊ ဓါတ်စု- ဓါတ်ပေါင်း- ဓါတ်စင်အဖြစ်နဲ့ ရုပ်အစု ဝတ္ထုဒြဗ်အသီးသီးကို- ပြောင်းလဲ- ဖြစ်ပေါ်စေတတ်တဲ့၊ ပျံ့လွင့်, ပြေးကပ်, ရွေ့ရှား, ဆက်စပ်တတ်ပြီး၊ လောကဓါတု- ရုပ်ဓမ္မ၏ နိယာမ- ဓမ္မတာအဖြစ်- မြဲသောအစဉ်အလာ- ကလာပ်စုဖြစ်ပါတယ်၊ အနိန္ဒြိယဗဒ္ဓရုပ်ကလာပ်ဖြစ်လို့- သူ့ကို အစိုးတရ ပြုပြင်စီရင်နိုင်စွမ်း, တရားနှင့် မယှဉ်စပ်သဖြင့်- မကဲ့နိုင်တဲ့- ကလာပ်စုဖြစ်ရတော့တယ်။ သတ္တလောက- သင်္ခါရလောကကျတော့၊ ဣန္ဒြိယ ဗဒ္ဓရုပ်ကလာပ်တွေဖြစ်လို့- ဗီဇနိယာမ,ကမ္မနိယာမ, စိတ္တနိယာမ, အရ၊ ကလာပ်

စီး(၉၉)စီးထက်၊ လျော့၍ ဖြစ်စေ၊ အရှုပဘုံ၌ လုံးဝမပါမရှိဘဲ ဖြစ်စေ၊ ကံသည်ပင်လျှင် "ဣန္ဒြိယဌ"အားဖြင့်၊ အစိုးရသောတရားအဖြစ်၊ ဇီဝိနိယာမကို-မကျော်လွန်နိုင်ဘဲ၊ ဓမ္မနိယာမနှင့် မကွေမကွာဖြစ်ကြရပါတယ်။ ဥပပတ္တိ- ပဋိသန္ဓေဇာတိကျတော့- ကံအလျောက် ရုပ်ကလာပ်တွေ- တပြိုင်နက် သတ္တဝါလို့ ရေတွက်ခြင်းခံရအောင် ဖြစ်ပွားပေါ်ပေါက်ရတယ်၊လောကန္တရိတ်ငရဲသားတို့၏ သုံးဂါဝုတ်ရှိတဲ့ရုပ်တို့ တပြိုင်နက် ဖြစ်ခြင်း၊ (၄၉) ယူဇနာရှိတဲ့ လကို- ရာဟုအသူရိန်နတ်သည်၊ ခံတွင်းနှင့်ငုံနိုင်သော- ခန္ဓာရုပ်တို- တပြိုင်နက် ဖြစ်ခြင်းစသည်တို့ဖြင့် ထင်ရှားပါတယ်၊ သံသေဒဇ- ပဋိသန္ဓေဇာတိအရလဲ= အထိုက်အလျောက်- ပရမာဏုမြူကလာပ်(၉၉)စီးထက် သာလွန်တဲ့ ရုပ်စုတွေနဲ့ ဇာတိဖြစ်ရတယ်၊ အဏ္ဍဇ- ပဋိသန္ဓေ ဇာတိမှာလဲ- ဥအခွံထဲမှာ- ပဋိသန္ဓေနေရတော့ ဂဗ္ဘသေယျက- အမိဝမ်း၌ ကိန်းအောင်းဖြစ်ရသော- ရုပ်ဖြစ်ခြင်းကြောင့်- ဒသကသုံးသွယ်အားဖြင့်သာ ကလလရေကြည်ခေါ်- ရုပ်သုံးဆယ်မှ စတင်ဖြစ်ရ၍၊ (၉၉)စီးထက် လျော့နဲကုန်၏။ ဇလာဗုဇ- ပဋိသန္ဓေဇာတိမှာလဲ- ဂဗ္ဘသေယျက- သတ္တဝါအားဖြင့် သက်ဝင်ရရာ- ကမ္မဇရုပ်ကလာပ် သုံးသွယ်ဆိုတဲ့"ကာယဒသက- ဘာဝဒသက- ဝတ္ထုဒသက"ကလာပ်စီး သုံးသွယ်- ရုပ်သုံးဆယ်သာ စတင်ရအပ်တဲ့ ဇာတိကို ကံ၏ အစိုးတရသတ္တိအရှင်း၊ ဓမ္မနိယာမအရှင်း၊ ပရမာဏုမြူထက်- နှစ်ဆ, သာသာမျှလျော့တဲ့ ရုပ်ကလာပ်ကစ၍ ဖြစ်ရှိရတော့တယ်၊ ရုပ်တရားတို့၌- စက်ဆုတ်ငြိုးငွေ့သော- အရူပဈာနသမား- ရုပ်မုံးဆရာကြီးများကျတော့လဲ- အရူပလေးဘုံမှာ ဘာရုပ်, ဘာကလာပ်စီးမှ- မရတော့ဘဲ, ဈာန်ဆိုတဲ့- မဟဂ္ဂုတ်ကံက, အစိုးတရမို့- နာမ်ချည်းဘဲ- သခ်ါအစုအပုံ-နာမ်ခန္ဓာလေးပါးဘဲ ဖြစ်ရတော့ပါသည်။

ကဲဒီတော့- မြူလေးစားနှင့် ရုပ်ကလာပ်စီးများကို၊ ဤသို့- အကြမ်းအားဖြင့် ဉာဏ်နှင့်ပိုင်းခြားသိပြီးတော့၊ စောစောက- ပြခဲ့တဲ့- သံမှုန့်ကနေ-ပျာဘဝကို ရောက်သွားတဲ့ ဖေါက်ပြန်မှုကြောင့်၊ သံဆိုတဲ့ နံမယ်နဲ့၊ အမှုန့်တွေဆိုတဲ့- သမုဟပညတ်, မထင်ဟတ်တော့ဘဲ၊ ပျာဆိုတဲ့- အမှုန်အမွှားအဖြစ်ရောက်ခဲ့ပြီ၊ သူ့ကို စမ်းကြည့်ရင်- နူးညံ့တယ်- ပျော့တယ်လို့ ဆိုရပြန်ပြီ။ သံဆိုတဲ့နာမယ်ပျောက်သလို- မာဆိုတဲ့သဘောကနေ- ပျော့ဆိုတဲ့ သဘာဝလက္ခဏာဘက်ကို ရောက်လာတယ်၊ အဲဒီ- ပျာမှုန်ကိုဘဲ- နဲနဲလက်နဲ့ ကပ်ပါလာအောင်တို့ပြီး ခပ်နာနာလေး ပွတ်ကြည့်မယ်ဆိုရင်- ပယောဂါဘိသင်္ခါရအလျောက်,မာတဲ့မှတ်ကြောင်းကိုလဲ တွေ့ထိနိုင်တယ်၊ မရှိပညတ်, သံနဲ့သံမှုန့်ဆိုတဲ့ သမူဟပညတ်တွေပျက်စီးပေမဲ့- မာခြင်း, ပျော့ခြင်း, ဆောင်နှင်းချက်- သဘာဝလက္ခဏာ

စနက်ကတော့- မဖေါက်မပြန်, မိမိသဘောကို မိမိ, ဆောင်ရက်ဘဲဆိုတာ- တွေ့ရပြန်ပေါ့။

အဲဒီတော့ စောစောပိုင်းပြပြီး- ရုပ်ဆိုင်းထားခဲ့တဲ့၊ ပျားထုပ်ကလေးကို သံပြင်ပေါ် ပြန်တင်ပြီး၊ တူဖင်ကလေးနဲ့- ငါးမိနစ်လောက် ကြိတ်နယ်ပေးလိုက် ပေါင်ဒါမှုန့်ကလေးလို ဖြစ်သွားတော့၊ စက္ကူထဲပြန်ထည့်ပြီး- လှည်းလမ်းမကြောင်းထဲကို- သွန်ချတည့်လိုက်၊ လှည်းတွေမောင်းလာရင်- သူဘာဖြစ်မလဲ၊ ဖုံမှုန့်တွေနဲ့အတူ- လှည်းမောင်းသွားတိုင်း- လှည်းရှိန်အလျောက်- အထက်ကို ပျံလွင့်တက်တတ်တဲ့၊ ရထရေမြူအဖြစ် ရောက်မသွားဘူးလား၊ အဲ ...ရထရေမြူအဖြစ်ရောက်ရှိသွားပြီ၊ အဲဒီ- ရထရေမြူအဖြစ်-ထကြွပျံတက်ပြီး- ကစင့်ကလျားလွင့်ပါးရာက- တဇ္ဇာရီမြူအနေ- ကွဲစိပ်ကုန်ရင်၊ လှည်းလမ်းမကြောင်းနဲ့ ပတ်ဝန်းကျင်ကို ပြန်မကျတော့ဘဲ၊ လွင့်ပါး ပါသွားရတော့တယ်၊ အချို့လဲ- ရထရေမြူထက်- အနည်းငယ်ပိုနေတော့- လှည်းလမ်းမကြောင်းနဲ့၊ ပတ်ဝန်းကျင်ကို ပြန်ကျကြတယ်၊ အချို့လဲ-တဇ္ဇာရီမြူလောက်ဖြစ်ပြီး၊ ပြန်မကျဘဲ- အာကာသထဲကို လွင့်ပါးသွားကြတယ်၊ အဲဒီ– လွင့်ပါးသွားတဲ့ မြူကိုတော့- သံမှုန့်ဘဲ၊ ဖုံမှုန့်ဘဲ၊ သစ်သားမှုန့်ဘဲ၊ ပျားမှုန့်ဘဲလို- နာမသမုတိပညတ်- သီးခြားပြီး သတ်မှတ်ခေါ်ဝေါ်လို့မရတော့ဘူး- မထိုက်တော့ဘူး၊ ရထရေမြူကို (၃၆)စိပ်,စိပ် တစိပ်စာသာရှိတဲ့မြူကို တဇ္ဇာရီမြူလို့ဘဲ ခေါ်ရတော့တယ်၊ အဲဒီလို- တခါတရံ အလျဉ်းသင့်မှ- မြင်နိုင်တဲ့- တဇ္ဇာရီမြူကလေးကို- ဉာဏ်နဲ့ သုံးသပ်ကြည့်ရင်၊ ရထရေမြူတုံးကလို မာသဘော, ပျော့သဘောဆိုတဲ့- မိမိလက္ခဏာကို မိမိ, ဆောင်နှင်းရက်ရှိမလား=မရှိဘူးလားလို့- စဉ်းစားဆင်ခြင်ကြည့်ပါ၊ အဲဒီ-တဇ္ဇာရီမြူတိုင်အောင်- ဆောင်လျက်ဘဲရှိတယ်လို့၊ ဉာဏ်နဲ့ ပိုင်းခြားဝေဘန်သိလာမယ်၊ အဲဒီလို- ရထရေမြူအဖြစ်က- တဇ္ဇာရီမြူအဖြစ် ရောက်သွားတော့လဲ၊ မိမိ သဘော, သဘာဝလက္ခဏာကို ဆောင်နှင်းလျက်ဘဲဆိုတာ- မသေချာဘူးလား? သေချာပါတယ်၊ ဘာနဲ့-ကြည့်မြင်ရမလဲ- ဉာဏ်နဲ့ဘဲ ကြည့်မြင်လို့ရတော့မယ်၊ နာမပညတ်အနေနဲ့- သုံးစွဲလို့လဲ မရတော့ဘူး၊ သဘာဝကို ဖေါ်ပြတဲ့- အာကာရ အချင်းအရာ- မြူလို့ဘဲ ခေါ်ရတော့တယ်၊ ကွဲခြားအောင်တော့- တဇ္ဇာရီမြူလို့ သတ်မှတ်ရတော့တယ်။

အဲဒီ တဇ္ဇာရီမြူကို (၃၆)စိပ်, ပြန်စိပ်၊ တစိပ်စာရှိတဲ့ မြူကျတော့၊ အဏုမြူလို့ သတ်မှတ်ရတဲ့အဖြစ်ရောက်ပြန်ပေါ့၊ ဉာဏ်နဲ့ထပ်ပြီး စမ်းသပ်ကြည့်၊ ဘာတွေ့မလဲ၊ မိမိသဘောကိုမိမိဆောင်တဲ့- မာခြင်း, ပျော့ခြင်း, လက္ခဏာအခင်းကို ဉာဏ်နဲ့မတွေ့နိုင်ဘူးလား၊ ပိုင်းခြားပြီး ဉာဏ်နဲ့တွေ့သိနိုင်ပြန်ပြီပေါ့၊ ရှေ့—

တဆင့်တက်ရင်- ထိုလက္ခဏာကို- မပျက်မယွင်းဆောင်တတ်တဲ့ လက္ခဏာဝန္တ- သဘောသဘာဝတ္ထ ဂုဏ်သတ္တိဆိုတဲ့၊ ပရမတ္ထသဘောတရားကို-ဉာဏ်ချက်ထောက်မိမယ်၊ သူ့ကျတော့- (၀၁) အဏုမြူကလာပ်စီးကျတော့၊ ရုပ်အာရုံတော့- မှန်ပါတယ်၊ "ရူပါရမ္မဏံ- စက္ခုဝိညာဏ- ဓါတုယာ"ဆိုတဲ့၊ မြင်သိစိတ်ဖြစ်ပြီး ရယူနိုင်တဲ့၊ရုပ်အာရုံမဟုတ်တော့ဘူး၊ နောက်ပြီး-"ဖေါဋ္ဌဗ္ဗာရမ္မဏံ-ကာယဝိညာဏ ဓါတုယာ"ဆိုပြီးတော့လဲ- စမ်းသပ်ပြီးမှ- တွေ့ထိသိရတဲ့- ရုပ်အာရုံမဟုတ်တော့ဘူး၊ "ရူပါရမ္မဏံ- မနောဝိညာဏ- ဓါတုယာ"ဆိုပြီး၊ အတိတ်က ခွဲစိပ်လာခဲ့တဲ့- ရုပ်အာရုံကို အကြောင်းခံ၍၊ ဤမနောဝိညာဏ်စိတ်နဲ့- ဝေဘန်ရာက စပြီး၊ "ဓမ္မာရမ္မဏံ- မနောဝိညာဏ- ဓါတုယာ" ဆိုတဲ့- ဓမ္မသဘောအာရုံကို မနောဝိညာဏ်, ဉာဏ်နဲ့- ကျက်စားလိုက်ရင် (၀၁)သမ္မာသက်ပွ- မဖေါက်မပြန် မှန်ကန်သော- ကြံစီမှုနှင့်တကွ- ဝိစာရဏ- အားဖြင့် ကျက်စားလိုက်ရင်- သော မနသ, သဘောကျခြင်းနှင့်တကွ- ဉာဏ်နှင့်ယှဉ်ပြီးမြင်တဲ့- ပရမတ္ထ, သဘော သဘာဝတ္ထတရားကို- မျက်မှောက်ပြုနိုင်တယ်၊ လေ့ကျက်ပါများရင်- ဥပေက္ခာ သဘောအမြင်နှင့်တကွ- ဉာဏ်နဲ့ယှဉ်ပြီး မြင်တဲ့၊ ပထဝီရုပ်ဓါတ်- ပရမတ္ထတရားရဲ့ လက္ခဏာဝန္တကို- အတုံး, အလုံး, အခဲ, အထည်, ဒြပ်, သဏ္ဌာန်, သုဉ်းဆိတ်ပြီး ဉာဏ်မြင်ပေါက်နိုင်ပါတယ်၊ တကယ်, ကျက်စားရင်- တကယ်, ပေါက်ရမယ်၊ ပေါက်စေရပါမယ်၊ ဘာဖြစ်လို့လဲဆိုတော့- မရှိတဲ့တရားတွေကိုတောင် ခိုင်မြဲစွာ အာရုံခံပြီး- ကျက်စားနှစ်သက်နိုင်ရင်၊ တကယ်ထင်ရှားရှိတဲ့တရားဆိုတာ- ပညာ ဉာဏ်နဲ့ပိုင်းခြားလာလို့- တစတစလဲ- အသိဉာဏ်ပညာ ရှင်းလင်း ရင့်ကျက်ပြီး သွားမို့၊ မြတ်သောဉာဏ်အဖြစ်နဲ့ ယောဂီကသာ- ဗဟုလီကတဿ, ကေန်လုပ်မယ်ဆိုရင်၊ ပုဂ္ဂိုလ်, သတ္တဝါ, အတုံး- အလုံး- အခဲ, သုဉ်းဆိတ်တဲ့- ပရမတ် ဉာဏ်, အမြင်မှန်ကို- ကေန်ရောက်ရှိ- အရပိုင်အောင်- ထိုးထွင်း သိမှာ, ဖြစ်ပါတယ်။

အဏုမြူမှတဆင့်- ရှေ့သို့ ဖွင့်၍၊ ဉာဏ်ဖြင့်ကြည့်ရူပါလျှင်၊ အဏုမြူကို သုံးဆယ့်ခြောက်စိပ်,စိပ်၊ တစိပ်စာရှိသော မြူသည်၊ ပရမာဏုမြူဖြစ်ပါကယ်။ အဲဒီ- ပရမာဏုမြူတလုံးစဉ်လျက်- ကလာပ်စီးပေါင်း(၉၉)စီးပါဝင်နေတယ်၊ အဏုမြူမှာတုံးကလိုဘဲ၊ ဉာဏ်နဲ့စမ်းသပ်ကြည့်ရင်၊ (၀၁) ဓမ္မာရုံအဖြစ်- မနော ဝိညာဏ်စိတ်နဲ့ ကျက်စားကြည့်ရင်၊ ပထဝီရုပ်ဓါတ်၏- ပရမတ္ထသဘောမှ သက် သက်- ဂုဏ်သတ္တိစွက်လျက်- ဆောင်ရွက်ချက်- မာမှု, ပျော့မှု- သဘာဝလက္ခ ဏာနှစ်ခုဖြင့်- ဆောင်နှင်းထွန်းပြလျက်ရှိသည်ကို၊ ရိပ်စားမိရာပါသည်၊ မာတာ ပျော့တာ, ပထဝီရုပ်ဓါတ်- ပရမတ်မဟုတ်တာလဲ သေချာပြီ၊ ပရမတ်အစစ်,

လက္ခဏာဝန္တသဘောက၊ ပထဝီရုပ်ဓါတ်လို့- အမည်ရစေခြင်း၊ လက္ခဏာအခင်းကို- ဆောင်နှင်းထွန်းပြတတ်တဲ့- သဲတပရမတ္ထတရား၏- အကြောင်းရှိ စွမ်းရည်ဂုဏ်သတ္တိမည်တယ်လို့- ပိုင်းခြားထိုးထွင်းပြီးသိတဲ့အထဲမှာ၊ အတုံး, အလုံး, အခဲ, အထည်, ဒြဗ်,သဏ္ဌာန်-အမည်နာမ, ပညတ္တိအတ္ထမျှ-ဟုတ်သေးရဲ့လား။ မဟုတ်တော့ဘူး- မရှိတော့ဘူး- မပါတော့ဘူး၊ ပညတ္တိအတ္ထ-သင်္ကေတပြုခဲ့ရတဲ့၊ မီးခြစ်သံတိုသံစ, သံလုံး, သံချောင်း, သံမှုန့်, ပျာ, ရထရေမြူ- တဇ္ဇာရီမြူ- အဏုမြူ ပရမာဏုမြူကနေ= ပရမာဏုမြူလို့ ခေါ်လို့ရတဲ့ ကလာပ်စီး(၉၉)စီးကို၊ တစီးချင်းရောက်အောင်- ဉာဏ်နဲ့ခွဲစိပ်လိုက်ပြီးသည်အထိဆိုရင်၊ အတုံး, အလုံး,အခဲ၊ အထည်ဒြဗ်, သဏ္ဌာန်နဲ့- နာမံပညတ်- ဆိတ်သုဉ်းအပ်သော၊ သုဒ္ဓ=တဏှာ,ဒိဋ္ဌိတို့ဖြင့် အမှားယူသိခါ၊ တပ်မက်စရာမရှိသည်ဖြစ်၍ စင်ကြယ်သော၊ အဋ္ဌ= ပထဝီ အာပေါ်, တေဇော, ဝါယော၊ ဝဏ္ဏ- ဂန္ဓ- ရသ- ဩဇာဟု ဆိုအပ်သည့်၊ သဘောသဘာဝတ္ထတရား- ရုပ်ဓါတ်ရှစ်ပါးတို့သည်၊ ကလာပ= ဥတုဟူသော အကြောင်းတပါးနှင့်၊ ကံ, စိတ်, ဥတု, အာဟာရ= ဟူသော အကြောင်းတရားတို့ကြောင့်၊ ဖွဲ့စီးကာစု- ခဏတ္တယမှုနှင့်သာ၊ ထင်ရှားလာသော- "ဖြစ်ပျက်" သင်္ခါရ၊ "သုဒ္ဓဋ္ဌကလာပ"မျှ- ပါကလားဟု- အကျဉ်းဆုံး, ဉာဏ်၌တင်၍ ယှဉ်မြင် ဆင်ခြင်နိုင်ခြင်းသည်၊ "ပရမဿ- ဥတ္တမဉာဏဿ- အတ္တော ဂေါစရော ပရမတ္တော"ဟု မြွက်သောဉာဏ်၏ ကျက်စားရာ၊ မဖေါက်မပြန်- ကေန်ထင်ရှား- ဆောင်ပြငြားသည့်- သဘောသဘာဝတ္ထ- ပရမတ္ထတရား၌၊ ပိုင်းခြားထိုးထွင်း သိအပ်သော အနက်သဘောကို၊ သုဒ္ဓဋ္ဌလာပတိုင်အောင်- ဉာဏ်ဖြင့်ကျက်စားနိုင်သော ယောဂီသူမြတ်အား၊ တသံသရာလုံးက၊ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတပါး၊ အတုံး, အလုံး, အခဲ, အထည်,ဒြဗ်, သဏ္ဌာန်အားဖြင့်- စွဲယူလာမှု- အတ္တဒိဋ္ဌိစုသည်. အဘယ်မှာလျှင်- ခိုနားသက်ဝင်စရာ ရှိတော့ပါမည်နည်း။

အဲဒီလို- ရုပ်ကလာပ်မျှတွေကို၊ အဟုတ်အရှိမှတ်ခါ- အထင်ဟပ်ပြီး မြင်စွဲယူခဲ့တဲ့ အတ္တဒိဋ္ဌိကို၊ ဓါတ်နဲ့အနှစ်- ပရမတ်အစစ်ဆီသို့၊ သို့ကလို- ဉာဏ်မြင်ပေါက်အောင်၊ ရုပ်ဓါတ်တလုံး, ပညတ်တွေ သုဉ်းဆိတ်သွားအောင်- မမေ့မလတ်, မပြတ်ကျက်စားသင့်ရာ ပါသည်။ ဒီနေရာမှာ-ဓါတ်ရဲ့ အနှစ် ပရမတ်အစစ်၏ သဘောသတ္တိကလေးကို၊ အဟုတ်ရှိ, တကယ်ရှိ, တန်ဘိုးရှိ, အနှစ်ရှိတဲ့ တရားဖြစ်ကြောင်း၊ ဥပမာကလေးနဲ့ ဆင့်ပြီး- နှစ်ထပ်ရှိတော့ ပို၍ မှတ်မိသွားအောင် ပြပေးပါဦးမည်။ (ဥပမာ)ကမ္ဘာမှာ အကောင်းဆုံးဆိုကဲ့၊ စိန်ထွက်တဲ့ အာဖရိတိုက်ကစိန်— အဲဒီ, စိန်[illegible]မှာ၊ အဝါရည်ခံမဟုတ်- အပြာရည် ငှက်ခါးတောင် အရောင်အသွေးခံဖွဲ့ "ဘ[illegible]"လို့ အမည်ရတဲ့- အပြာခံ,အဖြူ

တလက်လက်နဲ့ လှန်စွာတောက်ပတဲ့ စိန်တလုံးကို ဝယ်မယ်ဆိုရင်၊ ရောင်းသူက တရတီကို နှစ်သောင်းခွဲရမှ ရောင်းမယ်၊ မရှော့တဲ့ဈေးဘဲဆိုတော့၊ သိပ်လိုချင်နေတဲ့သူက၊ အဲဒီ- ကြိုက်ဈေးကို လိုက်ပေးနိုင်ဘို့၊ ရတီကို ချိန်ကြည့်သလား၊ "ဘလူးဝိုက်"အမည်ခံတဲ့အတိုင်း၊ အမျိုးအစား,ဟုတ်-မဟုတ်၊ အရောင်အသွေးကို အလင်းထဲမှာတဖုံ- အမှောင်ထဲမှာတနည်း, စစ်ဆေးပြီး ကြည့်သလား?၊ ရတီကိုတော့ ချိန်မကြည့် ဆ,မကြည့်ဘူး၊ စိန်ရဲ့ အရည်အသွေးကိုသာ-အမျိုးမျိုးကြည့်ပြီး စစ်ဆေးတယ်၊ မှန်ကန်ပြီဆိုတော့မှ၊ ကဲ ဒီဈေးနဲ့ဘဲ ချိန်ပါတော့လို့ ပြောပြီး- ကျသင့်ငွေတန်ဘိုးကို တွက်ကြတယ်။

အဲဒီ, တန်ဘိုးဟာ- ရတီဆိုတဲ့ အလေးချိန်ရဲ့ တန်ဘိုးလား၊ စိန်ဆိုတဲ့ အရောင်အသွေးရဲ့ တန်ဘိုးလားလို့မေးရင်= ဘယ်လိုဖြေရမလဲ၊ စိန်ရဲ့အရည်အသွေး တန်ဘိုးပါလို့ဖြေမယ်၊ အကယ်၍- ရတီရဲ့ တန်ဘိုးပါလို့ဖြေရင် ကျောက်စလစ်ခဲကလေး ထည့်ချိန်ပေးလိုက်လဲ- ၃-ရတီခွဲတော့ရှိတာပေါ့၊ အဲဒီ- ရတီချိန်ကျတော့- နှစ်သောင်းခွဲဈေးမပြောနဲ့ အလကားပေးတောင်,ယူမဲ့သူရှိမှာ မဟုတ်ဘူး၊ ဒါဖြင့်- အဘိုးကျသင့်တယ်ဆိုတဲ့- တန်ဘိုးရှိတဲ့ ဂုဏ်သတ္တိက စိန်ရဲ့အရည်အသွေး၊ တန်ဘိုးတွက်ရတာက- အလေးချိန်ရတီပေါ်မှာလို့ ခွဲခြားလိုက်ရသလို ရုပ်ဝတ္ထုတခုကို စမ်းသပ်လို့— မာခြင်း, ပျော့ခြင်း, ဆောင်နှင်းထွန်းပြတာက ဓါတ်၊ ဓါတ်ကိုတွေ့ရမှု- မှာတဲ့အကျိုးရုပ်, ပျော့တဲ့ အကျိုးရုပ်တရားကြောင့်- သိမှတ်လို့ရတယ်၊ အဲဒါက— အလေးချိန်နဲ့တူတယ်၊ သူက တန်ဘိုးရှိသလားဆိုတော့- ရတီလိုဘဲ လုံးဝတန်ဘိုးမရှိတဲ့တရား၊ ဘာဖြစ်လို့လဲဆိုတော့၊ ပထဝီဓါတ်လို့ဖေါ်ပြလိုက်ပြီး= မာမှုအကျိုး, ပျော့မှုအကျိုးရုပ်လို့ သိပြီးတာနဲ့ အနှစ်သာရမရှိဘဲ၊ ခဏချက်ခြင်း ပျက်စီးသွားလို့၊ ဒါ့ကြောင့်— မာမှု, ပျော့ခြင်း- သခ်ါရစာရင်းနဲ့ မပြတ်ဆောင်နှင်း, တွေ့ထိသိမှတ်- အပျက်ဇာတ်, အခင်းခံနေရတာမို့ တာဝန်မသေး ပြုပြင်ပေးရ- ဝန်လေးကြီး ထမ်းနေတာနဲ့ တူသဖြင့်- အလေးချိန်နဲ့ တူတယ်၊ တန်ဘိုးကတော့, လုံးဝမရှိ, ဘိတ်ဘိတ်သားမရှိ၊ ဘာဖြစ်လို့လဲဆိုတော့- တန်ဘိုးတွင်မက- တန်ဘိုးရယ်လို့ပြစရာ- အစဉ်အမြဲရှိနေပါတယ်လို့ ဆွဲကိုင်ပြစရာ မရှိအောင်၊ မာ, ပျော့, ဖြစ်ပြီးနောက်မှာ- ပျက်,ကပ်ရက်သား- ပါလာသက်ဆင်း- ကုန်ခမ်းခြင်းဖြစ်သွားလို့ဘဲ၊ စိန်ရောင်, စိန်သွေးကမှ- တန်ဘိုးဈေးရှိသလို၊ အလေးချိန်တန်ဘိုးစာရင်းတွက်လို့ရအောင်၊ မဖေါက်မပြန်ဆောင်တတ်တဲ့ ဓါတ်သဘာဝအလေးချိန်- မာ, ပျော့- သဘောထဲက၊ စိန်ရောင် စိန်သွေး မပြတ်မလပ်, တဖြတ်ဖြတ် ထွက်သလို၊ မာမှု- ပျော့ခြင်း, မပျက်မယွင်း ဆောင်စေတဲ့- ပရမတ္ထ, သဘောမှု- ဂုဏ်သတ္တိ ... ... ဓါတ်ရဲ့ အနှစ်အစစ်

ဖြစ်ပါတယ်။ (ဝါ)တန်ဘိုးမဖြတ်နိုင်အောင်ရှိသော (ဝါ) မာ, ပျော့, တွေ့ တိုင်း၊ ဉာဏ်နှင့်ပိုင်းဖြတ်နိုင်လျှင်၊ တန်ဘိုးတွက်မရ- အောင်မြတ်သော၊ ဉာဏ်၏ ကျက်စားရာ သဘောဓမ္မဟူသော အနက်အဓိပ္ပါယ်ရှိသည့် တရားသည်၊ ဓါတ် သား၏အနှစ်- ပရမတ်စစ်စစ်ဟူ၍ တထစ်ချ ပိုင်းဖြတ်ဆိုထွင်း အသိလင်းရာပါ တော့သည်။

ကဲ...ပထဝီရုပ်ဓါတ်တရားကို၊ အဆင့်ဆင့်- အစားစားနဲ့- ခွဲခြားပြီး ပြသ လာခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့၊ တရားတလုံး- ဦးခေါင်းဆုံးသည် အထိ၊ အသိဉာဏ်ရစေလိုလို့ဘဲ၊ အတတ်နိုင်ဆုံးတော့၊ အကျဉ်းချုံးပြပေးနေပါတယ်၊ နောက်ပြီး— အဲဒီလို့ ပထဝီဓါတ်တလုံးကစပြီး- ပိုင်နိုင်သွားရင်လဲ၊ ကျန်တဲ့- အင်္ဂကလာပရုပ်ဓါတ်တွေကို- တလုံးစီပြရာမှာ၊ မှိုင်ငြိမ်းပြီးသဘောပေါက်သွား မှာဖြစ်လို့၊ အဆင့်ဆင့်ပြဆိုရခြင်းဖြစ်ပါတယ်၊ တနေ့ရာသဘောမပေါက်ဘဲနဲ့- နောက်တနေ့ရာကို- ဆက်မဘတ်ပါနဲ့၊ ဂရုတစိုက်ကလေး ရှုစားပြီး၊ စဉ်းစဉ်း စားစား, ဆည်းပူးသွားပါ၊ အပြီးသတ်ခါနီးကျတော့လဲ- အချုပ်သဘော ကလေးပြပေးပါဦးမည်။ ကဲ....ယခု- အထက်က ပြဆိုပေးမယ်လို့- ဂတိပေးခဲ့ တာ တခုကျန်သေးတယ်၊ ပရမတ်ရယ်=ဓါတ်ရယ်=ရုပ်ရယ်=ဒြပ်ရယ်-သဘော တွေကို-ပြပြီးခဲ့တဲ့- လက္ခဏာနဲ့- လက္ခဏာဝန္တ-အပိုင်းထဲမှာ၊ ဘယ်လိုဆက်စပ် သလဲလို့-ခွဲခြားကြည့်ကြပါဦးစို့....။

## (၁) ပရမတ်၊ (၂) ဓါတ်၊ (၃) ရုပ်၊ (၄) ဒြပ်၊ ဝါ = ရုပ်ဓုဝဏ္ဏ။

ပရမတ်။ ။မဖေါက်မပြန်သည်၏အဖြစ်ကြောင့် မြတ်သော၊ ထင်ရှားကေန် ရှိသည်လည်းဖြစ်သော၊ မြတ်သောဉာဏ်၏- ကျက်စားရာအာရုံ ဖြစ်၍ မြတ်သော၊ (ဝါ) သဘောဓမ္မအာရုံအဖြစ် ပုဂ္ဂိုလ်, သတ္တဝါမှ သုဉ်းဆိတ်သည်ဖြစ်၍၊ သုညတဝိမောက္ခမုခ၏- ဖြစ် ကြောင်းဖြစ်၍မြတ်သော။ သဘာဝဓမ္မကို ဖြစ်စေတတ်သော၊ (ဝါ)သ=အကြောင်း၊ဘာဝ=ဖြစ်ခြင်း၊အကြောင်းကြောင့်ဖြစ် ခြင်း= အကြောင်းနှင့်တကွ— ဖြစ်ခြင်းတရားကို ဆောင်စေတတ် သော၊ (ဝါ) သဘာဝလက္ခဏာကို- ဆောင်နှင်းထွန်းပြစေ တတ်သော၊ လက္ခဏာဝန္တ- ပရမတ္ထသဘောဓမ္မ- ဂုဏ်သတ္တိ သည် ပရမ[illegible]သည်၏။

ဓါတ်။ ။ပရမတ္ထဂုဏ်[illegible]တ္တိအ[illegible](ဝါ)ပထဝီရုပ်ဓါတ်၏ဂုဏ်သတ္တိ

အလျောက် စသည်ဖြင့်၊ မိမိဓါတ်သဘာဝကို မိမိ၊ ဆိုင်ရာမှတ်ကြောင်း, ပေါ်လွင်ထင်ရှားအောင်၊(ဝါ)သဘာဝလက္ခဏာ- အသီးသီးဖြစ်အောင်- ဆောင်နှင်း ထွန်းပြတတ်ခြင်း= ဆောင်ထားတတ်ခြင်းသည်၊ ဓါတ်, မည်၏။ ။

ရုပ်။ ။ပရမတ်, သဘောဓမ္မ၏ သတ္တိနှင့်တကွ၊ အကြောင်းတရားတို့ စုံညီသဖြင့်- ဖြစ်ခြင်း- ခဏတ္တယ, ကလာပ်အစားစားတို့တွင်= သဘာဝလက္ခဏာ, ထင်ရှားခိုက်၌၊ ရုပ်အာရုံ တမျိုးမျိုးအနေအားဖြင့်- သက်ဝင်လာသော-အကျိုးတရားဖြစ်သည်။ သာမညလက္ခဏာ= ရုပ်အားလုံးနှင့် သက်ဆိုင်သော မှတ်ကြောင်းအရ၊ "ရုပ္ပတီတိ ရူပံ"ဟု- ဆိုအပ်သောကြောင့်၊ ဖေါက်ပြန် ပျက်စီးတတ်သည်ဖြစ်၍- ရုပ်, မည်၏။ ကလာပ်စီးတခုမှစ၍- ရုပ်မှန်သမျှသည်၊ တပါးသောအတ္တိအားဖြင့်= အဟေတုက, အရ= လောဘ, အလောဘစသော- ဟိတ်ခြောက်ပါးနှင့် မယှဉ်ကုန်၊ သပစ္စယ,အရ= အကြောင်းတရားတို့နှင့်မကင်းကုန်၊ သာသဝ, အရ= အာသဝေါတရားတို့၏- ယိုစီးရာဖြစ်၏။ သင်္ခတ, လောကိယ,အရ— သင်္ခတပရမတ်တရားသာဖြစ်ရကား၊ သင်္ခါရတရားကို- ပြုစီရင်မှုအကြောင်းကြောင့် ခဏတ္တယ-အကျိုး ရုပ်သင်္ခါရတရားသည်၊ သင်္ခါရလောက၌သာ ဖြစ်ရခြင်းကြောင့်၊ လောကီတရားဖြစ်၏၊ ကာမာဝစရ- အနာရမ္မဏ,အရ၊ ကာမတဏှာ၏ ကျက်စားခံရသော- အာရုံသာဖြစ်ပြီး၊ မိမိကမူ- အာရုံကိုမယူတတ်သော- ရုပ်တရားသာဖြစ်၏။ အပ္ပဟာတဗ္ဗ,အရ= ပဟာနသုံးပါးဖြင့်လည်း- ပယ်၍မရသောကြောင့်- မပယ်ကောင်းသောရုပ်တရားသာဖြစ်၏။ ။

ဒြဗ်။ ။ထို အကျိုးရုပ်တရားတို့ (ဝါ) အကျိုးရုပ်ကလာပ်အများစုတို့၊ ဥတုတပါးတည်း ပြုပြင်စီရင်အပ်သောအကြောင်းကြောင့်၊ ဩကာသလောက၌-ရုပ်ဝတ္ထုများ ထင်ရှားစုပေါင်းမိခြင်းကိုမှီ၍၊ သမူဟ—ဃန— သဏ္ဌာန အနေ— နာမပညတ်တွေဖြင့်- ပရမတ္ထတရားကို- ဖုံးလွှမ်းစေသော- ရုပ်အာရုံ, ဝတ္ထုဘူမိအစုစုသည် အဝိဇ္ဇာဏ- ဒြဗ်မည်၏၊ (ဝါ) သန္တတိနိမိတ်- သဏ္ဌာနနိမိတ်သည်- ဒြဗ်မည်၏။ ။ ကံ, အာဟာရ, စိတ္တ, ဥတု- လေးခုအကြောင်းပေါင်း[illegible]ဖြင့်- သင်္ခါရလောက,ဩကာသ၌လည်း၊

နိယာမတရား ငါးပါးကို- မလွန်ဆန်မူ၍၊ အကျိုးရုပ်ဝတ္ထု-ကလာပအစုစုတို့သည်၊ သမူဟ—ဃန—သဏ္ဍာန—သန္တတိ, အနေသာမက၊ နာမပညတ်တွေ- ဖုံးလွှမ်းစေကာ၊ သတ္တလောက, ကာမ-ရူပအာထိ, အကျိုးရုပ်စုတို့ကြောင့်- ဒြဗ်အသွင်, သက်ဝင်စီရင်ခံရခြင်းသည်၊ (ဝါ)စတုသမုဋ္ဌာနိက, ရုပ်တရားတို့၏- သန္တတိနိမိတ်, သဏ္ဍာနနိမိတ်- သင်္ခါရအမြိတ်အစ- အရိပ်မျှ ဥပမာသဘောဘည်- သဝိညာဏက ရုပ်စု- ဝတ္ထုဒြဗ်, ဖြစ်သည်။

## "အထက်ပါ တရားလေးမျိုးကို— အကျဉ်းချုံး၍ မှတ်ရန်"

ပရမတ်သည်= သဘောဓမ္မ၊ လက္ခဏာဝန္တ= တရားကိုယ်ဖြစ်သည်၊ မြတ်သောဉာဏ်၏ ကျက်စားရာ= အ,ဘာဝမဟုတ်သော၊ သုညတ,အနတ္တ, ဉာဏ်အာရုံ ဖြစ်သည်။

ဓါတ်သည်= သဘာဝဓမ္မ၊ လက္ခဏာ- မှဘ်ကြောင်း- ဆောင်နှင်းကြောင်းသဘောဖြစ်သည်၊ အာကာရပစ္စုပဋ္ဌာန်အဖြစ် ထင်ရှား၍၊ လက္ခဏာပဋိဝေဓဉာဏ်၏- အာရုံဖြစ်သည်။

ရုပ်သည်— သဘာဝမှ၏၊ ဓါတ်လက္ခဏာ- ဆောင်နှင်းခိုက်၊ ဥပါဒ်, ဋ္ဌီ, ဘင်, အားဖြင့်- ထင်ရှားလာသော- စတုသမုဋ္ဌာနိက, အကျိုးရုပ်ကလာပ, တရားဖြစ်သည်၊ လက္ခဏာရမ္မဏိက, ဝိပဿနာ၏ မူလနိမိတ်အာရုံဖြစ်ပြီး၊ လက္ခဏာပဋိဝေဓ ဉာဏ်၏ ဤမှာဘက်၌ သင်္ခါရအစုအပုံအားဖြင့်၊ (ဝါ) "ဖြစ်ပျက်"အစဉ် ဉာဏ်ဟုန် အမြင်အားဖြင့်- သင်္ခါရာရမ္မဏိက, ဝိပဿနာအာရုံသို့ သက်ဝင်စေပြီး၊ သဘာဝပစ္စုပဋ္ဌာန်ကို မျက်မှောက်ပြုရပါက၊ အနိမိတ္တဝိမောက္ခ,အပ္ပဏိဟိတ,သုညတ ဝိမောက္ခဉာဏ်၏အာရုံဖြစ်သည်။

ဒြဗ်သည်= အကျိုးရုပ်စု၏- ဝတ္ထုအဝဝ၊ သတ္တလောကနှင့် သမုတိပညတ်အနန္တကို သက်ဝင်ယှဉ်စပ်လာအောင်- ကံ၏ သတ္တိဖြင့်- ဖန်တီးပေးအပ်သည်ဖြစ်၍၊ တဏှာ—မာန—ဒိဋ္ဌိ, တို့က၊ ငါ့ဥစ္စာ—ငါမှ ငါ, ငါ့အတ္တဟု- စွဲလမ်းတတ်ရာ၊ အာရုံဝတ္ထုဖြစ်သည်၊ ရုပ်အကျိုးစု-ဝတ္ထုအဝဝသည်= "သင်္ခတ,သင်္ခါရလောကအမှန်" (ဝါ) "ပြုစီရင်ထား" ဖြစ်ပျက် "တရားအမှန်"၊ ထို-ရုပ်,နာမ်, ဝိညာဏ်ကို [illegible] သင်္ခါရလောက, ဘဝကြီးကိုးပါး - သတ္တဝါ အစားစား ထင်ရှားရှိသည်[illegible] ယူမှတ်မှားမိနေကြခြင်းဖြင့်၊

သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိအခင်း၊ အသင်းအပင်းဝင် ဖြစ်သော=
မရှိပညတ်- ဒြဗ်သာဖြစ်သည်။ ။

ဤကဲ့သို့... ပရမတ်၊ ဓါတ်၊ ရုပ်၊ ဒြဗ်လုပ်၍- အရှိသရုပ်အားဖြင့်၊ လှည့်စားတတ်သော- သင်္ခတ၊ သင်္ခါရတရားအဆင့်ဆင့်၊ ပွားပုံကို- ပိုင်းခြားသိအင်ပြီး၍၊ ထိုမှတတန်- သိအပ်ရန်ကျန်သော- ခဲရာခဲဆစ်တို့၏ သဘောစုကလေးများကို ဆက်လက်၍- ပြသင့်သောကြောင့်- ထင်ရှား၊ သိစေရပါသော်..."

ပရမတ်သည်- သဘောဓမ္မဖြစ်ခြင်းကြောင့်၊ သရုပ်သကောင်အားဖြင့် ပြ၍မရ၊ ပရမ သဒ္ဒါအရ= မဖောက်မပြန်ခြင်း= လွန်စွာတည့်မတ်သဖြင့်၊မြတ်ခြင်းအဖြစ်သည်၊ ထင်ရှားကောင်းပင်ဖြစ်၏။ ပထဝီရုပ်ဓါတ်၌ ပရမတ္ထတရားသည် သဘာဝအဖြစ်၊ မိမိ၏သဘောလက္ခဏာကို- မချွတ်မယွင်း ဆောင်ထားစေခြင်းကို ပေးစွမ်းသော သဘောတရားအရို၊ ဂုဏ်သတ္တိသာဖြစ်၏။ ဥတုကြောင့်ဖြစ်သော- ရုပ်လာပ်၌ဖြစ်စေ၊ ကံကြောင့်ဖြစ်သော- ရုပ်ကလာပ်၌ ဖြစ်စေ အာဟာရကြောင့်ဖြစ်သော- ရုပ်ကလာပ်၌ ဖြစ်စေ၊ ကက္ခဠ၊ မုဒု=ဒွိပက္ခအားဖြင့်- သဘာဝလက္ခဏာကိုသာ ဆောင်သည်၊ တိရိစ္ဆာန်သန္တာန်၌ ဖြစ်စေ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သန္တာန်၌ ဖြစ်စေ ဤသဘာဝလက္ခဏာကိုပင်၊ အလွန်တည့်မတ်စွာ ဆောင်သည်။ အဋ္ဌကလာပတို့တွင်၊ အခြားကလာပ၊ အပါအဝင်ဖြစ်သော အာပေါစသော- ဓါတ်သဘာဝ၏ သဘောဘက်သို့လည်း- မယိမ်းမယိုင်ပေ။ ထိုနည်းတူစွာ= စိတ်ပရမတ်တို့ဆိုလျှင်လည်း လောဘ၊ စိတ်စေတသိက်သည်- ခွေး၊ ကြွက်၊ ငှက်ကအစ- လူ၊ နတ်၊ ဗြဟ္မာ- ပုထုဇဉ်မှန်သမျှ၌၊ လိုချင်ကပ်ငြိတတ်သော- သဘာဝလက္ခဏာကိုသာ- မျက်နှာမလိုက်၊ ဂုဏ်ရှိ-ဂုဏ်မဲ့၊ မရွေး တည့်မတ်စွာ ဆောင်သည်။ ထို့ကြောင့်...

ပထဝီ၊ ပရမတ္ထ၊ သဘောဓမ္မ၏- ဓါတ်အနေဆောင်ခိုက်၊ ရုပ်ကလာပတွင်"မာခြင်း၊ ပျော့ခြင်း၊" သဘာဝလက္ခဏာကို-မှတ်ကြောင်းအဖြစ်၊ အာရုံပြုတွေ့ထိရာ- ရုပ်နာမ်၌-သိမှတ်မှုကို- ပေါ်စေ့ရစေသည်၊ ထိုအခိုက်၊ ပထဝီရုပ်ဟုသိမှတ်မှုရလျှင်၊ မကင်းမကွာကောင်းသည့်- အဋ္ဌကလာ[illegible]များနှင့်- ကမ္မဇကလာပ်စု- စိတ္တဇကလာပ်စု- ဥတုဇကလာပ်စု- အာဟာရဇကလာပ်စုတို့ သဟဇာတ- သမ္ပယုတ္တ- ပစ္စယ သာမဂ္ဂီအားဖြင့်ဆိုင်သော ရုပ်တို့လည်း တကွဖြစ်ဘက်ပါရှိလျက် ရှိပါသည်၊ ပျက်မှုလည်းအတူ- စိတ္တက္ခဏ၊ ခဏငယ် ၅၁- ချက်အတွင်း ဥပါဒ်တခဏ၌ (၄၉)ချက် တခဏ၊ ဘင်[illegible]အားဖြင့်- တူမျှရာတွင် ပါဝင် "ဖြစ်လျက်-ပျက်ကြ" ပါသည်၊ ဤသို့ [illegible] သင်္ခ[illegible] ပရမတ်၊ ရုပ်ဓါတ်တရားတို့ကြောင်း၊ ကျိုးဆက်သွယ်- ဖြစ်[illegible]ပုံ- [illegible]ဘနယ်မှာ- သင်္ခါရချယ်မှုန်း

သမျှ၊ ပရမတ်, ဓါတ်, ရုပ်, ဒြဗ်, တို့အတွင်း၌၊ ဒလစပ်"ဖြစ်ပျက်" မရပ်သော သဘောတွင်၊ သဿတဒိဋ္ဌိအားဖြင့်- အတည်အစွဲ- အမြဲနိစ္စ၊ အရှိသာရ- အနှစ် အစစ်- အစိုးတရအဖြစ်, ပေဟုတ်ပါ- ဓါတ်-ရုပ်-ဒြဗ်"တို့အတွင်း၌၊ သဿတဒိဋ္ဌိ, မိစ္ဆာအခင်းကို- ဖြုတ်ချနိုင်ခြင်း,ဉာဏ်စာရင်းဝင်အောင်, ကျက်စား၍၊ ပရမတ်, သဘောမျှသက်သက် အနိမိတ္တ- သုညတ, ဝိမောက္ခမုခ, နှစ်ချက်သို့ ဉာဏ်သက် ရောက်ပါလျှင်၊ အပ္ပဏိဟိတ, အချက်၊ လိုချင်တောင့်တ, နှစ်သက်စရာတကွက်မှ မရှိတဲ့- ဓါတ်ဆောင်၍-ရုပ်ဘောင်သို့နှင်း ဒြဗ်ကောင်ဝင်ရအခင်းသဘောကို ငြီးငွေ့ စွန့်လွှတ်လိုခြင်းပါ- ပြီးပြည့်စုံပြီး၊ ဝိမောက္ခသုံးဖြာ,အထိ၊ ပထဝီဆိုတဲ့ ရုပ်ခါတ် တလုံးမှအစပြု၍- ပညတ်တွေ့ဆိတ်သုဉ်းခါ သဘောဓမ္မ-သဘာဝဓမ္မ-အကျိုး ကလာပ, ဒြဗ်အစု, ရုပ်ဝတ္ထုအဝဝတို့၏ သဘော၌၊ ဉာဏ်ဝင်စားတော်မူနိုင် လောက်ပါပြီ။

သို့သော်... ဤနေရာ၌၊ တရားချင်း, ဆန့်ကျင်ဘက်, တချက်ဖြစ်သွား သည်ကို- သတိပြုမိကောင်း, ပြုမိကြပါလိမ့်မည်။ ဘယ်သဘောလဲဆိုတော့= စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်- လေးတန်သော၊ သင်္ခတ, အသင်္ခတ, အားဖြင့် ပြားသည့်- ပရမတ္ထ-တရားတို့သည်၊ ထင်ရှားကေန်ရှိ၏ဟု ပြဆိုခဲ့ပြီး၊ ထိုပရမတ္ထ တရားတို့သည်-မဖေါက်မပြန်, မပျက်စီးသည့်တရားဟု- တောက်လျှောက်ပြသခဲ့ ပြီးမှ၊ ပရမတ်,ဓါတ်, ရုပ်, ဒြဗ်- ခွဲပြခဏ်းတွင်၊ ရုပ္ပတီတိ- ရူပံ, အရ=ဖေါက် ပြန်ပျက်စီးတတ်သောကြောင့်- ရုပ်လို့ခေါ်သည်ဟု- ဖွင့်ဆိုရုံမျှမက၊ အထက် အပိုဒ်တုံးက- ပြခဲ့ရမှာလဲ- သဿတအားဖြင့်, အတည်အစွဲ-အမြဲ ရှိ၊ ခဏတ္တ ယသမင်္ဂီ, အကြောင်းစုံညီသည့်အခိုက်၊ သဘာဝလက္ခဏာတွင်းဝပ်- ဖြစ်ခြင်း ပျက်ခြင်း, ရုပ်အခင်းအားဖြင့်သာ-ဆောင်နှင်းသည်ဟု ဆိုခဲ့ရာ၊ အထက်ပါ-ရုပ် တရားကို၊ ပရမတ္ထတရားဟု- တတိယမြောက်ရေတွက် ပြဆိုခဲ့ခြင်းနှင့်- လုံးဝ, ဆန့်ကျင်နေပါသည်ဟု စောဒနာပြုစရာ-ဖြစ်ရှိ၍ လာပါတော့သည်။

အလွယ်နှင့် သဘောကျရုံ ဖြေဆိုရကုန်သော်၊ တရားချင်းဆန့်ကျင်သည် ဆိုသည်မှာတော့, မမှန်ပါ၊စကားချင်း ဆန့်ကျင်နေပါသည်ဟုတော့- ဆိုထိုက် ပါသေး၏။ ပရမတ္ထ တရားအစစ်သည်၊ သရုပ် သကောင်အားဖြင့် ပြစရာမရှိ၊ အကြောင်းရှိစွမ်းရည်, သဘောအဆီဖြစ်သည့်- ဂုဏ် သ တ္တိ မျှ သာ ဖြစ် ရာ၊ အကြောင်းနှင့် အကျိုးနှစ်ပါးတွင်၊ သူသူငါငါ, သောတုဇနတို့၌၊ (ဝါ) ပုထု ဇဉ်တို့၌၊ ထင်ရှားသိနိုင်ရန်အကြောင်း- စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, အကျိုးတရား ကိုစွဲ၍၊ ပရမတ္ထတရားဟု- ဆိုလိုက်ရခြားမြင်းဖြစ်ပါသည်၊ သူသူ, ငါငါတို့က=

"အကျိုးမြင်မှ- အကြောင်းထင်သည်၊ အကျိုးရှိမှ-အကြောင်းသိသည်"ဆိုသည့် အတိုင်း၊ ထင်ရှားသော အကျိုးတရားကို မြင်ရ၍၊ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားပေါ်ပေါက်တတ်သည်ကို- ရှာဖွေတတ်, ရှာဖွေရ- လွယ်ကူမည်ဖြစ်သော ကြောင့်၊ပရမတ္ထ=သဘောဓမ္မအကြောင်းကြောင့် ဖြစ်ပေါ်သည့် ရုပ်တရားပေါ် ကိုပင်, တင်စား၍၊ ရုပ်,ပရမတ္ထတရား၊ စိတ်,စေတသိက် ပရမတ္ထတရား၊ နိဗ္ဗာန်, ပရမတ္ထတရားဟု- ထင်ရှားမှုအကျိုးတရားတို့၌၊ အ:ကြောင်းမှန်ကို- ရှာဖွေနိုင် အောင်၊ ဖလူပစာရ- အားဖြင့်၊ တင်စားသုံးစွဲထားခြင်း ဖြစ်ပါသည်။

ဤကဲ့သို့.... ကြောင်း, ကျိုး, နှစ်ရပ်- ရှင်းပြချက်မျှဖြင့်- မကျေနပ်သေး ပါလျှင်၊ နောက်တနည်းအရှို,သဘာဝယုတ္တိနဲ့- ဆန်းစစ်ကြည့်ရင်လဲ- မဆန့်ကျင် သည့်အဖြစ် ထင်ရှားပါသည်၊ ပရမတ္ထတရားသည် အဝိပရိတ, ပုဒ်အရ= တကဲ့ ကို တည့်မတ်, မဖောက်မပြန်တတ်တဲ့ တရားဖြစ်ပါတယ်၊ ရုပ်တရားတို့မှာ၊ ရုပ္ပ တီတိရူပံ, အရ= ဖောက်ပြန်ပျက်စီးတက်တာဟာ၊ ပရမတ္ထတရားက, ဖောက် ပြန်လို့- ဖောက်ပြန်ရတာမျိုး မဟုတ်ပါဘူး၊ အကျိုးရုပ်ဘာဝအဖြစ်မှာ- သီတေ နာပိရုပ္ပတိ- ဉဏှေနာပိ ရုပ္ပတိ,အရ = ပူသောရုပ်အ:စဉ်မှ- အေးသောရုပ်အစဉ် အဖြစ်သို့ ဉတုကြောင့်- ဖောက်ပြန်ရတဲ့ သဘောသည်၊ ရုပ်တို့၏ ဖြစ်စဉ်သန္တတိ အတွင်းမှာ- ဖောက်ပြန်ရတာပါ၊ သန္တတိမရဏ, ခဏိကမရဏ, အရလဲ= ချုပ် ဆုံးပျက်စီးရတာပါ၊ ချုပ်ဆုံးပြီးသော- ရုပ်ကလာပ်မှာ, ဖြစ်စေ၊ ဖြစ်ဆဲရုပ် ကလာပ်မှာဖြစ်စေ၊ ဖြစ်သတံ့ရုပ်ကလာပ်မှာ ဖြစ်စေ၊ ပူသောရုပ်အစဉ်ကလာပ် မှာဖြစ်စေ၊ ဧသောရုပ်အစဉ်ကလာပ်မှာဖြစ်စေ၊ ပရမတ္ထတရားကတော့- မဖောက် ပြန်, မပျက်စီးပါဘူး၊ မိမိရဲ့- ကက္ခဠ-မုဒု, သဘာဝလက္ခဏာ တည့်မတ်စွာ- ဆောင်ထားရက်ပါဘဲ= မဖောက်ပြန်ပါဘူး၊ ဖောက်ပြန်တာက- ထိုအကျိုးရုပ် ကလာပ်အစဉ်ဆိုတဲ့- သန္တတိပညတ်အတွင်းမှာ၊ သန္တတိ, မရဏအားဖြင့်- ပျက် စီးချုပ်ဆုံးမှု၊ ဉပါဒ်ခဏ- ဌီခဏ- ဘင်ခဏ- မရဏဆိုတဲ့၊ (ဝါ) ရုပ်ကလာပ် တွေရဲ့- ဇာတိခဏ, ဉပါဒ်၊ ဇရာခဏ, ဌီ၊ မရဏခဏ, ဘင်= ဆိုတဲ့၊ ခဏိက, မရဏအားဖြင့်- ဖောက်ပြန်ပျက်စီး ချုပ်ဆုံးရမှုတို့ဟာ၊ အကြောင်းစုံညီခိုက်, ဖြစ်ပေါ်တဲ့- ရုပ်ကလာပ်တို့မှာ- အကြောင်းချုပ်သဖြင့်- အကျိုးရုပ်ပါ- ချုပ် ပျက်ရခြင်းဖြစ်ပါတယ်၊ အဲဒီ, အကြောင်းတွေကတော့=ကံ,စိတ်,ဉတု-အာဟာရ တို့ဘဲ ဖြစ်တယ်၊ အဲဒီ,အကြောင်းစုံညီမှုကြောင့်- ဖြစ်ပေါ်တဲ့ ရုပ်လာပ်များမှာ ပရမတ္ထတရားရဲ့- မိမိလက္ခဏာကိုမိမိ, ဆောင်နှင်းချက်တော့၊ (ဝါ) ဆောင်နှင်း စေချက်ကတော့- မဖောက်ပြန်, မပြောင်းလဲဘူး၊ အကြောင်းစုံညီ၍- ဖြစ်ပေါ် တိုင်း, ဖြစ်ပေါ်တိုင်း, ဆောင်နှင်းမြဲ ဆောင်နှင်းထားရက်ဘဲ ဖြစ်ပါသည်။

(ဥပမာ) ရှောက်သီးတလုံးဟာ၊ သီးလာစကထဲက ချဉ်တယ်၊ နုနဲ့ရင့်လာတော့လဲ ချဉ်တာဘဲ၊ မှည့်ခါနီးတော့လဲ- ချဉ်ရက်ဘဲ၊ သူ့ကို- ခွဲစိပ်ပစ်ပြီး စားတော့လဲ- ချဉ်တာဘဲ၊ အရည်ညှစ်ပြီး အရေလုပ်ပစ်တော့လဲ ချဉ်တာဘဲ၊ အရေကို နေလှမ်းပြီး ခဲပစ်လိုက်တော့လဲ- ချဉ်တာဘဲ၊ အဲဒီ့ အချဉ်ဓါတ်ကို၊ ဘယ်လို- ပုံစံပြောင်းပြောင်း- ချဉ်တာကတော့ မပြောင်းလွဲဘူး= ချဉ်ရက်ဘဲ၊ ရုပ်ကလာပ်တွေမှာလဲ- ပူတဲ့ရုပ်အစဉ်မှာ ဖြစ်ဖြစ်၊ တော့ရုပ်အစဉ်ထဲမှာ ဖြစ်ဖြစ်၊ သန္တတိမရဏနဲ့- ချုပ်ဆုံးတဲ့အစဉ်ထဲမှာ ဖြစ်ဖြစ် ခဏိက, မရဏနဲ့- ပျက်စီး ချုပ်ဆုံးတဲ့ အစဉ်ထဲမှာဘဲဖြစ်ဖြစ်၊ ပထဝီရုပ်ဓါတ်, ပရမတ်- သဘောသဘာဝတ္တတရားကတော့၊ မိမိရဲ့- ကက္ခဋ္ဌ- မုဒု, လက္ခဏာသဘာဝကို၊ မဖေါက်မပြန်, မပျက်မစီး, ဆောင်နှင်းလျက်ဘဲဆိုတာ၊ ရှောက်သီး, အချဉ်မပျောက်, မဖေါက် ပြန်သလို၊ ပရမတ္ထ သဘာဝတ္တတရားဟာလဲ- အဝိပရိတပုဒ်အရ= မဖေါက်ပြန် မပျက်စီးဘူးဆိုတာ, ထင်ရှားပါ၍၊ ရုပ်အစဉ်သန္တတိ ဖေါက်ပြန်ပျက်စီးဘိသည့် သင်္ခါရတရားတို့၏ ဝိကာရအနေ- အညတ္တာဘာဝဖြစ်နေသည့် "ရုပ္ပတီတိရုပံ" သဘောသည်၊ ပရမတ္ထ- အဝိပရိတနှင့် လုံးဝ, မယှဉ်မဆိုင်ပါ၍၊ တရားချင်း- မဆန့်ကျင်ပါ‹ကု- ပိုင်းခြားသိပ်ရာပါသည်။

ဤနေရာ၌ အချို့က- သန္တတိပညတ်- အစဉ်သာ ပျက်ထာပါ၊ ရုပ် ပရမတ်ကတော့ မပျက်ပါဘူးဟူ၍၊ ကောက်ချက်,ချတတ်သည်၊ဤကောက်ချက် သည်- အမှားကြီးမှားတော့၏။ အဋ္ဌတ္တိက- ရုပ်နာမ်သင်္ခါရတရားတို့၌ ပညတ် တို့သည် နဂိုရ်ကလည်း မရှိ၊ ယခုလည်းမရှိ၊ နောင်လည်း, ဘယ်တော့မှ ရှိမည့် တရားမဟုတ်ပါ၊ ထို့ကြောင့်- ပညတ်တရားသည် မရှိ၍- မဖြစ်၊ မဖြစ်၍မပျက် မပျက်၍ ချုပ်ဆုံးသွားပြီဟူ၍၊အနိစ္စလက္ခဏာဖြင့်- ရှုခြင်းငှါ မရထိုက်၊ ဒုက္ခဟူ၍ ရှုခြင်းငှါ မရထိုက်- အနတ္တဟူ၍- ရှုခြင်းငှါလည်း မရထိုက်ပါပေ၊ ထို့ကြောင့် ဝိပဿနာရှုရင် ပညတ်က အရင်စ၍ ရှုရတယ်ဟု- ယူဆပြောကြခြင်းသည် လုံးဝ မမှန်ပါ၊ "ပညတ္တိံ ဌပေတွာ ပဿတီတိ ဝိပဿနာ" အရ= ပညတ်ကို ကြဉ်ဖယ် ထား၍သာ ရှုရမှာ ဖြစ်ပါတယ်၊ ဒီတော့- ပညတ်ဖယ်ထားပြီးရှုရမယ်ဆိုတာနဲ့ ပရမတ်အစစ်ကို- ထင်ရှားဆောင်တတ်တဲ့- သဘောဓမ္မကို ရှုရမယ်လို့- အဓိပ္ပါယ် တခါသွားပြီး ကောက်ကြပြန်ရော၊ ဒီလိုဆိုတော့- မဖေါက်မပြန် မပျက်မစီးတဲ့ ဓါတ်အနှစ်, ပရမတ်အစစ်ကို ဘယ်လိုလုပ်ပြီး အနိစ္စဖြစ်အောင် ရှုရမလဲ- ရှုလို့ ရကောင်းပါ့မလား, မရကောင်းပြန်ဘူး၊ အဲဒီလို- အပြန်အလှန်- ပတ်ချာလည် ပြီး- ဗူးလုံးနားမထွေးနဲ့ဘဲ- ဝိပဿနာရှုတယ်လို့ လုပ်နေကြတော့၊ မူလ,အခြေခံ အယူအဆ မမှန်သဖြင့်၊ "ဖုတ်ရင်းကိုကမှ-မကျက်ဘဲနဲ့" ဉာဏ်စဉ်ဆွေတက်ပြီးပြီ

ဆိုပြီး၊ မကျက်ဘဲ စားလိုက်ထာ- ဝမ်းယောင်ရုံဘဲ နောက်ဆုံးရှိရသလို၊ ဖြစ်ကြရတော့တယ်။ ။ "ဒီတော့— အရှင်းကလေးပါ"

"ခန္ဓာဒိ သင်္ခတဓမ္မေ အနိစ္စာဒိ ဝိဝိဓါကာရေန
ပဿတီတိ ဝိပဿနာ"=အရ...။

ခန္ဓာဒိ= ခန္ဓာအစရှိသော တရားတို့ကို (ဝါ) ရုပ်ခန္ဓာခေါ်- ရူပက္ခန္ဓာနှင့် စေတသိက် နာမ်ခန္ဓာခေါ်= ဝေဒနက္ခန္ဓာ- သညက္ခန္ဓာ- သင်္ခါရက္ခန္ဓာ။ စိတ်နာမ်ခန္ဓာခေါ်= ဝိညာဏက္ခန္ဓာ- ရုပ်နာမ် တရားတို့ကို၊ (ဝါ) ရုပ်-၁၈၊ စိတ်-၁၊ စေတသိက်-၅၂ တို့ ဖြစ်ကြ, ပျက်ရ- သင်္ခါရတရားနှင့် နိဗ္ဗာန်- ၁-ခေါ်၊ အသင်္ခတ တရား(၇၂)ပါးတို့ကို....။

သင်္ခတဓမ္မေ= အကြောင်းတရားတို့- ပြုပြင်စီရင်အပ်သော— သင်္ခတ, သင်္ခါရ သဘော၌၊ (ဝါ) အဝိဇ္ဇာ- တဏှာ, ကံ-စိတ်, ဥတု-အာဟာရ ဟု ဆိုအပ်သော၊ အတိတ်အကြောင်းတရား, ပစ္စုပ္ပန်အထောက် အပံ့ အကြောင်းတရားတို့ ပြုပြင် စီရင်အပ်သော- ဖြစ်တတ်, ပျက်တတ်, သင်္ခတသင်္ခါရ အရပ်ရပ်၌...။

အနိစ္စာဒိ= အနိစ္စအစရှိသော၊ (ဝါ) အနိစ္စနှင့်အနိစ္စလက္ခဏာကို ခွဲခြား၍၊ အနိစ္စာနုပဿနာဆိုက်အောင်- လက္ခဏာတင်ငြားလျက်၊ ဒုက္ခနှင့် ဒုက္ခလက္ခဏာကို ခွဲခြား၊ ဒုက္ခာနုပဿနာဆိုက်အောင် တင်ငြား လျက်၊ အနတ္တနှင့် အနတ္တလက္ခဏာကို ခွဲခြား၍၊ အနတ္တာနုပဿနာ ဆိုက်အောင် တင်ငြားလျက် .. ။

ဝိဝိဓါကာရေန=ထို-သင်္ခတ, သင်္ခါရတရားတို့ကို၊ (ဝါ) အတိတ်အကြောင်း တရား, ပစ္စုပ္ပန်အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သဖြင့် "ဖြစ် တတ်, ပျက်သွား" သင်္ခါရတရားတို့ကို၊ အထူးထူးသော လက္ခ ဏာ, အာကာရပစ္စုပဋ္ဌာန်မှ သင်္ခါရ- သဘာဝပစ္စုပဋ္ဌာန်တိုင် အောင်....။

ပဿတိ= ပေါ်ခိုက်,ပေါ်ဆဲ, သမ္မာဒိဋ္ဌိဉာဏ်မြင်တွဲလျက်၊ (ဝါ)ဝိပဿနာ မင်္ဂ,တဒင်္ဂပဟာန်တွေ-မပြတ်ရစေလျက်- ရှုကြည့် ပွားများ၏။

ဉတိတသ္မာ= ထိုသို့— ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်, အဆက်ဆက်- ပုဗ္ဗဘာဂမဂ်ဖြင့်- လောကုတ္တရာ မဂ်ဉာဏ်အားလျော်သော ပွားများမှု ဖြစ်ခြင်းကြောင့်....။

ဝိပဿနာ= ထူးမြတ်စွာရှုပွား- သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မြင်ပြားအပ်သော ဝိပဿနာ ဘာဝနာဟူ၍....။

ဝုစ္စတိ= မှုချမသွေ- ဆိုအပ်ပေ၏။ ။

အထက်ပါ— ဝိပဿနာဘာဝနာလို့၊ မှုချဆိုအပ်တဲ့ ပွားများရမှု၊ အရှုခံတရားတွေကိုကြည့်ရင်၊ မရှိတဲ့ပညတ်, မဖြစ်တဲ့ပညတ်၊ မပျက်တဲ့, ပညတ်ကိုလဲ မရှုရပါဘူး၊ ရှိတဲ့ခါတ်ရဲ့အနှစ်- ပရမတ်အစစ်- သဘောဓမ္မမျှ သက်သက်ကိုလဲ= ဘာဝနာတိသမယအခါ- မရှုရပါဘူး၊ အဲဒီ— နှစ်ခုကို- ရှုပါလို့လဲ- မညွှန်ပြ, မဟောကြားခဲ့ပါဘူး၊ ဒါပေမဲ့= သုတမယပညာဉာဏ်အနေဖြင့်ရင်း၊ စိန္တာမယ ပညာဉာဏ်အနေဖြင့်ရင်း၊ ပစ္စယပရိဂ္ဂဟဉာဏ်အနေဖြင့်ရင်း၊ ပုဗ္ဗကရဏအနေဖြင့် ရင်း၊ ပညာသိ, ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်၊ သညာဝိပ္ပလ္လာသကို ပယ်ခွါချနိုင် စေခြင်းငှါ၊ ပရမတ္ထ- သဘောဓမ္မသက်သက်- သုညတအနက်နှင့် နိဿတ္တအနက် ကို၊ ဉာဏ်၌ပေါ်ထွက် ဆုံးဖြတ်နိုင်အောင်မူ။ သမ္မသန္တိ- သုံးသပ်အပ်ပါ၏။ ဝိပဿန္တိ- ရှုမှတ်အပ်ပါ၏။ ပရိဂ္ဂဏှန္တိ- သိမ်းဆည်း အပ်ပါ၏၊ ဝဝတ္ထာပေန္တိ- ပိုင်းခြားအပ်ပါ၏၊ ပရိစ္ဆိန္ဒန္တိ-ဃနပညတ်, သတ္တပညတ်တို့ကို- သုညတ, နိဿတ္တ ရောက်အောင်- ချိုးဖေါက်ဖျက်ဆီးအပ်ပါ၏။ အကယ်၍- ထိုသဘောထက် လွန်ကဲသော- ဘာဝနာမယဉာဏ်အားဖြင့်- ပရမတ်သဘောဓမ္မ, အာရုံ၌၊ အား ထုတ်လျှင်လည်း၊ "ပရမတ္ထဓမ္မ အတိဂမ္ဘီရ" အဖြစ်= "နာနပ္ပကာရဓါတုယာ, နုဿဏာဓိမုတ္တ"အဖြစ်ကြောင့်- အပ္ပနာသို့ မရောက်မူ၍၊ ဥပစာရသမာဓိသာ ဖြစ်ရှိနိုင်ခြင်းကြောင့်ရင်း၊ ဝိပဿနာသမာဓိ, ဟု ဆိုအပ်သော ခဏိကသမာဓိ- "ဖြစ်ပျက်" သင်္ခါရ အာရုံမသက်ဝင်သည်ကြောင့်ရင်း၊ ပရမတ်သဘောဓမ္မမြတ် အား- အထက်ပါ= သုတ, စိန္တာ-ဉာဏ်နှစ်ဖြာအားဖြင့်- ပစ္စယပရိဂ္ဂဟာ- ပုဗ္ဗက ရဏာ အခါတို့၌သာ သင့်လျော်ရပါသည်။....

သို့သော်လည်း.... အဲဒီ, ထင်ရှားရှိတဲ့- မဖေါက်မပြန် ပရမတ်တရားသည် သင်္ခတနယ်တွင်သာ ထင်ရှားဆောင်၍ ဖြစ်ပြလာနိုင် ရကား၊ သင်္ခတ, အနေ- အကြောင်းတရားတွေကြောင့်၊ အကျိုးသင်္ခါရအစု- ခန္ဓာမှုနှင့် "ဖြစ်တတ်-ပျက်

ခြင်း’’ရုပ်နာမ်စာရင်းဝင် လာသည့်- ဆင်းရဲတွင်း ဒုက္ခသစ္စာထိုက်သော၊ ခန္ဓာငါးဝ, ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏- အာကာရ ပစ္စုပ္ပန်မှုစ၍၊ သဘာဝ ပစ္စုပ္ပန်ကျအောင်- ရှုပွားရမှာဖြစ်ခြင်းကြောင့်၊ သန္တတိ- ပရမတ္ထအကြောင်း မကင်းသဖြင့်- ပေါင်းသွင်းပါအပ်ပြီးသကဲ့သို့လည်း ဖြစ်ရှိပါတော့သည်၊ ဘယ်အခိုက်ရှုရမှာလဲဆိုတော့- ဖြစ်ခိုက်, ဖြစ်ဆဲ-ရုပ်နာမ်ထဲဟု ဆိုအပ်သောပစ္စုပ္ပန်ဆတ်ဆတ်တရားကိုဘဲ ရှုရမှာပါ၊ ပစ္စုပ္ပန်တော့- ဟုတ်ပါပြီ၊ အတွင်းမှာလား အပြင်မှာလည်းလို့- ဆိုရင်၊ အတွင်း အဇ္ဈတ္တမှာသာ ဖြစ်ပါသည်။

ဒီလိုဆိုလိုက်လို့-‘‘အတီတာနာဂတ- ပစ္စုပ္ပန္န-အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ’’ဆိုတာကို- ပြေးသတိရပြီး၊မှားတယ်လို့ မလုပ်လိုက်ပါနဲ့အုံး၊-အတိတ်နဲ့ အနာဂတ်ကိုညွှန်းဆိုတာက သာမညပစ္စဝေက္ခဏာအနေ ဆင်ခြင်ခိုက်ရယ်၊ စိန္တာမယဉာဏ်အနေ- ပစ္စယပရိဂ္ဂဟဉာဏ်-သိမ်းဆည်းခိုက်အတွင်းမှာသာ ဆိုလိုရင်းဖြစ်ပါတယ်၊ အဇ္ဈတ္တ- ဗဟိဒ္ဓဆိုတာကလဲ၊ အဇ္ဈတ္တံဝါအရ= မိမိအတ္တဘော အတွင်းမှာဝင်တဲ့ အဇ္ဈတ္တိကရုပ်(၇) ပါးကို မုချဆိုလိုတယ်၊ တနည်း- အဇ္ဈတ္တမှာ ထင်ရှားတဲ့- နိပ္ဖန္နရုပ် (၁၈)ပါးကို ဆိုလိုပါတယ်၊ ဗဟိဒ္ဓါဝါအရလဲ- မိမိခန္ဓာအတ္တဘော အတွင်းဝင်တဲ့ အဇ္ဈတ္တိကရုပ်မှတပါး အပြင်လို့ခေါ်ရတဲ့- ကြွင်းရုပ်(၁၁)ပါးကို ဆိုလိုတာဖြစ်လို့၊ မုချက= ပစ္စုပ္ပန်နှင့် အဇ္ဈတ္တမှာသာ ရှုရမှာဖြစ်ပါတယ်လို့ ပိုင်းခြားသိအပ်ပါသည်။ (မှတ်ချက်) ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ ရှေ့အပိုင်းတို့၌ ဆိုလိုခြင်းဖြစ်သည်။

ကဲ..ယံဝါ, တံဝါ မဟုတ်ဘဲ၊ ဝိပဿနာ- ဘယ်မှာပွားလို့၊ ဘယ်လိုဉာဏ်ဖြစ်ရတယ်ဆိုတာလဲ သိရပြီ။ ပထဝီရုပ်ဓါတ်တလုံးကိုလဲ ပညတ်တွေ- ချေမှုန်းပြီး ပရမတ္ထဉာဏ်အရာရောက်အောင်လဲ ကျင့်သုံးနိုင်တဲ့ အဖြစ်ရောက်အောင် ပိုင်နိုင်လာပြီ၊ ဒီတော့ အတုံး, အလုံး, အခဲ၊ အထည်, ဒြဗ်, သဏ္ဌာန်- နာမံပညာတ်တွေ ဆိတ်သုဉ်းပြီး၊ သုညတ- နိဿတ္တ- နိဇ္ဇီဝ- ဖြစ်တဲ့၊ ပထဝီရုပ်ဓါတ်တလုံးကို၊နိစ္စလား=အနိစ္စလား၊ သုခလား=ဒုက္ခလား၊ အတ္တလား=အနတ္တလား-ဆိုတာ- ခွဲခြားပြီး၊ မိမိဘာသာမိမိ, အနုပဿနာ သုံးပါးဆိုက်အောင်၊ (ဝါ) တပါးပါးဆိုက်အောင်၊ နှလုံးသွင်းပွားများ ကြည့်ပေတော့- စာအုပ်ကလေး-ခဏလောက်, ဘေးချမှောက်ထားပြီး၊ စိန္တာမယဉာဏ်နဲ့ ကျက်စားကြည့်လိုက်စမ်းပါဦး၊ ပြသလာတာတော့- ရင့်ကျက်နေပြီး- စားကြည့်ရုံဘဲမို့၊ ကျက်စားကြည့်ပါ၊ ကဲ...မရေမရာ, မသေမချာ ဖြစ်နေရင်- စာအုပ်ကို ကောက်ပြီး ပြန်ကြည့်ပေအုံးတော့— ယောဂီတို့....။

# ပထဝီရုပ်ဓါတ်-ကျင့်စဉ်မြတ်

မဟာမင်္ဂလာအပေါင်း, သုတ္တန်တော်အပေါင်းတို့- မြတ်ဘုရားရှင် သွန်သင်ဆုံးမတော်မူကြောင်းအရ— ဘုတရုပ်ခေါ် - ဓါတ်ကြီးလေးပါး၌ဖြစ်စေ၊ ပထဝီအစရှိသော ရုပ်ဓါတ်တပါးပါး၌ဖြစ်စေ၊ အနုပဿနာသုံးပါးဆိုက်အောင် ပွားများအားထုတ်နိုင်သူအား၊ အတ္တဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ နုသယကို အပြီးတိုင်ပယ်သတ်ခြင်းသို့ ရောက်နိုင်သည်... တဲ့၊ ထို့ကြောင့်–"ပထဝီဓာတုံ ဇာနတော ပဿတော အနတ္တတော သက္ကာယ ဒိဋ္ဌိပ္ပဟာနာယ" ဟု-အဋ္ဌကထာ,ဖွင့်ဆိုချက်နဲ့အညီ၊ ပထဝီရုပ်ဓါတ်တပါးစဉ်လျက်- အပြားအားဖြင့် ပိုင်းခြား, ဝေဘန်- လက္ခဏာသုံးတန်ဖြင့် ရှုတင်ဆင်ခြင် ပွားများသော- ယောဂါဝစရပုဂ္ဂိုလ်သည်၊ အနတ္တနုပဿနာလျှင် အမှန်နှင့်တကွဖြစ်သော- ဝိမောက္ခတပါးပါး- အထွဋ်အထိပ်သို့ ရောက်ငြားလျက်- အတ္တဒိဋ္ဌိ အယူမှားကြီးကို အပြီးတိုင်, ပယ်နိုင်-သတ်နိုင်သည် ဖြစ်၍၊သောတာပတ္တိ-မဂ်ရဖိုလ်တည် သာဝကအစစ်မည်သော အရိယာအဖြစ်သို့ ကောင်းစွာမသွေ ရောက်ရပေတော့သည်။

ဤကဲ့သို့— ရရောက်ကြောင်းဖြစ်သော-ပထဝီရုပ်ဓါတ်၌ အလုပ်အပ်နှင်း ပွားများခြင်း ပြုရပုံကို၊ အင်္ဂုတ္တိုရ်ပါဠိ- စတုက္ကနိပါတ်- သဠေတနိယဝဂ်-ရာဟုလ,သုတ်တော်၌ မြတ်စွာဘုရားသခင်သည်၊ ဤသို့- ပထဝီအစရှိသော- ရုပ်ဓါတ်တပါးပါးကို ဟုတ်တိုင်းမှန်ရာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်မြင်ရန်- ဝိပဿနာပညာဖြင့် ရှုအပ်၏၊ ထိုသို့- ဟုတ်မှန်သည့်အတိုင်း- ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိမြင်ရသည်ဖြစ်၍၊ ရုပ်, နာမ်, နှစ်ပြာ— ဒုက္ခသစ္စာတရား၌ စက်ဆုတ်ငြီးငွေ့ခြင်းသည် ဖြစ်၏၊ ထို့ကြောင့်-ဒိဋ္ဌိတဏှာတို့ဖြင့်- ကပ်ငြိမိနေရခြင်းမှ- ကင်းလွတ်စေခြင်းငှါ၊ အနုပဿနာသုံးပါးဆိုက်အောင်- ပွားများအားထုတ်မှုအဖန်ဖန်ကို ပြုအပ်သည်ဖြစ်၍၊ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, အယူမှားကြီး- အမှတ်မှားကြီးသည် အပြီးတိုင် ချုပ်ငြိမ်းရလေ၏၊ ဤသို့မှန်ငြား– အကျိုးဘွားကို မြတ်ဘုရားရှင် သွန်သင်မိန့်မှာတော်မူသည့်အတိုင်း၊ ရှင်ရာဟုလာအား- ပထဝီရုပ်ဓါတ်တရား ရှာဖွေငြား၍၊ သက္ကာယဒိဋ္ဌိပြုတ်ပုံများကို၊ ဤသို့ချွတ်ထွင်, ဉာဏ်နှင့်ယှဉ်၍ကျင့်စဉ်ဝင်အောင်— သိအပ်ရပါသည်။ ။

ချစ်သား-ရာဟုလာ၊ အကြင်, ဥပါဒါနက္ခန္ဓာဟူသော လောက၌၊ ရုပ်တရားတို့တွင် အကြီးအမှူးပြု၍- အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်ကုန်သော၊ ပထဝီအမည်ဖြင့် ခေါ်ဝေါ်ခြင်းသို့ရောက်သော- မာသဘော, ပျော့သဘော ရုပ်ဓါတ်တရားသည်ရှင်း၊ အာပေါဟူ၍ ခေါ်ဝေါ်ခြင်းသို့ရောက်သော

ဖွဲ့စီးသဘော, ယိုစီးသဘော,ရုပ်ဓါတ်တရားသည်၎င်း၊ တေဇောဟူ၍ ခေါ်ခေါ်ခြင်းသို့ ရောက်သော ပူသဘော, အေးသဘော, ရုပ်ဓါတ်တရားသည်၎င်း၊ ဝါယောဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်သော= ထောက်ကန်သဘော, တွန်းကန်သဘော, ရုပ်ဓါတ်တရားသည်၎င်း၊ ထင်ရှားမသေ့- သတ္တဝါဟု ရေတွက်မှု ပြုစေခြင်း၄ါ၎င်း၊ တဏှာဒိဋ္ဌိဖြင့်မှီ၍- သက္ကာယဒိဋ္ဌိအားဖြင့် စွဲယူ၄ါ၎င်း၊ ထင်ရှားရှိလတ်, အကြောင်းသကပ်တို့ကြောင့်-ဖြစ်ပေါ်အပ်သော ရုပ်တရားတို့ပေတည်း။

ငါဘုရားသာသနာတော်၌၊အရိယာ၏ တပည့်ဖြစ်သော၊အရိယာတရား၌ လိမ္မာသော၊ အရိယာအဖြစ်ကို အလိုရှိသော- သာဝကတို့သည်၊ ထို ရုပ်ဓါတ်တရားတို့၌၊ ငါ, ဥစ္စာငါ, ငါ့အတ္တဟု မမှတ်မူ၍- မသိမူ၍၊ မယူမူ၍ မစွဲလမ်းမူ၍ မကပ်ငြိမူ၍- သက္ကာယဒိဋ္ဌိမှ ဝေးစွာစင်ကြယ်ခြင်းကို သက္ကာယဒိဋ္ဌိမှ ကောင်းစွာစင်ကြယ်ခြင်းကို သက္ကာယဒိဋ္ဌိမှ လွန်မြောက်ခြင်းကိုပြုကြကုန်၏။ သိမ်းဆည်းကုန်ပိုင်းခြားကြကုန်၏၊ ချိုးဖေါက် ဖျက်ဆီးကြကုန်၏။ လွတ်မြောက်ခြင်းသို့ ရောက်ကြကုန်၏၊ ဖြူစင်ခြင်းသို့ ရောက်ကြကုန်၏၊ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြကုန်၏၊ ငါဘုရားသာသနာတော်၌ ချီးမွမ်းအပ်, မြတ်အပ်သော အရိယာဇာတ်သို့ သက်ဝင်ကြကုန်၏။ ချစ်သားရာဟုလာ.... ဤအရှေ့၌- ပထဝီရုပ်ဓါတ်တရားအား- အဘယ်သို့ ထင်မှတ်လေသနည်း၊ ငါဘုရားသည်- သင်ချစ်သားအား, မေးငြားအံ့၊ သုမိသင်အပ်သည်ဖြစ်၍- ဖြေကြားလော= ဟုတ်မှန်, အပ်သည်ဖြစ်၍- ဖြေကြားလော– စင်ကြယ်အပ်ခြင်းကို ရေ့ရှုလော–ဟု, မိန့်ကြားတော်မူပြီးလျှင်....

ချစ်သား ရာဟုလာ = ဦးခေါင်းထက်သို့-လက်ဖြင့် စမ်းသပ်သော်၊ သင့်အား အဘယ်သို့ တွေ့ထိခြင်းသဘောသည်-ဖြစ်သနည်း။

* ဦးခေါင်းကို စမ်းသော်- မာသဘောကို တွေ့ပါသည် ဘုရား။

ချစ်သား ရာဟုလာ = ဆံပင်တို့ကိုစမ်းကြည့်လော့၊

* မှန်လှပါ-မာတဲ့သဘောကိုတွေ့ရပါသည် ဘုရား။

ချစ်သား ရာဟုလာ = မာသဘောကိုတွေ့တော့၊ မာတာဟာ-ဦးခေါင်းလား၊ ဦးခေါင်းက-မာတာလား၊

* ပဟုတ်ပါဘုရား။

ချစ်သားရာဟုလာ = မာသဘောထဲမှာ-ဦးခေါင်းရှိသလား၊ ဦးခေါင်းထဲမှာကော-မာသဘောရှိသလား၊

* မရှိပါဘုရား။

ချစ်သားရာဟုလာ - ထိုသို့မာသဘောသည်-ဦးခေါင်းမဟုတ်၊ဦးခေါင်းသည်လည်း-မာသဘောမဟုတ်၊ မာသဘောထဲ၌- ဦးခေါင်းသည်မရှိ၊ ဦးခေါင်းထဲ၌လည်း-မာသဘောမရှိသော်-ဘာသာလျှင်ရှိပါသနည်း၊

* ပထဝီရုပ်ဓါတ်၏ မာသဘောသာရှိပါသည်ဘုရား။

ချစ်သားရာဟုလာ = ထိုပထဝီရုပ်ဓါတ် မာသဘောသည် ချစ်သားရာဟုလာလား။

* ချစ်သားရာဟုလာ-မဟုတ်ပါ ဘုရား။

ချစ်သားရာဟုလာ = ဤသို့-မာသဘောသည်- ဦးခေါင်းမဟုတ်၊ ဦးခေါင်းသည်လည်း- မာသဘော မဟုတ်၊ မာ သဘောထဲ၌ ဦးခေါင်းသည်မရှိ၊ ဦးခေါင်းထဲ၌လည်း- မာသဘော မရှိ၊ ပထဝီရုပ်ဓါတ်၏သဘောမျှသာရှိ၍၊ ထို-ပထဝီရုပ်ဓါတ်၏ မာသဘောသည်လည်း ချစ်သား ရာဟုလာ မဟုတ်၊ ချစ်သားရာဟုလည်း မာသဘောမဟုတ်သော်၊ ဤပထဝီရုပ်ဓါတ်-မာသဘောကို ငါ့ဥစ္စာ-ငါ-ငါ့အတ္တဟု စွဲယူခြင်းငှါ သင့်ပါမည်လား-စွဲယူခြင်းငှါ-ရကောင်းပါမည်လား။

* မှန်လှပါ- မာသဘော၊ ပထဝီရုပ်ဓါတ်၌- ငါ့ဥစ္စာ-ငါ ငါ့အတ္တဟု စွဲယူခြင်းငှါ၊ မရကောင်းပါ၊ စွဲယူခြင်းငှါ မသင့်တော့ပါဘုရား။....

ချစ်သား ရာဟုလာ= ဤသို့-အရိယာတရား၌ လိမ္မာစွာ၊ ယထာဘူတဉာဏာယဝိသဇ္ဇနာယာ= ဟုတ်မှန်တိုင်းသော ဉာဏ်မြင်ဖြင့် ဖြေကြားနိုင်စွမ်းသော သင့်အား၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်မြင်နှင့်- အနုပဿနာသုံးပါးဆိုက်အောင်- နှလုံးသွင်းပွားများသည်ဖြစ်၍၊ သက္ကာယဒိဋ္ဌိနိုင်ငံမှ ထွက်မြောက်ခြင်းကို ပြုရာ၏။

ချစ်သား ရာဟုလာ= ထိုမှတဖန်- တုံလည်း- ဝမ်းဗိုက်ကို စမ်းကြည့်ဦးလော့။

* ပျော့တဲ့ သဘောကို တွေ့ပါသည်- ဘုရား။

ချစ်သား ရာဟုလာ= ပေါင်ကို စမ်းဦးလော့။

* ပျော့တဲ့သဘောကိုဘဲ- တွေ့ပါသည် ဘုရား။

ချစ်သား ရာဟုလာ= ပျော့တာ, ဝမ်းဗိုက်လား= ပေါင်လား။

* မဟုတ်ပါဘုရား။

ချစ်သား ရာဟုလာ= ပျော့သဘောထဲမှာ၊ ဝမ်းဗိုက်- ပေါင်, ရှိသလား၊ ဝမ်းဗိုက်, ပေါင်ထဲမှာကော- ပျော့သဘောရှိသလား။

* မရှိပါ-ဘုရား။

ချစ်သား ရာဟုလာ= ဤသို့- ဝမ်းဗိုက်, ပေါင်တို့သည်= ပျော့တာမဟုတ်၊ ပျော့တာသည်လည်း- ဝမ်းဗိုက်, ပေါင်တို့မဟုတ်၊ ပျော့သဘောထဲ၌ ဝမ်းဗိုက်, ပေါင်တို့မရှိ၊ ဝမ်းဗိုက်, ပေါင်တို့၌လည်း၊ ပျော့သဘောမရှိလျှင်၊ ဘာသာလျှင် ထင်ရှားရှိပါသနည်း။

* မှန်လှပါ၊ ပထဝီရုပ်ဓါတ်- ပျော့မှုသဘောသာ ရှိပါသည် ဘုရား။

ချစ်သား ရာဟုလာ= ထိုပထဝီရုပ်ဓါတ်၏- ပျော့မှုသဘောသည် ချစ်သား, ရာဟုလာလား။

* ချစ်သားရာဟုလာ- မဟုတ်တော့ပါ ဘုရား။

ချစ်သား ရာဟုလာ= ဤသို့- ပျော့သဘောသည် ဝမ်းဗိုက်, ပေါင်မဟုတ်၊ ဝမ်းဗိုက်, ပေါင်သည်လည်း- ပျော့သဘော မဟုတ်၊ ပျော့သဘောထဲ၌- ဝမ်းဗိုက်,ပေါင်သည်မရှိ၊ ဝမ်းဗိုက်ပေါင်တို့ထဲ၌လည်း ပျော့သဘောမရှိ၊ ပထဝီရုပ်ဓါတ်၏ ပျော့သဘောသာရှိ၍၊ထိုပျော့သဘောသည်လည်း ချစ်သား, ရာဟုလာမဟုတ်၊ ချစ်သားရာဟုလာသည်လည်း ပျော့ သ ဘော မ ဟုတ် သော်၊ ဤ- ပထဝီဓါတ်ပျော့သဘောကို၊ တဏှာ–မာန–ဒိဋ္ဌိ, အားဖြင့် ငါ့ဥစ္စာ ငါ ငါ့အတ္တဟု စွဲယူခြင်းငှါ သင့်ပါမည်လား၊ စွဲယူခြင်းငှါ ရကောင်းပါမည်လား။

* မှန်လှပါ၊ ဤ- ပထဝီရုပ်ဓါတ်, ပျော့သဘော၌လည်း ငါ့ဥစ္စာ- ငါ- ငါ့အတ္တဟု စွဲယူခြင်းငှါ- မရကောင်းပါ၊ စွဲယူခြင်းငှါ- မသင့်တော့ပါဘုရား။

ချစ်သား ရာဟုလာ= ဤသို့- အရိယာတရား၌ လိမ္မာစွာ၊ ယထာဘူတဉာဏာယ, ဝိသဇ္ဇနာယာ= ဟုတ်မှန်တိုင်းသော ဉာဏ်မြင်ဖြင့်- ဖြေကြားနိုင်စွမ်းသော သင့်အား၊ ဝိပဿနာသမ္မာဒိဋ္ဌိ

ဉာဏ်မြင်နှင့် အနုပဿနာ သုံးပါးဆိုက်အောင်, နှလုံး
သွင်းပွားများသည် ဖြစ်၍၊ သက္ကာယဒိဋ္ဌိနိုင်ငံမှ ထွက်
မြောက်ခြင်းကို ပြုရာ၏။

ချစ်သားရာဟုလာ= ဦးခေါင်း, ဆံပင်- ဝမ်းဗိုက်, ပေါင်တို့၌၊ မာတဲ့သဘောကို တွေ့ရခြင်း, ပျော့တဲ့သဘောကို တွေ့ရခြင်းသည်၊ ချစ်သားရာဟုလာအား= ရာဟုလာဟု သမုတ်အပ်သော ဤတလံတထွာလောက်မျှသော ကရဇကာယ ရူပက္ခန္ဓာ- ရုပ်ဓါတ်တရပ်လုံး၌၊ ဦးခေါင်းဟု သမုတ်အပ်သည်မှ- ခြေဖျားဟု သမုတ်အပ်သည့်တိုင်အောင်၊ အသိဉာဏ်-သမ္မာဒိဋ္ဌိပညာယှဉ်၍ အဖန်ဖန်အပြန်အလှန် စမ်းသပ်သည်ရှိသော်၊ ပထဝီဟု ခေါ်ဆိုအပ်သော ရုပ်ဓါတ်တရား၏- မာသဘော, ပျော့သဘောမှလွဲ၍၊ ခေါင်း, ကိုယ်, လက်, ခြေစသည်တို့က- မာခြင်း, ပျော့ခြင်း, မာသည်, ပျော့သည် စင်စစ်- မဟုတ်ကုန်-မရှိကုန်၊ ထိုသို့ ခေါင်း, ကိုယ်, လက်, ခြေ တို့၏ မာခြင်း, ပျော့ခြင်း, သည် မရှိ- မဟုတ်ခြင်းကြောင့်၊ ချစ်သားရာဟုလာဟူ၍လည်း- မာ,သည်၊ ပျော့,သည်= မာခြင်းပျော့ခြင်း- မရှိကုန်၊ မဟုတ်ကုန်တော့သည်သာတည်း။

ချစ်သားရာဟုလာ= ဤ- ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော၊တဏှာ –မာန–ဒိဋ္ဌိတို့ဖြင့် စွဲယူရာ-ရုပ်စုဝတ္ထုအာရုံမှုလည်း ဖြစ်သော၊ ဥတုဇ, ကလာပ-ကရဇကာယသာလျှင် အမှန်ရှိ၍၊ အာဟာရလျှင် အထောက်အပံ့, မပြတ်ရှိလတ်သော၊ ကံတို့သည် ဖြစ်စေရစေအပ်သော၊ စိတ်သည်- ချယ်လှယ်, ဆန်းကြယ်စွာ- မှုန်းချယ်အပ်သော (၂၈)ပါး, ရုပ်တရား ရူပက္ခန္ဓာသည်၊ မာ,သဘောအားဖြင့် ဆောင်ခြင်း,ပျော့သဘောအားဖြင့် ဆောင်ခြင်း၊ ပထဝီရုပ်ဓါတ်သဘော- သန်တ, သဏ္ဍာနတရားမှလွဲ၍၊ ခေါင်း, ကိုယ်,လက်, ခြေ၊ အတုံး, အလုံး အခဲ, အနေ၊ သမူဟ, သဏ္ဍာန, ပညတ်အနေတို့သည်၊ စင်စစ်- မရှိသည်ဖြစ်၍- မရအပ်၊ ဤ- ရူပက္ခန္ဓာနှင့်တကွသော ခန္ဓာငါးပါးဟူ၍ ထင်ရှားလာသော ဝိပါကဝဋ်သည် သက်ဝင်အပ်သော သတ္တသညာဖြင့် ယူတတ်သော တဏှာ—ဒိဋ္ဌိ တို့ကြောင့်သာ- သတ္တဝါ, ပုဂ္ဂိုလ်, ယောကျ်ား, မိန်းမ- ခေါ်ဆိုသမုတ် ခံရရုံမျှသည်သာ ဖြစ်ကြရ၏။ ချစ်သား, ရာဟုလာ= အဖန်ဖန်ဉာဏ်ဖြင့် စမ်းသပ်ဆင်ခြင်ကြည့်လတ်သော်....။

ဤ- မာသဘော, ပျော့သဘောအားဖြင့် ပထဝီရုပ်ဓါတ်သည်သာ ထင်ထင်ရှားကေန်ဆောင်ထားတတ်ခြင်း၊ သဘောသဘာဝတရားသာရှိ၏။ အတုံး အလုံး, အခဲ, အထည်ဒြပ်, သဏ္ဍာန်သည်. ကေန်မရှိ၊ ဤသို့- အတုံး, အလုံး, အခဲ အထည်, ဒြပ်, သဏ္ဍာန်, မရှိကေန်ကို သိသောသင့်အား၊ ရာဟုလာသည်,

ဟုတ်၏ ဟူသော- အသ္မိမာနနှင့်တကွ၊ အယူ, အမှတ်, အသိတို့သည် မဖြစ်ရှိနိုင်၊ ချစ်သားရာဟုလာ= တဖန်ထပ်၍ ဉာဏ်ဖြင့် စမ်းသပ်သော်၊ ရူပက္ခန္ဓာခေါ်-ကရဇကာယတခုလုံး၌ ပဌမစမ်းသပ်၍ တွေ့ရသော မာသဘော, ပျော့သဘောသည်၊ ဒုတိယ စမ်းဆပ်၍ တွေ့သော၊ မာသဘော, ပျော့သဘောဟုတ်ပါရဲ့လား?။

* မဟုတ်ပါ-ဘုရား၊

ချစ်သား ရာဟုလာ= ဒုတိယတွေ့သော၊ မာသဘော, ပျော့သဘောသည်၊ တတိယ,တွေ့သော၊ မာသဘော, ပျော့သဘော, ဟုတ်ပါရဲ့လား။

* မဟုတ်ပါ- ဘုရား။

ချစ်သား ရာဟုလာ= ထိုသို့မဟုတ်လျှင်၊ ပဌမတွေ့သော- မာသဘော, ပျော့သဘောသည်၊ ဒုတိယတွေ့သော- မာသဘော, ပျော့သဘောဘက်သို့- ပါလာသလား။
ဒုတိယတွေ့သော- မာသဘော, ပျော့, သဘောသည်လည်း၊ တတိယတွေ့သော- မာသဘော, ပျော့သဘောဘက်ဆီသို့- ပါပါသလား။

* မပါလာပါ- ဘုရား။

ချစ်သား ရာဟုလာ= ထိုသို့- မပါလာရိုးမှန်လျှင်၊ ပထဝီရုပ်၏- မာသဘော, ပျော့သဘောသည်၊ သဿတ= တည်သည်၏ အဖြစ်ဟုတ်ပါ၏လား။

* တည်သည်၏ အဖြစ်- မဟုတ်ပါ ဘုရား။

ချစ်သား ရာဟုလာ= ပဌမ- မာသဘော, ပျော့သဘောသည်၊ ပဌမ, စမ်းသပ်တွေ့ထိဆဲ၌ပင်၊ ချုပ်ပျက်သည်ကို သိပါလား။

* သိရှိလိုက်ရပါသည်- ဘုရား။

ချစ်သား ရာဟုလာ= ထိုသို့- တွေ့ထိဆခဏ၌ပင်၊ ချုပ်ဆုံးပျက်စီးသော ပထဝီရုပ်ဓါတ်သည်၊ နိစ္စ- မြဲသည်မည်ပါမည်လား။

* နိစ္စ=မြဲသည်· မမည်ပါ ဘုရား။

ချစ်သား ရာဟုလာ= နိစ္စ-မြဲသည်၊ မမည်လျှင်၊အနိစ္စ-မမြဲခြင်း ကေန်အားဖြင့် ခယ, ဝယ, ပျက်စီး ကုန်ပျောက်ခြင်းသို့- သင့်အား, ဉာဏ်၌ မြင်ခြင်းသည် ဖြစ်ပါ၏လား။

* အနိစ္စ- မမြဲသော- ပျက်စီး, ကုန်ပျောက်ခြင်းကို ဉာဏ်ဖြင့် ရှုမြင်အပ်ပါပြီ ဘုရား။

ချစ်သား ရာဟုလာ= ဤသို့- အနိစ္စ-မမြဲသော၊ ပျက်စီးကုန်ပျောက်ခြင်းသာ ဖြစ်သော- ကရဇ, ယာယ- ခေါ်- ရူပက္ခန္ဓာသည်- နိစ္စမျိုးလော= အနိစ္စ-မျိုးလော။

* နိစ္စမျိုး မဟုတ်၊ မမြဲသော အနိစ္စမျိုးဖြစ်ပါသည်ဘုရား။

ချစ်သား ရာဟုလာ= အနိစ္စမျိုးဖြစ်သော- ဤရူပက္ခန္ဓာ၌ အကျုံးဝင်သည့်၊ မာ,-သဘော, ပျော့သဘော၊ ပထဝီ ရုပ်ဓါတ်သည်၊ တွေ့သိဆဲခဏ၌ပင်- ပျက်သုဉ်းကုန်ပျောက်သည် ဖြစ်၍၊ အနိစ္စမျိုးပါတကားဟု မြင်အပ်ပြီးသော- သင့်အား၊ နောင်တဖန်- နိစ္စမျိုးဟု ယူခြင်းငှါ သင့်ပါမည်လား။

* မသင့်လျော်တော့ပါဘုရား။

ထိုသို့- မသင့်လျော်အပ်တော့လျှင်၊ အနိစ္စဆိုလျှင်- ပထဝီ ရုပ်ဓါတ်၊ ပထဝီဓါတ်ဆိုရင်- အနိစ္စဟုရင်း၊ ရုပ်ဆိုလျှင်- အနိစ္စ၊ အနိစ္စဆိုလျှင်- ရုပ်တရားဟုရင်း- "ရူပေနစမံ နပမဇ္ဇတိ"= ဟုတ်တိုင်း, မှန်ရာ- ဖေါက်ထွင်းကာသိသည် ဖြစ်သော ချုပ်ဆုံးကုန်ပျောက်ခြင်း အနိစ္စသဘောသည်၊ ပထဝီရုပ်ဓါတ်တရားဟု- အစဉ်မမေ့ခြင်းသည်၊ သင့်အား ဖြစ်စေလော့၊ ထိုသို့- အနိစ္စဆိုလျှင် ရုပ်၊ ရုပ်ဆိုလျှင်- အနိစ္စ၊ အနိစ္စဆိုလျှင်- ပထဝီရုပ်ဓါတ်၊ ပထဝီရုပ်ဓါတ်ဆိုရင်- အနိစ္စဟု၊ မဖေါက်မပြန်- ဟုတ်တိုင်းမှန်စွာ- ဝိပဿနာပညာဖြင့်- ခွဲခြမ်းဉာဏ်ရောက် အသိပေါက်ခြင်းသည်၊ အနိစ္စတရားကို နိစ္စဟု ထင်မှတ်မှားသော၊ သညာ, ဒိဋ္ဌိ, ဝိပလ္လာသတို့ ကင်းကွာစေသောအားဖြင့် အနိစ္စဉာဏ်သည် သင်အားဖြစ်၏။

ချစ်သားရာဟုလာ= အရိယာတို့၏ တရား၌ လိမ္မာသော၊ အရိယာတို့၏ အဆုံးအမ၌ တည်သော- သင့်အား၊ ဤရှေ့မျှဖြင့်- မရပ်တန့်မူ၍ "ရူပံ အနိစ္စံ- နိစ္စံ ပဇဟတိ" အားဖြင့်- မမေ့သော, သတိ, သမ္ပဇည ရှိသည်ဖြစ်၍သာလျှင်၊ နေ့ညမရွေး- မိမိ၏ အနိစ္စသာဖြစ်သော ရူပက္ခန္ဓာ, ကရဇကာယ၌"ဗဇ္ဇက္ခ သန္နိဋ္ဌိ ကမ္မ"အနေ၊ ကြိမ်ဖန်များစွာ, ဉာဏ်ဖြင့်- စမ်းသပ်ရှာဖွေခြင်း၊ ဘာဝနာဘိ သမယအတွင်းဝယ်၊ အကြင်- ရူပက္ခန္ဓာ၌ အကျုံးဝင်သော- အနိစ္စ စင်စစ် ဖြစ်သည့်- ပထဝီရုပ်ဓါတ်တရားကို ဉာဏ်ဖြင့်တွေ့မြင်အောင်၊ သုံးသပ်တိုင်း, သုံး သပ်တိုင်း၊ ထိုပထဝီရုပ်ဓါတ်, အနိစ္စတရားသည်၊အနိစ္စလက္ခဏာကိုသာ"မာခြင်း ပျော့ခြင်း" အချင်းအရာ- အာကာရပစ္စုပဋ္ဌာန်အားဖြင့်၊ လက္ခဏာကို ထိုးထွင်း ၍ သိသော- လက္ခဏာပဋိဝေဓဉာဏ်သည်= အနိစ္စတရားဟု ခွဲခြားသိအပ်, ပိုင်း ဖြတ်အပ်ပြီးမှ၊ အနိစ္စလက္ခဏာကို- ဒလစပ်မပြတ် အကြောင်းတရားတို့ ချယ်လှယ်

သမျှ-"မာမှု-ပျော့ခြင်း"ဆောင်နှင်းထွန်းပြနေတတ်သည့်၊လက္ခဏာလျှင်အာရုံ ရှိသော— လက္ခဏူပနိဇ္ဈာနာနစျာန်ဖြင့်- လက္ခဏာ ပဋိဝေဓဉာဏ်ဟု ဆိုအပ် သော,...

ပဌမ ... မာမှု, ပျော့ခြင်း= ဉာဏ်သိအခင်းသည်၊
ဒုတိယ.... မာမှု, ပျော့ခြင်း, ဘက်သို့မပါ၊
ဒုတိယ.... မာမှု, ပျော့ခြင်းလည်း၊
တတိယ.... မာမှု, ပျော့ခြင်းဘက်တွဲ မပါ။

သက်သက်သော, အကြောင်း အဆက်ဆက်ဖြင့်၊ လက္ခဏာဆောင်နှင်း "ဖြစ်ပျက်"နေခြင်းပါတကားဟု၊ ဉာဏ်မြင်မျက်မှောက် ပြုရခြင်း၊ လက္ခဏာ ပဋိဝေဓဉာဏ်စာရင်းသည့်၊ အနိစ္စဟု- ပိုင်းခြားဆုံးဖြတ်မှု- ပထဝီရုပ်စုပေါ်၌- အနိစ္စလက္ခဏာကို, အာရုံပြု၍- ဖြစ်ခါပျက်ခြင်း၊ အာကာရအခင်းတွင် ယုံမှား, ကင်းလတ်,ဆတ်ဆတ်ဉာဏ်မြင်,အာကာရပစ္စုပဋ္ဌာန်တွင်- သန္နိဋ္ဌိကဓမ္မ, လက္ခဏာ ပဋိဝေဓဉာဏ်ပင် ဖြစ်တော့သည်။

ချစ်သားရာဟုလာ= ထိုမှတဆင့်-'ရှေ့သို့မြှင့်၍- လေ့ကျင့်ပွားများ- မြဲမြံမှုအား ကြီးမားလတ်သော်.... "မာခြင်း-ပျော့ခြင်း"လက္ခဏာကို မှတ်သား ရမှု ဗျာပါရကင်း၍၊ သဘာဝဆတ်ဆတ်, ပေါ်အပ်"ဖြစ်ပျက်' သင်္ခါရ စနက် ထက်သို့၊ အမှတ်ကိုဖြုတ်- သတိအုပ်၍၊ "ဖြစ်ချုပ်"ဖန်ဖန်- အမြင်သန်သော၊ သင်္ခါရလျှင်- အာရုံရှိသည့် သဘာဝပစ္စုပဋ္ဌာန်, တည့်တည့်၌၊ အနိစ္စနုပဿနာ အားဖြင့်၊ အစဉ်ရှုပွားနိုင်သော- "ဖြစ်ပျက်" ဉာဏ်မြင်- ဥဒယဗ္ဗဉာဏ်စဉ် ကေန် ဝင်တော့သည်ဖြစ်၍၊ မူလ-မြင်ငြား- အနိစ္စ,တရားကို၊ လက္ခဏာထိုထို- မှတ်သား ခို၍၊ ချင်းရာကိုဖျောက်, သဘာဝပေါက်အောင်၊ သင်္ခါရစနက်- "ဖြစ်ပျက်"ကို ကေန်ရှုနိုင်ခြင်းသည်သာ၊ အနိစ္စမှ= အနိစ္စလက္ခဏာ၊ အနိစ္စလက္ခဏာမှ=အနိစ္စ နုပဿနာ၊ ပွားများသက်ဝင်- အဋ္ဌင်္ဂိက မဂ်အယာဉ်ကို ဘက်ဝင်သည်ဖြစ်၍- အနိစ္စနုပဿီ= မည်ရှိပုဂ္ဂိုလ်- ခေါ်ဆိုအပ်လျက်၊ နိစ္စသညာဆိတ်- ပဇဟတိဟိတ် ဖြင့်- အနိမိတ်အဖြစ်သို့ (ဝါ)အနိမိတ္တဝိမောက္ခ မုခအဖြစ်သို့ ရောက်ရှိကာ မဂ် မြင့်, ဖိုလ်ဝင်, ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လတံ့၊ ရောက်ရှိရလတံ့။

ချစ်သားရာဟုလာ ... တဖန်တုံလည်း၊ ပထဝီရုပ်ခါတ်၌၊ အနိမိတ္တတိုင် အောင်၊ သင်္ခါရ၏ သဘာဝပစ္စုပဋ္ဌာန်နှင့်- "ဖြစ်ပျက်" ကို ထက်သန်စွာ မြင် သောသူအား၊ ရုပ်နိမိတ်သညာဆိတ်သည်မှ- နာမ်ပဝတ္တ-ဘဝပဝတ္တသဘောတို့ သည်- ထင်ရှားလာသည်ဖြစ်၍....။

ပဌမ "ဖြစ်ပျက်" မြင်ရှု- သိမှုဝိပဿနာရှုစိတ်သည်၊
ဒုတိယ ..."ဖြစ်ပျက်" မြင်ရှု- သိမှု၊ ဝိပဿနာရှုစိတ်မဟုတ်မူ၍၊
ပဌမ .... "ဖြစ်ပျက်" သိမှုဉာဏ်၊ ဝိညာဏ်သည်- ရုပ်နှင့်တကွ တူစုံ-
ဖြစ်ချုပ်ပုံကိုရှင်း။

ဤသို့-ဖြစ်ပျက်၊ချုပ်ဆုံး= ရှုစိတ်ပါ ပျက်ပြုန်းသည်ကို၊ ရုပ်၌-အနိမိတ္တ ဆိုက်သည်၏ အခြားမဲ့တွင်၊ နာမ်ပဝတ္တ- ဝိပဿနာရှုစိတ်- တကွဖြစ်ဘက်သည် လည်း၊ ချုပ်ဆုံးသွားပါတကားဟု၊ နာမ်၊ ပဝတ္တကို တလှည့်၊ ရုပ်နိမိတ်ကို တခါဆိုဘိသကဲ့သို့၊ ရုပ်၊ နာမ်ကွဲလျက်= ရုပ်၊ နာမ်တွဲလျက်၊ သင်္ခါရသဘာဝ ပစ္စုပ္ပန်ထက်၌၊ အဆက်မပြတ်၊ရုပ်နိမိတ်နှင့်- နာမ်ပဝတ္တ- သင်္ခါရစက်ရဟတ် သည်၊ အဖန်ဖန်- ဖြစ်ချုပ်လျက် အချည်းနှီးကုန်ဆုံး- အသုံးမကျ၊ ဘေးဆိုး ကြီးတမျှ နှိပ်စက်လှသား- ကြောက်အပ်စွာ့ပါတကားဟု၊ ဒုက္ခအစုမှန်း ထင်ရှား ဉာဏ်ပေါက်၊ စခန်းမြောက်၍- သက်ဝင်ပေလတံ့.... ချစ်သားရာဟုလာ....။

ထိုသို့- ဖန်ဖန်၊ ရုပ်နှင့်နာမ်ကို၊ ကြိမ်ဖန်များစွာ၊ သဘာဝပစ္စုပ္ပန် အလှဲ၌၊ ပွားများနိုင်သော- သင်၊ ချစ်သားသည်၊ ခယ၊ ဝယဋ္ဌေနသဘောအရ အနိစ္စဟု- မပြတ်ဉာဏ်မြင်- တွင်တွင်ပွားများနိုင်ဘိသကဲ့သို့၊ ဘယဋ္ဌေနဒုက္ခံ၊ အဖြစ်၊ "ဖြစ်ပျက်" အဖန်ဖန်- နှိပ်စက်ဟန်သည်၊ မူလ၊ ရုပ်ဓါတ် "ဖြစ်ပျက်" နှစ်ရပ်၌၊စိတ်ကိုချီနှောင်-ဖွဲ့ဆောင်မြဲမြံ-ရှုဉာဏ်နှင့်တကွ၊ "ဖြစ်ပျက်" မစဲ၊အမြဲနှိပ် စက်၊ဘယဋ္ဌအနက်ကြောင့်၊ ဒုက္ခစက်သည်၊ ဘုတ်၊ ရုပ်နာမ်ဟု၊ ဆုံးဖြတ်ပြန်ငြား ဤသင်္ခါရအစုအပုံတရားကား၊ ဒုက္ခစင်စစ် ကေန်ပင်ဖြစ်သည်ဟု၊ နာမရူပ- ဒုက္ခ ဉာဏ်ကို၊ နပမဇ္ဇတိ- မမေ့သည်၏အဖြစ်ဖြင့်၊ ဆက်လက်ရှုပွား- ဒုက္ခလက္ခဏာ၊ ထင်ရှားပါသော- နာမ်ရုပ်တရားတို့၌၊ ဒုက္ခနုပဿနာအားဖြင့်- ရှုပွားနိုင်ခွင့်ကို၊ ရင့်ကျက်သော လက္ခဏူပနိဇ္ဈာနသမ္ဘာန်အဆင့်ဖြင့်- မြင့်သည်ထက်၊ မြင့်မြင့်ကြီး ပွားများ အားထုတ်လာနိုင်သည်ဖြစ်ခါ၊ ထို- ဒုက္ခလက္ခဏာ- ဒုက္ခနုပဿနာ ကြောင့်= သဘာဝပစ္စုပ္ပန်-ထိုရုပ်နာမ်၌၊ ဖန်ဖန်ငြီးငွေ့- လိုချင်လေ့မရှိသော (ဝါ) မတောင့်တသော- အပ္ပဏိဟိတ၊ ဝိမောက္ခမုခ ဉာဏ်သဘောတိုင်အောင် ပေါက်မြောက်နိုင်သည်ဖြစ်၍၊ ဒုက္ခ- ဒုက္ခလက္ခဏာ၊ ဒုက္ခနုပဿီ ပုဂ္ဂိုလ်ဟုပါ- ခေါ်ဆိုရခြင်း၊ သာဝကစာရင်းသို့ ရောက်ရှိခြင်း ဖြစ်အပ်ပေသည်။

ချစ်သားရာဟုလာ= ဤသို့- အားဖြင့်သာ၊ ပထဝီရုပ်ဓါတ်၌၊ ဝိပဿနာ ပညာကိုလိုစွာဖြင့် အတုံး၊ အလုံး၊ အခဲ၊ အထည်၊ ဖြစ် သဏ္ဌာန်- နာမ် ပညတ် သုဉ်းဆိတ်အောင် သိအပ်သော- အနတ္တပညာ- ထုံလွှမ်းခါ ပါလာသည့်၊ သင်၊

ချစ်သားအား၊ အနိစ္စဟု- ဆုံးဖြတ်မှု၌ရှင်း၊ အနိစ္စလက္ခဏာနှင့် ရှုမှတ်ပွားများမှု၌ရှင်း၊ အနိစ္စာနုပဿနာဟု- အစဉ်ရှုသည့် အနုပဿနာ သဘာဝ ပစ္စုပဋ္ဌာန်၊ "ဖြစ်ပျက်"သင်္ခါရ၌ရှင်း၊ ငါမြင်, ငါရှု, ငါနှစ်သက်သည့်- အနိစ္စာနုပဿနာ- ဒုက္ခာနုပဿနာမှုဟု "အပ္ပဋိပတ္တိ"မဂ်ဉာဏ်အား- မလျော်သော- ကျင့်သိမှု ဉာဏ်ဝိညာဏ်မျိုးအဖြစ်- "ဒိဋ္ဌိဂဟန- ဒိဋ္ဌိဝိသူက- ဒိဋ္ဌုပါဒါန- ဒိဋ္ဌာဘိနိဝေသ"- အားဖြင့်- ဖြစ်ခြင်းမျိုးသည်၊ သင့်အား, ပါရှိနေပါဦးမည်လား?။

မှန်လှပါဘုရား=ဒိဋ္ဌိကိုလွန်နိုင်ခဲသောအားဖြင့်ရှင်း၊သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်အားဖြင့်ရှင်း၊ ဒိဋ္ဌိ၌ ပြင်းစွာ စွဲလမ်းသောအားဖြင့်ရှင်း၊ ဒိဋ္ဌိဖြင့် လွန်စွာနှလုံးသွင်း- မြဲမြံနေသော အားဖြင့်ရှင်း၊ မဖြစ်မရှိတော့သည်မှာ- အမှန်ပါ- ဘုရား။ ။

× × ×

ယောဂီသူမြတ်တို့၊ ဤနေရာ၌- နောက်ဆုံးဖြစ်သော မေးခွန်းသည်၊ ဘုရားရှင်မေးမြန်းတော်မူအပ်သော- မေးခွန်းမဟုတ်ပါချေ၊ ကြွင်းမေးခွန်းတို့သည်ကား= ဘုရားရှင်, မေးခွန်းတော်ကို ချဲ့၍၊ မေးမြန်း- ဖြေကြားခြင်းများဖြင့်- တန်ဆာဆင်ထားပါသည်၊ သဘောပေါက်မှုရနိုင်စေရန်- ဒေသနာတော်မြတ်နှင့် မလွဲစေဘဲ၊ ပစ္စက္ခဉာဏ်သဘောနှင့်လဲ တွဲမိအောင်- အမေး, အဖြေနှံ၍ဖေါ်ပြလိုက်ရပါသည်။ တနည်းအားဖြင့်ဆိုသော်- အဋ္ဌကထာကို- ဋီကာပါဠိချဲ့ဆိုဘိသကဲ့သို့၊ မြန်မာ, သက်သက်- မေးခွန်းဖက်၍၊ ချဲ့ပေးအပ်ခြင်း ဖြစ်ပါသည်၊ ဤ- မေး-ဖြေ ခဏ်းများတွင်၊ ပြည်မသိ, ဗာရာဏသီ၊ မင်းမသိ-ဗြဟ္မဒတ်၊ ရဟန်းမသိ- တိဿ= ဆိုသလို၊ အမေးခံရသူမသိ- မောင်ဖြူလုပ်၍ မေးကလည်း ရရှိနိုင်ပါ၏။ သို့မဟုတ်-မိမိကိုယ်တိုင်ပင် အမေးခံရသကဲ့သို့၊ ရှေးရှုထား၍လည်း ဘတ်ကြည့်လျှင် ပို၍ ကောင်းမွန်လှမည် ဖြစ်ပါသည်။

× × ×

ဓမ္မမာမကအပေါင်း, သူတော်ကောင်းတို့၊ အကြင်, ပထဝီရုပ်ဓါတ်တလုံးမှစ၍၊ အနိစ္စ=အနိစ္စလက္ခဏာ= အနိစ္စာနုပဿနာ၊ ဒုက္ခ= ဒုက္ခလက္ခဏာ=ဒုက္ခာနုပဿနာ=အားဖြင့်- ပွားများအားထုတ်ရာတွင်၊ ဤ-နောက်ဆုံးမေးခွန်းအရ၊ အနတ္တ= အနတ္တလက္ခဏာ= အနတ္တာနုပဿနာကို၊ အထူးပြသရန်- လိုအပ်တော့မည်- မထင်ပါပေ၊ ပထဝီရုပ်ဓါတ်တလုံးကို- ထုံးလိုချေ- ရေလိုနှောက်၍၊ ပုဂ္ဂိုလ်, သတ္တဝါ- အတုံး, အလုံး, အခဲ, အထည်, ဒြပ်, သဏ္ဌာန်, နာမ်ပါ

ပျောက်အောင်- ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပေါက်ပြီးသော သူအား၊ အတ္တဒိဋ္ဌိကို သမုဋ္ဌာဋ္ဌက, အနေအားဖြင့်· ခွါချနိုင်ကြောင်း- သုညတ, အနတ္တ- သဘော အပေါင်းကို- ပြသခဲ့ပြီးဖြစ်ရာ၊ အနတ္တအခြေခံ- သမ္မာဒိဋ္ဌိပညာဉာဏ်ဖြင့် ပွား များသော၊ အနိစ္စ-ဒုက္ခ-နုပဿနာများ အတွင်းဝယ်၊ အနတ္တနုပဿနာသည် အစဉ်ပါလျက်ရှိပြီး၊ အနိမိတ္တအဖြစ်၌လည်း၊ သုညတသဘော- မကွာနိုင်ပါပေ၊ အပ္ပဏိဟိတ, သဘော၌လည်း- သုညတသဘောမကွာနိုင်ပါပေ၊ ယောဂီတို့၏ ပါရမီခံ အဇ္ဈာသယအလျောက်, ဤသို့- ရှုပွားပါကလည်း အနတ္တအားသန် လျှင်၊ အနတ္တနုပဿနာလည်း ကေန်သက်ဝင်နိုင်တော့သည် ဖြစ်ပါ၍၊ ပဋ္ဌမမင် ဖြစ်သော "ဒဿနေနပဟာတဗ္ဗ"အရ၊ ဒဿနမင်ဖြစ်သည့်အလျောက်၊ အနိမိတ္တ အပ္ပဏိဟိတ,တို့ ဝိမောက္ခမုခ အဖြစ်မှ၊ ဝိမောက္ခအစစ်သို့ ရောက်လာသောအခါ တွင်၊ သုညတဝိမောက္ခသည်၊ ဝိပဿနာ သမ္မာဒိဋ္ဌိပညာယှဉ်၍၊ "ဒိဋ္ဌိဂဟန= ဒိဋ္ဌိဝိသူက=ဒိဋ္ဌုပါဒါန- ဒိဋ္ဌာဘိနိဝေသ" အားဖြင့် ဒိဋ္ဌိဂတသမ္ပယုတ္တအတွင်း မသက်ဆင်း, မဝင်ရောက်တော့သည်သာဟု- ပိုင်းခြားသိအပ်ရာပါသည်။

ဤသို့.... ပိုင်းခြားသိအပ်ရာပါသည်ဟု- အကျဉ်းမျှသဘောအားဖြင့်မူ၊ နှစ်ချိုက်သဘောကျဘွယ်ရာ, ဖြစ်ရှိချင်မှ ဖြစ်ရှိပါမည်၊ထို့ကြောင့်-အနည်းငယ် ချဲ့၍ လင်းပါးရသော်၊ ဤ- စကြာဝဠာ ကမ္ဘာလောကကြီး, အဆက်ဆက်၌၊ သတ္တလောကအတွင်းဝယ်၊ မမြဲခြင်း, ဆင်းရဲခြင်းတရားသည်၊ ဟီရိ- ဩတပ္ပ- တရား ဓမ္မတန်းဆာကဲ့သို့-ကမ္ဘာ့တန်းဆာအားဖြင့်· ဖြစ်ရှိခဲ့ပါသည်၊ ထိုမမြဲခြင်း ဆင်းရဲခြင်းသည်၊ သာသနာပအခါ၌လည်း ထင်ရှားရှိ ပညတ်အနေအားဖြင့်သာ ထင်ရှားရှိပုံကို သိခဲ့ကြခြင်း ဖြစ်ပါသည်၊ (ဥပမာ) အိုးကွဲ, အင်ကွဲ၊ အဝတ် စုတ်ပြဲခြင်းနှင့် သင်ပင်ဆွေးမြေ့လဲပြိုခြင်း၊ အိုးအိမ်, ကွဲပြိုပျက်မှု၊ ကျောင်းအို ကျောင်းပြိုပျက်မှု၊ မြစ်ချောင်း, အင်း, အိုင်, ခန်းချောက်မှု၊ ကျွဲ-နွား, ဆင်, မြင်း၊ ခွေး, ကြောင်, ကြက်, ငှက်တို့- အို, နာ, သေဆုံးမှု၊ လူသေ, နတ်သေ, ဗြဟ္မာသေဆုံးမှုအစရှိသည်တို့ကို၊ လောက, မျက်မြင်, ပျက်စီးခြင်းသည် အစဉ်ရှိ အစဉ်တွေ့ကြုံနေရသော- သဘောမှာ၊ သာသနာပအခါ၌- ထင်ရှားသည့်အတိုင်း ၎င်းတို့ကို စွဲ၍ မမြဲသောတရားဟု သိခြင်း၊ ကာယိက, ဝေဒနာတို့ကိုစွဲ၍ ဆင်း ရဲခြင်း၊ ပစ္စည်းဥစ္စာ ဆုံးရှုံးရ၍၊ ဆင်းရဲခြင်းစသော- ဆင်းရဲမှုမျိုးတို့သည်လည်း သာသနာပ၌ ထင်ရှားရာ၊ ယင်း, မမြဲမှု- ဆင်းရဲမှုဟုဆိုအပ်သော လောကသမုတိ, ပညတ္တိအတ္တအနေအားဖြင့် မမြဲ, ဆင်းရဲတရားသည် သာသနာတော်တွင်း မြတ်ဘုရား ဟောဖော်နှင်းသည့် အနိစ္စ-ဒုက္ခ-တရားနှင့် တခြားတပါးစီသာ ဖြစ် ပါသည်။

ဤကဲ့သို့၊ ပညတ်မမြဲ-ပညတ်ဆင်းရဲမှုမျိုးကို- သိခါမျှဖြင့်၊ အနိစ္စာနုပဿနာဉာဏ်- ဒုက္ခာနုပဿနာဉာဏ် ရသည်ဆိုပါက၊ ယခုခေတ်- သာသနာ့ဗာဟိရက သိပ္ပံဆရာတို့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရကြမည်မှာ- ဒုနဲ့ဒေးပင် ရှိကောင်းနေပေတော့မည်၊ သာဓကကို ပြရသော်=ဆိုင်ကယ်, စက်ဘီး, ကားတာယာစသည်ပြုလုပ်ရောင်းချသူတို့သည်၊ ထိုမမြဲခြင်းကို ကြိုတင်၍ပင် အတိအကျ ဂဏန်းချ၍ သိကြသည်၊ ဘီးဘယ်နှစ်ပတ်လည်လျှင်၊ မိုင်ဘယ်မျှ ခရီးရောက်မည်၊ တမိုင်ခရီးပေါက်လျှင် ဘီးမည်မျှ- ပွန်းမည်- စားသွားမည်၊ မိုင်ပေါင်းမည်မျှ မောင်းနှင်သွားလာပြီးက တာယာအသစ်,အစားလဲရမည်ကို ကြိုတင်တွက်၍-ကားဘယ်နှစ်စင်း, ထုတ်ရောင်းချပြီးက တနှစ်လျှင်- တာယာစပေါ်ယ်ရာ- ဘယ်နှစ်လုံးရောင်းရမည်၊ လုပ်ရမည်ကိုပင် တင်ကြိုသိနေကြသည်၊ အဲဒီလို ပညတ်မမြဲခြင်းကို မပျက်ခင်ကပင် ကြိုတင်သိ၍ အနိစ္စာနုပဿနာဉာဏ်ဖြစ်ထိုက်လျှင် ဘုရားပွင့်စရာပင် မလိုတော့အောင်ရှိတော့၏၊ ထို့ကြောင့်— သာသနာတွင်း အနိစ္စာနုပဿနာဉာဏ် စာရင်းပြီးမြောက်ခြင်းသည်၊ ပညတ်တို့နှင့် လုံးဝကင်းသော ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သည့် နာမ်ရုပ်တို့၌- သုညတအနတ္တသို့ဆိုက်ပြီး(ဝါ) ဆိုက်စေသော၊ ပရမတ္ထဉာဏ်အသီးသီးကိုသာ အခြေခံ၍ မြင်သော အနိစ္စနှင့် အနိစ္စလက္ခဏာမှ အနိစ္စာနုပဿနာတိုင်အောင်ပွားများအားထုတ်နိုင်မှုကိုသာ သာသနာတော်တွင်း အနတ္တအခင်းဖြင့် အနိစ္စဥ်မြင်သောဉာဏ်၊ ဒုက္ခဥ်မြင်သောဉာဏ်- ပဋိပတ္တိအမှန်ဖြစ်ပါသည်။

ထိုမှတဘန်—မြတ်ဘုရားမပွင့်မီကလေး၌ပင်၊ ဒေဝိလ, သရဘင်္ဂ,အာဠာရ ဥဒက ရသေ့တို့သည်၊ ရှေ့ကမ္ဘာလေးဆယ်, နောက်ကမ္ဘာလေးဆယ်တိုင်တိုင် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်ခြင်းငှါ စွမ်းနိုင်ခဲ့ကြသည်၊ ပုဂ္ဂိုလ်သေ- ပုဂ္ဂိုလ်ဖြစ်၊ သတ္တဝါသေ- သတ္တဝါဖြစ်၊ အသိဉာဏ်မျိုးဖြစ်၍၊ အနိစ္စာနုပဿနာဉာဏ်မရခဲ့ ဒုက္ခာနုပဿနာဉာဏ်မရခဲ့ကြပေ၊ ဘာကြောင့်ဆိုသော်- ရုပ်နာမ်မှ- အနတ္တဆိုက်သည့် သမ္မာဒိဋ္ဌိပညာဉာဏ်, မပေါ်ထွန်းမရှိခဲ့သေးခြင်းကြောင့်၊ (ဝါ) အနတ္တတံခွန်အောင်လံထူ၍ သဗ္ဗညူဟု ဘုရားရှင်မြတ် ပွင့်တော်, မမူအပ်သေးခြင်းကြောင့် ဖြစ်ပေသည်၊ ထို့ကြောင့်- မမြဲ,ဆင်းရဲကိုသိလျက်- အနိစ္စဉာဏ်, ဒုက္ခဉာဏ်မျှကိုပင် မမြင်နိုင်ကြပေ၊ ထိုတွင်မျှမကသေး, ရုပ်နာမ်မေ့- သင်္ခါရလောကကို မျက်မှောက်မပြုနိုင်ရုံမျှမက=ထိုရှေ့ကမ္ဘာလေးဆယ်- နောက်ကမ္ဘာလေးဆယ် မြင်ခြင်းငှါ စွမ်းနိုင်သော တိတ္ထိဆရာကြီးတို့သည်-''အဟောအနတ္တံ''သြော်-အနတ္တပါကလားလို့တောင် ယောင်ယမ်း ရွတ်ဆိုနိုင်စွမ်းမရှိခဲ့ကြပါပေ၊ ထိုသို့- ဘုရား

ပွင့်တော်မမူက- ပရမတ္ထဉာဏ်မရောက်ဘဲ၊ အနတ္တမပေါက်မသိနိုင်ပုံကို သမ္မောအဋ္ဌကထာဆရာအရှင်မြတ်က ဖွင့်ဆိုအပ်သည်မှာ....

ဗုဒ္ဓဒိစ္စေ အနုပ္ပန္နေ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ၊
တေသံသဘာဝ မွောနံ၊ နာမမတ္တံ နနာယတိ။ ။

ဗုဒ္ဓဒိစ္စေ- ဘုရားတည်းဟူသော နေမင်းကြီးသည်၊ (ဝါ) နေမင်းကြီးတဆူဖြစ်တော်မူသော· ဒို့ဆရာ, မြတ်စွာဘုရားသခင်သည်။ အနုပ္ပန္နေ- ရွှေရင်တော်, နာမ်ခန္ဓာအစဉ်မှာ၊ သဗ္ဗညုတဉာဏ်တော်, မဝင်ပါသဖြင့်· မပွင့်ထွန်းလာခဲ့သည်ရှိသော်။ ဗုဒ္ဓစန္ဒေ-ဘုရားတည်းဟူသော လမင်းကြီးသည်၊ (ဝါ) လမင်းနဲ့မခြား, အလားတူတော်မူသော၊ ဒို့ဆရာ, မြတ်စွာဘုရားသခင်သည်။ အနုဂ္ဂတေ-ရွှေရင်တော်နာမ်ခန္ဓာအစဉ်မှာ- သဗ္ဗညုတဉာဏ်တော်မဝင်ပါသဖြင့် မပွင့်ထွန်းလာခဲ့သည်ရှိသော်။ တေသံသဘာဝမွောနံ- ထိုထို· ပရမတ္ထ သဘာဝဖြစ်သော· ရုပ်သဘော, နာမ်သဘော, ဝိညာဏ်သဘောတရားတို့၏၊ နာမမတ္တံ- ယခုလို ကိုယ်တွေ့ဉာဏ်မြင်ဆိုတဲ့ သဘာဝဆတ်ဆတ်- ပရမတ်တွေကို မဆိုထားဘိ၊ ကျမ်းဂန်မှာလာရှိသည့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်- ပဒဋ္ဌာန်တွေကို မဆိုထားဘိ၊ ရုပ်ဆိုတဲ့ နာမယ်, နာမ်ဆိုတဲ့ နာမယ်, ဝိညာဏ်ဆိုတဲ့ နံမယ်ကလေးတွေလိုမျှ၊ နနာယတိ- ဘယ်နည်းနှင့်မှ မသိအပ်, မသိနိုင်တော့သည်သာလျှင်တည်း။ ။

ထို့ကြောင့်ပင်— သာသနာပကာလ တန်ခိုးအဘိညာဉ်တွေရပြီး ရှေ့နောက် ကမ္ဘာလေးဆယ် အမြင်ပေါက်နိုင်ပေမဲ့- အနတ္တဆိုတဲ့ နံမယ်ကလေးကိုယောင်ယမ်းရွတ်ဆိုမိနိုင်တဲ့ သဘောမရှိခဲ့ကြပါဘူး၊ ထို့ကြောင့်-သာသနာတွင်းဉာဏ်စာရင်းမှန်သမျှ- သာသနာတော်မြတ်၏ တံခွန် အနတ္တတရားသာလျှင်-အမှန်ရှိသည်ဖြစ်၍၊ မြတ်ဘုရားရှင် တဆူဘဆူ ပွင့်တော်မူမှသာ အနတ္တတရားထင်ရှားလာရခြေားပါသည်။ ထိုအကြောင်းကိုလည်း ဖွင့်ဆိုပြန်သည်မှာ....

''အနတ္တလက္ခဏာ ဝိနာ၊
ဗုဒ္ဓုပ္ပါဒါ နပညာယတိ၊
ဗုဒ္ဓုပ္ပါဒေါဧဝ ပညာယတိ''။ ။

အနတ္တလက္ခဏံ- အနတ္တလက္ခဏာကို၊ (ဝါ) ပညတ်ကင်းစင်၊ သုညတ, အနတ္တ, အယာဉ်-ပရမတ္ထသစ္စာတခွင်ကို၊ ဝိနာ-ကြဉ်ရှောင်ဖယ်ထား၍၊ ဗုဒ္ဓုပ္ပါဒါ-ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည်၊ နပညာယတိ- အစဉ်အလာမရှိသဖြင့်-

ဘယ်နည်း နှင့် မျှမထင်၊ ဗုဒ္ဓုပ္ပါဒေါဝေ- သဗ္ဗညုတဉာဏ်ရှင်-ဘုရားရှင်ပွင့်တော်မူမှသာလျှင်၊ ပရမတ္ထသစ္စာနှင့်မှ မြင်သိသည့်- အနတ္တတရားသည် ထင်ရှားစွာပေါ်လာပေ တော့၏။ ။

ကဲ... ယောဂီသူမြတ်တို့- ပရမတ္ထသစ္စာကေန်နှင့် အနတ္တဉာဏ်မြင်အောင် ဘုရားရှင်အလိုတော်ကျ- ဖေါက်ထွင်း၍ သိအောင်ပြခဲ့ခြင်းကို- သာသနာတော်နှင့် လွန်စွာတွေ့ကြုံခဲခိုက်တွင် တွေ့ကြုံရရှိလိုက်နိုင်ခြင်းအတွက် ယောဂီတို့ အားတက်ဘို့ လွန်စွာကောင်းပါသည်၊ တိုသို့- ဘုရားရှင်မပွင့်က အနတ္တဉာဏ် ရင့်ဘို့ မဆိုထားနှင့် ယောင်ရမ်း၍ပင် မရွတ်ဆိုနိုင်ကြသော်လည်း ဘုရားရှင်သာသနာနှင့် ပက်ပင်းကြုံရသော သူတို့မှာတော့၊ အောက်ပါကဲ့သို့- အနတ္တနှင့် အတ္တကို ဖြုတ်ချနိုင်ခဲ့ကြရပေသည်။

ယံဒိဋ္ဌံ ပူရာဏေဟိ တိတ္ထိကာစရိယေဟိပိ၊
တံမမ္မံ သုကုမာရီပိ သတ္တဝဿာတိ ဝေဒိတံ။ ။

ပူရာဏေဟိ- ရှေး၌ဖြစ်ကုန်သော။ တိတ္ထိကာစရိယေဟိပိ- ရှေ့ကမ္ဘာလေးဆယ်, နောက်ကမ္ဘာလေးဆယ်တိုင်တိုင်၊ မြင်ခြင်းငှါ စွမ်းနိုင်ကုန်ကြသော တိတ္ထိဆရာကြီးတို့သော်မှလည်း။ ယံအနတ္တံ- အကြင်, အနတ္တတရားကို၊ နဒိဋ္ဌံ- မမြင်နိုင်ကြရှာပေ၊ ပနတတ္ထာပိ- ထိုသို့ပင် မမြင်နိုင်ကြပါသော်လည်း၊ ဣခ-ဤ မြတ်ဘုရားသာသနာတော်တွင်း၌၊ တံမမ္မံ- ထိုအနတ္တတရားကို၊ သတ္တဝဿာတိ- ခုနစ်နှစ်အရွယ် အလွန်ပင် ငယ်ကြပေကုန်သော၊ သုကုမာရီဘိ- မဟာဝိသာခါ, စူဠဝိသာခါ အစရှိသော အမျိုးသမီးကလေးတို့သည်၊ ဝေဒိတံ- ပိုင်ပိုင်, နိုင်နိုင် သိစွမ်းနိုင်ကြ ပေတော့၏။ ။

အနတ္တလျှင်- အမှန်ရှိသော- ပရမတ္ထတံခွန်ကို၊ သဗ္ဗညုတ ဉာဏ်တော်မြတ်နှင့်- ပူပေးအပ်နှင်း သာသနာတော် ငါးထောင်ချင်းအောင်- မဟာကရုဏာတော်ပြ ၁န်း စေတောပဏိမိ- အဓိဋ္ဌာန်ငြမ်းဖြင့်- လွှင့်ထူကာ ပေးသနားတော်မူခဲ့ပါ႐ှသာ၊ ယခု- ဗုဒ္ဓုပ္ပါဒ- ခါသမယ၌ သက်တော် ထင်ရှား ရှိကြားဘိ သကဲ့သို့သော ဘုရားအလိုတော်နှင့် အတိပြီးသည့် ပရမတ္ထသစ္စာ- အနတ္တပေါက်, သုညတမြေ ာက်တရားတော်ကို ခုနစ်နှစ်အရွယ်- ဝိသာခါတို့လို ပိုင်ပိုင်, နိုင်နိုင်, သောတာပင့်ဖိုလ်ပန်း ဆင်မြန်းနိုင်အောင် ကြိုးစားသင့်ကြပါသည်။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်, မဟာကရုဏာတော်- စေတောပဏိမိ-အဓိဋ္ဌာန်တော်တို့၏ အနန္တကျေးဇူးကို- ငါတို့တော့, ပရမတ္ထသစ္စာအယာဉ်တွင်- အနတ္တဉာဏ်မြင် အခြေခံဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်တော့ကို အနုပဿနာဆိုက်အောင် ပွားများ အားထုတ်သော သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်အပ်ပူဇော်ပါမှသာ တစိပ်

တဒေသ- ကျေးဇူးတော်အနန္တကို ဆပ်သိရာ ကျမှာပါလားဟု- နှလုံးပိုက်စွဲ၍ မိမိ၏ ကိလေသာအောင်ပွဲကို- ဤသာသနာတော်အတွင်း၌ အရခဲမည်ဟု ဘုရားရှင်၏ ကျေးဇူးတော်-အထုကို မျှော်ရှုဆုံးဖြတ်သင့်ပါသည်။

ဤသို့— ဘုရားရှင်တဆူ- ပွင့်တော်မူမှ= သာသနာ့နေရောင်ခြည် တင့်ဆန်းညီမှ= အနတ္တရောင်ခြည် ဖွင့်လန်းကြည်မှ= ပရမတ္ထဉာဏ်အဆီနှင့်- အနတ္တကေန်မြင်သိသော၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ကြောင့်သာ၊ အနုပဿနာ သုံးပါး အကျိုးဉာဏ်များကို ရရှိကောင်းပါတော့သည်၊ အနိစ္စဉာဏ်- အနိစ္စလက္ခဏာ, ပဋိဝေဓဉာဏ်- အနိစ္စနုပဿနာ အနိမိတ္တဉာဏ်အစရှိသဖြင့်၎င်း၊ ဒုက္ခနှင့် အနတ္တဉာဏ်တို့ကိုလည်း ထိုသုံးဆင့်သော- အချင်းအရာ, အားဖြင့်- ဆိုအပ်ရာဝယ်၊ အနိစ္စကို ဉာဏ်လို့ဖြစ်ချင်ရင်- အနိစ္စလို့ ဉာဏ်နဲ့သိခြင်းဖြစ်အောင် ပိုင်းခြားသိရပါမယ်၊ ဘာပါမှ ဖြစ်မလဲဆိုတော့= ရုပ်နာမ်တရားတို့၌- ပုဂ္ဂိုလ်, သတ္တဝါ, သုဉ်းဆိတ်သော-အချင်းအရာဖြင့်၊ အနတ္တမြင်-ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြစ်ပါမှ- အနိစ္စဉာဏ်လို့ကေန်ဖြစ်ထိုက်ပါ၏၊ ဘယ်လိုသဘောကို ဖြစ်ထိုက်၏ဟု ဆိုရပါသနည်းဆိုသော်၊သင်္ခတ, ပရမတ်အနှစ်တရားတို့၏-ဓါတ်သားအနေ-အကြောင်းတရားတွေကြောင့်၊ ထင်ရှားဆောင်ထားသလိုဖြစ်သော၊ ရုပ်, နာမ်, ခန္ဓာတရားသည်သာ၊ ဖြစ်တတ်, တည်တတ်, ပျက်တတ်သော တရား၊ ထို- ရုပ်, နာမ်, ခန္ဓာမှတပါး၊ သမုတိပညတ်နှင့် စပ်သမျှသည်၊ မဖြစ်, မတည်, မပျက်တတ်သောတရား၊ ထို- ဖြစ်တတ်, တည်တတ်, ပျက်တတ်သော- ရုပ်, နာမ်, ခန္ဓာတရားသည်၊ စင်စစ်- အနိစ္စပါတကားဟု ဆုံးဖြတ်ယူသိမှ- အနိစ္စဉာဏ်ဖြစ်သည်။ ထို့ကြောင့်- အနိစ္စဆိုလျှင်ရုပ်,နာမ်၊ ရုပ်,နာမ်တရားဆိုရင်- အနိစ္စတရားဟု၊မှတ်သိ, ယူစွဲ- ပညတ်ပြတ်စေ၍၊ သမ္မာဒိဋ္ဌိဉာဏ်အမြင်, တွဲလျက် ယှဉ်ခြင်းသည်သာ အနိစ္စဉာဏ်အစစ်ဖြစ်သလို၊ အနိစ္စလက္ခဏာပဋိဝေဓဉာဏ်နှင့် အနိစ္စနုပဿနာ-အနိမိတ္တဉာဏ်အရာတို့၌လည်း၊ အထက်က, ပြသပြီးခဲ့သည့်အတိုင်း ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သော ပရမတ္ထဉာဏ်ပေါက်၍ သုညတပညာမြောက်သည့် အနတ္တအတိအဖြစ်နှင့်သာ၊ အနိစ္စ=အနိစ္စလက္ခဏာ= အနိစ္စနုပဿနာနှင့်- ဒုက္ခ= ဒုက္ခလက္ခဏာ= ဒုက္ခနုပဿနာဉာဏ်, အစစ်တွေကို ရစေရာပါသည်။

ဤသို့- ပိုင်းခြားသိပြီး၍၊ ကျန်သော-ရုပ်ဓါတ်တပါးချင်းကို၊ လုပ်ငန်းခွင်-ကျင့်စဉ်နှင့် ပတ်သက်သမျှ- မကျဉ်းမကျယ်ပြဆို၍၊ကြွင်းသမျှ- ရုပ်ဓါတ်တို့ကိုမူ၊ အကျဉ်းအားဖြင့် ပြဆိုခြင်း၌၊ ပရမတ္ထဉာဏ်အရာ- သုညတအနတ္တအတွက်သာ ဦးစားပေးပြဆိုသွားပါတော့မည်။

× × ×

ဒီတော့.... အနတ္တ=အနတ္တလက္ခဏာ= အနတ္တာနုပဿနာဉာဏ်က- ဘယ်လိုပါတဲ့လို့ ထပ်မေးရန် မလိုတော့ပါ၊ ပထဝီရုပ်ဓါတ်တလုံးကို- ပရမတ္ထဉာဏ်လုံးထွက်အောင် စတင်ပြသခဲ့စဉ်ကရင်း၊ မေးခွန်း-အစ, အလယ်, အဆုံးတိုင်အောင်၊ အနတ္တဉာဏ်တည်၍- ထူထောင်ပေးခဲ့ပြီးသား ဖြစ်နေပါပြီ။ နောက်ပိုင်းပစ္စက္ခဉာဏ်- အနုမာနဉာဏ်- ပဋိဝေဓဉာဏ်- ကျင့်စဉ်ကွက်နှင့် ပြသတော့မှဘဲ ထပ်ဆင့်၍ ပြပေးပါဦးမည်။

ဤနေရာ၌၊ ဝိပဿနာ- သမ္မာဒိဋ္ဌိပညာ အခြေခံ- နည်းပါး ချို့ယွင်းလျက်၊ ပရမတ္ထဉာဏ်- အနတ္တပညာကို၊ ဝိဇ္ဇာဋ္ဌာန- ဝိဇ္ဇာယတနတို့၌၊ အာယကောသလ္လပညာချို့တဲ့ သူတို့အဘို့၊ မှားယွင်းလေအောင် ပြောဟောကြသည်ကို မြင်ကြားရခဲ့ဘူးပါသေး၏၊ ဝိပဿနာ- ဘာဝနာပွားရာမှာ အနိစ္စသာလိုရင်း အနိစ္စဉာဏ်သာ ရှေ့ဦးစွာ အရေးတကြီး လိုအပ်သည်၊ အနတ္တဆိုသည်မှာ=မေဃာဝိယသုတ္တန်၌၊ "အနိစ္စသညိနော မေဃာဝိယ အနတ္တသညာ သဏ္ဍာတိ"လို့-ဘုရားဟောတော်မူတဲ့အတိုင်း၊ အနိစ္စသိရင်- အနတ္တသိတာပါတဲ့လို့ မြတ်ဘုရားဆိုလိုရင်းနှင့် အရှင်မေဃာဝိယ၏ ပုဂ္ဂိုလ်အခင်းကို ပြန်မကြည့်ဘဲ ညွှန်မိ, ညွှန်ရာသွန်သင်တတ်ကြပါသည်၊ ဒီတော့- ဝိဇ္ဇာပညာ— ဝိဇ္ဇာယတနတို့၌ ဆည်းပူးမှုချို့တဲ့သူတို့က အသဲစွဲသွားပြီး၊ ဘာ, စာပေမှုမဖတ်၊ ဘယ်တရားမှ မနာတော့ဘဲ၊ သိပ္ပံစရဏထဲမှာ၊ မသဲမကွဲနဲ့ဘဲ- လျှောက်၍ သွားနေကြရတော့သည်ကို များစွာ ကြုံတွေ့ခဲ့ရပေသည်။

မြတ်ဘုရားရှင်က၊ အနိစ္စထင်လျှင်- အနတ္တထင်သည်ဆိုရာဝယ် အထက်ကပြခဲ့သော၊ အနိစ္စဉာဏ်စစ်, ဝိပဿနာပညာ-သမ္မာဒိဋ္ဌိဉာဏ်နှင့်- ယှဉ်၍မြင်သူကိုသာ=အနိစ္စမြင်လျှင်- အနတ္တထင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်၊ ထိုသို့ဆိုလိုတော်မူရင်း, ဖြစ်ကြောင်းကိုလဲ- မိမိဉာဏ်နဲ့ ဝေဘန်ကြည့်ရှုဆုံးဖြတ်နိုင်မှု မရှိနိုင်သူတို့အဘို့၊ သောင်မတင်, ရေမကျ- ဝိပဿနာပွားများနေပါတယ်လို့ အမည်ခံယူပြီး- အတ္တမှန်ထူလျက် ပညတ်တွေကိုဘဲ တံခွန်ထူမြဲထူလျက် ရှိကြရတော့သည်။ ။ထို့ကြောင့်....

အနိစ္စံခယဋ္ဌေန-သည်။ ။"ဝယဓမ္မာ-သင်္ခါရာ"ကို၊ဝိပဿနာသမ္မာဒိဋ္ဌိ-အနတ္တပညာနှင့်၊ အပ္ပမာဒေန-မမေ့မလျော့သော သမ္မာသတိတရားဖြင့်၊ နပမဇ္ဇတိ-မမေ့လေ့ရှိသော-ယောဂါဝစရပုဂ္ဂိုလ်တို့၏ အထွဋ်အထိပ်ဖြစ်ပါသည်။ ထို့ပြင်—အနိစ္စံခယဋ္ဌေန,ဉာဏ်ကြောင့်၊အသာရကဋ္ဌေန—

မူလ အနတ္တအခြေခံဖြင့်-ပွားများသော ယောဂီသည်၊ ကုန်ခမ်းချုပ်ဆုံး- အနှစ်လုံးလုံးမရှိသော- အနတ္တပင် တည်းဟု ပစ္စက္ခဉာဏ်မြင်ကို-ကူးဆက်မြင်မှု ရရှိတတ် ခြင်းကြောင့်၊ အနိစ္စဉာဏ်အစစ် ကေန်မြင်-အနတ္တလို့ လဲ-ထင်မြင်ခြင်းကိုဆိုလိုရင်းဖြစ်ပါသည်။မူလ-အနတ္တ အခြေခံမပါဘဲနှင့် ပွားများနေရာမှ-အနတ္တ မြင်လာ ခြင်းမျိုးမဟုတ်ပါ။ မဟုတ်လည်းမဟုတ်နိုင်ပါ၊ အတ္တ နှင့် ရှုကလည်း ဝိပဿနာ ဟုပင် မခေါ် ထိုက်ပါ။ (ရှေ့အခဏ်း= ပုဗ္ဗကရဏ သုံးပါး၌လည်း ပြန်၍ ကြည့်ပါ။)

ဒုက္ခံ ဘယဋ္ဌေန – သည်။ ။ ''မူလ အနတ္တဉာဏ် (ဝါ)ဝိပဿနာသမ္မာဒိဋ္ဌိပညာ- အခြေခံဖြင့်-ပွားများသော ယောဂါဝစရပုဂ္ဂိုလ်၌၊ ''ဖြစ်ပျက်'' မပြတ်—ပီဠနတ္တ အချက်နဲ့-နှိပ်စက်အပ် ဘိသကဲ့သို့သော၊ ဘေးဟုမြင်ချက်-အနှိပ်စက်သည်- မဖြစ်ပါစေ-လိုရာစေ၍-မရလေပါတကားဟု ''အဝ သဝတ္တနဋ္ဌေန''—အနတ္တဉာဏ်ထက်သို့လည်း၊ ကူးစက် ရရှိတတ်ခြင်းကြောင့်-ဒုက္ခ မြင်လျှင်-အနတ္တထင်တတ် ပါ၏။ ဤသို့- လိုရာလိုရပ်မလိုက်မှု- ဉာဏ်အမြင်စုမှ၊ ''ယံပိစ္ဆံ န လဗ္ဘတိ'' ဟု- လိုရာလိုရပ်- ပြုမရအပ်ခြင်း ကြောင့်— အနိဿရဋ္ဌေန— အားဖြင့်၊ အစိုးမရ- အနတ္တအတိ၊ အတ္တမရှိသည့် သုညတ အားဖြင့်လည်း သက်ဝင်-ထင်မြင်ရတော့သည်။ဤသို့- အနတ္တတရား၌ အနှစ်သာရမပါ၊ လိုရာလိုရပ်လိုက်စရာ, အစိုးရစရာ, လုံးဝဗလာဖြစ်သည့်အချက်ကို အနိစ္စနုပဿနာမှဆက် ၍-ဒုက္ခနုပဿနာအချက်တိုင် ပေါက်ရောက်ပိုင်ပါက- လိုချင်စရာ-တောင့်တစရာ- ရှုဆဲ-ဝယမ္မောသခ်ါရာ၌- တောင့်တမှု ကင်းပြတ်သော အပ္ပဏိဟိတ ဝိမောက္ခ မက္ခာ—သုညတ- အနတ္တပါ- တက္ကနက်ပါ၍၊ ငုဋ္ဌာန ဂါမိနီ ဝိပဿနာဉာဏ်ဘက်သို့-တည့်မတ်စွာသက်ဝင် သောသဘောကို၊ မူလ-ဝိပဿနာသမ္မာဒိဋ္ဌိပညာနှင့်- ဒိဋ္ဌိသမုဂ္ဃာတကပြုခါ-ဒိဋ္ဌိကို ပယ်ခွါလျက်- ရှုမှတ်ပွား

များလာနိုင်သော ယောဂီသူမြတ်၌၊ အနိစ္စအစစ်မြင်-အနတ္တထင်၊ ဒုက္ခအစစ်မြင်-အနတ္တထင်ဟု၊ အနုပဿနာသုံးအင်သည် ဓမ္မာနု ဓမ္မပဋိပတ်အမှန် မဂ္ဂင်ရှစ်တန်, တရားကိုယ် ကေန်ဝင်တိုင်း၊ မဆိုင်းမတွ-ပြည့်စုံကြရသည်ကို ယုံကြည်ကိုးစား, စိတ်ချထားလျက်-မဂ်ဉာဏ်အားလျော်သောဝိပဿနာ-ဘာဝနာစစ်ကို-ထူထောင်နိုင်သော= ပရမတ္ထဉာဏ်- အမှန်မြင်မှုတွေ- ချယ်မှုန်းလျက်-ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်-အနတ္တပညာဖြင့်-ကျင့်သုံး နိုင်အောင်-ဆက်လက်-ဆည်းပူးကြပါစို့....

× × ×

# ပထဝီရုပ်ဓါတ်တရား၏-ဌာန်လေးပါး

## ဌာန်လေးပါးအကြောင်း

လက္ခဏာဒိ စတုက္က= လက္ခဏာအစရှိသော ပြဋ္ဌာန်းအပ်သည့်, ပြဋ္ဌာန်းကြောင်းတရားလေးပါး၊ မည်သည့်တရား, မည့်သည့်အတွက်ကြောင့်- ပြဋ္ဌာန်းကြောင်းတရားလေးပါး ရှိအပ်ပြေးပါသနည်းဆိုသော်၊ ပရမတ္ထတရားအတွက်= ယင်း, ပရမတ္ထတရားကို မမှားမယွင်း, မချွတ်မချော်စေဘဲ- ရှေ့ရှုသိရန် ပဋ္ဌာနပြု၍- ပြသခြင်းဖြစ်ပါသည်။ ပရမတ္ထတရားသည် ထင်ရှားကေန်အမှန်ရှိပါသော်လည်း အတိဂမ္ဘီရအားဖြင့် အလွန်နက်နဲပါသဖြင့် ပရမတ္ထတရားတို့ကို မမှားမယွင်း, မြင်သိစေခြင်းငှါ- ပရမတ္ထတရားအတွက် ပြဋ္ဌာန်းအပ်သော ဌာန်လေးပါး,ဖြစ်ပါသည်။ ၎င်းတို့မှာ (၁) လက္ခဏာဌာန်၊ (၂) ရသဌာန်၊ (၃) ပစ္စုပဌာန်၊ (၄) ပဒဋ္ဌာန်တို့- ဖြစ်ကြပါသည်။

### လက္ခဏဌာန်

"သာမညံဝါ- သဘာဝေါဝါ ဓမ္မာနံ လက္ခဏံ မတံ"

(အဋ္ဌသာလိနီ- အဋ္ဌကထာ)။

ဓမ္မာနံ- သင်္ခတ အသင်္ခတ, အားဖြင့် ပြားသော- ပရမတ္ထတရားတို့၏။ သာမညံဝါ- မိမိမပိုင်,အများဆိုင်ပြေား- သာမညအမှတ်အသားကိုရင်း။ သဘာဝေါဝါ- မဆိုင်အများ- မိမိတပါးသာ- ဆောင်အပ်ပြေားသည့် အမှတ်အသားကိုရင်း။ **လက္ခဏံ**- မှတ်ကြောင်းတရားဟူ၍။ မတံ- သိအပ်၏။ ။

ထိုသို့... သိရန်ခက်ခဲသော- ပရမတ္ထတရားတို့ကို၊ သိစေလိုခြင်း ဖေါ်ညွှန်းထားသည့်- မှတ်သားအပ်သော တရားတို့သည်၊ မှတ်ကြောင်း လက္ခဏာဖြစ်ပါသည်၊ ထိုမှတ်ကြောင်းလက္ခဏာတို့သည်=အမျိုးအစားအားဖြင့်- နှစ်မျိုး,နှစ်စားရှိရာ (၁) သာမညလက္ခဏာ- အများနှင့် ဆိုင်သော မှတ်ကြောင်း၊ (၂) သဘာဝလက္ခဏာ- မိမိသဘော သဘာဝတရပ်၌၊ မိမိဆောင်သဖြင့်- မှတ်သားအပ်ရသော မှတ်ကြောင်းလက္ခဏာဟူ၍ ဖြစ်ပါသည်၊ ထို- ပရမတ္ထတရား- စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်တို့တွင် အာရမ္မဏဝိဇာနန. လက္ခဏာသည်- စိတ်အားလုံး, တခုယုတ်,ကိုးဆယ်နှင့်ဆိုင်၍ သာမညလက္ခဏာဖြစ်သည်၊ ကုသိုလ်စိတ်, အကုသိုလ်စိတ်, ဒွေပဉ္စဝိညာဏ်စိတ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ပဉ္စဒွါရာဝဇ္ဇန်း-မနောဒွါဝဇ္ဇန်း-ဟသိတုပ္ပါဒ်စိတ်စသည်ဖြင့်-ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏာ- စသော မိမိတပါးထည်းဆိုင်သည့် လက္ခဏာတို့ကို-သဘာဝလက္ခဏာဟူ၍ သိအပ်၏။ နမနလက္ခဏာသည်- နာမ်အားလုံးဟု ဆိုအပ်သော စိတ်နာမ်, စေတသိက်နာမ်အားလုံးနှင့်သက်ဆိုင်၍ သာမညလက္ခဏာဖြစ်ပါသည်။ဝေဒနာ-သညာ-စေတနာ-ဖဿ,စသော စေတသိက်တို့၌၊ အနုဘဝနလက္ခဏာစသည်ဖြင့် မိမိတပါးထည်းနှင့်သာ ဆိုင်သော လက္ခဏာတို့သည်- သဘာဝလက္ခဏာဖြစ်ပါသည်။ ရုပ်တရားတို့၌လည်း- ရုပ္ပန လက္ခဏာသည်- ရုပ်အားလုံးနှင့်ဆိုင်၍၊ သာမညလက္ခဏာဖြစ်ပါသည်။ ပထဝီရုပ်ဓါတ်အစရှိသည်တို့၌ ကက္ခဠလက္ခဏာအစရှိသည်တို့သည်- သဘာဝလက္ခဏာ, ဖြစ်ပါသည်၊ ထို၌- အသင်္ခတ-ပရမတ္ထနိဗ္ဗာန်တရားမှာမူ- သာမည သဘာဝမပြား တပါးထည်းသာဖြစ်ရာ၊ သန္တိလက္ခဏာ= ရုပ်နာမ်,ခပ်သိမ်း- ချုပ်ငြိမ်းအေးမြခြင်း လက္ခဏာရှိသည်၊ အစ္စုတိရသံ-ပင်ဂိုရ်သဘောမှ မရွေ့လျောခြင်း- သမ္ပတ္တိရသရှိ၏၊ အနိမိတ္တ ဥပဋ္ဌာန်-သင်္ခါရနိမိတ်- အမြိတ်အစ- အရိပ်အသွင် မသက်ဝင်သော တရားဟု ဉာဏ်၌ရှေ့ရှုထင်ရ၏။ အသင်္ခတနိဗ္ဗာန်၌ နီးစွာသော- အကြောင်းပဒဋ္ဌာန်ဟူ၍- မရအပ်ပါ၊ ဤသို့အားဖြင့်- ပရမတ္ထတရားတို့ကို သိရန်၌- မှတ်ကြောင်း- လက္ခဏာမရှိကဘာကိုမျှ- ပိုင်းခြားဝေဘန်- အသိဉာဏ်ဖြစ်စရာမရှိပါ၍၊ လက္ခဏာ- နှစ်မျိုး, နှစ်စားရှိပုံကို၊ (၀၇) ပြဋ္ဌာန်းကြောင်း လက္ခဏာဋ္ဌာန်သဘောတို့ကို ပိုင်းခြားသိအပ်ရပါသည်။

ရသဋ္ဌာန်

"ကိစ္စံဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပယေ"

တဿ- ထိုသင်္ခတ, အသင်္ခတ,အားဖြင့် ပြားသော- ပရမတ္ထတရားတို့၏။ ကိစ္စံဝါ- လက္ခဏာနှင့်- ယှဉ်စပ်ပေါ်အပ်- ကိစ္စရပ်သည်ရင်း။ သမ္ပတ္တိဝါ- ပြီးအပ်

ကိစ္စ- စုံညီလတ်၍၊ သမ္ပတ္တိဂုဏ်- ဖြစ်ပေါ်ပုံသည်ငှင်း။ ရသော- ရသမည်၏။ ဣတိ- ဤသို့။ ပရိဒီပယေ- လက္ခဏာရပ်, ကိစ္စဟတ်ခါ- ထပ်၍မသွေ- ပြပေရာ၏။ ။

ဤသို့ ရသဌာန်၌လည်း၊ ကိစ္စရသ, သမ္ပတ္တိရသ,ဟူ၍- နှစ်ပါးသော- "ရသ"ဖြစ်ပေါ်မှုတရားတို့၌ ထင်ရှားခြင်းသည် ဖြစ်၏၊ ပထဝီရုပ်ဓါတ်သည်- ကိစ္စရသအားဖြင့်။ ကိစ္စ= ယှဉ်စပ်မှု၊ ရသ= ဖြစ်ပေါ်မှု၊ ပထဝီရုပ်ဓါတ်၏- လက္ခဏာသည်- မာခြင်း, ပျော့ခြင်း, ဖြစ်ရာ၊ ၎င်းလက္ခဏာနှင့် ယှဉ်စပ်၍- မာခြင်းထင်ရှားသောလက္ခဏာ၌လည်း၊ သဟဇာတ်တရားတို့၏ တည်ရာအဖြစ်၊ ပျော့ခြင်းထင်ရှားသော အခါ၌လည်း သဟဇာတ်တရား၏ တည်ရာအဖြစ်ဖြင့် သာ- ယှဉ်စပ်၍ ရုပ်ဓါတ်ဖြစ်ပေါ်လာမှု-ရုပ်ဓါတ်ဖြစ်ပေါ်စေမှု ကြံယာသဘော သည် ကိစ္စရသမည်၏။ သမ္ပတ္တိ-ရသမှာမူ= ငယ်ရွယ်နု ါစဉ်အခါ- ကံ,ကို အမှုး ပြု၍ စိတ်, ဥတု, အာဟာရတို့ပါ ကောင်းစွာ- ညီညွတ်ပြည့်စုံခြင်း၊ထိုကံကြောင့်- ဥပဘောဂ၏ ပြည့်စုံခြင်းကြောင့်-စိတ်အလိုက်, ဥတုအလိုက်, အာဟာရအလိုက် ပစ္စုပ္ပန်အထောက်အပံ့ ပြည့်စုံသည်ဖြင့်၍- ရုပ်တရားတို့၏ စည်ပင်တိုးပွား-ကိုယ် သား, ကိုယ်ရေ- စိုပြေဖွံ့ဖြိုးရခြင်း အကျိုးများ ထင်ရှားခြင်းသည်၊ သမ္ပတ္တိ= အတိတ်ကံနှင့် ပစ္စုပ္ပန်အကြောင်း စုံညီပေါင်းသဖြင့် ထင်ရှားဖြစ်ပေါ်မှုကို သမ္ပတ္တိ ရသဟု ဆိုအပ်ပါသည်။ လက္ခဏာနှင့် မကွေမကွာ ယှဉ်စပ် ဆောင်နှင်းဖြစ်ပေါ် အပ်သော ကိစ္စရသသည်ကား၊အမြဲတစေ- ထင်ရှားနေသော တရားဖြစ်ကြောင်း ခွဲခြားသိအပ်ပါသည်။ ။

## ပစ္စုပဋ္ဌာန်

"ဖလံဝါ ပစ္စုပဋ္ဌာန၊ မုပဋ္ဌာနကာရောပိဝါ"

ဖလံဝါ- အကျိုးတရားသည်။ ဥပဋ္ဌာန နယောပိဝါ- ဉာဏ်သို့ကပ်၍ တည်ကာ- ထင်လာမြင်လာရသော- အချင်းအရာသည်ငှင်း၊ ပစ္စုပဋ္ဌာန်- ရှေ့ရှု ထင်ရှား- သိကြောင်းအားဖြင့် ပြဋ္ဌာန်းအပ်သော- ပစ္စုပဋ္ဌာန်မည်၏။ ။

ဤ၌၊ ဖလပစ္စုပဋ္ဌာန်= ဥပဋ္ဌာနကာရ ပစ္စုပဋ္ဌာန် ဟူ၍ နှစ်မျိုး, ပြား ၏။ ထို- နှစ်မျိုးတွင် ကိစ္စရသ- လက္ခဏာနှင့် ယှဉ်စပ်ပေါ်အပ်သော အကျိုး၌ ဉာဏ်အားရှေ့ရှုထင်ခြင်းကို- ဖလပစ္စုပဋ္ဌာန်ဟူ၍ ဆိုအပ်၏။ ရုပ်နာမ်, ဓမ္မတို့၏ အချင်းအရာ၌ ကပ်၍၊ ဉာဏ်၌ရှေ့ရှုထင်မြင်လာခြင်းကို ဥပဋ္ဌာကာရပစ္စုပဋ္ဌာန် ဟူ၍ ဆို၏။ ဝိပဿနာရှုပွားရာ၌မူ။ အာကာရပစ္စုပဋ္ဌာန်, သဘာဝပစ္စုပဋ္ဌာန် ဟူ၍ နှစ်မျိုးပြား၏၊ လက္ခဏာရမ္မဏိက, ဝိပဿနာသည် အာကာရပစ္စုပဋ္ဌာန်

အတွင်း၌ဖြစ်၏၊ သခ်ါရာရမ္မဏိက, ဝိပဿနာသည် သဘာဝပစ္စုပဋ္ဌာန်အတွင်း၌ ဖြစ်၏။ ထို့ကြောင့် .. လက္ခဏာရမ္မဏိက ဝိပဿနာသည်= အချင်းအရာ၌ ရှေ့ရှု မှတ်သားပွားများခြင်း အာကာရပစ္စုပဋ္ဌာန်ဟု ဆိုအပ်သော- ဥပဋ္ဌာနကာရ ပစ္စုပဋ္ဌာန်ဟူ၍ပင် ဆိုအပ်၏၊ သခ်ါရာရမ္မဏိက, ဝိပဿနာသည်= ပစ္စုပ္ပန်အကျိုး သင်္ခါရတရားလျှင်- အာရုံရှိသည်ဖြစ်၍၊ ဖလပစ္စုပဋ္ဌာန်ဟူ၍ပင် ဆိုအပ်၏ဟုလည်း ပိုင်းခြားသိအပ်ရာပါသည်။

## ပဒဋ္ဌာန်

"အာသန္န ကာရဏံ ယံတု ပဒဋ္ဌာနံတိ တံ မတံ"

ယံ အာသန္နကာရဏံ— အကြောင်,နီးစွာသော အကြောင်းသည်၊အတ္ထိရှိ၏၊ တံတု— ထို နီးကပ်စွာသော အကြောင်းကိုကား။ ပဒဋ္ဌာနန္တိ— ပဒဋ္ဌာန်ဟူ၍။ မတံ— သိအပ်၏။ ။

ဤ၌၊ ဝေးသောအကြောင်း, နီးသောအကြောင်းဟု- နှစ်မျိုး, ရှိရာ၊ ထိုထို- ရုပ်နာမ်ထင်ရှား, ပရမတ်တရားတို့၌၊ နီးသောအကြောင်းသည်သာ- ပဓါနအားဖြင့် လက္ခဏာနှင့် လိုက်လျောညီစေ မကွေမကွာသည်ဖြစ်၍၊ နီးသော အကြောင်းကိုသာ- ပဓါနပြု၍၊ ပြဋ္ဌာန်းသောအကြောင်းများ ဖြစ်၏။ ထိုသို ပဒဋ္ဌာန် နီးသော အကြောင်း,မှန်ကန်မှုကို ပိုင်းခြားသိသောသူအား၊ အကြောင်, အကျိုးကို အလိုရှိ၏။ ထိုအလိုရှိအပ်သော- အကျိုးနှင့်နီးစွာသောအကြောင်း ကိုလည်း ရှာမှီးပြည့်စုံစေအပ်၏။ ထို့ကြောင့်- ပဒဋ္ဌာန်သည်လည်း- ဝိပဿနာ ပညာရှင်တို့၏ သိထိုက်, အားထားထိုက်, ရှာမှီးထိုက်သော- အကြောင်းများ ကို စိစစ်ရှာဖွေမှု ပြုတတ်ကြသင့်ပါပေသည်။ ။

## "ပထဝီရုပ်ဓါတ်—ဌာန်လေးပါး"

| | | |
|---|---|---|
| ကက္ခဠလက္ခဏာ, မုဒုလက္ခဏာ | = | မာမှု, ပျော့မှု-ဆောင်ခြင်းလက္ခဏာရှိ၏။ |
| ပတိဋ္ဌာနရသော.... | = | တကွဖြစ်ဘက်ရုပ်တို့၏တည်ရာဖြစ်စေခြင်း ကိစ္စ,ရသ ရှိ၏။ |
| သမ္ပဋိစ္ဆနပစ္စုပဋ္ဌာန ... | = | တကွဖြစ်ဘက် ရုပ်တရားတို့အား ခံထား တတ်သည်ဟု ရှေ့ရှုထင်၏။ |
| သေသဘူတ ပဒဋ္ဌာနာ.... | = | ကြွင်းဘူတရုပ်,သုံးပါးလျှင်- နီးစွာသော အကြောင်းရှိ၏။ |

( မှတ်ရန်ဆောင်ပုဒ် )

ပထဝီရုပ်ဓါတ်၊ လက္ခဏ၊ မှတ်ကြကက္ခဋာ။
တဖြာနုကြောင်း၊ မုဒုပြောင်း၊ မှတ်ကြောင်း, လက္ခဏာ။
သဟဇာတ်ရုပ်၊ တည်ရန်လုပ်၊ မယုတ်- ကိစ္စပါ။
ကျန်ရုပ်အစဉ်၊ ခံထားထင်၊ ညာဏ်လျှင်ရှေ့ရှုရာ။
နီးစွာတရား၊ ဘုတ်သုံးပါး၊ ထင်ရှား- ပ,တေ,ဝါ။ ။

အထက်ပါ- ပထဝီရုပ်ဓါတ်၏- ဆောင်နှင်းဖြစ်ပေါ်ပုံ- ပြဋ္ဌာန်းခြင်း- အကြောင်းလေးပါးတို့တွင်၊ လက္ခဏာဋ္ဌာန်သည်၊ ပစ္စက္ခညာဏ်အတွက် အရေး အကြီးဆုံး သက်ဝင်သော အကြောင်းတရားဖြစ်ပါသည်။ ကျန်- ဋ္ဌာန်သုံးပါး မှာမူ၊ သုတ, စိန္တာ- ဒေသနာညာဏ်အဖြစ်သာ, အဖြစ်များပါသည်၊ ဘာဝနာ မယ- ပစ္စက္ခညာဏ် ထူထောင်ရာ၌မူ၊ မူလပြသခဲ့သည့်အတိုင်း၊ လက္ခဏာဋ္ဌာန် သည်သာ၊ လက္ခဏာရမ္မဏိက, ဝိပဿနာဟူ၍- စတင်အမည်ခံရခြင်း၊ အာကာရ ပစ္စုပဋ္ဌာန်အနေအားဖြင့် ပိုင်းခြားသိမှတ် ရှက်ဆောင်ရခြင်း၊ လက္ခဏူပ နိဇ္ဈာ နာနစျာန်အနေဖြင့်- အားထုတ်ရင့်သန်နိုင်စေခြင်း၊ ပစ္စက္ခ-သန္နိဋ္ဌိကဓမ္မအားဖြင့် လက္ခဏာပဋိဝေဓညာဏ်ကို ဖြစ်စေ, ရစေခြင်း= ထိုညာဏ်သည်ပင်၊ အနုဗောဓ ညာဏ်= မဂ်ညာဏ်အားလျော်သော ညာဏ်ဟူ၍၊ စတင်သက်ဝင်, အခေါ်ခံရခြင်း၊ ထိုမှတဆင့်တက်၍= သင်္ခါရာရမ္မဏိက-ဝိပဿနာအဖြစ်သို့ ရောက်ရှိခြင်း၊ သဘာဝ ပစ္စုပဋ္ဌာန်အားဖြင့်၊ ထိုးထွင်းညာဏ်မြင်ကာ- အနုပဿနာသုံးပါး- မပြတ်ဆိုက် အောင် ပွားများ, အားထုတ်နိုင်ခြင်း၊ ဓမ္မအဘိညာဥ်အနေ= မိမိစွမ်းပကား၊ (ဝါ) သမ္မပ္ပဓာန်= သတိ= သမာဓိတို့၏ စွမ်းပကားနှင့် အဇ္ဈာသယ, အာလယ တို့နှင့် လျော်သော- လောကုတ္တရာစျာန်ဖြစ်ထိုက်သည့် သဘောအားဖြင့် တည် ကြည်မြဲမြံ, လေ့လာပွားများအားထုတ်နိုင်ခြင်း၊ သစ္စာနုလောမိက- အနုဗောဓ ညာဏ်ဟု ပိုင်နိုင်စွာ သက်ဝင်အခေါ်ခံရခြင်း, စသော မဂ္ဂအပ္ပနာဖြစ်ခွင့်ကို- အာသေဝနဖွေ့စည်းထိုက်အောင်- ဆောင်နှင်းတတ်သော ပစ္စက္ခသန္နိဋ္ဌိက- အနု ဗောဓညာဏ်သည်၊ အာရုံလက္ခဏ- မြတ်ဓမ္မ၌သာ အခြေခံအမှန် ဖြစ်ပါသည်၊ ကြွင်း- ဋ္ဌာန်ကိုသည်လည်း= သုတ, စိန္တာ အတွင်း၌ရှင်း၊ ပစ္စက္ခပွားများစဉ် အတွင်း၌ရှင်း၊ တခါတရံ- ဓမ္မုဒ္ဒေစ္စ- အခိုက်မျိုး၌ရှင်း၊ အသိညာဏ်ဝင်ရောက် သွားနိုင်သော အကြောင်းချင်းရာများ ဖြစ်ပါသည်။ ဤသို့အားဖြင့်- ပစ္စက္ခ ညာဏ်, ကိုယ်တွေ့ညာဏ်မြင်ပိုင်းနှင့် ပတ်သက်၍ ဋ္ဌာန်လေးပါး, သဘောသွားတို့ကို ပိုင်းခြားသိအပ်ရပါသည်၊သို့မဟုတ်က= ပစ္စက္ခညာဏ်ထဲမှာ- ဋ္ဌာန်လေးပါး ကိုက် မကိုက်လိုက်၍ ရှာနေလျှင်- ပင်တိုင်ရှုကွက်၌ ညာဏ်ချက်ပျောက်ပြီး၊ အပြင်-

အာရုံတွေ ဝင်စွက်နိုင်ပါသည်။ အပြင်-အာရုံမဝင်နိုင်ကုန်လျှင်လည်း၊ ဓမ္မဒ္ဒစ္စ အနေတွေ အဖြစ်များ၍ နေတတ်ပါသည်၊ ပညာဖြင့် လှန်ကဲစွာ ကျက်စားအပ်သော- ဓမ္မအာရုံတို့သည်၊ တခါတရံ— ပစ္စက္ခဉာဏ်၌- ဆန်းကြယ်စွာ ဖေါက်ထွင်းဝင်ရောက်လာတတ်ပုံကိုလည်း တွေ့ရတတ်ပါသည်၊ စိတ်က လိုက်မသွားမိစေဘဲ မူလရှုကွက်အမှန်ကို မြဲမြံစေလျက်၊ အနုဗောဓဉာဏ်, အစစ်မှ- ပဋိဝေဓဉာဏ်ဟု ဆိုအပ်သော- ဗောဓိဉာဏ်ဘက်သို့သာ- မချွတ်မချော်- အားထုတ်ပွားများနေခြင်းဖြစ်အောင် ကြိုးစားကြရပါသည်။

(ပထဝီရုပ်ဓါတ်- ပရမတ်နှင့် ဝိပဿနာဉာဏ်မြင်- ဤတွင် ရွေ့နားကြဦးစို့ …)

## "အာပေါ ရုပ်ဓါတ် - ပရမတ်"

မဟာဘုတ်ခေါ်- ဘူတရုပ်လေးပါးကို၊ ရှေးအစဉ်အလာ- အခေါ်အဝေါ် အသုံးအစွဲများခဲ့ကြသည်က၊ မြေ, ရေ, လေ, မီး- ဓါတ်ကြီးလေးထွေ ဟူ၍၎င်း၊ မြေ, ရေ, မီး, လေ- ဓါတ်လေးထွေ၍၎င်း=ခေါ်ဝေါ် သုံးစွဲခဲ့ကြရာ၊ ဗုဒ္ဓဘုရား- မဟာဘုတ်တရားကို ပညတ်အပ်သည့်၊ ပထဝီ, အာပေါ, တေဇော, စသောရုပ်ဓါတ်များကို၊ ပထဝီ,မြေဓါတ်ပေါ့၊အာပေါ,ရေဓါတ်ပေါ့၊တေဇော, မီးဓါတ်ပေါ့၊ ဝါယောလေဓါတ်ပေါ့ဟုသာ- အသဲစွဲအောင် နားလည်မှတ်သားထားကြသည်၊ အမှန်မှာ=ပထဝီရုပ်ဓါတ်၊ အာပေါရုပ်ဓါတ်၊တေဇောရုပ်ဓါတ်၊ ဝါယောရုပ်ဓါတ်ဟုသာ- ပရမတ္ထတရားကို ပြဆိုရာတွင်- ဝေါ်ခေါ်သုံးစွဲသင့်ပါသည်။ ပထဝီ, မြေဓါတ်ဟု-မြေကြီးကိုအာရုံပြု ခေါ်ဆိုလိုက်သည်နှင့်၊ မြေကြီးသည်, ပထဝီ၊ ပထဝီသည်, မြေကြီး, ဖြစ်နေတတ်ပြီး၊ ဖျောက်မရအောင် အစွဲကပ်နေတတ်သည်။ မြေကြီးသည်- မရှိပညတ်တရားသာ ဖြစ်ပြီး= ခေါ်ဝေါ် သမုတ်ရုံမျှ- သမုတိသစ္စာ- နာမည်ဖြစ်သည်၊ ပထဝီသည် အရှိပရမတ်တရား၏ ရုပ်ဓါတ်အဖြစ် သက်ဝင်ထင်ရှားခိုက်=အရှိပညတ်အမည်ဖြစ်သည်။ ထို့ကြောင့် ပထဝီရုပ်ဓါတ်အပိုင်း၌- ရှင်းပြအပ်ပြီးသကဲ့သို့၊ မြေကြီးနှင့်- ပထဝီရုပ်ဓါတ်သည်- လုံးဝ, ခြားနားလျက် ရှိသည်၊ သို့သော်- ဥတုတပါးတည်းကြောင့် ဖြစ်သော- အနိန္ဒြိယဗဒ္ဓ- အဝိညာဏက- ရုပ်အနေအားဖြင့်မူ၊ သခ်တ, ပရမတ္ထတရားကပင် ဆောင်နှင်းမှ- ထင်ရှားသော ရုပ်တရားတော့ ဖြစ်ပါသည်။၎င်းကို ဝိပဿနာရှုကောင်းသော ရုပ်မဟုတ်၍၊ အထူးမဆိုတော့ပါ၊ စတုသမုဋ္ဌာနိက ဣန္ဒြိယဗဒ္ဓ- သဝိညာဏက, ရုပ်ဖြစ်သော ပထဝီရုပ်ဓါတ်, ပရမတ်ဘာဝကိုမူ၊ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ သဘောပေါက်ရရှိခဲ့ပြီး ဖြစ်ပါလိမ့်မည်။ ။

ယခု- အာပေါရုပ်ဓါတ်- ပရမတ်သဘော၌လည်း၊ စတုသမုဋ္ဌာနိက ရုပ်, ကိုပင်= မုချဆိုအပ်ပါ၏၊ အာပေါ, ရေဓါတ်ပေါ့ဆိုရင်, မဟုတ်မမှန်ပါ၊ အာပေါဟာလဲ- ရေမဟုတ်ပါ၊ ရေဟာလဲ- အာပေါမဟုတ်ပါ၊ ရေသည်မရှိ ပညတ်တရားအစစ်သာ ဖြစ်ပါသည်။ သို့သော်- သမုတိသစ္စာအနေအားဖြင့် တော့-ရေကို ရေလို့ ခေါ်ဝေါ်ရခြင်း၊ ရေအိုးကိုရေအိုးကိုလို့ ခေါ်ဝေါ်ရခြင်း၊ ရေအိုးထဲ့ရေရှိသလားမေးရင်, ရှိပါတယ်ပြောရခြင်းတို့မှာ၊သမုတိပညတ်,သမုတိ သစ္စာအနေ- ကမ္ဘာဦးသူ ပညာရှိတွေက သမုတ်ခေါ်ဆိုခဲ့သလိုကတော့ မှန်ကန် ပါ၏၊ အဟုတ်ရှိ- တကယ်ရှိ, ထင်ရှားရှိ- ပရမတ္ထသစ္စာအနေအားဖြင့်တော့ မမှန်ကန်ပါ၊ တကယ်, ရေ- ရေအိုး-ရေရှိတယ်လို့- စွဲယူယုံကြည်ပြီး, ခေါ်ဝေါ် ပြောဆို သုံးစွဲရင်တော့- ပရမတ္ထသစ္စာနယ်- သမ္မာဒိဋ္ဌိအရ မဟုတ်မှု၍၊ သမုတိ သစ္စာနယ်- မိစ္ဆာဒိဋ္ဌိဖြစ်ပါသည်၊ တကယ်, ရေ- ရေအိုး- ရေရှိရက်နဲ့- မဟုတ် မရှိဟု ပြောဆိုပြန်လျှင်လည်း လောက, သမုတိသစ္စာကို ချိုးဖေါက်ရာကြ၍ မုသာဝါဒကံ, ထိုက်ပြန်ရပါသည်၊ ထို့ကြောင့်- သမုတိသစ္စာကို ချိုးဖေါက်က မုသာဝါဒကံအစ, မိဘမရှိ-ဆရာမရှိ, သက်ကြီး, ဝါကြီးမရှိ- လုပ်ပြီး- ပဉ္စာ နန္တိယ ကံ,အထိုက်ခံရသည်အထိ၊ အကုသိုလ်, ဒုဒယ်အမြစ်တွယ်တတ်၍ အပါယ် လေးပါးမှ မလွတ်နိုင်တော့ရာ၊သမုတိသစ္စာ၌သာ အနယ်ထိုင်၍၊ ပရမတ္ထသစ္စာ, ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပညာကို မယုံကြည် မလိုက်စား- ဒုပ္ပညပုဂ္ဂိုလ်အဖြစ်နဲ့- ချိုးဖေါက်ဖျက်ဆီးသကဲ့သို့ ဖြစ်နေရင်လဲ၊ မိစ္ဆာဒိဋ္ဌိအယာဉ်၌ နစ်မွန်း၍၊ သံသ ရာမှ- ကျွတ်လွတ်ခွင့်လမ်းစကိုမျှ မတွေ့နိုင်တော့ဘဲ၊ သံသရာဝဋ်ဒုက္ခတွေ မဆုံး နိုင်ဘဲ ရှည်လျားသမျှ၊ အပါယ်ဒုက္ခတွေကလဲ- အကြိမ်ကြိမ်ဖြင့် သံသရာသစ်ငုပ် သဖွယ်အဖြစ်ကို၊ ဒိဋ္ဌိ-ပဋိပက္ခဖြစ်သည့် ပရမတ္ထသစ္စာကို, ချိုးဖေါက်မိသည့် အတွက်လည်း လွန်စွာ ဝန်လေးရဘတ်တော့သည်။

ထို့ကြောင့်... သမုတိသစ္စာနယ် အမှန်နှင့် ပရမတ္ထသစ္စာနယ် ဧကန်တို့ကို ပိုင်းခြားသိပြီးလျှင်၊ ထိုအမှန်နှစ်ရပ်တွင်၊ တပါးကိုတပါး, သူ့နယ်အလျှောက် မကျော်လွန်စေမူ၍သာ၊ မဇ္ဈိမပဋိပဒါ- အလယ်,အလတ်- အားဖြင့်, ကျင့်သုံး မှတ်ယူသင့်ပါသည်။ (မည်သို့, မည်ပုံ, ဆိုသည်ကို- နောက်ပိုင်းတွင် ရှင်းပြပေး ပါမည်။) ထို့ပြင်လည်း- သမုတိသစ္စာနယ်- အခေါ်အဝေါ်, အသုံးအစွဲ ဖြစ်သော= အဝိဇ္ဇာမာနပညတ်-မရှိတရား၊ သိမှတ်ရုံ- ပညတ္တိအတ္ထများကို သုံးစွဲ ရာ၌၊ ပရမတ္ထသစ္စာအပေါ်- အခေါ်အဝေါ်, အသုံးအစွဲ၊ ဝိဇ္ဇာမာနပညတ်ရှိ တရား။ သိအပ်ပုံ- ပရမတ္ထအတ္ထများနှင့် ရောထွေးသုံးစွဲမှုသာ၊ သူသူငါငါတို့ နားလည်လွယ်နိုင်စရာရှိရကား၊ ထိုသို့- သုံးစွဲရာတွင် မရှိတရားကို- အရှိတရားဟု

ထင်မှတ်သွားအောင် သုံးစွဲခြင်းမျိုးမှ ရှောင်ရှားသင့်ကြပါသည်။ မလွဲမရှောင်သာ၍- သုံးစွဲရတိုင်းလည်း ရှင်းလင်း ခွါထုတ်၍ ရသော သုံးစွဲမှုမျိုးကိုသာလျှင် သုံးစွဲသင့်ပါသည်။

တသံသရာလုံးက၊ (၀ါ) တဘဝတဘလုံးက၊ မြေ, ရေ, လေ, မီးကို အရှိုလုပ်လာခဲ့ရာ၊ အရှိုလို့စွဲလာခဲ့ရာ၊ ဘုတရုပ်ဓါတ် လေးပါး, ဘုရားရှင်၏ ပရမတ္ထတရားနှင့်စပ်၍၊ ပထဝီ-မြေဓါတ်ပေါ့၊ အာပေါ, ရေဓါတ်ပေါ့၊ တေဇော, မီးဓါတ်ပေါ့၊ ဝါယော, လေဓါတ်ပေါ့ဟု- ဆိုလိုက်သည်နှင့်တပြိုင်နက်၊ ပထဝီသည်, မြေကြီး၊ မြေကြီးသည်,ပထဝီ၊ အာပေါသည်, ရေ၊ ရေသည်, အာပေါ၊ တေဇောသည်, မီး၊ မီးသည်, တေဇော၊ ဝါယောသည်, လေ၊ လေသည်, ဝါယောလို့- အသဲစွဲပြီး- သေပွဲဝင်သွားကြသူတွေလည်း- အနန္တ၊ စွဲထားဆဲဖြစ်ရှိနေသူတွေလည်း မရေမတွက်နိုင်အောင်, ရှိနေကြရတော့သည်။

ပရမတ္ထတရားသည်- မြတ်သောဉာဏ်၏ ကျက်စားရာ၊ (၀ါ) "ဥတ္တမဉာဏဿ ဂေါစရော"= အရ၊ မြတ်သော- သဗ္ဗညုတဉာဏ်၏ ကျက်စားရာတရားဟု ဖွင့်ဆိုခြင်းကား၊ ဥက္ကဋ္ဌနည်းဖြစ်ရာ၊ အရိယာ- အသေက္ခ- ပုထုဇဉ်သေက္ခ- တိက္ခပုဂ္ဂိုလ်တို့သည်လည်း အဆင့်ဆင့်အားဖြင့်၊ သဗ္ဗညုတ, ဉာဏ်တော်အစဉ်မှ ဒေသနာမှန်တို့ကြောင့်= ကျက်စားနိုင်ရကား၊ ယခုအခါ- တိုးတက်, ထက်မျက်လာကြသည့်အလျှောက်- အမှန်တရားတို့သည်- အဆင့်ဆင့်အားဖြင့်မှန်သည်ထက် 'မှန်ကန် တိကျပြီး၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို သုံးစားရရှိသည့်တိုင်အောင် ပြီးမြောက်နိုင်ကြပါသည်။

မူလအစ—တစိပ်, တဒေသအမှန်မှ= တချို့တဝက်မှန်၊ တချို့တဝက်မှန်မှ= အလုံးစုံအမှန်အထိ၊ တစ,တစ, ကေန်, ရရှိလာနိုင်ကြသည့်အလျှောက်၊ ထိုသို့- ရရှိလာနိုင်သော်လည်း၊ မိမိတို့-မူလ-အမှန်ကလေးနှင့် စတင်ထားချက်များကို ခိုင်မာစွာ စွဲမြဲစေလိုသော- အာသာ, အာလယ,ကြောင့်၊ မမှားသော်လည်း- ချို့ယွင်းချက်ရှိလျက် ဇွတ်အတင်းဖက်၍- ငံ့ကွက်ထားကြခြင်းသည်၊ တကယ်တရားစစ်, တရားမှန်တို့ကို တိုးတက်လိုလားသော- သာဝကယောဂီများအတွက် လွန်စွာမှ- နစ်နာလျက် ရှိရတော့သည်။

ထို့ကြောင့်= မြတ်ဘုရားရှင်၏- မဟာကရုဏာတော် တစိပ်ကို၊ ဝေနေယျတို့အပေါ်၌၊ လွန်စွာချိပ်ထား သနားကြင်နာပါက၊ ချွတ်ချော်မှု- ဖြစ်ပေါ်စရာ, ရှိလာရင်- အမည်တံဆိပ်ကို မေ့မိုတ်မခံဟု တယူသန်တော် မမှုသော၊အမှန်မြင်လတ်, အမြတ်ပညာရင်, အပေါင်း- သူတော်ကောင်းတို့သည်- မချွတ်မယွင်းကြောင်းကို- ပြုပြင်ညှောင်းသင့်ကြရပါတော့သည်။

ပထဝီ, မြေဓါတ်ဟုရင်း- အာပေါ, ရေဓါတ်ဟုရင်း၊ တေဇော,မီးဓါတ်ဟုရင်း၊ ဝါယော, လေဓါတ်ဟုရင်း၊ ပညတ်နှင့် ပရမတ်စပ်၍- ရှုမှတ်သဖြင့်-ရောက်နိုင်သော အထွင့်အထိပ်မှာ-ကသိုဏ်း (၁၀) ပါးအတွင်းဝင် ဈာန်တရားအထိသာဖြစ်ရပါသည်၊ သက္ကာယဒိဋ္ဌိပ္ပဟာနာယ= သက္ကာယဒိဋ္ဌိကို ပယ်ဖြုတ်ကြောင်းဆီသို့ တိုက်ရိုက်ရောက်နိုင်ဘွယ် မရှိကြောင်း, ထင်ရှားပါသည်၊ ပထဝီရုပ်ဓါတ်, အာပေါရုပ်ဓါတ်, တေဇောဓါတ်, ဝါယောရုပ်လို့ခေါ်ဝေါ်သုံးစွဲ၍၊ ပထဝီ-အာပေါ-တေဇော-ဝါယောက၊ သဒ္ဒါတ, ပရမတ္ထတရားကို စွဲ၍ မှည့်ခေါ်တဲ့ (ဝါ) ထင်ရှားရှိတရားကို စွဲ၍ မှည့်ခေါ်တဲ့- ဝိဇ္ဇာမာန, နာမပညတ်၊ ရုပ်က, အကျိုးသခ်ါရတရားကိုမှည့်ခေါ်တဲ့ ဝိဇ္ဇာမာနပညတ်၊ ဓါတ်က, ပရမတ္ထတရား၏ ထင်ရှားဆောင်နှင်းချက်- သဘာဝလက္ခဏာကို စွဲခေါ်ခြင်းဖြစ်၍-ဝိဇ္ဇာမာနပညတ်၊ အဲဒီလို- ထင်ရှားရှိတဲ့- ထင်ရှားရှိမဲ့ တရားကိုတွေကိုသာ ခေါ်ဝေါ်သုံးစွဲပြီး၊ တလုံးချင်းကွဲအောင် ခွဲစိပ်ပေးလျှင်၊ ပရမတ္ထတရားကို- မိမိတို့စွမ်းပကားရှိသလောက်- မြတ်သော, ဉာဏ်ဖြင့်- ကျက်စား၍ ရရှိသွားပါက-သက္ကာယဒိဋ္ဌိကို ပယ်နိုင်ကြောင်း အမြင်မှန်, သမ္မာဒိဋ္ဌိဉာဏ်ကို- ကောန်ရရှိမည်=ရရှိရန် လွယ်ကူမည် ဖြစ်ပါသည်။

ထို့ကြောင့်= ပထဝီရုပ်ဓါတ်သည်- မြေကြီးမဟုတ်သကဲ့သို့၊ အာပေါရုပ်ဓါတ်သည်လည်း- ရေမဟုတ်ပါ၊ အာပေါရုပ်ဓါတ်, ပရမတ္ထတရားကို သိရှိဆန်းစစ် ရှာဖွေရန်အတွက်လည်း၊ သူ့တွင် လက္ခဏာနှစ်ရပ် ဆောင်တတ်ခြင်းမှတ်ကြောင်းရှိပါသည်။ ၎င်းတို့မှာ=အာဗန္ဓနလက္ခဏာ=ဖွဲ့စည်းမှု မှတ်ကြောင်း၊ ပဂ္ဃရဏလက္ခဏာ= ယိုစီးမှု မှတ်ကြောင်းအားဖြင့်၊ လက္ခဏာနှစ်ရပ်ဆောင်နှင်းတတ်သော မှတ်ကြောင်းရှိပါသည်။ ထိုသို့- မိမိ၏ "ဖွဲ့စည်းခြင်း, ယိုစီးခြင်း" မှတ်ကြောင်းကိုမပျက်,မယွင်းဆောင်နှင်းထွန်းပြတတ်ခြင်းသည်ဓါတ်၏သဘာဝလက္ခဏာ- ဖေါ်ပြချက်ဖြစ်၍၊ ဓါတ်၏အနှစ်-ပရမတ်အစစ်မှာမူ- ဆောင်နှင်းဖေါ်ပြသဘာဝကို ဖြစ်စေတတ်ဘိ- အကြောင်းရှိစွမ်းရည်- သဘောဓမ္မ- ဂုဏ်သတ္တိအဆီသည်- ဝါယောရုပ်ဓါတ်၏- ပရမတ္ထတရား ဖြစ်ပါသည်။

အထက်ပါ- အာပေါရုပ်ဓါတ်- အားသေးခိုက် ဖွဲ့စည်းခြင်း၊ အားကြီးခိုက်,ယိုစီးခြင်းသည်- အာပေါရုပ်ဓါတ်- ပရမတ်မဟုတ်ပါ၊ အာပေါရုပ်ဓါတ်ပရမတ်ကို သိရန်- မှတ်ကြောင်းလက္ခဏာမျှသာ ဖြစ်ပါသည်၊ ပထဝီရုပ်ဓါတ်-ဘတ်ရှုခဲ့စဉ်က- သဘောပေါက်ဘိ, သကဲ့သို့၊ လက္ခဏာမျှဖြစ်ပုံကို ဥပမာကလေးနှင့်တကွ ပိုင်းခြားသိပါ၊ စေ့ဒနာတင်ချင်လဲ- ဒီလိုတင်ကြည့်စရာတော့ ရှိပါသည်၊ ရေဟာယိုတတ်, စီးဆင်းတတ်နေတာဘဲ၊ အဖတ်ကလာပ်ကလေးတွေနဲ့

အမှုန်ကလာပ်တွေနဲ့ ထိစပ်ရင်လဲ ဖွဲ့စည်းတတ်တာဘဲ၊ ဒါကြောင့်- ရေဟာ, အာပေါဆိုရင်- မမှားပါဘူးလို့- ဆင်ခြေလဲကြည့်ရင်၊ ထိုဆင်ခြေလဲချက်သည် အရင်းကစ၍- မှားနေပါသည်၊ ဖွဲ့စည်းခြင်း, ယိုစီးခြင်းကို- အာပေါရုပ်ဓါတ်- ပရမတ်ဟု မပြောခဲ့ပါ၊မှတ်ကြောင်းလက္ခဏာမျှသာဟု ဆိုခဲ့ခြင်းကြောင့်၊ဖွဲ့စည်းတာ, ယိုစီးတာ, အာပေါမဟုတ်သဖြင့်၊ ဖွဲ့စည်းတာ, ယိုစီးတာ ဖြစ်နေတဲ့ ရေဟာလဲ အာပေါရုပ်ဓါတ်, ပရမတ်မဟုတ်ပါလို့- ဖြေလိုက်ပါရစေ၊ မကျေနပ်သေးရင်လဲ ရေတွင်မဟုတ်သေးပါဘူး၊ နှင်းရည်ဆီအမျိုးမျိုးနဲ့ နှာရည်-ကျင်ငယ် ချွေး–သွေး–နှပ်-ကဇီရေတို့လဲ ယိုစီးနေကြပါသည်၊ ယိုစီးတာ အာပေါဆိုရင် ရေတခုထဲကိုတော့ မယူသင့်ပါ၊ အဲဒီ- နှင်းရည်, ချွေး, သွေး, ကျင်ငယ်- အားလုံး- အာပေါရုပ်ဓါတ် ပရမတ်ချည်း ဖြစ်ကုန်ပါလိမ့်မယ်၊ ဒီတော့.. အာပေါရုပ်ဓါတ်သည်၎င်း၊ ပရမတ်သည်၎င်း၊ တပါးထည်းသာ ဖြစ်သင့်ရာ၊မြင်မြင်ကရာ ယိုစီး ဖွဲ့စည်းနေတာဟာ- အာပေါရုပ်-ပရမတ်- မဟုတ်ဘူးဆိုတာ– ထင်ရှားပါ၍၊ ထို-ယိုစီးမှု- ဖွဲ့စည်းမှု– ယိုစီးခြင်း, ဖွဲ့စည်းခြင်းသည်, အာပေါရုပ်ဓါတ်, ပရမတ်မဟုတ်၊ အာပေါရုပ်ဓါတ်- ပရမတ်ကို သိရန်- မှတ်ကြောင်းလက္ခဏာမျှသာ ဖြစ်တယ်လို့ ဆုံးဖြတ်လိုက်ပါတော့၊ ဝန်ခံလိုက်ပါတော့။

ဤမျှနှင့်- မဆုံးဖြတ်ရဲ- ဝန်မခံနိုင်သေးအောင်-ရေဟာ, အာပေါပေါ့ ရေကဘဲ ဖွဲ့စည်းတာဘဲ၊ ရေတွေကဘဲ၊ ယိုစီးနေတာဘဲဟု သံုးချက်စလုံး၌ စွဲငြိထားတုံးဘဲဆိုရင်၊ သက်မဲ့အနေနဲ့ ဖွဲ့စည်းခံရသော အမှုန်ကလာပ်အထွေထွေတို့သည် ပေါင်မုန့်– ကိတ်မုန့်ကလေးများမှစ၍၊ တောတောင် အထပ်ထပ်- မြင့်မိုရ်တောင်ပါမကျန်-ဖွဲ့စည်းဟန်ရုပ်တို့သည်၎င်း၊သမုဒ္ဒရာ–ပင်လယ်-မြစ်-ချောင်း မြောင်း–ယိုဆင်း နေကြောင်း, ရေအပေါင်းသည်၎င်း၊ သက်ရှိအနေအားဖြင့်လဲ- လူ, နတ်, ဗြဟ္မာ– တိရစ္ဆာန် ငရဲသား, စသည်ဖြင့်- ဖွဲ့စည်းဖြစ်ပေါ်ခံရသမျှ အားလုံးတို့သည်လည်း- အာပေါရုပ်ဓါတ်- ပရမတ်ချည်းသာ ဖြစ်ရွယ်ရာရှိခြင်း ကြောင့်- ဖွဲ့စည်းတာ, ယိုစီးတာ= ဖွဲ့စည်းခြင်း- ယိုစီးခြင်း ဖြစ်နေတာတို့သည်၊ အာပေါရုပ်ဓါတ်- ပရမတ်မဟုတ်ခြင်း, အမှန်ဖြစ်ပါသည်။

တနည်း၊ ဥပမာအားဖြင့်- စစ်ထုတ်၍ပြရသော်၊ မြေအုဋ်ခဲပ်ပြားများ လုပ်ရန်-ရွှံစေး,မြေစေးများကိုတူး၍- ရေနှင့်သန့်စင်စေရန်-ယိုစီးခါနီးမျှ ပျော့ပျောင်းသွားအောင်ပြုပြီး၊ ဇကာနှင့်တိုက်စစ်၍- ၎င်းကိုထုနှက်တေနယ်ပြီးလျှင်၊ အုဋ်ချပ်ပုံသဏ္ဍာန်ကလေးများ ပြုလုပ်ရလေသည်။ ရေကြောင့်- ဖွဲ့စည်းသည်၊ ယိုစီးသည်ဟု အယူအမြင်ရှိနေဆဲဖြင့်ပင် ပြုလုပ်ကြသည်၊ ၎င်းနောက်–အုဋ်ချပ်

ပုံသဏ္ဌာန်ရှိသော ရွှံ့တုံးကို တနေလောက်လှမ်းပြီးလျှင်၊ အင့်ဖိုထဲကို ထည့်သွင်း ခါမီးဖုတ်လိုက်ပါသည်၊ ၁၂-နာရီမျှ ကြာသောအခါ အင်္ဂျကျက်၍ အအေး ခံထားပြီးမှ ထဲဖိုထဲက ဆွဲသယ်ထုတ်လိုက်ရာ၊ မြေစေးဘဝမှ- ရွှံ့တုံး၊ ရွှံ့တုံး အင့်သဏ္ဌာန်မှ= အင့်ချပ်အဖြစ်သို့- နီညိုရောင်သန်းပြီး ရောက်ရှိ ဖြစ်ရှိသွားခဲ့ သည်။ ၎င်းအင့်ချပ်ထဲတွင်- ရေရှိပါသလား= ညှစ်ထုတ်ကြည့်ရင် ရေထွက် ယိုစီး ပါအုံးမလားမေးက၊ ရေမရှိပါ- ရေမပါတော့ပါလို့ဘဲ ဖြေရမည်၊ ဒါဖြင့်-အင့် ချပ်ခဲဖြစ်နေတဲ့ အထဲမှာ— ရေမရှိ, ရေမပါရင်၊ ရေဟာအာပေါ- အာပေါဟာ ရေဖြစ်လို့- ရေကြောင့် ဖွဲ့စည်းတာ, ဖွဲ့စည်းခြင်းဖြစ်တာပါလို့ဆိုရင်- မှန်ပါ အုံးမလား၊ သေသေချာချာ စဉ်းစား= မမှန်တော့ဘူး၊ဘာဖြစ်လို့လဲ၊ ရေဆိုတာ မရှိလို့- မရှိတဲ့ပညတ်သာဖြစ်လို့- အင့်ချပ်ထဲမှာ ရေမပါမရှိဘဲ ကုန်ပျောက်သွား ပါပြီ၊ ဒါပေမဲ့—မြေစေးအဖြစ်တုံးကလဲ ဖွဲ့စည်းတယ်၊ ရွှံ့တုံးအဖြစ်ကလဲ ဖွဲ့စည်း တယ်၊ အင့်ချပ်ပုံသဏ္ဌာန်ပြုလုပ်စဉ်၊ ထုနှက်လုပ်ဆောင်တုံးကလဲ ဖွဲ့စည်းတယ်၊ အင့်ချပ်အဖြစ်ရောက်တော့လဲ ဖွဲ့စည်းတယ်ဆိုတဲ့၊ သဘော,သဘာဝတ္ထအနက် ဂုဏ်သတ္တိကတော့- မပျက်မယွင်း, မဖေါက်မပြန်,ဆောင်နှင်းလျက်ဘဲလို့ ဉာဏ်နဲ့ ပိုင်းခြားကြည့်ရင် မသိဘူးလား၊ အဲဒီလို=အဲဒီလို ဉာဏ်နဲ့မှ ပိုင်းခြား, ထိုးထွင်း သိရတဲ့- သဘာဝတ္ထအနက်- သဘောမျှသက်သက်, ဂုဏ်သတ္တိစက်သည်သာ- "အာပေါရုပ်ဓါတ်- ပရမတ္ထတရား"အစစ်ဖြစ်တယ်၊ သက်ရှိ- စတုသမုဋ္ဌာနိက စတုဇရုပ်နှင့် ဥတုသမုဋ္ဌာနိက, ဧကဇရုပ်တရားများ ဖြစ်ပွားရာဖြစ်တဲ့ လောက သုံးပါး၌- အကျုံးဝင်သော- (၁) အဖတ်ကလာပ်= အဖတ်ကလာပ် ဝင်= အမှုန်ကလာပ်၊ (၂) အရေကလာပ်၊ (၃) အငွေ့ကလာပ်၊ (၄) အရှိန် ကလာပ်ဆိုတဲ့- ပရမာဏုမြူကလေးတလုံး တိုင်အောင်၊ (ဝါ) သုဒ္ဓဋ္ဌကလာပ် တစီးမျှတိုင်အောင်= "ဖွဲ့စည်းမှု, ယိုစီးမှု= ဖွဲ့စည်းခြင်း,ယိုစီးခြင်း=ဖွဲ့စည်းတာ, ယိုစည်းတာ, ဆိုတဲ့၊ အာကာရ= အချင်းအရာ၊ ဝိကာရ= အမူအရာကို၊ မပျက် မယွင်း= မိမိ၏ သဘာဝလက္ခဏာ,အရ= ဆောင်နှင်းထွန်းပြခြင်း ထင်ရှား တိုင်း-ထင်ရှားတိုင်း-ဖွဲ့စည်းတာ,ယိုစီးတာ,ပရမတ်မဟုတ်၊ ပရမတ်ကိုသိကြောင်း မှတ်သားအပ်သည့်၊ (ဝါ) မှတ်သိဘို့ရာ လက္ခဏာ အမှတ်အသား ဖြစ်လာတဲ့ အကျိုးရုပ်တရားတို့ ထင်းရှားစွာ- ခဏတ္တယအားဖြင့် ပေါ်ဖြစ်လာမှုသာဟု ပိုင်းခြား၍ ဉာဏ်နဲ့သိပြီး။ အဲဒီ-လက္ခဏာရဲ့- ဟိုမှာဘက်ဟု ဆိုအပ်သော၊(ဝါ) အသီးအခြားဖြစ်သော- လက္ခဏာဝန္တ- သဘောမမှုသက်သက်—အကြောင်း ရှိစွမ်းရည်- ကေန္တဒုက္ခ သစ္စာ၌ တည်အောင်- ဇနကသတ္တိဖြင့်၊ (ဝါ) ဖြစ်စေ တတ်သော ဇနကပစ္စယသတ္တိဖြင့် ကျေးဇူးပြုသော "အနန္တရ-သမနန္တ- အနန္တ

ရူပနိဿယ= ပကတူပနိဿယ- အာသေဝန- ကမ္မ- နတ္ထိ- ဝိဂတ”ပစ္စည်းတရားရှစ်ပါးတို့၏ ဖြစ်စေအပ်သော ဇနကပစ္စယသတ္တိနှင့် ပဋ္ဌာဇာတ- ပစ္စည်း၏ထောက်ပံ့သည်၏အဖြစ်-ဥပထမ္ဘကသတ္တိဖြင့်ကျေးဇူးပြုဟတ်သော-အကြောင်းရှိဌမ်းရည် ဂုဏ်သတ္တိအဆီ၊ သဘောဓမ္မအလီလီတို့သည်သာ= လက္ခဏာဝန္တ-ပရမတ္ထတရား ဧကန္တဟု- မြတ်သောဉာဏ်နှင့်၊ (ဝါ) မြတ်သော ဉာဏ်မြင်ဖြစ်အောင် ကျက်စားကြည့်ပါ၊ မနသီကရောန္တသာ- ဗဟုလီကတဿ- ဖြစ်အောင်-နေပက္ကမ, သတိသမ္ပဇညတရားဖြင့် ကျက်စား,ရှုတင်,ဆင်ခြင်,ပွားများကြည့်ပါ၊ အဲဒီလိုမြတ်သော ဉာဏ်ဖြစ်အောင်, ကျက်စားမိတိုင်း, ကျက်စားမိတိုင်း=ပုဂ္ဂိုလ်သတ္တဝါ, အသက်လိပ်ပျာနှင့် အတုံး—အလုံး—အခဲ—အထည်—ဋ္ဌဗ်- သဏ္ဍာန်ဟပ်၍- သရုပ်သကောင် အနေအားဖြင့်ရင်း= မာတာ, ပျော့တာ, ဖွဲ့စည်းတာ, ယိုစီးတာ, အနေအားဖြင့်ရင်း၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် စွဲစရာ, အနေမဟုတ် မဖြစ်မရှိသော-“သုဒ္ဓသင်္ခါရပုဉ္ဇောဧဝ”= တစုံတရာ- ပုဂ္ဂိုလ်, သတ္တဝါ၊ အသက်လိပ်ပျာ, ချမ်းသာမဖက်, သက်သက်သော- ရုပ်နာမ်ဓမ္မ- သင်္ခါရမျှအချက်ကို ပစ္စယသာမဂ္ဂီ-အကြောင်းတွေ စုံညီလာရင်၊ သင်္ခတဆိုတဲ့ အမည်နဲ့လိုက်လျောအောင်ပရမဿ= မြတ်သောဉာဏ်၏ အဖြစ်နဲ့မှ ကျက်စားလို့ရတဲ့=အတ္ထအနက်,သဘောသဘာဝတ္ထ,ပစ္စယသတ္တိစံနက်သည်သာ-အာပေါရုပ်ဓါတ်- ပရမတ်ဆတ်ဆတ်ပါတကားဟု- မြတ်သောဉာဏ်,ဖြစ်ပေါ်လာအောင် ထိုးထွင်းကျက်စား အသိဉာဏ်မဂ်ဝိဇ္ဇာ ရှိသူအား၊ အာပေါရုပ်ဓါတ်ကို ရေလို့- လုပ်ဇာတ်ခင်း၍ စွဲယူခြင်းမှကင်းရုံမျှမက၊ မိမိရုပ်ခန္ဓာ၌- ဖွဲ့ခါယိုစီး- အချည်းနှီးသောအားဖြင့် အကြောင်းစုံညီ သာမဂ္ဂီ, ခဏတ္တယ= ဖြစ်, တည်, ပျက်,ရ- အကျိုးသင်္ခါရစု- ဝယဓမ္မာအမှု၌၊ သင်္ခတ, ပရမတ္ထသဘောမျှဟု သုညတ အနတ္တ- ဆိုက်အောင် မြတ်သောဉာဏ်ဖြင့် ရှာဖွေ၍ ကျက်စားတိုင်း- အာပေါရုပ်ဓါတ်တွင် ငါသဘောမလုပ်အပ်ပုံကို- ကုန်စင်အောင်- အသိဉာဏ်မဂ်ဝိဇ္ဇာဖြင့်; ပေါက်ထွင်း- မြင်နိုင်ရာပါတော့သည်။

ဤကဲ့သို့....မိမိရရ, တိတိကျကျ၊ (ကြမ်းကြမ်းလေး, နားထဲစွဲအောင်ပြောရရင်) တစ်တစ်ခွခွ၊ ဓါတ်ရဲ- အနှစ်ဖြစ်တဲ့- ပရမတ္ထကို၊ နောက်ထပ်ညှစ်ထုတ်ချ၍ မရအောင်- ရှင်းပြခဲ့သည်ကိုမှ မိမိတို့ အစွဲတွေကို ခွါရှဲမပြစ်နိုင်ရင်တော့၊ ငါဘုရားရှင်ပင်, လက်မှိုင်ချရပါတယ်ဆိုတဲ့ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားသခင် ဟောတော်မူခဲ့တဲ့ အထဲကို-.ပါဝင်သွားရုံဘဲ ဖြစ်ပါတော့မည်။ ဟောတော်မူခဲ့ပုံမှာ....

"အမတံ ဘိက္ခဝေ ဗာလံ ပုထုဇနံ၊
အစက္ခုကံ အဇာနန္တံ ကိံ တိ ကရောမိ"

ဘိ ဝေ- ချစ်သား, ချစ်သမီးတို့။ ပုနပ္ပုနံ- အဖန်တလဲလဲ။ ဇာနိတုံ- ပိုင်းခြားကုန်ဝင်, သိမြင်စေခြင်းငှါ။ အဟံ-သင်တို့ဆရာ,ငါဘုရားမြတ်စွာသည်။ ဒေသိယမာနော-ဉာဏ်ဖြစ်ခါ ထင်သာအောင်- မြင်သာအောင်-ပြငြားပါလျက်။ ပုထုဇနံ- ပုထုဇဉ်ဖြစ်သော။ အန္ဓံ- အဝိဇ္ဇာသည်, ပိတ်ကာဆို့၍၊ မမြင်လုံးလုံး, အကန်းဆုံးဖြစ်သော။ အစက္ခုကံ- ယထာဘူတံ, ဟုတ်တိုင်းမှန်ကို- ကေန်မြင်သိ သမ္မာဒိဋ္ဌိဆိုသည့် ပညာမျက်စိမရှိသော။ တံဗာလံ- ထိုတရားမှန်ကို မလိုက်၊ ငါ့, ဘုရားစကားကို မကြိုက်သော- သူမိုက်ကို။ ကိံ ကရောမိ- အဘယ်သို့တရားမှန်ရ အောင် ငါဘုရားကြံဆောင် ပြုနိုင်ပါအံ့နည်း။ နကရောမိ- ငါဘုရားသော်မှ မတတ်နိုင်၍- လက်မှိုင်ချကာ နေရပေတော့၏။

"မမေတ မဟာမတ္တာတိ၊ ပပဥ္စာနံ ဝသာနုယောဂါ၊
ဂဏှန္တော ဘဝပင်္ဂမ္ဟိ၊ နိမ္မုဇ္ဇေါဝ ဘယာနကော။"

တေံ- ဤဝတ္တုကား။ မမ- ငါဥစ္စာတည်း။ အဟံ- ငါတယောက် ထည်းပေတည်း၊ (ဝါ)ငါသာလျှင် အမြတ်ဆုံး, အတတ်ဆုံးပေတည်း။ အတ္တာ- ငါ့ကိုယ်, ငါထင်, ငါမြင်, ငါ့ဉာဏ်ပင်တည်း။ ဣတိ- ဤသို့။ ပပဥ္စာနံ-တဏှာ မာန, ဒိဋ္ဌိတို့၏။ ဝသာနုယောဂါ- သူတို့အလို- အယူထိုထိုသို့ လိုက်လျက်။ ဂဏှန္တော- ယူသောသူသည်၊ (ဝါ)အမှန်သိငြား- အမှားမစွန့်နိုင်အားသော သူသည်။ ဘယာနကော- ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းလှသော။ ဘဝပင်္ဂမ္ဟိ- ဘုံသုံးပါးဟူသော- ညွှံတွင်း၌။ နိမ္မုဇ္ဇော- စုံးစုံးလုံးလုံး နစ်မြုပ်ရတော့ သည်သာလျှင်တည်း။ ။

ဤကဲ့သို့- ဘုရားရှင်ဟောပြ- ပရမတ္ထဉာဏ်ရဘို့ကွင်- ဆုံးခန်းတိုင်စွာ သိ အပ်စရာကို- ဉာဏစက္ခု-မြင်အောင်ရှု၍၊ အမှုထိုထို- ဥဒဟိုအမှား ရှိလေငြားက, ပယ်ရှားသုခ်သင် ကုန်စင်အောင်ပြုနိုင်အားပါမှ၊ဘုရားလက်မှိုင်ချခံရတဲ့အထဲက- လွတ်မည်ကိုလည်း သတိညွှတ်ကြရာပါသည်။

အထက်က- ပြဆိုအပ်ဘိသကဲ့သို့- အာပေါရုပ်ဓါတ်, ပရမတ်သဘောကို စောကြော၍ဆင်ခြင်, မမြင်နိုင်သော- သုံးစွဲမှုအနေဖြင့် အားလည်း၊ ကေစိဆရာတို့က= ကပ်တာအာပေါရုပ်- ကပ်တဲ့သဘော, အာပေါဓါတ်ဟု- ဆိုစမှတ်ပြုကြပြန်သည်၊ ထိုသို့- အခေါ်အဝေါ် အယူချော်နေရပုံမှာလည်း၊ ကပ်တတ်သမျှကော်,တမာစေး, ရာဘာစေး- ပိန္နဲစေး, ချိပ်ရည် စသည်ဖြင့် ဖေါ်စပ်ကော်မှန်သမျှ- အာပေါရုပ်ဓါတ်ချည်းသာ ဖြစ်ဘွယ်ရာရှိပြီး၊ ကပ်တာကို မြင်တိုင်း, ကပ်တာကိုတွေ့ထိတိုင်း- အာပေါရုပ်ဓါတ် လုပ်နေပါက၊ မုချ မှားယွင်းလှပါတော့သည်၊ ဤ- အာပေါရုပ်ဓါတ်သည်၊ "အာပေါဓါတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖေါဋ္ဌဗ္ဗံ"ဟုမိန့်ဆိုအပ်သည်နှင့်အညီ။ အာပေါရုပ်ဓါတ်ကြဉ်အပ်သော ဘူတရုပ်သုံးပါး- ပထဝီ, တေဇော, ဝါယောရုပ်ဓါတ် သင်္ခတ- သင်္ခါရတရားတို့သည်သာ တွေ့ထိအပ်, တွေ့ထိကောင်းသော- ဖေါဋ္ဌဗ္ဗရုပ် မည်ခြင်းကြောင့်၊ ကပ်တာကို မြင်တိုင်း, တွေ့ထိတိုင်း အာပေါရုပ်ဓါတ်ဟု သိမှတ်ယူနေခြင်းသည် အာပေါရုပ်ဓါတ်မှာ- အနိဒဿန- မမြင်ကောင်း- အ,ဖေါဋ္ဌဗ္ဗ= မတွေ့ထိကောင်းဘဲလျက်၊ ကပ်တာမြင်ပြီးသိတာ- အာပေါရုပ်ဓါတ်၊ ကပ်တာတွေ့ထိပြီးသိတာ- အာပေါရုပ်ဓါတ်ဟု- လုပ်ဇာတ်ခင်းနေကြပါက၊ အရင်းကနေပြီးမှားပါသဖြင့် မြတ်သောဉာဏ်နှင့်- ဖေါက်ထွင်းခါ- ပရမတ္ထဉာဏ်အလင်းသို့, ရောက်နိုင်ခြင်း၊ မဖြစ်နိုင်တော့ပါ။

ဤသို့....ကပ်တာကို မြင်တာနှင့်- ကော်ကပ်တာကို တွေ့ထိတာနှင့် အာပေါရုပ်ဓါတ်ဟု- ယူမှတ်သိအောင် ဖြစ်ရခြင်းသည်၊ ပရမတ္ထဉာဏ်အရာကို မုချပိတ်ဆို့မှုကြီးသာ ဖြစ်ပါသည်။ ထိုသို့- မဟာဘုတ်ရုပ်တရားတို့က လှည့်ပတ်တတ်ပုံကို၊ အဘိဓမ္မာဝတာရအဋ္ဌကထာ၌....

မဟန္တာ- ကြီးကုန်သည်။ ဟုတွာ- ဖြစ်၍။ ပါတုဘူတာ- ထင်ရှားကုန်သည်တည်း။ ဣတိတသ္မာ- ထို့ကြောင့်။ မဟာဘူတာ- မဟာဘုတ်မည်ကုန်၏။ ။(၀၁) တနည်းကား။ မဟာဘူတသမာ- များစွာသော အံ့ဘွယ်အထူး, များစွာသော-မဟုတ်မမှန်ခြင်းရှိကုန်သော-မျက်လှည့်သည်နှင့်တူသည်၏ အဖြစ်၊ ဇာတ်အားဖြင့်သာလျှင်- ပြီးသည်ဖြစ်ကုန်သော၊ ဘီလူးအစရှိကုန်သော၊ သူတို့နှင့်တူသည်၏ အဖြစ်ကြောင့်၊ မဟာဘူတာ- မဟာဘုတ်မည်ကုန်၏။ ။(၀၁) တနည်းကား။ အဘူတေန, ဝဉ္စကတ္တာ- မဟုတ်မမှန်သောအားဖြင့်- လှည့်ပတ်တတ်သည်၏ အဖြစ်ကြောင့်။ (၀၁) မဟုတ်မမှန်သော- အဆင်းသဏ္ဌာန်အစရှိသည်အားဖြင့်- သတ္တဝါကို လှည့်ပတ်တတ်သော ဘီလူး,အစရှိသည်တို့ကဲ့သို့၊ မိန်းမ, ယောကျ်ား, အစရှိသည်တို့၌၊ မဟုတ်မမှန်သော- အဆင်းသဏ္ဌာန်အစရှိ

သည်ဖြင့် လူမိုက်တို့ကို လှည့်ပတ်တတ်သည်၏ အဖြစ်ကြောင့်၊ မဟာဘူတာ-မဟာဘုတ်မည်ကုန်၏။

ဤ-ပထဝီ, အာပေါ်အစရှိသော-ရုပ်ဓါတ်ကြီးလေးပါးတို့သည်၊ ကြီးကျယ်သည်ဖြစ်၍ ထင်ရှားသောကြောင့်၎င်း၊ မျက်လှည့်သမားနှင့် တူသောကြောင့်၎င်း သတ္တဝါတို့ကို လှည့်ဖျားတတ်သော ဘီလူးနှင့်တူသောကြောင့်၎င်း၊ မဟုတ်မမှန်-သဏ္ဌာန်အားဖြင့်-ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမပါဟု လှည့်ပတ်တတ်သောကြောင့်၎င်း၊ မဟာဘုတ်-ဟူ၍ သမုတ်အပ်ကုန်၏။

အဲဒီလို— အကျိုးရုပ်ဓါတ်တရားတွေ-သန္တတိနိမိတ်အားဖြင့်၊ သဏ္ဌာန်ချိ်မိလာပြီဆိုပါလျှင်၊ မဟာဘုတ်လေးပါးတို့သည်၊ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, တိရစ္ဆာန်ကောင်ဟု-ထင်ရှားမရှိငြားသော်လည်း၊ သမုတိသစ္စာအားဖြင့်၊ (ဝါ) သင်္ကေတအားဖြင့် အာရုံခေါ်မှတ်-ပုဂ္ဂလပညတ်ပေါ်ထွက်လတ်အောင်-လှည့်ပတ်ထားတတ်ပုံအတွင်း၌၊ ဓါတ်တပါးချင်း ပထဝီရုပ်ဓါတ်အားကြီးသည်ကိုပင်၊ မြေကြီးလို-ထင်စွဲအောင်-မာတာ,ပျော့တာလို ထင်စွဲယူအောင်၊ အာပေါ်ရုပ်ဓါတ်ဆိုလျှင်လည်း၊ ရေလို့ထင်အောင်, ဖွဲ့စည်းတာ, ယိုစီးတာလို့ ထင်စွဲအောင်၊ (ဝါ)ကပ်တာလို့လဲ ထင်အောင်-ကော်လို့လဲ ထင်အောင်ပေါ့လေ၊ ပရမတ္ထဉာဏ်မြင်-မဝင်နိုင်အောင်၊ (ဝါ) ဘီလူးတို့ လှည့်စား—ယောကျ်ား, မိန်းမများကို ဘီလူးလို့-မမြင်မသိအောင်၊ ပုထုဇဉ်, ဉာဏ်ပေမေးတို့အား-ဖုံးကွယ်၍ ပေးထားတတ်တော့ပါသည်။

ထိုသို့— လောကသုံးပါးတွင်-အရှိပရမတ်နှင့် မရှိပညတ်အပြင်၊ အခြားတပါးသော တရားဟူ၍-တစုံတခု-ခေါ်ဝေါ်မှုသို့-မရောက်သည်သာဖြစ်ရာတွင်၊ ပညတ်ပယ်နုတ်-ပရမတ္ထသရုပ်ကို ဉာဏ်ဖြင့် ဖေါ်ထုတ်ရာ၌၊ ပရမတ္ထတရား၏-အကြောင်းအားဖြင့်-ဖြစ်ပေါ်ထင်ရှားလာသော တရားတို့ကို ဝိဇ္ဇမာန အခေါ်အဝေါ်တွေမှုလှဲ၍၊ ပိုမိုလွန်ကဲခါ-အဝိဇ္ဇမာန-ပညတ်တွေနှင့် သုံးစွဲပါက၊ ပရမတ္ထဝိဂ္ဂဟကို ထိုးထွင်း၍၊ သိနိုင်စရာအကြောင်း မရှိကောင်းပါသဖြင့်၊ အမည် ဆန်းတဲ့အောင်-ကပ်တာ အာပေါ်စသည်ဖြင့် ခေါ်ဝေါ်ခြင်းငှါပင် မသင့်လျော်ပါပေ။ ။

ဤ= အာပေါ်ရုပ်ဓါတ်သည်-ဖေါ်ဋ္ဌဗ္ဗဓါတ်မှ-ကြဉ်အပ်ပြီး၊ တွေ့ထိ၍-မရကောင်းသော သုခုမချုပ်, ဓမ္မာရုံတရားသာလျှင် ဖြစ်ပါသည်၊ ကပ်တာကို အာပေါ်ရုပ်ဓါတ်ပေါ့လို့-လုပ်နေရင် ကိုင်တွယ်တွေ့ထိလို့ ရကောင်းနေမည် ဖြစ်ပါ၍။ အာပေါ်ရုပ်ဓါတ်, ပရမတ်ကို-ဉာဏ်နှင့်မြင်သိစရာ ရောက်တော့မည်မဟုတ်ပေ၊ သမုတိသစ္စာ-ရေလို့ခေါ်ရတာ-အဝိဇ္ဇမာနပညတ်အနေ-မှန်ရုံသာ

ရှိသလို၊ ကော်မှိုကပ်သည့်- အဝိဇ္ဇမာနပညတ် အနွယ်- ကော်ဟာလဲ မရှိပညတ်၊ ကပ်တာဟာလဲ- မရှိပညတ်၊ အဲဒီလို- ဥပါဒါပညတ်နဲ့ စွဲမှီခေါ်ရတဲ့ မရှိပညတ်ထဲမှ— ရှိပရမတ်တရားကို ထုတ်နုတ်သိရန်မှာ၊ ဝိဇ္ဇမာန- ပညတ်ဆိုရောက်ရန်-တဆင့်ခံနေပါဖြင့်- ခဲယဉ်းလှပါသည်၊ သူ့သဘော, သဘာဝ လက္ခဏာအမှန်-ဝိဇ္ဇမာန ပညတ်အားဖြင့်- အာပေါရုပ်ဓါတ်၏ မိမိသဘော, မိမိဆောင်နှင်းရာတွင်၊ အာဗန္ဓနလက္ခဏာ- ဖွဲ့စည်းမှု၊ ပဂ္ဃရဏလက္ခဏာ- ယိုစီးမှုဟု၊ ထင်ရှားရှိကို- လက်ခံတဗ္ဗပြုရမည့်= မှတ်ကြောင်းလက္ခဏာ- အာကာရပစ္စုပဋ္ဌာန်အတွင်းမှာသာ၊ ဖွဲ့စည်း, ယိုဆင်း, အချင်းအရာကို-မပျက်မယွင်း ဆောင်နှင်းတတ်သော (ဝါ)ဆောင်ထားအပ်သော- သဘော, သဘာဝတရားသည်သာ- အာပေါရုပ်ဓါတ်အစစ်ဖြစ်သည်ဟု- အထက်က, ပဋ္ဌာန်းပစ္စည်း- ပစ္စယသတ္တိတို့နှင့်တကွ-ရှင်းလင်းပြခဲ့သည်ကို- ထပ်မံပိုင်းခြား ထိုးထွင်းသိအပ်ရာပါသည်။

ရေကို့ ကိုင်တွယ်တွေ့ထိတိုင်း- ကော်ကပ်တာကို တွေ့ထိမြင်တိုင်း၊ အာပေါရုပ်ဓါတ်ကို- ကိုင်တွယ်ထိတွေ့- မြင်မှုဓလေ့အားဖြင့်- မှတ်သိလို့ရသည်ဆိုပါက၊ အဘယ်မှာလျှင်- အတုံး, အလုံး, အခဲ၊ အထည်ဒြပ်, သဏ္ဌာန်မှ= စင်ကြယ်- ကင်းလွတ်နိုင်ပါတော့အံ့နည်း၊ မထိတွေ့ကောင်းသော- ရုပ်ဓါတ်သာဖြစ်ရာ၊ ရေကို ထိတွေ့သည်ဟု ဆိုသည်မှာ၊ထိတွေ့မိခြင်းသည်- အရေကလာပ်တို့၌ ပထဝီရုပ်ဓါတ်ကိုသာ ရှေ့ဦးစွာ တွေ့ထိမိခြင်းဖြစ်ပါသည်။ထိုမှတဖန် .. ရေအေးကို ထိတွေ့ရာ၌လည်း၊ ပထဝီရုပ်ဓါတ်ကို တွေ့ထိပြီးမှ- သီတတေဇော ထင်ရှားမှုကြောင့် ေသည်ဟု သိရခြင်းဖြစ်ပေါ်ပါသည်၊ ထိုနည်းတူစွာ- ရေနွေးကို တွေ့ထိရာ၌လည်း၊ ပထဝီရုပ်ဓါတ်ကို တွေ့ထိပြီးမှ ပူမှုထင်ရှားခြင်းကြောင့် ဥဏှတေဇောကို သိရခြင်းဖြစ်ပါသည်။ ဘာကြောင့်ဆိုသော်- မဟာဘုတ်ဓါတ်ကြီးလေးပါးတို့တွင် ပထဝီရုပ်ဓါတ်သည်၊ ကြွင်းရုပ်ဓါတ်တို့၏ တည်ရာ၏အဖြစ်ကိုစွရသရှိခြင်းကြောင့်- ဖေါဋ္ဌဗ္ဗရုပ်အနေဖြင့်လည်း တွေ့ထိခံရရာ၌ ဦးဆောင်ရုပ်ပင်ဖြစ်ခြင်းကြောင့်ဖြစ်ပါသည်။ ဤကား-အာပေါဓါတ် လွန်ကဲသော (ဝါ)အားကြီးသော အရေကလာပ်၌- တွေ့ထိမှုဖြစ်ရခြင်းသဘော ဖြစ်ပါသည်၊ ဤအခိုက်, ထောက်ကန်မှု ဝါယောဓါတ်သည်လည်း- တပေါင်းတည်း ပါဝင်တွေ့ထိသည်ဟုသိရပါမည်၊ ဝါယောဓါတ်- လွန်ကဲသော- အရှိန်ကလာပ်နှင့် တွေ့ထိရာ၌လည်း ဤသို့- သိအပ်ပါသည်၊ (ဥပမာ)- သမုတိအားဖြင့် ယပ်ခပ်သည်- မျက်နှာကို အရှိန်ကလာပ်တို့- တိုးဝှေ့ထိတွေ့လာရာ၌- ရှေးဦးစွာ- ထိခြင်းကိုသိသည်-ပထဝီသဘောနှင့်တကွနက်အားဖြင့်- တွန်းကန်လှုပ်ရှားလာမှု ဝါယောဓါတ်နှင့်တကွ ထိသိဖြစ်ရသည်=နောက်မှ (ဝါ) အထိကြာမှ- မူ-အေးကို- သိရသည်၊ ဒီအခါ

ကျမှ- ဝေါဟာရအနေအားဖြင့်- လေကလေးက အေးလိုက်တာ- လေပူကြီးက တိုက်လိုက်တာဟု- ပဋ္ဌမ တွေ့ထိ- ပထဝီ ဝါယောဦးဆောင်ရုပ် အရှိန်ကလာပ် နှင့် ထိသိမှုဖြစ်ပြီးမှသာ- ပူ, အေး, နှစ်ဖြာထင်ရှားလာတာကို- အနည်းဆုံးစိတ် ဝီထိခေါ်- ခဏငယ် ၅၁-ချက်ပေါင်း (၄)ကြိမ်လောက်ဖြစ်ပြီးမှသာ ခွဲခြားသိ ရခြင်းဖြစ်သည်၊ အာပေါဓါတ်- လွှန်ကဲသော- အရေကလာပ်နှင့် တွေ့ထိစဉ်က လည်း၊ ထိုနည်းတူစွာ ပထဝီရုပ်ဓါတ်ကိုသာ ထိသိ,ကာယဒွါရဝီထိခေါ် ကာယ ဝိညာဏ်စိတ်ဖြင့်- ရှေ့ဦးစွာသိပြီးမှ- ပူ, အေး, သဘောကိုသိခြင်း, ထောက်ကန် သဘောကို သိရခြင်းဖြစ်ပါသည်။ ဖွဲ့စည်းမှု- အာပေါရုပ်ဓါတ်ကိုမူ၊ ထို- အာ ပေါဓါတ်လွှန်ကဲသော- အရေကလာပ်၌ဖြစ်စေ၊ ပထဝီဓါတ်လွှန်ကဲသော,အဖတ် ကလာပ်, အမှုန်ကလာပ်၌ ဖြစ်စေ၊ တေဇောဓါတ်-လွှန်ကဲသော- အငွေ့ကလာပ် ၌ဖြစ်စေ၊ တေဇောဓါတ်လွှန်ကဲသော- အေးငွေ့, ပူငွေ့, အရှိန်ကလာပ်၌ ဖြစ်စေ၊ တွေ့ထိ၍ မရကောင်းခြင်းကြောင့်- ဘယ်ပုံအခင်းနှင့် ဖေါဋ္ဌဗ္ဗဂုဏ်မြောက်သည့် အထဲတွင်- တွေ့ထိပါဝင်လာပါသည်ဟု အချင်းအရာ အာကာရပစ္စုပဋ္ဌာန်အား ဖြင့် သရုပ်အနေ- ထုတ်ဖော်ပြသနိုင်ခြင်းမရှိပါပေ။ သို့သော်- ရုပ်ဓါတ်ရှစ်ပါး, အဝိနိဗ္ဘောဂရုပ်များမှာ- မကင်းမကွာပါလေရာတွင်၊ အထက်ပါ- ပထဝီ,တေ ဇော, ဝါယော, ရုပ်ဓါတ်တို့သည်သာ- တွေ့ထိမှု, အချင်းအရာ သရုပ်နှင့်တကွ ထင်ရှားစွာ တွေ့ထိကောင်းပြီး၊ ဝဏ္ဏ- အဆင်းရုပ်သည်- မြင်ကောင်းသည်။ ဂန္ဓ-အနံ့ရုပ်သည်- နံ့ကောင်းသည်။ ရသ-ရသာရုံသည်၊ ရသဓါတ်ပေါ်ကောင်း သည်။ ဩဇာ- ဩဇာဋ္ဌမကရုပ်သည်- ဗဟိဒ္ဓ, အဇ္ဈတ္တအားဖြင့် ပေါင်းဆုံ၍၊ အာဟာရသမုဋ္ဌာန်ရုပ်ကို ဆောင်စေသည်တို့မှာ၊ မိမိတို့ဆိုင်ရာ ပရမတ္ထသဘော အရ၊ သဘာဝကျကျ- အချက်များကို- မှတ်ကြောင်းပြုရဘို့ ဆိုင်ရာ၊ စက္ခု- သောတ-ဃာန-ဇိဝှါ- ကာယ-ဒွါရတို့နှင့်- ပေါင်းဆုံလျက် မိမိလက္ခဏာကို မပျက်မကွက်ဘဲ- ဆောင်နှင်းရက်ရှိသလို၊ အာပေါရုပ်ဓါတ်သည် ထိုရုပ်(၇)ပါး တို့နှင့်တကွ၊ ဖွဲ့စည်းမှု, ယိုစီးမှုအနေ— မိမိသဘာဝကို မိမိ,ဆောင်နှင်းလျက်, ထင်လင်းစွာ ပါရှိနေပါသည်ကား- မှန်ပါသည်၊ တွေ့ထိ-မြင်-ကြား-နံ-စား, ရသာ— ဩဇာဋ္ဌမကာအားဖြင့်တော့ အာရုံမယူငြားနိုင်ပေ။ သီးခြားသရုပ်= မိမိဂုဏ်ပုဒ်ကို, မိမိဆောင်သည့်- အာဗန္ဓနလက္ခဏာ, ပဂ္ဃရဏလက္ခဏာကိုမူ၊ ပစ္စယ သာမဂ္ဂီ-အကြောင်းစုံညီမှုအရ၊ဆောင်နှင်းထွန်းပြခြင်းသည်-အဋ္ဌကလာပတို့တွင် မပြတ်အစဉ် ပါဝင်လျက်ရှိပါသည်၊ ၎င်းကို, အထက်ကဲ့သို့၊ ဆိုင်ရာဓါတ်ထဲ ခွဲခြား၍ သိရနိုင်မည်ကတော့- သုခုမရုပ်ဖြစ်ခြင်းကြောင့်၊ မနေဒွါရာဝဇ္ဇန်း, မနောဝိညာဏ်စိတ်နှင့်မှသာ- ဆင်ခြင်စဉ်းစား တွေးကြံသောအားဖြင့်သာ- သိရှိ

နိုင်ရသောတရားဖြစ်ပါသည်။ ရေကို- ကိုင်၍ တွေ့ထိမိခြင်း၊ကိတ်မုန့်, ပေါင်မုန့် အငွေ့ခဲစသည်တို့ကို- တွေ့ထိမိခြင်းသည်၊ ပထဝီ-တေဇော-ဝါယော, ဓါတ်သုံးပါးကိုသာ တွေ့ထိမိခြင်း ဖြစ်ပြီး၊ အာရုံထင်ရှားရာ (ဝါ)နှလုံးသွင်းရာ ပူ-အေး နှစ်ဖြာသို့ ရောက်စေပါသည်၊ ဖွဲ့စည်းထားပုံကတော့, မှန်ကန်ပါ၏။ အဲဒီ—ဖွဲ့စည်းတဲ့- သဘာဝလက္ခဏာကိုတော့- တွေ့ထိမိရာ၌ ဖွဲ့စည်းမှုသဘောကို မည်သို့မည်ပုံ- မှတ်သား, ခံစား, သိ,လိုက်ရပါသည်ဟု- ယုတ္တိထုတ်ပြစရာ မရှိဖြစ်နေပါလိမ့်မည်။ ဖွဲ့စည်းထားခြင်းကိုလည်း သိတော့သိပါသည်။ ထိုသိမှုမှာ မတွေ့ထိခင်ကထဲကဘဲ, ပေါင်မုန့်- ကိတ်မုန့်တို့ကို မြင်ကထဲက- ဂျုံ ဆိုတဲ့ အမှုန်ကလာပ်တွေကို ဖွဲ့စည်းပေါင်းစပ်ထားတဲ့ မုန့်မျိုးဘဲလို့-အတိတ်ကသိမှတ် ဆုံးဖြတ်ခဲ့ပြီးတဲ့ မှတ်သိပြန်ပေါ်ခါ ဖွဲ့စည်းထားဒါကို သိခြင်းဖြစ်ပါသည်၊ ကိုင်တွယ်တွေ့ထိမှ သိရသော- အသိမဟုတ်ပါ၊ အကယ်၍-ကိုင်တွယ်တွေ့ထိခိုက်မှာသာ သိတာပါဆိုရင်- အထက်ကလို, မှတ်သားမိတဲ့ ခံစားချက်ကို- ယုတ္တိနဲ့တကွ ထုတ်ပြနိုင်လာရမည်သာဖြစ်ပါသည်၊ ထို့ကြောင့်- ထိုတွေ့ထိသိမှုမှာ- ထိတွေ့ပထဝီ, ပူအေး-တေဇော, ထောက်ကန်, ဝါယော, တွေ့ထိမှုကို အစဉ်လျှောက်၍၊ အတိတ်က, သိမှတ်ဆုံးဖြတ်ထားသော အသိနှင့်အညီ မနောဝိညာဏ်ဖြင့် ဆင်ခြင်လိုက်သော အခါကျမှ၊ ရူပကာယနဲ့ တွေ့ထိသိစိတ်မှ၊ (ဝါ)ကာယဒွါရဝီထိစိတ်က အကြိမ်များစွာဖြစ်ရှိအကြောင်းခံပြီးမှ၊ မနောဒွါရ-မနောဝိညာဏ်စိတ်နှင့် သိရခြင်းသာ ဖြစ်ပါသည်။ လျှင်မြန်လွန်းအားကြီး၍၊ ကိုင်တွယ်တွေ့ထိမိတာနဲ့ တပြိုင်နက်၊ ဖွဲ့စည်းထားတဲ့ ကိတ်မုန့်ဘဲ=ပေါင်မုန့်ဘဲ- အငွေ့ချပ်ဘဲဟုရင်း၊ ယိုစီးတတ်တဲ့-အရေကလာပ်ပါဘဲ- ဟူ၍ရင်း= သိလိုက်ရခြင်းကို- ကိုင်တွယ်တွေ့ထိနိုင်တယ်လို့ ထင်စွဲမိသွားခြင်းသာ ဖြစ်ပါသည်။ အမှန်ကတော့မူ.... တွေ့ထိပြီးမှ- သုံးခုမရုပ်, အာပေါဓါတ်သည် ဓမ္မာရုံဖြစ်သည့်အလျှောက် မနောဒွါရ-မနောဝိညာဏ် ဆက်ပြီးမှ- သိရခြင်းဖြစ်သည်ကို ဉာဏ်နှင့်ဆင်ခြင်ကြည့်ရှုက- ဧကန်, မှန်ကန်လှကြောင်း, ကိုယ်တွေ့- စိတ်တွေ့- ဉာဏ်တွေ့ ခံ၍သိသည့် ဉာဏ်မြင်အရှိ ပရမတ္ထသဘောကိုမိအောင် ဝါစုဂ္ဂတလုပ်၍ ကြည့်ပါလေ။

ဤသို့-မနောဝိညာဏ်ဖြင့်၊ ဉာဏ်မြင်မှုဖြစ်အောင်ရှုတိုင်း၊ အဖတ်ကလာပ် အရေကလာပ်တို့ကို တွေ့ထိတိုင်းမှုရင်း၊ ဝါးမျိုရာတိုင်းမှုရင်း၊ အမှုန်ကလာပ်တို့ကို တွေ့ထိရာတိုင်းမှုရင်း၊ အငွေ့ကလာပ်တို့ကို- နမ်းရှူတွေ့ထိရာတိုင်းမှုရင်း၊ အရှိန်ကလာပ်တို့- ထောက်ကန်တိုးဝှေ့တွေ့ထိရာတိုင်းမှုရင်း၊ ရထေရေမြူမှအစ-ပရမာအဏုမြူ၊ ထိုပရမာအဏုမြူတလုံးစဉ်လျက် ကလာပ်စီး, ကိုးဆယ့်ကိုးစီးတို့၌ ဖွဲ့စည်း, ယိုစီး, ဆောင်မှီးအစဉ်- အာပေါရုပ်ဓါတ်, ပရမတ်၏ သရုပ်အလျဉ်ကို

သိမြင်နိုင်ခြင်းသည်၊ သုခုမရုပ်, ဓမ္မာရုံပိုဝိ=ဓမ္မသဘောသာ ဖြစ်သည့်-ပုဂ္ဂိုလ်, သတ္တဝါ, အသက်ဇီဝ၊ နှင့် အတုံး, အလုံး, အခဲ-အထည်,ဒြပ်,သဏ္ဌာန် မဟုတ်ဘဲ၊ သုညတရုပ်တိုင်အောင် ခွဲခြားသုံသင် ပညတ်စင်စေလျက်- ဆင်ခြင်ကြည့်ရှု ဉာဏ်မြင်မှုကို၊ မနောဒွါရ-မနောဝိညာဏဓါတ်နှင့်မှသာ မြတ်သောဉာဏ်အဖြစ် ကျက်စား၍ ရကောင်းတာ အမှန်ပါတကားဟု ပိုင်းခြား ထိုးထွင်း သိမြင်နိုင်ရာပါတော့သည်။

ဤ-အာပေါရုပ်ဓါတ်၌၊ မယုတ်မလပ်, ဉာဏ်မြင်ဖြစ်အပ်နိုင်ပုံကို သိပြီးလျှင်၊ အနိစ္စ=အနိစ္စလက္ခဏာ=အနိစ္စာနုပဿနာစသော လက္ခဏာရေး သုံးပါး ဝင်ရပုံကိုမူ၊ ပထဝီရုပ်ဓါတ်၌ ပြအပ်ဘိသကဲ့သို့၊ အစဉ်မှီး၍၊ ဉာဏ်မြင်ပြီးအောင် ဆင်ခြင်သုံးသပ်, ပွားများတော်မူကြပါကုန်။ ။

## အာပေါရုပ်ဓါတ်၏—ဌာန်လေးပါး

အာဗန္ဓနလက္ခဏာ, ဂ္ဃရဏလက္ခဏာ= ဖွဲ့စည်းသည် ယိုစီးသည်၏အဖြစ် မှတ်ကြောင်းလက္ခဏာရှိ၏။
ပရိဗြူဟနရသာ= တကွဖြစ်ဘက်ရုပ်တို့ကို-ပွားစေခြင်းကိစ္စရသရှိ၏။
သင်္ဂဟပစ္စုပဋ္ဌာနာ= တကွဖြစ်ဘက်ရုပ်တို့ကို- ပေါင်းစည်းဖွဲ့ထားတတ်သောတရားဟု- ရှေ့ရှုထင်ရ၏။
သေသဘူတပဒဋ္ဌာနာ=ကြွင်းသော ဘူတရုပ်သုံးပါးလျှင်- နီးစွာသော အကြောင်းရင်းရှိ၏။

### ( မှတ်ရန်ဆောင်ပုဒ် )

အာပေါရုပ်ဓါတ်၊ ဖွဲ့စည်းလတ်၊ အမှတ် အာဗန္ဓနာ။
အားကြီးတဖန်၊ ယိုစီးပြန်၊ မှတ်ရန် ပဃ္ဃရဏာ။
တကွဖြစ်ရုပ်၊ ပွားရန်လုပ်၊ မယုတ်ကိစ္စပါ။
သဟဇာတ်တရား၊ ပေါင်းစည်းထား၊ ဉာဏ်အားထင်ရပါ။
နီးစွာတရား၊ ဘုတ်သုံးပါး၊ ထင်ရှား ပ,တေ,ဝါ။ ။

ဤသို့- အာပေါရုပ်ဓါတ်၏- ဌာန်လေးပါးတို့တွင် လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်ဟို့ကို ပိုင်းခြားမှတ်သား၍၊ ပထဝီရုပ်ဓါတ်နည်းဘူ- ပရမတ်, ဉာဏ်မြင် သုညတထင်အောင်- သိမ်းဆည်း, ဆင်ခြင်, ပွားများပါလေ၊ ဤနေရာ၌- ဝရုဘာဝဘူတာ- လေးသည်၏အဖြစ် ဆောင်နှင်းတတ်သော- ပထဝီ, အာပေါ,

ဓါတ်နှစ်ပါး၏ အချင်းအရာကိုငှင်း၊ ကာယဂတာသတိ၊ သမထကမ္မဋ္ဌာန်းအားဖြင့်ငှင်း၊ စတုဓာတု ဝဝတ္ထာန်အရ= သမထ၊ ဝိပဿနာတူစုံရှုလမ်းကိုငှင်း၊ လိုရင်းဖြစ်သော- ဝိပဿနာရှေ့၊ သမထ-နောက်- ရှုကွက်သို့ အမြန်ရောက်ရှိရန် နှောင့်နှေးရာဖြစ်ပါ၍- ချန်လှပ်ခဲ့ရပေတော့သည်။ ရုပ်ဓါတ်တပါးချင်း ပရမတ္ထဉာဏ်စာရင်းမြောက်အောင် ပြသလိုခြင်းသာ၊ အဓိကဖြစ်၍- တေဇောရုပ်ဓါတ်ဘက်သို့- ဆက်ကြပါစို့....။

## ''တေဇောရုပ်ဓါတ် - ပရမတ်''

တေဇောရုပ်ဓါတ်၊ ပရမတ္ထသဘောကို- ဉာဏ်ချက်ကောင်းစွာ ထောက်မိစေရန်မှာ၊ တေဇောမီးဓါတ်ပေါ့ဟု- ယူတတ်သော အစွဲကို၊ ရှေးဦးစွာ ဖြုတ်ပစ်ရပါမည်။ ရေသည်- အာပေါရုပ်ဓါတ် မဟုတ်ဘိ သကဲ့သို့၊ မီးသည်လည်း တေဇောရုပ်ဓါတ်မဟုတ်ပါ။ မရှိပညာတ်တရားကို သမုတ်အပ်သော သမုတိသစ္စာ၊ နာမပညတ်မျှသာဖြစ်ပါသည်။ ယင်း၊ တေဇောရုပ်ဓါတ်၏ ပရမတ္ထသဘော၊ သဘာဝကို- ပညတ်ပယ်နှုတ်၊ အဟုတ်သိနိုင်ရန်မှာမူ။ ဥဏှတ္တလက္ခဏာ-သီတတ္တလက္ခဏာအရ= ပူသောမှတ်ကြောင်း- အေးသောမှတ်ကြောင်းအရ၊ ဆောင်နှင်းထွန်းပြခိုက်၌- အာရုံထင်ရှား သိရငြားလိုက်ရပါက၊ တေဇောရုပ်ဓါတ်၊ ပရမတ္ထတရားကိုသိရန် တဆင့်ခံမှတ်ကြောင်းကို ထင်ရှားစွာ တွေ့ထိသိရခြင်း၊ သဘောအခင်းဖြစ်သော- မှတ်ကြောင်းအမှန်၏ အကြောင်းခံကို ရရှိလာစေနိုင်ပါသည်။

ဤနေရာ၌၊ ပူတာ၊ အေးတာ၊ ပူခြင်း၊ အေးခြင်း၊ ပူမှု-အေးမှုသည်- တေဇောရုပ်ဓါတ်မဟုတ်ပါ၊ တနည်းအားဖြင့်- တေဇောရုပ်ဓါတ်- ပရမတ်ကိုသိရန်- မှတ်ကြောင်းလက္ခဏာအစစ်လဲ မဟုတ်သေးပါ၊ (ဝါ) နိပ္ပရိယာယ မှတ်ကြောင်းလက္ခဏာမဟုတ်ပါ။ ပရိယာယ—ပရိယာယ်အားဖြင့်သာလျှင် ဆောင်သော ဥတုသာမညမှတ်ကြောင်း၊ လက္ခဏာမျှသာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော်၊ ပူတာ- အေးတာ၊ ပူခြင်း-အေးခြင်း၊ ပူမှု-အေးမှု၊သည်၊ သြကာသလောကတွင် အဓိက၊ ပဓါနအားဖြင့် ထင်ရှားသော ဥတုနိယာမ၊ သာမညတရားသာလျှင် ဖြစ်ပါသည်။ ဥတုဟူသော-ပူမှု၊ အေးမှုနှစ်ဖြာအစုသည်၊ သြကာသလောက၌- ရေ၊ မြေ၊ တော၊ တောင်၊ ကောင်းကင်၊ နေ၊လ၊ နက္ခတ်တာရာ၊ ကြယ်တကာတို့နှင့် တကွနက်သာလျှင်၊ နိယမော-မြဲသောအစဉ်အလာ- လောကတံထွာ-ဆောင်နှင်းတတ်ပါသော ဥတုပရိက္ခရာ—ပူအေးနှစ်ဖြာမျှသာ ဖြစ်ပါသည်။

ထိုသို- ဤကမ္ဘာလောကဓါတ်၌၊ သတ္တဝါဆိတ်သုဉ်း, သင်္ခါရချယ်မှုန်းခြင်း အလျှင်းမသက်ဝင်ခင် ကမ္ဘာဦးတည်စမှစ၍၊ ဥတုတံထွာ- ပူအေးနှစ်ဖြာသည်၊ နိယာမ, အစဉ်အလာ- အမြဲမချို့ ဆောင်လို့ဖြစ်ထွန်း ဖေါ်ညွှန်းပေါ်ပေါက်ခဲ့သည်ကို၊ ဝတ္ထုဘူမိ တည်စွဲရှိခါ၊ သင်္ခါရတရားနှင့် ချယ်မှုန်းခံရလာသည်မှစ၍၊ သတ္တဝါအနန္တတို- အစပြုပြီး တည်ရာဝတ္ထု- ဘုံဘူမိအစုသို့ ရောက်ရှိဖြစ်ခဲ့ပုံကို ဉာဏ်ဟုန်နှင့် ပြန်လှန်၍ ကြည့်ပါက၊ ဝတ္ထုဘူမိအစ, ဩကာသလောက, ဥတုနိယာမမှ- သင်္ခါရလောကသို- အဝိဇ္ဇာ, တဏှာ, ကံ, အစဖြာသဖြင့်- သတ္တဝါအသွင်, သဏ္ဌာန်ဝင်ခဲ့ရသည့်= စကြာဝဠာအနန္တ, သတ္တဝါအနန္တ, အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ- သင်္ခါရလောက- ရုပ်နာမ်ဓမ္မတွေကို၊ ဟေတုအကြောင်း, ဇနကသတ္တိအစွမ်း- သက်ဝင်ငြမ်းစွဲ- လောကသုံးပါးတည်းဟူသော- ဝဲဩဃထဲသို၊ ပထဝီ, အာပေါ, တေဇော, ဝါယော, တည်းဟူသောအစမသတ်နိုင်သည့် သင်္ခတပရမတ္ထတို့ဖြင့် နိဿတ္တ,နိဇ္ဇီဝ, သဘာဝဓမ္မ- သင်္ခါရနှောင်ဖွဲ့မှုနှင့်အမျှ- အပြုထင်ရှား, ဝင်ငြားလာရခြင်း, လောကသုံးစား,ဖြစ်ပွားပုံစာရင်းကို ရိပ်စားမိနိုင်ရာပါတော့သည်။ ။

ထို့ကြောင့်- ဩကာသလောကတွင်- အဓိက, အပါအဝင်ဖြစ်သော ဥတုနိယာမအစဉ်- ပူမှု, အေးမှု, နှစ်ဖြာအသွင်သည်၊ လက္ခဏာထင်ရှား, တေဇော, ဓါတ်ဟု သိကြောင်းတရားတော့ မှန်ကန်ပါ၏။ ဥတုနိယာမ-သာမညနှင့်စပ်၍မူ ပရမတ္ထတရားကို သိရှိရန် တဆင့်ခံမှတ်ကြောင်းမျှသာဖြစ်၍၊ ပရိယာယ်လက္ခဏာမျှသာဟု ဆိုလိုက်, ဆိုရထိုက်ပါတော့သည်။

တဖန်- တေဇောရုပ်လို- သဝိညာဏက, အဇ္ဈတ္တခန္ဓာမှာ ခေါ်ရသည့်အမည်ရပုံကို၊ အဘိဓမ္မာဝတာရ အဋ္ဌကထာတွင် ဖွင့်ဆိုပုံအရ၊ လက္ခဏာအစစ်သည် တေဇောဟု- အမည်ခေါ်ရခြင်း- မူလသဘောနှင့် ထပ်တူထပ်မျှဖြစ်သော နိပ္ပရိယာယ- လက္ခဏာအစစ်အမှန် ဖြစ်ပါသည်။ ထိုအမည်ခံရပုံသဘောမှာ....

ရူပါနိ- ကြွင်းသော- ဘုတ်သုံးပါးအစရှိသော ရုပ်တရားတို့ကို၊ တေဇေတိ- ရင့်ကျက်စေတတ်၏၊ (ဝါ) ထက်သည်၏အဖြစ်ဖြင့် ဘုတ်သုံးပါးအစရှိသော ရုပ်တရားကို- ပူမှု, အေးမှု- အကြောင်းခံပြု၍- ရင့်ကျက်စေတတ်၏။ ဣတိ တသ္မာ- ထို့ကြောင့်။ တေဇော- တေဇောရုပ်ဓါတ်မည်၏။

အထက်ပါ- "တေဇောရုပ်ဓါတ်" သာမုတ်အပ်နာမံ- ဝိဇ္ဇမာန ထင်ရှားရှိတရားကို ဓါတ်၏ ဤမှာဘက်- ရုပ်လို့ တဆက်ထည်း ခေါ်ဝေါ်ရတဲ့- "တေဇောရုပ်ဓါတ်"အမည်သကပ်သည်- ရင့်ကျက်စေတတ်သော သဘောသတ္တိ, လက္ခ

ဏာရှိသည်ဖြစ်၍ ခေါ်ရကြောင်းကို၊ အထက်ပါ အဋ္ဌကထာ- ဖွင့်ဆိုကြောင်း အရ ထင်ရှားလှပါတော့သည်။

ထိုသို-ရုပ်လောက သက်သက်-နာမ်မဖက်သော ဥတုတပါးထည်းကြောင့် ဩကာသလောက, လောကဓာတုသက်သက်, ဝဋ္ဋဘူမိထက်၌၊ ရုပ်တွင်, နာမ် ဝင်- အမျှင်မပြတ်ခဲ့သော- သင်္ခါရ, သံသာရပဝတ္တိစက်ကြောင့်၊ နာနာဓာတု- အသီးသီးသော- ရုပ်ဓါတ်, နာမ်ဓါတ်, အစု၏ အဖြစ်သို့၊ အဝိဇ္ဇာ, တဏှာ-ကံ, အာဟာရ, စိတ္တ, ဥတု၊ ဟေတုပစ္စယ, ဥပထမ္ဘကအမှုတို့ကြောင့်၊ သတ္တဝါခေါ် ပြု- နိဿတ္တ, နိဇ္ဇီဝ, သဘာဝဓမ္မ- သင်္ခါရအစုတွင်၊ ရုပ်သို့အမည်တွင် ခံရတဲ့- စတုသမုဋ္ဌာန်- တေဇောရုပ်ဓါတ်အမှန်၊ နိပ္ပရိယာယ= မုချလက္ခဏာကတော့၊ ထိုပူမှု- အေးမှု, ဥတုနိယာမ, ပရိယာယ, အကြောင်းခံမှတ်ကြောင်း၊ ထင်ရှား ဖြစ်ပေါ်သွန်းလောင်း ဆောင်နှင်းတိုင်း၊ ပရိပါစနလက္ခဏာဆိုတဲ့- ရင့်ကျက် စေမှု သဘာဝ,တရားသည်သာလျှင်- အကြောင်းတရားလေးပါး ပြုပြင်၍ သက် ဝင်လာတဲ့ သင်္ခါရလောကအယာဉ်မှ တေဇောရုပ်ဓါတ်၏ ပရမတ်ကိုသိရန် မှတ်ကြောင်းလက္ခဏာအစစ်ဖြစ်ပါသည်။ ပရိယာယ်ကို ထုတ်ပယ်ပစ်၍၊ (ဝါ) ပူမှု, အေးမှုကို ပရိယာယ်တသွယ် အကြောင်းခံအနွယ်မျှဟု ခွဲခြားသိ၍၊ ထိုပရိ ယာယ်မှ ဆက်သွယ်လာသော- ရင့်ကျက်စေမှုသည်သာ- မှတ်ကြောင်း အမှန် တရားဟု- ခွဲခြားသိအပ်ရာပါသည်။

ဒီတော့.... ဥဏှတ္တ- သီတတ္တလက္ခဏာအရ၊ ပူသောအကြောင်းကြောင့် ဖြစ်စေ၊ အေးသောအကြောင်းကြောင့်ဖြစ်စေ၊ (ဝါ) ပူသော- ဥတုနိယာမ, အကြောင်းကြောင့်ဖြစ်စေ၊ အေးသော ဥတုနိယာမ, အကြောင်းကြောင့်ဖြစ်စေ၊ အကြောင်းတရားလေးပါး, ပြုပြင်စီရင်ခြင်းသဘောသို့- သက်ဝင်ခံရတိုင်း၊ ရင့် ကျက်စေတတ်သော၊ (ဝါ) ရင့်ကျက်မှုသဘောကို ဆောင်နှင်းတတ်သော၊ ပရိ ပါစနလက္ခဏာသည်သာ၊ တေဇောရုပ်ဓါတ်, ပရမတ်ကို ဉာဏ်နှင့်ထိုးထွင်းသိ ရန် မှတ်ကြောင်းလက္ခဏာဖြစ်သည်ဟု= စတုသမုဋ္ဌာနိက, ရုပ်တရားတို့၏- နိပ္ပရိ ယာယ လက္ခဏာသဘောတို့၌ "အတ္တနော သဘာဝံ ဓါရေတီတိဓမ္မော" အရ၊ ပိုင်းခြားမှတ်သား, အသိဉာဏ်လင်းထားလိုက်စေလိုပါသည်။

ထို့ကြောင့်၊ ပူတာ, အေးတာ, တေဇော ရုပ်ဓါတ်လားလို့ မေးရင်၊ တေဇောရုပ်ဓါတ် မဟုတ်ပါ၊ တေဇောရုပ်ဓါတ်ကိုသိရန်- မှတ်ကြောင်းလက္ခဏာ မျှသာ ဖြစ်ပါသည်၊ စတုသမုဋ္ဌာနိကရုပ်တို့၌- တေဇောရုပ်ဓါတ်ကိုသိရန် မှတ် ကြောင်းလက္ခဏာဖြစ်သလားလို့မေးရင်၊ မဟုတ်ပါ= ကေသမုဋ္ဌာန်, ဥတုတပါး ထည်းကြောင့်ဖြစ်သော-ရုပ်သက်သက်, နာမ်မဘက်သော- လောကဓါတုဘက်၌

သာ မှတ်ကြောင်း လက္ခဏာဖြစ်ပါသည်၊ ဤသို့- ဆိုပါက=စတုသမုဋ္ဌာနိကဖြစ်သော- ရုပ်တို့၌- တေဇောရုပ်ဓါတ်ကိုသိရန်မှတ်ကြောင်းလက္ခဏာကား, အဘယ်ပါနည်းဟုမေးသော်၊ ထို-ပူခြင်း, အေးခြင်းသည်- ဧကသမုဋ္ဌာန်- ဥတုတပါးတည်းကြောင့်ဖြစ်သော ရုပ်တို့၌၎င်း၊ စတုသမုဋ္ဌာန်-အကြောင်းလေးပါးကြောင့်ဖြစ်သော ရုပ်တို့၌၎င်း၊ မှတ်ကြောင်းလက္ခဏာ, ဖြစ်အပ်သည်ကတော့- မှန်ကန်ပါ၏။ သို့သော်= လောကနှစ်ပါး- ရုပ်ဓါတ်နှစ်စားစလုံးနှင့် သက်ဆိုင်သော-ပူအေး, လက္ခဏာဖြစ်ခြင်းကြောင့်- သာမညလက္ခဏာ,ဟု ဆိုထိုက်ပါသည်။ ၎င်းကို- ခွဲခြား၍ ထုတ်ဆိုရသော်၊ ဧကသမုဋ္ဌာန်ဗဟိဒ္ဓ၌- မုချလက္ခဏာရပြီးလျှင်၊ စတုသမုဋ္ဌာန်၌မူ- ပရိယာယ် အားဖြင့်သာ- ရထိုက်ပါသည်၊ အဘယ်ကြောင့်သော်- စတုသမုဋ္ဌာနိက ရုပ်တရားတို့၌- အဘိဓမ္မာဝတာရ- အဋ္ဌကထာဆရာမြတ်သည်-တေဇောရုပ်ဓါတ်လို့ အမည်တပ်ရပုံ၌- ရင့်ကျက်စေတတ်သောကြောင့်- တေဇောမည်၏ ဟူသည်နှင့်အညီ၊ပူသောအကြောင်းကြောင့် ဖြစ်စေ, အေးသော အကြောင်းကြောင့်ဖြစ်စေ, ရင့်ကျက်တတ်ခြင်း အမှန်ဆောင်နှင်းပုံထင်ရှားလှပါ၍၊ စတုသမုဋ္ဌာနိကရုပ်တရားတို့၌၊ အေးမှု, ပူမှုသည် အကြောင်းခံသဘောဖြစ်ပြီး၊ ထို-အေးသောအကြောင်းကြောင့်ဖြစ်စေ၊ ပူသောအကြောင်းကြောင့်ဖြစ်စေ- ရင့်ကျက်စေတတ်သော- ပရိယာဒါန- သဘောသည်သာ- စတုသမုဋ္ဌာနိက ရုပ်တို့၌၊ မှတ်ကြောင်းလက္ခဏာ- မုချဖြစ်ပါတော့သည်။

ဤနေရာတွင်-စောဒနာတချက်- ဝင်၍ စွက်နိုင်ပါသည်၊ ပထဝီ,တေဇာ, ဝါယော- ရုပ်ဓါတ်တို့သည်သာ၊ အာပေါရုပ်ဓါတ်ပြခဲ့စဉ်က- ဖေါဋ္ဌဗ္ဗဓါတ်ဟုဆိုခဲ့ရာ၊ ယခု- စတုသမုဋ္ဌာနိက,ရုပ်တို့၌၊ တေဇောရုပ်ဓါတ်ကိုသိရန် မှတ်ကြောင်းလက္ခဏာဒအစစ်ကို။ ပရိယာဒါနလက္ခဏာဟု, ရသဋ္ဌာန်ပေါ်တင်၍ ဆိုခြင်းသည်၊ ဖေါဋ္ဌဗ္ဗအဖြစ်မတွေ့မထိဘဲလျက်နှင့် တေဇောရုပ်ဓါတ်ကို သိကြောင်းလက္ခဏာ-ဖြစ်နေပါသည်ဟု- စောဒနာပြုစရာ ရှိပါသည်။

မှန်ပေ၏။ ရုတ်တရက်အားဖြင့်- အတွေးစာရင်း၌၊ ဤသို့- စောဒနာထူခြင်းသည် ဖြစ်နိုင်ရာပါ၏၊ သို့သော် အထက်က ဆိုခဲ့သော, ပရိယာယ်အနွယ်ပူဘွယ်, အေးဘွယ်သည်၊ တဆင့်ခံ အကြောင်းဖြစ်ပြီး၊ မုချယောဂီတို့- မျက်မှောက်ပြုသင့်သည်ကသာ၊ ပူမှု,အေးမှု- တွေ့ထိခြင်းပြုက အကြောင်းခံရသဖြင့်-ရင့်ကျက်စေမှုကိုသာ- မှတ်သားရာ လက္ခဏာကြောင်းဟု- ကောင်းစွာ ဖေါ်ပြအပ်ပြီးဖြစ်ပါ၍၊ ဖေါဋ္ဌဗ္ဗအချက် မပါဘဲလျက်- ပေါ်ထွက်လာသော လက္ခဏာမဟုတ်ပါ၍၊ ဖေါဋ္ဌဗ္ဗဓါတ်အဖြစ်မှ- မဆန့်ကျင်ပါဟု- ဆိုအပ်ပါသည်။

ထိုမှတပါး=အာပေါရုပ်ဓါတ်သည် သုခုမရုပ်ဖြစ်ခြင်းကြောင့်၊ ဖွဲ့စည်းဘားမှုန်း, ဖွဲ့စည်းနေမှုန်း, သိထားပြီးဖြစ်သော၊ ပေါင်မုန့်- ကိတ်မုန့်စသည်တို့ကို တွေ့ထိမှ- သိရကြောင်းမဟုတ်ဘဲ၊ အတိတ်-အာရုံအနေဖြင့် ဖွဲ့စည်းထားတာတွေဘဲလို့= ဆုံးဖြတ်သိမှတ်ခဲ့ပြီးသော-အကြောင်းခံကို အခြေခံပြု၍၊ ဖွဲ့စည်းပုံကို မနောဒွါရ, မနောဝိညာဏ်စိတ်မှ- အာရုံယူထင်, ဆင်ခြင်မှုတွင်- အာရုံလက္ခဏာ, အာဗန္ဓနသဘောပေါ် ရောက်ရဘိ သကဲ့သို့၊ ယခု-တေဇောရုပ်ဓါတ်၌လည်း- ဖေါဋ္ဌဗ္ဗအတွေ့= ပူငွေ့, အေးငွေ့, ထိတွေ့သည်နှင့် တပြိုင်နက်, ပူတာအေးတာ-တေဇောရုပ်ဓါတ်ကို သိရန်မှတ်ကြောင်း လက္ခဏာဘဲဟု မှတ်သားမှုပြုလိုက်ပါက- ဗဟိဒ္ဓတေဇောဓါတ်တို့၌ လုံးဝမှန်ကန်ပြီး၊ စတုဇရုပ်တို့၌မူ= ဥတုသာမညကို မှတ်သားကြောင်း- ပြုသဖြင့်- သသမ္ဘာရဟု ဆိုအပ်သော-အကြောင်း, အဆောက်အဦနှင့်တကွ၊ ဆောင်နှင်းရာ- အင်္ဂါအစိပ်အပိုင်း ဿနတုံးတွေအပေါ်၌ ကျရောက်ခါ- တဆင့်ဖျောက်နေရမည့်အစား၊ ပူ, သောအကြောင်းကြောင့်ဖြစ်စေ၊ အေးသောအကြောင်းကြောင့် ဖြစ်စေ၊ ရင့်ကျက်စေတတ်သော- ပရိပါစနသဘောကိုသာ- လက္ခဏာမှတ်ကြောင်း, အစစ်ဟု- ပူ, အေးနှစ်ခုပေါ်မှုတွေ့တိုင်း- ဥတုသာမညကို ပိုင်းဖြတ်၍ စတုသမုဋ္ဌာနိကရုပ်တို့၌- ဆောင်အပ်သော ထင်ရှားမှုကို- အာရုံပြု မှတ်သားကြောင်း သက်ဝင်ပါက၊ ဿနတုံး-ဿနခဲ စသည်မှ- တပါထည်းစင်ကြယ်နိုင်သည်ဖြစ်၍၊ အေးသောအကြောင်းကြောင့်- ပူသော အကြောင်းကြောင့်ဟု- အမှတ်ပြုပြီး တကွက်ကျော်ကာ၊ မှတ်သားကြောင်းလက္ခဏာအမှန်ကို ယူခြင်းသည်သာ ယောဂီတို့ဉာဏ်မှာ, ရှင်းလင်း, ထက်မြက်လာမည်ဖြစ်၍ တကြောင်း၊ စတုသမုဋ္ဌာနိကသဝိညာဏက, တေဇောရုပ်ဓါတ် ဖြစ်ခြင်းကြောင့်ရင်း၊ ကေဇ-အဝိညာဏကနှင့်ကွဲပြားစေရန်ရင်း၊ ပရိပါစနလက္ခဏာသာလျှင် တေဇောရုပ်ဓါတ်၏ ပရမတ်ကိုသိရန် နီးကပ်သောမှတ်သားကြောင်းအမှန် ဖြစ်ပေသည်ဟု- ပိုင်းခြားသိရှိ-ဉာဏ်အလင်းမိအောင် ဆုံးဖြတ်သိစေအပ်ပါသည်။

ထိုသို့...ဩကာသလောက- ကေဇ, ဥတုသမုဋ္ဌာန၊ ပူမှု,အေးမှု,လောကဓါတုသဘောသည်၊ ဥတုနိယာမတရားမျှ အဖြစ်မှ၊ အကြောင်းတရားလေးပါးပြုပြင်စီရင်ခြင်းသို့ရောက်သော- စတုသမုဋ္ဌာနိက- ရုပ်သို့သက်ဝင်သည့် နာမ်နှင့်စပ်သော-နာနာဓါတု, သဘောအတွင်းဝင်သည့်- ရင့်ကျက်, စေတတ်သော မှတ်ကြောင်းလက္ခဏာကို မှတ်သိ- ဆင်ခြင်ခြင်း အားဖြင့်သာ- တေဇောရုပ်ဓါတ်, ပရမတ်ကိုသိရန် အကြောင်းကေန် ဖြစ်ပါသည်။ ထို့ကြောင့်- ရုပ်ဓါတ်တရားတို့အပေါ်၌၊ပရမတ္ထဉာဏ်အမြင်ပေါက်၍-နိဿတ္တ-နိဇ္ဇီဝ,သဘာဝမှဆိုက်ခါ-

အနတ္တဉာဏ်မြင် ပေါက်လိုသော ဝေနေယျတို့သည်- လောကဓါတ်ကို ခွဲစိတ်မှု ပြု၍-ဖေါက်ထွင်းရန်- ပဓါနမဟုတ်ဘဲ၊ နာနာဓါတူ့စတုသမုဋ္ဌာနိက- ရုပ်ဓါတ် အစုဌ်သာ ခွဲခြမ်းဝေဘန်- အနတ္တဉာဏ်ရရှိနိုင်ပုံကို ဓါတုဝိဘင်္ဂအဖွင့်- ပရမတ္ထ ဒီပနီ၌....

"အနတ္တလက္ခဏံ နာနာဓါတု ဝိနိဗ္ဘောဂဿ အမနသိကာရာ
ဃနေန ပဋိစ္ဆန္နတ္တာ နဉပဋ္ဌာတိ၊"
"နာနာဓါတု ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ဂတေ
အနတ္တ လက္ခဏံ ယထာဝသရသတော ဉပဋ္ဌာတိ"။ ။

နာနာဓါတုဝိနိဗ္ဘောဂဿ- အထူးထူးသော ဓါတ်တို့ကို ခွဲခြမ်းဝေဘန် ခြင်းကို၊ (ဝါ) အထူးထူးသော- ကံ, အာဟာရ, စိတ္တ, ဉတု=လေးခုအကြောင်း ပေါင်း၍ပြုပြင် ပထဝီ- အာပေါစသော ရုပ်ဓါတ်အလျဉ်တို့နှင့် ဝေဒနာ,သညာ, စေတနာ,ဝိညာဏာ- နာမ်ဓါတ်အစုစုတို့၌- ခွဲခြမ်းဝေဘန်မှုကို။ အမနသိကာ ရာ-နှလုံးမသွင်း မဆင်ခြင်ခြင်းကြောင့်ငှင်း၊(ဝါ)ကျမ်းကျင်မပိုင်,မဆင်ခြင်တတ် နိုင်ခြင်းကြောင့်ငှင်း၊ ဃနေန- အစိုင်အခဲဖြင့်၊ (ဝါ) သမူဟ, ဃန, သန္တတိ သဏ္ဌာန, အစရှိသည့် အစိုင်အခဲဖြင့်၊ ပဋိစ္ဆန္နတ္တာ- ဖုံးလွှမ်းအပ်သည်၏ အဖြစ် ကြောင့်ငှင်း၊ (ဝါ) တဏှာဒိဋ္ဌိ- အဖေါ်ရှိသည့် အဝိဇ္ဇာ၏ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်ငှင်း၊ အနတ္တလက္ခဏံ- ပရမတ္ထဉာဏ်မဟာဖြင့်- ဃနပယ်ကွာ- အနတ္တလက္ခဏာသည်၊ နဉပဋ္ဌာတိ- ပရမတ်ဉာဏ်မယှဉ်- နှလုံးသွင်းမဝင်- ခွဲစိပ် မထွင်ပါက မမြင်နိုင်ကြပါပေ။

နာနာဓါတုယော- အထူးထူးသော- ကံ, အာဟာရ, စိတ္တ, ဉတု၊လေးခု အကြောင်း ပေါင်း၍ပြုပြင်- ရုပ်နာမ်ဓါတ်အလျဉ်တို့ကို။ ဝိနိဗ္ဘုဇ္ဇိတွာ- ခွဲခြမ်း စိပ်ဖြာ၍၊ (ဝါ) လက္ခဏာမှ- လက္ခဏာဝန္တတိုင်အောင် ခွဲခြမ်းစိပ်ဖြာ၍၊ ဃန ဝိနိဗ္ဘောဂေ- အစိုင်အခဲဟူ, ထင်စွဲနေခြင်းသဘောတို့၌ ခွဲခြမ်းစိပ်ဖြာ ဝေဘန် ခြင်းကို။ ဂတေ- ဉာဏ်နှင့်မသွေ- ပြုအပ်လေသည်ရှိသော်။ အနတ္တလက္ခဏံ- ဃနကင်းကွာ- အနတ္တလက္ခဏာသည်၊ (ဝါ)နိဿတ္တ-နိဇ္ဇီဝ,သဘာဝဓမ္မ သခ်ိတ သခ်ိဂ်ရမျှ အတ္တဘောသည်။ ယထာဝသရသတော- မဖေါက်မပြန်- မိမိ၏ ထင်ရှားဆောင်ငြား- သဘောဓမ္မ တရားတို့၏- ကိစ္စရသအားဖြင့်။ ဉပဋ္ဌာတိ- ပရမတ်ဉာဏ်ယှဉ်- ဃနစင်လျက်၊ သုညတအမြင် အနတ္တလက္ခဏာ ပဋိဝေဓတခွင် သည်—ထင်ရှားထင်မြင်လာပေတော့၏။ ။

ဤကဲ့သို့—မဟာဘုတ်ရုပ်ဓါတ်ကြီးလေးပါးတို့သည်။ တဆာ့ဒိဠ်-အပေါ် ရှိသည့် အဝိဇ္ဇာထင်ရှား ရှိနေပြားသော- ပုထုဇဉ်တို့အား၊ ထင်ရှားဆောင်ထား- ရုပ်တရားကို အမှိုပြုပြား- လှည့်စားသောအားဖြင့်။ သမ္မုဟ- သန္တတိ-သဏ္ဍာန အထိ၊ ဖြစ်ထင်ရှားရှိဘိသကဲ့သို့၊ ပညတ္တိအတ္ထကိုသာ- ဖေါ်ပြလှည့်ပတ်တတ်ပုံ၌၊ လောကဓါတု- ဗဟိဒ္ဓအစု- အနိန္ဒြိယဗဒ္ဓရုပ်၌ ထင်ရှားသော- ပူမှု၊ အေးမှု၊ ပရိယာယ်လက္ခဏာစုပေါ်ကွင် တင်၍ မရှုမှုဘဲ၊ နာနာဓါတု- အဇ္ဈတ္တအစု-ဣန္ဒြိယဗဒ္ဓရုပ်အတွင်း၌ ထင်ရှားသော- ပူအေးအကြောင်းခံ- ရင့်ကျက်စေတတ်မှု၊ မုချသဘာဝလက္ခဏာအစုပေါ်တွင်သာ တင်ရှုဆင်ခြင်လျက်၊ အထူးထူးသော စတုသမုဋ္ဌာနိက ရုပ်တို့၌ ခွဲခြမ်းစိပ်ဖြာဝေဘန်ခြင်းကို ပြုပါက၊ နိယတ္တ, နိဇ္ဇီဝ- သဘာဝဓမ္မ- သင်္ခတ, သင်္ခါရ- အနတ္တသဘောလက္ခဏာကို၊ ပရမတ္ထဉာဏ်ပေါ် ထွက်လာသည်နှင့်အမျှ၊ ဃနကင်းစင်-သုညတအနတ္တ ဉာဏ်အယာဉ်ကို လက္ခဏာတွင် ဖေါက်ထွင်းလျက်- ပဋိဝေဓစာရင်းမြောက်အောင်-ကေန်မျက်မှောက်ပြု၍ ရရှိနိုင်ကြမည် ဖြစ်ပါသည်။

မာတာ, ပျော့တာ-မြေဓါတ်ပထဝီပါ၊ ဖွဲ့စည်းတာ, ယိုစီးတာ- ရေဓါတ်အာပေါပါ၊ ပူတာ, အေးတာ- မီးဓါတ်တေဇောပါလို့- လုပ်နေသမျှ၊ ဃန, ကင်းစင်, ပရမတ္ထဉာဏ်အမြင်နှင့် သုညတအနတ္တဉာဏ်ဝင်လာနိုင်စရာအကြောင်း ရကောင်းမည် မဟုတ်ပါပေ။ ထို့ကြောင့်- ဤ တေဇောရုပ်ဓါတ်, ပရမတ်ကို ကေန်သိရန်- မှတ်ကြောင်းလက္ခဏာသည်၊ ဥတုနိယာမတရားအရ— ပူသောအကြောင်းကြောင့်ဖြစ်စေ၊ အေးသောအကြောင်းကြောင့် ဖြစ်စေ၊ ရင့်ကျက်စေတတ်သော၊ ပရိပါစန သဘာဝလက္ခဏာကိုသာ ခွဲခြမ်းစိပ်ဖြာ၍၊ ပရမတ္ထဉာဏ်အရာကို၊ ကေန်သက်ဝင်ရရှိလာနိုင်ကြောင်း စိတ်ချယုံကြည် ဆုံးဖြတ်ဉာဏ်တည်စေအပ်ရာပါတော့သည်။

ဒါဖြင့် .. ပူတာ, အေးတာ,တေဇောရုပ်ဓါတ်မဟုတ်။ မီးသည် တေဇောရုပ်ဓါတ်မဟုတ်ဟု ဖြတ်ချနိုင်ကောင်းပါပြီ။ ဘာတော့- ဟုတ်သလဲဆိုတော့၊ တေဇောရုပ်ဓါတ်,ပရမတ္ထရားကို ထိုးထွင်းသိရန်၊တဆင့်ခံဥတုနိယာမ,အကြောင်းတရားတော့ ဟုတ်ပါသည်။ ထို့တဆင့်ခံ,ဥတုနိယာမအကြောင်းကြောင့်၊ (၀၁) ပူခြင်း, အကြောင်းကြောင့်- အေးခြင်းအကြောင်းကြောင့် ရင့်ကျက်စေတတ်သော သဘာဝအမှုသည်သာ-တေဇောရုပ်ဓါတ်, ပရမတ်ကို သိရန် မှတ်ကြောင်းလက္ခဏာအမှန်ဟု- ဉာဏ်ဖြင့် ပိုင်းခြားသိထားအပ်ပြီးလျှင် ...

ဘယ်လို-ရင့်ကျက်စေပါသလဲဆိုတော့၊ ပူသောအကြောင်းကြောင့် ရင့်ကျက်ပုံတွေကတော့ လောကတလွှား, အလွန်ထင်ရှားလျက်ရှိပါသည်။ဇာပေါင်း

တခူး- နေရှိန်ထူးကြောင့်၊ စိမ်းလန်းစိုပြေ- သစ်ရွက်တွေမှာ၊ နဂိုရ်ရေပျောကဲ အဝါဖေါက်၍၊ နီတျာတျာသွေ့ချောက်ခါ၊ ရော်ရွက်အဖြစ်နှင့် လေတေ့လေ တိုင်း မဆိုင်းမတ္တ ကြွေခါကျ၍၊ မြေခရပုံကို ကြည့်ပါက၊ ဗဟိဒ္ဓရုပ်တို့ တဖြုတ် ဖြုတ်- ရင့်ကျက်ပျက်စီးပုံမှာ- လွန်စွာသိသာကုန်ပါတော့သည်၊ ထိုသို့- ဥတု တပါးပြုပြင်ငြား၍ ရင့်ကျက်တတ်ပုံများနှင့်၊ မနုဿတ္တ လူဟုခေါ်ဆို ရုပ်နာမ် ထိုထိုတို့၏ ပယောဂလုလ္လ- သခ်ါရကြောင့်၊ ကဇ္ဇနီး ဟင်းရံ- ချက်ပြုတ်ဖွယ် အသွယ်သွယ်သော- သစ်သီး သစ်ရွက် သစ်ဥသစ်ဖုတို့မှာလည်း- အပူရှိန်ကလာပ် မီးဟုသမုတ်အပ်သော-ဉဏုတေဇောဓါတ်နှင့်ကြော်လှော်၍ ချက်ပြုတ်လေတိုင်း- အပူကြောင့် ရင့်ကျက်ပျက်စီးတဲ့ဘက်ကို တကွနက်- ရောက်ကြရပုံမှာလည်း ထင်ရှားလှပါတော့သည်။

အဇ္ဈတ္တရုပ်- လူဟုသမုတ်အပ်သည့်- ရူပက္ခန္ဓာ- ရုပ်ဓါတ်လေးစား(၂၈) ပါးသော ရုပ်တရားများသည်လည်း၊ ဥတုသုံးလီ- ပူ အေး နှစ်မည်ကြောင့်၊ အဖန်ဖန်ပြောင်းလဲ- ရင့်ကျက်မြဲ- ရင့်ကျက်လျက်၊ ဇရာဆိုတဲ့ အိုခြင်းဘက်ကို ပြေးဝင်ရလျက် ရှိခြင်းကြောင့်လည်း- ထင်ရှားလှပါသည်၊ ထိုသို့- ပူသော အကြောင်းကြောင့်- ရင့်ကျက်မှုလက္ခဏာ ဆောင်းနှင်းခံရတာကတော့- ထင် ရှားလှပါသည်။အေးသောအကြောင်းကြောင့် ရင့်ကျက်မှုကိုမူ၊ သူသူငါငါ- သတိပြုနိုင်ခဲ့ကြပါသည်။ အေးသော အကြောင်းကြောင့်လည်း- အမှန်ပင်- ရင့် ကျက်ကြရပါသည်။ ဗဟိဒ္ဓအနေအားဖြင့် (ဥပမာ) ရေခဲမုန့်ဖြစ်အောင် ပြုလုပ် ရာဝယ်၊ ဂျုံမှုန့်- ကြက်ဥ-ဘဲဥ, နို့, သကြား, အစရှိသည့်- မရင့်မကျက်, အ စိမ်းသက်သက်ဟု ခေါ်ဆိုရသည်တို့ကို၊ ရေနှင့်ဖျော်စပ်, မပြစ်မကြဲ,အထပ်ထပ်- သမအောင် ချေမွှေပြီးပါက၊ ရေခဲမုန့်လုပ်ရန်- သံစည်ရှေကလေးထဲကို ထည့် ပြီးလျှင်၊ သစ်သားစည်ပိုင်းအတွင်းသွင်း၍၊နံဘေးမှ- အအေးဓါတ်လွန်ကဲသော ရေခဲတုံးကလေးတွေကို ညှပ်ထည့်ပြီးလျှင်၊ ၂-နာရီ၊ ၃-နာရီမျှ ဘယ်လှည့်, ညာလှည့်ဖြင့် လှည့်ပတ်ကစား လှုပ်ရှားပေးလိုက်ရာ၊ လွန်ကဲသော- သီတ တေဇော- အေးခိုး-အေးငွေ့-အေးရှိန်တို့ကြောင့်, အတွင်းမှ- အစိမ်းသက်သက် ဖြစ်သော မုန့်ရည်များသည်၊တစ,တစ, နူးညံ့ရင့်ကျက် ပြစ်ခဲသွားခါ- မီးနှင့် သားငါးစိမ်း- ဟင်းရွက်စိမ်းကို ကြော်လှော်ချက်ပြုတ်ဘိသကဲ့သို့ပင်၊ ရင့်ကျက် သွားရပုံများကို- ကောင်းစွာ တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့်- ဉဏှတေဇော- ပူသောအကြောင်းကြောင့် ရင့်ကျက်သလို၊ သီတတေဇော- အေးသော အ ကြောင်းကြောင့်လည်း ရင့်ကျက်စေတတ်သော- သဘာဝလက္ခဏာဆောင်နှင်း ပါသည်ကိုလည်း၊ ဤသို့- ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

အများသူငါတို့ကတော့- နေ့စဉ်နှင့်အမျှ မီးတည်းဟူသော အပူနှင့်သာ ချက်ပြုတ်ကြော်လှော်နေရ၍၊ ပူသောအကြောင်းကြောင့်သာ ရင့်ကျက်မှု ထင်ရှား-အတွေ့အမြင်များလျက်ရှိခြင်းကြောင့်၊ရင့်ကျက်လျှင် အပူမီးဓါတ်ကြောင့်သာဟု အထင်အစွဲမြဲလျက် ရှိကြပါသည်။ အေးသောအကြောင်းကြောင့် ရင့်ကျက်စေတတ်ခြင်းကို၊ ဤသို့-ရေခဲစသည်ဖြင့်-ပြုလုပ်ခြင်းကြောင့်- ရင့်ကျက်မှု ထင်ရှားဘိသကဲ့သို့၊ လောကန္တရိက်ငရဲသား- စတုသမုဒ္ဒါနိက- ဥပပတ်သန္ဓေအားဖြင့်ဖြစ်ပွားသည့် ငရဲသား ခန္ဓာသမားတို့သည်လည်း အအေးကြောင့် ရင့်ကျက်ပျက်စီးရပါသည်။

ထို- လောကန္တရိက်ငရဲဆိုသည်မှာ-"လောက-အန္တ-ဣရိက" စကြာဝဠာ ၃လောက- သုံးခုတို့၏အကြား၌ ခံစားကျရောက်ရသော ငရဲဖြစ်ခြင်းကြောင့်= ၃လောကန္တရိက်ငရဲဟု ခေါ်ပါသည်၊ နိယတ မိစ္ဆာဒိဋ္ဌိနှင့် ဒုစရိတလွန်ကဲသူတို့ ကျရောက်ခံစားရသော ငရဲဖြစ်ပါသည်။ ထိုငရဲဘုံ၏ တည်ရာဌာနမှာ၊ စကြာဝဠာ, ကမ္ဘာသုံးခုတို့၏ နခမ်းချင်း တွေ့စပ်ရာ အကြားတွင် ဖြစ်ပါသည်။ (ဥပမာ) ကြေးလင်ပန်းဝိုင်းကြီးတခုကို စကြာဝဠာတခုလို့ ပမာပြု၊ ကြေးလင်ပန်းရဲ့ အလယ်မှာ- ယူဇနာ- နှစ်သိန်းလေးသောင်း အမြင့်ရှိတဲ့- မြင့်မိုရ်တောင်အဖြစ် ရွှံနဲ့သဏ္ဍာန်လုပ်၊ အရှေ့, အနောက်, တောင်, မြောက်၌- ကျွန်းကြီးက, လေးကျွန်း၊ ကျွန်းငယ်က ၂ဝဝဝ- ဝန်းရံ၊ ကျန်တာက- လင်ပန်းခနမ်းအထိ ရေအတိဖြစ်သော- မဟာသမုဒ္ဒရာကြီး လေးစင်းပေါ့၊ ကျွန်းကြီးလေးကျွန်းကလဲ နှစ်သိန်းလေးသောင်း အထုရှိသလို၊ မဟာသမုဒ္ဒရာကလဲ နက်ရှိုင်းတယ်လို့- မှတ်သိပြီး၊ အဲဒါကို-စကြာဝဠာကမ္ဘာတခု၊ အဲဒီလို- စကြာဝဠာသုံးခုတို့ နခမ်းချင်း တွေ့ကပ်ထိစပ်မိကြရာတွင်၊ အလယ်၌- တြိဂံ-သုံးမျောင့်ဖြစ်သော အကြားသည် ထင်ရှားဖြစ်ထွန်းရပါသည်။ ထိုစကြာဝဠာသုံးခုတို့၏ အကြားတွင်-အသူ တထောင်(ဝါ)လက်ခုပ်တထောင်အမြင့် နခမ်းအောက်၌-အလွန်တရာမြေသော ရေပြင်ကျယ်ရှိပါသည်။ လောကန္တရိက်ငရဲသားတို့သည်- တကောင်လျှင် သုံးဂါဝုတ်ပမာဏမျှကြီးမားကြ၍၊ စကြာဝဠာတံတိုင်း၏ နခမ်းတွင် လင်းနို့များ ကဲ့သို့- ခြေထောက်ကို ချိပ်ဆွဲခံထားရလျက်၊ ဦးခေါင်းဇောက်ထိုး- ခြေကားမိုးမျှော်- လက်နှော်ကာယားအားဖြင့်- ခြေတချောင်းစီ ရွှေ့ရှား၍ မှောင်အတိ ကျနေသော- စကြာဝဠာနခမ်းဝယ် လက်တရမ်းရမ်းဖြင့်သာ ဆာလောင်မွတ်သိပ်ခါ၊ သုခ,ဟူ၍မျှမရှိ၊ ဒုက္ခ,ဆင်းရဲခြင်း အတိဖြင့်သာ- ခံစားနေကြရရှာလေသည်။

ထိုသို့-စကြာဝဠာ သုံးခုတို့၏ နခမ်းတွင်၊ ခြေကိုချိပ်ဆွဲ-ခေါင်းတွဲလဲဖြင့် လက်ကကားယား- ရမ်းကာစမ်းသပ်- ပါးစပ်မှလည်း- ''ငါ့အစာကော- ငါ့အစာကော''ဟု၊ အော်မြည်ရွှေ့ရှားခါ- တရွေ့ရွေ့ တရမ်းရမ်း၊ အော်မြည်တမ်းသျှက် တရွေ့ရွေ့-ရွှေ့သွားရခြင်းဖြင့်- တဦးနှင့်တဦး, တကောင်နှင့်တကောင်, လက်ချင်းခပ်မိကြပြီး၊ အစာစားရအံ့သောငှါ ထင်မှတ်၍- ဆွဲလှဲကြရင်းမှ၊ ခြေချိပ်ထားချက်- မမြဲတော့သဖြင့်- အလွန်မြေသော ရေပြင်ထက်သို့ ဖြုံးကနဲ ပြုတ်ကျခါ- စုံးစုံးမြုပ်၍ သွားကြရပြန်လေတော့သည်။

ဤသို့-ပြုတ်ကျသွားရသောအခါ၌၊ နေရောင်ခြည်ဟူ၍- မြူမျှမသန်း- မှောင်ခန်းအတိ၊ အလွန်တရာအေးမြဘိသော- ရေအပြင်ထဲဝယ်၊ သုံးဂါဝုတ်ပမာဏရှိသော ထိုငရဲသားတို့သည်၊ အင်မတန်ပါးလွှာသည့် ကြက်သွန်ဖတ်ကလေးများကို၊ ပွက်ပွက်ဆူဝေနေသည့်- ဆီပူအိုးထဲသို့- ပြစ်ချလိုက်သည့်နည်းတူ၊တွန့်လိမ်ကျေမွ- ရင့်ကျက်ပျက်ပြုန်း၊ အမှုန်အမွှားကလေးမျှပင် မကျန်အောင်ပျက်စီးပျောက်ဆုံးသွားရဘိသကဲ့သို့၊ ထိုငရဲသားတို့သည်လည်း- အလွန်အေးမြသော ရေပြင်ထဲဝယ်၊ စုံးစုံးမြုပ်ဆဲအတွင်း၌ပင်၊ ကြေမွပျက်ပြုန်း, အအေးကြောင့်, ရင့်ကျက်မှုဖြင့်— ပျက်စီးချုပ်ဆုံးရခြင်းသို့ ရောက်အောင်- မချိထန်သဲ, လွန်စွာလွန်စွာ— ဆင်းရဲလှသော- မရဏ, ဒုက္ခဘေးကြီးကို- ခံစားကြရလေတော့သည်။

ထိုငရဲသားတို့မှာ၊ ဤသို့-မရဏဒုက္ခ, ကြုံတွေ့ရပြီးက၊ ဘဝကူး၍ လွတ်မြောက်ရမည်လားဆိုတော့ မဟုတ်ပါပေ။ ဇီဝိန်ချုပ်ပြီးသည်နှင့် တပြိုင်နက်-နောက်တဥပါဒ်, ပဋိသန္ဓေစိတ် ခဏတွင်ပင်-ဤစကြာဝဠာနခမ်း၌ပင်၊ ဥပပတ်သန္ဓေအားဖြင့် ဘွားကနဲ ဖြစ်ပေါ်ရပြန်ကာ— ငရဲသားအဖြစ် ချိပ်ဆွဲခံရပြန်ချေပေ၊ ဤသို့ဖြင့်- တဖန်ပြုတ်ကျ- ရင့်ကျက်ကြေမွပျက်ပြုန်း ဇီဝိန်ဆုံးတိုင်းဥပပတ်သန္ဓေ- ငရဲသားအဖြစ်တွေဖြင့် ချမ်းသာကင်းသော နိရယဘေး, လောကန္တရိက်ငရဲအတွင်း၌သာ ဖန်ဖန်ခါခါ ဖြစ်၍နေကြရရှာ၏။ မိမိတို့-စကြာဝဠာသုံးခု- ကမ္ဘာတခါ ပျက်လျှင်- စကြာဝဠာ ကုဋေပေါင်း တသိန်းထဲပါသဖြင့် ပျက်သုဉ်းမှု ကြုံရသည်တိုင်အောင်ပင် ထိုငရဲသားတို့မှာ သက်တမ်းမကုန် မကျွတ်လွတ်နိုင်ကြဘဲ၊ တပါးသော စကြာဝဠာသုံးခုဆိုင်ကြားတွင် ပြောင်းရွှေ့၍- ဥပပတ်သန္ဓေဖြင့် စွဲဝင်, ခံစားကြရပြန်ပါသည်။

ဤမျှ-ဆိုးဝါးရည်ကြာ- ချမ်းသာတစိ-လုံးဝမရှိသော ငရဲသို့ ကျရောက်ရသည်မှာ၊ မြဲသော- မိစ္ဆာဒိဋ္ဌိအယူမှားဖြင့်- မြဲသော- ဒုစ္စရိတ, တရားတို့ကို၊

ဤလူ့ဘုံမှာ= လူဟုသာခေါ်ရ၍- မေထုန်, အိပ်, စား, ကာမ, ဂုဏ်ခံစားဘို့ကို ဒုရာစီဝ, ဒုစရိုက်တို့ဖြင့်သာ အမြဲထုံလွှမ်းခဲ့သော အကျိုးရင်း, အကျိုးဆက်များအလျောက်, ခံစားတတ်ကြရတော့သည်၊ ထို- သံုးဂါဝုတ်ရှိ ငရဲသားတို့- မှုန့်မှုန့်ညက်ညက်, အသက်ထွက်၍၊ ပျက်ပြုန်းကြရသည်မှာလည်း- အေးသော အကြောင်းကြောင့်- ရင့်ကျက်စေတတ်သော- ပရိပါစနလက္ခဏာရုပ် ပြင်းထန်ပုံကို ကြည့်ပါက၊ ပူသောအကြောင်းကြောင့် ရင့်ကျက်ရသည်ထက် အေးသော အကြောင်းကြောင့်- ရင့်ကျက်, သည်ကပင်၊ ပိုမို ပြင်းထန် ဘိသကဲ့သို့- ရှိပါတော့သည်။

မိမိတို့- ရူပက္ခန္ဓာ- ရုပ်ဓါတ် (၂၈)ပါး၊ အကြောင်းတရား လေးပါး, ကျားကန်၍ထားရသော- မဟာဘုတ်နှင့် ဥပါဒါရုပ်အစုစု— သကာယကလာပ, အပေါင်းတို့၌၊ ဝင်ညောင်းပါရှိ၊ သောဇောရုပ်ဓါတ်၏အဖြစ်- ဆောင်နှင်းတတ်ပုံကို ပြန်ကြည့်ပါကလည်း၊နာရီ, မိနစ်, စက္ကန့်—ဗီဇနာ-မလပ်၊ တေဇောဓါတ်၏ ပူသောအကြောင်းကြောင့်ရင်း၊ အေးသောအကြောင်းကြောင့်ရင်း၊ ရင့်ကျက် ပျက်စီးရပုံသည်- လွန်စွာထင်ရှားပါတော့သည်။ တဥတု- ပြောင်းတိုင်း,ပြောင်းတိုင်း၊ မိုးဃ်းကာလကုန်ဆုံးခိုက်၌- ရင့်ကျက်ခံရပုံ၊ ဆောင်းကာလကုန်ဆုံးခိုက်၌- ရင့်ကျက်ခံရပုံ၊ နွေကာလကုန်ဆုံးခိုက်၌- ရင့်ကျက်ခံရပုံတို့ကို၊ တဥတု, တရာသီ ပြောင်းတိုင်း, သုံးသပ်ဆင်ခြင်ကြည့်ပါလျှင်- ပူအေးနှစ်ဖြာကြောင့်, ဇရာလောင်ဖုတ်= ပရိပါစနသရုပ်, ဤကြီးရင့်သော ရုပ်အကြောင်းကို ကောင်းစွာ ထင်ရှားမြင်ငြားနိုင်ပါသည်။

ဤနေရာ၌၊ မူလ, မာတိကာအရ- ပြသ,သကဲ့သို့၊ အကျယ်မချဲ့တော့ဘဲ၊ လိုရင်းအချုပ်- တေဇောရုပ်ဓါတ်ဆီသို့သာ အတိုချုပ်ဖြင့် သွားကြပါစို့။ပူသော အကြောင်းကြောင့် ဖြစ်စေ၊ အေးသောအကြောင်းကြောင့်ဖြစ်စေ၊ ရင့်ကျက်မှုကို ဆောင်နှင်းခြင်းသည်— တေဇောရုပ်ဓါတ်,ပရမတ်ကို သိရန်မှတ်ကြောင်း လက္ခဏာမျှသာ ဖြစ်ပါသည်၊ ပူတာ,အေးတာ, တေဇောပရမတ်, မဟုတ်သလို၊ ရင့်ကျက်တာဟာလဲ တေဇောရုပ်ဓါတ်,ပရမတ်မဟုတ်ပါ။ ထို ရင့်ကျက်စေမှု= သဘာဝဓမ္မ သခ်ါရဖြစ်ထွန်းအောင် မပျက်ပယွင်း ဆောင်နှင်းတတ်သည့် သခ်တ ပရမတ်၏ ဂုဏ်သတ္တိ၊ သဘောဓမ္မ- သုဒ္ဓ သခ်တတရားသည်သာ ပရမတ္ထတရား အစစ်ဖြစ်ပါသည်၊ အဝိနိဗ္ဘောဂ, အဋ္ဌကလာပအတွင်း၌၊ ပရမတ်၏ ဂုဏ်သတ္တိအားဖြင့်- ဆောင်နှင်းတတ်သည့် ရင့်ကျက်စေမှု သဘောဓမ္မသက်သက်ဖြစ်ခြင်းကြောင့်၊ ယင်းသို့— ပရမတ္ထဉာဏ်အရာကို ထိုးထွင်းသိအောင် "ဇာနတော ပဿ

တော အနတ္တတော”အရ- မနသိက ရောန္တဿ- ဗဟုလီကတဿ,ပြု၍၊ ဆင်ခြင် သုံးသပ် ပိုင်းခြားဝေဘန် သိမ်းဆည်းကြည့်ရှုတိုင်း၊ အတုံး,အလုံး,အခဲ,အထည် ဒြဗ်, သဏ္ဍာန် မဟုတ်၊ နိဿတ္တ-နိဇ္ဇီဝ-သဘာဝ ါအဖြစ်ကို သဘောဓမ္မ- သင်္ခတ, တရားမို့၊ သင်္ခါရအမှု- အကြောင်းလေးခုနှင့် စုံညီတိုင်း၊ “အတ္တနော သဘာဝံ— ဓါရေတီတိ ဓါတု”အရ၊ ဆောင်နှင်းထွန်းပြတတ်သော- တရားမျှ ပါတကားဟု ညာဏ်ချက်ထောက်မိလေတိုင်း၊ ပညတ်သုဉ်းဆိတ်, သုညတဟိတ်သာဖြစ်သည့်— အနတ္တကေန်, သဘောမှန်ကို- ထိုးထွင်းညာဏ်ဖြင့်သိရှိနိုင်ပါတော့သည်။ (ကြွင်း ကျန်, အချက်အလက်, သုံးသပ်စဉ်အကွက်တို့ကို၊ ပထဝီ,အာပေါ,ဓါတ်သဘော တို့၌ ပြဆိုခဲ့သည်ကို မှီး၍- ချဲ့ထွင် သိရှိအပ်ရာပါသည်။) ထို့ကြောင့်....

ဥဏှ, သိတ၊ ဥတုနိယာမ, ပရိယာယ လက္ခဏာမှ၊
ရင့်ကျက်စေရ၊ ပရိပါစန- နိပ္ပရိယာယ လက္ခဏာဟု၊
သဘာဝနှစ်ခု၊ ဖြာမှုထွန်းပေါ်လာပုံကို ခွဲခြား၍ သိခါ....၊

လက္ခဏာ မှတ်ကြောင်း= အချင်းအရာဆိုတဲ့- အာ ကာ ရ ပ စ္စု ပ ဋ္ဌာန် အပေါင်းမှ။ လက္ခဏာဝန္တ— သဘောဓမ္မ- သင်္ခတ, ပရမတ်၏- ဂုဏ်သတ္တိ- အကြောင်းရှိ စွမ်းရည်သဘောကို၊ သဘာဝပစ္စုပဋ္ဌာန်— သင်္ခါရတရား,အကျိုး ရုပ်စုများထဲမှ= ခွဲထုတ်စစ်ခါ၊ အကြောင်းမှန်ရှိ- သဒ္ဓမ္မ ပဋ္ဌောတိကို၊ မိမိရရ ကြီး- ညာဏ်ချက်ရောက်အောင် ဖေါက်ထွင်း ဆင်ခြင်လျက် မြတ်သောညာဏ်ဖြင့် ကျက်စားနိုင်အောင် ကြိုးစားတော် မူနိုင်လောက်ပြီ ဖြစ်ပါတော့သည်။ ။

## တေဇောရုပ်ဓါတ်၏—ဌာန်လေးပါး

ဥဏှတ္တ-သီတတ္တလက္ခဏာ= ပူခြင်း, အေးခြင်းလျှင်၊ မှတ်ကြောင်း, လက္ခဏာရှိ၏။

ပရိပါစန ရသာ .. = သဟဇာတ်ရုပ်တို့ကို- ရင့်ကျက်, စေခြင်း ကိစ္စရသ,ရှိ၏။

မုဒုဘာ ဝနုပ္ပဒါန ပစ္စုပဋ္ဌာနာ=သဟဇာတ်ရုပ်တို့ကို နူးညံ့စေသည်ဟု ရှေးရှုညာဏ်အား ထင်ရ၏။

သေသဘူတပဒဋ္ဌာနာ ... = ကြွင်းသော,ဘူတရုပ်သုံးပါးလျှင်၊ နီးစွာသော အကြောင်းရှိ၏။

( မှတ်ရန်ဆောင်ပုဒ် )

ပူမှု အေးမှု၊ မှတ်ကြောင်းပြု၊ ဥတုသာမည၊
ရင့်ကျက်စေရ၊ ကိစ္စပြ၊ ဘာဝလက္ခဏာ၊
သဟဇာတ်တရား၊ နူးညံ့သွား၊ ထင်ရှားဉာဏ်၌သာ၊
နိုးစွာကေန်၊ ဘုတ်သုံးတန်၊ ကြွင်းကျန်-ပ, အာ, ဝါ။

× × ×

ဤကဲသို့- တေဇောရုပ်ဓါတ်၌၊ သာမညလက္ခဏာ- ပရိယာယသဘော၊ သဘာဝလက္ခဏာ- နိပ္ပရိယာယ- သဘောတို့၌-ခွဲခြားသိခြင်း၊ မီး,ရေခဲ၊(ဝါ) ပူ-အေးစသော ပညတ်သဘောတို့ကို ပယ်နုတ်ခြင်း၊ လက္ခဏာအာရုံမှန်,သဘာဝ ပစ္စုပဋ္ဌာန်မှ၊ လက္ခဏာဝန္တ- ပရမတ္ထသဘောကို ဉာဏ်ချက်ထောက်မိခြင်းဖြင့်၊ နိဿတ္တ-နိဇ္ဇီဝ- သဘာဝ ါသဘောတိုင်၊ သုညတ, အနတ္တအနေအားဖြင့် ပရမတ်ဉာဏ်အမြင်မှန်ကို- မချွတ်မချော်ဖြစ်စေရာပါသည်။

ထို ပူ,အေး-နှစ်ဖြာ၊ ဥတုနိယာမ, သာမညလက္ခဏာတည်း- ဟူသော- ဆောင်နှင်းချက်ကြောင့်- ရုပ်တရားအားလုံးဟု ဆိုအပ်သော (၂၈)ပါးသော ရုပ်တရားတို့ကို၊ ရုပ်ဟူသော အမည်အရ= ရုပ္ပနလက္ခဏာ- ဖေါက်ပြန်ပျက်စီး တတ်သောကြောင့်၊ ရုပ်,ဟု ခေါ်ဆိုအပ်ရာ၌၊ ဤ- ဥတု သာမညလက္ခဏာ, ဆောင်နှင်းချက်ကြောင့်- ရုပ်၏, ဖေါက်ပြန်မှုသည် အလွန် ထင်ရှားရကား- ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌....

"ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ၊ ကေနရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ, ဇိဃစ္ဆာယပိ ရုပ္ပတိ, ပိပါသာယပိ ရုပ္ပတိ, ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိရုပ္ပတိ"အရ= အဓိပ္ပါယ်မှာ....

ရုပ္ပတီတိရူပံအရ၊ ရုပ်တို့၏ဖေါက်ပြန်မှုသည်၊ ရှေ့ရုပ်အစဉ်မှ- အညတ္ထာ ဘာဝအားဖြင့်- တပါးတခြား- ထူးကဲလျက်၊ ရုပ်အစဉ်တမျိုး ပြောင်းလဲသွား ရမှုဖြစ်သည်၊ ရုပ်တရားသည်- နာမ်တရားထက်, ဥပါဒ်ဌာန၏ ဤမှာဘက် ဋ္ဌီခဏအခိုက်၌၊ နာမ်,ခဏငယ် (၄၉) ချက်တိုင်တိုင်- တည်နိုင်ရကား၊ ထို အခိုက်တွင်- အပူရုပ်အစဉ်ဖြစ်ခိုက်မှ- အေးသော, အကြောင်း, သီတဥတုလွှမ်း မိုးမှုပြုလာပါက၊ စိတ္တက္ခဏ(၄၉)ချက်အတွင်း- ဋ္ဌီကာလ၌ပင် စတင်၍၊ မူလ-

ပူ ရုပ် အစဉ် မှ အေး ရုပ် အ သွင်သို့- အညတ္ထာဘာဝအား ဖြင့် ပြောင်းလဲရခြင်း ထင်ရှားသောကြောင့်၊ ရုပ်၏- ဖောက်ပြန်မှုကို- သီတ, ဥဏှ, ဥတုနိယာမ, သဘာ မညလက္ခဏာပြ၍- ဖောက်ပြန်ကြရသည်ဟု- ထင်ရှားမှုကို ရှေ့ဦးတင်ခါ ပြဆို အပ်၏။ ထိုမှတပါး- ဥတုအကြောင်းခံ မလွတ်သော ထမင်းဆာလောင်လာမှု, ရေငတ်မွတ်သိပ်မှု-မှက်ခြင် နေပူ-လေပူ-လေအေး, မြွေ, ကင်း, သန်း, စသည်တို့ ကိုက်ခဲခံရသဖြင့်- ဖောက်ပြန်ရပုံ မှန်သမျှသည်- ဥတုဇ-ကရဇကာယကို အမှူး ပြု၍၊ ဥတုကြောင့်— ဖောက်ပြန်ရကြောင်း ထင်ရှားပေသည်။ ထိုသို့.... ရှေ့ရုပ် အစဉ်မှ- နောက်ရုပ်အစဉ်, နောက်ရုပ်အဆက်ဆက်,ဖောက်ပြန်ချက်- အညတ္ထာ ဘာဝစနက်ထဲ၌၊ ပူအေးအကြောင်းခံကြောင့်- မရင့်ကျက်ဘဲ- ဖောက်ပြန်ပျက် စီးသွားသည်မဟုတ်။အမြဲယှဉ်စပ်သည့် ကိစ္စအားဖြင့်-ရင့်ကျက်မှု ရသ-သဘာဝ ပစ္စုပဋ္ဌာန်ကိုလဲ, မပျက်မယွင်း ဆောင်နှင်းခံရခြင်းဖြင့်သာ- ဖောက်ပြန်, ပျက်စီး ကုန်ခမ်းသွားကြရသော ရုပ်ကလာပ်-အစားစားတို့ပါတကားဟု ထိုးထွင်းသိအပ် ရာပါသည်။

ဝိပဿနာရှုပွားအပ်သော, ရုပ်တရားတို့မှာ၊ စတုသမုဋ္ဌာနိက, ရုပ်ဓါတ် သဘောတို့ဖြစ်ရာ၊ ဥတုကြောင့်သာ- ဖောက်ပြန်မှုကို ဆိုရာ၌၊ အထင်ရှားဆုံးနှင့် အဆက်စပ်, အလွန်ကဲဆုံးကိုသာ- ဖေါ်နည်းအားဖြင့် ဟောတော်မူအပ်သော် လည်း၊ ကံ, စိတ်, ဥတု, အာဟာရ- အကြောင်းတရားလေးပါးတို့သည် ပြုပြင် စီရင်အပ်၏။ ထိုအကြောင်းလေးပါးတို့ ချို့ယွင်းတိုင်းလည်း- ဖောက်ပြန်ရ တတ်ပါသည်။ အကြောင်းလေးပါးလုံး ညီညွတ်ခြင်းကြောင့်လည်း၊ ဘဏ္ဍာယ သမင်္ဂီအားဖြင့်-အကျိုးရုပ်ကလာပ်တို့ ဖြစ်ရ၏။ ထိုအကြောင်း-ညီညွတ်မှုကိုက ခဏတ္တယ အစွမ်းမျှသာရှိသည်ဖြစ်၍၊ အကြောင်းချုပ်သဖြင့် အကျိုးရုပ်တို့သည် စိတ္တက္ခဏ(၄၉)ချက်အတွင်းဝယ်၊ အကြောင်းလေးပါး ကင်းကွာမှုဖြစ်သဖြင့်၊ ဝိပရိဏာမ, ဖောက်ပြန်ရ၏။ အညတ္ထာဘာဝ-ရှေ့ရုပ်အစဉ်မှ- တမူထူးခြား ရွေ့ လျောရ၏။ ဘင်္ဂက္ခဏ၏ ဤမှာဘက်၌- ကုန်ခမ်းချုပ်ဆုံး ပျောက်ပျက် သုဉ်းရ တော့၏။

ထိုသို့= ကုန်ခမ်း, ချုပ်ဆုံး, ပျောက်ပျက်, သုဉ်းသော- ရုပ်အားလုံး၌ ကံကြောင့်လည်း- ကုဋ္ဌနူနာ, နားကန်းခါနှင့်- မျက်လှာချို့ယွင်း ဖြစ်ဘတ်ခြင်း တို့အပြင်၊ စိတ်ကြောင့်လည်း- ရူးသွတ်ဟောင့်ရမ်း-မေ့ခန်းအထွေထွေ ဖြစ်တတ် ရပုံတွေအပြင်၊ အာဟာရကြောင့်လည်း- တခဏခြင်း- ထိုးကျင်ကိုက်ခဲ- တောင့် တင်း, သန်းဝေ, ငိုက်မြည်း စေတတ်ခြင်း စသည်တို့သည်လည်း၊ မပြတ်မလပ်, အကြောင်း လေးရပ်တို့ကြောင့်၊ ဖောက်ပြန် ပျက်စီးလျက်ရှိသော ရုပ်တရားတို့

သာလျှင်ဖြစ်ပါသည်။ ထိုသို့- ဖေါက်ပြန်မစဲ ပြုပြင်မဆုံး-ရုပ်ကလာပ်အားလုံးတို့သည်၊ မရင့်ကျက်ဘဲ- တစက်ကလေးမျှမရှိ၊ ဠာဒဏ, ဇရာဇာတ်ကို မပြတ်, ခင်းကျင်းပေးတတ်သော- တေဇောဓါတ်၏- ပရိပါစန သဘာဝလက္ခဏာကို မချွတ်မယွင်း ဆောင်နှင်းခြင်းဖြင့်သာ၊ ဖြစ်လျှင် ဖေါက်ပြန်- ပျက်ရန် ဇရာ- ရင့်ကျက်ခါဖြင့်၊ ဆက်ခါအကြောင်း, ပြုပြင်ပေါင်းက၊ ရင့်ကျက်ပြီးရုပ်- ထိုသရုပ်နှင့်အဟုတ်မကွာ၊ ရုပ်သန္တတိ အကြာကြာသည်၊ ဇရာပရိပါစနဖြင့်, တောက်လောင်ခါအဆက်ဆက်, ရင့်ကျက်မှု, ပျက်ပါသောကြောင့်= ငယ်ရာမှကြီး၊ ဇရာရုပ်, ဘိစီးလာပုံကိုကြည့်ပါက၊ အချက်ကျကျ- ထုန့်က်လာသည့် ရင့်ကျက်မှု မပြတ်ခဲ့သည်ကိုပင်၊ဝိပရိဏာမနှင့် အညတ္တဘာဝ- အသွင်အပြင်ဟုလည်း ထင်ရှားစွာ ဉာဏ်နှင့် ကြည့်၍၊ ပိုင်းခြား သိသင့်ပါတော့သည်။

ဤကဲ့သို့-ရုပ္ပနလက္ခဏာအရ၊ ရုပ်အားလုံးတို့- အကြောင်းလေးပါးနှင့်အညီ-ဖေါက်ပြန်ပျက်စီးတတ်သည်တို့တွင်၊ ဥတု သီတ, ဥဏှသည်သာ- အထင်ရှားဆုံးအနေအားဖြင့်ရှင်း၊ ရှေ့ရုပ်အစဉ်နှင့် နောက်ရုပ်အစဉ်- မတူခြားနား- ဖေါက်ပြန်ပျက်စီးပုံ ထင်ရှားခြင်းကြောင့်ရှင်း၊ ပဓါနနည်း- ဥက္ကဋ္ဌနည်းပြု၍- ဟောကြားတော်မူအပ်ခြင်း ဖြစ်ပါသည်၊ တဖန်လည်း- ဥဏှတ္တလက္ခဏာကိုသာ, ရှေ့ဦးတင်၍ ဆိုရာ၌လည်း၊ တေဇောဓါတ်လေးမျိုးကို၊ သန္တပ္ပန, ဒဟနနှင့် ဇိရဏ-ပါစက-ဟု၊ လေးပါးသော- တေဇောဓါတ်အပြားဖြင့်-ပြဆိုခြင်းကြောင့်ဖြစ်ပါသည်။ ထိုတွင်၊ ကံကြောင့်ဖြစ်သော- ပါစက, တေဇောကိုမှီ၍၊ ရုပ်ခန္ဓာတို့၌ ကိုယ်ငွေ့ဟုဆိုအပ်သော ပကတိရိုးရိုး-ကိုယ်ငွေ့ကို- ဥသ္မာတေဇောဟု-ခေါ်ဆိုအပ်၏၊ ယင်း ဥသ္မာတေဇော-ကိုယ်ငွေ့သည် ဓါတ်ကြီးလေးပါး- ညီမျှ ကျန်းမာ, သူများအဘို့၊ ဆောင်း,မိုးအခါ- နွေးထွေး၍၊ နွေအခါ- အေးချမ်းစွာရှိတတ်ကြရခြင်းသည်၊ကံနှင့်စပ်သောပါစကတေဇောဓါတ်၏-ထက်မြက်မှန်ကန်သော၊ ကမ္မာဝရဏ- အကြောင်းနှင့် (၀၁) ကမ္မနိယာမကို မကျော်လွန်မူ၍၊ ဆောင်နှင်းနေကြောင်း- ထင်ရှားပါသည်။ ၎င်း-ပါစကအကြောင်းတံ, ကိုယ်ငွေ့ ဥသ္မာတေဇောတို့-အအေးမိ,ဒဏ်ပူမိ,အပူရှပ်,အအေးရှပ်,သဖြင့် ဖေါက်ပြန်သော အခါ၌၊ ရက်ခြားပူ၍ဖျားခြင်း၊ ချမ်းဖျား,တုံဖျား,တက်ဖျား,ကျဖျား-ဖြစ်ခြင်းစသည်အားဖြင့်- ဖေါက်ပြန်လာခြင်းသည်- သန္တပ္ပနတေဇောသာတော ဖြစ်ပါသည်၊ ဤသည်ကို-အလေးဂရုမထား-ဆေးဝါးမမှီဝဲပါက- မကြာခဏ ပြန်လှန်ဖြစ်သဖြင့်-ခန္ဓာဟုဆိုအပ်သော အတွင်းအတ္တဘော-ကောင်္ဂသတိ- လိုက်ပျက်စီးရပါက၊ ဇီဝိတိန္ဒြေကို- အန္တရာယ်ပေး၍- သမုတိသစ္စာအားဖြင့် ၎င်းဥသ္မာတေဇော, ဇီဝိတိန္ဒြေတို့ ပျက်စီးပါက- ဝိညာဏ်သည်- မှီရာဂတ္တာ၊ ဘူမိ-မရှိသည့်၏

အဖြစ်ကြောင့်၊ ဤရုပ်စုဝတ္ထုတို့- ရွှေ့လျောကျရခြင်းကို-လူသေသည်ဟု-သမုတ်
ကြရတော့သည်။ တဖန်- ဝိညာဏ်၏ တည်ရာဝတ္ထုကို- အဝိဇ္ဇာ- တဏှာ- ကံတို့
ကြောင့်- ဘူမိကာဒ္ဓုပ္ပန္န- အားဖြင့် (၁၅) ဘူမိ=တည်မှီရာရုပ်စုဝတ္ထုကို၊ လဒ္ဓ-
ရခြင်းဟုဆိုအပ်သော၊ ဥပ္ပန္န- ပဋိသန္ဓေတည်နေဖြစ်ရှိရခြင်း သက်ဝင်ရလေ၏။
ထိုအခါ- အကြောင်းက- အဝိဇ္ဇာ-တဏှာ-ကံ,ဖြစ်ခြင်းကြောင့်၊ ကိလေသာဝဋ်
နှင့် ကမ္မဝဋ်သည် အတူတကွနက်-စွဲဝင်သည်ဖြစ်သော- ဝိပါကအကျိုးရုပ်နှင့်စပ်
သော-နာမ်ခန္ဓာဖြစ်ခွင့်- ဝဋ်သုံးပါးကို-ရငြားပြန်ရပါလေတော့သည်၊ ၎င်းအခါ
မောင်ဖျူသေ၍- မောင်မဲဖြစ်သည်၊ လူသေ၍-နတ်ဖြစ်သည်၊ တိရစ္ဆာန်ဖြစ်သည်၊
ပြိတ္တာဖြစ်သည်-ငရဲရောက်သည်ဟု ပြောကြလေသတတ်၊ ယုတ္တိကင်းမဲ့လွန်းလှစွာ
ပုဂ္ဂိုလ်သတ္တဝါ-အစွန်းအထင်းငြိနေကြခြင်းသည်- ရယ်ဘွယ်ရာသာ-ပျက်ရယ်ပြု
စရာသာ- ကောင်းလေစွ၊ ဤသို့-ပုတုဇဉ်တို့- သံသရာလယ်ရန်- အမှတ်-အသိမှုး
ဖြင့်- ရှူးတတ်ကြတော့သည်၊ ရှူးနေကြတော့သည်- မူးနေကြရဦးမည်သာ ဖြစ်
တော့သည်။

ထို-သန္တပ္ပနဘောဇော-မှတဖန်- အထက်လွန်ကဲ အပူမြဲလှ- ထကြွသောင်း
ကျန်းလာကလည်း၊ ယပ်ခပ်,ရေလောင်း,ရေခဲစိမ်,ပေးရသည်အထိ ကြီးစွာသော
အပူလွန်ကဲလာခြင်းသည်-ဒဟနတေဇောဖြစ်ပါသည်။ ထိုတေဇောသည်လည်း-
သတ္တဝါတို့ဇီဝိန်ကို- တမုဟုတ်ခြင်း- ဖြိုခွင်းတတ်ပါသည်၊ ၎င်းကို- ပုလိပ်ဖျားအ
နေဖြစ်ပွားပါက၊ ဆေးမနိုင်မတွေ့လျှင်- သုံးရက်သာအလွန်ဆုံးခံနိုင်တော့သည်၊
၎င်းပြင်- စိတ္တဇနာနှင့်ပတ်သက်သော- ဒဟနတေဇောအားကြီးချက်ကို မိဿက
ဝါယောက-အခေါဝါတ-မကူဘဲ၊ ဥဒ္ဒံဝါတ-အနေအားဖြင့်- အထက်သို့-လွန်စွာ
ဆောင်စေသဖြင့်- ရင်ကွဲနာကျရလေသည်မှာ ဒဟနတေဇော ဥဏှလွန်ကဲသော
ကြောင့် ဖြစ်ရှိရတော့သည်၊ ထိုစိတ်နှင့်ယှဉ်၍ဖြစ်သော- ဒဟနတေဇောသဘော
သည်-အဘယ်မျှ ပြင်းထန်ပါသနည်းဆိုသော်၊ ဒေဝဒတ်- မြေမျိုခံရပြီးနောက်-
အလွန်တရာ ကြောက်လန့်ခါ- သံဝေဂရလာသော အဇာတသတ် မင်းသည်-
မြတ်ဘုရားရှင်ထံ ချဉ်းကပ်၍- အဆုံးအမခံယူကာ- လွန်စွာကြည်ညိုသော သဒ္ဓါ
နှင့် ကိုယ်တွေ့စိတ်တွေ့ကြောင့်၊ အားကိုးတကြီး ယုံကြည်စွဲမြဲ- အသဲစွဲကြည်ညို
သည့်- အာဝေစ္စပသာဒသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကယောက်အဖြစ်သို့ ရောက်
ခဲ့သည်၊ ကြည်ညိုယုံကြည်အားကိုး၍မှ မဝခင်,မြတ်ဘုရားရှင်သည်- ကုသိနာရုံ
ပြည်- မလ္လာမင်းတို့၏ ဥယျာဉ်၌- ပရိနိဗ္ဗာန်ပြုတော်မူရာ၊ ထိုသို့- မြတ်စွာ
ဘုရားရှင် ပရိနိဗ္ဗာန်စံသည့်အကြောင်းကို- အဇာတသတ်မင်းအားလျှောက်ထား
ရမည့်အကြောင်းသည် ပေါ်ပေါက်ခဲ့ရာ၊ လွန်စွာ လိမ္မာသော သက်တော်ရှည်-

အမတ်ကြီးကြောင့်သာ- အဇာတသတ်မင်းမှာ အသက်ဘေးမှ လွတ်ခဲ့ရသည်၊ အမတ်ကြီးသည် ဘုရားပရိနိဗ္ဗာန်စံတော်မူပြီဖြစ်ကြောင်း-အဇာတသတ်မင်းအား ရိုးရိုးလျှောက်ထားက၊ သောကလှိုက်ဆူ-အပူမီး-ဒဟနတေဇောဖြင့်-ရင်ကွဲနာကျ သေရဘွယ်အထိ-ဖြစ်ရှိမည်ကို ရိပ်စားမိခါ၊ ထောပတ်ကန်ငယ်တခု- ပြုလုပ်ပြီးမှ ၎င်းထောပတ်ကန်ငယ်အနီးသို့- အဇာတသတ်မင်းအား- ပရိယာယ်ဖြင့် ခေါ်ဆောင်လာပြီးမှ- ဘုရားပရိနိဗ္ဗာန်ပြုပြီဖြစ်ကြောင်းကို လျှောက်ထားရာ၊ အဇာတသတ်မင်းသည်-ဤနေရာတွင်ပင်- သောကဒဏ်ချက်ကြောင့် "ဗုဒ္ဓေါ" ဘုရားရေလို့-တခွန်းသာ အော်လိုက်နိုင်ပြီး- မေ့မြော၍သွား၏၊ ချက်ချင်းပင်- အဇာတသတ်မင်းအားပွေ့၍- ထောပတ်ကန်ထဲသို့ ချပေးလိုက်ရတော့သည်။ ထိုအခါ ထောပတ်တို့သည် အဇာတသတ်မင်း၏ ပါစကကိုအကြောင်းခံ၍ ဥသ္မာတေဇောတို့ ပြောင်းဆန်အောင်ပူလာသော ဒဟနတေဇောကြောင့် မီးနှင့်ကြာရှည်စွာ မြိုက်ထား၍ ဆူပွက်နေဘိသကဲ့သို့- တပွက်ပွက်အားဖြင့်- ဆူပွက်၍လာကုန်တော့၏၊ ထိုဆူပွက်ချက်ငြိမ်သက်မှ- အဇာတသတ်မင်းကို ထောပတ်ကန်ထဲမှ ဆယ်ယူခါ- သတိတဖန်ပြန်ရအောင်,လုပ်ပြီးမှ- အဇာတသတ်မင်း- အသက်ပါ, ပါမသွားခြင်း ဖြစ်ရှိရတော့သည်။ ဤသို့အထိ-ဖြစ်ရှိရသည်မှာ အဇာတသတ်မင်း၏ ပင်ဂိုရ်အင်အား- တေဇော,ဝါယောနှစ်ပါးမှာ ဆင်ပြောင်ငါးစီး အားမာန်ကြီးသော-ယောကျ်ားဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ အဇာတသတ်မင်း အားစိုက်၍ ခုန်ပျံလျှင် အတောင်နှစ်ဆယ်အမြင့်ကို လွယ်ကူစွာခုန်နိုင်သည်။ မြောင်းကျော်ခြံစည်းရိုးခုန်ပုံမျိုးကို အဇာတသတ်မင်း ပကတိခုန်ရုံမျှက- လက်ခုပ်တဖေါင်ထက်ပင် သာလွန်သေးတော့ရာ၊ မူလ- ကမ္မဇတေဇော, ဝါယောတွင်- စိတ္တဇ-တေဇော-ဝါယော- သောကနှင့်နှောပါသဖြင့် ထောပတ်ကန်ပင်- ပွက်ပွက်ဆူအောင်-ပူစေရသောသဘောသည်- ဒဟနတေဇောသဘောဖြစ်ပါတော့သည်။

ပူအေးနှစ်ဖြာ၊မသိမသာဖြင့် နေ့ညမပြတ်၊ ကွက်လပ်မရှိ၊ ရင့်ကျက်ဘိ၍၊ ဆန်ဖြူသွားကြွေ၊ပါးရေ နား,ရေ- တွန့်လိပ်ခါ၊ မျက်စိမွဲ-နားထိုင်း, ခါးကိုင်း, ယိမ်းယိုင်- ချိနဲ့မှုတိုင်အောင်- ရုပ်ခန္ဓာဝတ္ထု- ဆုတ်ယုတ်မှုကို- အဟုတ်ပြုတတ်သော၊ ဇရာလောင်ဖုတ်- ကြီးရုပ်ယိုယွင်း- ကျဆင်းရခြင်းသည်- ဇိရဏ တေဇောသဘောပင်ဖြစ်ပါသည်။ စားသောက်ဝါးမျို-လျက်ဘွယ် ထိုထိုသော-အာဟာရတို့ကို ရုပ်ခန္ဓာအဆက်ဆက်- သန္တတိသဘောမပျက်စေရန်- ရင့်ကျက်ထက်သန်-နူးညံ့အောင်ဖန်တည်းပေးရသော ဝမ်းမီးခေါ်-တေဇောကို ပါစကတေဇောဟု ခေါ်ဆိုပါသည်၊ ၎င်းသည်= အစာသစ်အိမ်နှင့် ကပ်လျက် တည်နေတတ်ပြီး-အဗဒ္ဓသည်းခြေနှင့်လည်း ဝန်းရံခါ၊ ရှေးဘုန်း-ရှေးကံ- ထက်သန်မှုအလျှောက်-

ဖြစ်ထွန်းပေါ်ပေါက်စေတတ်ရကား၊ ကမ္မဇတေဇော- ပါစကဓါတ်ဟု ခေါ်ဆိုအပ်၏။ သို့သော်- ပစ္စုပ္ပန်ကံ့အနေအားဖြင့်- စိတ္တဇ, ဥတုဇ, အာဟာရဇ- တေဇောအကြောင်းတို့ကို တတ်သိ-ကျွမ်းကျင်ပါကလည်း၊ ထိုဝမ်းမီးခေါ် ပါစကတေဇောကို- ထောက်ပံ့သည်အားဖြင့်- ပြုပြင်၍ ရရှိလာနိုင်စေပါသည်၊ သို့သော်မုချကား- ကံ၏အရာသာဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော်- ဇီဝိတိန္ဒြေ၏အဆက်ဆက်ရှည်ကြောင်းဖြစ်သော ဝါးမျိုအပ်သော အာဟာရတို့ကို ကျင်ကြီး, ကျင်ငယ်၊ တသွယ်,သွေးသား၊ ပိုးစာ,လောင်မီးအားဖြင့်- ရင့်စေကျက်စေ- ပါယ်ရှားသုတ်သင်စေလျက်- ကိုယ်ထယ်စီမံ- ရုပ်ဝတ္ထုအစုစုကို ရှင်သန်စေရန် ဆောင်နှင်းရသော- ပါစကဓါတ် တေဇောသဘောဖြစ်ခြင်းကြောင့်ဖြစ်ပါသည်။

ထို့ကြောင့်- ''တေဇေတိ ပရိပါစေတီတိ တေဇော''ဟု၊ ဘာဝသာနဝိဂ္ဂိုဟ်ပြုရသော တေဇောရုပ်ဓါတ်သည်၊ တေဇေတိ ပရိပါစေတိ-ရုပ်တို့ကို ရင့်ကျက်စေတတ်၏၊ (ဝါ) ရင့်ကျက်စေပြီး- ထောက်ပံ့မှုအသီးသီးကိုလည်း ပြီးစေတတ်၏။ ဣတိ-ထိုကြောင့်၊ တေဇော-ဉဏှ-သီတ, ဥတုနှစ်ဖြာမှု အကြောင်းခံသော ပရိပါစနသဘော တေဇောဓါတ်မည်၏-ဟု ဆိုအပ်သည်နှင့်အညီ၊ ပင်ဂို့ရိအမည်နာမ သဘာဝနှင့် လျှော်ညီသော- လက္ခဏာမှ- လက္ခဏာဝန္တတိုင်အောင်အထက်က ပြဆိုဘိသကဲ့သို့၊ တေဇောရုပ်ဓါတ်၌၊ လက္ခဏာမှန်- အချင်းအရာမမှားစေဘဲ- ပရမတ္ထဉာဏ်အမြင်- အားအစွမ်းထက်အောင်- သဘောသဘာဝတ္ထအချက်ကို စီစစ်ပြီး- ဉာဏ်ချက်ထောက်မိခါ၊ သုညတ, အနတ္တအစစ်, ပရမတ်ဉာဏ်ဖြစ်မြောက်ပြီးလျှင်- ဖေါက်ထွင်းနိုင်အောင်- ကြိုးစားလျက်၊ စိတ်ပါဝင်စားစွာ-နှ‌ေဝှံးသွင်းပွားများ၍- ဉာဏ်၌ရှင်းလင်းရယူနိုင်ပြီးလျှင်၊ လက္ခဏာရေးသုံးပါးဝင်ပုံများကိုလဲ- ပထဝီရုပ်ဓါတ်၌- ပြသသည့်အစဉ်ကိုမှီးကာ၊ အသိဉာဏ်ကြီးနိုင်လောက်ပြီ ဖြစ်ပါသောကြောင့်၊ ဤတွင်ရွေ့-တေဇောရုပ်ဓါတ်-ပရမတ်ဉာဏ်အရာကို ရပ်နားပြီး- ဝါယောရုပ်ဓါတ်ဘက်သို့ ဆက်ကြပါစို့....။

## ''ဝါယောရုပ်ဓါတ်-ပရမတ်''

ဤနေရာ၌၊ မဟာဘုတ်ရုပ်ဓါတ်ကြီးလေးပါးတို့သည်၊ ပထဝီ- မြေကြီး, မြေဓါတ်-မဟုတ်ပုံကိုရှင်း၊ အာပေါ-ရေ,ရေဓါတ်မဟုတ်ပုံကိုရှင်း၊ တေဇော-မီး, မီးဓါတ်မဟုတ်ပုံကိုရှင်း၊ ရှင်းလင်း,ပြသဘိသကဲ့သို့၊ ဝါယော- လေ, လေဓါတ်မဟုတ်ပုံကို ရှင်းလင်းပြဆိုပါမည်။ သင်္ခါရလောက- ရုပ်နာမ်မျှတို့၏ သင်္ခါရ, ဒုက္ခသစ္စာတရားကြီး-ဒလစပ်အားဖြင့်- အကြောင်းစုံညီတိုင်း-ဖြစ်ပျက်နေရသော

သင်္ခတ,ပရမတ်တို့၏- ဝိဇ္ဇမာန- ထင်ရှားရှိအမည်ပညတ်, သဘာဝလက္ခဏာတို့၌ သုံးစွဲခေါ်ဝေါ်ကြပုံတွင်၊ သမုတိသစ္စာ- အဝိဇ္ဇမာနပညတ်နှင့် ပရမတ္ထသစ္စာ- ဝိဇ္ဇမာန- သင်္ခတပညတ်သဘောတို့ကို၊ ရောနှောယှက်တင်- သုံးစွဲနေကြသဖြင့်- ပရမတ်ဉာဏ်အမြင်မှန်-ကောန်ရောက်မှု (ဝါ) ပရမတ္ထဝိဂ္ဂဟကို ထွန်းပြမှုသဘောတို့၌လည်း ရောထွေးယောင်ဝါးလျက်ရှိနေတတ်ကြပါသည်။ (ဥပမာ) ပထဝီ, မြေဓါတ်၊ အာပေါ,ရေဓါတ်၊ တေဇော,မီးဓါတ်၊ ဝါယော,လေဓါတ်ဟု သုံးစွဲကြခြင်းသည်၊ဩကာသလောက, သမုတိပညတ်-လောကဓါတုသဘောမျှပေါ်၌ သမုတိသစ္စာအားဖြင့်- သုံးစွဲရာသာ ရောက်ပါသည်။ ၎င်းကို တဖန်- ပထဝီမြေဓါတ်- ရုပ်ပရမတ်ဟူ၍၎င်း၊ အာပေါရေဓါတ်, ရုပ်ပရမတ်ဟူ၍၎င်း၊ တေဇောမီးဓါတ်-ရုပ်ပရမတ်ဟူ၍၎င်း၊ ဝါယောလေဓါတ်- ရုပ်ပရမတ်ဟူ၍၎င်း- သုံးစွဲလာကြပြန်ရာ၊ သမုတိသစ္စာ, အဝိဇ္ဇမာနပညတ်နှင့်- ပရမတ္ထသစ္စာ, ဝိဇ္ဇမာနပညတ်ကို- ရောစပ်သုံးစွဲသဖြင့် မြေ- ရေ- မီး- လေ,ဆိုတဲ့- အဝိဇ္ဇမာန ပညတ်ကို အရှိလို့ ထင်စွဲတတ်မိအောင်၊ ဝါယောလေဓါတ်- ရုပ်ပရမတ်လို့ ဆိုလိုက်တော့၊ ဝါယောဆိုတဲ့- အမည်ကတော့- ပရမတ်တရားရဲ့ ထင်ရှားတဲ့- ဝိဇ္ဇမာနပညတ်၊ လေ, ကတော့- ထင်ရှားမရှိတဲ့, အဝိဇ္ဇမာနပညတ်၊ ဓါတ်ကတော့- ထင်ရှားရှိ သင်္ခတ, ပရမတ္ထတရား၏ ဆောင်နှင်းချက်- သဘာဝလက္ခဏာ၊ ရုပ်ကတော့- ပရမတ်၏ဓါတ်အနေ ဆောင်နှင်းချက်ကြောင့်၊အကြောင်းအပေါင်းရှိ စွမ်းရည်အရ၊ ခဏတ္တယ,အကျိုး- ဒုက္ခသစ္စာ-ရုပ်ခန္ဓာတရား၊ အဲဒီတော့- ထင်ရှားရှိ၍- ထင်ရှားရှိခြင်းကို ဆောင်နှင်းတတ်တဲ့- ပရမတ္ထသဘောဓမ္မက၊ ဓါတ်လက္ခဏာ အနေ ဆောင်နှင်းတာမဟုတ်ဘဲ၊ မရှိတဲ့-ပညတ်-လေ,က- ရုပ်ပရမတ်ဖြစ်အောင် ဆောင်နှင်းသလို အခင်းမျိုးထဲကို- သက်ဆင်းစွဲယူစရာ ဖြစ်ရှိ, ရောက်ရှိသွားရတော့သည်။ အဲဒီလို- လေဓါတ်- ရုပ်ပရမတ်လို့- ဆက်ပေးလိုက်ခြင်းကြောင့်၊ ဝိဇ္ဇမာနပညတ်မှ- ပရမတ်ရုပ်ကို= အဝိဇ္ဇမာနပညတ်, လေထဲကဘဲ ဖြစ်လာသယောင်ယောင်နှင့်၊ မူလအစွဲ= မြေ,ရေ မီး,လေ, သမုတိသစ္စာ, အဝိဇ္ဇမာနပညတ်တွေကို- မပယ်မဖျောက်နိုင်ဘဲ-ဖြစ်နေတတ်ကြရတော့သည်။ လူတရာမှာ ကိုးဆယ့်ကိုးယောက်က- ဤအတိုင်းသာဖြစ်နေကြသည်ကို တွေ့ရပါသည်။

ပထဝီ- အာပေါ- တေဇော- ဝါယော, ဆိုသော နာမည်သည်၊ စင်စစ် ထင်ရှား ကောန်ရှိသော- ပရမတ္ထသစ္စာတွင်၊ ရုပ်ဓါတ်တပါးစီ အနေအားဖြင့်- သဘာဝမှတ်ကြောင်းနှင့်အညီ၊ မြတ်ဘုရားရှင် မှည့်ခေါ်ပေးခဲ့သော ဝိဇ္ဇမာန- နာမ,ပညတ်သာဖြစ်ပါသည်။ မြေကြီးကို ခေါ်ခဲ့သည်မဟုတ်ပါ၊ ရေကို ခေါ်ခဲ့တာလည်း မဟုတ်ပါ၊ မီးကိုခေါ်ခဲ့တာလဲ မဟုတ်ပါ၊ လေကိုခေါ်ခဲ့တာလဲ

မဟုတ်ပါ၊ ထိုသို့ မဟုတ်သော်လည်း- လောကသားတို့က-တဖန်,ၚင်းထင်ရှားရှိ တရားကို မှည့်ခေါ်ထားသည့် အမည်နာမကိုပင်၊ထင်ရှားမရှိသော- သမုတိသစ္စာ နယ်မှ- မြေ,ရေ,မီး,လေ,တို့ကိုပါ၊ ပထဝီ, အာပေါ, တေဇော, ဝါယောဟု- ဝေါဟာရကပ်၍-ထပ်ဆင့်သုံးစွဲလာရာ၊ (ဝါ) ဓါတ်ဗိန္ဒော-နက္ခတ် ဗေဒင် ဆရာ တိုက ဆုံးစွဲလာရာ၊ မရှိပညတ်, သမုတ်ရုံမျှသာဖြစ်သည့်- ပညတ္တိအတ္ထဘက်၌ လည်း- အကျုမ်းဝင်,တွင်ကျယ်၍သွားရပြန်တော့သည်၊ အဲဒီလို- သင်္ခတပရမတ်, သင်္ခါရနယ်တွင်သာ သုံးစွဲရမည့် အမည်နာမကို သစ္စာနယ်နှစ်ရပ်လုံးတွင် ဆက် နွယ်သုံးစွဲလာကြရာ၌၊ အမျှားအာရုံ-တွေ့ထိစွဲဝင်တတ်ကုန်သော မြေ, ရေ, မီး, လေ,မရှိပညတ်ပေါ်၌သာ၊ ပထဝီ-အာပေါ-တေဇော-ဝါယောလုပ်၍ ထိုစွဲလာ ခဲ့ကြခြင်းကြောင့်၊မြေဆိုတာ, မရှိတဲ့ပညတ်၊ ရေဆိုတာ,မရှိတဲ့ပညတ်၊ မီးဆိုတာ မရှိတဲ့ပညတ်၊ လေဆိုတာမရှိတဲ့ ပညတ်ဖြစ်တဲ့- အဝိဇ္ဇမာနပညတ်- သမုတိသစ္စာ အနေ-ခေါ်ဝေါ်သမုတ်ရုံမျှသာ-ဖြစ်တဲ့တရားပါသို့ ခွဲထုတ် ဟောပြောပြသရန် ခဲယဉ်းသလောက်၊ အန္ဓပုထုဇဉ်တို့မှာလဲ- အစွဲမပျောက်- ပယ်ဖျောက်ရန်လဲ- ခဲယဉ်းလာခဲ့ကြပါသည်။ ဘယ်လိုပင်, အဲဒီ, မရှိပညတ်တရားတွေဟာဖြင့် ဘုရှိ လုပ်ပြီး ယူထားကြတာ အမှားပါဘဲ၊ ပထဝီ- အာပေါ- တေဇော- ဝါယော- ဘုရားဟောပရမတ်အမည်ကို- မြေ,ရေ-မီး, လေ, လုပ်ထားစွဲယူခဲ့ကြတဲ့- သမုတိ နာမပညတ်နှင့် ပရမတ္ထနာမပညတ်ဆိုဘဲ့- ဝိဇ္ဇမာန ပညတ်သဘောကိုပင် ကွဲ အောင် ခွဲထွင်ပြ၍-ပုံတ်အောင်ဖြုတ်၍ပေးသော်လည်း၊ ကပ်မြဲကပ်, ငြိမြဲငြိနေ တတ်သောအဖြစ်မျိုးနှင့် ဦးပဥ္စင်းတို့ ဟောပြောပြသရာတိုင်း၌ မြောက်များစွာ တွေ့ရှိလာခဲ့ရပါပေသည်။

အချို့ကလည်း- ဓါတ်ဆိုမှ- နားလည်ကြပြန်သဘဲ၊ ပရမတ်, သဘော သဘာဝတ္တ သက်သက်မျှသာဆိုဘဲ့ ပညတ်အားလုံး သုဉ်းထိတ်တဲ့ သဘောကို လက်မခံနိုင်အောင်ပင် အစွဲသန်နေကြသည်၊ သဘောမျှသာက်သက်- အကြောင်း ရှိစွမ်းရည် ပစ္စယသတ္တိမျှကို သဘောမပေါက်၊ကောင်းကင်လို-အဘာဝပညတ်လို့ ထင်နေကြပြန်သည်။ အဲဒီတော့- ဓါတ်ဟာလဲ-ပရမတ်ဘဲ၊ ပရမတ်ဟာလဲ ဓါတ် ဘဲလို့ လုပ်ရုံမျှမက၊ ဓါတ်စီးပြီး တရားထိုင်ကြပြန်သတဲ့၊ ဘယ်လိုလဲဆိုတော့- ဓါတ်ဆရာက တရားပြတဲ့ ရဟန်းဆိုရင် သင်္ကန်း၊ လူဆိုရင် လက်ကန်တော့ပန်း ပုဝါကို တရားထိုင်တဲ့ ယောဂီပုဝါတွေနဲ့ ဆက်ထားခါ၊ ဓါတ်လွှတ်, ဓါတ်ကူး ပေးပြီး တရားထိုင်ကြပြန်သတဲ့၊ အဲဒီလို- ဓါတ်ကူး-ဓါတ်လွှတ်ပေးတော့- တရား မြန်မြန်ပေါက်တယ်တဲ့၊ အဲ, သူတို့ကို- ပရမတ်ဆတ်ဆတ်သဘော, သွားမဟောနဲ့ သဘောလဲမကျ- သဘောလဲ မပေါက်တော့ဘူး၊ လောကကြီးတခုလုံး ဓါတ်

ချည်းဘဲ၊ အဲဒီ-ဓါတ်တွေကို ကောင်းဓါတ်တွေရအောင်, ဖြစ်အောင် ဓါတ်စီးရသတဲ့၊ ဓါတ်စီးပေးနိုင်တဲ့ ပုဂ္ဂိုလ်မှ- တရားပေးနိုင်, ရနိုင်သတဲ့၊ ဒါတွင်လဲ မကသေးပါဘူး၊ စာလဲမတတ်ပါဘူးတဲ့၊ ဓါတ်စီးပြီး-ဟောချင်တဲ့တရား,ပြချင်တဲ့တရားများလဲ ပြသ, ဟောကြားနိုင်သတဲ့၊ သွားကြည့်တော့လဲ- ကျက်စာတွေ, ဖတ်ပြသလို ဟောပြလို့ပေါ့၊ ဓါတ်ကို သူတို့မှပိုင်သတဲ့၊ ဓါတ်ပေါက်ပြီးပြီတဲ့၊ အဲဒါတွေဟာ- ဘုရားဟောတော်မူခဲ့တဲ့ ယထာဘူတဉာဏ်ဆိုတဲ့၊ အစ, သဘောလောက်တောင် လုံးဝ, ဝင်တာမဟုတ်တော့၊ အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်ရောက်ဘို့တော့၊ ငါတို့ဟာ- ဝေလာဝေးပါကလားလို့ ခိုင်းတဲ့လူကလဲ မသိ၊ လုပ်တဲ့- လူကလဲ မသိ၊ စွဲမိ,စွဲရာတွေ စွဲနေကြသည်အထိ၊ ဖြစ်ရှိနေကြပုံတို့သည်၊ ယခုလို- ဝိမုတ္တိယုဂခေတ်ကို- နောက်ပြန်၍ နှစ်ပြစ်နေကြခြင်းသာ ဖြစ်တော့သည်။

ထို့ကြောင့်... ပထဝီရုပ်ဓါတ်ပြခဲ့စဉ်က၊ မြေကြီးမပါ- ဖါယ်နှုတ်ခါပြခဲ့သလို၊ အာပေါရုပ်ဓါတ်ပြခဲ့စဉ်က၊ ရေ, မပါ, ဖါယ်နှုတ်ခါ ပြခဲ့သလို၊ တေဇောရုပ်ဓါတ်ပြခဲ့စဉ်က- မီးမပါ, ဖယ်နှုတ်ခါပြသလို၊ ယခုဝါယောရုပ်ဓါတ် ပရမတ်သဘော၌လည်း- လေမပါ, လေမရှိပုံကို ထုတ်နှုတ်၍ ပြဆိုပေးပါမည်။ အလုံးစုံသော ရုပ်ပရမတ်သဘောတို့ကိုလဲ၊ ပထဝီရုပ်ဓါတ် ပြစဉ်က၊ (၁) ပရမတ်၊ (၂) ဓါတ်၊ (၃) ရုပ်၊ (၄) ဒြဗ်လို့- တခုချင်းခွဲခြမ်းစိပ်ဖြာ၍ ပြခဲ့တဲ့သဘောသည်၊ ရုပ်ဓါတ်,ပရမတ်တိုင်းနှင့် သက်ဆိုင်ပါ၍၊ သဘောပိုင်အောင် အထပ်ထပ်ကြည့်ပြီး၊ လက္ခဏာနှင့် လက္ခဏာဝန္တကွဲအောင်- ရုပ်ဓါတ်တိုင်း၌ ပရမတ္ထဉာဏ်အမြင်မှန်- ယထာဘူတဉာဏာယ သဘောကို၊ အထပ်ထပ်, ဝါစုဂ္ဂတ, ပြုလုပ်ပေးကြပါလေ။

လေမဟုတ်သော- ဝါယောရုပ်ဓါတ်, ပရမတ်တရားမှာ။ ဘာကြောင့်- လေမဟုတ်သလဲဆိုတော့၊ လေဆိုတာမရှိတဲ့တရား၊ မရှိပေမဲ့- ကမ္ဘာဦးသူ, ပညာရှိတွေက၊ တွေ့ထိသိအာရုံယူနိုင်တဲ့ သဘော၊ မြင်သိ, လှုပ်ရှားအာရုံယူနိုင်တဲ့သဘော- လောကဓါတုကို=လေလို့ ခေါ်ဝေါ်သတ်မှတ်- သမုတ်အပ်ပြီး၊ ပညာပေမိ-သိကြောင်းရှိသည့်- သင်္ကေတ, တရားကို၊ အတ္တ-အဓိပ္ပါယ်အားဖြင့် နံမယ်မှည့်ခေါ်လို့ ထားခဲ့တဲ့- ပညတ္တိအတ္ထသာလျှင် ဖြစ်ပါသည်၊ သမုတိသစ္စာ သမုတ်ရုံအမှန်တွင်သာ အကျုံးဝင်သော ထင်ရှားမရှိသည့် တရားဖြစ်ပါသည်။ ပရမတ္ထ တရားကဲ့သို့ အဝိပရီတပုဒ်နဲ့ မဖေါက်မပြန်, ကေန်ထင်ရှားရှိသည့် လေမဟုတ်ပါဘူး။ ဝိပရီဏာမပုဒ်နဲ့ ဖေါက်ဖေါက်ပြန်ပြန်- ထင်ရှားမရှိသည့်- အဝိဇ္ဇမာနပညတ်, လေ,သာ ဖြစ်ပါသည်။

ထိုသို့= ပရမတ္ထသဘောဖြင့်၊ စတုသမုဋ္ဌာနိက- ရုပ်သင်္ခါရတရားထဲ၌၊ မဖေါက်မပြန်, ကေန်ဆောင်နှင်းတတ်သော- သဘာဝလက္ခဏာနှင့်လည်း မရော မယှက်, မသက်ဆိုင်ဘဲ၊ လက္ခဏာဝန္တနှင့်လည်း ဆက်စပ်၍မရ- လုံးဝ, မယှဉ် စပ်သော၊ မရှိပညတ်, လေလို့- ခေါ်ဆိုသမုတ်ရုံမျှဟုသာ သိအပ်ရာပါသည်။ ဤကဲ့သို့- သရုပ်သကောင် မြင်အောင်- ကြည့်မရသည့်- လေဆိုတဲ့- ဖေါက်ပြန် မှုအတိ၊ မရှိပညတ်ကို မဆိုထားပါဘိ၊ ယူဇနာ, နှစ်သိန်းလေးသောင်းအထုရှိ သည့် ပထဝီခေါ်- မြေကြီးသည်ပင် ဝိပရိတပုဒ်ဖြင့်- ဗျုပ္ပတ္တိမရှိဘဲ၊ ဝိပရိဏာမ အနေ- ဖေါက်ပြန်ပျက်စီး- အချည်းနှီးသော မရှိပညတ်သာဖြစ်ရာ၊ ကျန်= ရေ-မီး-လေ, ဆိုတဲ့၊ မရှိပညတ်သဘောတွေသည်၊ ထို-မဟာပထဝီမြေကြီးကို မှီတွဲ၍-အဖေါ်သဟဲအဖြစ်- အချင်းချင်းမှီရမှ၊ အာရုံသင်္ကေတပြုလို့ရတဲ့ ပညတ္တိ အတ္ထတရားမျှသာ ဖြစ်ရာ၊ ပထဝီ,မြေကြီး- တည်ရာကို ပြီးစေတဲ့ ပညတ်ကမှ ဖေါက်ပြန်ပျက်စီးရလျှင်၊ ကြွင်း=အာ-တေ-ဝါ,ဆိုတဲ့၊ ရေ-မီး-လေ,တို့ ဖေါက် ပြန်ပျက်စီး- ပရမတ်နဲ့ ဘယ်လိုမှ မနီးစပ်သော- မရှိပညတ်တရားများဟု ထင် ရှားသိသာလှပါတော့သည်။

## လောကသုံးစား — ဓါတ်လေးပါးနှင့် နိယာမတရား

သတ္တဝါ,သူ,ငါတစ=သမုတ်ရသူ-ပုဂ္ဂလအသွင်,အန္ဓပုထုဇဉ်တို့ကတော့၊ မဟာပထဝီမြေအထုံကို၊ ခိုင်မာတဲ့ အရှိတရားကဲ့သို့ ထင်မှတ်မှားကြတော့သည်။ အမှန်မှာ— ကမ္ဘာအကြိမ်ကြိမ်, အဆက်ဆက်- ဖေါက်ပြန်ပျက်စီးခဲ့ရသည်ကို အာရုံမရောက်နိုင်ဘဲ၊ တိုလျှ,သက်တန်း- အဆက်ဆက်ငြိမ်းတိုင်အောင်- မပျက် မစီးနိုင်ရုံမျှကြောင့်၊ ထင်မှတ်မှားကြလေတော့သည်။

ဤ.. ဩကာသ လောကတည်းဟူသော- မရှိပညတ်,လောကဓါတ်တရား အစုတို့သည်၎င်း၊ သတ္တလောက=သတ္တဝါ, ပုဂ္ဂလာ, ခေါ်ပါရငြား၊ လောက သား, နာနာဓါတုက, တရားတို့သည်၎င်း၊ သင်္ခါရလောက- ရုပ်နာမ်ဓမ္မ-သင်္ခတ ပရမတ် ဓါတ် အရပ်ရပ်တို့သည်၎င်း၊ ကမ္မာ့နိယာမ- သဘ္ဘနိယာမ- သင်္ခါရ နိယာမ,ဘာဇနိယတို့၏ အစွမ်းတို့ဖြင့် ဖြစ်ထွန်းပေါ်ပေါက်ရပုံ၌၊ နိယာမတရား ငါးပါးဟုဆိုအင်သော၊ ဥတုနိယာမ, ဗီဇနိယာမ, စိတ္တနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ- တရားတို့၏ မြဲသောအစဉ်အလာ ဓမ္မတာကြောင့်သာ ဝတ္ထုအာရုံ, တောဘုမ္မက— လောကသုံးစား, အစဉ်လာအားဖြင့်— ဖြစ်ပွား, ကြရခြင်း ဖြစ် တော့သည်။

ဤသို့...ဥတုနိယာမနှင့် ဗီဇနိယာမတို့သည်၊ ဩကာသလောကနှင့်သင်္ခါရလောကတို့၌ သက်ဝင်၍၊ အစဉ်ယှဉ်စပ်အပ်သော ပူအေးနှစ်ဖြာ-ရင့်ကျက်ခါနှင့် ပင်စည်မျိုးစေ့-ဖို့မ့ဓလေ့အနေ- မျိုးဇာတ်အထွေထွေတို့ကို၊ ဩကာသလောက၌ရှင်း၊သင်္ခါရလောက၌ရှင်း၊ ပေါင်းရုံးညီညာဓမ္မတာဖြင့် မြဲဧသာအစဉ်အလာကို မချို့စေတတ်သော နိယာမတရား ဖြစ်ပါသည်။

စိတ္တနိယာမနှင့် ကမ္မနိယာမတို့သည်၊ သတ္တလောက၌ သက်ဝင်ကြ၍၊ အစဉ်ယှဉ်စပ်အပ်သော ကမ္မဝဋ်၊ဝိပါကဝဋ်တို့- အဆက်မပြတ်စေမှုကို- မြဲသော အစဉ်အလာ ဓမ္မတာမှုဖြင့် သတ္တဝါခေါ်တွင် ဝိပါကဝဋ်အယာဉ်ဘောင်တွင်၊ ရုပ်နာမ်ဓမ္မ သင်္ခါရလောကအဖြစ်၊ ကိလေသာဝဋ်နှင့်တကွ ချိန္နောင်ဘိသကဲ့သို့ ဖြစ်စေတတ်သော နိယာမတရားနှစ်ရပ် ဖြစ်ပါသည်။

ဓမ္မနိယာမမှာမူ၊ ထိုလောကသုံးပါးလုံး၌ သက်ဝင်၍၊ အစဉ်ယှဉ်စပ်အပ်သော- သင်္ခတ၊ အသင်္ခတ၊အားဖြင့်- ထွေပြားသည့်၊ ပရမတ္ထတရားတို့၏ အကြောင်းရှိ စွမ်းရည်၊ ဂုဏ်သတ္တိ၊ အလီလီတို့သည်၊ သက်ဆိုင်ရာ လောက သုံးပါး၌၊ ဥတု-ဗီဇ-စိတ္တ-ကမ္မ- နိယာမတို့နှင့်၊ မကျော်မလွန်- မဆုတ်မယုတ်- ပစ္စယသာမဂ္ဂီ- သမ္ပယုတ်၊ ဝိပ္ပယုတ်အလီလီဖြင့်၊ လောကသုံးခွင်၌- မူလ၊ အလျဉ်အားဖြင့်- မြဲသော အစဉ်အလာ၊ ဓမ္မတာ ဓမ္မသဘောကို- ဖြစ်စေတတ်သည့် နိယာမတရားဖြစ်ပါသည်။

ဤသို့...ဩကာသလောက၊ သင်္ခါရလောက၊ တို့၏ အကြောင်းဖြစ်သော၊ ဥတု၊ ဗီဇ- နိယာမနှစ်ဖြာတို့ကြောင့်၊ ဩကာသလောက- ကမ္ဘာအနန္တ၊ စကြာဝဠာတို့တွင် မြေ-ရေ-မီး-လေ၊ လေးထွေသော ဒြပ်ဝတ္ထုပညာစုတို့သည် ဥတုနိယာမ သိဒ္ဓိအားဖြင့် ပြီးကုန်၏။ သစ်ပင်၊ တောတောင်၊ နေလနက္ခတ်တာရာ၊ ကြယ်တကာတို့သည်၊ ဥတု-ဗီဇ-ဓမ္မနိယာမ သိဒ္ဓိအားဖြင့် ပြီးကုန်၏။ ထို့ကြောင့်- မဟာပထဝီဟု- သမုတ်ရသည့်- ကမ္ဘာမြေကြီးသည် ဓါတ်မဟုတ်၊ ပထဝီသည်သာ ဓါတ်မည်၏။ ထို ပထဝီဓါတ်၏ အနှစ်ဖြစ်သော- သဘောဓမ္မသည်သာ ပရမတ်မည်၏။ ကမ္ဘာမြေကြီးသည်၊ ပထဝီမဟုတ်ခြင်းကြောင့် မြေကြီး၌- ပထဝီဓါတ်သည် မရှိ။ ပထဝီဓါတ်ထဲ၌လည်း မြေကြီးမရှိ၊ သို့သော်- ဥတုနိယာမကြောင့် ဖြစ်တတ်သော- ပထဝီဓါတ်ဟူသော- အကြောင်းကြောင့် မြေကြီးသည် မဖြစ်လည်လည်းမဟုတ်၊ ဥတုနိယာမသိဒ္ဓိအားဖြင့်- ပြီးပြည့်စုံလာရခြင်း၊ ပထဝီဓါတ်၊ လွန်ကဲသော ရုပ်စုသဘောသည်- ဓမ္မနိယာမအားဖြင့် ဖြစ်ရှိရတော့၏။

ထိုနည်းတူစွာ၊ ရေသည် မရှိပညတ်သာဖြစ်၏။ အာပေါဓါတ်မဟုတ်၊ ရေသည်· တခြားတပါး- အာပေါဓါတ်သည် တခြားတပါးသာဖြစ်၏။ ရေထဲ၌ အာပေါဓါတ်မရှိ၊ အာပေါဓါတ်ထဲ၌လည်း- ရေမရှိ။ သို့သော်- ဥတုနိယာမ ကြောင့်ဖြစ်တတ်သော အရေကလာပ်တို့သည်၊ မဖြစ်သည်လည်းမဟုတ်၊ ဥတုနိယာမသိဒ္ဓိအားဖြင့်မူ၊ ပြီးပြည့်စုံလာရခြင်းသည်၊ အာပေါလွန်ကဲသော ရုပ်စုသဘောကို ဓမ္မနိယာမအားဖြင့် သက်ဝင်ဖြစ်ရှိရတော့၏။

ထိုနည်းတူစွာ=မီးသည် ပညတ်၊ တေဇောဓါတ် မဟုတ်၊ မီးထဲ၌-တေဇော ဓါတ်မရှိ၊ တေဇောဓါတ်ထဲ၌လည်း မီးမရှိ၊ ဥတုဇ တေဇောဓါတ်ကို စွဲ၍၊ မီးသည် မဖြစ်ပေါ်သည်လည်းမဟုတ်၊ ဥတုနိယာမသိဒ္ဓိအားဖြင့် ပြည့်စုံလာရခြင်း သဘောသည်၊ ဓမ္မနိယာမအားဖြင့် ဖြစ်ရတော့သည်။ ။

လေသည်လည်း- ပညတ်သာဖြစ်၏။ ဝါယောဓါတ်မဟုတ်၊ လေသည် တခြားတပါး, ဝါယောဓါတ်သည် တခြားတပါးသာ ဖြစ်၏။ လေ၌ ဝါယော ဓါတ်မရှိ၊ ဝါယောဓါတ်ထဲ၌လည်း လေမရှိ၊ သို့သော်- ဥတုနိယာမကြောင့်ဖြစ် တတ်သော ဝါယောဓါတ်ဟူသော အကြောင်းကြောင့်- လေသည် မဖြစ်သည် လည်းမဟုတ်၊ ဥတုနိယာမသိဒ္ဓိအားဖြင့်- ပြီးပြည့်စုံလာရခြင်းသည်၊ ဝါယော ဓါတ်လွန်ကဲသော ရုပ်စုသဘောကို၊ ဓမ္မနိယာမအားဖြင့်- ဖြစ်ရှိရတော့၏။

ဤသို့.. ကလျာဏပုထုဇဉ်, ပညာရှင်တို့သည်၊ အန္ဓပုထုဇဉ်တို့ကဲ့သို့၊ သမုတိသစ္စာ, အမြင်အတွေ့, ပညတ္တိအတွ- သင်္ကေတသဘော သက်ဝင်ကာမျှနှင့် မြေကိုဓါတ်မလုပ်- မြေမှဓါတ်ကိုနှုတ်၍ ပရမတ်အဟုတ်ကို ဖေါက်ခွဲမြင်ကြသည်၊ ရေကိုလည်း- ဓါတ်မလုပ်၊ ရေမှဓါတ်ကိုနှုတ်၍၊ ဓါတ်ချဲ့ အနှစ် ပရမတ်အစစ်ကို ဖေါက်ခွဲ၍- မြင်ကြသည်၊ မီးကို- ဓါတ်မလုပ်၊ မီးမှဓါတ်ကိုနှုတ်၍၊ ဓါတ်ရဲ့ လက္ခဏာအစစ်မှ အနှစ်ဖြစ်သော လက္ခဏာဝန္တ, ပရမတ်ကို ဖေါက်ခွဲထိုးထွင်း၍ မြင် ကြသည်၊ လေကိုလည်း ဓါတ်မလုပ်၊ လေမှ ဓါတ်ကိုခွဲထုတ်၍ လက္ခဏာသရုပ် အာကာရပစ္စုပဋ္ဌာန်မှ= လက္ခဏာဝန္တ အဟုတ်၊ သဘာဝ ပစ္စုပဋ္ဌာန်တွင်သာ မြတ်သောဉာဏ်ဖြင့်- ပရမတ္ထအယာဉ်ကို- ဖေါက်ထွင်း၍ မြင်တော်မူကြသည်။ ဤသို့... သမုတိသစ္စာအမှန်မှ- ပရမတ္ထသစ္စာဝေကန်ကို၊ ယထာဘူတဉာဏ်ဖြင့်- သိမြင်တော်မူကြသည်။

အန္ဓပုထုဇဉ်တို့မှာမူ၊ ဩကာသလောက- ကမ္ဘာ့နိယာမ, စကြာဝဠာ **အနန္တ**ဖြစ်သော- လောကဓါတုတရားတို့၌၊ သမုတိသစ္စာ, အမှန်မျှ ပေါ်တွင်

သာ၊ မြေ, ရေ, မီး, လေ,ဟု သမုတ်ခေါ်ဝေါ်ခြင်း အသီးအခြား မရှိတရားကို၊ ဘုရားဟော, တရားသဘောအဟုတ်ရှိ၊ ပရမတ္ထအမည် မှည့်ပေးတော်မူခဲ့သော ပထဝီဓါတ်, အာပေါဓါတ်, တေဇောဓါတ်, ဝါယောဓါတ်-တို့နှင့် အဘူတကူ့ ဆက်စပ်လိုက်ပြီး၊ မရှိပညတ်ကို အရှိပရမတ်၏ ဓါတ်သဘောနှင့် ရောနှောခေါ်တွင်ခါ-အရှိအစွဲကို အမျှင်မပြတ်နိုင်ဘဲ၊သမုတိသစ္စာမှန်ရုံမျှကိုလဲ-ဖေါက်ထွင်းရန် ဉာဏ်မဝင်နိုင်တော့ဘဲလျက်၊ မြေ, ရေ, မီး, လေ- တသားထည်းလုပ်၍ ပရမတ္ထ ဉာဏ်ငုပ်ပြီးလျှင် ယထာဘူတဉာဏ် အစစ်အမှန်ကို၊ မဖေါ်ထုတ်နိုင်ဘဲသာ- ရှိကြရတော့သည်။....

ထိုနည်းတူစွာ၊ဥတုနိယာမ, ဗီဇနိယာမ, ဓမ္မနိယာမအကြောင်းတို့ကြောင့် သစ်ပင်မျိုးစေ့၊ တောတောင်, နေလနက္ခတ်တာရာတို့သည်၊ အရှိပရမတ်ကဲ့သို့-လှည့်ပတ်တတ်သော်လည်း- ဓါတ်မှ တသီးတခြား,နိယာမသိဒ္ဓိအားဖြင့်-ပြီးငြားသော သဘောသွားကိုလည်း၊ အထက်ပါနည်းကို အစဉ်မှီး၍- ယှဉ်သိအပ်ရာပါသည်။

ယင်းကဲ့သို့... ဩကာသလောက, ကမ္ဘာလောက, စကြာဝဠာအရပ်ရပ်ကို၊ ဆောင်နှင်းတတ်သော- ဥတုနိယာမ, ဗီဇနိယာမ,တို့နှင့်တကွ၊ ကမ္မနိယာမ စိတ္တနိယာမတို့ကိုပါ၊ ပြည့်စုံအပ်ကောင်းလာပြီဆိုပါက၊ သတ္တလောကကို ထွန်းဖေါ်ပြနိုင်သော- နိယာမအစဉ်အလာကို၊ လောကသုံးပါးနှင့် သက်ဆိုင်သော ဓမ္မနိယာမနှင့် မကွေမကွာ, သက်ဆိုင်ယှဉ်စပ်လာရခြင်းသည်၊ ရုပ် နာမ် ဓမ္မ, သင်္ခါရလောက အခင်းသာ ဖြစ်ပါတကားဟုလည်း ကျက်စားမိကြရပါသည်။

ဤသဘော, ဤအသိ, ဤဉာဏ်မိပုံ မျိုးတို့ကို၊ ပထဝီရုပ်ဓါတ် ပြစဉ်က တပေါင်းထည်း ထည့်သွင်း မပြခဲ့သည်မှာ၊ ပထဝီရုပ်ဓါတ်၌ ပြ သ ခဲ့ သော သဘောထဲတွင် များစွာတပါထည်း ထည့်သွင်းပြဆိုခြင်းဖြင့်- ဉာဏ်နု့ သူတို့-ရှုပ်ထွေးသွားမည်စိုး၍ ဖြစ်ပါသည်။ ယခုလည်း- ပထဝီရုပ်ဓါတ် ပြစဉ်က, သဘောတို့ကိုပါ၊ ကွင်းဆက်ယူ၍- ဉာဏ်ဖြင့်- ဆက်စပ်, ရှင်းလင်းနိုင်လောက်ပြီဖြစ်ပါတော့သည်။

ထို့ကြောင့်- ဝါယောရုပ်ဓါတ်, လေမဟုတ်ပုံတွင် ပါမက၊ မြေ, ရေ, မီး, လေနှင့်- ရုပ်ဓါတ်လေးပါး၊ ကွာခြားပုံများကို ရိပ်စားမိခါ၊ မရှိပညတ်ထဲ၌ ခိုင်မာလှပါသည်ဟူသော ဖြစ်ကြောင်းကိုလည်း၊ကမ္ဘာအဆက်ဆက်,စကြာဝဠာအနန္တတို့ ပျက်ပြုန်းရခဲ့သည်မှာ၊ အနမတဂ္ဂ သံသရာနှင့် နှိုင်းယှဉ်လျှင်၊ အဘယ်မျှ, အနန္တဟု အဆုံးအပိုင်းအခြား မရှိအောင်, ဩကာသလောကကြီး

သည်၊ နိယာမတရားသုံးပါးတို့ကြောင့်- ဖြစ်ခဲ့, ပျက်ခဲ့ရပြီဆိုသည်ကို၊ ရိပ်စားမိရာပါသည်။

ထိုသို့ .. ကမ္ဘာဟု ခေါ်ဆိုအပ်သော- ဩကာသ လောကသည်၊ လေးကျွန်းတမြင့်မိုရ်, စကြာဝဠာအစုသည်၊ တကြိမ်ပျက်ပြုန်းလျှင်၊ စကြာဝဠာ, ကုဋေတသိန်း- တပြိုင်နက်ပျက်ခြင်း၊ တပြိုင်နက်- ပြန်လည်ဖြစ်ရခြင်း-ဟု ဆိုအပ်သော- ဓမ္မနိယာမကို- မလွန်ဆန်မူ၍၊ ဥတုနိယာမ, ဗီဇနိယာမတို့ကြောင့် ဖြစ်ထွန်းရသော ဩကာသလောက, စကြာဝဠာကုဋေတသိန်းတို့သည် ပျက်ကြရ ဖြစ်ကြရလေသည်။ ဒါကြောင့်- ခိုင်မာသည်ဟုအထင်ဆုံး ကမ္ဘာမြေကြီးတခုလုံး, ပျက်စီးခြင်းကို- သိအပ်ပါသည်။

ယင်း, စကြာဝဠာ ကုဋေတသိန်းမျှသော- ကမ္ဘာကြီး၏ သက်တမ်းသည်၊ နှစ်အသင်္ချေပေါင်းများစွာ, မရေမတွက်နိုင်အောင် ရှည်လျားလှပေ၏။ ထို့ကြောင့်= ဥပမာဖြင့်သာ- အဋ္ဌကထာတို့၌- ဖွင့်ဆိုပြပါ၏။ မြန်မာတတိုင်ခွဲနှင့် တာပေါင်းတရာကို တဂါဝုတ်ဟု ခေါ်ပါသည်။ အလျား, အနံ, အမြင့်, တဂါဝုတ်စီရှိသော ကျောက်သားအတိ, ပြီးသည့် တောင်ကြီးကို၊ အလွန်နူးညံ့သော ဝါဂွမ်းဖတ်ဖြင့်- အနှစ်တရာရှိမှ, တကြိမ်စီ, တကြိမ်စီမျှ, ပွတ်ပေးလေသော်၊ ပွတ်တိုက်ဖန်အနန္တ များလွန်းလှလျှင်၊ ထို- ကျောက်တောင်ကြီးသည်၊ ကုန်ရာပါတော့သည်၊ ဤမျှ- အတိုင်းအရှည်- နှစ်သင်္ချေပေါင်း, မရေမတွက်နိုင်အောင်မျှ- ကမ္ဘာကြီးတည်နေမှု- သက်တမ်းသည် ရှိကုန်၏။ ၎င်းကို မဟာကပ်ကြီးဟုလည်း ခေါ်ပါသည်။ ကမ္ဘာပျက်ဆဲကို= သံဝဋ္ဋကပ်၊ ပျက်ပြီး, အတိုင်း တည်နေသောကာလကို= သံဝဋ္ဋဋ္ဌာယီကပ်၊ ကမ္ဘာကြီး အသစ်တဖန် တည်ဆဲကာလသည်- ဝိဝဋ္ဋကပ်၊ ယခုကဲ့သို့- တည်ထောင်ပြီးနောက် စ၍တည်နေဆဲကာလသည်- ဝိဝဋ္ဋဋ္ဌာယီကပ်၊ ထိုမဟာကပ်ကြီး လေးကပ်၏ တကပ်, တကပ်, သက်တမ်းသည်၊ အထက်ပါ- ကျောက်တောင်ကြီးကို၊ ဝါဂွမ်းဆိုင်ဖြင့် အနှစ်တရာလျှင် တကြိမ်ပွတ်၍ ကုန်ဆုံးသော ကာလတိုင်အောင် ကြာညောင်းလှရာ၊ ပျက်-ရှိ၊ တည်-ဖြစ်၊ မဟာကပ်လေးလီအရ၊ ကျောက်တောင်ကြီး ကုန်ဆုံးသော ကာလ, နှစ်အသင်္ချေပေါင်း အနန္တ, မရေမတွက်နိုင်အောင် ရှည်လျားလှပါ၏။ ဆိုသော်= ကမ္ဘာပေါင်း မရေမတွက်နိုင်အောင် ဝိပရိဏာမ, နှိပ်စက်၍ အနိစ္စချက်ကိုကား ပြည့်နှက်ခဲ့လေပြီတကားဟု သိမှတ်အပ်ပါသည်။

မြေ- ရေ- မီး-လေ, အစုဖြင့် ပြီးသော- ကမ္ဘာကြီးသည်၊ မြေ-ရေ-မီး လေ,ကို ပြီးစေသော- ဥတုနိယာမ, ဓမ္မနိယာမတို့ကြောင့်ပင်, ပျက်စီးရပြန်

ပေသည်။ ကမ္ဘာကြီးပျက်စီးရန်- ရန်သူကား (၀၁) ဆန့်ကျင်ဘက်ကား၊ တခြား တပါးမဟုတ်၊ မီး-ရေ-လေ-တို့ကပင်၊ ဝိပရိဏာမ အချက်ဖြင့်-ဖေါက်ပြန်မဆိတ် ၍၊ မဟာပထဝီမြေကြီးနိမိတ်သည် ရေ-မီး-လေတို့၏-တည်ရာအဖြစ်-မထိန်းချုပ် နိုင်တော့ရကား၊ (၀၁) ကမ္ဘာ့တံထွာ- သက်တန်းလွှာကုန်ခမ်းရကား၊ မီးဖျက် သော ကမ္ဘာ၊ ရေဖျက်သော ကမ္ဘာ- လေ-ဖျက်သော ကမ္ဘာ-ဟု ဩကာသ လောက၏ ရန်သူပမာ= မီး၊ ရေ၊ လေ၊ တို့ဖြစ်ရှိ ဖျက်ဆီးကြရမြဲ ဓမ္မနိယာမကို မလွန်ဆန်နိုင်ဘဲသော ပျက်ကြရကုန်တော့၏။ ထိုကဲ့သို့-ကမ္ဘာပျက်ပုံကို အင်္ဂုတ္တိုရ် ပါဠိတော် သတ္တကနိပါတ်၌-ဘုရားဟောတော်မူသည်ကို- ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ဖွင့်ဆိုတော်မူခဲ့သည်မှာ=

သတ္တသတ္တ အဂ္ဂိနာဝါရာ၊ အဋ္ဌမေ အဋ္ဌမေဒကာ၊
စတုသဋ္ဌိယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ၊
အဂ္ဂိနာဘဿရာဟေဋ္ဌာ၊ အာပေန သုဘကိဏှတော၊
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ။ ။

သတ္တသတ္တဝါရာ၊ခုနစ်ကြိမ်-ခုနစ်ကြိမ်တို့တိုင်၊အဂ္ဂိနာ-မီးဖြင့်၊ဝိနဿတိ- ကျေပျက်၏။ အဋ္ဌမေ အဋ္ဌမေ- ရှစ်ခုမြောက်- ရှစ်ခုမြောက်တကြိမ်၌၊ ဒကာ ဒကေန-ရေငန်ဖြင့်၊ ဝိနဿတိ-ကျေပျက်၏။ ယဒါ-အကြင်အခါ၌၊ ဧကော- တကြိမ်သော၊ ဝါယုဝါယော-လေဖျက်သော-အကြိမ်သည်၊ သိယာ-ဖြစ်ရာ၏။

အာဘဿရာ-အာဘဿရာဘုံမှ၊ ဟေဋ္ဌာ-အောက်တလျှောက်ဘုံသည်၊ အဂ္ဂိနာ-မီးဖြင့်၊ ဝိနဿတိ- ကျေပျက်၏။ သုဘကိဏှတော- သုဘကိဏှာဘုံမှ၊ ဟေဋ္ဌာ-အောက်တလျှောက်ဘုံသည်၊ အာပေန-ရေဖြင့်၊ ဝိနဿတိ- ကျေပျက် ၏။ ဝေဟပ္ဖလတော-ဝေဟပ္ဖိုလ်ဘုံမှ၊ ဟေဋ္ဌာ-အောက်တလျှောက်ဘုံသည်၊ ဝါတေန-လေဖြင့်၊ ဝိနဿတိ- ကျေပျက်၏။ ဧဝံ-ဤသို့သော- သချ်ာကရိဏ်း- အပိုင်းအခြားဖြင့်၊ လောကော-ဩကာသလောက၊ ကုဋေတသိန်းမျှသော စကြာ ဝဠာသည်၊ ဝိနဿတိ-ကျေမွ ပြုန်းတီး ပျက်စီးရ၏။

ဤသို့အားဖြင့် မီးခုနစ်ကြိမ်ဖျက်သောအခါ၊ပဌမစျာန်သုံးဘုံနှင့်တကွ၊ စကြာဝဠာကုဋေတသိန်းတို့သည် ပျက်၏။ ရှစ်ကြိမ်မြောက်၌- ရေတကြိမ်ဖျက် သောအခါ ဒုတိယစျာန်သုံးဘုံနှင့်တကွ ပျက်၏။ ဤကဲ့သို့-တလှည့်စီ-တလှည့်စီ ဖြင့်- မီး (၅၆) ကြိမ်၊ ရေ (၇) ကြိမ်ဖျက်၍၊ (၆၃) ကြိမ် စေ့သည့်နောက်၊ (၆၄) ကြိမ်မြောက်၌၊ လေတကြိမ်ဖျက်သောအခါတွင်၊ တတိယစျာန် သုံးဘုံ

နှင့်တကွ ပျက်စီး၏။ ဤနည်းတူစွာ- ကပ်ကမ္ဘာစကြာဝဠာတွေ- ပျက်စီးခဲ့ရသည်ကား၊ ဥတု-ဗီဇ-ဓမ္မနိယာမအရ၊ အစလည်းမထင်၊ အဆုံးလည်း မရှိနိုင်တော့ချေ။ ယင်း ကမ္ဘာစကြာဝဠာတို့၌ မှီတွယ်သက်ဝင်ရသော ကမ္မနိယာမ, စိတ္တနိယာမပေါ်ယှဉ်လာသည့် သတ္တဝါ အနန္တနှင့် သင်္ခါရဓမ္မတို့သည်လည်း ဝဋ်သုံးလီ- မချုပ်မကင်းသမျှ- အစလည်းမထင်၊ အဆုံးလည်း မရှိနိုင်လောက်အောင် ကမ္ဘာအဆက်ဆက် ဩကာသလောကထက်၌၊ ဝဋ္ဋဘူမိ-သက်ဝင်ငြိကာ- တိုလျှသက်တန်း- ဒုက္ခဝန် ထမ်းခဲ့ရပုံကို ရှေးရှုကြည့်ပါက၊ လက်ရှိခန္ဓာ-မြဲပါသည်ဟု အမြင်ရှိသူတို့- တကယ့်ကိုပင်- သူ့ချုံနှင့် တူပါတိတော့သည်တကားဟု- သံဝေဂ ဉာဏ်အားဖြင့် သိအပ်သင့်ပါသည်။

ဤ၌-ဩကာသလောကကို- ဖျက်ဆီးတတ်သောရန်သူသည်-ပကတိ,ဥတုသာမည မီး-ရေ-လေတို့ဖြစ်ပြီး၊သတ္တလောက၏ ရန်သူကား- ရေနှင့်မီးသာဖြစ်၍ သင်္ခါရလောက၌မူ= ပထဝီရုပ်ဓါတ်- အာပေါရုပ်ဓါတ်- တေဇောရုပ်ဓါတ်- ဝါယောရုပ်ဓါတ် ခေါ် - မဟာဘုတ်လေးပါးစလုံးသည်ပင်- ရန်သူ, သူသတ်-အဆိပ်ပြင်းထန်လတ်သော မြွေကြီးလေးရပ် ပမာဟပ်၍၊ပထဝီဓါတ်-ပျက်လတ်ချှိယွင်း လွန်ကဲပြန်ခြင်းတို့ကြောင့်=ကဋ္ဌမုခ,မြွေဆိပ်သင့်ဘိသကဲ့သို့၊ တောင့်တင်းကိုက်ခဲ-နာကျင်မစဲဘဲ၊ ဗျာဓိမှ-မရဏတိုင်အောင်- မလှဲဆောင်နှင်းတတ်ခြင်း။ အာပေါဓါတ်ပျက်-တိုအချက်ကြောင့်လည်း၊ပုတိမုခ,မြွေဆိပ်သင့်သို့ ခံတွင်းညှီဟောင်-ပုပ်ရေလျှောင်၍၊ ကိုးဘောင်ဒွါရ၊ ယိုစီးကျခြင်း၊ ခံပြင်းဝေဒနာ- သေရာပါအောင် ခေါ်ဆောင်တတ်ခြင်း။ တေဇောဓါတ်တို့-ပျက်စီး, လွန်ကဲ- ထိုနှစ်ကွဲကြောင့်၊အဂ္ဂိမုခ-မြွေခဲခံရဘိသကဲ့သို့၊ ထက်ဝန်းကျင်လောင်မြိုက်လျက်၊ ပြင်းစွာအပူ- ကယ်ပါ,ယူပါ- တစာစာအော်ရင်း မရဏကျင်းရောက်အောင် ပို့နှင်းတတ်ခြင်း။ ဝါယောဓါတ်ချောက်ခြား- ဖေါက်ပြားပျက်စီးသွားခြင်းကြောင့်လည်း သတ္ထမုခမြွေ- ကိုက်ခဲလေဘိသို့၊ ဝေါဟာရအနေ- လေထမွေ၍- ဝမ်းရင်နာပွေလေဖြတ်ပေ၍၊ ကိုယ်လက်ခြေ-အသေဖြစ်ရပါ- မရဏမင်း- သူ့ လက်တွင်းသို့-အသက်ပါနှင်းလိုက်ရသည်အထိ ဖြစ်ရှိခံရပုံ- ပမာဟုန်ဖြင့်- ဓါတ်ကြီးလေးပါး- မြွေကြီးလေးစင်း- ကိုက်ခဲညှဉ်းသို့၊ ဆင်းရဲသတ်ဖြတ်- အသေသတ်သည့်- ရန်သူမှတ်လော့၊ ရန်သူကို မိတ်ဆွေထင်၍- ဓါတ်ညီအောင်ပြုပြင်ပေးလှသော်လည်း၊ လားလားမျှ အလိုမလိုက်- သူ့ စရိုက်ဖောက်ရမ်း- စိုးပိုင်ခန်းမရှိ၊ အတိဒုက္ခကိုမုချသွန်ချ- ဖြစ်ရခန္ဓာ- ဆင်းရဲစွာဟု- ဘယ်ခါမဆိတ်- ရုပ်နိမိတ်တင် ဉာဏ်မြင်မမိ၊ အဖန်ဖန်လိုချင်သည့်- တဏှာကိုဖြတ်ရန်- ဒိဋ္ဌိကို မကပ်စေတဲ့- အမြင်မှန်ယထာဘူတဉာဏ်နှင့်တွဲ၍-ကွဲပြားအောင်ကြည့်၊ ပြင်ပ၌, ဓါတ်လေးပါး-ဩကာ

သလောကတရားသည်ပင်၊ ရန်သူအသင့်,ဥတုကြောင့်လျှင်ဖြစ် = ဥတုကြောင့်ပင် ပျက်, တခဲနက်ကို၊ မမြဲအချက်,ဉာဏ်မြင်ယူ၍၊ ယခုမူ စတုဇအကြောင်း- ပြုပြင် ပေါင်းမှ- အကြောင်းကလာပ၊ အဋ္ဌရှစ်ခု- အစပြု၍၊ ပုပ္ပုရွရွ, ဒသကကော- ကလာပ်ဖြာသည့်- လေးပါးဓါတ်ရုပ်၊ အမှီလုပ်လည်း၊ တမုဟုတ်ခြင်း၊ ကိုက်ခဲ ညှဉ်းသည့်-လေးစင်းမြွေပမာ၊အာသီဝိသူပမသုတ်-သဋ္ဌာယတနသံယုတ်၌၊ဘုရား ရှေ့နှုတ်- ဟောဖေါ်ထုတ်ငြား- ဓါတ်လေးပါးကား၊ ဝိုင်းထားရန်သူ- ပမာတူ သည့်- ဆိပ်ထူပေါများ၊ မြွေလေးပါးကို၊ ဆုတ်ထားကိုင်ဆွဲ၊ သံသာထဲ၌၊ ကမ္ဘာ နှင့်ကပ်၊ အထပ်ထပ်တိုင်၊ ဉာဏ်မပိုင်၍၊ မခွါနိုင်ခဲ့ရတာပါတကားဟု= နှလုံး ပြုခါ၊ သုံးလူ့ဘစကား- နားဝယ်ထား၍၊ ရှုငြားမြင်မှန်- စက်ဆုတ်ရန်နှင့်- တဖန်ငြီးငွေ- သုံးလောကတကွေ့တွင်၊ ဓါတ်အလျှဉ်- ရုပ်ဆောင်သည့်- အပုပ် ကောင်ကို- စွန့်နိုင်အောင်- နှလုံးမူချင့်လျက်-ဆုံးဖြတ်သင့်ပါတော့သည်။

ဤသို့- လောကသုံးစား၌၊ ယထာဘူတ,ဟုတ်မှန်လှသည့်-ဉာဏ်မြင်စကို မရရှိနိုင်ပါက၊ အနုဗောဓဉာဏ်-ပဋိဝေဓဉာဏ်တို့နှင့် ဝေလာဝေး၍၊နိဗ္ဗာန်ကမ်း ပျောက်၊ သံသရာလမ်းတလျှောက်တွင်၊ ငုပ်တုပ်မဲထဲ၊ အဝိဇ္ဇာတွဲ၍၊တဏှာဆွဲရာ- ပါနေကြဦးမည်ဆိုပါလျှင်၊ ယခုလက်ရှိ- ဤဝိဝဋ္ဋဋ္ဌာယီကပ်သည်- အန္တရကပ် ပေါင်း (၆၄) ကပ်တိုင်အောင် တည်နေပါလိမ့်မည်။ အန္တရပ်, တကပ်မှာ- ကမ္ဘာဦးအစ လူတို့သက်တန်း တသင်္ချေမှ တရွေ့ရွေ့ဆုတ်ယုတ်ပြီး (၁၀)နှစ် တန်းသို့ ရောက်ရ၏။ ထိုဆယ်နှစ်တန်းမှ တရွေ့ရွေ့ပြန်တက်ပြန်ရာ သင်္ချေတန်း သို့ ရောက်ပြန်၏။ ဤသို့ သင်္ချေတန်းမှ ဆုတ်၍ သင်္ချေတန်းသို့ပြန်ရောက်သော ကာလသည်အန္တရကပ်ကို-လူတို့၏သက်တန်းဖြင့်ပိုင်းခြားအပ်သော ကမ္ဘာကပ်၏ သက်တန်းဖြစ်၏။ ထို့ကြောင့်= ယခု ဝိဝဋ္ဋဋ္ဌာယီကပ်ကမ္ဘာသည်- ကမ္ဘာဦး ပဌမ-အန္တရကပ်၌- ကက္ကုသန် မြတ်စွာဘုရားသခင် ပွင့်တော်မူခဲ့၏။ ဒုတိယ အန္တရကပ်၌= ကောဏာဂုံ- မြတ်စွာ ဘုရားသခင် ပွင့်တော်မူခဲ့၏။ တတိယ အန္တရကပ်၌= ကဿပ- မြတ်စွာဘုရားသခင် ပွင့်တော်မူခဲ့၏။ ယခု စတုတ္ထ အန္တရကပ်၌= သက်တော်ထင်ရှားရှိသော်ငြားသို့- သနားကြင်နာ- သာသနာကို ရောင်ဝါတင့်လျှမ်း- စေတောပဏိဓိ,အဓိဋ္ဌာန်တော်ငြမ်းဖြင့် ပေးသနားတော်မူ ခဲ့သော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏သခင်၊ အရိယာနှင့် အရိယာနွယ်ဝင်, သားတော်တို့၏ဘခင်၊ ငါတို့၏ အနန္တဂုဏ်ရှင် ဂေါတမမြတ်စွာဘုရားသခင် သည် ပွင့်တော်မူခဲ့၏။ သက်တန်းကား- တရာတန်း၌ဖြစ်၏။ ဤမှ (၁၀) နှစ် တန်း၊ (၁၀) နှစ်တန်းမှ အသင်္ချေတန်း၊ ပဌမ အန္တရကပ်- အသင်္ချေတန်းမှ အသက်ရှစ်သောင်းတန်း အရောက်တွင် ပတ္တမြားပလ္လင် ကန့်ဂေါ်ပင်၌ အရိ

မေတ္တေယျ- မြတ်စွာဘုရားသခင်သည် ပွင့်တော်မူပြီး၍၊ အန္တရကပ် (၅) ကပ် ကုန်ဆုံးပြီးနောက်၌၊ အန္တရကပ်ပေါင်း (၅၉) ကပ်, ကျန်ရှိနေသေးရာ၊ ဘုရားရှင်တို့ ပွင့်မှုမရှိတော့လေပြီဖြစ်၍၊ မဂ်ဖိုလ်တံခါး တဖန်ပိတ်ခါ- ရုပ်, နာမ်, ပရမတ်ဆိုတဲ့ အသံတွေဆိတ်ပြီးလျှင်၊သတ္တဝါ-သင်္ခါရတို့အမှောင်တွင်း၌ နစ်မွန်းရကြကုန်လတံ့၊ ထိုမျှသာမကသေးပါ ။

မဟာကပ် ခြောက်မျိုးဟု ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဖွင့်ဆိုအပ်သော ဘုရားတဆူသာပွင့်သော (သာရ) ကပ်၊ နှစ်ဆူပွင့်သော (မဏ္ဍ) ကပ်၊ သုံးဆူပွင့်သော (ဝရ) ကပ်၊ လေးဆူပွင့်သော (သာရမဏ္ဍ) ကပ်၊ ငါးဆူပွင့်သော (ဘဒ္ဒ)ကပ်၊ ဘုရားတဆူမှ မပွင့်သော (သုည) ကပ်ဟူ၍၊ခြောက်မျိုးဖြစ်ရာ၊ ဦးဇင်းတို့ ယခု (ဘဒ္ဒ)ကပ် ကမ္ဘာ၌၊ အရိမေတ္တေယျ ဘုရားရှင်ပွင့်တော်မူပြီးလျှင်၊ ကျန် (၅၉) ကြိမ်သော အန္တရကပ်နှင့် ရှေ့သုညကပ် ကမ္ဘာတို့သည် ဘယ်နှစ်ကမ္ဘာတိုင်အောင်၊ သုညကမ္ဘာခံမည်ကို မမှန်းဆနိုင်၍၊ ဘုရားရှင် ပွင့်တော်မမူသော ကမ္ဘာကပ် အမှောင်ထုအတွင်း၌၊ အန္ဓ- အန္ဓဗာလ- ပုထုဇဉ် အဖြစ်အခင်းနှင့် ကြုံလည်ရမည်ကို တွေးကြည့်ပါက=ဘာနဲ့ကြည့်-ဉာဏ်နဲ့ကြည့်၊ ဒုဂ္ဂတိ ဘုံဘဝတွေမှ ထွက်လမ်းကို မရှိဘိသကဲ့သို့၊နိဗ္ဗာနသုခကို မဆိုထားဘိ၊ လောကီ ဝေဒယိတသုခ ကလေးကိုမျှ ဘဝအသင်္ချေပေါင်း များစွာတွင် တကြိမ်တလေ ရဘို့ရာ ခဲယဉ်းလှလေသည်မှာ၊ မှန်လှပါတကားဟု.... ဆင်ခြင်ထင်မြင်မိပါက၊ ယခု လက်ငင်းတွေ့ကြုံ-သာသနာဟုန်၌ ယထာဘူတဉာဏ် အစုံအလင်ဖြင့်၊ အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိဘုံတခွင်မှ ကုန်စင်ကင်းပြတ်-လွတ်လပ်ရအောင်၊ ဝိပဿနာတဒင်္ဂမဂ်အမှန်၊ အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်တိုင် ရရှိအောင် လွန်စွာ ကြိုးကုတ်အားထုတ်သင့်လှပါပေတော့သည်။

ယခု-မြတ်စွာဘုရားရှင်နှင့် စျေးမတွဲအောင် ဇီဇာခွဲ၍၊ နောက်ဘုရားကို မျှော်ခေါ်ပြီး၊ ပါးစပ်က ဆုတောင်းနေရုံမျှနှင့်လည်း အကြောင်း, အပေါင်း ပြည့်စုံလာမည်မဟုတ်ပါသဖြင့်- ယခုရင်ဆိုင်-ကျွတ်လွတ်ခွင့်- ပိုင်နိုင်သမျှ- ပွားများအားထုတ်ခါ၊ ဤသာသနာတွင်း၌၊ ယခုဘဝ,နောက်ဘဝမျှနှင့် မဂ်ဖိုလ်ဉာဏ်ကို အရ ပိုင်နိုင်ပြည့်စုံနိုင်ပါသည်။ အကယ်၍ကား- မရခြားလည်း အရိမေတ္တေယျ-ဘုရားရှင်နှင့်တွေ့၍ ကျွတ်တန်းဝင်ပါရစေဟု ဆုတောင်းနေစရာမလိုဘဲ၊ ဤသာသနာတော်တွင်းမှ အဓိပတေယျ သမ္ပတ္တိ အခင်းနှင့် အဓိကာရ အကြောင်း, ရဉောင်းသွားပါလျှင်၊ ဘုရားရှင်နှင့်လည်းတွေ့- ဥဂ္ဃဋိတညူတို့ ခလေ့ဖြင့်ပင် အဓိပတေယျသမ္ပတ္တိ ဂုဏ်မျက်နှာကြောင့် ကျွတ်တန်းကို လွယ်ကူစွာ ပေါက်ရောက်နိုင်ပါသည်။ ထို့ပြင် အကယ်၍၊ ဘုရားရှင်နှင့် တပါးတခြား

မှာဖြစ်ရလင့်ကစား၊ ကျွတ်ထိုက်သည့်သူ အမှန်ဖြစ်ခဲ့သည့်မူရင်းကြောင့်၊ယူဇနာ အဘယ်မျှ ဝေးဝေး အရိမေတ္တေယျ ဘုရားရှင်၏ မဟာကရုဏာ၊ သမာပတ် မပေး၍၊ ပြေး၍သက်ဝင်သဖြင့်၊ ကြွရောက်ကိုယ်တော်တိုင် ဆောင်နှင်းခံရမည် ကေန်မလွဲခြင်းကြောင့်၊ ပါးစပ်ကလေးက ဆုတောင်းရုံနှင့် အကြောင်းမပြည့်ဝ နိုင်ပါသဖြင့်၊ ယခုသာသနာ မြတ်ဘုရားရှင်နှင့်- ရင်ဆိုင်ခါတွေ့ရတုံး၊ မဂ်ဉာဏ် ဖိုလ်စကို ဈေးမျှအောင်ပေး၍၊ (ဝါ)ယထာဘူတံ- ဟုတ်တိုင်းမှန်ရာ၊ တရားစစ် တရားမှန်- အသိမှန်,အကျင့်မှန်ကို၊ ဝိရိယသန်သန်ဖြင့်- အခြေခံပိုင်နိုင်မှုကို အလု အယက်, အားတတ်သရော- ယေယ်ယူလိုက်ကြပါရန်- အတန်တန်, တိုက်တွန်းအပ် ပါသည်။

ဤသို့အားဖြင့်၊ ကပ်ကမ္ဘာလောက- သတ္တဝါသနှင့်- သင်္ခါရအယာဉ်, တရားစဉ်ဟုဆိုအပ်သော၊ လောကသုံးပါးတို့တွင်၊ မျက်မြင်ကိုယ်တွေ့-ပြကတေ့ ခိုင်မာ, မဟာမြေကြီး- သမုတ်ပြီးသည့်- ရုပ်နည်းပထဝီ, အပသန္တာန်၌ တည် သော၊ "ပလုဇ္ဇတီတိ လောကော"အရ၊ ဖြစ်တတ်, ပျက်တတ်, ဖန်ဆင်းသူ ငါ, မရှိအပ်ဘဲ၊ ဖေါက်ပြန်ပျက်စီးမြဲ- ဓမ္မနိယာမနောက်သို့၊ ကောက်ကောက်ပါ အောင်- ကမ္ဘာနှင့်ချီ, စကြာဝဠာအမည်, ကုဋေတသိန်းတို့- ပျက်ကိန်းကြုံလတ် လျှင်၊ စိုးပိုင်အပ်သူမရှိပါဘဲ၊ ဖယိုဖရဲ- မှုန့်မှုန့်ကြေခါ၊ ပျက်စီးရလေပါမူ၊ ထိုသည့် အထဲ, မမြဲသည့်, မဟာပထဝီမြေကြီးကိုပင်၊ လိုချင်၍- ရှာမရနိုင်တော့ပါက၊ လေဟု သမုတ်, ဝါယောဓါတ်ချုပ်- အလှုပ်အရွေ့တရားမျှသည်ကား၊ အတည် မှာလျှင်၊ ထင်ရှားရှိတရား- လေဟူ၍- ဖြစ်ငြား, နိုင်တော့ပါမည်နည်းဟု= ဆုံး ဖြတ်ယုံကြည်မှု, ပြုကြရပါတော့သည်။

# သုံးလောကအချုပ် ပဓါနနှင့် ပဋ္ဌာနတို့မှာ

(၁) ဩကာသလောက= ကပ်ကမ္ဘာ, စကြာဝဠာ အနန္တ၌၊ သံဝဋ္ဋ- သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ- ဝိဝဋ္ဋဋ္ဌာယီ၊ အသင်္ချေယျကပ်ကြီးလေးပါးနှင့်၊ တိုကပ်ကြီး လေးပါးကို၊ ဓမ္မနိယာမ, အစဉ်အလာသဘော- ပြုနေသလေတိုင်း၊ သံဝဋ္ဋ၌- ဥတုဇ- ပကတိ မီးဓါတ်၊ သံဝဋ္ဋဋ္ဌာယီ၌- ဥတုဇ, ပကတိမီးဓါတ်၊ ဝိဝဋ္ဋ၌- ဥတု ဇ, ပကတိ မီးဓါတ်၊ ဝိဝဋ္ဋဋ္ဌာယီ၌- ဥတုဇ, ပကတိ မီးဓါတ်-ဟူ၍၊ ဤ- ကမ္ဘာ မီးတေဇောဓါတ်ကြီး လေးပါးသည်= အချုပ် ပဓါနတရား။ သီတတေဇော- ဥဏှတေဇော- ဓါတ်နှစ်ပါးသည်၊ အထူးထင်ရှားစွာ, ပြဋ္ဌာန်းအပ်သော ပဋ္ဌာန တရားဖြစ်သည်။

(၂) သတ္တလောကကို၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌၊ ပဋိစ္စသမုပ္ပါဒ် တရားမြတ်သည်၊ သတ္တလောက၏ ဓမ္မနိယာမဟု- ဟောတော်မူခြင်းကြောင့်၊ အနုလုံအရ၊ ပဋိစ္စသမုပ္ပါဒ်- ပစ္စယာကာရ, တဆဲ့နှစ်ပါးနှင့် အဝိဇ္ဇာ, တဏှာ, မူလ- နှစ်ပါးသည်၊ အချုပ်အချာ- ပဓါနတရား။ ကုသိုလ်ကံ, အကုသိုလ်ကံ, နှစ်ပါးသည်၊ အထူးထင်ရှား, ပြဋ္ဌာန်းအပ်သော ပဋ္ဌာနတရားဖြစ်ပါသည်။

(၃) သင်္ခါရလောက၌၊ အဝိဇ္ဇာ- သင်္ခါရ- တဏှာ- ဥပါဒါန်- ကမ္မဘဝ၊ ယောနိလေးပါး- ဂတိငါးစား၊ ခန္ဓာငါးပါးသည်၊ အချုပ်အချာ, ပဓါနတရား၊ ကံ, စိတ်, ဥတုနှင့်- ရုပ်, နာမ်, အာဟာရလေးပါးသည်၊ အထူးထင်ရှား၍- ပြဋ္ဌာန်းအပ်သော- ပဋ္ဌာနတရားဖြစ်ပါသည်။

(၄) ဩကာသကြီး- သုံးပါးစလုံး၌၊ အဇ္ဈတ္တ- ဗဟိဒ္ဓ၊ ရုပ်ဓါတ်, နာမ်ဓါတ်, သင်္ခတပရမတ် ဆောင်နှင်းရုပ်နှင့် နိယာမတရားငါးပါးတို့သည်၊ အချုပ်အချာ- ပဓါနတရား။ ဇာတိ-ဇရာ-မရဏနှင့်, အနိစ္စ, ဒုက္ခ, အနတ္တ, တရားသုံးပါးသည်၊ အထူးထင်ရှား ပြဋ္ဌာန်းအပ်သော ပဋ္ဌာနတရားဖြစ်ပါသည်။

(၅) လောကုတ္တရာ- အင်္ဂါတသဘော၌၊ ဝိမုတ္တိရသ, ဉာဏဒဿန, အရဟတ္တမဂ်ဖိုလ်နှင့် အနုပါဒိသေသ, နိဗ္ဗာန်သည်၊ အချုပ်အချာ, ပဓါနတရား။ ဗောဓိပက္ခိယတရား ၃၇-ပါးနှင့်- သစ္စာလေးပါးသည်၊ အထူးထင်ရှား ပြဋ္ဌာန်းရသော- ပဋ္ဌာနတရားဖြစ်ပါသည်။

အထက်ပါ= သုံးလောက, သဘောသွားနှင့်- လောကသုံးခွင်, လှည့်ကြောင်းဝင်မှုတို့၌၊ ရိပ်စားနားလည်ခါ၊ ပစ္စက္ခသာသနာတွင် ကျွတ်တန်းဝင်ရမှုကို- ရှေ့ရှုင်ရန် တိုက်တွန်းခဲ့သည့်အလျောက်- ကြိုးစားမှု ဂုဏ်မမြောက်ပါက၊ သံသရာတခွင်- ဩကာသလောကတွင်၊ သတ္တမည်တွင်- ရုပ်တည်ဝင်၍ သင်္ခါရချယ်မှုန်း, ဒုက္ခသစ္စာ, ငါးခန္ဓာတုံးဖြင့်၊ ပေါ်ချိတာ မြုပ်ရအမြဲ၊ သင်းရဲအနန္တ- ဘေးဘယမျိုးစုံ၊ ဒုက္ခအစုအပုံတို့ကိုသာ၊ ဓါတ်ကြီးလေးလီကို အဝိဇ္ဇာတဏှာ, ကံ,ဖြင့် တည်ဆောက်ရန်- တသွေမတိမ်း, လိုက်နာနေဘိသကဲ့သို့ အဖြစ်မျိုးမှ၊ သတိ, ပညာ, ရှေ့သွားခါဖြင့် ရှောင်ရှားလျက်- ထွက်မြောက်ရာသို့ ရောက်အောင် ချဉ်းကပ်ရပါသည်၊ သို့မဟုတ်မူပါက= ကောင်းမှု ငှိုန်စော်, ပျော်ပျော်ခံစား, မေ့လျော့ပေါ့တန်သောအားဖြင့်- ပုထုဇဉ်နယ်မှ- မဖယ်, မထွက်နိုင်ပါမူ၊ သတ္တဝါအနန္တ- ပုထုဇဉ်မှန်သမျှ, ဥပါဒ်နက္ခတ္တ- လောက သားတို့သည်၊ လောကသုံးခွင်, ဘုံအပြင်၌၊ သုံးအင်မချက်၊ ငှင်မြစ်မူလ၊ အဝိဇ္ဇာနှင့်တဏှာ, ရစ်တွယ်ကြလျက်၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကလေးကိုမျှ-မခွါရှဲ, မဖြုတ်ချနိုင်

ပါသေးလျှင်၊ သံသရာတည်းဟူသော- ရေယာဉ်ကြော၌- မြောပါနေရလေတိုင်း၊ အပါယ်လေးပါးတည်းဟူသော- ဝဲဇလုပ်တွင်၊ တကြိမ် နစ်မြုပ်ခံရပြီ ဆိုပါက၊ ပေါ်လမ်းနှင့် မြောရဘို့ဆိုတဲ့- သုဂတိဘုံဘဝကလေးကို၊ (ဝါ) လူလို့သမုတ်၊ ဆင်းရဲထုပ်ကိုပင်၊ ဖြုတ်မွှာ့ပြည်က ကျလာအပ်သွား၊ အောက်ဘက်ထား၍၊ လူ့ ပြည်တည်ရာ၊ မြေပြင်လွှာမှ- ထောင်ခါနေငြား, ထိုအပ်သွားတို့- အပ်သွားချင်း ထိ၊ မခဲယဉ်းလေပါဘိ၊ လူ့ဇာတိ, တကြိမ်ကြုံရန်= ထိုထက်လွန်စွာ- ဆ, ရာ, ထောင်, သောင်း, ခဲယဉ်းကြောင်းအမှန်ကို၊ ဉာဏ်နှင့်မျှော်တွေး၍၊ အဝိဇ္ဇာနှင့် တဏှာက မွေးပေးသည့်- ပုညာဘိသင်္ခါရ, အစေးအမျှင် ကလေးမျှနှင့်- အားရ တင်းတိမ်- မြတ်စည်းစိမ်ဟု၊ မြိန်မြိန်ယှက်ယှက်, ယူစွဲစားသုံး, အဝိဇ္ဇာဖုံးသည်ကို အလွှမ်းခံမထားမူ၍၊ လက်ရှိ, ဝိမုတ္တ- ခေတ်ယုဂတွင်၊ အဝိဇ္ဇာအမျှင်- သမုဒယ အပင်ကို၊ ခုတ်စင်းဖြေထွင်ခါ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာအယာဉ်ကို အမြစ်ပါစင်နိုင်သည့် ပဋ္ဌမ, မဂ်ပန်း- ဆွတ်လှမ်းနိုင်အောင်- ဝိပဿနာမဂ်အစငြမ်းဖြင့်- ကြိုးစား ထူ ထောင်၊ ပုထုဇဉ်ဘောင်မှ၊ ယခု- ပစ္စက္ခသာသနာတွင်– လွတ်မြောက်ချဉ်းနင်း၍ အရောက်နှင်းမည်ဟု- သံနိဋ္ဌာန်, ပြုသင့်ပါတော့သည်။

× × ×

ဤကဲ့သို့.... ရုပ်ဓါတ်ကြီးလေးပါးတို့တွင်၊ ဝါယောဓါတ်, လေမဟုတ် ကြောင်း၊ ပြဆိုစဉ်အခါင်းသွား၌၊ လင်းပါး၍, ရှင်းသွားရအောင်– ဖြစ်တတ် သည့်၊ "ဩကာသလောက- သတ္တလောက- သင်္ခါရလောက"တို့၌၊ ဤနည်း, ဤပုံ, ဤသို့- ပါကသားဟု- ဉာဏ်ဟုန်နှင့်- အမှန်ကိုလုံစွာ- မြင်သိပြီးလျှင်၊ ဝါယောလေဓါတ်, ရုပ်ပရမတ်လို့= ဗြုပ္ပတ္တိ-မရှိအပ်သည့် အသုံးအနှုန်းကိုပယ် ဖျက်လျက်၊ ဝါယောရုပ်ဓါတ်, ပရမတ်ဟု- ဆိုအပ်သော- သဘောအစစ်တွေ့ရန် စောကြောလေ့လာကြပါဦးစို့.. ။

ဝါယောရုပ်ဓါတ်,ပရမတ်တရားကို သိရှိရန်၌လည်း၊ ၎င်း၏ မှတ်ကြောင်း လက္ခဏာမှာ၊ "ဝိတ္ထမ္ဘနလက္ခဏာ"ဖြစ်၏၊ ဤလက္ခဏာ၏- အနက်အဓိပ္ပါယ်ကို (အဘိဓမ္မာဝတာရ- အဋ္ဌကထာ၌= ပြည့်သည်၏ အဖြစ် မှတ်ကြောင်း လက္ခဏာ ရှိ၏ဟု ဖေါ်ပြ၏)၊ (သင်္ဂြိုဟ်ဘာသာဋီကာ၌= တောင့်မာစေခြင်း- လက္ခဏာရှိ ၏ဟု ဆို၏)၊ ပရမတ္ထဒီပနီ– ဋီကာကျော်တို့၌= ထောက်ကန်တတ်သော မှတ် ကြောင်းလက္ခဏာရှိ၏ဟု ဆို၏)။ ဤသို့အားဖြင့်= ဝိတ္ထမ္ဘနလက္ခဏာ မှတ် ကြောင်းတရပ်၏- သဘောသွား ပေါ်တွင်- မသိမသာ, ကွဲပြားလျက်- ရှိကြ ပါသည်

အဲဒီ, ဝါယောဓါတ်ကို၊ ဘာကြောင့်, ဝါယောလို- ခေါ်ရသလဲဆိုတော့။ ။ဝါယနတော- အရပ်တပါး၌ ဖြစ်သည်၏ အကြောင်း၏အဖြစ်ဖြင့် ဘုတ်အပေါင်းကို ရောက်စေတတ်သည်၏ အဖြစ်ကြောင့်- ဝါယော မည်သည်။ ဘဝေ- ဖြစ်၏။ ဤသို့— ဆိုအပ်ခြင်းကြောင့်၊ ထောက်ကန်လိုက်လျှင်- လှုပ်ရှားရွေ့သွားစေတတ်တယ်၊ တွန်းကန်လိုက်လျှင်လည်း၊ လှုပ်ရှားရွေ့သွားစေတတ်တယ်ဆိုတဲ့၊ ထောက်ကန်မှု- တွန်းကန်မှု ပယောဂါဘိသင်္ခါရကြောင့် လှုပ်ရှားရွေ့သွား, အရပ်တပါးသို့ ရောက်သွားစေတတ်တဲ့ အချင်းအရာ, အာကာရပစ္စုပဋ္ဌာန် သဘောမှန်ကို တွေ့ရတယ်၊ ထို့ကြောင့်— မည်သူနှင့်မျှ မဆန့်ကျင်ရန်ငင်း၊ အာကာရပစ္စုပဋ္ဌာန်နှင့် အံဝင်ဂွင်ကျဖြစ်ရန်ငင်း၊ (ဝိတ္ထမ္ဘနလက္ခဏာကို= ထောက်ကန်ပင့်ဆောင်, တွန်းကန်တိုက်လွှင့်- လှုပ်ရှား ရွေ့သွားစေသော မှတ်ကြောင်းလက္ခဏာရှိ၏-ဟု ဆိုထိုက်,ဆိုသင့်, ဆိုအပ်ပါ၏။)

ဤနေရာ၌= အများနှင့် မဆန့်ကျင်အောင်ထက်၊ အာကာရပစ္စုပဋ္ဌာန်ကျရန်သာ ပိုအရေးကြီးပါသည်။ အချို့- ကေစိဆရာတို့နှင့်မူ လုံးဝဆန့်ကျင်သွားရပါသည်၊ ၎င်းတို့က- အအေးရှိရင်, အပူရှိသလို၊ လှုပ်တာရှိရင်- ငြိမ်တာရှိတယ်-ဆိုပြီး၊ ငြိမ်တာကို- ဝါယောဓါတ်လို့-ပြောဟောကြသည်၊ ၎င်းငြိမ်မှုကို ဝါယောဓါတ်ဟု- ''ဝါနယတော-သင်္ခါတာယ''ဆိုသည့်-ဝါယောမည်ကြောင်း ပုဒ်၌လည်း မရှိ၊ ဝိတ္ထမ္ဘနလက္ခဏာထဲ၌လည်းမရှိ၊ အာကာရပစ္စုပဋ္ဌာန်,ရသဋ္ဌာန်ပစ္စုပဋ္ဌာန်တို့၌လည်း- ငြိမ်တာ, ဝါယောဓါတ်လို့ မပါ၊ ပူတာ,အေးတာ,ကို မာတာ,ပျော့တာ,ကို ဖွဲ့စည်းတာ-ယိုစီးတာကိုဆိုတဲ့ ဒွိပက္ခသဘောကို- သမံကာရှံကာကြည့်ပြီး- လှုပ်တာရှိရင်၊ ငြိမ်တာရှိရမယ်ဆိုတဲ့- ဒွိပက္ခသဘောအရ ငြိမ်တာဝါယောဓါတ်လို့- သမုတ်လိုက်ကြသည်။ ထိုသို့- ရုတ်တန်း- ရမ်းတုတ်ကြခြင်းသည် မသင့်ပါ၊ အထက်ပါ— အမည်လက္ခဏာ, ပစ္စုပဋ္ဌာန်တို့နှင့်လည်း မယှဉ်စပ်ပါ၊ ဒွိပက္ခသဘော-ပါပြီး, ရှိပြီးကိုလဲ- မရိပ်စားမိပါ၊ ထောက်ကန်မှု တွန်းကန်မှုသဘောထဲမှာပင်၊ မာ, ပျော့၊ ဖွဲ့-ယို၊ ပူ,အေးလို= ဒွိပက္ခပါပြီးနေပါပြီ၊ ထောက်ကန်မှုသည်- ဒွိပက္ခအားဖြင့်- ဆန့်ကျင်ဘက် ဖြစ်ပါသည်၊ ဘောလုံးတလုံးကို- မြေသို့ပေါက်ချခြင်းသည်- ထောက်ကန်လိုက်ခြင်းဖြစ်ပြီး ပေါက်ချသော အင်အားအလျောက် ပြန်ကန်တတ်ခြင်းသည်၊ တွန်းကန်လိုက်ခြင်း ဖြစ်ပါသည်၊ ထိုသို့.... ထောက်ကန်မှုဖြင့်- လှုပ်ရှားရွေ့သွားခြင်း၊ တွန်းကန်မှုဖြင့် လှုပ်ရှားရွေ့သွားခြင်းသည်၊ ထို- ထောက်ကန်- တွန်းကန်မှုကြောင့် ဖြစ်ပွားသည့် နိဿန္ဒ- အကျိုးဆက်တရားသာဖြစ်သည် အကြောင်းရင်းတရား မဟုတ်ပါ၊ ထို့ကြောင့်- အကြောင်းရင်း, အကြောင်းမှန်, ထောက်ကန်မှု, တွန်းကန်မှု

သည်၊ မာ့ပျော့၊ ဖွဲ့ယို၊ ပူ့အေး့တို့ကဲ့သို့- ဒွိပက္ခအဘို့ရှိပြီးဖြစ်၍၊ အကျိုးဆက်တရားမှ- လှုပ်ရှားသည်ကို ကြည့်၍၊ ငြိမ်တာလဲရှိတာပေါ့၊ ငြိမ်တာ ဝါယောဓါတ်ပေါ့ လုပ်ရန်၊ လုံးဝကေန်-မသင့်သော အကြောင်းသာ ဖြစ်ပါသည်။

ယင်းကဲ့သို့= ထောက်ကန်၊ ပင့်ဆောင်- တွန်းကန်၊ တိုက်လွှင့်=လှုပ်ရှားရွေ့သွားစေသော မှတ်ကြောင်း လက္ခဏာကို ဆောင်နှင်းရာ၌၊ ကံ၊ စိတ်၊ ဥတုအာဟာရ၊အကြောင်းတရားလေးပါးအရ စတုဇရုပ်- မဟာဘုတ်တို့ပင် ဖြစ်လင့်ကစား၊ ပဓါနအချုပ်အားဖြင့်- အဖြစ်များ၍- ပဋ္ဌာနအားဖြင့်- ပြဋ္ဌာန်းရသည်ကတော့၊ အဇ္ဈတ္တိကအရ= စိတ်၊ ဥတု၊ နှစ်ပါးကြောင့် ထင်ရှားခြင်း၊ ဗဟိဒ္ဓ၊ အရ= ဥတုဇ၊ ဝါယောဓါတ်တပါးသာ ထင်ရှားခြင်းကြောင့်၊ ရုပ်ခန္ဓာအတ္တဘောတို့နှင့် စပ်၍၊ စိတ်၊ ဥတု၊ နှစ်ပါးကိုပင်၊ ပြဋ္ဌာန်းအပ်ရပါတော့သည်။ ထို့ကြောင့်- ကျွန်ုပ်တို့ (ကာယဿ ဣဉ္ဇနာ၊ ပုဒ်ကို= အနက်ထုတ်ရာတွင်၊ ကာယဿ- မိန်းမ၊ ယောကျာ်း- အထင်မှားသည့်- အများသမုတ်- ဓါတ်ကိုယ်ရုပ်ကြီး၏၊ ဣဉ္ဇနာ- ဝါယောဓါတ်ရုပ်၊ စိတ်စိုးအုပ်၍၊ ပြုလုပ်ထောက်ကန်-တွန်းလှန်လှုပ်ရှား- ရပ်၊သွား-လျောင်း၊ ထိုင်၊ ပြုနိုင် ဣရိယာပထ- အာကာရအချင်းအရာမျှသာ ဖြစ်ပေသတည်း။) လို့ ဆိုအပ်သော- သဘောသွားသည်၊ အာကာရပစ္စုပဋ္ဌာန်ဆတ်ဆတ်-ပြဋ္ဌာန်းအပ်သော- ဝါယောရုပ်ဓါတ်၊သဘောသွားကို မပျက်မယွင်း၊ ဆောင်နှင်းတတ်ခြင်း၊ "အတ္တနော သဘာဝံ ဓါရေတီတိဓါတု" ဟူသော- ဝစနတ္ထနှင့်အညီ၊ အာကာရပစ္စုပဋ္ဌာန်ကို အာရုံပြု၍ လက္ခဏာလျှင် အာရုံရှိသော- လက္ခဏာရမ္မဏိက- ဝိပဿနာ ဖြစ်ထိုက်ကြောင်း- ဝိဇ္ဇမာနပညတ်တစိပ်၊ ချိပ်ရုံနိမိတ်သဘောကိုသာ- ထွန်းပြဆို၍- မှတ်ကြောင်းလက္ခဏာပြုကောင်းရာပါတော့သည်။

ဒီတော့= ထောက်ကန်လှုပ်ရှား၊ ရွေ့သွားတာရယ်၊ တွန်းကန်လှုပ်ရှားရွေ့သွားတာရယ်- ဆိုတာတွေကို၊ ဗဟိဒ္ဓဖြစ်တဲ့၊ သစ်ရွက်၊ သစ်ကိုင်း၊ သစ်ပင်၊ မျှား၌ရှင်း၊ လေယာဉ်- ကား- မီးရထား- လှေ့သင်္ဘောမျှား၌ရှင်း၊ တွေ့ရတတ်ခြင်း။ အဇ္ဈတ္တအရ= လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါးသော- ဣရိယာပထအားဖြင့်- ဖြစ်ပွားခြင်းတို့၌ရှင်း၊ ဝစီနှုတ်မြွက် ဝိညတ်စက်နှင့်- တချက်ရှိုက်ရှူ- တူရူတစောင်း၊ ကြည့်ခြင်းအပေါင်းတို့၌ရှင်း= တွေ့မြင်ရတတ်ရာ၊ ထောက်ကန်မှုကြောင့် ဖြစ်စေ၊ တွန်းကန်မှုကြောင့်ဖြစ်စေ၊ လှုပ်ရှား ရွေ့သွားတတ်တာတွေဟာ၊ ဝါယောရုပ်ဓါတ်၊ ပရမတ်သားဆိုတော့၊ ဝါယောရုပ်ဓါတ်၊ ပရမတ်မဟုတ်ပါ။ ဝါယောရုပ်ဓါတ်၊ ပရမတ်ကိုသိရန်- မှတ်ကြောင်းလက္ခဏာမျှသာ ဖြစ်တယ်လို့၊ အနက်အဓိပ္ပါယ်အရ= ပိုင်းခြား၊ သိရပါမယ်။

အကယ်၍= ထောက်ကန့်တွန်းမှု၊ ထို- နှစ်ခုကြောင့်-လှုပ်ရှားရွေ့သွားတာဟာ၊ ဝါယောရုပ်ဓါတ်ပရမတ်ပါဟု- ဆိုပါလျှင်၊ သစ်ရွက်လှုပ်ရှားတော့၊ သစ်ရွက်ဝါယောရုပ်ဓါတ်၊ ပရမတ်၊ လေယာဉ်လှုပ်ရှား ရွေ့သွားတော့၊ လေယာဉ်ဝါယောရုပ်ဓါတ်၊ ပရမတ်စသည်ဖြင့်- အားလုံးလှုပ်ရှားရွေ့သွားနေတာတွေ၊ ဝါယောရုပ်ဓါတ်နဲ့-ပရမတ်ချည်းသာ ဖြစ်ဘွယ်ရာရှိတော့၏။ ထို့ကြောင့် ၎င်း-မရှိ ပညတ်၊ သစ်ရွက်၊ သစ်ပင်- လေယာဉ်၊ မီးရထား၊ လှေသင်္ဘောစသော ပညတ်များနှင့်- လူဟုခေါ်ပြောသ်၊ မိန်းမ ယောကျ်ား၊ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ များစသော- သဏ္ဌာနနိမိတ်၊ သဏ္ဌာနနိမိတ်- မရှိပညတ်အရိပ်တို့၌၊ အာကာရ၊ အချင်းအရာ၊ အမူအရာဗျာပါရချိပ်သည့်- ပယောဂါဘိသင်္ခါရ၊ စိတ်ဥတုချယ်မှုန်းခါ၊ လှုပ်ရှားရွေ့သွားရလေတိုင်း၊ ဝါယောရုပ်ဓါတ်၊ ပရမတ်လုပ်လို့ရအပ် စရာ အကြောင်း မရှိကောင်းပါသဖြင့်၊ အာကာရ ပစ္စုပ္ပန်တွင်၊ ပရမတ္ထ အစွမ်း၊ ဘာဝမ္မေခြမ်း၏ ထင်ရှားဆောင်ဘိ- ဓါတ်သတ္တိအရှိမှတ်သိလက္ခဏာ ပေါ်ထွန်းလာသော- အကျိုးရုပ်တွင်း၊ ဆောင်နှင်းခြင်း- သဘာဝလက္ခဏာ မျှသာပါတကားဟု ပိုင်းခြား သိမှတ်ရာပါသည်။

ဤနေရာ၌၊ ကပ်သီး၊ ကပ်သပ်- စောဒနာတရပ်ကို၊ကပ်ဖွဲ့တင်၊ ဝင်၍= ဆိုချင်လျှင်- ဆိုပါလေဦး။ ထောက်ကန်- တွန်းမှု၊ လှုပ်ရှားပြု၍- ရွေ့သွားစေမှုတွေဟာဖြင့်- ဝါယောဓါတ်၊ ပရမတ်ရဲ့- လက္ခဏာမျှသာ ဖြစ်တယ်ဆိုတာ ကိုတော့-ယုံပါပြီ။ အဲဒီလို ထောက်ကန်လှုပ်ရှားမှု၊ ပြုတာကို- သေသေချာချာ ကြည့်တော့၊ သစ်ရွက်၊ သစ်ပင်- အိမ်အိုစင်တို့- လေတိုက်ရင်၊ တကယ်လှုပ်ရှားရွေ့သွားပုံကို ကြည့်ရင်၊ လေမုန်တိုင်းနဲ့ တွေ့က၊ လဲပြိုလွင့်စင်သွားကြရ တာကြောင့်တကြောင်း၊ ဘိုင်လာရေနွေး- ငွေ့ရှိန်ပေး၍၎င်း၊ အင်ဂျင်ဓါတ်ဆီ ငွေ့ရှိန်သီ၍၎င်း၊ လေချို၍- တွန်းကန်သဖြင့်- သွားလာရွေ့ပြောင်း၊ လေယာဉ် မီးရထားနှင့်- ကား သင်္ဘောအပေါင်းတို့၊ ပူငွေ့-လေရှိန်တို့ကြောင့်သာဖြစ်ရရာ၊ လေကြောင့် ဖြစ်ပေါ်တဲ့- ထောက်ကန်မှု၊ တွန်းကန်မှုသာဖြစ်ပါသဖြင့်- လေ၊ မရှိဘူး ပညတ်မျှသာဆိုတာ၊ ယုံကြည်စရာ၊ မရကောင်းသေးပါဘို့၊ စောဒနာပြု သည်ဆိုကြပါစို့ ...။

လေမရှိတာကတော့ အမှန်ပါ၊ ယောဂီတို့၊ ဝန်ခံနိုင်အောင် ရှင်းပြရရင် တော့၊ ခေါင်းအေးအေးနဲ့ထားပြီး ပိုင်းခြားသိရှိသွားအောင်၊ ကြိုးစားပေတော့။ (ဥပမာ) လေရှိလို့လေကြောင့်- ထောက်ကန်မှု တွန်းကန်မှု ပြုလို့- လှုပ်ရှားရွေ့ သွားရတာပါဆိုရင်၊ စပရိန်ခွေကလေးတချောင်းကို ထောင်ထားပြီး၊ ထောက် ကန်မှုအနေနဲ့ ဖိချလိုက်ပါ။ ပြီးတော့- လက်ကို ပြန်လွှတ်လိုက်ရင်၊ ပြန်ပြီး

တွန်းကန်လာတာကို တွေ့ရပါလိမ့်မယ်၊ ကဲ—အဲဒီစပရိန်ထဲမှာ ယောဂီတို့ပြောတဲ့ လေပါသလားမေးရင်၊ မပါပါဘူးလို့ ဝန်ခံရပါလိမ့်မယ်၊ ဒါဖြင့်-လေက,လေကြောင့်- ထောက်ကန်တယ်၊ တွန်းကန်တယ်ဆိုတာ- မှန်ပါအုံးမလား=မမှန်ကန်တော့ပါဘူး၊ ဝါယောဓါတ်ကသာ- ထောက်ကန်တာ, တွန်းကန်တာပါ၊ စောစောကလဲ, ပြောခဲ့ပါပြီ၊ မြေကြီးသည်- ပထဝီဓါတ်မဟုတ်၊ မြေကြီးကတခြားတပါး- ပထဝီဓါတ်က, တခြားတပါး၊ မြေကြီးထဲမှာ- ပထဝီဓါတ်မရှိ၊ ပထဝီဓါတ်ထဲမှာ- မြေကြီးမရှိ၊ ပထဝီဓါတ်ဟူသော- အကြောင်းကြောင့်- မြေကြီးသည်လည်း မပေါ်ထွန်း, မဖြစ်သည်လည်းမဟုတ်၊ ဥတုနိယာမသိဒ္ဓိအားဖြင့်ပြီးသော- မရှိပညတ်တရားသို့ ရှင်းခဲ့သလို၊ ရေ-မီး-လေ, တို့လဲ၊ ထိုနည်းရင်းဘဲ မရှိပညတ်တရားဘဲ၊ သမုတိသစ္စာအနေနဲ့- မှန်ကန်ရုံမျှကိုတော့၊ ဓါတ်တို့သတ္တိနဲ့ ဥတု-ဗီဇ-နိယာမသိဒ္ဓိကြောင့်ပြီးစေတဲ့၊ ဓမ္မနိယာမသဘောမျှရှိတယ်လို့ဆိုခဲ့ပါပြီ၊ ထင်ရှားရှိတဲ့ လေမဟုတ်တာ အမှန်ပါ၊ လေကလဲ- မထောက်ကန်တတ်ပါဘူး၊ မတွန်းကန်တတ်ပါဘူး၊ ရှိမှ- မရှိတာ၊ ဘယ်လိုလုပ်လာပြီး- ထောက်ကန်,တွန်းမှုလက္ခဏာစုကို၊ သူက, ဆောင်နှင်းနိုင်ရမှာလဲ၊ ဝါယောဓါတ်ကသာ, ဆောင်နှင်းတတ်တာပါ၊ ဒါကြောင့်- စပရိန်တချောင်း, လေလဲမဟုတ်ဘူး၊ လေလဲ မပါဘူး၊ ဒါပေမဲ့- ဝါယောဓါတ်ရုပ်ကတော့- မိမိလက္ခဏာကို မိမိဆောင်နှင်းရက်ပါတယ်-ရှိတယ်၊ ဘယ်အခါ- ထင်ရှားသလဲ- . သူ့ကို, ဖိချလိုက်တုံးက, မတွန်းကန်ဘူးလားမေးရင်၊ တွန်းကန်ပါတယ်လို့- ဖြေရမယ်၊ တဖြေးဖြေးဖိချတုံး, မလှုပ်ရှားဘူးလားမေးရင်၊လှုပ်ရှားပါတယ်လို့ဘဲ ဖြေရမယ်၊ တပေလောက်ရှိတဲ့ စပရိန်ဟာ- တထွာလောက်ဖြစ်အောင်၊ ရွေ့မသွားလားမေးရင်၊ ရွေ့သွားပါတယ်လို့ဘဲ ဖြေမှ- မှန်မယ်၊ ပြန်လွှတ်လိုက်တော့ကော၊ (ဝါ)ထောက်ကန်ဖိအားလွှတ်ပေးလိုက်တော့ကော၊ ပြန်မတွန်းကန်ဘူးလား, မေးရင်၊ တွန်းကန်ပါတယ်လို့ ဖြေမယ်၊ တွန်းကန်ဆဲမှာကော မလှုပ်ရှားဘူးလားမေးရင်၊ လှုပ်ရှားသွားပါတယ်လို့ဖြေမှ- မှန်မယ်၊ တွန်းကန်ပြီးတော့ကော ရွေ့မသွားဘူးလားမေးရင်၊ ရွေ့သွားပါတယ်လို့ဘဲ ဖြေရမယ်၊ ဘာဖြစ်လို့လဲဆိုတော့၊ နေ့စဉ်, နေ့တိုင်း, သစ်ခုတ်သမားတယောက်ဟာ- ပုဆိန်တလက်နဲ့ ခုတ်ထွင်လုပ်ကိုင်လာတာဟာ- ၄/၅-နှစ်ကြာတော့၊ ပုဆိန်ရိုးကလေး, လက်စားပြီး၊ တစ,တစ, သေးသိမ်သွားသလို၊ ယခုအခါ- ဖိ၍, ထောက်ကန်ခံရခြင်း, တဖန် ပြန်၍- တွန်းကန်ရပြန်ခြင်းဖြင့်၊ မူလ- တပေမြင့်တဲ့, စပရိန်ကလေးဟာ အဖိခံရပါများသော့- တစ,တစ, တွန်းကန်အားလျော့ပြီး၊ မူလ- တပေအထိ, ပြန်တက်မလာတော့ဘဲ၊ လက်မတစိပ်, လက်မတဝက်, တလက်မ, စသည်ဖြင့်- နိမ့်ကျရွေ့သွား

တော့မှာလဲ အမှန်ဖြစ်တယ်၊ ဒါကြောင့်- စပရိန်တချောင်းကို ကိုင်တွယ်၊ သုံးသပ်ကြည့်ရင်၊ လေမရှိ၍ လေမပါဘဲ၊ ဝါယောရုပ်ဓါတ် ပရမတ်၏ ဓါတ်အနေ, ဆောင်နှင်းချက်, လက္ခဏာသည်၊ ဓါတ်ကြီးလေးပါး၊ (ဝါ) ရုပ်ဓါတ်ရှစ်ပါး,ကလာပ်စီးများအတွင်းဝယ် မိမိသဘောကို မိမိဆောင်နှင်းသောကြောင့်သာ- ထောက်ကန်, တွန်းမှု, လှုပ်ရှားပြု၍၊ ရွေ့သွားစေသော လက္ခဏာကို၊ မချွတ်မယွင်း, ဆောင်နှင်းတတ်တာ, အမှန်ပါကလား။ လေရှိတယ်၊ လေကမှ ထောက်ကန်, တွန်းကန်တတ်တယ်လို့- ယူထားမိတာ အမှားကြီး, မှားလှပါကလားလို့- အမှန်ကိုသိရင်၊ အမှားကို စွန့်လွှတ်မိအောင်၊ ဝါစုဂ္ဂတ, လုပ်ကြည့်ပေးပါ။ သစ်ရွက်, သစ်ပင်,အိမ်အိုပြိုလဲ- လေယာဉ်, သင်္ဘော, ကား, ရထားတို့ ထောက်ကန်-တွန်းမှု, လှုပ်ရှားသွားဘာဟာလဲ လေကြောင့်၊ မီးကြောင့်ဆိုတာ မဟုတ်ဘဲ၊ ဥတုဇဝါယောဓါတ်ကို လူတို့၏- ပယောဂ ါဘိသင်္ခါနှင့် ယှဉ်စပ်၍ ပြုပြင်စီရင်ခြင်းကြောင့်- ဝါယောဓါတ်အားကြီး, ဆောင်နှင်းခြင်း အသီးသီး ဖြစ်ရတာပါဘဲကားဟု-ပိုင်းခြားသိအပ်ရာပါသည်။ ။မကျေနပ်သေးက လေ, မပါ၊ လေမဟုတ်သော- သားရေမြောက်ကြိုးကို- ပယောဂါဘိသင်္ခါရနဲ့ ထောက်ကန်,တွန်းမှု, ထိုနှစ်ခုသော-လက္ခဏာ, လေမပါဘဲသာ ဆောင်မဆောင် စမ်းသပ်ကြည့်နိုင်ပါသေးသည်။ ။

ဒါပေမဲ့= ယောဂီတို့က၊ မကျေနပ်နိုင်သေးဘူးဘဲ ဆိုကြပါစို့၊ သံဖြင့်ပြုလုပ်တဲ့ စပရိန်ထဲနှင့် ရာဘာဖြင့် ပြုလုပ်ဘဲ့၊ သားရေကြိုးထဲ- လေမရှိ, လေမပါတာတော့- သေချာပါတယ်၊ ဒါအပြင်, စက်ကိရိယာနဲ့ လယ်ပတ်ရွေ့ရှားတဲ့ သဘောတွေထဲမှာပါ၊ လေမပါလို့ဘဲ ထားပါတော့၊ အဇ္ဈတ္တအာကာသထဲမှာ၊ ကောင်းကင်ကြီးတခုလုံးထဲမှာ တိမ်တောင်, တိမ်လိပ်တွေ- တရွေ့ရွေ့ပြေးနေကြပါတယ်၊ သစ်ပင်, သစ်ရွက်,တွေလဲ လေတိုက်လို့ဘဲ၊ လှုပ်ခပ်ရွေ့ရှားနေပါတယ်၊ ပင်လယ်သမုဒ္ဒရာထဲက, လှိုင်းတံပိုးကြီးတွေလဲ- လေတိုက်ခတ်လို့ဘဲ၊ အိမ်လုံးလောက်ကြီးတဲ့- လှိုင်းတွေလဲ- ဖြစ်ပေါ်နေကြပါတယ်၊ ဒါကြောင့်- အဇ္ဈတ္တအာကာသထဲမှာတော့- လေရှိပါတယ်၊ လေရှိလို့၊ အဲဒါတွေ- ထောက်ကန်, တွန်းကန်ပြီး၊ လှုပ်ရှားဖြစ်ပေါ်နေတာပါလို့-ထပ်ဆင့်ပြီး,ဆိုလာပြန်ရောဆိုပါတော့။

ဒီလိုဆိုလာပြန်ရင်လဲ၊ အဲဒီ, အဇ္ဈတ္တအာကာသထဲကို နှစ်တောင့်ထွာလောက်ရှည်တဲ့ ကြိမ်လုံးကလေးတလုံးနဲ့ ဝှေ့ရမ်းကြည့်စမ်းပါဆိုရင်၊ ဝှေ့ရမ်းလိုက်တဲ့အခါ၊ ဝိုးကနဲ-ဝှီးကနဲ, အသံဖြစ်ပေါ်မလာဘူးလား၊ဖြစ်ပေါ်လာတယ်၊ အဲဒီလို အသံဖြစ်ပေါ်လာနိုင်မှုဟာ၊ ဩဠာရိက—ကြမ်းတမ်းတဲ့ ရုပ်ကလာပ်ချင်း

တိုက်ခတ်မိလျှင်သော်၎င်း၊ သုခုမ=နူးညံ့သော ရုပ်ကလာပ်နှင့် ကြမ်းထမ်းသော ရုပ်ကလာပ်ချင်း တိုက်ခတ်မိလျှင်သော်၎င်း၊ အသံဆိုတဲ့ သဒ္ဒရုပ်ဓါတ်ကို ဖြစ်ပေါ်စေပါတယ်၊ အကယ်၍ သုခုမ, နူးညံ့တဲ့ ရုပ်အချင်းချင်း (ဝါ)ဝါဂွမ်းဆိုင်ကလေးတခုပေါ်ကို ဝါဂွမ်းဆိုင်ကလေးတခုနှင့် ကိုင်ပေါက်သော်လည်း၊ အသံဆိုတဲ့ သဒ္ဒရုပ် မထွက်ပေါ်လာနိုင်ပါ။ဒါဖြင့်-အဇ္ဈာအာကာသထဲမှာ လေတော့ လုံးဝမရှိတာအမှန်ဘဲ၊ ရှိတာက, ဝါယောဓါတ်လွန်ကဲတဲ့ အရှိန်ကလာပ်ခေါ် တခါတရံ ထရံကြို ထရံခြားက ထိုးတဲ့နေရောင်ခြည်တန်းကလေးထဲမှာ မြင်ရတဲ့၊ တဇ္ဇာရီ မြူလို့ခေါ်တဲ့ကလာပ်တွေနဲ့ တဇ္ဇာရီမြူထက်-တစ,တစ,ငယ်တဲ့မြူရယ် (၃၅)ဆအထိ ငယ်ရင်-အဏုမြူလို့ ခေါ်တဲ့မြူရယ်၊နောက်(၃၅)အထိငယ်သွားရင် ပရမာအဏုမြူလို့ခေါ်တဲ့ မြူတွေသည်သာ၊ ဥတုသုံးပါးကြောင့် ကစင့်ကလျား, လွင့်ပါးနေကြတဲ့-အရှိန်ကလာပ် မြူအရပ်ရပ်သဘောသာရှိပါတယ်၊ လေဆိုတာကတော့ တကယ်မရှိပါဘူး။

အဲဒီလို၊ အရှိန်ကလာပ်တွေဟာ၊ နွေဥတုကြောင့်၊ (ဝါ)အပူငွေ့ကလာပ် ဥဏှတေဇောဓါတ်နဲ့- မိဿကအဖြစ်အမှီရ၍၊ လွန်စွာကစင့်ကလျား ပြေးသွားရွေ့ရှားတတ်ခြင်း၊ မိုးဥတုကြောင့် (ဝါ) အရေကလာပ်, အေးငွေ့- သီတ တေဇောဓါတ်နဲ့ မိဿကအဖြစ်အမှီရ၍၊ ပြင်းထန်တခါ- လျော့ချီတလှည့်ဖြင့် ဝါယောရုပ်ဓါတ်, အရှိန်ကလာပ်များ- ကစင့်ကလျား- ပြေးသွားရွေ့ရှားရခြင်း။ ဆောင်းဥတုကြောင့်၊ (ဝါ)အေးငွေ့ကလာပ်, သီတတေဇောဓါတ်နဲ့, မိဿကအဖြစ်အမှီရ၍၊ အအေးရှိရာ- အပူလာခိုက်၊ အပူရှိလာ, အအေးခွါခိုက်၊ကတိုက်ကရိုက်အားဖြင့်- အရှိန်ကလာပ်ဝါယောဓါတ်တို့သည်- ကစင့်ကလျား- ပြေးသွားရွေ့ရှား ရခြင်းတည်းဟူသော၊ ထို- ဝါယောဓါတ်, လွန်ကဲသည့် အရှိန်ကလာပ်, မြူအရပ်ရပ်တို့သည်သာ- အဇ္ဈာအာကာသထဲ၌- ပြေးလွှား, ပျံ့နှံ့လျက်ရှိပါသည်။ လေဆိုတာတော့ လုံးဝမရှိပါ၊ ၎င်း- သုခုမရုပ်, အရှိန်ကလာပ်တို့ကို- ဩဠာရိကရုပ်,ကြိမ်လုံးနှင့်- ဝှေ့ရမ်းတိုက်ခတ်မိသဖြင့်သာ- အသံခေါ်= သဒ္ဒရုပ်ဓါတ်- ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်၊ လေက, တသီးတခြား-ရှိနေပြီး အရှိန်ကလာပ်တွေကို- လွင့်ပါးအောင်-လုပ်နေသည်ဟုလည်း- အထင်အမြင် မှားမနေပါနှင့်ဦး၊လေဆိုတာက- လုံးဝမရှိပါ၊ အကယ်၍- လေရှိလို- လေကမှ, လေကြောင့်သာ- ထောက်ကန်, တွန်းကန်မှုဖြင့်- လှုပ်ရှားရပါသည်ဆိုက- သံစပရိန်သားရေကြိုးတို့- ထောက်ကန်, တွန်းကန်မှု၌- လေမရှိ၍- လေမပါဟု ဝန်ခံခဲ့ပြီးသားနှင့် ဆန့်ကျင်သွားပြန်ပါလိမ့်မည်။

ထို့ကြောင့်၊ ဓါတ်ကြီးလေးပါး- ဦးစီးပြသည့်၊ အဝိနိဗ္ဘောဂရုပ်ခေါ် ပထဝီ, အာပေါ, တေဇော, ဝါယောနှင့်- မကင်းမကွာ မှီငြား= ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ရုပ်ဓါတ်ရှစ်ပါး, ကလာပ်တစီးသည်- ပရမာဏုမြူကလေး တလုံး စင်လျက်- ကလာပ်စီးပေါင်း, (၉၉)စီးရှိရာ၊ အဋ္ဌကလာပတခု- ရုပ်အစုဌ်၊ ပထဝီဓါတ်,လွန်ကဲအပ်သော,ကလာပ်အများ ပေါင်းစုသွားခြင်းကို- အဖတ်ကလာပ်၊ (ဝါ)အမှုန့်ကလာပ်၊ အာပေါဓါတ်, လွန်ကဲအပ်သော- ကလာပ်အများပေါင်းစုထင်ရှားခြင်းကို- အရေကလာပ်။ တေဇောရုပ်ဓါတ်, လွန်ကဲအပ်သော- ကလာပ်အများ, ပေါင်းစုထင်ရှားခြင်းကို- ဥဏှတေဇောအခိုက် ပူငွေ့ကလာပ်= သီတတေဇောအခိုက်- အေးငွေ့ကလာပ်။ ဝါယောရုပ်ဓါတ် လွန်ကဲအပ်သော ကလာပ်အများ၊ (ဝါ) အမှုန်ဘက်မပါ၊ မမြင်သာသော- တဇ္ဇာရှိမှုထက် လွန်စွာသေးလတ်- အဇဋ္ဌာအာကာသဌ်- ပျံ့နှံ့လွင့်ပါး, နေရငြားသော- ကလာပ်များကို အရှိန်ကလာပ်ဟု ဆိုအပ်ပါသည်။ ဤသို့- လွန်ကဲရာစွဲ- ဖြစ်မြဲဓမ္မတာကို၊ (ဝါ) ဓမ္မနိယာမဓမ္မတာကို၊ ဥတုသုံးလီ- နွေ့,မိုးဆောင်းတို့ကြောင့်၊ ,ကစင့်ကလျှား ရွေ့ပြောင်းသွားနေမှုကိုပင်၊ လေတိုက်သည်ဟု- ကမ္ဘာဦးသူတို့က သမုတ်ခေါ်ဝေါ်ခဲ့ကြ၍၊ အရှိပရမတ်၏- ဓါတ်သဘာဝလက္ခဏာ, ဆောင်နှင်းဖြာသည်ကို၊ လေပါဟု- ပညတ္တိအတ္ထ, သမုတိသစ္စာအနေ သမုတ်ရုံအမှန်မျှသာ ဖြစ်ပါသည်။ ဧကန္တထင်ရှားရှိသည်က မရမတ်မှ-ဓါတ်အနေထင်ရှားစေသော-ဆောင်နှင်းချက် အာကာရကွေ့သာ ဖြစ်ပါသည်။

ပထဝီရုပ်ဓါတ်နှင့်- အာပေါရုပ်ဓါတ်သည်၊ ဂရုဘာဝရုပ်, လေးသည်၏ အဖြစ်အားဖြင့်သာ- မိဿက, သင်္ဂဟ, အတူစုံတွဲ- အားပေးမှုမြဲကြသော-မပေါ့ မပျံ- တည်ရန်ဌာန- ဝပ်လျိုးကျကြရသော-ရုပ်ဓါတ်များ ဖြစ်ပါသည်၊ တေဇော ရုပ်ဓါတ်နှင့် ဝါယောရုပ်ဓါတ်, ကလာပ်တို့သည်လည်း၊ လဟု ဘာဝ ရုပ်ဖြစ်ခြင်းကြောင့်- ပေါ့သည်၏ အဖြစ်အားဖြင့်= တည်အပ်ရာကလာပ်စုမှ- ခွါဖဲ၍ တက်ကြွပျံ့လွင့်တတ်သော ရုပ်ဖြစ်ခြင်းကြောင့် အဇဋ္ဌာ အာကာသထဲမှာ၊ မိဿက အနေ- အတူစုံတွဲ- အားပေးမှု လွန်ကဲ- မြဲစွဲကြသော- အညမညပစ္စည်းသဘော ရှိသည့်- ရုပ်ဓါတ်များ ဖြစ်ပါသည်။

ထို့ကြောင့်၊ အဇဋ္ဌာအာကာသထဲမှာ၊ သစ်ရွက်, သစ်ပင်- လှုပ်ရှားအင်နှင့်၊ လှိုင်းတံပိုးထန်- မိုးယံတိမ်တိုက်၊ ပြေးလိုက်ရွေ့ရှား၊ လွန်ကဲငြားက တောင်ပြို, သစ်ပင်လဲ၊ အိမ်အို, အိမ်မဲ့တို့ပါ- လွင့်ပါကြရသည်မှာ၊ စင်စစ် လေရှိ၍- လေတိုက်၍- လေကြောင့် မဟုတ်ပါ။ အထက်ပါ- သရုပ်, သကောင် ထုတ်ဆောင်ပြပုံကို- ကြည့်ပါက၊ သမုတ်ရုံအရှိ-လေဟု ခေါ်သည့် မရှိပညတ်ထဲမှ

အရှိပရမတ်, ဆောင်နှင်းချက်- ဓါတ်လက္ခဏာကို= ထုတ်ပြသလို- ဖြစ်သွားပါလိမ့်မည်။ မရှိတဲ့တရားထဲက- ရှိတရားသက်ဆင်းလာရတယ်လို့ ကိုးယို့ကားယား ကြားလို့မှ- မလျှော်အောင်- ဖြစ်သွားပါလိမ့်မည်၊လေမှုချမရှိ- ဝါယောရုပ်ဓါတ်၊ အရှိန်ကလာပ်တို့သာ ရှိသည်ကို- တိတိကျကျ- သိရှိတော်မူပြီးလျှင်၊ အာကာရပစ္စုပ္ပဋ္ဌာန်- အချင်းအရာ, အတန်တန်- ဖြစ်ပေါ်ရသည်ကတော့- သုံးလီသော- နွေ့, မိုးသ်း, ဆောင်းဟု-ပြောင်းလဲသော- ဥတုဖြစ်ပေါ်တိုင်း, ဖေါက်ပြန်မြဲမြဲ-ဝါယောဓါတ် လွန်ကဲထန်သည့် အဇ္ဈတ္တအာကာသထဲမှ- အဒ္ဒကလာပ, အကြမ်းအနု, အစုစုတို့သည်- အရှိန်ကလာပ်ပီပီ- မတည်ငြိမ်အပ်သည်ကြောင့်၊ တိမ်တိုက်, လှိုင်းတံပိုး- တမျိုးတောတောင်, လဲပြိုအောင်ပင်- ထောက်ကန့်, တွန်းမှု, လက္ခဏာစုကြောင့်- ကစင့်ကလျား- အင်အားများ၍- ရွေ့ရှားပြောင်းသွားရတတ်ခြင်းပါတကားဟု- ဉာဏ်နှင့်ကြည့်က- မိမိရရကြီး- သိနိုင်လောက်ပါပြီ။ ။

ထိုမှတဖုံ= လေမရှိပုံ- သိကြောင်းစုံအောင်- လှမ်းထုံပြရသော်။ ဘာကြောင့်- လေမရှိဟု- အတတ်သိစေလိုပါသနည်းဟု ဆိုလျှင်၊ တသံသရာလုံးက-သတ္တဝါလို့ ခေါ်နူန်းခံခဲ့ရတိုင်း၊ လေ,မရှိပညတ်ကို၊ အရှိလုပ်ခဲ့တာ- အစွဲနာလှန်းနေရုံမျှမက၊ လက်ရှိဘဝ, အမိဝမ်းမှ- ကျွတ်ခါစမှစ၍ လေရှိလေရှူ-အစွဲအလန်းထူခဲ့ခြင်းကို- ရှင်းလင်းအောင်- ပြုတ်စေလို၍- တကြောင်း၊ ရှေ့ဆက်ပြမည့်အလုပ်ပေးတရားတော်မြတ်၌လည်း၊ အဿာသ- ပဿာသ-ခေါ်- အာနာပါနသတိပဋ္ဌာန်ကို၊ ဝိပဿနာရှေ့-သမထနောက်, အနေအားဖြင့်၊ မဂ်ညွှန့်-ဖိုလ်ပန်း, ကိုင်လှမ်း-ဆွတ်ခူးခဏ်းကို- ပြသပေးမည်ဖြစ်ရာ၊ လေရှိတယ်ဆိုတဲ့အစွဲအယူခံနေသမျှ- လုပ်ငန်းခွင်တယ်၍- အံဝင်ဂွင်ကျ- မဖြစ်မည် စိုးခြင်းကြောင့်တကြောင်း၊ ထိုနှစ်ကြောင်းအပြင်=လေရှိတယ်လို့ ထင်ပြန်လျှင်- ဝင်လေ, ထွက်လေ— ငင်သက်, ထွက်သက်လို့- ရှုကွက်ထဲ ဝင်လာမည်စိုးခြင်းကြောင့်၊ လေမရှိပုံကို အပြီးတိုင်- ယုံကြည်ဆုံးဖြတ်နိုင်အောင် ပြသပေးနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့်....

အကယ်၍— လေရှိပါသည်ဆိုပါက၊ ရန်ကုန်မြို့- အသံလွှင့်ရုံမှ၊ စိတ်ဥတုနှစ်ပါးကြောင့်- လူဟုခေါ်အပ်- သီချင်း ဆိုတတ်သူတို့၏ အသံကို- တိတ်ခွဲဓါတ်ပြား,ပြန်ဖွင့်ငြားသည့်- ဥတုတပါးတည်းကြောင့်-အသစ်ထပ်၍ ဖြစ်သောသဒ္ဒရုပ်ကို- အဆ,တထောင်,တသောင်းချဲ့ကာ- တုံခါရိုက်ညှောင်း- လွှင့်ထုတ်ကြောင်းပြုခါ၊ ဤမည်သော- မီတာအတိုင်းဖြင့်- ပျံ့လှိုင်းလွှင့်ပါ၊ ဥတုဇသဒ္ဒရုပ်ကလာပ်အဖြာဖြာကို၊ လှိုင်းခလုတ်ဖြင့်ဖွင့်၍ သွင်းယူ=မီတာတူက- စပီကာ

အကူမျှဖြင့်-တဖန်ထပ်မံ၍၊ ဥတုဇသဒ္ဒအသံကို- ကြားပြန်စေရာ၌၊ ဆောင်းအခါ အသံလှင့်လျှင်- လေရှိသည်ဆိုပါက၊ လေသည်- မြောက်မှတောင်သို့သာ တိုက်ခတ်ရာ၊ ဤအသံလှိုင်းသည်- လေနောက်သာ ပါသွားရုံးမှန်ပါက အသံလှင့်ရုံ မြောက်ဘက်မှာရှိသော- ရေဒီယိုများသည်၊ ထိုအသံကို- လေပြောင်းပြန်တိုက်နေ၍၊မိမိတို့က- ဆန့်ကျင်ဘက်တွင်ရှိနေရာ၊ ဘယ်နည်းနှင့်မျှ- ဘမ်းယူရကောင်းစရာအကြောင်းမရှိတော့ပါပေ။ ထိုနည်းတူစွာ ... မိုးအခါ၊ တောင်လေသာ အတိုက်များပြန်သဖြင့်- တောင်လေတိုက်ခိုက်, အသံလှင့်လျှင်၊ မြောက်ဘက်သို့သာ- လေနှင့်အတူပါပြီး၊ တောင်ဘက်သို့ မရောက်မူ၍၊ တောင်ဘက်မှရှိသမျှ ရေဒီယိုတွေ- အသံယူဘမ်းခါ- သဒ္ဒရုပ်အသစ်, ပြန်ဖြစ်ခွင့်- ရနိုင်ကြတော့မည် မဟုတ်ပေ။

ယခုမူ= ဤသို့ကား, မဟုတ်ပါပေ၊ ဘယ်ဥတု- ဘယ်ရာသီ- ဘယ်လေ ၊ တိုက်တိုက်, အသံလှင့်ရုံမှ၊ တုံခါရိုက်လှင့်မှု, အားရှိသလောက်= အရပ်လေးမျက်နှာ, ရှစ်မျက်နှာ၊ အထက်,အောက်ပါ- ဆယ်မျက်နှာစလုံး- အင်အား, အလိုက် ဖမ်းယူ၍- ရနိုင်ကြသည်မှာ၊ လေကြောင့်- လေထဲ, အသံပါလာ၍ ဖမ်းယူရရှိကြသည် မဟုတ်ပါ၊ ဤအဇင္ဈာအာကာသထဲတွင် အထက်က ပြောခဲ့သော ဝါယောဓါတ်, လွန်ကဲသည့် အရှိန်ကလာပ် တို့ကြောင့်သာ- မဟာဘုတ်အဇ္ဈကလာပရပ်ချင်းဆက်၍၊ တုန်ခါရိုက်အား လှင့်မှုကြီးလျှင် ကြီးသလောက်- အရပ်ဆယ်မျက်နှာ, ဘယ်ဘက်ကို မဆို၊ မဟာဘုတ်ရပ်ချင်း- ထိခိုက်ဆက်စပ်၍၊ သဒ္ဒရုပ်ပါ- အရှိန်ကလာပ်တို့သည် ကူးစက်ခါ- ပျံ့နှံ့သွားသဖြင့်- ဘမ်းယူရရှိနိုင်ခြင်း ဖြစ်ပါသည်၊ ဤသည်ကို- ရန်ကုန်က- အသံလှင့်ရုံမှ- လှင့်လိုက်တဲ့အသံပါဟု ဆိုရသော်လည်း- အသံလှင့်ရုံမှ- လှင့်ဆဲခဏ, အသံဓါတ်သည်- အသံလှင့်စက်မှ- ထွက်ပြီးသည်နှင့်တပြိုင်နက်- ချုပ်ပျက်သွား၏။ ၎င်းချုပ်ပျက် သွား, မသွားခင်- အဇင္ဈာအာကာသအတွင်းရှိ- ကလာပ်တို့နှင့် တိုက်ခပ်မိ၍ တိုက်ခိုက်ခံကလာပ်တို့သည်လည်း- သဒ္ဒရုပ်ဖြစ်ခါ- ချုပ်ရ၏။ ၎င်းချုပ်သော ရုပ်ကလာပ်တို့ တိုက်ခိုက်ခံရသော ကလာပ်တို့၌၊ အသံဓါတ်သည် ဖြစ်ပြန်၏။ ဤသို့- ဖြစ်ချုပ်အဆက်ဆက်, မဟာဘုတ်အဆက်ကို- ဝါယောဓါတ်, လွန်ကဲသည့်- အရှိန်ကလာပ်, အဆက်ဆက်တို့၌- ထိခိုက်ပျံ့နှံ့သွားသည်ဖြစ်၍၊ အားကြီးလျှင်- ကြီးသလောက်- အရပ်ဆယ်မျက်နှာ, အခါမရွေး, ဘမ်းယူနိုင်သော သဘောသည် ဖြစ်၏။ ဘမ်းယူ၍- တဖန်ရောနှောလာသော- မဟာဘုတ်ကလာပ်, အတန်တန်တို့မှ အသံပြန်ထွက်အောင် သူ့မီတာနှင့်သူ မိပါက၊ပေါကာမှ-သဒ္ဒရုပ်အသစ်တို့ကို နားထောင်နိုင်အောင်- လှင့်ထုတ်မှုလုပ်သဖြင့်- အဟောင်းပျက်၍ အသစ်ဆက်

သော- အဇ္ဈတ္တအာကာသထဲမှ- လေမဟုတ်သည့်- ဝါယောဓါတ်, လွန်ကဲသော မဟာဘုတ်အဆက်ဆက်ကြောင့်သာ- အသံပြန်ဖြစ်သည်အထိ၊ လူတို့ဖန်တည်းနိုင်ကြခြင်းဖြစ်ကြောင်း ကောင်းစွာ, ရိပ်စားမိရာပါသည်။ ထို့ပြင်-အမေရိကန် ရုရှား- အသံစသည်တို့ကို၊ တကမ္ဘာလုံးက- ကောင်းမွန်စွာ, ဘမ်း၍ရသည်ကို ကြည့်ပါက၊ တုံခါ,ရိုက်လှိုင့်အားကြီးသည်နှင့်အမျှ-တကမ္ဘာလုံး,ပျံ့နှံ့သွားရခြင်းသည်၊ အဇ္ဈတ္တအာကာသထဲ၌ ဝါယောဓါတ်, လွန်ကဲသော- အဋ္ဌကလာပရုပ်, မဟာဘုတ်တို့၏၊ ရုပ်,ရုပ်ချင်းဆက်၊ သဒ္ဒဓါတ်ပျံ့နှံ့ချက် ဖြစ်ပွားသွားရခြင်း ထင်ရှားလှပါ၍၊ လေကြောင့်မဟုတ်၊ လေဆိုတာ- လုံးဝ,မရှိဘဲ၊ ဝါယောရုပ်ဓါတ် အရှိန်ကလာပ်တို့ကိုသာမှီ၍- သမုတ်ခေါ်ဝေါ်ထားသော- ပညတ်မျှဟု သိအပ်ပါတော့သည်။

ထို့ကြောင့်၊ လေဟု,သမုတ်၊ သင်္ကေတလုပ်ကြသော အမည်မှာ၊ ထင်ရှားရှိတရား- ဝါယောဓါတ်, လွန်ကဲသည့်= မဟာဘုတ်, အဋ္ဌကလာပ, အရှိန်ကလာပ်များအပေါ်၌သာ- တင်စားခေါ်ထားရုံမျှ- သမုတိသစ္စာတရားသာ ဖြစ်ပါသည်၊ ထင်ရှားရှိအနေအားဖြင့်- လုံးဝ မဟုတ်မရှိ၊ ဘိတ်ဘိတ်သားမရှိ၊ ဧကန်မရှိဟု- တိတိကျကျ, ဆုံးဖြတ်ယုံကြည်အပ်ရာပါသည်။

ထို့ပြင်တနည်း= ရှာဖွေ, ဆန်းစစ်ကြည့်ဦးမည်ဆိုပါက၊ ၎င်းမရှိပညတ် လေ,ဟု ခေါ်ဝေါ်သမုတ်ကြသည့်- လုပ်ဇာတ်သမုတိ- ပညတ္တိကိုပင်၊ ရှိသည်- မရှိသည်ဟု, ပြုလုပ်ခေါ်ဝေါ်ကြပြန်ပုံမှာ၊ ယခုအခါ- ကမ္ဘာပတ်လမ်းကြောင်း လဟာပြင်ဟု, ခေါ်နေကြသော၊ (ဝါ) ဂြိုဟ်တုတို့- ပစ်လွှတ်ခါ- ထိုနေရာရောက်ပါက၊ အထက်မတက်, အောက်မဆင်း၊ ပေါလော ပေါ်နေတတ်ခြင်း လဟာပြင်တွင်၊ နေလနက္ခတ်တာရာ၊ ကြယ်တကာတို့ လှည့်ပတ်ရာ အရှိန်ဟတ်သဖြင့်၊ ကမ္ဘာကို ပတ်နေသော- ကမ္ဘာပတ်လမ်းကြောင်းခေါ်- လဟာပြင်၌ လေမရှိပါဟု ဆိုကြပြန်ပါသည်။ မြေပြင်မှ- မိုင်ပေါင်း- ၆-သန်း၊ ၃-သိန်း, ကျော်လျှင်- ကမ္ဘာမြေကြီး၏ ဆွဲအားကုန်ခြင်း၊ တဖန်- အထက်, လကမ္ဘာမှလည်း ဆွဲအားကုန်ခြင်းတို့ဆုံရာ၊ နှစ်ခုအကြား- မိုင်, ၆-သောင်းခန့်အတွင်း၌ လေမရှိပါ၊ လဟာပြင်သာဟု ဆိုကြပါသည်။ ထို့ကြောင့်- လဟာပြင်တွင်း သက်ဆင်း ဝင်ရောက်သွားပါက၊ ဆွဲအားညီမျှ, ကုန်ဆုံးရာ- ကြားဌာနတွင် အထက်လည်း,မတက်၊ အောက်လည်း, မကျ၊ နေလနက္ခတ်တာရာတို့ လှည့်ပတ်ရာ အရှိန်ဟတ်ပြီး လည်နေရတတ်သည်ဟု- အဆိုရှိပါသည်။

ထိုသဘော၌လည်း၊ အမှန်မှာ- လေမရှိတာမဟုတ်ပါ၊ ဝါယောဓါတ်, လွန်ကဲသည့် မဟာဘုတ်, အဋ္ဌကာလပ-အရှိန်ကလာပ်များ၊မရှိခြင်းသာ ဖြစ်ပါ

သည်။ မိုးသားတိမ်ထု မိုင်-နှစ်သန်းမျှလောက်သော- အထုသည်၊ မြေပြင်မှ— ပျံ့လွင့်တက်အား ကုန်ခမ်းသွားအောင်- စုဝြားနေမိ လေးလာသည်၏ အဖြစ် ကြောင့်- အထက်သို့လည်း မလွင့်မတက်နိုင်၊ အောက်မှတဖြိုင်ဖြိုင် တက်ရှိလာ ပြန်သော- အငွေ့ကလာပ်၊ အရှိန်ကလာပ်တို့ကလည်း- မဖောက်ထွင်းနိုင်ဘဲ၊ စုဝေးကလာပ်- အငွေ့ဓါတ်နှင့် အရှိန်ဓါတ်တို့- ပေါင်းစပ်ဖန်မျှား၊ ဂရုဘာဝ အားဖြင့်- အဖတ်ကလာပ် အရေကလာပ်အသွင်၊ ပြောင်းလဲဝင်အုံ့ဆဲဆဲ၊ ထို- မိုးသားခဲတိမ်အထုကြီးသည်- အထက်သို့- ပျံ့လွင့်မတက်နိုင်တော့ဘဲ၊ အောက်တူ ရှုသို့သာ ကျဆင်းရန်- မျက်နှာမူခြင်းဌာနဌ်- မြေကြီးဆွဲအား ကုန်ရှိသွားသည် ဟု— ဆိုငြားပြုကြပြန်ပါသည်။

တဖန်လည်း= နေလနက္ခတ်တာရာ- ကြယ်တကာဟု ဆိုအပ်သော လ ကမ္ဘာဂြိုဟ်အစားစားတို့မှ- ဖြစ်ပွားသည့်၊ အငွေ့ကလာပ်တို့သည်လည်း၊ ပင်ဂိုရ် သဘာဝ အထက်သို့- ပျံ့လွင့်တက်မြဲအတိုင်း ဖြစ်ရာ၊ အောက်သို့- ဆင်းရန် မျက်နှာမူကြောင်း မရှိကောင်း၍- တက်အားကုန်ဆုံး မိုးတိမ်အလုံးနှင့် တွေ့အပ် ပေါင်းဆုံ- မရှိကုန်ဘဲသာ ဖြစ်ရာ၊ ဤ-နှစ်ခု- ကြားဌာနတွင် အဘယ်မည်သော အဖတ်ကလာပ် အရေကလာပ် အငွေ့ကလာပ် အရှိန်ကလာပ် မရှိအပ်တော့ သည်သာ ဖြစ်ခြင်းကြောင့်၊ ဤ- မိုင် ၆-သောင်းခန့်မျှသော- အဇဋာဌ် လေ မရှိပါဟု- ခေါ်ဝေါ်သမုတ်ကြပြန်ပါသည်၊ အမှန်မှာ- လေဆိုတာ နဂိုရ်ကပင် မရှိ၊ မည်သည့် ကလာင်တစားစားမျှ- ဝင်ရောက်မပျံ့နှံ့ခြင်းသဘောမျှသာ ဧကန် ဖြစ်ပါသည်ကို- ဆင်ခြင်ဉာဏ်ဖြင့် ကြည့်ရှုပါက၊ မိမိတို့- လေရှိတယ်လို့- ယူခဲ့ ပြောခဲ့တာ မှန်ရင်၊ အဇဋ္ဋာ အာကာသချင်းအတူတူ၊ ကောင်းကင်ပြင်ကြီး တခုလုံးတော့- လေရှိကောင်းပါရဲ့၊ ယခုမူ— လေရှိ= လေမရှိဟု- ဌာနနှစ်ခု တွေ့ရခြင်းကိုကြည့်လျှင်၊ အမှန်မှုချ-လေဆိုတာ မရှိတာဧကန်ပါဘဲလား၊ အငွေ့ ကလာပ် အရှိန်ကလာပ်တို့သာ(ဝါ)တေဇောဓါတ်လွန်ကဲသော ကလာပ်၊ ဝါ ယောဓါတ်လွန်ကဲသော ကလာပ်တို့သာ-အဇဋ္ဋာအာကာသထဲမှာ ရှိရှိုးအမှန်မို့ မမှန်ယာမ- သဘာဝအလျှောက်- မရောက် မပေါက်နိုင်သော- အထက်ကမ္ဘာ- အောက်ကမ္ဘာကြားဌာနဌ်၊ လေမရှိဟု-သမုတ်ရုံသဘောမှုသွဲ့၍၊ စင်စစ်လေမရှိ သည်၏ အဖြစ်ကို စိတ်ချယုံကြည်- ပညတ်အာရုံဌ် စွဲတည်လာမိသည့်-အမှားဒိဋ္ဌိ- မိစ္ဆာအမြင်ကို-သုတ်သင်ပစ်အပ်ရာပါတော့သည်။

အဲဒီတော့-လေမရှိ-လေမဟုတ်တာသေချာလျှင်၊ ဘာတော့-အရှိအဟုတ်မှန် ပါသလဲဆိုတော့၊ ဝါယောရုပ်ဓါတ်- သခ်တ ပရမတ်၏- ဂုဏ်သတ္တိကြောင့်၊

သော- အဇဋ္ဌာအာကာသထဲမှ- လေမဟုတ်သည့်- ဝါယောဓါတ်, လွှန်ကဲသော မဟာဘုတ်အဆက်ဆက်ကြောင့်သာ- အသံပြန်ဖြစ်သည်အထိ၊ လူတို့ဖန်တည်း နိုင်ကြခြင်းဖြစ်ကြောင်း ကောင်းစွာ, ရိပ်စားမိရာပါသည်။ ထို့ပြင်-အမေရိကန် ရုရှား- အသံစသည်တို့ကို၊ တကမ္ဘာလုံးက- ကောင်းမွန်စွာ, ဘမ်း၍ရသည်ကို ကြည့်ပါက၊ တုံခါ ရိုက်လှိုင်းအားကြီးသည်နှင့်အမျှ-တကမ္ဘာလုံး ပျံ့နှံ့သွားရခြင်း သည်၊ အဇဋ္ဌာအာကာသထဲ၌ ဝါယောဓါတ်, လွှန်ကဲသော- အဋ္ဌကလာပရုပ်, မဟာဘုတ်တို့၏၊ ရုပ်ရုပ်ချင်းဆက်၊ သဒ္ဒါဓါတ်ပျံ့နှံ့ချက် ဖြစ်ပွားသွားရခြင်း ထင် ရှားလှပါ၍၊ လေကြောင့်မဟုတ်၊ လေဆိုတာ- လုံးဝ မရှိဘဲ၊ ဝါယောရုပ်ဓါတ် အရှိန်ကလာပ်တို့ကိုသာမှီ၍- သမုတ်ခေါ်ဝေါ်ထားသော- ပညတ်မျှဟု သိအပ် ပါတော့သည်။

ထို့ကြောင့်၊ လေဟုသမုတ်၊ သင်္ကေတလုပ်ကြသော အမည်မှာ၊ ထင် ရှားရှိတရား- ဝါယောဓါတ်, လွှန်ကဲသည့်= မဟာဘုတ်, အဋ္ဌကလာပ, အရှိန် ကလာပ်များအပေါ်၌သာ- တင်စားခေါ်ထားရုံမျှ- သမုတိသစ္စာတရားသာ ဖြစ်ပါသည်၊ ထင်ရှားရှိအနေအားဖြင့်- လုံးဝ မဟုတ်မရှိ၊ ဘိတ်ဘိတ်သားမရှိ၊ ကေန်မရှိဟု- တိတိကျကျ, ဆုံးဖြတ်ယုံကြည်အပ်ရာပါသည်။

ထို့ပြင်တနည်း= ရှာဖွေ, ဆန်းစစ်ကြည့်ဦးမည်ဆိုပါက၊ ၎င်းမရှိပညတ် လေဟု ခေါ်ဝေါ်သမုတ်ကြသည့်- လုပ်ဇာတ်သမုတိ- ပညတ္တိကိုပင်၊ ရှိသည်- မရှိသည်ဟု, ပြုလုပ်ခေါ်ဝေါ်ကြပြန်ပုံမှာ၊ ယခုအခါ- ကမ္ဘာပတ်လမ်းကြောင်း လဟာပြင်ဟု, ခေါ်နေကြသော၊ (ဝါ) ဂြိုဟ်တုတို့- ပစ်လွှတ်ခါ- ထိုနေရာ ရောက်ပါက၊ အထက်မတက်, အောက်မဆင်း၊ ပေါလော ပေါ်နေတတ်ခြင်း လဟာပြင်တွင်၊ နေလနက္ခတ်တာရာ၊ ကြယ်တကာတို့ လှည့်ပတ်ရာ အရှိန်ဟတ် သဖြင့်၊ ကမ္ဘာကို ပတ်နေသော- ကမ္ဘာပတ်လမ်းကြောင်းခေါ်- လဟာပြင်၌ လေမရှိပါဟု ဆိုကြပြန်ပါသည်။ မြေပြင်မှ- မိုင်ပေါင်း- ၆-သန်း၊ ၃-သိန်း, ကျော်လျှင်- ကမ္ဘာမြေကြီး၏ ဆွဲအားကုန်ခြင်း၊ တဖန်- အထက်, လကမ္ဘာမှ လည်း ဆွဲအားကုန်ခြင်းတို့ဆုံရာ၊ နှစ်ခုအကြား- မိုင်, ၆-သောင်းခန့်အတွင်း၌ လေမရှိပါ၊ လဟာပြင်သာဟု ဆိုကြပါသည်။ ထို့ကြောင့်- လဟာပြင်တွင်း သက်ဆင်း ဝင်ရောက်သွားပါက၊ ဆွဲအားညီမျှ, ကုန်ဆုံးရာ- ကြားဌာနတွင် အထက်သည်းမတက်၊ အောက်လည်း, မကျ၊ နေလနက္ခတ်တာရာတို့ လှည့်ပတ် ရာ အရှိန်ဟတ်ပြီး လည်နေရတတ်သည်ဟု- အဆိုရှိပါသည်။

ထိုသဘော၌လည်း၊ အမှန်မှာ- လေမရှိတာမဟုတ်ပါ၊ ဝါယောဓါတ် လွှန်ကဲသည့် မဟာဘုတ်, အဋ္ဌကာလပ-အရှိန်ကလာပ်များ၊မရှိခြင်းသာ ဖြစ်ပါ

အပေါင်း နှစ်ထပ်-နှစ်ရပ်တို့ကြောင့်၊ သခ်တံ=အထက်ပါ-အကြောင်းနှစ်ဖြာတို့ ပြုပြင်အပ်သဖြင့်- ရုပ်ဓါတ်အဖြစ်သို့ သက်ဝင်တတ်သော- ပရမတ္ထ၏ အစွမ်းကြောင့်

(၁) စတင်, ထင်ရှားသည်က- အာကာရပစ္စုပဋ္ဌာန်- ဓါတ်သဘာဝ လက္ခဏာအမှန်၊

(၂) ထိုလက္ခဏာသရုပ်ကို မှတ်ကြောင်းလုပ်၍ ရုပ်လို့ ထင်ရှားအာရုံ ရငြားတာက အကျိုး၊

(၃) အကျိုးရုပ်-သဘာဝပစ္စုပဋ္ဌာန်၌၊ ဤကား=ပထဝီဓါတ်လွန်ကဲ-အဖတ်ကလာပ်ဘဲ။ ဤကား=အာပေါဓါတ်လွန်ကဲ-အရေကလာပ်ဘဲ၊ ဤကား=တေဇောဓါတ် လွန်ကဲ-အငွေ့ကလာပ်ဘဲ၊ ဤကား=ဝါယောဓါတ် လွန်ကဲ-အရှိန်ကလာပ်ဘဲဟု ပိုင်းခြားကြည့်ရှုခါ၊ ဤ အကျိုးရုပ် ပေါ်ထွန်းမှုတို့သည်၊ အကြောင်းမချုပ်ခင်, ခဏတ္တယအယာဉ်မျှသာဟုရင်း၊ (ဝါ) အကြောင်းစုံညီ ''ဥပါဒ်'' ဖြစ်ခြင်းသည်၊ အငယ်ဆုံး ခဏမျှဖြစ်ခြင်းနှင့်-မတူခြားနား''ဝယ'' ပျက်ခြင်းသို့ သက်ဝင်ခိုက်ခဏ''ဋ္ဌီ''ဟု တည်ရသည်လည်း တခဏမျှသာဟုရင်း၊ ''ခယ''တွင်မူ၊ ဆိုဘွယ်မရှိ-တခဏအတိဖြင့် ကုန်ပျောက်ခြင်းသို့သာ-ရောက်ကြရသည်မှာ၊ အဋ္ဌကလာပ်ရုပ်-မဟာဘုတ်ဦးစီး-အကြောင်းတရားအသီးသီးကိုက၊ မြဲသည်မရှိခြင်းကြောင့်၊အကြောင်းချုပ်၍-အကျိုးမချုပ်ခင်တွင်'ဥပါဒ်-ဋ္ဌီ-ဘင်' နှင့်၊ (ဝါ)ဥပ္ပါဒဋ္ဌိတိ=ပဝတ္တဋ္ဌိတိ=ဘင်္ဂက္ခဏ,တွင် ပျက်ချုပ်ရသည့် သဘော၌၊ ခယ,ဝယ-သဘောအရ=ဝယ ပျက်သည်ဆိုလျှင်=ခယ,ဘာတခုမျှမကျန်မကြွင်းအောင်,ကုန်ပျောက်, ချုပ်ဆုံးခြင်းအတိသာ ဖြစ်သွားတတ်သော၊မဟာဘုတ်ရုပ်ဓါတ်, အဋ္ဌကလာပ်များသာ-ဖြစ်ပါတကားဟု=ဉာဏ်မြင်ပေါက်လျှင်၊ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, မယှဉ်— နိဿတ္တ, နိဇ္ဇီဝ-သဘာဝ,တခွင်- အနတ္တာကေန်တွင်၊ အကျိုးရုပ်လို့-ခေါ်လို့မှမဆုံးခင် ''ဥပါဒ်-ဋ္ဌီ-ဘင်''နှင့် ပျက်ပြုန်းလျက်- ခမ်းချောက်ကုန်ဆုံးသည်က၊ မျက်စေ့တမှိတ်, လျှပ်ပြက်တချက်-ခဏထက်၌၊ကုဋေ ပေါင်း''၅၅ဂ၂-ကုဋေ-သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင်,လေးရာ, တဆယ့်,နှစ်စီး,မျှသော၊ အဋ္ဌကလာပ်ရုပ်, အသီးသီးတို့-အပျက်စီးကြီးပျက်စီးလျက် ''ဖြစ်ချုပ်''ကုန်ပျောက်နေကြသော၊ သူငါမဟုတ်, ရုပ်ဓါတ်ကလာပ်, ပရမတ်သဘောဓမ္မကို၊ အကြောင်းတွေ့နှော၍-ပေါင်းစု, ပြုစီရင်ခါ၊ ခဏတ္တယ သဘော-ခယဋ္ဌေန,ဝယဋ္ဌေန-ဘိဇ္ဇနသဘောအားဖြင့်သာ- အနိစ္စအတောမသတ်သည့်၊ အသဿတ= တည်သည်၏အဖြစ်မရှိ၊ ''ဖြစ်ပျက်'' သခ်ါရအတိသာပါ

တကားဟု- ဓါတ်ကြီးလေးစုံ၌- ဉာဏ်ချက်အကုန်မိအောင်ဝင်စား- လေ့ကျက်, ပွားများတော်မူကြပါကုန်။ ။

ကဲ .. ဤမျှဆိုလျှင် ဝါယောရုပ်ဓါတ်နှင့်တကွ ဓါတ်ကြီးလေးပါးတို့၌၊ ပရမတ္ထသဘောဉာဏ်ကို၊ ဝေကန်- ကျက်စားနိုင်လောက်ပါပြီ၊ ယခင်က, မိမိသိမှတ်ယူထားတဲ့ အသိနဲ့၊ ယခု-ထိထိမိမိ,ကြည့်ရှုပြီး ပိုင်းပိုင်းခြားခြား, ကွဲပြားအောင် သိရတဲ့ အသိနဲ့၊ ယခုအသိတွင် မိမိဉာဏ်-တက်, မတက်နှင့်, ထူးခြားစွာ-လေးလေးနက်နက် ပရမတ္ထ-ပညာသားကို ရလိုက်ပြီ,မရလိုက်ပြီဆိုတာ၊ နှိုင်းချိန်ဝေဘန်ကြည့်ရင် သိနိုင်လောက်ပါပြီ အဲဒါကြောင့်- ဒေသနာကွန်ပါလဲ ကိုက်သွားရအောင်- ဉာဏ်ထွေမသွားစေတဲ့ ဋ္ဌာန်လေးပါးကလေးကို သိတော်မူလိုက်ပါဦး။

## ဝါယောရုပ်ဓါတ်၏ ဋ္ဌာန်လေးပါး

ဝိတ္ထမ္ဘနလက္ခဏာ = ထောက်ကန်ပင့်ဆောင်၊ တွန်းကန်, တိုက်လွှင့်-လှုပ်ရှားရွေ့သွားစေသော လက္ခဏာရှိ၏။

သမုဒီရဏ ရသာ = သဟဇာတ် ရုပ်တရားတို့ကို အရပ်တပါးသို့-ဆောင်ယူခြင်း ကိစ္စရသရှိ၏။

အဘိနီဟာရ ပစ္စုပဋ္ဌာနာ= သဟဇာတ်ရုပ်တို့ကို ရွေ့ရှားအောင်ဆောင်တတ်သောတရားဟု ဉာဏ်အားရှေ့ရှုထင်၏။

သေသ ဘူတ ပဒဋ္ဌာနာ=ကြွင်းသော မဟာဘုတ်သုံးပါးလျှင် နီးစွာသောအကြောင်းရှိ၏။

**( မှတ်ရန်ဆောင်ပုဒ် )**

ထောက်ကန်တွန်းမှု၊ လှုပ်ရှားပြု၊ မှတ်စု လက္ခဏာ၊
သဟဇာတ်တရား၊ ရွေ့စေငြား၊ ထင်ရှားကိစ္စပါ၊
ရှေ့ရှုဆောင်သွား၊ ရပ်တပါး၊ မြင်ငြားဉာဏ်မှာသာ၊
နီးစွာတရား၊ ဘုတ်သုံးပါး၊ မခြား ပ-တေ-ဝါ။ ။

ဤသို့ ရုပ်ဓါတ်ကြီးလေးပါးတို့ကို ဋ္ဌာန်လေးပါးတို့နှင့်တကွ၊ တပါးချင်းသဘောသဘာဝတ္ထတို့ကို၊ ပရမတ္ထဉာဏ်ချက်- ထောက်မိကြရန် ပြဆိုခြင်းသည် လုံလောက်မျှတလောက်ပြီထင်ပါသည်၊ ထိုထက် လေးနက် အချက်အလက်နှင့် အကျယ်ဝေဘန် ပြသရန်တို့ ကျန်ရှိသေးသော်လည်း- နားထွေးရှုပ်ခါ- ကျမ်းလေးမှာကြောင့်တကြောင်း၊ ဓါတ်ကြီးလေးပါးမျှနှင့် စာတအုပ်,မဆုံးအောင်ရှိနေမည်ကြောင့်တကြောင်း၊ တင်းတိမ်,ချိုးနှိမ်၍ အပြီးသတ်လိုက်ရပါတော့

သည်၊ လုပ်ငန်းခွင်ဝင်-ပစ္စက္ခဉာဏ်ဝင်ရန်-ဆက်ပြသော အခါ၌လည်း-သက်ဆိုင်သမျှ . သဘောစုကို ထပ်မံစစ်ကြော-ဟောပြောနိုင်မှု ပြုပေးပါဦးမည်။ ယခုလောက်ဆိုလျှင်လည်း၊ မိမိတို့-ယခင်အသိနှင့် ယခုဉာဏ်မြင်သိရသည့်အသိ ကွာခြားပုံကို ရိပ်စားမိနိုင်ရာပါသည်၊ ထို့ကြောင့်-တရားတလုံးတိုင်း၌၊အစဦးတည်၊ အမိအရ-ဆုံးဖြတ်ချက်၊အဓိမောက္ခနယ်ကိုရောက်စေသည့်-ယထာဘူတဉာဏ်သည် လွန်စွာအရေးကြီးပါသည်။ ဟုတ်နိုးထင်ယောင်၊ ဉာဏ်မြင်ဘောင်၊ မကုန်ဆုံးဘဲ-သူတပါးနှဲ့ လျှင်-နဲ့ကျမည့်-အသိဉာဏ်မျိုးထက်၊ မိမိကိုယ်တိုယ်တိုင် ဖေါက်ထွင်းမြင်သိ၊ဆုံးဖြတ်ချက်ချနိုင်သည်အထိ၊ တရားစစ်၊ တရားမှန် ရရှိရေးသည်-လွန်စွာအရေးကြီးပါသည်။ ထို့ကြောင့်-"သမ္မောဟဝိနောဒနီ" အဋ္ဌကထာ၌....

ယထာပိနာမ ဇစ္စန္ဓော၊ နရော အပရိနာယကော၊
ဧကဒါယာတိ မဂ္ဂေန၊ ဥမ္မဂ္ဂေနာပိ ဧကဒါ။
သံသာရေ သံသရံဗာလော၊ တထာ အပရိနာယကော၊
ကရောတိ ဧကဒါပုညံ၊ အပုညမပိ ဧကဒါ။
ယဒါစ ဉတွာသောဓမ္မံ၊ သစ္စာနိ အဘိသမေဿတိ၊
တဒါအဝိဇ္ဇူပသမာ၊ ဥပ သန္တော စရိဿတိ။ ။

ယထာပိနာမ-ဥပမာမည်သည်ကား၊အပရိနာယကော-ရှေ့ဆောင်ဒုတ်ဆွဲကင်းသော၊ ဇစ္စန္ဓောနရော-ဝမ်းတွင်း-သူကန်းဖြစ်သည့် သူသည်။ ဧကဒါ-တရံတခါ-လမ်းကောင်းဖြင့်၊ ယာတိ-သွားမိ၏၊ ဧကဒါ-တရံတခါ၊ဥမ္မဂ္ဂေန-ခရီးမကောင်း- လမ်းခယောင်းဖြင့်လည်း၊ ယာတိ-သွားမိ၏၊

တထာ-ထိုနည်းတူစွာ၊ သံသာရေ-ကမ္ဘာခုနစ်ရေတွက်စစ်၍မရနိုင်သော အနမတဂ္ဂသံသရာ၌၊အပရိနာယကော-မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ခရီးကိုပြီးစေနိုင်သော လမ်းမှန်မြင်သိ- ရှေ့ဆောင်သူကင်းဘိသော၊ ဗာလော-ပုထုဇဉ်အန္ဓ- လူ့ဗာလသည်၊ ဧကဒါ-တရံတခါ၊ ပုညံ-လောကီအကျိုး-ကောင်းမှုမျိုးကို၊ ကရောတိ-ပြုမိ၏၊ ဧကဒါ-တရံတခါ၌၊ အပုညံအပိ-လောကီဆိုကျိုးမကောင်းမျိုးကိုလည်း၊ ကရောတိ-ပြုမိ၏။

စ-ဆက်၍ဆိုဦးအံ့။ယဒါ-အကြင်အခါ၌၊သော-မမြင်လုံးလုံး၊အဝိဇ္ဇာဖုံးလျက်ရှိသော-ဆိုအန္ဓပုထုဇဉ်သည်၊ ဓမ္မံ-မဂ်လေးတန်၊ဖိုလ်လေးရပ်-နိဗ္ဗာန်မြတ်သို့ ပို့ဆောင်တော်မူတတ်- ရောက်စေအပ်သော တရားတော်မြတ်ကို၊ ဉတွာ-သပ္ပုရိသံ၊ရှာကြံတွေ့ရှိ၊ နာခံဆောင်ရွက်- လေ့ကျက်ဆည်းပူး-အထူးသိ၍၊ သစ္စာနိ-ဒုက္ခ၊သမုဒယ-နိရောဓနှင့်- မဂ္ဂတဖြာ- လေးသစ္စာတရားတို့ကို၊ အဘိသမေဿတိ-

ထူးမြတ်သောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိရအံ့၊ တဒါ-ထိုအခါ၌၊ အဝိဇ္ဇူပသမာ- အဝိဇ္ဇာကင်းပြတ်,ငြိမ်းစေအပ်ခြင်းကြောင့်၊ဥပသန္တော-သဥပါဒိသေသ နိဗ္ဗာန်၌ တည်သဖြင့်၊ စရိဿတိ-အနုပါဒိ, နိဗ္ဗာန်ထိသား အကျိုးသွားဖြင့်-ငြိမ်းအေးစွာ နေငြားရပေလတ္တံ့ ။ ။

အထက်ပါ-သဘောသွားကို ကြည့်ပါက၊ ဝမ်းတွင်းသူကန်း-မမြင်စွမ်း သည့်သူသည်၊ရှေ့ဆောင်လမ်းပြ-ကင်းလေရကား၊စမ်းတဝါးဝါး-ခရီးကြား၌၊ လမ်းကောင်းတတန်-လမ်းမှားတလှဲ့-အကျိုးမဲ့ဖြင့်သာ ပြီးသကဲ့သို့ သံသရာခရီး သွား-အန္ဓပုထုဇဉ်ဆိုတဲ့- ပုဂ္ဂိုလ်များသည်လည်း၊ ပရမတ္ထသစ္စာ အစားစားနှင့် အရိယာသစ္စာလေးပါးကို မသိမမြင်နိုင်ငြားကြသည်ဖြစ်၍၊ (ဝါ) မြင်ငြားသေ အောင်-ခရီးလမ်းညွှန်ကင်းသည်ဖြစ်၍၊လောကီအကျိုး,ကောင်းမှုမျိုးကလေးကို သာ- အားကိုးတကြီး အကောင်း ထားပြီး၍၊ တခါတရံ ပြုမိလျက်၊ လောကီ မကောင်းကျိုး- အကုသိုလ်မျိုးတွေကိုသာလျှင်၊ ဆင်ကန်းတောတိုး-သွားပုံမျိုး ဖြင့်-တသံသရာလုံး-အမှောင်ဖုံးတဲ့ ခရီးခဲတွင်၊ မမြင်မစမ်း,လှမ်းလာခဲ့ရသည်ကို ရိပ်စားမိကာ....။

သစ္စာဉာဏ်ကိန်းနိုင်သည့်- ပက်ပင်းတွေ့ကြုံ- သာသနာ့ဂုဏ်၌၊ မဂ်ဖိုလ် နိဗ္ဗာန်- ရောက်စေရန်တရားမြတ်ကို- ယုံကြည် အားကိုးလတ်၍၊ မပြတ်အောင်, ကြိုးစားထူထောင်မည်ဆိုပါက၊ ခရီးလမ်းညွှန်- သပ္ပုရိသဂုဏ်အမှန် ်ငံ ပြည့်စုံ သော (ဝါ)ဒေသကနှင့် သာဝကတာဝန် ရှင်းတမ်းဘွင်၊ညွှန်ခဏ်းပြခဲ့သလို ရှေ့ ဆောင်အမှန်-ရှာကြံဆည်းကပ်-မကင်းမကွာလတ်သောအားဖြင့်ဆိုပါက မဂ်ပွင့် ဖိုလ်သီး, သဥပါဒိသေသနိဗ္ဗာန်ခရီးကို ဖြောင့်တန်းစွာ,သွားရောက်နိုင်ကြောင်း- ဆုံးဖြတ်ယုံကြည်ခါ၊သာဝကပါရမီဉာဏ်ကို သပ္ပုရိသအမှန်ရှာကြံဆည်းပူးထိုက် သည်ဖြစ်၍- တသာသနာမဆုံးမရှုံးရအောင် နှလုံးကောင်းဖြင့်-ရယူနိုင်ကြပါစေ သတည်း။

ဤတွင်ရှေ့-ခါတ်ကြီးလေးပါးကို-ဒိဋ္ဌိဝိသုဒ္ဓိအားဖြင့်-အယူစင်ကြယ်စွာ ရငြားပြီးလျှင်၊ လုပ်ငန်းခွင်ဝင်-ကျင့်စဉ်တရားတော်၌-လိုအပ်သမျှ၊ ကြွင်းသော အဝိနိဗ္ဘောဂရုပ်မှ၊ ဝဏ္ဏ- ဂန္ဓ- ရသ- ဩဇာနှင့်- အာကာသ ပရိစ္ဆေဒ-ရုပ်ငါးပါး ကိုမူ၊ မကျဉ်းမကျယ်အားဖြင့်- ဆက်လက်ပြသပေးသွားပါမည်။ အကျယ်အား ဖြင့်-ပြသနေပါက၊ ကျင့်စဉ်ရှုကွက် နှောင့်နှေးလျက် ဖြစ်မည်စိုး၍ ဖြစ်ပါသည်၊ နောင်,မူလမာတိကာများကို၊ ဓမ္မမာမကတို့-ရထိုက်ရင်လဲ- ဦးပဉ္စင်းတို့စေတနာ အတိုင်း- ပြည့်ဝ အောင်မြင်အောင်, သာသနာ့ဝန် ထမ်းနိုင်ပါစေဟုသာ ဆု တောင်းလိုက်ရပါသည်။ ဆုတောင်းလိုက်ကြပါကုန်လော့။ ။

# ဝဏ္ဏရုပ်ခေါ်တ်-ပရမတ်

ဘူတရုပ်ခေါ်- မဟာဘုတ်၊ ရုပ်ဓါတ်ကြီးလေးပါးကို- မကျဉ်းမကျယ် အားဖြင့်- ပြသခဲ့ပြီးဖြစ်၍၊ ထိုမဟာဘုတ်- ရုပ်ဓါတ်လေးပါးကို မကွင်းမကွာ အမြဲမှီပါသော- အဝိနိဗ္ဘောဂရုပ်ခေါ်၊ အဋ္ဌကလာပရုပ်တို့မှာ၊ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ ရုပ်ဓါတ်လေးပါးဖြစ်ရာ ယခုအခါ- ဝဏ္ဏရုပ်ဓါတ်မှစ၍- အကျဉ်းအား ဖြင့် ပြဆိုပေးသွားပါမည်။

ဝဏ္ဏရုပ်ဓါတ်သည်၊ (ဝဏ္ဏ)-(ရုပ်)-(ဓါတ်)လို့၊ အဓိပ္ပါယ်တခုစီရှိဆယ်၊ တပေါင်းတည်း- အဓိပ္ပါယ်ကိုတော့- လူတိုင်းဆိုသလို၊ နားလည်ပါတယ်။ ယခု ဘယ်လိုနားလည်သလဲ- ဘယ်လိုနားလည်ရမလဲဆိုရင်၊ ဝဏ္ဏ= ပါဠိသဒ္ဒါကို= အဆင်းလို့၊ မြန်မာသဒ္ဒါနဲ့ပြန်ဆိုလိုက်ရင်၊ အဆင်းရုပ်ဓါတ်လို့- နားလည်လာ ကြပါတယ်၊ ဒီတော့-မြန်မာသဒ္ဒါနဲ့ဘဲ၊ (အဆင်း)-(ရုပ်)-(ဓါတ်)ကို သုံးခုခွဲပြီး တခုစီသိကြည့်ပါဆိုတော့- သိပ်မလွယ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ မြတ် စွာဘုရားသခင်၏- အမြတ်ဆုံးသော- ညာဏ်နဲ့ ကျက်စားတော်မူပြီး၊ ပြောမှ- ပြော ဟောတော်မူခဲ့မှ- သိရတာမျိုးမို့ ဖြစ်ပါတယ်၊ ဒီတော့— ဘုရားရှင်၏ အမြတ် ဆုံးသော ညာဏ်နဲ့ ကျက်စားပြီး- ပြောဟောတော်မူခဲ့တာကတော့၊ (ဝဏ္ဏ)ပါဠိ သဒ္ဒါသည်- မြန်မာသဒ္ဒါနဲ့ (အဆင်း)လို့ ခေါ်တယ်၊ အဲဒီ—ဝဏ္ဏ အဆင်းသည်= သနိဒဿနတရားဖြစ်တယ်၊ (ဝါ) ဝဏ္ဏ အဆင်းသည်= မြင်အပ်, မြင်ကောင်းတဲ့ တရားဖြစ်တယ်။

(ရုပ်) ဘာမှမသိတတ်- ဖေါက်ပြန်ပျက်စီးတတ်သည့် အကျိုးတရားဖြစ် တယ်၊ သူ့ကို- ရူပါရုံလို့လဲ-ခေါ်တယ်၊(ဝါ) ဘာမျှ မသိတတ်- ဖေါက်ပြန်ပျက် စီးတတ်သောအကျိုး, ရုပ်ရူပါအာရုံတရား ဖြစ်တယ်။

(ဓါတ်) အတ္တနောသဘာဝံ- ဓါရေတီတိဓါတု-အရ၊ ဝဏ္ဏ- အဆင်း, မြင်အပ်, မြင်ကောင်းခြင်းဖြစ်သော။ မိမိသဘောကို မိမိ= ဆောင်တတ်သော တရားဖြစ်တယ်။ ဝဏ္ဏ, အဆင်းအနေနဲ့- ဘယ်အခါ ဆောင်တတ်သလဲဘို့ မေး ရင်၊ အကျိုးရုပ်တရား အကြောင်းစုံညီငြားလို့- ဖြစ်ပေါ်အပ်ပြီဆိုရင်- ဝဏ္ဏ, အဆင်း, မြင်ကောင်းခြင်းသဘောကို- မပျက်မယွင်း, ဆောင်နိုင်းတတ်တယ်၊ ဒါကြောင့်- အကျိုးရုပ်တရားကို- သနိဒဿနအားဖြင့်- ထင်ရှားခိုက်မှာတော့၊ ဝဏ္ဏ,ရုပ်ခါတ်လို့- ဝိဇ္ဇမာနပညတ်နဲ့- ခေါ်ဆိုအပ်ပါတယ်။ အကျိုးရုပ်တရား သနိဒဿနအားဖြင့်- မြင်ကောင်းစွာ, ထင်ရှားလာပြီဆိုပါလျှင်၊ သူ့ကို-ရူပါရုံ,

ဝဏ္ဏ, အဆင်းရုပ်ဓါတ်လို့- အပြည့်အစုံ- ဝိဇ္ဇမာနပညတ်နဲ့- ခေါ်ဝေါ်အပ်ပြီလို့ ပိုင်းခြားသိမှတ်အပ်ရပါမယ်။

ထို့ကြောင့်၊ ဝဏ္ဏ-အဆင်းလည်း ဟုတ်၏၊ ဓါတ်လည်းဟုတ်၏၊ ရူပါရုံလည်းဟုတ်၏-ဟု၊ သမုတ်အပ်သည့်အပိုင်းကို-သက်ဝင်လာပါတယ် ဒါကြောင့် ဂေါစရရုပ်အနေနဲ့- ရူပါရုံ၊ အဋ္ဌကလာပအနေနဲ့- ဝဏ္ဏရုပ်ဓါတ်လို့- ပိုင်းခြားသိရပါမယ်။ ပေါင်းခေါ်ရင်- ရူပါရုံဝဏ္ဏအဆင်းရုပ်ဓါတ်၊ (ဝါ) "ရူပါရမ္မဏ-ဝဏ္ဏဓါတု"လို့-သဒ္ဒါသာထူးတယ်၊အနက်အတူတူပါဘဲလို့- ဆိုရပေမဲ့--အထက်က- ပြသခဲ့တဲ့အတိုင်း၊ သဘောအဓိပ္ပါယ်တွေကိုတော့- ပိုင်းခြားသိမှတ်အပ်ရပါမယ်လို့ ဆိုတဲ့အတိုင်း၊ ခုံစိပ်၍ သိအပ်ရာပါသည်။

အဲဒီလို- ရူပါရုံတည်းဟူသော- ဝဏ္ဏ အဆင်းရုပ်ဓါတ်လို့ ခေါ်ဝေါ်ရခြင်းသဘောကို၊ ပိုင်းခြားသိပြီးလျှင်- မကွဲမပြား၊ နှစ်မျိုးနှစ်စားမဟုတ်ဘဲ၊ ရုပ်ဓါတ်တပါးတည်းအားဖြင့်- သဘောသဘာဝတ္တ- အဓိပ္ပါယ် ဂွင်းဆက်ကလေးများ, ဆပ်စပ်တတ်ပုံတွေကို- ဝေဘန်သိရှိရပါမယ်၊ သို့မဟုတ်ပါက- အချို့ကေစိဆရာတို့ မဟုတ်မဟတ်, ထုတ်ပြတတ်သလို၊ နက်, ဖြူ, နီ, ဝါ- စိမ်း,ညိုပြာ,ဆိုတဲ့- အရောင်က- ဝဏ္ဏရုပ်၊ အရိပ်က- ရူပရုပ်ဆိုပြီး၊ ရုပ်ဓါတ်(၂၈)ပါးကို၊ (၂၉)ပါးဖြစ်သွားအောင်လဲ၊ ဘုရားရှင်ယက်, တပါးပိုထွင်ပြီး- ဟောညွှန်သွန်သင်ကြပါသေးတယ်၊ ဒီတော့- ပညတ်နဲ့- ပရမတ်တောင် မကွဲဘဲ- ရောစပ်ပြီးအထင်နဲ့ ထွင်ပြတဲ့- ရုပ်ဓါတ်တပါးကလဲ- ပိုလာတာတော့၊ မသင့်တော်လှပါဘူး။ အထက်ကပြခဲ့တဲ့ (ဝဏ္ဏ)ရယ်၊ (ရုပ်)ရယ်၊ (ဓါတ်)ရယ်ဆိုတဲ့- သဘောသုံးခု, ဆက်စပ်သက်ဝင်တတ်ပုံအရ၊ ဂေါစရရုပ်အနေနဲ့- အာရုံပြု ကျက်စားခံရတဲ့အခိုက်- ရူပါရုံလို့- အခေါ်ခံရပေမဲ့၊ ဝဏ္ဏဓါတ်ရဲ့- အတ္တနောသဘာဝံအရ၊ ဆောင်ခိုက်နှင့်တကွနက်- အာရုံအဖြစ်ယူလို့ရတာကို- ရူပါရမ္မဏ-ရုပ်အာရုံရယ်လို့- စက္ခုပသာဒအကြည်ရုပ်နဲ့- ပေါင်းဆုံခွင့်ကြုံကြိုက်အောင်-ဆောင်နှင်းနေတဲ့တရားလို့- သိရပါမယ်။

ပြီးတော့၊ ဖြူ, နီ, နက်, ဝါ— စိမ်း, ညို, ပြာ, ဆိုတဲ့၊ အရောင်မှန်သမျှတွေဟာလဲ- ဝဏ္ဏရုပ်ဓါတ် မဟုတ်ပါဘူး၊ မရှိတဲ့ပညတ်တရားတွေသာ ဖြစ်ပါတယ်၊ ဝဏ္ဏပါဠိသဒ္ဒါကနေ- မြန်မာသဒ္ဒါပြန်ရင်- အဆင်းလို့ဘဲ ခေါ်ရပါတယ်၊ အဲဒီ- အဆင်းဆိုတာဟာလဲ- သဘောအဓိပ္ပါယ်မဟုတ်ပါဘူး= မြန်မာ, သဒ္ဒါဘဲ ဖြစ်ပါတယ်၊ ပါဠိလို- ဝဏ္ဏ၊ မြန်မာလို- အဆင်း၊ အဲဒီ အဆင်းဟာ, အရောင်မဟုတ်ပါဘူး၊ အရောင်က- မရှိတဲ့ပညတ်သာ ဖြစ်ပါတယ်၊ အဲဒီလို= နက်, ဖြူ, နီ, ဝါ- စိမ်း, ညို,ပြာ, ဆိုတဲ့- အရောင်ခြောက်မျိုးနဲ့- နောက်တိုး

အဖုံဖုံ- မရှိပညတ်တွေကို- ခေါ်ဝေါ်ပုံ- အရောင်မျိုးစုံတွေကတော့- များလှပါတယ်၊ လိမ္မော်- မဟော်ဂနီ- စတော်ဘယ်ရီ၊ ကြက်သွေး- မရမ်း- ခရမ်း၊ ချောကလက်- မီးခိုး- စိမ်းညို့ညို့က တမျိုး- သက်တန့်နှင့် ဖက်ဖူးရောင်ဆိုပြီး၊ မြန်မာဝေါဟာရများသလောက် သုံးစွဲကြတယ်၊ ဒီကြားထဲ- ကြုံကြုံ, ဖန်ဖန်- အရောင်တောင် ပါလိုက်သေးတယ်၊ သနားစရာအရောင်တဲ့၊ အဲဒီလို- အရောင်မှန်သမျှတွေဟာ- မရှိတဲ့- ပညတ်တရားတွေချည်းဘဲလို့- ဘုရားရှင်ဟောပါတယ်၊ အရောင်တွေကို- ဝဏ္ဏရုပ်ဓါတ်လို့- မြတ်ဘုရားရှင်လဲ- မသမုတ်အပ်ပါဘူး၊ဟုတ်လဲမဟုတ်ပါဘူး။

ဒါကြောင့်- အရောင်မှန်သမျှသည်၊ မရှိပညတ်လို့- ခေါ်ဝေါ်ခါမျှ သုံးစွဲရခြင်းကြောင့်၊ အဝိဇ္ဇမာနပညတ်၊ ဝဏ္ဏ အဆင်းဆိုတာကတော့- ထင်ရှားရှိဘဲ- ပရမတ္ထတရားကို အကြောင်းပြု၍- ဖြစ်ပေါ်အပ်သော-ဓါတ်သဘောဖြစ်ခြင်းကြောင့်၊ ဝိဇ္ဇမာန, နာမပညတ်၊ အရောင်ဆိုတဲ့- အဝိဇ္ဇမာန, နာမပညတ်ထဲ၌- ပရမတ္ထသဘောတရားရှိလာအောင်, ထွက်လာနိုင်အောင်, ရှာလို့မရ၊ ဖွေလို့လဲ- ဆန်းစစ်လို့လဲမရနိုင်ဘူး၊ ဘာဖြစ်လို့လဲ- အဆန်းအစစ်ခံ၊ အရောင်ဆိုတာ- ပင်ကိုယ်ထဲက, မရှိလို့၊ ဝဏ္ဏ, အဆင်းဓါတ်ကတော့- နဂိုရိက မရှိပေမဲ့- သခ်ၤတပရမတ္ထတရားနဲ့-အကြောင်းတွေစုံညီလာရင်၊ ထင်ရှားဆောင်ငြား, ဖြစ်ပွားပေါ်ထွန်း, အရှိလို့ညွှန်းဆိုရဘဲ- တရားဖြစ်ခြင်းကြောင့်၊ အရှိအခိုက်, ပရမတ္ထတရားကို၊ မြတ်သောဉာဏ်နဲ့- နက်နက်နဲနဲ-နှိုက်ပြီး ရှာဖွေဆန်းစစ်လေလေ= ဉာဏ်ချက်နဲ့ ကေန်ထင်ရှားရှိကို- ပစ္စက္ခဉာဏ်မြင်နဲ့ သိသိရလေလေ, တရားသာ ဖြစ်ပါတယ်။

ဒီတော့၊ အရောင်အကြောင်းကတော့= ဝဏ္ဏ, အဆင်းမဟုတ်ထာ၊ ထင်ရှားသွားပါပြီ။ ဒီတော့— ဝဏ္ဏ,အဆင်းဓါတ်ဆိုတာ၊ အရောင်နဲ့ ဘယ်လိုကွာခြားသလဲဆိုတာ- စစ်ကြည့်ကြဦးစို့။ ဝဏ္ဏ, အဆင်းဆိုဘာ- အတက်ရဲ့- ဆန့်ကျင်ဘက်, အောက်ကို-ရောက်သွားစေတဲ့၊ ကာရနတ္ထအနက်, ဆင်းသက်သွားတဲ့ အဆင်းကို- ပြောတာ- မဟုတ်ပါဘူး။ ဒါကလေးလဲ, ရှေ့က ခံပေးထားရသေးတယ်။ စကားကပ်တော့နဲ့- တွေ့နေရမှာ စိုးလို့- ဝဏ္ဏဓါတ်ကို ဆိုလိုတဲ့-သဘောကတော့၊ ဓါတ်တို့မည်သည်-အနေကတ္ထအနက်ဖြစ်ခြင်းကြောင့်၊ သဘာဝလက္ခဏာအားဖြင့်- ဆောင်နှင်းခိုက်- ဝဏ္ဏရုပ်ဓါတ်၌၊ ရူပသဒ္ဒါသည်- ပကာသနတ္ထအနက်၌-သက်ဝင်ဖြစ်ခြင်းရှိ၏။ထို့ကြောင့်၊ ဝဏ္ဏ—အဆင်းကို၊(ဝါ)ရူပါရုံကို၊ (ဝါ)ဝဏ္ဏဝိကာရံ-အဆင်းရူပါရုံ၏ဖေါက်ပြန်ခြင်းကို၊ပကာသေတိ-ပြတတ်၏၊ (ဝါ)သနိဒဿနံ—မြင်အပ်, မြင်ကောင်းသောသဘောကို၊ (ဝါ) မြင်ရသော

သဘောကို၊ (ဝါ)စက္ခုပသာဒနှင့် ရှေ့ရှုတော်ခိုက်၊ အာပါတံ—ထင်ခြင်းကို၊ ဓါရေတိ—ဆောင်တတ်၏၊ (ဝါ)ဆောင်ထားတတ်၏၊ ဣတိတသ္မာ-ထိုသို့သော အကြောင်းတို့ကြောင့်၊ ဝဏ္ဏဓါတုယာ—ဝဏ္ဏ, အဆင်းဓါတ်ဟူ၍၊ ဝေဒိတဗ္ဗံ— သိအပ်၏။ ။

အဲဒီလို-ဝဏ္ဏ,အဆင်းဓါတ်ကို၊ ဝေဒိတဗ္ဗံ-ပညာအားဖြင့် ဝေဘန် ပိုင်းခြားခါ- ဉာဏ်ဖြင့်သိအပ်ပါတယ်တဲ့၊ သိသွားပလားလို့ဆိုတော့— မသိသေးပါဘူး၊အထက်ပါ-အဘိဓမ္မာဝတာရအဋ္ဌကထာရဲ့-ဖွင့်ဆိုချက်ကိုတော့ ရိပ်စားမိရုံ သိရှိသွားနိုင်ပါပြီ၊ ဝေဘန်ပြီး-ဉာဏ်နဲ့သိအောင်,ရှင်းပြပေးပါအုံးမယ်။

ဒီတော့၊ စက္ခုပသာဒ, အကြည်ရုပ်မှာ၊ အာရုံအဖြစ်သက်ဝင်တတ်တဲ့ တရားကို-အမှန်သိရင် တခုထဲဖြစ်ရှိတတ်တယ်၊အမှန်မသိရင်-နှစ်ခုဖြစ်ရှိနေတတ်တယ်၊ ပဌမတခုကတော့-ထင်ရှားမရှိသည့် ပညတ်အာရုံဆိုတဲ့ အရောင်မျိုးစုံဘဲ၊ ဒုတိယတခု ကတော့- ထင်ရှားရှိသည့်ပရမတ္ထတရားသို့- အာရုံရောက်စေသည့်- ဝဏ္ဏအဆင်းဓါတ်ဘဲ၊ အဲဒီ, ဝဏ္ဏအဆင်းဓါတ်မှာ—ပရိယာယ်အားဖြင့်- သတ်မှတ်ရတဲ့- အဆင်းသဘောရယ်၊ နိပ္ပရိယာယ- ပရိယာယ်မပါ- မုချအားဖြင့်- သတ်မှတ်အပ်တဲ့— အဆင်းဓါတ်ရယ်လို့- နှစ်ဖြာကွဲပြားရှိငြားပါတယ်။ အဲဒီ အဆင်းဓါတ်ရဲ့—ပရိယာယ်တွေကတော့....၊

| | | |
|---|---|---|
| သူရိယမဏ္ဍလဿ | = | နေမင်း၏ အလင်း,အဆင်းဓါတ်၊ |
| စန္ဒ မဏ္ဍ လဿ | = | လမင်း၏ အလင်း,အဆင်းဓါတ်၊ |
| အန္ဓကာရော | = | အမိုက်မှောင်တွင်း, အဆင်းဓါတ်၊ |
| ဆာယာ | = | အရိပ်ထင်ခြင်း, အဆင်းဓါတ်၊ |

အဲဒီ-လေးမျိုးကတော့-အဆင်းဓါတ်ရဲ့—ပရိယာယ်သဘောတွေဘဲ၊ဘာဖြစ်လို့-သူတို့ကို- ဝဏ္ဏ,အဆင်း, မြင်ကောင်းခြင်း= သနိဒဿနသဘောရဲ့- ပရိယာယ်တွေလို့-ဆိုရသလဲဆိုတော့၊မြင်တဲ့သဘောဖြစ်ပေါ်တဲ့အခါ—မြင်သဘောဖြစ်အောင်ဆောင်တဲ့အခါ၊ ထက်သည်၏အဖြစ်-နုံ့သည်၏အဖြစ်၊ထင်ရှားသည်၏အဖြစ်- မထင်ရှားသည်၏ အဖြစ်တို့၌၊ ယှဉ်စပ်ပါဝင်အပ်ခြင်းကြောင့်- မြင်ကောင်းခြင်း- သနိဒဿနသဘောရဲ့- ပရိယာယ်တွေမျှသာလို့- ဆိုရပါတယ်။ တနည်း—ဝဏ္ဏဝိကာရ-အရ၊ အဆင်းရုပ်တို့ကိုဖေါက်ပြန်ဘိသကဲ့သို့-သက်ဝင်စေတတ်ခြင်း၌ မူလ,အဆင်းရုပ်တို့၏ ဖေါက်ပြန်မှုအစဉ်ကို ဖုံးလွှမ်းစေအပ်ပြီး၊မိမိတည်းဟူသော ပရိယာယ်သဘောကြောင့်၊ ဖေါက်ပြန်မှုကို ထင်ရှားစေသော

ကြောင့်လည်း ဝဏ္ဏအဆင်းရုပ်ဓါတ်၏ ပရိယာယ်များဖြစ်တယ်လို့- ဝေဘန်သိအပ်ရာပါသည်။

ဒီနေရာမှာ-စက္ခုပသာဒကြောင့်-အထက်အနဲ့ ဖြစ်တတ်ကြောင်း၊မနသိကာရကြောင့်လဲ အထက်အနဲ့ ဖြစ်တတ်ပါတယ်လို့- ဆရာလုပ်ပြီးလာ မရှုပ်ပါနဲ့အုံး၊ ယခုပြနေတာ-ရူပါယတနသဘောမဟုတ်၊ ဓါတ် ၁၈-ပါးသဘောသွားလဲမဟုတ်ပါဘူး၊ ဝိသယီမပါ-ဝိသယသက်သက်သာပြဆိုနေခြင်းဖြစ်ပါသည်၊ အဋ္ဌကလာပ-အဝိနိဗ္ဘောဂမျှဖြစ်တဲ့-ရူပါရုံ တည်းဟူသော ဝဏ္ဏဓါတ်သဘောကိုသာပရမတ္ထညာဏ်ချက်ထောက်မိအောင် ပြဆိုနေခြင်းဖြစ်ပါတယ်။ တရားတလုံးကို-ဟိုဖေါက်, ဒီဖေါက်- တောင်ရောက်, မြောက်ရောက်, ရှောက်ပြနေပါလျှင်၊ ဟိုဟာလဲ- အစ မသတ်၊ ဒီဟာလဲ အစ မသတ်နိုင်နဲ့၊ နားထွေးကုန်မှာစိုး၍၊ ဝဏ္ဏရုပ်ဓါတ်ပရမတ္ထညာဏ်သဘောပေါက်စေရန်၊ လိုရင်းကိုသာ ပြဆိုသွားပါမည်။ ဒီတော့- ဝဏ္ဏရုပ်ဓါတ်ရဲ့ ပရိယာယ်သဘောသွား မှတ်ကြောင်းများကိုသိပြီးလျှင်၊ နိပ္ပရိယာယ သဘော ဝဏ္ဏရုပ်ဓါတ်ရဲ့- လက္ခဏာကတော့....။

ဂေါစရရုပ်(၇)ပါးဖြစ်သည့်၊(၁)ရူပါရုံ, ဝဏ္ဏအဆင်းရုပ်၊ (၂)သဒ္ဒါရုံအသံဓါတ်၊ (၃) ဂန္ဓာရုံ, အနံ့ဓါတ်၊ (၄) ရသာရုံ- ရသဓါတ်။ ဖေါဋ္ဌဗ္ဗာရုံတွေ့ထိဓါတ်ဟု ဆိုအပ်သော- (၅) ပထဝီဓါတ်၊ (၆) တေဇောဓါတ်၊ (၇)ဝါယောဓါတ်, တို့သည်၊ ဝဏ္ဏအဆင်းရုပ်ဓါတ်အနေဖြင့်, စက္ခုပသာဒရုပ်၌- ထိခိုက်တတ်ခြင်း၊ စက္ခုပသာဒရုပ်၌ထင်ခြင်း၊ စက္ခုဝိညာဏ်၏ အာရုံဖြစ်ခြင်းသဘောများအရ၊ (ဝါ)ဂေါစရ အာရမ္မဏ-ဝိသယ-ရူပါရုံ, ဝဏ္ဏအဆင်းရုပ်ဟု သဒ္ဒါသာကဲ့၍- အနက်တူသဘောများအရ၊ အများဆိုင်သော သာမညလက္ခဏာအားဖြင့်ပသာဒအဘိဃဋ္ဋနလက္ခဏာ=ပသာဒရုပ်,ငါးခုတို့ကိုထိခိုက်စေခြင်းလက္ခဏာရှိ၏။ ။မိမိတပါးတည်းဆိုင်သော- လက္ခဏာအရ၊ စက္ခုပဋိဖာနန-လက္ခဏာ= စက္ခုပသာဒ၌- ထင်ခြင်းလျှင်- မှတ်ကြောင်းလက္ခဏာရှိ၏။ ။သဘာဝ လက္ခဏာအရ၊ ရူပါရုံတည်းဟူသော- ဝဏ္ဏအဆင်းရုပ်ဓါတ်သည်၊ သနိဒဿန- လက္ခဏာ= မြင်အပ်, မြင်ကောင်းသည်၏ အဖြစ်- မှတ်ကြောင်းလက္ခဏာရှိ၏။

ဤသို့- မှတ်ကြောင်းလက္ခဏာ, သုံးစားကိုလည်း၊ ပိုင်းခြားသိအပ်ရာပါသည်၊ ပဌမလက္ခဏာသည်၊ ဂေါစရရုပ်(၇)ပါးစလုံးနှင့် သက်ဆိုင်သော လက္ခဏာဖြစ်၍' သာမညလက္ခဏာဟု- ဆိုအပ်ပါသည်။ (ဥပမာ) ရုပ္ပနလက္ခဏာသည် ရုပ်အားလုံးနှင့် ဆိုင်သည်ဖြစ်၍- သာမညလက္ခဏာဟု ဆိုအပ်ဘိသကဲ့သို့၊ အဘိဃဋ္ဋနလက္ခဏာသည်လည်း- ဂေါစရရုပ် အားလုံးနှင့် ဆိုင်သည်ဖြစ်၍ သာမညလက္ခဏာဟု ဆိုအပ်ပါသည်။ ။ဒုတိယလက္ခဏာသည်- စက္ခုပသာဒ၏ အာရုံ

ယူရာ၌ ထူးသော- အကြောင်းကိုစွဲ၍- ဝိသေသလက္ခဏာ၊ စက္ခုပသာဒ၏ မိမိ တပါးထည်း ဆိုင်လက္ခဏာဟုလည်း-ဆိုအပ်ပါသည်။ ။တတိယလက္ခဏာမှာမူ၊ စက္ခုပသာဒရုပ်၏- အာရုံယူရာ, ထူးသောအကြောင်း မဟုတ်မူ၍ မိမိတည်းဟူသော- ရူပါရုံ, ဝဏ္ဏအဆင်းဓါတ်၏- ဘဝပွခါနကိုသာ- တိုက်ရိုက်ပြဆိုခြင်းကြောင့်- သဘာဝလက္ခဏာဟု ဆိုအပ်ပါသည်။ ထို့ကြောင့်- ရူပါရုံ ဝဏ္ဏ, အဆင်းဓါတ်သည်- "သနိဒဿနေန ယံဝတ္တတီတိ- သနိဒဿနံ" အရ။ ယံ- အကြင်, ရူပါရုံတည်းဟူသော- ဝဏ္ဏရုပ်ဓါတ်သည်၊ သနိဒဿနေန-မြင်အပ်သည်၏အဖြစ်တည်းဟူသော- အာရမ္မဏသတ္တိနှင့်၊ သဟ- တကွ၊ ဝတ္တတိ- ဖြစ်၏၊ ဣတိ- ထို့ကြောင့်၊ တံ- ထိုရူပါရုံတည်းဟူသော- ဝဏ္ဏ အဆင်းရုပ်ဓါတ်သည်၊ သနိဒဿနံ- မြင်အပ်, မြင်ကောင်းသော- ရုပ်မည်၏-ဟု ဆိုအပ်သော- ဘာဝသာဓနဝိဂ္ဂိုဟ်အရ၊ ရူပါရုံဝဏ္ဏ, အဆင်းရုပ်ဓါတ်၏-သဘာဝလက္ခဏာကို၊ သနိဒဿနလက္ခဏာ= မြင်အပ်, မြင်ကောင်းသည်၏ အဖြစ်တည်းဟူသော- မှတ်ကြောင်းလက္ခဏာရှိ၏- ဟု ဆိုအပ်ရပါတော့သည်။ ။

ထိုကဲ့သို့— သဘာဝလက္ခဏာ,အမှန်ရောက်လာမှသာလျှင်၊ထိုလက္ခဏာမှ လက္ခဏာသန္တ ဖြစ်သော ပရမတ္ထတရားကို- ဖေါက်ထွင်းသိမြင်သည့် ဉာဏ်အဖြစ်သို့ ရောက်ရှိလာနိုင်မည် ဖြစ်ပါသည်။ ဝဏ္ဏ အဆင်းရုပ်ဓါတ်၏- လက္ခဏာကို= စက္ခုပသာဒ,ဘက်၌- တင်စားပြဆိုသော လက္ခဏာများတို့ဖြင့်မူ၊ လက္ခဏာဝန္တ ပရမတ္ထတရားကို ကျက်စားမိရန်၊ အလှမ်းဝေးနေသည်ဖြစ်ပါ၍၊ ရူပါရုံ ဝဏ္ဏ အဆင်းဘက်၌ဆောင်အပ်သော- သဘာဝလက္ခဏာတိုင်ရောက်စေသည့် သဘောကို ပြဆိုရခြင်းဖြစ်ပါသည်။ သို့မှသာ- သဘာဝယုတ္တိနှင့် ကိုက်ညီပြီး ဉာဏ်ချက် ထောက်မိနိုင်မည် ဖြစ်ပါသည်။ ယင်း,သဘာဝယုတ္တိကို ဆက်လက်၍- ရှင်းလင်း ကြည့်အပ်သော်... ။

(ဥပမာ) အလွန်တရာ လှပဝင်းထိန်ပြီး၊ အစွမ်းကုန် ပွင့်လန်းနေတဲ့- နေကြာပန်းကြီးတပွင့်ကို လက်နဲ့ကိုင်ပြီး၊ယောဂီပရိသတ်တစုအား ဒါဘာလဲလို့ မေးမြန်းရင်၊ နေကြာပန်းပွင့်ကြီးပေါ့- လှလိုက်ထာ ဝင်းထိန်နေတာဘဲလို့ ပြောကြပါမယ်၊မမှန်ဘူးလားဆိုတော့- မံသစက္ခု, ရိုးရိုးမျက်စေ့နဲ့-တဘက်မြင်အဖြစ်, တကယ်မှန်ပါတယ်၊ ဘယ်အနေနဲ့လဲဆိုတော့- သမုတိသစ္စာအနေ အများသူငါတို့က နေကြာပန်းလို့- သမုတ်ထားတဲ့နံမယ်၊ အများက-အဝါရောင်တောက်ပလို့ ဝင်းထိန်နေတာဘဲဆိုတာရယ် နေကြာပန်း ပုံသဏ္ဌာန်ရယ်တို့ကိုတော့- သမုတိသစ္စာအရ- မှန်ကန်ပါတယ်။ ဒါပေမဲ့ ပရမတ္ထသစ္စာအနေကျတော့- နေကြာပန်း ဆိုတဲ့- နာမယ်လဲ မရှိဘူး၊ ဝါထိန်နေတာဘဲဆိုတဲ့ အရောင်လဲမရှိဘူး၊ ပန်းပွင့်ချပ်

ကလေးတွေနဲ့ထပ်ပြီး- ဝိုင်းစက်နေတာဘဲဆိုတဲ့- ပုံစံသဏ္ဍာန်လဲမရှိဘူး၊ ဒါတွေကို ပညတ်ချည်းဘဲလို့ သိမှတ်ရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့- ပရမတ် တရားလို- အဝိပရိတပုဒ်နဲ့- မဖေါက်ပြန်-မပျက်စီးဘဲ ရှိတာမဟုတ်ပါဘူး၊ ဝိပရိဏာမအနေ ဖေါက်ပြန် ပျက်စီး, ကုန်ခမ်းသွားတတ်ပြီး- မရှိတဲ့ တရားအမှန် ဖြစ်လို့ပါတဲ့၊ ဟုတ်သလား မဟုတ်ဘူးလား- သိချင်လျှင်၊ ခုဏက,နေကြာပန်းကို လက်ဖဝါး ထဲထည့်- လက်ဝါးနှစ်ဘက်နဲ့ညှပ်ပြီး၊ လုံးထွေးချေပစ်လိုက်ပါ၊ အဲဒီလို- ချေမွ ဖျက်ဆီးပစ်လိုက်တဲ့အခါ၊ ခုဏက,နေကြာပန်းပေါ့၊ နေကြာပန်းက- ဝါထိန်လို့ ပေါ့ဆိုတဲ့- ယောဂီတွေကို ပြန်ပြပြီး၊ ဒီလက်ဖဝါးထဲကဟာ ဘာလဲလို့မေးရင်၊ ဘာမှန်းလဲမသိဘူး၊ ညစ်ထွေးထွေး အလုံးကြီးပါလို့ ပြောကြမယ်၊ ခုဏ နေကြာ ပန်းကို ချေထားဒါပါလို့ပြောရင်၊ ဟုတ်ပါရဲ့-ဒါကြောင့်ဝါကျင့်ကျင့်နဲ့ကိုးလို့ ပြောကြအုန်းမယ်၊ ဒီတော့ အဲဒီနေကြာပန်းကနေ ပြောင်းလဲလာတဲ့ အလုံးကို အချောက်လှမ်း, သံဆုံထဲကို ထည့်ထောင်းပစ်လိုက်ပြီး၊ အမှုန့်ဖြစ်သွားတော့- ခုဏကလူတွေကို ပြန်ပြရင်= ဘာပြောကြမလဲ၊ ဆေးမှုန့်တွေနဲ့ တူပါတယ်လို့- ပြောပါလိမ့်အုံးမယ်၊ အဲဒီ သဘောသွားကိုကြည့်ရင်၊ မူလက,နေကြာပန်းကြီး ပေါ့၊ ဝါထိန်နေတာဘဲဆိုတာ- ဘာဖြစ်လို့ ပြောနိုင်သလဲ- မြင်လို့ပြောနိုင်ခဲ့ တယ်၊ အဲဒီ မူလမြင်ရာ- နေကြာပန်းကို- လက်ထဲထည့်- ချေပစ်လိုက်တော့- နေကြာပန်းဆိုတဲ့ အမည်ရယ်၊ ဝါထိန်လို့ ဆိုတဲ့ အရောင်ရယ်၊ နေကြာပန်းပုံစံ သဏ္ဍာန်ရယ်ဆိုတဲ့- မရှိတဲ့ပညတ်တရားတွေဟာ ဖေါက်ပြန်ပျက်စီးသွားရတယ်၊ နောက်ချေပစ်ပြီးတဲ့- နေကြာပန်းကို တဖန်ပြန်ပြတော့- ညစ်ထေးထေး အလုံး ကြီးဘဲလို့ အဖြေပေးကြပြန်တယ်၊ တခါ- အဲဒီညစ်ထေးထေး အလုံးကြီးကို အချောက်လှမ်းပြီး, အမှုန့်ထောင်းပစ်လိုက်တော့- ဆေးမှုန့်တွေလိုဘဲလို့ ပြော ကြပြန်တယ်။ ဒီတော့ နေကြာပန်းအဖြစ်တုံးကနေ- ညစ်ထွေးထွေးအလုံးကြီး အဖြစ်ရောက်ရတော့လဲ- မြင်လို့ဘဲ ဖြေနိုင်ပြောနိုင်ခဲ့တယ်၊ တဖန်-အမှုန့် အဖြစ် ရောက်ပြန်တော့လဲ- အမှုန့်တွေပါလို့ မြင်လို့ဘဲ- ပြောနိုင်,ဖြေနိုင်ခဲ့တယ်၊မရှိတဲ့ ပညတ်ဖြစ်တဲ့- နေကြာပန်း ညစ်ထွေးထွေးအလုံးဆိုတာတွေ- ဖေါက်ပြန်ပျက်စီး ချုပ်ပျောက်လို့သွားပေမဲ့၊ သနိဒဿန,ဆိုတဲ့- မြင်အပ်,မြင်ကောင်းတဲ့သဘော ကတော့၊ နေကြာပန်းအဖြစ်မှာလဲ ဆောင်ရက်ဘဲ၊ ညစ်အထွေးထွေးအလုံးကြီး အဖြစ်မှာလဲ မြင်တာဘဲ၊ မြင်ကောင်းတဲ့သဘောဆောင်ရက်ဘဲ၊ ယခုအမှုန့်အဖြစ် ရောက်တော့လဲ မြင်အပ်,မြင်ထိုက်,မြင်ကောင်းတဲ့ သဘောကတော့ မပျောက် မပျက်ဘဲ= ဆောင်ရက်ဘဲလို့ဆိုတာ- ထင်ရှားပါတယ်။ မရှိတဲ့ပညတ်တရားတွေ ဖြစ်တဲ့၊နေကြာပန်းနာမည်,အရောင်ပုံသဏ္ဍာန်ညစ်ထွေးထွေးအလုံးဆိုတဲ့-အမည်,

အရောင်, ပုံသဏ္ဍာန်တို့သည်- ဖေါက်ပြန်ပျက်စီး- ချုပ်ပျောက်ပြီးသွားခဲ့တယ်၊ ယခု-အမှုန့်အဖြစ်မှာလဲ မြင်အပ်, မြင်ကောင်းတဲ့သဘောကတော့- မပျောက်မပျက်ဘဲ၊ ဆောင်ရက်ပါဘဲ၊ အဲဒီ,အမှုန့်တွေကို- ဒီထက်ညက်အောင်, သံဆုံထဲထပ်ထည့်ပြီး- နာနာလေးထောင်းပေးပြီးတဲ့အခါ၊ စက္ကူနဲ့ထုပ်ပြီး- လှည်းလမ်းကြောင်းထဲ- သွားသွန်ထည့်ထားလိုက်ရင်၊ လှည်းတွေမောင်းသွားတိုင်း- ဖုံမှုန့်နဲ့အတူ၊ တထောင်းထောင်း ထကြွပျံတက်တတ်တဲ့- ရထရေမှုအဖြစ်ကို ရောက်မသွားဘူးလား?၊ ရောက်သွားမယ်ဆိုတာ- သေချာလှပါတော့တယ်။

ကဲ....ဒီလောက်ပြလိုက်ရင်၊ ပထဝီရုပ်ဓါတ်- ပရမတ်သဘော ပြခဲ့တုံးက၊ အစဉ်ကလေးကို ပြေးပြီးသတိရသွားပါလိမ့်မယ် ရှေ့ဆက်ပြရာမှာလဲ- သဘောပေါက်သွားပါလိမ့်မယ်၊ နေကြာပန်းကနေ- အမှုန့်အဖြစ် အမှုန့်ကနေ- ဖုံမှုန့်တွေထဲ ရောသွားတဲ့-ရထရေဏုမြူဆိုဘဲ့- အမှုန်ကလာပ်အဖြစ်မှာလဲ- မြင်အပ်, မြင်ကောင်းတဲ့သဘောကို- မဆောင်ဘူးလား?၊ ဆောင်နေပါတယ်ဆိုတာ,ငြင်း၍မရနိုင်ပါဘူး၊ အဲဒီ- ရထရေဏုမြူကို- (၃၆)စိပ် စိပ်,၊ တစိပ်စာရှိဘဲ့ မြူကို- တဇ္ဇာရီမြူလို့ ဆိုခဲ့ရပြီ။ တဇ္ဇာရီမြူအဖြစ် ရောက်သွားရင်ကော- တခါတရံ-ထရံကိုထရံကြားက, နေရောင်ခြည်တန်းကလေးထဲရောက်သွားပြီး ကစင့်ကလျားလွင့်ပါနေရင်၊ မမြင်ကောင်းဘူးလား?= မြင်ကောင်းပါတယ်လို့ဘဲ- ဖြေရတော့မယ်၊ အစက- နေကြာပန်း, ဝါဝင်းလို့ ထိန်နေပါတယ်ဆိုဘဲ့- နာမယ်,အရောင်သဏ္ဍာန်, မရှိပညတ်တွေ= ညစ်ထွေးထွေး အလုံးကြီးဆိုဘဲ့- နံမယ်, အရောင်,သဏ္ဍာန်, ပညတ်တွေ၊ အမှုန့်ဆိုတဲ့- နံမယ်, အရောင်, သမူဟအစုကွေဟာ- မရှိတဲ့ပညတ်တရားတွေမို့- ဖေါက်ပြန်ပျက်စီးခဲ့ရပြီ၊ ယခု- အမှုန်ကလာပ်, ရထရေမြူကနေ- တဇ္ဇာရီမြူအဖြစ် ရောက်သည်အထိ၊ သနိဒဿန လက္ခဏာအရ= မြင်အပ်, မြင်ကောင်းဘဲ့- သဘောကတော့-ချုပ်ပျောက်ပြုန်းတီး- ပျက်စီးသွားပါပြီလား?= မပျက်မစီးပါဘဲ- မိမိသဘောမိမိ, ဆောင်လျက်- မြင်ကောင်းရက်ဘဲလားလို့- မေးရင်= ဘယ်လိုဖြေကြမလဲ?= ချုပ်ပျောက်, ပြုန်းတီး, ပျက်စီးခြင်းမရှိပါဘူး၊ မြင်အပ်, မြင်ကောင်းရက်ပါဘဲလို့- မုချ ဖြေရတော့မယ်။ အဲဒီလို- တဇ္ဇာရီမြူအဖြစ်မှာ၊ ထရံကြိုထရံကြား, နေရောင်ခြည်တန်းကလေးအတွင်းမှာ- အကြောင်းတိုက်ဆိုင်လို့- မြင်ကောင်းတဲ့- သဘောအရ= စက္ခုနဲ့မြင်လိုက်ရတာ၊ ပမရတ်လားဆိုတော့ ပရမတ်မဟုတ်သေးဘူး၊ သဘာဝအရ, ထင်ရှားဆောင်ပြတတ်ဘဲ့- "အတ္တနော သဘာဝံ ဓါရေတီတိ" ဆိုတဲ့= ဓါတ်သဘာဝလက္ခဏာသာဖြစ်တယ်။ ဒီတော့- အဲဒီတဇ္ဇာရီမြူကို- (၃၆)စိပ်,စိပ်၊ တစိပ်စာရှိတဲ့မြူကို- အဏုမြူလို့ ခေါ်ရပြန်ပေါ့၊ အဲဒီ- အဏုမြူအဖြစ်

ရောက်သွားတော့ကော၊ ဓါတ်သဘာဝလက္ခဏာက, ဒီလောက်သေးငယ်သွားရင်, မြင်ကောင်းတဲ့သဘောကို-မဆောင်တော့ဘူးလို့-ရှောင်သွားတတ်သလား?၊ မရှောင်, မသွား, ဆောင်ထားရက်ဘဲလားလို့ မေးရင်၊ မြင်ကောင်းတဲ့- သနိဒဿနသဘောကို- ဆောင်ရက်ပါဘဲလို့- ဖြေရတော့၊ အဲဒီ- အဏုမြူကျတော့ မံသစက္ခုနဲ့- ကြံဖန်ကြည့်လို့- မြင်သေးသလားမေးရင်- မမြင်နိုင်တော့ဘူးလို့ ဖြေရတော့မယ်၊ ဒါဖြင့်- ဓါတ်သဘာဝလက္ခဏာကလဲ, ဆောင်ရက်ဘဲ၊ မံသစက္ခုနဲ့ မြင်ကောင်းကဲ့သဘော- ဆောင်ရက်ဘဲဆိုတာ- တဇ္ဇာရီမြူတိုးက- တခါတရံ- မြင်ရတဲ့သဘောကို ထောက်ဆပြီး၊ မြင်ကောင်းတဲ့သဘော- မပျောက်မပျက် ဆောင်ရက်ဘဲလို့- ဘာနဲ့မြင်ရမလဲ?- ပညာမျက်စိ, ဉာဏ်သိနဲ့မှဘဲ မြင်နိုင်တော့မယ်။ ပညာဉာဏ်နဲ့ စိန္တာမယဉာဏ်လုပ်ပြီး- "ပစ္စနာတိ"နဲ့ မသိနိုင်ဘူးလား=သိနိုင်ပါတယ်၊ အဲဒီလို- ပဇာနာတိ, ပညာဉာဏ်သိနဲ့ သိတာ၊ ဖေါက်ခွဲနိုင်ပြီး,သိရတဲ့အသိလား၊ မဖေါက်ခွဲရဘဲ- နေကြာပန်းလို သိရတဲ့အသိမျိုးလားလို့ မေးရင်၊ နေကြာပန်းအစရှိတဲ့- ပညတ်တွေကို ချိုးဖေါက်ဖျက်ဆီးပြီး၊ မပျက်မယွင်း, မိမိသဘောမိမိ, ဆောင်တဲ့- ဓါတ်လက္ခဏာ, မှတ်ကြောင်းအစစ်ကို- ဖေါက်ခွဲပြီး- သိလာရခြင်းသာ ဖြစ်ပါတယ်လို့- ဖြေရပါမယ်။ ဒါဖြင့်= ထပ်ပြီး, ဖေါက်ခွဲကြည့်မယ်ဆိုရင်၊ အဏုမြူကို- (၃၆) စိပ်, စိပ်၊ တစိပ်စာ ရှိတဲ့မြူကို- ပရမာဏုမြူလို့ခေါ်ရတဲ့အဖြစ် ရောက်မသွားဘူးလား= ရောက်သွားပြန်ပေါ့၊ သူ့ကျတော့- အဋ္ဌကလာပ, ကလာပ်စီး(၉၉)စီးမျှဘဲ- ရှိတော့တယ်၊ အဲဒီ- ပရမာအဏုမြူ- ကလာပ်စီးအဖြစ်- ရောက်သွားတော့ကော၊ သနိဒဿနလက္ခဏာ- သဘာဝကို- အတ္တနောသဘာဝံအရ= မဆောင်ဘူးလား= မမြင်ကောင်းဘူးလား, မေးရင်၊ ဆောင်ရက်ပါဘဲ- မြင်ကောင်းရက်ပါဘဲ၊ဘာဖြစ်လို့လဲဆိုတော့ ပရမာဏုမြူဆိုတဲ့-ကလာပ်စီး(၉၉)စီးလုံးမှာ မဆိုထားနဲ့- အဋ္ဌကလာပ, ကလာပ်တစီးဖြစ်တဲ့- မကင်းကောင်း, မကွာကောင်းသော- အဝိနိဗ္ဘောဂ- ရုပ်ကလာပ်ကလေးတခုမှာလဲ- ဓါတ်ကြီးလေးပါးကို- အစဉ်မှီငြားတဲ့- သနိဒဿနလက္ခဏာဟာ(ဝ)ါ သဘာဝဓါတ်ဟာ-မိမိသဘောမိမိ,မပျက်မယွင်း,ဆောင်ရက်ဘဲဆိုတာ ငြင်းမရအောင် ထင်ရှားပါတယ်။ ဘာနဲ့ကြည့်မှ မြင်နိုင်မှာလဲဆိုတော့- ပညတ်ဘော့သဉ်းဆိတ်အောင်- ဖေါက်ခွဲပြီး- ပညာဉာဏ်နဲ့ကြည့်မှသာ- မြင်နိုင်ပါတယ်။ အဲဒီလို- အဋ္ဌကလာပ်တစီးတခုမှာစဉ်လျက်, မိမိသဘောမိမိ, ဆောင်တဲ့- ဝဏ္ဏဓါတ်နဲ့- အတ္တနောသဘာဝံအရာကို။ သုဒ္ဓ= ပညတ်နိမိတ်, ကင်းစင်ဟိတ်ဖြင့်, မချိပ်လန့်- ခွါခါချပြီး- ဓါတ်သားအနေ, စင်ကြယ်ပေသော၊ အဋ္ဌ= ပထဝီအစ, ဩဇာအဆုံး ရှစ်ပါးလုံးသော ဓါတ်သဘာဝတို့- ပေါင်းစည်းရပြန်-

အဝိနိဗ္ဘောဂ- ရုပ်မျှသည်၊ ကလာပဟု- ခေါ်ဆိုပြုရ- ထင်ရှားလှသည့်- ဓါတ်ရဲ့ အနှစ်,' ပရမတ္ထအစစ်, သဘောဓမ္မကြောင့်သာ၊ သက်သေဖြစ်ကြောင်း- မြင်ကောင်းခြင်း, သဘောအပေါင်းနှင့် တကွနက်ကို- မြတ်သောဉာဏ်ဖြင့် ချိန်စက်ရှုတိုင်း၊ပဂ္ဂိုလ်ဂိုဏ်း, သတ္တဝါမှိုင်း,ဃနလှိုင်း,တို့မှ၊ ကင်းစင်ဧကန်="သဗ္ဗေသင်္ခါရ ပုဉ္ဇော ဧဝ"အမှန်၊ ပရမတ္ထသဘောဓမ္မမျှ သက်သက်ပါတကားဟု- ဖေါက်ခဲ့မှု ပြုနိုင်ပါက၊ (ဝါ) ယခုပြမှု- ပညာစုကို- ဉာဏ်အမှုဖြင့်- ဖေါက်ခဲ့ထိုးထွင်းမြင်အပ်ခြင်း ပြုနိုင်တတ်ပါက၊ အဋ္ဌကလာပ်တစီး, ခံနေသေးသည်ကြောင့်- လက္ခဏာမှန်- ပဋိဝေဓဉာဏ်ဟု ဆိုအပ်သော- လက္ခဏူပ နိဗ္ဗာနာတိ- ဉာဏ်မြင်နှင့် သိနိုင်စွမ်းအယာဉ်ကို- ကောင်းစွာ ရရှိသွားနိုင်ပါပြီ။ ။

★ (အဲဒီလို— သဘာဝလက္ခဏာအမှန်ကို- ရှာကြံ၍၊ လက္ခဏာပဋိဝေဓကဉာဏ် မြေနိုင်လျှင်၊ ဃနတုံး- ဃနခဲတွေပါ— သုဉ်းဆိတ်တဲ့ သဘောဉာဏ်ကို- ရရှိသွားနိုင်ပါတယ်၊ လက္ခဏာမှန်လျှင်- လက္ခဏာဝန္တကို- ရှာပြဘို့လဲ မခဲယဉ်းတော့ပါဘူး၊ အထက်က, ရုပ်ဓါတ်ကြီးလေးပါး ပြခဲ့စဉ်က၊ ပရမတ်ရယ်, ဓါတ်ရယ်, ရုပ်ရယ်, ဒြဗ်ရယ်, လို့— လေးဆင့် ခွဲပြတဲ့သဘောနဲ့- ပြန်ဟတ်ကြည့်ရုံနဲ့ဘဲ၊ လက္ခဏာပဋိဝေဓဉာဏ်ကနေ- လက္ခဏာဝန္တ,ပရမတ္ထဉာဏ်ကို ရောက်ပြီး၊ သုညတ, အနတ္တကို- ကေန်မျက်မှောက် ပြုနိုင်ပါလိမ့်မယ်၊ မဖေါက်မပြန်- ထင်ရှားကေန်ရှိတဲ့- သင်္ခတနယ်, ပရမတ္ထတရား အသွယ်သွယ်တို့တို၊ သင်္ခါရနဲ့ ချယ်မှုန်းခံနေကြရပြီး= ငါ့ရုပ်, ငါ့နာမ်, ငါ့သဏ္ဌာန်လုပ်ခေါ်၊ အတ္တဒိဋ္ဌိစခန်းကြီးကို အခိုင်အမာ, ရှိတယ်လို့— အထင်အစွဲနဲ့၊ တသံသရာလုံးက- တည်ဆောက်ခဲ့မိလို့ အဖြုတ်ခက်ခါ၊ နေကြရခြင်း ဖြစ်ပါသည်။

ထိုသို့= ခက်အောင်, ဖန်တည်းအစ, လမ်းမကြီးကတော့၊ ငါးဖြာအာရုံကာမဂုဏ်တို့တွင်၊ ဤ-ဝဏ္ဏရုပ်ဓါတ်၌- အရောင်ပျောက်အောင်- မရှင်းတတ်တာက, စခဲ့တာပါဘဲ၊ ခုတော့— အလင်းနဲ့အမှောင်ကို- ခွဲခြားသိသလို၊ အဆင်းနဲ့ အရောင်ဟာ- တခြားစီပါကလားလို့- ခွဲခြားသိသွား ခဲ့ရပါပြီ။ ဝဏ္ဏ, ဓါတ်ကို- အရောင်လုပ်ပြီး- အရောင်ရှိတယ်ဆိုရင်၊ အရောင်ကို- မက်မယ်၊ အရောင်ကို မက်ရင်- သဏ္ဌာန် စွက်လာတာခံရပြီ၊ သဏ္ဌာန် စွက်လာရင်- ဟန်ပန်အချက်- အမူအရာတွေကိုပါ- သာယာမိရတော့မယ်၊ ဒီတော့= ရူပါရုံရဲ့- အရောင်ဒိဋ္ဌိကြောင့် တဏှာအမြဲငြိနေတာက- ဘယ်တော့မှ- လွတ်နိုင်မှာ- မဟုတ်တော့ဘူး၊ ဒီတော့- အရောင်ကိုဖြုတ်- ဝဏ္ဏဆိုတဲ့- အဆင်းသရုပ်ကိုရှာ၊ ဗျုပ္ပတ္တိအလာ- ဓါတ်လက္ခဏာလို့သိ၊ သနိဒဿန, ဖြစ်ရှိတာ၊ ဘာကြောင့်လဲလို့- ထပ်ဆင့်၍- ဖေါက်ခဲ့ရှာလျှင်၊ သက္ကာယလို့- စွဲစရာလဲ- မရှိ၊ အတ္တလို့လဲ- ငြိစရာမမြင်၊ အတ္တနိယလို့လဲ

လုပ်လို့မရတဲ့- မုချဒုက္ခသစ္စာ, အပေါင်းကို- ဖန်တည်း သူငါ့ မရှိပါဘဲ၊ တဏှာ ဒိဋ္ဌိ, အစဉ်မကွာတဲ့- ကာယ, ဝစီ, မနော— သုံးလီသော- သင်္ခါရတို့ကို၊ မြင်မှုမှ စ၍- လွဲမှားပါသဖြင့်- စွဲလန်းကာ, အားထုတ်ပေါင်းစည်း မိကြလျက်၊ ရုပ်, အာရမ္မဏ်—ဝဏ္ဏ အဆင်းကို- မြင်အပ်ခြင်းနဲ့ ယှဉ်စပ်ပြီး- ဒဿနကိစ္စ, အသီးသီး တို့ကြောင့်- ဒုက္ခမီးတောက်လောင်နေရခြင်း, ဖြစ်ပါပေသည်။

အဲဒီလို= ဩကာသလောကကြီးမှာ၊ လောကဓါတုနည်း= ဥတု, ဗီဇ, နိယာမသဒ္ဒိဖြင့်- ပြီးစေအပ်သော- အဋ္ဌကလာပ တစီးဆိုတဲ့၊ မဟာဘုတ်နဲ့-ဥပါဒါရုပ်- ရှစ်ခုသော သရုပ်တွင်၊ ဝဏ္ဏ,ဓါတ် လုပ်ဆောင်အင်က၊ မြင်ချင်လို့ရ တာတဲ့- အကျိုးသင်္ခါရစု- မံသစက္ခုကို၊ ကလာပ်,တစီးမျှက- ထိခိုက်မှု မပေး စွမ်းနိုင်သော်လည်း၊ ဩကာသလောက-ဥတုသမုဋ္ဌာန-သုဒ္ဓဋ္ဌ ကလာပတွေကို- ပေါင်းစုကြစေရန်၊ ကံနှင့်စိတ္တ-နိယာမတို့၊ ဆောင်နှင်းလာတတ်- ပြီးစေအပ် အောင်၊ အဝိဇ္ဇာ,သင်္ခါရ— အတိတ်လို့ခေါ်ရတဲ့-ပြုမှုသင်္ခါရနဲ့ သက်ဝင်ရယူခါ- အာယူဟနဋ္ဌ- သမုဒယ ဥက္ကောင်းဖြင့်၊ ပေါင်းရုံးစုငင်- ဖြစ်ချင်လိုလှ- ရုပါ,ရ ကြောင်း- တဏှာရေသွန်းလောင်း၍လာခဲ့ရာ၊ (၉၉ ဖြာ, ပရမာဏုမြူ- ခေါ် ဆိုကလာပ်- တဆင့်ကပ်၍- အထပ်ထပ်ထက်- နှစ်ရပ်ခြောက်ခု- ငယ်မှုရော့နဲ့- ရုပ်သုံးဆယ်တွဲလာတဲ့ ကာယ-ဝတ္ထု + ဘာဝမှုဟု၊ ဒဿကသုံးဖြာ- ကလလာ ခေါ်ရ- ကမ္မဇရုပ်ကလာပသည်၊ ပီတုမာတာ- ကရဇာအမှု- ဗီဇပြု၍၊ ဥတုထပ် ယှဉ်-စိတ္တဇအယာဉ်နှင့်၊ တခွင်, အာဟာရ-ကြောင်းလေးဝတို့- မပြတ်ဆောင် ခါ-စွဲလာသန္ဓေ-ထိုအခြေကို၊ ဘယ်သူမပေး- ဘယ်သူမဖန်- မိမိဆိုတဲ့, အတ္တ ဘောကေန်သည်၊ အဝိဇ္ဇာ, တဏှာ, ကံနှင့်- စိတ္တံ, အာဟာရ-ဥတုမျှ၍၊ ကျစေ, ရစေ, ဖြစ်လာတတ်ပေသော- ထိုအခါသမယ- ကလလဌ၊ ရူပါရမ္မဏ်- ဝဏ္ဏ, အဆင်း, ဓါတ်ဆောင်ခြင်းကို၊ ဘယ်သူတယောက်, မသိမြောက်ခဲ့၊ အမိသည် ပင်- မသိမြင်မှန်- မခံအာရုံ, ရှိခဲ့ဘုံလည်း၊ မိမိရလာ- ဒသကာဆို- ထိုသုံးဖြာ ကို၊ တဏှာရေထိုး- ငါ့အကျိုးဟု- စွဲမျိုးဥပါဒါန်ဖြင့်၊ စိတ်နာမ်စုံရ-ထိုကာလ က၊ သိခဲ့ကေန်- အဝိဇ္ဇာခံလျက်၊ မိစ္ဆာဉာဏ်မျိုး- ဒိဋ္ဌိဆိုးသည်၊ တဏှာစိုးမိုး- ဥပါဒါန်တန်ခိုးနှင့်- ငါ့အကျိုး, ငါ့အတ္တလို့- ထင်ချပ်မကွာ-သိစွဲလာသည့်-အာ ရမ္မဏဿန,ပဋိသန္ဓိခဏမှ-သမူဟမျိုး- ခဏတိုင်းတိုး၍ သဏ္ဌာနလွှမ်းမိုးလာသော ခန္ဓာဆိုး,ရုပ်အာရုံကို- ဝဏ္ဏာ့ဏ်မြောက်လောက်အောင်၊ ဆောင်နှင်းတတ်သော သဘာဝလက္ခဏာ, ဓါတ်အခင်း- ကလလရေကြည်အတွင်းမှာဘဲ၊ အဝိဇ္ဇာဉာဏ် အမြင်လွဲ၍၊ အတုံး, အလုံး, အခဲ- မပျောက်ခဲ့ပါတကားဟုလည်း, ပိုင်းခြား သိ အပ်ရာပါသည်။) ★

ကဲ= စာတော့- ဘတ်ရှုလေ့လာဆည်းပူး ခဲ့တာဘဲ၊ကြယ်ပွင့်နဲ့- ကွင်း ပိတ်အတွင်းက- စာသုံးပိုဒ်ကို- ဘယ်လိုရိပ်စားမိလိုက်သလဲလို့ မေးရင်၊ ကွဲပြား အောင်-အဖြေပေးနိုင်လိမ့်မယ်တော့- မထင်မိပါဘူး၊ အဲဒီတော့- စာလိုမရေး ဘဲနဲ့ စကားစပ်နဲ့- ထပ်ပြောသလို- ရှင်းပေးပါအုံးမယ်။....

စာရှုသူ.... ယောဂီ, သူတော်စင်သည်= အနမတဂ္ဂ- တသံသရာလုံးက၊ ပုဂ္ဂိုလ်, သတ္တဝါလို့- ရေတွက်ခြင်း, ခံလာခဲ့ရပြီး၊ သုံးဆဲ့တဖုံမှာ, ကြဉ်လည်၍ လာခဲ့ရတယ်၊ အဲဒီလို– ကြဉ်လည်လာခဲ့ရတိုင်း= သုံးဆဲ့တဘုံသား, အဖြစ်ခံ ရတိုင်း၊ အမှန်သဘောကတော့- ပုဂ္ဂိုလ်မဖြစ်၊ သတ္တဝါမဖြစ်၊ လူကောင်, နတ် ကောင်, ဗြဟ္မာကောင်,တိရစ္ဆာန်ကောင်, ပြိတ္တာကောင်, အသူရကာယ်ကောင်, ငရဲကောင်လို့လဲ-ဖြစ်တာမဟုတ်ပါဘူး၊ ရုပ်မသက်ဝင်တဲ့- အရူပလေးဘုံကို- ချန် လှပ်ပြီး ကြွင်း(၂၇)ဘုံမှာ,ကြဉ်လည်ရတိုင်း၊ ရုပ်နှင့် နာမ်တရားတို့သည်သာ, ဆက်တိုက် ယှဉ်စပ်မှုဂိုဏ်းအတွင်းက မလွတ်စေအောင်၊ယောဂလေးပါး,အစဉ်ငြိ နေလို့-ကြုံဆုံဖြစ်စေ-ဝိပါကဝဋ်တွေ မပြတ်အောင်- ပေါ်ထွန်း၍ လာခဲ့ရတာပါ။ အဲဒါကို-ကျဉ်းကျဉ်းနဲ့ ရှင်းအောင်ပြောရရင် အကြောင်း,သမုဒယကြောင့်ချည်း ဘဲ- အကျိုးဒုက္ခ-ရုပ်နာမ်တွေ ရ,ရလာခဲ့ရတာပါ၊ အဲဒီ-သမုဒယနဲ့ ဒုက္ခကို မကွဲ စေတဲ့ မျိုးစေ့ကတော့၊အတိတ်အဆက်ဆက်က မပြတ်ခဲ့တဲ့- အဝိဇ္ဇာ,သင်္ခါရကို အကြောင်းခံတဲ့- ကမ္မဝိညာဏ်ကြောင့်ပါဘဲ၊ တနည်း=နာနက္ခဏိက, ကမ္မပစ္စယ သတ္တိကြောင့်ပါဘဲ၊ အဲဒါကိုဘဲ စေတနာဆိုး (၂၉) မျိုးလို့ ခေါ်အပ်ပြီး၊ ပဋိ သန္ဓေစိတ်ဝိညာဏ် (၂၉)ခုနဲ့ ဝတ္တမာန်ဆိုတဲ့,အတ္တဘောတခု- ရွေ့လျောသော စုတိ,ဖြစ်ရှိရတိုင်း၊ အဲဒီ-ပဋိသန္ဓေလိုင်း ၂၉-ထဲက တမျိုးမျိုးနဲ့ဘဲ ရုပ်နာမ်ပြန် စပ်,ဘဝဇာတ်ခင်းလာခဲ့ရတယ်။ ဒီတော့ ရူပါရုံ- ဝဏ္ဏအဆင်းရုပ်ကို၊ ယောဂီ သည်- ဘယ်ကထဲက အာရုံပြုခဲ့သလဲဆိုတော့၊ ဒီ,ဘဝမရခင် ..၊

"ဒီနေရာမှာ=ဘဝမရခင်လို့ဆိုလိုက်တော့၊ယောဂီတို့- မူလ,နားလည် ထားတဲ့အတိုင်း၊ ဒီဘဝ-ဟိုဘဝ-လူဘဝ,နတ်ဘဝလို့ ချက်ချင်းအောက် မေ့မိသွားပါလိမ့်မယ်၊ ဘဝဆိုတဲ့ စကားလုံးဟာ၊ ပါဠိက ဆင်းသက် လာတဲ့- မြန်မာစကားပါ၊ မြန်မာဝေါဟာအရ "ဘဝ" လို့ ဆိုတော့- လူတိုင်းကဘဲ၊ လူ့ဘဝ,နတ်ဘဝ, ဗြဟ္မာဘဝ၊ ငါ့ဘဝ, သူ့ဘဝ,လို့- မရှိတဲ့တရားကို အရှိလုပ်ခါ သုံးစွဲလာကြခြင်းသာဖြစ်ပါတယ်၊ အမှန် ကတော့- အဲဒီလိုသုံးစွဲခဲ့တဲ့ ပုဂ္ဂိုလ်,သတ္တဝါနဲ့ယှဉ်တဲ့ ဘဝဆိုတာ မရှိ ပါဘူး၊ ဘဝ-ဆိုတဲ့ အမှန်ပါဠိသဒ္ဒါမှာ= ဘဝေါ- ဘဝံ- ဘဝတိ-

ဘဝေ-သမ္ဘဝန္တိ- အစရှိတာတွေဟာ ဖြစ်ခြင်း့အနက် သဘောကိုသာ ပြောတာပါ၊ဒီတော့-ဖြစ်ခြင်းမျှသဘော-ဖြစ်ခြင်းမျှလို့သဘောမပေါက်ဘဲ၊ လူ့ဘဝရှိတယ်,နတ်ဘဝရှိတယ်၊ ငါ့ဘဝရှိတယ်၊ သူ့ဘဝရှိတယ်အနေနဲ့သာ, သုံးစွဲကြတော့ သဿတဒိဋ္ဌိ- လုံးလုံးသက်ဝင်ပြီး ငြိနေကြပါတယ်၊ ဘဝဆိုတဲ့ စကားလုံးကို ဒီအတိုင်းသာ- သဿတဒိဋ္ဌိနယ်မှာ-ကျက်စားပြီး သုံးစွဲနေကြပါတယ်၊ အမှန်က,ပုဂ္ဂလပညတ်နဲ့စပ်ပြီးသုံးစွဲရင်လဲ၊ လူ့အဖြစ်, နတ်အဖြစ်, ဗြဟ္မာ့အဖြစ်လို့ ဖြစ်ခြင်းနဲ့ သုံးစွဲရင်၊ အဖြစ်နောက်မှာ အပျက်အမြဲ ကပ်ရပ်ပါကလားလို့ သိတိုင်း၊ သဿတဒိဋ္ဌိမှ လွတ်မြောက်ခွင့်ကို ရစေနိုင်ပါတယ်။ လူ့ဘဝ နတ်ဘဝလို့သာ သုံးနေရင်- သဿတဒိဋ္ဌိလုံးလုံးဖြစ်နေကြ-ဖြစ်သွားကြပြီး၊ သုံးစွဲနေခြင်းသာဖြစ်ပါတယ်။ ဒီတော့- လူ့အဖြစ်, နတ်အဖြစ်၊ လူဖြစ်ခြင်း,နတ်ဖြစ်ခြင်းဆိုတာ၊ဖြစ်နောက်မှာ ပျက်ကပ်ရက်သားပါတဲ့ ရုပ်နာမ်ဓမ္မ သခ်ါရဘဲလို့ ခွဲခြားပစ်နိုင်ဘို့ အခွင့်အရေးရသာတယ်။လူကတော့ သမုတ်တာ၊ ဖြစ်ခြင်းက,ရုပ်နာမ်သာ၊ နတ်ဆိုတာလဲ အမုတ်တာ- ဖြစ်ခြင်းက, ရုပ်နာမ်ပါလို့ သဿတဒိဋ္ဌိ- ခွါချကင်းကွာအောင် ရှေ့ရှုသုံးစွဲလို့ ရပါတယ် သုံးစွဲလဲ-သုံးစွဲသင့်ပါတယ်၊တသံသရာလုံးက အသုံးအနှုန်းအတိုင်း ဘဝရှိတယ်ဆိုတဲ့- အတ္တဒိဋ္ဌိလျှင်အကြောင်းရင်းရှိသော၊ သဿတဒိဋ္ဌိနဲ့-လူ့ဘဝ-နတ်ဘဝ, ငါ့ဘဝ, သူ့ဘဝလို့- အသုံးအစွဲကလေးကို ဆင်ခြင်ပြီးလျှင်၊ အကယ်၍- သူတပါးနားလည်ရုံ သုံးစွဲရရင်လဲ မိမိ အသိဉာဏ်ထဲကတော့ ဖြစ်ခြင်းသဘောအနက်ကိုယူ၍ ယောနိသော မနသိကာရတွေ- ဝေဖြာပါစေလို့လဲ သတိပေးအပ်လိုက်ရပါတယ်။''

ဒီတော့- ယောဂီ၏ရုပ်နာမ်သည်၊ အစက,လူ့အဖြစ်မှာ မပေါ်ပေါက်ခဲ့သေးပါဘူး၊ အဖြစ်တခုခုက, စုတိလာခဲ့ရတဲ့ ရုပ်နာမ်မျှပါဘဲ၊ အဲဒီ-စုတိစိတ်ဝိညာဏ်ကလေးဟာ၊ ဉပါဒ်-ဌီ-ဘင်,ခဏငယ်သုံးချက်နဲ့ ချုပ်ပျက်ခဲ့ပြီး၊ ဋ္ဌီခဏကနေ- နောက်တဉပါဒ်ဖြစ်တဲ့- ပဋိသန္ဓေဝိညာဏ်လို့ဖြစ်ခဲ့ရတယ်၊ ဘာဖြစ်လို့လဲ နာမကာယနဲ့-ရူပကာယကို ဆက်စပ်စေဘို့ အကြောင်းတွေရှိခဲ့လို့ (၀ါ) အကြောင်းမကင်းခဲ့လို့၊ ဘာလို့ အကြောင်းမကင်းခဲ့သလဲဆိုရင်၊ ကမ္မဘဝ,ဆိုတဲ့ ရုပ်နာမ်ကိုပြန်ရစေတဲ့- ကံတွေဖြစ်ခဲ့လို့၊ အဲဒီကံတွေကြောင့် စုတိစိတ်- ခဏငယ်သုံးချက်ဟာ၊ လားရာ,ကျရောက်ရာဖြစ်တဲ့ ဂတိနိမိတ်ကိုစွဲကိုင်ပြီး၊ ဖြစ်,တည်, ပျက်,သုံးချက်လဲချုပ်ရော၊ သူက,ပဋိသန္ဓေ-မဆက်နိုင်တော့၊ သူ့ရဲ့ ဋ္ဌီခဏမှာ-

သမနန္တရ, အနန္တရ, ပစ္စည်းအရင်းခံရှိရာက၊ နာနက္ခဏိက, ကမ္မပစ္စယသတ္တိက ပါဝင်ရက်ပြီး၊ ဂတိနိမိတ်လားရာအကြောင်းဆီကို- ဆက်စပ်ပေးတက်တဲ့ ပဋိသန္ဓေစိတ် ဝိညာဏ်ဟာ ယောဂီလိုခေါ်တဲ့ အမိရဲ့ ဝမ်းကြာတိုက်မှာ ဥပါဒ်, ဋ္ဌီ,ဘင်-ဖြစ်, တည်, ပျက်, သုံးချက်နဲ့ဝင်စွဲပြီး၊ ပဋိသန္ဓေစိတ်နဲ့တကွ၊ ကမ္မပစ္စယ သတ္တိက ပေးစွမ်းတဲ့ ကံကြောင့်ဖြစ်တဲ့၊ ဘာဝဒသက,ကာယဒသက,ဝတ္ထုဒသက, ဆိုပြီး၊ အဋ္ဌကလာပ-ရုပ်ကလာပ်တစီးမှာ– ဣတ္ထိ,ပုမ္ဘာဝ, ရုပ်တခုခုရယ်–ဇီဝိတ ရုပ်ရယ်= ပေါင်း(၁၀)ပါးသော ကလာပ်စီးကတခု၊ အဋ္ဌကလာပရယ်-ကာယ ပသာဒရယ်- ဇီဝိတရုပ်ရယ်၊ ပေါင်း (၁၀) ပါးသော ဒသက, ကလာပ်စီးက တခု၊ အဋ္ဌကလာပ- ရုပ်ကလာပ်စီးရယ်- ဟဒယဝတ္ထုရုပ်ရယ်- ဇီဝိတရုပ်ရယ် ပေါင်း(၁၀)ပါးသော-ဒသကကလာပ်စီးက,တခု၊အဲဒီ–သဒကသုံးသွယ်-ရုပ်သုံး ဆယ်ကို၊ အမိရဲ့ ဝမ်းရင်ပြင်မှာ ကံ,က ဖြစ်စေ, ရစေတယ်၊ ပဋိသန္ဓေဝိညာဏ်က ဆက်စပ်သက်ဝင်စေတယ်၊ ဘယ်လောက်ကြာသလဲဆိုတော့ ဥပါဒ်, ဋ္ဌီ, ဘင်, ခဏငယ်သုံးချက်ဘဲကြာတယ်၊ အဲဒီ-ပဋိသန္ဓေစိတ်ရဲ့ ဋ္ဌီခဏမှာဘဲ၊နောက်ဥပါဒ် အားဖြင့်ဖြစ်မဲ့- ပဝတ္တိဝိညာဏ်ဆိုတဲ့- အဲဒီ, ကလာပ်စီးသုံးသွယ်– ဒသက ရုပ်သုံး ဆယ်ကို- အမှီပြုတဲ့- အဆက်မပြတ်- ဝိညာဏ်တွေဖြစ်ရန်- ပဌမဘဝင်ခေါ်တဲ့ စိတ်ဖြစ်ရေးကို၊ ပဋိသန္ဓေ ဋ္ဌီခဏကလေးကနေ- သမနန္တ- အနန္တရ, အာရမ္မဏူပ နိဿယ ပစ္စည်းတွေနဲ့-အထောက်အပံ့ပေးလိုက်တော့၊ ပဋိသန္ဓေစိတ်နဲ့- ထပ်တူ, ထပ်မျှဖြစ်တဲ့စိတ်မျိုးနဲ့၊ ဘယ်စိတ်မျိုးလဲဆိုတော့-သဟိတ်ပဋိသန္ဓေက-ဒွိဟိတ်ပဋိ သန္ဓေ-တိဟိတ်ပဋိသန္ဓေ,အစရှိတဲ့-ထပ်တူထပ်မျှစိတ်မျိုးနဲ့-ပဌမဘဝင်လို့ခေါ်တဲ့- အဆက်မပြတ်ဖြစ်ရတတ်တော့မဲ့-ပဝတ္တိဝိညာဏ်စိတ်ကလေးဟာ၊ ဥပါဒ်,ဋ္ဌီ,ဘင်, ဆိုပြီးစ,ဖြစ်တယ်၊စိတ်ကတော့—ပဋိသန္ဓေစိတ်နဲ့တူတယ် အာရုံကတော့-ပဋိသန္ဓေ စိတ်နဲ့အတူတကွ- သက်ဝင်ခဲ့တဲ့- ရုပ်ကလာပ်သုံးသွယ်- ဒသက- သုံးဆယ်ကို ဒါ- ငါ့, အကျိုးဝိပါက် ရုပ်ဘဲလို့- အာရုံပြုစွဲယူလာပါတယ်၊ အဲဒီလို- စွဲလာ တာ, ရုပ်ချည်းကိုဘဲလားဆိုတော့- မဟုတ်ပါဘူး၊ စိတ်နဲ့- ဖြစ်အတူ- ပျက်အတူ ပါလာခဲ့တဲ့- နာမ်ခန္ဓာသုံးပါးကိုပါစွဲတယ်၊ ဒါကြောင့်- ကလာပ်စီး သုံးသွယ် ရုပ်သုံးဆယ်ကို၊ ဒါ, ငါ့အကျိုးဝိပါက်ပါတကားလို့၊ ရူပါရုံ(ဝါ)ရုပ်အာရုံကို (ဝါ)ဝဏ္ဏာယတနသဘောနှင့် တကွသော- ရုပ်သုံးဆယ်ကို၊ အဲဒီ-ပဋိသန္ဓေက ပဝတ္တိဝိညာဏ်အစက, စပြီး၊ ကုလလရေကြည် အဖြစ်ကထဲက- အာရုံပြုလာခဲ့ တာပါ၊ အဲဒီတုံးက— စက္ခုပသာဒရုပ် ဖြစ်ရှိလားဆိုတော့- မရှိသေးပါဘူး၊ သဠာယတနာရုံ- ဆဋ္ဌာယတန-ခေါက်ဒွါရကို- ကောသိက်ပြုထားတဲ့- ဟဒယ ဝတ္ထုဒသကကိုမှီပြီး- ဝိပါက်မနောဓါတ်ကလေးမှ- အဆက်မပြက် ဘဝင်စိတ်တွေ

ဖြစ်တိုင်း- အကျိုးဝိပါက်- ရုပ်,စေတသိက်နာမ်တွေကို= အာရုံပြုလာပါတယ်၊ အဲဒီ,ဒသက, ကလာပ်—သုံးစီးမှာပါတဲ့၊ ရူပါရုံဝဏ္ဏအဆင်းဓါတ်နဲ့တကွ၊ (ဝါ) ဝဏ္ဏာယတနနှင့်ဘကွ၊သဏ္ဍာယတနလို ကေသိက်ပြုအပ်တဲ့- ဟဒယဝတ္ထုကိုမှီပြီး၊ သဋ္ဌာယတနပစ္စယာ- ဖဿဖြစ်လုက်- အဆက်မပြတ်တဲ့- ပဝတ္တိဝိညာဏ်, ဘဝင်စိတ်ကထဲက- ကလာပ်စီးသုံးခုမှာပါတဲ့= ရူပါရုံဝဏ္ဏအဆင်းရုပ်ဓါတ်ကို= ငါ့, ဥစ္စာလို စွဲယူမြင်သိခဲ့ပါတယ်။

ဒီတော့- မြင်ကောင်းတယ်ဆိုတဲ့- သနိဒဿန, သဘော သဘာဝ, ဝဏ္ဏအဆင်းရုပ်ဓါတ်ဟာ၊ အဋ္ဌကလာပ, တစီးမျှမှာလဲ၊ မပျက်မစီးဆောင်ရက်ဘဲဖြစ်သလို၊ ကလလရေကြည်- သုံးသွယ်တည်သော- ကလာပ် သုံးစီးမှာလဲ—ဆောင်ရက်ဘဲဆိုတာ, ထင်ရှားပါတယ်၊ ဘာနဲ့မှ- အာရုံပြုယူလို့ရသလဲ-မိမိတည်းဟူသော— ဝိပါက်မနဓါနဲ့မှသာ- အာရုံယူ- သိမြင်လို့ရတယ်၊ စက္ခုပသာဒရုပ်, မဖြစ်ရှိသေးတော့၊ မံသစက္ခုနဲ့တော့၊ (ဝါ) စက္ခုဒွါရဝီထိစိတ်နဲ့တော့- မသိမမြင်နိုင်သေးပါဘူး၊ အဲဒီလို- စက္ခုနဲ့- မမြင်မသိနိုင်သေးပေမဲ့၊ ဝဏ္ဏအဆင်းရုပ်ဓါတ်ကတော့= ကလလရေကြည်- ပဋိသန္ဓေတည်စကထဲက မြင်ကောင်းတဲ့သဘောကို ဆောင်ရက်ဘဲ၊ အဲဒီ— ကလာပရုပ်စုကလေး- သုံးစီးကို၊ ပဋ္ဌမဘဝင်စိတ်ဖြစ်ပြီးတော့= တဏှာဒိဋ္ဌိနဲ့- တော်မမ, ငါ၏ဥစ္စာလို့ စွဲခဲ့တယ်၊ မာနဒိဋ္ဌိနဲ့- သောဟမသ္မိ, ငါမှငါလို့ စွဲခဲ့တယ်၊မိစ္ဆာဒိဋ္ဌိနဲ့- သောမေအတ္တာတိ, ငါ့အတ္တဘော ဇီဝ, အသက်လို့စွဲခဲ့တယ်၊ အဲဒါ— ရုပ်အာရုံ- မဖြစ်မရှိဘဲ စွဲတာလား= ရုပ်အာရုံ ဝဏ္ဏအဆင်းနဲ့ဘကွဖြစ်ရှိလို့ စွဲတာလား?၊ အဲ= ဝဏ္ဏာယတန သဘောနဲ့တကွ- ရုပ်အာရုံ, ထင်ရှားဖြစ်ရှိလို့- စွဲတယ်ဆိုတာ, ထင်ရှားပါတယ်။ ဒါကြောင့်— ရူပါရုံ, ဝဏ္ဏအဆင်းရုပ်ဓါတ်ဟာ၊ မံသစက္ခုနဲ့- မမြင်ရသေးတဲ့ ကလလရေကြည်- ရုပ်သုံးဆယ်တည်ကထဲက ဘာအာရုံမဆို— ရယူနိုင်တဲ့- မနောဓါတ်, မနောဝိညာဏ်- ပဋ္ဌမဘဝင်စိတ်က- အမှန်ကိုဖုံးလွှမ်းပြီးတဲ့- အဝိဇ္ဇာ၏ ခွင့်ပြုချက်အရ၊ တဏှာငါမြင်, မာနငါမြင်, ဒိဋ္ဌိငါမြင်နဲ့- မြင်အပ်, မြင်ကောင်းတဲ့-ဝဏ္ဏာယတနသဘော-ဖြစ်တယ်ဆိုတာ-ထင်ရှားလှပါတော့သည်၊ အဲဒီတုံးက- ဖြူ,နက်,နီ,ဝါ- စိမ်း,ညို ပြာဆိုတဲ့- အရောင်ပညတ်ကို- မံသစက္ခုနဲ့ မယှဉ်စပ်၍- မပါလာနိုင်သေးခဲ့ပါ၊ ငါ့ရုပ်,ငါ့နာမ်, ငါ့သဏ္ဍာန်, ငါ့အကျိုးလို့- အတ္တဘောမိုးကြီး, ရွာသွန်းဖြိုးပြီးလျှင်၊ စွဲခဲ့တဲ့- ငါသုံးငါမှာ-အတ္တဒိဋ္ဌိသည်သာ အမှန်ဖြစ်ရှိပါသည်။

ထိုမှတဖန်-အမိဝမ်းက, ကျွတ်လွတ်ပြန်ရလို့- (၇)ရက်ကြာခန့်၌၊ စက္ခုပသာဒါ-စုံညီလာအပြီးတွင်-မျက်ခွံအဖုံး, ဖွင့်လှစ်ခါသုံးနိုင်သည်ကစပြီးလျှင်၊

အမိ အဘတို့က- သွန်သင်ပြသ ပေးအပ်လာသည့်- အစဉ်အလာခေါ်မှတ်- အရောင်ပညတ်တွေကို-အဟုတ်တကယ်အရှိ-မှတ်သိစွဲယူလာပြီး၊ နက် ဖြူ နီ ဝါ စိမ်း ညို ပြာနဲ့- ထွေထွေလာလာ- အရောင်ဆိုသမျှတွေကို၊ တကယ်ထင်ရှားရှိ လုပ်ပြီး၊ ရူပတဏှာ- ငါနှင့်တကွပါ၍၊ မူလ အတ္တဒိဋ္ဌိ အမွန်ရှိရာကနေ- စက္ခု ဒွါရဝီထိလဲ ဖြစ်ရှိလာရော- အတ္တနိယဒိဋ္ဌိကိုပါ၊ သေသေချာချာ တုပ်ပြီးချည်ပြီး သိမ်းဆည်း ကပ်ငြိကာ-သာယာနေမိလာတာတွေ-ပြန်၍လှန်၍—တွေးကြည့်ရင်၊ အမှားဒိဋ္ဌိ- အမိဝမ်းထဲကထဲက မိလာကာ၊ သူကန်းအတိနဲ့ လာခဲ့ရတဲ့- အန္ဓ ပုထုဇဉ်တို့၏ ဒိဋ္ဌာဘိနိဝေသအချက်- မဟာအမှားကွက် ကြီးပါကလားလို့- သိ အပ်ရာပါသည်။ ဤ- အမှားတွေကို- ဘုရားရှင်က- ရူပါရုံတည်းဟူသော- ဝဏ္ဏ ရုပ်ဓါတ် ပရမတ်ကို- သိစေလိုလှ၍၊ ဟောမိန့်ချွေတော်မူခဲ့သော်လည်း- ပညတ် တွေကို မပယ် မဖျောက် နိုင်ရုံသာမက၊ ဖြူနီကြောင်ကြား အရောင်များ ဆို တာ= ဝဏ္ဏရုပ်ဓါတ်ပါလို့ ဆိုပြီး၊ ဘုရားဟော— ပရမတ် ဓါတ်သရုပ်ကို မခွါ မထုတ်နိုင်ရုံမျှမက၊ ပညတ် ဖြူနီပြာဝါ၊ အရောင်တွေကို၊ ဝဏ္ဏရုပ်ဓါတ် လုပ်ပြီး လျှင်၊ မိမိလဲယူ သူတပါးတို့ကိုလဲ ဟောပြောပြပြီးကာ၊ အမှားကြောထဲမှာ၊ မြောနေကြတာကတော့၊ နယုတ္တံ—မသင့်ကေန် မှန်လှပါတော့သည်၊ ဒါပေမဲ့-ယခု လိုပြင်စရာတလီ အမှန်တွေပေမဲ့-ဆင်ဝှေ့လို့ ရန်ရှောင် ဟိုကွေ့ သည်ယောင်နဲ့- ဒိုမျှားလဲ- ဒီသဘောရောက်တာပါဘဲလို့- အမှားကို- ဘယ်တော့မှ ဝန်မခံချင် ဘဲ၊ သိပြီးစား အကုန်မဟောရသေးလို့ပါလို့ လဲ= ဖါထေးကြပါလိမ့် ဦးတော့ မည်သာ ဖြစ်ပါသည်။

ကဲ ...စက္ခုပသာဒအကြည်ရုပ်နဲ့-ရှေးရှုမတော် မတိုက်ဆိုင်ခင်ကထဲက၊ ရူပါရုံဝဏ္ဏအဆင်း- မြင်အပ် မြင်ကောင်းခြင်းသဘောကို=ထင်လင်းစွာသိရပါပြီ၊ အမိဝမ်းက-ကျွတ်လွတ်ပြီးမှ၊ မံသစက္ခုပသာဒအကြည်ရုပ်နဲ့-ဘယ်ပမာဏ ကစပြီး ရုပ်အာရုံအဖြစ်သို့-ဝဏ္ဏရုပ်ဓါတ် ထင်လင်းစွာသက်ဝင်ရပါသလဲဆိုရင်၊ နတ် ဗြဟ္မာ ဒိဗ္ဗစက္ခု-အဘိညာဉ်စက္ခုတို့ကတော့-ကလာပပေါင်း(၉၉)စီးရှိတဲ့- အဏုမြူကို မြင်ခြင်းငှာစွမ်းနိုင်ကြပါတယ်၊ လူလို့ခေါ်တွင်-ရုပ်နာမ်အယာဉ် မံသ စက္ခုအမြင်မှာတော့၊ တဇ္ဇာရီမြူလို့ခေါ်ရတဲ့-ကလာပ်စီးပေါင်း (၁၂၁၂၇၅) တသိန်း နှစ်သောင်း တထောင် နှစ်ရာ ခုနစ်ဆယ့် ငါးစီး စုစည်းမိမှတောင်-တခါ တရံမျှသာ-ထရံကြို- ထရံကြားက- နေရောင်ခြည်တန်းကလေးထဲမှာဒင်း၊ ရုပ်ရှင် ဆလိုက်မီးအတွင်းမှာဒင်း၊ အာပါတံ-ထင်ခြင်းကို ရနိုင်စေနိုင်ပါတယ်၊ မုချရှေ့ရှု တော်တိုင်း-မြင်ကောင်းခြင်းသဘောကို- မလွဲမသွေဖြစ်စေနိုင်တဲ့ ရုပ်အာရုံအနေ ကတော့၊ ရထရေဏုမြူ လို့ခေါ်တဲ့-တဇ္ဇာရီမြူထက်(၃၇)ဆ ကြီးပြီး၊ ကလာပ်စီး

ပေါင်း(၄၂၄၄၆၂၅)လေးသန်း,နှစ်သိန်း,လေးသောင်း,လေးထောင်,ခြောက်ရာ,နှစ်ဆယ်,ငါးစီး, စုစည်းမိမှသာဘဲ၊ အမြဲဘစေ-ရွေ့ရှုတော်တိုင်း၊ ရုပ်အာရုံဝဏ္ဏအဆင်း- မြင်ကောင်းခြင်းဂုဏ်သတ္တိသည်- သဘ္ဘဝါ သခ်ါတို့၏- ကမ္ဘဇအမျိုးအကျိုးကိုလိုက်၍-ထင်ရှားစွာ-မြင်အပ်, မြင်ကောင်းခြင်းသဘောအစဉ်သို့-သက်ဝင်ရပါတော့သည်။

အဲဒီလို- အမိဝမ်းကြာတိုက်အတွင်းမှ၊ အတ္တဒိဋ္ဌိကနေ-ငါသုံးဖြာနှင့်စွဲပြီး၊ အတ္တနိယ-အထွေထွေငြိစေ, ရစေလာနိုင်တာကတော့၊ ရထရေဏုမြူကလေးကအစ-လောကသုံးပါး, ရှိသမျှ (ဝါ) ဖြစ်ပေါ်နေသမျှ-ရုပ်အာရုံများကို၊ ပရမတ်မမြင်-ပညတ်၌တွင်တွင်သာအရှိလုပ်၍၊သက်ရှိမှာတမျိုး-သက်မဲ့မှာတဖုံ၊ မြင်အပ်, မြင်ကောင်းရာမှန်သမျှ-ရုပ်အာရုံအလုံးစုံကို၊ အတ္တနဲ့-အတ္တနိယ, မကွဲမကွာပါ၍၊ ငါသုံးဖြာနှင့်သာ-အန္ဓပုထုဇဉ်တို့-စွဲသုံးလာခဲ့ကြပေသည်။

ထိုမှတသီး-ရုပ်အာရုံမီး-တောက်လောင်ခံရပုံမှာ၊လောကဓါတု-နာနာဓါတု-အစုစု၌၊ အထက်ပါ၊ရထရေဏုမြူ(၃၆)ခုကို—တလိက္ခာလို့ ခေါ်ဝေါ်ခြင်း၊ လိက္ခာ(၇)ခုကို—သန်းတကောင်။သန်း(၇)ကောင်ကို—စပါးတစေ့။ စပါး(၇)စေ့ကို—လက်တသစ်။ လက်(၁၂)သစ်ကို= တထွာ။ (၂)ထွာကို— တတောင်။ (၇)တောင်ကို-တတာ၊တာ(၂၀)ကို—တဥသဘ။ဥသဘ(၈၀)ကို—တဂါဝုတ်။ (၄)ဂါဝုတ်ကို— တယူဇနာ။ (၇)တောင်, လေးတာ— အပြန်(၅၀၀)ကို—တကောသ,စသည်ဖြင့်၊ အသူရိန်နတ်-လောကန္တရိက်ငရဲသားတို့-ဝါဝုတ်နှင့်ချီ၍ သတ္တဝါအလီလီ, ရေတွက်ခြင်းခံရသည့်- သင်္ခါရ စာရင်းကြောင့်- သက်မဲ့ ရုပ်ကလာပ်အဆက်ဆက်- ယှဉ်စပ်ပုံ တခဲနက်သဘောသည်၊ သုံးလောကအဟုန်၌-တမှုံတကလာပ်,အဋ္ဌကလာပ်,တစီးကပ်လျှင်၊ရူပါရုံ,ဝဏ္ဏအဆင်းဓါတ်သဘောကို-မပျက်မယွင်း, ဆောင်နှင်းပါသဖြင့်- အတ္တနဲ့-အတ္တနိယအခင်းထဲကို- အဝိဇ္ဇာမကင်းသူတိုင်း-သက်ဆင်းကြရရှာပေတော့သည်။ ။

ဤခြားထဲ၌၊ မြင်ကောင်းရက်နဲ့-မမြင်ရဟု-ခေါ်ဝေါ်သုံးစွဲပုံကလေးကို ကြည့်ရင်လဲ၊ သတ္တဝါ- သူငါတစေ့ အဘယ်မျှ အမှတ်မှားနေသလဲဆိုတာ- ရယ်ရွှင်ဘွယ်ရာပင်, ဖြစ်၍နေပါတော့သည်၊ လက္ခယ်သန်းခေါင်-မိုးမှောင်ကြီးကျ-ထိုသမယ၌ "အမယ်လေးအပြင်မထွက်ရဲပေါင်- မှောင်လိုက်ထာမဲလို့- ဘာမှလဲမမြင်ရဘူးလို-ဆိုကြပါသေးသည်၊ သေသေချာချာစဉ်းစားကြည့်တော့- မမြင်ရဘူးလဲဆိုသေးရဲ- မှောင်လိုက်တာမဲလို့လဲဆိုသေးရဲ့ဆိုတော့၊အဲဒီ-မှောင်နေတာကို မှောင်မှန်းသိရက်နဲ့- ဘာမှလဲမမြင်ရဘူးဆိုတာ၊ ရှေ့စကားကိုနောက်စကားကဖေါ်ပြီးစားကြီးဖြစ်နေပါတယ်၊ ဒါကြောင့်- ရူပါရုံ ဝဏ္ဏအဆင်းဓါတ်ဆိုတာ—

မြင်အပ်, မြင်ကောင်းတဲ့- သဘောအမှန်ပါ၊ မှောင်ရင်လဲ- အမှောင်ကိုဘဲ-မြင်ကောင်းနေပါတယ်ဆိုတာ- မိမိစကားကပင်- ဝန်ခံပြီးသားဖြစ်နေပါ၍၊ စက္ခုပသာဒ-အကြည်ရုပ်နဲ့ရှေ့ရှုတော်ရင် မှောင်မှောင်မဲမဲ- ဖြူဖြူဝင်းဝင်း- အရောင်အလင်းနှင့် အရောင်အဆင်းတွေ- ဘယ်လိုမြင်မြင်-မရှိပညတ်သို့- ပိုင်းခြားသိပြီး၊ မြင်အပ်,မြင်ကောင်းခါမျှသဘောဟု-စောကြောဆုံးဖြတ်-နှလုံးဓါတ်၌-ဉာဏ်မြင်ကပ်၍-ရှုအပ်ပါတော့သည်။

အထက်ပါကကဲ့သို့— သက်မဲ့မှု၌- ဤသို့မရှု၊ သက်ရှိမှု၌လည်း=အသားဖြူ, အသားဝါ= အသားမဲ, အသားညို၊ အသားလတ်နဲ့- ဝင်းထိန်စိုပြေ, အရောင်တွေကို စွဲယူ၍-အလှတမူ-မြင်သိနေလျှင်ငင်း၊ သက်မဲ့၌လည်းတဖန်— ဖြူပြာနီဝါ-စိမ်းပြာညိုနက်-ချောကလက်ဟု-အထွေထွေအခေါ်ဆန်းသမျှ၊ သနားစရာအရောင်ကလေးအထိ၊ မရှောင်ပြေးနိုင်ဘဲ အမိခံရကာ၊ မရှိအမှန်,ပညတ်တွေကိုစွဲယူကာသိလျက်-အဟုတ်ရှိအဖြစ်-မြင်သိနေကြပါက၊ အသားဖြူမို့ကြိုက်တယ်၊ အသားမဲလို့- မကြိုက်၊ အသားလတ်မို့- ကြိုက်သည်လည်းမဟုတ်- မကြိုက်သည်လည်းမဟုတ်ဟူ၍ငင်း၊ ဖြူနီဝါကလေးမို့ကြိုက်၊မဲညိုပြာမို့-မကြိုက်၊စိမ်းတိမ်းတိမ်းမို့-ကြိုက်,မကြိုက်, ဘယ်ဘက်ကိုမှ-မယိမ်းနိုင်ဟူ၍ငင်း၊အဲဒီလို-အရောင်ကိုမြင်သိ, အရှိလုပ်ပြီး, သုံးသပ်မိပါလျှင်မူ၊ကြိုက်လိုက်တော့-လောဘ၊မကြိုက်ပြန်တော့-ဒေါသ၊ကြိုက်မကြိုက်, မဝေခွဲနိုင်တော့-မောဟနဲ့-ဖြစ်ကြပုံကို၊ကြောချခံရတာတောင်-ဓါးမြမှန်းမသိဘဲ၊ ဇောဘဝအထိ-အတောမသတ်မိအောင်-မလ,သုံးပါးငြိခါ-ဖြစ်ရှိသွားရတတ်ကြတော့သည်-ဖြစ်ကြရတော့သည်။

အကယ်၍=အကယ်၍=ထိုအကယ်၍သည်ကား၊ မြတ်ဘုရားစကားတော်အမှန်ကို-မှတ်သားနာခံကာ-ကေန်ဉာဏ်နှင့်မြင်နိုင်အောင်၊ အထက်ပါ၊ သဘောသဘာဝသရုပ်တွေကို- ခွဲထုတ်ခါပြသဘိသကဲ့သို့၊ မရှိတဲ့ အရောင်ပညတ်ကို-မြင်ဆဲခဏမှာ၊ မမှတ်,မသိ,မယူ,မကပ်ငြိတော့ဘဲ၊ အသားဖြူ၊အသားမဲ- အသားဝါ-အသားလတ်ဆိုတာလဲမရှိ၊ စိမ်းပြာညိုနက်-ဖြူဝါနီလျက် ဆိုတာလဲမရှိ၊ ကေန်တိတိ-စက္ခုပသာဒရုပ်နှင့်ရှေ့ရှုတော်မိလို့-မြင်အပ် မြင်ကောင်းဘဲ့-သဘောခါတ်နဲ့-ဆိုင်ရာသဘောရုပ်တွေ-ရောစပ်မိလို့-မြင်သိစိတ်ပေါ်အပ်တာမှတပါး၊အရောင်နှင့်စပ်သမျှ-ဘာတခုမှ-အတုံး,အလုံး,အခဲအနေ,မရအပ်တဲ့တရားတွေပါကလားဟု-သိမ်းဆည်းဆင်ခြင်လိုက်ပါလျှင်၊ (၀၁) မြတ်ဘုရားစကား, ဉာဏ်မြင်နဲ့-ပိုင်းခြားသိလိုက်ရပါလျှင်၊ အဲဒီ-ရူပါရုံ,ဝဏ္ဏအဆင်းရုပ်ဓါတ်ကို၊ ကြိုက်တယ်လို့-ဘယ်သူက-ဝင်လုပ်နိုင်ပါအုံးမလဲ မကြိုက်ဘူးလို့လဲ,ဖြစ်လာနိုင်ပါအုံးမလား?

စဉ်းစားကြည့်ပါ—သိမ်းဆည်းရှုမြင်,ဆင်ခြင်ကြည့်ပါ၊မဖြစ်ရိုးကေန်—လောဘနဲ့ ဒေါသ, မခြံရံတော့တာ အမှန်လို့–ကိုယ်ပိုင်ဉာဏ်နဲ့ သိပါလိမ့်မယ်၊ ဘာဖြစ်လို့-လောဘနဲ့ ဒေါသခြံရံတဲ့- ကိလေသာစိတ်ဓါတ်- မပေါ်ချိပ်အပ်ပါသလဲ ဆိုတော့၊ အစက, အဝိဇ္ဇာ မောဟနဲ့- အမှန်မသိမှုကို- ဖျက်ဆီးပစ်ခါ- ဘုရားပေးသည့်နည်းဖြင့်-အမှန်သိအောင်သိမ်းဆည်းရှုတင်,ဆင်ခြင်လိုက်ရှာ၊ ကြိုက်မကြိုက်မလုပ်- အမှားသိပြုတ်၍-အမှန်အဟုတ်၌-ဉာဏ်ရောက်ခါ၊မောဟ,ဆိုတဲ့-အဝိဇ္ဇာကို-ပျောက်ကင်းကွာအောင်- သတ်လိုက်သဖြင့်၊ နောက်လိုက်ငယ်သား,လောဘနှင့် ဒေါသတရားများ- ခိုနားဖြစ်ပေါ်လာစေနိုင်ဘို့- အခွင့်အလမ်း တံခါးကြီးပိတ်သွားပြီးလျှင်၊ ဝိပဿနာ- အသိဉာဏ်, မဂ်ဝိဇ္ဇာ အလင်းဓါတ်, ဉာဏ်မြတ်ကဝင်ရောက်ကာ နေရာယူလိုက်နိုင်ပြီ ဖြစ်ပါ၍၊ ကိလေသာကင်းသည့်- ဖြူစင်ခြင်း အရိယာန္တယ်ဝင်, စိတ္တုပ္ပါဒ်ကို- ကောင်းမြတ်စွာ- ရရှိစေအပ်လာပါတော့သည်။ ။

အကယ်၍-အကယ်၍—ထိုအကယ်၍-ဤအကယ်၍-ၡင်းအကယ်၍ကတော့၊ အရောင်တွေကို- ဝဏ္ဏရုပ်ဓါတ်ဘဲလို့- အရှိလုပ်ဇာတ်ခင်းပြီးမှ (ဝါ)အဖြူမြင်တယ်-အပြာမြင်တယ်လုပ်ပြီးမှ၊အရောင်နှင့်စပ်သမျှ-ဝဏ္ဏရုပ်ဓါတ်လုပ်ခါ-သိမှတ်ပြီးမှတော့၊ မလိုချင်အောင်လုပ်လို့လဲမရတော့ဘူး၊လိုချင်အောင်လုပ်လို့လဲမရတော့ဘူး၊ မကြိုက်ပါဘူးလို့လဲ လုပ်လို့ မရတော့ဘူး၊ မကြိုက်-မလိုချင်ရင်-ဒေါသဘဲ၊ကြိုက် လိုချင်ရင်-လောဘဘဲ၊ဘာဖြစ်လို့လဲဆိုတော့-ဒေါသကိုသတ်ရင်, လောဘဖြစ်တတ်တယ်၊လောဘကိုသတ်ရင် ဒေါသဖြစ်တတ်တယ်၊လောဘလဲမသတ်,ဒေါသလဲမသတ်ပြာရင်, မောဟ-ဖြစ်တတ်တယ်။အဲဒီတော့-မောဟဆိုတဲ့-အဝိဇ္ဇာကို-သတ်မှသာ လောဘရော-ဒေါသပါ- သင်းရာရောက်ပြီး- မပေါ်အပ်နိုင်တာအမှန်မို့၊ ပညတ်အတွေကို- ဝဏ္ဏရုပ်ဓါတ်လို အရှိလုပ်ပြီးတော့မှ၊ ဘောဘ-ဒေါသ,မဖြစ်အောင်-လုပ်လို့မရကောင်းသဖြင့်၊(ဝါ)ဘုရားအဆုံးအမ, ဒေသနက္ကမနည်းမကျပါသဖြင့်၊ အဥ္ဇနေ့မတိ, အခင်းမျှသက်သက်နှင့် မိမိလဲမကျင့်သုံးဘဲ- သူတပါးကိုလဲ-ပြသရန်သည်၊ ဧဝကံ-နယုတ္တံမို့ မှုချအမှန်-မသင့်လှုခြင်း–ကေန်ဖြစ်ပါတော့သည်။ ။

ကဲ-ရူပါရုံတည်းဟူသော-ဝဏ္ဏရုပ်ဓါတ်ကို၊ ဤမျှ-ပိုင်းခြားဝေဘန်-ထိုးထွင်းဉာဏ်ဖြစ်လာအောင်ရပါလျှင်- တော်သင့်လောက်ပါပေပြီ၊ အကျဉ်းအားဖြင့်– ပထဝီရုပ်ဓါတ်ပြစဉ်က သဘောကိုမှီ၍၊ ပရမတ္ထတရားသည်- မြတ်သောဉာဏ်၏ ကျက်စားရာ၊ ထင်ရှားကေန်ရှိသည့်-အကြောင်းရှိစွမ်းရည်– သဘောဓမ္မ

အစစ်-ဓါတ်၏အနှစ်ဖြစ်ပါသည်။ ဓါတ်သည်-ပရမတ္ထတရား၏-စွမ်းရည်သတ္တိကို-သခ်ာတတရားဖြစ်၍-အကြောင်းစုံညီလာလျှင် မပျက်မယွင်းဆောင်နှင်းတတ်ခြင်း-သဘာဝလက္ခဏာ, မှတ်ကြောင်းလွှာကို၊ ထင်ရှားပြသော သဘာဝဓမ္မသည်-ဓါတ်မည်ပါ၏။ ရုပ်သည်-ထိုဓါတ်လက္ခဏာ-ထင်ရှားဆောင်ပြ-ခဏတ္တယအား ဖြင့်၊ ဖြစ်,တည်,ပျက်,အချက်နှင့် အကျိုးပေါ်ထွက်ရသော- ရုပ်သခ်ါရတရား သာဖြစ်ပါ၏။ ဒြပ်သည်-ကောင်းဆိုးနှစ်ရပ်,ဂုဏ်သကပ်ကြောင့်-အဖြစ်ခဏတ္တယ, ရုပ်ခန္ဓာထင်ရှားလတ်သော်၊ ဥပါဒါနော-အာသဝေါတရားတို့၏- အာရုံအဖြစ် သခ်ါရ, အမြိတ်အစ- နိမိတ္တ-တရား သာလျှင် ဖြစ်ပါသည်။ ထိုသို့-စစ်ထုတ်, ပရမတ္ထဉာဏ်သရုပ်ဖြင့်၊ အထက်က, ရုပ်ဓါတ်များတွင် ပြအပ်လာဘိသကဲ့သို့၊ မှတ်သားပိုင်းခြားကြကာ- ပရမတ်ဉာဏ်ဝင်စားနိုင်ရာပါတော့သည်။ ဝင်စား တော်မူနိုင်ပါစေကုန်သတည်း။ ။

## ရူပါရုံ—ဝဏ္ဏအဆင်းရုပ်ဓါတ်၏ ဌာန်လေးပါး

(ဝေါစရဂ္ဂါဟိက-အာရမဏ,အရ၊)

စက္ခုပဋိဟနနလက္ခဏာ=စက္ခုပသာဒ၌-ထိခိုက်တတ်ခြင်း လက္ခဏာရှိ၏။

(၀၁) မြင်ကောင်းခြင်းမှတ်ကြောင်းလက္ခဏာရှိ၏။

စက္ခုဝိညာဏ-ဝိသယဘာဝရသာ= စက္ခုဝိညာဏ်၏- အာရုံအဖြစ်- ပြုခြင်းကိစ္စ ရသရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနာ= စက္ခုဝိညာဏ်၏ ကျက်စားရာ တရားဟု-ရှေ့ထင်၏။

စတုမဟာဘူတ ပဒဋ္ဌာနာ= မဟာဘုတ် လေးပါးလျှင်— နီးစွာသော အကြောင်းရှိ၏။

(မှတ်ရန်ဆောင်ပုဒ်)

စက္ခုပသာဒ၊ ထိခိုက်ရ၊ မှတ်ကြ လက္ခဏာ၊
မြင်သိစိတ်ပေါ်၊ အာရုံနေ၍၊ ပြုသော် ကိစ္စပါ၊
မြင်ခါသိမှု၊ ကျက်စားပြု၊ ရှေးရှုထင်ရပါ၊
နီးစွာတရား၊ ဘုတ်လေးပါး၊ မှီငြားဖြစ်ရတာ။ ။

# "ဂန္ဓရုပ်ဓါတ်-ပရမတ်"

ဓါတ်ကြီးလေးပါးတို့၌ မကင်းမကွာစွဲမှီသော- ဒုတိယ,ဥပါဒါန်ရုပ်ဖြစ်သည့်= ဂန္ဓရုပ်ဓါတ်ဖြစ်ပါသည်။ ဂန္ဓ- ပါဠိသဒ္ဒါ= အနံ့-မြန်မာသဒ္ဒါ၊ ရုပ်= မသိတတ်, ဖေါက်ပြန်ပျက်စီးတတ်သော တရား၊ ဓါတ်= မိမိသဘောမိမိ,ဆောင်တတ်သော- သဘာဝတရား။ ဤသို့အားဖြင့်- အနံ့ရုပ်ဓါတ်ဟူ၍- သိမှတ်အပ်ရာပါသည်။ ဘာ့ကြောင့်- ဂန္ဓရုပ်ဓါတ်၊ (ဝါ) အနံ့ဓါတ်ဟူသော- အမည်ကိုရရှိခြင်းငှါ, ခေါ်ဝေါ်ခြင်းငှါ- ထိုက်ပါသနည်းဟူမူ၊ အဘိဓမ္မာဝတာရ အဋ္ဌကထာ၌....။

ဂစ္ဆန္တော- ရောက်သည်ဖြစ်၍၊ ဧဝိယတိ- ရုပ်ကလာပ်အဆက်ဆက်တို့သည် ဆောင်အပ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ဂန္ဓော- ဂန္ဓမည်၏။ (ဝါ) တနည်းကား။ ။သူစနတောပိ- မိမိတည်ရာဝတ္ထုကို- ပြတတ်သည်၏ အဖြစ်ကြောင့်လည်း၊ ဂန္ဓော- ဂန္ဓမည်၏။ ။

အထက်ပါ၊ ဂန္ဓ-အနံ့ဟူသော အမည်ရရှိခေါ်ဝေါ်အပ်ရခြင်းသည်၊ အကြောင်းစပ်ရာ-ဃာနပသာဒတို့သို့၊ထို-အနံ့ဓါတ်သည်၊ မဟာဘုတ်ရုပ်ကလာပ်တို့အဆက်ဆက်အားဖြင့်- (ဝါ)အဋ္ဌကလာပရုပ်,အဆက်ဆက်အားဖြင့်-ပျံ့နှံ့ရွေ့ရှား, ဆောင်ယူသွားတတ်ခြင်းကြောင့်ငှင်း၊ မိမိတည်ရာ, ဝတ္ထုဟုဆိုအပ်သော၊ (ဝါ)အနံ့ဓါတ်, ထွက်ရာ-တည်ရာ-ရုပ်ဝတ္ထုရှိရာအရပ်ကို၊ ဃာနပသာဒရှင်အားစေနံ့ခြင်းဖြင့်- ပြတတ်သည်၏ အဖြစ်ကြောင့်ငှင်း၊ ဂန္ဓော- ဂန္ဓ,အနံ့ရုပ်ဓါတ်ဟူ၍ သမုတ်အပ်ပါသည်။

ဤ- အနံ့ဓါတ်သည်၊ မဟာဘုတ်အဆက်ဆက်ဖြင့်- ဃာနပသာဒတို့သို့ အာရုံရောက်အောင်— ဆောင်ယူသွားတတ်ခြင်း၊ မိမိတည်ရာဝတ္ထုကို- ဤမှာရှိသည်ဟု- ပြသဘိသကဲ့သို့- ဖြစ်ခြင်းသဘောမှာ၊ စပယ်ရုံပန်း- ပွင့်လန်းရာကာလတွင်၊ ပိုင်ရှင်သည် သူတပါးတို့အား- မပေးလိုသည်ဖြစ်၍၊ စောစွာထပြီး၊ ခူးယူကာ- အုပ်ဆိုင်းထားသော်လည်း၊ စပယ်ပန်းလာခူးသူတို့က-အပင်၌ပန်းပွင့်မရှိသော်လည်း- "ပန်းကလေးများ, ခူးထားဒါ- မရှိဘူးလား၊ နံနံမျှစမ်းပါ"ဟု ပြောလာရာ၊ မရှိတော့ပါဟု- အဖြေပေးသော်လည်း၊ ဖုံးကွယ်၍မရအောင်၊ ချင်းတောင်းကလေးကဲ-အပေါ်မှ-အဝတ်နှင့် ဖုံးအုပ်ထားသည့်ကြားမှ၊ စပယ်နံ့တလှိုင်လှိုင်ထွက်၍ နေရာ၊ လာတောင်းသူက- ရှိပါတယ်- စပယ်နံ့ကလေး, မွှေးနေပါတယ်၊ ဟိုတောင်းထဲက ထင်ပါရဲ့ဟု- သက်သေထူ၍

ရအောင်- မိမိဤမှာရှိကြောင်းကို- အနံ့ဓါတ်နှင့် ဖေါ်ပြပြီး- ဂုံးတိုက်တတ်သောကြောင့် ...

"ဃာဒမေတ္တ အတ္ထိတိ ပေသုညံ ကရောန္တံဝိယ ဟောတိ"

ဃာဒံ- ဤဝတ္ထုသည်၊ (ဝါ) စပယ်ပန်းမြတ်, လတ်လတ်ဆပ်ဆပ်ကလေးသည်၊ ဧတ္ထ- ဤအရပ်၌၊ (ဝါ) ဤ- ချင်းတောင်းကလေး အတွင်း၌၊ အတ္ထိ- ဖုံးဝှက်ကွယ်ငြား ထားလျက်ရှိ၏။ ဣတိ- ဤသို့၊ ပေသုညံ- ဂုံးတိုက်ခြင်းကို၊ ကရောန္တော ဝိယ-အနံ့ဓါတ်လျှံကြွကာ- ဖေါ်ပြပြောဆိုပါဘိသကဲ့သို့၊ ဟောတိ- ကလာပ်အဆက်ဆက်- ဆောင်လျက်မသွေ့ ဖြစ်တတ်ပါပေ၏။ ။

ထိုသို့- ဂန္ဓရုပ်ဓါတ်- အမည်ခေါ်အပ်ပုံကို- သိမှတ်ရပါသည်။ ဂန္ဓ- အနံ့ဓါတ်နှင့်- အနံ့သဘောကိုလည်း၊ ဝဏ္ဏ- အဆင်းဓါတ်နှင့်- အရောင်မျိုးစုံကဲ့ပြားအပ်ပုံကဲ့သို့- သိရပါမည်။ ဂန္ဓ- အနံ့ဓါတ်သဘာဝသည်သာ- လက္ခဏာဖြစ်ပါသည်။ အနံ့ဟုဆိုအပ်သော= ပုပ်, သိုး, မွှေး, ကြိုင်— သင်းပျံ့လှိုင်-ခြောက်ဆိုင်ရနံ့- ဦးဆောင်အံ့ငြား- အနံ့အစားစားတို့သည်၊ အနံ့ပေါ်ထွက်ရာ- ရုပ်ဝတ္ထုကိုမှီ၍- အမျိုးမျိုး ခေါ်ဝေါ်သမုတ်တတ်ကြပါသည်၊ ထိုအနံ့မှန်သမျှတို့မှာ၊ မရှိပညတ်တရားသာလျှင်- ဧကန်ဖြစ်ပါသည်။ အထက်ကပြခဲ့သော- ဝဏ္ဏရုပ်ဓါတ်ကို- အဆင်းလို့မယူဘဲ၊ အရောင်လို့- စွဲမိ ယူမိသဖြင့်-တဏှာလောဘ- ပဋိဃာ, ဒေါသတို့မှ- မလွတ်အပ်ခဲ့ခြင်းနှင့်- အဝိဇ္ဇာမောဟ, အခင်းကြောင့်၊ ဖြစ်ရှိရတတ်ပုံများကို- ရှင်းပြဘိသကဲ့သို့၊ မွှေးတယ်, ကြိုင်တယ်, လှိုင်တယ်, သင်းတယ်, ပျံ့တယ်၊ အော်ဒီကလုံးကမှ- ပိုမွှေးတယ်၊ သနပ်ခါးကလေးကမှ- ယဉ်ယဉ်နဲ့ ပိုမွှေးတယ်၊ နံ့သာဖြူကမှ- စူးစူး, ရှရှမွှေးတယ်၊ ကရမက်က-မွှေးပုံ နူးညံ့တယ်၊ စပယ်က- သင်းတယ်၊ ဒေါနက- လှိုင်တယ်၊ ဂန္ဓဂေါက-ကြိုင်တယ်ဟူ၍ငင်း၊ မစင်က နံတယ်၊ ကြွက်သေ- ကြောင်သေ- ခွေးသေကောင်က- ပုပ်စော်နံတယ်၊ ငါးပုဇွန်က ညှီစော်နံတယ်၊ မှိုတက်တဲ့ ဆံတွေက ဟောင်စော်နံတယ်၊ ကြော်စော်နံတယ်၊ ညှော်စော်နံတယ်၊ တူးစော်နံတယ်၊ ခြစ်စော်နံတယ်- အစရှိသည်ဖြင့်ငင်း။ ဣဋ္ဌာရုံ- အနိဋ္ဌာရုံ- အနံ့မျိုးစုံတွေကို- တကယ်ထင်ရှားရှိတယ်လို့ စွဲယူရင်၊ ပရမတ်ဉာဏ်- ဘက်ဝင်၍- မလာနိုင်ရုံမျှမက၊ ကိလေသာတွေသာ, တင်းကြမ်းပြည့်ဖြစ်ရအောင်- မွေးမြူယူထားတာနဲ့- အတူတူသာဘဲ- ဖြစ်မှာမလွဲတော့ပါ။ ဝဏ္ဏရုပ်ဓါတ်တုံးက, အရောင်မှန်သမျှတွေ- ပညတ်ဖြစ်သလို၊ ယခုလဲ= အနံ့တွေလို့- စွဲယူမှတ်သား- အရှိတရားပြုငြား၍၊ သိအားကြွယ်လိုက်မယ်ဆိုပါရင်၊ ကိလေသာ မလ, တရားတွေ- အစုလိုက်, အပြုံလိုက်-

အတွယ်ခံနေရတော့မှာ- မုချဖြစ်ပါသည်။ ထို့ကြောင့်- ဂန္ဓရုပ်ဓါတ်=ဃာယန ကိစ္စအားဖြင့်- ဃာနပသာဒမှာ- တွေ့ထိအပ်လာပြီဆိုပါလျှင်၊ နံအပ်, နံကောင်း ကာမျှ- သဘောပါကလားလို့သာ- ပိုင်းခြားသိမှတ်ရမှာ ဖြစ်ပါတယ်။

ဤ-ဂန္ဓရုပ်ဓါတ်သဘောကို အကျယ်ပြစရာလိုအပ်တော့မည်- မထင်ပါ၊ ဝဏ္ဏရုပ်ဓါတ်ကို အမှီပြု၍= အစ,စ, သိအပ်နိုင်မှု- ရနိုင်ပါသည်။ ဝဏ္ဏရုပ်ဓါတ် သနိဒဿနလက္ခဏာ= မြင်ကောင်းကာမျှ သဘောသဘာဝဖြစ်သလို၊ ဃာယန ဂန္ဓမုတလက္ခဏာ, နံကောင်းသည်၏ အဖြစ်သို့ ရောက်တတ်သော= သဘာဝ, မှတ်ကြောင်း လက္ခဏာရှိသည့်— အနံ့, ဓါတ်တရားဟု— ပိုင်းခြား, သိမှတ်ရ ပါသည်။

ငါးဖြာအာရုံ- ကာမဂုဏ်ဟု ဆိုအပ်သော၊ ရူပါရုံ- သဒ္ဒါရုံ- ဂန္ဓာရုံ- ရသာရုံ- ဖေါဋ္ဌဗ္ဗာရုံ- ရုပ်ဓါတ်တရားတို့သည်၊ ကာမဂုဏ= အရ၊ ကာမ- အလို ရှိအပ်, တောင့်တနှစ်သက်တတ်ခြင်းဖြစ်သော၊ ဂုဏ- ဂုဏ်သတ္တိကိုသာ ဖေါ်ပြ တတ်ကြပါသည်။ အဲဒီ= ငါးဖြာအာရုံ- ဝဏ္ဏရုပ်ဓါတ်- ရူပါရုံကစ၍- ဖေါ ဋ္ဌဗ္ဗဓါတ်- ဖေါဋ္ဌဗ္ဗာရုံအထိ၊ ဝတ္ထုကာမအဖြစ်- လိုချင်တပ်မက်တောင့်တနေကြ ရမိသည်မှာ မိမိဟုဆိုအပ်သော- အဇ္ဈတ္တ၌ ယှဉ်စပ်သည့်- ကိလေသာကာမ, တဏှာလောဘတရားကသာ- သိမ်းပိုက်, ယူငင်စွဲဆောင်နေခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့်- ထိုငါးဖြာအာရုံ- ကာမဂုဏ်တရားတို့သည်၊ ကု-ကုစ္ဆိတေဟိ ဗာလေဟိ အာ- အာဘုသော၊ မာ- မာနေတဗ္ဗောတိ ကာမ, အရ၊ ကုသိုလ် ကောင်းမှုတို့ကို ဖျက်ဆီးစေတတ်သောကြောင့်- စက်ဆုတ်ဘွယ်ရာဖြစ်သော၊ ကိလေသာထူပြော-မိုက်သောသူတို့သည်သာ- လွန်စွာမြတ်နိုး ကြသည်ဖြစ်သော၊ ကိလေသာခေါင်းပါး-အမှန်တရားတို့၌ လိမ္မာသော ပညာရှိတို့- စက်ဆုတ်ဖဲကြဉ် အပ်သော= နိစ္စ- သုခ- အတ္တ- သုဘမဟုတ်၊ အနိစ္စ- ဒုက္ခ အနတ္တ-အသုဘ ဖြစ် သော- ဤငါးဖြာအာရုံ ကာမဂုဏ်တရားသည် ...

အကာမံပိ ကာမံဝိယ- ဂုဏာယတိ ပကာသေတီတိ- ကာမဂုဏော။ ။

ကာမဂုဏံ- စက်ဆုတ်ဘွယ်ရာဖြစ်သော၊ ကု—ဂုဏ်ကိုကားမပြ- နှစ်သက်ဘွယ်ရာ မ- ဂုဏ်ကိုသာ ပြတတ်သော၊ (ဝါ) သူလိမ္မာတို့စက်ဆုတ်အပ်သော ကု-ဂုဏ်၊ သူမိုက်တို့မြတ်နိုးအပ်သော မ-ဂုဏ်အားဖြင့်- ဂုဏ်နှစ်ပါးရှိပါလျက်၊ စက်ဆုတ် အပ်သည့် ဂုဏ်ကို မပြတတ်၊ မြတ်နိုးဘွယ်ရာ- ဂုဏ်တခြမ်းကိုသာ ပြတတ်သော၊ မိမိကို အလိုမရှိသူ- လူလိမ္မာတို့၌- ဂုဏ်မရောက်နိုင်၊ (ဝါ) ဘာမွာဒိဋ္ဌိဉာဏ် ပရ မတ္ထဉာဏ်, အမြင်သန့်၍- အမှန်ထိုးထွင်းသော- ပုဂ္ဂိုလ်တို့၌- ဂုဏ်မရောက်နိုင်ဘဲ၊ အမှန်မသိ- အရှိအဆို၊ အလိုလိုက်စား- အမှားကြိုက်သည့် သူများ၌သာ ဂုဏ်

ရောက်နိုင်သော၊ ဤ-ငါးဖြာအာရုံ- ကာမဂုဏ်တရားဟု ဆိုအပ်သည့်- ရူပါရုံ ဝဏ္ဏအဆင်းဓါတ်၊ သဒ္ဒါရုံ- အသံဓါတ်၊ ဂန္ဓာရုံ, အနံ့ဓါတ်၊ ရသာရုံ- ရသဓါတ်၊ ဖေါဋ္ဌဗ္ဗာရုံ ဖေါဋ္ဌဗ္ဗဓါတ်တို့၌- သဘာဝလက္ခဏာ-မှတ်ကြောင်းအမှန်ကို သိ၍၊ ပရမတ်ဉာဏ်မြင်အောင်- ထိုးထွင်းသိသော- ဝိပဿနာသမ္မာဒိဋ္ဌိ, ဉာဏ်မြင်မိသူတို့အား— ဤကာမဂုဏ်တရားတို့သည်၊ နိစ္စ, သုခ, အားဖြင့်- လှည့်စားခြင်းငှါ- မသက်ဝင်နိုင်ပါသဖြင့်- အောက်ပါကဲ့သို့- လက္ခဏာအမှန်မှ- လက္ခဏာဝန္တဟိုင်အောင်၊ ဉာဏ်အမြင်ရရှိခြင်းကို- ထင်လင်းစွာ, ဖေါက်ထွင်းမိအောင်- ကြိုးစားကြရပါသည်။

ရူပါရုံ, ဝဏ္ဏ— အဆင်းဓါတ်သည်၊ သနိဒဿနအားဖြင့်— မြင်အပ်, မြင်ကောင်းခြင်း, သဘာဝလက္ခဏာ။ သဒ္ဒါရုံ- အသံရုပ်ဓါတ်သည်၊ သဝန, အားဖြင့်= ကြားအပ်, ကြားကောင်းသော- သဘာဝလက္ခဏာ။ ဂန္ဓာရုံ- ဂန္ဓရုပ်ဓါတ်သည်၊ ဃာယနအားဖြင့်- နံ့အပ်, နံ့ကောင်းသော- သဘာဝလက္ခဏာ= ကိစ္စအဖြာဖြာကို၊ ဆောင်နှင်းတတ်သော- တရားများဖြစ်ပါသည်။ ထို— ရုပ်အာရုံတရားတို့တွင်- ရူပါရုံ, ဝဏ္ဏအဆင်းရုပ်ဓါတ်သည်- ဒိဋ္ဌာရမ္မဏ= စက္ခုပသာဒကိုမှီသော- စက္ခုဒွါရိက, အာဝဇ္ဇာန်းစိတ်၌- မြင်အပ်, မြင်ကောင်းသော အာရုံဖြစ်ပါသည်။ သဒ္ဒါရုံ— သဒ္ဒအသံ ရုပ်ဓါတ်သည်၊ သုတာရမ္မဏ= သောတပသာဒကို အမှီပြုသော= သောတဒွါရိက, အာဝဇ္ဇာန်းစိတ်၌- ကြားအပ်, ကြားကောင်းသော- အာရုံမျှ, ဖြစ်ပါသည်။ ယခုပြဆဲဖြစ်သော- ဂန္ဓာရုံ- အနံ့ရုပ်ဓါတ်သည်- မုတာရမ္မဏ= ဃာနပသာဒကို- အမှီပြုသော— ဃာနဒွါရိက, အာဝဇ္ဇာန်းစိတ်၌- ရောက်သောအားဖြင့်- နံ့အပ်, နံ့ကောင်းသော- အာရုံမျှဖြစ်ပါသည်။ ထိုနည်းတူစွာ- ဂန္ဓ အနံ့ဓါတ်သည်- မုတာရမ္မဏ- အာရုံဖြစ်ဘိသကဲ့သို့၊ ရသာရုံ- ရသဓါတ်သည် မုတာရမ္မဏ= ဇိဝှါပသာဒကို အမှီပြုသော- ဇိဝှါဒွါရိက, အာဝဇ္ဇာန်းစိတ်၌- ရောက်သောအားဖြင့်- ရသဓါတ်ပေါ်အပ်, ပေါ်ကောင်းသော- အာရုံဖြစ်ပါသည်။ ဖေါဋ္ဌဗ္ဗာရုံ- ဖေါဋ္ဌဗ္ဗရုပ်ဓါတ်သည်၊ မုတာရမ္မဏ—ကာယပသာဒကိုအမှီပြုသော- ကာယဒွါရိက, အာဝဇ္ဇာန်းစိတ်၌- ရောက်သော အားဖြင့်— တွေ့ထိအပ်, တွေ့ထိ, ကောင်းသော— အာရုံ, ဖြစ်ပါသည်။

ဤသို့အားဖြင့်=ငါးဖြာအာရုံ,ကာမဂုဏ်စာရင်းမြောက်အောင်-ဆောင်နှင်းတတ်သော- ဝတ္ထုကာမ, တရားတို့သည်၊ လက္ခဏာ, အာရုံမှန်သဘောနှင့်- စောကြောကြည့်ပါက၊ အဇ္ဈတ္တအားဖြင့်-နိဿတ္တ, နိဇ္ဇီဝ- အမှန်၊ ဗဟိဒ္ဓအားဖြင့်လည်း- ပုဂ္ဂိုလ်, သတ္တဝါ, အတုံး, အလုံး, အခဲ, အထည်,ဒြဗ်, သဏ္ဌာန်မဖက်၊

မိမိသဘော မိမိ့ဆောင်ချက် သဘာဝလက္ခဏာ ဉာဏ်ချက်တိုင်အောင်- သဘော ပေါက်ပါက၊ မ-ဂုဏ်ကိုပြု၍- နှစ်သက်ဘွယ်ရာ-ဖန်တည်းတတ်သော မရှိပညတ် တရားတို့သည်- ကုသိုလ်တရားကို- ပိတ်ပင်တားမြစ်၍၊ အကုသလ— ကိလေသာ အညစ်အကြေး့ အပြစ်ဘေးအဖြစ်သာ သက်ဝင်၍- ဖြစ်ပြတတ်သော တရားပါ တကားဟု- ပိုင်းခြားသိမှတ်ရပါသည်။

ဤကဲ့သို့- ငါးဖြာအာရုံတရားတို့၌ အနည်းငယ်ခြုံငုံသိပြီးလျှင်၊ ဂန္ဓာရုံ- အနံ့ရုပ်ဓါတ်သည် ဃာယနကိစ္စအားဖြင့်၊ မုတာရမ္မဏ်- ရောက်သောအာရုံ၏ အဖြစ်- နံ့အပ်,နံ့ကောင်းသော သဘော-သဘာဝတရားသည်သာလျှင်၊ ဂန္ဓရုပ် ဓါတ် ပရမတ္ထတရားကိုသိရန် သဘာဝမှတ်ကြောင်းလက္ခဏာဟု ပိုင်းခြားသိအပ် ရပါသည်။ ထို့ကြောင့်- မရှိပညတ်,အနံ့ဆိုတဲ့ ဝတ္ထုဒြပ်နှင့်စပ်၍ ပေါ်ထွက်မှု အဖြာဖြာ- သမုတ်ခေါ်ဝေါ်ခါမျှဖြစ်သော ပုပ်သိုး့ မွှေးကြိုင်, သင်းပျံ့လှိုင်- ခြောက်ဆိုင် ရနံ့-ဦးဆောင်အံ့ဖွယ်= အနံ့အစားစားတို့အပေါ်၌၊ အရှိမဟုတ် အာရုံသရုပ်လုပ်၍ မစွဲမယူတော့ဘဲ၊ ဣဋ္ဌ-အနိဋ္ဌ-ကောင်း့မကောင်း၊ ကြိုက်, မကြိုက်မဖြစ်ရအောင်၊ နံ့တတ်, နံ့ကောင်းကာမျှသဘောကိုသာ- မပျက်မယွင်း, ဆောင်နှင်း ထွန်းပြတတ်သော- သဘာဝလက္ခဏာသာလျှင်- ထင်ရှားပါ၍၊ မွှေးကြိုင်, ပုပ်သိုး- အမျိုးမျိုးသောအနံ့ဆိုးတို့သည်-ဆိုးကျိုးကိုသာပေးတတ် သည့်- ပညတ္တိအတ္တသဘောတို့ကို ချိုးဖေါက်ဖျက်ဆီးကာ၊ဝိပရိဏာမ-ဖေါက်ပြန် ပျက်စီး့ အချည်းနှီးသောတရားဟု- ယုံကြည်ဖွား၍၊ ဃာနပသာဒ၌ ရောက် သောအားဖြင့်၊ ပေါင်းရုံးစုံညီလာဖြားပါက၊ ဃာယနကိစ္စ- နံ့ကောင်းကာမျှ- ဂန္ဓဓါတ်သဘာဝလက္ခဏာ- ဆောင်နှင်းခါ ဖေါ်ညွှန်း၍- ထွန်းပြတတ်သော တရားပါတကားဟု၊ ဤသို့- ပညတ်သဉ်းဆိတ်,သင်္ခါရနိမိတ်မျှဖြစ်သော၊နံ့အပ်, နံ့ကောင်းသည့်သဘာဝကို၊ သင်္ခတတရားပီပီ- အကြောင်းစုံညီလာလျှင်- ဖြစ်, တည့်ပျက်အတွင်း- သက်ဆင်းဝင်ရောက်- ခဏတ္တယမြောက်ရုံမျှကို၊ အကြောင်း ရှိစွမ်းရည်— သဘောဓမ္မမျှ သက်သက်ဖြစ်သော- ပရမတ္ထတရား၏ ပစ္စယသတ္တိ အချက်သည်သာလျှင်- မပျက်မယွင်း- ထင်းရှား ကေန်ရှိခြင်း အမှန်ပါတကား ဟု၊ မြတ်သောဉာဏ်ဖြင့်-နိဿတ္တ, နိဇ္ဇီဝ, သဘာဝါ- သုဒ္ဓသင်္ခါရာ- ဝယဓမ္မာ တရားသာလျှင်- ဖြစ်ကြောင်းကို၊ ရှေ့အခါအပေါင်းတို့၌၊ များစွာဖွင့်လှစ် ပြဆိုခဲ့ခြင်းကို- အမှီပြု၍၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြစ်အောင် ရှုပြီးလျှင်- ဒိဋ္ဌိ ဝိသုဒ္ဓိအမှုကို၊ ပြည့်စုံအောင် ကြိုးစားသင့်ရာပါတော့သည်။

ဤဒိဋ္ဌိဝိသုဒ္ဓိစခန်းသည်-ရုပ်ဓါတ်ကို-ပရမတ်ဉာဏ်မြင်ဖြစ်အောင်ပြခဏ်း ၌၊ မှီငြမ်းပြုလောက်သော အပိုင်းများ ရှိအပ်ရအပ်ပြီးဖြစ်ပါ၍၊ ဂန္ဓရုပ်ဓါတ်-

ပရမတ်သဘောကို- ဤမျှနှင့် ကျေနပ်ကြပြီး- ဋ္ဌာန်လေးပါး- သဘောသွား ကလေးကိုဘဲ- ဒေသနာဉာဏ်ဖြစ်အပ်အောင်- ဖေါ်ပြ နိဂုံးချုပ်လိုက်ရပါတော့မည် ဖြစ်ပါသည်။

## ''ဂန္ဓရုပ်ဓါတ်–ဋ္ဌာန်လေးပါး''

(ဝေါစရဂ္ဂါဟိက-အာရမဏ,အရ၊)

ဃာနပဋိဟနနလက္ခဏာ= ဃာနပသာဒ၌ ထိပါးပွတ်ခိုက်တက်ခြင်းလက္ခဏာ ရှိ၏၊

ဃာနဝိညာဏဿ ဝိသယဘာဝရသာ= ဃာနာဝိညာဏ်၏ အာရုံအဖြစ် တည်းဟူသောကိစ္စရသရှိ၏၊

ဂေါစရဘာဝ ပစ္စုပဋ္ဌာနာ= ဃာနဝိညာဏ်စိတ်၏ ကျက်စားရာ အာရုံဟု-ရှေးရှုထင်ရ၏၊

စတုမဟာဘူတ-ပဒဋ္ဌာနာ= မဟာဘုတ်လေးပါးလျှင်-နီးစွာသော အကြောင်း ရှိ၏၊

( မှတ်ရန်ဆောင်ပုဒ် )

ဃာနပသာဒ၊ နံကောင်းလတ်၊ သိအပ်လက္ခဏာ၊
ဃာနဝိညာဉ်၊ အာရုံလျှင်၊ စပ်ယှဉ်ကိစ္စပါ၊
ကျက်စားခါပြု၊ နံကောင်းမှု၊ ရှေ့ရှုထင်ရှားလာ၊
နီးစွာတရား၊ ဘုတ်လေးပါး၊ ထင်ရှားကြောင်းရင်းပါ၊

.........o.........

## ''ရသ ရုပ်ဓါတ်–ပရမတ်''

ဤရသရုပ်ဓါတ်သည်၊ ပြဆိုအပ်ခဲ့ပြီးသော ဝဏ္ဏရုပ်ဓါတ်, ဂန္ဓရုပ်ဓါတ် တို့ကဲ့သို့ပိုင်းခြားဝေဘန်သိရန်မလွယ်ကူနိုင်ပါပေ။ဘာကြောင့်ဆိုသော်—အာရုံ အနေအားဖြင့် တမျိုး၊ ရသဓါတ်အနေအားဖြင့် တမျိုး၊ အာဟာရအနေအား ဖြင့်တမျိုး၊ ဩဇာအနေအားဖြင့်တမျိုး-ရောထွေးယှက်တင်ခါ- နေတတ်ကြခြင်း ကြောင့်ပင်ဖြစ်ပါသည်။ထိုမျှသာမကသေး=ရသာရုံအနေအားဖြင့် စပ်၍လည်း၊ မျက်စေ့အရသာ- နားအရသာ-နှာခေါင်းအရသာ-လျှာအရသာ- ကိုယ်၌တွေ့ထိမှုအရသာ- စိတ်ကူးယာဉ်အရသာစသည်ဖြင့်- ခံစားမှုနှင့်ပတ်သက်၍လည်း သုံးစွဲတတ်ကြသော- အရသာ, ရသ, သဘောလည်း ဖြစ်နေတတ်ကြပါသည်။

အဲဒီသဘောတွေထဲမှာ၊ ပညတ်နဲ့ ပရမတ်ခွဲပြီး၊ ရသဓါတ်သဘောကို- သဘော ပေါက်, သဘောကျအောင်, ပြသရန်သည်လဲ ခက်ခဲလှပါသည်။ ထို့ကြောင့်= တစ,တစ, ရှင်းလင်းပြသပေးသွားခြင်းကို- ခေါင်းအေးအေးထား၍- အလေး အနက်သုံးသပ်သွားစေချင်ပါသည်။

အာရုံအနေအားဖြင့်ရသာရုံ၊ ဓါတ်အနေအားဖြင့် ရသဓါတ်၊ တပေါင်း ထည်းခေါ်ဆိုရလျှင်၊ "ရသာရုံတည်းဟူသော ရသရုပ်ဓါတ်"လို့ ခေါ်ဝေါ်ရ သည့်တရားသည်၊ အာရုံအဖြစ်ဆိုပါက- အဘိဓမ္မာဝတာရအဋ္ဌကထာ၌ ...

"ရသမာနာ- သာယာခြင်း၏ အစွမ်းဖြင့်- နှစ်သက်ကုန်သည် ဖြစ်၍၊ ရသန္တိ-သုံးဆောင်တတ်ကုန်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ရသောတိ-ရသမည်၏ ဟူ၍၊ ပရိကတ္တိတော-ဆိုအပ်သော-ရသသည်၊ စတုသမုဋ္ဌာနော-ကံ, စိတ်, ဥတု, အာဟာရ, လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်သော၊ ရသရမ္မဏာနာမ ကော-ရသာရုံမည်၏။"

အထက်ပါ ရသာရုံအနေအားဖြင့်- နာမည်ခေါ်ရပုံကို ကြည့်ပါက၊ ရသ- သာယာခြင်း၊ မာနာ-နှစ်သက်ခြင်း၊ သရန္တိ-သုံးဆောင်ခြင်းဆိုတဲ့- အချက်သုံး ပေါ်မှာစွဲ၍ ခေါ်ဝေါ်ထားပါတယ်၊ ထိုအချက်သုံးချက်သည်- ယခုပြဆဲဖြစ် သော-ရသာရုံ၏- ဇိဝှာပသာဒ, လျှာအကြည်၌ ဖြစ်ရှိခြင်းကိုစွဲ၍- ပြအပ်သော် လည်း၊ စက္ခုပသာဒ, မျက်စေ့အကြည်အစရှိသော ကြွင်းပသာဒရုပ်လေးခုတို့၌ လည်း- အကျုံးဝင်ရကုန်တော့၏၊ (ဥပမာ) သာယာနှစ်သက်သည်ဖြစ်၍- သုံး ဆောင်ခြင်းဖြစ်သော၊ စက္ခုအကြည်ကို အသုံးပြု၍- ထိုထိုရူပါရုံတို့၌- ကျက်စား နေသောအခါ၊(ဝါ)ပွဲလမ်းသဘင်အလယ်၌ ထိုင်၍ကြည့်ကာ-သာယာနေသော သူအား၊ "မင်းက- ဒီမှာလာပြီး, မျက်စေ့စားပွဲထိုင်နေတာကိုး"လို့ ပြောဆို ခြင်းသည်၊ ဤ ရသ,မာနာ, ရသန္တိ-သဘောကိုပင်-ရူပါရုံနှင့်- စက္ခုပသာဒတို့၌ ဖြစ်ပေါ်ခံစားမှုကိုစွဲ၍၊ ပြောဆိုကြကုန်-မှတ်သားကြကုန်- ယူကြကုန်ဘိသကဲ့သို့၊ ကြွင်းသော-သောတ, နား၊ဃာန, နှာခေါင်း၊ ဇိဝှာ, လျှာ၊ ကာယ,ကိုယ်တည်း ဟူသော-ဒွါရတို့၌လည်း၊ ဤသုံးချက်သော- အချင်းအရာအားဖြင့်- အာရုံ၏ အရသာတို့ ပေါ်ထွက်အောင်- ခံစားမှုဝေဒနာအယာဥ်သို့ ရောက်တိုင်း, သက် ဝင်တိုင်း၌လည်း၊ အရသာခံတယ်- အရသာယူတယ်ဟူ၍- သတ်မှတ်ခေါ်ဝေါ် ကြတော့၏။ ဤသို့ ဣဋ္ဌနှင့် အနိဋ္ဌတို့တွင် အနိဋ္ဌကိုကြဉ်၍- ဣဋ္ဌာရုံကိုခင်မင်ကာ၊ ရနိုင်ရာ ဌာန, ကာလ, ဝတ္ထုတို့တွင်- ရှာဖွေ, သာယာ, နှစ်သက်, သုံးဆောင် ချက် အာရုံမှန်သမျှတို့သည်၊ ဓါတ်မှအပ- ဓါတ်သရုပ်၏ ဆောင်လုပ်,ပြုနှင်း, ပေါ်အပ်ခြင်းကို ကြဉ်ဖယ်ထား၍၊ အတုံးအလုံး-အခဲအားဖြင့်- ထင်ရှားအာရုံ-

ရုပ်ဒြပ်ဝတ္ထုအဖုံဖုံပေါ်တွင်သာ- ကျက်စားခြင်းကြောင့်၊ ပရမတ်ဉာဏ်သဘော သွားသို့မရောက်၊ တဏှာလောဘနောက်သို့သာ- တောက်လျှောက်လိုက်ခါ- လောဘနေယျ အာရုံအဖြစ်သည်သာလျှင်သက်ဝင်- နေကြရခြင်း သဘောသာ ဖြစ်ပါသည်။

ရှေ့ပိုင်း- ဂန္ထရုပ်ဓါတ်တွင် ပြဆိုခဲ့သော, ငါးဖြာအာရုံ, ကာမဂုဏ်၏- ဖေါ်ပြတတ်ပုံ- မ, ဂုဏ်၌သာလျှင်၊ ပရမတ်ဉာဏ်မရှိသူတို့အဘို့၊ လောဘနေယျ အာရုံညွတ်ကွင်းမှ- မလွတ်ကင်းနိုင်တတ်ကြပုံကို- သတိကြပ်ကြပ်ထား၍-ရှောင် ရှားသင့်သော အချက်သုံးချက်သည်၊ "ရသ- မာန- ရသန္တိ" သာ ဖြစ်သည်ဟု သိမှတ်ရပါသည်၊ ယင်း၎ကဲ့သို့- လောဘနေယျ အာရုံအဖြစ် သာယာနှစ်သက် သုံးဆောင်လျက် ဖြစ်ရှိကြရခြင်းသည်၊ အမှန်စင်စစ်ပရမတ္ထသဘော- ပစ္စယသတ္တိ နှော၍၊ ဓါတ်သားအနေ- ဆောင်ငြားမသွေ-ခဏတ္တယ အထွေထွေ- ပေါ်မှုတွေ ကြောင့်သာဟု၊ အာရုံနှင့်ဓါတ်, ထိုနှစ်ရပ်ကိုလည်း ခွဲခြားသင့်သိသင့်ပါသည်။ ရူပါရုံနှင့် ဝဏ္ဏဓါတ်တို့၌- ရုပ်နှင့်ဓါတ်ကို ခွဲခြား၍ပြသကဲ့သို့၊ ဖေါက်ထွင်း ကြည့်ပါက၊ ပရမတ္ထဉာဏ်မပါ- အဝိဇ္ဇာပစ္စယာကြောင့်သာ မြင်မိပါက၊ ရုပ် အာရုံသည် ဒြပ်သဏ္ဍာန်တွင်ငြိ၍၊အရောင်မျိုးစုံအထိကို အရှိလုပ်ခါ မြင်တတ် ပါတော့သည်။ပရမတ်ဉာဏ်ယှဉ်၍-ဆင်ခြင်ပါက၊ ဓါတ်အာရုံပေါ်ထွက်ခါ- ရုပ် အရောင်, ဒြပ်သဏ္ဍာန်ပျောက်၍၊ ဝဏ္ဏအဆင်း, မြင်အပ်; မြင်ကောင်းခြင်း, သဘော- သဘာဝလက္ခဏာကို- အာရုံယူနိုင်ခြင်းဖြစ်ရှိသွားပါက၊ အာရမ္မဏိက ဘက်၌လည်း၊ (ဝါ)အာရုံပြုစိတ္တုပ္ပါဒ်ဘက်၌လည်း- လောဘနေယျမငြိ-ပညတ် ဒြပ်သဏ္ဍာန်မရှိတော့ဘဲ၊ ပရမတ်ဉာဏ်နှင့် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်- ကေန်ဖြစ်ရှိ နိုင်ပုံကို- ပြဆိုအပ်ခဲ့ပြီးသော- သဘောသွားတို့အပေါ်၌- ထောက်ထားမြင်ငြား ပြီး၊ ဉာဏ်အာရုံကို အမှတ်ပြုပိုင်းခြားကုန်လျက်၊ မည်သည့် ပသာဒ, မည်သည့်- အာရုံ၌မဆို၊ ငါးဖြာသော- ကာမဂုဏ်တို့ကို- ချိုးဖေါက် ဖျက်ဆီးပစ်နိုင်ကုန်ရာ ပါသည်။ ချိုးဖေါက်ဖျက်ဆီးနိုင်ရန် ဝါစုဂ္ဂတပြုကြည့်ကြပါကုန်။ ။

ဤသို့- အာရုံတည်းဟူသော- ရသာ သဘောသည်၊ ငါးဒွါရ- ငါးအာရုံ နှင့် ယှဉ်စပ်ပါဝင်ကာ၊ အာရုံပညတ်နယ်ပယ်၌၊ လွန်စွာ တွင်ကျယ်တတ်သော ကိလေသာကာမ၏ နောက်လိုက်အဖြစ်၊ (ဝါ) ကိလေသာကာမဖြစ်ရန်- အကြောင်းခံအဖြစ်၊ ဓါတ်လက္ခဏာအမှန်ကို ဖုံးပစ်၍- ရုပ်,ဒြပ်,ဝတ္ထု, သဏ္ဍာန် ပညတ်မှုတွေ၌သာ၊ သာယာနှစ်သက်, သုံးဆောင်ချက်မြောက်အောင်- လှည့် ပတ်ထားပုံသည်- လွန်စွာပိယိလှပါသဖြင့်၊ အခွါ, အဖြုတ်, အတော်ပင်, ဝါ စုဂ္ဂတလုပ်နိုင်ပါမှသာ အသားကျပြီး ရရှိနိုင်မည့်တရားဖြစ်ပါသည်။

ဒီတော့....ယခု, ရသာရုံ, ရသဓါတ်ဆိုတာနဲ့ တပြိုင်နက်၊ ဘာအကြောင်း ခံတွေ့ပါလာသလဲ- ဆိုတော့၊ ချိုချဉ်ဖန်ခါး- စပ်ငံပြား- ခြောက်ပါးအာရုံ, သုံးဆောင်ကုန်သည့်- ဇိဝှါပသာဒ, လျှာအကြည်မှာလဲငြိ၊ အာဟာရခေါ်ဆို- စားသောက်ဝါးမျိုရသည့်- ထမင်း,ဟင်းလျာ, အဖျော်ယမကာတွေကိုလဲ အရှိ၊ အဲဒီ- နှစ်ချက်မိအောင်- သက်ဝင်လာတော့၊ ရသာအာရုံအနေနဲ့- မှန်ကန်ပါကုန်၏၊ ဟုတ်ပါ၏။ ရုပ်အာရုံလဲ- ဖြစ်ကြပါကုန်၏။ သို့သော်= ဤ- ဒွါရ + အာရုံ, ပေါင်းဆုံမှုအတွင်း၌- ဓါတ်၏ ဆောင်ခြင်းသဘော= ရသဓါတ်ကိုသာ- သဘာဝလက္ခဏာ- မှတ်ကြောင်း, အမှန်တွေ့မြင်ရအောင်- ဖေါ်ထုတ်နိုင်မှသာ၊ လောဘနေယျအာရုံ၊ (ဝါ) ကိလေလာကာမနှင့်- ဝတ္ထုကာမ- ပေါင်းဆုံကြရသည့်- သာယာနှစ်သက်-သုံးဆောင်မိတဲ့- အချက်ထဲက ထွက်မြောက်နိုင်မှာဖြစ်ပါသည်။ ထို့ကြောင့်= တဆင့်တက်၍- ဓါတ်ပရမတ်ဘက်သို့ ရောက်အောင် ဆန်းစစ်ကြည့်ကြပါဦးစို့ ။

ရသာရုံဆိုတဲ့— မုတာရမ္မဏအားဖြင့်- သုံးဆောင်ရောက်ရှိ- သာယာနှစ်သက်မိပုံ- ပတ်ဝန်းကျင်, အစုံသဘော၌၊ အလုပ်အလွေ့ကို- မပြုအပ်ဘိသကဲ့သို့ သက်ဝင်သော- ကဗဠီကာရာ- အာဟာရခေါ်- ထမင်း, ဟင်းလျာ, အဖျော်ယမကာဆိုတဲ့၊ စားဘွယ်,ခဲဘွယ်, သောက်ဘွယ်- အစာတို့နှင့်- ချိုချဉ်ဖန်ခါး စပ်ငန်ပြားသည့်- ခြောက်ပါးအရသာအပြင်၊ နောက်ဆွယ်မှာ- များစွာပါသည့် ဝေါဟာရတွေနဲ့- ခေါ်ဝေါ်သုံးစွဲကြသော— အရသာအဖုံဖုံတို့ သဘောသည်၊ ပညတ္တိ အတ္ထမျှသာဖြစ်ကြ၍- အကူးဆန်းစစ် ပေးစရာမလိုအပ်တော့ပါ၊ ရသဓါတ်,မိမိဘာဘောမိမိ ဆောင်နှင်းတတ်သည့်အချက်ကို-ပိုင်းခြားသိမှတ်,ပရမတ် ညဏ်အမြတ်ဆီရောက်စေရန်ကိုသာ- ရှာဖွေကြည့်မည်ပါဆိုလျှင်၊ ရသော= ရသမည်သော သဒ္ဒါ၏ အနက်တို့ကို၊အဘိဓာန် နိဿယသစ်၌- ဤသို့—ဖွင့်ဆိုထားရှိပါသည်။

“ရသော= ရသ, သဒ္ဒါသည်၊ (၁) ဒြဝါစာရေသု- အရည်,အကျင့်တို့၌ရင်း။ (၂) ဝိရိယေ- လုလ္လ၌ရင်း။ (၃) မဓုရာဒိသု- ချိုချဉ်ဖန်ခါး- စပ်ငန်ပြားသည့်- ဒ္ဓရသာ, ခြောက်ပါးတို့၌ရင်း။ (၄) သိင်္ဂါရာဒေါ- သိင်္ဂါရစသော ရသ, ၉-ပါးတို့၌ရင်း။ (၅) ဓါတုဘေဒေ- ရသ, ရတ္တ, မံသ, စသော ဓါတ်, ၇-ပါးတို့၏-အထူးဖြစ်သော- ရသ၌ရင်း။ (၆) ကိစ္စေ- သံသဋ္ဌနစသော ကိစ္စရသ၌ရင်း။ (၇) သမ္ပတ္တိယံ- သံသဋ္ဌနစသည်တို့နှင့်- ပြည့်စုံခြင်း သမ္ပတ္တိ, ရသ၌ရင်း။ သိယာ- ဖြစ်ရာ၏။”ဟု— လာရှိပါသော- သဒ္ဒါအနက်တို့တွင်— ဤရသ, သဘောကို ဓါတ်နှင့်ဆိုင်ရာတို့၌- စောကြော၍-ကြည့်ပါမူ... ။

အထက်ပါ- ရသစိတ်၏- သဒ္ဒါရေးအနက်(၇)ချက်ဖြစ်သော၊ (၁) ဒြဝ်-အရည်၊ (၂) စာရေသု-အကျင့်၊ (၃) ဝိရိယေ-လုလ္လ၊ (၄)မဓုရာဒီသု-အရသာခြောက်ပါး၊ (၅) သိင်္ဂါရော ဇနီးသည်တို့၏ အလိုကြောင့် ဖြစ်သော အမူအရာ-သိင်္ဂါရ-ကိုးပါး၊ (၆) ဓာတုဘေဒေ- အာဟာရကြောင့်ဖြစ်ပွားသော ဓါတ်ခုနစ်ပါး၊ (၇) ကိစ္စရသ, သဘော- (၈) သမ္ပတ္တိရသ, သဘော- အစရှိ သည်တို့မှ .. ၊

(၄) မဓုရာဒီသု=အရသာခြောက်ပါးတို့သည်-ရသာရုံနှင့် ဆိုင်သော တရား။

(၆) ဓာတုဘေဒေ= ရသ, ရတ္တ, မံသ, စသည့် (၇)ပါးသောသရုပ် အားဖြင့် ဖြစ်ပွားတတ်သောတရား။

(၇) ကိစ္စရသ= အစဉ်ယှဉ်စပ်-ဆောင်နှင်းအပ်သော-ဓါတ်၏ ကိစ္စ, ရသတရား။

(၈) သမ္ပတ္တိရသ= အကြောင်းအပေါင်းစုံညီရာအလိုက်-ပေါ်ထွက် တတ်သော-သမ္ပတ္တိ, ရသတရား။

ဤလေးပါးသော-သဒ္ဒါအနက်တို့သည်သာ-ပရမတ္ထတရားနှင့် ဆက်နွယ် ခြင်းသဘောနှင့်-ပရမတ္ထတရား၏ သဘောဓမ္မသတ္တိကြောင့်-ယှဉ်စပ်ဆောင်နှင်း, ဖြစ်ပေါ်ခြင်းသဘောအနက်, အဓိပ္ပါယ်အနက်သို့-သက်ဝင်ဖြစ်ပွားရာဖြစ်ပါ၍၊ တခုစီ-သိသာအောင်-အနည်းငယ်- ရှင်းလင်းပြသပေးသွားပါမည်။

သဒ္ဒါအနက်အမှတ်(၄)ဖြစ်သော၊မဓုရာဒီသု- ချိုချဉ်ဖန်ခါး-စ္ပင်ပြား သည့်- ခြောက်ပါးသော- အရသာ အာရုံတရားတို့သည်ရင်း၊ ထိုမှပြားသော- အဆိမ့်, အအီ၊ ချိုချို,မြမြ၊ ဖန်ဖန်,တူတူ၊ မချဉ်, မကျိန်း၊ ရှိန်းရှိန်းပူပူ၊ခါးခါး သက်သက်၊ ငံပေါ့ချက်ဟုဆိုအပ်သော အရသာ အာရုံတို့သည်- ရုပ်စုထင်ရှား, ဒြပ်နှင့်တကွနက် ဖြစ်ပွားတတ်သော အရသာ တရားများဖြစ်ကြပါသည်။ ဤ အရသာအာရုံကို ခံစားသုံးဆောင်ကြကုန်ခြင်း၌၊ ဓါတုမနသိကာရအားဖြင့်ဆိုရ ပါမူ၊ ထိုအရသာ- ခြောက်မျိုးတို့သည်- မရှိသောပညတ်တရားသာ ဖြစ်ကြပါ သည်၊ ဘာကြောင့်ဆိုသော်= ပယောဂါဘိသင်္ခါရဖြင့်- ပြုစီရင်တိုင်း ချိုရာမှ ချဉ်၊ ချဉ်ရာမှချို၊ ခါးရာမှဖန်- ဖန်ရာမှခါး၊ စပ်ရာမှငန်၊ ငန်ရာမှစပ်, အစ ရှိသည်ဖြင့်-ပြောင်းလွဲပေါက်ပြန်- ပျက်စီးတတ်ကုန်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်- ပရမတ္ထအနေအားဖြင့် ထင်ရှားသော ဓါတ်သားအနေ- သဘာဝ လက္ခဏာတွေ့မဟုတ်ဘဲ၊ အဘိုး, မထိုက်, အမျိုးလိုက်၍- ဥတု, ဗီဇ- နိယာမ

နှစ်ဖြာကြောင့်သာလျှင်ပြီးသော- ရှောက်,သမ္ဘရာ- မာလကာနှင့်- သြဇာ,ပိန္နဲ-ဖန်ခါးတွဲ၍-စပ်မြဲရေပ်-ဆားငန်ဖုတ်တည့်၊ မယုတ် ကြံသကာ-တဖြာထန်းလျက်-သကြားစွက်သည့်-ထိုအချက်တို့သည် ရုပ်အစုကိုမှီ- ဗီဇတည်၍-အရသာအလီလီ-ထိုအမည်ကို- တည်ကြည်ခိုင်မြဲ- အရှိပရမတ်စွဲသကဲ့သို့၊ အဝိပရိတအနေ-မဖေါက်ပြန်လေသောအားဖြင့်မဟုတ်၊ဝိပရိဏာမ,ဖေါက်ပြန်လှုချည့်-မရှိသည့်ပညတ်သာဖြစ်၍မို့၊ ဉာဏ်ဖြင့်ယူရန်မလိုတော့ဘဲ၊ ကံအရှိဆောင်နှင်းသည့်- ဇီဝှာပသာဒရုပ်ထက်၌- ရောက်ရှိတွေ့ထိမိတိုင်း၊ မဆိုင်းမတွ- စိတ္တသင်္ခါရနှင့်- လွယ်လွယ်ပင်သိကာ- အရှိအဟုတ်ကဲ့သို့၊ လှည့်စားတတ်သော တရားသာလျှင် ဖြစ်ပါသည်။ ထိုသို့- လှည့်စား- အရှိလုပ်ငြားသော- ချိုချဉ်ဖန်ခါး- စပ်ငံပြားသည့်- သဘောသွားသည်လည်း- သမုတိ အနေအားဖြင့်သာ- မှန်ကန်ပါပေသည်။ ထိုသမုတိသစ္စာကိုအကြောင်းပြု၍-လောကီရုပ်ခန္ဓာအစုကို-ချိုချဉ်စသည်တို့နှင့်ပိုင်းခြား၍ပြုပြင်သွားနိုင်အောင်(ဝါ) သင်္ခါရဒုက္ခတွေ ဖြစ်ပွားအောင် ဓမ္မနိယာမအားဖြင့်ပြီးသော- သင်္ခတ,တရားဟုလည်း- သိမှတ်အပ်ရာပါသည်။ထိုသို့-ပညတ်နှင့်စပ်,ပြုပြင်အပ်သော- သဘောအတွင်း၌ကား၊ မုချအားဖြင့်-. ရသဓါတ်ကိုသာလျှင် ရအပ်, ဆိုအပ်, ပါသည်။ အမှတ်- သညာ- သင်္ကေတအားဖြင့်ကား၊ ချိုချဉ် အရသာ- ပေါ်ထွန်းရာတို့ဖြင့်၊ ဓါတုဘေဒ- ဓါတ်အပြားတို့ကို- ပြုပြင်ညှိလတ်-ရသဓါတ် ရအပ်မှုသာလျှင်- ခန္ဓာခိုင်ကြည်- အဆက်မပြတ်- ဖြစ်တည်ပျက်မှု-အလျဉ်စု၏- ရုပ်သက်အရှိန်ကို- ဇီဝိတိန္ဒြေသက်ဝင်ခါ- စောင့်ရှောက်နိုင်မည်ဖြစ်၍၊ ၎င်းပညတ်နှင့်၍- သင်္ကေတပြုရခြင်းသည်လည်း- အတ္တဘောခန္ဓာ- ရသဓါတ်အရာတွင်- အချင်းအရာအားဖြင့်မျှသာ- ပါဝင်တတ်သည်ဟုလည်း- သိမှတ်ရာပါသည်။ ။

ထို့ကြောင့်= ဓါတုဘေဒေ-သဒ္ဒါအနက်အရ၊ ရသဓါတ်သည်၊ ကဗဠီကာရ အာဟာရကို- အကြောင်းပြု၍၊ အတ္တဘောရုပ်ခန္ဓာအစု၏- အကျိုးဆက်အဆင့်ဆင့်ကို ဓါတ်တို့၏အပြားအားဖြင့်၎င်း၊ကောဋ္ဌာသတို့၏-အပြားဖြင့်၎င်း၊ ရသရုပ်ဓါတ်အနေအားဖြင့်- ဤသို့ဆောင်နှင်းတတ်ပါသည်။

ဘုတ္တောကံ ကိမိ ခါဒန္တိ၊ ဒယှတိ အဂ္ဂိနာ ဇကံ၊
မုတ္တမေကံ ကရီသ မေကံ၊ ဇကံ ဝဍ္ဎတိ ဓာတုနံ။ ။

(သမ္မောဝိသုဒ္ဓိမဂ်-သင်္ဂဟဂါထာ)

ဘုတ္တော-စားသောက်မျိုသွင်း- ထမင်းစသော အစာအာဟာရ၌၊ ဇကံ-တပုံတစုကို၊ ကိမိ-အဂါအိမ်တွင်း, မှီတင်းနေပြု-ပိုးအစုတို့သည်၊ ခါဒန္တိ- ဝိုင်း

အုံထိုးဆွ- စားသောက်ကြကုန်၏၊ ကော်-ရေတွက်ပေါင်းခြုံ-တပုံတစုကို၊အဂ္ဂိနာ- အစာအိမ်၌- တောက်ထိန်လျှံညီး- ပါစကမီးဖြင့်၊ ဒယှတိ- ဖျောက်ဖျက်သော ထွေ-လောင်ကျွမ်းလေ၏၊ ကော်- ကြက်တက်ရေပြု-တပုံတစုသည်၊ မုတ္တံ-နံစော် ရှုံ့မှု- ကျင်ငယ်ရည်တစုဖြစ်လေ၏၊ ကော်-အဖတ်ခေါ်ရ-တပုံမျှသည်၊ ဝစ္စံ-နံစော် ပုပ်သည်း- ကျင်ကြီးအစုဖြစ်လေ၏၊ ကော်- အာဟာရနှစ်- အစစ်ခေါ်မှု-ဓါတ် ရည်ပြုသည့် တပုံတစုသည်၊ ဓါတူနံ- ရသ, အသွေး၊ အသား, အဆီ၊ အရိုး, ချဉ်ဆီ၊ သုက်ရည်တည်းဟူသော- ဓါတ်ခုနစ်ပါးတို့ကို၊ဝဍ္ဎေတိ-အာဟာရဓါတ်, ရှိန်မပြတ်က- တရပ်မဆိုင်း- ကလာပ်လှိုင်းတို့-ရုပ်ပိုင်းဖြာဖြာ- တိုးပွားကာဖြစ် ကြပေတော့၏။

ရသ, သဒ္ဒါ- ဓါတုဘေဒေ-အနက်အရ၊ ဇီဝှာပသာဒနှင့် ပေါင်းဆုံကာ ဝါးမျိုချသော အာဟာရကိုအကြောင်းပြု၍၊ ပိုးစာ- လောင်မီး၊ ကျင်ကြီး- ကျင်ငယ်၊ တသွယ်, သွေးသားအားဖြင့်၊ အာဟာရနှစ်- ရသဓါတ်ရည်အဖြစ်မှ၊ အသွေး, အသား, အဆီ, အရိုး, ချဉ်ဆီ, သုက္ကအထိ (၇) ပါးသော- ရုပ်ဓါတ် အပြားတို့ကို၊ ရသဓါတ်သားမှ- ပွားဆင့်ဆက်ဆက်, ရုပ်ခန္ဓာ,ဇီဝိတအချက်နှင့်- အကျိုးဆက်, အကြောင်းခံ- ပြောင်းဆန်အောင် ဖြစ်ပျက်တတ်သော၊ ရသရုပ် ဓါတ်-ပရမတ်အကြောင်းပစ္စယတွင်-နိယာမငါးအင်နှင့်၊ကံ,စိတ်,ဥတု,အာဟာရ ပါ-ပါဝင်မှုဖြင့်-ပြုသူစီမံ, ဝေကန်မရှိ၊ဓါတုဘေဒဓါတ်တို့၏အပြား-ရုပ်ကလာပ် တို့ဖြစ်ပွားရသည်မှာ၊ ဆန်းကြယ်စွာ စီမံထားဘိသကဲ့သို့— ဖြစ်ငြားရတတ်ပါ တော့သည်။ အမှန်စင်စစ်-ထိုစံနစ်၌ ချိုချဉ်ဖန်ခါး- စပ်ငံပြားသည့် (၆)ပါး အရသာ၊ ဇီဝှာပသာဒနှင့်-ပေါင်းခါစပ်ဆိုင်- ဝါးမျိုနိုင်အပ်, ဗဟိဒ္ဓရုပ်ကလာပ် တို့မှ- ဆောင်ရှိရသ, ဥတုဇဓါတ်၏- အာဟာရဇ ရုပ်အခင်း, ရသဓါတ်ရည်ဖြစ် ခြင်းကို- ဆောင်နှင်းတတ်သော ရသ, သဒ္ဒါ- ဓါတုဘေဒအဖြာဖြာ- အချင်း အရာတို့ကို- မပျက်မယွင်း, ဝင်ရောက်ဖြစ်ပွားရခြင်းသည်၊ နိယာမငါးဖြာ-ကံ, အာဟာရနှင့်- စိတ္တ,ဥတု-လေးခုအကြောင်း- ပေါင်း၍ပြုပြင်- သင်္ခါရလောက **အစီအရင်ကြောင့်၊ သတ္တဝါမည်တွင်- အတ္တဘောအသွင်- ရုပ်နိမိတ်ဝင်အောင် ဆောင်တတ်သည့်- ဓါတ်သီးသီးတို့သည် ပရမတ္ထသဘောနှင့် ပြီးစေခြင်းကြောင့် သာဟု** ပိုင်းခြားသိမှတ်ရာပါသည်။

ဤသို့- သူငါတစ, ပုပု ရှရှ၊ သတ္တ, ဇီဝ, မဟုတ်ကြ ငြားသော်လည်း၊ **အဝိဇ္ဇာ**နှင့်တဏှာအလို၊ သင်္ခါရထိုထိုသို့၊သက်ဝင်ရပုံ စာရင်းဟုန်ကိုကြည့်ပါက၊ **အထ**က်ပါ-ဓါတ်ခုနစ်ပါး-ရသဓါတ်ရည်အားဖြင့် ပွားစေလိုက်သည်မှာ

"ရသော ရတ္တံတတော မံသံ၊ မံသတော ဇာယတိ မေဒေါ၊
မေဒေါ အဋ္ဌိ တတောမိဉ္ဇံ၊ မိဉ္ဇတော ဇာယတိ သုက္ကံ။ ။
(ဝိမတိ ဝိနောဒနီ ဋီကာ)

ရသော- ချိုချဉ်စပ်ငန်- ခါးအဖန်ဟု၊ ခြောက်တန်မျှားကြွယ်- စားသောက်ဖွယ်တို့၊ လူဝယ်ထင်ရှား- ရသဓါတ်တရားမှ၊ ရတ္တံ- ရုပ်ဇီဝိတ်- စီမံမနှေး ဆောင်ရွက် ပေးတတ်သော- အသွေးဓါတ်သည်၊ ဇာယတိ- သတ္တဝါဟန်-ကံစီမံ၍- သန္တာန်ထင်ရှား- ဖြစ်ပေါ်လာရပြြားပေ၏။ တတော-ရုပ်ဇီဝိတ်-ရှင်သန်လေအောင်, ရွက်ဆောင်ပေတတ်, ထိုအသွေးဓါတ်မှ၊ မံသံ-ရုပ်ခန္ဓာမျိုး, လွှန်ပြည့်ဖြိုးရန်၊ မွမ်းမံသမှု- အသားစုသည်၊ ဇာယတိ- သတ္တဝါဟန်- ကံစီမံ၍- သန္တာန်အစပ်- မပြတ်ထင်ရှား- ဖြစ်ပြြားရလေ၏၊ မံသတော- မွမ်းမံသမှု၊ အသားစုမှ၊ မေဒေါ- နယ်ဆီပမာ, ရုပ်ခန္ဓာကို- စိုစွတ်စေအပ်- အဆီဓါတ်သည်၊ ဇာယတိ- သတ္တဝါရေတွက်- ကံအချက်ကြောင့်, မပျက်ဆက်ခါ- ပေါ်ထွက်၍ လာရလေ၏၊ မေဒါ- ကောင်းစွာမှီအပ်- အဆီဓါတ်မှ၊ အဋ္ဌိ- ရုပ်ခန္ဓာကို- ဂမ်းခါပိုးပြု- အရိုးစုသည်၊ ဇာယတိ- သတ္တဝါခေါ်မှု- ပြောင်းရွှေ့ပြုသည့်- ဣရိယာပထအခင်း- ထင်ရှားခြင်းဖြစ်အောင်, ဆောင်နှင်းဖြစ်ပေါ်လာပေ၏၊ တတော- ထိုကောင်းစွာ သယ်ထမ်း- အရိုးငြမ်းမှ၊မိဉ္ဇံ-အရိုးဆက်တွင်း, ဆွေးမြေ့ကင်းအောင်- ဆောင်နှင်းပေတတ်, ချဉ်ဆီဓါတ်သည်၊ ဇာယတိ- ရုပ်ခန္ဓာသန္တတိတွင်- ကံအရှိအားဖြင့်- ထင်ရှားစွာ ဖြစ်ပေါ်လာရ ပြန်ပေ၏၊ မိဉ္ဇတော- အရိုးပြည့်မှု- ချဉ်ဆီစု ဓါတ်တရားမှ၊ သုက္ကံ- အကျိုးဆက်ကေန် အကြောင်းဖန်သည့်- ဗီဇမျိုးစေ့- သန္ဓေမလေ့ကို ပေးစေတတ်သော သုက္ကဓါတ်သည်၊ ဇာယတိ—သခၤါရစီရင်, ကံလျှင်ပစ်ချ- ထိုခဏ၌၊ ဝိညာဏ်အဆက်- ရုပ်လျှပ်ဖက်၍- သတ္တဝါဟု- ရေတွက်ခံရမှု- အကျိုးဆက်အစုသည်- ဝိပါကဝဋ်စနက်ဖြင့်- ထင်ရှားစွာ ပေါ်ထွက်ရပြန်လေတော့၏။ ။

အထက်ပါ- အာဟာရပစ္စယသတ္တိသည် ဥပထမ္ဘကအားဖြင့်-ထောက်ပံ့သမှု- ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်၊ ပိုးစာ, လောင်မီး၊ ကျင်ကြီး,ကျင်ငယ်၊ ကျက်ဆုတ်ဘွယ်တို့၊ တနယ်တဖုံ— စွန့်ပစ်ဟုန်ကို၊ သူငါ,မလုပ်၊ ကံအချုပ်ဖြင့်- ရုပ်ဓါတ်တရား, ဖြစ်ခါပွားအောင်- ရသတလီ- ပေါ်ထွက်တည်၍၊ ရတ္တံ, အသွေး- ထောက်ပံ့ရေးဖြင့်၊ မံသံ, အသား- ဖြစ်ပြြားတထွေ- ထိုအနေမှ၊ စိုစွတ်စေအပ်- အဆီဓါတ်နှင့် မပြတ်ထမ်းပိုး- အရိုးစုလျှင်- သက်ခါဝင်၍၊ တသွင်ချဉ်ဆီ- ဖြစ်ပေါ်သည်မှ၊ တလီလွှန်ကဲ— တဏှာတွဲလျက်၊ တနဲဖြစ်အပ်- သန္ဓေစပ်သည်၊ သုက်ဓါတ်ခေါ်ရိုး— ဗီဇမျိုးကို အကျိုးသခၤါရ- အဆိုးရအောင်-

ရသ,ဆောင်လျက်၊ အကောင်သတ္တဝါ- မရှိပါဘဲ- ရုပ်နာမ်ထဲ၌၊ ဓါတ်ခဲ့,ဓါတ်စု ပရမတ်အမှုဖြင့်၊ ကံပြုဉာဏ်ပြင်- ဥတုထွင်ခါ၊ ယှဉ်လာအာဟာရ- စိတ်မှဆန်း ကြွယ်—ဒိဋ္ဌိနယ်တွင်၊ ဝင်တွယ်တဏှာ- စွဲလန်းဖြာပြီး၊ ကမ္မာဝရဏ- အကြောင်း စုံခ,သည့်- ပေါင်းဆုံရချက်- ဒုက္ခစက်၏- မုချဆက်ဆက်, ဖြစ်ပျက်အနေ-သင်္ခါရ တွေသည်၊ ရသ, ရတ္တံ, အခြေခံဆောင်နှင်း၍- သတ္တဝါဘောင် ဝဋ်အခင်းသို့—· ဇွတ်ဆင်းကျရောက်- သက်ဝင်ပေါ်ပေါက်နေရခြင်းသာ ဖြစ်ပါသည်။

ဤကဲ့သို့— ရသဓါတ်၏- ပရမတ် သဘောသွားကို- ဆက်နွှယ်သော အားဖြင့် သက်ဝင်သည့်- ရသ, သဒ္ဒါ- အနက်ဖြာသော၊ မဓုရာဒီသု= ခြောက်ခု အရသာ- အာဟာရာမှ၊ ဓါတုဘေဒ, အနက်ရတွင်- သက်ခါဝင်၍၊ အစဉ်ဖြစ် ပေါ်- ဥပတ္ထမ္ဘကခေါ်- ထောက်ပံ့သည်၏အဖြစ်- ပစ္စယသတ္တိကြောင့်၊ တည်ရှိ အလား- သန္တတိအားဖြင့်- ထင်ရှားမသေ့- ဆောင်နှင်းပေသား- ခုနစ်ထွေသော ဓါတ်အပြား, အခင်းသွားကို၊ စဉ်းစားဉာဏ် ပဋိဘာန်ဖြင့်- ပိုင်းခြားကာ, ကေန် ကြည့်လတ်သော်၊ ပေါ်အပ်သည့် ဓါတ်အချင်းအရာ- သင်္ခတပရမတ် နှင်းလာ သည့်၊ သင်္ခါရာ, အတွင်းစနက်တို့သည်သာ- ညှဥ်းဆဲနှိပ်စက်ခါ- ဖြစ်ပျက်အခင်း နှင့်- သက်ဝင်နေခြင်း, ရုပ်နာမ်, သင်္ခါရစာရင်းမှလွဲ၍၊ ပုဂ္ဂိုလ်, သတ္တဝါ-ငါ မပါဘဲ၊ ဇီဝါအသက်- လိပ်ပျာမဖက်သည့်—သက်သက်သော ရုပ်ဓါတ်, ပရ မတ်တို့သည်သာ—သင်္ခါရ အကျိုးဆက်အနေ ဖြစ်ရှိအောင်၊ ပစ္စုပ္ပန် ဥပတ္ထမ္ဘက, ပစ္စယသတ္တိအထွေထွေနှင့်-ကံသင်္ခါရကပေးလာသည့်- ဇနကသတ္တိအခြေ-မယိမ်း မယိုင်စေမှုကို၊ နေ့စဉ်နှင့်အမျှ— နာရီစက္ကန့်နဲ့အမျှ၊ သင်္ခါရဒုက္ခအမှုနှင့်- ပြုပြင် ပေးရပါတကားဟု- သုံးသပ်တင်ရှု- ဆင်ခြင်သမှု- ပြုနိုင်သော ယောဂီသူမြတ် အား၊ "သဗ္ဗေသတ္တာ- အာဟာရဋ္ဌိတိကာ"တွင်၊ အရသာအာရုံ- ခံမင်ပါကုန်က၊ ဝဋ်အလျဉ်မကုန်တတ်ရတော့ပုံကိုရှင်း၊ ငါလျှင်မရှိ— မိမိလျှင် မသုံးဆောင်, ဘတ္တာဘုတ်, အသုံးအဆောင်သည်- ဒုက္ခကောင်, ကြာရှည်အောင်- တဏှာ ဘောင်ဖြင့်- တည်ထောင်နေရတဲ့- သဘောပါကလားဟူ၍ရှင်း၊ ဓါတ်(၇) ထွေ မပြတ်မွေ့အောင်- ငါလည်း မလုပ်နိုင်- သတ္တဝါကလည်း မလုပ်ပိုင်၊ ကမ္မာဝ ရဏ- နိယာမနှင့်- စိတ္တ, အာဟာရာ၊ ဥတုနှစ်ဖြာ တို့သည်သာ၊ မိမိသဘော မိမိ, ဆောင်နှင်းလာဘိသည့်- ဓါတ်သတ္တိဂုဏ်အမြောက်- ခဏတ္တယပေါ်ပေါက် လာသည့်နယ်တွင်သာ၊ ဤကား= သွေး, သား၊ ဆီပွား, အရိုး၊ ချဉ်ဆီမျိုးနှင့် သုက်ဓါတ်တထွေ၊ ဥပါဒ်, ဋ္ဌီ, ဘင်,တွေကို၊ ငါလျှင်မသွေ- ဖြစ်ပေသည်ဟု- အမှားစွဲယူ- အလွဲတမူသာပါတကားဟူ၍ရှင်း၊ ဓါတ်ကိုမြင်၍- အတ္တစင်အောင် ဆင်ခြင်သမှု, နေ့စဉ်ပြုကာ၊ ရသာရုံခြောက်ပါးကို- အတ္တနိယလို့လဲ- မစွဲငြားဘဲ

ရသဓါတ်သဘောသွားတွင်- ဒိဋ္ဌိဝိသုဒ္ဓိဝင်အောင်- ပိုင်းခြားထိုးထွင်း, သိခြင်းဉာဏ်မြင်- ပရမတ္ထအယာဉ်ထက်၌- ကျက်စားတော်မူကြပါလေ။

ထိုမှတဖန်၊ ရှေ့ဆက်ပြန်သော်= ရသ,သဒ္ဒါ- အနက်ဖြာသည့်- ကိစ္စနှင့် သမ္ပတ္တိ-- သဘောအရှိနှစ်ခု- အစုစုတွင်၊ ကေန်ဉာဏ်မြင်- လက္ခဏာဝင်၍၊ မှတ်ကြောင်းအမှန်- ပရမတ်မြင်ရန်အရေးကို- ဖေါ်ထုတ်ပေးကြစို့။ သဒ္ဒါအနက်- အမှတ်(၆)နှင့်-(၇)အရ၊ ကိစ္စရသနှင့်- သမ္ပတ္တိရသ, အဓိပ္ပါယ် အနက်သဘောနှစ်ရပ်တို့တွင်၊ အထက်ပါ— ပြဆိုအပ်ခဲ့ပြီးသော၊ မဓုရာဒီသုနှင့်- ဓါတုဘေဒ— အနက်နှစ်ချက်၏- အဓိပ္ပါယ်သဘောသွားများသည်၊ သမ္ပတ္တိရသ— အကြောင်းတွေစုံညီကြသဖြင့်၊ ပေါ်ထွက်လာမှု— အကျိုးစုရုပ်တရား အပေါင်း— ဆောင်နှင်းကြောင်း- သက်ဝင်ပါသဖြင့်- သမ္ပတ္တိရသ, သဘောကို- စောကြောစရာလိုတော့မည် မထင်ပါ။ သမ္ပတ္တိသဘောစုံ- ကုန်စင်အောင် မပါဝင်သော်လည်း ဝိပဿနာသမ္မာဒိဋ္ဌိ- ပညာဉာဏ်အနေအားဖြင့်- ပွင့်လင်းလောက်ပါပြီ။

ထို့ကြောင့်၊ ကိစ္စရသ, သဘောအဓိပ္ပါယ် အနက်ကိုသာ၊ သဘာဝလက္ခဏာ အချက်နှင့်တကွ- ခွဲခြားသိရန် ပြဆို သွားပါရစေတော့၊ ကိစ္စ—ပြုလုပ်ခြင်း ကိရိယာကိုခေါ်ပါသည်- (ဝါ) အမြဲတစေ=ယှဉ်စပ်ဆောင်နေရခြင်းကိုလည်း ခေါ်ပါသည်။ ဒီတော့— အထက်ပါ= ရသ, သဒ္ဒါ၌- အကျုံးဝင်သည့်၊ မဓုရာဒီသု— ခြောက်ခုအရသာနှင့်- ဓါတုဘေဒ(၇)ဖြာ,အားဖြင့်- ဖြစ်ပွားလာသော သမ္ပတ္တိရသ= အကြောင်းစုံညီ- ပေါ်ထွန်းတည်သို့- ရသဂုဏ်မြောက်, ခံစားချက် အကျိုးဝေဒနာတိုင်အောင်- ရောက်ရှိသွားရခြင်း၌၊ အရင်းခံ သဘောကား၊ "ကိစ္စရသ"သဘာဝလက္ခဏာ- မဆောင်ပါက၊ အောင်မြင်စွာ- ဖြစ်ရှိသက်ဝင်လာနိုင်သော တရားများ မဟုတ်ပါပေ။ ။

ထို= ကိစ္စရသ, သဘောသွားသည်၊ လျှာအကြည်, ခေါ်မည်မှတ်ရ- ဇိဝှါပသာဒနှင့်- ရသခြောက်ပါး- ယှဉ်စပ်ငြားရှိ၊ ထင်ရှားအကျိုး- ပေါ်ရုပ်နာမ် သင်္ခါရမျိုးကို- ဆောင်နှင်းတတ်ပေသော- ဓါတ်လက္ခဏာဖြစ်ပါသည်။ သူသူ, ငါငါ, အန္ဓပုထုဇဉ်တကာတို့က၊ ချိုချဉ်ဖန်ခါး- စပ်ငန်ပြားသည့်- အရသာခြောက်ပါးအမှုးရှိသော- ရသာရုံတွေနဲ့- ဇိဝှါပသာဒ, တွေ့ဆုံကြတာကိုမှ၊ အရသာရှိလို့- ရသဓါတ်ဘဲလို့ မှတ်ယူစွဲကြပါသည်။ အမှန်ကတော့= အချို, အချဉ်— အဖန်, အခါး—အစပ်,အငန်ဆိုတဲ့- တရားတွေကတော့— မရှိတဲ့ ပညတ်တရားသာဖြစ်ပါသည်။ ရှိတဲ့တရားကတော့- ရသဓါတ်တရားသာလျှင်- မိမိ- သဘောမိမိ, ဆောင်ချက်အားဖြင့်- ထင်ရှားရှိတရား,ဖြစ်ပါသည်။ အမှတ်မှားကြပုံ- ဥဒါဟရဏ်ကို ပြရသော်၊ ရက်ကြာ၍- ရေရောထားသော- အဖျော်ရည်

တခုခုကို- ပေးသောက်စေပါလျှင်၊ "ခင်ဗျား, ဖျော်ရည်ကလဲ- ဘာမှ အရသာ မရှိဘူး၊ ရေကျနေတာဘဲ" လို့ ပြောတတ်ကြတယ်။ ချိုမှု, ချဉ်မှု. ငန်မှု, မစူးယှ တာနဲ့- အရသာမရှိ- ရေလိုဘဲလို့ဆိုကြသည်။ ကဲ- ဒီတော့- ရေနဲ့နှိုင်းပြီး- ရေဟာ အရသာမရှိဘူးဆိုတာ, မဟုတ်ပါဘူး၊ ရေသောက်တော့- ရေနဲ့, လျှာအကြည်နဲ့ မတွေ့ထိဘူးလားမေးရင်၊ တွေ့ထိပါတယ်လို့ ဖြေရမယ်။ အဲဒီလို – ရေနဲ့တွေ့ထိပြီး ရေဘဲလို့သိရရင်- အဲဒီရေကို မသောက်မမျိုဘူးလား?၊ သောက်မျို ချလိုက်ပါ တယ်၊ ရေမှန်းသိရတဲ့— ရေရဲ့, ရသဓါတ်ကတော့- ရှိတာအမှန်မို့၊ ရေလို့ အမှတ် ပြုပြီး သောက်ခြင်းသာ ဖြစ်ပါတယ်။ အကယ်၍—ရေထဲမှာ, ရေနံဆီလေးငါး စက်လောက် ရောပါရင်- သောက်ပါအုံးမလား?၊ မသောက်တော့ဘူး၊ ရေမှတ် သိပ်လို့ ရေသောက်ချင်တာ- ရေအစစ်အမှန်ဘဲလို့- ဆုံးဖြတ်မရတဲ့— ရေနံဆီနံ့ တွေ ပါလာတော့- ရေအစစ်မဟုတ်လို့, မသောက်တော့ဘူး၊ သွန်ပစ်လိုက်တယ်၊ ကဲ...ဒါဖြင့်— ရေအစစ်အမှန်လို့ သိရတဲ့- ရသဓါတ်ပေါ်မှု သဘောရှိတယ်ဆို တာ, မထင်မရှားဘူးလား?၊ ထင်ရှားပါတယ်၊ ချိုပြီးထင်ရှားတာလား- ချဉ် ငန်ဖန်-စပ်ခါးပြီး- ထင်ရှားတာလားဆိုတော့ မဟုတ်ပါဘူး၊ ရေအရသာ-ဆိုတဲ့ လျှာအကြည်နဲ့ တွေ့ထိပြီး- ရသဓါတ်, ပေါ်မှုသဘောသာ၊ (ဝါ) ရသအာရုံ ပေါ်မှုသဘောသာ ထင်ရှားပါတယ်၊ ဒါပေမဲ့ – များသောအားဖြင့်- ချိုချဉ် ဖန်ခါး, စပ်ငန်ပြားဆိုတဲ့- ခြောက်ပါးသော- အရသာကိုမှ- အရသာရှိတယ်၊ ရသဓါတ်ဘဲလို့- စွဲယူထားကြတော့၊ ရေမှာ- အရသာမရှိဘူး၊ (ဝါ) ရေဟာ- ရသ,-ဓါတ်သဘော မဆောင်ဘူးလို့ ထင်မှတ်, မှားယွင်းနေ ကြခြင်းသာဖြစ် ပါတယ်။

ဝဏ္ဏ- အဆင်းဓါတ်ပြခဲ့စဉ်က၊ မြင်အပ်,မြင်ကောင်းတဲ့- သဘောပါ လို့- ပြတုံးကလိုဘဲ၊ မှောင်လိုက်ထာ, ဘာမှလဲ မမြင်ရဘူးဆိုတာလို၊ မှောင်နေ တာ မြင်ရက်သားနဲ့- ဘာမှမမြင်ရဘူး ပြောလိုက်တာဘဲ၊ ရေနဲ့- လျှာအကြည်နဲ့ တွေ့ထိတဲ့- ရသဓါတ်ကတော့- ရေဟုတ်မှန်ကြောင်း- ပေါ်မှုရသ,ဆောင်ရက်ပါ ဘဲ၊ ဒါပေမဲ့— ဖြူ, နီ, ကြောင်ကြား- မမြင်ရတော့- မှောင်နေတာဘဲ-ဘာမှလဲ မမြင်ရဘူးဆိုသလို၊ ချိုချဉ်စပ်ငန်မပါတော့- ရေကို အရသာမရှိဘူး၊ ရသဓါတ် မဆောင်ဘူးလို့ပါ- ဖြစ်ရှိသွားတတ်ကြခြင်း ဖြစ်ပါတယ်။

ဒီတော့- ဒီနေရာမှာ= ရှင်းရှင်းနဲ့ ကျဉ်းကျဉ်းကလေး သိရမှာက၊ ချို ချဉ်ဖန်ခါး- စပ်ငန်ပြားတဲ့, အရသာဆိုတဲ့- အရသာအာရုံကို- မှတ်သားခံစား ရင်- ပညတ်၊ ရသ, ဓါတ်ဆိုတဲ့- ရသအာရုံပေါ်မှုမျှလို့- မှတ်သားပိုင်းခြားရင် ရသဓါတ်, သူကမှ- ပရမတ်ဉာဏ်ရောက်ရန်- မှတ်ကြောင်း,သဘာဝလက္ခဏာလို့

ခွဲခြားသိရပါရယ်။ ဒီတော့- အဋ္ဌကလာပတိုင်းမှာ- လျှာအကြည်နဲ့- တွေ့ထိရင်- ရသဓါတ်, ရသအာရုံ- ပေါ်အပ်, ပေါ်ကောင်း သိကောင်းတဲ့ သဘောကတော့၊ မိမိသဘောမိမိ, ဆောင်ရက်ပါဘဲ၊ ရထရေဏူမြူဆိုတဲ့- ဖုံမှုန့်ကလေးကို လျှာအကြည်ပေါ်တင်ကြည့်ရင်လဲ- ဖုံမှုန့်ရဲ့ ရသဓါတ်ကတော့- ပေါ်မှာအမှန်ပါဘဲ၊ ကျောက်စရစ် ခဲကလေးကို-ရှာပေါ်တင်ကြည့်ရင်လဲ- ကျောက်စရစ်ခဲကလေးနှင့် လျှာအကြည်နဲ့၊တွေ့ထိတဲ့ ရသကတော့ပေါ်ပေါ်လာရစမြဲဖြစ်ပါသည်။

ချိုတဲ့- ရုပ်ဝတ္ထုနဲ့- လျှာအကြည်နဲ့ တွေ့ထိရင်လဲ- ရသဓါတ်ကတော့ ပေါ်မြဲပါဘဲ၊ အဲဒါကို- ချိုတယ်- ချိုတာကမှ- ရသဓါတ်လို့- မရှိတဲ့ပညတ်အချိုကို- အရှိလုပ်ကြတယ်၊ လျှာအကြည်နဲ့- တွေ့ထိတိုင်း- ရသဓါတ်ဆိုတဲ့- အာရုံပေါ်မှု သဘော,သဘာဝလက္ခဏာအမှန်ပေါ်ကိုတော့- မမြင်မသိကြဘူး၊ မရှိတဲ့ အချိုက, ဖုံးသွားတယ်၊ အချဉ်က, ဖုံးသွားတယ်၊ အဖန်က- ဖုံးသွားတယ်၊ အငန်က- ဖုံးသွားတယ်၊ အဲဒီ- မရှိလုံးလုံး, ပရမတ်ဉာဏ်, ဆိတ်သုဉ်းအောင် တဏှာနဲ့- သုံးဆောင်တာကိုမှု၊ (ဝါ)တဏှာက, သုံးဆောင်တာကိုမှ- တသံသရာလုံးက- သာယာနှစ်သက်ပါ- အရှိလုပ်ပြီး- သုံးဆောင်ခဲ့ကြတယ်၊ သညာဝိပလ္လာသအားဖြင့်- အမှတ်မှားလာခဲ့ကြတယ်၊ စိတ္တဝိပလ္လာသအားဖြင့်- အသိမှားလာခဲ့ကြတယ်၊ ဒိဋ္ဌိဝိပလ္လာသအားဖြင့်လဲ- အယူမှားလာခဲ့ကြပါတယ်၊ တကယ်, ထင်ရှားဆောင်တတ်တဲ့- ဓါတ်ကြီးလေးပါးကိုစွဲမှီဖြစ်တဲ့- ရသဓါတ်, သဘောကတော့- လျှာအကြည်ပေါ်မှာ- ရုပ်ကလာပ်ကလေး တခုကစပြီး၊ မုတာရမ္မဏ- ရုပ်ဓါတ်တွေရောက်-တွေ့ထိမှုမြောက်တာနဲ့ တပြိုင်နက်၊ ကိစ္စရသ, သဘောသည်၊ အဘယ်မည်သော- ရုပ်ကလာပ်နှင့်- ယှဉ်စပ်ရ- ယှဉ်စပ်ရ၊ ရသ, ဆိုတဲ့- အာရုံပေါ်မှု- သဘော, သဘာဝလက္ခဏာကတော့၊ မိမိသဘောမိမိ, ဆောင်နှင်း ရက်ပါဘဲ၊ အဲဒီ, ယှဉ်စပ်ပေါ်ပြူ- ရသဓါတ် အမှုတည်းဟူသော အရှိတရားကို- မမြင်နိုင်အားဘဲ ဖယ်ခွါရှားပြီးလျှင်၊ ချိုတာ, ချဉ်တာ, ဖန်, ငန်, စပ်တာမှ- ရသဓါတ်ရယ်လို့၊ (ဝါ) အရသာရှိတဲ့- အရသာအာရုံကိုမှ- ရသဓါတ်ရယ်လို့- ဝိပလ္လာသသုံးပါးဖြစ်ပွားကာ အမှတ်, အသိ, အယူတွေ- လွှဲမှားနေကြရတော့တယ်။

အဲဒီ-ချိုချဉ်တွေကို- တနည်းတဖုံ, စစ်ဆေးကြည့်ရင်တော့၊ ခံတွင်းထဲသွင်း- ဝါးမျိုခြင်းပြုလိုက်ပြီဆိုတာနဲ့ တပြိုင်နက် လည်ချောင်းဝကလေးကိုလဲရောက်ရော၊ လျှာအကြည်ပေါ်မှ ရွေ့လျောကျပြီး၊ ချိုတာ, ချဉ်တာတွေ- ရှိသေးရဲ့လားလို့ စဉ်းစားကြည့်ရင်၊ မရှိလုံးလုံး ချုပ်ပျောက်ကုန်ဆုံးသွားပေါ့၊ လျှာအကြည်နဲ့ တွေ့ထိခိုက်မှာ- ရသဓါတ်ဆိုက်, တိုက်ခိုက်ပေါ်မှု ကလေးသာ

ထင်ရှားရှိပြီး၊ ချိုတာ, ချဉ်တာ, ထင်ရှားမရှိပါဘူး၊ လျှာအကြည်ပေါ်က- ဖြတ်မသွားရပေမဲ့လဲ၊ အာဟာရဆိုတဲ့-ရုပ်ဝတ္ထုထဲမှာ-ရသဓါတ်ကတော့-ပါဝင် ဆောင်နှင်းရက်သာပါဘဲ၊ လယ်ပင်း အခွဲအစိပ် ခံထားရတဲ့လူနာကို ဗိုက်ဖေါက် ပြီး- အစာသွင်းပေးတော့ကော- ရသဓါတ်မြောက်ပြီး- ရုပ်ခန္ဓာကို-ဓါတုဘေဒေ, အရ၊ ဓါတ်(၇)ပါးဖြစ်ပွားပြီး– ဥပတ္ထမ္ဘက, ပစ္စယသတ္တိနဲ့–မထောက်ပံ့ဘူး လားလို့မေးရင်–ထောက်ပံ့ရက်ပါဘဲလို့ဖြေရလိမ့်မယ်၊ ဒါကြောင့်–ရသရုပ်ဓါတ် သည်–လျှာအကြည်နဲ့တွေ့သည်ဖြစ်စေ– မတွေ့သည်ဖြစ်စေ၊ အဇ္ဈတ္တ ရုပ်ခန္ဓာနှင့် ယှဉ်စပ်ခွင့်ရလျှင်- ရသဓါတ်သဘောကတော့- မိမိသဘောမိမိ, ဆောင်ရက်ဘဲ ဆိုတာထင်ရှားပါတယ်။

ဒီတော့-ယောဂီတို့က ရသဓါတ်ဆိုတာ- လျှာအကြည်နဲ့တွေ့ထိ ယှဉ်စပ် တိုင်း၊ ရသဓါတ်ဆိုတဲ့–အာရုံပေါ်မှု သဘော,သဘာဝ တရားဘဲလို့ မှတ်ရမယ် ယူရမယ်- ဆိုပေမဲ့၊ လျှာပေါ် ချိုတာရောက်တော့ ချိုတယ်၊ ချဉ်တာရောက် တော့လဲ ချဉ်တယ်ဆိုတာ၊ ဖျောက်မရအောင်ဖြစ်နေရတော့-ဇီဝှါပသာဒမရှိဘဲ ဒီအတိုင်း– ဝါးမျိုရရင်တော့ အမှန်မှတ်မှာပါဘဲ၊လျှာအကြည်မရှိမှဘဲ-ဆိုသလို ဖြစ်နေပါတယ်၊ ချိုတာ, ချဉ်တာတွေကလဲ- ထင်ထင်ရှားရှားပေါ်လွင်နေပါ တယ်၊ အဲဒါ– ဘာကြောင့်ပါလဲလို့– ကပ်သီးကပ်သပ်-မေးအပ်စရာအကြောင်း ရှိကောင်းရှိကောင်းနေပါတယ်။ အဲဒီလို ယောဂီတို့က ကြံဖန်တွေးကြည့်ပြီး- မေးပြီဆိုပါတော့....၊

ဒီနေရာမှာတော့– မြတ်သောယောဂီရယ်၊ တခြားဟာတွေ ချော်တွေး မနေပါနဲ့တော့၊ ယောဂီရဲ့- ဇီဝှါပသာဒအကြည်ရုပ်– ရရှိလာတာကိုက၊ ပုရိမ, တဏှာဆိုတဲ့- ရှေးအဆက်ဆက်- ခန္ဓာဖြစ်ရပ်တွေမှာတုံးက၊ အဲဒီလို- အရသာ အာရုံတွေကို ခုံမင်နှစ်သက်ခဲ့လို့- အရသာခံစားချင်တဲ့-တဏှာအာလယနဲ့-ဖြစ်လေ ရာဘုံဘဝမှာ– ဒုဗ္ဘိက္ခန္တရကပ်, အစာငတ်မွတ်တဲ့- ဘေးဆိုးကြီးမှကင်းဝေးပြီး၊ စားကောင်းသောက်ဖွယ်တွေ- မရှားမပါး- သူတပါးကိုပင် ပေးလှူနိုင်ကြောင်းရပါ စေလို့ဆိုခါ- တဏှာသဟဇာတ စေတနာနဲ့- ကံတွေကို ပြုခဲ့ပါတယ်၊ အဲဒီ- အတိတ်, အဝိဇ္ဇာ– တဏှာအရင်းခံ- စေတနာနဲ့- ကံသင်္ခါရတွေကို- ခံစားလိုသူ၏ အဖြစ်နဲ့- တောင့်တပြုလုပ်ခဲ့တော့၊ အဲဒီ-ချိုချဉ်ဖန်ခါး-အရသာအာရုံတရားတွေ ကို- သိပြီးခံစားရဘို့- ပဋိသန္ဓေဘဝမှာလဲ- ဇိဝှာပသာဒ, အကြည်ရုပ်ကိုရရှိပြည့်စုံ နေရတာပေါ့၊ အဲဒီလို- ကံဆိုတဲ့အဘိုးအခတွေကို ပေးပြီး- တဏှာလက်သမားနဲ့ တည်ဆောက်ခဲ့တဲ့- ဇိဝှါပသာဒ, အကြည်ဟာ၊ ယခုပစ္စုပ္ပန်- ရုပ်နာမ်အဖြစ်မှာ

လဲ- ချိုချဉ်ငန်ဖန်တွေကို- ခွဲခြားခံစားလို့ရအောင်- ဖြစ်ရှိသက်ဝင်လာရပြန်တာ ပေါ့၊ အဲဒီလို- ဖြစ်ရှိရလာတဲ့- ဇိဝှါပသာဒကို၊ ဘာဖြစ်လို့ ဇိဝှါပသာဒလို့ခေါ် ပါသလဲဆိုတော့ "ဇီဝိတံ အဝှါယတီတိ-ဇိဝှါ"အရ။ ။ဇီဝိတံ- ဇီဝိတိန္ဒြေ၏ အကြောင်းဖြစ်သော ရသာရုံတို့နှင့်တကွ ဖြစ်သည့်- ကဗဠီကာရ အာဟာရကို၊ အဝှါယတိ-ခေါ်ဝေါ်သကဲ့သို့ဖြစ်တတ်၏၊ (ဝါ) ယခင့်ယခင်- အရသာအာရုံ ခံစားမှုအပေါ်တွင်၊ တဏှာအယာဉ်ဖြင့်- ထပ်ပြန်တလဲလဲ- ဇိဝှါပသာဒ်မှီစွဲ၍- တောင့်တတတ်သော-စေတနာစိတ္တုပ္ပါဒ်ကြောင့် ခေါ်ဝေါ်သကဲ့သို့ဖြစ်တတ်၏။ ဣတိ- ထို့ကြောင့်၊ ဇိဝှါ- ဇိဝှါမည်၏-ဟု သဘာဝ ဝိဂ္ဂိုဟ် ဖေါ်ဆိုပါသည့် အတိုင်း- တဏှာလှိုင်းဂယက်, မငြိမ်သက်သမျှ၊ အချိုကလေးစားချင်လိုက်တာ၊ အချဉ်ကလေးစားချင်လိုက်တာလို့ တတောင်းတတ ဖြစ်ပြီး၊ ရလာစုံညီ နှစ်သက် သာယာ, သုံးဆောင်ပြီဆိုတော့၊ ဘယ်ပုံနှင့် ရသဓါတ်, ပေါ်အပ်တဲ့- တရား သဘောပါဘဲလို့- စောကြောနိုင်မိပါတော့မလဲ၊ တကထဲ, ကောင်းလိုက်ထာ၊ ချိုလိုက်တာ, ဆိမ့်လိုက်တာနဲ့- မရှိတဲ့တရားတွေကိုဘဲ- အရှိလုပ်ပြီး၊ မခံစားရခင် ကလဲ- တဏှာနဲ့တောင့်တတယ်၊ ခံစားနေဆဲမှာလဲ- တဏှာနဲ့ခံစားတယ်၊ ခံစား ပြီးတော့လဲ- နောင်တဖန်ဆိုတဲ့- တောင်းတမှု တဏှာနဲ့သာ- တင်းပြည့်ကျပ်ပြည့် ဖြစ်ရှိနေရခြင်းသည် ဒိဋ္ဌိ- တန်းလန်းရှိနေလို့ ဆိုတာကိုလဲ- ထင်လင်းစွာ သိသာ လှပါတော့သည်။

နောက် တနည်း အားဖြင့်လဲ- ကမ္မာဝစရဏ, အကြောင်း တို့ကြောင့်၊ ဤရုပ်ခန္ဓာ အတ္တဘောကို၊ ဥပတ္ထမ္ဘက, ပစ္စယသတ္တိနဲ့- ပြေတ်ထောက်ပံ့မှုဖြင့်- သခါရဒုက္ခနဲ့ ပြုလုပ်ပေးရရာမှာ၊ ချိုချဉ်ငန်ဖန်- မကွဲပြားပြန်လျှင်သည်း- ရသ ဓါတ်နဲ့လိုက်ဖက်အောင် နှိုင်းချိန်၍- မပြုပြင်နိုင်မည်ကြောင့်- ကံမကုန်နိုင်ခင် အပိုင်းအတွင်းမှာ၊ လောကီဉာဏ်အသိုင်းအဝိုင်းနဲ့- သခါရဒုက္ခကို- ထမ်းပိုးပြုစီ ရင်ခြင်းငှါ၊မခုရာဒိသုဆိုတဲ့ အရသာ(၆)ပါး ကွဲပြားမှုတို့ကို-လျှာအကြည်ပေါ် မှာ- ရသဓါတ် ပေါ်မှုမြောက်တိုင်း ကွဲပြားသွားအပ်ရပါတယ်လို့လဲ၊ အဲဒီ- သမုတိသစ္စာအပိုင်းကလေးသည်- ပရမတ္ထသစ္စာ အပိုင်းထဲတွင်- ကံလှိုင်းမ,၍- တဏှာခိုင်းသမျှသာယာပြီး- ပြုပြင်စီရင် မိနေရခြင်းပါဘကားလို့လဲ- ဤသို့ကွဲ ပြားအောင် အဖြေပေးလိုက်ရပါတော့သည်။

အဲ..ဒီတော့၊ ရသဓါတ်ပေါ်မှုက-ရိုးရိုးသားသားဖြင့်၊ မိမိသဘောကို မိမိ-ဆောင်ထားဘက်တဲ့ သဘောကတော့၊ ချိုရုပ်ကလာပ်ဖြစ်စေ၊ ချဉ်ရုပ် ကလာပ်ဖြစ်စေ၊ ဖန်ရုပ်ကလာပ်ဖြစ်စေ၊ ငံရုပ်ကလာပ်ဖြစ်စေ၊ အစပ်ရုပ်ကလာပ်

ဖြစ်စေ၊ အခါးရုပ်ကလာပ်ဖြစ်စေ၊ မချို့ မချဉ်-မငံ့ မဖန်-မခါးမစပ်တဲ့-ဘယ်လိုရုပ်ကလာပ်မျိုးဘဲဖြစ်စေ၊ မျက်နှာမလိုက်၊ မင့်မကွက်-ဗျာပါရနဲ့ သိမှုမဘက်ဘဲ၊ ရုပ်အာရုံတခုခု-ပေါ်မှုရသ၊ သဘာဝဓါတ်ကိုတော့၊ ဆောင်နှင်းတတ်ပါတယ်၊ ချိုတာက-ဓါတ်မဟုတ်၊ ဓါတ်ထဲမှာချိုတာမရှိ၊ ချိုတာထဲမှာလဲဓါတ်မရှိ၊ ချိုသော အကြောင်းနဲ့ဖြစ်စေ၊ မချိုသော အကြောင်းနှင့်ဖြစ်စေ၊ ရသဓါတ်ပေါ်မှုသဘောကတော့- မိမိသဘောမိမိ- ဆောင်နှင်းရက်ပါဘဲ၊ အဲဒီလိုဓါတ်သဘာဝ၏- ဆောင်ထားတတ်တာကတော့၊ ဘယ်တော့မှ မဖေါက်ပြန်ပါဘူး၊ ချိုတာ, ချဉ်တာတွေကတော့- ဖေါက်ပြန်လျက် ပျက်စီးတတ်ပါတယ်၊ ခုတော့-ယောဂီတို့က (ဝါ) တဏှာ- ဒိဋ္ဌိဖုံးတဲ့- ရုပ်နာမ်အားလုံးတို့က၊ချိုတာဆိုတဲ့- မရှိပညတ်တွေကိုသာ- အရှိလုပ်စွဲယူတတ်ပြီး၊ တကယ်အမှန်-ထင်ရှားကေန်ဆောင်တတ်တဲ့- ရသဓါတ်,ရုပ်အာရုံပေါ်မှုမျှသဘောဆီကိုတော့၊ ပရမတ်ဉာဏ်ယှဉ်မှီးပြီး ပုဂ္ဂလ, သတ္တ, ဇီဝ- သုဉ်းဆိတ်အောင်- မမြင်နိုင်ကြဘဲ- ဖြစ်နေကြရတယ်၊ အဲဒါ- ဒိဋ္ဌိဝိသုဒ္ဓိ- အထူးစင်ကြယ်စွာ- မဖြစ်မရှိအောင်၊ ဒိဋ္ဌိနဲ့- မှတ်သိယူ-တဏှာတလူလူရှေ့အစွန်းနဲ့-တောင့်တခံစားလိုမှုပြည့်လျှမ်းနေဘဲ့-ကိလေသာကာမကြောင့်သာ၊ ရုပ်ဝတ္ထုတွေအပေါ်၌- အမြင်မှန်မှုနဲ့ မသုံးသပ်တော့ဘဲ၊ ရုပ်ဝတ္ထုတွေအပေါ်မှာ- ကာမတဏှာနဲ့ လွှမ်းထုံထားပါသဖြင့်- ပေါင်းဆုံရာခဏတ္တယတိုင်း၌ ကိလေသာကာမရဲ့အလိုကျ- ရုပ်ငတ္ထုတွေကိုလဲ- ဝတ္ထုကာမအဖြစ်ရောက်စေပြီး၊အဝိဇ္ဇာဖုံးထားချက်ကို- မခွါမလှစ်နိုင်ဘဲ၊ (ဝါ)ခွါလှစ်နိုင်ကြောင်း- ယထာဘူတ, ဉာတပရိညာအပေါင်းနှင့် ပိုင်းပိုင်းခြားခြား- ခွဲစိပ်မပစ်နိုင်ဘဲသာ ဖြစ်ခါနေကြရတော့သည်။

မြတ်သောယောဂီ— မြတ်သောဉာဏ်တည်ချင်ပါလျှင်၊ နေ့စဉ်နှင့်အမျှ-စားသောက်ဝါးမျို-အလိုအာလယ- တဏှာဗန္ဓ-ကာမစ္ဆန္ဒတွေနဲ့- မလွှမ်းမထုံတော့ဘဲ၊ ခြောက်ပါးရသာရုံ- ချိုချဉ်ဖန်ခါး, စပ်ငန်ပြားတဲ့ တရားတွေဟာ၊ ကိလေသာကာမနဲ့- ဝတ္ထုကာမသာ ဖြစ်ပွားအောင်၊ အဝိဇ္ဇာက, အမှန်ကိုဖုံး ဒိဋ္ဌိကအမှားလုံးလုံးယူ၊ တဏှာမင်းမူပြီး— မာနကိုတံခွန်ထူကာ၊ ငါတို့မှ နေ့စဉ်အကောင်းတွေ စားနိုင်တာ, ဝါးနိုင်တာ, မျိုနိုင်တာ— သောက်နိုင်တာလို့-အန္တပုထုဇဉ်အဖြစ်နဲ့- ကိလေသာတွေ ရစ်ပတ်ခံထားရတာ— လယ်ပြင်မှာ ဆင်သွားသလို—ထင်ရှားမနေဘူးလား-ယောဂီတို့ ၊အဲဒီအထဲ-ယောဂီတို့လဲ-အစကပါလာခဲ့ပေမဲ့၊ ယခု ဘုရားပေးတဲ့- တရားဆေးအသိကို သောက်သုံးမိလိုက်ရတော့၊ နောက်တုံးက- အရူးအမူးဖြစ်ခဲ့တာတွေ ပစ်ပယ်ပြီး၊ ကိလေသာ အမြစ်တွယ်နေတာ- ဒါ့ကြောင့်ကိုးလို့ (ဝါ) ရသဓါတ်, အာရုံပေါ်ကောင်းကာမျ

သဘောကို- ဉာဏ်မရောက်နိုင်ခဲ့ခြင်းကြောင့်ကိုးလို့- တဆင့်တိုးသိပြီး၊ အမှား ဒိဋ္ဌိကို, တဏှာမဲ့- မာနနဲ့ ဖိမထားတော့ဘဲ၊ လွတ်ထွက်သွားအောင် နှလုံးသွင်းမိစေဘို့- စားသုံးရာတိုင်းတွင် သတိရှိကြဘို့ ကောင်းပါပြီ၊ သတိရှိအောင် ကြိုးစားကြပါကုန်။

ဤကဲ့သို့- ရသဓါတ် သဘောအညီကို- မြတ်သော ယောဂီတို့-မူလအစက ထက်လျှင်၊ ရသာရုံခေါ် အပ်ပုံ-နာမည်ကလေးကစပြီး၊ ရသ, သဒ္ဒါ အနက်ဖြာပုံကနေ့ တက္ကူ၊ ဇီဝှါပသာဒ, အချက်-အာဟာရစွက်ပုံတွေကိုလဲ- ပိုင်းခြားကိုလုံအောင်သိရပါပြီ၊ ခြောက်ပါးရသ- ပေါက်ဖွား တတ်တာကိုလဲ သိခဲ့ရပါပြီ၊ ဓါတုဘေဒ (၇) ဌာနသဘောတွေကိုလဲ- သိရပါပြီ။ သမ္ပတ္တိရသ, ဘယ်လိုပေါ် ထွက်ကြ ရသလဲဆိုတာလဲ သိခဲ့ရပါပြီ။ ကိစ္စရသ- သဘာဝဓါတ်လက္ခဏာကိုလဲ သိရပါပြီ။ ထို့ပြင်တနဲ-ငါးဖြာအာရုံ, ကာမဂုဏ်လို့ ခေါ်ရပုံနဲ့-ဂုဏ်နှစ်ရပ်မှာ ဂုဏ်တရပ်သာပေါ်ပြတတ်ပြီး- ကိလေသာကာမနဲ့-ဝတ္ထုကာမ-နှစ်ခုအကြောင်းလဲ သိရပါပြီ။ တဏှာ, ဒိဋ္ဌိ- ဘာကြောင့်အမှားငြိရတယ်လို့လဲ- ပိုင်းခြားသိရပါပြီ၊ ပရမတ်ဉာဏ်အမှီရောက်စေသည့်- သဘာဝလက္ခဏာဆိုတာ- ဘာလဲလို့လဲ သဘောပေါက်ခဲ့ပါပြီ။ ဒီတော့- အတိုချုပ်ပရမတ်ဉာဏ်သရုပ်ကလေးကို-လိုရင်းနဲ့တိုရှင်းကလေး- ဆက်ပြတာကို၊ ချေ့ပြဆိုပြီး-အခဏ်းတွေမှ- လက္ခဏာဝန္တခဲ့ပုံတွေကိုပါ၊ အစွဲကုန်အောင်- စပ်ယှဉ်ခါ- ဉာဏ်တင်ဆင်ခြင်ဝင်စားနိုင်အောင် ကြိုးစားကြစေလိုပါသည်--ကြိုးစားကြပါကုန်။

မကောင်းကောင်း, မကောင်းဘဲ-အဝိနိဗ္ဘောဂရုပ်-အဋ္ဌကလာပမှာပါတဲ့၊ ဥပါဒါ ရုပ်လေးပါးဖြစ်သော၊ ရူပါရုံ, ဝဏ္ဏ, အဆင်းရုပ်ဓါတ်ကတော့- ဒိဋ္ဌရမ္မဏရုပ်-သနိဒဿနလက္ခဏာ-မြင်အပ်,မြင်ကောင်းကာမျှသဘောဖြစ်သလို၊ ဂန္ဓာရုံ ဂန္ဓအနံ့ဓါတ်ကတော့- မုတာရမ္မဏရုပ်-ဃာယနဂန္ဓလက္ခဏာ- နံအပ်, နံကောင်းကာမျှ သဘာဝလက္ခဏာဖြစ်သလို၊ ရသာရုံ- ရသဓါတ်သည်လည်း- မုတာရမ္မဏရုပ်- သာယန ရသလက္ခဏာ-ရုပ်အာရုံ ရသ, ပေါ်ကောင်းကာမျှ သဘာဝလက္ခဏာဖြစ်သည်ဟု-မှတ်ကြောင်းပြု၍၊ချိုချဉ်ဖန်ခါး-စပ်ငံပြားသည့်- သာယန စေငြား- ဆွဲဆောင်ထားသော-ကိလေ,ဝတ္ထု-ကာမနှစ်စုတို့မှ- အလွတ်ပြုလျှင်-ဇီဝှါပသာဒထက်၌-ရုပ်အာရုံပေါ်တွက်ခါမျှ၊ ရသ,မြောက်မှု-သဘာဝပြုသည့်- မပြတ်ဆောင်နှင်း, ကိစ္စအခင်း- အချင်းအရာ- ဓါတ်လက္ခဏာသည်၊ လက္ခဏာဝန္တ- ပရမတ္ထသဘောတရား၏ အကြောင်းရှိစွမ်းရည် ပစ္စယသတ္တိတလီကြောင့်သာ၊ ရုပ်, ရုပ်ချင်းတိုက်- ရသ,မြောက်မှုထိုက်သဖြင့်၊ ဓါတုဘေဒ-ဓါတ်

(၇)ပါး, ဖြစ်ပွားရအောင်- ဆောင်နှင်းတတ်သော- အဆက်,အဆက်, သခ်တ အချက်ပရမတ္ထမှို၊ သခ်ါရအလီလီ-ဖြစ်,တည်,ပျက်မှု-ရုပ်အစု၏ဥပတ္တမ္ဘက သတ္တိ အပေါင်းနှင့်-ပစ္စယအကြောင်းစုံတို့ ကျေးဇူးဟုန်ပြုသည်၏အဖြစ်တွင်၊အာဟာရ နဲ့ဇီဝိုါ-ညီညာ,ရသ-ပေါ်ထွက်ရတတ်ခါမျှ-သခ်ါရတရားပါတကားဟု-အတုံး, အလုံး, အခဲ၊ အထည်, ဒြဗ် သဏ္ဍာန်- သုဉ်းဆိတ်သည့်- သန္တတိ, ရုပ်နိမိတ္တမျှကို၊ ဉာဏ်မပါမရှိ-စိတ်ဖြစ်တိုင်းသိ၊ ဒိဋ္ဌိနဲ့ယူ- တဏှာနဲ့သိမ်းပိုက်၊ မာနနဲ့တံခွန်ထူ လာသမျှ၊ ရုပ်ခန္ဓာ, ရသဓါတ်တွင်- အမှားပယ်ဖျောက်၍၊ ယခုပိုင်းခြားပြသော အမှန်ကိုကောက်ခါ၊ သဘောဉာဏ်ပေါက်ခဲ့ပြီးသည့်အလျောက်၊မြတ်သောဉာဏ် ရောက်အောင် (၀ါ) နိဿတ္တ- နိဇ္ဇီဝ- သဘာဝါသဘောဓမ္မ, ပရမတ္ထ- အမြတ် ဉာဏ်ရအောင်၊ အတန်တန်, ဝါစုဂ္ဂတ, ပြုလုပ်ကြ၍၊မနသိကရောန္တဿ- ဗဟုလီ ကတဿ ဖြစ်ခါ၊ ဝိပဿနာသမ္မာဒိဋ္ဌိ- ဉာဏ်မြင်မိအောင် ကြိုးစားလျက်- ရှုပွား နိုင်ပြီဖြစ်ပါသောကြောင့်၊ ဌာန်လေးပါးကလေး, ဆက်ကြခါ၊ ရသရုပ်ဓါတ်- ပရမတ်တရား- ဉာဏ်ကျက်စားနိုင်ခြင်းကို- ရပ်နားကြပါစို့....။

## ''ရသာရုံခေါ်—ရသဓါတ်၏ ဌာန်လေးပါး

(ဂေါစရဂ္ဂါဟိက-အာရမဏ-အရ)

ဇီဝှါပဋိဟနန လက္ခဏာ = ဇီဝှါပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။
ဝိညာဏဿဝိသယဘာဝရသာ= ဇီဝှါဝိညာဏ်၏ အာရုံအဖြစ်ဟူသော ကိစ္စ ရသရှိ၏။
ဂေါစရဘာဝ ပစ္စုပဋ္ဌာနာ = ဇီဝှါဝိညာဏ်၏- ကျက်စားရာအာရုံဟု- ရှေ့ရှု ထင်၏။
စတုမဟာဘူတ ပဒဋ္ဌာနာ= မဟာဘုတ်လေးပါးလျှင်-နီးစွာသောအကြောင်း ရှိ၏။

(မှတ်ရန်ဆောင်ပုဒ်)

ဇီဝှါပသာဒ၊ ထိခိုက်ပြ၊ ရသ လက္ခဏာ၊
ဇီဝှါဝိညာဏ်၊ အာရုံမှန်၊ ပြုပြန် ကိစ္စပါ၊
ဝိညာဏ်ကျက်စား၊ အာရုံတရား၊ ထင်ငြားရှေ့ရှုလာ၊
နီးစွာတရား၊ ဘုတ်လေးပါး၊ ထင်ရှားအကြောင်းပါ။ ။

........၀........

# "ဩဇာ ရုပ်ဓါတ်- ပရမတ်"

ဤ= ဩဇာရုပ်ဓါတ်သည်လည်း၊ အပြုရခက်, အသိရခက်ခဲသော ရုပ်တရားဖြစ်ပါသည်။ ဘာ့ကြောင့်ဆိုသော်၊ ဩဠာရိက- ရုပ်ဟု ဆိုအပ်သော၊ စက္ခုပသာဒ- သောတပသာဒ- ဃာနပသာဒ- ဇိဝှါပသာဒ- ကာယပသာဒ၊ ရူပါရုံ- သဒ္ဒါရုံ- ဂန္ဓာရုံ- ရသာရုံ- ပထဝီ, တေဇော- ဝါယော- တည်းဟူသော- ဖေါဋ္ဌဗ္ဗာရုံ- အစရှိသည့် (၁၂) ပါးသော- ရုပ်တို့ကဲ့သို့၊ ရုန့်ရင်းကြမ်းတမ်းသဖြင့်၊ ဉာဏ်နှင့်ဆင်ခြင်ကြည့်သောအခါ၊ ထင်လွယ်,မြင်လွယ်,ပေါ်လွင်, ထင်ရှားလွယ်သော- ရုပ်ဓါတ်မျိုး မဟုတ်ခြင်းကြောင့်ရင်း။ တနည်း= အာရုံကို ယူတတ်ဘိသကဲ့သို့ ဖြစ်သော- ပသာဒရုပ်တို့နှင့်- သီးခြားဆန်ဆက်သောအားဖြင့် ဂေါစရတရား မဟုတ်ခြင်းကြောင့်ရင်း။ ဤသို့= သုခုမရုပ်, အပါအဝင်ဖြစ်ပြီး ရသဓါတ်ပေါ်အပ်သည့်- ကဗဠီကာရာဟာရနှင့်လည်း ယှဉ်စပ်သက်ဝင်လာခြင်းကြောင့်ရင်း၊ အပြုရခက်, အသိရခက်ခဲသော- သဘောရှိပါသည်။ ထို့ကြောင့် ၎င်းကို သိရလွယ်ကူစေသောငှါ- အမည်ခေါ်ဝေါ်ပုံ- အကြောင်းခံလက္ခဏာ, ဘာဘာဝလက္ခဏာတို့မှစ၍- ခွဲခြား, ပြဆိုပေးသွားပါမည်။

ရုပ်ဓါတ်တရား(၂၈)ပါးဟု- ရေတွက်ဖေါ်ပြခေါ်ဆိုကြရာ၌။ ဩဇာဓါတ်ကို- အာဟာရရုပ်ဟု- အဓိဝစနံအားဖြင့်- ဆိုပါသည်။ အဓိဝစနံ- နာမံရှိရာ- ဥပစာအားဖြင့်-ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုသဘောမှာ- အိမ်ရဲ့ ဥပစာ= အိမ်နဲ့ အနီးကပ်ဆုံး, အကျွမ်းဝင်တာကို- အိမ့်ဇေက်မိတ်လို့ ခေါ်သလို၊ ဩဇာဓါတ်ရဲ့- အနီးကပ်ဆုံးသည်၊ အာဟာရနှင့်သာ= အာဟာရအတွင်း၌- အတွင်းဝင်ရခြင်းကြောင့်သာ= အာဟာရရုပ်ဟု-ဌာနဩဇာကို ဌာနီအာခါယ်အားဖြင့် အဓိဝစနံပြု၍- ခေါ်ဆိုအပ်ခြင်း ဖြစ်ပါသည်၊ တနည်း= ကဗဠီကာရာ အာဟာရလို့ ခေါ်ဆိုတဲ့- အလုပ်အလွေ့ကို မပြုအပ်သော်လည်း- ပြုအပ်ဘိသကဲ့သို့- သက်ဝင်သော၊ (ဝါ) ထမင်းဟင်းလျာ- အဖျော်ယမကာနှင့်- စားဘွယ်, လျက်ဘွယ်, သောက်ဘွယ်,အပြာဖြာဟု ဆိုအပ်သော— ဗဟိဒ္ဓ, အနိန္ဒြိယဗဒ္ဓရုပ်ဖြစ်သည့်- အဋ္ဌကလာပ်အပေါင်းအစု- အာကာသဓါတ် အမှုနှင့်တကွ- စုဝေးတည်နေခြင်းကြောင့် နဝကလာပ် ဟု ဆိုရသော၊ ဥတုဇရုပ်= ပထဝီ-အာပေါ-တေဇော- ဝါယော၊ ဝဏ္ဏ- ဂန္ဓ-ရသ- ဩဇာ- အာကာသပရိစ္ဆေဒနှင့်တကွ- နဝကလာပ်မျှသာဖြစ်ပြီး၊ ၎င်းကလာပတို့အတွင်း ပါရှိသည့် ဩဇာဓါတ်သည် ထိတွေ့, ကိုင်ဘွယ်၍ မရကောင်းသော်လည်း၊ (ဝါ)အလုပ်အဆုပ်, ပြုလုပ်ကိုင်

တွယ်၍ မရကောင်းသော်လည်း၊ ဖေါ်ထွဓါတ်ပါဝင်သည့်- ဓါတ်ကြီးလေးပါးကို- မှီငြားစပ်ယှဉ်ပါဝင်လာရခြင်းကြောင့်၊ အလုပ်အလွေ့အားဖြင့်- မပြုအပ်မပြုနိုင်သော်လည်း၊ ပြုအပ်ဘိသကဲ့သို- သက်ဝင်ကာ၊ ခံတွင်းအာစောက်မှ၊ လျှာအကြည်ပေါ်ရောက်ပြီး၊ ရသဓါတ်, ပေါ်ပေါက်လျက်- ဝါးမျိုချရာသို့ လိုက်ခါပါရ— ကဗဠီကာရာဟာရ၌- တည်ရာဌာနရှိသော- ဩဇာဓါတ်ဖြစ်ခြင်းကြောင့်၊ "ကဗဠီကာရော- အာဟာရော- ဩဇာလက္ခဏော" အရ၊ အာဟာရရုပ်ခေါ်— ကဗဠီကာရာ အာဟာရသည်၊ ဩဇာလက္ခဏော- ဩဇာဓါတ်လျှင်မှတ်ကြောင်း- လက္ခဏာရှိ၏- ဟုရင်း။

"ဩဇာသခ်ါတော လက္ခဏောအာဟာရော

အာဟာရ သမုဋ္ဌာနရူပံ" အရ။

ဩဇာသခ်ါတော- ဩဇာဓါတ်လျှင် မှတ်ကြောင်း, လက္ခဏာရှိသော၊ အာဟာရော- ကဗဠီကာရအာဟာရသည်၊ အာဟာရသမုဋ္ဌာနရူပံ- အာဟာရဇရုပ်ကလာပ်ကို ဖြစ်စေကြောင်း- သမုဋ္ဌာန်မည်၏။ ။ ထိုသို့- ကဗဠီကာရာ, အာဟာရသည်- အလုပ်အလွေ့ကို မပြုအပ်သော်လည်း- ပြုအပ်ဘိသကဲ့သို့ သက်ဝင်သော- စားဘွယ်, သောက်ဘွယ်, လျက်ဘွယ်, ဝါးမျိုဘွယ် ဝတ္ထုတို့၌ ပါဝင်သည့်- ဩဇာရုပ်ခါတ်ကို "အာဟာရသမုဋ္ဌာနရူပံ"ဟု ဆိုလိုပါသည်။ ရင်းဌာနဖြစ်သော- ဩဇာအပေါ်၌ တင်စား၍- ဌာနီဩဇာကိုပင်- ကဗဠီကာရာအာဟာရဟု ခေါ်ဆိုရခြင်း၌၊ (ဝါ) အာဟာရရုပ်ဟု ခေါ်ဆိုရခြင်း၌၊ ဩဇာ, သခ်ါတောလက္ခဏောအရကြောင့်ဟုလည်း- ပိုင်းခြားသိမှတ် ရပါသည်။

ထို= အာဟာရဇရုပ်သည်၊ ဩဇာဓါတ်လျှင်- မှက်ကြောင်းလက္ခဏာရှိသည့်- အာဟာရရုပ်အမည်ရပုံကို၊ အဘိဓမ္မာ ဝတာရ, အဋ္ဌကထာ၌လည်း၊ ဤသို့- ဖွင့်ဆိုပါသည်။

အာဟာရတာတိ- ရုပ်တရားတို့အား, ထောက်ပံ့သည်၏ အဖြစ်ဖြင့်- ကျေးဇူးပြုတတ်သော အာဟာရသည်ကား။ ကဗဠီကာရော- အလုပ်အလွေ့ကို မပြုအပ်သော်လည်း- ပြုအပ်ဘိသကဲ့သို့ သက်ဝင်သော- ဗဟိဒ္ဓဩဇာဓါတ်၌ ပါဝင်သည့် စားသောက်ဘွယ်ရာ- အာဟာရဝတ္ထုတို့ပေတည်း။ ဩဇာဋ္ဌမကရူပံ- ထိုအာဟာရတို့သည်၊ ဩဇာဓါတ်လျှင်ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အာဟာရဇရုပ်ကို။ အာဟရတိ-ဆောင်တတ်၏။ (ဝါ) ဖြစ်စေတတ်၏။ ဣတိ- ထို့ကြောင့်။ အာဟာရော- အာဟာရမည်၏။

ယာယသြဇာ- အကြင်, ထမင်း, မုယော, မုန့်- စသည်တို့၌ ဖြစ်သော ဖရဏသြဇာဖြင့်။ ယတ္ထယတ္ထ-အကြင်-အကြင်, ဇနပုဒ်, မြို့ရွာ, အစရှိသည်တို့၌။ ပါဏိနော- သတ္တဝါတို့သည်။ ယာပေန္တိ- မျှတကြကုန်၏။ အယံဘု- ဤသြဇာကိုလျှင်။ ကဗဠီကာရောအာဟာရောတိ- ကဗဠီကာရ အာဟာရဟူ၍။ ပဝုစ္စတိ- ဆိုအပ်၏။ ။

ဤသို့= သြဇာဓါတ်လျှင် ရှစ်ခုမြောက်သော- အာဟာရဇရုပ်ကလာပ်ကို- ဖြစ်စေခြင်း၌၊ ကဗဠီကာရ- အာဟာရတည်းဟူသော- အစားအစာမျိုးစုံတို့တွင်ပါရှိသည့်- သြဇာဓါတ်သည်၊ ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုသောကြောင့်၊ မပြတ်မစဲ- သြဇာဓါတ်, အမျှားအနဲ့အရ၊ အာဟာရဇရုပ်ကလာပ်တို့ ဖြစ်ပွားကြရပါသည်။ ယင်း, သြဇာဓါတ်သည်- အစားအစာ အာဟာရကိုပင် အကြောင်းခံရသလို၊ ရသဓါတ်တုံးကလည်း-အစာအာဟာရ၌ပင် အကြောင်းခံ အဖြစ်ပြသခဲ့ရာ- ရောထွေးသွားဘွယ်ရာ ဖြစ်ရှိနေပါသည်။ အမှန်မှာ- ထို ရသဓါတ်နှင့် သြဇာဓါတ်တို့သည်၊ အာဟာရ၌ အကြောင်းခံလာရခြင်း တူသော်လည်း၊ ရောထွေးခြင်း မရှိကြပါကုန်၊ ရသဓါတ်သည်- ဇိဝှါပသာဒနှင့် ယှဉ်စပ်၍- ပေါ်အပ်သော ကိစ္စရသ, သဘောဓါတ်၊ (ဝါ) အစာအာဟာရတို့၌- ဇိဝှါဝိညာဏ်ဖြစ်ခါ- ဇောဝေဒနာတိုင် ခံစားချက်- ရသ,ဓါတ်ပေါ်ထွက်မှုကိုသာ- ရသဓါတ်ဟု ဆိုအပ်ပါဘည်။ ထိုသို့= ဗဟိဒ္ဓဖြစ်သော- အစာအဟာရတို့သည် ဇိဝှါပသာဒမှတဆင့်- အဇ္ဈတ္တိက, ရသဓါတ်အဖြစ်သို့- ရောက်ရှိသွားရာတွင်လည်း၊ ပိုးစာ, လောင်မီး၊ကျင်ကြီး,ကျင်ငယ်-တသွယ်သွေးသား,ဟု ဆိုအပ်သည့်၊ ဒြဝါ-ရသ,ရည်အထိသာလျှင်၊ ရသဓါတ်ကို ခံစားချက်ပေါ်ခြင်းနှင့် ပေါ်ပြီးအမှု, ပြောင်းလဲပြုခြင်း, ရသ, ရည်ကြည်၌သာ- အဆုံးရှိသည်ဟုလည်း ပိုင်းခြားသိအပ်ရာပါသည်။ ထိုသို့- ရသဓါတ်အနေ- အတုံး, အလုံး, အခဲ, ပမာ- ရုပ်ကလာပ်အဖြာဖြာ- ယှဉ်စပ်၍ ဆောင်နှင်းတတ်ပုံတို့ကို- ပညတ်သုဉ်းဆိတ်အောင်လည်း- ဆိုအပ်ခဲ့ပြီးပါပြီ။ ။

ယခုတဖန်= အစားအစာ, အာဟာရကိုပင် အကြောင်းခံသည့် သြဇာဓါတ်သည်လည်း၊ ဗဟိဒ္ဓ- အာဟာရအဖြာဖြာ- ဥတုဇ နဝကလာပ်အတွင်း၌ သတ္တဝါတို့၏ ရှင်သန်စေမှု- ဇီဝိတိန္ဒြေပြု၍၊ အာဟာရဇရုပ်ကလာပ်ကို ဆောင်စေ, ဖြစ်စေတတ်ရာဝယ်၊ ဒြဝါ- တသွယ်သွေးသား, ဖြစ်ငြားစေရာ၊ ပိုးစာ, လောင်မီး, ကျင်ကြီး, ကျင်ငယ်၊ မစင်ကြယ်ဘုတ်- ခွါကာဘုတ်၍၊ ရသ ရည်ဟုသမုတ်အပ်သော၊ ရသာဟရဏီကြောမှ- တကိုယ်လုံးသို့- ပျံ့နှံ့တတ်သော၊ ရတ္တံ= အဓသွေးဟု ခေါ်ရမှုအစဉ်ကစ၍၊ ထိုရသရည်တွင်- ပါဝင်အထူ- တမူထူးခြား,

ဩဇာဓါတ်တရားသည်၊ ဗဟိဒ္ဓဩဇာအဖြစ်မှ–အဇ္ဈတ္တရုပ်ခန္ဓာအတွင်းရှိ– ဩဇာဌမက, အာဟာရဇရုပ်တို့၏– ဋ္ဌီခဏ၌၊ ပေါင်းဆုံလိုက်သည်နှင့်တပြိုင်နက်၊ အာဟာရဇကလာပ်, အဆက်ဆက်ကို (၇)ဆက်မှ-(၁၂)ဆက်တိုင်အောင် ဩဇာဓါတ်, အထက် အနုံ့ကိုလိုက်၍- ထောက်ပံ့သည်၏ အဖြစ်, ကျေးဇူးပြုသောကြောင့်၊ မူလမည်ငြား– အဇ္ဈတ္တိက ဩဇာဓါတ်တရားနှင့်– ဥပတ္ထမ္ဘက, ပစ္စယမည်ငြား– ဗဟိဒ္ဓ ဩဇာဓါတ်တရားတို့ အဇ္ဈတ္တိက, အာဟာရဇရုပ်ကလာပ်၏ ဋ္ဌီခဏတွင်၊ (၀၁) စိတ္တခဏ,ခဏငယ် (၄၉)ချက် ဋ္ဌီခဏတွင် ထောက်ပံ့ပေါင်းဆုံခြင်းဖြင့်၊ မူလ, အာဟာရဇ ရုပ်ကလာပ်သည်၊ ခဏငယ် (၅၁) ချက် စေ့၍- အတ္ထိသဘောမှ- နတ္ထိမရှိ, ချုပ်ကင်းဘိသည့် အခိုက်တွင်- အသစ်, ဥပါဒ်- အာဟာရဇ ရုပ်ကလာပ်ကို၊ ရတ္တံ= အသွေးဓါတ်အတွင်း ပါဝင်ခြင်းဖြစ်သည့် ဩဇာဓါတ်၏ ကျေးဇူးပြုခြင်းကြောင့်၊ ထင်လင်းမသွေ–ဩဇာရုပ်ဓါတ်– ရှစ်ခုမြောက်အနေဖြစ်သော– ဩဇာဌမက, အာဟာရဇရုပ်ကလာပ်တို့သည် အဆက်ဆက်ဖြစ်ပွားရ ပြန်ချေတော့သည်။ ယင်း, ဩဇာဓါတ်– အထက် အနုံ့အရ၊ ရုပ်ကလာပ် အဆက် (၇)ဆက်မှ (၁၂)ဆက်တိုင်၊ ပေါင်းဆုံဖြစ်ပွား, ဆောင်ထားတတ်သော သဘောသည်၊ ဩဇာဓါတ်၏- ထင်ရှားဆောင်နှင်း သဘာဝလက္ခဏာအခင်းဖြစ်ပါသည်။ ထို့ကြောင့်— ရသဓါတ်နှင့် ဩဇာဓါတ်သည်၊ အာဟာရတွင်- အကြောင်းခံကြရခြင်း တူသော်လည်း၊ ရသဓါတ်သည် ဇီဝှါပသာဒ၌ ရုပ်အာရုံပေါ်မှုနှင့်၊ ဒြဝါ= ရသဓါတ်ရည်- ဖြစ်တည်သည့်အတွင်းသာ— အကျုံးဝင်ပါသည်။ ရသာရုံအနေအားဖြင့်လည်း- ဇီဝှါပသာဒတွင်သာ ရသဓါတ်- အာရုံပေါ်မှု— ခံစားပြုခြင်းသဘောတွင် အဆုံးရှိပါသည်။ ဩဇာဓါတ်မှာမူ= ထိုအစာအဟာရထဲမှ— ကြိတ်ခွဲကြေညက်- ရသရည်ပေါ်ထွက်ပြီးမှ၊ ရတ္တံ= ဆိုတဲ့ အသွေးအဆက်ဆက်မှ အာဟာရဇရုပ်ကလာပ်တို့၏ ဖြစ်ရေးကို– အဇ္ဈတ္တိက အာဟာရဇရုပ်ကလာပ်ရှိ- ဩဇာဓါတ်နှင့် ပေါင်းဆုံမိပြီး၊ ဋ္ဌီခဏအတွင်း၊သဟကာရီကရဏ=တူမျှသော အထောက်အပံ့ အခင်းကို ဆောင်နှင်း၍၊ အာဟာရဇကလာပ်အဆက်ဆက်တို့ကို၊ မိမိဩဇာဓါတ်၏- အထက်, အနုံ့နှင့်– သဟကာရီကရဏ- ညီမျှနိုင်သမျှ အင်အားဖြင့်၊ သုံး, လေး, ဆက်မှ- ၁၂-ဆက်တိုင်တိုင်၊ အာဟာရသမုဋ္ဌာနရုပ်, အဖြစ်ကို- ဆောင်နှင်းတတ်သော- သဘာဝဓါတ်သည်သာ- ဩဇာဟု အမှတ်ပြုရမည့် လက္ခဏာဖြစ်ပါ၍၊ ရသဓါတ်နှင့် ဩဇာဓါတ်သည်- မတူခြားနား- တပါးတခြားစီသာ ဖြစ်ကြောင်း၊ ကောင်းစွာသိမှတ်ကြရပါသည်။

ထိုသို့— ကဗဠီကာရအာဟာရမှ= သြဇာဓါတ်သည်၊ အာဟာရဇရုပ်တို့ကို ဖြစ်ပွားစေရာ၌၊ ရတ္တံ= အသွေးအဖြစ်, လည်ပတ်ရစ်ခါ၊ ကိုယ်လုံးအနှံ့ပျံ့၍လျှတက် ဆင်းသက်ခါခါ- နှံ့စပ်ရာတိုင်း၌၊ အဇ္ဈတ္တိက, သြဇာဋ္ဌမကရုပ်နှင့်- သဟကာရီကရဏ= ပေါင်းဆုံညီမျှတိုင်း၊ ငှိအခိုက်ခဏ, ထောက်ပံ့ကြ၍၊ အာဟာရဇ ရုပ်ကလာပ်, ဖြစ်စေအပ်ပါသည်ဟု ဆိုရာတွင်=မုချနည်းကို ဆိုလိုက်ခြင်းဖြစ်ပါသည်။ သြဇာဓါတ်, လွန်စွာထက်မြက်သော- အချို့အစာအာဟာရတို့ကို- လျှာအကြည်နဲ့ တွေ့ထိ၍- ရသဓါတ်ပေါ်စကထဲကပင်- ချိုမြိန်ကောင်းမြတ်- တကိုယ်လုံး, သိမ့်သိမ့်- ပီတိစိမ့်သွားတာဘဲ၊ ချိုဆိမ့်ပြီး- အီသွားတာဘဲ၊ ရင်ထဲကို- မြေသွားတာဘဲ- အစရှိသည်ဖြင့်- နှုတ်ကပင်မြွက်၍- ခံစားချက်ရသပါ၊ ပြင်းထန်သော- သြဇာဓါတ်အနေတို့၌၊ ဤသို့- ပြောဆိုကြတိုင်း၊ အမှန်က— အာဟာရဇရုပ်ကလာပ် ဖြစ်ခြင်းတော့ မဟုတ်ပါ။ အခိုက်ဓါတ်ပြင်းထန်၍- စိတ္တဇကလာပ် အဖြစ်များသွားခြင်းသာ ဖြစ်ပါသည်။ သို့သော်လည်း ဝါးမျိုပြီးသည်နှင့် တပ်ပိုင်နက်၊ တရှိန်ရှိန်ထင်ရှား- ဖြစ်ပွားရတတ်ခြင်းများတွင် ကံနဲ့သတ္တိ- စိတ်ရဲ့အလိုတို့ပါ၊ ထက်မြက်ခါ ပါလာလျှင်တော့၊ သြဇာဓါတ်, ထက်မြက်သလောက်- သဟကာရီကရဏ,မြောက်ပြီး၊ အာဟာရဇရုပ်ကလာပ်တို့ အပိုတိုးလျက်- မျိုးမပျက်ဘဲ၊ ဆက်နွှင်းရှင်သန်- အဖြစ်မြန်ရခြင်း သဘောကိုမူ- ဖြစ်ပွားလာနေနိုင်ပါသည်။ ဤ-သဘောမှာလဲ- အဇ္ဈတ္တိက- သြဇာဋ္ဌမကရုပ်နှင့် မပေါင်းဆုံဘဲ- ဖြစ်ပွားကုန်သည် မယုတ်ဟု မုချသိမှတ်ရာပါသည်။

ထို့ကြောင့်= သြဇာဓါတ်သည်- ကဗဠီကာရ အာဟာရကို၊ အာခံတွင်းနှင့်- လျှာအခင်းမှာ ငြိပြီး၊ ရသဓါတ်ပေါ်ခြင်းနှင့်- အကြောင်းခံသည် ဖြစ်စေ၊ အကြောင်းမခံဖြစ်စေ၊ အဇ္ဈတ္တိက, သြဇာဋ္ဌမကရုပ်တို့နှင့်- ပေါင်းဆုံခွင့်ရနိုင်သော- အကြောင်း ရှိကုန်ပါက၊ မုချ- အာဟာရဇကလာပ်ကို- ဖြစ်ရှိရတတ်ပါသည်။ ရိုးရိုးသာမာန် သြဇာဓါတ်ပါဝင်သည့်- အာဟာရတို့ကိုပင်၊ လယ်ပင်း, ဝမ်းဗိုက်တို့မှ- ဖေါက်၍သွင်းသည်ဖြစ်စေ။ ဣသိ, သိဂ်ရသေ့- ခုနစ်နှစ်တိုင် မေ့၍နေရာ၊ ၎တ်တို့- ဖန်ဆင်း, သြဇာဓါတ်မင်းကို၊ မွေးညှင်းပေါက်တို့မှ သွင်းပေးသဖြင့်၊ ခုနစ်နှစ်တိုင်တိုင်- မေ့မျောနေသော်လည်း- ရုပ်,မပျက်,ဇီဝိန်မကင်း- ရုပ်ဇီဝိတိန္ဒြေနှင့်တကွ ရှင်သန်ခြင်းကိုကြည့်ပါက၊ သြဇာဓါတ်သည်- ချို, ချဉ်, ငန်, ဖန်, အာရုံခံရမှမဟုတ်၊ သြဇာဓါတ်, ဘုတ်ကလာပ်အမှန်- အဇ္ဈတ္တိက- အယံသို့-သက်ဝင်အောင် ပြုစီရင်နိုင်လျှင်၊ အဇ္ဈတ္တနဲ့ ကိုက်ညီသော- သဟကာရီကရဏအရ, ပေါင်းဆုံကြကာ- ရုပ်,အဆက်ဆက်တို့- ရှင်သန်ရတတ်ပုံကို- ကြည့်

ပါက၊ "သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ" အဘောသည်၊ ဩဇာဓါတ်လျှင်-ပဓါန သဘာဝ လက္ခဏာအားဖြင့်- ဆောင်နှင်းခြင်းကြောင့်ဆိုသည်မှာ-လွန်စွာထင်ရှားလှပါတော့သည်။

ဤနေရာ၌— အချို့တို့က၊ ရသ,သည်အနှစ်၊ ဩဇာသည် အဆီအစေး၊ ထို- အဆီ, အနှစ်, အစေး, သဘောသည်ပင်- ဩဇာဓါတ်ဟု ဆိုကြကုန်၏။ ဤသဘောကို- အနုဋီကာဆရာအဖွင့်အရ- ဝိုင်းဝန်းဆိုကြကုန်ခြင်းသာ ဖြစ်ပါသည်။ ဤသို့ဆိုသဖြင့်- ရသနှင့်ဩဇာ မကွဲမပြားဖြစ်မှုအရေး၊ အဆီ,အနှစ်,အစေးဟုဆိုပါကလည်း၊ ထို-ဩဇာဋ္ဌမက, အာဟာရဇရုပ်သည်၊ ပရမတ္ထသဘောဓမ္မအစစ်မှ ဓါတ်သားနေမျှ- ဖြစ်ပြဆောင်နှင်းခြင်း- ခဏတ္တယပါလို့- ပြောစရာ, ပြသစရာ မရှိတော့ဘဲ၊ အဆီ, အနှစ်, အစေးဆိုတဲ့- ပညတ်တရားတွေက- ဩဇာဋ္ဌမက, အာဟာရဇ ရုပ်ကလာပ်တွေ- ဖြစ်သွားကြပေါ့၊ ဖြစ်နေကြတာပေါ့ဟု- ဆိုရာရောက်သဖြင့်ရှင်း။ ယောအတွင်းဝန်၏- ကာယာနုပဿနာကျမ်း- စာမျက်နှာ (၄၁)၌၊ ဩဇာဓါတ်သည်= အဆီ, အနှစ်, အစေး,ဟု ဆိုက- ပရမတ္ထသဘော မဖြစ်နိုင်တော့သဖြင့်၊ နယုတ္တံ—မသင့်ဟု-သုံးသပ်ပြသထားပါသည်။ ။မှန်ကန်ပါပေသည်။ ဗဟိဒ္ဓ-အစာအဟာရ-ဩဇာအနေကို၊ သူသူငါငါတွေက,သာမာန်မျက်စေ့နဲ့မြင်ရတဲ့-အဆီ, အနှစ်, အစေးများသည့်- ရုပ်ဝတ္ထုတွေကို၊ တယ်, ဩဇာဓါတ်များတဲ့ အစားအစာဘဲလို့- ပြောကြ, ဆိုကြသည်၊ ဩဇာဓါတ်ဆိုသည်မှာ- ဤကဲ့သို့- သာမာန်မျက်စေ့နဲ့ မြင်ရတဲ့- အဆီ, အနှစ်, အစေးကို-ဆိုလိုတာ မဟုတ်ပါ။ အဆီ, အနှစ်, အစေးက, တခြား- ဩဇာဓါတ်က တခြားပါ။ အဆီ, အနှစ်, အစေးထဲမှာလဲ- ဩဇာဓါတ်မရှိပါ၊ ဩဇာဓါတ်ထဲမှာလဲ အဆီ,အနှစ်,အစေး, မရှိပါ။ အဆီ, အနှစ်, အစေး, ဟူသောအကြောင်းကြောင့် ဩဇာဓါတ်အနေ- မဆောင်နှင်း- မဖြစ်ပေါ်စေသည်လည်း မဟုတ်ပါ။ (ဥပမာ) မီးသည်- တေဇောဓါတ် မဟုတ်ပါ။ မီးထဲမှာ- တေဇောဓါတ် မရှိပါ။ တေဇောဓါတ်ထဲမှာလဲ- မီးမရှိပါ၊ မီးတည်းဟူသော အကြောင်းကြောင့်- မရင့်ကျက်သည်လည်း- မဟုတ်ပါ၊အကြောင်းတိုက်ဆိုင်စုံညီတိုင်း-ရင့်ကျက်မှုသဘော သဘာဝလက္ခဏာကို- ဆောင်နှင်းထွန်းပြလျက်ပါ၊ ဆောင်နှင်းဘတ်ပါတယ်ဆိုတာလို၊ ကဗဠီကာရာအာဟာရထဲမှာပါတဲ့- ပညတ်-အဆီ အနှစ်,အစေးကို-ဩဇာဓါတ်ပါလို့ တိုက်ရိုက်မလုပ်အပ်ဘဲ၊ ဗဟိဒ္ဓဩဇာအကြောင်းခံမှု- အဇ္ဈတ္တဩဇာဋ္ဌမကရုပ်နှင့်- သဟကာရီကရဏ ဖြစ်မှုရှိပါမှ၊ဩဇာဓါတ်သဘောဆောင်ခါ- အာဟာရဇရုပ်ကလာပ်ကို- ဖြစ်စေကာတ်, ဖြစ်စေအပ်,ပါသည်သို့- ပိုင်းခြားသိရှိ- ကိုးထွင်းဉာဏ်ဖြစ်မိကြဘို့လိုပါသည်။

ဒီတော့- အဆီ, အနှစ်, အစေးကိုသာ- ဩဇာလို့မထင်ပါနဲ့၊ ဗဟိဒ္ဓမှာဖြင့်စေ၊ အဇ္ဈတ္တမှာဖြစ်စေ၊ အဝိနိဗ္ဘောဂ, အဋ္ဌကလာပတစီးမှာပင်၊ မကင်းမကွာ- ဩဇာဓါတ်ပါရှိပါသည်၊ ဒါကိုတော့- ငြင်းလို့မရနိုင်ပါ။ အကယ်၍- အဆီ, အနှစ်, အစေးမှ ဩဇာဓါတ်ပါဆိုရင်၊ ယင်ဘောင်စာ, ငါးသလဲထိုး-ငါးပေါက်စကလေးတွေမှာ--ရေမှော်ကလေးတွေနဲ့- ရေမြုပ်စကလေးတွေကို- စားပြီး ဩဇာဋ္ဌမကရုပ်တွေဖြစ်ခါ-မျှတရှင်သန်နေကြတာကိုကြည့်က၊ အဆီ, အနှစ်, အစေးမှ- ဩဇာဓါတ်လို့ ယူထားရင်- လွဲမှားနေပါလိမ့်မယ်၊ နောက်ပြီး- ခြကလေး- ငါးကောင်, ဆယ်ကောင်လောက်ရှိတဲ့နေရာမှာ၊ အဆီထုတ်ပြီးသားဆေးသွားတဲ့ထင်းရှူးပြားစတွေရယ်= ရေစိုတွန့်လိန်ပျက်စီးနေတဲ့-စက္ကူစုတ်တွေရယ်ကို၊ အဲဒီ ခြဆယ်ကောင်ဆီ- သွားချပေးထားလိုက်ပါ၊ တပတ်အတွင်းမှာ ခြတွေအများကြီးနဲ့ ဝဝ-လင်လင် အကောင်တွေ- ဖြစ်နေတာကိုတွေ့ရပါလိမ့်မယ်၊ ဘယ်က, အဆီ-အနှစ်, အစေးတွေကို စားရလို့လဲမေးရင်-မစားရပါဘူးလို့ဘဲပြောရမယ်၊ ဒါဖြင့်-ဩဇာဓါတ်ဆိုတာ အဆီ- အနှစ်- အစေးပါလို့ဆိုရင်- အဆီ အနှစ်, အစေးကို- မစားမသောက်ရဘဲ- သတ္တဝါတွေဟာ- အာဟာရဇ ဩဇာဋ္ဌမကရုပ်ဖြစ်ပြီး- ရှင်သန်နေနိုင်စရာပင် အကြောင်းရှိတော့မည် မဟုတ်ပါပေ။

ဒါကတော့-တိရစ္ဆာန်နဲ့လူ ဘယ်တူမလဲလို့- လွဲမချပါလေနှင့်- စတုသမုဋ္ဌာနိက- ဣန္ဒြိယဗဒ္ဓရုပ်ချင်း အတူတူပါဘဲ၊ ဘုံအားဖြင့်လဲ- ခန္ဓာငါးပါးရအပ်တဲ့- ပဉ္စဝေါကာရဘုံပါဘဲ၊ ဒါမှမကြေနပ်သေးဘဲ-အဆီ-အနှစ်-အစေးကမှ ဩဇာဓါတ်အစစ်အမှန်မို့-ဩဇာဓါတ်ပြည့်စုံတဲ့-အစားအစာချည်းသုံးဆောင်ရရင်-ကျန်းမာ ဝဖြိုး-အသက်ရှည်ရန် ရုပ်အဆက်ဆက်တွေတိုးနေမှာဘဲလို့ထင်ရင်လဲ၊ အောက်ပါ-ဖြစ်အင်ကလေးတွေကို ပြန်ကြည့်အုံးပေါ့။

အင်္ဂလန်ပြည့်ရှင် ဆဋ္ဌမမြောက်ဘုရင်သည်၊ လက်အောက်ခံ, အိုင်ယာလံကျွန်းကို တိုင်းခန်းလှည့်လည်တော့-အသက် ၁၂၀-ရှည်တဲ့-အဘိုးအိုတယောက်ကိုတွေ့ရသတဲ့၊ အဲဒီ အဘိုးအို-ဗလဲယားကိုတွေ့တော့၊ မေးမြန်းတဲ့အခါ-အသက် ၁၂၀-ရှိတဲ့အကြောင်း- မိမိကိုယ်တိုင်စိုက်သော သစ်သီးသစ်ဥ-သစ်ရွက်တို့သာ စားကြောင်း-တလလျှင်တကြိမ်မျှသာ-သားများ မြေးများမှပို့သော-သားငါးကလေးများကိုစားကြောင်း- ခြံကလေးကို ကိုယ်တိုင်စိုက် ကိုယ်တိုင်ရေလောင်းသုတ်သင်နိုင်ကြောင်း နှာပကျန်းမာ၍- အိုင်ယာထက်၌ ၃-ရက်ပြည့်အောင်လဲ မနေဘူးကြောင်း၊ သူ့ကိုလဲ အေးဆေးစွာနေသတတ်၍ အများက လေးစားကြည်ညိုကြကြောင်း- ဒါတွေကို ရှင်ဘုရင်ကသိရတော့၊ အဘိုးကြီး- ဗလဲယားကို

သနားပြီး နန်းတော်မှာ ခေါ်ထားခါ- ကောင်းကောင်းမွန်မွန်တွေ ကျွေးမွေးပြီး ပြုစုထားရလျှင်– ခုတောင်ကျန်းမာတုန်းဆိုတော့– အသက် ၂၀၀-လောက်တောင် ရှည်နိုင်တယ်။ ငါခေါ်သွားပြီး ကောင်းစွာထားကြည့်မယ်ဆိုပြီး။ အဲဒီနေ့မှာဘဲ အဘိုးကြီးဆီကို–ဝတ်စုံတွေပို့ပေးပြီး၊ အပြန်ကျတော့–အင်္ဂလန် နန်းတော်ခေါ်သွားတယ်၊ အင်္ဂလန်ကျတော့·နန်းတော်ဝင်းထဲက ဆွေမျိုးဆောင်မှာ သုံးထပ်ပေါ်တင်ထားပြီး၊ သူ့အခိုင်းအစေနဲ့- သူ့သူနာပြုနဲ့- ဘုရင်စားတဲ့ပွဲတော်စားနဲ့အတူ ဆီဥထောပတ်– အနှစ်– အစေးများတဲ့ အာဟာရတွေ– နေ့တိုင်းကျွေးပြီး– ပွဲလမ်းသဘင်ဆိုလဲ-မူးမတ်တွေလို အခွင့်အရေးနဲ့ ပေးထားခဲ့တယ်၊ ဒါပေမဲ့.... ၃–လလောက်လဲ ကြာပြီးရော- ဇိမ်နဲ့–အဆီအအိမ့်တွေသာ သုံးဆောင်နေရတဲ့ အဘိုးကြီးဟာ ခဏ္ခဏချူချာပြီး– ဖျားချီတခါ–ကောင်းချည်တလှည့်နဲ့ ဘုရင့်သမားတွေ ကုပေးနေတဲ့ကြားထဲက ၅–လလောက်အလွန်မှာ– မရဏမင်း သူ့လက်တွင်းကိုပါသွားခဲ့ရတယ်၊ အိုင်ယာလန်က သူ့အမျိုးတွေခေါ်ပြီး သင်္ဂြိုဟ်ပေးလိုက်ရတော့တယ်၊ ဒီတော့– သူ့အမျိုးတွေကပြောသတဲ့– အဘိုးကြီး သူ့ဟာသူ- တောင်ယာလုပ်ပြီး-ရှိတာကလေးနဲ့ စားနေရင် မသေနိုင်သေးပါဘူးတဲ့၊ ရှင်ဘုရင်ခေါ်ပြီး အဆီ-အအိမ့်တွေကျွေးပြီး သတ်ပစ်လိုက်တယ်လို့-ယူကြုံးမရပြောကြသတဲ့၊ ကဲ... အဲဒါ ဘာဖြစ်လို့လဲ ယောဂီတို့....၊

အဆီ, အနှစ်, အစေးကမှ သြဇာဓါတ်၊ သြဇာဓါတ်သည်- ရုပ်ခန္ဓာဇီဝိတိန္ဒြေကို-ရှင်သန်အောင်စောင့်ရှောက်တဲ့ သြဇာဋ္ဌမကရုပ်ကိုဖြစ်စေတယ်လို့ဆိုတာ-မှုချမှန်ကန်တယ်ဆိုရင်၊ အဘိုးကြီးဗလဲယား–ငါးလကျော်လောက်နဲ့တော့ သေမသွားသင့်တာ အမှန်ဘဲ၊ ခုတော့- ဘုရင်က- အဆီ, အနှစ်, အစေးတွေနဲ့ ကျွေးမွေးထားဒါကိုဘဲ- အဆီအအိမ့်တွေကျွေးပြီး- သတ်ပစ်လိုက်တယ်လို့- သူ့ဆွေမျိုးတွေရဲ့ အစွပ်အစွဲတောင် ခံလိုက်ရသေးတယ်၊ ဒီနေရာမှာ တချို့ကလဲ အဘိုးကြီး ကံကုန်လို့သေတာလို့· ပြောချင်လဲပြောမယ်၊ အဲဒီလို- ကံချည်းသက်သက်· ပုံချတတ်လွန်းရင်လဲ- ပုဗ္ဗေကတ ဟေတုကဒိဋ္ဌိဖြစ်တတ်ပါတယ်။ ဒီတော့- သဘောမှန်- ကလေးပြန်ကြည့်ရင်- မူလ-အဇ္ဈတ္တိက- သြဇာဓါတ်ခံသည်- ဘုရင်ကျွေးတဲ့- ဗဟိဒ္ဓသြဇာဓါတ်တွေနဲ့- မလိုက်ဖက်တာ အမှန်ဘဲ၊ ဘာဖြစ်လို့လဲဆိုတော့· ကြွေလွယ်, ညက်လွယ်-ပါစကဓါတ်မီး မငြိမ်းအေးတဲ့-အသီးအရွက်နဲ့ဘဲ မျှတခဲ့တယ်။ ကိုယ့်ခြံလေးကိုယ်စိုက်ဘော့- ဇွရိယာပုထ်ကလဲမျှတတယ်၊ သူ့အာဟာရနဲ့- သူ့အနေအရ ကြွေလွယ်-ညက်လွယ်တဲ့- အာဟာရကနေ- သြဇာဋ္ဌမက- ရုပ်အဆက်ဆက်ဖြစ်လုရင် .. လေးငါးဆက်ကနေ (၇) ဆက် (၈) ဆက်လောက်နဲ့- ရုပ်ဇီဝိတိန္ဒြေကို- တသက်လုံးမျှတနေလာရာမှာ၊ သူ့အဇ္ဈတ္တသြဇာ

ဓါတ်နဲ့ သူ့ဗဟိဒ္ဓသြဇာဓါတ်- သဟာကာရီကာရဏအဖြစ်- အမြဲတစေ အံကိုက် ကျနေရာက၊ ကိုရွှေရှင်ဘုရင်က အဆီ-အနှစ်- အစေး သြဇာဓါတ်တွေကျွေးထား ရရင်- ဒီထက်အသက်ရှည်မယ်ထင်ပြီး- ကျွေးမွေးခဲ့ပေမဲ့၊ သူ့အဇ္ဈတ္တ သြဇာက- အာဟာရဇရုပ်ကလာပ်(၈)ဆက်လောက်သာ ဖြစ်ခွင့်ပေါင်းဆုံနိုင်ရာတွင်-ဗဟိဒ္ဓ သြဇာဓါတ်က(၈)ဆက်ကအစ(၁၂)ဆက်တင်းတင်းပြည့်အောင် အဟုန်အရှိန် ပေးတော့- သဟာကာရီကာရဏ- မညီမမျှဖြစ်ပြီး၊ (၈) ဆလောက်ဖြစ်ပြီးတာနဲ့ ကျန်ဗဟိဒ္ဓသြဇာတွေကို- ဘယ်ကလာပ်နှင့် သဟာဇာတဖြစ်ရမှန်းတည်ရာမရ၍ ပါစက ဝမ်းမီးကိုဘဲ ပြန်လာပြီး- နောက်စားတဲ့ အာဟာရထဲပေါင်းဝင်ကာ ကမ္မဇတေဇောကို- ငြိမ်းပေးလေ့ရှိတော့ တနေ့လဲမဟုတ်- တလထက်တလ- ကမ္မဇတေဇောငြိမ်းပြီး=ဖျားနာကိန်းတွေဝင်-အဇ္ဈတ္တသြဇာကိုလဲ-ဖြုန်းတည်း ပစ်ရာကျပြီးတော့=သြဇာဋ္ဌမကရုပ်အားနဲ့- အားသစ်,အင်သစ်-မဖြစ်နိုင်သည် အထိ သက်ဝင်ခါ၊ အဆုပ်,နှလုံး, အသဲ,သည်းခြေတွေပါ ချို့ယွင်းပြီး-မရဏမင်း လက်ထဲကို- ဗဟိဒ္ဓသြဇာနှင့် အဇ္ဈတ္တသြဇာ- သဟကာရီကရဏ- မမျှတရာကအစ ပြု၍- ဘဝတခု- နိဂုံးချုပ်ရတဲ့- သဘောသာဖြစ်ပါသည်။ ဒါကြောင့်= အဆီ- အနှစ်- အစေး- ဗဟိဒ္ဓမျက်မြင်ကလေးဖြစ်တဲ့- ပညတ်မျှကိုတော့- ဓါတ်လို့လဲ အမည်မရထိုက်ပါသဖြင့်- အာဟာရဇရုပ်ကလာပ်- တိုက်ရိုက်ဖြစ်စေတတ်သော ပရမတ်သဘောကဲ့သို့မဟုတ်ခြင်းကြောင့်ရင်း၊အတုံး အလုံး အခဲ- သဏ္ဌာန်ပညတ် ထဲဝင်နေ၍ရင်း၊ သြဇာဓါတ်ဟု- မမှတ်အပ်ဘဲ- အကြောင်းတဆင့်ခံ- သတ္တဝါ တို့ရဲ့ကံနဲ့စပ်၍- လောကဓါတု ဥတုဇသြဇာ- သမုတိသစ္စာမျှသာ ဖြစ်သည်ဟု တထစ်ချယူမှတ်သင့်တော့ပါသည်။ ။

ဒီတော့- ယောအတွင်းဝန်ရဲ့- ဆုံးဖြတ်ဟာ၊ အဆီ, အနှစ်, အစေးတို့ကို သြဇာဓါတ်လုပ်နေရင်- ပညတ်ပေါ်တင်နေလို့- မသင့်ပါလို့ဆိုလိုက်ခြင်းသည်၊ မှန်ကန်ရှင်းလင်းသွားလောက်ပါပြီ၊ ထိုကဗဠီကာရအာဟာရသြဇာဓါတ်သည် သည် အလုပ်အလွေ့ မပြုအပ်သော်လည်း၊ ပြုအပ်ဘိသကဲ့သို့- သက်ဝင်ရသော ဥတုဇနဝကလာပ်, ရုပ်အစုဝတ္ထု တည်းဟူသော- စားဘွယ်, သောက်ဘွယ်, လျက်ဘွယ်တို့ကို၊ အဇ္ဈောဟရဏကာလေ= ဝါးမျိုအပ်သောအခါကာလမှစ၍၊ ထိုထိုအာဟာရဝတ္ထုတို့သည်- အစာသစ်,အစာဟောင်း,အဖြစ်ပြောင်း၍၊ပိုးစာ, လောင်မီး, ကျင်ကြီး, ကျင်ငယ်စသည်တို့ဖြင့်၊ ထိုရုပ်ဝတ္ထုတို့သည် ပြီးသကဲ့သို့၊ ရသ, ရေကြည်မှုလည်း သြဇာဓါတ်အလီလီဖြင့်- ရုပ်ခန္ဓာအဆက်ဆက်, မပျက် မကွက်ဆောင်နှင်းတတ်ပုံနှစ်ရပ်ကို၊ အဘိဓမ္မာဝတာရ- အဋ္ဌကထာဖွင့်ဆိုချက် အရ၊ ဤသို့ သိအပ်ရာပါသည်။

"အန္နပါနာဒိကံ-ထမင်း, ဟင်းလျာ-အဖျော်ယမကာအစရှိသော၊ ဝတ္ထု-ဥတုဇ, ကဗဠီကာရအာဟာရရုပ်ဝတ္ထုသည်၊ ကမ္မဇအဂ္ဂိ -ကမ္မဇတေဇောဝမ်းမီးကို၊ ဟရတိ ဂဏှာတိ-ဆောင်ယူ၏၊ ကေဝလံ- ဩဇာဓါတ်နှင့်မဖက်-သက်သက်သော-အာဟာရဝတ္ထုသည်၊ ဇီဝိတံ-ဇီဝိတိန္ဒြေကို၊ ပါလေတုံ- စောင့်ရှောက်ခြင်းငှါ၊ နသက္ကောတိ-မတတ်နိုင်သည်သာလျှင်တည်း။

ဩဇာ-ဩဇာဓါတ်သည်၊ဇီဝိတံ-ဇီဝိတိန္ဒြေကို၊ ပါလေတုံ-စောင့်ရှောက်ခြင်းငှါ၊ သက္ကောတိ-တတ်နိုင်၏၊ ပါစကံ- ကမ္မဇတေဇောကို၊ ဟရိတုံ- ယူခြင်းငှါ၊ နသက္ကောတိ- မတတ်နိုင်သည် သာလျှင်တည်း။ ဥဘော- နှစ်ပါးကုန်သော ဝတ္ထု, ဩဇာတို့သည်၊ ဧကတော=တပေါင်းတည်း၊ဟုတွာ-ဖြစ်ကုန်၍၊ ပါစကံ-ကမ္မတေဇောကို၊ ဟရိတုံစ-ဆောင်ခြင်းငှါလည်း၊ ဇီဝိတံ-ဇီဝိတိန္ဒြေကို၊ ပါလေတုံပိစ-စောင့်ရှောက်ခြင်းငှါလည်း၊ သက္ကောတိ-တတ်နိုင်ကုန်၏။"

အထက်ပါ— ဖွင့်ဆိုတော်မူချက်အရ၊ ဩဇာဓါတ်လျှင်- မှတ်ကြောင်းလက္ခဏာရှိသော- ကဗဠီကာရ အာဟာရသည်၊ သုံးဆောင်သူဟု ဆိုအပ်သောရုပ်ခန္ဓာအစဉ်၌၊ ရုပ်ဝတ္ထုအမည်ရသည့်- အလုပ်အလွေ့ပြုအပ်, ဝတ္ထုအရပ်ရပ်စသည်တို့ဖြင့်၊ အစာသစ်, အစာဟောင်း,ကျင်ကြီး,ကျင်ငယ်- အပေါင်းအဖြစ်ပြောင်းလဲသက်ဝင်ရန်၊ ကမ္မဇတေဇော-ပါစကဝမ်းမီးကို-လောင်စာအဖြစ်ထည့်သွင်းလှစ်၍၊ ပါစကတေဇောကို- ယူဘိသကဲ့သို့- ဆာလောင်မွတ်သိပ်ခြင်းအားငြိမ်းစေ၏။ ရုပ်ဇီဝိတိန္ဒြေ၏- ရှင်သန်စေမှုကိုတော့မူ၊ စောင့်ရှောက်ခြင်းငှါ မပြုနိုင်ပါကုန်။

ထိုသို့- ရုပ်စုဝတ္ထုသည်၊ ပိုးစာ, လောင်မီး, ကျင်ကြီး, ကျင်ငယ်, အဖြစ်နယ်တွင် ပါစက ဝမ်းမီးကြောင့်ဖြစ်သော ဆာလောင်မွတ်သိပ်ခါ- အားအင်နုံးခွေ- ချိနွဲ့သည့်အနေမှ၊ ဖြိုးဝေကာ ပြည့်ရခြင်း, ထိုအခင်းဖြင့်- ပါစကတေဇောကို ယူဘိသကဲ့သို့ဖြစ်၏။ ကျင်ကြီး, ကျင်ငယ်- စသည်တို့မှတပါး- တသွယ်သွေးသား ဖြစ်မည့်- ရသ,ခေါ်မည်၊ ဒြဝါ, ရေကြည်မှ၊ ဩဇာအဖြစ်, ပေါ်တုံလစ်သော၊ ရတ္တံ- အသွေးမှစ၍- ဩဇာဓါတ်ဧနက်ဖြင့်- အာဟာရဇရုပ်အဆက်ဆက်ကို ဖြစ်စေကာ၊ ဩဇာဓါတ်သည်၊ ပါစကတေဇောကို- မဆောင်နိုင်သော်လည်း၊ ရုပ်သက်, ဇီဝိတိန္ဒြေအဆက်ဆက်ကို၊ ဩဇာဋ္ဌမက,အာဟာရဇရုပ်ကလာပ်အနေဖြင့်- မပြတ်အောင်- စောင့်ရှောက်နိုင်ပေ၏။ ထို့ကြောင့်- ကဗဠီကာရာဟာရသည်၊ ဝတ္ထု- ဩဇာ- နှစ်ဖြာနှစ်ရပ်- ခြားနားလတ်သော်လည်း တပေါင်းထည်းအားဖြင့်- ကမ္မဇတေဇောနှင့် ဇီဝိတိန္ဒြေကို- ကာသီးသီး, ဆောင်

တတ်, စောင့်ရှောက်တတ်သော- ရုပ်ဓါတ်တရား ဖြစ်ကြောင်းကို ပိုင်းခြား၍ သိစေအပ်ပါသည်။ ထိုသို့- အာဟာရအချက်ဖြင့်၊ ဝတ္ထုကိစ္စ- ဩဇာကိစ္စကို- မုချယူ၍စပ်, ဆောင်နှင်းတတ်ခြင်းကြောင့်၊ ဤ-ခန္ဓာသခ်ါရ—"လောကကြီးဟု ခေါ်ဆိုရသည့်- ဥပါဒါနက္ခန္ဓာ- လောကကြီးကို၊ သဗ္ဗေသတ္တာ- အာဟာရ ဋ္ဌိတိကာအရ" တပါးသောအဘိုအားဖြင့်- အာဟာရလောကဟူ၍- မြတ်ဘုရား ရှင်သည်- သတ်မှတ်ခေါ်တွင်တော်မူခဲ့ပါပေသည်။

ဤသို့— မုချအားဖြင့်-အာဟာရရုပ်ဟု ခေါ်ဆိုအပ်သော ဩဇာဋ္ဌမက ရုပ်သည်၊ စတုသမုဋ္ဌာနိက= အကြောင်းတရားလေးပါးတို့- ပြုပြင်စီရင်ခြင်းခံရ သော ရုပ်တရားသာဖြစ်ပါသည်။ ဖြစ်ကြောင်း- သမုဋ္ဌာန်အရမှာမူ၊ အာဟာရ သမုဋ္ဌာန်ဟု ဆိုအပ်ပေ၏။ ပစ္စည်း- ပစ္စယုပ္ပန်အားဖြင့်- ဗဟိဒ္ဓ ကဗဠီကာရ အာဟာရတွင် ပါဝင်သော- ဩဇာဓါတ်သည်၊ ပစ္စည်းတရား ဖြစ်ပါသည်။ အာဟာရဇ ရုပ်ကလာပ်တို့သည် အကျိုး, ပစ္စယုပ္ပန်တရားဖြစ်ပါသည်။ တနည်း အားဖြင့်- အဇ္ဈတ္တဩဇာနှင့် ဗဟိဒ္ဓဩဇာနှစ်ပြာသည် ပစ္စည်းတရား ဖြစ်ပါသည်။ ဩဇာဋ္ဌမက, ကလာပ်အတူတူ၌၊ ဩဇာဓါတ်ကြဉ်အပ်သော- ကြွင်းရုပ်တရားတို့ သည် ပစ္စယုပ္ပန်တရားများဖြစ်ပါသည်။ ထိုသို့-ဩဇာဓါတ်သည်- မိမိမှီရာမဟာ ဘုတ်လေးပါး၌ ဥပါဒါရုပ်အဖြစ်ဖြင့် စွဲမှီကာ၊ မိမိသဘောမျှဟု ဆိုအပ်သော အာဟာရဇရုပ်ကလာပ်တို့ကို ဖြစ်စေရာဝယ်၊ ဥပတ္ထမ္ဘက ပစ္စယသတ္တိကို- အဇ္ဈတ္တ ဩဇာနှင့် ပေါင်းဆုံ၍- အာဟာရဇရုပ်ကလာပ်တို့၏ ဋ္ဌီခဏတွင်- ထောက်ပံ့ သည်၏အဖြစ်ကျေးဇူးပြုခါ၊ အာဟာရဇရုပ်ကို ဖြစ်စေတတ်သော မှတ်ကြောင်း လက္ခဏာကို ဆောင်တတ်သည့် ဩဇာဓါတ်ဖြစ်ပါသည်။ ဤဥပတ္ထမ္ဘက ပစ္စယ သတ္တိသည်- ဩဇာ၏- ပစ္စည်းတရား အနေအားဖြင့်- ဆောင်နှင်းတတ်သော (ဝါ) ထောက်ပံ့သမှု ကျေးဇူးပြုတတ်သော- သဘာဝလက္ခဏာ, ကေန်ဖြစ်ပါ သည်။ အကြောင်းခံကား- ကဗဠီကာရ အာဟာရဖြစ်ပါသည်။ ရုပ်အနေအား ဖြင့် ပစ္စည်းအပေါ်တွင်- အမည်မယူဘဲ- အကျိုးပစ္စယုပ္ပန် အာဟာရဇကလာပ် ပေါ်တွင် တင်စား၍၊ "ဩဇာလက္ခဏော သခ်ါတော အာဟာရော- အာဟာရ သမုဋ္ဌာနရူပ"အရ- အာဟာရရုပ်ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ပရမတ္ထသဘော ဓမ္မအမှန်- အကြောင်းရှိစွမ်းရည် ကေန်ဖြစ်သော- ဩဇာဓါတ်အနေ၊ မိမိ, သဘောမိမိ, ဆောင်နှင်းလေတိုင်း၊ အာဟာရဇရုပ်ကလာပ်တို့ အကြောင်းစုံညီ သဖြင့်- ခဏတ္တယ, သက်ဝင်ရခြင်း-- သခ်တပရမတ်၏ ရုပ်သခ်ါရစာရင်းကို ထင် လင်းဖြစ်ရခြင်း သာဘောမှုလွဲ၍၊ အတုံး, အလုံး, အခဲ, အထည် ဒြပ်, သဏ္ဌာန် မရှိကေန်ဖြစ်ပါသည်။

ရုပ်ကလာပ်, လေးရုပ်ဖြစ်သော ကမ္မဇကလာပ်— စိတ္တဇကလာပ်, ဥတုဇကလာပ်- အာဟာရဇကလာပ်တို့တွင်၊ ဤရူပက္ခန္ဓာသက်ဝင်စ, ကလလရေကြည် ကမ္မဇကလာပ်သုံးဖြာ တည်ပြီးသည်၏- ဤမှာဘက်၌၊ (၀၁) ဥပါဒ်,ဌီ, ဘင်, အားဖြင့်- ချုပ်ပျက်တော့မည့်- ဌီခဏ၌၊ ထိုကမ္မဇ ရုပ်ကလာပ်တွင်ပါဝင်သည့် ကမ္မဇ တေဇောတည်းဟူသော--ပစ္စာဇာတ ပစ္စည်းကိုရ၍- ဥတုဇရုပ်ကလာပ်ကို ဖြစ်စေခြင်း။ ပဋိသန္ဓေစိတ် ချုပ်ကင်းပြီးနောက်၊ ပဌမ, ဘဝင်စိတ်၏- ဥပါဒ်ခဏကစ၍၊ စိတ္တဇရုပ်ကလာပ်တို့- သက်ဝင်ဖြစ်ရခြင်း။ အမိ၏ဝါးမျိုအပ်သော အာဟာရကို အမှီရနိုင်သည့်- တသတ္တဟ- နှစ်သတ္တဟ အတွင်းမှစပြီးလျှင်၊ ဗဟိဒ္ဓ အဇ္ဈတ္တ ဩဇာဓါတ်ကြောင့်- အာဟာရဇရုပ်ကလာပ်တို့ ဖြစ်စေခဲ့ရခြင်း=မှစ၍၊ ကံ, ဥတု- စိတ်,အာဟာရ- အကြောင်းလေးပါး, ပြုပြင်စီရင်ခံရအပ်သည်ဖြစ်၍၊ ဤ- ရူပက္ခန္ဓာခေါ်- ရုပ်ဓါတ်တရား- (၂၈)ပါးတို့သည်၊ ဝတ္တမာန်ကာလ တလျှောက်၊ ပြုပြင်မှုမဆိတ်- ဖြစ်မှုမဆိတ်၊ ပျက်မှု-မဆိတ်သော- သန္တတိဇရာ, ရုပ်အဖြာဖြာတို့သည်၊ ပြုသူစီမံ- တန်ခိုးလျှံအရှင်လည်းမရှိ၊ စီမံပြုလုပ် သူငါ သရုပ်ကိုလည်း- မြူမျှမှ ရှာ၍မရ၊ ထင်ရှားကေန်ရှိသည့်- ပရမတ္ထတရားဖြစ်သော သဘောဓမ္မအားဖြင့်- ဆောင်တတ်သော်လည်း၊ သင်္ခတတရား, သင်္ခတနယ်ဖြစ် သည့်အတွက်၊ ပြုစီရင်မှု- သင်္ခတ, သင်္ခါရအစုစုကြောင့်သာ- ခဏတ္တယအားဖြင့် ထင်ရှားလာသည့် ပရမတ္ထသဘော, သဘာဝတ္တ, အနက်မှလွဲ၍၊ အတုံး, အလုံး အခဲ, အထည်, ဒြပ်, သဏ္ဌာန်တွေလဲ- မဟုတ်သော၊ ဖြစ်လျှင်ပျက်မြဲ- "ဝယ ဓမ္မာသင်္ခါရာ" မှလွဲ၍၊ ငါစွဲ-သူစွဲ- အတ္တ, အတ္တနိယလိုလဲ- စွဲယူစရာ မရှိအမှန် ကေန်ဖြစ်သည့် "သဗ္ဗသင်္ခါရ ပုဗ္ဗောဝေ" ဒုက္ခသစ္စာ,ကေန္တ တရားသာဖြစ်ပါပေ တကားဟု- ပိုင်းခြားသိမှတ်ရာပါသည်။

ဤ= အာဟာရဇ ရုပ်ပိုင်းဆိုင်ရာကို၊ ဗုဒ္ဓ၏- အနုသယစက်- ချေဖျက်ပုံ စာအုပ်၌လည်း၊ ဆိုသင့်သမျှ- ဆိုအပ်ခဲ့ပြီး၍၊ ဩဇာဓါတ်အနေ- ပရမတ်ဉာဏ် ဖြာဝေဘို့ လိုရင်းကိုလည်း- ပိုင်းခြားသိအပ်ပါပြီ ဖြစ်၍- ရပ်နားသင့်ပါတော့ သည်။ ထိုထက်အကျယ်= ပြဆိုပါကလည်း- ဒေသနာဉာဏ်အားဖြင့်သာလျှင် လွန်စွာ, ရှုပ်ထွေးသွားမည်စိုးပါ၍- ပရမတ်ဉာဏ်, အချုပ်ကလေးမျှကို- ထပ်မံ ဆိုရသော်....

ဩဇာဓါတ်သည်- ကဗဠီကာရ အာဟာရကို- အကြောင်းခံပြု၍ အာ ဟာရဇရုပ်ကလာပ်ကို-ဖြစ်စေတတ်သော၊သဘာဝ လက္ခဏာ,အရ မိမိသဘောကို မိမိ, ဆောင်နှုင်းတတ်သည့် သဘောဖြစ်၏။ တနည်း= အာဟာရဇရုပ်သည် ဩဇာဓါတ်လျှင် မှတ်ကြောင်းလက္ခဏာရှိသော- တရားဖြစ်သည်။ ဤနေရာ၌-

အများသူငါ, နားလည်၍ နေကြသည်က၊ ကဗဠိကာရ- အာဟာရကြောင့်- အာဟာရဇရုပ်သည်ဖြစ်၏ဟု တိုက်ရိုက်သဘောကိုသာ မှတ်ထင်စွဲယူကြသည်က များပြားလှပေသည်။ ဤသို့- တိုက်ရိုက်ယူလျှင်- သမုတိသစ္စာအမှန်မျှသာဖြစ်ပါသည်။ ဉာဏ်မပါဘဲလျက်လဲ- သိလို့ရကောင်းနေပါသည်။ ပရမတ္ထသစ္စာအမှန်အားဖြင့်မူ၊ ထမင်း,အဖျော် ယမကာတို့သည်- မရှိပညတ်သာ ဖြစ်သည်။ ရှိသည်က- ဥတုဇနဝကလာပ်, ရုပ်စုဝတ္ထုသာရှိပါသည်၊ ထို- ဥတုဇနဝကလာပ်ရုပ်စုမှ- ဩဇာဓါတ်သည်သာ၊ အာဟာရဇရုပ်ကလာပ်ကို ဖြစ်စေရန်- ဥပတ္ထမ္ဘကပစ္စယသတ္တိနှင့် ကျေးဇူးပြုသောအားဖြင့်- ဆောင်နှင်းတတ်သော, လက္ခဏာမှတ်ကြောင်းအရ၊ အာဟာရဇရုပ်ကို- ဖြစ်စေခြင်းဖြစ်ပါသည်။ ထမင်းအဖျော်ယမကာတို့က မဖြစ်စေပါ။ ထို-ထမင်း, အဖျော်ယမကာစသည့် ရုပ်ဝတ္ထုသည်အလုပ်အလွေ့ မပြုအပ်သော- ဥတုဇနဝကလာပ်တို့ကို- အလုပ်အလွေ့ ပြုအပ်ဘိသကဲ့သို့- သက်ဝင်လာသော ဗဟိဒ္ဓဥတုဇ အကျိုးရုပ်တရားတို့ ဖြစ်ပါသည်။ ထို့ကြောင့်- ရုပ်က, ရုပ်ကိုဖြစ်စေတတ်သောသဘော၌၊ ထို-ဥတုဇနဝကလာပ်၌ပါဝင်သော- ဩဇာဓါတ်သည်လျှင်၊ မိမိသဘောကို မိမိ, ဆောင်နှင်းသောအားဖြင့်- အာဟာရဇရုပ်ကို- ဖြစ်စေရန်= ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုမှုကို- ဖြစ်စေတတ်သည်ဖြစ်၍၊ အဇ္ဈတ္တိက, ကမ္မဇဩဇာဓါတ်တို့နှင့် ရုပ်တို့၏ ဌီခဏ၌- ပေါင်းဆုံတိုင်း၊ အာဟာရဇ ရုပ်ကလာပ်အဆက်ဆက်ကို ဖြစ်စေတတ်ခြင်းဖြစ်ရာ။ ကဗဠိကာရ အာဟာရ- ထမင်းအဖျော်ယမကာတို့က- အာဟာရဇရုပ်ကို- ဖြစ်စေသည်ဟူ၍- တိုက်ရိုက်ယူနိုင်သော အကြောင်း အခွင့်အရေးသည်- လုံး၀ မရှိသည် ဖြစ်ပါသောကြောင့်၊ ထို- ကဗဠိကာရ အာဟာရကိုအကြောင်းပြု၍- ဩဇာဓါတ်, နှစ်ရုပ်သဘောကသာ- အာဟာရဇရုပ်ကလာပ်ကိုဖြစ်စေတတ်သော သဘောဟု- (၀ါ) ပစ္စည်းတရားဟု- လက္ခဏာမှတ်ကြောင်းပြုရမည့်တရား- ကေန် ထင်ရှား ပါတော့သည်။ ထိုသို့- ဩဇာဓါတ် သဘာဝ, လက္ခဏာသ ်၊ ရသ=ရေကြည်၊ ရတ္တံ= အသွေးတို့ အဖြစ်နှင့်- အဇ္ဈတ္တိက ရုပ်ခန္ဓာတွေအကြောင်း- ဗဟိဒ္ဓဩဇာဓါတ်အနေဖြင့်- လည်ပတ်နေရင်းမှ- အဇ္ဈတ္တဩဇာဓါတ်တို့နှင့်- သဟကာရီကရဏ- ညီမျှတိုင်း, အာဟာရဇရုပ်ကလာပ်ကိုဖြစ်စေကြောင်း-မှတ်ကြောင်းလက္ခဏာ, ပေါ်ထွက်လာရကား၊ ရသ,ရေကြည်ရတ္တံ= အသွေးနှင့်, ဆက်စပ်နေ၍- နေတ္တိအဋ္ဌကထာ၌၊ သဘာဝလက္ခဏာ, မှန်သမျှကို- ပညတ်တစိပ်နှင့်- ချိပ်နေသေးသည်ဟု- အချင်းအရာ, အမှုကိုအစွဲပြုပြီး- ဆုံးဖြတ်တော်မူခဲ့ပါသည်။ ထို- သဘာဝလက္ခဏာကို- ဝိပဿနာရှုပွားခြင်းသည်လည်း၊ လက္ခဏာလျှင်- အာရုံရှိသော= လက္ခဏာရမ္မဏိက, ဝိပဿနာ

ဖြစ်ပြီး၊ လက္ခဏာပဋိဝေဓဉာဏ်လျှင်- အဆုံးရှိသော- ပွားများမှုသာ ဖြစ်ပါသေးသည်။

ဤသဘောသည်၊ နူးညံ့၏၊ သိမ်မွေ့၏၊ နက်နဲ၏၊ နားလည့်သဘော ပေါက်အောင်၊ ရသ, ရေကြည်၊ ရတ္တံ, အသွေးဟု-ပညတ်ပေါ်တွင် တင်စား၍ ပြပြောရခြင်းဖြစ်ရာ၊ ပညတ်ကို- အရှိထင့်, ထင်ပြီး၊ စွဲယူတတ်ကြလွန်း၍၊အပြ ရခက်သော တရားဖြစ်ပါသည်။ သူသူငါငါတို့က- သရုပ်သကောင်နှင့် ပြမှဘဲ နားလည်နိုင်ကြ၍- ပညတ်တစိပ်ကို ချိပ်ပြီး- ပြဆိုရခြင်း ဖြစ်ပါသည်၊ နောက်မှ တဖန်လိုက်၍၊ ၎င်းသည်- ပညတ်မျှသာဖြစ်ကြောင်း- ထပ်၍, ထပ်၍, ရှင်းပြ နေရခြင်းကြောင့်လည်း- နားထွေး တတ်ကြရပါသည်။ တတောင်, ပြလျှင်- တလံမြင်ဘို့ထက်, တတောင်ပြလျှင်- တတောင်မျှကို- ကျပ်ပြည့် တင်းပြည့်- ရလိုက်နိုင်ဘို့ပင်၊ ကွက်တည့်ကွက်ကြား ကျန်သွားမှာစိုး၍- ထပ်ခါအဖုံဖုံ- ပြသ ရကုန်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်- သြဇာဓါတ်သည်- ကဗဠီကာရ အာ ဟာရကို အကြောင်းခံ၍- ဆောင်နှင်းတတ်သော သဘောဖြစ်ပါသည်။ အဆီ, အနှစ်, အစေးသည် သြဇာဓါတ်မဟုတ်၊ ထိုမျှမက-အာဟာရကို- စွဲမှီ၍ဖြစ်သော ပိုးစာ, လောင်မီး, ကျင်ကြီး, ကျင်ငယ်မှ အပဖြစ်သော၊ ရသ, ရေကြည်နှင့်- ရတ္တံ, အသွေးတို့သည်လည်း-သြဇာဓါတ်-သဘာဝလက္ခဏာတရားတို့မဟုတ်ပါ၊ သို့သော်.. ယင်း, အသွေးတို့၏ လည်ပတ်နေမှုမှ ကင်း၍လည်း သြဇာဓါတ် သည် မဖြစ်ပေါ် မဆောင်နှင်းသည်လည်း မဟုတ်ပါ။

ဤနေရာ၌၊ ရုပ်ခန္ဓာအတွင်းတွင်- အာဟာရမှဖြစ်သည့်- အကျိုးတရား ဖြစ်သော၊ ရတ္တံ- အသွေး၏- ဆောင်ရွက်ပုံ့ အချင်းအရာကို- သရုပ်သကောင် အနေအားဖြင့်- ပြရသော်၊ ပိုးစာ, လောင်မီး, ကျင်ကြီး, ကျင်ငယ်တို့မှ အပ၊ တသွယ်သွေးသား, အာဟာရဇရုပ်ကလာပ်-အစားစားကို ဖြစ်စေရန်။ ရသ, ရေ ကြည့်သည်- ရသာဟရဏီကြောမှ အဆုပ်သို့ စီးဝင်၍၊ (ဝါ)ဘယ်ဘက်အဆုပ် ထဲသို့- ရသ, ရည် ပို့ဆောင်သည့် အကြောမှ စီးဝင်၍၊ ရှုမှု, ရှိုက်မှု- ဉဇ္ဇုဇင် ခေါ် အရှိန်ကလာပ် ဓါတ်အစုဖြင့်- သန့်စင်စေပြီးလျှင်၊ နှလုံးသို့ ပို့ပေးသော သွေးကြောကြီးမှ-ဝဲဘက်နှလုံးသို့ စီးဝင်ပြီးလျှင်၊ ထိုဝဲဘက်နှလုံးမှတဖန်,အထက် သို့- ဆောင်သော သွေးကြောဖြင့်- ဦးခေါင်းလက်မောင်း အစရှိသော- သွေး ကြောကြီးများသို့၊ထိုသွေးကြောကြီးများမှ-တဖန်- သွေးကြောမျှင်ငယ်ကလေး များသို့- အဆုပ်၏ ရှုမှုတကြိမ်ဖြစ်တိုင်း၊ နှလုံးလေးကြိမ် ရှုံ့ခြင်း ရှန့်ခြင်းဖြစ်ခါ၊ အထက်သွေးကြောကြီးများမှ၎င်း၊ အောက်ပိုင်းသို့- သယ်ပို့ပေးသော သွေး ကြောကြီးများမှ၎င်း၊ တကိုယ်လုံးပျံ့နှံ့၍၊ အသား, အဆီ, အမှေး, အရေပါး,

အရေထူ, အရိုး,ချဉ်ဆီ- အစရှိသည့်-(၃၂)ကောဋ္ဌာသ- အင်္ဂါရအနေ၊ အာဟာရဇရုပ်ကလာပ်တွေကို- အဇ္ဈတ္တိက, ကမ္မဇကလာပ်, ဥတုဇကလာပ်- စိတ္တဇကလာပ်-အာဟာရဇကလာပ်တို့၏ ဋ္ဌီကာလခဏတိုင်း၌၊ အသွေးကလာပ် ပါဝင်သော ဗဟိဒ္ဓသြဇာဓါတ်သည်၊ အကွင်းရုပ်ကလာပ် အစားစား၊ သြဇာဓါတ်များနှင့် သဟကာရီကရဏ- သဘောညီမျှ, ပေါင်းဆုံရပါက၊ အာဟာရဇရုပ်တို့ကို- (၇)ဆက်မှ-(၁၂)ဆက်တိုင်အောင်- သဟဝုတ္တိက- အတူတကွ ဖြစ်ဘက်ရသော ရုပ်ကလာပ်တို့၏ ဋ္ဌီခဏတိုင်း၌- ပေါင်းဆုံ ဖြစ်ပွားတတ်ပါသည်။ ထိုသို့- အထက်,အောက်, အသွေးဓါတ် လှည့်ပတ်သွားလာ၍- တကိုယ်လုံးအနှံ့ သွေးကြောမျှင်ကလေးများဟု ဆိုအပ်သော၊ (၀ါ)သွေးကြောမျှင်ကလေးများ တခုစီ, စီ၍ ချထားပါက- ၃၀၀၀- ကျော်ကျော်မျှရှိမှ- တလက်မလောက်သာရှိရာ၊ အလွန်သေးငယ်သော အသားအရေတို့သို့- စိမ့်ဝင်သည့် သွေးကြောငယ်လေးများဖြစ်ကြပါသည်။ ထိုသို့-ဘယ်ဘက်နှလုံးမှ- တကိုယ်လုံး, အထက်အောက်, ပျံ့နှံ့စိမ့်ဝင်ကာ= မူလရုပ်ဓါတ်ကလာပ်တို့၏- ဋ္ဌီခဏတိုင်းနှင့် တွေ့ဆုံသော်လည်း- သဟကာရီကာရဏအားဖြင့်- မဖြစ်မရှိနိုင်ပါက၊ သြဇာဓါတ်၏ အစွမ်း လက္ခဏာအားဖြင့်- အာဟာရဇ ရုပ်ကလာပ်ကို- မဖြစ်စေနိုင်တော့ဘဲ- လှည့်ပတ်ညစ်ထေးသွားရသော အသွေးတို့သည်- သွေးပြန်ကြောကြီးသို့ တဖန်စု၍ ဝင်ရပြန်ခါ၊ ယာဘက်နှလုံးဆီသို့ ပြန်၍ စီးဝင်သွားကြပြန်ပါသည်။

ဤသို့ ဘယ်ဘက်နှလုံးမှ-တကိုယ်လုံးနှံ့အောင်-စီးသွားသော သွေးကြောကြီးနှင့်- သွေးကြောလတ်များအတွင်းဝယ်၊ စီးသွားစဉ်အတွင်း၌- အနီရောင် လွင်လွင်ဖြစ်ပါသည်။ ထိုစီးသွားသော- သွေးတွင်- သွေးအနီဥဟု ဆိုအပ်သော တဇ္ဈာရီမြူခန့်မျှရှိသည့်- သွေးနီဥကလေးများနှင့်- သွေးဖြူဥကလေးများလည်း ပါဝင်ကြပေသည်။ သွေးဖြူဥကလေးများမှာ နှလုံးမှ သွေးစီးဆင်းသွားစဉ်ကလည်း ပါ၍ လာတတ်ပြီးလျှင် သွေးကြောများ တလျှောက် အခံအားဖြင့်လည်း ရှိနေတတ်ပါသည်။သွေးနီဥကလေးများမှာ စီးဆင်းသွားရင်း-ရှူမှုရှိုက်မှုမှ ဥဇ္ဈူဇင်ဓါတ်၏ အထောက်အပံ့,အလျောက်-သွေးရည်အဖြစ် ပြောင်းလဲနိုင်ပြီး၊ သွေးဖြူဥကလေးများမှာမူ၊ ထိုသွေးနှင့် သွေးနီဥ ကလေးများ အကြောကြီး အကြောလတ်တို့မှ အကြောငယ်အမျှင်ကလေးများတိုင်အောင်-အန္တရာယ်ကင်းစွာ စီးဆင်းပျံ့နှံ့နိုင်ရေးအဘွက် ဆန့်ကျင်ဘက်ဖြစ်ကြသော သွေးစီးသွားမှုကို ဆိုင်းငံ့နှေးကွေး- ရုပ်တန့်စေသည့်- စားသောက်ကုန်ခမ်း, ရောဂါဘေးဘျမ်း ဖြစ်စေတတ်သော ပိုးမွှားကလေးများကို- သွေးဖြူဥကလေးများက တိုက်ခိုက်ဖယ်ရှားသုတ်သင်ပေးကြရပါသည်။ ထို့သို့- သွေးဖြူဥကလေးများက ဆန့်

ကျင်ဘက်ပိုးမွှား၊ ရောဂါရန်သူများကို၊ ဖယ်ရှားသုတ်သင်နိုင်လျှင်၊ ဥဇ္ဇုဇင် အရှိန်ဖြင့် သန့်စင်သော သွေးများသည်- တကိုယ်လုံးလှည့်ပတ်၊ ပျံ့နှံ့၍ပေါင်းဆုံကာ၊ အဇ္ဈတ္တ ရုပ်ကလာပ်တို့၏- ဌီအခိုက်တွင်- အာဟာရဇ ရုပ်ကလာပ်တို့ကို ဩဇာဓါတ်အစွမ်းရှိသလောက်၊ သဟကာရီကရဏဖြစ်ရှိနိုင်သလောက် = ၇-ဆက်မှ- ၁၂-ဆက်တိုင်တိုင်၊ ဆိုင်ရာရုပ်ကလာပ်အသီးသီးအလျောက်၊ အသား၊ အဆီ၊ အရိုး၊ ချဉ်ဆီ၊ ဓါတ်ရုပ်ကလာပ်စသည်ဖြင့် ဖြစ်ပွားကြရပါသည်။ ထိုသွေးဖြူဥကလေးများက သွေးသွားလမ်းကြောင်းမှ- ရောဂါပိုးမွှား၊ ရန်သူများကို နိုင်အောင် သုတ်သင်ပေးနိုင်စွမ်း မရှိပါက၊ သွေးမမှန်- မသန့်မရှင်း- ပိတ်ဆို့ခြင်း ဖြစ်တတ်သောကြောင့်၊ အဇ္ဈတ္တိကရုပ်ကလာပ်တို့နှင့်အသွေးဓါတ်ဆန့်ကျင်ဘက် ဖြစ်ခါ- နာကျင်ကိုက်ခဲ၊ ဖျားနာစွဲ၍- ယားနာတဖုံ- အကြောစုံတောင့်တင်း၊ အခင်းခင်းသော ရောဂါဝေဒနာကလေးများကစပြီး၊ အဆောက်အအုံ-ကြီး ထွားလာပါက- ကောဌာသ၊ အင်္ဂါတွေပါ- မိမိ၏အလုပ်ကို စွမ်းအားမထုတ်နိုင်တော့ဘဲ၊ အသက်ခန္ဓာပါ ပျက်စီးရသည်အထိ ဖြစ်ရှိသွားရ တတ်ပါသည်။ ထို့ကြောင့်- သတ္တဝါတို့၏ အသက်ကို အသွေး၌ တင်စား၍၊ အသက်သွေးခဲ အမြဲမရှိဟု- သမုတိသစ္စာဖြင့်- ခေါ်ဝေါ်ကြပါသည်။

ထိုကဲ့သို့-အသွေးဓါတ်တို့-ကောင်းမွန်စွာလည်ပတ်ပျံ့နှံ့ရေးကို၊ သွေးဖြူဥကလေးများက နိုင်နင်းစွာ တိုက်ခိုက်ပေးနိုင်၍၊ လည်ပတ်ပျံ့နှံ့ကြရသော်လည်း၊ အသား၊ အဆီ၊ အရိုး၊ ချဉ်ဆီ၊ သုက်၊ စသည်ဖြင့် အာဟာရဇရုပ်ကလာပ်မျိုးစုံ ဖြစ်ပွားနိုင်ရန်ကို၊ ထိုအသွေးကလာပ်မှ ဩဇာဓါတ်သည်- အဇ္ဈတ္တိက ဩဇာဓါတ်နှင့်- သဟကာရီကရဏအားဖြင့်- ရုပ်ဆက် ၂-ဆက်၊ ၃-ဆက်မျှသာဖြစ်နိုင်ပြီး၊ မိမိစွမ်းအား ၅-ဆက်၊ ၇-ဆက်၊ အနည်းဆုံးဖြစ်ရမည်မှ- ရော့နဲ့သွားပါက၊ အသွေးတို့သည် ညစ်ထေးပြီး- ပိုလျှံသလိုဖြစ်ရှိကာ၊ သွေးပြန်ကြောဟု ဆိုအပ်သော သွေးကြောကြီးမှ- လကျာ်ဘက်နှလုံးသို့ စီးဝင်ကြရပြန်ပါသည်။ ထိုသို့- လကျာ်ဘက်၊ နှလုံးမှသည် အဆုပ်သို့ တဖန်ဝင်ပြီး၊ ရသရည် အသစ်များနှင့် ရောနှောကာ၊ ရှူရှိုက်မှုမှ ဥဇ္ဇုဇင်ဓါတ်ဖြင့် တဖန်ပြန်၍- သန့်စင်စေရပြန်ပါသည်။ ထိုမှတဖန်-ဘယ်ဘက်နှလုံးသို့ပြန်၍ စီးဝင်ကာ-ခန္ဓာကိုယ်တွင်း၊ အထက်အောက်သို့ ပြန်လျောက်စီးဆင်း-ပျံ့နှံ့ခြင်းဖြစ်ရပါသည်။ ဤသို့ဖြင့်- တနေ့တာကဗဠီကာရာဟာရမှ- ရသဓါတ်ရည်တို့သည် ရသာဟရဏီကြောမှ-အဆုပ်၊ နှလုံးထဲတို့သို့ ဝင်ရောက်၍-အသွေးဖြစ်ခါ၊ ရုပ်ခန္ဓာ၏ အကျိုးဆက်-ရုပ်ကလာပ်များကို ဖြစ်ပွားစေတတ် ပြန်ပါသည်၊ ထိုသို့- ဖြစ်ပွားစေနိုင်ရန်လည်း- သင်္ခါရ၏ အကျိုးဆက်တရားတခု ဖြစ်သော- ရှူမှုရှိုက်မှုဖြင့် အဆုပ် တည်းဟူသော မှုတ်

စက်, စုပ်စက်သဘွယ်မှ- ဆက်နွယ်ကာ၊ နှလုံးဗူးလိုဏ်ကလေးတွင်-အသွေးဟူ၍ အမြဲတန်းမခမ်းမခြောက်, အဟောင်းအသစ်, စီးဆင်းကျရောက်ပြီး၊ အထက် အောက်, သွေးကြောကြီး, သွေးကြောလတ်, သွေးကြောငယ်, သွေးကြောမျှင် ကလေးများတိုင် ပျံ့နှံ့၍၊ အာဟာရဇ-ဩဇာဋ္ဌမက ရုပ်ကလာပ်တို့-အဆက်မပြတ် ဖြစ်ပွားလျက် ကောဋ္ဌာသ- သ, သမ္ဘာရ- အကြောင်း အဆောက်အဦနှင့်တကွ ဖြစ်သော- အင်္ဂါ အစိပ်အပိုင်းတို့တွင်၊ ရုပ် ဖြစ်မှု ပျက်မှု- မသိဘ်နိုင်အောင်- ဆောင်နှင်းကာ ဖြစ်ပွားကြရတော့သည်။

ကဲ- အဲဒီလို- သရုပ်သကောင်အနေနှင့်- ရုပ်ဘောင်အခြေ ဆောင်နှင်းပုံ တွေကို၊ အသွေး-အသား- အကြော- အဆီ- အရိုး- ချဉ်ဆီ- သုက္ကစသည်ဖြင့်- ကောဋ္ဌာသ, အစိပ်အပိုင်း, အင်္ဂါရုပ်တွေကိုပါ၊ ဆက်စပ်ပြောရတော့၊ အထက်, အောက်, ခေါင်း, ကိုယ်, လက်ခြေ၊ အသွေး, အသား, အကြော, အရိုး, အဆီ အစရှိတာတွေကို၊ တကယ်ရှိတယ်လို့-အစကယူခဲ့သလို၊ အခုလဲ ရှိတယ်လို့ထင်နေ အုံးမှာဘဲ၊ ဘာဖြစ်လို့လဲဆိုတော့- ရုပ်သန္တတိနိမိတ်မျှကို ဉာဏ်နဲ့မြင်ခါ သိစေ လိုပါသဖြင့် ပြသသော်လည်း၊ သူသူငါငါ တွေကတော့- သဏ္ဌာန်ဆိုဘဲ့ ပညတ် ချုပ်ပြီး၊ ငါ့ခေါင်းကိုယ်လက်ခြေ၊ အသွေး, အသား, အဆီ-အရိုး-ချဉ်ဆီလို့ဘဲ၊ အတုံး, အလုံး အခဲကို ဖျောက်မရနိုင်အောင် အစွဲနာနေကြတယ်၊ အဲဒီလိုဘဲ- ဒို့နေ့တိုင်းစားနေဘဲ့- ထမင်းဟင်းလျာ အဖျော်ယမကာတွေ၍- အဆီ, အနှစ်, အစေးတို့က၊ ငါတို့၍-အသွေး အသား, တွေကို ဖြစ်တယ်လ်လဲ-စွဲယူလာခဲ့ကြတဲ့ အတိုင်း၊ ဖျောက်မရနိုင်ဘဲ ဖြစ်နေကြတယ်၊ ကိုယ်လက်ခြေ- ကိုယ်အင်္ဂါတွေနှင့် အသွေး,အသား,အကြော, အရိုး ချဉ်ဆီတွေဟာလဲ- အရှိတရားမဟုတ်ပါဘူး- ပညတ်တရားတွေပါ။ ထိုနည်းတူစွာ ထမင်း, ဟင်းလျာ အဖျော်ယမကာဆိုတာ တွေရယ်၊ ပိုးစာ, လောင်မီး, ကျင်ကြီး ကျင်ငယ်, ရသ-ရေကြည်ဆိုတာတွေဟာ လဲ-မရှိပညတ်တရားတွေပါဘဲ၊ အရှိတရားတွေကတော့ ။

ပထဝီရုပ်ဓါတ်အစရှိတဲ့- အဋ္ဌကလာပ်စီး၊ အာကာသ, ပရိစ္ဆေဒရုပ်နှင့် တကွ- နဝကလာပ်စီး၊ ပသာဒရုပ်တို့နှင့်တကွ ဒသ, ကလာပ်စီး, အစရှိဘဲ၊ ကံ ကြောင့်ဖြစ်တဲ့ကလာပ်စီး၊ စိတ်ကြောင့်ဖြစ်ဘဲ့ ကလာပ်စီး၊ ဥတုကြောင့်ဖြစ်တဲ့ ကလာပ်စီး၊ အာဟာရကြောင့် ဖြစ်ဘဲ့ ကလာပ်စီးများသာ၊ မိမိသဘော မိမိ ဆောင်တဲ့- ရုပ်ဓါတ်အနေအားဖြင့်- ခဏတ္တယ, ထင်ရှားလာတဲ့-ရုပ်တရားသည့် သာလျှင်၊ ဖြစ်ဆဲခဏ- တည်ဆဲခဏ- ပျက်ဆဲခဏမျှသာ၊ အရှိသဘောရတရားဖြစ် ပြီး၊ ထိုတရားတို့ကို- အကြောင်းလေးပါးတို့နှင့် ပြုပြင်တိုင်း၊ မပျက် မယွင်း, ဆောင်နှင်းစေတတ်တဲ့- အကြောင်းရှိစွမ်းရည်-အကြောင်း ၄-ငံ့တကွ-ဖြစ်,တည်,

ပျက်ကို-သက်ဝင်ထင်ရှားစေခြင်း၌၊ အကြောင်းစုံညီလျှင် ဖြစ်ပေါ်စေခြင်း-သဘာဝဓမ္မ အခင်းဖြစ်သည့် ဂုဏ်သတ္တိသဘောသည်သာ၊ ပရမတ္ထတရား ဖြစ်ပါသည်။သဘာဝလက္ခဏာမှာမူ၊ အာဟာရဇရုပ်ဟု ထင်ရှားဖြစ်ပေါ်မှုကို ဆောင်နှင်းတတ်သော-ဓါတ်ဘာဝသာလျှင် ဖြစ်သည်ဟု- ပိုင်းခြားထိုးထွင်း သိရှိပါက၊ ကဗဠီကာရအာဟာရနှင့်ပတ်သက်၍ငင်း၊ ထိုမှဆက်စပ်၍ဩဇာဓါတ်နှင့်ပတ်သက်၍ငင်း၊ ပညတ်သုဉ်းဆိတ်, ပရမတ်ဉာဏ်, အမြင်မှန် ဟိတ်ကို- ကေန်ချိပ်မိသိရှိနိုင်ပါသည်။

ထို့ကြောင့်-ရုပ်ဆိုတဲ့အကျိုးဘောင် သရုပ်သကောင်ကိုတင်ပြပြီးလျှင်၊ ကဗဠီကာရ ဟာရသဘောနှင့်- ဩဇာဓါတ်သဘောကို ကွဲအောင်· ရုပ်ခန္ဓာမှာလှည့်ပတ်ဆောင်နှင်းတတ်ပုံတို့ကို ပြသခဲ့ခြင်းဖြစ်ပါသည်။ ထမင်း, ဟင်းလျာ-အဖျော်ယမကာ-ရုပ်အဆီ, အနှစ်, အစေးတွေက- အာဟာရဇ ရုပ်ကလာပ်ကို ဖြစ်စေတတ်တယ်လို- တိုက်ရိုက်စွဲယူမှု ပညတ်အာရုံပေါ်တွင် သိမှတ် စွဲယူခဲ့တာတွေ ပြုတ်စေလို၍၊ ရုပ်နှင့်ဓါတ်ကို ကွဲအောင်ပြသခဲ့ခြင်းလဲဖြစ်ပါသည်။ ရုပ်ဆိုတာ, ဓါတ်ဆောင်တဲ့- ခဏတ္တယကျမှ ထင်ရှားတဲ့တရားပါ။ အကျိုးရုပ်ကလာပ်တွေက- မိမိမှတပါးတခြားဖြစ်သော ရုပ်ကလာပ်များကို မိမိ၏အခြားမဲ့၌ ဖြစ်စေရာမှာလဲ၊ မိမိတည်းဟူသော အဇ္ဈတ္တဩဇာ, ဇနကသတ္တိနှင့် ဗဟိဒ္ဓဩဇာ-ဥပတ္ထမ္ဘကသတ္တိတို့- သဟကာရီကရဏ ဖြစ်ရှိမှသာဆိုရာဝယ်၊ ရုပ်မှ, ရုပ်ဖြစ်-ဓါတ်ဆောင်လှစ်မှသာ၊ (ဝါ) ထမင်းရုပ်, ဟင်းရုပ်, အဖျော်ယမာရုပ်တို့ ဓါတ်သရုပ်ပေါ်ပြီးမှသာ၊ (ဝါ) အဇ္ဈတ္တိကရုပ်ကလာပ်ရှိ အခံဩဇာဓါတ်နှင့်လည်း သဟဝုတ္တိက,ဖြစ်ရှိမှသာ၊ ခဏတ္တယာထင်ရှားဖြစ်ပေါ်ငြားရသော-အသစ်ဥပါဒ်-ဋ္ဌီ-ဘင်, ရုပ်အလျဉ်သို့ သက်ဝင်ကြရတာပါကလားလို့လဲ- ပိုင်းပိုင်း ခြားခြား ပြတ်ပြတ်သားသား, သဘောပေါက်ပြီး ဉာဏ်ချက်နဲ့ထောက်၍- သိမှတ်အပ်ပါသည်။ အဲဒီလို ရုပ်အမည်ကို ဓါတ်အခြေတည်၍ ခဏတ္တယ 'ဖြစ်ပျက်''အယာဉ်ကို အဝင်ခံရသည်မှာလဲ ပရမတ္ထကေန်,သဘောဓမ္မသာတ္တ၏(ဝါ)အချုပ်သဘောအမိအရကြည့်လျှင်- မေ့နိယာမ သိဒ္ဓိ၏- အကြောင်းရှိစုမ်းရည်တို့ကြောင့်သာလိုတဆင့်တိုးပြီး-သင်္ခတပရမတ်မျိုးမှို-သင်္ခါရနဲ့ဘယ်လိုပြုပြင်စီရင်,စီရင်''ဖြစ်ပျက်'' ဆိုတဲ့- ဥပါဒ်စွန်းနှင့် ဘင်စွန်းမှ မလွတ်ကင်းနိုင်သော ရုပ်တရားသာပါကလားလို့လဲ၊ ထွေရာလေးပါး-ဝိစိကိစ္ဆာအနုသယ ကိလေသာတရားကို ပယ်ရှားအောင်နိုင်လျက်၊ ထိုးထွင်းဆုံးဖြတ်- ပညာဓိမောက္ခဓါတ်ကို အပိုင်အနိုင်ရအောင် သုံးသပ်ဆုံးဖြတ် မြတ်သောဉာဏ်အစဉ်၌ ရုပ်တည်ရစေရန် သန္နိဋ္ဌာန်ချလိုက်စေလိုပါသည်။ အဲဒီလို-ရုပ်ခန္ဓာတခုလုံး ကိုယ်ပိုင်ရယ်လို့အသုံးချစရာမရှိအောင် အတုံး,

အလုံး,အခဲ,အထည်, ဒြပ်, သဏ္ဍာန်လဲမဟုတ်ဘဲ၊ ငါ,သူတပါး၊ အတ္တ-အတ္တနိယ လုပ်မရပုံကို- ဝိစိကိစ္ဆာဘုံအနုသယကင်းပြတ်၍ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အမြဲ ယှဉ်ကပ်၍နေစေရန်- တရားနှင့်တရားချင်း ဥပမာသွင်း၍-အနည်းငယ် ထပ်ဆင့် ကာ,ရှင်းပေးရသော်... ထမင်း ဟင်းလျာ အဆီ,အနှစ်,အစေးတို့က အာဟာရဇ ရုပ်ကလာပ်-ဖြစ်စေအပ်သည် မဟုတ်ပုံနှင့်အညီ .. ။

သတ္တလောက-သမုတိသစ္စာအနေအားဖြင့်သားသမီးထွန်းကားရရှိနေသူ တွေကိုကြည့်လျှင်၊ ဦးဖြူရဲ့သားပေါ့၊ ဦးမဲရဲ့သားပေါ့၊ ဒေါ်ဖြူရဲ့သားပေါ့၊ ဒေါ်ညိုရဲ့သမီးပေါ့လို့-ခေါ်ဆိုကြပေမဲ့၊ မူလ-ဦးဖြူ- ဦးမဲ- ဒေါ်ဖြူ-ဒေါ်ညို တို့ကမှ ထင်ရှားရှိတဲ့တရားမဟုတ်ဘဲ၊ ဦးဖြူ- ဦးမဲ- ဒေါ်ဖြူ- ဒေါ်ညိုတို့ရဲ့ သားလို့ ဖြစ်နိုင်ပါ့မလား? မဖြစ်ရေးချ,မဖြစ်တာအမှန်ပါ။ အဲဒီ ဦးဖြူ-ဦးမဲ- ဒေါ်ဖြူ-ဒေါ်ညိုဆိုတာလဲ၊ မူလနဂိုရ်ကထဲကမရှိခဲ့၊သူတို့ဖြစ်လာ,ရှိလာတာကို ပြန်ကြည့်တော့၊ အတိတ်က အဝိဇ္ဇာကြောင့်- ကံ, သင်္ခါရတွေပြုခဲ့လို့၊ (ဝါ) အဝိဇ္ဇာက,မသိဘဲ၊ ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓါတ်,သစ္စာမျှလို့မသိဘဲ၊ ခေါင်း ကိုယ်, လက်, ခြေ, အားဖြင့်- တခဲနက်သော ရုပ်အစုကို ငါလုပ်ပြီး၊ အမှန်မသိမှု ကြောင့် ထပ်လိုချင်တာနဲ့-ကံသင်္ခါရတွေပြုခဲ့တော့-ပစ္စုပ္ပန် ခန္ဓာတွေ ပြန်ပြီးရရှိ လာရတော့တယ်၊ အဲဒီလို အတိတ်ခန္ဓာတုံးက အဝိဇ္ဇာ,သင်္ခါရအကြောင်းခံတာ ထင်ရှားတော့= ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဆိုတဲ့ ဝိညာဏက္ခန္ဓာရယ်၊ နာမ်ခန္ဓာသုံးပါးဖြစ်တဲ့= ဝေဒနက္ခန္ဓာရယ်– သညက္ခန္ဓာရယ်– သင်္ခါရက္ခန္ဓာရယ် ရုပ်-၂၈,ပါးဆိုတဲ့-ရူပက္ခန္ဓာရယ်မှာ=စက္ခာယတန- သောတာယတန- ဃာနာ ယတန-ဇိဝှါယတန- ကာယာတယန- မနာယတန- ရုပ်နာမ်တရားတွေပါ- ဖြစ် ပွားလာရတယ်၊ ဒီတော့- ခန္ဓာငါးပါးလုံး, မပြတ်မစဲဖြစ်ဘို့- သင်္ခါရက္ခန္ဓာမှာ- အကျုံးဝင်တဲ့-ဖဿက၊ အဲဒီ- အာယတန အကြည်ရုပ်တွေနဲ့လိုက်ဖက်တဲ့-အာရုံ တွေနှင့် ထိပါးပွတ်ချုပ်-ပြုလုပ်ဆောင်နှင်းတိုင်း=ခံစားမှု-ဝေဒနက္ခန္ဓာက-ဝေဒ ယိတလက္ခဏာအဆုံးရှိတဲ့- အကျိုးတရား-ခန္ဓာငါးပါးတွေဖြစ်ပွားရတော့တယ်။ ဒီတော့- ခံစားမှုဝေဒနာပေါ်တာကို-တဏှာကသိမ်းပိုက်ပြီး- အကောင်းဆုံးလို့ စွဲယူတဲ့- ဝိသဘာဂ,ကာယသံသဂ္ဂ-မေထုနဖေါ်ဒ္ဒဗ္ဗကို-ဖဿမြောက်ခါ-ခံစားပြီး အတန်တန်ကြိုးစားအားထုတ်ကြတော့၊ မိမိတို့- မနုဿဇာတိ- စွဲဝင်ခဲ့သလိုဘဲ၊ အတိတ်, အဝိဇ္ဇာ-သင်္ခါရရှိခဲ့ကြတဲ့- သင်္ခါရတရားစုတခုက,တဖြစ်တဋ္ဌာနကနေ ရွေ့လျောကျပြီး- အကြောင်းတိုက်ဆိုင်ကာ၊ မိမိတို့ရဲ့ရုပ်နာမ်- ခန္ဓာပဋ္ဌကမှ- ဥတုဇသုက္ကဓါတ်ကိုမှီပြီး၊ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန- ဖဿ- ဝေဒနာဆို တဲ့- ခန္ဓာငါးပါး- ထင်ရှားစွာသက်ဝင်ခံခဲ့ရတော့တယ်၊ အဲဒါကို- ဗီဇနိယာမ,

ဓမ္မနိယာမအတိုင်း- စိတ်, ဥတု, အာဟာရ-လှိုင်းထဲမှာ၊ ကိုးလလွယ်ခါ- ဆယ်လ ပိုင်းထဲရောက်တော့၊ အမိဆိုသူ၏ ဝမ်းရင်ပြင်မှ-ကျွတ်လွတ်လာတော့တယ်၊အဲဒီ- အဝိဇ္ဇာ,သင်္ခါရလျှင်- အတိတ်အကြောင်းရှိသည့်- ဝိညာဏ်, နာမ်, ရုပ်, သဠာ ယတနတရားစုက၊ ဖဿမှုတွေနဲ့ ဝေဒနာဖြစ်ပြီး၊ အမိလို့ခေါ်တဲ့- ရုပ်နာမ်မှ- နှလုံးသွေးအချို့ကို-နို့လို့အမည်ခံပြီးစို့ယူခါ၊ကဗဠီကာရအာဟာရနဲ့အထောက် အပံ့ပြုတတ်တဲ့- ဝိညာဏ်, နာမ်, ရုပ်, သဠာယတန- ဖဿ- ဝေဒနာတရားစု အသစ်တခု ဖြစ်ပေါ်လာမှုကို၊ ဘာလို့ ပြောကြသလဲဆိုတော့၊ ဦးဖြူ-ဦးမဲ၊ ဒေါ်ဖြူ- ဒေါ်ညိုရဲ့သားပေါ့လို့ သမုတ်ကြတော့တာဘဲ၊ မှတ်ယူစွဲကြတော့ တာဘဲ၊ သမုတိသစ္စာအနေနဲ့တော့- မှန်တယ်လို့ဆုံးဖြတ်ကြရတော့တဲ့၊ ဝဋ္ဋသား သတ္တဝါ- ရုပ်နာမ်နှစ်ဖြာ- ငါးခန္ဓာကလေးကို ရှင်သန်အောင် စောင့်ရှောက်ကြ ပြန်ရတော့တယ်။

ကဲ—ဒီတော့, အစကထဲက ဦးဖြူ-ဦးမဲ၊ ဒေါ်ဖြူ-ဒေါ်ညိုလဲမရှိတာ အမှန်၊ သက်ဝင်လာခဲ့ရတဲ့- သင်္ခါရရုပ်နာမ်, ခန္ဓာငါးတန်အနေ၊ တဏှာမွေ့လို့ ဦးဖြူ-ဦးမဲ၊ ဒေါ်ဖြူ-ဒေါ်ညို-အခေါ်ခံရသလိုဘဲ၊ ဝဋ္ဋသားသတ္တဝါ-ရုပ်နာမ် နှစ်ဖြာ- ငါးခန္ဓာခလေး- ထင်ရှားလာတာကို၊ ငါ့သားပေါ့- ဦးဖြူသားပေါ့၊ ဒေါ်ညိုသားပေါ့လို့ဆိုတာ၊ ပရမတ္ထသစ္စာအနေနဲ့- အမှန်စွဲခေါ်တာလား?= အမှားစွဲခေါ်ကြတာပါ။ ဘာဖြစ်လို့လဲဆိုတော့- အစကထဲကိုက၊ ဦးဖြူ-ဦးမဲ ဒေါ်ဖြူ-ဒေါ်ညို-ဆိုတာလဲ- အစက မရှိရိုးအမှန်၊ တဖန်- တဏှာအကြောင်းနဲ့ ပြောင်းဆန်အောင် ခံစားမိတော့၊ အဝိဇ္ဇာ, သင်္ခါရ အကြောင်းကံ အရင်းရှိကဲ့- ရုပ်နာမ်နှစ်ဖြာ ဒုက္ခသစ္စာ ငါးခန္ဓာ ကောင်ကလေးသည်၊ မိမိတို့၏- ရုပ်နာမ်ကို မှီပြီး ဖြစ်ပေါ်လာရပြန်တာကို၊ ငါ့သားလို့- ဦးဖြူသားလို့- ဒေါ်ဖြူသားလို့- လုပ်ရင်ကော-မှန်ပါ့မလား?-မမှန်ပါဘူး။ မရှိတရား, ဦးဖြူ-ဒေါ်ဖြူလို့သမုတ် ထားတဲ့-နာမည်က၊ ပရမတ်နဲ့စပ်တဲ့-ထင်ရှားရှိ ဓါတ်သဘာဝတရားမဟုတ်လို့ဘဲ၊ ဒါဖြင့်- ဘယ်သူက- ဆောင်နှင်းလို့- သင်္ခါရစာရင်းတခု-ရုပ်နာမ်တရားစု- ခန္ဓာ ငါးပါးနဲ့ ဝင်ပြုဖြစ်လာရသလဲလို့မေးရင်၊ မရှိ- ဦးဖြူ-ဒေါ်ဖြူကတော့-သမုတ် ခံရသူမျှ သက်သက်ဘဲ၊ ဒါပေမဲ့- သမုတ်ခံရသူ= ရုပ်နာမ်တလူလူကြောင့်ဘဲ၊ သင်္ခတပရမတ္ထတရားတို့ကို- အကြောင်းခံဖြစ်တဲ့- သင်္ခတ,သင်္ခါရတရားတွေက- ပယောဂ ါဘိသင်္ခါရနဲ့ စီရင်လိုက်၍၊ ဦးဖြူ-ဒေါ်ဖြူသမုတ်- ထိုနာမ်ရုပ်တို့၏ ကာယသံသဂ္ဂ, တမုဟုတ် ခဏတွင်၊ အဝိဇ္ဇာ, သင်္ခါရကြောင့်- ပဋိသန္ဓေနေဘို့- ဝိညာဏ်တရပ်-စွဲဝင်ကပ်ပြီး၊ ရှပ်ကောင်, နာမ်ကောင်, ဝဋ္ဋကောင်ကို- ပရမတ်,

ဓါတ်တို့ကအကြောင်းလေးပါးနှင့်တကွ-ဆောင်နှင်းပါသဖြင့်၊(ဝါ)အကြောင်းနှင့်တကွ ဖြစ်ပေါ်လာပါသဖြင့်၊ ထင်ရှားလာရသော- ရုပ်နာမ်တရား, ခန္ဓာငါးပါး- အကျိုးသင်္ခါရ- ခဏတ္တယတရားမှလွဲ၍၊ အတုံး, အလုံး, အခဲ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပျာ- မဟုတ်ကြောင်း အမှန်ဖြစ်သလို....၊

ဘယ်မှာ- ကဗဠီကာရာ အာဟာရဆိုတဲ့- ထမင်း, ဟင်းလျာ, အဖျော်ယမကာနှင့်-အဆီ,အနှစ်,အစေး-ပညတ်တရားတွေက၊ ဩဇာဋ္ဌမက-အာဟာရဇရုပ်ကို-ပြုလုပ်ဆောင်နှင်းနိုင်ပါ့အုံနည်း၊ ရုပ်ဘောင်ခဏတ္တယနှင့်-ဓါတ်ဆောင်မှု မပြတ်မလပ်သမျှ- အကြောင်းစုံညီတိုင်း- ဖြစ်စေတတ်သည့်- သဘောနှစ်ရုပ်ကို ခြားနားသိလျှက်၊ ဦးဖြူ-ဒေါ်ဖြူမရှိပညတ်က- ဓါတ်သက်အလျဉ်- ရုပ်နာမ် အယာဉ်ကို- မဆောင်နိုင်သလို၊ မရှိပညတ်- ထမင်းဟင်းလျာ- အဆီ, အနှစ်, အစေးတို့ကလည်း- ဓါတ်ဆောင်သည့်- ရုပ်ခဏတ္တယမျှဖြစ်သဖြင့်- ဩဇာဋ္ဌမက ရုပ်ကို-မဆောင်နိုင်ဟု ပိုင်းခြားသိခါ၊ ပထဝီဓါတ်ပြခဲ့စဉ်က၊ ပရမတ်, ဓါတ်, ရုပ်, ဒြဗ်, ခွဲဆိုထုတ်ပြသော သဘောကိုပါ-ပြန်လှန်၍-ဉာဏ်ချက်ထောက်လျှက် ဩဇာဋ္ဌမက,အာဟာရဇရုပ်ကလာပ်မြောက်အောင်ဆောင်နှင်းတတ်ပုံ၌- ပညတ်အလျဉ်းမပါဝင်ဘဲ၊ ပရမတ္ထအခင်း-ဓါတ်ဆောင်နှင်းခြင်း၌ သဘောပေါက်ခါ၊ "ဓါတုတ္တောနာမ- သဘာဝေါ၊ သဘာဝေါနာမ သုညတ္တဋ္ဌော၊ သုညတ္တဋ္ဌော နာမ နိဿတ္တ-နိဇ္ဇီဝ- ဘာဝေါ"အရ၊ ပညတ်သုဉ်းဆိတ်သည့်= ဩဇာဓါတ်နှင့်-ခဏတ္တယနှင့်ယှဉ်စပ်သည့် အာဟာရဇရုပ်ကလာပ်တို့ဖြစ်အပ်ပုံကို ပိုင်းခြားကုန်စင် သိမြင်နိုင်လောက်ပြီဖြစ်ပါတော့သည်။

ထို့ကြောင့်၊ရုပ်သန္တတိသဘောကို-သဏ္ဍာန်အရှိန်နှောပြီး၊ပညတ်သဘောနှင့်ရောစပ်ခါ၊ ပရမတ်ဉာဏ်ကို ရှာနေကြရင်တော့၊ ထွေထွေလာလာ-ငြင်းစရာတွေသာ- ဖြစ်နေကြပါလိမ့်မည်။ မူလ- ပြသခဲ့သော- ရုပ်နှင့်ဓါတ်- ကွဲအောင်မြင်သိပြီးပါက ပရမတ်ဉာဏ် မလွဲအောင် ဖြစ်ရှိလာနိုင်မည်ဖြစ်ပါ၍၊ ယခု-ရုပ်ဓါတ်ချစ်ပါး- ပြဆိုလာရာတွင်- အခဏ်းတိုင်း၌၊ ရုပ်နှင့်ဓါတ်- ပရမတ္ထသဘာဝနှင့် သဘောတို့ကို အနည်းနည်း အဖုံဖုံအားဖြင့်- ပြဆိုအပ်ခဲ့ပြီးဖြစ်ရာ၊ တကယ်တိတိ, စိတ်ပါဝင်စားစွာ လေ့လာဆည်းပူးမိပါက၊ ပရမတ္ထ ဉာဏ်အရာကို- ဟုတ်တိုင်းမှန်စွာ- မနသိကာရောန္တသာ,လုပ်နိုင်ရုံမျှမက၊ ဗဟုလီကတသာအားဖြင့် ထင်တလဲလဲ- ဉာဏ်မြင်မြဲအောင်ရရှိပြီးလျှင်၊ ရုပ်ပေါ်တွင် စိုက်နေသော- ဒိဋ္ဌိတဏှာ, ထိုနှစ်ဖြာကို- ဝိစိကိစ္ဆာကင်းကင်းနှင့်=စင်ကြယ်အောင်- ဖယ်ရှင်း သုတ်

သင်ခြင်းဖြင့်၊ ဒိဋ္ဌိဝိသုဒ္ဓိအခင်းကို- စာရင်းပေါက်အောင်, ပြီးမြောက်အောင်မြင်လျက်၊ နိဿတ္တ- နိဇ္ဇီဝ- သဘာဝါအားဖြင့်- သုညတ, အနတ္တဉာဏ်မြတ်ကို- ရုပ်ဓါတ်တပါးတိုင်း၌-ရရှိအောင် ကြိုးစားတော်မူကြပါလေ။ ။

တိုက်တွန်းသည့်အတိုင်း- ကြိုးစားခါဖြင့်- အတ္တကိစ္စမှ-လွန်မြောက်နိုင်ကြပါစေ။ ။

ဤမျှဖြင့်—ရုပ်ဓါတ်ရှစ်ပါး- အဆုံးသတ်အားဖြင့် ဖြစ်သော-ဩဇာရုပ်ဓါတ်ပရမတ်ကို- ဉာဏ်နှင့် ထိုးထွင်း- ဖေါက်ခွဲခြင်းဖြင့် မြင်သိခါ၊ ဒေသနာဉာဏ်အရ-ဝါစုဂ္ဂတရအောင်လည်း-အောက်ပါ-ဌာန်လေးပါးနှင့် သုံးသပ်တော်မူကြပါလေ။

## "အာဟာရ ရုပ်ခေါ်—ဩဇာဓါတ်၏ ဌာန်လေးပါး"

(ဩဇာလျှင်-အမွန်ရှိသော၊ ကဗဠီကာရာအာဟာရ-သည်၊)

ဩဇာလက္ခဏော= ဩဇာဓါတ်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊
ရူပါဟရဏရသာ= ဩဇာဌမက- အာဟာရဇရုပ်ကို -ဖြစ်စေခြင်း ကိစ္စရသရှိ၏၊
ဥပတ္ထမ္ဘနပစ္စုပဋ္ဌာန= ဩဇာဓါတ်သည် ရုပ်ဇီဝိတိန္ဒြေကို ထောက်ပံ့စေသည်ဟု ရှေးရှုထင်၏၊
အဇ္ဈောဟရိတဗ္ဗဝတ္ထုပဒဋ္ဌာနာ= ဝါးမျိုအပ်သော-အာဟာရဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏၊

( မှတ်ရန်ဆောင်ပုဒ် )

ကဗဠီကာရာ၊ လက္ခဏာ၊ ဩဇာ မှတ်ကြောင်းပါ၊
ရုပ်အာဟာရဇ၊ ဖြစ်စေရ၊ ကိစ္စ ရသပါ၊
ရုပ်ဇီဝိတံ၊ ထောက်ပံ့ဟန်၊ ထင်ဉာဏ် ရှေးရှုလာ၊
နီးစွာတရား၊ ဝါးမျိုပြား၊ ထင်ရှား အာဟာရာ။ ။

........o........

# "ပရိစ္ဆေဒ ရုပ်ခေါ် - အာကာသဓါတ်"

အာကာသဓါတ်, ဆိုအပ်သည့်မှာ၊ "နကဿတီတိ- အာကာသော- အာကာသောဝယေဝ- အာကာသော"အရ။ ။ယော- အကြင်, ကောင်းကင်ဟုဆိုအပ်သောအရပ်ကို၊ နကဿတိ-မရေးမခြစ်အပ်၊ (ဝါ) ရေးခြစ်၍ မရအပ်၊ ဣတိ- ထို့ကြောင့်၊ သော- ထိုအရပ်သည်၊ အာကာသော- အာကာသမည်၏။ အာကာသောဝယေဝ- အာကာသသည်ပင်လျှင်၊ အာကာသော- အာကာသဓါတ်မည်၏။

ရေးခြစ်၍မထင်သော ကောင်းကင်ပြင်သည်ပင်လျှင်-အာကာသဖြစ်ခြင်းကြောင့်၊ အာကာသဓါတ်ဟုပင်- တိုက်ရိုက်ခေါ်ဆိုအပ်တော့သည်။ ထို- အာကာသ, သဘောကို၊ ခွဲခြား၍ ကြည့်သော်၊ လေမျိုးလေးစား- ခွဲခြား၍- ပြသနိုင်ကောင်း၏၊ ၎င်းတို့မှာ....

အဇဋာအာကာသ= ယခုမျက်မြင်- ဟာလာဟင်းလင်း- ကောင်းကင်ပြင်အငုပ်နှင့်- ရူပဗြဟ္မာ့ဘုံမှ- အထက်ကောင်းကင်အရပ်၊ မြေ, ရေ, လေ, တို့အောက်၌ရှိသော- ကောင်းကင်ဟင်းလင်း အရပ်တို့သည်- တစုံတခုမျှ ရှုပ်ထွေးခြင်းမရှိသောကြောင့်။ ဇဋာ= ရှုပ်ထွေးခြင်း၊ အ=မရှိသော။ အာကာသ= ဟင်းလင်းပြင်ကို၊ အဇဋာ အာကာသဟု ဆိုအပ်၏။

ပရိစ္ဆိန္နာကာသ= တစုံတခုသော ဝတ္ထုဖြင့်- မှီရာတည်ရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထက်ဝန်းကျင်, ပိုင်းခြားကာရံထားသော- အလယ်ဟင်းလင်းအပေါက်ဖြစ်ခြင်းတို့သည်၊ ကြီးသည်ဖြစ်စေ, ငယ်သည်ဖြစ်စေ၊အာကာသပင် ဖြစ်ပေသည်၊ ရေအိုးဝအပေါက်- စည်ပိုင်း, သံပုံးနှင့် ပြူတင်းပေါက်, တံခါးပေါက် နံရံပေါက်စသည်တို့နှင့် သက်ရှိအားဖြင့်- ဒွါရ, ၉-ပေါက်မှစ၍-မွေးညှင်းပေါက်များတိုင်အောင်- အပေါက်မှန်သမျှသည်။ ပရိ= ထက်ဝန်းကျင်မှ၊ ဆိန္န=ပိုင်းခြားကာရံအပ်သော၊ အာကာသ= အပေါက် ဟင်းလင်း အရပ်ကို၊ ပရိစ္ဆိန္နာကာသဟု ခေါ်ဆိုအပ်၏။

ကသိဏုဂ္ဃာဋိမာကာသ= အာကာသာနဉ္စာယတနစျာန်၏- အာရုံဖြစ်သော၊ အာကာသကမ္မဋ္ဌာန်း (၉) ပါးတို့တွင်၊ တပါးပါးကို ခွာခြင်းကြောင့် ထင်မြင်အပ်သော- ကောင်းကင်ပညတ်ကို၊ (ဝါ) ကသိုဏ်းဝန်းအာရုံအားဖြင့်- ယူအပ်သော ကောင်းကင် ဟင်းလင်းပြင်ကို၊ ကသိဏုဂ္ဃာဋိမာကာသဟူ၍ ဆိုအပ်၏။

ပရိစ္ဆေဒါကာသ= ပရိစ္ဆိန္နာကာသတုံးက၊ ထက်ဝန်းကျင် ကာရံထားတဲ့ အပေါက်အကြားကို- ဆိုအပ်ပြီးဖြစ်ရာ၊ ဤ- ပရိစ္ဆေဒ အာကာသမှာ- ထက်ဝန်းကျင် ပိုင်းခြားမှုမျိုး မဟုတ်၊ ထက်ဝန်းကျင် ပိုင်းဖြတ်ထား၍၊ စေ့စပ်ထိအပ်သော်လည်း- အကြား, အပြတ်, ရှိခြင်းကို ခေါ်ပါသည်။ (ဥပမာ) စစ်တုရင်ခုံကလည်း သစ်သား၊ စစ်တုရင် အရုပ်ကလေးတွေကလည်း သစ်သား၊ တင်ထားရာတွင်- ထိစပ်နေသော်လည်း၊ ပိုင်းဖြတ်ထားသော အကြားကား- ထင်ရှားရှိသကဲ့သို့သော- အကြားကို- ပရိစ္ဆေဒ အာကာသဟု- ခေါ်ဆိုအပ်သည်။ အဇ္ဈတ္တိကဖြစ်စေ၊ ဗဟိဒ္ဓဖြစ်စေ၊ရုပ်ကလာပ်တို့နှင့်စပ်၍မူ၊ ရူပကလာပ-ပရိစ္ဆေဒါကာသ, အနေအားဖြင့်လည်း၊ ရုပ်ကလာပ် အများစု၌ ဖြစ်စေ၊ ရုပ်ကလာပ်နှစ်ခု၌ ဖြစ်စေ၊ ပေါင်းစည်း နေသည့်အခါ- ထိစပ်သော်လည်း၊ တခုနှင့်တခု မရောယှက်အောင်- ပိုင်းဖြတ်ထားသော- အကြားအရပ်ကို၊ ရူပ ပရိစ္ဆေဒါကာသ, ဟူ၍ ခေါ်ဆိုအပ်၏။ ။(ဥပမာ) ငါးဥကလေးများ- ပြွတ်သိပ်တွဲ၍ အခဲလိုက် ဖြစ်နေသော်လည်း- တခုချင်း တခုချင်းစီသာ- ပေါင်းစီးရာသကဲ့သို့- ရုပ်ကလာပ်တို့သည်လည်း- တူရာတူရာ-ပေါင်းစည်း ဖြစ်ပေါ်တတ်သော်လည်း ထိစပ်မှုရှိလျက်-ပိုင်းဖြတ်ထားသော- ကလာပ်တစီး၏- အဆုံးအပိုင်းအခြားဖြင့်- အကြားဟူ၍- ဖြစ်ပေါ်လတ်ခြင်းကို- အာကာသပရိစ္ဆေဒ ဓါတ်ဟူ၍ သိမှတ်ရပါသည်။ ။

ဤကဲ့သို့= အာကာသဓါတ်သည်- လေးပါးသောအပြားအားဖြင့်၊ ပိုင်းခြား, ပိုင်းဖြတ်မှု,မရှိသော- ဟင်းလင်းအတိဖြစ်ခြင်း။ ပိုင်းခြားမှုရှိ၍-အပေါက်အခေါင်း, ဖြစ်ကြောင်းရှိခြင်း။ ကမ္မဋ္ဌာန်းအာရုံ- ကသိုဏ်းဟုန်အားဖြင့်- ထင်သော- ဟင်းလင်းပြင်ဖြစ်ခြင်း။ ထိစပ်သော်ငြား, ပိုင်းဖြတ်ထား၍ အကြားဖြစ်ပေါ်ခြင်းစသော- လေးပါးတို့တွင်၊ ရူပပရိစ္ဆေဒ- အာကာသအရ၊ ရုပ်ကလာပ်, ချင်းပိုင်းဖြတ်၍- အကြားဖြစ်အပ်သော- သဘောကိုသာ ဉာဏ်နှင့် ယှဉ်၍ မြင်ရန်လိုအပ်ပါသည်။ထိုသို့=ရုပ်ကလာပ်ချင်း- ထိစပ်နေကြသော်ငြားလည်း ပိုင်းဖြတ်သောအားဖြင့်- အကြားရှိလတ်သည်မှာ၊ "ပထဝီနှင့်အာပေါ်ကြားတွင်- ပိုင်းဖြတ်နိုင်ခြင်း မရှိပါ၊ အဋ္ဌကလာပတစီးချင်း- နဝကလာပ- ဒသက, ကလာပ တစီးချင်းစီ၌သာ- ပိုင်းဖြတ်၍ အကြားငှိစေခြင်းကို ဆိုလိုပါသည်။

ယခုအခါ- အဝိနိဗ္ဘောဂရုပ်ခေါ်- မကင်းကောင်း, မကွာကောင်းသည့် အဋ္ဌကလာပ်ရုပ်တို့အား၊ တပါးချင်းအားဖြင့်၊ ရူပပရိစ္ဆေဒဉာဏ်- ရုပ်ဓါတ်ရှစ်ပါးတို့ကို အပြားအားဖြင့်-ပိုင်းခြားသိအပ်သော- ဝိပဿနာပညာရှင်တယောက် အဖြစ်သို့- ရောက်အပ်ပြီးသည့်- ယောဂီသူမြတ်သည်၊ ဤ- အဋ္ဌကလာပ, နဝ

ကလာပ_မှ- တေရသက_ကလာပ ရုပ်ဓါတ်(၁၃)ခုပါ၊ကလာပ်စီး(၆)မျိုးသည်ကံ့ ကြောင့်ဖြစ်ခြင်းတဖုံ၊ စိတ့် ကြောင့်ဖြစ်ခြင်းတလီ၊ ဥတုကြောင့်ဖြစ်ခြင်းတသွယ်၊ အာဟာရကြောင့်ဖြစ်ခြင်းတနယ်အားဖြင့်၊ တူရာတူရာ= သဟာဝုတ္တိကအနေ၊ ရုပ်ကလာပ်တွေ- ပေါင်းစည်းဖြစ်ပေါ်လာကြသော= သန္တတိ အစဉ်အားဖြင့်- အဆက်မပြတ်၊ ဖြစ်ရှိအပ်ကြကုန်ရာ။ ၎င်းကို- အပေါင်းအစု- သမူဟမှ-အတုံး့အလုံး့အခဲ ဃန့အသွင်-အထင်ရှဲ့အားဖြင့်- သက်ဝင်သည်ဖြစ်၍၊ ဃနတုံး့ဃနခဲ့အစိုင်အခဲတွေ- အထင်အရှားဖြစ်လေသည်ဟု- ယူမှတ်မှားတတ်ကြပါသည်။ ထို့ကြောင့်- ဤ- အာကာသ ပရိစ္ဆေဒရုပ်နှင့်- စစ်တန်းဆုတ်၍- ကြည့်မြင်နိုင်ပါလျှင်၊ ကလာပ်တစီး့ တခုနှင့်တခု- အကြားပွဲခြင်း- အာကာသအခင်းကို- ဉာဏ်နှင့်မြင်ပါက၊ ဃနတုံး့ ဃနခဲမှ- စင်ကြယ်သော ဉာဏ်အမြင်ကို သက်ဝင်ရရှိစေနိုင်ပါသည်။

အမှန်မှာလည်း=အဋ္ဌကလာပအစ- တေရသကလာပအထိ၊ရုပ်ဟု ခေါ်နှင်း့ ဓါက်ဆောင်ခြင်းဖြင့်- ဟင့်လင်းမသေ့- သခ်တပရမတ်-သဘောဓမ္မအခြေသည်၊ လေးထွေသော ပုံပြင်စီရင်တတ်သည့်- ကံ့အာဟာရ-စိတ္တ-ဥတု-လေးခုအကြောင်း့ ပေါင်း၍ပြုပြင့် စီရင်လေတိုင်း၊ ရုပ်ကလာပ်အဖြစ်- ဓါတ်အစစ်သဘော-ရောနှောဖြစ်ရှိ- သန္တတိတို့-အကြောင်း၏မပြတ်သဖြင့် အကျိုးအရပ်ရပ်ဖြစ်ပျက်မစဲလတ်သည်ကို၊ ဃနခဲ့ ဃနတုံးဘဲ့ယ်သို့- သညာဝိပလ္လာသအားဖြင့်အမှတ်မှားခြင်း၊ စိတ္တဝိပလ္လာသအားဖြင့်- အသိမှားခြင်း၊ ဒိဋ္ဌိဝိပလ္လာသအားဖြင့်အယူမှားခြင်းဖြစ်နေရပုံများသည်၊ တသံသရာလုံးက- အမှားစွဲယူ- မြင်သိမှတ်သားမှုနှဲ့သာ လာခဲ့ရာ၊ ယခုပစ္စက္ခ= ဘုရားရှင်သာသနာမြတ်နှင့် တွေ့ရပါမှ၊ ရူပပရိစ္ဆေဒဉာဏ့် ရုပ်တရားရှစ်ပါးတို့အား- ပိုင်းပိုင်းခြားခြား သိပြီးငြားလည်း၊ အစွဲကားမပြုတ်၊ ဃနခဲ့ ဃနတုံးအားဖြင့်- ထင်စွဲယူထားခြင်းများ ရှိငြားနေသေးပါလျှင်- အနတ္တကိုမြင်ရန်- ခက်ခဲလှပါတော့သည်။

ဝိပလ္လာသ့ သုံးရပ်အားဖြင့် အနတ္တဉာဏ်- မမြင်အောင့် ဖုံးလွှမ်းပြသည့်တရားခံကတော့၊ ရုပ်ကလာပအစုစုတို့၏- သမူဟအမှုကို၊ (၀၁) သဟဇာတ-သဟာဝုတ္တိက- အဖြာ်မျိုးကို၊ ဃနတုံး့ ဃနခဲလို့- မှတ်သိ စွဲယူမိကြခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်- အနတ္တတရားရယ်လို့- မမြင်အောင့် ဃနဖုံးသည်ကြောင့်- ဝိပလ္လာသသုံးပါး-ဖြစ်ပွါးကြရသည်။ တဖန်- အနိစ္စလို့ မမြင်အောင့်သန္တတိဆိုဘဲ့- ရုပ်အလျဉ်အစဉ်သဘောက- ဖုံးသည်ကြောင့်- ဝိပလ္လာသုံးပါးဖြစ်ပြီး-မှားနေကြရသည်။ တဖုံအားဖြင့် ဒုက္ခလို့မမြင်အောင်လဲ-ဣရိယာပထတို့က(၀၁) လျှောင်း့ ထိုင့် ရပ့် သွား့ အချင်းအရာ့ တရားဘို့က- ဖုံးလွှမ်းထား

သည်ဖြစ်၍- ဝိပလ္လာသသုံးပါးနဲ့- မှတ်သိယူ- အမှားတံခွန်- ထူမိရက်သား- သတ္တဝါများတို့မှာ- ဖြစ်ပွားနေကြရလေသည်။

အဲဒီလို... ရုပ်, နာမ်, ဓမ္မ, သင်္ခါရကို၊ အနတ္တတရားလို- မမှတ်, မသိ, မယူမိအောင်၊ အနတ္တလက္ခဏာဖြင့်လဲ- မပိုင်းခြားမမှတ်သားမိအောင်၊ အနတ္တနုပဿနာအားဖြင့်လဲ ယောင်လို့ပင်, မပွားမိအောင်၊ ဃနခဲအဖြစ်- ဖုံးထားခံရခြင်းကြောင့်ငှင်း။ အနိစ္စလို- မမှတ်မသိ, မယူမိအောင်၊ အနိစ္စလက္ခဏာအားဖြင့်လဲ- မပိုင်းခြားမမှတ်သားမိအောင်၊ အနိစ္စနုပဿနာအားဖြင့်လဲ- ယောင်လို့တောင်, မပွားများမိအောင်၊ သန္တတိအဖြစ်နဲ့- ဖုံးထား ခံရခြင်းကြောင့်ငှင်း။ ဒုက္ခလို- မမှတ်မသိ- မယူမိအောင်၊ ဒုက္ခလက္ခဏာဖြင့်လဲ-မပိုင်းခြား, မမှတ်သားမိအောင်၊ ဒုက္ခနုပဿနာနဲ့လဲ- ယောင်လို့တောင်- မပွားများမိအောင်- ဣရိယာပထလေးပါးနဲ့- ဖုံးဖိခံထားရခြင်းကြောင့်ငှင်း၊ သတ္တဝါအနန္တ- ပုထုဇဉ်အန္ဓတို့မှာ၊ သုံးဖြာညွတ်ကွင်း, ဝဋ္ဋခပင်းမှ- မလွတ်ကင်းနိုင်ဘဲ ဖြစ်နေကြရတယ်။ အဲဒီလို- လက္ခဏာသုံးအင်မျှဖြစ်တဲ့- ရုပ်နာမ်အာယာဉ်တွင်၊ အဖုံးထားခံရသည့် အချက်ကို- မချိုးမဖျက်နိုင်ကြ၍၊ အနုပဿနာသုံးပါး, မပွားများ- မထင်နိုင်ကြပုံကို၊ ဝိသုဒ္ဓိမဂ်- အဋ္ဌကထာ၌- အောက်ပါအတိုင်း ဖွင့်ဆိုထားပါတယ်။

> ဥဒယဗ္ဗယ မဘိဏှ- သမ္မဋ္ဌ ပီဠ နဿစ၊
> နာနာဝိဗ္ဘောဂဿ- အမနသိကာရာ ဟေတုတော၊
> သန္တတျာစေဝ- ဣရိယာ ပထေဟိစ၊
> ပရိစ္ဆိန္နတ္တာ ယထာဘူတံ န ဥပဋ္ဌဟန္တိ လက္ခဏာ။ ။

ဥဒယဗ္ဗယာနံ- ရုပ်နာမ်ဓမ္မ- သင်္ခါရတရားတို့၏-''ဖြစ်ခြင်း+ပျက်ခြင်း'' ကိုငှင်း။ အဘိဏှသမ္မဋ္ဌပီဠနဿစ- မပြတ်မစဲ- 'ဖြစ်ပျက်'' တွဲ၍- ထပ်တလဲလဲ- ''နှိပ်စက်ခြင်း''ကိုငှင်း။ နာနာဓာတုဝိနိဗ္ဘောဂဿ- အထူးထူးသော- ''ဓါတ်တို့၏- အကွဲအပြား- အပိုင်းအခြား''ကိုငှင်း။ အမနသိကာရာဟေတုတော- နှလုံးမသွင်း- မဆင်ခြင်ခြင်းဟူသော အကြောင်းကြောင့်ငှင်း၊ (ဝါ) နှလုံးသွင်းဆင်ခြင်ရန်- ''ယထာဘူတဉာဏ်-ကေန်အမှန်မရှိ-မသိခြင်း''ကြောင့်ငှင်း။ သန္တတျာစေဝ- ရုပ်, နာမ်တခွင်- အလျဉ်မပြတ်- ''ဖြစ်ပျက်'' အပ်သော- ''သန္တတိ'' သဘောသည်ငှင်း။ ဣရိယာပထေဟိစ= ထိုင်, သွား, ရပ်, လျောင်း- ''ဣရိယာပုထ်'' အပေါင်းတို့သည်ငှင်း။ ဃနေနစ- အတုံး, အလုံး, အစိုင်အခဲ, အားဖြင့် တခဲနက်သော- ''သကာယ အင်္ဂါ'' အစိပ်အပိုင်း- ဃန, မှိုင်းသဘောတို့သည်ငှင်း။ ပရိစ္ဆိန္နတ္တာ- ဖုံးလွှမ်းအပ်သည်ဖြစ်၍၊ (ဝါ) အနိစ္စဉာဏ်သုံးအင်- မသက်

ဝင်ရန်- သန္တတိခံလျက်၊ ဒုက္ခဉာဏ်သုံးအင်- မသက်ဝင်လာရန်- ဣရိယာပထတွေ- ရံခြံလျက်နှင့်၊ အနတ္တဉာဏ်သုံးစား- မဖြစ်ပွားစေရန်= ဃနအတန်တန်ဖုံးလွှမ်းအပ်ပါသည်ဖြစ်၍၊ လက္ခဏာ= လက္ခဏာရေး သုံးပါးတို့သည်၊ (ဝါ) အဟုတ်ရှိ- တကယ်ပေါ်= ခဏတ္တယအားဖြင့်-ထင်ရှားလာပြန်သော်၊ ရုပ်ပေါ်နာမ်ဆင့်- အနိစ္စနှင့်တကွ= ဒုက္ခနှင့်လဲမပြတ်= အတ္တနှင့်မစပ်သည့်- အနတ္တသာဖြစ်သော- အနုပဿနာသုံးပါးတို့သည်၊ ယထာဘူတ- မဖေါက်, မပြန်မှန်ကန်သည့်အတိုင်း၊ (ဝါ) လက္ခဏာအရှိ- အနုပဿနာမမိ၍၊ သမ္မာဒိဋ္ဌိဉာဏ်မြင်မရှိကြသည့်အတိုင်း၊ နဥပဋ္ဌဟန္တိ- ကောန်ဝင်စား- ဉာဏ်မြင်အားဖြင့်- မထင်ရှားနိုင်ကုန်တော့ပေ။

အဲဒီလို- အာကာသ- ပရိစ္ဆေဒဓါတ်သဘောအားဖြင့်- မပိုင်းခြားနိုင်က၊ အနတ္တကိုဃနဖုံးခြင်း၊ အနိစ္စကို- သန္တတိ ဖုံးခြင်း၊ ဒုက္ခကို- ဣရိယာပထဖုံးခြင်းဆိုတဲ့- အတ္တ- နိစ္စ- သုခ- ဆိုတဲ့- ထင်မှတ်စွဲယူထားမှုတွေ ပျောက်ကင်းရအောင်၊ ဤ-ပရိစ္ဆေဒရုပ်ကို- ပြစဉ်အတွင်း၌၊ ဤ- သုံးချက်စလုံး ပါဝင်သွားရအောင်, အကျဉ်းအားဖြင့်- ရှင်းလင်းပေးသွားပါမည်။

ဒီတော့= ဃနတုံး, ဃနခဲ, စင်ကြယ်ပါမှ- အနတ္တကို- မြင်နိုင်မည်ဖြစ်ရာ၊ ရုပ်ခန္ဓာခေါ် ပြု (၂၈) ပါးသော- ဓါတ်တရားအစုများကို၊ ဃနတုံး, ဃနခဲသာမက၊ သဏ္ဍာန်ပါဟတ်၍- ထပ်ပြန်တလဲလဲ- စွဲမြဲရယူစရာမရှိပုံကို၊ ဤသို့- ဥပမာဟုန်ဖြင့်- ပိုင်းခြားသိအပ်ရာပါသည်။

(ဥပမာ) အခွံမခွါရသေးသေးသော-အုံးသီးစိမ်းတလုံးကို၊ ရုပ်သန္တတိအားဖြင့်-အဆက်မပြတ်- ဖြစ်ပျက်မရပ်တဲ့- ရုပ်စုဝတ္ထုပမာပြု၍၊ ၎င်းအုံးသီး ၁၀၀-လောက်ကို စုပုံထားလျှင်၊ အုံးသီးချင်းကတော့ ထိစပ်နေပါရဲ့၊ဒါပေမဲ့ တလုံးနဲ့တလုံး-ပိုင်းဖြတ်ထားတဲ့- အကြားအပေါက်တွေရှိမနေဘူးလား?-ရှိနေပါတယ်၊ အဲဒီ- အုံးသီးပုံအကြားအပေါက်ထဲကို၊ သံပုရာသီးဆိုတဲ့- ရုပ်စုဝတ္ထုတွေကို- အလုံးလိုက် ပစ်သွင်းကြည့်ရင်- အုံးသီးပုံကြားထဲကို ဝင်မသွားနိုင်ပေဘူးလား?၊ ဝင်သွားနိုင်ပါတယ်၊ အဲဒါ-အုံးသီးပုံမှာ အာကာသပရိစ္ဆေဒဓါတ်သဘောတွေရှိနေလို့ဘဲဆိုတာ ထင်ရှားပါတယ်။ တဖန်-အဲဒီပစ်သွင်းလို့ဝင်သွားနိုင်တဲ့- သံပုရာသီးတွေကို- အလုံးတရာ- နှစ်ရာလောက် ပြန်ပုံထားပြီးတော့- ပါတာနီဆိုတဲ့ပဲလှော်- ဆင်ခေါင်းပဲလှော်စေ့ကလေးတွေကို-သံပုရာသီး ပုံထဲမှာ ဖြစ်ပေါ်နေတဲ့- အာကာသပရိစ္ဆေဒထဲကို- ပစ်သွင်းကြည့်ရင်ကော မဝင်နိုင်ဘူးလား?၊ ဝင်သွားနိုင်ပြန်ပါတယ်၊ သံပုရာသီးပုံဟာ- တလုံးချင်းထိစပ်နေပေမဲ့- တလုံးနဲ့တလုံး, ထက်ဝန်းကျင် အပိုင်းအခြားကို ပိုင်းဖြတ်ထားတဲ့- အကြား

အာကာသပရိစ္ဆေဒ-ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။ တဖန်-သံပုရာသီးပုံထဲကို ဝင်သွားနိုင်တဲ့- ပါတာနီစေ့ကလေးတွေကို ပုံထားပြီးရင်၊ အဲဒီအပုံထဲကို- နှမ်းစေ့ကလေးတွေပစ်သွင်းကြည့်ရင်လဲ- ဝင်သွားနိုင်တယ်၊ အဲဒီလိုဝင်သွားနိုင်တာဟာ- အာကာသ ပရိစ္ဆေဒဓါတ်နဲ့ ပိုင်းဖြတ်ထားလို့ အကြား ရှိကြောင်း ထင်ရှားပါတယ်၊ တခါ-နှမ်းစေ့တွေ ပုံထားပြီး၊ သဲလုံးကကလေးတွေပစ်သွင်းကြည့်ရင်လဲ- ဝင်မသွားနိုင်ဘူးလား?-ဝင်သွားနိုင်ပါတယ်၊ တဖန်-အဲဒီသဲထဲကို လှည်းလမ်းမကြောင်းက- ဖုံနုကလေးတွေပစ်သွင်းကြည့်ရင်လဲ- ဝင်သွားနိုင်ပါတယ်၊ ကဲ-ဒီတော့- လှည်းလမ်းကြောင်းထဲက ဖုံနုကလေးတွေကို ဘာလို့ခေါ်သလဲ?- ရထရေဏုမြူလို့မခေါ်ဘူးလား-ခေါ်ပါတယ်၊ဒါဖြင့်-ရထရေဏုမြူတွေ ပုံထားပြီး၊သူ့ထက်သုံးဆယ့် ငါးဆ ငယ်တဲ့-တဇ္ဇာရီမြူတွေပစ်သွင်းရင်၊ အုံးသီးပုံထဲ သံပုရာသီးပစ်သွင်းလို့ဝင်နိုင်သလို၊ အကြားဆိုတဲ့- အာကာသပရိစ္ဆေဒရုပ်ရှိနေတော့၊ ဝင်သွားဘို့ရာသေချာပါတယ်၊ အဲဒါကျတော့-မျက်မြင်မဟုတ်တော့ဘူး။ ဉာဏ်မြင်နဲ့ ကြည့်မှဘဲ- ပရိစ္ဆေဒရုပ်ရှိမှန်းသိရတော့တယ်။ အဲဒီ-တဇ္ဇာရီမြူတွေကို- စုပုံထားပြီး၊ တဇ္ဇာရီမြူထက် (၃၅)ဆ ငယ်တဲ့- အဏုမြူတွေ ပစ်သွင်းကြည့်ရင်ရော၊ အာကာသပရိစ္ဆေဒဓါတ်ဟာ- ပိုင်းဖြတ်ထားရက်မို့- အကြားရှိပြီး ဝင်သွားနိုင်တယ်ဆိုတာ- ဉာဏ်မျက်စေ့နဲ့ ကြည့်ရင်- မမြင်နိုင်ဘူးလား?- မြင်နိုင်ပါတယ်၊ တခါ- အဏုမြူတွေကို- တောင်ပုံ့ ရာပုံ ပုံထားပြီး၊ အဏုမြူထက် (၃၅) ဆ- ငယ်တဲ့၊ ပရမာအဏုမြူတွေကို ပစ်သွင်းကြည့်ရင်ကော၊ မဝင်နိုင်ဘူးလား?၊ ဝင်နိုင်ပါတယ်။ ဒါကြောင့်= အာကာသ ပရိစ္ဆေဒဓါတ်နဲ့- ထင်ရှားပိုင်းဖြတ်ထားတဲ့သဘောဟာဖြင့်-အဏုမြူမှာရှိခြင်းကြောင့်-ပရမာဏုမြူနဲ့ ပစ်ပေါက်ကြည့်ရင်- ဉာဏ်နဲ့- ကောင်းစွာသိမြင်ရသလို၊ အဋ္ဌကလာပ (၈၈) စီးရှိတဲ့- ပရမာဏုမြူကိုလဲ- ထိုထက်ငယ်တဲ့-ကလာပ်စီး, ထက်ဝက်ဖြစ်စေ၊တစိပ်ဖြစ်စေ- စုပုံထားပြီး၊ ပစ်သွင်းကြည့်ရင်လဲ- အကြားဆိုတဲ့- အာကာသပရိစ္ဆေဒသဘောကတော့- ထင်ရှားပိုင်းဖြတ်ထားလျက်ဘဲဆိုတာ၊ ဉာဏ်ထဲမှာရောက်ပြီး သိနိုင်လောက်ပါပြီ။ ထိုသို့- ရုပ်ကလာပ်တစီးဖြစ်တဲ့- အဋ္ဌကလာပ်တို့- တခုကနေ, နှစ်ခုဖြစ်လာရင်၊ အကြား, အကြား, ပိုင်းဖြတ်ထားတဲ့- အာကာသပရိစ္ဆေဒဓါတ်ကလဲ- ပိုင်းဖြတ်ထားရက်ပါဘဲကလားလို့- ဉာဏ်နဲ့ထိုးထွင်း- အသိရှင်းသွားရင် အတုံး, အလုံး, ဆိုတဲ့- အစိုင်အခဲတွေရှိတယ်ဆိုတာ- ဟုတ်နိုင်ပါအုံးမလား?- မုချမဟုတ်နိုင်, မဖြစ်နိုင်တော့ပါဘူး။

အဲဒီလို= မဟုတ်နိုင်ပုံကို- သေသေချာချာ- ဉာဏ်နဲ့ စူးစိုက်ရှာဖွေကြည့်လေလေ၊ ဃနတုံး,ဃနခဲ- မဟုတ်လေလေ,ဆိုတာကို- ဉာဏ်သိနဲ့မြင်နိုင်ပါတယ်၊

အဋ္ဌကလာပ်ကနေ- တေဒသကလာပ်ဆိုတဲ့- ကလာပ်စီး (၁၃) စားတို့သည်၊ ကမ္မသမုဋ္ဌာန်- ကံလျှင်ဖြစ်ကြောင်းရှိသော ကလာပ်၊ စိတ္တသမုဋ္ဌာန်- စိတ်လျှင် ဖြစ်ကြောင်းရှိသော- ကလာပ်၊ ဥတုသမုဋ္ဌာန်- ဥတုလျှင် ဖြစ်ကြောင်းရှိသော ကလာပ်၊ အာဟာရသမုဋ္ဌာန်- အာဟာရလျှင် ဖြစ်ကြောင်းရှိသော- ကလာပ် တို့သည်သာ၊ ပုဂ္ဂိုလ်မလုပ်- သတ္တဝါကမလုပ်၊ အတ္တကလုပ်တာလဲ- မဟုတ်၊ အကြောင်းသမုဋ္ဌာန် ကလာပ်အတန်တန်- ခဏတ္တယသဘောမှန်တွင်၊ မာ့ ပျော့ ပထဝီ၊ ဖွဲ့စည်း့ ယိုဆင်း= အာပေါအခင်းနှင့်၊ ပူအေး- ရင့်ကျက်- တေဇော- ဖက်ခါ၊ ထောက်ကန်တွန်းမှု့ လှုပ်ရှားပို့၍၊ မြင်ကောင်းစေမှု- နံရစေကြောင်း၊ ပေါ်မှုရသ့ အပေါင်းပြု၍၊ မပြတ်မလတ့် ထောက်ပံ့ကာ ဖြစ်စေတတ်သော၊ ပထဝီအစ- ဩဇာဓါတ်အဆုံး- ဓါတ်သက်နှင့် ရုပ်လုံးပေါ်အောင်၊ သခ်ါရ လေးခု- ချယ်မှုန်းပြုခြင်း- သက်ဆင်းခံနေရသော၊ ခဏတ္တယတွင်း- ဝိပါကဝဋ် အခင်းမှုလုံ၍၊ မြဲတယ်လို့လဲ- မရှိ၊ အခဲသဖွယ်- တွဲနေသည်လည်း- မဟုတ်။ သူ့ရုပ်ကလာပ်နဲ့သူ၊ ခုဖြစ့်ခုပျက်-အကြားကြား့ အကွက်ကွက်နှင့်- လေးပါး စနက်ကြောင့်- ဆူပွက်နေသည့် ရေပမာ၊ ဘယ်ရေပွက်ဟာ- ငါ့ရေပွက်လို့- လက်ဆွဲလို့ မပြနိုင်သလို၊ အတ္တငါကလေး- ဘယ်ကလာပ်နှင့်- ဘယ်အထပ်မှာ ပါပါသေးတယ်လို့- အပ်ကလေးနဲ့ ထောက်ယူထားပြီး၊ ပျောက်မသွားအောင် ပြလို့လဲ မရ၊ အကြားကြား့အကွက်ကွက်၊မိမိသမုဋ္ဌာန်အချက်နဲ့မိမိ၊ အကြောင်း ရှိ စွမ်းရည်သတ္တိကလေးတွေ ပေါင်းဆုံကာ၊ ခဏတ္တယ့ ထင်ရှားလာကာမျှကို၊ အတုံး့ အလုံး့ အခဲ့ ဒြဗ့် သဏ္ဍာန်နဲ့- စွဲစရာမှုချမရှိဟု- ပိုင်းပိုင်းခြားခြားကြီး သိသင့်ပါတော့သည်။ ။

အထက်ပါက- ကဲ့သို့၊ အိုးသီးပုံထဲ- သံပုရာဝင်၊သံပုရာပုံထဲ- ပဲစေ့ဝင်၊ ပဲစေ့ထဲနှမ်းဝင်၊ နှမ်းထဲ သဲဝင်၊ သဲထဲဖုံဝင်၊ ဖုံထဲတဇ္ဇာရီမြူဝင်၊ တဇ္ဇာရီမြူထဲ အဏုမြူဝင်၊ အဏုမြူထဲ ပရမာဏုမြူဝင်၊ ပရမာဏုမြူ (၉၉)စီးလဲဘဲ၊ တခုနဲ့ တခု ထိစပ်သော်လည်း၊ အကြား့ အကြား့ ပိုင်းဖြတ်ထားသည့်- အာကာသ့ ပရိစ္ဆေဒဓါတ်- ထင်ရှားရှိဘိသည် သဘောကိုကြည့်၍၊ မိမိခန္ဓာ့ ကရဇကာယ့ ခေါ်တဲ့- ကလာပ်အစား(၁၃)ပါးနှင့်- မျိုးခြားမတူ- လေးဆူသော သမုဋ္ဌာန် ကြောင့်၊ တခုဖြစ့် တခုပျက်၊ နှစ်ခုဖြစ်- နှစ်ခုပျက်၊ တေ့ဆက့် တေ့ဆက့် ခြားရက်ခြားရက့် အဆက်မပြတ်- ဖြစ်ပျက်နေအပ်သည့်- ရုပ်အလျဉ်တို့ကြောင့် ဗီဇမျိုးစေ့- နိယာမဓလေ့ဖြင့်၊ သုံးဆယ့်နှစ်ကောဋ္ဌာသ့ရုပ်ကလာပအစုတို့ကို ဤကားခေါင်း့ ဤကားကိုယ့် ဤကားလက့် ဤကားခြေဟု- သမုတိသစ္စာ ဖြင့်၊ သမုတ်ခေါ်ဝေါ်ရသော်လည်း၊ ခုမြင့် ခုပျောက်၊ ခုကြား့ ခုပျောက်၊

ခုနံ့,ခုပျောက်၊ ခုပေါ်,ခုပျောက်၊ ခုထိ,ခုပျောက်၊ ခုသိ,ခုပျောက်၊တထောက်ကလေးမှ မနား၊ ငါ့ရုပ်,ငါ့နာမ်ပါလို့-ခဏပြုရအောင်၊ ဆွဲထား၍မရ၊ဆိုင်းထား၍မနေ၊ ကိုင်ထား၍ မမြဲ၊ ဖိထား၍ မရ၊ အကြား, အကြား၊ အကွက်, အကွက် အပိုင်း, အပိုင်း၊ အပြတ်, အပြတ်၊ ရပ်ထား၍လဲ မရ၊ ဖြစ်တည်ဆဲခဏဆိုတဲ့-ရှေ့-ရုပ်,နာမ်အစဉ်၊ နောက်-ရုပ်,နာမ်အစဉ်မှား အဝိပရိတ-မဖောက်,မပြန်သဿတကေန်နဲ့- ရှိတာကလေးတခုတော့- ပြစရာ, ပြလို့ရတာ ရှိပါတယ်လို့ ဆိုရအောင်ကလဲ၊ ဝိပရိဏာမ- ဥပါဒ်နဲ့ဘင်၊ ကြားကာလကလေးကလဲ- အညတ္ထာဘာဝအသွင်ဖြင့်- ရှေ့ရုပ်အစဉ်နဲ့၊ နောက်-ရုပ်အစဉ်,အသွင်မတူ- ဖေါက်ပြန်တဲ့မှုကလဲ, ထင်အရှားမို့၊ အတ္တကလေး, ဘယ်ကြားထဲမှာ— စိုးပိုင်ပြီး ထားနိုင်ပါသေးသလဲ၊ ငါ့ဥစ္စာလို့လဲ-သိမ်းပိုက်စွဲယူ-ဂုဏ်ထူ၍- ပြစရာလဲ မရှိ၊ ငါတည်းဟူသော- မာနဆိုတဲ့- လုလင်ကိုလဲ- ဘယ်ရုပ်ကလာပ်ရဲ့- ဖြစ်ပျက်မှုတွင်မှာမှ ထားသိုဘို့နေရာ- ရစရာမရှိတာလဲ- သေချာပါသဖြင့်၊ဿနစင်အောင် ကြည့်တတ်လျှင်- အဘယ်မည်သော-ရုပ်ကလာပ်တွင်- အတ္တဝင်၍- လုပ်ဇာတ်ခင်းနိုင်စရာ အကြောင်း- မရှိကောင်းတော့ပါပေ။

နှိုင်းယဉ်စရာ, ပမာပြရလျှင်၊ ဒါတွင်မျှလားဆိုတော့- မကသေးပါဘူး၊ ပုပ္ပါးတောင်- မေခ, မေလိခနှင်၊ ဟိမဝန္တာ,ဧဝရက်၊ တခဲနက်ဒုထယ်နဲ့-အမြင့်ရှေ့ဆောင်,တောင်ကြီးတွေမို့-ဃနတုံး,ဃနခဲလို့-မအောက်မေ့လိုက်ပါနဲ့၊ ဥတုဇအဌကလာပရယ်- အာကာသပရိစ္ဆေဒရယ်၊ ပေါင်းထားတဲ့- နဝကလာပ်တွေမျှသာပါဘဲ။ သူ့တို့မှလဲ- အကြား, အကြား, ပိုင်းဖြတ်ခံထားရလို့ပေါ့၊ နံ့နက်ထနဲ့, ညနေဝင်, အခိုးအမျှင်တွေ- တလူလူထွက်နေရတာ၊ အကြား, အပေါက်, ပိုင်းခြားထားတဲ့- အာကာသပရိစ္ဆေဒဓါတ်- မရှိလျှင်- အခိုးထွက်နိုင်စရာ, မရှိပါဘူး၊ အဲဒါကို- ကြည့်ရင်- အစိုင်အခဲအားဖြင့်- ဃနတုံးကြီး, ကြီးမားလှုပါတယ်ဆိုပေမဲ့- အာကာသပရိစ္ဆေဒ, ဓါတ်ကိုမြင်တဲ့-ဉာဏ်မျက်စေ့နဲ့ ကြည့်လိုက်လျှင်၊ အကြား,အကြား-အကွက်,အကွက်၊ အပိုင်း,အပိုင်း၊ အပြတ် အပြတ်မို့၊ အခိုးအငွေ့ဆိုတဲ့- ကလာပ်တွေ-ထွက်နေတာကို- သာမာန်မျက်စေ့နဲ့ပင် မြင်နိုင်ကြပါတယ်၊ မြေကြီးနဲ့- ကျောက် အနည်းငယ်ရောတဲ့- မြေတောင်မို့လို့-အကြားရှိတာပါ၊ ကျောက်သားပကတိဆိုရင်- အကြားမရှိဘူးလို့လဲ- မအောက်မေ့ပါနဲ့၊ တယူဇနာရှိတဲ့- ကျောက်ဖျာဘဲဖြစ်ဖြစ်၊ လေးငါးခြောက်တောင်မျှ ရှိတဲ့- ကျောက်ဖျာဘဲဖြစ်ဖြစ်၊ သူ့မှာလဲ- အာကာသပရိစ္ဆေဒဓါတ် ရှိလျက်ပါဘဲ၊ မယုံလျှင်- တနေ့လုံး- နေပူခံထားရပြီးတဲ့- ကျောက်ဖျာသည်၊ ညဥ့်သန်းခေါင်ကျော်ပြီဆိုပါက- သွားစမ်းပွတ်သပ်ကြည့်ရင် အဲဒီ-အပူပြန်ချက်ကြောင့်

မိမိ၏ ကာအေးစွက်၍- နှင်းရည်စက်ကလေးတွေလို- စိုစွပ်နေတာ တွေ့ရပါလိမ့်မယ်၊ ဒေါ-နှင်းမကျခင်- သွားပွတ်ကြည့်ပါ၊ သန်းခေါင်းလောက်ဆိုရင်တော့ တွေ့နိုင် ါတယ်။ ဒီတော့- ကျောက်မှိုလိုပါ၊ သံတုံး- သံခဲ- သံချောင်းထဲမှာ- ဘယ်ကလာပြီး- အာကာသပရိစ္ဆေဒဓါတ်၊ ရှိနိုင်ပါ့မလဲလို့လဲ- မလုပ်ပါနဲ့အုံး၊ အဲ- အလွန်တရာ- မာကျစ်တဲ့-မိုင်းစတီးဘဲ ဖြစ်စေ၊ စတိန်းလက်စတီးဘဲဖြစ်စေ၊ တကျပ်သုံးလောက်နဲ့- လေးငါးပေလောက်ရှိတဲ့- သံချောင်း, တချောင်းကို၊ အဖျား ာ-ခြောက်လက်မလောက်,ပန်းဘဲဖိုထဲထည့်ပြီး- မီးသွေးကောင်းကောင်းနဲ့၊ မီးးည့်ပြီး- ခတ်နာနာ ပန်းဘဲဖိုဆွဲပေးလိုက်ပါ၊ တနာရီလောက် ကြာပြီး၊ မီးခဲထဲက သံချောင်းရဲလာတော့၊ ငါးပေလောက်ကွာတဲ့၊ အရင်းကနေကိုင်ကြည့်၊ လက်နဲ့ထိရုံနဲ့ ပူတယ်၊ ကိုင်လို့-ဆုပ်လို့- မရအောင်ပူနေတယ်လို့ ပြောလိမ့်မယ်၊ မီးဖုတ်တာက- ခြောက်လက်မ၊ ဒီဘက်- လေးပေ, ခြောက်လက်မကွာဝေးနေတဲ့နေရာက ဘာဖြစ်လို့- လာပူနေရသလဲ၊စဉ်းစားကြည့်၊ အဲဒီ=သံချောင်းထဲမှာ- အပူရိန်ကလာပ်တွေ, ဖေါက်ထွင်းလာနိုင်တဲ့- အာကာသပရိစ္ဆေဒဓါတ်, အကြား အကြားတွေ- ထင်ရှားရှိမနေဘူးလား?- ထင်ရှားနေပါတယ်။

အဲဒီလို- အလွန်တရာ- သိပ်သည်းခိုင်မာတယ်ဆိုတဲ့၊ ကျောက်ဖျာ,သံတို့ဟာလဲ- ဥတုဇနဝကလာပ, ကလေးတွေမျှသာ ဖြစ်သလို၊ ဓါတ်စင်လို့ခေါ်တဲ့ ပလက်တီနန်ခေါ်- ရွှေဖြူနဲ့- ရွှေဝါတို့မှာလဲ- ဥတုဇနဝကလာပ်မို့၊ သဃ်ဇာတအနေ- ဘယ်လောက်ပင်- သိပ်သည်းပါသည်ဟု- ဆိုသော်လည်း၊ အကြား, အကြား, အာကာသပရိစ္ဆေဒဓါတ်သဘောကတော့- ရှိမြဲသာလျှင် ဖြစ်ပါသည်။ ခေတ်ပေါ်, ရွှေဖြူ- ရွှေဝါ,တို့ကို၊ ခွက်ပြုလုပ်ပြီး- မယုံလျှင်၊ ခြသေ့ဆီထည့်ကြည့်ပါက= (ကေသရာဇာ, ခြသေ့ဆီကို ဆိုလိုသည်)၊ စိမ့်ပြီး, ယိုထွက်ကျကုန်တာတော့ကို တွေ့ရပါလိမ့်မယ်၊ ခြသေ့ဆီမျာ:, နူးညံ့လွန်း အားကြီးသဖြင့်- ဒီလို- ရွှေဖြူ- ရွှေဝါခွက်နဲ့- အထည့်မခံနိုင်ဘူး၊ ယိုကျရတော့တာဘဲ၊ ခြသေ့ဆီကို- ခွက်ထဲမှာ, တည်နေစေချင်ရင်ဘော့၊ ယခု- အကောင်းဆုံးခေါ်တဲ့- ပုရပိုဒ်ခေါက်ရွှေကို၊ အကြိမ်တရာလောက်, အညစ်အကြေးကင်းအောင် လှော်ပြီးတဲ့အခါ၊ ဇမ္ဗူရာဇ်ရွှေ (ဝါ) သိင်္ဂီရွှေအဖြစ်ကို- ရောက်ရှိပြီးမှ ခွက်လုပ်ခါထည့်ရင်တော့၊ ခြသေ့ဆီဟာ တည်နိုင်ပါတယ်၊ ဒါကြောင့်- ယခုပြနေတဲ့- ဗုဒ္ဓအ ဓမ္မာမှ- မုချဝိပဿနာတရားတော်မြတ်ကို- ပုထုဇဉ်တွေခံယူနိုင်ဘို့ရာမှာ အင္ဂက ၁၁- ဆရာအရှင်မြတ်က (ဥပမာ) ပြုခဲ့ပါတယ်၊ ခြသေ့ဆီသည်-သိင်္ဂီရွှေခွက်မှာ တည်နိုင်သလို၊ မြတ်ဘုရားရှင်၏- အဘိဓမ္မာဒေသနာတော်မြတ်ဟာလဲ ကြားနာ, ကြည့်ရှုသူတို့မှာ၊ သိင်္ဂီရွှေခွက်နဲ့- တူကဲ့- နားမျိုးနဲ့မှ- ခံယူနိုင်ပါ

တယ်၊ခံယူနိုင်ပါမယ်လို့-ဆိုကာ၊ ဉပမာ-ပေးထားတော်မူပါတယ်၊ ခြသေ့်ဆီသည် သိင်္ဂီရွှေခွက်မှာမှ- တည်ဘိသကဲ့သို့ အဘိဓမ္မာဒေသနာသည်- သိင်္ဂီရွှေခွက်နဲ့တူတဲ့- နားမျိုး၌သာ တည်နိုင်ပါတယ်လို့- ဆိုလိုရင်းဖြစ်ပါတယ်။ အဲဒါ- ခြသေ့်ဆီသည်- အလွန်တရာနူးညံ့သိမ်မွေ့လွန်း၍- သိင်္ဂီရွှေခွက်ကလွဲပြီး- ဘယ်လိုခွက်မျိုးမှာမှ- မတည်နိုင်သလို၊ အဘိဓမ္မာ- ဒေသနာတော်သည်လည်း- သုဂမ္ဘီရ-သုနိပုဏ- သုဒုဒ္ဒသ- သုဒုဗ္ဗောဓ- အားဖြင့်၊ နက်နဲ-သိမ်မွေ့-သိနိုင်ခဲ- ဖေါက်ထွင်းနိုင်ခဲပါ၍၊ သိင်္ဂီရွှေခွက်နဲ့တူတဲ့နားမျိုးကလွဲပြီး- ဘယ်နားမျိုးနဲ့မှ- မခံယူနိုင်ဘူးလို့- ဆိုလိုပါတယ်။

သိင်္ဂီရွှေခွက်နဲ့ တူတဲ့နား=မတူတဲ့နားဆိုတာ-ဘာခြားနားလို့လဲဆိုတော့၊ အဝိဇ္ဇာထုထပ်ကြမ်းတမ်းလွန်း၍ ကိလေသာတို့နှင့်- အမြဲတန်း ယှဉ်စပ်နေရမှ-နေတတ်တဲ့အကျင့်ရှိတဲ့ ပုထုဇဉ်မှန်သမျှ-သိင်္ဂီရွှေခွက်နဲ့ တူတဲ့နားမရှိတဲ့ ပုဂ္ဂိုလ်မျိုးတွေဘဲဖြစ်တယ်၊ အဝိဇ္ဇာပင်ရှိသေးသော်လည်း- အဝိဇ္ဇာရဲ့အပြစ်ကိုမြင်သိ၍ ချိုးဖေါက်ဖျက်ဆီးသောသူသည်၊ ကိလေသာအပေါင်း၌-အမြဲမခိုအောင်းမူ၍၊ အဝိဇ္ဇာပြုတ်ကြောင်း- ကိလေသာခေါင်းပါး ကင်းဝေးကြောင်းကို ပြုလေ့-ပျော်မွေ့လေ့ရှိသော သူသည်၊ သိင်္ဂီရွှေခွက်နဲ့- တူသောနားရှိသူလို့- အချုပ်အားဖြင့်- ခွဲခြားသိရပါမယ်။ တနည်း-မိမိတို့သည် ...

(၁) အပ္ပရဇက္ခ =. ကိလေသာနည်းသော ပုဂ္ဂိုလ်၊
(၂) တိက္ခိန္ဒြိယ = ဣန္ဒြေထက်မြက်သော ပုဂ္ဂိုလ်၊
(၃) သွာကာရ = အချင်းအရာကောင်းသော ပုဂ္ဂိုလ်၊
(၄) သုဝိညာပယ= ဆုံးမလွယ်၊သိလွယ်သော ပုဂ္ဂိုလ်၊
(၅) ပရလောကဝဇ္ဇ ဘယ ဒဿာဝီ- တမလွန်လောကကို ဘေးဟုရှုလေ့ရှိသော ပုဂ္ဂိုလ်= ဤသို့သော- အကြောင်းငါးချက်တို့နှင့် ပြည့်စုံသူသည်- ဗုဒ္ဓအဘိဓမ္မာမှ-မုချဝိပဿနာတရားတော်မြတ်ကို-ခံယူရရှိနိုင်သော သိင်္ဂီရွှေခွက်နှင့်တူသည့်နားရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထိုမှ အပြန်အားဖြင့်....

(၁) မဟာရဇက္ခ = ကိလေသာအားကြီးသော ပုဂ္ဂိုလ်၊
(၂) မုဒိန္ဒြိယ = ဣန္ဒြေနုံ့နဲ့သော ပုဂ္ဂိုလ်၊
(၃) ဒွါကာရ = အချင်းအရာမကောင်းသော ပုဂ္ဂိုလ်၊

(၄) ဒုဝိညာပယ= အဆုံးမရခက်-အသိခက်သော ပုဂ္ဂိုလ်၊

(၅) နပရလောကဝဇ္ဇ ဘယ ဒဿာဝီ= တမလွန်လောကကို-ဘေးဟု မြင်လေ့မရှိသောပုဂ္ဂိုလ်=ဤသို့သောအကြောင်း ငါးချက်တို့နှင့် ပြည့်ဝနေသောသူသည်၊ ဗုဒ္ဓအဘိဓမ္မာမှ- မုချဝိပဿနာတရားတော်မြတ်ကို-ခံယူနိုင်သော- သိင်္ဂီရွှေခွက်နှင့် တူသည့်- နားမရှိသော ပုဂ္ဂိုလ်သာဖြစ်သည်ဟု၊ ပေတကော ပဒေသ-ပါဠိတော်၌-ဖွင့်ဆိုအပ်ပါသည်။ ထို့ပြင်-ဤသို့နှင်နှင် အသွင့်အပြင်ရှိကုန်သော ပုဂ္ဂိုလ်တို့သည် "သဒ္ဓါ သတိ- ဝိရိယ- သမာဓိ- ပညာတို့" တို့ဖြင့် မမွေ့လျော်နိုင်ရုံမျှမက....တနည်းအားဖြင့်လည်း....

(၁) အဿဒ္ဓ=သဒ္ဓါတရားမရှိသူဖြစ်ပါမူ၊(ဝါ)သဒ္ဓါတရားမမွေ့မြူလိုသူဖြစ်ပါမူ၊ သဒ္ဓါကထာ-သဒ္ဓါဖြစ်ကြောင်း-ထက်သန်ကြောင်း တရားတော်တို့ကို ကြားနာရပါက၊ (ဝါ)ဟောကြားလာပါက၊ ဒုက္ကထာ-မကောင်းသဖြင့်ကြားရခြင်း- မကောင်းသဖြင့် ဟောခြင်းဟူ၍- မခံယူနိုင်,သည်းမခံနိုင်ခြင်း၊

(၂) ဒုဿီလဿ=သီလတရားမရှိသူဖြစ်ပါမူ၊ (ဝါ)သီလတရား-စောင့်လိုငြားသူမဖြစ်ပါမူ၊ သီလကထာ-သီလအကျိုးကထာစကားမျိုးကို-ကြားနာရပါက၊(ဝါ)ဟောကြားလာငြားပါက၊ဒုက္ကထာ-မကောင်းသဖြင့်ကြားရခြင်း-မကောင်းသဖြင့် ဟောပြောခြင်းဟူ၍-မခံယူနိုင်, သည်းမခံနိုင်ခြင်း။

(၃) အပ္ပဿုတဿ- သူတော်တရား အကြားအမြင် မများသူဖြစ်ပါမူ၊ (ဝါ)သူတော်တရား အကြားအမြင် မလိုလားပါမူ၊ ဗာဟုသစ္စကထာ=လောကီ-လောကုတ်, မယုတ်ဖွံ့ဖြိုး- ဆင့်ဆင့်တိုးမည့်-ဗဟုသုတ, တရားစကားကြားနာရပါက၊ (ဝါ)ဟောကြားလာငြားပါက၊ ဒုက္ကထာ-မကောင်းသဖြင့်- ဟောပြောခြင်းကိုကြားနေရသည်ဟု- မခံယူနိုင်-သည်းမခံနိုင်ခြင်း။

(၄) မစ္ဆရိယဿ=မိမိဥစ္စာကို ဝန်တိုနေသူဖြစ်ပါမူ၊ (ဝါ) သိမ်းပိုက်တွန့်တိုမစွန့်လိုသူဖြစ်ပါမူ၊ စာဂကထာ-ပေးကမ်းစွန့်မှု-လှူဒါန်း

ပြုသည့်- ဒါနတရား- နာကြားရပါက၊ (ဝါ) ဟောညွှန်ပြသဆိုဆုံးမလာပါက၊ ဒုက္ကထာ-မကောင်းသဖြင့်စကား ကြားရငြားသို့-မခံယူနိုင်-သည်းမခံနိုင်ခြင်း။ ။

(၅) ဒုပ္ပညော-လောကီ,လောကုတ်-ပညာယုတ်သူ-ဖြစ်နေပါမူ၊(ဝါ) မဂ်ပညာ, ဖိုလ်ပညာ, ဝိပဿနာပညာ- လိုချင်လာသူမဖြစ်ပါမူ၊ ပညာကထာ- ယထာဘူတံ, ဟုတ်တိုင်းမှန်စွာ- မုချဒေသနာဖြစ်သော-အဘိဓမ္မာတရားတော်မြတ်ကို- ကြားနာရပါက၊ (ဝါ) ဟောကြားငြားပါက၊ ဒုက္ကထာ=မကောင်းသဖြင့် ကြားရခြင်း-မကောင်းသဖြင့်-ဟောပြောခြင်းဟူ၍ မခံယူနိုင်ခြင်း- သည်းမခံနိုင်ခြင်း။

အထက်ပါ-ဒုက, အင်္ဂုတ္တိုရ်ပါဠိတော်လာ- အချက်ငါးချက်တွင်- ဘယ်အချက်ကိုမျှ-နှစ်သက်မွေ့လျော်စရာဟု- မထင်ပါသော၊ အန္ဓပုထုဇဉ်တို့၏ နားသည်-သိင်္ဂီရွှေခွက်နှင့်-လားလားမျှ-မတူနိုင်ပါပေ။ ထိုမှအပြန်-ကထာ ငါးတန်၌- အကြောင်းတိုက်ဆိုင်တိုင်းနှင့်- အကြောင်းတိုက်ဆိုင်အောင်, မိမိကိုယ်တိုင်ကိုယ်က-ကြိုးစားရှာဖွေလိုလားသော ကလျာဏတို့သည်သာ- အထက်ပါ, ငါးဌာနကို၊ သုကထာအနေအားဖြင့်-ခံယူလိုလားနှစ်သက်ငြား၍၊နားသိင်္ဂီရွှေခွက်၌သွေ့မပျက်တည်သော- တရားအဆီတို့ဖြင့်- ပြည့်နှက်သည့်- အရိယာသာဝက-ဘုရားတပည့်သားအဖြစ်ကို ခံယူသက်ဝင်နိုင်မည်ဖြစ်ပါ၍၊မိမိသည်-ဘယ်အချက်တွင်- မနှစ်မသက်, မမွေ့လျော်နိုင်ဘဲ ဖြစ်ရှိနေပါသေးသနည်းဟု- စစ်ဆေးပြုပြီး- ပြင်သင့်ကြပါတော့သည်။

ဤငါးချက်သော-သဒ္ဓါ- သီလ- သုတ- စာဂ- ပညာတို့ကို၊ နာကြား, ဘတ်ရှုမှတ်သား, ကျင့်သုံးရရှိသွားနိုင်မှုသည်၊ ဟိရိ-ဩတပ္ပ=မကောင်းမှု- မသူတော်တရားတို့၌၊ ရှက်ခြင်း, ကြောက်ခြင်း-ထိုနှစ်ခင်းနှင့်လည်း ပြည့်စုံပါမှသာ-ဖြစ်သင့်မည်ဖြစ်ရာ၊ မကောင်းမှု=ဒုရာဇီဝ, ဒုစရိုက်နှင့်၊ မသူတော်=ကိလေသာအပေါင်းပြည့်နှက်နေကြောင်းတရားတို့၌၊ ရှက်တတ်ခြင်း- ကြောက်တတ်ခြင်း-ဖြစ်နိုင်ရသည်မှာလည်း၊ ယထာဘူတ-ဉာဏ်ဖြင့်-ဟုတ်တိုင်းမှန်ရာကိုမသိ၊ "အတ္တနတ္တံ နကရောတီတိ အဝိဇ္ဇာ"အရ၊ မိမိအကျိုးဟုတ်မှန်သည်- မဟုတ်မှန်ကိုပင်-မသိမမြင်အောင်- ဖုံးလွှမ်းထားသော၊ ထုထပ် ကြမ်းထမ်းသည့် အဝိဇ္ဇာခါတ်ကြောင့်သာလျှင် ဖြစ်ရကား၊ တိုအဝိဇ္ဇာကို ခွါလှစ်နိုင်ကြောင်း- ယထာဘူတဉာဏ်အပေါင်း၏ တည်ရာဖြစ်သော၊ အဘိဓမ္မာဒေသနာတော်မြတ်ကို၊ မရှာဖွေ

လို- မကြာနာလို၊ မနှစ်သက်လို- မမွေ့လျော်လိုခြင်း- အထက်ပါ, ငါး၄ာန အခင်း၏အချုပ်၊ အဟီရိက-အနောတ္တပ္ပနှင့်-အဝိဇ္ဇာကိုပါးလွှားအောင်- ပြုလုပ်အားထုတ်လေ့ရှိသော-ကလျာဏနွယ်ဝင့်သူတော်စင်အဖြစ်မှ အရိယာနွယ်ဝင့် သာဝက-ပါရမီရှင် ဖြစ်အောင် ကြိုးစား၍- သိင်္ဂီရွှေခွက်နှင့် တူသောနားကို ပိုင်ဆိုင်ရအောင် ကြိုးစားကြပါလေ။

× × ×

ဒီတော့-သခ်တနယ်, လောကသုံးသွယ်တွင်၊ ဒြဗ်, အထယ်, အမာခံဟု၊ စံပြု၍ပြစရာမရှိပါသော အခြေကို၊ သံ-ရွှေ- ငွေ- အထွေထွေဆိုသည့်ဥပင်လျှင်၊ အာကာသပရိစ္ဆေဒဓါတ်ဖြင့် ပိုင်းဖြတ်ကြည့်ပါက၊ ဃနဆိုတာ, ခဏတာမျှပင် မရှိကြောင်း- ဧကန်, အမှန်သဘောကို- ဉာဏ်နှင့်မျှော်၍- ခန္ဓာပေါ်ရောက်, ထိုးထွင်းပေါက်အောင် ဆင်ခြင်ကြည့်ရှု သုံးသပ်မှုပြုတော်မူကြပါလေ။ ။

ဤကဲ့သို့-ရှုတင်, ဆင်ခြင်ကြည့်နိုင်ရန်၊ ရှေ့နားတထောက်က- မှောက်ထားသောအိုးကိုလှန်ဘိသကဲ့သို့၊ ဉာဏ်မီစရာ အကြောင်းတွေပြလာခဲ့ပေမဲ့၊ မိမိဘာသာမိမိ, ထိုးထွင်းသိအောင်, ကြည့်စမ်းပါဆိုတော့၊ မလွယ်တဲ့အခင်းနဲ့ ပက်ပင်းတွေ့နေရမှာသေချာပါတယ်၊ ဒီတော့-နဲနဲလေး, ဆက်ပြပေးပါအုံးမယ်၊ ရှေ့တယ်လို့လဲ- မအောင်းမေ့ကြပါနဲ့၊ အဘိဓမ္မာဒေသနာ=ဝိပဿနာပညာ, မင်္ဂပညာ, ဖိုလ်ပညာ, လောကုတ္တရာ ပညာဆိုတာ၊ လူ့ဘဝ-နတ်ဘဝ-ရဟန်းဘဝ, ရတိုင်း, တတ်သိ, ကျွမ်းကျင်- လောကုတ္တရာနဲ့စပ်ဘဲ့- ဉာဏ်အယာဥ်ပညာကို ရရှိရန် လွယ်ကူနိုင်ကြတာမဟုတ်ပါဘူး၊ လောကီပညာကတော့- လူ့ဘဝ, နတ်ဘဝရတိုင်း-သင်ယူကာ- ကြိုးစားသမျှတော့ ရရှိနိုင်ပါတယ်၊ ဒီတော့-ရှေ့တယ်လို့ မအောင်းမေ့ပါနဲ့၊ဒီလောကုတ္တရာပညာကို-ပေးစွမ်းတော်မူခဲ့တဲ့-အဘ, ဘုရားရှင်သည်- သင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတသိန်းတိုင်အောင်- ပါရမီတော်တွေကို ဖြည့်ကျင့်ခဲ့ရတဲ့- ရှေ့လျှားကမ္ဘာကြာညှောင်းခဲ့ရပုံကိုကြည့်လျှင်၊ ခုထိ ကျွတ်တန်းရဲ့ နှုတ်ခမ်းပါးကလေးကိုမှ- မတွေ့ထိနိုင်အောင်- အဝိဇ္ဇာဖုံးနေတုံးဆိုရင်၊ ရှေ့တွင် ဝဋ်ဒုက္ခဘဝတွေ-ဘယ်လောက်ရှေနေအုံးမလဲလို့- မရေမတွက်နိုင်တော့ပါဘူး၊ အဘ, ဘုရားရှင်တဆူထဲနဲ့ဘဲ နှိုင်းစာပါအုံး=သင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတသိန်း- ဖြည့်ကိန်းအညီ-ပါရမီတော်ကာလ-ကြာသမျှကိုထောက်လျှင်၊ ဂင်္ဂါဝါဠု-သဲစုနှင့်မျှမက, ပွင့်တော်မူခဲ့တဲ့-ဘုရားရှင်ကိုယ်တော်မြတ်တို့ရဲ့- ပါရမီတော်ဖြည့်ကျင့်တော်မူလာတဲ့ ကာလတွေ-ပွင့်တော် နေတော်မူတဲ့၊ ကာလတွေကိုပါ-ထည့်တွက်

ရင်၊အနမတဂ္ဂသံသရာဆိုတာနှိုင်းပြစရာမရှိအောင်ရှေခဲ့လှပါပြီ။ဒီတော့-သံသရာ တိုတိုနဲ့ပြတ်ဘို့ဆိုတာလဲ၊ မိမိကလဲ-လူ့အဖြစ်ရပါမှ- ဘုရားသာသနာနဲ့လဲတွေ့မှ- သပ္ပုရိသတို့နဲ့လဲ ပေါင်းဆုံရပါမှ၊ မိမိတို့ကလဲ- အထက်ဖေါ်ပြပါ- အချက် ငါးချက်- နှစ်ရပ်ပေါင်းနှင့်လဲ- ပြည့်စုံပါမှ ဆိုတော့- လောကုတ္တရာပညာ, မဂ်ပညာ,ဖိုလ်ပညာဆိုတာ- အင်မတို့,အင်မတန်, အလွန်ရခဲတာအမှန်ပါဘဲ။ မိမိက, လူ့အဖြစ်, နတ်အဖြစ် ရပေမဲ့- ဘုရားသာသနာနဲ့ တွေ့ပါမှ၊ အဲဒီလို- ကြုံတွေ့ ပြန်တော့လဲ- ကြိုက်နှစ်သက်မှ့လျှော်နိုင်မှ၊ သပ္ပုရိသနဲ့လဲ-ပေါင်းဖေါ်မိပါမှ ရနိုင်ကြမှာမို့၊ ယခု...ပြပြီး- ပြဆဲ, ပြလတံ့, တရားတော်မြတ်တို့ကို၊ မြတ်မြတ် နိုးနိုးနဲ့- တသာသနာ, မရှုံးရအောင်၊ စိတ်နှလုံး, ဒုံးဒုံးချပြီး- ကြိုးစား, ရယူ တော် မူသင့်ကြပါတယ်။

ဒီတော့.... ရှုတင်, ဆင်ခြင်ခဏ်းအဖြစ်, ဆက်လက်သုံးသပ်ကြည့်ပါဦး၊ ရုပ်ကလာပ်အစားစားတို့ကို၊ ဉာဏ်နဲ့မှ- မြင်ရတော့တဲ့- ကလာပ်မှုံ, ကလာပ်မွှား အထိ၊ အာကာသပရိစ္ဆေဒခေါ်တ,ပိုင်းဖြတ်အပ်၍၊ ဃနတုံး, ဃနခဲမရှိတဲ့သဘော သည်၊ မိမိရဲ့- ရုပ်ခန္ဓာမှာ= မီးလို့ရှင်ရှင်, တောက်လောင်နေတာကို- မမြင်ရ သော်လဲ၊ ပမာဏတူမျှပုံကတော့- မခြားပါဘူး၊ (ဥပမာ)ဆီမီးခွက်ကလေးတခု မှာ-ဆီကလဲအပြည့်ရှိတယ်၊မီးဇာကလဲ အသင့်အနေအထား,မီးတောက်ကလေး နဲ့- လင်းနေစေချင်တဲ့အခါ၊ မီးကူးထွန်းညှိပေးထားပြီး၊ မီးကို- ငြိမ်းစေတတ်တဲ့ အန္တရာယ်တို့မှ၊ ကင်းဝေးရာမှာ ထားရှိပေးမယ်ဆိုရင်၊ ဆီမီးတောက်ကလေး, မပြတ်တောက်လောင်, အလင်းရောင်ကို- ပေးစွမ်းနေတဲ့ အကျိုးတရား, ဖြစ် ထွန်းပေါ်ထွက်နေမှာ- အမှန်ပါဘဲ၊ အဲဒီလို= ဖြစ်ထွန်းပေါ်ထွက်လာတာဟာ အလင်းရောင်ကို- အလိုရှိတဲ့- ရှမ်နာမ်ရှင်သည်၊ မီးခွက်,ဆီ,မီးဇာတို့ကိုရအောင်၊ အသင့်ပြုလုပ်- အားထုတ်ထားတဲ့၊ ကမ္မ- အမှုအလုပ်,ပြုလုပ်ခြင်းသည်၊ကံတည်း ဟူသော- မူလအကြောင်း= ကံ၏သတ္တိပါဘဲ၊ လင်းစေလာလို-မီးကိုကူးညှိ-ထွန်း ပေးဘိခြင်းသည်- စိတ်၏အလို- ဖြစ်လာစေလိုမှုကြောင့်ဘဲ၊ အဲဒီလို- ကံ၏သတ္တိ စိတ်၏အလိုနဲ့- ထွန်းညှိပေးလိုက်တော့- ဥတုဇ- ဥဏှတေဇော လွှန်ကဲတဲ့- မီး တောက်ကလေး, တရှင်ရှင်- တသွင်သွင်, တောက်လောင်နေတာက၊ ဥတု အကြောင်း= ဗီဇနိယောမနဲ့ ပေါင်းပြီး- တောက်လောင်နေရတာဘဲ၊ ထိုသို့-မီး တောက်ကလေး, မပြတ်တောက်လောင်နေအောင်, အထောက်အပံ့ပေးနေတာ ကတော့- ဆီဘဲ၊ အဲဒီလို- ဆီဆိုတဲ့- ဩဇာလက္ခဏာ- အာဟာရက, ထောက်ပံ့ သည်၏အဖြစ်- ကျေးဇူးပြုသောကြောင့်၊ အဆက်မပြတ်, တောက်လောင်အပ်၍၊

အလင်းရောင်ဓါတ်အကျိုးကို- ဖြစ်ထွန်း, ပေါ်ပေါက်နေခြင်း- မျိုးသာလျှင် ဖြစ်ပါတယ်။

ဒီနေရာမှာ၊ ဆီမီးခွက်ကလဲ- ဆီရောက်လာရင်- ငါခံယူထားမယ်လို့၊ ဆီလာခဲ့ပါလို့လဲ- မတောင့်တမဘိတ်ခေါ်- တာဝန်မခံထားပါဘူး၊ ဆီကလဲ- မီးဇာလာရင်- ပျံ့နှံ့ဝင်စွက်- ထွက်စရာ- ရှာမယ်လို့လဲ- မကြံစီ, မတွေးတော- မပြောထားပါဘူး၊ မီးဇာထိပ်ရောက်ရင်- ဆီဥပေါက်ကလေးတွေကလဲ-မီးလာတို့ရင်- ဒို့အရင်လောင်မယ်လို့လဲ- တိုင်ပင်မထားကြပါဘူး၊ ဒို့လောင်ကျွမ်းပြီးရင်- အောက်က ဆီတွေတက်လာပါစေလို့လဲ- ဆုမတောင်းခဲ့ကြပါဘူး၊ ဒါပေမဲ့ ရုပ်နာမ်ခန္ဓာရှင်တို့ရဲ့=ပြုမှုကံရဲ့သတ္တိ=လင်းစေလိုမှု- စိတ်အစွမ်း၊ ဥတုဇကလာပ် မီးဓါတ်ငြမ်းကို- ပယောဂါဘိ သင်္ခါရပန်း, ပွင့်လန်းအောင်- ဆောင်နှင်းလိုက်သည်နှင့်တပြိုင်နက်၊ ဥတုဓါတ်မီး- အာဟာရဩဇာဓါတ်ဆီ အသီးသီးတို့သည် အဗျာပါဒ- အနာရမ္မဏတရားဖြစ်သော (ဝါ) အချင်းချင်းညှိနှိုင်း- ဗျာပါဒလိုင်းမငြိုသော၊ အာရုံမယူပိုင်, နှလုံးသွင်းနိုင်မှု မရှိသော၊ ဥတုဇနဝကလာပတရား အသီးသီးဖြစ်တဲ့- ခွက်, ဆီ, မီးဇာ, မီးရောက်လာ၍- စုံညီအကြောင်း- ပြည့်စုံကောင်းသည်နှင့် တပြိုင်နက်၊ ဥတု, ဗီဇ- ဓမ္မ-နိယာမ, သုံးဖြာအလျှောက် ပယောဂါဘိသင်္ခါရမြောက်ပါသဖြင့်၊ မီးတောက်ကလေး,တရှင်ရှင်၊ ရုပ်အလျဉ် ဖြစ်ပေါ်၍၊ အလင်းရောင်ဆိုတဲ့ အကျိုး- ဖြစ်ပေါ်မှုမျိုး, အဆက်ဆက်သည်၊ သင်္ခါရစနက်အားဖြင့်- "ဖြစ်ပျက်" တရား- ထွန်း ကား လာ နေ ရ ခြင်း- ဖြစ်တော့၏။

အဲဒီလို= အကြောင်းစုံညီလတ်၍၊ 'ဖြစ်ပျက်"နဲ့ တောက်လောင်နေရတဲ့ တေဇောဓါတ်သဘောသည်၊ ပရမတ်ကျေန်- အဋ္ဌကလာပ, ရှစ်တန်သော၊ ပရမတ္ထတရားတို့သည်သာ၊သင်္ခတ- အကြောင်းလေးပါး- ပြုပြင်ငြားလျက်၊ နိယာမ သုံးပါး- သိဒ္ဓိအားဖြင့်၊ အကြောင်းမပြတ်- ဆက်နွှင်း၍၊ အကျိုးရုပ်"ဖြစ်ပျက်" အခင်း တေဇောသည်- မီးသဘော ရုပ်အစုနှင့်- လင်းမှုကို ပေးစွမ်းနေသည်ဟု သိအပ်ပါပြီ။ ဥတုတေဇောလွန်ကဲသည့်- ကလာပ်တွဲအစု- မီးရုပ်ဖြစ်မှု၌၊ ဝဏ္ဏအဆင်း, မြင်ကောင်းခြင်းကလဲ မပြတ်ဆောင်နှင်းလျက်မို့၊ မီးတောက်,မီးညွန့်, မီးခိုး- သုံးမျိုးသော- ရုပ်အစုတို့ ဖြစ်ပေါ်နေဆဲ၌၊ ကလာပ်မှုန်, ကလာပ်မွှား- အာကာသပရိစ္ဆေဒရုပ်- အကြား- အကွက်, ပိုင်းဖြတ်ချက်ဆိုတာလဲ ထင်ရှားပါတော့သည်။ ဆီခေါ် အာဟာရ- ဩဇာဓါတ်- မျှတပါသဖြင့်- အဆက်မပြတ်, တောက်လောင်ခွင့်- ရရှိနေပုံသည်လည်း၊ လွန်စွာထင်ရှားပါသည်၊ မီးဇာကြိုးမျှင်- အပင် ၅၀-ကို အစွဲပြု၍- လောင်မှုအရှိန်- မီးရုပ်တထိန်ထိန်- ဖြစ်ပွားရာမှ

မီးဇာတမျှင်၊ ဆီတဋ္ဌေတို့- လောင်၍- လောင်၍ နေကြသည်မှာ၊ မရောမယှက်၊ ပိုင်းခြားရက်ပါဘဲ၊ ထိုနည်းမကျွာ- မီးတောက်တဖြာ-ဖြစ်ခါနေရသည်မှာလည်း ဗဟိဒ္ဓခေါ်ရ- အဇ္ဈာအာကာသထဲရှိ- အဏုမြူ ဥတုဇကလာပ်တွေကလဲ၊ မီးဇာ မျှင်တခု- ဆီတဉကို- အကြောင်းပြု၍၊ တောက်လောင်မှုခေါ်- အဇ္ဈတ္တတေဇော ဓါတ်နှင့် ဗဟိဒ္ဓဥတုဇကလာပ်တွင်ပါဝင်သည့်- တေဇော,ဩဇာ, ထိုနှစ်ဖြာတို့က မီးဇာချည်မျှင်, ဆီတဉမျှမှ, ဖြစ်ပေါ်သော- တေဇောမီးရုပ်၏- ငွေ့,ခဏတွင်- ပေါင်းဆုံမိတိုင်း၊ ဗဟိဒ္ဓတေဇော,ဩဇာအခင်းတို့က- ထောက်ပံ့အပ်သည်ဖြစ်၍ မီးဇာဆီဉမှဖြစ်သည့်- မီးရုပ်အစကို- မီးတောက်ဘဝသို့ရောက်စေပေတော့သည်။ ထို- မီးတောက်တို့သည်လည်း၊ မီးဇာမှ- ဆီဉအရှိန်နှင့်- ဗဟိဒ္ဓ ဥတုဇတေဇော- ဩဇာနှေ့ာမှုအရှိန်- ကုန်ဆုံးချိန်၌၊ ညိုကာမဲ၍- မီးခိုးကလေးများဖြစ်ပြီး၊ ချုပ် ဆုံးကွယ်ပျောက်၍ သွားကြပုံကို- ထင်ရှားမျက်မြင်ပင်- တွေ့နိုင်သည့်အချက်- အနက်သဘောအတွင်း၌....။

မီးဇာချည်မျှင်, ငါးဆယ်တွင်- ဆီဉငါးဆယ် စိမ့်ကာတွယ်၍၊ တချည် မျှင်၊ ဆီဉတဉ၊ ပိုင်းခြားမှု- အာကာသပရိစ္ဆေဒနှင့်တကွ၊ ချည်မျှင်, ဆီဉ- စွဲပြု လောင်ဆဲ- ခဏထဲ၌၊ ဥပါဒ်, ငွေ့, ဘင်, ခဏငယ် သုံးချက်မျှအတွင်း- မြင်အပ်, မြင်ကောင်းသော- မီးရုပ်အဆင်းသို့၊ ပကတိမျက်စေ့ဖြင့်- မမြင်ရကောင်းဘဲ၊ ဥပါဒ်, ငွေ့, ဘင်, အစဉ်တွင် ဗဟိဒ္ဓဥတုဇတေဇော- ဩဇာဓါတ်, ကလာပ်အစုစု တို့က၊ ထို- ငွေ့- ခဏတွင်- ပေါင်းဆုံကြပါသဖြင့်- မီးရုပ်အဆက်ဆက်ကို- ဥတုဇ တေဇောဩဇာဓါတ်တို့၏ ဓမ္မတာ- သုံးဆက်မှ- ခုနစ်ဆက် တိုင်အောင်ဝှင်း၊ အာဟာရဇ- ဩဇာဓါတ်တို့ဓမ္မတာ- ငါးဆက်မှ- တဆယ့်နှစ်ဆက်တိုင်အောင် ဝှင်း၊ ချည်မျှင်- ဆီစု- အဇ္ဈတ္တတေဇောဩဇာမှုနှင့်- သဟကာရီကရဏ- ပေါင်း ဆုံစွမ်းအား- ပြည့်ဝအတ္ထိ- ပစ္စယ,သတ္တိသဘောအရ၊ မီးတောက် အဖြစ်ကို ရောက်ကြရာတွင်လည်း- အဇ္ဈတ္တ- ဥတုဇတေဇောဩဇာ- ဇနကသတ္တိနှင့်၊ ဗဟိဒ္ဓ ဥတုဇတေဇောဩဇာ- ဥပတ္ထမ္ဘကသတ္တိတို့ အကြောင်းရှိ စွမ်းရည်အလျောက်၊ ချည်မျှင်တခု- ဆီဉတဖြာ- မီးရုပ်ဖြစ်လာ၍၊ ချည်မျှင်- ၅၀၊ ဆီဉ- ၅၀၊ အသွယ်သွယ်တို့၌၊ မီးရုပ်ဟု- သမုတ်ရသော- ပကတိမျက်စေ့နှင့် မြင်သိနိုင်သည့် ရူပါရုံ, ဝဏ္ဏ, အဆင်းဓါတ်, မြင်အပ်, မြင်ကောင်းသည့်သဘောတိုင်အောင်- သက်ဝင်လာရပါပေတော့သည်။ ။

ထိုသို့= ချည်မျှင်တခု ဆီဉတဖြာ- ခွဲစိပ်ခါကြည့်ပါက၊ ဃနတုံး,ဃနခဲ,ဟု စွဲသုံးပြုစရာ ရှိနိုင်ပါဦးမည်လား၊ မချ- ဃနတုံး, ဃနခဲ, မဟုတ်၊ အာကာသ ပရိစ္ဆေဒဓါတ်နှင့် ပိုင်းဖြတ်၍ ကြည့်နိုင်လေလေ၊ ဉာဏ်မြင်၌- သိသာထင်ရှား

လေလေသာ ဖြစ်ပါတော့သည်။ ထိုမှတပြာ=ဆီဥမှဖြစ်-မီးအသစ်သည်-ဗဟိဒ္ဓနှင့် ပေါင်းဆုံ၍= မီးတောက်ဟုန်ကလေးဘက်သို့ မပါ၊ သူစွဲလောင်ရာ ခဏဥ်ပင်၊ ချုပ်ပျောက်ပြုန်းတီး- ပျက်စီးသွားခဲ့ပေ၏၊ ထို-ဗဟိဒ္ဓနှင့် အဇ္ဈတ္တပေါင်းဆုံသည့် မီးတောက်အဆက်ဆက်- သုံးဆက်မှ- ခုနစ်ဆက်တိုင်သည့် သဘော၌လည်း- တဆက်လျှင်= ခဏငယ်သုံးချက်စီဖြင့်- ''ဖြစ်တည်ပျက်''လျက်၊ ချုပ်ပျောက်ကြကာ- တဆက်မှ- တဆက်သို့ မပါလာခဲ့ကြပါပေ၊ တည်သည်ဆိုရ- အပျက်ဘက်ယိမ်းယိုင်ခါ ပါရသည်မို့၊ ''ဖြစ်ပျက်'' အဆက်ဆက်တိုသည်သာ၊ ဆီဥမှ မီးသည်- မီးတောက်သို့မပါ၊ မီးတောက်မှမီးသည်- မီးညွန့်ဘက်သို့မပါ၊ မီးညွန့်မှသည်၊ မီးခိုးဘက်သို့ မပါ၊ မီးခိုးသည်- အဇ္ဈာအာကာသထဲမှ- အဏုမြူကလာပ်များနှင့် တိုက်ခိုက်၍- မည်သည့်ရုပ်အမည်မှ တပ်၍မရတော့ဘဲ- ချုပ်ပျောက်ကုန်ခမ်းခြင်းသို့ သက်ဆင်းကွယ်ပျောက်ရတော့သည်၊ ထိုသို့- ဥပ္ပါဒဖြစ်,- ဝယပျက်ဟု- မီးရုပ်၏-''ဖြစ်ပျက်''ချုပ်တွင်၊ ဝယ,၏- ဤမှာဘက်၌၊ ခယ, ကုန်ခမ်းပျောက်ကွယ်- အ,ဘာဝနယ်သို့- သ,ဘာဝ ကုန်ခမ်းကာ၊ ဘယ်သူမပို့- သခ်တပရမတ်တို့- သင်္ခါရဒုက္ခချက်၊ စီရင်မှုအကြောင်းချုပ်ပျက်သဖြင့်၊ အကျိုးမီးရုပ်ချုပ်ငြိမ်းပျက်သုဉ်းသွားရပုံ- သင်္ခါရအမှုပါ- ကုန်ဆုံးရခြင်းပါတကားဟု- ပိုင်းခြားကုန်စင်- အသိဉာဏ်ဝင်စားနိုင်ရာ ပါတော့သည်။

ဤကဲ့သို့- ဆီမီးဥပမာပုံသဏ္ဌာန်ကို၊ မိမိတို့ရုပ်ခန္ဓာပေါ်တွင် ပြန်လှန်၍ တင်ရှုခါ- သုံးသပ်မှုပြုကြည့်ပါလျှင်- မီးလိုရှင်ရှင်-တောက်လောင်မှုကိုမမြင်နိုင်သော်လည်း၊အာရုံယူစွဲ-မြင်ကောင်းဆဲရုပ်-ကောဋ္ဌာသ,သရုပ်နှင့်-ခေါင်း,ကိုယ်, လက်,ခြေ-အင်္ဂါရပ်အထွေထွေကို၊ဃနတုံး,ဃနခဲတွေ-အစဉ်ထာဝရဘဲရှိနေသည်လို့၊ သဿတ, တည်သည်၏ အဖြစ်နဲ့- ဒိဋ္ဌိ- အမှတ်, အသိ-အယူမှားတွေသည် တသံသရာလုံးက- ချိပ်ဆွဲပါလာနေခဲ့ကြရပါတယ်၊ အမှန်ကတော့-မီးဇာ, ဆီစုအကြောင်းပြုသလိုဘဲ၊ အတိတ်က-အဝိဇ္ဇာကြောင့်- ပြုခဲ့ဖြစ်ခဲ့ရတဲ့- သင်္ခါရသုံးမျိုး-ကံအကြောင်းသဘောကိုမူလပြုပြီး၊ စိတ်တဏှာနဲ့- ဣဋ္ဌာရမ္မဏလို့ထင်ကာ၊ ဣဋ္ဌတဖြစ်ခဲ့လို့- (ဝါ)လိုချင်ခဲ့လို့- ဇမိဝမ်းရင်ပြင်မှာ- ဝိညာဏ်ကြောင့်ဖြစ်တဲ့- နာမ်ရုပ်တို့ကို- သမုဋ္ဌာန်လေးပါး- သက်ဝင်လာအောင် ရရှိခြားခဲ့တာကို- ပြန်လှန်ကြည့်လျှင်၊ ကံ၏သတ္တိနဲ့-စိတ်တဏှာ၏-အလိုနိုင်ငံကို၊ ဥတု, အာဟာရတွေအထောက်ပံ့ရပြီးသက်ဝင်၍လာခဲ့ရာ၊ အဲဒီ, သက်တန်း, အာယု- တရာစုသည့်-ခုဝတ္တမာန်၌၊ ကံအခွင့်မကုန်သေးသမျှ၊ စိတ်တဏှာနဲ့-ဣဋ္ဌာရုံရယ်လို့ထင်၊ အရှိတရားလို့စွဲ- အတုံး,အလုံး, အခဲ, အထည်, ဒြဗ်, သဏ္ဌာန်ဘဲလို့ကတဖုံ၊ ခေါင်း, ကိုယ်,လက်, ခြေ-အင်္ဂါတွေကလဲတရပ်၊မျက်စေ့ကမြင်၊နားက ကြား၊ နှာခေါင်း

ကနံ၊ လျှာက, အရသာခံ။ ကိုယ်က-တွေ့ထိ၊ စိတ်စေတနာတွေးကြံသိ-ဆိုတဲ့-ဆီမီးအလင်းရောင်နဲ့တူတဲ့-ရုပ်နာမ်, အကျိုးတရားကို၊ ငါလုပ်ပြီး- ခံစား,စံစား, သုခ, ဒုက္ခနှင့်- သုခမဟုတ်,ဒုက္ခမည်-သုံးလီသော- ဝေဒနာလျှင်အဆုံးရှိသည့်၊ အကျိုးအလင်းရောင်ကို၊ ကံ၏သတ္တိ-စိတ်၏အလို၊ ထိုထိုဥတု-အာဟာရမှုဖြင့်၊ (ဆီမီးခွက်-မီးဇာ-ဆီထည့်ထွန်းညှိကာ-မီးတောက်ဖြာ၍- အလင်းရောင်အကျိုးရသလို) မိမိခန္ဓာမှာလဲ- ခံစားမှုဝေဒနာသုံးရပ်-အကျိုးအထပ်ထပ်- မပြတ်မလပ်-ဖြစ်ပေါ်နေစေအောင်၊ ကံကမူလ-စိတ်ကတဏှာကြွသဖြင့်၊ဥတုတွင်း,ပြင်၊ အာဟာရဆင်ယင်လျက်၊ စီစဉ်သူမရှိ၊ သခ်တ, သခ်ါရစက်ကွင်းမိလျက်၊ မြင်မှုအကျိုး- ကြားမှုတတန်- နံမှုတဖုံ-ရသာစုံပေါ်ပုံတခန်း၊ တွေ့ထိမှု ကြမ်းအနုနှင့်၊ စိတ်ကူးမှုအထွေထွေ- အလင်းရောင်နှင့် ပမာတူပေသည့်၊ အကျိုးဝိပါကဝဋ်-အဆက်မပြတ်, ဖြစ်ရှိခံရမှုကို၊ ပြုသူစီမံ-ဝေကန်ဖြင့်၊ တယံငါလုပ်- အဟုတ်မရှိ၊ အဟတ်မရှိ၊သခ်ါရဒုက္ခအတိသည်သာ "ဖြစ်၏,ပျက်၏"နှင့်-မရပ်မနားရှိရသည်ကို-ဖေါက်ထွင်း၍-သိအပ်, သိသင့်လှပါတော့သည်။

သုဒ္ဓဋ္ဌကလာပအစ-တေဒသ, ကလာပအဆုံး၊သမုဋ္ဌာန်လေးလီ,ချယ်မှုန်းတည်၍၊ အဆက်မပြတ်သုံးစားခါ- ဝါးမျိုပေးရသော- ကဗဠီကာရာ အာဟာရကြောင့်၊ နေ့သွင်မဆိုင်း-ခဏယံကလေးတိုင်း၌၊ ချည်မျှင်တခု- ဆီဥတဖြာပမာ၊ ကလာပ(၁၃)စီးကို- အကြောင်းလေးပါး-ကျားကန်၍ ပေးထားသဖြင့်၊ ခုမြင်ခုပျောက်ကို သဘောမပေါက်နိုင်ဘဲ ဖြစ်ရှိနေကြရပါသည်။အမှန်မှာ=ထိုဆီမီးဥပမာကဲ့သို့သာ=ယခုမြင်သော- မိမိ၏-ကိုယ်သားကိုယ်ရေရုပ်အဆင်းတွေသည်၊ မျက်စိတမှိတ်- ပြန်ဖွင့်ချိပ်၍- မြင်စိတ်ဖြစ်သော- ခဏအတွင်းဝယ်၊ ရုပ်ကလာပ်ပေါင်း-ကုဋေ-၅၅၀၀-ကျော် "ဖြစ်ပျက်"မှုနှင့်- ချုပ်ပျောက်ပြုန်းတီး, ပျက်စီးသွားပြီး၊ အသစ်ဆက်သည့်-ဓါတ်သား, ကိုယ်ရေကိုသာ- ဝဏ္ဏဓါတ်အကြောင်းပြု၍-နောက်တကြိမ်, မြင်ကောင်းမှုဖြစ်ရတာပါ။ ဒီတော့-မျက်စေ့တမှိတ်-လျှပ်တပြက်အတွင်း၊ ချုပ်ပျက်ခြင်းကို ထင်လင်းမသိသာပါသော်လည်း၊ တူရှုတည့်တည့်- ကြည့်ဆဲခဏရုပ်သည်-တစောင်းကြည့်စဉ်လို့မပါ- ချုပ်ပျောက်ခဲ့ပါသည်၊ ထိုင်ဆဲခဏရုပ်တို့သည်လည်း- ထဆဲခဏသို့မပါ- ချုပ်ပျောက်ခဲ့ပါသည်၊ မြင်ဆဲခဏ ရုပ်တို့သည်လည်း- မြင်ဆဲခဏ၌ပင် ချုပ်ပျောက်ပါသည်၊ ကြားဆဲခဏ ရုပ်သည်လည်း-ကြားခိုက်အတွင်း၌ပင်- ချုပ်ပျောက်ပါသည်၊ နံဆဲခဏရုပ်တို့သည်လည်း- နံဆဲခဏ၌ပင်- ချုပ်ပျောက်ပါသည်၊ စားဆဲခဏရုပ်တို့သည်လည်း-ဝါးဆဲခဏမှရုပ်သည်-မျိုဆဲခဏသို့ပင် မပါဝင်ဘဲ ချုပ်ပျောက်ခဲ့ပါသည်၊ တွေ့ထိဆဲခဏ ရုပ်တို့သည်လည်း တွေ့ဆဲခဏ၌ပင် ချုပ်ပျောက်ကုန်၏၊တွေးကြံဆဲခဏ အမှီ

ပြုရသည့် ဟဒယဝတ္ထုရှိ ရုပ်ကလာပ်တို့သည် တွေးကြံဆဲခဏ၌ပင်- စိတ္တုပ္ပါဒ် တခဏအတွင်း- ချုပ်ပျောက်ပါသည်၊ ထိုသို့- ရုပ်အလျဉ်အဆက်ဆက်တို့သည်- ခြောက်ဒွါရမှာ-အသိစိတ်ဓါတ်,ပေါ်အပ်အကျိုး-အလင်းရောင်မျိုးကဲ့သို့-ဌာန, ကာလမခြား- တဆံချည်မရွေ့လျားနိုင်ဘဲ-ဖြစ်ဆဲ-ပေါ်ဆဲ-သိဆဲခဏ၌ပင် ချုပ်ပျောက် ကုန်ခမ်းကြလျက်သာ ကေန်ဖြစ်ပါသည်။ ထိုသည့်အထဲတွင် "သဟဝုတ္တိက"အတူတကွဖြစ်ဘက်-သမ္ပဋ္ဌာန်အညီ- ရုပ်ကလာပ်အလီလီတို့သည်လည်း၊ အာကာသပရိစ္ဆေဒဓါတ်,မပြတ်ပိုင်းခြားလျက်ရှိရာ၊ဘယ်မှာလဲ,ဿန၊ဘယ်မှာလဲ ခဏ၊ ဿနခဲလဲမရှိ၊ ခဏတည်တဲ့- သဿတလဲမရှိ၊ မျက်စိတမှိတ်,လျှပ်တပျက်အတွင်း၊အတိအကျစာရင်းနဲ့ကြည့်လျှင်၊ ကုဋေ ၅၅၈၂-ကုဋေနှင့်- သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင်, လေးရာ, တဆယ်, နှစ်စီးသောရုပ်ကလာပ်အစုစုသည်၊မီးဇာ,ဆီဥ-အကြောင်းပြု၍၊ တောက်လောင်မပြတ်"ဖြစ်ပျက်"မရပ်,ဒလစပ်ထဲသာ= ကဲ့ပမာသို့၊ မိမိခန္ဓာသည်လည်း "ဖြစ်ပျက်"အမှုနဲ့-သင်္ခါရစု=ဘာတခုမျှ-ဿနမတွဲ၍- အတ္တဘဲလို့လဲစွဲစရာမရှိ။ တခဏမျှ-နိစ္စပါဟုလည်း- သဿတဒိဋ္ဌိ,ငြိစရာမရှိအောင်-အရှင်းကြီး ရှင်း၊ အလင်းကြီးလင်းပြီး-အထင်းသား, ဿန စင်ကြယ်ပါသဖြင့်၊ ငါလျှင်မဟုတ်- သင်္ခါရသရုပ်မျှ "အနတ္တ" ကေန္တနှင့်-အနိစ္စစုသာပါတကား=ဟု၊ရူပက္ခန္ဓာ,ရုပ်အဖြာဖြာစာရင်းကို-ဒုက္ခသစ္စာအခင်းနှင့်သာ ဉာဏ်ဖြင့် မြင်အပ်ရပါတော့သည်။ ။ထိုသို့-ဆီမီးလျှံအခင်း,ဖြင့်- ဥပမာနှင်းသည့်အတိုင်း၊ မဆိုင်းမတွ- ဥပမာနတူမျှပုံကို- ခန္ဓဝိဘင်း, အဋ္ဌကထာ၌- ဖွင့်ဆိုတော်မူသည်မှာ....။ .

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာနာစ, နိရုဇ္ဈရေ၊
နိစ္စံဝါ နဝါဝ သင်္ခါရာ၊ ဒီပဇာလ သမူပမာ။ ။

သင်္ခါရာ- ကံ, စိတ်, ဥတု-အာဟာရ၊ အကြောင်းတရားလေးပါး-မပြတ်ပြုပြင်စီရင်အပ်သော၊ ခန္ဓာရုပ်နာမ်, ဖြစ်ပျက်နှစ်တန် သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဝေ-ရှေးမဆွက, မဖြစ်ဘူးကုန်ဘဲသာလျှင်၊ ဥပ္ပဇ္ဇန္တိ-အကြောင်းစံနစ်-ညီညွှတ်လစ်က၊ အသစ်, အသစ်,ပေါ်ဖြစ်၍လာတတ်ကြကုန်၏။ဥပ္ပန္နာစ-ဖြစ်ကုန်ပြီး၍လည်း၊နိရုဇ္ဈရေ- မိုယ်းကိုးလျှပ်ပြက်-ပမာစက်သို့-ခဏချက်ခြင်း ချုပ်ကင်းကြကုန်၏။ သင်္ခါရာ ရုပ်နာမ်, နှစ်တန်- ဖြစ်ပျက်ဟန် သင်္ခါရတရားတို့သည်၊ နိစ္စံနဝါဝေ-အကြောင်းစွဲသမျှ- မလွှဲမသွေကြဘဲ၊ အမြဲတစေ- အသစ်,အသစ်, ဖြစ်သဘောတွေ့သည်သာလျှင်၊ ဟောန္တိ-စံနစ်စုံသဖြင့်- ဖြစ်ကြရကုန်၏။ တံသင်္ခါရာ-ထိုဖြစ်ပျက်နှစ်အင်, ရုပ်နာမ်, သင်္ခါရအလျဉ်သည်၊ ဒီပဇာလသမူပမာ- ဆီမီး

လျှံ၏ အရောင်ဖြစ်ပေါ်-အဖေါ်မီးဇာနှင့် ပစ္စယာ ဆီကြည်တို့ကြောင့်သာ-အမြဲတစေ, ရောင်လျှံဖြာနေသည့် ဥပမာနှင့်တူပါပေ၏။

အထက်ပါ-အဋ္ဌကထာ၏ သဘောသွားအရ၊ ဆီမီးဥပမာနှင့် မိမိတို့- ရုပ်ခန္ဓာတူမျှနေပုံကို ကံရုပ်, စိတ်ရုပ်, ဥတုရုပ်နှင့်- အာဟာရ ရုပ်သဘောတို့ကို၊ ဦးပဥ္စင်းတို့- ဗုဒ္ဓ၏-အနုသယစက်- ချေဖျက်ပုံစာအုပ်၌လည်း- ဆိုအပ်ခဲ့ပြီးဖြစ်ရာ၊ ယခု ရှေ့ကပြလာခဲ့သော-. ဥပမာ, ဥပမေယျသဘောကို၊ ယောဂီတို့-ရုပ်ခန္ဓာနှင့် နှော၍၊ အာကာသ,ပရိစ္ဆေဒဓါတ်-အကြား,အကြား, အကွက်,အကွက်-ဖြစ်ခြင်းကြောင့်- ဃနတုံး-ဃနခဲ မဟုတ်ပုံနှင့်- နိစ္စ, သဿတ,ဓုဝအားဖြင့် မရှိပုံကိုလည်း၊ အဟောင်းပျက်လျက်-အသစ်ဆက်နေပုံတို့ကို ပိုင်းခြားသိမြင်အောင်၊ အနိစ္စတွင် ဖုံးသည့်-သန္တတိရုပ်သဘောကို ပြခဲ့ပြီဖြစ်ခြင်းကြောင့် တကြောင်း၊ ရှေ့ဆက်ရန် အခဏ်းများအတွက် စာမျက်နှာကို ငဲ့ကွက်ရဦးမည်တကြောင်းကြောင့်၊ ဤနေရာ၌ပင်-ရုပ်ဓါတ်ရှစ်ပါးဖြစ်သော၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာနှင့်- ယခုတဖန်- အာကာသပရိစ္ဆေဒရုပ် သဘောအတွင်း= ဝိပဿနာဉာဏ်မြင်ဖြစ်ခြင်းတို့ကိုပါ- ပြအပ်ပြီးဖြစ်ပါ၍၊ လုပ်ငန်းခွင် ဝင်ရန်အတွက် ရုပ်တရားဘက်၌ အချက်ကျကျ-ပြည့်စုံနိုင်ပြီ ဖြစ်ပါသောကြောင့်၊ ရုပ်ပိုင်းဆိုင်ရာကို တကဏ္ဍရပ်နားလျက်-နာမ်ပိုင်းဆိုင်ရာ-လုပ်ငန်းခွင်ဝင်နိုင်ရေးဘက်ကို- ဆက်လက်ပြဆိုပေးပါမည်၊ ရုပ်နာမ်စာရင်း-အကျဉ်းသဘောဇယားကွက်၌ ပြသထားပုံကို- လုံးခြုံငုံသိအားဖြင့် ရရှိနိုင်ပြီး၊ ရှေ့အခဏ်းများတွင် ပါဝင်လာမည့်-ရုပ်ဓါတ်, နာမ်ဓါတ်, မှန်သမျှကို-သုံးသပ်သွားနိုင်ကြပါလိမ့်မည်၊ တနည်းအားဖြင့်-ဦးပဥ္စင်းတို့၏ (ဗုဒ္ဓ၏,အနုသယစက်-ချေဖျက်ပုံနှင့်-ဝိပဿနာ ဘာဝနာဆိုင်ရာ-သုံးဆယ့်ခုနစ်ခိုင်သော-ဗောဓိမဏ္ဍိုင်များ) စာအုပ်ကို- အထပ်ထပ်လေ့လာပါကလည်း-တရားကိုယ်-လိုအပ်ချက်, သဘောအဓိပ္ပါယ်များနှင့်- ရှေ့ဆက်မည့်အခဏ်းများ၌ ခက်ခဲစရာမရှိ-ပြေလည်အောင်ကြည့်ရှုမှတ်သား-ဆောင်ထားပွားများအားထုတ်နိုင်လာပါလိမ့်မည်။ ။

အတတ်နိုင်ဆုံးသောအားဖြင့်ချုံး၍၊ လိုအပ်သော ဉာဏ်ချက်မိရန်-ကြိုးစားပြသပေးလျက်ရှိပါသည်၊ သူတပါးတို့အားလည်း ထိုက်သင့်သလောက်-ပို့ချနိုင်အောင်လည်း ရည်ရွယ်ပါသည်၊ ယခုအပိုင်းအထိ၊ ရှုဒေါင့်အမျိုးမျိုးကနေများပြားသော ပြကွက်နှင့်-အာဂမယုတ္တိ-ပါဠိတော်အထောက်အထားတို့ကို ရှည်လျားမည်စိုး၍ ချန်လှပ်ထားခဲ့ရပါသည်၊ နောင်, ယောဂီတို့ လုပ်ငန်းခွင်ဝင်-ကျင့်စဉ်တရားများရရှိပြီး-ကျင့်ဆဲအတွင်း၌၊ လိုအပ်သလို-ထပ်ဆင့်သုံးသပ်ချက်များနှင့်-ပါဠိတော်ထည့်ရန် အကွက်အချက်အလက်များကို ညွှန်ကြားပြည့်စွက်

ချက်အနေအားဖြင့်-သတ်သတ်, ပြုစုပေးရန် ရည်ရွယ်ထားပါသည်။ ရှေးဦးစွာ မိမိကိုယ်တိုင်, ကိုယ်ပိုင်ဉာဏ်ဖြင့်-ဝိပဿနာဉာဏ်- မဂ်ဝိဇ္ဇာဖြစ်အောင်-အားထုတ်နိုင်စွမ်းရှိဘို့သည်-အခိက, အရေးကြီးဆုံးဖြစ်၍၊ ၎င်းကို ရည်ရွယ်ချက်ပန်းတိုင်ထားကာ-ပြသပေးခြင်းဖြစ်ပါသည်။ သို့သော်-ယခုအပိုင်းသည် အခြေခံပိုင်းနိုင်ရေးနှင့်- ဒေသနာဉာဏ်တွင် ဉာတပရိညာနှင့် တီရဏပရိညာ၏ အထွဋ်အထိပ်သဘောမျှတွေသာ ဖြစ်ပါသေးသည်။ နာမ်ပိုင်း-အပြီးမှစ၍- ပဟာန ပရိညာ-ပစ္စက္ခဉာဏ်များနှင့် စတင်သက်ဝင်လာအောင် ပြသပေးသွားပါမည်....

ထို့ကြောင့်၊ အာကာသမြင်- ဃနစင်= အနတ္တဉာဏ်ဝင်ရန်သည်၎င်း၊ အသဿတမြင်- သန္တတိစင်- အနိစ္စဉာဏ်ဝင်ရန်၎င်း၊ ဣရိယာပထမြင်- သုခစင်- ဒုက္ခဉာဏ်ဝင်ရန်၎င်း၊ ထိုအပိုင်း- သုံးပိုင်းတွင်- အထက်က ပြအပ်ပြီးခဲ့သော- သဘောများအရ၊ ဃနစင်၍-အနတ္တမြင်ပုံနှင့်၊ သန္တတိစင်၍- အနိစ္စမြင်ပုံကိုတော့ အတော်အသင့်- ဉာဏ်ဖွင့်၍ ရကောင်းပါပြီ၊ ဣရိယာပထပိုင်းနှင့်- ဃန- သန္တတိ အနုစားအနေအားဖြင့်- ကျန်ရှိနေသေးသည်ကို၊ နောက်ပိုင်း၌- (၀၇) တတိယ ပိုင်းစာအုပ်၌- ၎င်းအခဏ်းတို့ ပါဝင်လာစရာရှိသေးရာ၊ ရှင်းလင်း၍ ထပ်မံပြဆိုပေးပါဦးမည်၊ ယခု- အာကာသပရိစ္ဆေဒဓါတ် အဆုံးသတ်, အနေအားဖြင့်- ဋ္ဌာန်လေးပါးကို- ကြည့်ကြပါဦးစို့....။

## "အာကာသ ပရိစ္ဆေဒဓါတ်၏ — ဋ္ဌာန်လေးပါး"

ရူပပရိစ္ဆေဒလက္ခဏာ= ရုပ်တို့ကို ပိုင်းခြားတတ်သော- လက္ခဏာရှိ၏။ (၀၇)ရုပ်တို့၏-အပိုင်းအခြားမျှသော-သဘောလက္ခဏာရှိ၏။

ရူပပရိယန္တ- ပကာသနရသာ= ၎င်တို့၏-အဆုံးအပိုင်းခြားကို- ပြခြင်းကိစ္စရသရှိ၏။

ရူပပရိယာဒ ပစ္စုပဋ္ဌာနာ= ရုပ်တို့၏- အကြားအဖြစ် ဉာဏ်၌ ရှေ့ရှုထင်၏။

ပရိစ္ဆိန္နရူပ ပဒဋ္ဌာနာ= ပိုင်းခြားအပ်သော- ရုပ်လျှင်- နီးစွာသော-အကြောင်းရှိ၏။

( မှတ်ရန်ဆောင်ပုဒ် )

ရုပ်ကလာပ်စု၊ ပိုင်းခြားပြု၊ မှတ်မှုလက္ခဏာ။
ရုပ်တို့အကြား၊ လွန်ထင်ရှား၊ ပြငြားကိစ္စပါ။
ရုပ်တို့ထိစပ်၊ ကြားရှိအပ်၊ ထင်မှတ်ရှေ့ရှုလာ။
နီးစွာတရား၊ ပိုင်းခြားထား၊ ရုပ်များလေးစားပါ။ ။

# "ခန္ဓာငါးပါး-တရားတော်"

## ရုပက္ခန္ဓာ ။ ။ရုပ်ဓါတ် ၂၈-ပါးကိုခေါ်သည်။

| | | | |
|---|---|---|---|
| (၁-မှ ၁၈-အထိ ရုပ်ဓါတ်များသည်) နိပ္ဖန္နရုပ်၊ သဘာဝရုပ်၊ သလက္ခဏရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်ဟူ၍ခေါ်သည်။ | ဘူတရုပ်-၄ | ၁။ ပထဝီ ★ ၈-၁ | မဟာဘုတ်-၄ |
| | | ၂။ အာပေါ ★ ၈-၂ | |
| | | ၃။ တေဇော ★ ၈-၃ | |
| | | ၄။ ဝါယော ★ ၈-၄ | |
| | ပသာဒရုပ်-၅ | ၅။ စက္ခုပသာဒ က-၁ | ဥပါဒါရုပ်-၂၄ |
| | | ၆။ သောတပသာဒ က-၂ | |
| | | ၇။ ဃာနပသာဒ က-၃ | |
| | | ၈။ ဇိဝှါပသာဒ က-၄ | |
| | | ၉။ ကာယပသာဒ က-၅ | |
| | ဂေါစရရုပ် သို့မဟုတ် ဝိသယရုပ်-၇ | ၁၀။ ရူပါရုံ ★ ၈-၅ | |
| | | ၁၁။ သဒ္ဒါရုံ (စိ-ဥ)-၁ | |
| | | ၁၂။ ဂန္ဓာရုံ ★ ၈-၆ | |
| | | ၁၃။ ရသာရုံ ★ ၈-၇ | |
| | | ဖောဋ္ဌဗ္ဗာရုံ=ပ၊ တေ၊ ဝါ၊ | |
| | ဘာဝရုပ်-၂ | ၁၄။ ဣတ္ထိဘာဝ က-၆ | |
| | | ၁၅။ ပုမ္ဘာဝ က-၇ | |

| | | | |
|---|---|---|---|
| | ဟဒယရုပ် | ၁၆။ ဟဒယဝတ္ထု က-၈ | |
| | ဇီဝိတရုပ် | ၁၇။ ဇီဝိတိန္ဒြေ က-၉ | |
| | အာဟာရရုပ် | ၁၈။ ကဗဠီကာရာဟာရ ★ ၈-၈ | |
| အနိပ္ဖန္နရုပ်၊ အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ် | ပရိစ္ဆေဒရုပ် | ၁၉။ အာကာသဓါတ် ၈-၉ | ဥပါဒါရုပ်-၂၄ |
| | ဝိညတ်ရုပ် | ၂၀။ ကာယဝိညတ် စိ-၁ | |
| | | ၂၁။ ဝစီဝိညတ် စိ-၂ | |
| | ဝိကာရရုပ်-၅ | ၂၂။ ရူပဿလဟုတာ စိ-ဥ-အာ-၁ | |
| | | ၂၃။ ရူပဿ မုဒုတာ စိ-ဥ-အာ-၂ | |
| | | ၂၄။ ရူပဿကမ္မညတာ စိ,ဥ,အာ-၃ | |
| | | ကာယ ဝိညတ် | |
| | | ဝစီ ဝိညတ် | |
| | လက္ခဏရုပ်-၄ | ၂၅။ ဥပစယ ၈-၁၀ | |
| | | ၂၆။ သန္တတိ ၈-၁၁ | |
| | | ၂၇။ ဇရတာ * | |
| | | ၂၈။ အနိစ္စတာ * | |
| | | (အာဟာရရုပ်သည် ဩဇာဓါတ်ပင် ဖြစ်သည်) | |

(ဥပမာ) ရေမြှုပ်နှင့်တူသည်။ (သဘောအဓိပ္ပါယ်) သိတတ်သောသဘောလုံးလုံးမရှိ၊ ဖေါက်ပြန်တတ်သည်။

(★) ကြယ်ပြထားသောရုပ်သည်၊ အဝိနိဗ္ဘောဂ အဋ္ဌကလာပ ရုပ်များ။

(၈) ၁-မှ ၁၁-အထိ၊ ဥတုသမုဋ္ဌာနိက=အကြောင်းတရား လေးပါးကြောင့် ဖြစ်သောရုပ်များ။

(က) ၁-မှ ၉-အထိ၊ ကမ္မသမုဋ္ဌာနိက=ကံကြောင့် ဖြစ်သောရုပ်များ။

(စိ) ၁-မှ ၂-အထိ၊ စိတ္တသမုဋ္ဌာနိက=စိတ်ကြောင့် ဖြစ်သောရုပ်များ။

(စိ – ဥ) ၁ - မှာ၊ စိတ်-ဥတု နှစ်ပါးကြောင့် ဖြစ်သောရုပ်များ။

(စိ,ဥ,အာ) ၁-၂-၃-မှာ၊ စိတ်-ဥတု-အာဟာရ သုံးပါးကြောင့် ဖြစ်သောရုပ်များ။

( * ) ပြထားသည်မှာ၊ အကြောင်းလေးပါးမှ လွတ်သော ရုပ်နှစ်ပါး ဖြစ်ပါသည်။

# "ရူပက္ခန္ဓာ- သဘောတရား"

အရေးတကြီး- ပိုင်းခြားသိရှိရန်- လိုအပ်သော- ရုပ်ဓါတ် (၉) ပါးကို၊ တပါးချင်းစီ- ပိုင်းခြားပြသ၍- ပြီးစီးသွားပါပြီ။ ခန္ဓာငါးပါး ဇယားကလေးကို- ဖေါ်ပြပေးသွားမှာ ဆိုတော့၊ ရုပ်ခန္ဓာသဘောကို- အကျဉ်းမျှ- ပြသပေးပါဦးမည်။ မူလ မာတိကာသင်တန်းအရဆိုပါလျှင်မူ၊ ရုပ်ဓါတ်(၂၈)ပါးစလုံးကို၊ တပါးချင်း- အသေးစိပ်ပေါ်ပြပြီးမှသာ၊ ခန္ဓာငါးပါးကို- ကြေညက်အောင်- ပြသပေးလေ့ရှိပါသည်။ ယခုမူ-လုပ်ငန်းခွင်ဝင် ကျင့်စဉ်နှင့် စပ်သမျှကိုသာ-အသေးစိပ်ပြသပြီး၊ ကျန်သဘောကို- ဇယားနှင့် အကျဉ်းမျှသာ-ဖေါ်ပြရပါတော့မည်။

ရူပ=ရုပ်၊ ခန္ဓာ=အစုအပေါင်း။ ရုပ်တရားတို့ကို ပေါင်းရုန်းစုပေါင်းပြခြင်းသည်- ရူပက္ခန္ဓာ။ ဝေဒနာ=ခံစားမှုအပေါင်းတို့ကို- ပြခြင်းသည်- ဝေဒနက္ခန္ဓာ။ သညာ- မှတ်သားမှုတို့ကို- စုပေါင်းပြသခြင်းသည်- သညက္ခန္ဓာ။ စေတနာ- စေ့ဆော်တိုက်တွန်း၊ စီရင်ညွှန်းတတ်သော- စေတသိက်- (၅၀) နှင့်- စုပေါင်းပြသခြင်းကို- သင်္ခါရက္ခန္ဓာ။ ဝိညာဏ- သိမှုအစုအပေါင်းသဘောကို ပြခြင်းသည်- ဝိညာဏက္ခန္ဓာ- ဟူ၍ ခေါ်ဆိုအပ်ပါသည်။ ခန္ဓာကို- ဝိဂ္ဂိုဟ် မဖွဲ့မဆိုကောင်းပေ။ ဘာ့ကြောင့်ဆိုသော်= ရုပ်တွေ အတုံး-အလုံး၊ အခဲအားဖြင့်- စုပေါင်းသော- အစုအပေါင်းကို- ခန္ဓာဟုဆိုခြင်း- မဟုတ်ပါ၊ ဝေဒနာ၊ ခံစားမှု၊ အစဉ်အတန်းတွေ- အစုအပေါင်းကို၊ သညာ၊ မှတ်သားမှုအစဉ်အတန်း အစုအပေါင်းကို၊ စေတနာ- စေ့ဆော်မှု၊ အစဉ်အတန်းအစုအပေါင်းကို၊ ဝိညာဏ- သိမှုအစဉ်အတန်း- အစုအပေါင်းတို့ကို- ခန္ဓာဟု ခေါ်ဆိုခြင်း- မဟုတ်ပါ။ ထိုသို့သော- အစုအပေါင်းမျိုးကို- ခန္ဓာဟု- ခေါ်သည်ဆိုပါက၊ ပညတ်နယ်၊ အတုံး၊ အလုံး၊ အခဲ၊ နှင့်- အစဉ် သန္တတိနယ်ထဲကို- ရောက်သွားပါမည်။ ထို့ကြောင့်= ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ-ဟု ဆိုအပ်သော- ခန္ဓာ၊ အစု၊ အပေါင်းသဘောသည်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလသုံးတန်နှင့်၊ ဒုက၊ လေးပါးဖြစ်သော- "အဇ္ဈတ္တ- ဗဟိဒ္ဓ၊ ဩဠာရိက- သုခုမ၊ ဟီနပဏီတ၊ ဒူရ- သန္တိက- အားဖြင့်-(၁၁)ပါး- အပြားရှိသော- အစုအပေါင်းဟု သမုတ်အပ်သည့်- "ရုပ်—ဝေဒနာ—သညာ—သင်္ခါရ—ဝိညာဏ" တရားတို့ကို- ဆိုလိုပါသည်၊ သို့မှသာ= အတုံး၊ အလုံး၊ အခဲ- သန္တတိ၊ သဏ္ဌာန်မရှိသော- ရုပ်၊ ဖြစ်ပျက်အစုအပေါင်း၊ ဝေဒနာ၊ ဖြစ်ပျက်-အစုအပေါင်း၊ သညာ၊ ဖြစ်

ပျက်- အစုအပေါင်း၊ သင်္ခါရာ, ဖြစ်ပျက်အစုအပေါင်း၊ ဝိညာဏာ, ဖြစ်ပျက်-အစုအပေါင်း- သဘောကို ရောက်ရှိ၍၊ ကာလသုံးတန်၌- ပုဂ္ဂိုလ်, သတ္တဝါ, ငါ, မပါမရှိ၊ ရုပ်ဖြစ်ပျက်အစု၊ စေတသိက်, ဖြစ်ပျက်အစု။ စိတ်ဖြစ်ပျက်အစု တို့သည်သာ၊ အတွင်း- အပြင်၊ အကြမ်း- အနု၊ အယုတ်- အမြတ်၊ အဝေး-အနီး, အားဖြင့်၊ "ဖြစ်ပျက်"အစုအပေါင်းမျှ-ဖြစ်ကြောင်းကို၊ အနတ္တဉာဏ်, အခြေခံနှင့်-အနိစ္စချက်- လွန်စွာ, ပြည့်နှက်နေသော ဒုက္ခစက်သာ- ဖြစ်ကြောင်း ကိုသာ- သိစေလိုတော်မူသည်ဖြစ်၍၊ ကာလသုံးတန်- ဒုက်လေးပါး အားဖြင့်-(၁၁) ပါး ပြားရကား၊ ဝိဂ္ဂဟ်အားဖြင့်- ဆိုငြားခြင်းငှါ- မတိုက်တော့သော သဘောအနက်, သုညတသက်သက်- အနိစ္စအချက်, ဒုက္ခအချက်တို့, တခဲနက် သော- "ဖြစ်ပျက်" အစုအပေါင်းမျှ ဖြစ်ခြင်းကြောင့်ဟု- ဝေဘန် ပိုင်းခြား သိအပ်ရာပါသည်။

သို့သော်= ဝစနတ္ထအားဖြင့်၊ "ခါဒေတီတိ- ခန္ဓော" အရ၊ ခဲစားတတ် ခြင်းကြောင့်- ခန္ဓာခေါ်သည်ဟု- ပရိယာယ်,သဘောကို- သိမှတ်ရာပါသည်။ (ဝါ) ခဲစားခံရခြင်းကြောင့်လည်း-ခန္ဓာခေါ်သည်ဟု- သိမှတ်ရာပါသည်။ခဲစား တတ်ခြင်းသဘောမှာ- ဤခန္ဓာငါးပါးသည်- အနုသယနှင့်တကွ- တထောင့်ငါး ရာ, ကိလေသာဖြစ်ကြောင်း- တရားအပေါင်းကို- (ဝါ) ကာမတဏှာ, ဘဝ တဏှာ, ဝိဘဝတဏှာဖြစ်ကြောင်း- ဝဋ္ဋကာမအပေါင်းကို၊ ခါဒေတိ- ခဲစား တတ်၏။ ဣတိ- ထို့ကြောင့်၊ ခန္ဓော- ခန္ဓာမည်၏။ (ဝါ) တနည်းကား။ ဤ ခန္ဓာငါးပါးသည် သံသရာတွင်း မာန်မင်း၏- အစားအစာသဘွယ်၊ ခါဒေတိ-ဟင်းလျာလက်သုပ်- ချက်ပြုတ်ခါ စားသောက်ဘိသကဲ့သို့-ခဲစားခံရ၏။ ဣတိ- ထို့ကြောင့်၊ ခန္ဓော- ခန္ဓာမည်၏ဟုလည်း၊ မိမိဟုဆိုအပ်သော- ခန္ဓာငါးပါးက စားသောက်ဝါးမျိုခြင်း၊ သံသရာတွင်း- မစ္စုမင်း၏- ဝါးမျိုစားသောက်ခြင်း-အခင်းကို ခံရခြင်းအားဖြင့်- ပရိယာယ်အနေ- ခန္ဓာငါးထွေဟု- ရေတွက်-ခေါ် ဆိုအပ်ပြန်ပါသည်။

ထိုသို့-"ဖြစ်ပျက်"စုပေါင်း-အဟောင်းပျက်လျက်- အသစ်ဆက်အောင်၊ ရုပ်,အာဟာရ (၁)၊ နာမ်အာဟာရ (၃) သုံးဆောင်စားသုံးရာတွင် အနုသယ, ကိလေသာအယာဉ်ကို အစဉ်မပြတ်, ကိန်းစေလတ်သဖြင့်၊ ဝဋ္ဋကာမ, စားရာ ကျ၍။ တဖန်-မိမိသည်ပင်, တခွင်သံသရာ- ကြဉ်လည်မဆုံး- အရဟတ္တမဂ်ဉာဏ်နှင့် ပဖုံးကွယ်နိုင်က၊ သုံးနယ်ဝဋ်တွင်း- မာန်မင်းအစာ- ငါးခန္ဓာကို- အာဟာရလို ဝါးမျိုခံရသည်က- တဖုံကြောင့် "ဖြစ်ပျက်" စုပေါင်း မှုချ ကြောင်းကျိုးနှင့်-

ခဲစားအမှန်– ခဲစားခံရ နှစ်တန်– ခြံရံခါတွယ်· ခန္ဓာနယ်သည်၊ နှစ်သက်ဖွယ်မရှိ– ကြောက်မက်ဖွယ် ဆင်းရဲအတိ– ဒုက္ခသစ္စာရှိသမျှ· သမုဒယသစ္စာ အစဉ်ငြိနေရသော တရားစုသာ ဖြစ်ပါသည်။

ဤ–ရူပက္ခန္ဓာ၏တရားကိုယ်သည်၊ ကံ,စိတ်, ဥတု,အာဟာရ– အကြောင်းတရားလေးပါး– မပြတ်ပြုပြင်စီရင်ခံရသော ရုပ်ဓါတ်တရား (၂၈)ပါး ဖြစ်ပါသည်။ သဘောအဓိပ္ပါယ်မှာ=သိတတ်သော သဘောလုံးလုံးမရှိ၊ ဖေါက်ပြန်–ပျက်စီးတတ်ပါသည်။ ဥပမာ–ရေမြှုပ်ဆိုင်ရေမြှုပ်ခဲနှင့်တူသည်။ ကြွင်းသဘောများ–ဇယားတွင်ကြည့်ပါ။

သဘောအဓိပ္ပါယ်=သိတတ်သောသဘောလုံး မရှိဆိုသည်မှာ၊ ထင်ရှားလှပါ၍– အထူးပြစရာမလိုတော့ပါ။ ဖေါက်ပြန်–ပျက်စီးတတ်သည်ဆိုရာဝယ်၊ အကြောင်းတရားလေးပါးပြုပြင်စီရင်သည်ဖြစ်၍၊ ခဏတ္တယအားဖြင့်သာ– ဖြစ်ပေါ်တတ်ရကား၊ ကံကြောင့်လည်း– ဖေါက်ပြန် ပျက်စီးတတ်ပါသည်၊ စိတ်ကြောင့်လည်း ဖေါက်ပြန်ပျက်စီးတတ်ပါသည်၊ ဥတုကြောင့်လည်း· ဖေါက်ပြန်ပျက်စီးတတ်ပါသည်၊အာဟာရကြောင့်လည်း–ဖေါက်ပြန်ပျက်စီးတတ်ပါသည်။ ထိုသို့– လေးပါးသောအကြောင်းကြောင့်· ခဏတ္တယ· ဖြစ်တရားသည်– လေးပါးသောအကြောင်းတို့– အထက်, အနိမ့်, မေးမှိန်ကုန်ချုပ်လျှင်၊ ရုပ်တရားတို့လည်း အထက်,အနိမ့်,မေးမှိန်ကုန်ချုပ်ကြရတော့သည်မှာ မလွဲပါပေ။သို့သော်·ရုပ်အားလုံး၏ လက္ခဏာသည်၊ ရုပ္ပနလက္ခဏာအရ= "သီတေနာပိရုပ္ပတိ– ဥဏှေနာပိရုပ္ပတိ"ဟု– အထင်အရှားဆုံးဖေါက်ပြန်တတ်သော·ဥတု–ပူ,အေးနှစ်ဖြာကြောင့်ဖေါက်ပြန်ရခြင်းသည် ထင်ရှားလှပါ၍၊ မုချအားဖြင့်– ဥတုကြောင့် ဖေါက်ပြန်ခြင်းကိုစွဲ၍၊ ဖေါက်ပြန်ပျက်စီးတတ်၏ဟု· ဆိုအပ်ပါသည်။

ဤသို့·အားဖြင့်· ရုပ်အားလုံးတို့၏ ဖေါက်ပြန်ပျက်စီးခြင်း ထင်ရှားမှုကို၊ ဥတု–ပူ,အေးနှစ်ဖြာခေါင်းဆောင်ခါ· ဖေါက်ပြန်ခြင်းနှင့်၊ရုပ်ကလာပ်တို့·တပါးချင်း၌လည်း– ဒွိပက္ခအားဖြင့် ဖေါက်ပြန်တတ်ခြင်း၊ ထို့ပြင်= ထိုရူပက္ခန္ဓာတခုလုံး၏· လက္ခဏာဟုဆိုထိုက်သော၊ "ဥပစယ–သန္တတိ– ဇရတာ–အနိစ္စတာ"လျှင် အချင်းအရာရှိသော အားဖြင့်– ဖေါက်ပြန်ပျက်စီးခြင်း၊ သန္တတိပစ္စုပ္ပန်=ပဗန္ဓနဋ္ဌီအားဖြင့်ရင်း· ခဏိကပစ္စုပ္ပန်ခဏငယ်အားဖြင့်ရင်း၊ အဒ္ဓါပစ္စုပ္ပန်·အတိတ်ကာလ အနာဂတ်ကာလ– ပစ္စုပ္ပန်ဝတ္တမာန်ကာလအားဖြင့်ရင်း– ဖေါက်ပြန်ပျက်စီးခြင်း အစရှိသော–ဖေါက်ပြန်ပျက်စီးမှု အဖုံဖုံတို့သည်၊ ရူပက္ခန္ဓာရုပ်တရားတွင်သာမက၊ သခ်တနယ်–ရုပ်နာမ်တွယ်၍–ငါးသွယ်ခန္ဓာ– ဘဝကုန်ချာသည်– လွန်စွာ့လွန်စွာ

သာလျှင် ဖေါက်ပြန်ပျက်စီးမှုအဝဝတို့နှင့်-ပြည့်နှက်လျက်ရှိကြရပါကုန်၏။ ။ လိုရင်းအချုပ်မှာ= ခဏပစ္စုပ္ပန်-ဥပါဒ်, ဌီ, ဘင်တွင်၊ သန္တတိ ပစ္စုပ္ပန်အကူး-ပဗန္ဓနဋ္ဌိ, ဖြစ်ပျက်တွေ သီကုံးနေသည့်အထဲမှ၊ ဥပါဒ်နှင့်ဘင်, ဌီ မဝင်နိုင်အောင် အမြင်လန်မှုဉာဏ်နှင့်ရှုသည့်- နိစ္စနိမိတ် သုဉ်းဆိတ်သွားအောင်ပွားများမှုကိုသာ ဝိပဿနာ အရာ၌ အလိုရှိအပ်ပါသည်။ ကျန်အပ်တသီး, ဖေါက်ပြန်ပျက်စီးနည်းကိုမူ၊ ဒေသနာဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်အတွက်-ကျေညက်လေးနက်စွာ ဉာဏ်အယာဉ်ဝင်စားနိုင်ရန် အသိပညာရထားလျှင်လည်း၊ အတတ်ပညာမကွာ-ပွားများရာ၌ ပိုမိုထက်မြက်-တိက္ခဉာဏ်ရရှိရေးဘက်ကို- ပေးစွက်နိုင်သော ဓမ္မဝိစယ သမ္ဗောဇ္ဈင်များအဖြစ် ဆည်းပူးသင့်ပါသည်။

ဤကဲ့သို့သော-ဖေါက်ပြန်ပျက်စီးခြင်းမျိုးစုံ- အနှစ်သာရမရှိပုံကို၊ အခါတပါး၌-မြတ်စွာဘုရားသခင်သည် ဂင်္ဂါမြစ်,ကမ်းနဖူး၌-နေ့သန့်စင်သောအနေထူးအားဖြင့်-သီတင်းသုံးနေတော်မူစဉ် မြစ်ညာမှ မြောပါလာသော- ရေမြှုပ်ဆိုင်, ရေမြှုပ်ခဲတို့ကို မြင်တွေ့တော်မူလေရာ၊ ဟသိတုပ္ပါဒ်ခေါ်-ပြုံးရယ်စိတ်ဖြင့်နှုတ်တော်မဖွင့်-ရယ်ရွှင်ချင့်တော်မူရာ၊အနားထံပါး-ခ,ဝတ်တွားသည့်-အာနန္ဒာမထေရ်-မြင်တွေ့လေက၊ ပြုံးတော်မူပုံ အကြောင်းစုံကို သိလိုအရေး လျှောက်မေးလေရာ....၊

ချစ်သား, အာနန္ဒာ၊ မြစ်ညာမှ မြောလာသော- ရေမြှုပ်ဆိုင်ရေမြှုပ်ခဲကလေးတို့ကိုကြည့်လော့၊ ဤရွေ့, ဤမျှ- အတည်တကျနှင့်- မြဲမှုမငြိ, အနှစ်မရှိသောသဘောကို၊ ငါဘုရားသည်- သတ္တဝါတို့၏- ရူပက္ခန္ဓာနှင့် တူလေစွဟု-တင်စားခါသိသဖြင့်၊ မိမိခန္ဓာရေမြှုပ်ပမာကို၊ အဆိုင်အခဲ,အတည်အစွဲ-အမြဲနိစ္စ-ယူဆဂန်ကြလျက်၊ မှောက်မှားလေငြား- သတ္တဝါများကို- သနားကရုဏာ-စိတ်မဟာရောက်၍-အပြုံးနယ်ပေါက်တော်မူမိခြင်း ဖြစ်ပေသည်။

ချစ်သား, အာနန္ဒာ၊ သင်, မြင်လေငြားသည့်- ထိုရေမြှုပ်ဆိုင် ရေမြှုပ်ခဲကလေးအား- ဆယ်ယူငြား၍- လက်ပေါ်တွင် တင်ခါထားသော်လည်း၊ မူလအတိုင်း, ဆုတ်မဆိုင်းဘဲ- ကသိုဏ်းအရှု- ခံနိုင်မှုသည် ရှိပါအံ့လော။ ။

မှန်လှပါ= ဘုန်းတော်ကြီးသော- မြတ်စွာဘုရား၊ ရေမြှုပ်ဆိုင်ကို-လက်ဖြင့် ထိုးပ ဆယ်ယူရလည်း၊ လက်ပေါ်တွင်သာ- စီပေါင်းလှာတို့- မကြာဖြုတ်ဖြုတ်- တမုဟုတ်လျှင်- လေပူ, နေပူ- တိုက်ခတ်ယူ၍၊ ရှုဘွယ်တစိ- မကျန်ရှိအောင်- ပျက်စီး ကုန်ဆုံးကြရမှာပါ ဘုရား။ ။

ချစ်သား, အာနန္ဒာ၊ ထိုသို့- လက်ပေါ်တင်ငြား- ပျောက်ပျက်၍သွားနိုင်က၊ နောက်ထပ်တခု- ပျောက်မှုမရှိအပ်ရအောင်၊ လက်ဆုပ်နှင့်အုပ်- ဆယ်ယူ၍ ထုပ်လျှင်ကော- မရကောင်းပေဘူးလား- ချစ်သား။ ။

မှန်လှပါဘုရား။ ။အသာထိုးတင်-လက်ပေါ်တွင်ထား-ရေမြှုပ်သားသည်၊လားလားမကျန်-ပျက်စီးဖန်ပုံ-အကြောင်းဟုန်ကို- ထောက်ဆကုန်လျက်၊ လက်နှင့်အုပ်၍- ဆုပ်ကိုင်ဆယ်ပါကလည်း၊ ဆုပ်ပြီးလက်ကို- ဖြေလျက် ယခု-ကြည့်ရှုပြုက၊ လက်ဆုပ်တွင်းဝယ်- ဗလာနတ္ထိ- စိုးတစိမျှ- မရှိကေန်- ကြေပြုန်ပျက်ပြုန်း- အဘာဝအဖြစ် လုံးလုံးသို့- ရောက်ရမှာပါ- ဘုရား။ ။

ချစ်သား, အာနန္ဒာ။ ။ထိုသို့- လိုရာမပါ-အနှစ်မရှိ၊ ရေစီပေါင်းတို့တအိအိ,မြောပါလာသည်ကို၊ မျက်မြင် ယခု၊ ဘယ်အမူကြောင့်- တွေ့ရှုနိုင်ရပါသနည်း- ငါ့ရှင်။ ။

မှန်လှပါဘုရား။ ။ ရေမြှုပ်ဆိုင်- မြစ်ညာမှ- မြောလာပုံကို၊ စက္ခုနှင့်ပေါင်းဆုံ-ရှုပါခုံဆိုတဲ့- ဝဏ္ဏရုပ်ဆင်း- မြင်ကောင်းခြင်းသဘောကြောင့်- နှလုံးသွင်းစုံညီလျက်- မြင်အပ်မိကြောင်းပါ ဘုရား။ ။

ချစ်သား,အာနန္ဒာ။ ။လက်နှင့်ဆယ်တင်- တွေ့ထိ အင်ကား၊ တသွင်,အပေါင်း- မည်သို့သော- အကြောင်းကြောင့် ပါနည်း- ငါ့ရှင်။ ။

မှန်လှပါဘုရား။ ။တွေ့ထိကောင်းရုပ်- ဖေါဋ္ဌဗ္ဗာရုံလုပ်သည့်၊ ပထဝီ=တေဇော- ဝါယောဓါတ် အသီးသီး- ဆောင်အပ်နည်းကြောင့်- ထိပြီး သိရကြောင်းပါ- ဘုရား။ ။

ချစ်သား, အာနန္ဒာ။ ။မြော ပါ ဆင်း လာ- ရေ မြှုပ် လွှာ သည်၊ အဟောင်းရွေ့လျော- အသစ်နှောသို့- မြောခါအစဉ်- ထိုအသွင်ကား- ဘယ်လျှင်- အကြောင်း၊ ရှိကောင်းပါသနည်း- ချစ်သား။

မှန်လှပါဘုရား။ ။မြောပါရေမြှုပ်-အဟောင်းချုပ်၍၊အသစ်လုပ်ငြားမြူမှုန့်များသည်၊ ကမ္ဘားပြိုကျ၊ ထို- ဤမှတည့်၊ ကျရရေဝယ်၊ လိမ့်လဲတွယ်၍၊ တသွယ်ရေမြှုပ်- ဖွဲ့တုယ်လုပ်ခါ- ထောက်ပံ့လာသည့်- တဖြာအာပေါ- ဓါတ်,သဘောကြောင့်- မပြတ်နှောပြု- စီးဆင်းမှုတွင်- တသွင်သွင်ဖြင့်- ရှိအင်ထင်ရှားဆောင်ထားအပ်ပါသည်- ဘုရား။ ။

ချစ်သား,အာနန္ဒာ။ ။လက်ပေါ်တင်ဆုပ်-ထိုရေမြှုပ်ကို၊ ဃာနပဒသာဒ- ပေါင်းဆုံကြအောင်- နမ်းရှုသမှု- ပြုခဲ့သော်ကား၊ ထင်ရှား, ဘယ်အရာ-ဆောင်လာပါမည်နည်း။

မှန်လှပါဘုရား။ ။နမ်းရှုကြည့်က၊ ညှီစို့စို့မျှ- ရနံ့, နံကောင်း ထိုအကြောင်းသည်-ဂန္ဓဓါတ်တလီ ဆောင်အပ်သည်- မည်ပါသည်ဘုရား။ ။

ချစ်သား, အာနန္ဒာ။ ။ ထိုမှ တဖေါ်- အခေါ်လျှာ- ပသာဒါနှင့် တွေ့ခါထိလတ်- ပေါင်း ခါ စပ် သော်- အဘယ်ဓါတ်တို့ ပေါ်အပ်ပါသနည်း- ငါ့ရှင်။ ။

မှန်လှပါဘုရား။ ။လျှာအကြည်- တလီရေမြှုပ်- ပေါင်းဆုံလုပ်က၊ သရုပ်, ရသ၊ တမုဟုတ်- ခဏမျှ- ပေါ်အပ်ကြောင်းပါဘုရား။ ။

ချစ်သား, အာနန္ဒာ။ ။ သင်, ဖြေဆိုအပ်ပြီး-ဓါတ်အသီးမျှ-အချည်း နှီးသော ရေမြှုပ်သည်၊ ဂင်္ဂါမြစ်တလျှောက်, ကမ္ဘာကျောက်ခေါင်း- ဝင်ကာ အောင်း၍ ရေမှိုးရေမွှား, စားသောက်ငြားက- ဘယ်ပုံအားဖြင့်- ဆောင်တတ် ပြန်ပါသနည်း။

မှန်လှပါဘုရား။ ။ထို-ရေမြှုပ်ဆိုင်ဟု၊ နုနုလွလွ-အာဟာရက၊ပုပ္ပရွှ- ရေပိုးရေမွှား- ပုဇွန်ငါးတို့၊စားမျိုကြရာ-ထိုအစာတွင်၊ တသွင်သြဇာ-ဗဟိဒ္ဓါမှု- ထောက်ပံ့ပြုသဖြင့်- ရုပ်ဇီဝိတိန္ဒြေ=မျှတ၍နေပါသည်ဘုရား။ ။

ချစ်သား, အာနန္ဒာ။ ။သို့တစေမူ၊ ဆယ်ယူလက်တွင်၊ ဆုတ်ကိုင်လျှင် လည်း၊အနှစ်မရှိ- ကြေပျက်ဘိသည့်- ဤရေမြှုပ်ဆိုင်,ရေမြှုပ်ခဲဟု၊ အဋ္ဌကလာပ- ကလာပ်မှုံကလာပ်မွှား- ဥတုတပါးကြောင့် ဖြစ်ပွားလာသော- ရုပ်တရားသည်၊ ထင်ရှားဆောင်လတ်=ပထဝီဓါတ်- အာပေါဓါတ်- တေဇောဓါတ်- ဝါယော ဓါတ်ရုပ်-မဟာဘုတ်နှင့် ဥပါဒါမည်ရ၊ ဝဏ္ဏ-ဂန္ဓ- ရသ-သြဇာ- ဓါတ်ရှစ်တန်- အမှန်အကန်ဆောင်ငြားသော်လည်း၊ လက်ဆုပ်မပြီး- အချည်းနှီးသာ၊ အနှစ် မပါ- ဗလာနတ္ထိ-ဖြစ်ရှိသကဲ့သို့၊ သတ္တဝါအစားစား- ရူပက္ခန္ဓာတရား-မှန်သမျှ သည်၊ထိုအဋ္ဌကလာပတို့ဖြင့်-လေးပါးသောအကြောင်းအပေါင်း-ပြုစီရင်ငြောင်း ခါမျှ- ဘဏ္ဍတ္တယာ အပေါင်းသည်၊ သင်, ချစ်သား-ထင်ရှားမြင်ရသည့်-အချည်း နှီးသော ရေမြှုပ်ဆိုင်-ရေမြှုပ်ခဲနှင့် တထပ်တည်း-တူလှစွာရှိသည်ကို၊ ခိုင်မာ အနှစ်-ရုပ်ခန္ဓာဖြစ်သည်ဟု-စွဲယူရန်အကြောင်း မရကောင်းပါလျက် အန္ဓပုထုဇဉ် အပေါင်းတို့က- ထင်လင်းစွာမသိ၊ ငါ့ရုပ်ရှိ၏ဟု-ဒိဋ္ဌိနှင့်တဏှာ အစဉ်ငြိခါပါ၍၊ သံသရာတလျှောက်-အခေါက်ခေါက်- ပြေးရှောက်ခဲ့ကြရလေပြီ ချစ်သားဟု- ဘဂဝါ, မြတ်စွာဘုရားသည် ရူပက္ခန္ဓာနှင့် ရေမြှုပ်,ပမာပြု၍ ပုပ္ပရွှ- သတ္တဝါ

အနန္တတို့- တတ္တဒိဋ္ဌိ စွဲငြိကြပုံကိုရည်ရွယ်လျက် ပြုံးတော်မူကာ ဆုံးမတော်မူသော ကထာဖြစ်ပါသည်။

ဤသို့ မြတ်စွာဘုရားသခင်သည်၊ ရုပ်ခန္ဓာကို ရေမြှုပ်ဆိုင်-ပမာပြု၍၊ ဓါတ်ရှစ်ပါးအစု- ဌကလာပ်အမှုကို၊ သတ္တဝါတို့၏ ခန္ဓာနှင့်အတူပြု၍ ရှုပါက၊ အနှစ်သာရ- ဘာတခုမျှရှာမရသည့်-အတ္တသုဉ်းဆိတ်- ပရမတ္ထအရိပ်- ဓါတ်နိမိတ်မျှသော၊အကြောင်းလေးပါး-ကျားကန်ထားခိုက်-ခဏတ္တယ၌သာ- ဆောင်နှင်းလာသည့်-"ဖြစ်ပျက်"အခင်း-ရုပ်ဟူသော ဝင့်ခပင်းမှုလွဲ၍၊ နိဿတ္တ-နိဇ္ဇီဝ-သတ္တဝါအသက်-နှစ်သက်ဘွယ်မရှိ- ကေန်ဖြစ်သည့်- ပရမတ္ထ-အနတ္တ သုညတဉာဏ်ကို ဖြစ်စေကြရာပါသည်။

မြတ်စွာ ဘုရားသခင်သည်၊ ထိုမျှသာမက- ခန္ဓာငါးဝ စလုံး၌ပင် ဥပမာ တင်၍ ပြတော်မူခဲ့ပါသည်၊ ထိုသဘောသွားများကို- ရှေ့ခန္ဓာတရားများ၌ ဖေါ်ပြပေးသွားပါမည်၊ ယခု ခန္ဓာပဉ္စက- ငါးဝလုံးကို(၁၁)ပါးသော အပြား အားဖြင့် သုံးသပ်ပုံကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဖွင့်ဆိုပါသည်ကို ဖေါ်ပြလိုက်ပါ သည်။

"ယေကေစိ ပဉ္စက္ခန္ဓာ အတီတာ နာဂတ ပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံဝါ- ဗဟိဒ္ဓံဝါ သြဠာရိကာဝါ- သုခုမာဝါ၊ဟီနာဝါ-ပဏီတာဝါ၊ ဒူရေဝါ- သန္တိကေဝါ သဗ္ဗေတေ တတ္ထ တတ္ထေဝ နိရုဇ္ဈန္တိ၊ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ သဗ္ဗေတေ သင်္ခတာ ပဋိစ္စ သမုပ္ပန္နာ ခယဓမ္မာ၊ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ၊"

အတီတာ နာဂတ ပစ္စုပ္ပန္နာ-အတိတ်ဘဝ, အနာဂတ်ဘဝ, ပစ္စုပ္ပန်ဘဝ၌ ဖြစ်ကုန်သော၊ အဇ္ဈတ္တံဝါ-ကိုယ်တွင်းသန္တာန်၌လည်း ဖြစ်ကုန်သော၊ ဗဟိဒ္ဓံဝါ၊ အပသန္တာန်၌လည်းဖြစ်ကုန်သော၊သြဠာရိကံဝါ- ရုန့်ရင်းကြမ်းတမ်းသည်လည်း ဖြစ်ကုန်သော၊ သုခုမံဝါ-နူးညံ့သိမ်မွေ့သည်လည်း ဖြစ်ကုန်သော၊ ဟီနာဝါ- ယုတ်ညံ့သည်လည်းဖြစ်ကုန်သော၊ပဏီတာဝါ-မွန်မြတ်သည်လည်းဖြစ်ကုန်သော၊ ယေကေစိ-အလုံးစုံကုန်သော၊ ပဉ္စက္ခန္ဓာ- ခန္ဓာငါးပါး- ရုပ်နာမ်တရားတို့သည်၊ သန္တိ-ရှိကုန်၏။ ဒူရေဝါ-ဝေးသည်လည်းဖြစ်ကုန်သော၊ သန္တိကေဝါ-နီးသည် လည်း ဖြစ်ကုန်သော၊ ယေပဉ္စက္ခန္ဓာ- အကြင်, ခန္ဓာငါးပါး- ရုပ်နာမ်တရားတို့ သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေပဉ္စက္ခန္ဓာ- ထိုခန္ဓာငါးပါး

ရုပ်နာမ်တရားတို့သည်၊ တတ္တတတ္တေဝ-ထိုထိုအတိတ်ဘဝစသော တဆယ့်တပါး-ပြားသော အဖြစ်ဌာပင်လျှင်၊ နိရုဇ္ဈန္တိ-ချုပ်ပျောက်ပျက်စီးကြကုန်၏။ ။

ခယဋ္ဌေန = ဖြစ်၍ပေါ်ပေါက်- ကုန်ပျောက်ပျက်စီးတတ်သော သဘောကြောင့်၊ အနိစ္စာ-အမြဲမရှိကုန်၊

ဘယဋ္ဌေန = ဖြစ်ပျက်နှိပ်စက်-ဘေးဒါဏ်ချက်ဖြင့်- ကြောက်မက်ဘွယ်ရာ- ဘေးဘယာ ဖြစ်သောကြောင့်၊ ဒုက္ခာ-ဆင်းရဲကေန်-အမှန်ဖြစ်ကုန်၏။

အသာရကဋ္ဌေန= အတ္တ-သရိရ= သာမိ-နိဝါသီ= ကာရက-ဝေဒက-အဓိဋ္ဌာယက,ဟု- တိတ္ထိတို့-ကြံဆခေါ်ဆိုအပ်သော ကိုယ်ဟူသည့် အနှစ်မရှိသော- သဘောကြောင့်၊ အနတ္တာ-လိုရာကို မလိုက်- အစိုးမရထိုက်သော-အနတ္တတရားသာ- ဖြစ်ကုန်၏။

သမ္ဘေ- ခပ်သိမ်းကုန်သော၊ တေပဉ္စက္ခန္ဓာ- ထိုခန္ဓာငါးပါး- ရုပ်နမ်တရားတို့သည်။ သင်္ခတာ-အကြောင်းတရားတို့သည်- ပြုပြင်အပ်ကုန်၏၊ ပဋိစ္စသမုပ္ပန္နာ-အကြောင်းတရားကိုစွဲ၍- ဖြစ်ကုန်၏။ ခယဓမ္မာ- ကုန်ပျောက်ခြင်း သဘောရှိကုန်၏၊ ဝယဓမ္မာ- ပျက်ခြင်းသဘောရှိကုန်၏၊ ဝိရာဂဓမ္မာ- ကင်းခြင်းသဘောရှိကုန်၏၊ နိရောဓ ဓမ္မာ- ခဏနိရောဓအားဖြင့်- ချုပ်ခြင်းသဘောရှိကုန်၏။ ။

ဤသို့- ရှေ့ဆက်ပြမည့်- နာမက္ခန္ဓာလေးပါးကိုပါ၊ တပေါင်းတည်းယူ၍၊ သရဇ္ဈာယ်ခြင်း- ဆင်ခြင်ခြင်း၊ နှလုံးသွင်းခြင်း၊ သိမ်းဆည်းခြင်းကိုအဖန်ဖန်ပြုသော- ယောဂီသူမြတ်အား၊ ရုပ်, နာမ်, ခန္ဓာမှတပါး- သတ္တသညာသည် ချုပ်ကင်းပြတ်ခါ- ပစ္စယပရိဂ္ဂဟာဉာဏ်တိုင်- သက်ဝင်ပြီးလျှင်၊ ဘာဝနာခွင်, ဘာဝနာမယဉာဏ်ကို- မရမနေ, ကြိုးစားလိုသော၊ အလောဘ- အဒေါသ-အမောဟ- အဇ္ဈာသယနှင့်- ဝိဝဋ္ဋဇ္ဈာသယကိန်း၍၊ အငြိမ်းဓါတ်, မြတ်နိဗ္ဗူကို-အောင်လံထူခါ- ရယူလိုသော ဆန္ဒမြတ်ဖြင့်၊ ဝိပဿနာမဂ်ပန်းကို- မပြတ်ပန်ဆင်သည့်- ဘာဝနာရတိနှင့်သာ- မွေ့လျော်ချင်သော- ယောဂီသူမြတ် အဖြစ်သို့-သက်ဝင်လာနိုင်ပါသည်။ သက်ဝင်လာနိုင်အောင် ဆက်လက်ဆည်းပူး, ကြိုးစားတော်မူကြပါကုန်။ ။

(ရူပက္ခန္ဓာသဘောတရား အကျဉ်းပြီး၏။)

# ( နာမက္ခန္ဓာလေးပါး - တရားသဘောများ )

## ဝေဒနက္ခန္ဓာ။

။ဝေဒနာ စေတသိက်ကိုခေါ်သည်။ (ဥပမာ) ရေပွက်နှင့် တူသည်။
(သဘောအဓိပ္ပါယ်) အာရုံ၏အရသာကို ခံစားတတ်သည်။

အာရမဏာနုဘဝနနည်း။ ။သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာ။

ဣန္ဒြိယဘေဒနည်း။ ။သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊
သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ။ ။

## သညက္ခန္ဓာ။

။သညာစေတသိက်ကို ခေါ်သည်။ (ဥပမာ) တံလျှပ်နှင့် တူသည်။
(သဘောအဓိပ္ပါယ်) အာရုံကို မှတ်သားတတ်သည်။

သညက္ခန္ဓာသည် ကုသိုလ် အကုသိုလ် အဗျာကတစသည့် ဝိညာဏ်နှင့်ယှဉ်တိုင်းသော သညာအားဖြင့်ဖြစ်တတ်၏။

## သင်္ခါရက္ခန္ဓာ။

။ဝေဒနာ- သညာမှ ကြွင်းသော စေတသိက် ၅၀-ကို ခေါ်သည်။
(ဥပမာ) ငှက်ပျောတုံးနှင့် တူသည်။
(သဘောအဓိပ္ပါယ်) စေ့ဆော် တိုက်တွန်း ပြုပြင်တတ်သည်။

## ဝိညာဏက္ခန္ဓာ။

စိတ်(တခုယုတ်-ကိုးဆယ်) အကျယ်တရာ့နှစ်ဆယ့်တပါးကို ခေါ်သည်။
(ဥပမာ) မျက်လှည့်နှင့်တူသည်။ (အဓိပ္ပါယ်) အာရုံကိုသိတတ်သည်။

| | | | | | |
|---|---|---|---|---|---|
| အကုသိုလ်စိတ် | ၁၂။ | ရူပါဝစရစိတ် | ၁၅။ | လောကုတ္တရာစိတ်အကျဉ်း | ၈။ |
| အဟိတ်စိတ် | ၁၈။ | အရူပါဝစရစိတ် | ၁၂။ | လောကုတ္တရာစိတ်အကျယ် | ၄၀။ |
| ကုသိုလ်စိတ် | ၂၄။ | မဟဂ္ဂုတ်စိတ်ပေါင်း .... | ၂၇။ | | |
| | | ကာမာဝစရစိတ်ပေါင်း .... | ၅၄။ | လောကီ လောကုတ် စိတ်အကျဉ်း | ၈၉။ |
| ကာမာဝစရစိတ်ပေါင်း .... | ၅၄။ | လောကီစိတ် .... | ၈၁။ | လောကီ လောကုတ် စိတ်အကျယ် | ၁၂၁။ |

# သင်္ခါရက္ခန္ဓာ၏- တရားကိုယ် စေတသိက်ငါးဆယ်

အထက်ပါ=ဖော်ပြခဲ့သော-ဇယားနှစ်ခုတွင်၊ ရူပက္ခန္ဓာနှင့် ပတ်သက်၍၊ ပြည့်စုံနိုင်သရွေ့ ဖော်ပြခဲ့ပါပြီ၊ ဝေဒနက္ခန္ဓာနှင့် သညက္ခန္ဓာတို့သည်-တရားကိုယ် တပါးစီသာဖြစ်၍- ပြည့်စုံခဲ့ပါပြီ။ ဝိညာဏက္ခန္ဓာကိုလည်း- အကျဉ်းအားဖြင့်- ထိုက်သင့်သမျှ- ဖော်ပြထားခဲ့ပြီးပြီ ဖြစ်ရာ၊ သင်္ခါရက္ခန္ဓာ တရားသည်သာ၊ ဝေဒနာ့သညာမှ ကြွင်းသော- စေတသိက် (၅၀) ဖြစ်နေရာ၊ ၎င်း-စေတသိက် တရားတို့ကိုအကျဉ်းအားဖြင့် သင်္ခါရက္ခန္ဓာ၏ တရားကိုယ်များကို- ပြဆိုလိုက်ပါသည်။

**စေတသိက် (၅၂)ပါးတို့၏- စိတ်၌ ယှဉ်ဖြစ်ကြောင်း**
**စေတောယုတ္တ= အင်္ဂါလေးပါး။**

(၁) ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း။
(၂) ဧကနိရောဓ= စိတ်နှင့်အတူ ချုပ်ခြင်း။
(၃) ဧကာလမ္ဗဏ= စိတ်နှင့်အတူ အာရုံတူခြင်း။
(၄) ဧကဝတ္ထုက= စိတ်နှင့် မှီရာဝတ္ထုတူခြင်း။

အောက်ဖော်ပြမည့်(၅၂)ပါးသော- ဓမ္မာရုံခေါ်- နာမ်တရားတို့သည်၊ အထက်ပါ- အင်္ဂါလေးပါးနှင့် အညီအညွတ်= စိတ်နာမ်နှင့် ယှဉ်စပ်၍ ဖြစ်ပေါ်တတ်သောကြောင့်၊ စေတသိက်နာမ်တရားဟု- ခေါ်ဆိုအပ်၏။ ထိုသို့- စိတ်နှင့် ယှဉ်ဖြစ်ကြောင်းကို- (ဝိပါက်မနောဓါတ် + စေတသိက်=စိတ်)၊ (ဝါ) မနောဓါတ်၊ အပေါင်း+စေတသိက်၊ ညီမျှခြင်း= စိတ်၊ ရုပ်ဒွါရ=အာရုံချိပ်ခါ— စိတ်နာမ်၊ စေတသိက် နာမ်၊ခန္ဓာတရားတို့-ဖြစ်ပွားကြရတော့သည်။ ထိုစေတသိက် (၅၂) ပါးတို့မှာ....

## "အလုံးစုံသော စိတ်၌ယှဉ်သည့်—စေတသိက် (၇) ပါး"

(၁) ဖဿ၊ အာရုံကို တွေ့ထိခြင်း။
(၂) ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားခြင်း။ (ဝေဒနက္ခန္ဓာ)
(၃) သညာ၊ အာရုံကို မှတ်သားခြင်း။ (သညက္ခန္ဓာ)
(၄) စေတနာ၊ စေ့ဆော်ခြင်း။ (သင်္ခါရက္ခန္ဓာ၏ ခေါင်းဆောင်)

(၅) ဧကဂ္ဂတာ၊ အာရုံ၌တည်ကြည်ခြင်း။
(၆) ဇီဝိတိန္ဒြေ၊ တကွဖြစ်ဘက်နာမ်တို့ကို- စောင့်ရှောက်ခြင်း။
(၇) မနသိကာရ၊ အာရုံကိုနှလုံးသွင်းခြင်း။

## "ရောပြွမ်းသော ပကိဏ်းစေတသိက် (၆) ပါး"

(၈) ဝိတက္က၊ အာရုံကို- ကြံစီခြင်း။
(၉) ဝိစာရ၊ အာရုံကို- သုံးသပ်ကျက်စားခြင်း။
(၁၀) အဓိမောက္ခ၊ အာရုံကို- ဆုံးဖြတ်ခြင်း။
(၁၁) ဝီရိယ၊ ယှဉ်ဘက်တရားတို့ကို စုရုံး ထောက်ပံ့ခြင်း။
(၁၂) ပီတိ၊ အာရုံကို- နှစ်သက်ခြင်း။
(၁၃) ဆန္ဒ၊ အလိုရှိကာမျှ- အာသီသဖြစ်ခြင်း။

အထက်ပါ- သဗ္ဗသာဓာရဏ- အလုံးစုံသောစိတ်နှင့်ယှဉ်သော- စေတသိက်(၇)ပါးနှင့်- ပကိဏ်းစေတသိက် (၆)ပါး၊ ပေါင်း (၁၃) ပါးသောစေတသိက်တို့သည်၊ ကုသိုလ်, အကုသိုလ်၌ ယှဉ်၍- နှစ်ဘက်ရဖြစ်သောကြောင့် "အညသမာန်း" စေတသိက်ဟု ခေါ်သည်။

## "အကုသိုလ်စေတသိက် (၁၄) ပါး"

(၁၄) မောဟ၊ အာရုံ၏သဘောမှန်ကို- ဖုံးလွှမ်းတွေဝေခြင်း။
(၁၅) အဟိရိက၊ ဒုစရိုက်ကို- ကျူးလွန်ရန် မရှက်ခြင်း။
(၁၆) အနောတ္တပ္ပ၊ ဒုစရိုက်ကို- ကျူးလွန်ရန် မကြောက်ခြင်း။
(၁၇) ဥဒ္ဓစ္စ၊ စိတ်ကိုပျံ့လွင့်စေတတ်ခြင်း။
(၁၈) လောဘ၊ အာရုံကို လိုချင်ကပ်ငြိတတ်ခြင်း။
(၁၉) ဒိဋ္ဌိ၊ အမှားကို ယူတတ်ခြင်း။
(၂၀) မာန၊ ထောင်လွှားမာန်မူတတ်ခြင်း။
(၂၁) ဒေါသ၊ ကြမ်းတမ်းစွာ- ပြစ်မှားတတ်ခြင်း။
(၂၂) ဣဿာ၊ သူတပါးချမ်းသာကို- ငြူစူခြင်း။
(၂၃) မစ္ဆရိယ၊ မိမိဥစ္စာကို- လျှို့ဝှက်ဝန်တိုခြင်း။
(၂၄) ကုက္ကုစ္စ၊ ပြုပြီးကုသိုလ်နှင့် ပြုပြီးအကုသိုလ်၌ စိုးရိမ်ခြင်း။
(၂၅) ထိန၊ စိတ်ကို ထိုင်းမှိုင်းစေတတ်ခြင်း။
(၂၆) မိဒ္ဓ၊ စေတသိက်တို့၏- မကျန်းခန့်ခြင်း။
(၂၇) ဝိစိကိစ္ဆာ၊ ယုံမှားတတ်ခြင်း။

## ကုသိုလ်စေတသိက်(၂၅)ပါး

(၂၈) သဒ္ဓါ၊ ကြည်လင်, ယုံကြည်တတ်ခြင်း။
(၂၉) သတိ၊ အာရုံထင်ရှားအောင်- အောက်မေ့တတ်ခြင်း။
(၃၀) ဟိရီ၊ အကုသိုလ်တရားတို့၌- ရှက်ခြင်း။
(၃၁) ဩတ္တပ္ပ၊ အကုသိုလ်တရား၌- ကြောက်ခြင်း။
(၃၂) အလောဘ၊ ဝတ္ထုအာရုံတို့၌ မကပ်မငြိခြင်း။
(၃၃) အဒေါသ၊ မိမိသူတပါးပြစ်မှားကင်းခြင်း၊ (မေတ္တာ)
(၃၄) တတြမဇ္ဈတ္တာ၊ အာရုံကို လျစ်လျူရှုခြင်း၊ (ဥပေက္ခာ)
(၃၅) ကာယပဿဒ္ဓိ၊ စေတသိက်နာမ်ကာယတို့၏ ငြိမ်းခြင်း။
(၃၆) စိတ္တပဿဒ္ဓိ၊ စိတ်တို့၏- ငြိမ်းခြင်း။
(၃၇) ကာယလဟုတာ၊ စေတသိက်တို့၏- ပေါ့ခြင်း။
(၃၈) စိတ္တလဟုတာ၊ စိတ်တို့၏ပေါ့ပါးခြင်း။
(၃၉) ကာယမုဒုတာ၊ စေတသိက်တို့၏ နူးညံ့ခြင်း။
(၄၀) စိတ္တမုဒုတာ၊ စိတ်တို့၏ နူးညံ့ခြင်း။
(၄၁) ကာယကမ္မညတာ၊ စေတသိက်တို့၏ အမှု၌ခံ့ခြင်း။
(၄၂) စိတ္တကမ္မညတာ၊ စိတ်တို့၏- အမှု၌ခံ့ခြင်း။
(၄၃) ကာယပါဂုညတာ၊ စေတသိက်တို့၏- လေ့လာခြင်း။
(၄၄) စိတ္တပါဂုညတာ၊ စိတ်တို့၏- လေ့လာခြင်း။
(၄၅) ကာယုဇုကတာ၊ စေတသိက်တို့၏- ဖြောင့်ခြင်း။
(၄၆) စိတ္တုဇုကတာ၊ စိတ်တို့၏- ဖြောင့်ခြင်း။
(၄၇) သမ္မာဝါစာ၊ ဝစီဒုစရိုက်လေးပါးမှ ကြဉ်ရှောင်ခြင်း။
(၄၈) သမ္မာကမ္မန္တ၊ ကာယဒုစရိုက်သုံးပါးမှ ကြဉ်ရှောင်ခြင်း။
(၄၉) သမ္မာအာဇီဝ၊ ကာယ, ဝစီ, ဒုစရိုက်မှ- ကြဉ်ရှောင်၍ အသက်မွေးခြင်း။
(၅၀) ကရုဏာ၊ ဒုက္ခိတ, သတ္တဝါတို့၌- သနားခြင်း၊
(၅၁) မုဒိတာ၊ သုခိတ, သတ္တဝါတို့၌ ဝမ်းမြောက်ခြင်း၊
(၅၂) ပညိန္ဒြေ၊ ပဇာနာတိ-ပညာသိ၌ အစိုးရခြင်း၊

အထက်ပါ၊ အကျဉ်းအားဖြင့် ပြဆိုအပ်သော စေတသိက်တရားတို့တွင်၊ ဝေဒနာသည် ဝေဒနက္ခန္ဓာ။ သညာသည်- သညက္ခန္ဓာ။ဝေဒနာ သညာမှကြွင်းသော-စေတနာစေတသိက်အမှူးရှိသည့်- စေတသိက်(၅၀)သည်- သင်္ခါရက္ခန္ဓာ။

၎င်း, ခန္ဓာသုံးပါးကို- စေတသိက်နာမ်ခန္ဓာဟုခေါ်ပါသည်၊ (၀ါ) စေတသိက်နာမ်ကာယဟုလည်း ခေါ်ပါသည်၊ စိတ်သည်-ဝိညာဏက္ခန္ဓာ=စိတ်နာမ်ကာယဟုလည်း ခေါ်ပါသည်။ ရုပ်ဓါတ် (၂၈)ပါး- ရူပက္ခန္ဓာသည်- ရုပ်ကာယဟုလည်း ခေါ်ပါသည်၊ ယင်း,အကြောင်းအပေါင်းစု- ရုပ်ကာယ- နာမ်ကာယ အပေါင်းတို့၌ပင်၊ ငါဟူ၍- စွဲမှတ်သိယူကြသဖြင့်- သက္ကာယဒိဋ္ဌိ ဖြစ်ရှိနေကြခြင်း ဖြစ်ပါသည်။

ထိုစေတသိက်တရားတို့တွင်၊ ဗြဟ္မာစိုရ်တရားလေးပါးအရ၊ အဒေါသ-စေတသိက်သည်ပင် (မေတ္တာ) မည်ပါသည်၊ တတြမဇ္ဈတ္တာ စေတသိက်သည် (ဥပေက္ခာ)မည်ပါသည်။ ကရုဏာ-မုဒိတာသည်-ထိုဗြဟ္မစိုရ်တရားတို့၌ အပါအဝင်ဖြစ်ပါသည်။ ၎င်းနှစ်ပါးကို- အပ္ပမညာ စေတသိက်ဟု ခေါ်ပါသည်၊ အတိုင်းအရှည်ပမာဏမရှိ၊ အလုံးစုံသော သတ္တဝါ ပညတ်တို့၌ အာရုံပြု၍ ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။ တနည်းအားဖြင့်- ထိုလေးပါးလုံးကိုပင်- အပ္ပမညာလေးပါးဟု ခေါ်ဆိုပါသည်။ သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ-စေတသိက်သုံးပါးသည်= ကြဉ်ရှောင်တတ်သောကြောင့်- ဝိရတီစေတသိက်သုံးဂါးဟု ခေါ်ပါသည်။

ဤသို့အားဖြင့်- စိတ်,စေတသိက်, ရုပ်တရားများကို၊ အကျယ်သိသင့်သော ႔ ရာဋ္ဌာန၌ အကျယ်အားဖြင့်၎င်း၊ မကျဉ်းမကျယ်- သိသင့်သော အရာဋ္ဌာန၌၊ ပကျဉ်းမကျယ်အားဖြင့်၎င်း၊အကျဉ်းအားဖြင့်သင့်လျော်သောအရာဋ္ဌာန၌- အ( ဉ်းအားဖြင့်၎င်း၊ ယေဘုယျအားဖြင့်- အာဂါရိကလမ်းရှိ- လူပုဂ္ဂိုလ်တို့အဘို့- ဤမျှမှ တစ,တစ- ပိုမိုသိရှိလာနိုင်ခြင်း- ဝိပဿနာအခင်းကို- သက်ဝင်ရရှိပါက၊ အန္ဓပုထုဇဉ်မှ- လွတ်အပ်ပြီးလျှင်၊ ကလျာဏပုထုဇဉ်တန်းကို- မုချရရှိနိုင်ကြပြီ ဖြစ်ပါသည်။ ။

သို့သော်=ဤစိတ်,စေတသိက်,ရုပ်-သင်္ခတပရမတ္ထတရားတို့သည်၊ယောဂီ၏ခန္ဓာပဋ္ဌကတွင် အစဉ်ထာဝရ အရှိတရားများ မဟုတ်ကြပါ။ အဇ္ဈတ္တ-ဗဟိဒ္ဓ-တွင်း,ပ နှစ်တန်အားဖြင့်၊ အမြဲမှိခြင်း- အမြဲမမှိခြင်း၊ အမြဲယှဉ်ခြင်း-မယှဉ်ခြင်း၊ ရံခါမှိခြင်း- ရံခါယှဉ်ခြင်း၊ အကြောင်းတရားအပေါင်းတို့လည်း- အလုံးစုံ- စုံညီခြင်း-မစုံညီခြင်း၊ အကျိုးအပေါင်းတို့သည်လည်း- အလုံးစုံ, စုံညီသက်ဝင်ခြင်း, မသက်ဝင်ခြင်းစသည်ဖြင့်၊ ကံတို့၏ ဆန်းကြယ်ခြင်း၊ စိတ်တို့၏ ဆန်းကြယ်ခြင်း၊ အကျိုးဝိပါက်တို့၏ ဆန်းကြယ်ခြင်း၊ ကိလေသာတို့၏ ဆန်းကြယ်စွာ ချယ်လှယ်ခြင်း၊ ကာလ-ဒေသ-ပယောဂ- ဥတု- သင်္ဂဟ-နိဿယ-စရိယတို့၏-ဆန်းကြယ်

ခြင်း၊ အတိတ်အကြောင်းတို့၏ ဆန်းကျယ်ခြင်း၊ ပစ္စုပ္ပန်အထောက်အပံ့တို့၏- ဆန်းကြယ်ခြင်း အစရှိကုန်သော မရေမတွက်နိုင်သော အကြောင်းအပေါင်းနှင့် အကြောင်း ဒေ႔ကျိုး= အကျိုး့အကြောင်းတို့သည်သာ-စိုးမိုးထုံလွှမ်းအပ်သည် ဖြစ်၍၊ ဤ-စိတ်, စေတသိက်,ရုပ်= ပရမတ္ထတရားစုတို့သည်- မါတ်အနေဖြင့်· အထွေထွေသခ်ါရ- သဘ္ဘဝါသ- ဘုံသုံးဝနှင့် (၃၁) ဌာနတခွင်တွင် ရေတွက် ရကောင်းနိုင်သော- အမျိုးအစား- ဗြဟ္မာ, နတ်လူ၊ ငရဲတမူ- အသူရကာယ်· ပြိတ္တာနယ်နှင့်— မရေမတွက်နိုင်သော အမျိုးအစား- တိရစ္ဆာန်ဘုံတလွှားတို့ဖြင့်· ပုဂ္ဂိုလ်, သတ္တဝါ- ပညတ်ခံရခါ- ထွက်ဖေါ်ဖြာဝေနေရသော- သံသရာ့ ဝဋ်ဒုက္ခ လမ်းဝယ်....

ဤ-စိတ်, စေတသိက်, ရုပ်တို့ကို အခြေတယ်၍၊ ဖြစ်ခါပျက်ချီ- အလီလီ ပြေးလွှားနေရသည်ကို၊ဝိညာဏ်–နာမ် ရုပ်-ခန္ဓာငါးပါးမျှသာပါလို့-မြတ်ဘုရား ရှင်, သရုပ်နှင့်တကွ ရှင်းပြတော်မူခြင်းကိုပင်၊ ငါ-စာရင်းလုပ်၍-ထပ်မစွဲချင်ကြ ပါနှင့်တော့။ ထိုအစွဲ–အတ္တဒိဋ္ဌိလွှန်မြောက်ပွဲကို-ရုပ်နည်း, နာမ်နည်း, ခန္ဓာနည်း, အာယတနည်း, ဓါတ်နည်း, ဣန္ဒြေနည်း, ပဋိစ္စသမုပ္ပါဒ်နည်းနှင့်· ဝိသုဒ္ဓိစခန်း· ဉာဏ်စဉ်လမ်းတို့ကိုပါ၊ သစ္စာလေးပါးအပြီးသိရန်- မဂ္ဂင်ရှစ်တန်အခြေခံသည့်– ဗောဓိပက္ခိယတရား(၃၇)ပါးတိုင်၊ လက်ဆုပ်,လက်ကိုင်-ရပိုင်စေဌါ-ပေးသနား တော်မူခဲ့ရာဝယ်၊ ယခုအခါ-ရှေးဦးစွာ=“ဗုဒ္ဓ၏, အနုသယစက်– ချေဖျက်ပုံနှင့်· ဝိပဿနာဘာဝနာ့ဆိုင်ရာ–သုံးဆယ့်ခုနစ်ခိုင်သော ဗောဓိမဏ္ဍိုင်များ” စာအုပ် ကလေးကို–ပညာပေးအရ- သိသင့်တာတွေကို–ဖေါ်ပြပေး၍၊ တဖန်ဆက်လက်– လုပ်ငန်းခွင့်ဝင်, ကျင့်စဉ်တက်ရန်၊ ကိုယ်လည်းမပိုင်, အတ္တနှင့်လည်း မဆိုင်သော၊ ရုပ်, နာမ်, နည်းတွင်- အာယတန, ဓါတ်တို့မှီးလျက်- ပြဆိုအပ်လာခဲ့ပါသည်၊ လုပ်ငန်းခွင်ဝင်, ကျင့်စဉ်တရား၌၊ လုံလောက်သောအခြေခံမျှကိုသာ ပေးသွား ရ၍- အားပါးတရ မရှိလှသေးငြားသော်လည်း၊ အာဂါရလမ်းမှ ဝိပဿနာမဂ် ပန်း- ဆွတ်လှမ်းရေးအတွက်– ကွာဝေးနေမည်စိုး၍- သုံးပိုင်း, သုံးကျမ်း မျှဖြင့်· အကျဉ်းရုံး၍ ပြသနေရပါသည်။ ယခု ပြပြီး ပြဆဲ တရားတော်များကို ပြီးဆုံး သည်အထိ- ဆည်းပူးကျင့်သုံးရရှိသွားရာတွင်၊ ကျန်သော, ဝိပဿနာပညာကုံလုံ၍ သူတပါးတို့အား ပို့ချနိုင်ပုံများကို- လက်ဆက်ပေးသွားရန်- စေတနာရှိသည့် အလျောက်–ယောဂီသူမြတ်တို့ထံမှ– အထောက်အကူ- တတ်နိုင်သမျှ- အကူအညီ ပြုနိုင်လျှင်– ပြည့်စုံလာနိုင်စရာအကြောင်းရှိပါသည်။

သို့ပါ၍၊ ရုပ်ခန္ဓာပြဆိုချက်အပြီးတွင် ဇယားကွက်ကလေးနှင့် အကျဉ်းပြ ပေးပြီးလျှင်၊ နာမ်ခန္ဓာကို- လက်ဆက်၍– လိုအပ်သမျှ အကျဉ်းကိုပင်- တဆင့်

တက်၍ ဆက်လက်ဆည်းပူးခါ- အသိဉာဏ်ထူးများ ဖြစ်ပွားရရှိအောင် ကြိုးစားကြပါလေ။ ။

ဤသို့- အထက်က ပြဆိုခဲ့သော- နာမ်ခန္ဓာလေးပါး ဇယားသဘောကလေးကို ကြည့်ရှုပြီးလျှင်၊ ခန္ဓာအစဉ်အားဖြင့်မူ၊ ဝေဒနာ- သညာ-သင်္ခါရ- ဝိညာဏ,ဟု ဆိုအပ်ရာတွင်၊ ယခုအခါ-နာမပရိစ္ဆေဒကထာအားဖြင့်- ခန္ဓာစဉ်ကို အမိကမထားတော့ဘဲ၊ စိတ်ဝိညာဏ် နာမ်တရားဖြစ်သော ဝိညာဏက္ခန္ဓာမှစ၍ ပြသပေးသွားပါမည်။ ပြောင်းပြန်ပြု၍- ပြသည်ဟုမထင်မှတ်ပါနှင့်၊ စိတ်နာမ်တရားသည် ရှေ့သွားခေါင်းဆောင်ဖြစ်၍တကြောင်း၊ စိတ်နာမ်တရားကိုပြခြင်းဖြင့် စေတသိက်နာမ် တရားတို့နှင့်လည်း မကင်းမကွာသည်တကြောင်းတို့ကြောင့်၊ ရှေးဦးစွာသိသင့်သော-သုတ-စိန္တာ,ပညာနှင့်ဖြာကို ဦးစားပေး၍ပြဆိုလိုက်ရခြင်း ဖြစ်ပါသည်။ ။

# "နာမပရိစ္ဆေဒ - ဒိဋ္ဌိဝိသုဒ္ဓိကထာ"

**ရုပ်ကိုပိုင်းခြား၊ ဝေဘန်ပြား၍၊ ထင်ရှားမသေ့၊ ပြအပ်ပေ**
**သည်၊ ဓမ္မအမှန်၊ အခြေခံကြောင့်၊ ကေန်သုဒ္ဓိ၊ ထိုဒိဋ္ဌိတို့၊ မရှိ**
**စင်ကြယ်၊ ဉာဏ်မြင်ပယ်လျက်၊ တသွယ်ထင်ရှား၊ နာမ်တရားမှ၊**
**အမှားဒိဋ္ဌိ၊ စင်ကြယ်ဘိရန်၊ အသိဉာဏ်ကို၊ တဖန်ဆက်လက်၊ ခံယူ**
**ချက်ဖြင့်၊ ပြည့်နှက်ပညာ၊ ဝိပဿနာကို၊ ရပါစေကြောင်း၊ လို့လ**
**ကောင်း၌၊ တည်ညောင်းသမျှ၊ ကြိုးစားပြုသည်၊ အမှုကို လို့....ရစေ**
**ကုန်လော့။ ။**

ဤ= မဟာဉာဏ်အောင်, ဝိပဿနာဟု- သိမှတ်နိုင်စရာ,အမည်ပြုရသော ဘုရားတရားတော်မြတ်များကို၊ ပညာပေး=အလုပ်ပေး၊ ဟောစဉ်= ကျင့်စဉ်, အနေအားဖြင့်၊ ပဌမပိုင်းတွင်လည်း- လုပ်ငန်းခွင်ဝင်, ကျင့်စဉ်သဘောအရ၊ သိအပ်စရာ- ကျင့်သုံးအပ်စရာများကို- မကျဉ်းမကျယ်- ပြသပေးလှူခဲ့ပါသည်။

ယခု- ဒုတိယပိုင်းအစ, ဒိဋ္ဌိဝိသုဒ္ဓိကထာ အနေအားဖြင့်- ရူပပရိစ္ဆေဒ, ဉာဏ်အရာ- ရုပ်တရားတို့ကို- ဝေဘန်ပိုင်းခြား ပြသခဲ့ရာ၌၊ လုပ်ငန်းခွင်နှင့်စပ်သမျှကို- မကျဉ်းမကျယ် ပြသပေးအပ်ခဲ့ပါပြီ။ ပူးတွဲပါ- ဇယားကွက်အရလည်း လုံးခြုံငုံသိအားဖြင့်- ရရှိအောင်- ပြသခဲ့ပါပြီ။ ယခု- နာမ်တရားတော်များကိုလည်း၊ ရုပ်တရားမှာကဲ့သို့- မကျဉ်းမကျယ်, ပြသခြင်းနှင့်- လုံးခြုံငုံသိအားဖြင့်လည်း၊ ဇယားသဘောနှင့်- ဖေါ်ပြပေးလာခဲ့ပါသည်။

လေးပါးသော- သဒ်တ, အသင်္ခတအားဖြင့်ပြားသည့်- ပရမတ္ထတရားတို့ကို၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟု- ဆိုအပ်တော်မူရာ၊ ဒေသနာတော်အစဉ်အားဖြင့်သာ- ဖြစ်ပါသည်။ ဝိပဿနာ- ဘာဝနာဉာဏ်အရာ၌မူ= ရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်ဟု- ရုပ်တရားကို- ရှေ့တန်းတင်၍- ပြဆိုတော်မူပါသည်။ ဘာကြောင့်ဆိုသော်၊ သတ္တဝါ, သူသူ, ငါငါ တို့သည်၊ ရုပ်၌စိုက်၍- နစ်မြုပ်စူးဝင်နေသော- တဏှာ, ဒိဋ္ဌိနှင့်- နာမ်၌စိုက်၍- နစ်မြုပ်စူးဝင်နေသော- တဏှာ ဒိဋ္ဌိတို့တွင်၊ ရုပ်တရား၌- ပိုမိုလွန်ကဲ- လျက်ရှိခြင်းကြောင့်တကြောင်း၊ ရုပ်တရားသည်၊ နာမ်တရားထက်- ထင်ရှားကြမ်းတမ်းသဖြင့်- သိလွယ်သဖြင့်ရှင်း၊ ရုပ်တရားကို- ရှေးဦးစွာ- ပြဆိုအပ်ပါသည်။ ဝေနည်းအားဖြင့်လည်း- ရုပ်တရားသည်၊ အရှုခံအာရုံဘက်၌ရှင်း၊ နာမ်တရားသည်- အာရုံယူ၍- ရှုတတ်ရာဘက်၌ ဖြစ်ခြင်းကြောင့်တကြောင်း- ပြဆိုခြင်းဖြစ်ပါသည်။ သို့သော်= ရုပ်တရားကို

ရှု၍- ရုပ်မှထွက်မြောက်ခြင်းမျှကိုသာ- အလိုမရှိအပ်။ နာမ်တရားမျှကိုသာရှု၍လည်း၊ နာမ်တရားမှ- ထွက်မြောက်ခြင်းကိုသာ- အလိုမရှိအပ်။ ရုပ်နာမ်တရားနှစ်ပါးစလုံး၌- ရစ်ပတ်ဖွဲ့နှောင်ထားမှု- ကိလေသာနှင့်- သံယောဇဉ်အပေါင်းတို့မှ၊ ရုပ်နှင့် ပတ်သက်၍ငင်း၊ နာမ်နှင့်ပတ်သက်၍ငင်း၊ ထွက်မြောက်ခြင်းကိုသာ- အလိုရှိအပ်ပါသည်။ ထိုသို့- အလိုရှိအပ်ကြောင်းအမှန်ကိုလည်း၊ ဒေသနက္ကမနည်းအရ= ရုပ်ကိုသိမ်းဆည်းသည်မှ၊ ပဌာယ- အစပြု၍၊ နာမ်လည်းထင်ရှား- သိမ်းဆည်းရှုပွားခြင်းကို- အလိုရှိအပ်သည်ဖြစ်ပါသောကြောင့်၊ နာမ်ထက်ရုပ်ကို- ရှေ့ဦးစွာထား၍- ဝိပဿနာတရား၌- ပြသတော်မူခြင်း ဖြစ်ပါသည်။

ဤနေရာ၌၊ ရုပ်တရားသည်- နာမ်တရားထက် ထင်ရှားခြင်းတွင်၊ သတ္တဝါ, သူသူ,ငါငါ- အန္ဓပုထုဇဉ်မှန်သမျှတို့မှာ၊ ရုပ်တရား၌ ထင်ရှားကြသည်က၊ ပညတ်အာရုံအနေအားဖြင့်သာ- ထင်ရှားနေကြခြင်းဖြစ်သည်၊ ဘာကြောင့်ဆိုသော်၊ အမြဲတစေ- ကာမဂုဏ်အနေ- မွေ့တတ်သော- မြင်, ကြား, နံ, စား, တွေ့ထိမှု,ရုပ်တရားတို့နှင့် ယှဉ်စပ်၍ နေတတ်ရကား၊ ထင်ရှားကြသည်က "တဏှာသိနေပ" လိုချင်နှစ်သက်, တပ်မက် တောင့်တမှုနှင့်, စိုစွပ်ခါ တကွနက်သာ- ထင်ရှား နေကြခြင်းဖြစ်ပါသည်။ ထိုသို့-ထင်ရှားသော အာရုံတရားမှ- ပညတ်အမှားကို- ရှေ့ဦးစွာ, ခွါလှစ်ပေးနေရသည်ကပင်- လွန်စွာ ခက်ခဲလျက် ရှိရပြန်ပါသည်။ ဓါတ်သားအနှစ်, ပရမတ်အစစ်နှင့်- တဏှာ, ဒိဋ္ဌိ- မရစ်မပတ်မိဘိုကို- အထက်၌- ပြဆိုအပ်ခဲ့သည်တို့၌- ပြန်လှန်သုံးသပ်ကြည့်ပါက၊ သိသာထင်ရှားသည့်- ဉာဏ်မြင်အားဖြင့်- ဖေါက်ထွင်းရာ၌မူ၊ နာမ်တရားကဲ့သို့ပင် "အဘိဓမ္မာ" ဟူသောအမည်အရ၊ အလွန်တရာမှ- သုဂမ္ဘီရ- သုဏိပုဏ- သုဒုဒ္ဒသနသုဒုဗ္ဗောဓ- ဖြစ်ကြရာ၌၊ ရုပ်တရား- နာမ်တရား နှစ်ပါးစလုံးပင်၊ ခက်ခဲ,နက်နဲသော သဘောချင်းမှာ- အတူတူသာ ဖြစ်ပါသည်။

ထို့ကြောင့်၊ ထင်ရှားအာရုံ- ယူရလွယ်ကုန်သော်လည်း၊ ပညတ်ဟုန်, ကင်းစင်လတ်၍- မြတ်သောဉာဏ်ဖြင့်- ကျက်စားရာ ကျတော့မူ၊ အဘိဓမ္မာဒေသနာချင်း- အတူတူသာ ဖြစ်ပါ၍၊ စာကြည့်- ပါးစပ်ပြော- မှတ်သိသဘောထက်၊ ဉာဏ်ဖြစ်ခါ- မြတ်သောအသိရအောင်- ဆက်လက်ပြသမည့်- နာမ်အချက်များ၌၊ ရုပ်တရားတို့လည်း စွက်ဖက်ခါ- ပါလာရဦးမည်ဖြစ်ရာ၊ အလေးအနက်ထား၍- ဆည်းပူးတော်မူကြပါလေ။ ။

နာမ်တရား။ ။ စိတ်နာမ်, စေတသိက်နာမ်ဟူ၍- နှစ်စား ရှိပါသည်။ ထိုနာမ်တရားအားလုံးကို- ဘာကြောင့်- နာမ်ဟု ခေါ်ဆိုရပါသနည်းဆိုသော်၊ ရုပ်တရားအားလုံးကို= ရုပ္ပနလက္ခဏာအရ၊ ဖေါက်ပြန်ပျက်စီးတတ်သောကြောင့်

ရုပ်ဟုခေါ်ဆိုရသလို၊ နမနလက္ခဏာအရ= အာရုံသို့- ကိုင်းတတ်, ရှိုင်းတတ်, ညွှတ်တတ်သောကြောင့်- နာမ်ဟု-ခေါ်ဆိုအပ်ပါသည်။ ဤနေရာ၌= ရုပ်တရားကို- ဖေါက်ပြန် ပျက်စီးတတ်သောကြောင့်- ရုပ်ဟူ၍ခေါ်ပါလျှင်၊ နာမ်တရားကတော့- မဖေါက်ပြန် မပျက်စီးတတ်ခြင်းကြောင့်၊ နမနလက္ခဏာဟု- ဆိုရပါသလားဟုမေးရင်၊ နာမ်တရားတို့လည်း-ဖေါက်ပြန်ပျက်စီးကြပါကုန်၏။ သို့သော် ရုပ်တရားလောက်, အာရုံမထင်ရှားခြင်းကြောင့်ရင်း၊ ရုပ်တရားကို- ရုပ္ပနလက္ခဏာဟု- ထင်ရှားမှုကြောင့် ပြဆိုအပ်ပြီး၊ တဖန်- နာမ်တရားကိုလည်း- ရုပ္ပနလက္ခဏာဟုဆိုပါက၊ တရားချင်းရောထွေးယှက်တင်မည်ဖြစ်၍၊ နာမ်တရား၏ ထင်ရှားသော- အာရုံကိုကိုင်းရှိုင်း ညွှတ်ဝိုင်းတတ်ခြင်းအရ= နမနလက္ခဏာဟု ခွဲခြားပြဆိုအပ်ခြင်းဖြစ်ပါသည်။ နာမ်တရားသည်လည်း- ဖေါက်ပြန်ပျက်စီးတတ်ရုံမျှမက၊ ဖေါက်ပြန်, ပျက်စီးသည့်နေရာတွင်၊ ရုပ်တရားတို့ထက်ပင်- အဆပေါင်း, သောင်းနှင့်ချီ၍- လျှင်မြန်စွာ, ဖေါက်ပြန် ပျက်စီးတတ်သော နာမ်တရားဖြစ်ရာ၊ ဉာဏ်နှင့် ဖမ်းမိရန်ပင်- ခက်ခဲအောင်- လျှင်မြန်လွန်းနေပါသေးသည်။

ထို့ကြောင့်၊ ရုပ်ဖြစ်စေ= နာမ်ဖြစ်စေ၊ အရှိဟရား- တည်နေသောတရားမဟုတ်ကြဘဲ၊ "ဖြစ်ခြင်း"- "ပျက်ခြင်း"အားဖြင့်— ဖေါက်ပြန်ပျက်စီးတတ်မြဲ ဖြစ်ရာ၌၊ ထင်ရှားရာကိုစွဲ၍- လက္ခဏာမှတ်ကြောင်း- ဖွင့်ဆိုခြင်းဖြစ်ပါသည်။ မှန်ပါ၏၊ သဒ္ဒါနှင့် အနက်အဓိပ္ပါယ်သည်- အနက်အဓိပ္ပါယ်ကသာ- လောကသုံးပါးတွင်- သဘော,သဘာဝအားဖြင့်- ထင်ရှာ စွာ အရင်ဖြစ်ပြေး၍၊ သဒ္ဒါကနောက်မှ-ရင်းအနက်အဓိပ္ပါယ်သဘော,သဘာဝနှင့်အညီ-သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့်-သဘော,သဘာဝတွဆိုက်သော အနက်အဓိပ္ပါယ်-သဘာဝယူတတ်သည် အရေးအကြီးဆုံးဖြစ်ပါသည်။ ယခုအခါ= ထိုစိတ်နာမ်, စေတသိက်နာမ်တရားတို့တွင်၊ စိတ် (၈၉) အကျယ် (၁၂၁) နှင့်၊ စေတသိက် ၅၂)ပါးယှဉ်စပ်ဖြစ်ပေါ်တတ်ကြရာတွင် အလုံးစုံသဘောကို မဆိုတော့မူ၍၊ (၀၅) စိတ်ယှဉ်=စေတသိက်ယှဉ်တို့ကို- မဆိုမူ၍-ဝိပဿနာဉာဏ်ထက်-လိုအပ်ချက်အနေအားဖြင့်- နာမ်တရားတို့၏ အစုအနေဖြစ်ပွားတတ်ပေသော- စိတ်ဝိညာဏ်နာမ်အစု၊ စေတသိက်နာမ်,ဝေဒနာအစု- သညာအစု- သင်္ခါရအစုတည်းဟူသော စိတ်နာမ်ခန္ဓာဟု ခေါ်အပ်သည့်- ဝိညာဏက္ခန္ဓာတရား၊ စေတသိက် နာမ်ခန္ဓာဟုခေါ်အပ်သော= ဝေဒနက္ခန္ဓာတရား၊ သညက္ခန္ဓာတရား၊ သင်္ခါရက္ခန္ဓာ **တရားဖြစ်သည့်** နာမ်တရားတို့သည်- လေးစုလေးဘိုအားဖြင့် "ဖြစ်ပုံ, ပျက်မှု" **အစုငုံကိုသာ** **အကျဉ်းအားဖြင့်**- ဖေါ်ပြပေးသွားပါမည်။

# စိတ်-ဝိညာဏ်-နာမ်တရား ခေါ် "ဝိညာဏက္ခန္ဓာ"

စိတ်မည်ပုံမှာ။ ။တတ္ထတေသု-စိတ္တာဒိ ဓမ္မေသု-ထိုစိတ်အစရှိကုန်သော တရားတို့တွင်၊ "စိတ္တန္တိ-စိတ္တံနာမ—စိတ်မည်သည်ကား၊ ယံဝိသယဝိဇာနနံ-အကြင် ဝိသယဟုအပ်သော- အာရုံကို သိခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံဝိသယဝိဇာနနံ- ထို ဝိသယဟုဆိုအပ်သော အာရုံကိုသိခြင်းသဘောသည်၊ စိတ္တံ-စိတ်မည်၏။ ။

စိတ်လို့လဲခေါ် - ဝိညာဏ်လို့လဲခေါ်တဲ့-နာမ်တရားကို၊ ဘာ့ကြောင့်-သူ့ ကိုစိတ်လို့ခေါ်ရသလဲဆိုတော့ အာရုံကိုသိခြင်းသဘောရှိတဲ့အတွက်-စိတ်လို့ခေါ် ပါတယ်။ ဒီတော့-ဒီနေရာမှာ- ဘေးချော်မသွားပါစေနဲ့၊ အာရုံကို သိခြင်း သဘောရှိတဲ့စိတ် သည်- မူလကထဲကရှိနှင့်နေပြီး အာရုံတွေကိုလိုက်လံရှာဖွေခါ- သိအောင်လုပ်နေတယ်လို့ မထင်မှတ်ပါနှင့်၊ ပြီးတော့တခါ-အာရုံတွေကလဲရှိနေ တယ်၊ စိတ်ကလဲရှိတယ်၊ ဆုံမိရာအာရုံ- ဆုံချင်ရာအာရုံကို- စိတ်ကသိချင်ရင်သိ တယ်။ သိချင်ရာအာရုံ-သိစရာအာရုံကို-စိတ်နဂိုရ်ကရှိထားလို့- သိနိုင်တယ်လို့လဲ မထင်မှတ်မယူဆပါနှင့်၊ အဲဒီလို- အာရုံသိကိုခြင်းသည်–အာရုံနှင့်မနဓါတ် (ဝါ) အာဝဇ္ဇန်းဓါတ်ကို ပေါင်းဆုံပြီးမှ= အာရုံကို သိခြင်းဆိုတဲ့-စိတ်ဖြစ်ရပါတယ်၊ အဲဒီလို= ဖြစ်ခိုက်- အာရုံကို- သိလိုက်ရခြင်းသဘောကို- စိတ်လို့ အမည်တပ် ခေါ်ရပါတယ်၊ စိတ်အမည်သဘောအရ၊ ဤနေရာ၌– ဤမျှသာ- သိထားနှင့် ပါလေဦး-၊ ရှေ့ဆက်ရှင်းလင်းချက် ထပ်ပေးပါဦးမည်။

ထိုသို့= စိတ်လို့အမည်ရပြီး၊ စိတ်လို့- ဖြစ်ကြစို့လို့ဆိုရင်၊ (၁) မိမိဟု ဆိုအပ်သော- ဇာစိတ်အစဉ်ကိုလဲ- ပြုတတ်တယ်၊ (ဝါ) ဝီထိစိတ်အစဉ်ကိုလဲ- သက်ဝင်ဖြစ်တတ်တယ်။ (၂) ဆန်းကြယ်စွာ–ဖြစ်တတ်ခြင်း =ဆန်းကြယ်သော ကြံ့ဟာရှိသည်၏ အဖြစ်သို့လည်း– ရောက်တတ်တယ်။ (၃) မိမိဟု– ဆိုအပ်သော စိတ်၏ ယှဉ်ဘက် တရား– အာရုံအစားစား- ဘုံနယ်အားဖြင့်- အယုတ်၊ အလတ်၊ အမြတ်–အစွမ်းသကပ်တို့သည်လည်း-ထူးထွေစွာ သက်ဝင်တတ်တယ်။(၄)မောင် စိတ္တ၊ ဦးဂိတ္တစသော- အပည်ပညတ်အားဖြင့်၎င်း၊ ဝိဉာဉ်အားဖြင့်၎င်း၊ စိတ်ဆန်း ကြယ်သမျှ– အထူးထူး အပြားပြား အနက်သဘော၌၎င်း၊ ပန်းချီရေးပုံ-စိတ္တ အမှု၌၎င်း၊ စိတ္တသဒ္ဒါတို့သည် ယှဉ်စပ်ထင်အပ်သော အနက်သဘော ရှိအပ်ကုန် ပါသည်။

မည်သို့ဖြစ်စေ၊ ဤ- လေးပါးသော- အပြားအားဖြင့်- သဘောသွား တို့၌၊ ကောင်းသဖြင့် ဖြစ်စေ၊ မကောင်းသဖြင့် ဖြစ်စေ၊ အပြစ်နှင့်တကွဖြစ်စေ၊ အပြစ်ကင်းလျက် ဖြစ်စေ၊ သဝိပါက- အကျိုးကိုဖြစ်စေခြင်းသဘော၊ အဝိပါ က- အကျိုးကိုမဖြစ်စေခြင်းသဘောအားဖြင့်- အာရုံကိုသိခြင်း စိတ်အခင်းသည် ဇောအစဉ်၊ ဝီထိတလျှောက်- အခေါက်ခေါက်ဖြင့်- သိခြင်းအစားစား ဖြစ်ပွား တတ်သော စိတ်ဝိညာဏ်တရားဖြစ်ပါသည်။

ဤသို့- စိတ်အမည် ခေါ်ဝေါ်ရပုံနှင့်- စိတ်ဖြစ်ပွားရင်းမြစ်တက်ခြင်း- အစ စာရင်းကလေးကို ရိပ်စားမိပြီးလျှင်၊ စိတ်၏- ဖြစ်ပွားကြောင်းနှင့်- စိတ်၏-မှီရာ တည်ရာ- သဘောသွားကလေးကို- ခွဲခြားကြည့်ကြပါစို့။ အကျိုးတရား စိတ် ဝိညာဏ်အစားစားတို့- ဖြစ်ပွားထွန်းပေါက်၊ အသိရောက်ရခြင်းတည်-ဓါတ်အနေ အားဖြင့်- သုံးမျိုး သုံးစား- ဆောင်နှင်းငြား၍- ဖြစ်ပွားရပါသည်၊ ထို-သုံးစား တို့မှာ....

(၁) မနောဓါတ်။

(၂) ပဉ္စဝိညာဏဓါတ်။

(၃) မနောဝိညာဏဓါတ်ဟူ၍- ဖြစ်သည်။

(၁) မနေဓါတ်၏ တရားကိုယ်ခေါ် ဆိုရပုံမှာ၊ (ဝိပါက်မနဓါတ်ခေါ် ဘဝင်စိတ်အလျဉ်ကိုဖြတ်၍၊) ပဉ္စာရုံကို၊ (ဝါ)ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ- ဖေါဋ္ဌဗ္ဗာရုံကို- ဆင်ခြင်သောစိတ်ဖြစ်သည့် (ပဉ္စဒွါရာဝဇ္ဇန်း) နှင့် မနောဒွါရ ဝဇ္ဇန်းခေါ်-(ဝါ) သမ္ပဋိစ္ဆိုင်းစိတ်သဘော၊ သန္တီရဏစိတ်သဘောသည်၊ မနော ဓါတ်၏ တရားကိုယ်ဖြစ်ပါသည်။ ထို- မနဓါတ်၏ စိတ်တို့တွင် ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်- အာရုံကိုတကြိမ်ရယူပေးရသောစိတ်ဖြစ်၍၎င်း၊ သမ္ပဋိစ္ဆိုင်းဒွေးသည် လည်း၊ မှီရာဝတ္ထုချင်းမတူသော- ပဉ္စဝိညာဏ်စိတ်မှ- အာရုံကိုယူခြင်း စုံစမ်း ခြင်းအားဖြင့်- ဖြစ်ရသောစိတ်ဖြစ်၍၎င်း။ "မနောဝေဓါဟု" အရ၊ အာရုံကို တကြိမ်ရယူ- စုံစမ်းကာမျှဖြစ်၍၊ မနောဝေ- သိကာမျှ မတ္တ- ဘိရုံမျှဖြစ်သော၊ ဓါတု-ဓါတ်တည်းဟူသော- သဘာဝ ဝိဂ္ဂိုဟ်အရ= မနောဓါတ်ဟူ၍- ခေါ်ဆို အပ်ပါသည်။ ။

(၂) ပဉ္စဝိညာဏဓါတ်၏ တရားကိုယ်မှာ၊ စက္ခုဝိညာဏ်ဓါတ်၊ သော တဝိညာဏ်ဓါတ်၊ ဃာနဝိညာဏ်ဓါတ်၊ ဇိဝှါဝိညာဏ်ဓါတ်၊ ကာယဝိညာဏ်စိတ် ဓါတ်တို့ဖြစ်ပါသည်။ ဤ-ပဉ္စဝိညာဏဓါတ်အရ- သိစိဘ်မှာ၊ မနောဓါတ်၊

အာဝဇ္ဇန်း စိတ်များထက်- အာရုံကို တိုက်ရိုက်ယူလိုက်နိုင်သဖြင့်- မနောဓါတ်ထက်- သိမှုအားပိုသောကြောင့်၊ ဉာဏ,အရ- သိခြင်းအပြင်၊ ဝိ,ဥပသာရ အမှန်းတင်၍၊ ဝိသေသန- မနောဓါတ်ထက်ထူးသောအားဖြင့်၊ ဇာနာတိ- သိတတ်၏။ ဣတိ- ထို့ကြောင့်၊ ပဉ္စဝိညာဏဓါတု- ပဉ္စဝိညာဏဓါတ်မည်၏။

(၃) မနောဝိညာဏဓါတ်။ ။ဤ- မနောဝိညာဏ်စိတ်သည်၊ အာရုံမှန်သမျှ- အတိတ်, အနာဂတ်, ပညတ်မကျန်- နိဗ္ဗာန်တိုင်အောင်- ထင်နိုင်,မြင်နိုင်ခြင်းကြောင့်၊ တရားကိုယ်အားဖြင့်- အထူးဆိုဘွယ်ရာ- မရှိတော့ပါပေ။ အာရုံရယူခြင်း၌လည်း- သမ္ပဋိစ္ဆိုင်းဒွေးမှ- တဆင့်ရယူရရာ၊ မှီရာတူသော နာမ်, တရားမှ- အာရုံကို ရရှိခြင်းကြောင့်၊ တိတိကျကျ- လက်ခံပြီး, အာရုံဖြစ်၍၊ ထိထိမိမိရရှိသဖြင့်၊ မနော,အရ=သိခြင်းနှင့် ဝိညာဏ,အရ= အလွန်အကျူးအထူးသိခြင်းတည်းဟူသော- မနောဝိညာဏ်စိတ်ဓါတ်ဖြစ်ပါသည်။ မနောဝေ-မနောဓါတ်သည်ပင်လျှင်၊ ဝိညာဏံ- ဝိညာဏ်တည်း၊ မနောဝိညာဏ်စိတ်ဓါတ်သည်ပင်-တရားကိုယ် မည်တော့ပေသည်။ ။

ထိုကဲ့သို့= မနောဓါတ်၊ ပဉ္စဝိညာဏဓါတ်၊ မနောဝိညာဏဓါတ်တို့သည်၊ အကျိုးသိစိတ်အဖြစ်သို့- ရောက်ရှိလာရာ၌၊ တည်၍မှီရာ၏- အဖြစ်သည်- ဟဒယဝတ္ထုရုပ်ဖြစ်ပါသည်။ စွဲ၍မှီရာ၏- အဖြစ်သည်- ဒွါရဖြစ်ပါသည်၊ ဆုံ၍ကိုင်စွဲရာအဖြစ်သည် အာရုံဖြစ်ပါသည်။ ထို့ကြောင့်-မူလ, စိတ်ဝိညာဏ်တရားအစားစားတို့- ရှိနေပြားသည်မဟုတ်သော- စိတ်တရား၏ တည်၍ ဖြစ်ပေါ်တတ်ရာ၊ ဟဒယဝတ္ထုရုပ်နှင့်တကွ တည်၍မှီရာ၏ ဖြစ်ပုံကိုလည်း- ဤသို့—ပိုင်းခြား, သိအပ်ရာပါသည်။

ဟဒယ, ဝတ္ထုရုပ်ခေါ်- သူသူငါငါ, နားလည်နေသော- ကောဋ္ဌာသအမည်အားဖြင့်- နှလုံးဟု- ခေါ်ဆိုပါသည်။ ၎င်းသည်- ရင်ညွန့်အရပ်- လက်ဝဲဘက်ယွန်းယွန်း၌ တည်ရှိပါသည်။ ဝဲဘက်အဆုတ်၏ အောက်ဘက်၌ဖြစ်ရာ- နှလုံးသည် အတွင်းကြောဘက်ယွန်းယွန်း၌ရှိပါသည်။ သူ၏- ရှေ့ပိုင်း, ရင်ညွန့်ရိုးဘက်၌မူ- ဝဲဘက်အဆုပ်တည်ရှိပါသည်၊ နှလုံး၏- သဏ္ဌာန်,ပမာနမှာ- လက်သီးဆုပ်နီးပါးခန့်ရှိ- ပဒုမ္မာကြာဖူးကို- အပေါ်ဖတ်ခွါပြီးလျှင်- ဇောက်ထိုး ဆွဲထားဟိသကဲ့သို့- နီလွင်သော အရောင်နှင့်တကွ- တူမျှပါသည်။ ၎င်းနှလုံးတွင်သွေးလာခြင်း- သွေးသွားခြင်းအားဖြင့်- ဝဲ, ယာ,နှစ်ဌာနရှိပါသည်၊ ထို-သွေးတို့တည်နေရန်- လက်ဝဲဖက်၏- လက်ချောင်းများကို- လက်ခုပ်ငယ်ကဲ့သို့- ပြုလုပ်ကြည့်ပါက၊ ချိုင့်ခွက်ငယ်ကလေးကဲ့သို့- တူမျှသော သဘောရှိပါသည်။

ရင်းကိုပင်, နှလုံးဗူးလှိုဏ်ကလေးဟု ခေါ်ကြပါသည်၊ ၎င်း- ဝဲဘက်နှလုံးဗူးလှိုဏ် ကလေးထဲ၌၊ လက်ခုပ်တဖက်စာမျှသော- (ဝါ) တလက်ပယ်မျှသော သွေးတို့ တည်ရှိပါသည်၊ ထိုသွေးကို စရိုက်သွေးဟု ခေါ်ပါသည်။

ပရမတ္ထဒီပနီဋီကာအရ၊ စရိုက်သွေးဟု ခေါ်သလို၊ အနာတော်မီ, သိပ္ပံနည်းအရ= ဘီသွေး, အိုသွေး- စသည်ဖြင့်- ခွဲခြားကာ ခေါ်ဆိုဘိသကဲ့သို့သော သဘောဖြစ်ပါသည်။ ကျမ်းဂန်အလိုအရ- စရိုက်သွေးဟု- ခေါ်ဆိုရခြင်းသည် လည်း- သိပ္ပံနည်းကျသဘောပင် ဖြစ်ပါသည်။ ဤ-သွေးသည် ရာသဓါတ်ရည်မှ ပြောင်းလဲလာနိုင်ရာ၊ ထိုသို့- ပြောင်းလဲလာရာ၌- အာဟာရဇဩဇာနှင့်, ဥတု-သီတနှစ်ပါးတို့ကြောင့်၎င်း၊ ဗီဇနိယာမကြောင့်၎င်း၊ ကမ္မနိယာမကြောင့်၎င်း၊ စိတ္တနိယာမကြောင့်၎င်း- ရုပ်ခန္ဓာရှင်၏- ဇီဝိတိန္ဒြေကို- အစဉ်စောင့်ရှောက်မည့် ကလာပ်တို့- ပေါက်ဖွားစေအပ်သော သဘော၌၊ နိယာမတို့ အားလျော်စွာ-သွေးဓါတ်အမျိုးအစားကွဲပြားရခြင်း၊ ထိုသွေးတို့သည်တဖန်- စရိုက်အားလျော်စွာ- ပြောင်းလဲတတ်ခြင်းကိုလည်း- ဖြစ်စေတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်= ဝိပါက်မနောဓါတ်သည်- ဟဒယဝတ္ထုရုပ်လျှင်-တည်၍မှီရာ၏အဖြစ်ရှိသည် ဟုဆိုရာဝယ်၊ နှလုံးအသားဆိုင်- နှလုံးအိမ်ကို မှီခြင်းမဟုတ်ပါ၊ ထို- နှလုံးဗူးလှိုဏ် အတွင်း၌ရှိသော- တလက်ပယ်မျှရှိသည့် စရိုက်သွေးတို့၌- မှီခြင်းသာဖြစ်ပါသည်။ ထိုသွေးတို့သည်လည်း- တည်ငြိမ်၍- နေကြသည်တော့ မဟုတ်၊ အဆုပ်မှ သွေးပို့ကြောဖြင့်လည်း ဝင်ရောက်လာခြင်း၊ မိမိ၏, ရှုံ့ခြင်း ရှန့်ခြင်း ဖြင့်လည်း-အထက်, အောက်, သွေးကြောများသို့- ပျံ့နှံ့စီးဆင်းစေခြင်း, သဘောတို့ကား၊ ပြုသူစီမံ- ဝေကန်မရှိပါဘဲ ရုပ်, နာမ်, နှစ်တဲ့- အကျိုးအဆက်ဆက်- စွဲဝင်စေသည့်- ဝဲဂယက်သဖွယ်ကဲ့သို့သာ- သက်ဝင်နေခြင်းဖြစ်ပါသည်။ ထိုတလက်ပယ်မျှရှိသော- မဟာလှေခါးပန်းအဆင်းရှိသည့်- စရိုက်သွေးတို့၏ ရင်ပြင်သည်-နီလွင်လွင်, အရောင်တလက်လက်, ထင်ဟပ်လျက်ရှိပါသည်။ ဝိပါက်မနောဓါတ်သည်- ထိုနီရောင်တလွင်လွင်, ကြည်လင်သောစရိုက်သွေးတို့၏ရင်ပြင်၌၊ တည်၍မှီရာအဖြစ်၊ "ဘဝင်စိတ်" အနေ= အာဝါသိကဓမ္မ အားဖြင့်၊ (ဝါ) အိမ်ရှင်ဘဝင်, အကျိုးဝိပါက်မနောဓါတ်အဖြစ်ဖြင့်- တည်မှီကာ- ဖြစ်ပွားလေ့ရှိပါသည်။ ထိုကဲ့သို့-ဟဒယဝတ္ထုရုပ်ကို အစွဲပြု၍-ဝိပါက်မနောဓါတ်၏ တည်ရာအဖြစ်ကို- ဘယ်အခါကာလမှ- အစပြုခဲ့ပါသနည်းဆိုသော်....။

ကလလရေကြည်ခေါ်- ကံကြောင့်ဖြစ်ပေါ်သည့်၊ ဒသက သုံးသွယ်ဟု ဆိုအပ်သော- ကာယဒသက- ဘာဝဒသက-ဝတ္ထုဒသက, ကလာပ်သုံးစီးတွင်၊

ဟဒယဝတ္ထုခေါ်– နှလုံးဖြစ်မည့်- ကလာပ်စီးကလေးတခု အဖြစ်မျှကပင်၊ ရုပ်, ဇီဝိတနှင့် ကမ္မဇသြဇာကိုမှီ၍၊ ပဋိသန္ဓေစိတ်အမည်ယူခေါ်- တည်မှီရာကို ပြုလာခဲ့ပြီး၊ နောက်တဥပါဒ်ဟုဆိုသည့် ပဌမဘဝင်စိတ်ကလေးကစ၍– အာဝဇ္ဇန်းဓမ္မ- အိမ့်ရှင်ဘဝင် ဝိပါက်မနောဓါတ်အဖြစ်-သက်ဝင်လာခဲ့ပါသည်။ ထိုသို့– ပဋိသန္ဓေဝိညာဏ်ကြောင့်- နာမ်ရုပ်ဖြစ်ရာတွင်- ရုပ်အားဖြင့်- ဝတ္ထုဒသက-အပေါ်အစုင်, ရုပ်သုံးဆယ်နှင့်၊ နာမ်အားဖြင့်- စေတသိက်နာမ်ခန္ဓာတရား (၅၂) ပါးသော- စေတသိက်တရားတို့ပါ၊ ဖြစ်သင့်သော- ဘဝင်စိတ်, အားလျော်စွာ- စေတသိက်, နာမ်တို့လည်း ယှဉ်၍ ဖြစ်ပွား လာခဲ့ပါသည်၊ ထို= ဘဝင်စိတ်နှင့်– ရုပ်တရားတို့- တစ,တစ- ရင့်ကျက်, စုံညီလာပြီးလျှင်၊ ကိုးလလွယ်, ဆယ်လ, အတွင်း၌ပင်- အာဂန္တုကဓမ္မခေါ် ဘဝင်မနောဓါတ်မှ- ကာယဝိညာဏ်စိတ်တို့လည်း ပသာဒစုံညီချိန်၌- ဖြစ်ခွင့်ကြုံကြိုက်တိုင်း- ဖြစ်ပေါ်ခဲ့ရပြီး၊ ဆယ်လစေ့မြောက်, အမိဝမ်းမှ- ဗဟိဒ္ဓသို့ရောက်သည်မှစ၍၊ (ဝါ) ခုနစ်ရက်စေ့- မျက်စိကလေးဖွင့်နိုင်သည်မှစ၍၊ ကြွင်း- ဝိညာဏ်စိတ်တို့သည်လည်း၊ အာဂန္တုကဓမ္မ- ဧည့်သည်စိတ်အနေအားဖြင့်- ခြောက်ဒွါရ- ခြောက်တံခါးပေါက်တို့မှ- ခြောက်အာရုံနှင့်ပေါင်းဆုံတိုင်း၊မူလ- ဟဒယဝတ္ထုရုပ်၏ ပြည့်စုံမှုစရိုက်သွေးရင်ပြင်တွင် နီလွင်လွင် အရောင်လက်လျက်– တည်မှီမပျက်- အဆက်ဆက်သော- သိစိတ် ဝိညာဏ်များနှင့် ဘဝင်စိတ်တရားတို့- ဖြစ်ပွားကြရပေတော့သည်။

ထိုသို့ ဟဒယဝတ္ထုရုပ်ကို အစွဲပြု၍- စရိုက်သွေးတို့၌ တည်၍မှီသော်ငြားလည်း၊ ဌာနျူပစာရအားဖြင့်- ဟဒယဝတ္ထု၌ပင်–တည်၍မှီသည်ဟု–ဌာနီအစား, ဌာနကိုတင်စား၍ ဆိုငြားရပါတော့သည်။ ထိုသို့– ဟဒယ ဝတ္ထုရုပ်၌ စိတ်နာမ်တရားမှီငြားပုံကြောင့်၊ ဟဒယဝတ္ထုရုပ်အား- ပြဋ္ဌာန်းရသော ဌာန်တရားကို– ဘာသာဋီကာ၌....ဤသို့ ပြဆိုထားပါသည်။

နိဿယ လက္ခဏံ ဒွိန္နံ ဓါတူနံ ဟဒယံဝတ္ထု၊
အာဓါရဏာ ရသံ တာသံ ဥဗ္ဗဟန ပစ္စုပဋ္ဌာနကံ။

ဟဒယဝတ္ထု ဟဒယ ဝတ္ထုရုပ်သည်၊ ဒွိန္နံ-နှစ်ပါးကုန်သော၊ ဓါတူနံ- မနောဓါတ် မနောဝိညာဏဓါတ်တို့၏၊နိဿယလက္ခဏံ-မှီရာဟူသော လက္ခဏာရှိ၏၊ တာသံ–ထိုဓါတ်နှစ်ပါးတို့၏၊ အာဓါရဏရသံ– တည်ရာဖြစ်ခြင်း- ကိစ္စရသရှိ၏။ဥဗ္ဗဟနပစ္စုပဋ္ဌာနကံ–ထိုဓါတ်နှစ်ပါးကို ဆောင်ထားသောတရားဟု–ယောဂီတို့ဉာဏ်တွင် ရှေ့ရှုထင်လာရ၏။

ဤသို့-ဟဒယဝတ္ထုရုပ်၌ စိတ်နာမ်တရားတည်မှီဖြစ်ပွားသည်ကို ပြဋ္ဌာန်းအပ်သော-ဋ္ဌာန်လေးပါးအနက်၊ သုံးပါးသောဋ္ဌာန်တရားတို့ကို သိအပ်ရာပါသည်။ ပဒဋ္ဌာန်ကိုမူ-အဋ္ဌကထာတို့၌လည်း ဖွင့်ဆိုသည်ကို မတွေ့ရပါပေ။

ထို ဟဒယဝတ္ထုရုပ်ခေါ်-အာယတနအားဖြင့်-မနာယတနခေါ် ဆဋ္ဌာယတနတို့ကို ကေသိက်ပြု၍၊ သဋ္ဌာယတနခေါ်- ဟဒယဝတ္ထုရုပ်နှင့်တကွသော အာယတနတရားသည်၊ (ဝါ)ဝိပါက်မနဓါတ်, ဘဝင်နှင့် မနောဝိညာဏ်တို့၏ တည်မှီရာအဖြစ်- ဟဒယဝတ္ထုရုပ်သည်လည်း၊ မနာယတနတပါး၏ ထက်ဝက်သောအဘို့ဖြစ်ပြီး၊ စိတ်နာမ်, မနဓါတ်သည်လည်း- မနာယတန၏ ထက်ဝက်သော အဘို့ဖြစ်ရှိရာ၊ နီးစွာသော- ပဒဋ္ဌာန်သည်-ဟဒယဝတ္ထုရုပ်ခေါ်-ဥပါဒါရုပ်အရ=မဟာဘုတ်လေးပါးလျှင် နီးစွာသောအကြောင်းရှိ၏ဟုဆိုဘွယ်ရာရှိပြီး၊ စိတ် နာမ်-ဘဝင်, မနောဝိညာဏ်အရ=နီးစွာသော ပဒဋ္ဌာန်အကြောင်းတို့သည် ရောပြွမ်း၍နေရကား။ ရှုပ်ထွေးအံ့စိုး၍- မုချအကြောင်းနီးပုံကို- မဆိုအပ်တော့ခြင်းဖြစ်ဟန်ရှိပါသည်။ ဝိညာဏက္ခန္ဓာအရ၌မူ= စေတသိက်နာမ်နှင့်- ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏ဟု ဆိုကောင်း၍၊ စိတ်နာမ်, မနောဝိညာဏ်အရ= ချုပ်ကင်းပြီးသောစိတ်လျှင်- နီးစွာသော အကြောင်းရှိသည်ဟုမူ- ဆိုသင့်, ဆိုကောင်းပါတော့သည်။

ဤသို့- စိတ်ဝိညာဏ်- နာမက္ခန္ဓာဖြစ်ကြောင်း၊ ဝိပါက်မနဓါတ်၏ တည်၍မှီရာသည်- ဟဒယဝတ္ထုရုပ်ခေါ်- နှလုံးဗုံးလိုဏ် အတွင်း၌၊ တလက်ပယ်မျှရှိသော- စရိုက်သွေးတို့၏ ရင်ပြင်ဝယ်- မှီအပ်သည်ဟု ဆိုရခြင်းနှင့်၊ ထို-သွေးဓါတ်ကို- စရိုက်သွေးဟု ခေါ်ရခြင်းတို့ကို၊ ဤသို့- သိအပ်ပါသည်။ စရိယာ= စရိုက်နှင့်တကွ၊ (ဝါ)စရိုက်ကြောင့် နှလုံးသွေး၏အရောင်သည်-ပြောင်းလဲ ဖြစ်ပေါ်ရတတ်ခြင်းကြောင့်၊ ထိုနှလုံးသွေးကို-စရိုက်သွေးဟု-ခေါ်ဆိုရခြင်း ဖြစ်ပါသည်။ ထို-စရိုက်(၆)ပါးသဘောတို့သည်- စိတ်နာမ်ခန္ဓာအစဉ်၌- လွှမ်းမိုးဘိသကဲ့သို့- သက်ဝင်ဆောင်နှင်းတတ်သောကြောင့်-စရိုက်နှင့် စိတ်, ဖြစ်ချိပ်လာရသောအခါ၊ စိတ်၏မှီရာ-သွေးတို့မှာလည်း- အဖြာဖြာသော အရောင်အဆင်းတို့သို့-ပြောင်းလဲဖြစ်တတ်ခြင်းသဘောရှိရပေတော့သည်။ထိုစရိုက်သည်-"စရဏံ ပဝတ္တနံ စရိယာ"အရ၊ စရဏံ ပဝတ္တနံ-အကျင့်အမူ လွန်ကဲထူ၍၊ တလူလူမပြတ်-အထပ်ထပ်ဖြစ်ခြင်းသည်၊ စရိယာ-စရိယာမည်၏၊ (ဝါ) စရိုက်မည်၏၊ (ဝါ) ဝါသနာဘာဂီ,ဆက်တိုင်းမှီ၍-တလီအထွင့်- အချွတ်ရခက်သော- အကျင့်စက်, စရိုက်မည်၏။ ။ထိုစရိုက်တို့သည် (၆)ပါးသော အရေအတွက်ရှိ၏။ ။

(၁) ရာဂစရိုက်၊
(၂) ဒေါသစရိုက်၊
(၃) မောဟစရိုက်၊
(၄) သဒ္ဓါစရိုက်၊
(၅) ပညာစရိုက်=တို့ ဖြစ်ပါသည်။ (ဝါ) ဗုဒ္ဓိ စရိုက်ဖြစ်ပါသည်။

ရှေ့လေးပါးသော စရိုက်တရားတို့သည်၊ အပြစ်နှင့်တကွ အကုသိုလ်၏ အဘို့အားဖြင့်- ဆောင်တတ်သောစရိုက်တရားဖြစ်ပါသည်၊ နောက်နှစ်ပါးသည် အပြစ်ကင်းစင်သော ကုသိုလ်မဂ်၊ ဖိုလ်၊ အဘို့၌ သက်ဝင်သည့်-စရိုက်တရားဖြစ်ပါသည်၊ ထိုစရိုက်(၆)ပါးတို့သည်- သတ္တဝါအမျိုးမျိုးတို့၌ တဦးနှင့်တဦး- အနဲအများအစွဲအားဖြင့် မတူနိုင်ကြပေကုန်။ ဘာကြောင့်-ဆိုသော်၊ စရိုက်တပါး လွန်ကဲသူဟု ဆိုအပ်သော- ရာဂစရိုက်လွန်ကဲသူ၌- ထိုရာဂစရိုက်ကို- ကျန်စရိုက် ငါးပါးကလည်း- အထက်အနိမ့်အားဖြင့် လိုက်လံခြံရံတတ်ခြင်း၊ စရိုက်နှစ်ပါး လွန်ကဲမှုလည်း ကြွင်းလေးပါးတို့ကလည်း- အနဲအများအားဖြင့် ခြံရံခံရခြင်း အားဖြင့်- မတူနိုင်ကြပေကုန်။ ထိုစရိယာခေါ် စရိုက်တရား၏ အကြောင်းနိဒါန်း ရလာသည့် ပြမ်းသဘောကိုသည်လည်း လွန်စွာဆန်းကြယ်သော- စိတ်စေတနာ၊ အဝိဇ္ဇာတဏှာနှင့်တကွ အကြောင်းခံခဲ့ရကား၊ အနုသယသဘောကဲ့သို့ သက်ဝင် စွဲမြဲ- လွန်ကဲသော-စရိယာ၊ အကြောင်းစွဲအကျိုးမှန်ကို- ဖြစ်လတ်သောအခါ၌ လည်း- ဆန်းကြယ်စွာ ခြံရံဖြစ်စွဲတတ်ခြင်းသဘော ရှိပေသည်။ ထိုအကြောင်း နိဒါန်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌

"လောဘာဒီသု အညတရညတရ ပရိဝါရံ၊
ပဋိသန္ဓိ ဇနကံ ကမ္မံစရိယာနံ နိဒါနန္တိ ဝေဒိတဗ္ဗံ"

လောဘာဒီသု- လောဘ၊ ဒေါသ၊ မောဟ၊ စသည်တို့တွင်၊ အညတည တရပရိဝါရံ- ရာဂ၊ ဝိတက်၊ သဒ္ဓါ၊ ပညာ၊ တပါးပါးလျှင်၊ အခြံအရံရှိသော ပဋိသန္ဓိဇနကံ- ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော၊ ကမ္မံ-ကံကို၊ (ဝါ)သုံးလိ သောဒွါရတို့ဖြင့်- ပုည၊ အပုည၊ အာနဉ္စမည်သော- အတိတ်ကံသင်္ခါရကို၊ စရိ ယာနံ-စရိုက်တို့၏၊ နိဒါနန္တိ-နိဒါန်း အကြောင်းရင်းဟူ၍၊ ဝေဒိတဗ္ဗံ- ဝေဘန်၍ သိအပ်၏။ ။

ထိုကဲ့သို့-စရိုက်ခေါ်-ဝါသနာတမျိုးမျိုး-ဂျိုးကဲ့သို့ပင်-သတ္တဝါခေါ် တွင် နာမ်ခန္ဓာအစဉ်မှာ စွဲဝင်ကပ်ရောက်- အကျိုးမြောက်အောင်- ဆောင်နှင်း ပေါ်ပေါက်နေတတ်သည်မှာ၊ အကြောင်းမရှိခဲ့၍ မဟုတ်၊ **အတိတ်စေတနာ-**

လောဘရှေ့ အစွမ်း- စရိုက်ကြမ်းနှင့်- ယှဉ်ဖက်ပါဝင်တအင်အင်သော စရိုက်ဖြစ်ကြောင်း– အခြံအရံအပေါင်းတို့နှင့်တကွ၊ ပဋိသန္ဓေဇနက ကံကိုရအောင်- အား ထုတ်လာမိခြင်းကြောင့်သာ ဖြစ်ကြပါသည်။ ဤသို့= ဖြစ်လာ- ပစ္စုပ္ပန်ခန္ဓာ၌ စိတ်နာမ်မှီရ– ယဒယဝတ္ထု– နှလုံးသွေးအစုသည်၊ သတ္တဝါတို့၏– စရိုက်မှုနှင့် လျော်စွာ- ပြောင်းလဲဖြစ်ပေါ်မြဲအားဖြင့်၊ ဆောင်ငြားတတ်ပါသည်။ ထိုသို့– စရိုက်သွေးပြောင်းပုံကို...

(၁) ရာဂစရိုက်– ဖြစ်ရိုက်၌ ... ငါးသွေးဆေးထားသော ရေနှင့်တူ၏။
(၂) ဒေါသစရိုက်- ။ .... အမဲသားဆေးသော ရေနှင့်တူ၏။
(၃) မောဟစရိုက်– ။ .... ရွှံ့ညွှံရေနှင့် တူ၏။
(၄) ဝိတက်စရိုက်- ။ .... ကြက်သားဆေးရေနှင့် တူ၏။
(၅) သဒ္ဓါစရိုက် - ။ .... ခေါင်ရမ်းပန်းအဆင်းနှင့် တူ၏၊
(၆) ပညာစရိုက် – ။ .... မဟာလှေခါးပန်းအဆင်းနှင့် တူ၏။

ထိုသို့- စရိုက်တပါးပါး, ထူပြောများ၍၊ အဆက်မပြတ်ဖြစ်ပွားသော သဘော၌လည်း၊ ကိလေသာတို့ကဲခိုသော အကုသိုလ်စရိုက်တို့သည်- ပရိယုဋ္ဌာန အားဖြင့်–စိတ်၌ ဖြစ်ပွားနေတတ်ခြင်း၊ ဝီတိက္ကမအားဖြင့်- ကိုယ်နှုတ်၌ ကျူးလွန် တတ်ခြင်းတို့ကြောင့်- စရိုက်သွေးပြောင်းပုံ- ထင်ရှားလှပါသည်။ ရာဂစရိုက် ထူပြောစွာ–ပရိယုဋ္ဌာ- ဝီတိက္ကမအားဖြင့်- ဖြစ်နေသူတယောက်၏ အပြုအမူ- မျက် နှာကဲကို ကြည့်ပါက၊ မကြည်လင်-မသန့်မရှင်း- ငါးဆေးရေအဆင်းကဲ့သို့သော သဘောသည်၊ အကဲခတ်ကြည့်လျှင်- မြင်နိုင်တတ်ပါ၏၊ ထိုနည်းတူစွာ=ဒေါသ စရိုက်ထူပြောသောသူ၌၊ ဒေါသတရား, လွှမ်းမိုးဖြစ်ပေါ်လာပြီဆိုပါကလည်း၊ အမူအရာအားဖြင့် ကြမ်းထမ်းခြင်း၊ ခက်ထရော်သော မျက်နှာပေါ်တွင်လဲ- သွေးမဲပေါ်လာတတ်ပုံကို- မြင်နိုင်ကုန်ပါသည်။ ထို ရာဂ, ဒေါသ- လွန်ကဲကြ လျက်– မောဟဘိစီး, ရှိနေဆဲအသီးသီး၌လည်း၊ မကြည်မလင်, အောက်သိုး သိုး- ညှိုးပုပ်ပုပ်, ပုံပန်းသရုပ်ကြောင့်လည်း၊ ရွှံ့ပုပ်ရေကဲ့သို့- အသွေးအရောင် ဖြစ်သည်ကို- မြင်တွေ့နိုင်ပါသည်၊ ဝိတက်စရိုက်၌လည်း၊ထိုနည်းတူစွာ-ကြံစည်မှု အဖြာဖြာဖြင့်- မောဟိုက်ပင်ပမ်းရကား၊ သွေးရောင်လျှမ်းပုံ-ကြက်သွေးရင့်ရောင် လွှမ်းတတ်ခြင်းကြောင့်၊ မတင့်တယ်သော မြင်ခြင်းသည်သာလျှင်- ဖြစ်ရှိလာ တတ်ပါသည်။

သဒ္ဓါစရိုက်၊ ပညာစရိုက်(ဝါ)ဗုဒ္ဓိစရိုက်-နှစ်ပါးတို့ကား၊ သဒ္ဓါကြောင့် ကြည်လင်ခြင်း=ပညာကြောင့် စင်ကြယ်ခြင်းဖြင့်၊ မဟာလှေခါးပန်း အဆင်း

ကဲ့သို့- ရှုန်းမြကြည်လင်, တောက်ပနီလွင်သော အရောင်အသွင်နှင့်-မျက်နှာရိပ်, မျက်နှာသွေးကိုက၊ သဒ္ဓါစရာ- ကြည်ညိုစရာ-ဖြစ်ရှိလာရတတ်သည်ကိုလည်း၊ ထင်ရှားစွာ တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့်- စိတ်နာမ်, မနဓါတ်သည်- ဟဒယဝတ္ထုနှလုံးအိမ်၌မှီသည်ဟု-ခေါ်ဆိုရသော်လည်း၊ နှလုံးဗူးလှိုဏ်ကလေးအတွင်း ရှိ- တလက်ပယ်မျှသော စရိုက်သွေးတို့တွင်သာ- တည်၍မှီရာရှိ၏ဟု ဆိုအပ်ခြင်း သည်စရိုက်သွေးပြောင်းပုံစံနစ်နှင့်- မနောဝိညာဏ်မှ စရိုက်အလိုက်သက်ဝင်ခါ- ဖြစ်ပွားတိုင်းတွင်- ထင်ရှားလှသော သာဓကများအရ- ခိုင်မာလှပါတော့သည်။

ဤသို့အားဖြင့် (၆) ပါးသော စရိုက်တရားသည်၊ စိတ်နာမ်ခန္ဓာကိုစွဲ၍- အတိတ်ကံတို့ကြောင့် ပဋိသန္ဓေဇနကနှင့်-အတူတကွ သက်ဝင်ခဲ့ရပြီး၊တဘဝဘာ အတွင်း- မနောဓါတ်မှီရာနှလုံးသွေးကို- အရောင်အမျိုးမျိုးဆိုးဘိသကဲ့သို့လည်း သက်ဝင်ဖြစ်ရှိတတ်ပါသည်။ထိုသို့-အတိတ်,အကြောင်းအားလျော်စွာ-ဤဘဝ၌ ထူပြောအားကြီး- စွဲဝင်လာပြီးသော၊ ရာဂ, ဒေါသ, မောဟ, ဝိတက်-ဟု ဆိုအပ်သော- အကုသိုလ် ညာဉ်မျိုး-စရိုက်ဆိုးတို့ကား၊ ဖျောက်ဖျက်ပြင်ဆင်၍ ကုန်စင်အောင်, မရနိုင်, မတတ်နိုင်အောင် ရှိတတ်ကြရပါသည်။ မိမိတို့-ကိုယ် စိတ်ကို- မိမိတို့ ဆန်းစစ်၍၊ အကြမ်း, အညစ်, အပြစ်နှင့်တကွ ဖြစ်သော စရိုက် ဆိုးတို့ကို- သံဝေဂရှိရှိ- သတိရရဖြင့်- နောက်, နောက်ဘဝတို့၌၊ ထူပြောအား ကြီးစွာ မဖြစ်ရအောင်၊ ယခုဘဝ-ပစ္စက္ခသာသာနတော်ကို- အမှီရခိုက်၌၊ ဒါန- သီလ-သမထနှင့်- သီလ- သမာဓိ-ပညာ, သုံးသိက္ခာကို- မဆိတ်မကွာကြိုးစား အားထုတ်သင့်ကြပါသည်။ ထိုသို့အားထုတ်- သုံးပါးသော သိက္ခာအထုပ်ကို လည်း- မဖြေမယုတ်အောင်, သဒ္ဓါခိုင်ခိုင်- ပညာမဏ္ဍိုင်,ပြဋ္ဌာန်းသော- စိတ် မြတ်ငြိမ်းဖြင့်- မဂ်လမ်း,နိဗ္ဗာန်- ဖြောင့်တန်းစွာရောက်ရှိနိုင်အောင် လူနတ်တို့၏ စည်းစိမ်- ဝဋ်ဘုံအိမ်ကို မတောင့်တဘဲ၊ကျော်ဇောလိုခြင်း"ကိတ္တိသဒ္ဒပကာသန" အခင်းကိုမျှလည်း၊ မြူနှင်းမျှအရှင်း- တပ်မက်ခြင်းမပြုဘဲလျက်- ဘုံသုံးပါးနှောင် အိမ်တွင် သုံးဘုံ သူဖြစ်ခြင်းကို၊ ရာဇဝတ်ကောင်ထောင်သား- အကျဉ်းခံနေရ ငြားဘိသို့ရှင်း၊ ငါးဖြာကာမဂုဏ်, အပြစ်အဟုန်ကို- တုန်လှုပ်ထိတ်အပ်- အဆိပ် ခတ်ခံရသည်သို့-စိတ်ကထင်စွဲ- ပျော်နိုင်ဘဲသာ- ခွါရှုကိလေ,ငြီးငွေ့စေသောအား ဖြင့်၊ ဝိဝဋ္ဋအစစ်-ထွက်မြောက်ရာဖြစ်သော- နိဗ္ဗေဒ ဘာဂိယ-ဥပနိဿယဖြစ်သည့် "ဒါန သီလ-သမထ-ဝိပဿနာ"ဟု ဆိုအပ်သော၊ အစနှင့်အဆုံး- သိမ်းကြုံး ဆည်းပူး-အထူးအားတက် မပျက်ကျင့်ကြံ- ပွားများဖန်၍-တရံတဆစ်- စရိုက် ညစ်တို့-မဖြစ်နှောင်ခါ-ယှဉ်မလာအောင်- ပညာဦးစီး-အဟုတ်နည်းဖြင့်- ရှာမှီး ကြိုးစားနိုင်တော်မူကြပါစေသတည်း။

ဤသို့အားဖြင့်- စိတ်တရားသည်၊ မှီငြားဖြစ်လတ်, စရိုက်အထပ်ထပ်ကြောင့်၊ နှလုံးသွေးခေါ်တပ်ပင်- ပြောင်းလဲဝင်အောင်- ထိခိုက်ယှဉ်ဆောင်တတ်သော-စိတ်ဝိညာဏ်တရားဟု-ဆိုအပ်သည့်-လောကီစိတ်(၈၁)၊ လောကုတ္တရာစိတ်(၈)၊ အကျဉ်းအားဖြင့်တခုယုတ်,ကိုးဆယ်,ဟု ခေါ်ဆိုရသည့် (၈၉) ပါးသော တရားသည်ငှင်း၊ လောကုတ္တရာစိတ်အကျယ်- (၄၀) တွယ်ငြား- (၁၂၁) ပါးသော စိတ်ဝိညာဏ်တရားတို့သည်ငှင်း၊ ဧကေ,က နည်းအားဖြင့်- ''သိ''ဆိုသော ဓါတ်တလုံးသာ ဖြစ်ပါသည်။ ထို- ''သိ'' ဓါတ်ခေါ်- စိတ်ဝိညာဏ်နာမ်တရားသည်၊ သိအပ်ပုံအချင်းအရာအားဖြင့်- ''ဝိဥာဉ်သိ=သညာသိ=ပညာသိ'' ဟူ၍လည်း ဖြစ်ရှိတတ်ပါသည်။

အဲဒီ, အသိသုံးမျိုးသည် ဘာကိုအမှီပြုပြီး သိတတ်လို့- စိတ်ခေါ်ရပါသလဲဆိုရင်၊ ''အာရမ္မဏံ စိန္တေတီတိ စိတ္တံ ဝိဇာနာတီတိ အတ္ထော'' အရ။ အာရမ္မဏံ- အာရုံကို၊ စိန္တေတိ- သိတတ်၏။ ဣတိ- ထို့ကြောင့်၊ စိတ္တံ-စိတ်မည်၏။ ဝိဇာနာတိ- သညာ, ပညာတို့သိပုံမျိုးမှ- တဖုံမတူ- ခြားနားမှု၍၊ တနည်းအားဖြင့်- သိတတ်၏။ ဣတိအတ္ထော- ဤကား၊ စိန္တေတိဟူသော-ဝစနတ္ထ၏ အနက်တည်း။ ။

အထက်ပါ= စိန္တေတိ,အရ- သိခြင်းသဘောသည်၊ ဝိဇာနာတိ,အားဖြင့် အာရုံကို- သညာ၏ မှတ်သိ, သိပုံမျိုးနှင့်လည်း မတူပါ၊ အာရုံ၏ သဘောမှန်ကို အပြားအားဖြင့်- ပိုင်းခြား၍ သိသော- ပညာသိ, သိပုံမျိုးနှင့်လည်း မတူပါ။ ထိုသို့- မတူခြင်းသည်၊ ဝိဇာနာတိ၌၊ ဝိသဒ္ဒါအရ- ထူးကဲ၍ သိခြင်းကို- ဆိုလိုခြင်း မဟုတ်၊ မတူရုံခြားသည့်- နည်းတပါးအားဖြင့်- သိမှုကိုသာ ဆိုလိုပါသည်။ သဉ္ဇာနာတိ,အရ၊ သညာသိသည်လည်း- အာရုံကိုသိရာ၌- မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ပိုင်းခြားနိုင်လေ့မရှိ၊ မှားမှား, မှန်မှန်- မှတ်သိ, သိခြင်းမျှကို၊ သဉ္ဇာနာတိ- သညာသိဟု ခေါ်ဆိုပါသည်။ ပဇာနာတိ,ခေါ်- အာရုံ၏ သဘောမှန်ကို- ပိုင်းခြား၍၊ ရုပ်တရားတို့ကို- ရုပ်တရားအလိုက်၊ နာမ်တရားတို့ကို-နာမ်တရားအလိုက်- အမှန်ဆိုက်အောင်- ဝေဘန်ပိုင်းခြား, သိခြင်းကို၊ ပဇာနာတိ, ပညာသိဖြင့်- သိခြင်းဟု ခေါ်ဆိုပါသည်။

ဤအသိသုံးမျိုးဖြင့်သာ- သတ္တဝါတို့၏- အာရုံကို သိပါသည်ဟုဆိုသော **စိတ်ဝိညာဏ်တရားသည်- မရပ်မနား, ဖြစ်ပွားချုပ်ပျောက်လျက်ရှိကြရပါသည်။ အန္ဓ**- ပုထုဇဉ်တို့သည်- အထက်ပါ, အသိသုံးမျိုး၌၊ ဝိဇာနာတိ- သဉ္ဇာနာတိ, **အသိနှစ်မျိုးဖြင့်သာ**- ပ ဘာ ၀ တာ ဇာတ်သိမ်း၍- အပါယ်လေးပါး, ကိန်းကြရ**သည်ကသာ** များကုန်၏။ တခါတရံ- ပဇာနာတိ,ဖြစ်ရှိသော်လည်း- လောကီ

ပညာ, သမုတိသစ္စာ- ပညတ်အာရုံ၌ တည်၍ဖြစ်သော- လောကီပညာသိမျှသာ ဖြစ်ကြရတော့သည်။ စေ့စေ့တွေးလျှင်- လွန်စွာကြောက်မက်ဘွယ်ရာ ကောင်းလေစွ၊ ယခု မျက်မြင်, နားကြား- ရုပ်ပုံလွှာများဖြင့်- အရှိလုပ်ပြီး သိနေကြသော မနုဿလူ့ဘုံဌာန- ကမ္ဘာကြီးတွင်- လူဦးရေသန်းပေါင်း- (၃၆၀၀) ကျော်ရှိသည့်အနက်၊ ဤအသိသုံးမျိုးတွင်- လောကီပညတ်, အသိဓါတ်ဖြင့်သာ၊ ယထာဘူတဉာဏ် ကင်းလျက်- တဘဝတာ, စာရင်းချုပ်ကြရသူတွေသာ များတော့သည်။ လောကုတ္တရာပညာ- ပရမတ္ထသစ္စာကိုသိသည့်- ပညာအသိမျိုး သိသူကား၊ လူဦးရေသန်းပေါင်း (၃,၆၀၀)ကျော်တွင်၊ သန်း- ၂၀- မျှလောက်သာရှိတန် ကောင်းရာပါသည်။ နေ့စဉ်နှင့်အမျှ- မွေး, သေ, နေကြရသည်မှာလည်း- တမိနစ်လျှင် ၂၁-ယောက်၊ ၂၂-ယောက်မျှ, သေ၍၊ ၂၃-ယောက်, ၂၄-ယောက်မျှ- မွေးလျက်ရှိကြရာ၊ တရက်လျှင်-ဖျမ်းမျှ,လူပေါင်း ၃၁၆၇၀- ခန့်၊ ရိုးရိုးသက်တန်း ရောဂါပြမ်းဖြင့်- သေဆုံးနေကြပြီး၊ တနေ့လျှင်- ဖျမ်းမျှ, ၃၄၅၆၀-မျှ, မွေးဖွားလျက်ရှိရာ၊ တိဟိတ်ပဋိသန္ဓေ- ကမ္မဇပညာပါလာသူကလည်း၊ ဆုပ်ကပ်မှီ- မုချတနေ့တခြား ရှားပါးလာ၍ငင်း၊ ဘုရားစစ်, ဘုရားမှန် တရားစစ်, တရားမှန်၊ သံဃာစစ်, သံဃာမှန်၊ သာသနာတွင်း- ပုဂ္ဂိုလ်စာရင်းကလည်း- ရှားပါးလာ၍ငင်း၊ နေ့စဉ်သေသမျှ- ၃၁၆၇၀-ခန့်သည်၊ အပါယ်လေးပါးကို နေ့တိုင်းသွားနေကြရ၏။ ၃-ရက်တဆေး= ၄-ရက်တဆေးလောက်သာ- သုဂတိ ရရှိနိုင်မည့်- သူအချို့ပါရှိနိုင်ကောင်းပါသေးသည့်ဟု- ရေတွက်ရမလိုသာ ဖြစ်ပါတော့သည်။ ယခုမျက်မှောက်, မွေးဖွားရောက်သူတို့သည်လည်း ဘုရားစစ်, ဘုရားမှန်နှင့် တကွသော- ယထာဘူတ ပရမတ္ထသစ္စာနယ်ထဲသို့ ရပ်တည်နိုင်မည့်သူက- ကြာလေ, ရှားလေ ဖြစ်ခါ၊ ဝိဉာဉ်သိ- သညာသိ- ပညာသိ, သုံးမျိုးတွင်၊ သတ္တဝါတို့- အပါယ်သံသရာမှ လွတ်မည့်- လောကုတ္တရာပညာ-ပရမတ္ထသစ္စာအရာ၌၊ ပဇာနာတိ= ပညာသိဖြစ်ခွင့်သည်- အစကလဲနဲ- ယခုလဲရှားနောက်လဲ, ထို့ထက်တဖြေးဖြေး, ပါး၍-ပါး၍ နေတော့မည်ဖြစ်ရာ၊ စေ့စေ့တွေးက, မနုဿတ္တ ဒုလ္လဘတခုမျှနှင့်- ကာမဂုဏ် အစုစုတို့တွင်သာနစ်မွန်းခါ၊ အပါယ်လေးပါး သက်ဆင်းနေကြရပုံကို ကြည့်ပါက၊ ကြောက်ခမန်းလိလိသာ ဖြစ်ရှိနေပါတော့သည်။

မြတ်သောယောဂီ- သံဝေဂဉာဏ်တည်အောင် သုံးသပ်ပါလေ။ အာရုံကို တကြိမ်ရယူခါ- သိတတ်တဲ့- ဝိဉာဉ်သိကလဲ, မရပ်မနားပါဘူး၊ အာရုံကို မှားမှားမှန်မှန်- မှတ်သိ, သိရတဲ့သညာသိကလဲ- မရပ်မနားပါဘူး၊ လောကီအာရုံ- သမုတိသစ္စာ, ပညတ်နယ်မှာ၊ ရရာရကြောင်း- ပရိယေသနအပေါင်းကြောင့်၊ လောကီ

ပညာနဲ့သိပြီးပြုရတဲ့- အမှုကိစ္စ- အသိဝဝတွေကလဲ၊ မရပ်မနားပါဘူး။ တနေ့တနေ့မှာ- လောကုတ္တရာ-ပရမတ္ထသစ္စာ- ပညာသိကလေးများ- ဘယ်နှစ်ခါ သိဘူးပါသလဲလို့- ပြန်စဉ်းစားကြည့်ပါ။ အလွန်တရာ ရှားပါးနေတာကို- တွေ့ရပါလိမ့်မယ်။

လောကီပညာသိ, လမ်းတွေကတော့- ကမ္ဘာကျော်အောင်ပင်- ရှိကြသည်။ စီးပွားရေးပါရဂူ၊ စာရင်းအင်းပါရဂူ၊ ပညာရေးပါရဂူ၊ စက်မှုလက်မှုပါရဂူ၊ လက်နက်ထုတ်လုပ်မှုပါရဂူ= ပါမောက္ခတို့နှင့်- နိုင်ငံရေးရာ- ဝါဒ,ဝါဒီပါရဂူ-ပါမောက္ခတွေ, ကမ္ဘာကျော်အောင်, အရောင်တောက်ကြပေမဲ့၊ တဘဝတနပ်စာ- ဂုဏ်သိမ်စည်းစိမ်ယူကာ၊ တနေ့တနေ့သေနေတဲ့- ၃၁၆၀၀- အရေအတွက်ထဲမှာ၊ အပါယ်လေးပါး, စာရင်းပေးထားပြီးသားဆိုတာ- မသေချာဘူးလား?၊ သေချာနေပါတယ် .. ယောဂီ။

ဒီတော့= ယောဂီ၏၊ ရုပ်နာမ်သည်- လက်ရှိအသက်တိုင်- နေခဲ့ပိုင်သည့် ရခဲဒုလ္လဘ- မနုဿတ္တမှာ၊ ကိုးကွယ်ရာမှန်- ရတနာသုံးတန်ကို- ခိုလှုံမိရက်နဲ့၊ လောကုတ္တရာ- ပရမတ္ထသစ္စာ- ပညာနှင့်ယှဉ်သည့်- ပဇာနာတိ- စိတ်ဝိညာဏ်သိကလေးများ- တနေ့လျှင်, ဘယ်နှစ်ခါ- အပိုင်အနိုင်ဖြစ်ရှိအောင်- ကြိုးစားနိုင်ပါပြီလို့ကော- ရေတွက်၍ ဆုံးဖြတ်ချက်ချနိုင်ပါရဲ့လား?၊ မချနိုင်, မရှိနိုင်သေးရင်၊ ဒီကနေ့ရှေ့ကို အဲဒီ, အသိသုံးမျိုးထဲက၊ အဘိုးတန်ဆုံးသောအသိ(ဝါ) လူဖြစ်ကျိုးနပ်တဲ့အသိကို ရရှိအောင်၊ ရှေ့ဆက်၍ မပြတ်ဆည်းပူး-ကြိုးစားပါ။ ရောက်လာရရှိ- အသိဉာဏ်ရှိပြီး သားကိုလဲ- မေ့သည်မရှိအောင် ကြိုးစားသင့်ပါသည်....မြတ်ယောဂီ။

ဤသို့ .. သိခြင်းသုံးစား, ဖြစ်ပွားတတ်သော- စိတ်တရားသည်၊ ထင်ရှားဧကန်- အမှန်ဆတ်ဆတ်, မပြတ်အမြဲ- ဒလစပ်ထဲသာလျှင်၊ အာဝါသိကမဓမ္မ- အိမ့်ရှင်ဘဝင်- ဝိပါက်မနစါတ်အားဖြင့်၎င်း၊ အာဂန္တုကဓမ္မ= ခြောက်ဒွါရ-ခြောက်အာရုံ, ကြုံဆုံကြိုက်ညီ- ဖြစ်ထိုက်သည်တို့၌၎င်း။ သန္တာန်အစဉ်ကို အမျှင်မပြတ်အောင် ဆောင်တတ်ရကား၊ စိတ်ကို- အရှိတရားကဲ့သို့- ထင်မှတ်မှားတတ်ကြပါသည်။ ထို့ကြောင့်- စိတ်ကို- ငယ်ထိပ်မှာထား၊ စိတ်ကို- ရင်ညွန့်မှာထား၊ စိတ်ကို စိတ်အတိုင်းထားဟု- ဆိုငြားကြသည်မှာ သဿတဒိဋ္ဌိငြိကာ- သက်ဝင်ပြောဆို- ပြုစီရင်ကြသော အရာသာဖြစ်ပါသည်။ ထိုသို့- စိတ်တရားကို- အရှိကဲ့သို့ပြု၍၊ စိတ်ကိုထားတတ်သူ- နေစေတတ်သူလည်း- ရှိသကဲ့သို့- ဖြစ်နေတတ်ရာ၊ ထိုစိတ်ကို ပြုလုပ်တတ်သူ- စိတ်ကို စေစားတတ်သူဟူ၍၎င်း၊ ကိုယ့်စိတ်မှ-ကိုယ်မနိုင်ဘူးလားဟု- ဆိုပြုရာ၌လည်း- စိတ်ကိုနိုင်တတ်သူ- စိတ်ကိုရှုံးတတ်သူ

ရှိသကဲ့သို့- ပြောဆိုသုံးစွဲနေကြသည်။ ထိုသို့= သုံးစွဲကြခြင်းကြောင့်- စိတ်သည် မူလက, သဿတအားဖြင့်- တည်ရှိနေပြီးလည်းဖြစ်ခါ၊ စိတ်ကို ပြုလုပ်စေစား စိုးပိုင်သူရှိသောအားဖြင့်- အလွဲအမှား- ယေဘူယျအားဖြင့်- သုံးစွဲနေကြခြင်း ဖြစ်ပါသည်။

အမှန်စင်စစ်ကမူ၊ ''စိန္တနံ စိတ္တံ''-ဟူသော၊ ဘာဝသာဓန-သဘာဝကို ဖေါ်ပြသော-ဝိဂ္ဂဟ်အရ၊ စိန္တနံ- အာရုံကိုသိခြင်းမျှသည်၊ စိတ္တံ- စိတ်မည်၏ဟု ဆိုအပ်သော- သဘော၌၊ အခြားတပါးသိကြောင်းပြုတတ်သူ- အတ္တဟူသော- ကတ္တားမပါရှိပါ။ ထိုသိခြင်းကို ပြုလုပ်ပေးမှုဟူသော- ပြုသူလည်း မပါမရှိပါ။ ဘာ့ကြောင့်ဆိုသော်-အာရုံကိုသိခြင်း ကြိယာသည်- မနဓါတ်မျှဖြစ်ခြင်းကြောင့် ဖြစ်ပါသည်၊ ထို- သိခြင်းကြိယာသည်ပင်- သိခိုက်၌- ကြိယာဖလအဖြစ် သက်ဝင်၍- သိကာမျှဘာဘောသာဖြစ်ရှိ သွားခြင်းဖြစ်ပါသည်။

(ဥပမာ) လွှစက်တခုမှာ၊ သစ်တုံးကို- ခွဲစိပ်တတ်သော- လွှဝိုင်းသည်၊ သစ်တုံးကို ခွဲစိပ်ကြောင်း- ကြိယာဖြစ်သည်၊ သို့သော်-စက်ကလည်း, မလယ်= သစ်တုံးကလည်း တိုးဝင်မလာပါက၊ သစ်တုံးခွဲစိပ်ခြင်းသည်မဖြစ်၊ ခွဲစိတ်သည် မမည်တော့ပါ၊ လွှစင်ပေါ်သို့ သစ်တုံးတင်ပေးပြီး- မော်တာစက်ခလုတ်ကိုနှိပ် ပေးလိုက်ရင်၊ လွှဝိုင်းသည်-လည်ပတ်ရသည်။ သစ်တုံးလည်း တရွေ့ရွေ့တိုးဝင် လာတော့သည်။ လွှဝိုင်းလည်ပတ်သည့်အတွင်း တိုးဝင်လာသည်ဖြစ်၍၊ လည် ပတ်နေသောသောလွှဝိုင်းသည်- ခွဲစိပ်မှုကြိယာတခု၊သစ်တုံးသည် ခွဲစိပ်ခံကြိယာ တခု၊ စက်မော်တာသည်- လည်ပတ်ဆောင်နှင်းမှုကြိယာတခု၊ ထိုကြိယာသုံးခု တို့- ပေါင်းဆုံလည်ပတ်ရွေ့ရှားခြင်း- အကြောင်းစုံညီသဖြင့်- ထိုကြိယာဘို့၏- ဖလ, အကျိုးတရား, သစ်ခွဲစိပ်မှု- ပြီးစီးခြင်းကို ဖြစ်စေရတော့သည်။

ထိုနည်းတူစွာ-စိတ်နာမ်ခေါ် ဝိပါက်မနဓါတ်သည်- အာရုံကိုသိခြင်း, ကြိယာတခု၊ ခြောက်အာရုံတွင် ကြုံဆုံမည့်တခုခုသော အာရုံသည်- ကြိယာ တခု၊ (ဝါ) ဒွါရနှင့် အာရုံရုပ်သည်- ကြိယာတခု၊ မနသိကာရ- ဖဿ စသော ယှဉ်ဘက်စေတသိက်နာမ်သည်-ကြိယာတခု၊ ဝိပါက်မနဓါတ်သည် အာရုံကို သိ ခြင်းကြိယာသာဖြစ်သည်၊ အာရုံတိုက်ဆိုင်မလာလျှင်သော်၎င်း၊ ဘဝင်လည်ပတ်, အာရုံဓါတ်ကို နှလုံးသွင်းစေသည့်- ယှဉ်ဘက်စေတသိက်ဓါတ်များ- မစုံညီလာ လျှင်၎င်း၊ သိခြင်းကြိယာဖလ, အကျိုးကို မဖြစ်စေနိုင်ပါ။

ဥပမာန-တူမျှကြပုံမှာ၊ လွှသည် ခွဲစိပ်မှုကြိယာဖြစ်သလို= ဝိပါက်မန ဓါတ်သည်- အာရုံကိုသိမှု-ကြိယာဖြစ်သည်၊ ခွဲစိပ်ခံသစ်တုံးသည်- ကြိယာတခု ဖြစ်သလို= ကျက်စားခံအာရုံသည်- ကြိယာတခုဖြစ်သည်။ မော်တာစက်သည်

လည်ပတ်မှုကိုဖြစ်စေသော ကြိယာတခုဖြစ်သလို=မနသိကာရ-ဖဿစသော-ယှဉ်ဘက်စေတသိက်တို့သည်- ဘဝင်စိတ်အယာဉ်ကို လယ်ပတ်ခါနစ်စေ၍ အာရုံကို နှလုံးသွင်း, ထိပါးပေးခြင်းကြိယာတခုဖြစ်သည်။ ထို့ကြောင့်- လွှဝိုင်း- သစ်တုံး-မော်တာစက်အားလုံး- ကြိယာသုံးခု-ပေါင်းရုံးပြု၍- ကြိယာဖလ, သစ်ခွဲမှုအကျိုးရသလို=ဝိပါက်မနဓါတ်- အာရုံရုပ်နှင့်- မနသိကာရ- ဖဿစေတသိက်စသော ကြိယာသုံးမျိုး- ပေါင်းဆုံတိုးသဖြင့် ကြိယာဖလ- သိကာမျ အကျိုး ဖြစ်ပေါ်ရပါသည်။

ဤ-ဥပမာ- ဥပမေယျ- ဥပမာန, သုံးချက်အားဖြင့်- ထင်ရှားပုံတွင်၊ သိခြင်းကြိယာမနဓါတ်သည် အတ္တလည်းမဟုတ်၊ သိကြောင်းလည်း မပြုလုပ်နိုင်၊ တကွဖြစ်ဘက်- ကြိယာနှစ်ချက်နှင့် တပြိုင်နက်စုံညီခိုက်၌သာ သင်္ခတ, တရားပီပီ သိကာမျ-ခဏတ္တယ-ကြိယာဖလ, အဖြစ်သို့သက်ဝင်လာသော "ဝိညာဏ်-နာမ်-ရုပ်" စိတ်, စေတသိက်,ရုပ်တို့ ပေါင်းဆုံဖြစ်ပွား- သိကာမတ္တမျ- ကြိယာဖလ, သဘောမှုလွှဲ၍၊ သိဆဲခဏစိတ်ကို- ခုသိ,ခုပျက်- မရပ်မနားချက်ကြောင့်၊ ဘယ်နားရောက်အောင် သွားထားလို့မှုလဲမရနိုင်၊ သွားထားတတ်သူလဲမရှိ၊ အတိုင်းတိုင်းထားရအောင်ကလဲ- သိကာမျမတ္တ- ခဏတ္တယအစစ် ကြိယာဖလ, အဖြစ်ကို-ဒီအတိုင်းနေပါလို့၊မရှိအတ္တနဲ့ ပြုလုပ်ကာရကအတ္တ-လုံးဝမရှိဘဲ-စေစား၍နေကြသည်မှာတော့၊ "အတ္တနေသဘာဝ"ကို- ငါထင်ကာပြုလုပ်လျက် သမုတိသစ္စာ မရှိပညတ်ဖုံးအုပ်ခါဖြင့်၊ အညာဏ, အလုပ်သက်သက်ဖြစ်ကြောင်း-ထင်ရှားနေပါတော့သည်။

ပုထုဇဉ်သဘာဝတို့၏- အန္ဓဖြစ်ပြီး, ကဏ်းတတ်ကြပုံတွေကြောင့်၊ ပဇာနာတိ- ဝိညာဏ်သိ ကြိယာဖလကို-ငါသိ, ငါလို့လုပ်ပြီး၊ သဥ္ဇာနာတိ-သညာသိနဲ့ဆက်မှားလိုက်သည်မှာ၊ မြင်ဝိညာဏ်သိကို အကြောင်းခံတော့လဲ- အရောင်, သဏ္ဍာန်ပညတ်တွေပေါ်မှာ- အမှတ်မှားပြီး ယူကြပြန်တယ်၊ ကြားဝိညာဏ်-နံဝိညာဏ်-စားဝိညာဏ်-ထိဝိညာဏ်တွေနဲ့အကြောင်းခံလာတော့လဲ၊ထိုနည်းတူစွာ-သဥ္ဇာနာတိ- သညာသိနဲ့ဘဲ-မရှိပညတ်တွေ ဖုံးထားဒါကို၊ ယထာဘူတ, သမ္မာဒိဋ္ဌိဉာဏ်ကင်းကွာလှပါသဖြင့်- အမှန်မမြင် သူကဏ်းသွင်သို၊ ဉာဏ်ဝင်ဆောင်, ပဇာနာတိ- ပညာနှင့် ဝေဘန်ပိုင်းခြား မသိနိုင်အောင်- ဖြစ်ရှိ၍နေကြရတော့သည်။ ယခုတမူ၊ ထိုသို့ စွဲယူသိမှတ်=အလွဲထူသိသမျှ- မှားခြင်းကြီးမက, မှားနေပေါ့လို့ သဘောပေါက် သိရှိတော်မူပြီးလျှင်၊ ဝိညာဏ်သိ၌လည်း သဿတမရှိ- အတ္တ, အတ္တနိယ, မငြိအောင် နှုတ်ပယ်ပါလေ။ သညာသိ၌လည်း- သဿတမရှိ- အတ္တ, အတ္တနိယ,မငြိအောင်- နှုတ်ပယ်ကြပါလေ၊ နှုတ်ပယ်ဆဲခဏသည်= ပဇာနာတိ-

ကေန်ဖြစ်ရှိခြင်းပင် ဖြစ်ပါသည်။ ထိုသို့- ထင်လင်းစွာ=ပဇာနာတိ, ပညာသိဖြင့်- သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ရှိအောင်- ရှေ့ဆက်၍ ဆန်းစစ်ကြည့်ကြပါဦးစို့....။

ထိုကဲ့သို့- ခြောက်ဒွါရ- ခြောက်အာရုံတို့နှင့်- ပေါင်းဆုံလေတိုင်း၊ အသိသုံးစား, မရပ်မနားဖြစ်ပွားခြင်းများ၌၊ ဝိညာဉ်သိကနေ- သညာသိတိုင်အောင်- အသ်ဓါတ်, ကြိယာဖလကလေး- သက်ဝင်လာ, ဆက်လာပြီဆိုမှုဖြင့်၊ သိတလုံးအရင်းပြု သုံးစွဲ၍၊ မှတ်သိ, သိသည့်အစု၊ ခံစားသိ, သိသည့်အစု၊ စေ့ဆော်သိ, သိတဲ့အစုတို့- လိုက်ဖက်သော အကြောင်းအားဖြင့်- သက်ဝင်၍လာကြပြီဆိုပါလျှင်၊ (၅၂) အင်သော စေတသိက်နာမ်-အလျဉ်တို့သည်-ဆိုင်ရာ, ဆိုင်ရာ သမ္ပယုတ္တဓမ္မ-ယှဉ်ဘက်တရားများအဖြစ်စွဲဝင်ကြကာ=ကုသလာ,ကုသလန္တ်-သမုဒယ ဖြစ်ပွားကြရပြန်တော့သည်။

ထိုသို့-သိဝိညာဏ်ဖြစ်ပေါ်လာသည့်အကြောင်းကို-ခေါင်းဆောင်ပြု၍၊ ပြဆိုအပ်ခဲ့ပြီးသော- မသိသော အစုအားဖြင့်- ရူပက္ခန္ဓာ၊ ခံစားသော နာမ်အစုအားဖြင့်- ဝေဒနက္ခန္ဓာ၊မှတ်သားသော နာမ်အစုအားဖြင့်-သညက္ခန္ဓာ၊စေ့ဆော်ပြုပြင်သော-နာမ်အစုအားဖြင့်-သင်္ခါရက္ခန္ဓာ၊ သိသော စိတ်နာမ်အစုအားဖြင့် ဝိညာဏက္ခန္ဓာ=ဟူ၍၊ ခန္ဓာငါးခု-အစုငါးမျိုးအားဖြင့်၊ စိတ်,စေတသိက်,ရုပ်=(ဝါ) ဝိညာဏ်, နာမ်, ရုပ်, တရားတို့သည်၊ အာယတန ၁၂-ပါး ပေါင်းဆုံမှုသဖြင့်၊ ဓါတ်(၁၈)ပါး, အထွေထွေအားဖြင့် ဖြစ်ပေါ်ကာ၊ "စိတ်,စေတသိက်, ရုပ်=ဝိညာဏ်, နာမ်, ရုပ်၊ဥပါဒ်, ဋ္ဌီ, ဘင်,ချုပ်=အနိစ္စ, ဒုက္ခ, အနတ္တ.အဟုတ်။ ဇာတိ, ဇရာ, မရဏ, လုပ်။ ဒုက္ခ= သမုဒယသရုပ်=ပုဂ္ဂိုလ်,သတ္တဝါ,ငါမဟုတ်" ဘဲလျက်-သံသရာဝဲဇလုတ်တွင် ကြဉ်လည်နစ်မြုပ်နေရသော–ဆင်းရဲခြင်းကေန်, အမှန်တရားနှင့် ဆင်းရဲဖြစ်ကြောင်းအမှန်တရား—သစ္စာနှစ်ပါးသာဖြစ်ပါသည်။

ဤနေရာ၌၊စိတ်ဝိညာဏ်နာမ်တရားနှင့်ပတ်သက်၍၊ စိတ်နာမ်,စေတသိက် နာမ်တွေကို-တလုံးချင်းစီ အတ္တကိစ္စလွန်မြောက်အောင်-ပြသပေးခြင်းငှါ-ကျယ်ဝန်းလွန်းလှပါ၍ရင်း၊ တဖန်- နာမက္ခန္ဓာလေးပါးအနေအားဖြင့်- တပါးချင်းအကျယ်ပြခြင်းကိုရင်း၊ စာတအုပ်၏စာမျက်နှာမျှဖြင့်- အကြောင်းအခွင့်မသာ၍ မရရှိနိုင်ပါ။ ။ထို့ကြောင့်- ပူးတွဲပါ ဇယားနှင့် အကျဉ်းမျှပြသရခြင်းကို ကျေနပ်တော်မူ၍၊ နောင်အခါ-မူလသင်တန်း မာတိကာအရ= သင်တန်းစာအုပ်များ ဖြစ်ပေါ်လာနိုင်မည် ဆိုလျှင်တော့၊ ဝိပဿနာ- သမ္မာဒိဋ္ဌိပညာအရာတွင်၊ပန်းချီကောင်းတို့မည်သည်- ဆေးစက်ကျရာ- အရုပ်ဖြစ်စေနိုင်သလို၊သခ်တနယ်- ဒုက္ခသစ္စာတွယ်၍- သမုဒယသစ္စာ နယ်ချဲ့သမျှ၊ ပေါ်မှုရုပ်နာမ်,အဝဝတို့

ပေါ်ချင်ရာပေါ်- ပျော်မော်ကာ, မသာယာမိဘဲ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိစွာ ဖြစ်လာနိုင်အောင်- ဆက်လက်ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ယခုမူ လုပ်ငန်းခွင်နှင့်စပ်၍ သိအပ်စရာအဖြာဖြာ- ဝိပဿနာပညာနှင့် အရှုမှန်=အရှုခံမှန်တရားအဖြစ်သို့ ရောက်ရှိရန်သာ- ပြသပေးသွားနိုင်တော့မည် ဖြစ်ပါသည်။

× × ×

ထို့ကြောင့်= အကျဉ်းအားဖြင့်- စိတ်(၁) စေတသိက် (၅၂)တို့သည်၊ ဝေဒနာ- သညာ- စေတနာအားဖြင့်၊ ဝေဒနာစေတသိက်ကို- ဝေဒနက္ခန္ဓာ၊ သညာစေတသိက်ကို- သညက္ခန္ဓာ၊ စေတနာအမှူးရှိသော- စေတသိက် (၅၀) ကို သင်္ခါရက္ခန္ဓာဟု- သုံးစုသောအားဖြင့်- ဖြစ်ပွားခြင်းတို့တွင်၊ အချုပ်ဖြစ်သော စိတ်, ဝိညာဏ်တရားသည် ....။

အာရမ္မဏဝိဇာနနလက္ခဏာ= အာရုံကို- သညာ, ပညာသိတို့မှ- တခြားတပါးအားဖြင့်- သိခြင်းလက္ခဏာရှိ၏။

ပုဗ္ဗင်္ဂမ ရသာ.... = နာမ်တရားတို့၏ ရှေ့သွားခေါင်းဆောင်သည်၏ အဖြစ် ကိစ္စရသရှိ၏။

သန္ဓာန ပစ္စုပဋ္ဌာနာ.... = ရှေ့စိတ်နှင့် နောက်စိတ်ကို- ဖွဲ့စပ်တတ်သောတရားဟု- ရှေးရှုထင်လာရ၏။

နာမရူပ, ပဒဋ္ဌာနာ ... = ယှဉ်ဘက်, စေတသိက်နာမ်နှင့်-ရုပ်လျှင် နီးစွာသော- အကြောင်းရှိ၏။

အထက်ပါ= စိတ္တအာရ- ဌာန်လေးပါးတွင်၊ ဝိဇာနနလက္ခဏာအာရ၊ဝိညာဉ် သိဖြင့်- သိခြင်းလျှင်- မှတ်ကြောင်းလက္ခဏာ သဘောဖြစ်ပါသည်။ ၎င်း"စန္တေ တီတိ ဝိဇာနာတီအတ္ထော" သဘောကို၊ အထက်၌ပြဆိုအပ်ခဲ့ပြီးဖြစ်ပါ၍၊အထူး လင်းပါးဘွယ်မလိုတော့ပါပေ။ စိတ်နာမ်တရားသည်-အာရုံကိုသိခြင်းလျှင်- မှတ်ကြောင်းလက္ခဏာရှိသည်။ထိုသို့-အာရုံကိုသိခြင်းသည်-မိမိလက္ခဏာကိုမိမိဆောင်နှင်းခြင်းကြောင့်၊ အကြောင်းသုံးပါးတိုက်ဆိုင်တိုင်း၊ (ဝါ) ဖဿပဉ္စကမြောက်တိုင်း၊ အာရုံကို- သိခြင်းလက္ခဏာကို- မပျက်မယွင်းဆောင်နှင်းထွန်းပြတတ်ခြင်းသည်- စိတ်တရားပါကလားဟု သိရန် မှတ်ကြောင်းလက္ခဏာမျှ ဖြစ်ပါသည်။ လက္ခဏာဝန္တမှာ၊ မနောဓါတ်၏- အကြောင်းရှိ- စွမ်းရည်သပ္ပါ သဘောဓမ္မသာ

ဖြစ်ပါသည်၊ ထိုအကြောင်းရှိ- စွမ်းရည်သတ္တိကြောင့် (ဝါ)ပရမတ္ထ- သဘော သဘာဝတ္ထသတ္တိ-ကြိယာသမ္ဗန္ဓ- စွမ်းရည်သတ္တိကြောင့်- (ဝါ) ထိုစွမ်းရည်သတ္တိ သည်သာ- မိမိလက္ခဏာကိုမိမိ ဆောင်နှင်းထွန်းပြအပ်သည်သည်ဖြစ်၍၊ "သိ" ခေါ်တ်-ဝိညာဏ်ပေါ်ထွက်လာသော စိတ်တရားသည်၊ ပုဗ္ဗင်္ဂမရသာ အရ၊ နာမ် တရားအပေါင်းတို့၏ ရှေ့သွားခေါင်းဆောင်အဖြစ် ပြုတတ်သော ကိစ္စရသ- ရှိပါသည်။

ဤနေရာ၌၊ပုဗ္ဗင်္ဂမ-ရှေ့သွားခေါင်းဆောင်ဟူသည်။ တကဲ့ကိုရှေ့ကသွား ရသော- ပုရေစာရိကပုဗ္ဗင်္ဂမနှင့်- အချုပ်ပဓာန၊နာယကအနေ- ခေါင်းဆောင် ရသော- ပဓာနပုဗ္ဗင်္ဂမဟု နှစ်စားရှိရာ၊ စိတ်သည်- မူလက၊ အရှိတရားမဟုတ်၍၊ တကယ်ရှေ့က- သွားနိုင်ကြောင်း-ခေါင်းဆောင်မျိုးမဟုတ်ပါ၊ ထို့ပြင်- စိတ် သည် မူလက- အရှိတရားမဟုတ်သည့်အတိုင်း၊ သိအောင်လည်း-မိမိက၊ မပြုစွမ်း နိုင်ပါ၊ မိမိဟူသော သိစိတ်ကို-သိခြင်းကြိယာဝိပါက်မနစေါ်တ်ကလည်း-တခုချင်း အနေ-ကိုယ်ပိုင်အစွမ်းအားဖြင့်- ဖြစ်ပေါ်လာစေနိုင်သော- အစွမ်းသတ္တိလည်း မရှိပါ၊ အာရုံရုပ်နှင့်မနစေါ်တ်ကို ဆက်စပ်ပေးသော-မနသိကာရ၊ဖဿစေတသိက် တို့နှင့် ပေါင်းဆုံမှသာ သိခြင်းကြိယာဖလ- ခဏတ္တယ ပေါ်ထွက်လာရုံမျှရှိရာ၊ အဘယ်မှာလျှင် ပုရေစာရိကပုဗ္ဗင်္ဂမအားဖြင့်- တကယ့်ကို ရှေ့ကသွားရသည့်- ရှေ့သွားခေါင်းဆောင် ဖြစ်နိုင်ပါအံ့နည်း = မဖြစ်တော့သည်သာ ထင်ရှား ပါသည်။

သို့သော်=အချုပ်အားဖြင့်- ပဓါန ပုဗ္ဗင်္ဂမအနေ- ခေါင်းဆောင်အဖြစ် ဆောင်နှင်းတတ်သော ကိစ္စရသရှိသည်ကမူ= မှန်ကန် ပါ၏။ ခံစားမှု၌ဝေဒနာ စေတသိက်သည်- အမှူးဖြစ်ပါ၏၊ မှတ်သားမှု၌- သညာစေတသိက်သည်-အကြီး အမှူးဖြစ်ပါ၏။ စေ့ဆော်ပြုပြင်-ကံအယာဉ်ဖြစ်မှု၌- စေတနာစေတသိက်သည်- အကြီးအမှူးဖြစ်ပါ၏၊ တိုသို့-ဖြစ်ကြသော်လည်း- စိတ်မပါလျှင် (ဝါ) စိတ်နှင့် တကနက်မဟုတ်လျှင်၊ (ဝါ) ပဓာနအချုပ် စိတ်က ခေါင်းဆောင်မလုပ်လျှင်- ...ယ်အာရုံကိုမျှ- မရရှိနိုင်ကြရတော့ကား၊ ခံစားလိုလဲမရ၊ မှတ်သားလိုလဲမရ၊ စေ့ဆော်ပြုပြင်လိုလဲမရဘဲသာ- ဖြစ်ကြရပါတော့မည်။ (ဝါ) ဆားမပါသော ဟင်းကဲ့သို့-ခရီးချဉ်ဖန်ခါး-စပ်ငြားသော်လည်း- ရသခေါ်တ်ပေါ်ထွက်မှု- မလေး မနက်- ကြည့်ရုံချက်မရှိသော သဘောကဲ့သို့ - ဖြစ်ရပါတော့သည်။ ထို့ကြောင့်- စိတ်၏- ပဓာနပုဗ္ဗင်္ဂမ, ကိစ္စရသသည်- မဆောင်နှင်းအပ်သော်=ခံစား,မှတ်သား, စေ့ဆော်တရားတို့ဖြစ်ပွားရခြင်း ချို့တဲ့မည့်အခင်းကြောင့်၊ မိမိဆိုင်ရာ=ဝေဒနာ, သညာ, စေတနာတို့- အကြီးအမှူးအဖြစ်ရှိသော်လည်း၊ ပဓာနအချုပ်, ခေါင်း

ဆောင်လုပ်သည့် သိဓါတ်တလုံး, မဆောင်သုံးပါက၊ ရသ,ပေါ်ထွက်, အချက်ကျကျ လေးနက်နိုင်ကြမည် မဟုတ်ပါပေ။ ။

ထိုသို-စိတ်သည်-ပဓာနအချုပ်-ခေါင်းဆောင်လုပ်ခြင်း-ကိစ္စရသ အခင်းအားဖြင့်-မှန်ကန်ငြားသော်လည်း၊ တကွဖြစ်ဘက်, စေတသိက်,ရုပ်တို့နှင့်-မဖြည့်စွက်လျှင်လည်း- ခေါင်းဆောင်အချုပ်- အမည်လုပ်ရန်= သိစိတ်ပါကွဟု- ပေါ်ထွန်းမပြနိုင်ခြင်းကြောင့်၊ အချုပ်တရားသာ မှန်သည်၊ ချုပ်အပ်စရာ-သဟဇာတကိုလည်း-ဖြုတ်ချခွါထားမရသော၊ သမ္ပယုတ္တ-ပဋ္စယသာမဂ္ဂီရမှလည်း-ထိုအမည်နှင့်လိုက်လျောသည့်- ကိစ္စရသကို- ဖေါ်ညွှန်းပြနိုင်ခြင်း- အနတ္တအခင်းသာလျှင်ဖြစ်ပါသည်။ ဥပမာကတော့-ရှင်ဘုရင်ထွက်တော်မူလာပြီဟု-ရှင်ဘုရင်အမည်နှင့်လိုက်လျောခြင်း=ထွက်တော်မူသဘော၌၊ တယောက်ထဲ-သူလိုငါလိုဝတ်စားခါကိုယ်တိုင်ဘဲ ရှေ့ကထွက်လာတဲ့သဘောမျိုးသည်၊ရှင်ဘုရင်ဆိုတဲ့-အမည်(နာမ်)ဂုဏ်နှင့်ရင်း၊ ထွက်တော်မူလာပြီဆိုသော(ကြိယာ)ဂုဏ်နှင့်ရင်း=မညီညွတ်သဖြင့်မည်သည့်တိုင်းသူပြည်သားကမှ-အသိအမှတ်ပြု၍-ဂါရဝမှုရှိကြတော့မည်မဟုတ်ပေ၊ ထို့ကြောင့်= ရှေ့တော်ပြေး-မှူးကြီးမတ်ရာ-ထမ်းစင်-စီးတော်ဆင်စသည့်-မင်းခန်း, မင်းနားနှင့် ထွက်လာမှသာ၊ နာမ်, ကံ, ကြိယာ, ကတ္တား-ညီညွတ်သွားမှသာ- ဘုရင်ထွက်တော်မူလာပြီဟု- တိုင်းသူပြည်သားတို့လည်း- သိကြ, ဂါရဝလည်း အပြုခံရမည်သာ ဖြစ်ပါသည်။

ထိုသို-ရှင်ဘုရင်ထွက်လာပြီဟု-ပဓါနပုဗ္ဗင်္ဂမပြု၍- ခေါ်ဆိုရသော်လည်း၊ စင်စစ် ပုရေစာရိက- ပုဗ္ဗင်္ဂမလို-ရှေ့ကကိုယ်တိုင် ထွက်လာနိုင်သည်မဟုတ်၊ ရှေ့တော်ပြေး, သက်စောင့်- ထီးတော်မိုး- မှူးကြီး,မတ်ရာ- အခြွေအရံတွေနဲ့သာ-ထွက်လာခြင်းဖြစ်ရာ၊ ရှေ့ကမသွားရသော်လည်း-ပဓာနအချုပ်-ခေါင်းဆောင်လုပ်၍၊ ရှေ့သွားပြုခြင်း၌လည်း၊ ရှေ့တော်ပြေးတည်းတူသော- အာဝဇ္ဇာန်းစိတ်ဖြစ်ပြီးမှ- မိမိတည်းဟူသော- ပဉ္စဝိညာဏ်နှင့် သက်တော်စောင့်- အခြံအရံစသည်တို့ဖြစ်သော-ယှဉ်ဘက်စေတသိက်-ဝေဒနာ-သညာ-စေတနာတို့နှင့်တကွ၊ ပဓါန အချုပ်ခေါင်းဆောင်လုပ်၍- စိတ်ဖြစ်လာခိုက် (၁.ါ) ပဉ္စဝိညာဏ်စိတ်=မနောဝိညာဏ်စိတ်ဖြစ်လာခိုက်၌၊ ခန္ဓာငါးပါးဖြစ်ပွားရခြင်းတွင် ပဓာနအချုပ်ခေါင်းဆောင်လုပ်ခြင်း- ကိစ္စရသ, အခင်းအားဖြင့်-ဆောင်နှင်းတတ်သော ဂုဏ်သတ္တိပါရှိ၍၊ "မနောပုဗ္ဗင်္ဂမာဓမ္မာ"အရလည်း-ဤသဘောကိုပင်-ခေါ်ဆိုရပါတော့သည်။ ။

ဤသို-အားဖြင့်- အရှဲဘရားမဟုတ်ငြားသည့်- အဖြစ်သရုပ်, ပေါင်းဆုံလုပ်ဘိသကဲ့သို- စီရင်သက်ဝင်-စိတ်ဝိညာဏ်သည်၊ ပဓာနအချုပ်- ကိစ္စရသ,ပေါ်

အပ်သည့်-သိ ဝိညာဏ်ဓါတ်သည်၊ ယောဂီသူမြတ်-ဆင်ခြင်လတ်သော်၊ရှေ့စိတ်၊ နောက်စိတ်- ဖွဲ့ခါချိပ်၍- မဆိတ်မပြတ်- ဆောင်တတ်သည့်တရားဟု ဉာဏ်အား ရှေးရှုထင်ရသော- ပစ္စုပဋ္ဌာန်အားဖြင့် ပြဋ္ဌာန်းသည့်တရား ဖြစ်ပါသည်။

မှန်ပါပေသည်၊ စိတ်၏ အမည်-ခံယူရရှိလာခြင်းသဘောကိုက၊ မိမိဟု ဆိုအပ်သော ဇောစိတ်အစဉ်ကို ပြုတတ်ခြင်း၊ ဆန်းကြယ်သော ကြိယာရှိသည်၏ အဖြစ်သို့-ရောက်တတ်ခြင်း၊ယှဉ်ဘက်တရား-အာရုံအစားစားနှင့်ဘုံနယ်အားဖြင့် အယုတ်၊ အလတ်၊ အမြတ်တရားဟူ၍၊ ထူးထွေသော သဘောရှိခြင်းတို့ကြောင့် "စိတ်"ဟု အမည်ပြုရခြင်းဖြစ်ရာ၊ ဇောစိတ်အစဉ်ကို ပြုတတ်ရာ၌၊ ရှေ့စိတ်နှင့် နောက်စိတ်-မခြားအောင်ဖွဲ့စပ်သဖြင့်သာ၊ သတ္တဝါတို့-အာရုံမပြား- ရသဓါတ် ပေါ်ငြားနိုင်ကြခြင်းဖြစ်ပါတော့သည်၊ (ဥပမာ) စက္ခုသမ္ဖဿဇာ-ဝေအနာမှ- မနောသမ္ဖဿဇာ ဝေဒနာဇောအတွင်း-သက်ဆင်းဖြစ်ပွားရာ၌၊ ရူပါရုံကို-ခံစားမှုဝေဒနာနှင့် ဇောစိတ်တို့သည်- သူ့အစဉ်နှင့်သူ- အမျှင်မပြတ်စေရအောင်၊ အနန္တရ-သမနန္တရ- ပစ္စယသတ္တိတို့နှင့်တကွ- ဖွဲ့စပ်ပေးအပ်၊ သက်ဝင်တတ်ရပါ သည်။ ထိုသို့-ဇော(၇)ချက်မဖွဲ့စပ်ပါက၊ ရူပါရုံ၏- မနောသမ္ဖဿဇာ ဝေဒနာ သည်- ကွက်တိ-ကွက်ကြား-တအာရုံနှင့်တဒါရုံလဲမဖြစ်ပွားဘဲ၊ စေ့ဆော်အားမဲ့- ခံစားချက်ဝေဒနာနှံ့နှံ့၍၊ အဘယ်အာရုံကိုမှ- ပီပီပြင်ပြင်၊ သိ၊ မှတ်၊ ခံစား၊ စေ့ ဆော်၊ ဖြစ်ပွား နိုင်တော့မည် မဟုတ်ရာ၊ မိမိဟုဆိုအပ်သော- ဇောစိတ်အစဉ်ကို ရှေ့စိတ်အာရုံနှင့်အတူ- ပေါင်းဆုံရသည့်-စေတောယုတ္တလေးပါး- ပြည့်စုံငြား အောင်- ဖွဲ့စပ်တတ်သော တရားဖြစ်ခြင်းကြောင့်သာ၊ သိ၊ မှတ်၊ ခံစား၊ စေ့ဆော် ငြားသည့်-နာမက္ခန္ဓာလေးပါး= ရုပ်ခန္ဓာနှင့်တသားထဲဖြစ်ပွားရာတွင်၊ ပီပီပြင် ပြင်၊ တသွင်သွင်သော အာရုံတရားတို့အား၊ အာရမ္မဏိက၊ စိတ္တုပ္ပါဒ်များ၌= အစီအစဉ် အမှန်ဂွင်ကျခါ၊ ခံစားမှုဝေဒနာလျှင် အဆုံးရှိသော- အကျိုးခန္ဓာ တရားအနေဖြင့်- ကွဲပြားစွာ အသုံးဝင်ပြီး၊ခံမင်စရာ- တဏှာ၊ ဒိဋ္ဌိတို့ ဝင်စွက်နိုင် ကြသည်အထိ- ဥပါဒါနက္ခန္ဓာ-ဖြစ်ရှိနိုင်ကြရခြင်း ဖြစ်ပါတော့သည်။

ဒီတော့ ယောဂီတို့က၊ အဲဒီလို=သူ့အာရုံ၊ သူ့သမ္ဖဿနဲ့-သူ့ဇော၊ သူ့ ဝီထိတို့၊ ကွဲပြားခြားနားလျက်- ပီပြင်ပြင်၊ အားဖြင့်- ဖြစ်ပွားတတ်ကြရာတွင်၊ ရှေ့စိတ်အစဉ်နှင့် နောက်စိတ်ကို ဖွဲ့တတ်သော- သိ ဝိညာဏ်တရားသာဖြစ်ပါ တကားလို့၊ ဉာဏ်အားရှေ့ရှုထင်ခြင်းဖြစ်ရာဝယ်၊မှတ်သားပိုင်းခြား၍ ထင်ခြင်း၊ ကြံစည်ဆင်ခြင်၊ နှလုံးသွင်း၍ ထင်ခြင်း၊ သန္တိဋ္ဌိက အားဖြင့်- မျက်မှောက်ပြု၍ ထင်ခြင်း-သုံးစားတွင်၊ မှတ်သားပိုင်းခြား၍ ထင်ခြင်းမျှသည်- အနိုးဉာဏ် ဖြစ် ခြင်းမျှဖြစ်ပါသည်။ ဆင်ခြင်နှလုံးသွင်း၍ ထင်ခြင်းသည်- အနိုး လက္ခဏာဉာဏ်

ဖြစ်ခြင်းမျှဖြစ်ပါသည်။ မျက်မှောက်ပြု၍ ထင်ခြင်းသည်- အနိစ္စနုပဿနာဉာဏ် ဖြင့်- နိစ္စကိုစွန့်သော ဉာဏ်မြင်ရရှိခြင်းဖြစ်ပါသည်။ ထိုသို့- ဉာတပရိညာ-တီရဏ ပရိညာ- ပဟာနပရိညာတို့တွင်- ဝိပဿနာ, ဘာဝနာဟု-လိုက်လျောပြည့်စုံခြင်း သဘောမှာ၊ သန္တိဋ္ဌိကဓမ္မ-ပဟာနပရိညာ- နိစ္စပဇဟတိ- အနိစ္စနုပဿနာ- ထိမိ အောင်မြင်အောင်- ပွားများအားထုတ်ခြင်းကိုသာ အလိုရှိအပ်ပါသည်။

ဤသို့-ရှေ့ရှုထင်ရသော- ပစ္စုပ္ပန်ပိုင်း၌၊ အလျဉ်းသင့်၍- အမြွက်မျှ ဆိုလိုက်ရခြင်းဖြစ်ပါသည်၊ ဤ-စိတ္တနုပဿနာ-ဓမ္မာနုပဿနာ-နှစ်ရပ်၌-အကျုံး ဝင်သော၊ အထက်ပါ- ဉာတပရိညာမှအစပြု၍- ယောဂီတို့၏ ဉာဏ်၌ ရှေ့ရှုထင် သော ဉာဏ်အရာကို၊ သန္ဒိဋ္ဌိကဓမ္မ- ပဟာနပရိညာဆိုက်ခါ- အနိစ္စနုပဿီပုဂ္ဂိုလ် အဖြစ်ရောက်ရှိလာရန်သည်၊ သမာန်ကာ-ရှန်ခါ, သမ္မပ္ပမာန်မျိုးဖြင့်လည်း မရ နိုင်ပါ၊-လက်ပံ, ပဲဖျားပင်များကဲ့သို့- ယိမ်းယိုင်တတ်သော သမာဓိမဏ္ဍိုင်မျိုးနဲ့လဲ မရနိုင်ပါ၊တကယ်စိုက်ထူသည့် သမ္မပ္ပဓာန် ပြည့်မှီအောင်-ကူနိုင်မည်ဆိုလျှင်တော့၊ မလွဲတန်း, လွယ်ကူစွာရရှိနိုင်ပါသည်။ သို့သော်=ယုံကြည်ချက်, ခံယူချက်နှစ် ရပ်၌၊ တသွေမတိမ်း, လိုက်နာခါ- အသက်ပါစွန့်ရန် မဖင့်ဟု- မတွန့်သောအဓိ မောက္ခရှိလျှင်မူ လွယ်ကူစွာရရှိနိုင်ပါသည်။

အဲဒီလို- လွယ်ကူစွာရရှိအောင်၊ တက်စုံပေမဲ့- ဘက်စုံအောင်လိုက်နာ နိုင်ဘိုက- ဝေးလာဝေးကြပါသည်။ ဤ- စိတ္တ, ဓမ္မာ- အနုပဿနာနှစ်ဖြာ- အကျုံးဝင်သော- ကျင့်စဉ်သည်၊ "သုဏိပုန်" အလွန်သိမ်မွေ့သော သဘော ရှိပါသည်။ ပဋ္ဌမ, အတယ်မှန်ဘိုပင်, အခြေခံပေးရသည်က- မလွယ်ကူလှပါပေ။ ဘက်မစုံလျှင်- အခြေခံကိုပင်, ကြံ့ကြံ့ခိုင်၍- ရယူနိုင်လိမ့်မည် မဟုတ်သော- သဘောရှိသည်။ ထို့ကြောင့်- အလျဉ်းသင့်၍- ရိပ်စားမိရုံမျှဖေါ်ပြရပါသည်။ ဖွင့်ဆိုပြသမှု အနေအားဖြင့်တော့- ဤအပိုင်းတွင်- ဦးပဥ္စင်းတို့- ပြသလိုသော တရားကွက်နှင့်- မသက်ဆိုင်၍- ချန်လှပ်ထားရပါဦးမည်။ အချို့အဝက်ကို တတိ ယပိုင်း၌- ပါဝင်လာနိုင်ပါလိမ့်မည်။

ဒီတော့ ... စိတ်, ဝိညာဏ်ခေါ်, နာမ်တရားကလေးရဲ့- လက္ခဏာ သိခြင်း မှတ်ကြောင်း ဤမှာဘက်၌၊ ကိစ္စရသ, ပဓာနအချုပ်- ဖြစ်ပုံသရုပ်နှင့်တကွ၊ ရှေးရှုထင်သည့်, သဘောအကျဉ်း- သဘာဝအခင်းကို- ရိပ်စားမိလောက်ပါပြီ။ နီးစွာတရား- ယှဉ်ဘက်ရုပ်နှင့် စေတသိက်နာမ်တရားပါကလားလို့လဲ ပိုင်းခြားသိ ရပါမည်။ စက္ခုပသာဒရုပ်နှင့် ယှဉ်လျှင် တမျိုး၊ သောတပသာဒရုပ်နှင့်ယှဉ်လျှင် တမျိုးသည်ဖြင့်- နီးစွာသောအကြောင်းကို၊ ရှာကုန်- ရှုကုန်သော- ယောဂီသူ

မြတ်အား၊ ဆိုင်ရာ— အာရုံ, ဒွါရအလျောက်— မူလ- ပစ္စုပ္ပန်-ရှေ့စိတ်အစဉ်နှင့်- နောက်စိတ်အစဉ်ဖွဲ့ဟန်သဘော၌၊ အနိစ္စနုပဿနာဉာဏ်ရပြီးသော ယောဂီသည်၊ နီးစွာသောအကြောင်းကို- ထပ်ဆင့်, သိမ်းဆည်းလျှင်၊ ဘာဝနာဘိသမယအခါ- အနီးကပ်ဆုံးအားဖြင့်- ဟဒယဝတ္ထုရုပ်နှင့်၊ စေတသိက်တို့တွင်- အနီးကပ်ဆုံး, ဝေဒနာတလုံးဆီသို့- ဉာဏ်အာရုံရောက်ခါ- စိတ်ဝိညာဏ်တို့ အနိစ္စ— အနိစ္စလက္ခဏာ- အနိစ္စနုပဿနာမှ၊ မှီရာရုပ်၏- အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စနုပဿနာကိုရင်း၊ မြင်ပြား, ရှုပွားလာစဉ်အတွင်း၌၊ နီးကပ်စွာ ယှဉ်လာသော ဥပေက္ခာပြုထားပြီး- ခံစားမှုဝေဒနာသဘောကလေးမှစ၍၊ ထင်ရှားလာသော သုခ, ဒုက္ခ, ဝေဒနာတို့၌ရင်း၊ အနိစ္စ- အနိစ္စလက္ခဏာ- အနိစ္စနုပဿနာဉာဏ်အရာတို့သည်၊ ယောဂီကသာ- အထက်ကပြဆိုခဲ့သော, စိတ္တ, ဓမ္မာနုပဿနာဖြင့်-ပစ္စုပ္ပန်ရှေ့ရှုထင်ဉာဏ်တွင်- သန္တိဋ္ဌိကဓမ္မ- ပဟာနပရိညာဆိုက်အောင်, အနိစ္စနုပဿီပုဂ္ဂိုလ်အဖြစ်- ရပ်တည်, ခိုင်ကြည်, မြဲမြံလာနိုင် ခဲ့သည်ဖြစ်ပါက၊ မုချ= ပဒဋ္ဌာန်ထက်သို့- ဉာဏ်ရောက်သော- မှီရာရုပ်နှင့် ဝေဒနာခါတ်တို့ အပေါ်၌လည်း၊ အနိစ္စ- အနိစ္စလက္ခဏာနှင့်- အနိစ္စနုပဿနာထက်ကို- သက်ဝင်ရရှိလာနိုင်ပါလိမ့်မည်၊ (ဝါ) ခက်ခဲစွာ မဟုတ်မူ၍- တစ,တစ,အားဖြင့်- သက်ဝင်လာပါလိမ့်မည်။ အနတ္တဉာဏ်သည်လည်း- ပုဗ္ဗကရဏမှစ၍- အခြေခံလာပြီးဖြစ်ရာ၊ ဒုက္ခ- ဒုက္ခလက္ခဏာ- ဒုက္ခနုပဿနာအားဖြင့်လည်း-သက်ဝင်ရန်သည် ကြံစည်ရှာဖွေနေစရာမလိုသော- ဝိပဿနာအခြေခံပညာ- အမှန်နှင့်တကွ- သွန်သင်ရရှိခဲ့ပြီးသော- ယောဂီသူမြတ်၌- ပင်ပမ်းနှောင့်နှေးအပ်စရာ အကြောင်းများမရှိနိုင်ကောင်းတော့ပါပေ။ ဤသို့- စိတ်, ဝိညာဏ်, နာမ်တရား- ဝိညာဏက္ခန္ဓာတပါး၌၊ ပုဂ္ဂိုလ်, သတ္တဝါ, သူဦးဆိတ်ရုံမျှမက- ပရိညာသုံးပါးနှင့်အညီ- အနုပဿနာသုံးပါးဆိုက်အောင်— ပွားများ, ရရှိနိုင်သည်ကို- ပိုင်းခြားသိအပ်ရာပါသည်။

ဤ= ဝိညာဏက္ခန္ဓာတရားကို- ဥပမာအားဖြင့်- မျက်လှည့်နှင့်တူသည်ဟု ပြဆိုတော်မူခြင်း၌၊ ဤ-ဥပမာ- သဘောကို- အကျဉ်းမျှပြသရသော်၊ သတ္တဝါ သူသူ,ငါငါ၊ အနွပုတ္တဇဉ်- မုန်သမျှတို့သည်၊ ဝိညာဏက္ခန္ဓာ- သိမှုအစုတရား၏ အလိမ်ခံထားရသူချည်းသာ ဖြစ်ပါသည်။ မြင်ဝိညာဏ်ယှဉ်၍- သိသမျှစိတ်သည် မရှိတရားကို အရှိလုပ်၍- သိကြသည်။ ကြားဝိညာဏ်ယှဉ်၍- သိသမျှစိတ်သည်လည်း၊ မရှိတရားကို အရှိလုပ်၍- သိကြသည်။ ထိုနည်းတူစွာ- နံဝိညာဏ်, စားဝိညာဏ်, တွေ့ထိဝိညာဏ်, တွေးကြံ- ဝိညာဏ်တို့နှင့် ယှဉ်၍- သိသမျှစိတ်တို့သည်လည်း- မရှိကို- အရှိလုပ်၍သာသိကြသည်။

သိသူကတော့- ရှိသည်မဟုတ်၊ သိတရားသာဖြစ်ပွားသည်ကို၊ သိသူရှိသည်ဟု- မရှိသည်ကို- အရှိလုပ်တဲ့၊ အရင်းခံ, အတွင်းခံ, အမှားသိကိုက၊ တသံသရာလုံး- အဝိဇ္ဇာဖုံးခါ- မျက်လှည့်သမား, သိတရားပေါ်မှာ- ထင်စွဲယူမှတ်-အသိဓါတ်, အမှားကပ်လာသည့်- ပင်ကိုယ်မရှိတရားကို- အရှိဟုရာလုပ်ထားမိသည်ကစ၍၊ "မြင်, ကြား, နံ့, စား, တွေ့ထိ, သိ, "ဝိညာဏ်တရားတွေ- ကြိယာဖလအနေ- သက်ဝင်လာသည်နှင့်တပြိုင်နက်၊ ငါမြင်လို့- ငါသိတာဆိုပြီး၊ သက္ကာယနဲ့- အတ္တဒိဋ္ဌိစွဲငြိလာခဲ့သည့်အတိုင်း၊ သိ, ဝိညာဏ်ပိုင်းကလေး, ပေါ်လာတာနဲ့တပြိုင်နက်၊ အသစ်အသစ်- အတ္တဒိဋ္ဌိတွေဖြစ်နေတာ- ရပ်နားတယ်လို့ကို မရှိနိုင်တော့ဘူး၊ ရှေ့နားဆက်လိုက်တော့- ငါမြင်တဲ့- ငါ့ရူပါရုံ၊ နက်, နီ, ဖြူ, ဝါ စိမ်းညိုပြာဆိုပြီး အရှိလုပ်ခါ- သိမ်းပိုက်လိုက်ပြန်တဲ့အတွက်- အတ္တနိယလို့-ဆက်ဖြစ်ပြန်ပေါ့၊ မြင်ဝိညာဏ်ဖြစ်ရာတွင်လားဆိုတော့- မကပါဘူး။ ကြား, နံ့, စား, တွေ့ထိ, တွေးကြံ၊ သိမှုဝိညာဏ်ပေါ်သမျှတိုင်း၌၊ အတ္တနဲ့- အတ္တနိယအဇ္ဈတ္တနဲ့ ဗဟိဒ္ဓိနှစ်ဖြာစလုံး- အမှားစွဲယူ သုံးပြီး၊ တဏှာငါနဲ့- မာနငါတို့ပါဆက်၍ ဖြစ်လတ၊ အတောမသတ်နိုင်ခဲ့ကြဘူးဆိုတာ- အထင်အရှား, သိငြားနိုင်ပါသည်။

အဲဒီလို- သိ, ဝိညာဏ်တရား- မျက်လှည့်သမားရဲ့- လှည့်စားရာကိုခံနေကြရတယ်။ ဘယ်သူ့ကို လှည့်စားလို့- ဘယ်သူကလှည့်စားခံရတာလဲဆိုတော့၊ ပုဂ္ဂိုလ်ကို မလှည့်စား- ယောကျ်ား, မိန်းမကို-မလှည့်စားပါဘူး၊ သူတို့က ရှိမှမရှိတာ၊မရှိတဲ့တရားကို ဝိညာဏ်တရားက ဘယ်လိုမှ လှည့်စားလို့ မရပါဘူး၊အန္တပုထုဇဉ်ဆိုတဲ့-ရုပ်နာမ်တရား, ခန္ဓာငါးပါးကို မျက်လှည့်သမား- သိဝိညာဏ်တရားက၊ မရှိတရားကို အရှိလို့သိအောင်- လှည့်စားထားဒါပါ။အဲဒီ,သိဝိညာဏ်တရားဟာ- ပုဂ္ဂိုလ်, သတ္တဝါ၊ ယောကျ်ား, မိန်းမ, မရှိတရားကို၊ လှည့်စားပြလို့ မရနိုင်သလို၊ ပုထုဇဉ်အဖြစ်နဲ့ မယှဉ်တော့တဲ့= သောတာပန်အစရှိတဲ့- အရိယာ, ရုပ်-နာမ်, ခန္ဓာကိုလဲ- သိဝိညာဏ်မျက်လှည့်သမားဟာ- လှည့်စားလို့မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲတော့- ဒိဋ္ဌိနဲ့- ဝိစိကိစ္ဆာမရှိတဲ့- ခန္ဓာဖြစ်သွားလို့၊ (ဝါ)မရှိတရား, ရှိတရားကို- ပိုင်းခြားကုန်စင်- ယုံမှားမဝင်တော့အောင်၊ အရိယာသစ္စာအချက်နဲ့- မဂ်ဝင်, ဖိုလ်ဝင်, ရုပ်နာမ်, အလျှဉ်ဖြစ်သွားလို့။ ဒါဖြင့်— မိမိဟုဆိုအပ်သော- ရုပ်နာမ်ခန္ဓာသည်၊ ပုထုဇဉ်နယ်က- မလွတ်သေးရင်- သိဝိညာဏ်မျက်လှည့်သမား- လှည့်စားပြထားဒါတွေကို-(ဝါ)မရှိကို- အရှိလုပ်ပြတာတွေကိုတဏှာငါနဲ့ သိမ်းပိုက်- မာနငါနဲ့,တံခွန်ထူ-ဒိဋ္ဌိငါနဲ့-ငါ့အတ္တ,အသက်လိပ်ပျာလို့ယူစွဲမိအောင်ဖြစ်ရှိနေရမှာဘဲ၊ အဲဒီလို- ပုထုဇဉ်,ရုပ်နာမ်, ခန္ဓာအဖြစ်ဟာဖြင့်၊

ဝိညာဏ်လိမ်, အမိခံထားရပြီး၊ ဝဋ္ဋဘောင်မှာ- ဒုက္ခအနှောင်အိမ်တွင်းသွင်းကာ ခံစားနေရတာနဲ့- တထေယျထဲတူလှသမို့၊ ထိတ်လန့် စက်ဆုတ်ဘွယ်ရာသာလျှင် ကေန်ဖြစ်ပါတော့တယ်။

လောကလူသား-, ပုထုဇဉ်- ဥမ္မတ္တကများ- အဘယ်ဘိ- ခက်ပါသလဲ ဆိုတော့၊ မိမိရဲ့ ရုပ်နာမ်, ခန္ဓာမှာ= အစဉ်လှည့်စား- အလိမ်ခံထားနေရတာကို မရိပ်စားမိရုံမျှမက၊ အလိမ်ပေါ်, အလိမ်ဆင့်တဲ့- မျက်လှည့်ပြမယ်ဟော့ ဆိုရင်၊ အချိန်ကုန်လူပမ်း- ငွေကုန်ကြေးကျခံပြီး၊ အလိမ်ခံပါရစေဆိုကာ သွားကြည့် တတ်ကြပါသေးသည်။ သွားကြည့်ပြန်တော့လဲ၊ မျက်လှည့်ပါ လှည့်စားပြမှာ ပါဆိုတာကိုဘဲ- တအံ့တသြ- ပါးစပ်အဟောင်းသားနဲ့- အဟုတ်ထင်ပြီး၊ကြည့်ရှု ငေးမောတတ်ကြပါသည်။ မျက်လှည့်ဆရာကလဲ တခုကို- နှစ်ဖြစ်အောင်လုပ်ပြ မရှိတာကို- ရှိတာဖြစ်အောင်လုပ်ပြ၊ မသေတာကို- သေတယ်လို့လုပ်ပြ၊ သေတာ ကို- ပြန်ရှင်တယ်လို့ လုပ်ပြနဲ့၊ လှည့်စားပြတိုင်း၊ တကယ်ထင်မှတ်ပြီး- အယုံ ဓါတ်နဲ့- ရင်သတ်ရှုမော- အတောမသတ်- ကြည့်ဆဲမှာ, တအံ့တသြ- သဘော ကျလှချည်ရဲ့- ကောင်းလှချည့်ရဲ့- ပိယိလှချည်ရဲ့နဲ့ပေါ့၊ နောက်ဆုံးအခဏ်းမှာ လူ သတ်ပြီး- အူတွေဆွဲထုတ်ပြပြန်တော့၊ သာ၍ပင်- ယုံကြည် အံ့သြကြပြန်ပေါ့၊ ဒါပေမဲ့- မျက်လှည့်ပွဲသိမ်းလို့- လူစုံထွက်ပြီး-ကမ္ဘာမကြေနဲ့-အလေးပြုတဲ့အခါ မှာ၊ ခုဏက, သတ်ပြီး, အူတွေဆွဲထုတ်ပြခံရတဲ့လူလဲ= မတ်တပ်ကနေ- ဦးညွှတ် တဲ့အထဲ- ပါဝင်နေတာတွေ့ရတယ်။ ။

ဒီတော့=အချို့က၊ မျက်လှည့်ပွဲပြီးလို့- ရုံထဲက ထွက်ခါ၊ လမ်းရှောက် ပြန်လာရင်း၊ စဉ်းစားမိကြတယ်၊ ငါ, ကြည့်နေတုံးက- လူသတ်ပြီး- အူတွေ ဆွဲထုတ်ပြတော့- ဒီလူတော့- သေပြီ၊ သွေးသံရဲရဲ- အူတွဲလဲနဲ့- အပြင်ရောက် အောင်ဆွဲထုတ်ပြမှတော့- သေပြီလို့- ယုံကြည်-ကြည့်ရှုခဲ့တယ်၊ ခုတော့-အလေး ပြုရာမှာ- ဒီလူလဲ ပြန်ပါလာတော့၊ ဟိုတုံးက- သေတယ်လို့- ယုံကြခဲ့တာ- အမှားပါကလား၊ စင်စစ်, အမှန်ကမသေ၊ အူတွေဆွဲထုတ်ခါ- သွေးဖြာနေ တာတွေကတော့၊ လုပ်ကြံထားပြီး- လှည့်စား, ပြသတာတွေပါကလားလို့ စဉ်းစားမိလာသတဲ့။ ခုဏ, ပြဆဲခဏ- မြင်နေတုံးကတော့- မြင်ဝိညာဏ်လိမ်ပြတဲ့ အတိုင်း-ယုံကြည်မိခဲ့တာ- အံ့သြမိခဲ့တာတွေဟာ- အမှားပါကလားလို့- တွေး ရင်း, တွေးရင်းနဲ့-အမှားယူပြီး, သိမိမှန်း-သတိရသွားကြတော့တယ်။ ။

မြတ်သော ယောဂီ,မနောကြည်စွာဖြင့်-နှလုံးသွင်း ဆင်ခြင်ကြည့်ပါဦး။ ယောဂီရဲ့-ပုထုဇဉ် ရုပ်နာမ်, ခန္ဓာသည်၊တသံသရာလုံးက-စိတ်ဝိညာဏ်မျက်လှည့် သမားရဲ့-လှည့်စားပြလာတာတွေကို၊ အားလုံးအရှိမှတ်ပြီး-အသိဓါတ်နဲ့ စွဲယူခံ

စား–စေ့ဆော်မှုများတောင်-အဖန်ဖန်ဖြစ်ပွားလျက်- မရှိပညတ်တရားနဲ့- သမုတိသစ္စာနယ်မှာ၊တွင်ကျယ်စွာရှောက်၍လာခဲ့တာတွေကို ပြန်လှန်ကြည့်လျှင်-အလိမ်ခံ့မိနေတာအမှန်ပါဘဲ၊ မျက်လှည့်ကြည့်သူ–သတိမူ၍- ဆင်ခြင်မိသလို၊ ယခုကဲ့သို့ ဗုဒ္ဓအဘိဓမ္မာမှ- မုချဝိပဿနာ- သမ္မာဒိဋ္ဌိဉာဏ်ပညာနဲ့- စိတ်ဝိညာဏ်, နာမ်တရားအကြောင်းကို– ထောင်းထောင်း ကြေအောင်, ပိုင်းခြား ဝေဘန်ပြီး၊ ဉာတ ပရိညာနဲ့သိလိုက်ရတော့၊ယခင့်-ယခင်က- အသိဓါတ်တွေဟာ၊ ဘာတခုပေါ်မှာမှ-အမှန်မသိခဲ့မိဘဲ၊ တလိမ်ထဲ-အလိမ်ခံလာရတာကို–ရိပ်စားမိဘို့ကောင်းပါပြီ။အဲဒီအလိမ်ကို ဉာတပရိညာနဲ့=ဖြေယူခါ၊ တီရဏ်ပရိညာနဲ့-ဝေ့ရမ်းခါချပြီး၊ပဟာနပရိညာနဲ့-စွန့်လွှတ်ပစ်ဘို့-အားသစ်ကြိုးပမ်းသင့်ကြပါတော့သည်။ဖြေယူရန်နှင့် ဝေ့ရမ်းနိုင်မှုကိုတော့– ဗုဒ္ဓအဘိဓမ္မာမှ- မုချဝိပဿနာပညာကထာ– ဉာဏ်ပညာအရာက–ပေးစွမ်းနိုင်ပါတယ်။ ရယူချင်ရင်လဲ- ယူနိုင်သလောက်,ရနိုင်ပါတယ်၊ အဲ .. စွန့်လွှတ်ပစ်ဘို့ရာကျတော့၊ မိမိကိုယ်က-စွန့်လွှတ်ချင်ပါမှ-စွန့်လွှတ်ပစ်လိုက်နိုင်အောင်-ပွားများအားထုတ်ကြိုးစားပါမှ=ရရှိမည်ကိုလည်း– တိတိကျကျသိရှိကာ၊ ဝိပဿနာပညာမှန်–ဘာဝနာကေန် အဟုတ်နည်းဖြင့်-လုပ်ငန်းခွင်-ကျင့်စဉ်မှီးရအောင်-ကြိုးစားပြီးဆည်းပူးလျက်- ပုထုဇဉ်အဖြစ်ကို- စွန့်လွှတ်ပစ်နိုင်အောင် ကြိုးစားမည်ဟု-သန္နိဋ္ဌာန်ချသင့်ပါတော့သည်။

ဤသို့–စိတ်, ဝိညာဏ်, နာမ်,တရားနှင့်ပတ်သက်၍၊ စိတ္တအရသဘောတို့ကိုရင်း၊ စိတ်အရ-ဌာန်လေးပါးသဘောကိုရင်း၊ ဥပမာ–ဥပမေယျအားဖြင့်ရင်း၊ စိတ္တနုပဿနာအရရင်း၊ ဝိပဿနာသမ္မာဒိဋ္ဌိပညာအရရင်း၊ ပရမတ္ထဉာဏ်မြင်အရရင်း–ပိုင်းခြားထိုးထွင်း-အသိအလင်းဓါတ်-ရအပ်ပြီဖြစ်ပါ၍ ''သိ'' ဓါတ်တလုံးတွင်၊ နိဿတ္တ–နိဇ္ဇီဝ-သဘာဝါ-ဖြစ်ပုံကို- ယုံကြည်လျက်- အတ္တကိစ္စပြီးမြောက်စေသည့်- ယထာဘူတ, ဓမ္မဋ္ဌိတိဉာဏ်မြတ်ကို- ကောင်းစွာလဲ မြင်အပ်ပါပြီ။ထိုမှ တတန်- နိဂုံးခါးပတ်-အဆုံးသတ်အနေအားဖြင့်၊ ဝိညာဏက္ခန္ဓာအရ–ဌာန်လေးပါးကို-အကျဉ်းအားဖြင့် ပြရသော်....၊

## ''ဝိညာဏက္ခန္ဓာ၏–ဌာန်လေးပါး''

သဗ္ဗံပိ ဝိညာဏံ အာရမ္မဏ ဝိဇာနန လက္ခဏံ၊
အာရမ္မဏ ကရဏ ရသံ၊
အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊
အနန္တရာတီတ ဝိညာဏ ပဂမ ပဒဋ္ဌာနံ။ ။

(လက္ခဏာ)။ ။သဗ္ဗပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ဝိညာဏံ- စိတ်, တခု ယုတ်, ကိုးဆယ်သည်။ အာရမ္မဏ ဝိဇာနနလက္ခဏံ- သညာ, ပညာတို့ထက်၊တမျိုးတဖုံအားဖြင့်-အာရုံကိုထူးခြားစွာသိခြင်း လက္ခဏာ,ရှိ၏။

(ရသ)။ ။အာရမ္မဏ ကရဏရသံ-အာရုံကို-အာရုံပြုတတ်ခြင်း ကိစ္စ ရသ ရှိ၏။

(ပစ္စုပဋ္ဌာန်)။ ။အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာန=အာရုံသို့-ရှေ့ရှုသည်၏ အဖြစ်လျှင်-ရှေးရှုထင်လာ၏။

( ပဒဋ္ဌာန် )။ ။အနန္တရာတီတ ဝိညာဏ ပဂမ-ပဒဋ္ဌာနံ= အခြားမဲ့လွန်သော စိတ်၏ ချုပ်ကင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။

ဤ-ဝိညာဏ်၏ ဋ္ဌာန်လေးပါးကား၊ ပဥ္စဝိညာဏ်- မနောဝိညာဏ်တို့နှင့် ၎င်း၊ ဝိညာဏက္ခန္ဓာအရင်း= သက်ဝင်သော- ဋ္ဌာန်လေးပါး,ဖြစ်ပါသည်။ ပြဆို ပြီးခဲ့သော- ဋ္ဌာန်လေးပါးမှာ၊ စိတ္တ-စိတ်အရ- ဋ္ဌာန်လေးပါးဖြစ်ပါသည်။ စိတ် ကို ပရမတ္ထတရားဟု ခေါ်ကြသည်နှင့်အညီ-စိတ်ပရမတ်နှင့် သက်ဆိုင်သော ဋ္ဌာန် လေးပါးဖြစ်ပါသည်။ ယခု-ဝိညာဏ်၏ ဋ္ဌာန်လေးပါးမှာ-ခန္ဓာငါးပါး-အဆက် မပြတ်-ဖြစ်ပွားရာတွင် အကျုံးဝင်သော- ဝိညာဏ်များအရ- ပြဆိုသော ဋ္ဌာန် လေးပါးဖြစ်ပါသည်။ ထို့ကြောင့်၊ ပရမတ္ထဉာဏ်အရာ- စိတ်ဋ္ဌာန်လေးပါးနှင့်- ဥပါဒါနက္ခန္ဓာခေါ်- ဝိညာဏုပါဒါနက္ခန္ဓာအရ- ဋ္ဌာန်လေးပါးတို့သည်- ဖြစ်စေ တတ်- ဖြစ်နေအပ်သော-တရားအနေအားဖြင့်- ဋ္ဌာန်လေးပါးချင်း- ကွာခြားကြ သည်ဟု- အဋ္ဌကထာ- အလိုအရ=ပိုင်းခြားသိအပ်ရာပါတော့သည်။ ။

……—ဝ……

# စေတသိက် နာမ်တရားများကို "သုံးသပ်ချက်"

စိတ္တသမ္ပယုတ္တာ-စိတ်၌ယှဉ်၍-ဖြစ်ခြင်းသဘောရှိသောကြောင့်၊စေတသိက် ဟု ခေါ်ဆိုအပ်သော(၅၂)ပါးသော စေတသိက်တရားတို့သည်၊ သမ္ပယောဂ လက္ခဏာလေးပါးအရ=စိတ်နှင့်အတူ ဖြစ်ခြင်း၊ စိတ်နှင့်အတူချုပ်ခြင်း၊ စိတ်နှင့် အာရုံတူခြင်း၊ စိတ်နှင့်မှီရာဝတ္ထု တူခြင်းစသော အင်္ဂါလေးပါးအားဖြင့်၊ စိတ်၌ အမြဲယှဉ်ခြင်း=အမြဲမယှဉ်ခြင်း၊ ရံခါယှဉ်ခြင်း- ရံခါမယှဉ်ခြင်း၊ အဟိတ်စိတ်၌

ယှဉ်ခြင်း၊ ကာမာဝစရကုသိုလ်စိတ်၌ယှဉ်ခြင်း၊ ကာမာစရအကုသိုလ်စိတ်၌ ယှဉ်ခြင်း၊ ရူပကုသိုလ်စိတ်၌ယှဉ်ခြင်း၊ အရူပကုသိုလ်စိတ်၌ ယှဉ်ခြင်း၊ လောကုတ္တရာစိတ်၌ယှဉ်ခြင်းစသည်ဖြင့်၊ စိတ်ဖြစ်ပေါ်တိုင်း-ဖြစ်တိုင်း၌- အသီးသီးယှဉ်တတ်ရကား၊ စိတ်(၈၉)ပါးဖြစ်သော်ငြားလည်း၊ အာရုံကို သိခြင်းအားဖြင့်-တပါးသော လက္ခဏာသာရှိရာ၊စိတ်၌အသီးသီးယှဉ်၍ဖြစ်သော စေတသိက်တရားတို့မှာ (၅၂)ပါး ဖြစ်ပြီး၊ လက္ခဏာစသည်တို့မှာလည်း- အသီးသီးရှိကြ၍ စိတ်နာမ်, စေတသိက်နာမ်အပေါင်းကို၊ နာမ်,တေပညာသ (၅၃)ပါးဟုလည်း- ရေတွက်ခြင်းသို့ ရောက်အပ်၏။

ထိုသို့-ရေတွက်ပြအပ်ခြင်း၌ါ၊ စေတသိက်, တရားတို့သည်- ဝေဒနာ-ဟေတု-ကိစ္စ-ဒွါရ-အာရမ္မဏ-ဝတ္ထုအားဖြင့်၊သင်္ဂဟ=ပေါင်းစုယူအပ်,ယှဉ်စပ်၍ဖြစ်ခြင်းသဘောရှိကြ၏။ (ဝါ)ယှဉ်ရာစေတသိက်,အကျဉ်းအားဖြင့် ရေတွက်ယူအပ်သည်ဖြစ်၍၊ ဆိုင်ရာတရား, အကျိုးသွားကို စိတ်နှင့်အတူ ချီးမြှောက် ပင့်ထောက်ကူမ,ခြင်းသို့ရောက်သည်ဖြစ်၍၊သခါရသုံးပါးပြီးမြောက်စေသောတရားဟုလည်း- သိငြားရပါသည်။

ဤ-စိတ်နှင့် စေတသိက်တရားတို့သည်၊ အာယတနအားဖြင့်မူ၊ စိတ်သည် အဇ္ဈတ္တိက-မနာယတန အတွင်းဘက်၌သာဖြစ်၍၊ စေတသိက် (၅၂) ပါးသည်၊ ဗဟိဒ္ဓ ဓမ္မာယတနတရားသာလျှင် ဖြစ်ပါသည်။သူသူငါငါ-ပုထုဇဉ်တကာတို့က၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး၊ယောကျ်ားမိန်းမအားဖြင့်-ထင်ရှားမရှိပါဘူး၊ စိတ်,စေတသိက်,ရုပ်= ဝိညာဏ်, နာမ်,ရုပ်,တို့သည်သာ၊ ခန္ဓာငါးပါးသရုပ်ဖြင့် တမုဟုတ်မကြွင်း-ဖြစ်ပျက်အခင်းနဲ့- ဆောင်နှင်းနေတဲ့ တရားပါလို့- ထပ်တလဲလဲ ဟောမြဲ နာကြားရလျက်ကပင်၊ ဘဝရာဂ, မပြတ်ကြ၍၊ လူ့ဘဝ, နတ်ဘဝ, တိရစ္ဆာန်ဘဝ, စသည်တို့မှာ၊ ငါးဝရုပ်နာမ်-ဖြစ်ကြရပြန်ပြီး၊ ရုပ်သာကုန်ဆုံး-သမုတိမရဏကို-မရဏအစစ်လို့သုံးပြီး၊ နောက်တိုး-ဘဝါ, ဘဝက-သိမှတ်ခံစား, စေ့ဆော်ငြားလာခဲ့ရတာလဲ—ဒီ,စိတ်,စေတသိက်,ရုပ်တရားဘဲ၊ယခုဘဝ—သိမှတ်, ခံစား, စေ့ဆော်နေရတာလဲ၊ ဒီ,စိတ်,စေတသိက်,ရုပ်ဘဲလို့၊ ဘဝနဲ့တွဲပြီး-အမျှင်မပြတ်နိုင်ခဲ့ကြပေ၊ အမျှင်, မဖြတ်နိုင်ဘဲလဲ-ဖြစ်နေကြရလေသည်။ နောက်ထပ် တဖန်-ဘဝသစ်ကေန်ရပြန်လျှင် အမျှင်မပြတ်လတံ့သာ ဖြစ်ကြရဦးမလို သက်ဝင်စွဲယူနေတတ်ကြပါသည်။

အဲဒီလို-ခန္ဓာစဉ်အမျှင်မပြတ်တဲ့၊ "ပဋိသန္ဓေ- ဘဝင်- ဝိညာဏ်- စုတိ" သံသာရပဝတ္တိသဘောကို ရိပ်စားမိကြသော်လည်း၊ ဘဝတဏှာကလဲ- ချုပ်ထား

လျက်ရှိကြခါ၊ သဿတဒိဋ္ဌိနဲ့-ဘဝဒိဋ္ဌိကို စိတ်,စေတသိက်တရားပေါ်မှာ ငြိနေတတ်ကြပါတယ်။ ရုပ်ကျတော့- တမျိုးယူကြပြန်ပေါ့၊ ဟိုဘက်ဘဝက ရုပ်ဟာ- ဟိုဘက်မှာတွင် ချုပ်ဆုံးပြတ်စဲခဲ့တယ်၊ ဒီဘက်ဘဝကရုပ်က- အသစ်လို့လုပ်ပြီး၊ ဒီဘဝ, ဒီကိုယ်စံ- ဟိုဘဝ, ဟိုကိုယ်ခံလိမ့်မပေါ့လို့တောင် ပြောကြ, ဆိုကြသေးတယ်။ အဲဒါဟာလဲ- ဘဝဒိဋ္ဌိရှိနေကြပြီး= ရုပ်ပေါ်မှာသာ- ဥစ္ဆေဒဒိဋ္ဌိနဲ့ ပြတ်တယ်၊ ပြတ်ပြီးမှ- အသစ်ပြန်ဖြစ်တယ်လို့- ယူစွဲတတ်ကြပြန်တယ်။ အမှန်ကတော့ ဒီ"စိတ်, စေတသိက်, ရုပ်၊ ဝိညာဏ်, နာမ်, ရုပ်၊ ဥပါဒ်, ဌီ, ဘင်,ချုပ်၊ အနိစ္စ, ဒုက္ခ, အနတ္တ, အဟုတ်၊ ဇာတိ, ဇရာ, မရဏ, လုပ်၊ ဒုက္ခ- သမုဒယ, သရုပ်၊ ပုဂ္ဂိုလ်သတ္တဝါ-ငါမဟုတ်"ဆိုတဲ့ သဘောထဲမှာ၊သဿတဒိဋ္ဌိ အရှိအားဖြင့်ငှင်း၊ ဥစ္ဆေဒဒိဋ္ဌိ-အပြတ်,မရှိအားဖြင့်ငှင်း၊ ရကောင်း,ငြိကောင်းစရာတရား- တခုမှမရှိပါဘူး။

အဲဒီလို-မငြိအောင်-ဘယ်အကြောင်းကိုသိပြီး-သိမ်းဆည်းရမလဲဆိုတော့၊ ဒီ, စိတ်, စေတသိက်, ရုပ်, သင်္ခတ-ပရမတ္ထတရားတို့ဟာ၊ သင်္ခတ,ပီပီ-ပြုပြင်စီရင်ခံရပြီဆိုရင်၊ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့၊စိတ်နာမ်,ဝိညာဏက္ခန္ဓာတပါး၊ စေတသိက်နာမ်-ဝေဒနာ- သညာ-သင်္ခါရ-ခန္ဓာသုံးပါး။ရုပ်ခန္ဓာတပါး ဖြစ်ပွားပြီး၊ဥပါဒ်, ဌီ,ဘင်,နဲ့ ချုပ်ပျက်နေသောတရားသာဖြစ်လို့၊ အနိစ္စအစစ်- ဒုက္ခအစစ်- အနတ္တအစစ်,အဟုတ်တရားသာလျှင်ဖြစ်ပါတယ်။အဲဒီလို- အနိစ္စ- ဒုက္ခ- အနတ္တတရားသာဖြစ်ပေမဲ့-သင်္ခါရမဆိတ်, ပြုပြင်စီရင်မှုတွေချိပ်လျက်မို့၊ ဇာတိ, လွတ်အောင် မဖြုတ်နိုင်ရင်=ဇာတိကိုဘဲ ရအောင်, လုပ်နေရာကျတယ်၊ ဇရာမှ လွတ်မြောက်အောင်မလုပ်နိုင်ရင်=ဇရာကိုဘဲလုပ်နေရာကျတယ်၊ မရဏက-လွတ်အောင် မလုပ်နိုင်ရင်-မရဏကိုဘဲ-လုပ်နေရာကျတယ်၊ဒီတော့-ပုထုဇဉ်ရုပ်နာမ်တွေဟာ-ပုထုဇဉ်အဖြစ်က-လွတ်အောင်မလုပ်သမျှ ဇာတိ, ဇရာ, မရဏ,ဘဲ- လုပ်ရာကျနေပြီး-လုပ်လဲ, လုပ်နေကြတယ်။

အဲဒါ- ဘယ်သူ့,သရုပ်လဲဆိုတော့၊ ပုဂ္ဂိုလ်-သတ္တဝါ- ငါမဟုတ်ပါဘူး။ ဒုက္ခသစ္စာသရုပ်ကို- သမုဒယသစ္စာနဲ့- ဖြစ်အောင်လုပ်နေကြခြင်း ဖြစ်တယ်လို့၊ ဒုက္ခနဲ့- သမုဒယသစ္စာနှစ်ပါးမှာ၊ သမုဒယသစ္စာကို-မပယ်ရှားနိုင်သရွေ့,၊ဥပါဒ်, ဌီ, ဘင်,ချုပ်တရားကို-သဿတဒိဋ္ဌိနဲ့- ဘဝဒိဋ္ဌိ- ဘယ်လိုမှ ဝင်ငြိစရာမရှိပါလားလို့လဲ- သိမ်းဆည်းပြီးသိပါ။ ထိုသို့-သဿတဒိဋ္ဌိ- ဘဝဒိဋ္ဌိ-ငြိစရာမရှိသော-ဒုက္ခသစ္စာ, ဆင်းရဲခြင်း ကေန်အမှန်တရားဟာလဲ= သမုဒယသစ္စာကို မပယ်ရှားနိုင်သမျှ- ဥစ္ဆေဒဒိဋ္ဌိ- ဝိဘဝဒိဋ္ဌိ- ပြတ်သည်အမှန်- အခြားတပါးသော စိမ်သူ့,ဖန်

တည်းသူကြောင့်-ဇာတိပြန်ဖြစ်ရတာမဟုတ်ပါဘဲ၊ ဒုက္ခနဲ့-တွဲ၊ တွဲပြီး-ယှဉ်စပ်တတ်တဲ့-စေတသိက်ဓါတ်-သမုဒယဇာတ်မျိုး-ကိလေသာဆိုးတို့ကြောင့်၊ အကြောင်းမကင်းဘဲ- ဥစ္ဆေဒဒိဋ္ဌိ-ဝိဘဝဒိဋ္ဌိ, အခင်းအားဖြင့်လဲ မရကောင်းပါသော၊ ဒုက္ခနဲ့သမုဒယ-သစ္စာပါတကားဟုရင်း၊ (ဝ ါ)ဆင်းရဲခြင်းအမှန်နှင့်ဆင်းရဲဖြစ်ကြောင်းကေန်အမှန်တရားမျှပါတကားဟုရင်း။(ဝါ)ပုဂ္ဂိုလ်,သတ္တဝါ-ငါမဟုတ်၊ သင်္ခါရမယုတ်သဖြင့်- "ဖြစ်မျက်" ဇာတ်ထုပ်- ခင်းကျင်းလုပ်ပြ- နိမိတ္တ သဘောမျှပါတကားဟူ၍ရင်း= ဆင်ခြင်သိမ်းဆည်းရာပါသည်= သိမ်းဆည်း ကြည့်ကြပါလေ။ အမှန်ဉာဏ်ရောက်ခါ- သဿတဝါဒအမျှင်= ဥစ္ဆေဒဝါဒ, အယာဉ်မှထွက်မြောက်၍၊ အထက်ပါ= စိတ်, စေတသိက်, ရုပ်၊ ဝိညာဏ်, နာမ်, ရုပ်, စသော- သံပေါက်သွားကလေးကို အလွတ်ကျက်မှတ်ခါ၊ အခါခါ ရွတ်ဘတ်, စိန္တာမယဉာဏ်ကပ်၍၊ မနသိကရောန္တဿ= ဗဟုလီကတဿအားဖြင့်- ဝါစုဂ္ဂတပြုခါ- သိမ်းဆည်းတော်မူကြပါလေ။ ။

ဤသို့သော.... အချင်းအရာအားဖြင့်— စိတ်, စေတသိက်, ရုပ်,တရားတို့အပေါ်၌၊ သဿတဒိဋ္ဌိ— ဘဝဒိဋ္ဌိအားဖြင့်ရင်း၊ ဥစ္ဆေဒဒိဋ္ဌိ- ဝိဘဝဒိဋ္ဌိ အားဖြင့်ရင်း၊ အတ္တ—အတ္တနိယဒိဋ္ဌိအားဖြင့်ရင်း၊စွဲဝင်၍- မရနိုင်ခြင်း- ထင်ရှားဘိသကဲ့သို့၊ ထို—စိတ်,နှင့် စေတသိက်တို့သည်၊ မိမိ, ရုပ်နာမ်, ခန္ဓာထဲ၌— စိတ် (၈၉) ပါး စလုံးသည်ရင်း၊ စေတသိက်(၅၂)ပါးစလုံးသည်ရင်း၊ စင်စစ်, အရှိတရားအဖြစ်ကပ်ရောက်နေကြသည်လည်း မဟုတ်ပါကုန်၊ မနာယတန- ဝိပါက်မနောဓါတ်သည်၊ အဇ္ဈတ္တိက— မှန်သော်ငြားလည်း၊ ဓမ္မာယတန— ဗဟိဒ္ဓတရား-စေတသိက်(၅၂)ပါးနှင့်- အမြဲယှဉ်မှု- ရံခါယှဉ်မှု- သမ္ပယုတ္တဓမ္မအမှုဖြင့်— ရုပ်ပါပေါင်းလျက်- သင်္ခတပြုနိုင်မှသာ, သင်္ခါရအစု— "ဖြစ်ပျက်"ဟု ပေါ်ထွက်လာရခြင်းဝိပါကဝဋ်အခင်းမြောက်အောင်-ဖြစ်ပွားကြရခြင်းသာ ဖြစ်ပါသည်။ထို့ကြောင့်ဤ— ဝိညာဏ်, နာမ်, ရုပ်တရားသည်၊ မဖြစ်ခင်ကလည်း- ဖြစ်ရန်စုပုံ- ရှိနေကုန်သည်ဟူ၍- ကာလ-ဌာန- အားဖြင့်, ပြစရာမရှိ။ ဖြစ်ဆဲခဏ၌- ချုပ်ဆုံးပြီးဆိုပါကလည်း၊ ကာလ-ဌာန-ရာသီ, အစု, အပုံ, အားဖြင့်- မရှိကုန်သော- တရားတို့သာဖြစ်ပါသည်။ သို့သော်= အဝိဇ္ဇာသည်- ဤ၍ဤမျှက-အစပြုသော်၊ သင်္ခါရသည်- ဤ၍ဤမျှမှစ၍- ဖြစ်ခြင်းကိုမူ၊ တားမြစ်နိုင်သူ တယောက်မျှလည်းမရှိ။ အဝိဇ္ဇာသည်- မရှိလတ်၍- သင်္ခါရသည်- မဖြစ်အပ်သော်၊ သင်္ခါရဖြစ်ရန်- တစုံတယောက်သော- တန်ခိုးရှင်တို့သည်- ဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်။ သင်္ခတ, ပရမတ္ထသစ္စာသည်- ရုပ်အားဖြင့်-အဋ္ဌဝီသ(၂၈)ပါး၊ နာမ်အားဖြင့်-တေပညာ

သ(၅၃)ပါးဟု ဆိုအပ်သော-ထင်ရှားကေန်ရှိသောတရားသည်၊ သူပိုင်, ငါပိုင်, ပုဂ္ဂိုလ်, သတ္တဝါ- လူ, နတ်, ဗြဟ္မာပိုင်တရားများ မဟုတ်ကြပါပေ။ သခ်ိတ, တရားပီပီ- ပြုပြင်စီရင်ခံရပြီဆိုသည်နှင့်တပြိုင်နက်၊ (ဝါ) အဝိဇ္ဇာသည် ထင်ရှားရှိသည်- ထင်ရှားဖြစ်လတ်သည်နှင့် တပြိုင်နက်၊ သင်္ခါရတို့သည်လည်း- ထင်ရှားဖြစ်ခြင်းသို့- သက်ဝင်ရ၏၊ သင်္ခါရတို့- ထင်ရှားဖြစ်လတ်သော်၊ ဝိညာဏ်တရားတို့သည်- ထင်ရှားဖြစ်ရပြန်၏။ ဝိညာဏ်တရားတို့- ထင်ရှားဖြစ်လတ်သော်၊ နာမ်, ရုပ်တရားတို့ ထင်ရှားဖြစ်ရပြန်၏။ ဤသို့သော= ပဋိစ္စ- အဝိဇ္ဇာအစရှိသော- အကြောင်းကိုစွဲ၍၊ သမုပ္ပါဒ်- သင်္ခါရတို့ဖြစ်ခြင်းသည်၊ ဣဒပ္ပစ္စယတာ- ဤ- အကြောင်းကြောင့်- ဤအကျိုးတည်းဟူသော- "ပစ္စည်း- ပစ္စယုပ္ပန်" အဆက်ဆက်ဟု ဆိုအပ်သည့်- ဘဝစက်သည်၊ (ဝါ) ဖြစ်ခြင်းလည်ပတ်- ကြောင်းကျိုးမပြတ်ခြင်းသည်၊ ပရမတ္ထသစ္စာ (၂၈+၅၃) ရုပ်နှင့်နာမ်-(၈၁) ပါးလုံးသောတရားတို့အား၊ သခ်ိတံ- အကြောင်းတရားတို့- ပြုပြင်အပ်ငြားသည့် အလျှောက်ကာမဓါတ်- ရူပဓါတ်,အရူပဓါတ်ဟု- ဆောင်အပ်မသေ့-ဘုံသုံးထွေ၌၊ သခ်ိတပရမတ်တရားတွေသည်သာလျှင်၊ သခ်ိတဒါဏ်ချက်ကြောင့်- ဓါတ်ဟုဆောင်လျက် ရုပ်, နာမ်, ပေါ်ထွက်ခါ၊ ခန္ဓာငါးဖြာ,ရအပ်လာသောဘုံဟုရင်း၊ ခန္ဓာလေးဖြာရအပ်ပါသောဘုံဟုရင်း၊ခန္ဓာတပါးသာ-ရငြားပါသောဘုံဟူ၍ရင်း၊ ဖြစ်ပွားကြရသည်ကို ကြည့်ပါက၊ ပိုင်စိုး, ပိုင်နင်း,အစိုးတရ- မရှိအပ်သည်က အမှန်။ လိုရာလိုရပ်- လိုက်ပါတတ်သည့်- ဓါတ်ပရမတ်လည်း မဟုတ်၊ ကြောင်း,ကျိုးသရုပ်- ခဏတ္တယ- တမုဟုတ်မျှဖြစ်၍၊ အနှစ်သာရလည်းမရှိ။ အဲဒါကို- အတ္တငါ,ဘယ်နေရာမှာ ထားစရာရှိသလဲဟု၊ စေ့စေ့စပ်စပ်- ဇကာနှင့်တိုက်- ပိတ်စနှင့် စစ်၊ ဘယ်လိုဖြစ်ညှစ်ရှာလို့မှ- မရနိုင်တာ အမှန်ဆိုတာ၊ လယ်ပြင်မှာ, ဆင်သွားသလိုထင်ရှားသည့်တကြောင်း၊ လက်ပေါ်တင်ထား- ပတ္တမြားကဲ့သို့၊ မြင်ငြားနိုင်သည်- တကြောင်းတို့ကြောင့်၊ သဿတ, ဉစ္ဆေဒ- ဦးခေါင်းကိုဖြတ်ချကာ၊ ငါလုပ်မရတာ- အတ္တလုပ်မရတာ- အနတ္တသာ ဝေကန်လို့- မသွေမလှန် သုံးသပ်မြဲမြံ- ဆုံးဖြတ်ဉာဏ်, ချလိုက်ကြစေလိုပါသည်။

အဲဒီလို- အဇ္ဈတ္တိက, ရုပ်(၂၈)ပါးနဲ့၊ စိတ်နာမ်တရားမှာ- ဗဟိဒ္ဓရုပ်နှင့်စေတသိက်တရားတို့၊ အတူဖြစ်- အတူပျက်- အာရုံအတူယူ- ဝတ္ထုအတူစွဲမှီ၍၊ သခ်ိတ, သင်္ခါရအယာဉ်, သက်ဝင်ခဲ့ရတာ၊ အဝိဇ္ဇာကစပြီး၊ ဇရာ,မရဏမှာဆုံးပေမဲ့၊ သမုတိမရဏနဲ့သာ- ဆုံးနိုင်ခဲ့ကြပါသဖြင့်၊ (ဝါ)သောက,ပရိဒေဝ၊ဒုက္ခဒေါမနဿ၊ ဉပါယာသ, တွေနဲ့သာ- ဆုံးနိုင်ခဲ့ပါသဖြင့်၊ (ဝါ) အဝိဇ္ဇာဖုံးလို့-

သင်္ခါရသုံးမျိုးကို- ယူကြုံးပြီးမှ- ဆုံးနိုင်ခဲ့ပါသဖြင့်၊ သေစိတ်ဆိုတဲ့ စုတိစိတ် ကလေးသည်၊ မိမိချုပ်ငြိမ်းရာမှာ- အကြောင်းမကင်းပါသောကြောင့်၊ သပစ္စယဝိညာဏ်- ပဋိသန္ဓေစိတ်ဆိုတဲ့၊ အဖြစ်တခုနဲ့ အဖြစ်တခု၊(၀၇)စိတ်၊စေတသိက် ရုပ်၊ပရမတ်တရားကို ပြုစီရင်ခြင်းအကြောင်းကြောင့်-ဖြစ်ပေါ်လာခဲ့ရတဲ့-ဝိညာဏ် နာမ်၊ ရုပ်ထဲမှ- စိတ်၊စေတသိက်၊ ရုပ်တို့နှင့်- တဖန်ပြန်ဖြစ်မည့်- ဝိညာဏ်၊နာမ်၊ ရုပ်တခုသို့၊ပဋိ= တဖန်ထပ်၍၊ သန္ဓိ= ဆက်စပ်ပြန်သောသဘောကို- အကြောင်း မကင်းခဲ့သည့်-စုတိဝိညာဏ်ကြောင့်၊ အကြောင်းသစ်ဖြစ်သည့်-ပဋိသန္ဓေဝိညာဏ် မှ၊ အကျိုးဆက်အပ်နှင်းသည့်- ဝိညာဏ်၊ နာမ်၊ ရုပ်စာရင်းသို့- သက်ဝင်ရပြန် ခြင်းသဘောတွင်လည်း၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့- သင်္ခါရကိုသာ- အကြောင်းခံခဲ့ တာပါ၊ ဒီဘက်ရုပ်နာမ်"ဖြစ်ပျက်"မှ၊ ဘယ်- စိတ်၊ စေတသိက်၊ရုပ်၊တရားမျှ (၀၇)ဘယ်၊= ဝိညာဏ်၊ နာမ်၊ ရုပ်တရားကမျှ= ဟိုဘက်၊ ပဋိသန္ဓိစပ်ရာသို့-မပါ မလိုက်- မဖြစ်ထိုက်ကြပုံကို- ပိုင်းခြားသိ၍ရင်း၊ သစ်တနယ်တခွင် ပရမတ္ထသစ္စာ အယာဉ်ဖြင့်- (၈၁)ပါး- ထိုတရားတို့၏- သဘောဓမ္မသတ္တိမျှဖြစ်သော- ဓမ္မ၊ နိယာမအစဉ်သည်၊ ရုပ်၊ နာမ်၊ ခန္ဓာ- သင်္ခါရလို့-အမည်ရသွားသည့် အကြောင်း နှင့် အကျိုးမျှမှလွဲ၍၊ သဿတ-ဥစ္ဆေဒ= ဘဝဒိဋ္ဌိ- ဝိဘဝဒိဋ္ဌိ- နှစ်ဖြာငြိစရာ- အတ္တ၊ အတ္တနိယဒိဋ္ဌိပါ- မပါမရှိသည့်အတွက်၊ ကာမတဏှာ ဝင်စွက်ချက်ကိုပင် လက်မခံသင့်တော့ဘဲ၊ စိတ်နှင့်လာယှဉ်တတ်တဲ့- စေတသိက်၊ နာမ်ဓါတ်ထဲက ကိလေသာနှင့်တွဲသည့် အမဲစက်မှန်သမျှကို- ပေလာယျကံ(၀)ကွက်ချန်ပြီးလျှင် သပစ္စယံ၊ ဝိညာဏ်တဖန်- မဖြစ်ရအောင်၊ သမုစ္ဆေဒ၊ မရဏံအစစ်နဲ့- အသင်္ခတံ အဖြစ်ကို- ရည်ရွယ်ပါ- ဆည်းပူးပါ- ဆုံးဖြတ်ပါ၊ သုံးဝဓါတ်နယ်- လုံးဝ၊ ပြတ်ကွယ်သွားအောင်- ကြိုးစားတော်မူပါ။

ဤသို့= ဖေါ်ညွှန်း- တိုက်တွန်းအပ်ပြီး၍၊ စေတသိက် တရားတို့အား၊ ခန္ဓာအမှု- သုံးစုအနေ သက်ဝင်စေသည်မှာ၊ ဝေဒနာစေတသိက်တရားကို- ဝေ ဒနက္ခန္ဓာ၊ သညာစေတသိက်ကို- သညက္ခန္ဓာ၊ စေတနာစေတသိက် အမှူးရှိသော စေတသိက်၊ ငါးဆယ်ကို၊ သင်္ခါရက္ခန္ဓာဟူ၍၊ မြတ် ဘုရားရှင်သည် ဒေသနာ အစဉ်- ခန္ဓာအလျှဉ် အစုပြု၍- ဟောတော်မူပါသည်။ ထိုမှ ကြွင်းကျန်- ရုပ် နှင့်စိတ်နာမ်ကိုလည်း၊ ရုပ်(၂၈)ပါးကို၊ ရူပက္ခန္ဓာ၊ စိတ်(၈၉)ပါးကို- ဝိညာ ဏက္ခန္ဓာဟူ၍- ဟောတော်မူပါသည်။ ရုပ်ခန္ဓာနှင့်- စိတ်နာမ်ခန္ဓာတို့ကို၊အကျဉ်း အားဖြင့်- ပြသခဲ့ပြီးဖြစ်ပါ၍။ စေတသိက်နာမ်ခန္ဓာသုံးပါးကိုလည်း- အကျဉ်း အားဖြင့်- ပြသပေးသွားပါမည်။

# "ဝေဒနက္ခန္ဓာ"

တရားကိုယ်က= ဝေဒနာစေတသိက်၊ သဘောအဓိပ္ပါယ်က- အာရုံ၏ အရသာကို- ခံစားတတ်သည်။ ဥပမာက= ရေပွက်နှင့်ဥပမာတူသည်။ ဝေဒနာက, နှစ်မျိုး= ကာယိကဝေဒနာ- ရုပ်ကာယ၌- ခံစားရသောသဘော၊ စေတသိက, ဝေဒနာ= နာမ်ကာယ၌- ခံစားရသောသဘော၊ ရုပ်ကာယ၌- ခံစားရသော- ဝေဒနာသုံးပါးက= သုခဝေဒနာ-ဒုက္ခဝေဒနာ-အဒုက္ခမသုခဝေဒနာ။ နာမ်ကာယ၌- ခံစားရသော- ဝေဒနာက= သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ။ ခံစားရခြင်းအတွက်- အာရုံဖြစ်ပေါ်လာတဲ့- အချင်းအရာကလဲသုံးစား၊ ဣဋ္ဌာရုံ-နှစ်သက်သာယာဘွယ်သောအာရုံ၊ အနိဋ္ဌာရုံ- မနှစ်သက်မသာယာဘွယ်သော အာရုံ၊ တတြမဇ္ဈတ္တာရုံ- နှစ်သက်သည်လည်း- မဟုတ်၊ မနှစ်သက်သည်လည်းမဟုတ်သော အာရုံ၊ (တနည်း) ချမ်းသာဘွယ် ရာကောင်းသော အာရုံ၊ဆင်းရဲဘွယ်ရာ- မကောင်းသောအာရုံ၊ မဆင်းရဲ-မချမ်းသာ- လျစ်လျူရှုရာအာရုံ။ အဲဒီ- အချင်းအရာ- ခြောက်ပါးကို- တမျိုးမျိုးအားဖြင့် ဆောင်လာတတ်တဲ့-အာရုံခြောက်ရပ်ကတော့၊ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖေါဋ္ဌဗ္ဗာရုံ-ဓမ္မာရုံ, တို့ဘဲ- ဖြစ်ပါတယ်၊ အဲဒီ= အာရုံတွေရဲ့- ဝင်ထွက်ထိခိုက်ရာကတော့၊ စက္ခုဝတ္ထု- သောတဝတ္ထု- ဃာနဝတ္ထု- ဇိဝှါဝတ္ထု- ကာယဝတ္ထု- ဟဒယဝတ္ထု, ရုပ်တို့ဘဲဖြစ်တယ်၊ အဲဒီ- ဝတ္ထု- ပသာဒါ- ဒွါရရုပ်တွေကနေ- မနောဓါတ်နှင့်တကွ- အာရုံကို- နှလုံးသွင်းပေးတာက- မနသိကာရ- စေတသိက်ဖြစ်တယ်၊ အာရုံကိုတွေ့ထိပြီး- ဣဋ္ဌ, အနိဋ္ဌ-ရသ, ပေါ်ထွက်စေတာက ဖဿစေတသိက်ဖြစ်တယ်။

ဒီတော့- စိတ်နဲ့အတူ- အာရုံကိုရရှိပြီး- ဣဋ္ဌ, အနိဋ္ဌ, ရသ, ပေါ်ထွက်လာတော့၊ ဝေဒနာစေတသိက်က ခံစားတယ်၊ ဝေဒနာစေတသိက်ခံစားနိုင်အောင်- သညာစေတသိက်ကလဲ- မှတ်သားပေးတယ်၊ (၀ါ)မှတ်သိ,သိပေးတယ် အဲဒီ= အာရုံနဲ့- ခံစားမှုဖြစ်အောင်-စေတနာစေတသိက်က- ယှဉ်ဘက်စေတသိက်တွေ စုံညီလာအောင်- စေ့ဆော်ပေးတယ်၊ မိမိဆိုတဲ့- စေတနာကလဲ- တကွနက်ပါဝင်ကယ်၊ "သိ"ဓါတ်- စိတ်ကလဲ- ပဓါန, အချုပ်အားဖြင့်- အသိမပြတ်, ဇောဝီထိအထပ်ထပ်ကို- အလိုက်သင့်ဖြစ်စေအပ်တယ်၊ တဏှာဆိုတဲ့= လောဘ, စေတသိက်ကလဲ- ချမ်းသာ, သာယာဘွယ်အာရုံဖြစ်လျှင်- စိတ်, ဝေဒနာတို့၏- သာယာခံစားချက်ကို-နှစ်သက်ပြီးကပ်ငြိပေးတတ်တယ်၊ကပ်ငြိနှစ်သက်တဲ့အတိုင်း

ဒိဋ္ဌိစေတသိက်ကလဲ မရှိတဲ့ငါကလေးကို ဝေဒနာခံစားမှုထဲဝင်စွဲပြီး- ငါ ခံစားတယ်လို့- လုပ်ထားရာကအစ၊ အမှားတွေမှန်သမျှကို- အမှန်လို့စွဲမြဲယူခါ- သိမှတ်ခံစား- နှစ်သက်ကပ်ငြိ- မပြတ်စေ့ဆော်စေသည့် အဖြစ်နဲ့- တဏှာနဲ့ ဒိဋ္ဌိလွန်ကဲစွာ- ဒွန်တွဲခါဖြစ်ရှိပါသဖြင့်- ကာမုပါဒါန်နဲ့- ဒိဋ္ဌုပါဒါန်တို့- ဖြစ်ရှိစွဲလန်းလာစေပါတော့တယ်။

ထိုသို့- အာရုံရရှိ– ဣဋ္ဌ,အနိဋ္ဌလို့- သိ,မှတ်,ခံစား,စေ့ဆော်တတ်ငြားပြီး၊ ဒိဋ္ဌိ– တဏှာ– ဥပါဒါန်မကွာဘဲ၊ အတိတ်, အာရုံ၏ အရသာကိုအကြောင်းခံပြု၍ ပစ္စုပ္ပန် အထပ်ထပ်, ခံစားမှုရအောင်လဲ စွဲလန်းခါ တောင့်တ တယ်၊ တဖန် ပစ္စုပ္ပန်ခံစားရမှုကို အကြောင်းပြုပြီး– အနာဂတ်အခါမှာလဲ- ခံစားနိုင်ကြောင်း–စွဲလန်းတောင့်တပြန်တယ်၊ တောင့်တစွဲလန်းတဲ့အတိုင်း- ဧစတနာနဲ့ စေ့ဆော်တိုက်တွန်း-ပြုပြင်စီရင်–အားထုတ်ပေါင်းစည်းပြန်တယ်။ ဒီလိုနဲ့- အာရုံ၏အရသာကို ခံစားချက်ပေါ်ထွက်အောင် (ဝါ) ဝေဒနာစေတသိက်က ခံစားသဖြင့်-ဝေဒနက္ခန္ဓာဟု ရေတွက်မှုရောက်အောင်၊ ဒိဋ္ဌိ–အယူ၊ တဏှာ-အလိုကျ၊ ဥပါဒါန်-အဘိနိဝေသ,အားဖြင့်- နှစ်မြုပ်စူးဝင်, စွဲလန်းမှုအလျဉ်ရှိသမျှ-မလွဲတန်းရရှိသွားအောင် ရှာမှီးပေါင်းစည်းအားထုတ်နေမိကြတော့သည်။

ဤသို့အားဖြင့်–ဥပါဒါနက္ခန္ဓာငါးပါး၌၊ ဝေဒနာလျှင် အဆုံးရှိမှုဖြစ်တဲ့ ဝိပါကဝဋ်–အကျိုးခဏတ္တယတရားကို၊ ရပ်ထားနိုင်အောင်, ရပ်သွားနိုင်အောင် ပြုရမဲ့အစား၊ ထပ်ထပ်ပြီးပွားစည်းအောင်သာ၊ တဏှာ–စေတနာကံ, ဥပါဒါန်နှင့် သာ,သာထိုးထိုး=လှမ်းမိုးပြုလုပ်—အားထုတ်ကြကုန်သည်ဖြစ်၍၊ သမုဒယနှင့် သမုဒယသစ္စာထိုက်အောင်၊ နောင်တဖန် ခံစားမှုဝေဒနာလျှင် အဆုံးသော= ဝိညာဏ်, နာမ်ရုပ်, သဠာယတန-ဖဿ-ဝေဒနာကို၊(ဝါ)ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ,ဟု ဆိုအပ်သော ခန္ဓာငါးပါးကို၊ သံသရာတခွင် အမျှင်မပြတ်အောင်၊ (ဝါ)ကြောင်းကျိုးဆက်စပ်- ပဋိစ္စ,သမုပ္ပါဒ်,စက်ရဟတ်မပြတ်အောင်၊ အဖန်ဖန်ပြန်ရမည့် ဇာတ်ကိုသာ- တရံမလပ်- က, ပြနိုင်ရန်— ဒုက္ခဇာတ်ရုံကြီးကို တည်ဆောက်ခါ—နေကြပါဘိတော့သည်။

အထက်ပါ- ဝေဒနာအစု- ဖြစ်ပေါ်မှု အကြောင်းအပေါင်းနှင့်တကွ၊ **ဝေဒယိတလက္ခဏာ**=ခံစားကာမျှမတ္တ, ဆောင်နှင်းတတ်သော- ဓါတ်သဘာဝ **ဖေါ်**ပြသည့်- အခါအခိုက်အထိ၊ လိုက်လံဆန်းစစ်ကြည့်လျှင်- အဘယ်မည်သော စိတ် စေတသိက်, ရုပ်တရားတို့တွင်မျှ၊ အတုံးအလုံးအခဲ, အထည်ဒြပ်, သဏ္ဌာန်

ဟူ၍လည်း တည်ပြစရာလုံးဝရှာမရ။ ကိုယ်ပိုင်စွမ်းအား- အနှစ်သာရအားဖြင့်- စိတ်ကလည်း-မသိရှိနိုင်၊ မနသိကာရကလည်းနှလုံးမသွင်းနိုင်၊ ဖဿကလည်းတွေ့ ထိမပိုင်၊ ဝေဒနာကလည်း-မခံစားနိုင်၊ သညာကလည်း-မှတ်သားလို့မရ၊ သင်္ခါရ ကလည်း စေ့ဆော်၍မဖြစ်— ထိုစံနစ်ကို ကြည့်ပါက၊ အနှစ်သာရနှင့် တကွ— ကိုယ်တိုင်ပြုနိုင်သည့်- အတ္တကလဲ လုံးဝမရှိတာအမှန်။ ပြုစီမံသူ=သာမိက, အရှင်, ပါဝင်သည်ဟု-ငါပင်ပြု၍၊ လိုအင်လိုရပ်-ဖြစ်အပ်ကြစေ- ခိုင်းစေလို့လည်း- မရ အမှန်၊ အတ္တကိုကြံဖန်ဝင်နွဲ-စွဲယူ၍လဲမရ။ ဘာဖြစ်လို့လဲဆိုတော့= မြဲဒါကလေး က,ဒါ၊ အဲဒီအထဲ-အတ္တငါတွဲနိုင်ပါသေးတယ်လို့၊ ကိုင်ပြချိန်တွယ်, တိုရှည်တိုင်း ထွာ-ပုံသဏ္ဌာန်လွှာကလေးနဲ့ကလဲလုံးဝပြစရာမရှိအောင်။တကယ်အနိစ္စ-အဟုတ် အနိစ္စ= ရုပ်တရားတွေ မမြဲကြပုံကဖြင့်၊ မျက်စိတမှိတ်-လျှပ်တပြက်မှာ (ကုဋေ- ၅၅၈၂-ကုဋေ, သုံးသန်း-ငါးသိန်း-နှစ်သောင်း-ကိုးထောင်-လေးရာ-တဆယ့် နှစ်ခု)မျှ "ဖြစ်ပျက်" ချုပ်ဆုံး-ကုန်ပျောက်သဉ်းခါ—နိစ္စနိမိတ်,လုံးဝဆိတ်လျက်၊ ခံစားမှုဝေဒနာအစ-နာမ်ခန္ဓာတရားတွေ ကျပြန်တော့လဲ၊ မျက်စိတမှိတ်- လျှပ် တပြက်အတွင်းမှာ (ကုဋေ ၁၃၁၇၆၇-ကုဋေခြောက်သန်း-သုံးသိန်း-ခြောက် သောင်း-သုံးထောင်-လေးရာ-လေးဆယ်ခု)မျှ- ခဏတ္တယမှုပေါင်း "ဖြစ်ပျက်" နာမ်အပေါင်းတို့-ချုပ်ပျောက်ကုန်ဆုံးခါ သဉ်းဆိတ်ခြင်းလုံးလုံး- ဖြစ်ရလျက်ရှိ ရာ၊ ဘယ်မှာလဲ-ထောက်တည်ရာအစမဲ့၊ မြဲပါတယ်ဆိုတဲ့ အနှစ်ကလေးကို-ဘယ် စံနစ်နဲ့မှ ရှာဖွေ၍ မရအောင်-အနတ္တအမှန်တရားမို့၊ အနိစ္စ- အနှစ်မပါ,ပါဘူး လို့- ရုပ်ကလဲဖော်ပြနေပါလျက်၊ ဝေဒနာကလဲ ဖော်ပြနေပါလျက်- စိတ်ကလဲ ဖော်ပြနေပါလျက်၊ သညာကလဲ ဖော်ပြနေပါလျက်၊ စေတနာ- သင်္ခါရကလဲ ဖော်ပြနေပါလျက်၊ ဘယ်လို ဖော်ပြနေသလဲ ဆိုတော့— သ,ကာယအနေသာ ဖြစ်ပါတယ်လို့ ဖော်ပြနေပါတယ်၊ (ဝါ) သ-အကြောင်းအပေါင်းနှင့် တကွ၊ ကာယ— ရုပ်အစု- နာမ်အစု "ဖြစ်ပျက်"မှု အစုအပေါင်းပါလို့ (ဝါ) အထက် ဖော်ပြ-ရုပ်က, ကုဋေ-ငါးထောင်ကျော်- နာမ်က, ကုဋေတသိန်းကျော် "ဖြစ် ပျက်" နေခြင်းမျှသာပါလို့- ဖော်ပြနေပါတယ်။

အဲဒါကို-ငါလို့ဘယ်သူက စွဲယူတာလဲဆိုတော့၊ ပုဂ္ဂိုလ်, သတ္တဝါ-ဦးဖြူ ဦးမဲ၊ဒေါ်ဖြူ-ဒေါ်ညိုကစွဲယူတာ-မဟုတ်ပါဘူး၊ပုဂ္ဂိုလ်,သတ္တဝါ-ယောကျ်ား, မိန်းမ- ဦးဖြူ-ဒေါ်ဖြူဆိုတာက- ရှိမှမရှိဘဲ၊ သူတို့က နံမည်အခေါ်ခံရရုံမျှဘဲ၊ သူတို့ကစွဲယူတာလဲ မဟုတ်=စွဲယူလို့လဲ ရနိုင်တာ မဟုတ်ပါဘူး၊ ဒါဖြင့်- ဘယ် သူက-အနတ္တကို- အတ္တသက္ကာယနဲ့စွဲယူတာလဲ ဆိုတော့...။

"သန္တော သံဝိဇ္ဇမာနော- ကာယော သက္ကာယော၊
သက္ကာယေဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"က-ပါတဲ့....၊

သန္တော သံဝိဇ္ဇမာနော-ပရမတ္ထအားဖြင့် ထင်ရှားလာသောအကျိုးတရားသည်၊ (၀၁)စိတ်,စေတသိက်, ရုပ်, သင်္ခတ-ပရမတ္ထတရား၏ အကြောင်းရှိ,စွမ်းရည်သတ္တိဆိမ့်-ဓါတ်အလီလီအားဖြင့် ဆောင်နှင်း၍ ဝိညာဏ်,နာမ်,ရုပ်,ဟု ထင်ရှားလာသောအကျိုးတရားသည်။ ကာယော-ရူပကာယ,နာမကာယခေါ် "ရုပ်ဖြစ်ပျက်"အစုအပေါင်း "နာမ်ဖြစ်ပျက်" အစုအပေါင်း မျှသာတည်း။ သက္ကာယာ- အကြောင်းအပေါင်းကြောင့်- ထင်ရှားဆောင်ပြ- ခဏတ္တာယ, အကျိုးရုပ်, နာမ်မျှသာတည်း။

သက္ကာယေ=ထိုရုပ်နာမ်အပေါင်း-အကြောင်းအကျိုး-တန်ဘိုးမရှိ "ဖြစ်ပျက်"အတိဌ်၌၊ ဒိဋ္ဌိ- မှားသောအားဖြင့် (၀၁) ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, သ္မီး, သားစု အမှားပြုသောအားဖြင့်၊ စွဲယူသိမြင်နေခြင်းသည်။ သက္ကာယေဒိဋ္ဌိ—သ,ကာယတွင်-ဒိဋ္ဌိကစွဲဝင်နေသဖြင့် သက္ကာယဒိဋ္ဌိမည်။ ။

အဲဒီလို- အစွဲခံတရားက–ခံစားမှုလျှင် အဆုံးရှိသည့်-ရုပ်နာမ်တရား-ခန္ဓာငါးပါး၊ အတ္တငါလို့စွဲယူတတ်တာက-ဒိဋ္ဌိစေတသိက်တရား၊ စွဲယူပုံ-အချင်းအရာတွေကတော့၊ ရုပ်တရားမှာ အာရုံအားဖြင့် ထင်ရှားလှသည့်၊ မာ, ပျော့- ဖွဲ့, ယို၊ ပူ,အေး၊ ထောက်ကန်၊ ဝဏ္ဏ,အဆင်း၊ သဒ္ဒ-အသံ၊ ဂန္ဓာ-အနံ၊ ရသာခံနှင့်-တဖြာတွေ့ထိ၊ ကြံစီသိရ၊ ဣတ္ထိယ,ပုရိသာ၊ မူဗျာပါပြင်၊နှစ်သွင်ဝိညတ်၊လှုပ်ရှားဓါတ်ဖြင့်၊ သွား,ရပ်-ထိုင်, လျောင်း၊ ရုပ်ခန္ဓာ, လက္ခဏာဆောင်ကြောင်း မှန်သမျှ- ငါ့အတ္တလို့- အာကာရပစ္စုပဋ္ဌာန်- လက္ခဏာဉာဏ်ချို့တဲ့သဖြင့် (၀၁) အဝိဇ္ဇာဖုံးခါဖိ၍ သမ္မာဒိဋ္ဌိဉာဏ်မြင်မရှိပါသဖြင့်၊ သ,ကာယာတွင်, ဒိဋ္ဌိစွဲလျက်၊ အတ္တငါ မြဲချက်နာရပါတော့သည်။

ဝေဒနာကျတော့လဲ-ခံစားတာငါ၊သညာကျတော့လဲ-မှတ်သားတာငါ၊ စေတနာ, သင်္ခါရကျတော့လဲ- စေ့ဆော်တာငါ၊ ဝိညာဏကျတော့- သိတာကငါလို့-ရုပ်ပေါ်မှာ အချင်းအရာ အဖုံဖုံစွဲသလို=နာမ်ပေါ်မှာလဲ အတ္တငါအစွဲကအသီးသီးစွဲယူချက်ကို လုံးစွာဖြင့်-အန္ဓပုထုဇဉ်အဖြစ်မှာ- တွယ်ခါညစ်ထွေး-ခွါပစ်ရန်ရေးရေးမျှပင်မမြင်နိုင်အောင်–မှောင်ကြီးချခံရကာ-အဝိဇ္ဇာအမှောင်အောက်တွင် ဒိဋ္ဌိပင်, အဆိပ်သီးတွေ-ပေါက်ရောက်ပြီးသီးနေသည်ကို၊ အရိပ်ကြီးကလဲ–ခိုစရာ-အသီးကလဲ, ချိုမြိန်လှပါသဗျာဟု- အဖေါ်တဏှာသာယာပေးနေတာကို လားလားမျှ မရိပ်စားမိအောင် ဖြစ်ရှိ၍ နေကြရတော့သည်။

ဤကဲ့သို့၊ အဝိဇ္ဇာ-တဏှာ—မူလနှစ်ဖြာတို့သည်။ "အဝိဇ္ဇာယ နာမ ကာယော ပဒဋ္ဌာနံ" အရ၊ နာမကာယော- နာမက္ခန္ဓာလေးပါးတို့သည်၊ အဝိဇ္ဇာယ- တွေဝေဖုံးကာ- အညာဏာဟု-မှန်ရာမသိ-အဝိဇ္ဇာ၏၊ (ဝါ) အဝိဇ္ဇာဖြစ်ခြင်း၏၊ ပဒဋ္ဌာနံ-နီးစွာသောအကြောင်းဖြစ်၏။ "တဏှာယ ရူပကာယော ပဒဋ္ဌာနံ" အရ၊ ရူပကာယော-ခန္ဓာတပါး-ရုပ်နှစ်ဆယ့်ရှစ်ပါးသည်၊ တဏှာယ—သာယာနှစ်သက် တောင့်တ တပ်မက်တတ်သော တဏှာ၏၊ ပဒဋ္ဌာနံ-နီးစွာသောအကြောင်း ဖြစ်၏ဟု- နေတ္တိအဋ္ဌကထာမှာလာရှိသည့်အတိုင်း၊ ရုပ်ကာယနဲ့ နာမ်ကာယ-နှစ်ရုပ်ပေါင်း၍ သက်ဝင်ခဲ့ရသည့်-ခန္ဓာငါးပါးရလာတာကိုက၊ ဝဋ်မြစ်မူလ- အဝိဇ္ဇာနှင့် တဏှာကြောင့်ပင် အမျှင်မပြတ်အောင်- သက်ဝင်ခဲ့ရပါသည်။ အတိတ်၊ အဝိဇ္ဇာ, သခ်ါရကြောင့်— "ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ပစ္စုပ္ပန်အကျိုးတရားကို၊ ပဋိသန္ဓေခဏက ရရှိလာပုံကို ပြန်ကြည့်ရင်၊ကံသခ်ါရက ဂတိတခုခုကို ပစ်ချပေးစွမ်းနိုင်ခြင်းသို့ သက်ဝင်သည့်- ပဋိသန္ဓေဝိညာဏ်သည်၊ အဝိဇ္ဇာဖုံးလွှမ်းခံထားရချက်ကြောင့် ငန်းငန်းတက်- ရှေ့ရှုဆက်စပ်မှုကို- ဆောင်ရွက်တာနဲ့ တပြိုင်နက်၊ ပဋိသန္ဓေ, ကလလရေကြည်- ရုပ်သုံးဆယ်ကို ကံနဲ့တည်၍ဖြစ်လိုက်သည့်အခါ၊ ငါ့အကျိုး ဝိပါက်တရားလို့-နောက်တဥပါဒ် ပဌမဘဝင်, ပဝတ္တိဝိညာဏ်စိတ်ကလေးသည်၊ တဏှာနဲ့သိမ်းပိုက်လာခဲ့ပါတယ်။ အဲဒီလို-မူလနှစ်ဖြာမှ- အတိတ်အဝိဇ္ဇာသည်-ကံလမ်းခင်းပေးရာသို့-ဝိညာဏ်ပါအောင်ဖြစ်စေခြင်း။ ဝိညာဏ်သက်ဆင်း-ရုပ်အခင်းကို၊ တဏှာက ချက်ချင်းပြန်၍- သိမ်းပိုက်လိုက်ခြင်းကို ကြည့်ပါက၊ ယခုပစ္စုပ္ပန်-ခန္ဓာငါးတန်-ရုပ်ကာယနဲ့ နာမ်ကာယတွေ- အတန်တန်ပြန်၍ဖြစ်တိုင်း=ဝေဒနာလျှင် အဆုံးရှိသော အကျိုးတရားသာဖြစ်သော်လည်း၊ နာမက္ခန္ဓာလေးပါး မပြတ်ဖြစ်ပွားခြင်း ဟူသော အကြောင်းကြောင့်၊ အဝိဇ္ဇာ, အဖန်ဖန်ဖြစ်ရခြင်း- နီးစွာသော အကြောင်းနှင့် ရင်ဆိုင်တိုး ပြီး၊ အဝိဇ္ဇာမျိုး မလျော့ပါးတော့ဘဲ၊အဝိဇ္ဇာ ပြည့်ဖြိုးစည်ပင်အောင် ထူထောင်ပေးသလိုဖြစ်နေကြရတယ်။ရူပကာယကလဲ- ခန္ဓာငါးပါးဖြစ်တိုင်း၊မရပ်မဆိုင်း- ပစ္စုပ္ပန်သခ်ါရလိုင်းနှင့်- အတိတ်ကံ-နှစ်ဌာနအရ၊ အဆက်မပြတ်- ဖြစ်ရပျက်ရလေတိုင်း၊ တဏှာဖြစ်ခြင်း၏- နီးစွာသောအကြောင်းကို ဆောင်လျက်၊ မူလ-တဏှာငါ, သာယာချက်ကလေးကို=လျော့ပါး နုတ်ပယ်နိုင်ဘို့အစား-လေးနက်ပြည့်ပွား- ဆောင်ရွက်ပြားနေသကဲ့သို့-ဖြစ်ရှိနေပါတယ်။

အဲဒီလို= အဝိဇ္ဇာမူလ- မောဟမူ စိတ်နှင့်တကွ၊ နာမက္ခန္ဓာ ဖြစ်တိုင်းပါလျက်- လောဘမူစိတ်နှစ်ရပ်ကို၊ ရုပ်အာရုံစစ်စစ်, ငါးဖြာကာမဂုဏ်တို့- ရစ်ပတ်သိုင်းခြုံလို့ဖြစ်တိုင်း၊ ဒိဋ္ဌိကလဲ- အမြဲလို- ဘာ့ယုတ္တမမှအနေနဲ့- ယှဉ်၍ပါဝင်ခါ၊

အဝိဇ္ဇာနဲ့- တဏှာမူလ, အစမသိမ်း- မကုန်သိမ်းနိုင်အောင်၊ ဒိဋ္ဌိက (၀ါ)သက္ကာယဒိဋ္ဌိ- အတ္တဒိဋ္ဌိက၊အန္ဓပုထုဇဉ်မှန်သမျှတို့၏ စိတ်ဖြစ်တိုင်းမှာ၊ (၀ါ) နာမက္ခန္ဓာလေးပါးဖြစ်ပွားတိုင်းမှာ၊ နာမကာယ၏- နီးစွာသော အကြောင်းကြောင့်- အဝိဇ္ဇာ သာနုသယဆိုတဲ့- အနုသယသစ်တွေ- ရစ်ပတ်ပြီး ကိန်းအောင်၊ ရုပ်တရားတို့၏ အချင်းအရာ, အမျိုးမျိုး, ဖြစ်ပွားတိုင်းမှာလဲ၊ (၀ါ) ရူပက္ခန္ဓာ ဖြစ်ပွားတိုင်းမှာလဲ၊ ရူပက္ခန္ဓာ၏ နီးစွာသော အကြောင်းကြောင့်၊ တဏှာ- သာနုသယဆိုတဲ့- အနုသယသစ်တွေ- ရစ်ပတ်ပြီး- ကိန်းအောင်၊ နာမကာယကိုလဲ- ငါ့အတ္တလို့စွဲတဲ့- သက္ကာယဒိဋ္ဌိက၊ ရူပကာယကိုလဲ- ငါ့ဥစ္စာလို့စွဲခဲ့တဲ့- သက္ကာယဒိဋ္ဌိက၊ အနုသယဟောင်းကုန်ကြောင်းကို မငဲ့၊ ကုန်မည့်ကို- စိုးရိမ်ဘိသကဲ့သို့၊ ရုပ်နာမ်ကိုမှီပြီး- အဝိဇ္ဇာ, တဏှာ- အနုသယသစ်တွေကိုရအောင်, ဖြစ်အောင်၊ နှစ်စဉ်- လစဉ်- နေ့စဉ်- နာရီ- စက္ကန့်, ဗီဇနာမလပ်= သက္ကာယဒိဋ္ဌိက-ပင်ပမ်းကြီးစွာ, ထမ်းပိုးယူပေးပြီး၊ အဝိဇ္ဇာ– တဏှာ– အနုသယ– ဒုထယ်, ကြီးသည်ထက်ကြီးအောင်၊ ဒွါရခြောက်ပေါက်ကိုမှီ၍- အခေါက်ခေါက်, အခါခါ- သွန်းလောင်းထည့်ပေးတဲ့, တရားအစစ်၊ ကိုဒိဋ္ဌိ- မဒိဋ္ဌိကို- သမ္မယုတ်အဖြစ်နဲ့-ချစ်ပြီးနေပါင်းလို့- အကြောင်းလုနိုင်ပါအုံးတော့မလား?၊ စဉ်းစားကြပါလေ.... ယောဂီသူမြတ်တို့တတွေ....။

ကဲ....ဒီတော့= ရုပ်တရားမှာ- ဒိဋ္ဌိကွာပြီး- အပေါင်းအသင်း,မလုပ်နိုင်အောင်လဲ- ပြခဲ့ပြီ။ စိတ်ဝိညာဏ်တရားမှာလဲ- ဒိဋ္ဌိ ကို- ပယ် ခွါ နိုင် ကြောင်း- အပေါင်းအသင်း- မလုပ်နိုင်အောင်လဲ- ပြသခဲ့ပြီ။ ယခု- ဝေဒနာ စေတသိက် ဝေဒနက္ခန္ဓာတရားတွင်၊ ဒိဋ္ဌိကို ဖြုတ်ခွါလျက်- အပေါင်းအသင်း- မလုပ်သင့်ကြောင်း- ပြခဲ့ပါပြီ။ ဒီနေရာမှာ=ဝေဒနာနုပဿနာသတိပဋ္ဌာန် အနေအားဖြင့် ကျယ်ဝန်း၍၊ မပြသနိုင်တော့ပါ။ နောင်,အလျဉ်းသင့်လျှင်-ဝေဒနာနုပဿနာ လုပ်ငန်းခွင်ဝင်- ကျင့်စဉ်ကို၊ ပစ္စက္ခဉာဏ်, အနုဗောဓဉာဏ်တို့နှင့် ခိုင်မာသော ကျင့်စဉ်လမ်းကို- စာတအုပ်အနေဖြင့်- စီစဉ်ပေးမှ- လုံလောက်နိုင်မည်ဖြစ်၍၊ အချိုအဝက်မျှဖြင့်တော့- မပြဆိုနိုင်တော့ပါပြီ။

ထို့ကြောင့်၊ ဝေဒနာစေတသိက်တရားကိုယ်ရှိသော၊အာရုံ၏အရသာကို ခံစားတတ်သည့်- ဝေဒနက္ခန္ဓာတရားသည်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၏- အရှုခံအာရုံတရားဖြစ်ပြီး၊ ဥပမာအားဖြင့်- ရေပွက်နှင့် ဥပမာတူသည်ဟု- ပြဆိုပါသည်။ ခံစားမှုသဘောကဝေဒနာ-ရေပွက်က, ရေပွက်၊ တခြားတပါးစီ ဖြစ်သော်လည်း၊ ဥပမာနှင့်- ဥပမေယျတွင်၊ ဥပမာနတူမျှပုံကို ဉာဏ်ချက်ထောက်၍ ဝေဒနာနုပဿနာ ရှုပွားနိုင်ပါသည်။ (ဥပမာ) ကြိုက်ကြိုက်ဆူနေသော-ရေနွေး

ရေပူပွက်ကလေးတို့သည်၊ စတင်ပွက်စဉ်ကမူ၊ ဟိုနားတပွက်, ပွက်လိုက်- ပျက်သွားလိုက်၊ ဒီနားတပွက်, ပွက်လာလိုက်၊ ပျက်သွားလိုက်ဖြင့် ရှိခဲ့ရာမှ၊ တစ, တစ,ဖြင့်- တပွက်ပြီးတပွက်- အဆက်မပြတ်- ပွက်ပွက်, လာလိုက်ကြသည်မှာ၊ ဟိုနား, ဒီနားဟု- ပိုင်းခြားဆိုစရာမရှိအောင်၊ ရေနွေးတပြင်လုံး- တဖြုံးဖြုံးအားဖြင့်- ပွက်, ပွက်နေသည်ကို- မြင်သောသူသည်၊ထိုရေပွက်တို့အား- ရေတွက်ခြင်းငှါငှင်း၊ ရေပွက်တပွက်ကို- ပွက်ပြီဟုမြင်သိ၍- မဆုံးမှီ- ထပ်မံပွက်၍ ပျက်ပျက်နေပုံကိုငှင်း၊ ဆက်တိုက်မြင်တွေ့နိုင်ပါတော့သည်။

ထိုနည်းတူစွာ= ခန္ဓာငါးပါး, တပြိုင်နက်ဖြစ်ပွား၍- တပါးပါးသော-အာရုံ၏- အရသာကို- ခံစားတတ်သည့်- ဝေဒနာစေတသိက်တရားသည်၊ ဖဿမြောက်ပြီး- အာရုံ, ဒွါရ- မပြောင်းရွှေ့သမျှ၊ (ဝါ) စက္ခုနှင့်- ရူပါရုံ- ဖဿနှင့်ပေါင်းဆုံပြီး၊ စက္ခုသမ္ဖဿဇာဝေဒနာအားဖြင့်- (ဝါ) စက္ခုဒွါရဝီထိအားဖြင့်လေးငါးကြိမ်မျှ- ဖြစ်ရှိပြီး၊ ထိုအာရုံကို- ကြိုက်,မကြိုက်- လေးငါးကြိမ်အတွင်းကြိုက်၏ဟု- ဆုံးဖြတ်ခါ၊ ခံစားလိုလားလိုက်သည်နှင့် တပြိုင်နက်၊ မနောသမ္ဖဿဇာဝေဒနာအဖြစ်၊ မနောဝိညာဏဝီထိစိတ်တွေဖြစ်ခါ၊ အာရုံ, ဒွါရ- မပြောင်းမရွှေ့- ဖဿနှင့် ပေါင်းတွေ့ရယူလျက်၊ ထိုကြိုက်၏ဟု ဆုံးဖြတ်ခဲ့သော အာရုံ၏အရသာကို, ထိထိ,မိမိ, ဝေဒနာစေတသိက်က ခံစားပြီး၊ သညာက, ကောင်း၏ကြိုက်၏ဟု ဆုံးဖြတ်မှတ်သားလျက်၊ စေတနာက စေ့ဆော်ပြီးလျှင်၊ ရူပါရုံ၏-အရသာကို- ဝေဒနာစေတသိက်က- အထပ်ထပ် ခံစားလိုက်ရာ၊ ကြိုက်၏ဆိုတဲ့-သညာ, မှတ်သားပေးသည့်- အချက်ကစပြီး၊ ဘယ်သူဝင်စွက်လာသလဲဆိုတော့-တဏှာပါလာခဲ့တယ်။ သညာက, မှတ်သားမှုတခုဘဲပြုတယ်၊ ဝင်ကြိုက်နှစ်သက်တာကို- တဏှာက, ကြိုက်နှစ်သက်တယ်။ တဏှာကြိုက်တိုင်း- ကောင်း၏လို့မှတ်သားပေးတော့၊ ဝေဒနာက, ခံစားတယ်၊ စိတ်က,သိတယ်၊တဏှာအကြိုက်သာ- ဆုံးဖြတ်မှတ်သား, ခံစားရတဲ့, ရူပါရုံရဲ့ အရသာတရားဟာ၊ သောမနဿသဘောကျ- နှစ်ခြိုက်ထာ၊ (ဝါ) စိတ်တိုင်းကျ- စိတ်ဆန္ဒ, ရာဂ, အာလယ-အလို, ပြည့်ဝသွားအောင်၊ သောမနဿဖြစ်လိုက်ထာလို့၊ သိတယ်, ဆုံးဖြတ်လိုက်တယ်၊ အဲဒီ, သဘောထဲမှာ၊ သောမနဿက, စိတ်= ဒါပေမဲ့- သူ့ချည်းဘဲလားဆိုတော့ မဟုတ်ဘူး၊ ဝေဒနာနဲ့ (ဝါ) ခံစားမှုနဲ့-နှီးနှောထားတဲ့-စိတ်၊ ဝေဒနာနဲ့ နှီးနှောမှုဖြစ်သွားရတာကတော့၊ ကြိုက်, မကြိုက်,သဘောကိုကြိုက်၏လို့- မှတ်သားခဲ့တဲ့- သညာနဲ့အတူ- ပါဝင်လာတဲ့- တဏှာကြောင့်ဘဲဖြစ်တယ်။ ခံစားခြင်းနဲ့- နှီးနှောတဲ့- သောမနဿစိတ်ဖြစ်ပြီး-အာရုံ၏ အရသာကို- အသိ, အမှတ်နဲ့- ခံစားခြင်းကြောင့်၊ သောမနဿဝေဒနာလို့- အမည်ရ

သွားတော့တယ်။ဒီတော့= ဘယ်ရောက်သွားသလဲ- စေတသိက, ဝေဒနာအဖြစ် ရောက်သွားတယ်၊ မူလ,စက္ခုသမ္ဖဿဇာဝေဒနာဆိုတဲ့- စက္ခုဒွါရဝီထိ- လေးငါး ခေါက်တုံးကတော့၊ ကာယိက- ဝေဒနာကနေ= (ဝါ) စက္ခုသမ္ဖဿဇာ-ဝေဒ နာ- ပဋ္ဌဝိညာဏ်စိတ်ကနေ၊ ထိုရူပါရုံကို- မစွန့်လွှတ်မူ၍၊ ဘယ်သူ့ကြောင့်- မစွန့်လွှတ်သလဲ?၊ ဆန္ဒောကာမော- ကာမစ္ဆန္ဒောဆိုတဲ့ ကိလေသာကာမတဏှာနဲ့ စေတနာက- မစွန့်လွှတ်တာ၊ ဒါလဲ- ဘယ်သူပါဝင်လို့လဲဆိုတော့- ကြိုက်ဆိုတဲ့ တဏှာလောဘက- ကာမဂုဏ်ကို- ကပ်ငြိသည်၊ ဆန္ဒကရလဲရချင်သည်ဆိုတဲ့- ထို ကြိုက်အာရုံကို-တပ်မက်တောင့်တချက် စွက်ပေးလိုက်တော့။ ကာမစ္ဆန္ဒ-တဏှာ စေတနာနဲ့- အဲဒီ, အာရုံကို- မစွန့်မလွှတ်မူ၍၊ ဘာဖြစ်သလဲဆိုတော့၊ မနော သမ္ဖဿဇာဝေဒနာ- မနောဝိညာဏ်စိတ်ဖြစ်တဲ့- သောမနဿ, သဟဂုတ,စိတ်နဲ့ အတူတကွ- ဝေဒနာတွင် ယှဉ်ဘက်စေတသိက်, အယာဉ်တို့နှင့်- မရေမတွက်နိုင် သော- စိတ္တက္ခဏပေါင်းများစွာဖြင့်- ခံစားလိုက်လေပေါ့။ အဲဒီလို=ဣဋ္ဌာရမ္မဏ ကြိုက်တဲ့အာရုံကို- ငါးခန္ဓာအစုံနှင့်- ကိလေသာ အဖုံဖုံ, အသင်းအပင်း တွေနဲ့ ပါ ခံစားလိုက်ပြီဆိုတော့၊ သောမနဿ-ဝေဒနာဆိုတဲ့- တဏှာအပြည့်နဲ့ အလို ရှိသ၍- ခံစားလိုက်ရလျှင်- ပါးစပ်ကပင်- မြည်လာပါသေးတယ်။ ဒီတခါတော့ တောင့်တချက်ဖြည့်ဝပြီး- အာလယကို- ပြေသွားတာဘဲ၊ (တနည်း) ချင်ခြင်းကို ပြေသွားဘဲတဲ့၊ အဲဒီ-ထိအောင်ဖြစ်ရှိပြီးတော့လဲ၊အတောသတ်ပလားဆိုတော့၊ အတောမသတ်သေးဘူး။ နောက်, ဒါမျိုးများဆို- ဘယ်နှစ်ခါ= ကြုံရ, ကြုံရ ခံစားချင်စမ်းပါဘိလို့လဲ- စွဲလန်းပြီး- ကပ်ငြိထားတတ်တဲ့အထိ၊ အာရုံ၏အရသာ ကို- မျှော်လင့်ထားတတ်ကြသေးတယ်။

အဲဒါ= အမှတ်မထင်- ရိုးရိုးဖြစ်စဉ်ထဲက- စေတသိက, ဝေဒနာ- သော မနဿနဲ့- ခံစားဖြာထွက်လာပုံကို-ပြောတာ။ တဏှာရှေ့ပြေး- စေတနာမွေး ပြီးရှာတဲ့- ခံစားချင်မှုမျိုးကျတော့၊(ဝါ) ခင်သန်းနုပါတဲ့ ကားမို့- တင်တင်ညို ပါတဲ့-ဇာတ်ကားမို့၊ ဝင်းဦးပါတဲ့ကားမို့၊ ဦးဦးဖျားဖျား ကြည့်ရအောင်၊ ကြိုတင်လက်မှတ်ဝယ်ယူထားဒါမျိုးကျတော့၊ တဏှာက, စက္ခုသမ္ဖဿဇာ, ဝေဒနာထဲကျမှ- ပါလာတာမဟုတ်ဘူး၊ စလုံးရေ- မစခင်ကထဲက- ဘယ်နေ့, ဘယ်နှစ်နာရီပွဲကျရင်- မိမိအကြိုက်, ခံစားရတော့မယ်လို့- တဏှာက- ရှေ့က ပြေးပြီးသားဆိုတော့၊ ကာယိကာဝေဒနာ-စက္ခုသမ္ဖဿဇာ, ဝေဒနာတွင်-ဘယ် တော့မှ- ဖြတ်လို့မရတော့ဘဲ၊ တဏှာရှေ့ပြေး- ဒိဋ္ဌိက မွေးပေးလိုက်တဲ့- ကိလေ သာ အနုသယသစ် မီးကလေးတွေကို- နှစ်သက်ဘွယ်ရာ-ချမ်းသာတရားလို့ လုပ်ပြီး အားရ,ပါးရ-သွားခံစားမှာဆိုတော့၊အနုသယကိလေသာ တခါဖြစ်ရင်-သံသရာ

တကွက်ကျယ်တတ်တာမို့၊ အနုသယ, အသစ်ဖြစ်မဲ့ - ကိလေသာတွေ- နှစ်နာရီခွဲ သုံးနာရီလုံးလုံး- စုရုံးတာမျိုးဆိုတော့- သံသရာတကွက်မကတော့ဘဲ၊ အကွက် ပေါင်းအနန္တ၊ အသင်္ချေပေါင်း့ အနန္တ- ဘယ်တော့မှ- မဆုံးအောင်- ကျယ် ချင်တိုင်း့ ကျယ်နေရအုံးမယ်လို့-တထစ်ချသာ မှတ်ပေတော့၊ဒါပေမဲ့-ကြောက် မက်ဘွယ်- ဆင်းရဲဒုက္ခနဲ့- မြဲမြံရမဲ့အမှုကြီးပါကလားလို့- သတိတရ့သိမ်းဆည်း နိုင်အောင့် ဆုံးဖြတ်ချက်- ချ နိုင် ဘို့ က တော့- မလွယ်လှ- မလွယ်ကြ့ပြန် ပေဘူး။ ။

အဲဒါ= ဘာဖြစ်လို့လဲဆိုတော့- ခံစားမှုကို၊ ဝေဒယိတ့ သဘာဝလက္ခ ဏာမျှလို့- လက္ခဏာ့ ပဋိဝေဓဉာဏ်နဲ့- ဖေါက်ထွင်း၍၊ မသိခြင်းနှင့်- ရေပွက်နဲ့ ဥပမာ- ဘယ်လိုတူတယ်ဆိုတဲ့- ဥပမာနသဘောကို- မသိလို့ဘဲဖြစ်တယ်၊ ရေပွက် (ဥပမာ)သက်သက်လဲ ပြခဲ့ပြီ၊ ဝေဒယိတလက္ခဏာလို့လဲ ဆိုခဲ့ပြီ၊ မိမိဘာသာ မိမိ့ လက္ခဏာပဋိဝေဓဉာဏ်ဖြစ်အောင်- ရှုကြည့်စမ်းပါ၊ ရေပွက်နဲ့ဥပမာန တူမျှ အောင်-ရှာပြီး၊ ခန္ဓာပေါ်တင်ကြည့်စမ်းပါဆိုတော့=မလွယ်ပြန်ပါဘူး။အထက် က့ သံသရာတကွက်- ကျယ်မှုအနန္တတွေ- ပယ်ဖျက်ဘို့- မလွယ်သလို၊ ယခုလဲ့ ပယ်ဖျက်နိုင်ကြောင်း- သက်ဝင်အောင်- အရိပ်ပြခဲ့ပေမဲ့- အကောင်ထင်အောင် ဉာဏ်နဲ့ဆင်ခြင်ပြီး့ ကြည့်ပါဆိုတော့= သာ၍- သာ၍့ပင်- မလွယ်ဘူး- ဖြစ်ရ ပြန်ပြီ။ ။

ကဲ .. ဒီတော့ လွယ်သွားအောင်၊ မြတ်ဘုရား့ တရားမြတ်ကို၊ ဘုရားရှင် သိမြင်စေလိုတဲ့- သဘောသွားရောက်အောင်၊ ဆက်လက်ဆည်းပူးပြီး၊ ဒုတိယ့ မလွယ်တာကလေး့ လွယ်သွားရင်၊ ပဌမ့မလွယ်တာကလေးကိုလဲ- လွယ်လွယ်နဲ့ ပယ်ဖျက်မယ်လို့- သန္နိဋ္ဌာန် တွယ်လျက်- တကယ့် ပယ်ဖျက်ပေးကြပါစို့.... ယောဂီသူမြတ်တို့ ။

(၁) ဝေဒယိတလက္ခဏာ။ ။ ခံစားခြင်းလျှင်- မှတ်ကြောင်း လက္ခ ဏာရှိ၏။ (ဝါ) ခံစားခါမျှသဘောသာလျှင်- မှတ်ကြောင်း့လက္ခဏာရှိ၏။ သတ္တဝါ့ သူသူ့ ငါငါ့ ပုထုဇဉ်အဖြာဖြာတို့က၊ အဲဒီ့အတိုင်း-မှတ်နိုင်သလား ဆိုတော့= မမှတ်နိုင်ကြဘူး။ အဲဒီ- ခံစားမှု့ သက်ဝင်ကြုံဆုံရာဖြစ်တဲ့- "အာရုံ လက္ခဏာ- မြတ်ဓမ္မကို"၊ အမြတ်ဉာဏ်နဲ့- အမြတ်တရားရအောင်- မှတ်သားနိုင် ကြသလားဆိုတော့= မမှတ်သားနိုင်ကြဘူး၊ "အာရုံလက္ခဏာ- ဟီနဓမ္မ"အဖြစ်နဲ့- သာ- မှတ်သားနိုင်ပြီး၊ သာယာနှစ်သက်- တဏှာစွက်သမျှ- အချက်ကျကျ-လိုက် နာ၍- နေကြတယ်။ အမှန်- မြတ်ဘုရားရှင်- သိစေလိုတော်မူတာကတော့၊ပဌမ အချက်အနေနဲ့- ဝေဒနာစေတသိက်တရားကသာ- ခံစားသည်။ပုဂ္ဂိုလ့်သတ္တဝါ

အနေ– ငါတွေက ခံစားတာမဟုတ်ဘူးလို့– အမှတ်မှန်ရပါမယ်၊ အသိမှန် ရပါမယ်၊အယူမှန်ရပါမယ်။ အဲဒီလို= ပုဂ္ဂိုလ်, သတ္တဝါ, ငါမဖက်- သက်သက်သော ဝေဒနာစေတသိက်တရားကသာလျှင်- ခံစားတာပါကလား။ ခံစားရာတွင်လည်း အာရုံ၏- အရသာကို- သူ့အလို စွမ်းပကားနဲ့- ခံစားတာလား၊ သူ့ကိုယ်ပိုင် အစွမ်းနဲ့ ခံစားရအောင်၊ ဖန်တည်းပြီး– သုံးဆောင်နိုင်တာလားဆိုတော့= ဒီလိုလဲ- မဟုတ်ဘူး၊ အာရုံ, ဒွါရ- ပေါင်းဆုံကြ၍၊ ဖဿတလီ- ပြည့်စုံညီမှ- ငါးလီ ခန္ဓာ– ဖြစ်ကြောင်း ဖြာရာအတွင်း၌၊ ဝေဒနာဓါတ်- ဆောင်အပ်လက္ခဏာ- ထင်ရှားလာတာသာ ဖြစ်တယ်။ ပုဂ္ဂိုလ်, သတ္တဝါ- ငါမှာမဖြစ်– ရုပ်နာမ်တရား ခန္ဓာငါးပါးမှာ– ပေါ်ခိုက်ဖြစ်တဲ့- ဓါတ်ရဲ့ဆောင်မှု- ခံစားပြု– လက္ခဏာအမှု- ထင်ရှားလာရုံ– ကြောင်း, ကျိုးဟုန်မျှသာ, ဖြစ်ပါတယ်။

အဲဒီလို= ခံစားမှုအပေါ် ဓါတ်-ဆောင်အပ်လက္ခဏာ= ထွန်းပြုလာသော သဘောတွင်– ခံစားခါမျှ- ခဏတ္တယသဘောမှလွဲ၍၊ အခြားတပါးအားဖြင့်– ရူပါရုံနှင့် ပတ်သက်၍လည်း– ဖူးနိုကြောင်ကြားဆိုတာမရှိ၊ ဝဏ္ဏအဆင်းဓါတ်– ဆောင်နှင်းအပ်၍– မြင်ကောင်းကာမျှ၊ ခံစားမှု ဓါတ်လက္ခဏာ, ပေါ်လာရုဝယ်၊ ချမ်းသာတာလဲမရှိ၊ ဆင်းရဲတာလဲ မရှိ၊ ချမ်းသာ,သည်လည်းမဟုတ်– ဆင်းရဲသည်လည်း မဟုတ်ဟုဆိုသော- သဘောလည်းမရှိ၊ ဖြစ်ပေါ်ခိုက်, ထင်ရှားရှိတာကတော့၊ ခံစားကာမျှ- ခံစားမှုဝေဒယိတလက္ခဏာသာ- ဆောင်နှင်း လာခိုက်မှာ- ထင်ရှား, ဖြစ်ပျက်သွားခြင်း ဖြစ်ပါသည်။ သူသူ, ငါငါတို့က– ခံစားမှုပေါ်လိုက်တာနဲ့- ချမ်းသာတယ်, ဆင်းရဲတယ်, မချမ်းသာ, မဆင်းရဲ, ဖြစ်တယ်လို့၊ တဏှာလောဘနဲ့– ပဋိဃာဒေါသနဲ့- အဝိဇ္ဇာမောဟနဲ့- မှတ်စွဲထား ကြတယ်။ ဒီတော့= ဆေးရုံပေါ်က, လူနာတွေ- ဘာဖြစ်နေသလဲ မေးရင်၊ ဆင်းရဲဒုက္ခဝေဒနာတွေ ခံစားနေကြရတယ်လို့- ဖြေမယ်၊ တိုက်အိမ်ကြီးပေါ်က လူတွေ- နွေရာသီပူပူမှာ၊ ပန်ကာလေးဖွင့်, ဆိုဖာအိအိကလေးပေါ်– အညိမ့်သား ထိုင်ကာ– ရေခဲမုန့်- ကိတ်မုန့်တို့ကို၊ တမြိန့်မြိန့်သုံးဆောင်နေတော့- ဘာပြော ကြမလဲ- ချမ်းချမ်းသာသာ, ခံစားနေလိုက်ထာလို့ ပြောကြမယ်၊ ဒီတော့= သေ သေချာချာ, တွေးကြံကြည့်၊ ဝေဒယိတလက္ခဏာအစစ်ကတော့- ဆေးရုံပေါ်က လူနာဆိုတဲ့- ရုပ်,နာမ်မှာလဲ- ခံစားမှုပေါ်ကာမျှဘဲ၊ တိုက်ကြီးပေါ်က- လူဆိုတဲ့ ရုပ်နာမ်မှာလဲ ခံစားမှုပေါ်ကာမျှဘဲ။ သူတို့နှစ်ဦးအပေါ်မှာ၊ ဝေဒနာတရားက, ခံစားမှုပေါ်တဲ့- ဝေဒယိတလက္ခဏာ- လေးတခုက, လွဲ၍– ဘာတခုခုကိုမှ ပိုပြီး ဆောင်မပြဘူး၊ မျက်နှာလဲ မလိုက်တတ်ဘူး၊ မျက်နှာလိုက်ရမဲ့- ပုဂ္ဂိုလ်သတ္တဝါ လဲမရှိဘူး၊ နောက်ပြီး- ဝေဒယိတလက္ခဏာ- ဆောင်နှင်းခိုက်ပေါ်လာတဲ့- ဝေ

ဒနာစေတသိက်တရားကလဲ- ခံစားမှုကလဲ့လို့- ချမ်းသာတာလဲ သူမသိဘူး၊ ဆင်းရဲတာလဲ သူမသိဘူး၊ ဆင်းရဲတယ်- ချမ်းသာတယ်လို့လဲ မလုပ်တတ်ဘူး၊ ဆေးရုံပေါ်က- လူနာမှာဖြစ်စေ- တိုက်ကြီးပေါ်ကသူမှာ ဖြစ်စေ၊ ဝေဒယိတ လက္ခဏာကတော့-မျက်နှာမလိုက်, မပြောင်းလဲဘူး၊မဖေါက်ပြန်ဘူး၊အကြောင်း စုံညီလာရင် ခံစားမှုလက္ခဏာ- မှတ်ကြောင်းကိုဖေါ်ပြမှာဘဲ၊ ဖေါ်ပြလျက်ဘဲ၊ အဲဒီ= ခံစားမှုသဘောကလဲ့၍၊ ချမ်းသာတာ, မချမ်းသာတာ- ဆင်းရဲတာ, မဆင်းရဲတာကို၊ သူမသိဘူး၊ သူနဲ့မယှဉ်ဘူး၊ ဒါဖြင့်- ဝေဒယိတ, သဘာဝ လက္ခဏာ, အမှန်အစစ်ကသာ- ခံစားကာမျ- လက္ခဏာဆောင်နှင်းထွန်းပြတာ ပါကလားလို့- အမြင်ကို(ဝါ)အမှန်ကို- အမှန်အတိုင်း၊ ပေါ်ခိုက်အရှိကို ပေါ် ခိုက်အရှိအတိုင်း-မှတ်သားပိုင်းခြားရင်၊ ချမ်းသာတာ,ဆင်းရဲတာ,ချမ်းသာသည် လည်းမဟုတ်၊ ဆင်းရဲသည်လည်းမဟုတ်ဆိုတာ- ဝင်ရှုပ်နိုင်ပါအုံးတော့မလား?၊ မရှုပ်နိုင်တော့ဘူး။ ဒီတော့=ချမ်းသာတယ်လို့- မှတ်သိရမှာလား၊ ဆင်းရဲတယ် လို့ မှတ်သိရမှာလား၊ မချမ်းသာ, မဆင်းရဲလို့ မှတ်သိရမှာလား၊ အဲဒီလို=မမှတ် သိရပါဘူး၊ ခံစားကာမျ-ခဏတ္တယကို-ဝေဒနာဓါတ် ဆောင်အပ်အမှန်ကြောင့် ခံစားမှုပေါ်ကာမျှလို့သာ- မှတ်သိရမှာပါ။ အဲဒီလို- အမှတ်,အသိမှန်ရင်=ချမ်း သာ, ဆင်းရဲ, တွဲလာပါအုံးမလား?၊ ဝေဒယိတ, လက္ခဏာ- ခံစားကာမတ္တမျှ သဘောထဲမှာ- အမှတ်အသိမှားမှု- ချမ်းသာ, ဆင်းရဲတွဲပြီး မလာတော့ဘူး၊ တွဲ မလာတဲ့အတိုင်းဘဲ၊ စိတ်ကလဲ- ခံစားကာမျ- ခဏတ္တယလို့- ဉာဏ်သိဖြစ်မသွား ဘူးလား?၊ ဖြစ်သွား, သိသွားတယ်။ ဒါဖြင့်- ကာယိကဝေဒနာဟာ- စေတသိ က- ဝေဒနာဘက်ကို ကူးပြီး၊ သောမနဿ- ဒေါမနဿ, ဝေဒနာ, ဖြစ်လာပါ အုံးမလား?၊ မဖြစ်တော့ဘူး၊ ခံစားမှု ပေါ်တာနဲ့- ချမ်းသာ, ဆင်းရဲလုပ်ပြီး မှတ်ရင်၊ ချမ်းသာတာ ခံစားရတယ်လို့- တွဲခေါ်လာရင်- သောမနဿဝေဒနာ ဖြစ်သွားတယ်၊ သောမနဿဝေဒနာဖြစ်သွားတော့၊ တဏှာလောဘ, ဖြစ်ပွား တတ်တယ်၊ တဏှာလောဘ, ဖြစ်ပွားပြီး- ခံစားရင်၊ ကာမရာဂ, အနုသယသစ် တွေ- ကိန်းဝင်သွားတတ်တယ်၊ အဲဒီလို- ခံစားမှုပေါ်လာတာနဲ့ တပြိုင်နက်၊ ဆင်းရဲတယ်လို့မှတ်ပြီး, တွဲခေါ်လာရင်လဲ၊ ဒေါမနဿဝေဒနာတွေ ဖြစ်ပွား တတ်တယ်၊ ဒေါမနဿဝေဒနာဖြစ်သွားတော့၊ ဒေါသတရားတွေ- ဖြစ်ပွား တတ်တယ်၊ ဒေါသတရားတွေဖြစ်ပွားပြီး ခံစားရင်- ဒေါသဆိုတဲ့- ပဋိဃာနုသယ သစ်တွေ- ကိန်းဝင်သွားတတ်တယ်။

အဲဒီလို= ခြောက်ဒွါရမှာ=ခြောက်အာရုံပေါင်းဆုံကျလာတိုင်း၊ဝေဒယိ တ, လက္ခဏာ- ခံစားမှုသဘောကို- မှတ်ကြောင်းလက္ခဏာအဖြစ်- ဆောင်နှင်း

ထွန်းပြဆဲမှာ၊ခံစားမှုသဘောကလွဲ၍-ချမ်းသာတာ,မချမ်းသာတာ၊ဆင်းရဲတာ, မဆင်းရဲတာ၊ သာယာတာ- မသာယာတာက- ဝေဒနာနဲ့မဆိုင်ပါဘူး၊ တဏှာနဲ့သာ ဆိုင်တာပါ၊ တဏှာက- ချမ်းသာတယ်၊ သာယာတယ်ဆိုရင်၊သောမနဿအနေနဲ့ ခံစားမှုဖြစ်ရတယ်၊ ဆင်းရဲတယ်- မသာယာဘူးဆိုရင်- ဒေါသကဝင်လာပြီး-ဒေါမနဿဝေဒနာအဖြစ်နဲ့-ခံစားမှုဖြစ်ရတယ်။ ချမ်းသာ,ဆင်းရဲမတွဲနိုင်ရင်- လောဘ, တဏှာ- ဒေါသ, ပဋိဃတို့ လာမယှဉ်နိုင်တော့ဘဲ၊ မောဟ, အဖြစ်နဲ့သာ တွေဝေခံစားမှုဝေဒနာဖြစ်ရတယ်။ ဒီတော့— အာရုံတခု- ခံစားမှုပေါ်လာရင်၊ မောဟဆိုတဲ့- အဝိဇ္ဇာ-ဖုံးလွှမ်းမခံဘဲ၊ ဝိဇ္ဇာဉာဏ်,သမ္မာဒိဋ္ဌိပညာနဲ့ သမ္မာသတိဖြစ်အောင်- အထက်က, လက္ခဏာသဘောကို- အမှတ်ပြုအောက်မေ့ပြီး၊ သမ္ပဇည, ဆိုတဲ့- ပညာနဲ့- ဆင်ခြင်လိုက်ရင်၊ မည်သည့်အာရုံပေါ်ပေါ်ခံစားမှု- ခဏတ္တယသဘာဝကို ဝေဒယိတ, လက္ခဏာနဲ့ ဆောင်နှင်းထွန်းပြခိုက်ခံစားခါမျှ- ခါတ်သဘောသာလျှင်၊ ပရမတ္ထအားဖြင့်- ထင်ရှားလာတဲ့- အကျိုးဝေဒနာသက်သက်မျှပါကလားလို့- ဆင်ခြင်သိမ်းဆည်းနိုင်သည်နှင့် တပြိုင်နက်၊ စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ တွေဟာ၊ မနောသမ္ဖဿဇာဝေဒနာအနေနဲ့- လောဘ, တဏှာဖြစ်ပြီး- သောမနဿဝေဒနာလဲ မဖြစ်တော့ပါဘူး။ ဒေါသဖြစ်ပြီး- ဒေါမနဿဝေဒနာလဲ မဖြစ်တော့ပါဘူး၊ မဝေခွဲနိုင်တဲ့- မောဟပေါ်တဲ့တဲ့ကျတဲ့- ဥပေက္ခာဝေဒနာလဲ- မဖြစ်နိုင်တော့ပါဘူး၊ ဘာလို့ မဖြစ်နိုင်သလဲဆိုတော့၊ စိတ်မှာ- ချမ်းသာ, ဆင်းရဲ-လောဘ, ဒေါသ, လာမစွဲနိုင်အောင်၊ သမ္မာဒိဋ္ဌိဉာဏ်အမြင်- ပညိန္ဒြေက- စိတ်နှင့်အတူ- အောင်လံထူစိုက်- နေရာယူလိုက်ခါ၊ သတိ, သမ္ပဇည ပြုလိုက်သဖြင့်၊ မောဟ,အဝိဇ္ဇာ- တကွနက်ပါမှ- ပေါ်ထွက်နိုင်တဲ့၊ လောဘ, သောမနဿနှင့်- ပဋိဃ, ဒေါမနဿတို့-ဖြစ်ခွင့်မရ ချုပ်ငြိမ်းသွားကြရလို့ ဖြစ်ပါတယ်။ ။

အဲဒီလို-အရှုခံဘက်က-ပေါ်ရာအာရုံခံစားမှုဆိုတဲ့- ဝေဒယိတလက္ခဏာ၊ အရှုမှန်-မနောဒွါရ ဝဇ္ဇာန်းစိတ်နှင့်- မနောဝိညာဏ်ဘက်က-ယောနိသောမနသိကာရနဲ့- သတိ, သမ္ပဇည-ပညိန္ဒြေ,သမ္မာဒိဋ္ဌိ ဦးစီးလျက်၊သမ္ပဝါယမမပြတ်၊ သမာဓိ-တည်ကြည်မှု- အထပ်ထပ်မြဲမြံစွာ၊ ပေါ်လာတဲ့- ခံစားမှု, ဝေဒယိတ, အာရုံလက္ခဏာ-မြတ်ဓမ္မ, မပြတ်ဖြစ်ရအောင်၊ သမ္မာသက်ပွကလဲ အာရုံမှန်ခံယူမှုသဘောသဘာဝကလေးမလွဲ၍၊ ချမ်းသာ, ဆင်းရဲ-မတွဲဘဲသာ- စိတ်သို့ရောက်အောင် ယောနိသောမနသိကာရနှင့်ပေါင်း၍၊ တင်ဆောင်ပေးနိုင်တိုင်း။သမ္မာဒိဋ္ဌိ ဦးစီးသည့်- သတိ, သမ္ပဇည- ဝိရိယ, သမာဓိတို့ကလဲ- မဂ္ဂင်တရားကိုယ်နဲ့ လျော်

စွာ၊ မနောဒွါရ ဝဇ္ဇာန်း-ဆင်ခြင်ခဏ်းမှ-မနောဝိညာဏ်, ဉာဏသမ္ပယုတ်, သတိချုပ်လျက်-ဝိပဿနာမဂ်အလုပ်-မဟာကြိယာ, မြတ်အထုပ်ကို၊ယောဂီ၏ရုပ်ဓါတ်, နာမ်ဓါတ်၌၊ ကိလေသာပယ်သွားလျက်- ဒုက္ခသစ္စာ၌- မဂ္ဂသစ္စာ ဘာဝေတဗ္ဗ ဆိုက်ခါ၊ အမြိုက်နိဗ္ဗာန်- မျိုးစေ့မှန်- ဝိပဿနာ မဂ်ညာဏ်ကို ကေန်ရရှိနိုင်ပါသည်။ ။

## အထက်ပါ-အကျဉ်းအားဖြင့်-ပြဆိုခြင်းအရ၊

"ကိလေသာနှင့် မရောသော ခန္ဓာကို= ဒုက္ခသစ္စာဟု ခေါ်အပ်၏။ ဒုက္ခသစ္စာ-ဝေဒနာအမှန်ကို မြင်လိုလျှင် ကိလေသာကို ခွါထား၍-ရှုမှမြင်၏။ ခန္ဓာနှင့်ယောသော ကိလေသာကို- သမုဒယသစ္စာဟု ဆိုအပ်၏။ ထို့ကြောင့်- အထက်ပါ ရှုကွက်၌- ဝေဒယိတလက္ခဏာနောက်သို့- လောဘတဏှာ မလိုက်ရန် သိမ်းဆည်းပြီး-ကိလေသာနှင့်မရောသော-ဝေဒနက္ခန္ဓာ၏ဝေဒယိတ, လက္ခဏာအစစ်အမှန်ကို- အာရုံမိဘို့ အရေးကြီး၏။ သို့မှသာ-အရှုခံတွင်-ဒုက္ခသစ္စာစစ်စစ်ကို မြင်လျက်ရှိရာ၏။ ထိုသို့-မြင်နိုင်ခြင်းသည်လည်း- သမုဒယသစ္စာ, လောဘ တဏှာ အစရှိသော လောဘမူစိတ်၌-ချိပ်လျက်ရှိသည့် ဒိဋ္ဌိကို-မပါဝင်လာနိုင်အောင် အရှုမှန်တရား, မနောဒွါရ ဝဇ္ဇန်း- မနောဝိညာဏ် စိတ္တုပ္ပါဒ် အခဏ်း၌၊ စိတ်နှင့်- အဌင်္ဂိကမဂ်ခေါ်- ဝိဇ္ဇာဓါတ် ဦးစီးသည့် စရဏမဂ္ဂင်ပါ-ပါဝင်ယှဉ်စပ်ပွားများအားထုတ်နိုင်ခြင်း၊ အရင်းမူလ-အခြေတကျသည်-မုချသက်ဝင်နိုင်မည်ဖြစ်၏။အဘယ်မည်သော သတိပဋ္ဌာန်ကို အားထုတ်သည်ဖြစ်စေ၊အထက်ပါကကဲ့သို့ အာရုံလက္ခဏ-မြတ်ဓမ္မအမှန်ရဘို့နှင့် အာရမ္မဏိက- မဂ္ဂင်ခါတ် ကိန်း၍ ကိလေသာချုပ်ငြိမ်းအောင် ရှုတတ်ဘို့သည်-ပဌမအရေး အကြီးဆုံးဟု မချွတ်မလွဲ အမြဲမှတ်ရာ၏။"

ထိုသို့-မဟုတ်မူ၍၊ မြင်တယ်, မြင်တယ်, ကြားတယ်,ကြားတယ်၊ နံတယ်, နံတယ်၊ စားတယ်, စားတယ်၊ ထိတယ်, ထိတယ်၊ သိတယ်, သိတယ်၊ ချမ်းသာတယ်, ချမ်းသာတယ်၊ ဆင်းရဲတယ်, ဆင်းရဲတယ်၊ ပူတယ်, ပူတယ်၊ အေးတယ်, အေးတယ်၊ မှတ်နေကြလို့တော့၊ အာရုံကလဲ-ကိလေသာနဲ့ရောတဲ့ အာရုံမှာဖြစ်၊ အာရမ္မဏိက,ကလဲ-ငါမှတ်-ငါသိက, မပြုက်ဘဲ၊ ကိလေသာနဲ့ရောရက်ခန္ဓာကို-

ခန္ဓာနဲ့ရောတဲ့ ကိလေသာနဲ့ဘဲရှုရာကြပြီး၊ သမုဒယသစ္စာကို-ပယ်ရှင်းရာမကျပါ သဖြင့်၊ မဂ္ဂင်သစ္စာ-ကွင်းလုံးကျွတ်မသက်ဝင်နိုင်ဘဲ၊ မဂ္ဂင်ဖေါင်ကြီး တက်၍စီးလည်း၊ အချည်းနှီးငါ၊ ထိုးဝါ-တဖြာနှင့် ပဲ့နင်းကွင်းတပ်- လွတ်ကင်းလပ်၍-လိုရာလိုရပ်သို့- မရောက်နိုင်အပ်ကြောင်းကိုလည်း-ကောင်းစွာဘလူ- သတိမူတော်မူကြပါကုန်။ ။

အထက်ပါ-အစဉ်တစိုက်, ပြသလာသည့် သဘောများအရ၊ အာရုံလက္ခဏာ-မြတ်ဓမ္မတွင်- ပဋိဝေဓအေယာဉ်ဖြင့်၊ ပညတ်အသွင် ကိလေသာယှဉ်တတ်သည့်- အချင်းအရာတို့ကို-ဖေါက်ထွင်းမြင်အပ်- ဖယ်ရှားလတ်ပြီးလျှင်- အရှုခံနှင့် အမှုမှန်-ဧကန်ဂွင်ကျ-ကြားဝင်၍ မဆွနိုင်အောင်၊ အနတ္တအခြေခံခိုင်ခိုင်နှင့်-ပွားများလာနိုင်ပြီဆိုပါက၊ ဥပမာ—ပြခဲ့သော ရေပွက်ကလေးသဘောကို- ခံစားမှုခံစားခါမျှ- ခဏတ္တယနှင့်=ဟပ်၍, ထပ်၍, ကြည့်ကြလတ်သော်....။

(၂) ယောဂီသူမြတ်သည်- ခံစားမှု-ဓါတ်လက္ခဏာ အာရုံမှန်ကို၊ နှလုံးသွင်းပြု, သတိနှင့် ရှုနိုင်သော=အစပိုင်းတွင်မူ၊ မိမိအဇ္ဈတ္တခန္ဓာတွင် ထင်ရှားရာ လိုက်၍-ခံစားမှုသဘောကို-မှတ်သားပိုင်းခြားတတ်လာပါသည်။ ဒီတော့- ရေပွက်ကလေး-စပွက်လာတော့-ဟိုနား,တပွက်, ပွက်သွားလိုက်-ပျက်သွားလိုက်ကို မြင်သလို၊ ခပ်ကြဲကြဲကလေးဖြစ်နေတော့-ယောဂီမှာ-ဘာဖြစ်နေသလဲဆိုတော့-သြဠာရိက- ကြမ်းတမ်းတဲ့ ခံစားမှုပေါ်ရာကို- လိုက်လိုက်ရှုနေရတတ်တယ်။ ဒီတော့- ဘာဖြစ်နေရပြန်လဲ ဆိုတော့၊ ခံစားမှုဓါတ်လက္ခဏာကို ရှုတာတော့မှန်ပါတယ်၊ ချမ်းသာ, ဆင်းရဲ, မတွဲတာလဲမှန်ပါတယ်၊ ရှုစိတ်နဲ့- ခံစားမှုဝေဒနာနဲ့တွဲပြီး မြင်တာလဲမှန်ပါတယ်။ ဒါပေမဲ့- ယောဂီသူမြတ်မှာ= ဌာန, ကာလ, ကောဋ္ဌာသ, တွေပေါ်ကို လိုက်လိုက်ပြီး ရှုနေရသလို ဖြစ်ရခြင်းကြောင့်၊ တခါတရံ- နာမ်ပညတ်, ခေါင်းမှာပေါ်တယ်- ကိုယ်မှာပေါ်တယ်၊ ခြေမှာပေါ်တယ်လို့လဲ နာမ, ဌာန, မပျောက်တော့၊ အညွန့်အညှောက်- ကောဋ္ဌာသ- အင်္ဂါ အမှတ်တွေပါ-ပေါက်လာတတ်တယ်။အဲဒါတွေ-ပါမလာအောင်လဲ-နှလုံးမသွင်းမိအောင်လဲ ခံစားမှုခါတ်လက္ခဏာထဲ-ဝင်စွဲမလာအောင်လဲ၊သိမ်းဆည်းနှုတ်ပယ်ပြီးရှုရပါမယ်၊ ချက်ခြင်းတော့ရမှာ မဟုတ်ဘူးပေါ့= ကြိုးစားရမယ်၊ ခံစားမှုအာရုံတခုမှ လွဲပြီး- တတွဲတွဲပါလာတတ်တာတွေကို ဖယ်ရှားနိုင်အောင်၊အထက်က ရှင်းလင်းပြသခဲ့တဲ့- အာရုံလက္ခဏာ- မြတ်ဓမ္မ အစစ်အမှန်ကိုဘဲ၊ စူးစူးစိုက်စိုက်, ထိထိမိမိ, ရှုပေးရပါမယ်။ ရေပွက်လေးတပွက်,တပွက်,ပွက်သလို- ခပ်ကြဲကြဲထဲမှာဆိုတော့၊ ဌာန-ကာလ-ကောဋ္ဌာသ, သဘောတွေ- ကြိုးကြား, ကြိုးကြားတော့ ဝင်လာတတ်ပါတယ်၊ ဒါပေမဲ့-တစ,တစ-သညာမြဲမြဲ၍- သတိမှန်

ကန်လာသလောက်- ဝိရိယ, ထက်သန်၍- သမာဓိ ခိုင်မာလာလျှင်၊ တဖြေးဖြေး တိုးတက်ပြီး- ဉာဏ်မြင်မှန် ဆက်တိုက်ရသွားပါလိမ့်မယ်၊ စပွက်တဲ့ ရေနွေးရေပူ ပွက်ကလေးများ, တပွက်စီ, တပွက်စီကနေ- ဒလစပ်ထဲ- ပွက်လာတာကို မြင်ရ သလို၊ အမြင်မှန် တိုးတက်ပြီး ထိထိမိမိ, စူးစိုက်နိုင်သမျှ အမြင်မှန်ပိုင်နိုင်လာပါ လိမ့်မယ်။ အဲဒီနေရာမှာ (၀ါ) ခပ်ကြဲကြဲဖြင့်- ဌာန- ကာလ, ကောဋ္ဌာသတွေ တခါတရံတွဲပြီး- ခံစားမှုအရှုခံနှင့်- အရှုမှန်တရားတို့ကို၊ တဖြေးဖြေး-ရင့်ကျက် လျက်,စိပ်၍စိပ်၍လာရမှာ၊ အနိစ္စဘဲလို့- သွားပြီးဆင်ခြင်ခါ,လက္ခဏာမတင်ပါ နဲ့၊ ဒုက္ခဘဲလို့လဲ- လိုက်ပြီးဆင်ခြင်- လက္ခဏာမတင်ပါနဲ့၊ တဖြေးဖြေးတိုးတက် ရင့်ကျက်-စိပ်သည်ထက်စိပ်လာပြီး၊ ဌာန-ကာလ-ကောဋ္ဌာသ, ပျောက်အောင်, ရှုမှတ်ပေးသွားဘို့ရာသာ- ပဋ္ဌမအချက်အနေနဲ့ အရေးအကြီးဆုံးဖြစ်ပါသည်။ အဲဒီ- ဌာန- ကာလ-ကောဋ္ဌာသတွေ ပျောက်အောင်မရှုနိုင်သေးသမျှ- ဝိပဿနာ မဂ်စစ်စစ်ဖြစ်စေသည့်- ဥပစာရသမာဓိသဘောကို- မတိုင်မရောက်သေးဘူးလို့သိ ပါ။ ထိုသို့-ဝိပဿနာမဂ်စစ်စစ်ဖြစ်မည့်-ပညာသမာဓိနှင့် မတည်ကြည်သေးဘဲ၊ အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, ဝိပရိနာမ ဒုက္ခတွေကို- လိုက်ရှာနေ ရင်(၀ါ)မြင်ချင်, ဖြစ်ချင်၍ ရှေ့ရှုနေရင်- ရှုကွက်သာ နှောင့်နှေးပြီး- သမာဓိ အရှိန်-ပျက်ပြေး နုံ့နှေးသွားတတ်ပါသည်။ အစဉာဏ်မြင်မှန်- ခံစားမှုကလေး, ဖေါ်ပြပျက်ပြုန်းသွားရပုံကို၊ ဌာန-ကာလ-ကောဋ္ဌာသ, ပျောက်အောင်ရှုနိုင် လျှင်၊ အဲဒီ, လက္ခဏာရေးသုံးပါးဆိုတာကို- ဆင်ခြင်စိတ်နဲ့- ခေါ်ဘိတ်နေစရာ မလိုပါဘူး။ အမှန်ဖေါ်ပြနေတဲ့- ခံစားမှုအာရုံ- လက္ခဏာအဟုန်ကိုက၊ ဥဒယ- ဝယ=ဥဒယ, ဝယ, ပါလို့-တည်ကြည်စွာ သမာဓိရှိလာလျှင်-ဉာဏ်နဲ့မြင်အောင် ဖေါ်ပြနေတာမို့- မမြင်ရမှာ-မပူပင်-မကြောင့်ကြ- မတောင့်တပါနဲ့၊ ထိုသို့- စိုးရိမ်နှောင့်ပါလျှင်- ရှုကွက်ပျောက်၍ အစက, ပြန်ကောက်နေရတတ်ပါသည်။

ဒေဒနာ-နုပဿနာနှင့်- စိတ္တာနုပဿနာသည်၊ စတင်ဦးတည်မှု- အရှုခံ အမှန်နှင့် အရှုမှန်ဖြစ်မှု "သတိ-ဝိရိယ-သမာဓိ" သုံးပါး ညီညွတ်ပြီး- ပြည့်ဝစွာ ရောက်ရှိတည်လာမှုအတွက်-ခက်ခဲသည်=နက်နဲသည်၊ အနည်းဆုံး-တနေ့ ၈-နာရီ လောက်မှ အားမထုတ်နိုင်လျှင်- မြဲမြဲလာဘို့ ကြံ့ကြာသည်။ မြဲမြဲလို့ရရှိလာပြီး- ဌာန,ကာလ,ကောဋ္ဌာသ,ပျောက်နိုင်ပြီဆိုပါလျှင်၊ ရှေ့ဉာဏ်စဉ်တောက်လျှောက် ကိုတော့= အလွယ်နှင့်ပေါက်နိုင်ပါသည်။ ဘာကြောင့်ဆိုသော်- ရုပ်ကိုမှီသည့်- စေတသိက်နာမ်အာရုံကို- စိတ်နာမ်, အာရမ္မဏိက,က- တပါးတခြား အားဖြင့် ကွဲပြားခါ၊ အရှုခံနှင့် အရှုမှန်တရား- မှန်ကန်ရေးအတွက်ငင်း၊ အရှုခံအာရုံ၌- ချုပ်ပျောက်ရမည့်- ဌာန, ကာလ, ကောဋ္ဌာသတို့- သုဉ်းဆိတ်သွားစေမှုအတွက်

၎င်း၊ အစဦးတည်-ခိုင်မြဲမှုရရှိပါပြီဟု- ဆုံးဖြတ်မှုပေးနိုင်ရန် ခဲယဉ်းခြင်းကြောင့် ဖြစ်ပါသည်။ ထိုအဆင့်ကို- ပြည့်စုံအပ်ပြီဟု- စိတ်ချရပါမူ၊ ရှေ့ဆက်၍- ဉာဏ်စဉ်ရရန်ကတော့- သပ္ပါယ်သလေးပါးသာ- မူလ, တရားရစဉ်ကအတိုင်း ချိုယွင်းမသွားပါရင်- ဉာဏ်စဉ်အတွက်- လွယ်ကူသွက်လက်စွာ, ပွားများသက်ဝင်ရရှိနိုင်ပါသည်။ ထို့ကြောင့်-၎င်းအနုပဿနာနှစ်ပါးသည်၊အစခက်လျက်-အနှောင်းထက်မျက်သော- အနုပဿနာတရားဖြစ်ပါသည်။

ကာယာနုပဿနာသတိပဋ္ဌာန်မှာမူ၊တစဦးတည်မှု-လွယ်ကူပါသည်။ ဘာ့ကြောင့်ဆိုသော်-အရှုခံအာရုံထင်ရှားလွန်းလှ၍ဖြစ်ပါသည်။ အရှုမှန်- အာရမ္မဏိက-စိတ္တုပ္ပါဒ်ဘက်၌သာ- ကျွမ်းကျင်စစ်ဆေးရှုပေးနိုင်ရင်-ရှုတတ်,ပွားများတတ်-ဉာဏ်မြင်ဖြစ်ရန် လွယ်ကူတတ်ပါသည်။ဉာဏ်စဉ်တက်ရေး၌မူ-မလွယ်ကူပါ။ပြန်၍ခက်နေတတ်ပါသည်။ဘာ့ကြောင့်ဆိုသော်၊၎င်းအခါ၌- အရှုခံအာရုံ၏ နူးညံ့သိမ်မွေ့သွားခြင်း၊ အရှုမှန်တရား, သမာဓိပိုင်း၌- အန္တရာယ်ဝင်တတ်ခြင်းတို့ကြောင့်၊ ဉာဏ်စဉ်တက်မှုမှန်ကန်ဘို့- ခက်သွားရပြန်ပါသည်၊ သူ့ကျတော့- ရှုတတ်,ပွားများတတ်မှု- ပိုင်နိုင်စွာရအပ်ပြီး- ဉာဏ်စဉ်တက်နိုင်မှုအတွက်၊ ပညာဆက်၍-သုစိသင်ရှင်းလင်းပြသပေးနိုင်မှု- ချောမောစွာ- နိဗ္ဗာန်သို့စေလွှတ်နိုင်သော- ဝုဋ္ဌာနဂါမိနီ- ဝိပဿနာငြမ်းအထိ- ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့်- ကာယာနုပဿနာသည်၊ အစကောင်းလျက်- အနှောင်းပျက်ကွက်တတ်သော-တရားဖြစ်ပါသည်။

ဓမ္မာနုပဿနာမှာမူ၊ အထက်ပါ.. အနုပဿနာသုံးပါး၌လည်း-အကျွမ်းဝင်ပါသည်။ အရှုခံတရားမှာ- သညက္ခန္ဓာနှင့်- သင်္ခါရက္ခန္ဓာအတွင်းဝင် တရားစုတို့ဖြစ်ပါသည်။ ထို့ကြောင့်- ရုပ်အနေအားဖြင့်- သုခုမရုပ်- (၁၆)ပါးတွင်-ဝိပဿနာရှုကောင်းသော ရုပ်(၆)ပါးနှင့်- ဝေဒနာမှ- ကြွင်းသော စေတသိက်(၅၁)ပါးသည်- ဓမ္မာနုပဿနာ၏- အရှုခံတရားများဖြစ်ပါသည်။ ထို့ကြောင့်-တရားကိုယ်အားလုံးသည်- စိတ်နာမ်ကို- စွဲပြု၍-အရှုခံတဖက်- အရှုမှန်တဘက်ခွဲစီစစ်ခါ- ရှုရမည်ဖြစ်၍၎င်း၊ ရုပ်ဆိုပြန်ပါက- သုခုမရုပ်၌သာ- အကျွမ်းဝင်၍အာရုံနူးညံ့ သိမ်မွေ့သည်ဖြစ်၍၎င်း၊ ဝိပဿနာပညာ- လွန်စွာကျွမ်းကျင်သောပုဂ္ဂိုလ်တို့သည်သာ- လိုက်နိုင်, ကျင့်နိုင်, ကိုင်တွယ်ပွားများနိုင်သော- သတိပဋ္ဌာန်ဖြစ်ပါသည်။ ထို့ကြောင့်=၎င်းသည်- အစလည်းမလွယ်, အနှောင်းလည်းမလွယ် သောက္ခ- ဗဟုသုတပုဂ္ဂိုလ်, များသာလျှင်၊ လွယ်ကူစွာ-ပွားများနိုင်မည့် တရားဖြစ်ပါသည်။

ဤသို့လျှင်= ခန္ဓာနှင့်- သတိပဋ္ဌာန်တို့၏ သဘော,အကျဉ်းကိုသိပြီး၍၊ ပြဆိုအပ်ပြီးသော- ဝေဒနာနုပဿနာ၌၊ အစ၏ကောင်းခြင်းနှင့် ပြည့်ဝသော- ယောဂီသူတော်စင်အဖြစ်ကို၊ ကာလ, ဌာန- ကောဋ္ဌာသ,တို့- ပျောက်ကွယ်အောင်- ရှုပွားနိုင်ပြီးသည်၏ အထက်အဘို့၌၊ တပွက်ထဲပွက်- တပျက်ထဲ-ပျက်၍နေသော-အဆက်မပြတ် ရေပွက်တို့နှင့် ပမာတူလာသည့်- ခန္ဓာငါးပါး,အဖြစ်လဲ မရပ်- အပျက်လဲ-မပြတ်သည့်အတွင်းဝယ်၊ဝေဒနာအစုလည်း- အမြဲပါဝင်လျက်ရှိရာ၊ ဝေဒနာကို- (ဝါ)ခံစားမှုကို- လိုက်ရှာနေစရာမလိုတော့ဘဲ၊ (ဝါ)ဝေဒနာလိုက်လိုက်ဟု- ဆိုရအောင်- ဝေဒနာက- ဌာန- ကာလ- ကောဋ္ဌာသတို့၌- ဖြစ်သည်လည်း မဟုတ်၊ ဝေဒနာ စေတသိက်တရားဖြင့်သာ- ခံစားမှုပေါ်ကာ- "ဖြစ်ပျက်" နေခြင်းဆောင်နှင်းတာကို- ရှုကွက်မပျောက်က- ဉာဏ်ချက်ထောက်မိလျက်သာ- ဖြစ်ရှိရတတ်ပါသည်။ ထိုခံစားကာမျှ- ခဏတ္တယ,ဝေဒယိတ,လက္ခဏာသည်၊ ခံစားမှုကို- အာရုံပြု၍- ဉာဏ်ဖြင့်- သိတိုင်း,သိတိုင်း၊ အသစ်,အသစ် ခံစားမှုကိုသိသည်ဖြစ်၍၊ အဟောင်းပျက်ခဲ့ပြီကို- ဉာဏ်၌တစတစ, ရိပ်စားမိလာရာမှ၊ ခံစားတိုင်းသိ, သိတိုင်းပျက်၊ ခံစားသည်ကဝေဒနာ- သိသည်က စိတ်ဟု ပိုင်းခြားမှုအားဖြင့်-အရှုခံနှင့် အရှုမှန်စိတ်- အံဝင်, ဂွင်ကျစွာ- ပွားများလာနိုင်မည်ဖြစ်ပြီးလျှင်၊ ခံစားမှုနောက်ကို- အသိမလိုက်တော့ဘဲ၊ ခံစားမှုသည်သာ- ပေါ်၍- ပေါ်၍- ပျက်သွားခြင်းကို- ဉာဏ်ချက်ပြန်၍- ထင်ထင်, လင်းလင်း- ဖြစ်ရှိလာပါလိမ့်မည်။

ထိုအခါမှစ၍၊ ဝေဒနာ, ခံစားမှု- "ဖြစ်ပျက်"မှ တပါး၊ ဌာန- ကာလ ကောဋ္ဌာသ, ကင်းစင်ပပျောက်ခြင်းကိုရင်း၊ သုခ, ဒုက္ခ, ထင်ဟပ်ကြသည့်- မှတ်သားမှုသည်ရင်း၊ နှစ်ပါးစုံသော- အမှားဟုန်တို့မှ- စင်ကြယ်စွာ- ကင်းလွတ်သက်ဝင်ရရှိလာပါလိမ့်မည်။ ထိုသို့- ကင်းလွတ်ထွက်မြောက်- ခံစားမှုမပျောက်ဘဲ၊ "ဖြစ်ပျက်"ဉာဏ်မြင်- အစဉ်ရောက်ရှိ- ပွားများလာနိုင်ပြီဆိုပါက၊(၁)မူလက၊ ဌာန-ကာလ-ကောဋ္ဌာသနှင့်- ချမ်းသာ, ဆင်းရဲ- တခါတရံ တွဲလာသဖြင့်၊ ပယ်ရှားသမှု- သတိနဲ့ ထိမ်းချုပ်ပြုရသည့်- ဗျာပါရသည်- ငြိမ်းလေတော့ရကား၊ (၂) နှလုံးသွင်းဆင်ခြင်- မှတ်သားပိုင်းခြားရမှု- ဝဋ္ဋာပန,အစဉ်လည်း ငြိမ်းလေတော့ရကား၊ သမ္မာသတိသည် ဣန္ဒြေရှိစွာ၊ (ဝါ) သတိန္ဒြေအားဖြင့်- အရှုခံ, အာရုံပေါ်၌- အစိုးရခါ= အရှုမှန်မဂ္ဂင်တရားကိုယ်တို့အားလည်း- အစိုးရစေကာ၊ သမ္မဝါယာမ= အားထုတ်ပေါင်းစည်းမှုလည်း- ညီညွတ်သည်ဖြစ်၍၊ ဝီရိယိန္ဒြေမှ- သမာဓိန္ဒြေတိုင်အောင်- ပြည့်ဖြိုးလာနိုင်ပြီးလျှင်၊ ပညိန္ဒြေသည်- မူလထက်, ထက်မျက်ခါ စိုးမိုးလျက်၊သဒ္ဓိန္ဒြေအားဖြင့် ခံစားမှု "ဖြစ်ပျက်" ဉာဏ်မြင်

ထက်၍၊ ယုံကြည်မြဲမြံ- ပွားများမှန်၍၊ ဗျာပါရကင်း= ရရှိခြင်း, တစ,တစ, သက်ဝင်လာခဲ့ရတတ်ပါလိမ့်မည်။ ထိုမှတဆင့်-ရင့်ကျက်-ဋ္ဌန္ဒြေ၊ ငါးပါးအနေမှ ပဋိပက္ခ- ဆန့်ကျင်ကြသား- အဝိဇ္ဇာအဓိကအားဖြင့်- နီဝရဏတရား, ခြောက်ပါးတို့ကို- တွန်းလှန်- ဖြိုဖျက်နိုင်သည်အထိ- မုချဖြစ်ရှိလာနိုင်ပါသည်။

ဤသို့၊ဣန္ဒြေမှ-ဗိုလ်တိုင်အောင်၊သက်ဝင်ရရှိပွားများအားထုတ်နိုင်ပါက မူလ,လက္ခဏာလျှင် အာရုံရှိသော- လက္ခဏာရမ္မဏိက, ဝိပဿနာကို ရှုပွားလာရာမှ၊ ခံစားမှု "ဖြစ်ပျက်" မဆိတ်သော- သင်္ခါရနိမိတ်အာရုံသို့ ရောက်ရှိခါ၊ သင်္ခါရာရမ္မဏိက= သင်္ခါရလျှင် အာရုံရှိသော- ဝိပဿနာစိတ္တုပ္ပါဒ်သို့- ခိုင်မြဲစွာ ရောက်ရှိအပ်သည်ဖြစ်၍၊ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်တန်းဖြစ်သော- ဥဒယဗ္ဗယ, ဉာဏ်၏ အထွဋ်အထိပ်ကို- အစဉ်ရရှိခြင်း- ဖြစ်ရှိလာနိုင်ပါပြီ၊ ထိုသို့သော- "ဖြစ်ပျက်" မဆိတ်- သင်္ခါရနိမိတ်ထက်ဝယ်၊ မမြဲခြင်းကေန်-အနိစ္စနုပဿနာဉာဏ်ကို တစုံတခု- ကြံစီမှုမပြုရဘဲ၊ (ဝါ) ထင်မြင်ဉာဏ်ထက်၌- ဆင်ခြင်ဉာဏ်မစွက်ရဘဲ၊ သန္တိဋ္ဌိကမှ ပစ္စက္ခအားဖြင့်-နိစ္စနိမိတ်သုဉ်းဆိတ်နေပုံကို၊ ကြိုက်ကြိုက်ဆူသော- ရေနွေး, ရေပူ,ပွက်ကလေးတွေ- အဆက်မပြတ် "ဖြစ်ပျက်" ဒလစပ်အားဖြင့်, ပွက်၍- ပျက်နေပုံ- ဥပမာနှင့် တူကုန်သော၊ လက္ခဏာလွန်မြောက်- သင်္ခါရ= "ဖြစ်ပျက်" မပျောက်သော- ဉာဏ်စဉ်ပေါက်မှုသည်၊ လျှင်စွာသာလျှင် တစ, တစ, တိုးတက်ခါ- မြင်၍-မြင်၍- လာပါလိမ့်မည်၊ ဤသို့- ပွားများဖန်များလတ်၍၊ လျှင်မြန်စွာ ဉာဏ်မြင်လျက်- နိစ္စနိမိတ်သုံးဆိတ်မှုကို- အာရုံပြုမိကာ= ပြန်လည်ကြည့်ရှုတိုင်း၊ လျှင်မြန်မဆိုင်း"ဖြစ်ပျက်"လှိုင်းကြောင့်၊ အဖြစ်ကို လွန်မြောက်ခါ- အပျက်သို့သာ- ဉာဏ်ရောက်တော့ခြင်း၊ ကြိုးကြား, ကြိုးကြား, ဖြစ်ရှိလာတတ်ပါသည်။ ထိုအခါ- အဖြစ်မပါ၍- ဝိပဿနာ ဉာဏ်မြင်မှ ဟုတ်ပါလေရဲ့လားဟု- အဖြစ်ကို ပြန်တွေ့အောင်- စောင့်၍ရှုမိတတ်ပါသည်၊ ဤသို့- မပြုပြင်- မဆင်ခြင်ပါလေနှင့်၊ အလိုက်သင့်သာ- ပျက်အစဉ်မြင်လျှင်- ဝွင်ကျအောင်, မှန်မှန်သာရှုပေးပါ၊ ကြောက်စိတ်ကလေးကလဲ- ရေးရေးမျှတော့ ဝင်လာတတ်သေးသည်။ ထိုနှစ်မျိုးဖြစ်က-"ဖြစ်ပျက်"မှ ပြန်စ၍၊ ဘင်ဉာဏ်သက်ဝင်စထက်၌၊ မတင်မကျဖြစ်ရချက်မျိုးသာ- ဖြစ်တာပါလား၊ တစုံတရာမဟုတ်ကုန်ဟု- သဒ္ဓိန္ဒြေဖြင့် ဆုံးဖြတ်ယုံကြည်ကာ- ပြန်လည် ကြိုးစား, အားထုတ်ပါ။ နောက်, အကြိမ်ကြိမ်ရှုလိုက်တိုင်း၊ အပျက်သာ မြင်သည့်- သန္တိဋ္ဌိကအယာဉ်သည် ထင်ရှား၍- လာပါလိမ့်မည်။ ထိုအခါ... လမ်းမှန်တိကျ- အမိရသည်ကိုလည်း ဆုံးဖြတ်မိလာပါလိမ့်မည်။ ဒီအခါ၌- ကြားဘူးနားဝရှိပြီး- ရှေ့ဉာဏ်စဉ်အသိး

သီးကို- မျှော်ခေါ်သောအားဖြင့်- မပွားများပါနှင့်၊ ဘင်ဉာဏ်မပျောက်ဘဲ၊ ဥဒယဗ္ဗယဉာဏ်တုံးက- ရက်အတော်ကြာကြာ- မြဲမြဲအောင်- အားထုတ်နိုင်သလို သာ- ကြိုးစားအားထုတ်နေပါ။ ထိုမှ အထက်ဉာဏ်စဉ်တွေကို- မိမိက (ဝါ) စေတနာရှေ့ရှု၍- စေ့ဆော်မျှော်ခေါ်မှုနှင့်- မရှာပါနှင့်၊ ဘင်ဉာဏ်ပါပျောက် ပြီး၊ ဥဒယဗ္ဗယ ဉာဏ်ကိုပင် ပြန်ကောက်နေရသည်အထိ၊ ခဏ ခဏ ဖြစ်ရှိနေ တတ်ပါသည်။ ကြာတော့- ငြီးငွေ့သွားပြီး- ဘာဝနာခွင်ကပင်- ထချင်လာ တတ်ပါသည်။ ဘင်ဉာဏ်မှ- အထက်ဉာဏ်စဉ်တို့သည်၊ မဂ္ဂင်တရားတို့ကပင်- ဘင် ဉာဏ်ကို-ဥပနိဿယပြု၍ ပကတူပနိဿယအားဖြင့်ဖြစ်အောင်၊(ဝါ)အထူးအထွေ ဗျာပါရမစိုက်ရသောအားဖြင့်- အထက် အထက်သောဉာဏ်စဉ်တို့ ဖြစ်အောင် ဆောင်နှင်းပါလိမ့်မည်။ ဤအဆင့်ရောက်လျှင်- အခွင့်သာဘို့သာ- ရှိမြဲဖြစ်ပါ သည်။ ဖင့်နွဲ့ရစ်ပတ်ခါ- ဝေ့လယ်လယ်- ဖြစ်နေတော့မည် မဟုတ်ပါ၊ အစ ကောင်း- မမှန်ကန်လျှင်မူ၊ အနှောင်း မသေချာတတ်ပါ၊ ယခု- ပြခဲ့သော- သဘောသွားများနှင့်အညီ- သက်ဝင်သည် မသက်ဝင်သည်ကိုမူ၊ မိမိဘာဝနာ ခွင်မှထတိုင်း၊ ဝါစုဂ္ဂတပြုပြီး- မိမိကိုယ်စိတ်ကို မိမိ စစ်ဆေးကြည့်ပါ၊ စစ်ဆေး ကြည့်သည့်- အလေ့အထရှိဘည့်- အကျင့်ကလေးလဲ လုပ်ထားပေးပါ။ ဤမှ- ရှေ့ရှောက်- ဉာဏ်စဉ်မြောက်ရန်သည်၊ တကယ် ကြိုးစား အားထုတ်နေသူအား ကြိုတင်သိထားအောင်- မပြောကြားဘဲ၊ တည့်တည့်မတ်မတ် ဆုံးဖြတ်နိုင်ပြီးမှ အထက်- ဉာဏ်စဉ် တက်ခါဝင်နည်းကို- သင်ပေးသည်က- ပိုမိုသင့်မြတ်ပါသည်၊ ဘာ့ကြောင့်ဆိုသော်.... အပိုအာရုံ မျှော်မိတတ်ကြလွန်း၍- ဖြစ်ပါသည်။

ထို့ကြောင့်၊ ဝေဒနာနုပဿနာ၌၊ ဤသဘော ဤအသိ- ဤညှိနှိုင်းမှု အရှိကို၊ မိမိရရ- ပွားများတော် မူကြည့်ပါ- "ဣန္ဒြေ၊ ဗိုလ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပ ဓာန်၊ မဂ္ဂင်"ငါးအင်သော- ဗောဓိပက္ခိယတရားတို့နှင့်- ညီညွတ်သော- လုပ်ငန်း ခွင်ဝင် ကျင့်စဉ်မြတ်ဖြစ်ပါသည်။ ဗောဇ္ဈင်မှာလည်း- ဆိုင်ရာအသီးသီးမှာ ကပ် ၍ပါရှိလာမြဲဖြစ်ပါသည်။ အကယ်၍- အထက်ဉာဏ်စဉ်တက်ခါဝင်ပြီး၊ ဥပနိဿ ယမှသည်- ပကတူပနိဿယ၊ ပကတူနိဿယမှသည်- အာသေဝန ပစ္စည်းတပ်ထိုက် သော အကြောင်းနှင့်ပြည့်စုံသွားပြီဆိုပါက၊ မဂ္ဂအပ္ပနာဖြင့်- ပုထုဇဉ်အနွယ်- ဗလချာကို- ခွါချနိုင်ပြီးလျှင်- ဣဒ္ဓိပါဒ်ဆိုတဲ့- ဗောဓိပက္ခိယတရားနှင့် တကွ၊ ပြည့်စုံရခြားမည်ဟု- ယုံကြည်အားထား- ပွားများပါလေ- ယောဂီသူမြတ်- အပေါင်း သူတော်ကောင်းတို့....။

ဤမျှ- ဆိုပါလျှင်- ဝေဒနက္ခန္ဓာ- ဝေဒနာစေတသိက်- ဝေဒနာနုပဿ နာသဘောကို- ရိပ်စားမိကောင်းပါပြီ၊ ဤစာအုပ်- စာမျက်နှာကိုင်၍- အကျဉ်း

ချုံ့လိုက်ရပါသည်။ အထက်က, ဆိုခဲ့သည့်အတိုင်း- ဝေဒနာနုပဿနာပိုင်းကို- ပစ္စက္ခဉာဏ်ရရှိပုံ- အစုံအလင်ဖွင့်ဆိုပြသခြင်းကို- အလျဉ်းသင့်ပါက- စာတအုပ်ဖြစ်ပေါ်လာနိုင်ပါလိမ့်မည်။ ထို့ကြောင့်- ဝေဒနက္ခန္ဓာသဘောနှင့်တကွ- ဝေဒနာနုပဿနာအကျဉ်းကို- ဤနေရာတွင်- ရပ်ဆိုင်းပြီးလျှင်- ဋ္ဌာန်လေးပါးသဘောနှင့်- နိဂုံးချုပ်လိုက်ရပါသည်။

## "ဝေဒနက္ခန္ဓာ၏—ဋ္ဌာန်လေးပါး"

| | |
|---|---|
| ဝေဒယိတ လက္ခဏာ.... | = အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိ၏။ |
| အနုဘဝန ရသာ.... | = အာရုံ၏အရသာကိုသုံးဆောင်ခြင်း ကိစ္စရသရှိ၏။ |
| စေတသိက အဿာဒ ပစ္စုပဋ္ဌာနာ= | စိတ်၌မှီရှဲ- သာယာ တတ်သောတရားဟု- ရှေးရှုထင်၏။ |
| ပဿဒ္ဓိ ပဒဋ္ဌာနာ.... | = ကာယပဿဒ္ဓိ- စိတ္တပဿဒ္ဓိ နှစ်ပါးလျှင် နီးသောအကြောင်းရှိ၏။ |

### (မှတ်ရန်ဆောင်ပုဒ်)

အာရုံပေါ်လတ်၊ ခံစားတတ်၊ လက္ခဏာဟုမှတ်။
အာရုံရသ၊ သုံးဆောင်လတ်၊ ကိစ္စရပ်ဟုမှတ်။
စိတ်၌မှီကပ်၊ သာယာတတ်၊ ရှေ့ရှုထင်အပ်မှတ်။
ပဿဒ္ဓိနှစ်ရပ်၊ ရှိတုံလတ်၊ နီးစွာအကြောင်းမှတ်။

........o........

# " သညက္ခန္ဓာတရား "

တရားကိုယ်- သညာစေတသိက်ဖြစ်သည်၊ သဘောအဓိပ္ပါယ်- အာရုံကို မှတ်သားတတ်သည်။ ဥပမာ=တံလျှပ်နှင့် တူသည်၊ ဝေဒနက္ခန္ဓာ၏ အရသာ ခံစားမှုတွင် ဟင်းလျာသဖွယ်ဖြစ်တတ်သည်၊ သတိ၏ နီးစွာသောအကြောင်း, ပဒဋ္ဌာန်တရားလည်းဖြစ်သည်။ ဝိပလ္လာသတရားသုံးပါးတို့၏ ရှေ့သွားအားဖြင့် ဖြစ်ခြင်းရှိသည်။ ကုသိုလ်,အကုသိုလ်,အဗျာကတ,တရားတို့နှင့် ဆက်ဆန်သည်၊ ခန္ဓာငါးပါးဖြစ်ပွားရာ၌ မိမိဆိုင်ရာမှတ်သားမှုဖြင့် အတူတကွ ဖြစ်တတ်, ချုပ်တတ်သော တရားဖြစ်ပါသည်။

ထိုသညက္ခန္ဓာခေါ်- သညာစေတသိက်သည်၊ သဉ္ဇာနနလက္ခဏာ- မှတ်သားခြင်းကို ဆောင်တတ်သော သဘာဝလက္ခဏာရှိသည့် စေတသိက်တရားဖြစ်သည်။ တနည်း= ခြောက်ဒွါရ-ခြောက်အာရုံကြုံဆုံ၍၊ ခန္ဓာငါးပါးဖြစ်တိုင်း အာရုံကိုမှတ်သားခြင်း ဆောင်နှင်းတတ်သော သဘောသည်၊ သညာတရားဟု သိရန် မှတ်ကြောင်းလက္ခဏာမျှဖြစ်သည်၊ အာရမ္မဏဝိဇာနန လက္ခဏာ ဆိုတဲ့- စိတ်နာမ်ရဲ့လက္ခဏာတုံးက အာရုံကို တကြိမ်ရယူပြီး သိတဲ့အသိဖြစ်လို့ ဝိညာဏ် သိလို့ဆိုခဲ့ပြီ၊ ယခု-သဉ္ဇာနနလက္ခဏာသည် အာရုံကိုမှတ်သားပြီး စိတ်၌ သိစေ တတ်သောကြောင့်၊ (ဝါ) စိတ်ကိုသိစေတတ်သောကြောင့်၊ မှတ်သိ, သိခြင်း လက္ခဏာရှိသည်ဟုလည်း ဆိုအပ်၏။ သို့မှသာ ဒုတိယ, စိတ်နာမ်၏ အသိသည်- ဝိညာဏ်သိပြီးက သညာသိအားဖြင့် သိခြင်းသို့-သက်ဝင်မည်ဖြစ်၏။ထို့ကြောင့် သဉ္ဇာနနလက္ခဏာ အပြည့်အစုံအရ-အာရုံကို မှတ်သား,သိခြင်းလက္ခဏာရှိ၏ဟု ဆိုအပ်၏၊ ဝိညာဏ်သိ-သညာသိပြီးလျှင်၊ ပညာသိဆိုတဲ့ ပညိန္ဒြေစေတသိက်၏ လက္ခဏာမှာလဲ အပြားအားဖြင့် ပိုင်းခြား၍ ပညာမြင်သိခြင်း လက္ခဏာရှိ၏ဟု ဆိုအပ်၏။ ဝိညာဏ်သိကတော့ မနသိကာရရိုးရိုးနှင့်တကွ- အာဝဇ္ဇန်းစိတ်ကနေ အာရုံကိုတကြိမ်ရယူသိလိုက်ရခြင်းဖြစ်တော့၊ သညာ,ပညာတို့နှင့်မတူ- တမူခြား နား,အသိတရားသက်သက်မျှသောအားဖြင့် ဝိဇာနာတိ-ဝိညာဏ်သိဟုဆိုအပ်၏။ သဉ္ဇာနာတိ- သညာမှတ်သိကျတော့- မှားမှားမှန်မှန် အာရုံကို အာရုံအတိုင်း မှတ်သိ,သိစေတတ်တယ်၊ ဒါပေမဲ့-ယောနိသော မနသိကာရ=အယောနိသော မနသိကာရနဲ့ ဆက်ဆန်ပြီး မှတ်သိ,သိတတ်ရတော့၊ အယောနိသောမနသိကာရ အကြောင်းရင်းနိဒါန်းရှိရင် မသင့်မတင့်,မမှန်မကန်ကို-မှတ်သိ,သိတယ်၊ ယောနိ သောမနသိကာရအကြောင်းရင်းရှိရင်၊သင့်တင့်မှန်ကန်တဲ့သဘောကိုသာ မှတ်သိ,

သိတတ်တယ်။ ပဇာနနလက္ခဏာ—ပဇာနာတိ,ပညာသိကျတော့၊ ယောနိသော မနသိကာရ အကြောင်းရင်းနိဒါန်းရှိတဲ့ သဘောနဲ့မှ ပညာသိ,သိလို့ရတော့တယ်၊ တဖန်လဲ– ယောနိသော မနသိကာရ အကြောင်းရင်း- နိဒါန်းရှိတဲ့- သညာသိ, အကြောင်းခံကြောင့်လဲ၊ပဇာနာတိ–ပညာသိဖြစ်ခြင်းကိုရစေ,ဖြစ်စေတတ်တယ်၊ အဲဒီ–အယောနိသော–ယောနိသောနောက်မှာ မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိက,ကြိုးကိုင် ထိန်းကျောင်းထားသူဖြစ်တယ်။ တနည်း=အဝိဇ္ဇာနဲ့ ဝိဇ္ဇာကဦးဆောင်လမ်းညွှန် သူဖြစ်တယ်။

ဒါ့ကြောင့်- အယောနိသော မနသိကာရအကြောင်းရှိတဲ့- သညာသိဖြစ် ရင်၊ သူ့ကို သညာဝိပလ္လာသလို့ ခေါ်ဆိုရပြီး၊ (၀၁) အမှတ်မှားနဲ့ သိနေပြီလို့ ခေါ်ဆိုရပြီး၊ အဲဒီလို သညာဝိပလ္လာသအကြောင်းရှိလာရင်တော့၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ– ဒိဋ္ဌိဖြစ်ပြီ၊(၀၁) ဒိဋ္ဌိဝိပလ္လာသဆိုတဲ့ အယူမှားပါဆက်ဖြစ်သွားပြီ။ ယောနိသော မနသိကာရ– အကြောင်းရှိတဲ့- သညာသိမှန်ရင်- ဒိဋ္ဌိနုပ္ပဇ္ဇတိ- ဒိဋ္ဌိဝိပလ္လာသလဲ ဖြစ်ခွင့်မရှိတော့ဘူး၊ သညာဝိပလ္လာသနဲ့ ဒိဋ္ဌိဝိပလ္လာသ, နှစ်ခုစလုံးသာဖြစ်ရှိနေပြီ ဆိုရင်တော့၊ စိတ္တဝိပလ္လာသလဲ- မျက်စိတမှိတ်, လျှပ်တပျက်မှာ- ကုဋေတသိန်း ကျော်ဖြင်ပျက်ပြီး၊ ဝိပလ္လာသ,သုံးပါးနဲ့အတိပြီးတဲ့- ရုပ်နာမ်တရား-ခန္ဓာငါးပါး အဆက်မပြတ်, ဖြစ်ပွားကြရပြီဆိုတာ= မြေကြီးလက်နဲ့ခပ်ရင် မလွဲသလို ဧကန် မှန်ပါတော့တယ်။ ကဲ....ဒီတော့ ယောဂီလို့ခေါ်တဲ့ ခန္ဓာငါးပါးထဲမှာ၊ အဲဒီ- သညက္ခန္ဓာဖြစ်တော့ ဘယ်လိုမျိုးဖြစ်တတ်, ဖြစ်နေတတ်သလဲ-သုံးမိနစ်လောက် စဉ်းစားကြည့်လိုက်စမ်းပါ....။

× × ×

ရင်နင့်စရာတွေ ဉာဏ်နဲ့တွေ့မသွားဘူးလား?၊ ကထံနုခေါ်ပစ္စေသိ=ယော ဂီ,သင်–မည်သို့ယုံကြည်ပါသလဲ၊ အန္ဓပုထုဇဉ်ဘဝက, မလွတ်ခင်တုံးက၊ ယော နိသောမနသိကာရလေး–ဖြစ်ခွင့်ရှိသေးခဲ့ရဲ့လား?၊ မရှိရေးချ-မရှိနိုင်ခဲ့ကြပါဘူး၊ ဒီတော့–သက်ပြင်းကလေးချပြီး- မိမိရတနာသုံးစုံနဲ့ ကံ,ကံ၏အကျိုးယုံကြည်တဲ့ ကမ္မသကတာ,သမ္မာဒိဋ္ဌိရှိပြီး၊ အဲဒီ- ယောနိသောမနသိကာရမျိုးတော့ ဖြစ်ရှိခဲ့ ပါတယ်လို့ အားကိုးကလေးနဲ့၊ဥပါယ်တမည်ရှာပြီး၊အသက်ကလေးမှန်မှန်ပြန်ရှူ ခါ၊ နေသာသလိုတော့ ရှိသွားမှာပါဘဲ၊ ဒါပေမဲ့ အဲဒီ, ကမ္မသကတာ, သမ္မာ ဒိဋ္ဌိဆိုတာ သာသနာ့အလင်းရောင်,ဓမ္မအလင်းရောင်နဲ့ အပါယ်လေးပါးဘောင် ကိုလွတ်ပြီး၊ မဂ္ဂင်ဖေါင်တက်စီးသွားနိုင်တဲ့ အားကိုးဘယ်ရာမျိုး မဟုတ်ပါဘူး၊

သံသရာ့အလင်းရောင်, ကမ္ဘာ့အလင်းရောင်မျှဖြစ်တဲ့- ဆယ်ရေးတရေး- ကိုးရေးတရာဆိုသလို အခိုက်အလှဲ့ကြုံပါမှ သုဂတိဘုံကလေးရပြီး၊ အပါယ်လေးပါးမှ တဘဝလွတ်ခါ၊ ဥက္ကဋ္ဌာ, ပုညတေဇေနဆိုတဲ့- ကောင်းမှုရှိန်စော်- အာနုဘော်လေးကုန်သွားတော့၊ သံသရာ့အလင်းရောင်တချက်မှာ- ပေါ်မျှောနဲ့ တကြိမ်မျောတာကုန်ဆုံးပြီး၊ကမ္ဘာအသင်္ချေ-အပါယ်လေးထွေမှာနစ်မြုပ်ခံရမဲ့ သံသရာ့ဝဲဇလုတ်က၊ ဆွဲထုတ်ဘို့ လွန်စွာခက်ခဲပါတော့တယ် .. ယောဂီ။

ချောက်သည်လို့ မအောက်မေ့ပါနဲ့- အောက်ပြည်ကို တကြိမ်ရောက်သွားရရင်၊ ထို့ထက်,ထို့ထက်, အောက်ကို ယက်ယက်ပြီးဆင်းရတဲ့အခင်းနဲ့ အတောမသတ်အောင် ရှိတတ်ခြင်းအမှန်မို့၊ သတိတမာန်ကလေးပြုပြီးလျှင်၊ သာသနာ့အလင်းရောင်,ဓမ္မအလင်းရောင်- ဝိပဿနာသမ္မာဒိဋ္ဌိပညာတွေကို မရ,ရအောင် သင်ယူဆောင်ထားပြီး၊ သူတပါး-ဟောပြောဘို့ကို ခေတ္တနှစ်သိမ့်ထားခါ၊ မိမိအတွက် စိတ်ချရအောင် အရင်ကြိုးစားတော့မယ်လို့ သန္နိဋ္ဌာန်ချထားစေလိုပါသည်။

ထိုသို့ တိုက်တွန်းလိုက်ရသော်လည်း လောကလူ့ဘုံ- ကာမစ္ဆန္ဒ တွယ်ပိုကလဲ၊ ဘယ်ခါမလပ်- ဒလစပ်နှင့် ပြင်းထန်နေတတ်ကြပါတယ်။သမုဒယအသင်းအပင်း-ပလိဗောဓဆိုတဲ့- အခင်းနဲ့လဲ ရှာမှီးသိမ်းပိုက်၊ ကြောင့်ကြ တောင့်တနေပုံတွေကလဲ မဆိုတ်နိုင်အောင်,ဖြစ်ရှိနေရခြင်းတို့ကြောင့်၊ ဒိဋ္ဌိနုပ္ပဇ္ဇတိ-ဒိဋ္ဌိမဖြစ်ဘို့အရေး-မှတ်သားသိမှုကလေးကို ပြောင်းရွှေ့ပေးနိုင်ရန်—သတိတမန်-မနသိကာရ ခြံရံပြီး၊ တယံ့ဝီရိယ-ပညာဦးစီးမှုရ၍၊ ဉာဏ်မြေကတုတ်, မဆုတ်မနစ်- အားထုတ်ဘို့အရေးနှင့် လွန်စွာဝေးနေရတတ်ပါသည်။ ထို့ကြောင့်– ဓမ္မစ္ဆန္ဒ အမြဲကပ်ရန် ဝိပဿနာ သမ္မာဒိဋ္ဌိ ပညာမြတ်ကို ကိုယ်စိတ်နှလုံး၌ လွှမ်းထုံအောင်, ကြိုးစားကြပါကုန်။ ။

သညက္ခန္ဓာ- သညာစေတသိက်- အမှားချိပ်သဖြင့်၊ ဥပမာဟိတ်, တူမျှပုံနိမိတ်သဘောကတော့၊ တံလျှပ်ကို ရေထင်၍- ရွှေသမင်အလိုက်မှားသဖြင့် ရင်ကွဲနာကျသွားပုံကဲ့သို့ ဖြစ်ပါသည်။ တပေါင်း,တံခူး,နေပူရှိန်ထူး၍၊ မြစ်ကူးချောင်းဖျား, ခမ်းချောက်သွားရမှုသည် ဆောင်းဦးကစ၍ တစ, တစ, ဖြစ်ရှိလာခဲ့ရာ၊ တောသမင်ကလေးများသည် မိုးနှောင်းကာလမှစ၍ သဲသောင်ပြင်ချောင်းစပ်၌ ညနေတိုင်းရေဆင်း၍ သောက်ခဲ့ကြရာ၊ ဆောင်းမှနွေတိုင်- တနေ့ထက် တနေ့- ချောင်းရေတွေ ဆုတ်ယုတ်သွားပြီး၊ သဲသောင်ပြင်အတိသာ ကျန်ရှိလာသောအခါ၌၊ညနေဆည်းဆာ–ချောင်းစပ်ကို ရေသောက်ရန်လာသော သမင်ကလေးမှာ၊ သဲသောင်ပြင်ချောင်း- ဤမှာဘက်မှ ဟိုမှာဘက်တိုင် ရေကိုရှာသော်လည်း

မတွေ့မရှိရသည်ဖြစ်၍၊ အနောက်ယွန်းသော နေဝန်းဘက်သို့ ဆက်လက်၍- မျှော်ခေါ်ကြည့်ရာ၊သဲသောင်ပြင်သာရှိသော ချောင်းရိုးတလျှောက်တွင် နေ့ခင်းမှနေပူရှိန်ကြောင့် သဲပြင်မှ အခိုးအငွေ့ကလေးတို့သည်- နေရောင်ဆည်းစျာနှင့် ဟတ်၍ တံလျှပ်ကလေးတွေဖြစ်နေကြတယ်။ တံလျှပ်ဆိုသည်မှာ အဝေးမှ လှမ်းကြည့်လျှင် ရေယက်ကလေးတွေ တလှပ်လှပ်ထပြီး စီးဆင်းနေတဲ့ပမာလို တူလှသဖြင့် ရေဆာ၍ အရှာဆင်းလာသော သမင်ကလေးမှာ၊ ယင်းကဲ့သို့ တံလျှပ်ကို လှမ်း၍မြင်လိုက်ရတော့၊ ရေတော့ သောက်ရတော့မည်ဟု ဝမ်းမြောက်ကြည်ရွှင်စွာ ကဆုံပေါက်၍ ပြေးလွှားသွားတယ်၊ အနားရောက်တော့ တံလျှပ်ရေရောင်ပျောက်ပြီး- အမောသာ အဖတ်တင်ရှာတယ်တဲ့၊ ဒါပေမဲ့ နောက်တဖန် အနောက်ဘက်ကို မျှော်ခေါ်ကြည့်ပြန်တော့လဲ၊ နေရောင် ဆည်းစျာ-ဖြာကျရာ- သဲသောင်ပြင်, ခပ်ဝေးဝေးမှာ၊ တံလျှပ်ရောင်ကလေး ပြေးနေတာတွေ့ရပြန်တော့၊ ဒီတခါ- ကေန္တ- ရေပါဘဲရယ်လို့- အားခဲပြီး- ပြေးသွားပြန်တယ်၊ ဒါပေမဲ့ = အနားရောက်တော့လဲ- ရေအစစ်မဟုတ်တဲ့- တံလျှပ်က- ပျောက်ပျောက်ပြီး- သွားပြန်တာပေါ့၊ အဲဒီလို- တံလျှပ်ကိုရေထင်ပြီး-ရွှေသမင်ကလေးဟာ- တကြိမ်အမှတ်မှားခါ- လိုက်သွားလို့လဲ- မသိ၊ နောက်တကြိမ်, တွေ့ပြန်တော့လဲ- ရေရှိတယ်ထင်မှတ်မှားပြီး၊ ပြေးလွှားလိုက်သွားတာ၊ နှစ်ကြိမ်မှ- လေးငါးကြိမ် စသည်ဖြင့်- အမှတ်မှန်ကို- မရောက်၊ တံလျှပ်ကို ရေထင်တဲ့-အမှတ်မှားတောက်လျှောက်နဲ့- ၁၀-ကြိမ်, ၁၅-ကြိမ်လဲ မြောက်ရော၊ ရေကလဲငတ်, အမောကလဲဟပ်ပြီး- မတ်တပ်က- လဲ, ရင်ကွဲနာကျ- သေရရှာတော့တယ်။

ဒီတော့.... ယောဂီသူမြတ်တို့လဲ-ပြန်စဉ်းစားတတ်ရင်ပေါ့လေ။ ရွှေသမင်ဟာ- တံလျှပ်ကို ရေထင်ပြီး- အမှတ်မှားလို့- အမောသာ အဖက်တင်နေရာက၊ တကြိမ်က, နှစ်ကြိမ်- သုံးကြိမ်ဆိုရင်- အမှတ်မှားနေမှန်းသိပြီး၊ တခြားရေရှိရာ- စိမ့်စမ်းတွေဆီသို့သာ- သွားရှာဘို့ ကောင်းပါတယ်၊ ယခုတော့- (၁၀)ကြိမ်လဲ မက- အမှတ်က, ထပ်မှားပြီးရင်း, မှားရင်းနဲ့- အသက်ခန္ဓာ- ရွှေ့လျောရတဲ့ တိုင်အောင်- အမှတ်မှားနဲ့ဘဲ- သေသွားခဲ့ရတယ်။ ယောဂီသူမြတ်တို့လဲ- ဒီလိုသာဘဲ၊ ရွှေသမင်ကလေးထက်တောင်, ကဲပါသေးတယ်၊ တသံသာရာလုံး- ဘဝအသင်္ချေအနန္တတိုင် အမှတ်မှားလာခဲ့ကြတယ်၊ အဲဒီ- အမှတ်မှားလာတာ သိပ်တော့ မကြာသေးပါဘူး၊ ဂေါတမဗုဒ္ဓသဲစုနှင့်မျှမက၊ ဘုရားရှင်တွေ ပွင့်တော်မူပြီးခဲ့ကြသည်အထိဆိုတော့၊ရေတွက်လို့မှ မရတော့ဘဲ- မရေတွက်တာဘဲ-ကောင်းတော့တယ်ထင်ပါရဲ့။ ဤ၍- ဤမျှလို့- ဂဏန်းချပြ- မရလေအောင်- အနမတဂ္ဂသံသရာထဲက- မှားလာတဲ့အမှတ်မှားကြီးပါ။ သက္ကာယဒိဋ္ဌိနဲ့အစဉ်ငြိအောင်

အမှတ်မှားလေတိုင်း၊ ကိလေသာကာမက– ဝတ္ထုကာမကို- မရအရရှာဖွေပြီး- ခံစားရတာ, ချမ်းသာတယ်လို့- အမှတ်မှားလာခဲ့ပါတယ်၊ အဲဒီ=ကာမတဏှာကို သညာက- တသံသရာလုံးက- ချမ်းသာလုပ်ပြီး-အမှတ်မှားခဲ့တယ်။သညာကြောင့် ဒိဋ္ဌိဖြစ်တော့လဲ- အယူမှားခဲ့တယ်။ စိတ္တဝိပလ္လာသနဲ့လဲ- တသံသရာလုံးက အသိမှားလာခဲ့တယ်၊ ငါးဖြာအာရုံ, ကာမဂုဏ်ကို- ချမ်းသာတာ အစစ်အမှန်လို့– သုံးတန်သော သညာ-ဒိဋ္ဌိ-စိတ္တ-ဝိပလ္လာသဖြစ်ပြီး- မှားလာခဲ့ကြတယ်၊ ဒါတွင် လားဆိုတော့- မဟုတ်သေးပါဘူး၊ဘဝတဏှာကျတော့- သာပြီးတော် လွန်ကဲသေးတယ်၊ လူ့ကာမတဏှာထက်– လူမင်းဖြစ်ပြီး ခံစားရတဲ့- ကာမဂုဏ်ကမှ- ပိုချမ်းသာတယ်၊ လူမင်းကာမဂုဏ်ထက်- နတ်ကာမဂုဏ်က- ပိုချမ်းသာတယ်၊ နတ်ကာမဂုဏ်ထက်- နတ်မင်းကာမဂုဏ်က- ပိုချမ်းသာတယ်- စသည်ဖြင့်- ကာမတဏှာကနေ- ဘဝတဏှာအကြီးစားတွေ ထိအောင်- ဘဝချမ်းသာ, ငါချမ်းသာကို= တဏှာနှစ်ဖြာရစ်ပတ်ပြီး၊ ချမ်းသာအစစ်ကြီးလို့– ထင်မှတ်ခါ- အားထုတ်ပေါင်းစည်းခဲ့ကြတယ်၊ အဲဒါ= ကာမတဏှာနဲ့- ဘဝတဏှာကို- ချမ်းသာရာအစစ်လို့- မှတ်သိစွဲယူလာခဲ့တာ၊ ချမ်းသာစစ်တရားရော, ဟုတ်ပါရဲ့လားလို့ ပြန်ကြည့်ပါအုံး။ ချမ်းသာအစစ်ဆိုရင်= ကုန်သွားတယ်, ပျောက်သွားတယ်, ချုပ်ဆုံးသွားတယ်ဆိုပြီး- ထပ်ထပ် ရှာနေရတယ်ဆိုတာဟာ၊ ချမ်းသာအစစ်မဟုတ်ပါဘူး။ မဟုတ်မှန်းလဲ- မသိပါဘူး၊မယူပါဘူး– မမှတ်ပါဘူး၊ အဲဒီလို– ချမ်းသာအစစ်, မဟုတ်မှန်း, မသိအောင်၊ (ဝါ)ရွှေသမင်ကလေး- တံလျှပ်ကို ရေမဟုတ်မှန်းမသိအောင်- နေရောင်ဆည်းဈာက ထိုးပေးပြီး လှည့်စားထားတော့– ရေလို့ဘဲ ထင်ပြီးလိုက်ရင်းနဲ့- သေရသလို၊ တသံရာလုံး-အဝိဇ္ဇာက,ဖုံးပေးထားတော့၊ ကာမတဏှာနဲ့– သာယာနှစ်သက်, သုံးဆောင်ရချက်ဟာဖြင့်၊ ချမ်းသာအစစ် မဟုတ်၊ ချမ်းသာသယောင်ဆောင်ပြတဲ့- အခင်းသရုပ်ကို၊ မမြင်နိုင်အောင်– ဖြစ်နေကြလို့- ချမ်းသာတယ်လို့ ထင်စွဲနေကြခြင်း ဖြစ်ပါသည်။

အဲဒီလို= ချမ်းသာအစစ်လို့- ထင်ယူသိတဲ့ အမှတ်မှားကို- ပြုတ်သွားအောင်၊ ဂင်္ဂါဝါဠုသဲစုမျှမက- ဘုရားရှင်တွေထဲမှာ၊ တခါတရံ=ဖူးတွေ့နိုင်ခဲ့ရပေမဲ့၊ မိမိကသံသရာလုံးက- ကာမတဏှာ, ဘဝတဏှာကို- ချမ်းသာအစစ် လုပ်ထားဒါ= မခွဲရက်နိုင်တော့၊ ကျွပါးစောင်းတီး- အကြောင်းမကြီး, အကျိုးမပြီးဘဲ- ဖြစ်ခဲ့ရမှာပါဘဲ၊ ယခုဘဝ, တခဏတွင်— ဗုဒ္ဓုပ္ပါဒ နဝမခဏနှင့် တွေ့ကြရပြန်တော့လဲ၊ အမိဝမ်းမှ- ကျွတ်ကထဲက- အမှတ်မှားရက်ဘဲ၊ လေးဘက်သွားတော့လဲ အမှတ်မှားရက်ဘဲ၊ လမ်းရှောက်နိုင်တော့လဲ— အမှတ်မှားရက်ဘဲ၊ ကျောင်းသားဖြစ်ပြီး စာသင်သွားတော့လဲ- အမှတ်မှားရက်ဘဲ၊ အတန်းတွေ

အောင်, အောင်သွားတော့လဲ- အမှတ်မှားရက်ဘဲ၊ ဒီဂရီရပြီး- ကျောင်းကထွက်တော့လဲ အမှတ်မှားရက်ဘဲ၊ အိုးအိမ်ထူထောင်ပြီး စီးပွားရှာတော့လဲ- အမှတ်မှားရက်ဘဲ၊ သားသမီးတွေရလာပြန်တော့လဲ- အမှတ်မှားရက်ဘဲ၊ မြေးတွေ-ရလာတော့လဲ- အမှတ်မှားရက်ဘဲ၊ ကဲ....သေကံနီးလာတဲ့အထိလဲ- အမှတ်မှားရက်ဘဲ။

ကာမတဏှာ-ဘဝတဏှာနဲ့-ချမ်းသာအစစ်ကိုရှာလို့မရဘူး။ဘာဖြစ်လို့လဲဆိုတော့-သူက, သင်္ခတနယ်မှာသာ- ရှာတတ်တဲ့တရား၊ ချမ်းသာရာအစစ်က-အသင်္ခတနယ်မှာသာ ရှိပါတယ်။ ယောဂီရဲ့- ရုပ်နာမ်ဓမ္မ- သင်္ခါရတရားသည်-တသံသရာလုံးက ကာမတဏှာ- ဘဝတဏှာနဲ့- သင်္ခတနယ်ထဲမှာ- ချမ်းသာရာကိုရှာလာခဲ့တာ-တွေ့ခဲ့ရဲ့လားလို့ပြန်စစ်ကြည့်ရင်=မတွေ့ခဲ့တာမှန်ပါတယ်။ ဘယ်တွေ့ပါ့မလဲ- သင်္ခတနယ်, ဘဝပင်လယ်ထဲမှာ၊ ချမ်းသာရာအစစ်က- ရှိမှမရှိဘဲ၊ ရှိတဲ့- အသင်္ခတနယ်က- ချမ်းသာအစစ်-နိဗ္ဗာန်ကိုရှာချင်ရင်တော့၊ ကာမတဏှာ-ဘဝတဏှာနဲ့ ရှာလို့မရဘူး၊ သူတို့ပါလာရင်- အသင်္ခတနယ်က, အရှာမခံဘူး။ ဘာနဲ့မှ အသင်္ခတနယ်က အရှာခံသလဲ,ရှာလို့ရသလဲဆိုတော့၊အဋ္ဌင်္ဂိက, ဝိပဿနာမဂ်နဲ့မှ- အရှာခံတယ်-ရှာလို့ရတယ်၊ ဘုရားအစရှိသော- အရိယာအပေါင်းတို့သည်လဲ၊ အဲဒီ-အဋ္ဌင်္ဂိက- ဝိပဿနာမဂ်နဲ့- အသင်္ခတနယ်ထဲ- ဝင်,ဝင်ရှာပြီးလို့၊ ချမ်းသာရာအစစ်- မဂ်ဖိုလ်အနှစ်ဖြစ်တဲ့-အသင်္ခတ, နိဗ္ဗာန်မြတ်ကို ဝင်စံရရှိသွားတော်မူခဲ့ကြတယ်။ ။

ဒါပေမဲ့-အန္ဓပုထုဇဉ်တွေရဲ့- သညာက္ခန္ဓာကတော့= အမှတ်မှားကြတုံးဘဲ၊ ကာမတဏှာ-ဘဝတဏှာနဲ့ ခံစားရတာကို- ချမ်းသာတယ်လို့ထင်တုံးဘဲ၊ အဲဒီ-အမှတ်ကိုမှမပြောင်းလဲရသေးရင်၊ ချမ်းသာအစစ်ဟာ-အသင်္ခတနယ်,ပြည်နိဗ္ဗာန်မှာရှိတာအမှန်ပါ၊သင်္ခတနယ်မှာ- ကာမတဏှာ,ဘဝတဏှာနဲ့-တွယ်နေရတာကဆင်းရဲတရားပါလို့ ပဌမ အမှန်ကိုပြောင်းမှတ်ပြီး၊ယုံကြည်ချက်, အပြည့်အဝရှိမှ အသင်္ခတမှာဝင်တွယ်လို့ရတဲ့- ဝိပဿနာမဂ်ဟာဖြင့်-ချမ်းသာရာအစစ်ကို ရှာဖွေတွေ့ရှိနိုင်တယ်၊ ရှာဖွေဆဲမှာလဲ ချမ်းသာတယ်ဆိုတဲ့-အရသာတကာတို့ထက်-လွန်ကဲမြတ်တဲ့- ဓမ္မအရသာကို သုံးဆောင်ပြီး၊ ချမ်းသာဘွယ်-ဘာဝနာရတိ,ဓမ္မရတိ-အဖြစ်နဲ့လဲ-မွေ့လျော်ပျော်မွေ့ဘွယ် ကောင်းတယ်လို့- ဆုံးဖြတ် ယုံကြည်လာမယ်၊ တကယ့်-ချမ်းသာအစစ်ကိုလဲ-တကယ်သိ, တကယ်လိုချင် ဆန္ဒ ပြင်းပြစွာရှိလာမယ်၊ ဒီလို အမြင်မှန်- အမှတ်မှန်ကလေးကိုမှမရရင်၊ ကာမချမ်းသာ-ဘဝချမ်းသာထဲမှာသာ-နစ်မြုပ်နေရအုံးမှာဘဲ၊ ချမ်းသာရာအစစ်- နိဗ္ဗာန်မလိုချင်ဘူးလား မေးရင်တော့လဲ- လိုချင်တယ်လို့ပြောမယ်၊ ဒါပေမဲ့-တကယ် လိုချင်တာ

ဟုတ်ရဲ့လားဆိုတော့=မဟုတ်ဘူး၊ လောကီဒုက္ခ တွေ့တဲ့အခါမှာသာ- နိဗ္ဗာန်ကို "နိဗ္ဗာန်မရရင်- ဘယ်တော့မှ- အေးမှာမဟုတ်ဘူး"လို့- ဆိုနိုင်ရုံမျှ- ပြောနိုင်ရုံမျှ- လိုချင်တဲ့သဘောဘဲ- ဖြစ်ရှိတတ်ကြတယ်။ တကယ့်ဆင်းရဲ- ဒုက္ခသစ္စာကိုသိလို့- လိုချင်တဲ့သဘောမျိုးဖြစ်ခဲ့ပါလျှင်၊ အသခ်တနယ်ကို-ဝင်ဆန့်၍ ရောက်ရှိအောင် ဝိပဿနာမဂ်ကို- မပျက်မကွက်ရအောင် ကြိုးစားကြမှာ ဖြစ်ပါတယ်။

ဒီတော့- တံလျှပ်ကို- ရေထင်ပြီး၊ ရွှေသမင်အလိုက်လှဲ၍-ရင်ကွဲနာ ကျရတဲ့အဖြစ်မျိုးကဲ့သို့ တသံသရာလုံး-ဆိုးကျိုးနဲ့ ဆင်းရဲကို- အလွဲအမှား-ချမ်းသာ တရားလုပ်ခဲ့မိကြတာကို၊ ရပ်တန်းကရပ်လျက်ဝိပဿနာမဂ်နှင့်အသခ်တနယ်ဘက် ကူးရအောင်- သညက္ခန္ဓာအမှတ်မှားမှုကို သိမ်းဆည်းရှေ့ရှု- ခွါချနိုင်အောင် ပြုတော်မူကြပါကုန်။ ။

## "သညက္ခန္ဓာ-သညာစေတသိက်၏ ဌာန်လေးပါး"

သဥ္ဇာနနလက္ခဏာ = အမှတ်ပြု၍- သိခြင်းလက္ခဏာရှိ၏။

ပစ္စာဘိညာဏကရဏ-ရသာ = ရှေ့အမှတ်၌-နောက်ထပ်မှတ်သိခြင်းကိစ္စ ရသရှိ၏။

ယထာဂဟိတ နိမိတ္တာဘိနိဝေသ-ပစ္စုပဋ္ဌာနာ= ယူအပ်တိုင်းသောအမှတ်ဖြင့်-နှလုံးသွင်းကို ဖြစ်စေတတ်သော တရားဟု-ရှေးရှုထင်၏။

ယထာ ဥပဋ္ဌိတ ဝိသယ ပဒဋ္ဌာနာ = ထင်လာသော အာရုံလျှင်- နီးစွာသော အကြောင်းရှိ၏။

### (မှတ်ရန်ဆောင်ပုဒ်)

အာရုံထင်လင်း၊ မှတ်ပြုနှင်း၊ သိခြင်းလက္ခဏာ။
မှတ်ပြီးအာရုံ၊ ထပ်သိကုန်၊ ပြုပုံကိစ္စပါ၊
နှလုံးသွင်းလျှင်၊ မှတ်သိမြင်၊ ဉာဏ်လျှင် ရှေ့ရှုလာ၊
နီးစွာတရား၊ ထင်လာငြား၊ ခြောက်ပါးအာရုံပါ။ ။

# " သင်္ခါရက္ခန္ဓာတရား "

သင်္ခါရက္ခန္ဓာ၏တရားကိုယ်မှာ၊ ဝေဒနာ, သညာမှကြွင်းသော-စေတနာ စေတသိက်အမှူးရှိသည့် (၅၀) သော စေတသိက်တရားတို့ဖြစ်ပါသည်၊ သဘော အဓိပ္ပါယ်=စေ့ဆော်တိုက်တွန်း- ပြုပြင်စီရင်တတ်သည်၊ ဥပမာ= ငှက်ပျောတုံး- ငှက်ပျောပင်နှင့်တူသည်။ ကာယကံ-ဝစီကံ-မနောကံ့တို့ကို ဖြစ်စေတတ်သည်။ ကိုလေသဝဋ်နှင့်- ကမ္မဝဋ်တို့၏- အကြောင်းအပေါင်းဖြစ်သည်၊ ရုံခါကုသိုလ်၏ ရှေ့သွားဖြစ်၏၊ ရုံခါကိလေသာ၏ ရှေ့သွားဖြစ်၏။ ရုံခါကိလေသာ၏ နောက် လိုက်ဖြစ်ခြင်းရှိ၏။ ပဋိသန္ဓေအကျိုးကိုလည်း ဖြစ်စေတတ်၏။ သမုဒယသစ္စာ၏ အာယူဟနဋ္ဌအနက်၌အကျုံးဝင်သည်ဖြစ်၍-ဒုက္ခသစ္စာရကြောင်းကိုပေါင်းစည်း တတ်သော တရားဖြစ်၏။ ကမ္မဝိပါကော- အစိန္တိယျော့အရ- မကြံစီနိုင်အောင် များမြတ်ဆန်းကျယ်သော ကုသိုလ်,အကုသိုလ်တို့၏ အကြောင်းရင်းနိဒါန်းလည်း ဖြစ်သည်။ အာရုံကိုသိသဘောဖြစ်သည့်တပါးသောအဘို့ရှိသောစိတ်ကို အကျဉ်း (၈၉)အကျယ်(၁၂၁)အားဖြင့်-အယုတ်, အလတ်, အမြတ်အဖြစ်ငှင်း၊ ကာမာ ဝစရ=ရူပါဝစရ=အရူပါဝစရအဖြစ်ငှင်း၊ အဟိတ်- သဟိတ်- ဒွိဟိတ်-တိဟိတ် အားဖြင့်ငှင်း၊ လောဘဟိတ်-ဒေါသဟိတ်-မောဟဟိတ်၊အလောဘဟိတ်-အဒေါ သဟိတ်- အမောဟဟိတ်အားဖြင့်ငှင်း=ယှဉ်စပ်စေတတ်၍- မိမိသည် ဖြစ်စေအပ် သော အနုသယသစ်ဖြင့်- ကံတို့သည် မိမိနှင့်တကွနက်- နာမ်ခန္ဓာတို့သို- အစဉ် လိုက်သော ဓမ္မနိယာမကို မလွန်မဆန်-မြဲမြံသောစွမ်းပကားကို- ရယူပေါင်းစည်း တတ်သော တရားလည်း ဖြစ်ပါသည်။

ဤသင်္ခါရက္ခန္ဓာခေါ်-စေတနာစေတသိက်အမှူးရှိသည့်- ငါးဆယ်သော စေတသိက်တရားတို့သည်၊(ဝါ)စေ့ဆော်တိုက်တွန်းပြုစီရင်ညွှန်းတတ်သော-ခန္ဓာ အမှုတရားအစုသည်။ အထက်ပါ-သဘောသွားများအရ၊ သင်္ခါရလောကကြီး ကို- ချယ်မှုန်းရေးဆွဲပြနေသော-ပန်းချီခေါင်းဆောင်ကြီးနှင့်တူရုံမျှမက၊ သတ္တ လောကလို့-သမုတ်ခေါ်ဝေါ်ရအောင်လဲ- လူရုပ်- နတ်ရုပ်- ဗြဟ္မာရုပ်, ငရဲရုပ်, ပြိတ္တာရုပ်, အသူရကာယ်ရုပ်တွေကိုလဲ- ဖေါ်ပြရေးဆွဲခါ၊ တဖန် ဒါကတော့- တောတောင်, ရေမြေ, ကောင်းကင်, နေလ, နက္ခတ်တာရာ, ကြယ်တကာနှင့်- အိမ်ကျောင်းဇရပ်, ဘုံလောကဓါတ်တွေကိုလဲ- ချယ်မှုန်းရေးဆွဲပေးတတ်သော ထက်မျက်ဆန်းကျယ်သည့်- ပန်းချီပညာ ပါမောက္ခကြီးသဖွယ် ဖြစ်ဘိသကဲ့သို ဆောင်တတ်ပေသည်။

ထိုသို့- ကျယ်ဝန်းလှသော သင်္ခါရက္ခန္ဓာ၏အကြောင်းကို၊ အထက်ပါ အင်္ဂကြောင်း ကလေးတွေမျှပင် ပေါ်လွင်စုံလင်အောင်- ပြဆိုရပါက၊ ကျမ်း တစောင်တဖွဲ့မက- ခဲ့ချမဆုံးအောင်ပင် ရှိတတ်ရတော့ကား၊ လိုရင်းမျှကိုသာ, ဆိုရှင်းရပါတော့မည်။

ယာ စေတေတီတိ စေတနာ, သာ စေတယိတ လက္ခဏာ၊
အာယူဟန ရသာ၊ သံဝိဓါန ပစ္စုပဋ္ဌာနကာ၊
သေသခန္ဓ ပဒဋ္ဌာနာ, ယထာ ထာဝရိဒယာဒယော။ ။

ယာ-အကြင်, စေတနာ စေတသိက်သဘောတရားသည်။ စေတေတီတိ- မိမိနှင့်တကွ-ယှဉ်ဘက်စေတသိက်တရားတို့ကို၊အာရုံ၌ စပ်ဟပ်ပါဝင်လတ်အောင် စေ့ဆော်တတ်သည်၏ အဖြစ်ကြောင့်၊ စေတနာ- စေတနာမည်၏။ သာ= ထို စေတနာ စေကသိက်တရားသည်၊ စေတယိတလက္ခဏာ- စေ့ဆော်တိုက်တွန်း- ပြုပြင်စီရင်ညွှန်းတတ်ခြင်းလက္ခဏာရှိ၏။ ။

| | | |
|---|---|---|
| အာယူဟနရသာ | = | ယှဉ်ဘက် စေတသိက်တို့- စပ်ဟပ်ပါဝင်လာ အောင်-ကြောင့်ကြဗျာပါရ လုံ့လပြုခြင်း ကိစ္စ ရသရှိ၏။ ။ |
| သံဝိဓာနပစ္စုပဋ္ဌာနကာ | = | ပြုပြင်စီရင်တတ်သော တရားဟု- ယောဂီတို့၏ ဉာဏ်တွင် ရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ။ |
| သေသခန္ဓပဒဋ္ဌာနာ | = | ကြွင်းသော-နာမ်ခန္ဓာသုံးပါးလျှင် နီးစွာသော အကြောင်းရှိ၏။ ။ |

အထက်ပါ= ပြဋ္ဌာန်းအပ်သော-လေးပါးသော-အကြောင်းအားလျော် စွာလျှင် ဖြစ်ပွားတတ်သော- စေတနာစေတသိက်ခေါ်- သင်္ခါရက္ခန္ဓာ၏ ခေါင်း ဆောင်တရားသည်၊ မှတ်ကြောင်းအားဖြင့်- (၀၁) မိမိမှာ-စေတနာတရားတွေ ဖြစ်ပေါ်လာပေါ့ဟု- သိရန်အားဖြင့်- "စေ့ဆော်တိုက်တွန်း- စီရင်ညွှန်းတတ် ခြင်း"တွေ- ဖြစ်လာပြီဆိုရင်- စေတနာ, သင်္ခါရက္ခန္ဓာဖြစ်သွားပြီလို့ သိအပ်ရာ ပါသည်။

စေ့ဆော် တိုက်တွန်းခြင်းအားဖြင့်- မိမိနှင့်ယှဉ်ဘက်, ဖြစ်စေလိုသော- စေတသိက်တို့- ပါဝင်လာအောင်- ကြောင့်ကြဗျာပါရ- လုံ့လကိုဖြစ်စေခြင်း ကိစ္စရသသည်၊ စေတနာ၏ စေ့ဆော်တိုက်တွန်းမှုကြောင့်- ကိစ္စရသပေါ်ထွက် အပ်၏။ ပြုစီရင်ညွှန်းတတ်ခြင်းဖြင့်- မိမိနှင့် စပ်ဟပ်လာသော-စေတသိက်တရား

တို့ကို၊ ထိုထိုအမှုတို့ ပြီးမြောက်စေရန်- မိမိလည်းပြုလုပ်- ကြွင်းစေတသိက်တို့ကိုလည်း ပြုလုပ်စေကာ- အားထုတ်ကြခြင်းကြောင့်၊ ပြုပြင်စီရင်တတ်သော တရားဟု ရှေ့ရှုထင်ခြင်းငှါထိုက်သော- ပစ္စုပဋ္ဌာန်လည်း- ဖြစ်ရှိရတော့သည်။ မိမိ, စေတနာစေတသိက်တပါးထည်းက- ကြွင်းစေတသိက်(၄၉)ပါးကို- မစေ့ဆော်နိုင်ရကား၊ ကျန်-နာမ်ခန္ဓာသုံးပါးနှင့်- တပေါင်းတည်း ပြုစီရင်ရသောကြောင့် နီးစွာသောအကြောင်းမှာ- နာမ်ခန္ဓာ သုံးပါးပင်- အဓိက, အားဖြင့်- ဖြစ်ရတော့သည်။

ထို့ကြောင့်= ဤသင်္ခါရက္ခန္ဓာသည်- နီးစွာသော နာမက္ခန္ဓာသုံးပါးနှင့်ငင်း၊ သဟဇာတ်တရား- ရုပ်ခန္ဓာတပါးနှင့်ငင်း၊ မိမိ၏, ဋ္ဌာန်လေးပါးနှင့်တကွနက်ဆောင်ရွက်ရာတွင်၊ မိမိပါဝင်- ခန္ဓာပဥ္စက- ဝိပါကဝဋ်အယာဉ်ကို- ခန္ဓာမလကိလေသဝဋ်အဖြစ်သို့ငင်း၊ ခန္ဓာသင်္ခါရ- ကမ္မဝဋ်အဖြစ်သို့ငင်း၊ သက်ဝင်ဖြစ်ပွားအောင်- စေ့ဆော်တိုက်တွန်း- ပြုစီရင် ညွှန်းတတ်သော ခန္ဓာဖြစ်ပါသည်။ ထိုသို့- ပြုပြင်စီရင်တတ်ရာဝယ်၊ ကြွင်းခန္ဓာလေးပါးလုံးနှင့် ယှဉ်စပ်၍- မပြတ်, မလပ်- ဒလစပ်ထဲရှိရကား၊ ကြောင့်ကြဗျာပါရ- အများဆုံးပြုရသော, တရားလည်းဖြစ်ပါသည်။

ခန္ဓာဖြစ်မှု- အာရုံတခုခုသည်၊ ရုပ်,ရုပ်ချင်းစပ်- ဖဿဓါတ်နှင့်- အတိုက်အခံ,ဆက်ဆန်လိုက်မိပြီဆိုပါက၊ပေါ်သိဝိညာဏ်တခုခု-လက္ခဏာအယာဉ်စုမှုစ၍(ဝါ)ထိုသို့- ရုပ်,ရုပ်ချင်းခိုက်- ဖဿဆိုက်၍- လိုက်ဘက်သင့်ခါ- ပေါ်ထွက်လာအောင်- တဖြာအာဝဇ္ဇန်း, ဆင်ခြင်ခန်းမှ- ဝိညာဏ်စိတ်လျှမ်း, ပေါ်လာငြမ်းမှုစ၍၊ စေ့ဆော်မှုတရားသည်- အမှားမှတ်, အမှားသိ- အားရှိအောင်- စေ့ဆော်လျက်- ဒိဋ္ဌိအဖေါ်ပါလာပြီဆိုပါက၊ တဏှာ,ပါ မက္ခာရအောင်လဲ- စေ့ဆော်မြဲ- စေ့ဆော်တတ်ပါသည်။ ထိုမှတလီ- မနောဝိညာဏ်စိတ္တုပ္ပါဒ်နှင့်မှီ၍လည်း၊ အာရုံအရှိ- ဝိဇာနာတိ, အကြောင်းခံပေးသည့် သဘောထက်၌- သဥ္ဇာနာတိ- မှတ်မှားဘိသည့်-အသိဓါတ်နှင့်အတူ- မနောဝိညာဏ်စိတ်ကျတော့ပို၍ပင် အားရှိအောင်- ကြွင်းသမျှ-အဖေါ်တွေနဲ့အတူ၊(ဝါ)သညာ,ဝေဒနာ, ဝိညာဏနှင့် လက်တွဲမဖြုတ်- ရုပ်ပါအတူ- စေ့ဆော်သူနောက်, တကောက်ကောက်လိုက်စေရန်- အကုသိုလ်စေတသိက်အသင်းအပင်းတို့နှင့်- စေ့ဆော်စပ်ဟပ် ကိုယ်တိုင်လဲ- ပါဝင်အပ်ပြီးလျှင်၊ ထင်ဟပ်သည့် အာရုံ- ပြုဘွယ်ရာအဖုံဖုံတို့ကို- ဝိတိက္ကမမြောက်အောင်၊ ဝစီဒွါရနှင့်- ကာယဒွါရအပေါက်ကနေ၊ အကုသိုလ်တရားတွေကို- ကောက်ခါ,ငင်ခါ- ဆွဲသွင်းနေကြသည့်- အကုသိုလ်,စေတသိက်ထဲမှာလဲ- အကြီးအကဲပီပီ- နှိုးဆော်သည်၊ တိုက်တွန်းသည်၊ အတူတကွ-

ပြုစီရင်ကြတော့သည်။ ပြုလုပ်သူကတော့-မရှိ။ စေတနာစေ့ဆော်သည့်အတိုင်း အကုသိုလ် ကံလှိုင်းတို့သည်၊ ကာယ, ဝစီ, မနော, တိုင်း၌၊ အတောမသတ် အောင်- ယောက်ယက်ခတ်ထလျက် ရှိရတော့သည်။ အဲဒီလို- အဝိဇ္ဇာဒိဋ္ဌိတို့နဲ့- စိတ်ရှိသမျှ- စေတနာပါပြီးလျှင်- ဒေါသကလေး ခြံရံခါ ပြုစီရင်လိုက်ရင်တော့၊ အပါယ်လေးခွင်- ပဋိသန္ဓေ အကျိုးကိုပေးမဲ့- အပါယဂမနိယ- ဥပပဇ္ဇဝေဒနီ ယကံတွေ- အတောမသတ်နိုင်အောင်, ဖြစ်ရှိကြရတတ်တော့တယ်။

တဖန်= အဝိဇ္ဇာတဏှာနဲ့- စိတ်ရှိသမျှ- စေတနာပါပြီးလျှင်- လောဘခြံရံ ကာ- ပြုပြင်စီရင်လိုက်ရင်တော့- ကာမာဝစရကုသိုလ်ကလေးတွေ ဖြစ်ခွင့်ရပြီး။ အပြစ်မရှိ- ချမ်းသာရာဖြစ်တဲ့- ကာမသုဂတိခုနစ်ပုံကို- ပဋိသန္ဓေအကျိုးပေးမဲ့— ကာမသုဂတိဂမနိယ ဥပပဇ္ဇဝေဒနိယ, ကံကလေးတွေကိုတော့၊ ရံခါရံခါ- ဖြစ် တတ် ဖြစ်ကြရပါသေးတယ်။

တဖန်=သမ္မာဒိဋ္ဌိ သတိနဲ့- စိတ်ရှိသမျှ- စေတနာမွေးမြူပြီးလျှင်၊ အလော ဘ- အဒေါသ- အမောဟ, ခြံရံခါ- ပြုစီရင်လိုက်ရင်တော့၊ (ဝါ) ကိလေသာ တွေ- ချုပ်ဆုံးအောင်- စီရင်တတ်ရင်တော့၊ သာဝက, ပါရမီဉာဏ်တွေ- ဖြစ်ခွင့် ရပြီး၊ ချမ်းသာမှန်ဖြစ်တဲ့- ပဋိသန္ဓေအကျိုးကို- မပေးသော= မဂ်, ဖိုလ်,နိဗ္ဗာန် အကျိုးကိုပေးသော- ဝိမုတ္တိရသကို- ရရှိခံစားနိုင်ကြပါတယ်။

အဲဒီလို= စေ့ဆော်တိုက်တွန်း- ပြုစီရင်ညွှန်းတတ်တဲ့ လက္ခဏာနဲ့အညီ၊ အချုပ်အားဖြင့်- အထက်ပါ, သုံးရပ် ပြုပြင်တတ်ရာဝယ်၊ တသံသရာလုံးက- ဘယ်လိုပြုပြင်ခဲ့ကြသလဲလို့-ပြန်တွေးကြည့်ရင်၊ ပဌမ- အဝိဇ္ဇာနဲ့ဒိဋ္ဌိသဘောရယ်၊ ဒုတိယ- အဝိဇ္ဇာနဲ့— တဏှာသဘောရယ်။ အဲဒီနှစ်ခုကိုတော့- အစဉ်ပြုပြင်လာခဲ့ တတ်ကြတယ်၊ တတိယ- ပြုပြင်မှုမျိုးကလဲ—သာသနာတော်နှင့်တကွ- သပ္ပုရိသူပ နိဿယစက်ကို- စိတ်ချ လက်ချရမှ- ပြုပြင်နိုင်တဲ့ သဘောဖြစ်တော့၊ ရဘို့ရာ မလွယ်ကူဘဲ- အလွဲလွဲအချော်ချော်နဲ့သာ- သံသရာတွေရှည်လျားပြီး၊ ပြုပြင်မှု- ပ,ဒု-နဲ့ဘဲ သွားခဲ့ကြရတယ်- လာခဲ့ကြရတယ်၊ ယခုလဲ- အဲဒီနှစ်ခုကိုဘဲ- အားကိုး တကြီးနဲ့-ပြုပြင်စီရင်နေကြအုံးမယ်ဆိုရင်- သံသရာဘယ်တော့မှ- ဆုံးမယ် မဟုတ် ပေဘူး။

အဲဒီလို- ဒိဋ္ဌိစေတနာ, တဏှာစေတနာ- လွှန်ကဲရာနှင့်ရင်း၊ ဒိဋ္ဌိ-တဏှာ နှစ်ဖြာဒွန်တွဲခါဖြင့်ရင်း၊ ခန္ဓာငါးပါး- ဇာတ်သမားကို၊ မင်းသားတလှီ-မင်းသမီး တဖုံ- လူကြမ်း, လူပျက်စုံစွာ- မင်းသားကြီး,မင်းသားလတ်, အရပ်ရပ်-အခဏ်း ခဏ်းကို- ပြုပြင်စီရင်- ကစေချင်သလို- အကခိုင်းခံရသည့်- ဘုံသုံးဝတွင်၊ နစ်ချီ တခါ- ပေါ်ချီတလှည့်၊ အလှမ်း- အသောတွေနဲ့- သံသရာကို ချဲ့ခဲ့ကြသည်၌၊

ပုဂ္ဂိုလ်, သတ္တဝါ-ငါမပါဘဲ၊ ဒုက္ခသစ္စာ- ဆင်းရဲအဖြာဖြာ, တရားသာ- ဖြစ်ကြပါတယ်၊ ထို- ငါးဝခန္ဓာ-ရုပ်နာမ်နှစ်ဖြာတွင်- မဂ်စေတနာမျိုး- ဒုက္ခဆိုးတို့မှ လွတ်ရန်ကိုမူ၊ မမွေးမြူမိ- တွေးယူလို့ပင်, မကြည့်မိအောင်- အကဏ်း,အတိဖြစ်ရှိခဲ့ရတဲ့- ဘဝတွေကသာ- များလှခဲ့ပါပေပြီ။

ယခု= လက်ရှိခန္ဓာ- ပြုပြင်ရာမှာ၊ ပြန်လှန်ကာကြည့်လိုက်တော့၊ ဘာ, တစိမ့်- တန်ဘိုးမရှိသည့်- မသိလဲ, မသိတတ်- ရေမြှုပ်ဆိုင်, ရေမြှုပ်ခဲကဲ့သို့၊ ဗလာနတ္ထိ- ရုပ်ခန္ဓာခဏတ္တယ, အရိုကလေးကိုတော့၊ လှဘို့လဲပြင်- ဝဘို့လဲပြင် ကျန်းမာဘို့လဲ ပြုပြင်၊ ရုပ်ကသာ- မသိ, မမြင်တတ်တယ်၊ ဆင်လိုက်ရတဲ့-အဝတ်အစား၊ ရွှေစိန်ငွေ- ကျောက်သံပတ္တမြားနှင့်- နိုင်ငံခြားဖြစ်ဝတ်စုံ၊ မွှေးထုံဘယ်ရာ- ပန်းနံ့သာအမျိုးမျိုးတို့ကို- အဘိုးဘယ်လောက်ကုန်ကုန်- မြတ်နိုးဟုန် အနန္တနဲ့- ပြုစီရင်နေကြတာကိုကြည့်ရင်၊ ပုထုဇဉ်သဘာဝ, အမှန်အသိနဲ့ ဉာဏ်ရှိလို့- လုပ်နေကြတာလား= စဉ်းစားသာကြည့်ပေတော့၊ ဒါတွင်လားဆိုတော့ မကသေးပါဘူး၊ အစားအစာကျတော့လဲ-လျှာအရင်း မျက်ပြီး- ဘာဟင်းချက်, ဘာအကျော်, ဘာအဖျော်တို့နဲ့- ဆာသနော်သူမရှိရအောင်၊ ကောင်းနိုးရာရာ ရှာဖွေ၍- တင်ဆက်သ,ကာ၊ သူတကာတွေ့,သိမြင်သွားရင်-အံ့ဩချီးမွမ်းလောက်အောင်ပင်၊ အိမ်တွင်စီရင်, ဆိုင်တွင်တနည်း- ဟော်တယ်ကြီးတွေကျတော့လည်း တစည်းတစိမ်၊ ချိုမြိန်ရသာ- ကျွေးမွေးခါ- ပြုပြင်မှုကို- ရုပ်ခန္ဓာအတွက်-ရက်ရက်ရောရော- တဏှာဒိဋ္ဌိနှစ်ဖြာနှောပြီး- အတောမသတ်- ပြုပြင်တတ်ကြပေတယ်။ ဒီတွင်ရပ်အုံးမလားဆိုတော့= မရပ်သေးပါဘူး၊ ညောင်းညာကိုက်ခဲ-နာကျင်မှုကလေးတွေ- တွဲလာတော့လဲ၊ ဘယ်အကြောဆရာ- ဘယ်အနှိပ်နဲ့- ဘယ်ဆေးကမှ- စိတ်ချရတယ်လို့- ရှာဖွေ၍- ဆက်ကြရပြန်တယ်၊ ရောဂါတခုစွဲလာမှုရှိပြန်တော့လဲ- ရောဂါပျောက်ရေး- သင့်ရာဆေးနှင့်-သင့်ရာဆရာ, သုံးသင့်တာထက်၊ ဗမာဆေးနှင့်ဆရာတော့- အထင်သေးခါ၊ ဆရာဝန်တောင်,ဂုဏ်ထူးဆောင်မှ- ခေါ်ခါကုသ- ရောဂါပျောက်ရမည့် အရေးတွင်တောင်- ဂုဏ်ကလေးမက်ပြီး၊ ဘယ်ဆရာဝန်ကြီးနဲ့ ကုသတာ- ဘယ်လောက်ကုန်မှ- ပျောက်တယ်လို့= ပြောစမှတ်စကား- ကိတ္တိသဒ္ဒ, ပကာသန, ကလေးနဲ့- ရောဂါပျောက်ရေးမှာတောင်-ပါဝင်တတ်ကြသေးရင်၊ တခြားဟာတွေ ပြုပြင်သမျှ- ဘာများပြောစရာရှိပါအုံးတော့မလဲ။ ခန္ဓာကို-မမုန်းနိုင်ကြသူတို့က-ရုပ်ခန္ဓာအတွက် ဒါနဲ့များ, ပြီးပလားဆိုတော့- မဟုတ်သေးဘူး၊ နောက်ဆုံးပိတ်- အိပ်ယာထဲ သေရာ ညောင်စောင်းမှာ လဲလျောင်းရတာတောင် မှာခဲ့သေးသတဲ့။ အလောင်းပြင်ရင် ဘာလွှမ်းပါ။ ဘယ်ခေါင်းနဲ့ ဘယ်လိုချ- လိုသမျှတွေကို- မှာတတ်ကြ

သတဲ့။ သူကမမှာလဲ- ကျန်ရစ်သူတစုက- မချိုမတဲ့ရအောင်လို့တဲ့- ခေါင်းရှီးရှီး ထက်- ယိုးဒယားပန်းဖေါက်ခေါင်း- ငုဝ်းထက်, အင်္ဂလိပ်ခေါင်း၊ ငုဝ်းထက်, မှန်ခေါင်း၊ ကားကလဲ- ပဋ္ဌမတန်းကားနဲ့- ဒီနေရာတွေ- ဘယ်လောက်ကုန်ကုန် လူ့ဘုံခန်းဝါ- ဂုဏ်ပကာသနာအတွက်ကိုတော့- တစက်ကလေးမှ- အလျှော့ မပေးပေမဲ့- သရဏဂုဏ်ရေဆက်ပွဲကလေးကျတော့- မလွဲသာလို့ဘဲ- ပြုရသလို- ကန်တော့ပွဲကလေးနဲ့- ငါးကျပ်တဆယ်ထည့်ပြီး- ရက်စေ့တော့- ကြွပေတော့လို့ အိမ်ပေါ်က- နှင်ချပွဲကိုတောင်- ဂုဏ်ကလေးနဲ့တွဲပြီး ပြုပြင်ကြတယ်။ ရှုပက္ခန္ဓာက မိမိခန္ဓာမိမိ, နှိပ်စက်ရုံမျှမက- သူတပါးကိုပင်- ဂုဏ်ပကာသနတင်ကာ- နောက် ဆုံး, နှုတ်ဆက်, နှိပ်စက်ခဲ့သေးတယ်၊ ဒါပေမဲ့- နှိပ်စက်တယ်လို့လဲ- မထင်နိုင် ပေါင်၊ အမွှေ့သင်္ဂြိုဟ်တုံးက- အမသင်္ဂြိုဟ်တုံးက- ဘာတွေကမ်းပြီး၊ ဘယ်လောက် စည်ကားတာဘဲလို့- တခွန်းဘဲကြွားပါရစေတော့-ကုန်ရတာတွေအတွက်-အလွန် ကျေနပ်တယ်ဆိုပါလား... ကိုသင်္ခါရတရားရဲ့...။

ကျေနပ်မှာပေါ့၊ ကိုစေတနာရဲ့- အစွမ်းထက်၊ ဦးဒိဋ္ဌိနဲ့- ဒေါ်တဏှာ တို့က၊ ဖုံးဖိသာယာထားရာမှာ၊ နုံးချိုငြိုးငွေ့စရာတွေကို- ပြုံးစိစိနှလုံးခွေ့အောင် ရှေ့ဆောင်ပြနေတာကိုး။ ကဲ... ယောဂီ၊ ယောဂီရဲ့...ရုပ်ခန္ဓာသည်- ဘာကမျှ- မသိတတ်- ဖေါက်ပြန်ပျက်စီးလျက်ရှိပါ၏။ ယောဂီရဲ့= စေတနာက, ဘယ်လို ပြုပြင်စီရင်လာခဲ့သလဲ- ပြန်ကြည့်ပါ၊ သူတကာတို့- ထိပ်တန်းကျပြုပြင်တာကို- ချီးမွမ်းဆိုမိတာ- ဘယ်နှစ်ကြိမ်လဲလို့ ရေတွက်ကြည့်ပါအုံး၊ မိမိလဲ ထိုနည်းတူစွာ လိုက်နိုင်သမျှ- လိုက်နာပြုပြင် စီရင်နေမိတယ်ဆိုတာလဲ- သတိပြုရှုကြည့်ပါ။ ရုပ်ခန္ဓာအတွက်၊ သတ္တဝါ-သူငါ၊ ယောကျ်ား-မိန်းမ၊အထင်အစွဲနဲ့- ပြုပြင်ပွဲကြီး ဆင်နွှဲနေတာ, ဘယ်သူလဲ၊ ပြုလုပ်သူရှိလို့မဟုတ်ပါဘူး၊ အထုပ်အထယ်ပမာ- တရားခံအစစ်ကတော့ အဝိဇ္ဇာအညစ်နှင့် ဒိဋ္ဌိအဆိုးတို့က၊ စေတနာကို- တဏှာ, စိုးမိုးစေလျက်၊ အကွက်ကျကျ- သင်္ခါရဒုက္ခဇာတ်ကို မပြတ်အောင် က,ခိုင်းနေ တာ၊ သေပြီးလို့ ဟိုမှာဘက်တောင် အဆစ်ကလေး ထည့်ပေးလိုက်သေးတယ် ဆိုတာ၊ အဲဒီ—အမိုက်ဘေးကို- အလိမ္မာဉာဏ်ကလေးနဲ့ တွေးသာကြည့်ပေတော့။

သင်္ခါရက္ခန္ဓာ- ကိုစေတနာက၊ အဲဒါ-အစဒုက္ခ-အကျွမ်းဝင် ကပြခိုင်းတာ ဘဲရှိပါသေးတယ်၊ ရုပ်ပြီးတော့- ဘာတဲ့- ဝေဒနာ၊ အဲဒီ-ဝေဒနာကျတော့လဲ- သူက စေ့ဆော်တိုက်တွန်း-ပြုစီရင်ညွှန်းပြန်ပေါ့၊သူက-တပည့်လက်သား (၄၉) ယောက်နဲ့အတူ—တော်တော်လဲ အပင်ပမ်းခံနိုင်တဲ့ ကိုစေတနာဘဲ၊ အဝိဇ္ဇာနဲ့ တဏှာမူလကို မလွန်ဆန်နိုင်တော့၊ ခိုင်းသမျှစုစည်းစပ်ဟပ်ပေးခါ- ကိုယ်တိုင်လဲ ဝင်နွှဲပေးရ ရှာတယ်၊ စက္ခုသမ္ဖဿဇာ ဝေဒနာဆိုတဲ့- မျက်စေ့ကိုမှီပြီး- ခံစားမှု

ကလေးပေါ်လာပြီဆိုရင်လဲ စေ့ဆော်တိုက်တွန်း စီရင်ညွှန်းပြန်ပေါ့၊ မနောသမ္ဘဿဇာ, ဝေဒနာကျမှ- အာရုံရဲ့အရသာကို ဝဝလင်လင်ခံစားမှုပြည့်စုံရမှာဆိုတော့-မောင်သညာကို အရင်မှတ်သားပေးပါလို့ စေ့ဆော်တိုက်တွန်းပေးရတယ်၊ ဒီရူပါရုံဟာ အရင်ကလဲခံစားဘူးခဲ့တဲ့၊ ဣဋ္ဌာရုံ- နှစ်သက် သာယာဘွယ်ဟုတ်တယ်လို့-မှတ်သိကလေးနဲ့သိပေးစမ်းပါ၊ ဒါမှ-မောင်ဝေဒနာကခံစားမှာ၊ မောင်ဝေဒနာက, အားပါးတရ ခံစားပေးမှ၊ ငါ့ဆရာ ဦးတဏှာက သာယာနှစ်သက်တပ်မက်နိုင်မှာဖြစ်လို့၊ အဲဒီ-အချက်ကိုပြည့်စုံအောင်-မောင်သညာကလဲ-ဦးဒိဋ္ဌိနဲ့အတူ၊ မရှိတဲ့-ဖြူ-နီ-ညို-ပြာ-ပုံသဏ္ဍာန်လှသနဲ့ ယောကျ်ား, မိန်းမ, ပုပ္ပုရွရွ လှလှ,ပပ,တွေကို-မှတ်သိပေးစမ်းပါ၊ဒီတော့မှ-ဦးဝိညာဏ်မှာ-သမုဒယ,စိတ္တုပ္ပါဒ်တွေဖြစ်ပြီး၊ ဂိုဏ်းချုပ်ကြီး-ဦးအဝိဇ္ဇာသဘောကျမှာမို့၊ ခါတိုင်းလို-ငါစေတနာ စေ့ဆော်တိုက်တွန်းတာကို- လိုက်နာပြီး၊ အထပ်ထပ်လေး-မပြတ်မလပ်- မှတ်သိသိနေအောင်-လုပ်ထားပေးပါ၊ ကျန်တဲ့အပေါင်းအဖေါ်တွေကို ခေါင်းဆောင်ပြီး၊ သမုဒယစက်ကြီးလယ်ပတ်စေရပါမယ်လို့ အာမခံပေးကာ စီရင်နေသလိုပါဘဲ၊ သမုဒယသစ္စာဖြစ်ရေး အကျိုးမျှော်ခါ-နှိုးဆော်တိုက်တွန်း စီရင်ညွှန်းလိုက်ထာ၊စက္ခုသမ္ဘဿဇာ, ဝေဒနာကနေ- မနောသမ္ဘဿဇာ ဝေဒနာမြောက်ပြီး၊ သမုဒယသစ္စာအညွန့်အညောက်-သမုဒယ, စိတ္တုပ္ပါဒ်တွေနဲ့- မောင်ဝေဒနာကို- ဦးတဏှာသဘောကျ- ခံစားနေရအောင်- ပြုပြင်စီရင်နေတာ- ယောဂီမဟုတ် ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ပါဘူး၊ အဲဒီ- သင်္ခါရက္ခန္ဓာခေါင်းဆောင်- စေတယိတ, လက္ခဏာဆောင်ပြတဲ့- စေတနာစေတသိက်တရားပါဘဲ။

ရူပါရုံနဲ့- စက္ခုသမ္ဘဿဇာ- ဝေဒနာမြောက်တော့၊ အဲဒီလို= တထောက်မနားဘဲ- မနောသမ္ဘဿဇာဝေဒနာ ရောက်သွားအောင်၊ စေ့ဆော်တိုက်တွန်းပြုစီရင်ညွှန်းလျက်- ဝိရိယနှင့်အတူ- ချီပင့်မြှောက်ခါ- သမုဒယအခင်းကို ပေါက်မြောက်စေတယ်။ ထိုနည်းတူစွာ= သဒ္ဒါရုံနဲ့- သောတသမ္ဘဿကနေ- မနောသမ္ဘဿဇာဝေဒနာဖြစ်အောင်၎င်း၊ ဂန္ဓာရုံနဲ့-ဃာနသမ္ဘဿကနေ- မနောသမ္ဘဿဇာဝေဒနာဖြစ်အောင်၎င်း၊ ရသာရုံနဲ့ ဇိဝှါသမ္ဘဿကနေ- မနောသမ္ဘဿဇာဝေဒနာဖြစ်ပွားအောင်၎င်း၊ ဖေါဋ္ဌဗ္ဗာရုံနဲ့- ကာယသမ္ဘဿကနေ- မနောသမ္ဘဿဇာ- ဝေဒနာဖြစ်အောင်၎င်း၊ ဤသို့= ပဉ္စဒွါရာဝဇ္ဇန်းမှ- (ဝါ) ငါးဒွါရ, ငါးအာရုံဆင်ခြင်စိတ်မှ။ ပဉ္စဝိညာဏ်စိတ်အရောက်,ဖဿမြောက်ပြီးလျှင်- တထောက်မနား- မနောဝိညာဏ်စိတ်တိုင်အောင်- ခံစားမှုအတန်တန် မြောက်စေရန်၎င်း၊ ဤသို့- ပဉ္စဝိညာဏ်နှင့်တကွ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်မကြွင်း- ကာလဝိမုတ်အခင်းမှစ၍- ဓမ္မာရုံနှင့်- မနောသမ္ဘဿ ဖြစ်ရေးတွင်၎င်း၊ အထက်ပါ=

ဆိုအပ်ပြီးသော– အဝိဇ္ဇာ-တဏှာ, ဒိဋ္ဌိပါလျက်၊ သညာတထွေ- စိတ္တုပ္ပါဒ်တွေကို သမုဒယသစ္စာ အညွန့်- ကိလေသာကွန့်၍၊ ကံကိလေသမွေ-ခံစားပြီး ဖြစ်ပွားရအောင်- သင်္ခါရက္ခန္ဓာ စေတနာခေါင်းဆောင်၍- စေ့ဆော်တိုက်တွန်း- စီရင်ညွှန်းချက်ကြောင့်၊ ကိလေသာနှင့်- သံယောဇဉ်, သမုဒယသစ္စာတခွင်မှ- မလွတ်နိုင်အောင်ပင် ဖြစ်ရှိ၍ နေရကြတော့သည်။

ဒီတော့= ယောဂီသူမြတ်၊ ငါးရပ် ခန္ဓာ၊ ရုပ်အလွှာကို၊ မက္ခာစေရ၊ သင်္ခါရ ဒုက္ခတွေ ရလာတာလဲ၊ ဒီစေတနာ- သင်္ခါရက္ခန္ဓာကြောင့်ပါဘဲ။ ဝေဒနက္ခန္ဓာ- ခံစားမှုတဖြာကိုလဲ၊ ဒုက္ခမက္ခာစေရအောင်- ဖန်တည်းဆောင်ခါ-ချယ်မှုန်းတာလဲ- သူပါဘဲ၊ သညက္ခန္ဓာ- မှတ်သိမှုအဖြာဖြာကိုလဲ- ဒုက္ခအစစ်ကနေ သမုဒယ ထပ်ဖြစ်အောင်- အဝိဇ္ဇာ တဏှာနှင့် ဒိဋ္ဌိအလိုကျ- စေ့ဆော်တိုက်တွန်း စီရင်ညွှန်းတာလဲ- ကိုစေတနာပါဘဲ၊ မှတ်၍သိပြန်-မမှန်ကန်ကို- အမှန်လို့သိစေပြီး၊ ဝေဒနာဖြင့်- ထိထိမိမိကြီး ခံစားစေခါ၊ ကံအဖြာဖြာ- စိတ္တုပ္ပါဒ်မြောက်အောင်၊ တထောက်မနား- ဝီရိယတရားတို့နှင့်တကွ၊ ထောက်ပင့်ချီးမြှောက်- သံသရာခွဲ့ထွင် ပေါက်ကို- ကျယ်သည်ထက် ကျယ်ဝန်းအောင်၊ ဝိညာဏခန္ဓာကိုပါ မိမိနှင့်အတူ၊ (ဝါ) စေ့ဆော်ပါဝင်- စေတသိက်တခွင်နှင့် ရုပ်လျှင်ခေါ်ရ- ကာယ, ဝစီ, ဒွါရနှစ်လီပါ မကျန်ရအောင်၊ ကာမာဝစရံ- စေတနာစိတ်, လျှံဖိတ်သည့်- သမုဒယသစ္စာချိပ်ခါ၊ ကမ္မဝဋ်အဖြာဖြာကို- မက္ခာဆောင်နှင်းသော စေတနာအခင်းသည်= ဝဋ်ဆဲရဲတွင်းမှ= ဝဋ်ဆင်းရဲကို- တဖန်, သက်ဆင်းရစေသော တရားပါတကားဟုလည်း- ပိုင်းခြားသိအပ်ရာပါသည်၊ ထိုစေတနာလျှင်- ကံမည်ကြောင်းကိုလည်း....

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ၊ စေတယိတွာ ကမ္မံကရောတိ၊ ကာယေန ဝါစာယ မနသာ"ဟု မူလဋီကာဖွင့်ဆိုပါသည်။

ဘိက္ခဝေ- သံသရာညွှတ်ကွင်း- ဝဋ်ခပင်းကို၊ ထင်လင်းမြင်ရ-ဘေးဘယဟု- တွေးဆ,ဆင်ခြင်- သူတော်စင်တို့....။ယသ္မာ- အကြင်ကြောင့်၊ (ဝါ) ပေါ်ပြုအပ်ခဲ့ပြီး- အနည်းနည်းတို့ကြောင့်။ စေတယိတွာ- စေတနာဖြင့်- စေ့ဆော်တိုက်တွန်း စီရင်ညွှန်း၍။ ကာယေန- ကာယဒွါရဖြင့်၎င်း။ ဝါစာယ- ဝစီဒွါရဖြင့်၎င်း။ မနသာ- မနောဒွါရဖြင့်၎င်း။ ကမ္မံ- ကိုယ်အမှု- နှုတ်အမှု- စိတ်အမှုကို။ ကရောတိ-ပြု၏။ တသ္မာ-ထို့ကြောင့်။ စေတနံ- အမှုဖြစ်စေရန်-စေ့ဆော်ဖန်သည့်- စေတနာကို။ ကမ္မံ- ကံဟူ၍၊ ဝဒါမိ-ဟောတော်မူ၏။ ။

ဤသို့= ကံသည်ပင်- စေတနာမည်၏ဟု- ဖလ္လပစာရ=အကျိုး၏ ဥပစာ အတွင်း- ကမ္မဝဋ်အခင်းကို ဖြစ်စေခြင်း၌၊ တင်စားဆိုရသော= သင်္ခါရက္ခန္ဓာ ရှေ့သွားစေတနာစေတသိက်တရားဖြစ်ပါသည်။ ခန္ဓာငါးပါး မရပ်မစဲ- သံသရာ ထဲကြဉ်လည်ရစေသည်မှာ၊ သမုဒယသစ္စာ, တဏှာလောဘ- ကေန္တဖြစ်ပါသော် လည်း၊ ထို- တဏှာလောဘသည်၊ ရူပက္ခန္ဓာကို အဖော်ရ၍လည်း မဟုတ်ပါ၊ ဝေဒနက္ခန္ဓာကို အဖော်ရ၍လည်းမဟုတ်ပါ၊ သညက္ခန္ဓာကို အဖော်ရ၍လည်း မဟုတ်ပါ၊ ဝိညာဏက္ခန္ဓာကို အဖော်ရ၍လည်း မဟုတ်ပါ၊ ထိုခန္ဓာလေးပါးကို အမှီပြုကာ အာရုံပြု၍၊မိမိတဏှာလောဘကိုယ်တိုင်- သင်္ခါရက္ခန္ဓာအတွင်း ပါဝင် ခြင်းနှင့်အညီ၊ သင်္ခါရက္ခန္ဓာ ခေါင်းဆောင် စေတနာကို- အဖော်ရသဖြင့်သာ၊ သဟဇာတ- ဝိညာဏ်အခင်းဖြင့်- ကံကိုဖြစ်စေခြင်း၊ အဘိသင်္ခါရဝိညာဏ်ကို- ဖြစ်စေခြင်းအားဖြင့် ကံကိုရရှိခြင်း၊ ပစ္ဆာဇာတ, ဝိညာဏ်အခင်းဖြင့်- ကံနှင့် ဝိပါက်အတွင်း သက်ဆင်းဝင်ရခြင်းကို ဖြစ်ကြရတော့သည်။

ဤနေရာ၌၊ သဟဇာတဝိညာဏ်ဆိုသည်မှာ၊ (၈၁)ပါးသော လောကီ စိတ္တုပ္ပါဒ်ဝိညာဏ်ဖြစ်တိုင်း၊ တဏှာသဟဇာတ, စေတနာနှင့်- ကံကိုဖြစ်စေသည့် ဝိညာဏ်ကို ဆိုလိုပါသည်။ အဘိသင်္ခါရဝိညာဏ်ဆိုသည်မှာ၊ အတိတ်,ချုပ်ကင်း ပြီးသော- ထိုသဟဇာတ, ဝိညာဏ်မှ= ပဋိသန္ဓေလေးရပ်- ကမ္မပထမြောက်အပ် သော- ကုသိုလ်, အကုသိုလ်ဝိညာဏ်ကို ဆိုလိုပါသည်။ (ဝါ) ကမ္မဝိညာဏ်=ကမ္မ ဘဝ,ဟုလည်း ခေါ်ပါသည်။ ပစ္ဆာဇာတ ဝိညာဏ်ဆိုသည်မှာ၊ ပဋိသန္ဓေအရာ ဌာနဉ်- နောက်မှဖြစ်သော- အရူပဝိပါက်စိတ် လေးခုကြဉ်သော- ပဥ္စမဘဝင် စသော(၈၅)ပါးသော- ဝိပါက်မနောဓါတ်ကို ဆိုလိုပါသည်။ ဤသို့အားဖြင့်-ဒိဋ္ဌိ မဂ္ဂ၊ တဏှာမကင်း- အဝိဇ္ဇာပစ္စယာ- သင်္ခါရ အခင်းတို့၌သာ၊ မွေ့ထုံလာ သော စေတနာနှင့် စိတ္တုပ္ပါဒ်သည်၊ အလောဘ အဇ္ဈာသယဓါတ်- အဒေါသ အဇ္ဈာသယဓါတ်- အမောဟအဇ္ဈာသယဓါတ်, ကိန်းအပ်စေခြင်းငှါ၊ ကုသ လစ္ဆန္ဒစေတနာနှင့်- မဂ်စေတနာသုံးဖြာ- အခါခါ ရစ်ပတ်, လွှမ်းထုံမွေ့လျော် တတ်အောင်၊ စေတနာအကြောင်းကို သိ၊ တဏှာ,ဒိဋ္ဌိကို မငြိစေဘဲ၊ စိတ်ကိုဆုံးမ ပြုပြင်နိုင်ရမည့်- ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာကို၊ အိမ်မဂ္ဂ, ကျောင်းမဂ္ဂ၊ နေ့အခါ, ညမရွေး၊ ဓမ္မဝိစယ, သမ္မောဇ္ဈင်ကို- ရင်ဝယ်ပိုက်ထွေး၍၊ သာဝက, ပါရမီဉာဏ်, ဖြည့်ပေးနိုင်ပါလျှင်၊ မဖြစ်ကောင်း, မရကောင်းစရာ, အကြောင်း မရှိပါပေ။ ရှေးပါရမီဟုန်၊ မရှိကုန်လို့လို့- ရှိးမပယ်မဖွဲ့ပါနှင့်၊ ပါရမီဆိုသည်မှာ= အလိုလို- မိုးပေါ်က ကျလာပြီး- ခန္ဓာထဲ သက်ဝင်လာတတ်တာ- မဟုတ်ပါဘူး၊ တဏှာစေတနာ- ဒိဋ္ဌိမဂ္ဂဘဲ-အဝိဇ္ဇာမှောင်ထဲမှာ ငုပ်တုတ်ထိုင်ပြီးလျှင် အလင်း

ရောင်ကလဲ- မြင်ဘဲမမြင်ရနိုင်ဘူးလို့၊ ပုထုဇ္ဇနော- ဥမ္မတ္တကောတွင်းသို့ နှစ်ထပ်ကျော့ကျအောင်- ရှုးပြတဲ့- စကားတွေနဲ့- ဆင်ခြေမကန်ဘဲ၊ သင်ခြေအမှန်-ဤတရားတော်မြတ်တို့ကို၊ လေးနက်စွာ- တစ,တစ, ခံယူဆည်းပူးတော်မူမည်ဆိုပါလျှင်၊ ဘုရားခြေတော်စုံကို ဝပ်စင်း၍-ဦးခိုက်နေခြင်း— သာဝကစာရင်းကို ပေါက်မြောက်သက်ဝင်လာစေနိုင်ပါသည်။ ။

တိုက်တွန်းပါသည်- မြတ်သောယောဂီ၊ ရုပ်ကာယကိုလဲ- တဏှာအလိုကျဘဲ၊ စေတနာနဲ့ ပြုပြင်စီရင်နေကြပုံ= ဒုက္ခဟုန်တွေကိုလဲ- သိပြီး ပါပြီ၊ ဝေဒနာကာယကိုလဲ- တဏှာအကြိုက်- စေတနာလိုက်၍- ပြုစီရင်သဖြင့်- ဒုက္ခရေပွက်, ခံစားရချက်ကိုလဲ- သိပြီးပါပြီ။ သညာကာယကို- စေတနာက ခိုင်းသဖြင့် တံလျှပ်ကို- ရေလှိုင်းလို့ထင်ပြီး၊ သမုဒယအပင်ပျိုးလို့- ခန္ဓာဆိုးဖြစ်ရပုံလဲ သိပြီးပါပြီ။ တဏှာက, စေတနာကိုယှဉ်၊ ဒိဋ္ဌိက, ညှပ်၊ အဝိဇ္ဇာက, ကပ်ထားတော့၊ စေတနာ သင်္ခါရက္ခန္ဓာက- မိမိကိုယ်ကို မိမိ၊ ကံ,ကိုပြုလုပ်- ငါအဟုတ်ဟု၊အတ္တဒိဋ္ဌိနှင့်တကွ- တဏှာအမြဲငြိကာ၊ မာနနဲ့တံခွန်ထူ၍- ငါလိုပြုလုပ်နိုင်- စီရင်နိုင်သူရှိရိုးလားအထိ၊ မိမိနှင့်တကွ သမ္ပယုတ်တရားတွေကိုပါ၊ တဏှာငါ- မာနငါ-ဒိဋ္ဌိငါနဲ့- ဖမ်းချုပ်စေ့ဆော် စပ်ဟပ်ခေါ်၍- ပြုပြင်စီရင်နေတဲ့- သင်္ခါရဒုက္ခ, အကြောင်းတွေကိုလဲ- ရိပ်စားမိပါပြီ။ကဲ .. ဒီတော့၊ ကိုစေတနာက- သဟဇာတဝိညာဏ်ဖြစ်တိုင်း, တဏှာနဲ့ သဟဇာတ မဖြစ်ရအောင်၊ဝိဇာနာတိ- သဉ္ဇာနာတိ တို့ထက် “ပဇာနာတိ”ဝိပဿနာသမ္မာဒိဋ္ဌိ ပညာဉာဏ်တွေနဲ့ သိတဲ့-အသိမျိုးတွေ ထပ်ဆင့်, ထပ်ဆင့်, တိုးဘို့ဆိုတာ- ဓမ္မစ္ဆန္ဒစေတနာမွေးမြူပြီး- ဖေးကူခါ၊ ဝိဇာနာတိ-သဉ္ဇာနာတိတို့ချည်းဖြစ်ရှိနေရအောင်လဲ- အဘိသင်္ခါရဝိညာဏ်ထဲ-မနွဲ့ဝင်မိအောင်-ဝိပဿနာသမ္မာဒိဋ္ဌိပညာရှိလာရင်၊ သတိ,မကြာ,မကြာဝင်ကာ- သမ္မာသတိ, အစဉ်ရှိလာတတ်ကာ၊ စေတနာနေရာမှာ- ပညိန္ဒြေကနေရာယူ၍- သတိနဲ့ ထိန်းချုပ်နိုင်တဲ့ သဘောကို= တစ,တစ, ရရှိအောင် ကြိုးစားတော်မူပါ၊ ရုပ်-ဝေဒနာ- သညာ-ဝိညာဏာတွေကို- စေ့ဆော်ပြုပြင် စီရင်နေရတာ- ငြီးငွေ့သင့်ပါပြီ။ ငြီးငွေ့မှုကို ရှေ့ရှုခါ- ပြုပြင်မှု လျော့ပါးစေပြီး၊ဓမ္မစ္ဆန္ဒကို ဆန္ဒာဓိပတိတပ်၍၊ ချော့သပ်မွေးမြူကာ- ဝိပဿနာပညာတံခွန်ထူနိုင်အောင် ရယူပြီးလျှင်၊ သတိကို ရှေ့တန်းတင်နိုင်လျက်၊ အဘိသင်္ခါရဝိညာဏ် (၂၉)မျိုး- ပဋိသန္ဓေ, အကျိုးကို ပေးတဲ့- စေတနာဆိုး- အကျင့်ပျက်ကို- အကွက်မပေးဘဲ- အိပ်စက်ပါစေတော့- မြတ်သော ယောဂီ။ ။

အဲဒီလို-စေတနာဆိုး (၂၉)မျိုးဆိုတဲ့၊ ဘုံသုံးရပ်ကို သန္ဓေကပ်စေတတ်သော၊ပုည- အပုည- အာနေဉ္ဇာဘိ သင်္ခါရတွေကို၊ အိ ်စက် သွားစေဘို့အရေး

ကတော့၊ဝိပဿနာမဂ်နဲ့သိပ်မှ-အိပ်စေရာကျမည်ဖြစ်ပါတယ်၊ဓမ္မစ္ဆန္ဒမဂ်စေတနာ ကတော့၊ ဝိပဿနာမဂ်ရကြောင်း- ဝိပဿနာပညာ စုဆောင်းစဉ် အတွင်းမှာ- အကောင်းမြတ်ဆုံးစေတနာဓါတ်ကို- မွေးမြူနိုင်အပ်ကြောင်းသာ ဖြစ်ပါတယ်၊ စေတနာဆိုး-အကျင့်ပျက်မျိုးကို- အိပ်စက်သွားစေနိုင်တာ မဟုတ်သေးပါဘူး။ ဒါ့ကြောင့်–မွေးမြူရင့်သန် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်တွေရှိလာပြီးလျှင်၊ ဝိပဿနာ မဂ်ဆိုက်အောင် ပွားများနေနိုင်မှသာ၊ ထိုအကျင့်ပျက်တွေကို-အိပ်စက်စေရာကျ မည်ဖြစ်ပါတယ်။ ဘာ့ကြောင့်ဆိုသော်=ပဋိဝေဓ သဒ္ဓမ္မဝင်, ဝိပဿနာမဂ်သည်၊ ဉာဏသမ္ပယုတ်နှင့် ယှဉ်သော- ပညာ,ဝိတက်,ဝိရတီစေတသိက်သုံးခုနှင့်ယှဉ်သော ဝီရိယ- သတိ- ဧကဂ္ဂတာစေတသိက်ဟူသော- မဂ္ဂင်ရှစ်ရပ်ကိုသာ- ယူအပ်,ဖြစ်စေ အပ်ပါ၏၊ စေတနာစေတသိက်ကို- မလိုအပ်ခြင်းကြောင့်- အဘိသင်္ခါရ- ကမ္မ ဝိညာဏ်, စေတနာဆိုးတို့–မုချအိပ်စက်ရသော ပုဗ္ဗဘာဂ, မဂ်ရတာကိုသာ–မုချ အားကိုးရာဖြစ်ပါတော့သည်။

ဤကဲ့သို့- အားကိုးသင့်တာကို အားကိုးလျက်၊ ယုံကြည်သင့်တာကို ယုံ ကြည်လျက်၊ အားကိုး, ယုံကြည်, ခံယူမှု တည်ကြည်စွာဖြင့် မဂ်ဖိုလ်ဉာဏ်နှင့် မြတ်နိဗ္ဗာန်ကို- ကေန်ရောက်မည့်- အကျင့်မြတ်အပေါင်း- ကိန်းအောင်းစေရန် ကြိုးစားကြပါလေ။ တသံသရာလုံးကမူ၊ သင်္ခါရက္ခန္ဓာ-ငှက်ပျောတုံးနှင့်တူတာ ကို–ဥပမာနဲ့မသိ၊ အနှစ်သာရရှိတယ်လို့ထင်တဲ့-တောတွင်းသားယောကျာ်းသည်၊ ငှက်ပျောတောကြီးကို–မမြင်စဘူး-အမြင်ထူး၍၊ဤပြည့်ကျပ်နေသော–ငှက်ပျော တောကြီးကို ခံတပ်သဖွယ်၊ ဘုရင်ကိုအံ့တုခါ- စစ်ပြုပြီးလျှင်- ရှင်ဘုရင်အဖြစ် ကို- အလွယ်တကူနဲ့ရောက်ရှိမယ်လို့- ငှက်ပျောတောကို အနှစ်သာရရှိတယ် အထင် ကြီးပြီး၊ ရှင်ဘုရင်ကို စစ်ကျေညာသတဲ့၊ တိုင်းပြည်ဘဲအပ်မလား- ငါ့ငှက်ပျော တောမင်းသားနဲ့ စစ်ချင်းပြိုင်- အနိုင်တိုက်မလားလို့– ရာဇသံပေးလိုက်သတဲ့။ ဒီတော့- ရှင်ဘုရင်က-ငှက်ပျောတောမင်းသားဆိုတာ- သူ့မှာနောက်လိုက် ဘယ် လောက်ရှိလို့–ငါ့ကိုရာဇသံပေးပြီး- စိန်ခေါ်တာလဲ၊ သွားစုံစမ်းထောက်လှမ်းခဲ့ ကြစေလို့–အထောက်တော်တွေကို ခိုင်းလိုက်ရာ၊ အထောက်တော်တယောက်က- တာဝန်ယူခါ- ငှက်ပျောတောမင်းသားကို အရှာထွက်လာခဲ့တယ်တဲ့။

ငှက်ပျောတောရောက်တော့- တောတွင်းသားယောင်ဆောင်ပြီး- ငှက် ပျောတောစပ်ထဲကို တထိတ်ထိတ်နဲ့ဝင်လာခဲ့တယ်။ ဒါပေမဲ့- လူသံလဲမကြား, လူရိပ်လူခြေလဲမမြင်-ငှက်ပျောတောကြီးထဲ– တဝဲဝဲလယ်လယ်ရှာပေမဲ့ ဘာကိုမှ မတွေ့တော့၊ မောမောနဲ့-ထိုင်ပြီးနားနေတုံးမှာ၊ ဖြုန်းကနဲ ဓါးလွတ်ကိုင်ထားတဲ့

လူတယောက် သူ့ရှေ့မှောက်ကို ရောက်လာသတဲ့၊ ငှက်ပျောတော- မင်းသားဆိုတာ- ငါဘဲ၊ မင်းဘာဖြစ်လို့-ငါ့ပိုင်နက်ထဲ-ဝင်လာရသလဲလို့မေးသတဲ့၊ ဒီတော့-အထောက်တော်ကလဲ- အံ့အားသင့်ရင်းကနေ-ပျာပျာသလဲ၊ လက်အုပ်ကလေးနဲ့ ဝတ်လျှိုးပြီး၊ အရှင့်သားသည်-ရှင်ဘုရင်ကို စစ်ဆင်ပြီး-တိုင်းပြည်ကြီးကို အရယူမယ်ဆိုတာသိရလို့- ကျွန်တော်မျိုးလဲ- ငယ်ကျွန်အဖြစ်လာရောက်သစ္စာခံတာပါ အသက်ချမ်းသာပေးတော်မူပါလို့-ပြောလိုက်သတဲ့။ ဒီတော့- ငှက်ပျောတော မင်းသားလဲ ဘဝင်ခိုက်သွားပြီး၊ အေး....မောင်မင်း သစ္စာခံမယ်ဆိုရင်တော့-အသက်ချမ်းသာပေးလိုက်မယ်၊ ငယ်ကျွန်အဖြစ်နေရင်တော့-ငှက်ပျောတောကြီးထဲမှာ- သွားလမ်း လာလမ်းသိအောင် ငါ့နောက်လိုက်လာခဲ့လို့ ခေါ်သွားပြီး၊ ငှက်ပျောတောကြီးထဲမှာ၊ ပုန်းစရာ ခိုစရာ- သွားစရာလမ်းတွေကိုပြပြီး- သူနေတဲ့ တဲကလေးထဲခေါ်သွားသတဲ့၊ ဒီတော့- စုံထောက်ကမေးသတဲ့-၊ အရှင့်သား-နောက်လိုက်ငယ်သားတွေကို ဘယ်မှာထားသလဲလို့မေးတော့၊ ငှက်ပျောတော မင်းသားက- ခွက်ထိုးခွက်လှန်ရီချလိုက်ပြီး၊ မင်းတော်တော်- အ တဲ့အကောင်ဘဲ၊ ဒီလောက်ခိုင်မာတဲ့ငှက်ပျောတောကြီးကို ပိုင်နေမှတော့၊ နောက်လိုက်လူမလိုပါဘူး။ ခုမင်းတယောက်ကိုတောင် ရှေ့ကနေပြီး အချက်ပေးဘို့ လူတယောက်ရရင်-ကောင်းမှာဘဲလို့ မျှော်နေတုံး-မင်းရောက်လာတာဘဲ၊ မင်းတောထဲဝင်လာကထဲက ငါက မင်းကိုမြင်တယ်၊ မင်းက ငါ့ကိုမမြင်ဘူး၊ ငါသာ မင်းကို သတ်ချင်ရင်-စောစောထဲက- မင်းကိုလူမပြဘဲ- သုတ်သင်လိုက်လို့ရတယ်ကွ၊ ဒီတော့-မင်းရှင်ဘုရင်- ဘယ်လိုစစ်ဆင် စစ်ဆင်- ငါ့ငှက်ပျောတောကြီးထဲရောက်လာရင်တော့။ တယောက်မကျန်-ခေါင်းပြုတ်ကုန်မှာအမှန်မို့၊ခိုင်မာတဲ့-ငှက်ပျောတော ခံတပ်ကြီးပိုင်နေမှ- အပိုနောက်လိုက်မလိုတော့ပါဘူးကွာလို့- ပြန်ပြောသတဲ့။ ဒီတော့-အထောက်တော်ကလဲကြိတ်ပြုံးပြီး-နှလုံးခွေ့အောင် ဒီလိုပြန်ပြောသတဲ့၊ အရှင့်သား-အမိန့်ရှိတာမှန်ပါတယ်၊ အရှင့်သားကတော့ မင်းဖြစ်မဲ့ယောကျ်ားဆိုတော့-အကြံကလဲ-ကြီးပါပေတယ်၊ ကျွန်တော်မျိုးလဲ- အရှင့်သားကိုအားကိုးပြီးနေပါရစေ၊ ဒါပေမဲ့- သားမယားတွေမပူပင်ရအောင်ပြန်ပြောရင်း- စားနပ်ရိက္ခာလိုတာကလေးပါ- ပြန်ယူပါရစေ၊ အရှင့်သားအလိုရှိတာလဲ မှာလိုက်ပါလို့ ပြောသတဲ့။

ဘုရင့်အထောက်တော်လဲ-အဲဒီလိုပြောပြီး- ငှက်ပျောတောထဲက ထွက်ခွါလာခဲ့ခါ၊ နန်းတော်ရောက်တော့-ရှင်ဘုရင်ကို အကြောင်းစုံ လျှောက်ထားတယ်၊ ဒီတော့- ရှင်ဘုရင်က=ဒါဖြင့်-ဒီရှုးမိုက်မိုက်တောတွင်းသားကို-တပ်သား တထောင်နဲ့ ငှက်ပျောတောကို ရှင်းပစ်ပြီး၊လက်ရဖမ်းဆီးခြင်းပြုခဲ့ကြပေတော့လို့

အမိန့်ပေးစေလွှတ်လိုက်သတဲ့၊ ငှက်ပျောတောမင်းသားလဲ သူ့ငယ်ကျွန်ကို မျှော်ရင်းနဲ့ ငှက်ပျောတောအစပ်ကို နေ့တိုင်းလာ,လာကြည့်တယ်၊ တနေ့ကျတော့- တပ်သားတွေ ချီတက်လာတာကိုတွေ့ရရာ- သူ့အစီအစဉ်အတိုင်းငှက်ပျောတောထဲဝင်ပုန်းပြီး-တယောက်စီခေါင်းဖြုတ်ပစ်မဟဲ့လို့- ချောင်းနေသတဲ့၊ တပ်သားတထောင်ကလဲ လေးဘက်လေးတန်ကဝိုင်းပြီး=ငှက်ပျောပင်တွေကို ပိုင်းပိုင်းပြီးခုတ်ချကြခါ-တိုးလာလိုက်ကြတာ၊ငှက်ပျောတောကြီးကုန်ခါနီး-တပ်သားချင်းဆုံခါနီးတော့- အလယ်ခေါင်မှာ ငှက်ပျောတောမင်းသားကို ဓါးတချောင်းနဲ့ငုပ်တုပ်ကလေးတွေ့ကြရတယ်၊ငှက်ပျောတောမင်းသားဟာ- သူအင်မတန်ခိုင်မာတယ်လို့- အထင်ကြီးထားတဲ့ ငှက်ပျောပင်တွေ တပင်ပြီးတပင်,ပိုင်းပိုင်းပစ်လိုက်တာကို- အရှေ့ဘက်ကြည့်လိုက်, တောင်ဘက်ကြည့်လိုက်, မြောက်ဘက်ကြည့်လိုက်နဲ့ ဘယ်ဘက်ကိုမှ မပြေးသာဘဲ၊ အမိခံလိုက်ရတော့တယ်၊ ဒါပေမဲ့—သူကပြောသေးသတဲ့ "မင်းတို့က လူကိုလိုက်ရှာပြီး လူလူချင်းမှမတိုက်ဘဲ၊ ငါ့ငှက်ပျောပင်တွေကို ခုတ်ပစ်ကြတာကိုးကွလို့" ပြောသတဲ့၊ ဒီလိုနဲ့-ငှက်ပျောတောမင်းသားစစ်ရှုံးပြီး- ကိစ္စတုံးစီရင်ခံရတဲ့အဖြစ်ကို ရောက်သွားရတော့တယ်။

အဲဒီလိုဘဲ-သင်္ခါရက္ခန္ဓာ စေတနာတရားဟာလဲ (၃၁)ဘုံ ဘဝတောကြီးကို၊ ချမ်းသာရာအစစ်- အနှစ်သာရရှိတယ်ထင်ပြီး၊ စေတနာဆိုး (၂၉)မျိုးနဲ့-အဘိသင်္ခါရ- ကမ္မဝိညာဏ်ကျိုးတွေဖြစ်အောင် လုပ်ပြီး၊ ဒီဘဝချမ်းသာနိုး- ဟိုဘဝချမ်းသာယောင်၊ တဏှာ- မာန- ဒိဋ္ဌိ- ငါသုံးဖြာထူထောင်ကာ= ငါ့လိုကုသိုလ်, ဘယ်သူပြုနိုင်သလဲ၊ တုပြိုင်ပွဲပကာသနတွေနဲ့- ချမ်းသာအစစ်, အနှစ်ရှိတဲ့ဘဝကိုရမှာဘဲရယ်လို့- သေမင်းကိုအံတုပြီး- စစ်ပြုနေပေမဲ့၊ မွေးလာရင်သေရတဲ့ သုံးဆယ့်တဘုံ-ဘဝတောကြီးထဲမှာ၊ ဘယ်ဘဝမှ-အနှစ်သာရမရှိ၊မွေးသေတွေ အနန္တနဲ့ ဖြစ်ရှိခဲ့တာကို မရိပ်စားမိသောကြောင့်၊ အပါယ်ဘဝ, ဒုက္ခအတိကို- ခဏ,ခဏ,တွေ့ရှိကျရောက်သွားရတာကလဲ- မရေမတွက်နိုင်၊ ကာမသုဂတိ-ဘဝကလေးရပြန်တော့လဲ၊ ငှက်ပျောတောကို- တောတွင်းသားအထင်ကြီးသလိုသေမင်းကိုစစ်ခင်းလို့- ဇွတ်အတင်း, ကာမဂုဏ်နဲ့၊ အပျော်ဟုန်-ဆိုက်ခါနေကြသော်လည်း၊ ငှက်ပျောတောခုတ်ရှင်းခံရသလို၊ဥက္ခိတ္တတာ ပုညတေဇေနကလေးကုန်သွားတော့- အပါယ်လေးပါးဆိုတဲ့- စစ်သည်လက်ထဲကို-နှောင်ကြိုးတဲလျက်ပါသွားကြရပြန်ပေါ့။ အဲဒီလို-မွေးသေတွေမလွှတ်တဲ့- သံသရာဝဋ်နဲ့ ငှက်ပျောတောတူပုံကိုကြည့်ပြီး၊ ဘယ်ဘုံဘဝမှ အားကိုးစရာ· အနှစ်သာရ- မရှိဘူးလို့လဲပိုင်းခြားသိတော်မူပါ၊ ထိုငှက်ပျောပင်တို့သည်-အသီး,သီးပြီးခြင်း အကြောင်းကြောင့်- အပင်ကိုအသေသတ်ခြင်းခံရပါတယ်၊ ငှက်ပျောပင် မသီးခင်ကတော့၊

ယာရှင်က- ဂရုတစိုက်ရှိပါသေးရဲ့၊ သီးပြီးရင် မှည့်လှုပြီဆိုတာနဲ့— ငှက်ပျောခိုင်ချိုင်ကာ ငှက်ပျောပင်ပါ- အလှဲခံရတာကိုကြည့်ပါက။ သင်္ခါရက္ခန္ဓာ-စေတနာဦးဆောင်- စေတသိက် ၅၀-ဘောင်တို့နှင့် ခန္ဓာပင်ကို-ဘယ်လိုပင် ယုယစိုက်ပျိုးတည်ထောင်သော်လဲ၊ ဇရာဖိစီးလို့- အတိတ်ကံတွေကကုန်ခါနီးအထိ- ရင့်ကျက်လာပြီးခါ၊ "အာယုက္ခယ=ကမ္မက္ခယ-ဥဘယက္ခယ-ဥပစ္ဆေဒက"ဆိုတဲ့- တခုခုနဲ့ကြုံလာရင်၊ သင်္ခါရက္ခန္ဓာစေတနာနဲ့ ဘယ်လိုပင်ပြုပြင်သော်လဲ-အဘိသင်္ခါရတည်းဟူသောကမ္မဝိညာဏ်သီးက-မှည့်ရင့်ပြီးလာသကဲ့သို့၊အတိတ်အကြောင်း၏-ပြီးဆုံးဆုံးခြင်း၊ ပစ္စုပ္ပန်အကြောင်း-ကမ္မဘဝ၏ မှည့်ရင့်ခြင်းတို့ကြောင့်- ခန္ဓာပိုင်ရှင်သံသရာအစဉ်က=ခုတ်ချိုင်၍-ချခံရသဖြင့်- ငှက်ပျောပင် အသီးသီးမိ၍- ဘဝဟုံးရသလို= ခန္ဓာစုပြိုကွဲ-ဘုံးဘုံးလဲရသော စုတိအခင်းသို့ ကျရောက်ခြင်းဖြစ်ရတော့သည်။ အဲဒီလို-သင်္ခါရက္ခန္ဓာ စေတနာ- ငှက်ပျောတုံးသည်- ငှက်ပျောပင်နဲ့လဲ- ထပ်ဆင့်ဥပမာ, တူလိုက်ပါသေးသမို့၊ မွေးသေတွေ လွတ်အောင်မရုန်းနိုင်သမျှ အစ အဆုံးမရှိ၊ ငှက်ပျောတုံးအတိုက်- အနှစ်သာရရှိတယ်လို့-အားကိုးမိတာ အမှားကြီး- မှားခဲ့ပါတကားဟု သံဝေဂဉာဏ် အမြင်မှန်ဖြင့်၊ အထက်ပါ၊ဝိပဿနာမဂ်ပန်းကို ဆွတ်လှမ်းနိုင်အောင်ကြိုးစားတော်မူကြပါကုန်။

ဤသို့—စိတ်နာမ်နှင့်စေတသိက်နာမ်တို့၏- အကျဉ်းသဘောကိုဝိပဿနာပညာနှော၍ ပြဆိုရင်းဖြင့်၊ စိတ်နာမ်မှ စတင်၍ ပြဆိုလာရာတွင်၊ ခန္ဓာသဘောကိုပါ-အကျဉ်းမျှထည့်သွင်းပြသလိုပါသဖြင့်၊စိတ်နာမ်ကို ရှေးဦးစွာ ပြဆိုရာ၌ပင်ဝိညာဏက္ခန္ဓာကို ပြသခဲ့ပါသည်၊ အစဉ်သဘောမှာ= ရူပက္ခန္ဓာ- ဝေဒနက္ခန္ဓာ-သညက္ခန္ဓာ- သင်္ခါရက္ခန္ဓာ—ဝိညာဏက္ခန္ဓာဟုဆိုအပ်ရာ၊ ယခုအခါ ကြုံဆုံရာဖြစ်သော စိတ်နာမ်ပြသရင်းမှ ဝိညာဏက္ခန္ဓာကို ထည့်သွင်းပြခဲ့ပြီးဖြစ်ရာ၊ ရုပ်နာမ်တရား-ခန္ဓာငါးပါးတို့ ယခုအခါ စေ့စပ်သွားပြီဖြစ်ပါ၍- ရှေ့အခဏ်းများဆက်စပ်သွားရန် ခန္ဓာငါးရပ်—ဥပမာဟပ်၍ ဟောတော်မူခဲ့ပုံကို ဤသို့သိအပ်-နိဂုံးခါးပတ် ပြုလိုက်ရပါသည်။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ၊
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ၊
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိ အာဒိစ္စဗန္ဓုနာ။

(ခန္ဓဝဂ္ဂသံယုတ်)

ရှုင်- ဖေါက်ပြန်တတ်ငြား- ရုပ်ဓါတ် (၂၈) ပါးသည်၊ ဖေဏပိဏ္ဍူပမံ-အနှစ်သာရ- ဘာတခုမျှ- ရှာမရသည့်- ဖြစ်လျှင် ပျက်မြဲ- ရေမြှုပ်ခဲနှင့်သာ တူ

ပါပေ၏။ဝေဒနာ– သုခဆင်းရဲ, ချမ်းသာမှုကို အမြဲခံစား-ဝေဒနာတရားသည်။ ပုပ္ဖုဋ္ဌုပမာ– အနှစ်သာရ- ဘာတခုမျှမရေယှက်သည့်- ရေပွက်နှင့် ဥပမာတူပါပေ၏။ သညာ- စိတ်ထဲမှာစွဲ, အမြဲမှတ်သား သညာတရားသည်၊ မရီစိကူပမာ– အထင်နှင့်အမြင်, လွဲချင်တိုင်းလွဲ၍၊ အစွဲမှားဖြင့်- အမြဲယှဉ်စပ်သည့် တံလျှပ်နှင့်တူပါပေ၏။ သင်္ခါရာ– ဖဿအစ, ပညိန္ဒြေအဆုံး၊ ငါးဆယ်လုံးသော- သင်္ခါရတုံးတရားသည်၊ ကဒလူပမာ–အနှစ်သာရ ဘာတခုမျှ ရှာမရသည့် အသဿတ, တနှုံးဖြစ်လျှင်ပျက်ပြုန်း၍၊ ငှက်ပျောတုံးနှင့် တူပါပေ၏။ ဝိညာဏံ– စိတ်ထဲမှာစွဲ, အမြဲကြံစီ- ဥပါဒ်, ဌီ,ဘင် ဟု တည်ချုပ်ပျက်သွား-စိတ်ဝိညာဏ်တရားသည်၊ မာယူပမံ- အမျိုးမျိုး, အဖုံဖုံ- အလုံးစုံလှည့်ပတ်၍၊ မရှိပညတ်ကို- အရှိပရမတ်ကဲ့သို့ပြတတ်တဲ့= မျက်လှည့်သမားနှင့် တူပါပေ၏။ ဣတိ- ခန္ဓာငါးစုံ, အဖုံဖုံကို= ဥပမာပုံပြု- ဤသို့ပါပေဟု။ အာဒိစ္စဗန္ဓုနာ— နေမင်းနွယ်ဘွား, ရှင်တော်မြတ်ဘုရားသည်၊ ဒေသိတာ— ယထာသဘာဝ, ဥပမာဏကို- သိကြစေရန် စိတ်ရည်သန်၍ အမှန်ထိုးထွင်း ဉာဏ်မြင်ရှင်းအောင် လင်းလင်းထင်ပေါ်, မိန့်တော်မူလတ်ပါသတည်း။ ။

ဤသို့- မြတ်စွာဘုရားရှင်၏ တရားတော်ကို၊ မြတ်ဘုရားရှင်, ဥပမာတင်တော်မူခဲ့သည်နှင့်အညီ၊ ဥပမာ—ဥပမေယျ- ဥပမာနတို့ကို၊ ဗုဒ္ဓအလိုကျ–သဘာဝဆိုက်အောင်- ပြသအပ်ခဲ့ပြီးဖြစ်ပါ၍၊ စိတ်, စေတသိက်, ရုပ်, တရားတို့၏- ဝိညာဏ်, နာမ်, ရုပ်, အနေအားဖြင့်၊ ခန္ဓာငါးပါးအစုထားခါ= ဟောကြားပေးသနားတော်မူခဲ့သော- သမ္မာဒိဋ္ဌိဉာဏ်- အမှန်မြင်, စင်ကြယ်နိုင်ရေးသည်၊ ယောဂီသူမြတ်တို့ဘက်မှ- အလေးအနက်ထား၍- ဆည်းပူးငြွေးပါလျှင်- ရရှိနိုင်ကောင်းပြီဖြစ်ပါသည်၊ ဇယားနှင့်တကွ ပြခဲ့သော- အကျဉ်းကို- စုံလင်အောင်ကြည့်ရှု၍- ခန္ဓာတွင်,အစထွင်ခါပြခဲ့သော– သဘောတို့ကို စပ်ဟပ်ခါ၊ အရပ်ရပ်သဘောကို- ရိပ်စားမိအောင်- ဝါစုဂ္ဂတပြုနိုင်တော်မူကြပါစေ၊ ရှေ့ဆက်သွားရန်- စာမျက်နှာနည်းပါးဖြင့်- တခဏ်းရပ်နားကြပါစို့....။

(ရုပ်,နာမ်,ခန္ဓာ- ဒိဋ္ဌိ ဝိသုဒ္ဓိ ကထာ- အကျဉ်းပြီး၏။)

.....o.....

# "သမထ - ဝိပဿနာ - သိအပ်စရာ"

## ဘာဝနာနှစ်မျိုး

သမာဓိ– ဘာဝနာ၊ ပညာဘာဝနာဟူ၍ နှစ်မျိုးရှိ၏။ (၀၁) သမာဓိ အမည်ရသော- ကေဂ္ဂတာ, စေတသိက်, တရားကိုယ်လျှင်- အမှူးရှိ၍- ပွားများခြင်းသည်= သမာဓိဘာဝနာမည်၏၊ ပညာအမည်ရသော- ပညိန္ဒြေစေတသိက် တရားကိုယ်လျှင်- အမှူးရှိ၍ ပွားများခြင်းသည်= ပညာဘာဝနာမည်၏။ ဤ- သဘောကိုပင်- သမထဘာဝနာ– ဝိပဿနာဘာဝနာဟူ၍ခေါ်၏။ (၀၁)သမထ ကမ္မဋ္ဌာန်း– ဟူ၍လည်းခေါ်၏။ သမထ, ဘာဝနာဟူသော- သမထကမ္မဋ္ဌာန်း သည်= အာရုံကမ္မဋ္ဌာန်း= အာရမဏိက, ကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးရှိ၏။ ပထဝီ ကသိဏ်းစသော- သမထကမ္မဋ္ဌာန်းလေးဆယ်၏-အာရုံများသည်–အာရုံကမ္မဋ္ဌာန်း မည်၏။ ။ ပဝတ္တိဋ္ဌာနတာယ–ဖြစ်ခြင်း၏တည်ရာအဖြစ်ကြောင့်၊ ကမ္မ + ဋ္ဌာန ဘူတံ– ကမ္မဋ္ဌာန်းဖြစ်၍ ဖြစ်သော၊ အာရမဏံ= အာရုံကို- အာရုံကမ္မဋ္ဌာန်းဟု ဆိုအပ်၏။ ။ပွားများအားသုတ်မှုသည်= အာရမဏိက, ကမ္မဋ္ဌာန်းမည်၏။ ကမ္မဿ- နောက်နောက် အားထုတ်မှု၏၊ ဋ္ဌာနံ- တည်ရာဖြစ်သော၊ ရှေးရှေး အားထုတ်မှုတည်း။ (ဥပမာ)ပထဝီကသိဏ်းဝန်းကို- ပြုလုပ်အားထုတ်လာရာမှ- ဥဂ္ဂဟနိမိတ်- ပဋိဘာဂနိမိတ်တိုင်အောင် ရရှိခါ-ပဋ္ဌမဈာန်စသည်အတွက် ထပ်မံ အားထုတ်ရာတွင်- ကသိဏ်းဝန်း ပြုထားသော– အာရုံကိုလွှတ်၍၊ ရအပ်ပြီး သော- ဥဂ္ဂဟနိမိတ်စသည်မှ-အထက်အထက်-အားထုတ်မှုသည်၊အာရုံကမ္မဋ္ဌာန်းမှ လွှန်မြောက်၍– အာရမဏိက, ကမ္မဋ္ဌာန်းဟု ဆိုအပ်၏။ ။

ထိုသို့ပင်၊ ဝိပဿနာဘာဝနာ၌လည်း- လက္ခဏာရမ္မဏိက- ဝိပဿနာ၊ သင်္ခါရာရမ္မဏိက, ဝိပဿနာဟူ၍- နှစ်ဆင့်ရှိ၏။လက္ခဏာရမ္မဏိက– ဝိပဿနာမှာ ပရမတ္ထတရားတို့၏ လက္ခဏာလျှင်- အာရုံရှိသော- မဂ်ဉာဏ်အားလျော်စွာ–ပွား များမှုသည်- လက္ခဏာရမ္မဏိက, ဝိပဿနာ မည်၏။ သင်္ခါရာရမ္မဏိက ဝိပဿနာ မှာ= ထိုလက္ခဏာ,အာရုံကို လွှန်မြောက်၍- သင်္ခါရတရားလျှင်- အာရုံရှိသော– ဝိပဿနာမဂ်မှ-လောကုတ္တရာမဂ်သက်ဝင်ရန် ပွားများမှုသည်=သင်္ခါရာရမ္မဏိက, ဝိပဿနာမည်၏။ (ဥပမာ)လက္ခဏာရမ္မဏိက- ဝိပဿနာ- ဘာဝနာ ပွားများ၍- လက္ခဏာပဋိဝေဓသဘောဉာဏ်ကို ရရှိပြီးလျှင်- သမ္မသနဉာဏ်မှ- လွှန်မြောက် ခါ-ဥဒယဗ္ဗယဉာဏ်ကို- အာရဒ္ဓ, ဝိပဿက ပုဂ္ဂိုလ်တန်းရောက်အောင် ရရှိအပ်ပြီး သော- ယောဂီသူမြတ်သည်- အထက်ဉာဏ်စဉ်အလိုငှါ- ပွားများရာတွင်- လက္ခ

ဏာရမ္မဏိက- ဝိပဿနာကို- တည်ရာပြုရုံမျှဖြင့်- သခ်ါရာရမ္မဏိက- ဝိပဿနာကို ပွားများနိုင်ခြင်းငှါ- စွမ်းနိုင်သော- ဝသီဘော်နှင့် ပြည့်စုံပါက၊ အာရုံနိုင်နှင်း အာရမ္မဏိက အတွင်း၌ပင်- ဖြစ်ခြင်း, ဝိပဿနာ- မဂ်ဉာဏ်မဟာကို- ရရှိသည်၏ အစွမ်းဖြင့်၊ ထိုနှစ်ဆင့်နှစ်ခဏ်းသော သဘောကိုပင်=သမထ ဘာဝနာမှာကဲ့သို့- နှစ်မျိုးဟု ဆိုရတော့သည်။

## သမထဘာဝနာ — ကမ္မဋ္ဌာန်းလေးဆယ်တို့မှာ

| | | | |
|---|---|---|---|
| ၁။ | ကသိုဏ်း ... | (၁၀) | ပါး။ |
| ၂။ | အသုဘ .... | (၁၀) | ပါး။ |
| ၃။ | အနုဿတိ.... | (၁၀) | ပါး။ |
| ၄။ | အပ္ပမညာ .... | (၄) | ပါး။ |
| ၅။ | အာဟာရေပဋိကူလသညာ.... | (၁) | ပါး။ |
| ၆။ | စတုဓါတုဝဝတ္ထာန်.... | (၁) | ပါး။ |
| ၇။ | အာရုပ္ပ ... | (၄) | ပါး။ |
| | အားဖြင့်.... ပေါင်း | (၄၀) | ဖြစ်ပါသည်။ |

ထို= လေးဆယ်သော- သမထကမ္မဋ္ဌာန်းတို့တွင်၊ ကသိုဏ်း (၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာနာပါနဿတိ (၁)ပါး၊ အပ္ပမညာ (ဝါ) ဗြဟ္မာစိုရ်တရား(၄)ပါး၊ အာရုပ္ပလေးပါးတို့တွင်- ပဌမာရုပ္ပ, အာကာသအာရုံ (၁)၊ တတိယာရုပ္ပ, နတ္ထိဘောပညတ်အာရုံ(၁)= စုစုပေါင်း (၂၈)ပါးသော ကမ္မဋ္ဌာန်းတို့သည်၊ ပညတ်အာရုံသာလျှင် ဖြစ်ကြကုန်၍၊ ၎င်းတို့ကို- ဝိပဿနာဘာဝနာ၏ အခြေပါဒကအားဖြင့်- ပွားများလိုပါက၊ အပ္ပနာစျာန်ကို ရနိုင်သော ကမ္မဋ္ဌာန်းကို- ပွားများ၍၊ စျာန်ကိုပင်- ပါဒကပြုခါ၊ ဝိပဿနာဘာဝနာမှုကို- သင်ယူတက်ပွား- အားထုတ်သွားနိုင်ပါသည်။

ကာယဂတာသတိနှင့်- အာနာပါနဿတိကိုနုတ်၍၊ ကြွင်းသော အနုဿတိ(၈)ပါး။ အာဟာရေ ပဋိကူလသညာ (၁)ပါး။ စတုဓါတုဝဝတ္ထာန်တပါး။ ဒုတိယ, အာရုပ္ပ(၁)ပါး၊ စတုတ္ထ, အာရုပ္ပ(၁)ပါး- ပေါင်း (၁၂)ပါးသော၊ ကမ္မဋ္ဌာန်းတို့သည်၊ ပရမတ်အာရုံဖြစ်ပါသည်။ ထို-(၁၂)ပါးသော- ကမ္မဋ္ဌာန်းတို့တွင်၊ အနုဿတိ(၈)ပါး၊ ပဋိကူလသညာ(၁)ပါး၊ စတုဓါတုဝဝတ္ထာန်(၁) ပါး၊ ပေါင်း (၁၀)ပါးသည်၊ အနုဿတိတို့တွင်- အာရုံကျယ်ဝန်းချက်ကြောင့်

ရင်း၊ ပဋိကူလသညာမှာ- ဆက်ဆုတ်ဖွယ်ရာဖြစ်နေ၍ရင်း၊ စတုဓါတု ဝဝတ္ထာန်မှာလည်း ဩဠာရိကရုပ်နှင့်သုခုမရုပ် ရောပြွမ်းခြင်း၊ ကျယ်ဝန်းခြင်းကြောင့်ရင်း၊ အပ္ပနာချာန်တို့ကို မရနိုင်ကုန်။ ဥပစာရ- သမာဓိမျှသာဖြစ်ရှိနိုင်ကြပါသည်။

ဤ- ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်၊ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာဟာရေပဋိကူလသညာ(၁)ပါး၊ ပေါင်း (၁၂) ပါးသော- ကမ္မဋ္ဌာန်းတို့ကို- နတ်ပြည်ခြောက်ထပ်၌ မရအပ်။ ၎င်း(၁၂)ပါးတွင်- အာနာပါနဿတိ(၁)ပါးထပ်ထည့်၍၊ (၁၃)ပါးကို- ဗြဟ္မာ့ပြည်၌ မရအပ်။ အာရုပ္ပလေးပါးသည်- အရူပဗြဟ္မာဘုံ၌သာ ရအပ်၏။ ထိုသို့- နတ်နှင့် ဗြဟ္မာ= ရူပ, အရူပ- ရအပ်ခဲ့ဆို- ထိုထိုရွေးချယ်- လေးဆယ်သော ကမ္မဋ္ဌာန်းတို့ကို- ဤ- လူ့ဘုံ၌မူ- အကုန်ရယူပွားများ ရရှိနိုင်တော် မူကြပါသည်။

ဤသို့အားဖြင့်= သမထ, ဘာဝနာ- ကမ္မဋ္ဌာန်းလေးဆယ်အလွှာကို ပိုင်းခြားသိပြီးလျှင်၊ သမထရှေ့- ဝိပဿနာနောက်- စခန်းမြောက်အောင်- ပွားများလိုသူတို့သည်၊ (ဝါ) သမထဘာဝနာ- ပညတ်အာရုံအဖြာဖြာကို- ပဋ္ဌမစျာန်စသည်ရအောင်- စျာနပါဒက, အခြေခံကျပြီးမှ၊ ဝိပဿနာဘာဝနာထက်သို့၊ တက်လိုသူတို့သည်၊ စီစစ်ရွေးချယ်- မိမိစရိုက်အလိုက်- အံကိုက်ကျဘွယ် သမထဘာဝနာကို အခြေတယ်ပွားများ၍- ဝိပဿနာဘာဝနာနယ်ကို တက်လှမ်းသင့်ပါသည်။ ကမ္မဋ္ဌာန်းပေးခဏ်း- ဘာဝနာငြမ်းနှစ်ခု- အာစရိယပြုသူ- ပညာရှိအပေါင်းတို့သည်လည်း၊ ဝိပဿနာဟု- အမည်ခံပြုလျက်- ပညတ်အာရုံယူမှုနှင့်- စတင်ကြပါက၊ အားထုတ်သူတို့အား၊ ယခုပညတ်- အာရုံကပ်၍၊ သမထရှေ့အားထုတ်စေပါသည်။ ထိုမှတတန်, ဝိပဿနာဘာဝနာမှု- ပြုစုပေးမည်ဟု အတိအလင်း, သွန်သင်ခြင်းဖြင့်- ပြသအားထုတ်စေခြင်းသည်၊ တပည့်သာဝကတို့အဘို့- နှစ်ဘို့နှစ်စု- အာရုံတွေ ခုနေစရာမရှိတော့ပါပေ။ ပညတ်အာရုံကို အခြေခံပြီး- ဝိပဿနာ, အားထုတ်ခိုင်းတာပါ- ဝိပဿနာဘာဝနာအားထုတ်နေတာပါဟုဆိုပါက၊ ထိုမသိ, နားမလည်သေးသူတို့၌၊ အစွဲအမှားဖြစ်ငြားပြီး၊ သမထလည်း မယ်မယ်ရရမရှိ၊ ဝိပဿနာလည်း- တိတိကျကျ- မဟုတ်နှင့်- အရှင်းရ- အဖြုတ်ရခက်ခဲပြီး၊ တကယ်တရားလိုချင်တဲ့- ဇွဲကလေးပါ- ပြုတ်ကျသွားတတ်ပါသည်။ ကျုန်ုပ်တို့ထံ၌- မေးခွန်းအတော်များများရောက်လာကြရာဝယ်၊ထိုသို့ သမထ, မစစ်၊ ဝိပဿနာလည်း-မယ်မယ်ရရမဖြစ်သော ပုဂ္ဂိုလ်များကိုသာ တွေ့နေရပါသည်။ ထို့ကြောင့်- သမထရှေ့ထား၍ ဝိပဿနာနောက်ထားခါ၊ အားထုတ်ခိုင်းလျှင်လည်း၊ ယခုအားထုတ်ခိုင်းတာ- ဝိပဿနာမဟုတ်၊ သမထအခြေ

ခံကို- စျာန်ရသည့်တိုင်အောင်ငင်း။ အောက်တန်းစား အနေအထားအားဖြင့်- ဥပစာရသမာဓိနှင့် ပြည့်စုံအောင်ငင်း- အားထုတ်ခိုင်းထားသည်ဟု- မိမိပင်တိုင် အလုပ်ပေးအာရုံကို ရှင်းလင်းပြီးမှ- ပြသပေးကာ- အားထုတ်စေလျှင်၊ နောင် အရေးတွင်- ဤယောဂီ၌- ဤမျှရှုပ်ထွေးလာနိုင်စရာ မရှိပါပေ။ ယခုမူ-ယောဘုယျအားဖြင့်- နေ့စဉ်ဟောပြောပေးသည်ကတော့ ဝိပဿနာပညာ-ဒေသနာဉာဏ် သဘောကို- ဟောပြောပေးပြီး၊ ပင်တိုင်အလုပ်- အားထုတ်ကွက်- အာရုံဘက်၌မူ၊ ပညတ်မကင်း- အာရုံတွင်းတွေသာဖြစ်ရာ၊ အားထုတ်သူ- ယောဂီက, စတင်ကထဲက- ဝိပဿနာအားထုတ်တယ်ထင်ပြီး- အားထုတ်လာရာ၊ ခဏိက,သမာဓိမျှဖြင့်-ပညတ်မလွတ်သော"ဖြစ်ပျက်"မြင်နေမှုမျိုးနှင့်-တခါတရံ-ဥပစာရသမာဓိရောက်ပြန်တော့- ဖြစ်ပျက်ပျောက်၍- မည်သည့် အာရုံကောက်ရမှန်းမသိဘဲ၊ အချို- တွေးတောစိတ်နှင့်- အတိတ်, အတိမဟန္တာရုံ- ကြောက်စိတ်ထုံခဲ့သော သဘောသို့ရင်း၊ အချို-အတိတ်, ဘဝ, အဆက်ဆက်- အထုံဉာဉ်ဘက်သို့ရင်း၊ ရောက်ကုန်ရင်းဖြင့်- ၁၅-ရက်, တလ,မျှ- အားထုတ်တဲ့အတွင်းမှာ၊ မယ်မယ် ရရ- အားဖြင့်- မရရှိကြတော့ဘဲ၊ ဉာဏ်စဉ် တက်ပေးခါပြီးခဲ့ကြရသော- မထူးမခြားသည့်- ဝိပဿနာသမားအဖြစ်နဲ့- ရပ်တည်နေကြရတော့သည်။ ဤသည်ကား= ကျွန်ုပ်တို့ထံ- ရောက်ရှိလာသော- မေးခွန်း,များစွာတို့တွင်— ယောဂီတို့ တွေ့ကြုံနေကြရသော— သဘောတို့ကို၊ ၎င်းတို့၏- မေးခွန်း, များ၌- ဖေါ်ပြချက်အရ၊ ဖြစ်နေကြခြင်းကို-အသိရှင်းအောင်-ခေါင်းဆောင်မှုပေးသင့်ကြောင်း ထင်မြင်ပါသဖြင့်-ယောဂီတို့အဘို့လည်း- ဗဟုသုတအလို့ငှါ- ဖေါ်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## "ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း"

ထိုဝိပဿနာ-ဘာဝနာ-ကမ္မဋ္ဌာန်း- အာရုံငြိမ်းသဘောကို၊ ကျွန်ုပ်တို့၏-ဗုဒ္ဓ၏အနုသယစက်ချေဖျက်ပုံစာအုပ်၌၊ ဝိပဿနာ၏ အာရုံဘူမိ-ဖြစ်ရှိထိုက်သော ရုပ်နာမ်နှင့်- ဓမ္မကောဋ္ဌာသ, ဓမ္မရာသီ(၂၃)ပါးတို့ကို-ဖေါ်ပြအပ်ပြီးဖြစ်ပါ၍၊ အထူးလင်းပါးဘွယ်မလိုတော့ပါပေ၊သို့သော်-ဝိပဿနာ-ဘာဝနာ၏-ပွားများကြောင်းဖြစ်သော၊ သတိလျှင် ပြဋ္ဌာန်းအပ်သည့် လေးပါးသော သတိပဋ္ဌာန် တရားတော်တို့ကို- အကျဉ်းအားဖြင့် ဤသို့ရေတွက်- ပိုင်းခြားသိမှတ်ထားသင့်ပါသည်။

# "သတိပဋ္ဌာန်လေးပါး"

## "ကာယာနုပဿနာ-ခြောက်ပိုင်း (၁၄) ပါး"

(၁) အာနာပါန ပဗ္ဗ၊
(၂) ဣရိယာ ပထ ပဗ္ဗ၊
(၃) စတုသမ္ပဇည ပဗ္ဗ၊
(၄) ပဋိကူလမနသိကာရ ပဗ္ဗ၊
(၅) ဓာတု မနသိကာရ ပဗ္ဗ၊
(၆) သိဝထိက ပဗ္ဗ (၉) ပါး။

## ဝေဒနာနုပဿနာ သုံးပိုင်း (၉) ပါး

(၁) သုခံ- ဒုက္ခံ- အဒုက္ခ မသုခံ ... (၃)ပါး၊
(၂) နိရာမိသံ— ။ ။ (၃)ပါး၊
(၃) သာမာသံ— ။ ။ (၃)ပါး၊

## စိတ္တာနုပဿနာ (၁၆) ပါး

၁၊ သရာဂံဝါ။ ၂၊ ဝီတရာဂံဝါ။ ၃၊ သဒေါသံဝါ။ ၄၊ ဝီတဒေါသံဝါ။
၅၊ သမောဟံဝါ။ ၆၊ ဝီတမောဟံဝါ။ ၇၊ သံခိတ္တံဝါ။ ၈၊ ဝိက္ခိတ္တံဝါ။
၉၊ မဟဂ္ဂတံဝါ။ ၁၀၊အမဟဂ္ဂတံဝါ။ ၁၁၊သဉတ္တရံဝါ။ ၁၂၊အနုတ္တရံဝါ။
၁၃၊ သမာဟိတံဝါ။ ၁၄၊အသမာဟိတံဝါ။ ၁၅၊ဝိမုတ္တံဝါ။၁၆၊အဝိမုတ္တံဝါ။

## ဓမ္မာနုပဿနာ—အပိုင်းငါးပိုင်း

(၁) နီဝရဏ ပဗ္ဗ၊
(၂) ဉပါဒါနက္ခန္ဓာ ပဗ္ဗ၊
(၃) အာယတန ပဗ္ဗ၊
(၄) ဗောဇ္ဈင် ပဗ္ဗ၊
(၅) သစ္စ ပဗ္ဗ၊

အထက်ပါ၊မဟာသတိပဋ္ဌာန သုတ်တော်လာ၊ကာယာ,ဝေဒနာ,စိတ္တာ, ဓမ္မာ, နုပဿနာ သတိပဋ္ဌာန်လေးပါး, ဗောဓိပက္ခိယဝင်တရားတို့သည်။ ပညာ ဘာဝနာဟုဆိုအပ်သော၊ ဝိပဿနာဘာဝနာပွားများရာ-ပွားများကြောင်းဖြစ်

သည့်–အရှုခံတရားနှင့်– အရှုမှန်တရားတို့ကို၊ သတိလျှင် ပြဋ္ဌာန်းသောအားဖြင့်၊ ကောယနော– တကြောင်းထည်းသော ခရီးဖြစ်သော၊ တယောက်ထည်းထည်း သာလျှင် သွားအပ်သော၊ မြတ်သော သဗ္ဗညုဘုရားရှင်၏ ခရီးဖြစ်သော၊ မြတ်သော- ဗုဒ္ဓသာသနာတော်၌သာလျှင် ဖြစ်သော၊ မြတ်သောနိဗ္ဗာန်သို့ သွားတတ်သော၊ ဝိပဿနာမဂ်- လောကုတ္တရာမဂ်တည်းဟူသော ပဋိဝေဓသာသနာ၌ ဖြစ်သော-ခရီးလမ်းကောင်း- လမ်းမှန် လမ်းမြတ်- ကေနိဖြစ်ပါပေသည်။

ထို့သို့–ခရီးကောင်းမွန်- အမြတ်ထွဋ်ချွန်ဖြစ်သော- လေးပါးသော သတိပဋ္ဌာန်- အရှုခံမှန်- ပွားများရန်ကို- ကေန်ညွှန်ကြား- အဓိက တရားမှာ၊ "အာတာပီ–သမ္ပဇာနော–သတိမာ"ဟု၊သုံးချက်ပြ၍၊ရှုစဉ်ကာလလ– ဝိနယ့အားဖြင့် ပယ်ဖျောက်ရမည့်တရားကိုမူ၊"အဘိဇ္ဈာ–ဒေါမနဿ"ဟု ညွှန်ပြတော်မူပါသည်၊ ထိုသို့- သတိပဋ္ဌာန်တပါးပါး ပွားများတိုင်း၌၊ (၁) အာတာပီ=အရှုခံ, ရုပ်နာမ်, ခန္ဓာတို့ကို- အာရုံပြု၍ ဖြစ်သော- ကိလေသာတို့ကို၊ ပူပန်ခမ်းခြောက် စေတတ်သော သမ္မပ္ပဓာန်လုံ့လရှိခြင်း။ (၂) သမ္ပဇာနော–အရှုခံ ရုပ်နာမ်တရားတို့ကို၊ မဖေါက်မပြန်-မှန်ကန်စွာ– အပြားအားဖြင့် သိသော ပညာအဆင်ခြင်နှင့် ပြည့်စုံခြင်း(ဝါ)ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို- သုတမယဉာဏ်ပညာ-စိန္တာမယဉာဏ်ပညာတို့နှင့်ပိုင်းခြားဆင်ခြင်သိမြင်ခြင်း။(၃)သတိမာ=အဘိဇ္ဈာဒေါမနဿတို့ ဝင်ရောက်နိုင်ခြင်းမှကင်းသော "ပဇာနာတိ"=ပညာဉာဏ်ဖြင့် ထိုးထွင်းသိခြင်းကိုပြီးစေသော- မဖေါက်မပြန်- မှန်ကန်သည့်- မြဲမြံသော အောက်မေ့မှုသတိနှင့် ပြည့်စုံခြင်းတို့ဖြင့်–ပွားများအားထုတ်ရမည်ဟု အချုပ်အားဖြင့်-ဆိုအပ်ပါသည်။ ။ထိုသို့-သတိလျှင် ပြဋ္ဌာန်ခြင်းရှိသည်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌....

"သတိယေဝ ပဋ္ဌာနံ- သတိပဋ္ဌာနံ"အရ၊ သတိယေဝ- အောက်မေ့မှုသတိသည်ပင်လျှင်၊ (ဝါ)သမ္မာသတိမဂ္ဂင်သည်ပင်လျှင်၊ ပဋ္ဌာနံ- ပြဋ္ဌာန်းသည်တည်း။(ဝါ)သတိသည်ပင်လျှင်-ရှေ့သွားရှိခြင်း-ပြဋ္ဌာန်းအပ်ခြင်းတည်း။ ။

အထဝါ ဥပဓါရေ တဗ္ဗတ္ထိ၊ သတိပုဗ္ဗင်္ဂမာယ ပညာယ၊
ဥပလက္ခေတဗ္ဗံ နတ္ထိ သတိ ရဟိတာ ပညာအတ္ထိ။

အထဝါ-တနည်းကား၊ ဥပဓါရေတဗ္ဗတ္ထိ=အောက်မေ့အပ်ဟူသည်ကား၊ သတိပုဗ္ဗင်္ဂမာယ– အောက်မေ့ခြင်းသတိသည် ရှေ့သွားခေါင်းဆောင် ရှိသော၊ ပညာယ–မဖေါက်, မပြန်မှန်ကန်သော- သမ္မာဒိဋ္ဌိပညာဖြင့်၊ ဥပလက္ခေတဗ္ဗံ–မှတ်အပ်၏၊ ဟိသစ္စံ–မှန်၏၊ သတိရဟိတာ– သတိမှလွတ်ကင်းသော၊ ပညာ–သမ္မာဒိဋ္ဌိဉာဏ်ပညာသည်၊ နတ္ထိ–မရှိ။

အထက်ပါ- အချုပ်အားဖြင့်- မဟာသတိပဋ္ဌာနသုတ်တော်၌၊ သတိ-ဝီရိယ-ပညာတို့တွင်၊ သတိရှေ့ဆောင်-ပညာရောင်အခေါင်လွှမ်း၍၊ သမ္မပ္ပဓာန်ဝီရိယပန်းဖြင့်- ပွားများမှသာသာလျှင်- ပဇာနာတိ-ပညာဉာဏ်သိနှင့် ထိုးထွင်း၍သိသော- ဝိပဿနာမဂ်, အရိယာမဂ်သို့- ချဉ်းကပ်နိုင်မည်ဖြစ်ပါသည်။ သတိပဋ္ဌာန်တရားတို့ကို၊ သတိသည်- ရှေ့သွားခေါင်းဆောင်အားဖြင့် ပြဋ္ဌာန်းသည်။ ဝိပဿနာ-ဘာဝနာအခါအခွင့်မှု၊ အချုပ်ပဓါနအားဖြင့် ဖြစ်ပါသည်။ သို့သော်-သတိမှ ကင်းလွတ်၍ ဖေါက်ထွင်းမှု- ပညာဉာဏ်သည်လည်း မဖြစ်ရှိနိုင်ရကား၊ ဘတိ၏ ရှေ့သွားခေါင်းဆောင်ခြင်း၌ ပါဝင်ရသော-ပညာကို ''သမ္ပဇာနကရ'' ပညာအဆင်ခြင်ဉာဏ်နှင့်တကွ- ဖြစ်စေရပြီး၊ သဘိ၏ ဝီရိယခြံရံလျက်-ဘာဝနာဘိသမယ၌- ဝိပဿနာမဂ်, အရိယာမဂ်တို့ပေါ်ထွက်လာရာ၌မှု၊ ပဇာနာတိ=သမ္မာဒိဋ္ဌိပညာဉာဏ်ဖြင့်- ထိုးထွင်းမှု- အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်နှစ်ခု-ရစေမှု, ဖြစ်ရှိမှုကို ဆိုအပ်ပါသည်။ ထိုသဘောကို- မူလပဏ္ဏာသ-စူဠဝေဒလ္လသုတ်-အဋ္ဌကထာ၌- ဖွင့်ဆိုသည်မှာ....

> ''စတ္တာရော သတိပဋ္ဌာနာတိ မဂ္ဂက္ခဏေ စတုကိစ္စ သာဓါရဏဝသေန ဥပန္နာ သတိ သမာဓိဿ ပစ္စယဋ္ဌေန နိမိတ္တံ၊ စတ္တာရော သမ္မပ္ပဓာနာတိ စတုကိစ္စ သာဓါရဏဝသေန ဥပ္ပါဒေါ ဝီရိယံ ပရိဝါရဋ္ဌေန ပရိက္ခာရော ဟောတိ၊ တေသံ တေသံယေဝ ဓမ္မာနန္တိ၊ တေသံ မဂ္ဂသမ္ပယုတ္တာ ဓမ္မာနံ အာသေဝနာတိ အာဒီသု ဧကစိတ္တက္ခဏိကာဝ အာသေဝန ဒယော ဝုတ္တာ။''

စတ္တာရော သတိပဋ္ဌာနာတိ- စတ္တာရော သတိ ပဋ္ဌာနဟူသည်ကား၊ မဂ္ဂက္ခဏေ- မဂ်ခဏ၌၊ စတုကိစ္စသာဓါရဏဝသေန- လေးပါးသော မဂ်ကိစ္စနှင့် ဆက်ဆန်သည်၏ အစွမ်းအားဖြင့်၊ ဥပ္ပန္န-ဖြစ်သော၊ သတိ-အောက်မေ့မှတ်သားအာရုံကိုပေါ်လွင်ထင်ရှားစေခြင်း သတိတရားသည်၊ သမာဓိဿ- တည်ကြည်မှုသမာဓိ၏၊ ပစ္စယဋ္ဌေန- အကြောင်းဟူသော အနက်ကြောင့်၊ နိမိတ္တ-နိမိတ်မည်၏။စတ္တာရော သမ္မပ္ပဓာနာတိ-စတ္တာရော သမ္မပ္ပဓါန ဟူသည်ကား၊ စတုကိစ္စသာဓါရဏနဝဒသေန-လေးပါးသောမဂ်ကိစ္စနှင့် ဆက်ဆန်သည်၏ အစွမ်းဖြင့်၊ဥပ္ပန္န-ဖြစ်သော၊ ဝီရိယံ- ဝီရိယတည်း၊ တံဝီရိယံ-ထိုဝီရိယသည်၊ ပရိဝါရဋ္ဌေန-အခြံအရံဟူသောအနက်ကြောင့်၊ ပရိက္ခာရော- ပရိက္ခရာသည်၊ (ဝါ) အခြံအရံသည်၊ ဟောတိ- ဖြစ်၏။ တေသံတေသံယေဝ ဓမ္မာနန္တိ- တေသံတေသံယေဝ ဓမ္မာန်

ဟူသည်ကား၊တေသံ မဂ္ဂသမ္မယုတ္တဓမ္မာနံ-ထိုမဂ်လေးပါးနှင့်ယှဉ်သော သမ္ပယုတ်တရားတို့၏၊ အာသဝေနာတိ အာဒီသု- မှီဝဲခြင်း အစရှိသည်တို့၌၊ ဧကစိတ္တက္ခဏိကာဝ- တခုသောစိတ္တက္ခဏရှိသည်ဖြစ်၍သာလျှင်၊ အာသဝေနာဒယော၊ မှီဝဲခြင်းအစရှိသည်တို့ကို၊ ဝုတ္တာ-ဟောတော်မူအပ်၏။

ထိုသို့- လေးပါးသော သတိပဋ္ဌာန်၌ ပြဋ္ဌာန်းအပ်သော-သတိသည်၊ မဂ်ဉာဏ်ခဏ- ကိစ္စလေးပါးဟု ဆိုအပ်သော၊ ဒုက္ခသစ္စာကိုသိမှု၊ သမုဒယသစ္စာကိုပယ်မှု၊ နိရောဓသစ္စာကို မျက်မှောက်ပြုမှု၊ မဂ္ဂသစ္စာကိုပွားမှုတို့နှင့် ဆက်ဆံသောအစွမ်းတွင်၊ သမာဓိ၏အကြောင်းဖြစ်၍၊ (ဝါ) သမာနိမိတ်ကို ပညာဟိတ်ဖြင့်ယူကြောင်း ရကြောင်း-ဆောင်နှင်းအပ်သည်ဖြစ်၍၊သမာဓိ၏ နိမိတ္တဟုဆိုရတော့သည်။ထိုနည်းတူစွာ သမ္မပ္ပဓာန် ဝီရိယသည်လည်း-သမာဓိ၏ ပရိက္ခာရ အခြံအရံအဖြစ်နှင့် မဂ်ကိစ္စမြောက်အောင် မှီဝဲသည်ဖြစ်၍၊ (ဝါ)အဖန်ဖန် ပွားအပ်သည်ဖြစ်၍-မဂ်နှင့်ယှဉ်သော သမ္ပယုတ်တရားတို့၏ စုံညီမှု- တခု-တခုသော စိတ္တက္ခဏပြည့်စုံလာခြင်းကိုသည်ပင်လျှင်၊ (ဝါ) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့သည်- နိရောဓသစ္စာ အာရုံမြတ်ကို- သမ္မဒိဋ္ဌိဉာဏ်, မဂ်စိတ္တုပ္ပါဒ်ဖြင့်- မျက်မှောက်ပြုခွင့်ရအောင်တင်ပေးအပ်သော မဂ္ဂအပ္ပနာဝီထိ ဖြစ်ရှိခြင်းကိုသည်ပင်လျှင်း၊မှီဝဲပွားများခြင်း, အစစ်အမှန်သို့သက်ဝင်သော-သတိပဋ္ဌာန်လေးပါး-သမ္မပ္ပဓာန်လေးအင်-ခဏိကသမာဓိအယှဉ်နှင့် သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပယှဉ်၍-ဝီရတီစင်ကြယ်- အရိယာနွယ်ဝင်- မဂ်မြင်, ဖိုလ်မြင်, ဆိုက်ရောက်ကြောင်း အလျဉ်ကို ပိုင်းခြား ဖွင့်ဆိုတော်မူပါသည်။

ဤသို့- ဝိပဿနာ ဘာဝနာသဘောတွင်၊ သတိပဋ္ဌာန်အစဉ်ကို ရိပ်စားမိသမျှ- သိအပ်ပြီး၍၊ ဝိပဿနာ ပညာဘာဝနာသည်- သတိပဋ္ဌာန်- ကေန်ဖြင့်အခြေခံ- ရုပ်နည်း, နာမ်နည်း, ခန္ဓာနည်း, အာယတနနည်း, ဓါတ်နည်း, ဣန္ဒြေနည်း, သစ္စာနည်း, ပဋိစ္စသမုပ္ပါဒ်နည်း, ဉာဏ်စဉ်နည်းတို့တွင်လည်း၊ ရုပ်နာမ်, ခန္ဓာ, အာယတန, ဓါတ်မျှလောက်ကိုမူ၊ တီးမိ, ခေါက်မိရုံမျှမက၊ ပိုင်နိုင်သော- ပါရိယာရိက- ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာရှိရန်- လိုအပ်သည်အမှန်ဖြစ်ပါသောကြောင့်၊ ကြွင်းကျန်- နည်းနယတို့ကိုမူ- တီးမိ, ခေါက်မိရုံမျှဖြင့်လုံလောက်ပါသည်။ ယခုအခါ-အထက်ပါ-အခြေခံလိုအပ်ချက်တို့ကို ဆက်လက်ပြဆိုမည့်ရှုကွက်နှင့် အံကိုက်အောင်- ပြဆိုအပ်ပြီးပါ၍၊ ဝိပဿနာဘာဝနာဘိသမယသဘောဘက်ကို ဆက်ကြပါစို့.....။

.......o........

# လုပ်ငန်းခွင်အစ
# ကျင့်သိအစပ်စရာတရားများ

ဤသို့-သမထ,ဘာဝနာ- ဝိပဿနာ-ဘာဝနာနှစ်ဖြာကို၊ သင့်တင့်သော အားဖြင့် သိရှိပြီး၍ရင်း၊ ရှေ့အခဏ်းများတွင် ပြသခဲ့သော၊ ရုပ်,နာမ်, နှစ်ပါး တို့၌၊ ပညာသိနှင့် ကျင့်သိတရားများကိုရင်း၊ ရုပ်,နာမ်ထင်မြင်- သုဒ္ဓိစင်၍- ယုံ မှားကင်းပျောက်- ကင်္ခါဝိတရဏ ဝိသုဒ္ဓိမြောက်အောင်- သိမ်းဆည်းဆင်ခြင်- ယုံကြည်မှုအလျှဉ်ကို-အလေးအနက်-ဆုံးဖြတ်ချက်ချနိုင်သော ယောဝစရပုဂ္ဂိုလ် အဖြစ်သို့၊ (၀ါ) ပုဂ္ဂိုလ်, သတ္တဝါမဖက်သော- ယုံကြည်ချက် ပြည့်ဝသည့် ယောဂီသူမြတ်အဖြစ်သို့- သက်ဝင်ရရှိပြီးလျှင်၊ ယခုအခါမှစ၍ လုပ်ငန်းခွင်ရပ်- အကျင့်မြတ်ကို- အားထုတ်တတ်, အားထုတ်နိုင်အောင် ခံယူချက် အပြည့်အဝ ရရှိရေးကို-ဖြည့်တင်းပေးအပ်မည် ဖြစ်၍-အလေးအမြတ်ထားခါ-ဆည်းပူးတော် မူကြပါကုန်။ ။

ဦးပဉ္ဇင်းတို့သည်- သုံးလူ့ထွဋ်တင်, သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ တရားတော်မြတ်များကို၊ အဘဘုရားရှင် အလိုတော်အတိုင်း၊ (၀ါ) သိစေလို, တတ်စေလို-အားထုတ်စေလိုတော်မူသည့်အတိုင်းကို-မတိမ်းမစောင်းအောင်ပြသ ပေးလျက်ရှိရာ၊တိကျလွန်း၍၊ တင်းကြပ်သလိုဖြစ်သွားတတ်ပါသည်။ ရှေ့ဦးစွာ- စုပေါင်းဓမ္မဒါနဖြန့်ဝေခဲ့သော ''ဗုဒ္ဓ၏-အနုသယစက် ချေဖျက်ပုံနှင့် ဝိပဿနာ ဘာဝနာဆိုင်ရာ-သုံးဆယ့်ခုနစ်ခိုင်သော ဗောဓိမဏ္ဍိုင်များ'' စာအုပ်ကို ဖတ်ရှု ကြရသည့်- ဝိပဿက ပုဂ္ဂိုလ်,များထိုထိုတို့ထံမှ၊ တရားကတော့ ကောင်းပါ သည်၊ မြင့်လွန်းနေပါသည်ဟု ပြောလာကြပါသည်၊ အမှန်ကတော့- မမြင့်ပါ၊ အလယ်အလတ်ထက်- တထစ်လောက်လျော့၍- ပြသပေးထားခြင်းသာ ဖြစ်ပါ သည်။ သို့သော်- အဘဘုရားရှင်အလိုတော်ကျ- တိကျလွန်း၍၊ တင်းကြပ်သလို ဖြစ်သွားသောအခါ၊ ဘယ်လိုမှ- ဆင်ခြေလဲ၍ သက်သာရာကို- ရှာကြံမရသဖြင့် (၀ါ) မိမိတို့ဆည်းပူး၍ သိသမျှ- ကျင့်သုံးလိုက်နာနိုင်သမျှတွင် တင်းတိမ်နေကြ ၍- မြင့်လွန်းနေသည်ဟု ဆိုလာကြခြင်းဖြစ်ပါသည်။ ထိုသဘောကို ၎င်းစာအုပ် နောက်ပိုင်းဘွင် ခက်ခဲမှုရှိနေဦးမည်ကို ကြိုတင်ရေးသားထည့်သွင်းကာ သဘာ ပေးထားခဲ့ပါပေသည်။

ယင်းအခါ၊ ယုံကြည်ချက်မှ- အဆင့်တက်၍- ခံယူချက်ဘက်သို့- ရှေ့ရှု တင်ဆက်ခါ- ဆည်းပူးပြီး ရရှိခဲ့သည့်အတိုင်း ကျင့်သုံးအားထုတ်မည့်အပိုင်းကို

မပျက်မကွက်, အားထုတ်တော်မူကြပါဟု- အလေးအနက်, တိုက်တွန်းအပ်ပါသည်။

အဘ, ဘုရားရှင်-သွန်သင်ညွှန်ကြားတော်မူကြသော- အလိုကျအတိုင်း ရုပ်နည်း, နာမ်နည်း, ခန္ဓာနည်းတို့၌- အသီးသီးသော-အာယတနနယ်နှင့် ဓါတ်အသွယ်သွယ်သဘောတို့ကို-ပြသလာခဲ့ရာ၊ထိုဝိဿပနာအခြေခံပညာသဘောတွေကို ယုံကြည်စေလိုပါသည်။ ယုံကြည်ခဲ့ပြီး- ဒိဋ္ဌိဝိသုဒ္ဓိ ယှဉ်မှီးရအပ်ပြီးဟူ၍လည်း ယူဆပါသည်။ ထိုသို့ယုံကြည်ချက်သည်၊ သုတမယ, ပညာဉာဏ်အနေအားဖြင့်- "အမှတ်ပညာ-အသိပညာ"အပိုင်းတွင်သာ ရှိပါသေးသည်။ စိန္တာမယ, ပညာဉာဏ်အနေအားဖြင့်- "အသိပညာ-အတတ်ပညာ"အဖြစ်သို့- တဆင့်တက်ခါ-ရရှိကြမည်ဖြစ်ပါသည်။ ထိုမှ-တဆင့်- ရှေ့တွင်ပြအပ်ခဲ့ပြီးသော- ပုဗ္ဗကရဏ သုံးပါး- မဇ္ဈိမပဋိပဒါခြောက်မျိုးရှင်းတမ်း၊ ဒေသကနှင့် သာ၀ကတာ၀န်ရှင်းတမ်း- သီလဝိသုဒ္ဓိသဘောငြမ်း- ယုံကြည်ခဏ်းတို့ကိုပါ-ဖြည့်စွက်၍၊ ယခုဆက်လက်ရရှိမည့်- "ခံယူချက်" အသိပညာ- အတတ်ပညာနှင့် မကွေမကွာ= ဘာ၀နာမယ, ပညာဉာဏ်အားဖြင့်- "ကျင့်သုံးချက်"ပြု၍၊ အားထုတ် ပွားများပါလျှင်- "အရပညာ- အရှိပညာ"ကို၊ ရင်၀ယ်ပိုက်ထွေးလျက်- အရိယာမဂ်ကို အရောက်မဝေးဘဲ၊အဘ,ဘုရားပေးသည့်-ပညာနှင့်- မဟာဉာဏ်အောင်- အလီလီ ဆောင်ပြီးလျှင်- ကျေးဇူးတော်- အနန္တကိုဆပ်ရာလဲကျ၊ မိမိလည်း- ဖြူစင်အတိဘ၀၀ဋ်ညွတ်မှ လွတ်နိုင်သည်အထိ၊ ဖြစ်ရှိကေန်- မလွဲတန်ပါဟု ယုံကြည်ချက်, ပေါ်-ခံယူချက်ဆင့်၍၊ ခံယူချက်အပေါ်- ကျင့်သုံးချက်, အကောင်အထည် ဖေါ်ကာ၊ အမှတ်ပညာမှ- အသိပညာ၊ အသိပညာမှ- အတတ်ပညာ၊ အတတ်ပညာမှ- အရပညာ၊ အရပညာမှ- အရှိပညာ၊ ဉာဏ်မဟာ အောင်မြင်မှုကို- ရရှိအောင်ပြုမည်ဟု- သန္နိဋ္ဌာန်ဖြင့်- ရှေ့ရှုတော်မူကြပါလေ။ ။

ဤနေရာ၌၊ ထပ်ဆင့်ရှင်းလင်းချက်ကလေး ပြပေးရပါသော်။ အမှတ်ပညာ- အသိပညာသည်၊ သုတမယပညာကို ဆည်းပူး၍၊ ဉာဏ်အရာ၌တည်ခြင်း၊ ဉာတပရိညာကို ဆိုလိုပါသည်။ ထိုသုတမယပညာဉာဏ်နှင့်- ဉာတပရိညာ, အမှတ်ပညာ- အသိပညာသည်၊ ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်, ဘမ္မာဒဿနဉာဏ်နှင့် ဟေတုပစ္စယ- ပရိဂ္ဂဟဉာဏ်တိုင်အောင် သက်ဝင်ပါ၍၊ သစ္စဉာဏ်ဟုလည်း ဖြစ်ပါသည်။ ။ အသိပညာ- အတတ်ပညာသည်- စိန္တာမယပညာ-ဆင်ခြင်ခါဖြင့်- ကၡါလွှန်မြောက်, သုဒ္ဓိပေါက်သည့်- ဟေတုပစ္စယပရိဂ္ဂဟဉာဏ်မှ အထက်သည်= တီရဏပရိညာဟု ဆိုပါသည်။ ၎င်းသည်၊ ကျင့်သုံးချက်-စတင်ဝင်ရောက်၍- သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စတင်မြောက်သည်ဖြစ်ပါ၍- ကိစ္စ

| အမှတ်ပညာ-အသိပညာ၊ | အသိပညာ-အတတ်ပညာ၊ | အရပညာ-အရှိပညာ၊ |
|---|---|---|
| သုတမယ, ပညာဉာဏ် | စိန္တာမယပညာနှင့် ဘာဝနာဉာဏ် တစိပ် | ဘာဝနာမယ, ပညာဉာဏ် |
| ဉာတ ပရိညာ၊ | တီရဏ ပရိညာ၊ | ပဟာန ပရိညာ၊ |
| ဓမ္မဋ္ဌိတိဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် | သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် | ဘင်္ဂဉာဏ်မှ· အထက်ဉာဏ်တို့နှင့် ဝိပဿနာမဂ်ဉာဏ်နှင့် အရိယာမဂ်ဉာဏ် |
| အရိယ သစ္စာလေးပါး၌ ဖြစ်သော **သစ္စ ဉာဏ်** | အရိယသစ္စာလေးပါး၌ ဖြစ်သော **ကိစ္စဉာဏ်** | အရိယသစ္စာလေးပါး၌ ဖြစ်သော **ကတဉာဏ်** |
| ယုံကြည်ချက်ပြည့်ဝပါစေ။ | ခံယူချက်ပြည့်ဝ၍-ကျင့်သုံးချက်ရပါစေ။ | ကျင့်သုံးချက် ပြီးမြောက်ပါစေ။ |

မှတ်ချက်။ ။တဒင်္ဂပဟာန်-ဝိက္ခမ္ဘနပဟာန်-သမုစ္ဆေဒပဟာန်-ပဋိပဿဒ္ဓိပဟာန်-ဖိုလ်တည်ဉာဏ်တို့သည်လည်း အကျုံးဝင် ပါရှိအပ်ပြီးဖြစ်ပါ၏။

ဉာဏ်ဟုလည်း ဖြစ်ပါသည်။ ။အရပညာ- အရှိပညာသည်- ဘာဝနာမယပညာဖြင့်- "ကျင့်သုံးချက်"အစအတွင်း၌- အထက်ဉာဏ်စဉ်များ သက်ဝင်လာခါ၊ ဝိပဿနာမဂ်ဉာဏ်ဖြစ်ရှိခြင်းသည်၊ အရပညာဖြစ်၍၊ လောကုတ္တရာမဂ်ရလျက်ဖိုလ်ဉာဏ်တည်ရှိလာခြင်းသည်၊အရှိပညာဖြစ်ပါသည်။ ထိုဝိပဿနာ,မဂ်ဖိုလ်သည်ပြုအပ်ပြီး၍၊ တဒင်္ဂပဟာန်ရရှိခြင်း၊ သမုစ္ဆေဒပဟာန်ရရှိ ပြည့်စုံခြင်းကြောင့်=ကတဉာဏ်ဖြစ်ပါတော့သည်။ ဤသဘောကို- ဉာဏ်စော၍- ပိုင်းခြားနိုင်အောင်ဇယားနှင့် ဖော်ပြပေးလိုက်ပါသည်။

ဤသို့၊ သုတ-စိန္တာ-ဘာဝနာနှင့်၊ ပရိညာသုံးတန်- ပဟာန်သုံးနည်း-ပြီးမြောက်ပုံ အသီးသီးဖြစ်သော- မဟာဉာဏ်အောင်- အလီလီဆောင်၍၊ သစ္စဉာဏ်ဘောင်= ကိစ္စဉာဏ်ရောင်= ကတဉာဏ် အခေါင်အထွဋ်ကို- ဆွတ်လှမ်းနိုင်မည်ဟု၊ ယုံကြည်ချက်, ခံယူချက်, ကျင့်သုံးချက်, ပြည့်နှက်စုံလင်စွာဖြင့်၊ သမ္မာဒိဋ္ဌိ, မဂ္ဂင်ရှစ်ယံ- တန်ချူတံကို ကိုင်ဆွဲ၍- ဆောင်ပွဲခံ, အရိယာမဂ်ပန်းကို-ဆွတ်လှမ်းတော်မူနိုင်ကြပါပြီ=မြတ်သောယောဂီ၊ ဆွတ်လှမ်းတော် မူနိုင်အောင်,ကြိုးစားပါလေ။

ထိုကဲ့သို့၊ သုတ,စိန္တာ,ဘာဝနာဉာဏ်မမှီးဘဲ၊ ပရိညာသုံးနည်း-ပဟာန်မပြီးနိုင်ပါက၊ သံသရာ့ခရီးဝယ်- သာသနာတော်မြတ်ကြီးနှင့်- တွေ့ဆုံရကျိုးမနပ်ရုံမျှမက၊ အဘိုးမဖြတ်နိုင်သော- ချမ်းသာမြတ်နိဗ္ဗာန်နှင့်- မယှဉ်စပ်ဘဲ၊ အပါယ်ဇာတ်- အခင်းခံရမည်ကို- ဒေဝတာသံယုတ်-အာနန္ဒသုတ်၌၊ မြတ်ဘုရားရှင်သည်၊ ဤသို့- ထုတ်ဖော်ဆုံးမတော်မူခဲ့ပါပေသည်။

"တေသ အာနန္ဒဓမ္မာသ အညာဏာ အနနုဗောဓါ အပဋိဝေဓါ
ဝေ မယံ ပဇာ, တန္တာကုလကဇာတာ, သကုဏိကုဏ္ဍိကဇာတာ,
မုဉ္စပဗ္ဗဇ ဘူတာ, အပါယံ ဒုဂ္ဂတိံ သံသာရံ နာတိ ဝတ္တတိ"

အာနန္ဒ—ချစ်သား, အာနန္ဒာ၊ တေသဓမ္မာသ- ဤခန္ဓာ, အာယတန, ဓါတ်- ပဋိစ္စသမုပ္ပါဒ်နှင့် လေးရပ်သော သစ္စာတရားတို့ကို၊ အညာဏာ- သရုပ်သကောင်- ကြေလည်အောင် နာယူ-သင်ကြား,မှတ်သားပိုင်းခြားခြင်းဖြစ်သောဉာတပရိညာစခန်းကိုမသိခြင်းကြောင့်၊အနနုဗောဓါ-လက္ခဏာသုံးခု-မြင်အောင်ရှုမှုတည်းဟူသော တီရဏပရိညာစခန်းသို့ ထိရုံမျှ မသိမရောက်ကြခြင်းကြောင့်၊ အပဋိဝေဓါ- ဒိဋ္ဌိကိုပယ်သတ်လျက်၊ မဂ်,ဖိုလ်သို့- ဆိုက်ရောက်ကြကုန်သော-

ပဟာနပရိညာစခန်းသို့ ရောက်ရုံမျှ- မဖေါက်မထွင်းနိုင်ကြခြင်းကြောင့်၊ တဏှာကုလကဇာတာ- သံသရာစက်, ဝဲဂယက်မှ- ထွက်လမ်းကိုရှာရာတွင်၊ ယက်ကန်းသည်- အဖျင်းအမိုက်၏- ကြွက်ကိုက်သော- ချည်ခင်ထွေးကဲ့သို့- ရောထွေးလောက်လက်- အဖြေ, အရှင်းခက်၍ နေကြသော။ သကုဏိ ကုဏ္ဍိကဇာတာ- ရှုပ်ထွေးပွေလိမ်- စာဗူးအိမ်ကဲ့သို့- မွေ့သိမ်ယှက်မြွေး- အဖျင်ခက်၍ နေကြပေသေးသော၊ မုဉ္ဇပဗ္ဗဇဘူတာ- ပတော်မြက်ဆွေး- ဗိန်းမြက်ဆွေးကဲ့သို့လည်း- ရှုပ်ထွေး၍ နေကြပေသေးသော၊ အယံပဇာ- သံသရာခရီးသွား- လူနတ်ဗြဟ္မာဆိုတဲ့- ပုထုဇဉ်သတ္တဝါများတို့သည်၊ ဧဝံ- ဤသံသရာ့ထွက်လမ်း- စခန်းသုံးခုကိုမသိ၍- မရှင်းနိုင်ကြ-ရှုပ်ထွေးနေရသည့်အတိုင်း၊ အပါယံ-ချမ်းသာဟူသမျှကို- ဘယ်နည်းနှင့်မျှ မရနိုင်သော၊ ဒုဂ္ဂတိံ- ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟုဆိုအပ်သော ဒုဂ္ဂတိဘုံဌာနသို့၊ သံသာရံ- သံသရန္တော- ပြန်လည်နစ်မြုပ်-အဖန်ဖန်ကြဉ်လည်၍ ငုပ်ရမည့်- သံသရာ့ဇာတ်ရှုပ်ကြီးကို၊ နာတိဝတ္တတိ- ဒိဋ္ဌိရန်ကြီးကို- ပရိညာသုံးနည်း- ပဟာန်သုံးဖြာဖြင့်- မဖြတ် မလှီး နိုင်သူတို့သည်- ဘယ်နည်းနှင့်မှ မလွန်မြောက်နိုင်ကြတော့ပေ။

အထက်ပါ= ဘုရား အဆုံးအမ,နှင့် သတိပေးတော် မူချက်အရ၊ ပရိယတ္တိသာသနာ- ပဋိပတ္တိသာသနာ- ပဋိဝေဓသာသနာတော်မြတ်နှင့်- ကေန်တွေ့ထိကြကာ၊ သုတ-စိန္တာ-ဘာဝနာနှင့်- ပရိညာသုံးပါး- ပဟာန်သုံးတန်- ကေန်ဝင်ကြောင်း တရားအပေါင်းကို၊ ဘတ်ကြားရရုံ- ဆည်းပူးရရုံမျှရကဘဲ၊ (ဝါ) ယုံကြည်ချက်- ခံယူချက် တွင်မျှ မကဘဲ၊ ကျင့်သုံးချက်ပါ- အပြီးတိုင်ဖြည့်စွက်၍ အပါယဝဋ္ဋဒုက္ခစက်နှင့် သံသာရဝဋ္ဋဒုက္ခစနက်တို့မှ- လွတ်ထွက်နိုင်အောင် ကြိုးစားကြပါကုန်။ ဤသို့- ကြိုးစားစရာအပိုင်းအခြား- သာသနာသုံးစားနှင့် တွေ့ထိကာ၊ သုတ,စိန္တာ,ဘာဝနာနှင့်- ပရိညာသုံးပါး- သက်ဝင်ပုံများကိုလည်း- အားပါးတရဖြစ်ရှိ- ရိပ်စားမိရန်- နေတ္တိအဋ္ဌကထာနှင့်- ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ အောက်ပါအတိုင်း, ပိုင်းဖြတ်ဝေဘန်သိရန် ညွှန်ပြတော်မူခဲ့ကြပါသည်။

# သာသနာသုံးရပ်- ပရိယာသုံးပါး-ဖြစ်ရာတရား

"သုတမယဉာဏ ဂေါစရောစ ယောပရိယတ္တိ
သဒ္ဓမ္မောတိ ဝုစ္စတိ။" (နေတ္တိ)

သုတမယဉာဏဂေါစရော- သုတမယဉာဏ်၏ အာရုံဖြစ်သော၊ (ဝါ) နားကြား, ဘတ်ရှု, ကျက်စားရာ အာရုံဖြစ်သော၊ ယောစဓမ္မော-အကြင်တရားသည်လည်း၊ အတ္ထိ- ရှိ၏၊ သောစဓမ္မော- ထိုတရားကို၊ ပရိယတ္တိ သဒ္ဓမ္မောတိ- ပရိယတ္တိသဒ္ဓမ္မဟူ၍၊ (ဝါ) ပရိယတ္တိသာသနာဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

"စိန္တာမယ ဉာဏဂေါစရောစ ယောအာကာရ ပရိဝိတက္က
ဒိဋ္ဌိနိဇ္ဈာန ခန္တိဟိ ဂဟေတဗ္ဗာကာရော ဝိမုတ္တာယတန
ဝိသေသော ပဋိပတ္တိ သဒ္ဓမ္မောတိ ဝုစ္စတိ။"

စိန္တာမယ ဉာဏဂေါစရော- စိန္တာမယဉာဏ်၏ အာရုံဖြစ်သော၊ အာကာရပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာနခန္တိဟိ- ရုပ်, နာမ်,ဓမ္မ သင်္ခါရတို့၏- အချင်းအရာကိုကြံစည်သဖြင့် နှစ်သက်ခြင်း- သိမြင်သဖြင့် နှစ်သက်ခြင်း၊ ရှုမြင်သဖြင့်- နှစ်သက်ခြင်းတို့ဖြင့်။ ဂဟေတဗ္ဗာကာရော- ယူအပ်သော အချင်းအရာရှိသော၊ ဝိမုတ္တာယတနဝိသေသော- နိဗ္ဗာန်သို့- ခိုအောင်းနိုင်ကြောင်း-အကြောင်းထူးဖြစ်သော၊ ယောစဓမ္မော- အကြင်တရားသည်လည်း၊ အတ္ထိ- ရှိ၏။ သောစဓမ္မော- ထိုတရားကို၊ ပဋိပတ္တိသဒ္ဓမ္မောတိ- ပဋိပတ္တိသဒ္ဓမ္မဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

"ဝိပဿနာ ဉာဏာဒိ သဟဂတော ဘာဝနာမယ
ဉာဏဂေါစရောစ ယောပဋိဝေဓသဒ္ဓမ္မောတိ ဝုစ္စတိ။"

ဝိပဿနာဉာဏာဒိ သဟဂတော- ဝိပဿနာမဂ်ဉာဏ်, အစရှိသည်တို့နှင့်တကွဖြစ်သော၊ ဘာဝနာမယဉာဏဂေါစရော- ဘာဝနာမယဉာဏ်၏- အာရုံဖြစ်သော၊ (ဝါ) ဝုဋ္ဌာနဂါမိနီပဋိပဒါဝိပဿနာအားဖြင့်- နိဗ္ဗာန်သို့ စေလွှတ်ကျက်စားရာအာရုံဖြစ်သော၊ ယောစဓမ္မော-အကြင်,တရားသည်လည်း၊ အတ္ထိ- ရှိ၏၊ သောစဓမ္မော-ထိုတရားကို၊ ပဋိဝေဓသဒ္ဓမ္မောတိ-ပဋိဝေဓသဒ္ဓမ္မဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

မြတ်ဘုရားအလိုကျ- သာသနာသုံးရပ်နှင့်တကယ်တွေ့ရကျိုးနပ်လိုပါက၊ သုတ, စိန္တာ, ဘာဝနာမယ- ပညာဉာဏ်အဖြာဖြာနှင့်- ကြိုးစားကြရပါမည်ဟု ပိုင်းခြားသိပြီး၍၊ ပရိညာသုံးနည်း- ပဟာန်ပြီးနိုင်ပုံ အပိုင်းအခြားကိုလည်း- ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာအရ- ဤသို့သိတော်မူသင့်ပါသည်။

## "ဉာတ–ပရိညာ"

"ဓမ္မာနံ ပစ္စတ္တ လက္ခဏာ သံလက္ခဏဝသေန ပဝတ္တာပညာ ဉာတပရိညာနာမ- သင်္ခါရ ပရိစ္ဆေဒတော ပဋ္ဌာယ ယာဝ ပစ္စယပရိဂ္ဂဟာ ဉာတပရိညာယဘူမိ တေသ္မိံ ညှိ အန္တရေ ဓမ္မာနံ ပစ္စတ္တလက္ခဏာ ပဋိဝေဓဿေဝ အဓိပစ္စယံ ဟောတိ။"

ဓမ္မာနံ- ရုပ်,နာမ်နှစ်ပါး- ခန္ဓာငါးပါးတို့၏၊ ပစ္စတ္တလက္ခဏာ သံလက္ခဏာ ဝသေန- အသီးသီးသော လက္ခဏာကို- ကောင်းစွာမှတ်သား ပိုင်းခြားသည်၏ အစွမ်းဖြင့်၊ ပဝတ္တာပညာ-ဖြစ်သောဝိပဿနာပညာသည်၊ ဉာတပရိညာနာမ- ဉာတပရိညာမည်၏။ သင်္ခါရပရိစ္ဆေဒတော- နာမ်ရုပ်တရားနှစ်ပါးကို ပိုင်းခြား သည်မှ၊ ပဋ္ဌာယ-အစပြု၍၊ ယာဝ-အကြင်မျှလောက်၊ ပစ္စယပရိဂ္ဂဟာ-ရုပ်နာမ် တို့၏- အကြောင်းကို သိမ်းဆည်းသည် တိုင်အောင်၊ ဉာတ ပရိညာယ- ဉာတပ ရိညာဏ်၏၊ဘူမိ-ဖြစ်ရာသည်၊ဟောတိ-ဖြစ်၏။ ဟိသစ္စံ-မှန်လှပါပေ၏။ တေသ္မိံ အန္တရေ- ဤအတွင်းအကြား၌၊ ဓမ္မာနံ- ရုပ်နာမ်တရားတို့၏၊ ပစ္စတ္တလက္ခဏာ ပဋိဝေဓဿေဝ- အသီးအသီး, မိမိလက္ခဏာကို ထိုးထွင်း၍ သိခြင်းကိုသာလျှင်၊ အဓိပစ္စယံ-အစိုးရသည်၊ ဟောတိ-ဖြစ်၏။ ။

## "တီရဏ-ပရိညာ"

"ဓမ္မာနံ သာမညလက္ခဏံ အာရောပေတွာ ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာပညာ တီရဏပရိညာနာမ ကလာပသမ္မသနတော ပဋ္ဌာယ ဥဒယဗ္ဗယ နုပဿနာ တီရဏ ပရိညာယ ဘူမိ တေ သ္မိံ ညှိ အန္တရေ သာမည လက္ခဏာ ပဋိဝေဓဿေဝ အဓိပစ္စယံ ဟောတိ။"

ဓမ္မာနံ- ရုပ်နာမ်နှစ်ပါး-ခန္ဓာငါးပါးတို့၏၊ သာမညလက္ခဏံ- သာမည လက္ခဏာသို့၊ (ဝါ) အနိစ္စ-ဒုက္ခ-အနတ္တလက္ခဏာသို့၊ အာရောပေတွာ- တင်၍၊ (ဝါ)ရှုမှတ်ပွားများ၍၊ ပဝတ္တာလက္ခဏာရမ္မဏိက-ဝိပဿနာ-ဖြစ်သောလက္ခဏာ

ရေးသုံးပါးလျှင် အာရုံရှိသော ဉာဏ်သည်၊ တီရဏပရိညာနာမ-တီရဏ ပရိညာမည်၏။ ကလာပသမ္မသနတော-ရုပ်ကလာပ်,နာမ်ကလာပ်ကို သိမ်းဆည်းသည်မှ၊ ပဋ္ဌာယ-အစပြု၍၊ ယာဝဉဒယဗ္ဗယာနုပဿနာ-အကြောင်းမျှလောက်- အဖြစ်အပျက်ကို ရှုမှတ်ပွားများသည်တိုင်အောင်၊ တီရဏပရိညာယ-တီရဏပရိညာဏ်၏၊ ဘူမိ-ဖြစ်ရာသည်၊ ဟောတိ-ဖြစ်၏။ ဟိသစ္စံ-မှန်ပါပေ၏။ တေသွ် အန္တရေ-ဤအတွင်းအကြား၌၊ သာမညလက္ခဏာ ပဋိဝေဓဃောဝ- အနိစ္စ-ဒုက္ခ-အနတ္တလက္ခဏာကို၊ ထိုးထွင်း၍ သိမြင်ခြင်းကိုသာလျှင်၊ အဓိပစ္စယံ-အစိုးရသည်၊ (ဝါ)သိမြင်သည်၊ ဟောတိ-ဖြစ်၏။

## "ပဟာန ပရိညာ"

"ဓမ္မေသု နိစ္စသညာဒိ ပဇဟနဝသေန ပဝတ္တာ လက္ခဏာဒိ ရမ္မဏိကဝိပဿနာပညာ ပဟာန ပရိညာနာမ ဘင်္ဂါနုပဿနံ အာဒိကတွာ ဥပရိ ပဟာနပရိညာယဘူမိ တတော ပဋ္ဌာယ နိစ္စသညာဒိ ပဇဟန သာဓိကာနံ သတ္တန္နံ အနုပဿနာနံ အာဓိပစ္စယံ။"

ဓမ္မေသု-ရုပ်နာမ်နှစ်ပါး-ခန္ဓာငါးပါးတို့၌၊ နိစ္စသညာဒိပဇဟနဝသေန-မြဲ၏ဟုမှတ်သောသညာကို ပယ်သည်၏ အစွမ်းအားဖြင့်၊ ပဝတ္တာ- ဖြစ်သော၊ လက္ခဏာရမ္မဏိက ဝိပဿနာပညာ- လက္ခဏာရေး-သုံးပါးလျှင် အာရုံရှိသော အသိဉာဏ်သည်၊ ပဟာနပရိညာနာမ- ပဟာနပရိညာမည်၏၊ ဘင်္ဂါနုပဿနံ-ဘင်ဉာဏ်ကို၊(ဝါ)ပျက်သောသဘော၌-ရှုမြင်နိုင်သော ဉာဏ်ကို၊ အာဒိကတွာ-အစအဦးပြု၍၊ ဥပရိ- အထက်ဖြစ်သောအနုလောမ ဉာဏ်တိုင်အောင် ပဟာနပရိညာ၏၊ ဘူမိ-ဖြစ်ရာသည်။ ဟောတိ-ဖြစ်၏၊ တတော- ထိုဘင်ဉာဏ်မှ၊ ပဋ္ဌာယ- စ၍၊ နိစ္စသညာဒိ ပဇဟနသာဓိကာနံ- မြဲ၏ဟု မှတ်ထင်ခြင်း စသည်တို့၏ ပယ်ခွါခြင်းကို- ပြီးစေတတ်ကုန်သော၊ သတ္တန္နံအနုပဿနာနံ- ခုနစ်ပါးကုန်သော အနုပဿနာတို့ကို၊ အဓိပစ္စယံ- အစိုးရသည်၊ ဟောတိ၊ ဖြစ်၏။

ဤသို့= ပရိညာသုံးပါး- သက်ဝင်ရရှိခြင်းများ၌- အချုပ်သဘောမှာ။ ရူပပရိစ္ဆေဒဉာဏ်- နာမပရိစ္ဆေဒဉာဏ်- နာမရူပ ပရိစ္ဆေဒဉာဏ်တို့သည်၊ ဉာတပရိညာ အတွင်း ဝင်သော- ပညာဉာဏ်များ ဖြစ်ကြပါသည်။ ။ သမ္မသနဉာဏ်- ဉဒယဗ္ဗယဉာဏ်နှစ်ပါးသည်- တီရဏပရိညာအတွင်းဝင်သော ပညာဉာဏ်များ ဖြစ်ပါသည်။ ဘင်ဉာဏ်မှစ၍- အထက် အနုလောမ ဉာဏ်တိုင်အောင်- ပဟာန

ပရိညာအတွင်းဝင်သော ပညာဉာဏ်များဖြစ်ပါသည်။ သမ္မသန- သမ္မာဒိဋ္ဌိဉာဏ် အမြင်သန့်ခြင်းကြောင့်၊ ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခွါနိုင်သည်မှစ၍- မဂ်မျိုးစေ့ကို ရရှိသော ပုဂ္ဂိုလ်အား၊ ငါဘုရားကြွသွားရာ- လမ်းခရီးသို့- ရောက်ရှိသူဟူ၍- ဟောတော်မူပါသည်။

အထက်ပါ၊ ပါဠိတော်အဋ္ဌကထာဟု ဆိုအပ်သော၊ ဘုရားအဆုံးအမနှင့် ဘုရားအလိုကျ= နေတ္တိအဋ္ဌကထာ- ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌- ပြတော်မူပုံများသည်၊ သာဝကပါရမီဟုန်ကို- မဂ်ဉာဏ်ကုန်အထိလိုလားသော- ယောဂီသူမြတ်တို့- အားတက်စရာ အမှန်ဖြစ်ပါပေသည်။ သို့တစေလည်း- ပရိညာသုံးနည်း- ပဟာန်ပြီးအောင်- ရှေးဦးစွာ, နာယူ, သင်ကြား, မှတ်သားပိုင်းခြားနိုင်တဲ့- ဉာတပရိညာအစွမ်းကို- ထိထိမိမိ ရယူနိုင်ဘို့ကျတော့၊ သတ္တဝါတို့- တွန့်ဆုတ်ဆုတ်ရှိနေကုန်ကြပါသည်။ တဘဝ, တနပ်စာ- လောကီပညာကို- ဆယ်နှစ်, ဆယ်မိုး- အချိန်ပြည့်မျိုးဖြင့်- လွန်စွာကြိုးစားပါမှ- တဝမ်းတခါး- ဝရုံသာရှိကြရပါသည်။ ဤလောကုတ္တရာပညာသည်- ဦးဇင်းတို့- ဝိပဿနာသင်တန်းအနေအားဖြင့်- တနေ့- နှစ်နာရီ, သုံးနာရီခန့်- ခြောက်လလောက်မျှ, အပ်ချ, မတ်ချ နာယူသင်ကြား- ဆည်းပူးအားထုတ်သွားနိုင်ပါလျှင်၊ တသံသရာလုံး- စားသုံး၍ မကုန်နိုင်သည့်- သုဂတိဘုံနှင့် တိဟိတ်ပဋိသန္ဓေနေရပြီး၊ ဥစ္စာကုလေ- မြတ်သော အမျိုး၌ အကျိုးအနန္တ- ခံစားရရှိပြီးလျှင်၊ အဆုံးတွင်ရပ်- နိဗ္ဗာန်မြတ်ကို၊ မလွဲဧကန်- အမြန်ဆုံး ခံစားရမည်ကို၊ လားလားမျှ မယုံကြည်ဘိသကဲ့သို့၊ သာသနာသုံးရပ်ကို- မျက်နှာလွှဲတတ်နိုင်ကြခြင်းသည်- လွန်စွာ့လွန်စွာ- မဟာမောဟ- အဝိဇ္ဇာ အဖုံးခံကြရပုံကိုကြည့်ပါက၊ သာသနာတော်နှင့် ကြုံသာကြုံပြီး-မကြိုက် မလိုက်နိုင်၍- မတွေ့မထိရသဖြင့်- ကြုံရကျိုးမနပ်ကြလေစွာ့တကားဟု- ကြင်နာသနားမိပါသည်။ သို့သော်လည်း- အပါယ်လေးပါး- စက်တိုင်ထက်ကို-ဖက်ကိုင်လျက် တက်နေသူများအား- မြတ်ဘုရားရှင်ပင်- လက်မှိုင်ချခဲ့ရ ပါသေးသည် တကား။ ဒါပေမဲ့= အိမ်ပေါက်စေ့- မျက်မှောက်ရောက်သည်အထိ- လိုက်လံမပေးနိုင်သော်တည်း၊ အတတ်နိုင်ဆုံး- ရသင့်သမျှ- ရကြပါစေခြင်းငှါ၊ ဓမ္မဒါနအားဖြင့်တဖုံ- စုပေါင်းဟုန်ရယူစေခြင်းဖြင့်တနည်း၊ အပင်ပမ်းခံပြီးလျှင်- ဘုရားကျေးဇူးဆပ်သောအားဖြင့်- ပြုစုရေးသား- သိစေပြား၍- အတန်တန်တိုက်တွန်းစကား ဆိုပြားရခြင်း ဖြစ်ပါတော့သည်။

ယခုခံယူချက်အပိုင်းတွင်၊ စစ်မှန်၍- ငြဲဆန်ရန်မရှိတော- သဘောတို့ကို ဝက်အူရစ်များကဲ့သို့၊ တရစ်ပြီးတရစ်- တဆင့်ပြီးတဆင့်- တိုး၍ ပြသလာရာ၊

ကြပ်တည်းကျဉ်းမြောင်းပြီး၊ ပြီးဆုံးအောင်မှ-လိုက်နိုင်ကြောင်း- ဖြစ်ပါ့မလား ဟု- ရွှေစိတ်တော်မလေးကြပါနှင့်၊ အမှားမလိုက်-တရားကြိုက်၍- အမှန်ဆိုက် ဆိုက်-အရောက်အမှီရယူရန်- တာစူခါမျှ ရှိပါသေးသည်။ တွေဝေစိတ်တွေကို လက်မခံဘဲ၊ ထက်သန်သော ဓမ္မစ္ဆန္ဒကို-မပျက်အမှန်, ဖြစ်ပါဘိအောင်-အခိပတ် ပစ္စည်းကလေးကပ်၍-ခိုင်မြဲစွာ-သဘိချုပ်တည်ထောင်ပါလေ ယောဂီသူမြတ်တို့ တတွေ....။

ဤသို့....ဝိပဿနာ ဘာဝနာအရာဝယ်၊ သုတ, စိန္တာ, ဘာဝနာနှင့်၊ပရိ ညာသုံးသွယ်-ပဟာန်တွယ်လျက်- ဉာဏ်ဝယ်အမြတ်- အရိယာဓါတ်ကိန်းသည့် ကိလေသာငြိမ်းသော- ဝိပဿနာမဂ်မှစ၍၊ အရိယာအစစ်- ဖြစ်လိုလစ်မူ၊ စစ္စာ အထူး- ပွားများမှုအဦး၌၊ ပုဗ္ဗကရဏသုံးပါးတုံးက-ဆိုငြားခဲ့သည့်-ဒိဋ္ဌိ,မာန, တဏှာ= သမုဂ္ဃာဋကသုံးဖြာကို- ခွါချကာ အားထုတ်ပါမှ၊ မုချ ဝိပဿနာဖြစ် ကြောင်းဖြာသည်ဟု ဆိုခဲ့သည့်-ဝိသုဒ္ဓိမဂ်-ညွှန်ပြချက်ကို၊ ထိုထက်ခိုင်မာ-ဘုရား ရှင်မှာကြားပုံ-ပြန်၍ကြည့်ပါလျှင်၊ လွန်စွာပင် စုံစိပုံကို ဒသကင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောတော်မူခဲ့သည်မှာ....

> "တယောမေ ဘိက္ခဝေ ဓမ္မေ, အပ္ပဟာယ အဘဗ္ဗော, ရာဂံပဟာတုံ ဒေါသံပဟာတုံ မောဟံပဟာတုံ၊ ကတမေတယော သက္ကာယဒိဋ္ဌိံ အပ္ပဟာယ, ဝိစိကိစ္ဆံအပ္ပဟာယ သီလဗ္ဗတ ပရာမာသံ အပ္ပဟာယ ဣမေခေါဘိက္ခဝေ တယောဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံပဟာတုံ ဒေါသံပဟာတုံ မောဟံပဟာတုံ။"

ဘိက္ခဝေ- သံသရာဝဋ်- ကျော့ကွင်းညွှတ်မှ- ကင်းလွတ်လိုငြား၊ အို.... ချစ်သားတို့၊ တယော- သုံးပါးကုန်သော၊ ဣမေဓမ္မေ- ဤဆိုလတံ့သောတရား တို့ကို၊ အပ္ပဟာယ- ပဋ္ဌမဦးစွာ မပယ်ခွါမူ၍၊ ရာဂံ- ရာဂတည်းဟူသော တဏှာ ကို၊ ပဟာတုံ- ပယ်ခွါခြင်းငှါ၊ ဒေါသံ- ဒေါသကို၊ ပဟာတုံ- ပယ်ခွါခြင်း ငှါ၊ မောဟံ-မောဟကို၊ ပဟာတုံ-ပယ်ခွါခြင်းငှါ၊ အဘဗ္ဗော- မထိုက်လေ တော့ပြီ။ ကတမေတယော- အဘယ်သုံးပါးတို့ နည်းဟူမူကား၊ သက္ကာယဒိဋ္ဌိံ- သက္ကာယဒိဋ္ဌိကို၊ အပ္ပဟာယ- ရှေးဦးစွာ မပယ်ခွါမူ၍၊ ဝိစိကိစ္ဆံ- ဝိစိကိစ္ဆာကို၊ အပ္ပဟာယ-ရှေးဦးစွာ ပပယ်ခွါမူ၍၊ သီလဗ္ဗတပရာမာသံ-သီလဗ္ဗတပရာမာသကို၊ အပ္ပဟာယ- ရှေးဦးစွာ- မပယ်ခွါမူ၍၊ ဘိက္ခဝေ- သံသရာဝဋ်- ကျော့ကွင်း ညွှတ်မှ- ကင်းလွတ်လိုငြား- သင်ချစ်သားတို့၊ ခေါ- မုချကေန်- အမှန်စင်စစ်,

အားဖြင့်၊ ဣမေဓမ္မေ- ဤသက္ကာယဒိဋ္ဌိ- ဝိစိကိစ္ဆာ- သီလဗ္ဗတပရာမာသတရား တို့ကို၊ အပ္ပဟာယ- ရှေးဦးစွာ- မပယ်ခွါမူ၍၊ ရာဂံ-ရာဂကို၊ ဒေါသံ- ဒေါသ ကို၊ မောဟံ- မောဟကို၊ ပဟာတုံ-ပယ်ခွါခြင်းငှါ၊ အဘဗ္ဗော- အစဉ်အတိုင်း သာ ရနိုင်တတ်သည့်၊ မဂ်ဉာဏ်စဉ်နှင့်- မကိုက်ညီ၍- မထိုက်တော့ သည်သာ လျှင်တည်း။ ။

ဤသို့= ဘုရားရှင်, သွန်သင်တော်မူခဲ့သည်မှာ၊ ကာမရာဂါနုသယဆိုတဲ့ တဏှာလောဘကိုရင်း၊ ပဋိဃာနုသယဆိုတဲ့- ဒေါသကိုရင်း၊ အဝိဇ္ဇာနုသယဆိုတဲ့ မောဟကိုရင်း၊ အပြီးတိုင်- ပယ်ခွါသတ်ချင်တဲ့ (ဝါ) လေးမဂ်, လေးဖိုလ်ကို လိုချင်တဲ့-ချစ်သား,ချစ်သမီးတို့သည်၊ ရှေးဦးစွာ- သက္ကာယဒိဋ္ဌိ- ဝိစိကိစ္ဆာ- သီလဗ္ဗ တ ပရာမာသ- တရားသုံးပါးကို- မပယ်ဘဲနဲ့- (ဝါ) ပယ်မထားဘဲနဲ့၊ အဲဒီ—ရာဂ ဒေါသ- မောဟဆိုတဲ့ တရားတွေကို- ပယ်မယ်ဆိုပြီး-ပယ်ဘို့ကြိုးစားရင် မရနိုင်ပါ ဘူးတဲ့၊ အချည်းနှီးပါဘဲတဲ့။ ဒါကြောင့်— အဲဒီ- ရာဂ, ဒေါသ, မောဟတရား တွေကို- အပြီးတိုင် ပယ်သတ်ချင်ရင်၊ ရှေးဦးစွာ- ပယ်အပ်တဲ့ ထိုတရားသုံးပါးကို ပယ်ပြီးမှ- အရိယမဂ်ရခြင်းကို- အားထုတ်ပြီး- သတ်ပါလို့- ညွှန်ကြားတော်မူ ပါတယ်။

ဦးပဥ္စင်းတို့သည်- ဘုရားရှင်, သိတော်မူစေလို၊ လိုက်နာစေလို၊ ကျင့်ကြံ စေလိုတော်မူတဲ့အတိုင်း၊ တသွေမတိမ်းရန်အတွက်- သက္ကာယဒိဋ္ဌိကိုပယ်နိုင်စေ ခြင်းငှါ၊ ရုပ်နာမ်, ခန္ဓာတို့ဌ်- ဒိဋ္ဌိဝိသုဒ္ဓိဆိုက်အောင်- ပြသပေးခဲ့ပါပြီ။ ဝိစိ ကိစ္ဆာကို ပယ်နိုင်စေခြင်းငှါ၊ ပစ္စယပရိဂ္ဂဟဉာဏ်သဘောကိုလဲ ပြသခဲ့ပါပြီ။ ဝိစိကိစ္ဆာကို နယ်နိုင်စေခြင်းငှါ၊ ပစ္စယပရိဟဉာဏ်သဘောကိုလဲ ပြသခဲ့ပါပြီ၊ သီလဗ္ဗတပရာမာသကို ပယ်ခြင်းငှါ၊ မဇ္ဈိမ ပဋိပဒါ- ခြောက်မျိုးရှင်းတမ်းတရား ကိုလဲ ပြသခဲ့ပါပြီ။ ထို့ပြင်— သီလဝိသုဒ္ဓိကိုလဲ ပြသခဲ့ပြီးဖြစ်ရာ၊ ဘုရားအလိုကျ ဖြစ်တဲ့ သဘောအစစ်ကို အနှစ်နှင့်တကွ- ကျင့်အပ်စဉ်အစ- ပုဗ္ဗကိစ္စ—ပုဗ္ဗကရဏ ပါမကျန်- အတန်တန်ပြသခဲ့ပြီး- ဖြစ်ပါ၍၊ ယောဂီသူမြတ်တို့လဲ ယုံကြည်ချက် ရလာခဲ့ပါပြီ။ယခု—ခံယူချက်ရရှိရန်ကိုလည်း- သမထဘာဝနာသဘော- ဝိပဿ နာဘာဝနာသဘောကစ၍၊လုပ်ငန်းခွင်ဝင်တရားအထိ ရောက်ရှိရန်- အထောက် အကူ- အသိဉာဏ်ထူ၍၊ မှန်ကန်ပုံများကိုလည်း- အာဂမယုတ္တိနဲ့လဲ သိရပါပြီ။ ဒီတော့- အထက်ပါ- အရေးကြီးဆုံး- လောဘ, ဒေါသ, မောဟ,နဲ့ စပ်သမျှ- အနုသယစက်ကို ချေဖျက်သည့်ဘက်သို့- ကျေနပ်ချက်နှင့်တကွ၊ ခံယူချက်ပြည့်ဝ စွာရရှိအောင် ဆည်းပူးကိုးလုံ- အားထုတ်ချေဖျက်- အရိယာမဂ်သို့- တစထက် တစ, တိုးတက်ဝင်ရောက်လျက်- လျှောက်သွားနိုင်တော့မည် ဖြစ်ပါသည်။

# ကာယာနုပဿနာ
# အာနာပါန-ဝိပဿနာဘာဝနာ ရှုပွါးနည်း

ဝိပဿနာဘာဝနာ-ဘာ့ကြောင့် ခေါ်သည်ကို၊ ပုဗ္ဗကရဏပြခဲ့စဉ်က-ရှင်းလင်းပြခဲ့ပြီးဖြစ်ပါသည်။အထက်ပါ သဘောသွားများနှင့်အညီ၊ ဝိပဿနာဘာဝနာပွားရာတွင်၊ သုံးမျိုးသုံးစားရှိပါသည်။ (၁) သမထရှေ့-ဝိပဿနာနောက်အားဖြင့်ရှုပွားနည်း၊(၂) သမထ-ဝိပဿနာ-တူစုံအားဖြင့်ရှုပွားနည်း။ (၃) ဝိပဿာနာရှေ့ သမထနောက်အားဖြင့် ရှုပွားနည်းများ ဖြစ်ပါသည်။ ယခု-ဆက်လက်ပြရမည့်- ကာယာနုပဿနာ,အာနာပါန ဝိပဿနာ ရှုပွားနည်းကို၊ ဝိပဿနာရှေ့- သမထနောက်- ရှုပွားနည်းအားဖြင့်-တိုက်ရိုက် ဝိပဿနာရှုပွားပုံကို-ပြသပေးသွားပါမည်။

ရှုကွက်သည်-အာနာပါနသဘော၌သာဖြစ်ပါသည်၊ (၁) ထိုအာနာပါနသည်- သမထကမ္မဋ္ဌာန်း- အနုဿတိ (၁၀)ပါး၌၊ အာနာပါနဿတိဟု-ပညတ်ကို အာရုံပြု၍၊ ပါဒကစျာန်အခြေခံယူပြီးခါမှ၊ဝိပဿနာကို-ပြောင်းရွှေ့တက်ယူပွားများနိုင်သောကြောင့်၊ သမထရှေ့-ဝိပဿနာနောက်အားဖြင့်-ပွားများရရှိကောင်းသော-အာနာပါနဿတိကမ္မဋ္ဌာန်းဖြစ်ပါသည်။ထိုသို့-ဝိပဿနာမတက်လိုပါကလည်း-စျာန်ကိုအဆုံးထိအောင်ပြု၍-အဘိညာဉ်စခန်းသို့တက်လှမ်းနိုင်သော-သမထဘာဝနာသက်သက်အားဖြင့်လည်း-ဖြစ်စွမ်းနိုင်သော ကမ္မဋ္ဌာန်းဖြစ်ပါသည်။

(၂) မဟာ သတိပဋ္ဌာန-သုတ်တော်လာ-အာနာပါနပဗ္ဗခေါ်-အာနာပါနသတိပဋ္ဌာန်ရှုပွားနည်းလည်း ရှိပါသည်၊ ၎င်းသည်- ပညတ်တစိပ်ချိပ်ခါ-အာနာပါနသတိပဋ္ဌာန-ပညာကိုပေး၍- ရှုပွားခိုင်းပါက၊ သမထ, ဝိပဿနာတူစုံအားဖြင့်- (ဝါ)ယုဂနဒ္ဓနည်းဟုဆိုအပ်သော- သမထသမာဓိသို့-မသက်ဝင်စေမူ၍၊ ဝိပဿနာသမာဓိမျှဖြင့်-တူစုံတကွ- ဝိပဿနာဉာဏ်ကိုရစေရန် ပွားအပ်သော-အာနာပါနသတိပဋ္ဌာန်ဘာဝနာဖြစ်ပါသည်။ ။မှတ်ချက်။ ။ဝိပဿနာပညာသမာဓိထက်- လွန်ကဲသက်ဝင်သွားပါက- အမှတ် (၁) ဖြစ်သော အာနာပါနဿတိအတွင်းသို့-သက်ဝင်သွားတတ်ပါသည်၊ စိတ်ချရသော(ဝါ)ဒေသနာကွန်ပါကိုက်ဖြစ်သော ပြကွက်ကို-ဝိပဿနာမဂ်ရရှိဘူးသူထံမှ(ဝါ)ရရှိနေသူထံမှတိကျစွာ ညွှန်ကြားပြသမှုကို-ရရှိမှ လုံလောက်ခိုင်လုံနိုင်မည်ဖြစ်ပါသည်။

(၃) ၎င်း အာနာပါနသတိပဋ္ဌာန်ကိုပင် အခြေခံ၍၊ ပညတ်အာရုံမဖြာစေဘဲလျက်နှင့်ပညာဦးစီးခါ ဝိပဿနာရှေ့-သမထနောက်-ပွားများအပ်သေစ်၊

လက္ခဏာလျှင် အာရုံရှိသည့်- လက္ခဏာရမ္မဏိက- ဝိပဿနာစစ်စစ်ကိုပင် ပညာ သမာဓိနှင့်အညီအညွတ်ဖြစ်ပေါ်လာအောင်-ပွားများခြင်းကို၊ကာယာနုပဿနာ သတိပဋ္ဌာန်-အာနာပါန ဝိပဿနာရှုပွားနည်းဟု ဆိုအပ်ပါသည်။

ဤ-သုံးနည်းစလုံးပင်-အာနာပါနအမှု၌၊ ဿာနပဿာဒ အကြည်ရုပ်၏ တည်ရာ-နှာခေါင်းအရပ်အားဖြင့်- ဌာနတူ။ ရှူခြင်းရှိုက်ခြင်း အချင်းအရာအား ဖြင့် အာကာရတူ၊ ထိုသို့-ဌာနတူ- အာကာရတူ-နှစ်ပါးသဘောကို- ခွဲခြား၍- ပိုင်းပိုင်းခြားခြားသိရှိကာ- ပွားများသင့်ပါသည်။ ထိုဌာနတူ- အာကာရတူ- အားဖြင့် ပွားများရသော အာနာပါနသဘောသည်- အမျိုးအမည်အားဖြင့် (၁) အာနာပါနဿတိ၊ (၂) အာနာပါနသတိပဋ္ဌာန်၊ (၃) အာနာပါန- လက္ခဏာရမ္မဏိက ဝိပဿနာဟု- ကွဲပြားစွာသိအပ်ပါသည်။ ထိုသုံးနည်းတို့တွင် ဦးပဌမ်းတို့သည်-အဘယ့်ကြောင့်-တတိယနည်းကိုသာ-အလိုရှိကာ ပြသအပ်ပါ သနည်းဆိုသော်၊ (၁) ပဌမနည်းသည်-သမထကို ထူထောင်ပြီးကာမှ-ဝိပဿနာ ကို ဖြစ်စေနိုင်ရကား၊ ထိုသမာဓိထူထောင်မှု၏- စိတ္တဝိသုဒ္ဓိ အတိုင်းအတာကို ယောဂီပုဂ္ဂိုလ်တိုင်းအဘို့၌၊ အချိန်နှေးရက်-အကြိမ်စသည်ဖြင့်- တိုင်းတာရန်၎င်း၊ စစ်မေးနှုတ်ထွက်ချက်နှင့် တိုင်းတာရန်၎င်း၊ ဝိပဿနာ-သမ္မာဒိဋ္ဌိပညာ- ချို့တဲ့သူ ဖြစ်ပါက၊ သမထအာရုံနောက်သို့လိုက်၍- အန္တရာယ်များဖြစ်ရှိနိုင်ခြင်း၎င်း၊ ထို သမထကို တကယ်ရသည်ထားဘိဦး၊ သာယာသွား၍-ဝိပဿနာဘက်, တက်ရန် စိတ်မသန်တော့ခြင်း၊ ကူးရန်စိတ်သန်၍ ဝိပဿနာတက်ရန် လက်ခံပွားများသော် လည်း၊ တနည်းသော- ဝိပဿနာရှုကွက်မျှဖြင့်- ပုဂ္ဂိုလ်တိုင်း မလျော်နိုင်ခြင်း၊ သမထ ထူထောင်နေရမှု၌လည်း ကြာရှည်စွာ ကြံ့ကြာနေတတ်ခြင်းစသော အကြောင်းများကြောင့်၎င်း၊ ယခုအခါ-ဝိပဿနာ ဘာဝနာတရား-အားထုတ် လိုလားပါသော ကလျာဏမှန်သမျှ ရုပ်, နာမ်နှစ်ပါး-လက္ခဏာရေးသုံးပါးနှင့် အထိုက်အလျောက်-ဗဟုသုတရှိနေကြရာ၊သမထ, သက်သက်မျှ-ထူထောင်ခိုင်းမှု ၌၊ ထိုပုဂ္ဂိုလ်မျိုးတို့အတွက် အနတ္တသဘောစွက်နေ၍- သပထရှေ့ပြည့်ဝရန် ခက်ခဲခြင်းအကြောင်းအပြင်၊ ဤလမ်းစဉ်သည်- တဆင့်ခံနေ၍- လမ်းရှည်လမ်း စဉ်ဖြစ်သဖြင့် (ဝါ)ပဋိပတ္တိက္ကမနည်းဆန်နေသဖြင့်၎င်း၊ တနည်းအားဖြင့်-ပိုင်နိုင် စွာ ပြသနိုင်သူ-သပ္ပုရိသ၏ မျက်မှောက်အောက်တွင်သာ ပွားများသင့်သော ကြောင့်၎င်း၊ စာပေမှုဖြင့်-ရေးသားမပြသင့်ဟု- ယူဆပါ၍၊ (ပစ္စက္ခညာဏ်ကိုဆိုလို ပါသည်၊)မပြသင့်,မပြတော့ခြင်းဖြစ်ပါသည်။

ဒုတိယနည်းဖြစ်သော- သမထ, ဝိပဿနာတူစုံ ရှုပွားရမည့်နည်းသည် လည်း၊သမထသမာဓိသဘောနှင့် ဝိပဿနာနှစ်ဖြာတို့ကို- လိမ္မာကျွမ်းကျင်အောင်

တစတစ, သင်ယူရင်း၊ ဆရာ့ရှေ့မှောက်တွင်- ကျင့်စဉ်ဝင်အားထုတ်ပါမှ-အံဝင်ဂွင်ကျရနိုင်စရာရှိပါသည်။ ဤတူစုံရှုနည်းကို အချို့တို့သည်- အနောက်နိုင်ငံမှ ဘာသာပြန်ထုတ်ဝေသော တန္တရအကျင့်တို့ဖြင့်- ရောပြွမ်း၍လည်း ဘုရားရှင် ပေးသနားတော်မူခဲ့သော မဂ္ဂင်ရှစ်တန်-အကျင့်မှန်ဝင်သည့် ပွားများမှုထက်ပင် ရှေးကျသည်ဟု- ယူဆရောပြွမ်းပြသတတ်ကြပါသည်။ ဤသို့-မဖြစ်တန်ကောင်း မသင့်သောအကြောင်းတို့ကို မသုံးသပ်မူ၍၊ ဤ-သမထ, ဝိပဿနာတူစုံရှုပုံတွင် သမထ, သမာဓိနှင့်-ပညာသမာဓိ-နှစ်ဖြာတူစုံ ညီညွတ်ကုန်ရေးသည်- အဓိကဖြစ်ပြီး၊ သပ္ပုရိသ-ရှေ့မှောက်တွင် အားထုတ်သင့်သောကြောင့် မပြသတော့ပါ။

တတိယနည်း၊ အာနာပါန- လက္ခဏာရမ္မဏိက, ဝိပဿနာရှုနည်းသည်၊ ပညာဦးစီးသော လုပ်ငန်းခွင်ဝင်ကျင့်စဉ်ဖြစ်ရာ၊ (၁)ဒေသနက္ကမနည်းအရ ကိုက်ညီခြင်း၊ (၂) သုတမယပညာနှင့် ဉာတပရိညာကိုအခြေခံခြင်း၊(၃) စိန္တာမယ ပညာနှင့် တီရဏပရိညာကိုမှန်စေခြင်း၊ (၃) ဘာဝနာမယပညာ- ပစ္စက္ခဉာဏ်, အနုမာနဉာဏ်တို့နှင့် ကိုက်ညီစေခြင်း၊ (၅) ပြဆိုအပ်ပြီးသော ဝိပဿနာပညာတို့၏ အစဉ်နှင့်ညီညွတ်ခြင်းစသည်တို့အပြင်၊ သမထ, သမာဓိ လွန်ကဲစွာ ဖြစ်ရှိမှုအန္တရာယ်တို့မှ ကင်းစင်ခြင်း၊ ပညတ်အာရုံကိုသုဉ်းဆိတ်စေသော ပရမတ်အာရုံ၌သာ ဖြစ်ခြင်းကြောင့်၊ လက္ခဏာပဋိဝေဓဉာဏ်ကို လျင်မြန်စွာရရှိစေခြင်း၊ ဒေသနက္ကမနည်းအရ- သွန်သင်ပြသထားပါက၊ မိမိကိုယ်တိုင်ပွားများ၍- အမှားအမှန်ကို သုံးသပ်စင်ကြယ်စေနိုင်ခြင်း၊ ထို့ကြောင့်-သပ္ပုရိသရှေ့မှောက် အမြဲရောက်၍- ပွားများရန်မလိုတော့ခြင်း၊ အခက်အခဲရှိကလည်း- စာပေဖြင့်- မေးမြန်းသုံးသပ်နိုင်ခြင်း၊ မေ့လျော့က- စာပေကို- ပြန်ကြည့်၍- တည့်မတ်အောင်စောင့်ရှောက် အားထုတ်နိုင်ခြင်း၊ မိမိတို့- ဝဋ်မှထွက်မြောက်ကြောင်း ဝိပဿနာစစ်စစ်ကို အားထုတ်လိုမှုနှင့် ညီညွတ်ခြင်း၊ကြားခုလပ်မရှိသဖြင့်-ထက်သန်သောလုံ့လကိုဖြစ်စေခြင်း၊ မှန်ကန်သော ဉာဏ်မြင်နှင့် ဉာဏ်စဉ်ကို-လွယ်ကူစွာရသည်မှစ၍၊ပိုမိုက''ယုံကြည်ခြင်း-ခံယူခြင်း-ကျင့်သုံးခြင်း''တို့သည် အင်ပြည့်အားပြည့် အားကိုးလောက်ဘွယ်- ဉာဏ်တွေ့ စိတ်တွေ့ဖြစ်သဖြင့်- မမှိတ်မသုဉ်-ယုံကြည်ကုန်လျက်- ဆုတ်ယုတ်မှုမရှိ- အစဉ်တိုးတက်သော ဝိပဿနာမဂ်ကို- မဂ္ဂင်တရားကိုယ်တိုကပင်- ချီးမြှောက်ခြင်းကို ခံယူရရှိနိုင်သည်ဖြစ်ခါ၊ မဂ်ပန်း, ဖိုလ်ပန်း, မုချပွင့်လန်းနိုင်သော ဝိပဿနာ ငြိမ်းဖြစ်ပါ၍၊ တတိယနည်းကို အလိုရှိထိုက်သည့် အားလျော်စွာ-ပြသရခြင်း ဖြစ်ပါသည်။ ထို့ကြောင့်- ရှေ့တဆင့်တက်၍-ဆက်လက်ဆည်းပူးကြပါစို့....။

# ☆ ဿာနုတူ - အာကာရတူ -

## "သမထ"

အာနာပါန= ဝင်သက်, ထွက်သက်= ဝင်လေ,ထွက်လေ၊

အခေါ်လည်း ပညတ်= အာရုံလည်း ပညတ်၊

အာရုံသည်= အတွင်း, အပြင်, ဖြစ်သည်၊

ကသိုဏ်းဝန်းစသည်အားဖြင့်- ပရိကမ်ပြုရသည်။

ဥပစာရသမာဓိ= စျာနအပ္ပနာသမာဓိ၊

သမာဓိခေါ်- ဧကဂ္ဂတာ- စေတသိက်ဦးစီးသည်၊

စေတနာပြဋ္ဌာန်းသည်၊

ဝိတက် မြဲမြံ သည်၊

ထို့ကြောင့်— မဟဂ္ဂုတ် ဟူ၍ ခေါ်ဝေါ်သည်၊

လက္ခဏာရေးသုံးပါးနှင့် မယှဉ်၊

အဝိဇ္ဇာမပါသော— နီဝရဏတရားငါးပါးကို ငြိမ်းစေသည်၊

အဝိဇ္ဇာပစ္စယာ- အာနဉ္စာဘိသင်္ခါရ ဖြစ်သည်၊

အရှုမှန်စိတ်၌
စျာန်အင်္ဂါငါးတို့ ယှဉ်သည်၊

ဝိက္ခမ္ဘန ပဟာန်ကို ရစေသည်၊

စျာန်သမာပတ်အကျိုး– အဘိညာဉ်အကျိုးကို ရသည်၊

ဒိဋ္ဌဓမ္မ သုခဝိဟာရ= မျက်မှောက်အားဖြင့်
ချမ်းသာစွာ နေရခြင်းရှိ၏၊

ဗြဟ္မာ့ဘုံသို့ ရောက်တတ်ခြင်းကြောင့်
ရောက်တတ်(၄၀) သမထ, ဘာဝနာနည်းမျှ ဖြစ်သည်။

# သမထ, ဝိပဿနာခွဲနည်း ☆

## "ဝိပဿနာ"

အာနာပါန= ရှုမှု, ရှိုက်ရှု= ရှူခြင်း, ရှိုက်ခြင်း
အခေါ်အဝေါ်ပရမတ်- အာရုံလည်း ပရမတ်၊
အာရုံသည်- အတွင်းအာရုံသာ ဖြစ်သည်၊
ပုဗ္ဗကရဏ- သုံးပါးပြုရသည်၊
ခဏိကသမာဓိ= မဂ္ဂအပ္ပနာသမာဓိ၊
သမ္မာဒိဋ္ဌိခေါ်-ပညိန္ဒြေ စေတသိက် ဦးစီးသည်၊
သတိ- ပြဋ္ဌာန်းသည်၊
ယောနိသော မနသိကာရ မြဲမြံသည်၊
ထို့ကြောင့်- မဲ့ ဖြူမှန်သမျှကံကိုသတ်၍- ဉာဏ်ဟုခေါ်ဝေါ်သည်၊

လက္ခဏာရေး သုံးပါး ယှဉ်သည်၊
အဝိဇ္ဇာအစရှိသော ကိလေသာတို့ကို ငြိမ်းစေသည်၊

အဝိဇ္ဇာနိရောဓေါ= သင်္ခါရ နိရောဓော ဖြစ်သည်၊

အရှုမှန်စိတ်၌
မဂ္ဂင် တရားကိုယ် ရှစ်ပါး ယှဉ်သည်၊

တဒင်္ဂပဟာန်နှင့် သမုစ္ဆေဒ ပဟာန်ကိုဖြစ်စေသည်၊
ဝိပဿနာမဂ်အကျိုး= အရိယာမဂ်အကျိုးကို ရသည်၊

မျက်မှောက်- သန္တိ သုခနှင့်
တမလွန်၌- နိရုပဓိသုခကို ရခြင်းရှိ၏၊

အနုပါဒိ သေသနိဗ္ဗာန်စံရခြင်းကြောင့်
ရောက်တတ်မရှိ (၃၁)ဘုံမှ လွတ်စေသော ဘာဝနာဖြစ်သည်။

# ဌာနတူ- အာကာရတူ- သမထ, ဝိပဿနာ ခွဲခြားနည်း

ဖေါ်ပြပါ=ဇယားကို ကြည့်ရုံမျှဖြင့်-ရိပ်စားမိလောက်ပြီဖြစ်ရာ၊အနည်းငယ်လိုအပ်သမျှသာ ရှင်းလင်းပြသပါရစေတော့။အာနာပါနအားဖြင့် သမထ, ဝိပဿနာ- ဘာဝနာနှစ်ဖြာဖြစ်ခြင်း၌၊ သမထ,ကမ္မဋ္ဌာန်းတွင် အာနာပါနဿတိ အမည်ရှိပြီး၊ ဝိပဿနာဘာဝနာတွင်- အာနာပါန, လက္ခဏာရမ္မဏိက, ဝိပဿနာအမည်ရှိပါသည်။ ဌာနသည်- ဃာနပသာဒ, အကြည်ရုပ်တည်ရာ နှာခေါင်း၌ မှီရာတူကြသည်။ အာကာရ= အချင်းအရာ- ရှူခြင်း, ရှိုက်ခြင်း၌တူကြသည်။ သမထ၌- ထွက်သက်, ဝင်သက်- ထွက်လေ, ဝင်လေဟု- မှတ်သားရှုပွားသည်၊ ဝိပဿနာ၌- ထွက်မှု-ဝင်မှုတွင်-သဘာဝလက္ခဏာတင်၍-ရှုမှတ်ပွားများသည်။ ဤသဘောနှစ်ခုသည်- ဖြစ်ရာဌာန တူကြသော်လည်း- မိမိရှေ့ရှုယူရာ အာရုံ အလျောက် ကွဲပြားကြသည်။ ရောယှက်၍ မသွားအောင်- အကွဲအပြားသဘောကို ပိုင်းခြား၍ သိနိုင်သည်။ ဘာ့ကြောင့်ဆိုသော်= သမထ,သည် အမည်ပညတ် အာရုံပညတ်ဖြစ်၍၊ ဝိပဿနာသည်- ပရမတ်အာရုံ၌ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ထိုမျှမက- သမထ, ပုရိကမ်နှင့် ဝိပဿနာ-ပုဗ္ဗကရဏတို့သည်လည်း- ဆီနှဲ့ရေလို မရောမယှက်- ရှေးဦးစွာ ခွဲခြားမှုပြုကြသည့်- ကမ္မဋ္ဌာနဘူတ, သဘောဖြစ်ခြင်းကြောင့်ဖြစ်သည်။

သမာဓိသည်- သမထ၌- ဥပစာရသမာဓိ- ဈာနအပ္ပနာသမာဓိဖြစ်ပြီး၊ ဝိပဿနာ၌- ခဏိကသမာဓိနှင့် မဂ္ဂအပ္ပနာ- သမာဓိဖြစ်သည်။ ၎င်းသည်-ဧကဂ္ဂတာစေတသိက်တခုထည်း၌ဖြစ်ရာ၊ ထိုဧကဂ္ဂတာသဘော၌- သမာဓိဦးစီးမှုနှင့်- ပညာဦးစီးမှုဟု ခွဲခြားသိအပ်ပါသည်။ ၎င်းသည်- ပွားများစဉ်အတွင်း၌ ရောယှက်တတ်သည်၊ မတင်မကျဖြစ်တတ်သည်၊ လျော့ပါးတတ်သည်၊ လွန်ကဲတတ်သည်၊ ထိုသဘောအလုံးစုံသည်-သမထ,ဘာဝနာ၌သာ အဖြစ်များသည်၊ဝိပဿနာဘာဝနာ၌မူ၊ လွန်ကဲမှုထက်-လျော့ပါးမှုကသာ ပို၍အဖြစ်များသည်၊ဝိပဿနာရှေ့- သမထနောက်ပွားများနည်း၌သာ ဆိုလိုပါသည်၊ ဤ ဝိပဿနာ၌- သမာဓိလွန်ကဲရန်မှာ- တကာလ၌သာ ဖြစ်ရှိတတ်သည်၊ လက္ခဏာရမ္မဏိကဝိပဿနာမှ- သင်္ခါရာရမ္မဏိက ဝိပဿနာသို့- အကူးတွင် လွန်ကဲမှုဖြစ်တတ်သည်၊ ကျန်အပိုင်းများ၌- လျော့နဲသည်ကသာ အဖြစ်များပါသည်၊ သမထ,ဘာဝနာ၌မူ ပရိကမ္မနိမိတ်အခိုက်၌- လျော့နဲမှု ဖြစ်တတ်သော်လည်း၊ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာ

ဂနိမိတ်များတွင်မူ၊ လွန်ကဲသည်က ပိုမိုများတတ်ပါသည်၊ ဈာနအပ္ပနာရခါနီး မရသေးမီ- လွန်ကဲသည်လည်း မဟုတ်၊ လျော့နဲသည်လည်း မဟုတ်၊ မျောပါ သွားတတ်သည်၊ နိမိတ်ပျောက်၍- အတိတ်နှင့်အနာဂတ် တွေးမျှော်မှန်းဆရာ သို့လည်း ရောက်သွားတတ်သည်၊ ပဋိဘာဂနိမိတ်ကို ရစအခါ၌- ပီတိဖြစ်လွန်း၍ လွန်ကဲတတ်သည်၊ အပ္ပနာဖြစ်ရန် ကြံ့ကြာမှုကိုလည်း ဖြစ်စေသည်၊ဥဂ္ဂဟနိမိတ်မှ အကူးတွင် ဖြစ်ပေါ်ခဲ့ဘူးသော- အတိတ်အာရုံသို့လည်း ချည်းကပ်တတ်သည်၊ ထိုအခါ၌- မတင်မကျဖြစ်ခါ- စိတ်ချောက်ချား စွဲလန်းမှုများ ခြံရံလာတတ် သည်။ ဤအခါ- ကမ္မဋ္ဌာန်းအာရုံပျက်၍ ပယ်ဖျက်မရသော အာရုံတို့ကြောင့်- စိတ်ချောက်ချားနေမှု အစဉ်ဖြစ်ရှိသွားတတ်သည်၊ ၎င်းကို- ကမ္မဋ္ဌာန်းနှင့် ပြန်၍ မပြုပြင်ပေးနိုင်သော်လည်း၎င်း၊ ဆေးဝါးဖြင့်- အချိန်မှီမပြုပြင်လျှင်သော်၎င်း၊ ယဉ်ကျေးစွာ စိတ်မနှံ့သူဟု- စွပ်စွဲခံသွားရတတ်သည်။ ဝိပဿနာ ရှေ့သဘော သည်၊ ခဏိက သမာဓိကစ၍- လွန်ကဲတတ်သည်ဆိုသော်လည်း၊ ဤသို့သော ဖြစ် ရပ်မျိုးလုံးဝမရှိဘဲ၊ စမ္မုဒ္ဓစ- တရား၌- ပျံ့လွင့်သွားမှုသာ ဖြစ်တတ်ရုံရှိသည်၊ ဝိပဿနာရှေ့-သမထ, နောက်ဘာဝနာ၌- အနည်းငယ်- တိမ်းပါးသွားလျှင်၊ တိမ်းပါးမှန်းကို- ချက်ချင်းသိနိုင်သည်၊ သမထသမာဓိကဲ့သို့- နစ်မျောတတ်မှု မရှိပါ။ ထို့ကြောင့်-ဤအန္တရာယ်တို့မှလည်း ကင်းစင်သည်။ ထိုသို့- ကင်းစင်ရုံ မျှမက- လမ်းမှန်တိကျ တည်ငြိမ်စွာ အမိအရ, ရရှိသော ပုဂ္ဂိုလ်အား ဝိပဿန ပက္ကိလေသ, ဆိုသည့်- ဝိပဿနာ ညစ်ညူးကြောင်းတရားတို့ပင် မဝင်မရောက်လွန် မြောက်နိုင်သည်။ ဤသဘောများကို- ရှေ့ရှုကွက်အခဏ်း၌- အာဂမယုတ္တိနှင့် တကွ ထုတ်ပြပေးသွားပါမည်။

ထို့ကြောင့်- သမထကမ္မဋ္ဌာန်းသည်-ကြောက်စရာဖြစ်သည်-မကောင်းပါ ဟုလည်း စွပ်စွဲခံရတတ်သည်၊ ဦးပဥ္စင်းတို့ ရှေ့မှောက်တွင်ပင် ကြုံဘူးခဲ့သည်၊ ဆရာတော်တပါးကို- တကာတယောက်က- လာ၍လျှောက်သည်၊ ကမ္မဋ္ဌာန်း မကောင်းပါ- ကမ္မဋ္ဌာန်းအားထုတ်ဘို့ကြောက်စရာကောင်းပါသည်၊ကြောက်ပါ ပြီဟုပြောလာသည်၊ သူတို့ဆီမှ-ဒါယိကာမကြီးတယောက်နှင့် လူရွယ်တယောက် စိတ်နောက်သွားပုံကိုဆက်ပြောသည်၊ ပြီးတော့- ဆရာတော်ကလဲ- ဆက်လက်၍ ဟုတ်တယ်- သူလဲတကာကြီးတယောက်, အသုံးချလို့မရအောင် ဖြစ်သွားဒါ တွေ့ခဲ့ရသည်ဟု ထောက်ခံသည်၊ ဦးပဥ္စင်းက-ဆရာတော်နှင့်တကာကို တလှည့်စီ- ကရုဏာသက်ပြီးကြည့်နေမိသည်၊ ဘာမျှတော့ ဝင်မပြောပါ၊ အတော်ကြာ, တကာပြန်သွားမှ-ဆရာတော်ကို ပြောပြရတော့သည်၊အရှင်ဘုရား, တပည့်တော်

တို့-ရဟန်းတပါးအနေဖြင့်-သမထကမ္မဋ္ဌာန်းမကောင်းပါ-ကြောက်စရာကောင်းသည်လို့-ထောက်ခံမပြောကောင်းပါဘူးဘုရား၊

သမထ, ဘာဝနာဖြစ်စေ၊ ဝိပဿနာဘာဝနာဖြစ်စေ၊ ဘုရားတရားအစစ်အမှန်သည်-သတ္တဝါတို့ကို- ဒုက္ခဖြစ်စေသည်ဆိုသည်မှာ- လုံးဝမဟုတ်ပါဘူး.... မမှန်ကန်ပါဘူးဘုရား၊ အဲဒီလို ဖြစ်ရှိခြင်းတွေလာတော့-ဒါယကာတို့က စွပ်စွဲပေမဲ့၊ သမထ, ဝိပဿနာရဲ့ ပင်ကိုရိုသဘောကတော့ မဟုတ်ဘူး၊ တရားစစ်,တရားမှန်ကတော့- မဟုတ်ဘူး၊ အောက်တန်းစား အနေအားဖြင့်- သေက္ခ သပ္ပုရိသ-ဗဟုသုတပုဂ္ဂိုလ်ကို- မမှီဝဲရလို့ဘဲ ဖြစ်တန်ရာကောင်းပါတယ်ဘုရား၊ အဲဒီလို-တရားပေး, တရားယူ-ကိုက်ညီတဲ့မှုကိုမှ- ဝေခွဲပို့ချမပေးနိုင်ခြင်းနဲ့ သွားတိုးရလို့သာ-အကျိုးနဲကြတာသာဖြစ်မှာပါ၊ခုန-တကာနဲ့-သဘောတူဆုံးဖြတ်ပေးလိုက်တော့၊ ဒီတကာတော့- နောက်တရားအားထုတ်ရအောင်ဆိုရင်- ရှေ့ပေးလို့မရ-စိန်ပေးလို့မရဆိုတာလိုဖြစ်သွားရတော့တာပေါ့၊ ပြီးတော့-ဓမ္မေကခံတိ- တရားတော်မြတ်၌- မယုံမကြည်ဖြစ်မှုကြီးခိုင်မြဲသွားစေတာလဲမကောင်းပါဘူးဘုရား။ ဒီတော့- ဘုရားတပည့်တော်တို့ဘက်က- အကျယ်တဝင့် ပြသမပေးနိုင်တောင်-ကမ္မဋ္ဌာန်းဆိုရင်, ပစ်ပယ်တဲ့သဘောကိုရောက်မသွားအောင်- တရားတော်မြတ်ကြောင့်-စိတ်နောက်ရတာတော့-မဟုတ်ဘူးဆိုတာ- မှတ်ချက်ချပေးဘို့ကောင်းပါတယ်ဘုရားလို့-လျှောက်တော့၊ အင်း...ငါလဲ မေ့သွားတယ်၊ ငါသိတာပြောချင်အားကြီးလို့ ဒီလိုချော်လဲရောထိုင် ပြောလိုက်မိခြင်း ဖြစ်သွားရတယ်လို့ ပြန်ပြောပါတယ်။

ကဲ-ဒီတော့-ပုဂ္ဂိုလ်တယောက်=သံသရာ,ထောက်ရာ, တည်ရာရပြီး၊ မဂ်ဖိုလ်ခရီးကို နီးစေဘို့မပြောနှင့်တော့၊ ယထာဘူတ- နေရာတကျ ဖြစ်ရှိဘို့ပင် မလွယ်ကူလှပါပေ။ ဒီတော့-သပ္ပုရိသ, အစစ်အမှန်ရဘို့ဆိုတာ-တရားရှာသူတို့ကလဲ-မစီစစ်တတ်တော့- နီးစပ်ရာနဲ့ဘဲ- ဖြစ်ထိုက်သလိုဖြစ်ဖြစ်ပြီး၊ တရားတော်မြတ်နဲ့ ပတ်သက်၍ အကျိုးရှိ-အကျိုးမဲ့လို့- နှစ်မျိုးပေါ်ထွက်ခံရတာ- အမှန်ရင်နာစရာတော့ကောင်းလှပါသည်။ ကဲ....ဒါတွေချန်ခဲ့ပြီး ရှေ့ဆက်သွားကြပါစို့....။

သမထမတွင်- စေတနာပြဋ္ဌာန်းသည်-ဝိတက်ခြံရံသည်၊ ဝိပဿနာတွင်-သတိပြဋ္ဌာန်းသည်-ယောနိသောမနသိကာရမြဲမြံသည်ဆိုတဲ့- သဘောနှစ်ခုထဲမှာ သမထဘာဝနာ ပုဂ္ဂိုလ်က- ဝိပဿနာဘာဝနာထဲမှာ လာ၍မမှားတတ်ကြပါ၊ ဝိပဿနာဘာဝနာပုဂ္ဂိုလ်ကသာ- သမထထဲဝင်ရောက်သွားပြီးမှားတတ်ကြပါသည်၊ ဇောဆော်မှုကို ရှေ့တန်းတင်ခြင်းနှင့် ကြံစီမှုကို ပြုမိခြင်းသည်- ဝိပဿနာ

ဘက်၌-တခါတရံပေါ်ပေါက်တတ်ပါသည်၊ထိုအခါ-အရှုခံပျောက်၍-ဝိပဿနာ အားထုတ်ရတာ-တယ်ခက်ပါလားလို့- ဖြစ်သွားတတ်ပါသည်၊ ဤအကြောင်း များကို ရှေ့ပြကွက်ကြမ့်-သက်ဆိုင်ရာအခဏ်းတွင် ကွဲပြားအောင် ပြသပေးပါ မည်၊ ဤဇယားရှင်းချက်တွင် သက်ဝင်သွားတတ်သော သဘောအချက်များကို ရိပ်စားမိပြီး၊ သတိနှင့်အပြစ်ဖြစ်မည့်တရားတို့ကို- ရှောင်ရှားနိုင်ရုံမျှသာ ပြဆို သွားပါမည်။

ကံနှင့် ဉာဏ်ခေါ်သည်-ဆိုသည်မှာလည်း- ရှင်းလင်းလှပါ၍ အထူးမဆို တော့ပါ၊ လက္ခဏာရေးသုံးပါးသည်လည်း-ယှဉ်ခြင်းနှင့် မယှဉ်ခြင်းဖြစ်၍- ရှုပ် ထွေးဘွယ်ရာမရှိပါ၊နိဝရဏနှင့်ကိလေသာငြိမ်းမှုသည်လည်း-ပိုင်းခြားပေါ်လွင် လှပါသည်၊ ဝိပဿနာဘာဝနာကရော-နိဝရဏ,မငြိမ်းဘူးလားဆိုတော့-ကိလေ သာ-အနုစားဖြစ်၍- သာ၍ပင်,ပို၍ပင်, ငြိမ်းစေပါသေးသည်။ ထိုသဘောလေး အနည်းငယ် ရိပ်စားမိအောင်ပြရသော်...သမထ ဘာဝနာ၏ အရှုမှန်- ဈာန် အင်္ဂါငါးပါးဟု ဆိုအပ်သော....။

(၁) ဝိတက်သည် .... ထိနမိဒ္ဓ- နိဝရဏကို- လွှမ်းမိုး နှိပ်နင်း၍- ငြိမ်းစေသည်။

(၂) ဝိစာရသည် .... ဝိစိကိစ္ဆာနိဝရဏကို- လွှမ်းမိုး နှိပ်နင်း၍- ငြိမ်းစေသည်။

(၃) ပီတိသည် .... ဗျာပါဒနိဝရဏကို- လွှမ်းမိုး နှိပ်နင်း၍- ငြိမ်းစေသည်။

(၄) သုခသည် .... ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏကို-လွှမ်းမိုးနှိပ်နင်း၍- ငြိမ်းစေသည်။

(၅) ကေဂ္ဂတာသည်.... ကာမစ္ဆန္ဒ နိဝရဏကို- လွှမ်းမိုးနှိပ်နင်း၍- ငြိမ်းစေသည်။

ဤသို့အားဖြင့်= သမထ, ဘာဝနာ၏ ဈာန်အင်္ဂါငါးပါးသည်-ဆိုင်ရာ နိဝရဏတရားတို့အား- မိမိတို့၏ ကိစ္စအားလျော်စွာ- ဝိက္ခမ္ဘန ပဟာန်အားဖြင့် ငြိမ်းစေတတ်ကြပါသည်။ ဤနေရာ၌-ပီတိနှင့် သုခ--အင်္ဂါနှစ်ပါးသည် ဈာန အပ္ပနာဖြစ်ရန်- လွန်ကဲနေပါက- နှောင့်နှေးကြံ့ကြာတတ်ပါသည်။ ၎င်းပြင်- မှုလက- ဝိပဿနာသို့တက်ရန် ရည်ရွယ်အားထုတ်သော်လည်း ဥပစာရသမာဓိကို

ရရှိလာရာတွင်၊ ထိုပီတိနှင့် သုခကို- မခွါနိုင်သဖြင့်- ဝိပဿနာသို့ တက်လိုသော စိတ်ဆန္ဒလျော့ပါးကာ- ဟီနသမာဓိ အဖြစ်ဟူ၍ပင်- အခေါ်ခံရအောင်လည်း ဖြစ်သွားတတ်ပါသည်။

ထို- နိဝရဏ, တရားငါးပါးကို၊ ဝိပဿနာ ဘာဝနာ အစွမ်းဖြင့်လည်း ငြိမ်းစေပါသည်။ ယောဂီသူမြတ်သည် ပုဗ္ဗကရဏအမှုကို- ဝိပဿနာ သမ္မာဒိဋ္ဌိ ပညာစုနှင့် စတင်သိမ်းဆည်းပြီးခါ၊ ပင်တိုင်ရှုကွက်ကို ပွားများအားထုတ်ပြီး- သမ္မသနညာဏ်အတွင်းသို့- ဣန္ဒြေရစွာ သက်ဝင်ပွားများနိုင်ပြီဆိုပါက၊ ထိုအခါမှ စတင်၍ ဆိုင်ရာ နိဝရဏတရားတို့ကို၊ ယောဂီ၏ ဣန္ဒြေရစွာ- (ဝါ) အစိုးတရ ရှိစွာ- ပွားများနိုင်မှု- ယုံကြည်ချက်- သဒ္ဓါမှစ၍၊ ကျန်မဂ္ဂင်လည်းမည် ဣန္ဒြေလည်း ဟုတ်သော တရားတို့က နိဝရဏအရေးတို့ကို- တစ,တစ, ငြိမ်းစေပါတော့သည်။ ထိုမှ ရင့်ကျက်၍ တရုဏ ဥဒယဗ္ဗယညာဏ် စတင်ရရှိလာပြီဆိုပါလျှင်၊ ထို ဣန္ဒြေတို့ကြောင့်- နိဝရဏတရား(၅)ပါးမက၊ (၆) ပါးတို့သည်ပင် ငြိမ်းရပေတော့သည်။ ထိုသို့- ငြိမ်းစေအပ်သော ဣန္ဒြေ, မဂ္ဂင်တို့မှာ....

(၁) သဒ္ဓါသည် .... ကုက္ကုစ္စနိဝရဏကို- အစိုးတရရှိကာ ငြိမ်းစေသည်။

(၂) သတိသည် .... ဥဒ္ဓစ္စ နိဝရဏကို- အစိုးတရရှိကာ ငြိမ်းစေသည်။

(၃) ဝိရိယသည် .... ထိနမိဒ္ဓ နိဝရဏကို- အစိုးတရရှိကာ ငြိမ်းစေသည်။

(၄) သမာဓိသည် ... ကာမစ္ဆန္ဒနှင့်ဗျာပါဒ နိဝရဏကို-အစိုးတရရှိကာ ငြိမ်းစေသည်။

(၅) ပညာသည် .... ဝိစိကိစ္ဆာနိဝရဏကို အစိုးတရရှိကာ ငြိမ်းစေသည်။

(၆) ညာဏ်သည်.. အဝိဇ္ဇာနိဝရဏကို-အစိုးတရရှိကာငြိမ်းစေသည်။

ဤသို့အားဖြင့်— ဝိပဿနာဘာဝနာ ဘိသမယအခါ၌လည်း— ဗောဓိပက္ခိယဖြစ်သော၊ သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်သည်ငှင်း၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိမဂ္ဂင်တို့သည်ငှင်း၊ ဝိရိယိန္ဒြေ၊ဝိရိယဗိုလ်၊ဝိရိယသမ္ဗောဇ္ဈင်၊

သမ္မာဝါယာမမဂ္ဂင်၊ ဝိရိယိန္ဒြေပါဒ်တို့သည်ရင်း၊ သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမ္မာသမာဓိ မဂ္ဂင်တို့သည်ရင်း၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဝီမံသိဒ္ဓိပါဒ်တို့သည်ရင်း၊ ဝိပဿနာဘာဝနာ စတင်ပွားများသည်မှ ဣန္ဒြေရစွာ သက်ဝင်လာပါလျှင်- နီဝရဏတရား (၆)ပါးကို ငြိမ်းစေခြင်း၊ ဗိုလ်အဖြစ်ဆိုက်ရောက်ပြီဆိုပါက၊ (ဝါ) မဂ္ဂင်အဘို့- ဝိပဿနာမဂ်အဘို့- ပဋိပက္ခတရားတို့ကို၊ ဖြိုဖျက်တွန်းလှန်လာနိုင်ပြီဆိုပါလျှင်၊ ထိုနီဝရဏတရားတို့သာမက-ဆိုင်ရာကိလေသာတို့သည်ပင် ချုပ်ငြိမ်းရတော့သည်၊ ဤသို့ဖြင့် ဝိပဿနာဘာဝနာ စရဏ,အလုပ်ဓါတ်- သတိ, ဝိရိယ, သမာဓိနှင့် ဝိဇ္ဇာပညာဉာဏ်အရာတို့ မကွာပါသဖြင့်- ဣန္ဒြေရစွာ ပွားများလာနိုင်သည်မှစ၍၊ ပညာကြောင့်ဖြစ်သော၊ သဒ္ဓါ= သဒ္ဓိန္ဒြေနှင့်တကွ- စရဏ, ဝိဇ္ဇာ, တရားကိုယ်နှစ်ဖြာဖြစ်သော- သတိ- ဝိရိယ, သမာဓိ- ပညာတို့ဦ- ခြံရံဖြစ်ပေါ်တတ်သောမဂ္ဂသမ္ပယုတ္တ အနေအားဖြင့်၊ အထက်ပါ- ဖေါ်ပြသည့်- (၂၇)ပါးသော-ဗောဓိပက္ခိယတရားတို့သည်၊ ပစ္စယသာမဂ္ဂီ-အလီလီကို- တစုံတယောက်မှ ညှိပေးစရာမလိုဘဲ၊ ဝိပဿနာမဂ်ရရှိလာပါက၊ သက်ဝင်ပြီးသော-ဣန္ဒြေ-ဗိုလ်သဘောတို့နှင့်အတူ၊ ဝိပဿနာမဂ်အတွက်- မဂ္ဂင်ထိုက်သော တရားကိုယ်တို့က- "မဂ္ဂသမ္ပယုတ္တ-ပစ္စယသာမဂ္ဂီ"ဖြစ်တည်ရအောင်ဆောင်နှင်းသော-လမ်းကောင်းမဂ္ဂင်ဝယ်ခိုင်မာစွာ လျှောက်သွားနိုင်သည့်- ယောဂီသူမြတ်အဖြစ်သို့ ပို့ပေးလိမ့်မည်ဖြစ်ပါသည်။ ကြွင်းအထက်သဘောတို့ကို-ရှေ့အခဏ်းများတွင်- အစမှ- ပြန်ရှင်း၍ဉာဏ်စာရင်းဝင်အောင် ပြပေးပါဦးမည်။

ထိုကဲ့သို့-သမထ,ဝိပဿနာ-နှစ်ဖြာတို့သည်၊မိမိတို့ဆိုင်ရာ အကြောင်းနှင့်ဆိုင်ရာအကျိုးတို့-တသီးတသန့်စီအားဖြင့်-မရောယှက်သောအကြောင်း= ရောယှက်သောအကြောင်းတို့တွင်၊ သမထမှ-ဝိပဿနာဘက်သို့-ရောယှက်တတ်သောသဘော၊ ဝိပဿနာမှ- သမထဘက်သို့- ရောယှက်တတ်သော သဘောတို့ကို-ခွဲခြား ကွဲပြားအောင်သိသင့်ပါသည်။ ဤသို့ အကျဉ်းအားဖြင့် ပြရသည်ကို အားမရသော်လည်း-ဇယားကွက်ကိုကြည့်၍- ဉာဏ်မိအောင်- ဆင်ခြင်နိုင်လောက်ပါပြီ။ ကျန်- လက္ခဏာရေးသုံးပါး ယှဉ်-မယှဉ်မှစ၍- အောက်ပိုင်းအကျိုးသွားသဘောတို့မှာ- ရောယှက်စရာရှိတော့ဘဲ၊ လေးနက်စွာ, ယုံကြည်မှု- "ပညာ-သဒ္ဓါ" ညီမျှစွာတက်လာအောင်-အခါခါ-ဝါဝုစုဂ္ဂတပြုပေးပါလေ-မြတ်သောယောဂီတို့တတွေ ...၊

.... ဝ........

# အာနာပါန-လက္ခဏာရမ္မဏိကဝိပဿနာ
## (အခြေခံများ)

| | | | |
|---|---|---|---|
| ပါဠိလို | အဿာသ<br>ပဿာသ | မြန်မာလို | ထွက်လေ<br>ဝင်လေ |
| ပါဠိလို | အာနာ<br>ပါန | မြန်မာလို | ထွက်သက်<br>ဝင်သက် |

အထက်ပါ-ပါဠိကို-မြန်မာပြန်ထားခြင်းသည်၊ အများနားလည် ခေါ်ဝေါ်သုံးစွဲကြသော၊ ဝေါဟာရ နာမပညတ်ဖြစ်ပါသည်၊ ယင်းသဘောကိုပင်၊ အဿာသ-ပဿာသ ဆိုရင်၊ ထွက်လေ, ဝင်လေ= ထွက်သက်, ဝင်သက်လို့လဲ ပေါင်း၍ ခေါ်ကြသည်။ တဖန်-အာနာ,ပါနကိုလည်း၊ဤသို့ပင် ပေါင်း၍ ခေါ်ကြသည်၊ အဿာသ, ပဿာသနှင့် အာနာပါနသည်-သဒ္ဒါနှစ်ပုဒ်ကွဲသော်လည်း အနက်အတူတူပင်ဖြစ်သည်။ သို့သော်=အဿာသ, ပဿာသမှာ- ပညတ်လေကို အစွဲပြု၍- ခေါ်ဝေါ်ကြ၏။ အာနာပါနမှာ- ပညတ် အသက်ကို- အစွဲပြု ခေါ်ဝေါ်ကြပါသည်။

အဿာသ,ကို၊ အာဒိမှ-သ,သတိ-အရ၊ အဿာသဟူ၍ ပါဠိသဒ္ဒါအရ ဖြစ်၏။ ပဿာသ,ကို၊ ပစ္ဆာ- သ,သတိ, အရ၊ ပဿာသ, ဟူ၍- ပါဠိသဒ္ဒါအရ ဖြစ်၏။ ။အပ-အာန,ကို၊ အာဒိမှ-အနတိ,အရ၊ အာနဟူ၍- ပါဠိသဒ္ဒါအရ ဖြစ်ပါ၏။ ပါန,ကို၊ ပစ္ဆာ-အနတိ,အရ၊ ပါနဟူ၍- ပါဠိသဒ္ဒါအရဖြစ်၏။ ထို့ကြောင့်- အဿာသ- ပဿာသ၊ အာနာ-ပါနဟူ၍ ခေါ်ဆိုအပ်၏။ ။ထို့ကြောင့် ..၊

အာဒိမှ- အစဦးစွာ၊ သ-မိမိ၏ (ဝါ) မိမိဟူသောခန္ဓာ၌၊ မိမိဥစ္စာကဲ့သို့ ပြုတတ်သော၊ သတိ-တွန်းကန်ဝါယောဓါတ်၏ ထင်ရှားလတ်သည်ကို အောက်မေ့မှတ်သိနိုင်သောသတိသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ အဿသတိ-ရှိုက်ခြင်းထွက်မှု-ဝါယောဓါတ်စုကို-ထင်ရှားအောက်မေ့မှတ်သိခြင်း-အဿသတိမည်၏။

ပစ္ဆာ-နောက်၌(ဝါ)နောက်မှ၊ သ-မိမိ၏၊ (ဝါ) မိမိဟူသော ခန္ဓာ၌၊ မိမိဥစ္စာကဲ့သို့ ပြုတတ်သော၊ သတိ- ထောက်ကန် ဝါယောဓါတ်၏ ထင်ရှား

သည်ကို- အောက်မေ့ မှတ်သိနိုင်ခြင်းသတိသည်၊ ဥပဋ္ဌာတိ- ဖြစ်၏၊ ဣတိ- ထို့ကြောင့်၊ပဿသတိ- ရှူခြင်းဝင်မှု-ဝါယောဓါတ်စုကို- ထင်ရှားအောက်မေ့မှတ်သိခြင်း ပဿသတိ မည်၏။ (အာနာပါနလည်း သဘောတူဖြစ်၏။)

ဤသို့- ပညတ်အနက်-ဝေါဟာရမျှကို- လွန်မြောက်သည် ဖြစ်သော-သဘောအဓိပ္ပါယ်အနက်၌- ပညာဉာဏ်သိအားဖြင့် ပိုင်းခြား၍ သိခြင်းကိုသာ ဝိပဿနာအရာ၌-အလိုရှိအပ်ပါသည်။ထို့ပြင်လည်း-ၡင်းဝါယောဓါတ်သဘောတို့သည်....၊

ဥဒင်္ဂမောစ- အထက်သို့တက်သော ဝါယောဓါတ်ဟူ၍ၡင်း၊ အဓောဂမောစ-အောက်သို့စုန်သော ဝါယောဓါတ်ဟူ၍ၡင်း၊ တထာ-ထို့နည်းတူစွာ၊ ကုစ္ဆိဋ္ဌော- ဝမ်းရင်ပြင်၌တည်သောဝါယောဟူ၍ၡင်း၊ အဿာသ ပဿာသစ-ရှိုက်ခြင်းထွက်မှု- ရှူခြင်းဝင်မှု-ဝါယောဓါတ်စုဟူ၍ၡင်း၊ အင်္ဂါနုသာရိနောစ-အင်္ဂါကြီးငယ်တို့သို့ ပျံ့နှံ့တတ်သော-ဝါယောဓါတ်ဟူ၍ၡင်း၊ဣမေဆ-ဤခြောက်ပါးတို့သည်၊ ဝါယုဘေဒါ-ဝါယောဓါတ်၏- အပြားအားဖြင့်- ထင်ရှားသောအချင်းအရာတို့ပေတည်း။

အထော-ထိုမှတပါး၊ ပဿာသော-ရှူခြင်းဝင်မှု- ဝါယောဓါတ်စုကို၊ အပါနံ-အပါနဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ အဿာသော- ရှိုက်ခြင်းထွက်မှု ဝါယောဓါတ်စုကို၊ အာနံ-အာနဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏။

ဤသို့အားဖြင့်၊ သဿာသ=အာနနှင့်- ပဿာသ= ပါနတို့၏ သဒ္ဒါရေးအနက်၊ ဝေါဟာရ အဓိပ္ပါယ်နှင့်- သဘော, သဘာဝအနက် အဓိပ္ပါယ်တို့ကို၊ မိမိတို့-အဇ္ဈတ္တ, ရုပ်ကာယ၌-ဆောင်နှင်းတတ်ပုံသည်၊စိတ်ပရမတ်တည်းဟူသော အကြောင်းကြောင့်၊ ဝါယောဓါတ်တို့- မိမိ၏ သဘာဝလက္ခဏာကို ထွန်းပြလာခြင်းဟု သိရပါမည်။ ထို့ပြင်လည်း- အဿာသ-ပဿာသနှင့် အာနာပါနဟု-သဘောတူမပြား နှစ်ထွေကွဲသော နာမည်တရားကို- အာနာပါနဿတိ, အာနာပါနသတိပဋ္ဌာန်- အာနာပါန လက္ခဏာရမ္မဏိက ဝိပဿနာဟု- အာနာပါန, အရသာ၊ အတွင်ရှင့်အားဖြင့်- သုံးစွဲမှုထင်ရှားလာခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုသို့- အာနာ, ပါန ဟူ၍ပင် သုံးသုံး၊ အဿာသ- ပဿာသဟူ၍ပင် သုံးသုံး-နာမည်မှန်သမျှ-ပညတ်ချည်းသာ ဖြစ်ပါသည်။ သို့သော်- ဝိပဿနာအရာ၌-ဝိဇ္ဇမာနပညတ်ကိုသာ-အလိုရှိအပ်ပါ၏။ ၡင်းပြင်=အမိဝမ်းတွင်း ကိန်းအောင်းခြင်းခေါ်- ဂဗ္ဘသေယျက, သတ္တဝါမှန်သမျှ၊ အမိဝမ်းတွင်းမှ ကျွတ်လွတ်စတွင်

စတင်ဖြစ်ပေါ်သော- ဝါယောဓါတ်သည်၊ ပဌမအစ၌- ရှိုက်ခြင်း, ထွက်မှု-တွန်းကန်ပြုရာမှစတင်ဖြစ်ကြရပါသည်။ထို့နောက်မှ- ရှူခြင်းဝင်မှု-ထောက်ကန်ပြုသော ဝါယောဓါတ်ဖြစ်ပွားပါသည်။

သို့သော်= အာနာပါနဘာဝနာ- အမျိုးမျိုး, ပွားများကြရာတွင်မူ၊ ရှူခြင်းဝင်မှုကို- ပဌမ၊ ရှိုက်ခြင်း, ထွက်မှုကို- ဒုတိယထား၍၊ ရှုပွားအားထုတ်မှု အစဉ်အလာရှိကြရာ၊ အဿာသ- အာန- ထွက်မှုကို= ဝင်မှုဟူ၍၎င်း၊ ပဿာသ-ပါနဝင်မှုကို- ထွက်မှုဟူ၍၎င်း၊ ပြောင်းပြန်ဖြစ်ခါ- စွဲယူနေကြပါသည်။ အချို့သော- သုတ္တာန်ဒေသနာတော်တို့တွင်လည်း၊ ဤသို့- အများသုံးစွဲလာမှု အစဉ်အလာကိုငဲ့၍၊ အဿာသ- ပဿာသ၊ အာနာပါနကိုပင်- ဝင်လေ,ထွက်လေ-ဝင်သက်, ထွက်သက်ဟူ၍-ရေးသားသုံးစွဲပေးသွားကြပါသည်။ ဤ-အဿာသ ပဿာသအစဉ်သည်- အမိဝမ်းမှ ကျွတ်ဆဲကာလ- လက်မှန်အစကိုစွဲ၍ပြသခဲ့ရာ၊ ပါဠိကိုမပြောင်းမူ၍၊ လောကလူတို့ခေါ်ဝေါ်ကြသည့်- သုံးစွဲ ပွားများကြသည့်-သဘောသို့သာ လိုက်ပါသွားရခြင်း ဖြစ်ပါသည်။ မည်သို့ဖြစ်စေ- အချင်းအရာ မှန်ကန်မှုရရှိရန်သာ- ပဓါန ဖြစ်ပါတော့သည်။

ဤ— အဿာသ- ပဿာသ၊ အာနာပါနမှု- အမြဲမဖြစ်ရှိသူနှင့်- ရံခါ မဖြစ် မရရှိသူ- ပုဂ္ဂိုလ်(၇)ယောက်ရှိပါသည်။ ၎င်းတို့မှာ၊ (၁) အမိဝမ်းတွင်း ပဋိသန္ဓေတည်နေဆဲသူ၊ (၂) ဗြဟ္မာဟူသမျှ၊ (၃) နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်၊ (၄) ပဥ္စမျာန်သမာပတ်ဝင်စားသူ၊ (၅) ရေနစ်မြုပ်သူ-ငုပ်သူ၊ (၆) မေ့မြောသွားသူ၊ (၇) ဝိညာဉ်ကင်း၍-သေခြင်းရောက်သော သူတို့ ဖြစ်ကြပါသည်။

ထို= ရှူမှုရှိုက်မှု- ဝင်ထွက်ပြုသော- ဝါယောဓါတ် ဦးစီးသည့်- အရှိန်ကလာပ်တို့နှင့်- အဇ္ဈတ္တိက- ရုပ်ခန္ဓာရုပ်တို့- အဆက်မပြတ်- ဖြစ်ပေါ်ပျက်မှု-ကြုံရတတ်သော- ဝတ္တမာန်ကာလ- သန္တာန်မျှသည်၊ ဗဟိဒ္ဓအားဖြင့်- မည်သူတဦးတယောက်ကမျှ- ဖန်တည်းပြုစုမ်းနေ၍ မဟုတ်ပါ။ အဇ္ဈတ္တအားဖြင့်လည်း ပုဂ္ဂိုလ်, သတ္တဝါ- ယောကျ်ား, မိန်းမ. ထင်စွဲယူပြု- တခုခုသော- အကောင်အထည် ဖြစ်, သဏ္ဌာန်ရုပ်ကြောင့်လည်း မဟုတ်ပါ၊ "ရူပကာယ,သင်္ခါရ" ရူပ= ရုပ်၊ ကာယ= အပေါင်းအစု၊ သင်္ခါရ= အတိတ်, ပစ္စုပ္ပန်, ပြုစီရင်ခံရမှုကြောင့်၊ အကျိုးဆက်တရား- ဖြစ်ပွားနေကြောင်းခြင်းဖြစ်ပါသည်။ ဒီနေရာမှာ- နားထွေး မသွားစေပါနှင့်၊ တိုတိုပြောရသော်=ရူပကာယ-သင်္ခါရ၏ အကျိုးဆက်တရားဟု ဆိုရာ၌၊ ကာယသင်္ခါရအကျိုးရှိနေပြီး၍- အကျိုးဆက်သောအားဖြင့်- ဖြစ်ရှိနေ

ခြင်းကို ဆိုလိုရင်းမဟုတ်ပါ။ ထိုရူပကာယသင်္ခါရ၏ အကျိုးကို- အဆက်မပြတ်အောင်- ရှုမှုရှိုက်မှု- ဖြစ်ပွားဆောင်နှင်းခြင်းဖြင့်- အကျိုးကိုဆက်ပေးသော (ဝါ) ပစ္စုပ္ပန်ဥပတ္ထမ္ဘက- ပစ္စယသတ္တိဖြင့် ထောက်ပံ့သမှု-ကျေးဇူးပြုခါ၊အကျိုးဆက်အားဖြင့်- ဖြစ်ပွားဆောင်နှင်းသောတရားဟု ပိုင်းခြားသိပါ။

ကဲ....ဒီတော့၊ ရှုမှုရှိုက်- ဘယ်သူပြု၊ ပုဂ္ဂိုလ်သတ္တဝါ- ငါမပြု၊ တစုံတယောက် ဝင်ရောက်၍လည်း မပြု၊ ရုပ်ဇီဝိတိန္ဒြေအစုကို- ဥပတ္ထမ္ဘက, ပြုမှုဖြစ်စေသော စိတ်ပရမတ် တို့ကြောင့်သာ၊ သိသည်ဖြစ်စေ= မသိသည်ဖြစ်စေ၊ လျှောင်းသည်ဖြစ်စေ၊ ထိုင်သည်ဖြစ်စေ၊ ရပ်သည်ဖြစ်စေ၊ သွားသည်ဖြစ်စေ၊ အိပ်စက်ပျော်မွေ့နေသည်ဖြစ်စေ။ နိုးကြားနေသည်ဖြစ်စေ၊ စိတ်ပရမတ်,ဝိညာဉ်ဓါတ်တို့နှင့်ယှဉ်စပ်နေရကား၊ (ဝါ) ယှဉ်စပ်နေရသမျှ ကာလပတ်လုံး၊ အထက်ပါ= အဿာသ, ပဿာသ- လွတ်ကင်းခိုက်မျိုးမှလွဲ၍၊ ဝါယောရုပ်ဓါတ်,အရှိန်ကလာပ်တို့နှင့် ဆက်စပ်ရခြင်း- သင်္ခါရစာရင်းဖြစ်ရတော့သည်။ ဤ-အာကာရပစ္စုပဋ္ဌာန်- အဿသတိ- ပဿသတိ ဖြစ်ရှိအောင်၊ သမ္မာသတိနှင့် အောက်မေ့မှတ်သိပါက၊ အချင်းအရာကို- ဆောင်နှင်းထွန်းပြနေသည်မှာ၊ ရုပ်သင်္ခါအကျိုးအဆက်ဆက်ကို- စိတ်ပရမတ်သဘ္တိတို့ကြောင့်၊ ဥပ္ပါဒနှင့် ဝယနှစ်တန်-ဓါတ်တို့ဆောင်ဟန်သဘော၌၊ ပရမတ်ဉာဏ်စော၍၊ ပုဂ္ဂိုလ်, သတ္တဝါ- ငါမဟုတ်သောသဘောနှင့် ဝိပဿနာဘာဝနာကို- ပွားများနိုင်အောင်- ဝိပဿနာ ပညာသိကနေ- လုပ်ငန်းတတ်- ပစ္စက္ခ အနုဗောဓ, ဉာဏ်အမြတ်ရအောင်- ရှေ့ဆက်၍ဆည်းပူးကြပါအုံးစို့....။

ဤသို့= အာနာပါန- သမထ, ဝိပဿနာ သဘောတို့နှင့် ပတ်သက်၍၊ သိအပ်, သိသင့်သမျှတို့ကို ပိုင်းခြားပြီးလျှင်၊ (ပဋ္ဌမ)မဟာသတိပဋ္ဌာနသုတ်တော်လာ= ရှုပွားနည်း- အကျဉ်းသဘောနှင့် (ဒုတိယ) ဝိသုဒ္ဓိမဂ်လာ- ရှုပွားနည်းအကျဉ်းသဘောတို့ကို ရိပ်စားမိရုံ ရှင်းလင်းပြပြီးလျှင်၊ (တတိယ) ပဋိသမ္ဘိဒါမဂ်လာသဘောနှင့်အညီ အာနာပါန-လက္ခဏာရမ္မဏိက ဝိပဿနာရှုပွားနည်းကိုကျက်မှတ်စရာ သံပေါက်လင်္ကာနှင့်တဖုံ- ပစ္စက္ခဉာဏ်ဟုန်ဖြင့်တသွယ်- ဒေသနာဉာဏ်အားဖြင့် ယှဉ်တွယ်၍- အာဂမယုတ္တိ- အသွက်သွယ်တို့နှင့်၊ ဤ-ဒုတိယပိုင်း စာအုပ်မှစ၍၊ တတိယပိုင်းစာအုပ်တွင်- အဆုံးထားပြီးလျှင်၊ ပြသပေးသွားပါမည်၊ သာဝကပါရမီ- ဆက်တိုင်းမှီရန်- ကြိုးစားတော်မူ ကြပါကုန်....။

# "ပဉ္စမ- မဟာသတိပဋ္ဌာနသုတ်တော်လာ"

## ရှုပွားနည်းအကျဉ်း

(၁) မဟာသတိပဋ္ဌာနသုတ်တော် အလိုအားဖြင့်- ဆရာတော် ဦးဗုဓ် ပြန်ဆိုသော- နိဿယ-အရ၊ ဝင်လေ, ထွက်လေ- ဝင်သက်, ထွက်သက်, ဟု အနက်ပေး၍၊ ဝင်ခိုက်၌- ရှည်စွာရှူခြင်း၊ ထွက်ခိုက်၌- ရှည်စွာထွက်ခြင်း၊ ဝင်ခိုက်၌-တိုစွာရှူခြင်း၊ ထွက်ခိုက်၌- တိုစွာထွက်ခြင်းကို၊ ရှုမှတ်ပွားများပေးရမည်ဟု- "ရှည်–တို" မှတ်သား ပွားများခြင်းအားဖြင့် တချက်။ ။

(၂) ထိုမှတတန်= "နှာသီးဖျား, ရင်ညွန့်, ချက်တိုင်" စသည်ဖြင့်၊ သုံးဌာနတွင်- အာရုံပြု၍- ဝင်လေ, ထွက်လေ- ဖြစ်တိုင်း၊ မပြတ်မလတ်- မှတ်သားပိုင်းခြား ပွားများခြင်းတနည်း။

(၃) ထိုသို့= နိမိတ်ထင်စွဲ- မြဲမြဲအောင် ပွားများပြီးလျှင်၊နိမိတ်ထင်မှု မြဲမြဲလာပါက၊ ကြမ်းတမ်းစွာ- ဝင်လေ, ထွက်လေ- ဖြစ်ပွားနေရာမှ၊ နူးညံ့အောင်၊ (ဝါ) ငြိမ်သက်တည်ကြည်အောင်- ရှုပွားရမည်ဟု- ညွှန်ကြားခြင်းတနည်း။

(၄) ထိုလေးမျိုးသော= ရှုပွားမှုကို၊ အတိုကောက်အားဖြင့်-"ရှည်= တို= ထင်= ငြိမ်" သမာဓိ, အရှိန်ရအောင်၊ (ဝါ) ဥပစာရသမာဓိ, သို့မဟုတ် စျာနသမာဓိကို ရရှိပါက၊ ထိုသဘောတို့ကိုပင်- အစဉ်လျောက်၍၊ ဝင်လေ, ထွက်လေနှင့် ရှုစိတ်မှတပါး၊ အခြားတပါးသော ပုဂ္ဂိုလ်, သတ္တဝါ, ပုံပန်း သဏ္ဍာန်ပျောက်ကွယ်အောင်- ရှုပွားပေးရမည်ဟု ညွှန်ကြားပါသည်။ ဤသည် ပင်လျှင် အနတ္တဉာဏ်အခြေခံကို စတင်ယူဘိ ဉာဏ်မြင်မိခြင်းကို အလိုရှိအပ် ကြောင်းဖော်ပြပါသည်။

ဤသို့- ဆက်လက် ပွားများခါ၊ ထိုအရှုခံထွက်လေ, ဝင်လေနှင့် အရှုမှန် စိတ်တရားတို့အား ဒိဋ္ဌိအားဖြင့်ရင်း၊တဏှာအားဖြင့်ရင်း၊ အတ္တ-အတ္တနိယ,အနေ အားဖြင့်ရင်း၊ နစဉပါဒိယတိ- စွဲလန်းမှု မရှိသည်တိုင်အောင်- ရှုပွားခါ၊ လက္ခဏာရေးသုံးပါး- တဖန်တင်ပြောင်းလျက်၊ ရှုပွားအားထုတ်ပေးပါဟု- ညွှန်ကြား ပြသတော်မူသော ပါဠိတော်၏စကားကို အကျဉ်းအားဖြင့် သိစေရပါမည်။

ယခုအခါ၊ ယင်း ရှုပွားနည်းအတိုင်း- အဋ္ဌကထာပိုင်းနှင့်ညှို၍ စံနစ် တကျ ပွားများသူက နည်းပါးလာပြီး၊ မိမိတို့မှိုရာ- ကမ္မဋ္ဌာနာစရိယ နည်းအရ ပွားများနေသည်ကသာ- များပြားကြပါသည်။ ရင်းပြင် မူလဝေဘန်ပြခဲ့သကဲ့

"အာတာပီ- သမ္ပဇာနော- သတိမာ" အချက်များတွင်လည်း၊ သမ္ပဇာနကရ- ဖြစ်လောက်သည့် ပညာမျိုးကို၊ (ဝါ)ဝိဇ္ဇာ်ယတနကို မပေးစွမ်းဘဲသာ အားထုတ် ခိုင်းတတ်ကြပါသည်။ ထို့ကြောင့်- ရှည်, တို, ထင်, ငြိမ်,လေးဌာနစလုံး၌ ပဇာ နာတိ- ဟူသော ပုဒ်နှင့်မညီဘဲ၊ (ဝါ) သမ္ပဇာနကာရီအားဖြင့်- ဝိပဿနာသမ္မာ ဒိဋ္ဌိပညာ- အဆင်ခြင်ဉာဏ်ဖြင့် သိမ်းဆည်းလာနိုင်ခဲ့သည် မဟုတ်ဘဲ၊ ပညာအား ဖြင့်- ပိုင်းခြားသိပေါ်တွင်- ဉာဏ်မဖြစ်လာနိုင်ဘဲသာ၊ အခေါ်ပညတ်, အာရုံ ပညတ် နှစ်ထပ်ကပ်လျက် ရှုပ်သွားနေကြခြင်းကသာ- များနေကြပါတော့သည်။

ထို့ကြောင့်= မဟာသတိပဋ္ဌာန- အဋ္ဌကထာဆရာအရှင်မြတ်သည်၊ ဤ မဟာသတိပဋ္ဌာနသုတ်တော်အရ- အားထုတ်သည်ဟု ဆိုကြငြားသော်လည်း၊ လွဲချော်နေကြ၍-လွဲချော်နေမည်ကိုစိုး၍- (ဝါ)ပညာနှစ်စားမပါဘဲ- အားထုတ် နေကြမည်ကို စိုးရိမ်၍၊ ဤသို့= သတိပေးထားပါသည်။

"သောဏ သိင်္ဂါလ ဒယောပိ၊
ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။"

ဂစ္ဆန္တောဝါ-သွားကြကုန်သော၊ သောဏသိင်္ဂါလဒယောပိ- အိမ်ခွေး, တောခွေး,အစရှိကုန်သော- တိရစ္ဆာန်တို့သည်၊ ဂစ္ဆာမီတိ-ငါတို့သွားကြကုန်၏ ဟူ၍၊ (ဝါ) ငါတို့သွားကြကုန်အံ့ဟူ၍၊ ပဇာနန္တိ-သိနိုင်ကြကုန်၏။

"နပနေတံ ဧဝရူပံ ပဇာနန္တာပိ၊
ဝိဇာနနံ သန္ဓာယ ဝုတ္တံ။"

ပန-လောကသိ,တိရစ္ဆာန်သိကို ပြဆိုဦးအံ့၊ ပဇာနန္တာပိ-လောကလူတို့ အသိ၊ တိရစ္ဆာန်တို့သိကြကုန်သော်လည်း၊ ဧဝရူပံ- ဤသို့သဘော ရှိကုန်သော၊ ဇာနနံ- လောကသိ, တိရစ္ဆာန်သိကို၊ သန္ဓာယ-ရည်ရွယ်၍၊ ဘဂဝတာ-မြတ်စွာ ဘုရားသည်၊ တေံဝစနံ-ဤ-ဂစ္ဆန္တောဝါ-ဂစ္ဆာမီတိ-ပဇာနာတိဟူသော သတိ ပဋ္ဌာနသုတ်ပါဠိတော်ကို၊ နဝုတ္တံ- ဟောကြားတော်မူသည် မဟုတ်ပေ။

ဤသို့-ပဇာနာတိ-ပညာဉာဏ်သိမဟုတ်သည်ကို၊ မဟာသတိပဋ္ဌာနသုတ် တော်၌- ဘုရားအလိုရှိတော်မူသည် မဟုတ်ပါပေ။ ရှုသိ- ရှိုက်သိ၊ ထိုင်သိ-အိပ် သိဟူသော ပါဠိတော်စကားကို လောကသိ-တိရစ္ဆာန်သိမျိုးဖြစ်သော၊ ပညာ ဉာဏ်သိ- မပါရှိသည့်သဘောကို ငါဘုရားဟောသည်မဟုတ်ပေ။ ကလျာဏ- ပုထုဇဉ်နှင့်တကွသော- သေက္ခပုဂ္ဂိုလ်- ရဟန္တာအသေက္ခပုဂ္ဂိုလ်တို့ကို-ရည်ရွယ်၍

သိမှတ်ပွားများစေခြင်းငှါ၊ ဂစ္ဆန္တော ဝါ-ဂစ္ဆန္တာမီတိ ပဇာနာတိ- အစရှိသော ပါဠိတော်စကားကို- မြတ်ဘုရား ဟောကြားတော်မူသည်ဟု- မှတ်ယူကြပါ လေကုန်။

''ဝေံရူပံ ဇာနန် နသတ္တူပလဒ္ဓိံ ပဇဟတိ၊
နအတ္တသညံ သမုဂ္ဃာဋေတိ ကမ္မဋ္ဌာနံ ဝါ
သတိပဋ္ဌာန ဘာဝနာ ဝါ နဟောတိ။''

ကသ္မာ-အဘယ့်ကြောင့်၊ လောကလူတို့၏ အသိအမှတ်-တိရစ္ဆာန်တို့၏ အသိအမှတ်ကို ဟောတော်မမူပါသနည်း၊ဝေံရူပံ-ဤသို့သဘောရှိသော၊ဇာနန်-လောကလူတို့အသိအမှတ်-တိရစ္ဆာန်တို့၏ အသိအမှတ်မျိုးသည်၊ သတ္တူပလဒ္ဓိံ-ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါးဟူသော အယူဝါဒကို၊ နပဇဟတိ-မစွန့်ပစ်နိုင်၊ အတ္တသညံ-ငါ့ကိုယ်- ငါဘဲဟူသော- အသိအမှတ်ကို၊ နသမုဂ္ဃာဋေတိ- မပယ်ခွါနိုင်၊ ကမ္မဋ္ဌာနံ ဝါ- သမထကမ္မဋ္ဌာန်း ပွားများခြင်းသည်ရင်း၊ သတိပဋ္ဌာန ဘာဝနာ ဝါ-သတိပဋ္ဌာန်ဘာဝနာပွားများခြင်းသည်ရင်း၊ နဟောတိ- မဖြစ်၊ တသ္မာ-ထို့ကြောင့်၊ ဝေံရူပံ- ဤသို့သဘောရှိသော- လောကလူတို့၏ အသိအမှတ်-တိရစ္ဆာန်တို့၏ အသိအမှတ်မျိုးကို၊ သန္ဓာယ-ရည်ရွယ်၍၊ ဂစ္ဆန္တော ဝါ-ဂစ္ဆန္တာမီတိ- ပဇာနာတိ- အစရှိသော-သတိပဋ္ဌာန်ပါဠိတော်စကားကို၊ နဝုတ္တံ-ဟောတော်မူသည်မဟုတ်ပေ။

ဤသို့- မြတ်ဘုရားရှင်အလိုကျ- အဋ္ဌကထာဆရာမြတ်၏-ဖွင့်ဆိုသတိပေး ညွှန်ကြားခြင်းကို လေးမြတ်စွာ လိုက်နာကျင့်သုံးသင့်ပါသည်၊ သို့မှသာ- ဘုရားရှင်၏ အလိုတော်ကျလည်းဖြစ်၊မိမိဝဋ်မှ ထွက်မြောက်လိုသည်နှင့်လည်း ညီညွတ်နိုင်မည်ဖြစ်ပါသည်။ ထိုသို့-ဒိဋ္ဌိ, တဏှာ- တန်းလန်းပါ၍- တရားရရှိနိုင်စရာ အကြောင်းမရှိကောင်းသည်ကိုလည်း အထက်က, ပြဆိုအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုတဖန်- အဋ္ဌကထာဆရာ အရှင်မြတ်ကပင် ဆက်လက်၍....

''ဣမဿ ပန ဘိက္ခုနော သတ္တူပလဒ္ဓိံ ပဇဟတိ၊
အတ္တသညံ သမုဂ္ဃာဋေတိ ကမ္မဋ္ဌာနဉ္စေဝ၊
သတိ ပဋ္ဌာနဘာဝနာစ ဟောတိ။''

ပန-ကလျာဏ ပုထုဇဉ်စသော, သေက္ခပုဂ္ဂိုလ်-ရဟန္တာ,အသေက္ခပုဂ္ဂိုလ် တို့၏ အသိအမှတ်မျိုးကို ပြဆိုဦးအံ့၊ ဣမဿ-ဤသတိပဋ္ဌာန် ဝိပဿနာကိုပွား

များသော၊ ဘိက္ခုနေ-ရဟန်း၏၊ ဇာနနံ-အသိအမှတ်မျိုးသည်၊ သတ္တုပလဒ္ဓိံ- ပုဂ္ဂိုလ်, သတ္တဝါဟူသော အယူဝါဒကို၊ ပဇဟတိ-စွန့်ပယ်၏၊ အတ္တသညံ- ငါ ကိုယ်, ငါဘဲ ဟူသော- အသိအမှတ်သညာကို၊ သမုဂ္ဃာဋေတိ- ပယ်စွန့်ခွါ၏၊ ကမ္မဋ္ဌာနဉ္စေဝ-သမထကမ္မဋ္ဌာန်းပွားများခြင်းသည်ရင်း၊သတိပဋ္ဌာနဘာဝနာစ- သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာပွားများခြင်းသည်ရင်း၊ ဟောတိ-ဖြစ်၏။

ဤသို့-ကလျာဏပုထုဇဉ်သေက္ခ= ရဟန္တာအသေက္ခ ပုဂ္ဂိုလ်တို့၏- အသိ မျိုးဖြင့်-(ဝါ)ဒိဋ္ဌိ ငါ-တဏှာငါ- မာနငါ-မပါသော- အသိအမှတ်မျိုးဖြင့် ပွား များခြင်းကို အလိုရှိသည်ဖြစ်၍သာ"ပဇာနာတိ"ပုဒ်နှင့် ဟောတော်မူခဲ့ခြင်းဖြစ် ပါသည်။ လောက- လူတို့အသိ- တိရစ္ဆာန်တို့အသိမျိုးဖြင့်ပွားများပါက၊ သတိ ပဋ္ဌာန်- သမထလည်း မမည်၊ ဝိပဿနာလည်း မမည်နိုင်ပါကလားဟု တထစ်ချ သိမှတ်ရပါသည်။

ထို့ကြောင့်-ဘုရားအဆုံးအမ- သမထသည်ရင်း၊ ဝိပဿနာသည်ရင်း၊ သာသနာတော်တွင်း ထွန်းလင်းတောက်ပသော တရားဖြစ်ပါ၍၊ သတိပဋ္ဌာန် သမထသည်လည်း ဝဋ်မှထွက်မြောက်ကြောင်းအစ ပညာယှဉ်သမာဓိပင် ဖြစ်ရ ပါမည်။ သတိပဋ္ဌာန်- ဝိပဿနာသည်လည်း- ပညာဦးစီးသော သမာဓိနှင့်သာ ပြီးစေရမည်ဟု ပိုင်းခြားသိအပ်ရပါသည်။

အထက်ဖေါ်ပြပါ၊ မဟာသတိပဋ္ဌာနသုတ်တော်လာ- ရှုနည်း အကျဉ်း (၁)(၂)(၃)(၄)အားဖြင့် ဖေါ်ပြခဲ့သော "ရှည်-တို-ထင်-ငြိမ်" အချက်များ ကို-ပုဂ္ဂိုလ်, သတ္တဝါမဖက်-ပွားများနိုင်အောင်- ဝိပဿနာသမ္မာဒိဋ္ဌိ ပညာသည် အရေးကြီးဆုံး- အဓိကအကျဆုံး အခြေခံဖြစ်ပါသည်။

ယခုအခါ၌၊ ယေဘုယျများသောအားဖြင့် သမ္ပဇာနကာရီ-ပဇာနာတိ မည်သော၊မဖေါက်မပြန် ယထာဘူတဉာဏ်ဖြင့်၊ သမ္ပဇဉ်ဉာဏ် ဆင်ခြင်ရန် ပညာ ကိုလည်း မဆည်းပူး, မရရှိဘဲလျက်ရင်း၊ ပဇာနာတိ- ပညာသိအားဖြင့်လည်း ရုပ်နာမ်ခန္ဓာတို့၌ ပညာသိအားဖြင့် မရှိဘဲလျက်ရင်း၊ (ဝါ) ဝိဇ္ဇာဋ္ဌာန- ဝိဇ္ဇာ ယတနတို့ကို မဖြည့်စွမ်း-မပေးငြား- မဆည်းပူးစေဘဲလျက်နှင့်- စရဏသက်သက် ဒီလိုလုပ်- ဒီလိုရှု- ဒီလိုရှိုက်ဟု- အမျိုးမျိုးအဖုံဖုံကြုံဆုံသလို-ပြုလုပ်နေကြပြီးမှ၊ ဘယ်သူတော့- စိတ်နောက်သွားပေါ့= ဘယ်သူတော့, လေလွင့်သွားပေါ့စသည် ဖြင့် ဘုရားတရားတော်မြတ်အပေါ်- အပြစ်တင်၍၊ ကမ္မဋ္ဌာန်းဆို- ကြောက်ဘို့ ကောင်းသည်ဟု- အတင်သေး-အမြင်မှားခြင်းတို့ ဖြစ်ပွားကြရတော့သည်။

ထို့ကြောင့်၊သာသနာတွင်းအခါ-ထွန်းကားရာကား၊ သမထသက်သက် ဈာန်ရချက်နှင့် အဘိညာဉ်တက်ဘို့သည်၊ အနတ္တကို ရိပ်စားမိနေသူများဖြစ်က၊

ထိပ်ဖျားအထိ, သမထမပေါက်ရောက်နိုင်ဘဲ ရှိတတ်ကြရပါသည်၊ ထို့ကြောင့် သာသနာပအခါ-အနတ္တဆိုတာကို-စကားမျှလေသံ-မကြားမသိဘူးသောအခင်း နှင့်အားထုတ်ကြခြင်းကြောင့်၊ဈာနလာဘီ-အဘိညာဉ်တည်သောခေတ်နှင့် လျော် ညီစွာ ဈာန်ကစားကြသူတို့ကြောင့်- မြေပြင်တွင် နေပြောက်မထိုးအောင် ဖြစ်ရှိ သော သာသနာပခေတ်ကို မျှော်တွေးကြည့်ပါက၊ သာသနာတော်တွင်းသည်- ဝိပဿနာ ပညာဘာဝနာ ထွန်းကားရာကာလ ဖြစ်ပါသည်။ ထို့ပြင်လည်း လောကီဈာန်နှင့် အဘိညာဉ်ကိုပြီးလိုပါက၊အိမ်ထောင်,သားမွေး, စွန့်ရေးညီညာ ကြိုးစားပါမှ- အထွဋ်အထိပ်သို့ရောက်ရှိနိုင်ပါသည်။ ဝိပဿနာ ဘာဝနာမှာမူ၊ အာဂါရ-အနာဂါရ-နှစ်လမ်းစလုံး၌ပင်- မဂ်ဉာဏ် အထွဋ်အထိပ်ရနိုင်ပါသော လမ်းစဉ်မြတ်ဖြစ်ပါသည်။

ဤသဘောသွားများကို-သတိကြပ်ကြပ်ထားပြီးလျှင် သတိပဋ္ဌာန်တရား တော်မြတ်ကို၊ သမထ ရှေ့ထား ပွားများသူတို့အဘို့၌လည်း၊ သမ္ပဇာနကရနှင့် ပဇာနာတိ ဖြစ်ရှိရေးအတွက်၊ဝိဇ္ဇာဋ္ဌာန-ဝိဇ္ဇာယတန-ခိုအောင်းရရှိရေးဖြစ်သော ဝိပဿနာသမ္မာဒိဋ္ဌိပညာကို ရှေးဦးစွာပေးကြဘို့- ရှေးဦးစွာ ရယူဆည်းပူးကြဘို့ သည်=ပဓါနအချုပ်အားဖြင့် ပြုလုပ်သင့်ကြပါသည်။ ဖြစ်တတ်စွာကြ- အလေ့ အထမှာ၊ ယူသူကတော့- မိမိယုံကြည်-နီးစပ်ရာကို- တရားရှာဆည်းပူးလိုသော အခါ၊ ချဉ်းကပ်လာတတ်ကြမည်မှာ- ဓမ္မတာပင်ဖြစ်ရာ၊ပေးသူတို့မှသာ-တကယ် တရားလိုလား-ဝင်ရထားကိုရပ်စေလိုသူမှန်ပါက၊တရားလိုချင်တာထက်- အလိုရှိ အပ်ရာမှ စတင်ယူသင့်ကြောင်းကို ဝေဘန်မြှ၍-နေရာတကျဖြစ်စေအောင် သွန် သင်ညွှန်ပြ ပေးကြဘို့အရေးသည်- ဒေသကတာဝန်၌ အရေးအကြီးဆုံးပင် ဖြစ် ပါသည်။ ထို့ကြောင့်=တရားလိုလားဓမ္မဝေနေယျများကို-တကယ်ပင် သနား ကြင်နာကြပါက၊ အထက်ပါ- ဘုရားအလိုကျ- အဋ္ဌကထာဆရာ ရှင်းပြသော သဘောများအရ၊ မည်သည့်နည်းဖြင့်- အာနာပါန အလုပ်ကိုပေးပေး၊ တဏှာ ဒိဋ္ဌိ- ဖြုတ်ရေးညီစွာတွင် ဝိစိကိစ္ဆာ မရှုပ်ထွေးစေရအောင် ကခါလွှန်မြောက် ဝိသုဒ္ဓိအစဉ်ရောက်ရန် ရှေးဦးစွာ ပြုလုပ်ပေးထိုက်- ခံယူထိုက်ကြကြောင်းကို အလေးအနက်ထား၍ တိုက်တွန်းလိုက်ရပါသည်။

အထက်ပါ- ဖွင့်ဆိုချက် ''သတ္တုပလဒ္ဓိ ပဇဟတိ'' ပုဂ္ဂိုလ်, သတ္တဝါ, ငါဟူသော- ဒိဋ္ဌိ,တဏှာ,နှစ်ဖြာကို စွန့်ပြီးခြင်းရှိသည့်- အသိအမှတ်မျိုးဖြင့်သာ ပွားများအားထုတ်အပ်သော၊ အာနာပါနသတိပဋ္ဌာန်သည်၊ ''ရှည်- တို-ထင်- ငြိမ်'' လေးမျိုးအားဖြင့် အားထုတ်ပါလျှင်၊ သမထစတုက္က- အာဒိကမ္မိက စတုက္ကလို့ခေါ်ပါတယ်၊ ထိုလေးပါးသော- အချင်းအရာဖြင့်- အားထုတ်ခြင်း

သည်၊ အကာယ်၍ မှန်ကန်ပါက၊ "ကာယ- ဝေဒနာ- စိတ္တ- ဓမ္မာ" သတိပဋ္ဌာန် လေးပါး၌ အကျွမ်းဝင်တတ်ရကား၊ ထိုလေးပါးနှင့် မြှောက်ပွားသော် (၁၆) ပါး၊ (၁၆)နည်းဟု ဖြစ်၏။ ၎င်းကို-ရှုမှုရိုက်မှု- နှစ်ခုနှင့်မြှောက်သော်(၃၂) နည်းဟူ၍ ဖြစ်၏။ ဤသို့- သမထစတုက္က- အာဒိကမ္မိက စတုက္ကမှ စရသော်လည်း ဝိပဿနာသမ္မာဒိဋ္ဌိ ပညာကေန်ရှိသူသည်၊ မိမိလိုအပ်သော- သမထ, သမာဓိကို ရရှိပါက၊ ထိုသမထ, သမာဓိ မျှသည်- ဘုရားသာသနာတော် တည်းဟူသော- ဝေဘူလတောင်ပေါ်သို့ ရောက်ရှိပါလျက်၊ ထိုသမထ, သမာဓိမျှဖြင့် မွေ့လျော် ပျော်ပိုက်နေပါက၊ ကျောက်စလစ်ခဲမျှကိုသာ ကောက်ယူရာ ကျမှာပါလားဟူ သော တန်ဘိုးမဲ့ခြင်းကို၊ မိမိကိုယ်တိုင်ရှိ- ဝိပဿနာသမ္မာဒိဋ္ဌိ ပညာဖြင့်သိ၍၊ ထို ကျောက်စလစ်ခဲကို စွန့်လွှတ်ပြီးလျှင်- ပတ္တမြားကျောက်မျက်ရွဲကိုသာ တခဲနက် ကောက်ယူနိုင်အောင် ကြိုးစားမှာ အမှန်ဖြစ်ပါတော့သည်။ ထို့ကြောင့်=ဝိပဿ နာ သမ္မာဒိဋ္ဌိပညာရှိသည့်- ပရိယောသာန- ကလျာဏကေန်-သေက္ခပုဂ္ဂိုလ်အမှန် တို့သည်။ ဘုရားသာသနာတည်းဟူသော၊ မဂ်ဉာဏ်ပတ္တမြားရှိရာ ဝေဘူလတောင် သို့ရောက်ပါလျက်၊ ကျောက်စရစ်ခဲတည်းဟူသော- သမထစတုက္ကတွင်- မမက် မော- မနစ်မြောဘဲ၊ (ဝါ)ကျောက်စရစ်ခဲမျှကို ကောက်ယူဆုပ်ခါ- ဟုတ်လှပြီ မထင်တော့ဘဲ၊ မုချစွန့်ပစ်၍- မဂ်ပတ္တမြားကို ကေန်ရအောင်- ကြိုးစားရန်ကို လည်း ဝိသုဒ္ဓိမဂ်၌၊ ဤသို့- ထုတ်ဆိုတော်မူပါသည်။

"သေက္ခ ပုထုဇ္ဇနာနံ သမာပတ္တိယော ဝုဋ္ဌာယ
သမာဟိတေန စိတ္တေန ဝိပ္ပသိဿာ မာတိ
ဘာဝယတာဝိပဿနာယ ပဋ္ဌာနတ္တာ အပ္ပနာ
သမာဓိဘာဝနာပိ သမ္ပာဒေ ဩကာသာမိဂမ
ဝသေန ဥပစာရသမာဓိ ဘာဝနာပိ ဝိပဿနံ
အာနိသံသော ဟောတိ။"

သေက္ခပုထုဇ္ဇနာနံ- ပရိယောသာန ကလျာဏပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့ အား၊ သမာပတ္တိယော- သမာပတ်မှ၊ (ဝါ) စျာန်အင်္ဂါတပါးပါးကို ရရှိပြီး- ဝင်စားပွားနေဆဲမှ၊ ဝုဋ္ဌာယ- ထ၍၊ သမာဟိတေန- တည်ကြည်သော စိတ်ဖြင့် ဝိပ္ပသိဿာ- ဝိပဿနာဘာဝနာသို့တက်၍- ရှုမှတ်ပွားများကုန်အံ့၊ ဣတိမနသိ ကတွာ- ဤသို့- ပညာဦးခေါင်း- ယောနိသော မနသီကာရကောင်းဖြင့် နှလုံး

သွင်း၍၊ ဘာဝယတာ, ဘာဝယန္တော- မိမိဆည်းပူးအပ်ပြီး- ဝိပဿနာဘာဝနာနည်းကို ပွားများအားထုတ်သော ယောဂါဝစပုပုဂ္ဂိုလ်အား၊ ဝိပဿနာယ- ဝိပဿနာမဂ်, ဘာဝနာ၏၊ ပဋ္ဌာနတ္တာ- အကြောင်းအဖြစ်ကြောင့်၊ အပ္ပနာသမာဓိ- အပ္ပနာသမာဓိဘာဝနာသည်၊ သမ္ဘာဒေ- ကျဉ်းမြောင်းသောအရာ၌၊ ဩကာသာမိဂမဝသေန- အခွင့်ကို ရသည်၏ အစွမ်းဖြင့်၊ ဥပစာရ သမာဓိဘာဝနာပိ- ဥပစာရဘာဝနာသည်လည်း၊ ဝိပဿနာနိသံသာ- ဝိပဿနာမဂ် ဟူသော- အကျိုးရှိသည်၊ ဟောတိ- ဖြစ်၏။ ။

(၁) ဤသို့= မဟာသတိပဋ္ဌာနသုတ်တော်လာ- အာနာပါန သတိပဋ္ဌာန်ဘာဝနာသည်၊ အစ၏ ကောင်းခြင်း သမထ, ဘာဝနာဖြစ်အောင် "သမ္ဗုဇ္ဈာနကာရိ- ပဇာနာတိ" ဟူသော၊ ပညာနှစ်ပါး ပြည့်ပြည့်ငြားရမည့် ဘုရားအလိုတော်နှင့်အညီ၊ "သတ္တုပလဒ္ဓိ ပဇပဟာတိ" ဟူသော အဋ္ဌကထာဆရာအရှင်မြတ် ညွှန်ပြအပ်သည်နှင့်အံဝင်ဂွင်ကျစွာ-သမ္မာဒိဋ္ဌိပညာဃှဉ်လျက်-ပွားများအားထုတ်နိုင်သဖြင့် အစ၏ကောင်းခြင်းနှင့် ပြည့်စုံဝေဖြာပြီးလျှင်....

(၂) ချာန်အင်္ဂါတပါးပါးကို ရရှိစေကာ၊ သို့မဟုတ်= ရင့်ကျက်သော ဥပစာရသမာဓိ ရရှိစေကာ၊ ထိုဥပစာရသမာဓိကို- အခြေပါဒကပြု၍၊ မိမိရရှိပြီးသော- ဝိပဿနာသမ္မာဒိဋ္ဌိပညာဖြင့်- ဝိပဿနာဘာဝနာမဂ်ကို ရသည်အထိ၊ ပွားများ- အားထုတ်နိုင်ခြင်းဖြစ်သော အလယ်၏ ကောင်းခြင်းတွင် ရပ်တည်လျက်....

(၃) ထိုမှတဖန်=အကြောင်းမှန်- ဝိပဿနာမဂ်အဆက်ဆက်တို့ကြောင့် မဂ္ဂအပ္ပနာကို- အာသဝေန ပစ္စည်းထိုက်သက်အောင်၊ ယခု- ပစ္စက္ခဘဝ၌ရင်း၊ စုတိ ခါနီးကာ၌ရင်း၊ သေပြီးတမလွန်- ဘဝကောင်း, ဘဝမွန်၌ရင်း၊ အရိယာမဂ်ကို-ရရှိခြင်းသည်၊ မဟာသတိပဋ္ဌာနသုတ်တော်လာ- အာနာပါန-သမထဝိပဿနာ, ဘာဝနာမြတ်၏-အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံစေအပ်သော၊ အရိယသဉ်္ဈ- ရေတွက်ခံ၍- ဝင်သုံးတန်မှ- လွတ်ကြောင်းခံကေန်ဖြစ်ရာ၊ မိမိကိုယ်တိုင်- ယခုအခါ- ဝေဘန်၍- အမှန်သိအပ်ပြီဖြစ်သည့်အတိုင်း၊ တရားရှာရာမှာ- မဟာသတိပဋ္ဌာနသုတ်တော်လာ- အာနာပါနဘာဝနာကို ပွားများရန် အခိုင်းခံရပါက၊ အမှန်ဖြစ်ရေး- စစ်ဆေးခံယူနိုင်ကြပြီဖြစ်၍၊ ယထာဘူတ, ဉာဏ်, အချက်ကို- လေးနက်စွာ ရထားအပ်ပြီဟု ယုံကြည်မှု ရှိကြရပါတော့သည်။

# ဒုတိယ-ဝိသုဒ္ဓိမဂ်လာ- ရှုပွားနည်းအကျဉ်း

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအရ၊ ရှုပွားနည်းတွင်လည်း၊ လေးပါးသော-အချင်းအရာအားဖြင့် ရှုပွားရ၍၊ ထိုအာနာပါန- သမထစျာန်ကိုပင်၊ ဝသီဘော်ငါးတန်ပြည့်စုံအောင် ဆောင်နှင်းလျက်၊ ဝိပဿနာသို့တက်၍ ရှုပွားရသော- သဘောများပင် ဖြစ်ပါသည်၊ ၎င်းနည်းသဘောများကို အကျဉ်းအားဖြင့် ပြဆိုသွားပါမည်။ ထိုအစီအရင်ကို-အကျဉ်းချုံး၍ပင် (ပရမတ္ထသရုပ)၌ ဆိုအပ်သည်မှာ....။

ဂဏနာ စာ'နုဗန္ဓနာ၊ ဖုသနာ ဌာပနာပိစ၊
သလ္လက္ခဏာ ဝိဝဋ္ဋနာ၊ ပါရိသုဒ္ဓိစ ပဿနာ။

ဂဏနာစ- ဝင်သက်လေ ထွက်သက်လေကို၊ တစ် နှစ် သုံး,လေး,ငါး, စသည်ဖြင့်၊ ရေတွက်မှတ်သားခြင်း၎င်း၊ အနုဗန္ဓနာ-အစဉ်လိုက်၍ မှတ်ခြင်း၎င်း၊ ဖုသနာ- နှာသီး, ရင်ညွန့်, ချက်တိုင်စသော ဌာနကို- ထိပါးရာ၌ မှတ်ခြင်း၎င်း၊ ဌပနာပိစ-စိတ်ကိုအာရုံ၌ကောင်းစွာထားခြင်း၎င်း၊ သလ္လက္ခဏာ- အနိစ္စစသော လက္ခဏာရေး သုံးပါးတို့ဖြင့်- ပွားများခြင်း၎င်း၊ ဝိဝဋ္ဋနာ- ဝဋ်မှကင်းသော-ဝိပဿနာမဂ် အရိယာမဂ်၎င်း၊ ပါရိသုဒ္ဓိစ-ဆိုင်ရာကိလေသာ ငြိမ်းအေး၍-ထက်ဝန်းကျင်စင်ကြယ်သော ဖိုလ်၎င်း၊ ပဿနာ- မဂ်ဖိုလ်နိဗ္ဗာန်တို့ကို- ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာ၎င်း၊ ဝေံ- ဤသို့သောအစီအရင်ဖြင့်၊ ပဿတိ-ရှုပွားအပ်၏။ ။

အထက်ပါ-လေးပါးသော-အချင်းအရာအားဖြင့်-ပွားများ၍ ဝိပဿနာ ဘာဝနာထက်သို့ သက်ဝင်အောင်ပွားများရမည်ဟု- ညွှန်ပြပါသည်၊ ထိုလေးပါးသော ပွားများပုံများကို- ရိပ်စားမိရန် အကျဉ်းမျှပြဆိုလိုက်ပါသည်။

(၁) **ဂဏနာနည်း။** ။ဝင်လေကို-တစ်, နှစ်, သုံး, လေး, ငါး,စသည်ဖြင့်- စိတ်မှ ရေတွက်၍ မှတ်သားခြင်း၊ တဖန်ထွက်လေကိုလည်း တစ်, နှစ်,သုံး, လေး, ငါး, စသည်ဖြင့် ရေတွက်မှတ်သား- ပွားများရပါမည်။ထိုသို့ ၁-မှ ၁၀- အထိ အတွင်းတွင်၊မိမိနှစ်သက်,လိုက်ဖက်ရာ-သင်္ချာအမှတ်ကိုယူ၍ ပွားများပေးပါ၊ သင်္ချာအမှတ်ကို ပိုချည်တခါ-လျော့တလှဲ့ မပြုလုပ်ရပါ၊ ပွားများမှန်၍-မြဲမြံလာသော်လည်း သင်္ချာကို တိုး ဆုတ်မလုပ်ရပါ၊ပဌမ နှေးနှေးမှန်မှန်မှ တစ, တစ-လျှင်မြန်လာခြင်း-သိမ့်မွေ့လာခြင်းကိုသာ ဖြစ်စေရပါမည်၊ သင်္ချာရေတွက်ရာ ဌာနကိုလည်း-ရောက်သောနေရာ,ထိသောနေရာ, တခုစီမှ တခုစီသို့-ပြောင်း

လဲ၍ မမှတ်ရပါ။ ထိုသို့ မြဲမြဲစွာ ပွားများလျက်- ပရိကမ္မနိမိတ်ကို ဖြစ်စေရာပါသည်၊ ထိုမှတဆင့်- အမှတ်ပျောက်၍(ဝါ)မှတ်စရာမလိုတော့ဘဲ၊ မိမိမှတ်သားမြဖြစ်သော သင်္ချာဖြင့်-မြဲသောသတိသည် အစတစ,ဖြစ်တိုင်း၌ဇင်း၊ အဆုံးအားဖြင့်ဇင်း၊ အစအဆုံး-သင်္ချာကိုသိ၍ ပွားများလာနိုင်လျှင် ဥဂ္ဂဟနိမိတ်သို့ဝင်ရောက်နိုင်စပြုပြီဟုသိပါ၊ ထိုမှတက်၍ စွဲမြဲလာလျှင် ပဋိဘာဂနိမိတ် ဖြစ်သော(ဝါ)အပ္ပနာအာရုံဖြစ်ထိုက်သော နိမိတ်ကိုရရှိလာပါလိမ့်မည်။ထိုသို့-ဖြစ်ရှိက ဥပစာရသမာဓိမြဲလာပြီဟုသိပါ၊ ထိုဥပစာသမာဓိမျှ အတွင်းဝယ်-အပ္ပနာအာရုံ-ပဋိဘာဂနိမိတ်ကို ထပ်တလဲလဲ တိုးတက်ရရှိလာနိုင်ပါသည်။ထိုမှအထက်ကား-အောက်ပါဆက်လက်ပြသသည့်-ဝိပဿနာဘက်သို့ ကူးရန်ဖြစ်ပါသည်၊ဤဂဏနာနည်းသည်-သမထရှေ့ ဝိပဿနာနောက်နည်းပင် ဖြစ်ပါသည်။

**အနုဗန္ဓနာနည်း**။ ။ ဤ အနုဗန္ဓနာနည်းကို- ဂဏနာနည်းမှ- စတင်,အားထုတ်ပြီး၊ အာရုံတပါးစိတ်မသွားဘဲ- တည်ငြိမ်နိုင်သော- ဥပစာရသမာဓိမှစတင်၍၊ ဂဏနာနည်းမှ- သင်္ချာမှတ်သားမှုကို လွှတ်၍ဇင်း၊ သို့မဟုတ်- ဂဏနာနည်းကို လုံးဝအခြေမခံဘဲ- အနုဗန္ဓနာနည်းသက်သက်ဖြစ်သော- နှာသီးဖျား,ချက်တိုင် အစနှင့်အဆုံး=အဆုံးနှင့်အစတို့သို့- ဝင်လေ,ထွက်လေတို့ အစဉ်လိုက်ဖြစ်ပုံကို မှတ်သားပွားများ ပေးရပါမည်၊ ထိုအခါ-အထင်ရှားဆုံးသော နှာသီးဖျား- ချက်တိုင်သည်သာ အာရုံရရှိတတ်ပါသည်၊ (ဝါ) ပရိကမ္မနိမိတ်ဖြစ်ရှိတတ်ပါသည်၊ ဤ= စ, ဆုံး, အစဉ်မှတပါး- ပျံ့လွင့်၍မသွားစေဘဲ· ၄/၅- ရက်ခန့်ပွားများမိလျှင်- အာရုံတပါးစိတ်မသွားသော ငြိမ်သက်မှု ရရှိလာတတ်ပါသည်။ထိုသို့- အစဉ်လျှောက်၍- ရှုပွားနေမှုသည်၊ တစတစ- လွန်ကဲလာပါက၊ ဝင်လေ၌- ချက်တိုင်မျှမက- အဇ္ဈတ္တအရ တကိုယ်လုံးပျံ့နှံ့သွားခြင်းကိုဇင်း၊ ဗဟိဒ္ဓအရ, နှာသီးဖျားမျှမက၊ ထွက်လေ၌ လက်နှစ်လုံး- လက်လေးလုံး-တမိုက်တထွာအထိ၊ ထွက်ရှိတတ်ပုံကိုဇင်း၊ အစဉ်လိုက်မှု၏ အမျှင်တန်းအားဖြင့်- ဥဂ္ဂဟနိမိတ်ဖြစ်ရှိ လာတတ်ပါသည်၊ ဤနေရာ၌- အပြင်အာရုံလိုက်ခြင်းသည်- သမထ,သက်သက် ဖြစ်သွားတတ်ပါသည်၊ တဖန်- ထိုထွက်လေအမျှင်တန်းတွင်- နီလ,ပီတိ, လောဟိတ, ဩဒါတ အရောင်အဆင်း- အလင်းကသိုဏ်းတပါးပါးအဖြစ်သို့လည်း- ပြောင်းလဲသွားတတ်ပါသည်။ ထိုအခါ- နှာသီးဖျားအဆုံးထားမှုပျောက်၍- တစ,တစ လည်း အဇ္ဈတ္တသဘောပါ ပျောက်ကွယ်သွားတတ်ပါသည်၊ ထို့ကြောင့်- အပြင်အာရုံပြောင်းလဲမှု မဖြစ်အောင်- နှာသီးဖျားကို တွေ့ထိလာလ အဆုံးအပိုင်းထား၍-သိမ်းဆည်းပေးရပါမည်။ အဇ္ဈတ္တအနေအားဖြင့်တကိုယ်လုံး ပျံ့နှံ့မှုကိုလည်း တစ,တစ ရောက်သွားမိလျှင်- ပြန်၍ကြို့ရန် မှတ်

သွားပေးရပါမည်။ အကယ်၍-မိမိသည်- ဥပစာရသမာဓိတန်းကို၊ ထိုသို့-တကိုယ်လုံးလျှောက် ပျံ့နှံ့မှုအစဉ်မပျောက်ဘဲ- အဇ္ဈတ္တိကအာရုံ- မြဲမြဲအောင်ယူ၍ အတ္တသညာသုံးဆိတ်အောင်ရှုခါ၊ ဝိပဿနာဘာဝနာဘက်ကို တက်ယူပွားများနိုင်ပါသည်။ ဤ၌= ရှေးဦးစွာ ဝိပဿနာပညာပိုင်မှုနှင့် ပစ္စက္ခပွားများ မျက်မှောက်ပြုမှု- အဇ္ဈတ္တအာရုံခိုင်မြဲမှု-နှစ်ဘက်လုံးလောက်မှသာ ပြောင်းရွှေ့ရှုသင့်ပါသည်၊ သို့မဟုတ်မူက- ထိုကဲ့သို့- နှစ်ချက်ပြည့်စုံသည်အထိ၊ ဤ-အနုဗန္ဓနာနည်းအတိုင်း သမာဓိအခြေခံ ခိုင်မြဲအောင်- ဆက်လက်ပွားများပေးနေရပါမည်။ ဦးဇင်းတို့ဆက်ပြမည့် ကျင့်စဉ်နှင့် မပါတ်သက်၍- ဤမျှနှင့်- မိမိတို့၊ ဤသို့- ပွားများနေမိလျှင် အမှားမရှိအောင်- ရိပ်စားမိလျှင်- သင့်တော်လောက်ပါပြီ။ ဤ- အနုဗန္ဓနာနည်းသည်လည်း- သမထရှေ့- ဝိပဿနာနောက်ထား၍- ပွားများရသောနည်းဖြစ်ရာ- အထက်နည်းကဲ့သို့ပင်- ဆရာနှင့် မကွေမကွာ- ပွားများကျင့်သုံးခြင်းရှိမှ- ပိုမိုသင့်မြတ်သော- နည်းများ ဖြစ်ပါသည်။

**ဖုသနာနည်း ။** ။ဤ-ဖုသနာနည်းသည်ကား၊ ဝင်လေ့ထွက်လေတို့၏ တွေ့ထိရာဌာနကို မှတ်သား၍၊ ရှုပွားသော နည်းဖြစ်ပါသည်။ အထက်ပါ= အနုဗန္ဓနာနည်းမှ- ရှေးဦးစွာ-နှာသီးဖျား- ချက်တိုင်- နှစ်ဌာနသည် အစဉ်-ထင်ရှားခြင်းရှိရာ၊ ၎င်းနှစ်ခု ထိသိမှုကို အခြေခံ၍ မြဲမြဲလာသောအခါ၊ နှလုံးအထက် ရင်ညွန့်ကိုပါ- ထည့်စွက်၍- သုံးဌာနစလုံး-ဝင်တိုင်း, ထွက်တိုင်း သိထိကို- အာရုံပြု၍ ရှုမှတ် ပွားများသော နည်းဖြစ်ပါသည်၊ ၎င်းသည်- ထိ့ဘက်၌-ဌာနနှင့်- အာကာရကို လေဟူ၍- ယူခြင်းကြောင့် ပညတ်အာရုံဖြစ်သည်၊ သိ့သည်စိတ်နာမ်ဖြစ်၍ ပရမတ်အာရုံဖြစ်သည်၊ ထို့ကြောင့်– သမထ, ဝိပဿနာ တူစုံတွဲ၍ ရှုရသော- ဘာဝနာမျိုးလည်း ဖြစ်ပါသည်၊ သို့သော်= ထိုနည်းကို သမထရှေ့- ဝိပဿနာနောက်ထား၍သာ အသင်အပြ များကြပါသည်။ ဝိပဿနာသမ္မာဒိဋ္ဌိပညာ- အခြေခံပိုင်နိုင်သူ ဖြစ်ပါက၊ သမထ, ဝိပဿနာတူစုံနည်းအားဖြင့် ပြသပေးနိုင်စွမ်းရှိလျှင်၊ ပိုမိုထိရောက် အကျိုးလျှင်စွာ မြောက်နိုင်သော ရှုကွက်မျိုးဖြစ်ပါသည်။ သမထရှေ့ထားလျှင် ဌာနနှင့် အာကာရ ထိ့တရား၌သာ- အာရုံလေးနက်, ပေါ်လွင်တတ်ပါသည်။ ထိုကဲ့သို့- ''ဖုသနာ-ထိမှု'' ဥပစာရသမာဓိ- ခိုင်မြဲတည်ရှိလာပြီးမှ- ''သိ''တရားဘက်သို့ ပြောင်းရွှေ့ပေး၍၊ ခွဲခြားခါ- ဝိပဿနာတက်လျှင်လည်း ရနိုင်ပါသည်။ သို့မဟုတ်= တူစုံအားဖြင့်သဘောတွင်၊ ''ထိ''သုံးချက်၌၊ ''သိ''ပါစွက်၍- မပြတ်ရှုမှတ်ပွားများပေးရပါမည်။

ဤအခါ၌= ပရိကမ္မနိမိတ်· မသက်ဝင်· မဘက်ယှဉ်နိုင်ပါ၊ ထို့ဘက်၌သာ- အခြေခံယူပါလျှင်မူ၊ သမထ ပရိကမ္မနိမိတ်- ဖြစ်ရှိလာတတ်ပါသည်။ တခါတရံတွင်မူ၊ အနည်းငယ်-ကြည်တည်ခိုင်မြဲလာစဉ်၊ (ဝါ)ခိုင်မြဲမှု-နုသေးစဉ်ကာလ၌၊ပရိကမ္မ-သမထနိမိတ်ပေါ်တတ်ပါသည်၊ သမထ, ဝိပဿနာတူစုံရှုမည်ဆိုလျှင်-၎င်းနိမိတ်ကို ပယ်ဖျက်ပေးရပါမည်၊ ‘ထိ’ သဘောတွင်ဌာနပျောက်၍ ‘‘သိ’’မပျောက်ဘဲ၊ ‘‘ထိနှင့်သိ’’သာ- တူစုံမိအောင် အထပ်ထပ် ရှုပွားပေးရပါမည်။ ပထမအစတော့- ဌာနပါ့, ပါဝင်နေတတ်သေးပါသည်၊ သမထနိမိတ်ကို လက်မခံဘဲ-နှလုံးမသွင်းမိစေဘဲ· ပယ်ဖျောက်ခါ-ဆက်လက်ပွားများပေးပါက၊ ဌာနပျောက်သွားပါလိမ့်မည်။ ထိုသို့-ဌာနပျောက်သည်မှစ၍၊ သမထ ဝိပဿနာ တူစုံရှုမှုမြောက်လာပြီဟု အားတက်ပါ၊ ဆက်လက်၍ စွဲမြဲစွာပွားများပေးလျှင်- သင်္ခါရနိမိတ် အာရုံထက်သို့ (ဝါ) အရှုခံအမှန် သင်္ခါရနိမိတ် ဖြစ်ရှိလာခြင်းသို့ ရောက်ပါလိမ့်မည်၊ ထိုသဘောသည်-သုံးဌာနမှတ်ရခြင်းနှင့် မှတ်ရာဌာနပျောက်ပြီးမှ ပေါ်အပ်,ရအပ်သော သင်္ခါရနိမိတ်ဖြစ်ပါသည်၊ ဒီနေရာမှာ- ဥပစာရသမာဓိ- ယှဉ်နေပုံစိတ်ချရလျှင်- လက္ခဏာရေးသုံးပါး သွားမတင်ပါနှင့်အုံး၊ (ဝါ) အနိစ္စပါကလားလို့- နောက်စိတ်ကလိုက်၍ မဆင်ခြင်ပါနဲ့အုံး၊ (ဝါ) သင်္ခါရနိမိတ်က- ဖေါ်ပြတဲ့- အနိစ္စလက္ခဏာကို မမြင်ရသေးဘဲ၊ မိမိက, အနိစ္စာနုပဿနာလုပ်ပြီး ဆင်ခြင်စိတ်နဲ့- နောက်ကလိုက်၍- မရှုပါနဲ့အုံး၊ ထိုသင်္ခါရနိမိတ်က (ဝါ) ထိသိ, သုံးချက် ‘ဖြစ်ပျက်’’ဆက်နေတဲ့- သင်္ခါရနိမိတ်က အနိစ္စလက္ခဏာထင်ရှားလာသည်အထိ၊ မိမိရရ ဆက်လက်ပွားများပေးပါ၊ တစတစ, လက္ခဏာရ၍ အနုပဿနာဉာဏ်ပါ· တက္ကက်ပြီး, ဏာက္ကက် ဝင်လာပါလိမ့်မည်။ ပဌမတွင် ခပ်ကြဲကြဲသာ ရပါလိမ့်မည်၊ ရှုကွက်ကိုသာ- အပြင်အာရုံနှင့်- ဘဝင်ဟုန်အခြားနဲ့အောင်- သတိနဲ့ ဝီရိယက, တည်ကြည်မှု သမာဓိရော့မသွားစေဘဲ၊ ထိန်းချုပ်ပွားများပေးပါ။ ညီညွတ်လာလျှင်—မမြင်ချင်၍- မနေရတော့သော အနိစ္စလက္ခဏာနှင့် အနိစ္စာနုပဿနာသည်၊ မည်သည့်- ပုဂ္ဂိုလ်,သတ္တဝါက- ဖန်ဆင်းထားသည်လည်း မဟုတ်၊ မိမိဟူသော အတ္တ၌ဖြစ်မှုလည်း မဟုတ်၊ မိမိဟူသော အတ္တဘောမှ- မျက်မှောက် ပြုမြင်နေရခြင်းလည်း မဟုတ်သော- အနိစ္စလက္ခဏာကိုသာ ထင်ရှားဆောင်နေသည့် အနိစ္စာနုပဿနာဉာဏ်အစစ်ကို ရရှိလာပါလိမ့်မည်၊ ထိုမှ- ရှေ့ဆက်၍ ဝိပဿနာသတိကို- မပျက်မကွက် အမှန်ငင်တတ်၍- ပွားများနိုင်ပြီဟု ဓမ္မပြသံဟိတပါမောဇ္ဇ- အားဖြင့်၊ အား တက် ရွှင် လန်း, ကြိုးစားခန်း ပွင့်လန်းလာတော့မည်မှာ- တိုက်တွန်းစရာ မလိုတော့ဘဲ- ဖြစ်ရှိလာပါလိမ့်မည်။

သို့သော်.... မူလ- ဝိပဿနာနယ်ႇသမ္မာဒိဋ္ဌိပညာ ကြွယ်ဝဘို့သည် အရေးကြီးပါသည်၊ သင်ပေး၍ရသော- အသိပညာကို အသင်မခံဘဲ၊ သင်ပေး၍မရသော- မဂ်ဉာဏ်ကို လိုချင်နေ၍ ရနိုင်မည် မဟုတ်ပါ၊ ထို့ကြောင့်- ဤ ဖုသနာနည်းသည် အားထုတ်ရာ၌ လွယ်ကူစွာ အကျိုးသက်ရောက်မှု- ဖြစ်ရှိနိုင်သော်လည်း၊ ဝိပဿနာသမ္မာဒိဋ္ဌိပညာကြွယ်ဝအောင်မူ၊ စွဲမြဲစွာယူနိုင်မှ- ကောင်းစွာအောင်လံထူနိုင်မည့် သဘောဖြစ်ပါသည်။ ကဲ—ဤမျှဆိုလျှင်- ဤ-ဖုသနာနည်းသဘောကို ရိပ်စားနိုင်ပြီဖြစ်၍၊ မိမိတို့များ- အဲဒီလို အားထုတ်မိတဲ့ အပိုင်းထဲရောက်နေလျှင်၊ ပြုပြင်ပေးသွားနိုင်ကြပြီ ဖြစ်ပါသည်။

**ဌပနာနည်း။** ။ငင်းသဘောသည် နည်းဟုဆိုအပ်သော တသီးတခြားရှုကွက်တခု အနေအားဖြင့် မဟုတ်ပါ။ အဓိပ္ပါယ်သဘောမှာ- ရအပ်ပြီးသော ပဋိဘာဂနိမိတ်၌စိတ်ကိုကောင်းစွာထားခြင်း၊ (ဝါ)တည်ကြည်ခိုင်မြဲမြံစွာထား၍ ဈာနအပ္ပနာဖြစ်ပွားအောင် ပွားများနိုင်သည်အထိ စွမ်းဆောင်ပါဟု ညွှန်ကြားခြင်းသာဖြစ်ပါသည်၊ ထို့ကြောင့်–သမထစတုက္က သဘော၌သာ အဓိက အကျုံးဝင်သော ညွှန်ကြားချက်ဖြစ်ပါသည်။ (မဂ္ဂအပ္ပနမှာမူ ထိုသို့- ညွှန်ကြားစရာမလိုဘဲ၊ အထက်ဉာဏ်စဉ်နှင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာကိုသာ အမြဲထွန်းကားအောင် ရှက်ဆောင်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိအောင်- မပြတ်ကြိုးစားပေးပါဟု ဆိုစရာရှိပါသည်။ထို့ကြောင့်—ဤ- ဌပနာသဘောသည်၊ ပဋိဘာဂနိမိတ် မလျော့ပါးရေးနှင့် ဈာနအပ္ပနာ- ဖြစ်ရှိရေးအတွက် စိတ်ကို ကောင်းစွာထား၍ ဝိတက်ႇ ဝိစာရႇ ပီတိႇ သုခႇမှ ဧကဂ္ဂတာတိုင် ပဋိဘာဂနိမိတ်၌၊(ဝါ)ပဋိဘာဂနိမိတ်ကို မစွန့်မူ၍ ဈာနအပ္ပနာဖြစ်ရှိအောင်-တယုတယႇ မွေးမြူအားထုတ်ပေးပါဟု ဆိုလိုခြင်းသာဖြစ်ပြီး အသီးအခြားနည်း မဟုတ်တော့ပါပေ။

ဤသို့=အထက်ပါ-နည်းလေးပါးဖြစ်သော–ဂဏနာႇအနုဗန္ဓနာႇဖုသနာႇဌပနာႇသဘောတို့ဖြင့် ပါဒကဈာန်အခြေခံရအောင်-ကြိုးစားအားထုတ်ပြီးလျှင်၊ အောက်ပါလေးချက်ကိုမူ- ဝိပဿနာတက်ရန်ဟု အဆိုပြုႇ ညွှန်ကြားတော်မူပါသည်။ ၎င်းတို့မှာ– သလ္လက္ခဏာႇ ဝိဝဋ္ဋနာႇ ပါရိသုဒ္ဓိႇ ပဋိပဿနာ- ဟူသော—လေးချက်ဖြစ်ပါသည်။

**သလ္လက္ခဏာ။** ။သလ္လက္ခဏာဆိုသည်မှာ– သမထအခြေခံမှ- ဝိပဿနာတက်လိုသူသည်၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏ လက္ခဏာကို-ကောင်းစွာ မှတ်သားပိုင်းခြားဆက်လက်ရှုပွားပါဟု ညွှန်ကြားခြင်းဖြစ်ပါသည်။ ။တနည်း= ရအပ်အခြေခံ- ထိုဈာန်ကိုပင်-

လက္ခဏာရေးသုံးပါး- တင်ပြေးရှုပွားပါဟုလည်း ဆိုအပ်ပါသည်။ ထိုသို့-ရုပ်နာမ်အာရုံပေါ်ရောက်၍- လက္ခဏာရေးသုံးပါးမြောက်အောင်-ပွားများသော ယောဂီအား ...

ဝိဝဋ္ဋနာ။ ။ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်သော-ဝိပဿနာမဂ်- လောကုတ္တရာမဂ်တို့သို့- ချဉ်းနင်းဝင်ရောက်-ရရှိမြောက်သည်ဖြစ်၍-

ပါရိသုဒ္ဓိ။ ။ဆိုင်ရာကိလေသာအပေါင်းမှ စင်ကြယ်သော အရိယဖိုလ်ကို ရရှိရာဝယ်....

ပဋိပဿနာ။ ။ပစ္စဝေက္ခဏာ- ထပ်၍ဆင်ခြင်ခါ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ကုန်၊ ကျန်၊ ကိလေ- ငြိမ်းသွေ့-ကြွင်းခြင်း- အခင်းခင်းကို၊ ကိုယ်တိုင်ဆင်ခြင်၍- သိသည်အထိ- ရှုကြည့်ပြည့်စုံခြင်းကို ဆိုအပ်ပါသည်။ ။

ဤသို့-အာနာပါနဘာဝနာနှင့်ပတ်သက်၍၊ သမထနယ်၊ ထူထောင်ဘွယ်နှင့်ဝိပဿနာနယ်-သက်ဝင်ရခြင်း သဘောတို့ကို၊မဟာသတိပဋ္ဌာန သုတ်တော်နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ညွှန်ကြားတော်မူချက်များကို-ရိပ်စားသိရှိပြုပြင်နိုင်အောင် ပြဆိုအပ်ပြီးဖြစ်၍၊ ယခုအခါ- သင်္ခါရသလ္လက္ခဏာ-သဘောဖြစ်သော ဝိပဿနာ ရှေ့ သမထနောက်ပွားများနည်းကို- ဆက်လက်၍- ဤစာအုပ်တွင် အစထားပြီး တတိယပိုင်းစာအုပ်တွင် အလယ်နှင့် အဆုံးထားကာ၊ ပြသ၍ပေးသွားမည်- ဖြစ်ပါသဖြင့်-ဆက်လက် ကြိုးစားပါလေ။

---

ပဋိသမ္ဘိဒါမဂ်လာ သဘောနှင့် အညီ

# တတိယ-အာနာပါန လက္ခဏာရေးမွှေကြိကာ ဝိပဿနာ ရှုပွားနည်း

ဤနည်းသည်၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမှ သလ္လက္ခဏာနည်းကိုပင် ဆိုလိုပါသည်၊ ထိုဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌- ဖွင့်ဆိုချက်တို့သည်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှ ဆင်းသက်ခဲ့ပါသည်၊ ထိုသည့်အထဲမှ- စတုက္ကလေးမျိုး(၁၆)ပါးတို့တွင်၊ ကြွင်း(၁၂)ပါးတို့သည်၊ မဟာသတိပဋ္ဌာနသုတ်တော်နည်းနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနည်းတို့တွင် အကျုံးဝင်သွားပြီးဖြစ်၍၊ပဋိသမ္ဘိဒါမဂ်မှ-စတုတ္ထ၊ စတုက္ကနည်းကို သာလျှင် အခြေခံ၍- ရှုကွက်နှင့်တကွ- ညာဏ်စဉ် တက်ပုံများအထိ- ဆက်လက်ပြ

ဆိုပေးသွားမည် ဖြစ်ပါသည်၊ ထိုစတုတ္ထ- စတုက္ကသဘောကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်- စာမျက်နှာ ၃၇၃=၃၇၄-တို့၌....။

"အနိစ္စာ နုပဿီ အဿာသ ပဿာသာနံ
ဝိရာဂါ နုပဿီ နိရောဓါ နုပဿီ
ပဋိနိဿဂ္ဂါ နုပဿီ အဿာသာမီတိ သိက္ခတိ
ပဋိနိဿဂ္ဂါ နုပဿီ ပဿာသာမီတိ သိက္ခတိ။"

အဿာသ ပဿာသာနံ= ရှူ–ရှိုက်နှစ်တန်–ရုပ်ဖြစ်ပျက်ဟန်–အမှန်ဆောင်နှင်း- ဓါတ်သဘောအခင်းတို့ကို၊

အနိစ္စာ နုပဿီ= မမြဲကေန်–အနိစ္စနှင့်အနိစ္စလက္ခဏာမှန်သည့်'ဖြစ်ပျက်' နှစ်တန်ကို၊ အနိစ္စ နုပဿနာဆိုက်အောင်- အဖန်ဖန် ရှုပွားလျက်၊

ဝိရာဂါ နုပဿီ= "ဖြစ်ပျက်" သင်္ခါရတို့၏- ခဏဘင်ှဟူသော၊ ခယ ဝိရာဂ- ရာဂ ကုန်ခမ်းကြောင်းနှင့် တကွ ဖြစ်သော ဝိပဿနာမဂ်ဉာဏ်နှင့်ပြည့်စုံသည်ဖြစ်၍....၊

နိရောဓါ နုပဿီ= "ရုပ်နာမ်နှစ်ဝ– ဖြစ် ပျက်" သ ခ်ါ ရ ၏၊ ချုပ် ခြင်း ဟူသော၊ခဏနိရောဓနိဗ္ဗာန်ကို ရှေးရှုသော- ဝိပဿနာ မဂ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍....

ပဋိနိဿဂ္ဂါနုပဿီ= ရုပ်နာမ်နှစ်ဝ–ခန္ဓာဘိသင်္ခါရနှင့်တကွ၊ကိလေသပာနံကို၊ တဒင်္ဂ, သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်စွန့်တတ်သောကြောင့်"ပဋိစ္စာဂ ပဋိနိဿဂ္ဂ"ကို၊ဝိပဿနာမဂ်- အတန်တန်ဖြင့် ရရှိစေလျက်၊ စေတောဝိမုတ္တိ- ဘေးရှိ ဧရယာဉ်–သင်္ခါရတခွင်မှ- အသင်္ခတမည်တွင်- နိဗ္ဗာန် ခွင်သို့-ကျွတ်လွှတ်ပြေးဝင်တတ်သောကြောင့်"ပက္ခန္ဒန ပဋိနိဿဂ္ဂ"ကိုလည်း၊ သင်္ခါရုပေက္ခာ–ဝိပဿနာ, မဂ် ဉာဏ်မဟာနှင့်- အစဉ်မက္ခာရရှိစေလျက်၊ ရှေ့ရှေ့ ဉာဏ်တို့၏- နောက်နောက်ဉာဏ်၌= မဂ်ဉာဏ်အား လျော်သော "အနုလောမ ပဋိပဒါ"ပည်သည့် ဝိပဿ နာ, ပဂ်မဟာတို့နှင့် ပြည့်စုံသည်ဖြစ်၍....၊

အဿ သိဿာမိ= ရှုုမှု- အာကာရ ပစ္စုပဋ္ဌာန် "ဖြစ်ပျက်" ဉာဏ်မှ- သဘာဝပစ္စုပဋ္ဌာန်-သင်္ခါရကို စွန့်လွှတ်ရန်- အထက် မဂ်ဉာဏ်တိုင်အောင် ရှုပေအံ့....၊

ပဿသိဿာမိ= ရှိုက်မှု- အာကာရ ပစ္စုပဋ္ဌာန် "ဖြစ်ပျက်" ဉာဏ်မှ- သဘာဝပစ္စုပဋ္ဌာန်- သင်္ခါရအမှန်၌၊ ကိလေသာတို့- ချုပ်ငြိမ်းရန် ဧကန်ရှုပေအံ့....၊

ဣတိ= ဤသို့-ဝိပဿနာပညာအရှိ-ဝိဝဋ္ဋအဇ္ဈာသယအကါဖြင့်

သိက္ခတိ= ကျင့်၏။ (ဝါ)ကျင့်ကြံပွားများအားထုတ်ရာ၏။

အထက်ပါ-ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူအပ်သော သဘော ကိုကြည့်ပါက၊ အာနာပါနသတိပဋ္ဌာန်-ဝိပဿနာ ဘာဝနာအရာ၌၊သလ္လက္ခဏာ နည်းဖြစ်သော- ပရမတ္ထ, အာရုံလက္ခဏာ-မြတ်စွမ့ကို အခြေခံ၍၊ ဝိပဿနာရှေ့ သမထနောက်ထားခါ၊ ဝိပဿနာစစ်စစ်ပွားများပါက၊ ဝိပဿနာ မဂ်အစစ်ရရှိ ကာ၊ တဒင်္ဂပဟာနမှ-သမုစ္ဆေဒ, ပဟာနတိုင်အောင်- ပဋိနိဿဂ္ဂါနုပဿီအားဖြင့် သင်္ခတ,သင်္ခါရတို့ကို-စွန့်လွှတ်ထွက်မြောက်ခြင်း၊ ပြေးဝင်ထွက်မြောက်ခြင်း၊ခယ ဝိရာဂ-ကိလေသာရာဂတို့ ချုပ်ငြိမ်း၍-ဝဋ်မှထွက်မြောက်ခြင်းကို-ဧကန်ဆောင် နှင်းတတ်သည်ဖြစ်၍၊ အနုလောမ- ပဋိပဒါနှင့်အညီ (ဝါ) ပြဆိုအပ်ပြီးသော- မဇ္ဈိမပဋိပဒါနှင့်လည်းအညီ ပွားများအားထုတ်ရပါ၏- ကျင့်ကြံအားထုတ်ရ ပါ၏ဟု ညွှန်ကြားပေးသနားတော်မူခဲ့ပါသည်။ .

ထိုသို့- သင်္ခါရသလ္လက္ခဏာနည်းဟု ဆိုအပ်သော၊အာနာပါန-ဝိပဿနာ စစ်စစ်- ဖြစ်ခြင်း၏ အာရုံသည်၊ ပရမတ်ဖြစ်သော အာရုံလက္ခဏာ, မြတ်စွမ့၌သာ ဖြစ်ခြင်းရှိရကား။ လက္ခဏာရမ္မဏိက-ဝိပဿနာဟူ၍ စတင်ခေါ်ဆိုအပ်၏၊ထိုမှ- ရှေ့ဆက်, တဆင့်တက်သော်- သင်္ခါရလျှင်- အာရုံဝင်မည် ဖြစ်ခြင်းကြောင့်၊ သင်္ခါရာရမ္မဏိက-ဝိပဿနာဟူ၍-ခေါ်ဝေါ်ခြင်းသို့ရောက်အပ်၏။ ထိုမှတဆင့်- ရှေ့သို့ မြင့်သော်-သင်္ခါရမှ လွတ်သော (ဝါ)သင်္ခါရကို လျစ်လျူရှုအပ်ပြီး၍- သင်္ခါရမှလွတ်သော "ပဋိစ္စာဂ ပဋိနိဿဂ္ဂနှင့်-ပက္ခန္ဒနပဋိနိဿဂ္ဂသို့- သက်ဝင်၍ အာရမ္မဏ ပဋိဝေဓ= အသမ္မောဟပဋိဝေဓ အစွမ်းဖြင့်- အရိယသစ္စာလေးအင် ကို- မျက်မှောက်ထင်ထင်- ထက်ဝန်းကျင်မြင်အပ်သည်ဖြစ်ခါ၊မဂ်ညွှန့်ဖိုလ်ပန်း ဆွတ်လှမ်းနိုင်သော အရိယာတန်းသို့- သက်ဝင်ရရှိနိုင်ခြင်းကို-ဖြစ်စေရပါတော့ သည်။ ။ဤသဘောသွားနှင့် သက်ဝင်ပုံများကို- ဉာဏ်စေစားနိုင်ရန်-ဇယား ကွက်နှင့် အကျဉ်းဖေါ်ပြပေးလိုက်ပါသည်။ ။

“အာနာပါန ဝိပဿနာ ရှုပွါးရပုံ ကြောင်းကျိုးပြ ဇယား”

| အရှုခံ=အာရုံတရား | အပြုမှန်–အားထုတ်မှုတရား | အရှုမှန်=အားထုတ်သည့်တရား | အရမှန်=အကျိုးဉာဏ်တရား |
| --- | --- | --- | --- |
| ရှုမှု ရှိုက်မှု<br>ဝင်ပြု ထွက်ပြု<br>အာကာရပစ္စုပ္ပဋ္ဌာန်စုဖြင့်<br>ဆောင်သော<br>သဘာဝလက္ခဏာတရားကို<br>လက္ခဏူပနိဇ္ဈာနာနုစျာန်<br>ဖြစ်စေလျက်<br>ဖြစ်မှု ပျက်မှု<br>သဘာဝပစ္စုပ္ပဋ္ဌာန်အားဖြင့်<br>ဆောင်သော<br>သင်္ခါရမှု နိမိတ္တာစုကို<br>အနိမိတ္တ,အပ္ပဏိဟိတ,သုညတ<br>ဖြစ်စေမှု | သတ္တပုလဒ္ဓိ ပဇ္ဇဟတိ-အရ<br>ပုဗ္ဗကရဏသုံးပါးနှင့်<br>ပြည့်ဝသော<br>သမ္မာသတိမဂ္ဂင်<br>သမ္မာဝါယမ မဂ္ဂင်<br>ဝိဝဋ္ဋ သမ္မပ္ပဓာန် လေးပါး<br>သမ္မာသမာဓိ<br>ဝိဝဋ္ဋ ပဏိတ သမာဓိနှင့်<br>ယှဉ်ဘက်<br>မဂ္ဂသမ္ပယုတ္တဓမ္မများ | သမ္မာဒိဋ္ဌိ မဂ္ဂင်<br>သမ္မာသင်္ကပ္ပမဂ္ဂင် ယှဉ်<br>ယောနိသောမနသိကာရ<br>အယှဉ်နှင့်<br>ပြည့်စုံသော<br>မနောဒွါရဝဇ္ဇာန်းစိတ် | မဟာကုသိုလ် မဟာကြိယာ<br>မဂ္ဂင်ယှဉ်စိတ်ဖြင့် ရသည့်<br>(အနိစ္စဉာဏ် အဓိပစ္စယံ)<br>သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်<br>ဘင်္ဂဉာဏ်<br>(ဒုက္ခဉာဏ်=အဓိပစ္စယံ)<br>ဘယ-အာဒိနဝ-နိဗ္ဗိဒါဉာဏ်<br>(အနတ္တဉာဏ်-အဓိပစ္စယံ)<br>မုဉ္စိတုကမျတာ- ပဋိသင်္ခါ<br>သင်္ခါရုပေက္ခာအနုလောမဉာဏ်<br>နှင့်<br>မဂ်ဉာဏ် လေးပါး<br>ဖိုလ်ဉာဏ် လေးပါး။ |
| အကျိုး = | အကြောင်း= | အကြောင်း= | အကျိုး |
| ဒုက္ခသစ္စာ | မဂ္ဂသစ္စာ | ဒုက္ခမည်သောအကျိုးတစိပ်နှင့်<br>မဂ္ဂမည်သောအကြောင်းဟိတ် | နိရောဓသစ္စာ |

ဆရာတော့် သံဃာတော်မြတ်အပေါင်းနှင့်-ယောဂီသူတော်စင်အပေါင်းတို့.... တောင်းပန်အပ်ပါသည်၊ ယခု-(ဒုတိယ)ပိုင်း အနေဖြင့် ဟောစဉ် ကျင့်စဉ် တရားတော်များကို အတတ်နိုင်ဆုံး- အသင့်လျော်ဆုံး- အကျဉ်းချုံး၍- ပြသလာခဲ့ရာ၊ ပညာသိ=ဝိပဿနာ မချိုတဲ့စေလို၍၊ တစ တစ အားဖြင့်၊ ပြသရင်း စာအုပ်၏ ရည်မှန်းထားချက် စာမျက်နှာသို့- ရောက်ရှိလွန်မြောက်သွားရပါတော့သည်။ သို့ပါ၍- အထက်ပါ ဇယားကို ရှင်းလင်းမပြတော့ဘဲ၊ ဤ= အကျဉ်းမျှဖြင့် ချန်လှပ်၍- (တတိယပိုင်း) စာအုပ်ကျမှ- ဆက်လက်ထည့်သွင်း ရှင်းလင်းပြသပါရစေဟု- တောင်းပန်သမှု ပြုရပါသည်။ ၎င်းပြင်= ရှေ့ဆက်ပြမည့် လုပ်ငန်းဝင် ကျင့်စဉ်- သံပေါက်ကလေးကိုလည်း ဆက်လက်၍ သင့်သမျှ- ဖော်ပြပေးလိုက်ပါဦးမည်။ ၎င်းကိုလည်း- ဤ(ဒုတိယပိုင်း)ကို ကျေညက်အောင် ဘတ်ရှုဆည်းပူးရင်း- ကျက်မှတ်ထားစေလိုပါသည်။ ၎င်းသံပေါက်လင်္ကာများကို- တပိုဒ်ချင်း ရှင်းလင်း၍- အပြည့်အစုံရှုကွက်နှင့်တကွ- ဆင်ခြင်ဉာဏ်, ထင်မြင်ဉာဏ်, မျက်မှောက်မြင်ဉာဏ်,များကိုပါ၊ အာဂမယုတ္တိ-သဘာဝယုတ္တိများနှင့် ဒေသနာဉာဏ်- ပစ္စက္ခဉာဏ်များကို- ဖော်ပြပေးသွားပါမည်။ ကျင့်စဉ်ရှုကွက်နှင့် ပတ်သက်သော သံပေါက်များကို၊ ယခု- ဒုတိယပိုင်းအပြီးသတ်အနေဖြင့် ဖော်ပြလိုက်ပါသည်။....

ထို့ကြောင့်၊ ယခု- ပေးအပ်ပြဆိုလာသော- ဝိပဿနာအစစ်- သုတ, စိန္တာနှင့် ဉာတ, တီရဏ ပရိညာအဖြစ်ကို၊ ဘာဝနာမယ- ပဟာနပရိညာတထစ်ထိုး၍၊ သံသရာ အညစ်ဆိုးမှ- ထွက်မြောက်လိုသော- ယောဂီ သူမြတ်တို့သည်၊ တတိယပိုင်းတွင် ဆက်လက်ညွှန်ပြမည့်- သန္ဒိဋ္ဌိကဓမ္မ, ဉာဏ်စဉ်များကို ရစေသော (၁) ယောဂီ၏ ရှေ့ဦးစွာ ပြည့်စုံထိုက်သော တရား၊ (၂) ဆန့်ကျင်ဘက်အာရုံတို့မှ ထွက်မြောက်ပုံ၊ (၃) တရားရှာ ကိုယ်မှာတွေ့သဘော၊ (၄) ရှုကွက်ဉာဏ်ဟုန် ပွားများပုံ၊ (၅) ယင်ရှားမျက်မှောက် သစ္စာဉာဏ်ရောက်ပုံ၊ (၆) ဉာဏ်စဉ်ဇယား အကျယ်ပြထားပုံ၊ (၇) မဂ်ဝင်ဖိုလ်ရ- ဝိမောက္ခ ရှင်းတပ်ဇယား၊ (၈) မြတ်သုပန်ထွာ- နိဗ္ဗာန်မှာ- အစရှိသော မာတိကာများကို- အမှူးထား၍ ထွက်ပေါ်လာမည်ဖြစ်ရာ၊ အောက်ပါ-လင်္ကာကလေးများကို ကျက်မှတ်ထားပြီး တတိယပိုင်းကို- ဆက်လက်ရယူခါ- မဟာဉာဏ်အောင် ဝိပဿနာမဂ်အခေါင်ကို ထူထောင်တော်မူကြပါလေ။

# အာနာပါန-လက္ခဏာရမ္မဏိက-ဝိပဿနာ

## ''အကျဉ်းသံပေါက် လင်္ကာ''

(ထောက်ကန့်- အေး,မာ၊ ဖွဲ့စည်းခါ၊ တွန်းကန့်- ပူ,ပျော့-ယိုစီးသဘော)

## ''လက္ခဏာရမ္မဏိက-ဝိပဿနာပိုင်း''

၁။ ထောက်ကန့်-အေးမှု၊ တင်းမာစု၊ ဖွဲ့ပြုရှုခိုက်မှာ။
၂။ တွန်းကန့်-ပူမှု၊ ပျော့ညွှံစု၊ ယိုပြုရှိုက်ခိုက်မှာ။
၃။ ရှုရှိုက်နှစ်တန်၊ ရုပ်ဖြစ်ဟန်၊ ကေန်လေးပါးပါ။
၄။ ထောက်ကန့်- ဝါယော၊ အေး, တေဇော၊ မာ,သော ပထဝီ။
၅။ ဖွဲ့စည်း, အာပေါ၊ သူ့သဘော၊ ရှုသောရုပ်ဆောင်ပြီ။
၆။ ရှုခိုက်ထင်ရှား၊ ရုပ်တရား၊ လေးပါးကွဲပါစီ။
၇။ ထောက်ကန့်,သိလျက် အေး,မာချက်၊ ဖြစ်ပျက်မြင်ပါစီ။
၈။ တွန်းကန့်, ဝါယော၊ ပူ,တေဇော၊ ပျော့သောပထဝီ။
၉။ ယိုစီးအာပေါ၊ သူ့သဘော၊ ရှိုက်သောရုပ်ဆောင်ပြီ။
၁၀။ ရှိုက်ခိုက်ထင်ရှား၊ ရုပ်တရား၊ လေးပါးကွဲပါစီ။
၁၁။ တွန်းကန်သိလျက်၊ ပူပျော့ချက်၊ ဖြစ်ပျက်မြင်ပါစီ။
၁၂။ လေးပါးမကွဲ၊ ဃနတွဲ၊ အစွဲအတ္တဖြာ။
၁၃။ လေးပါးဓါတ်စဉ်၊ ကွဲ၍မြင်၊ ဉာဏ်လျှင်အနတ္တာ။
၁၄။ အနတ္တမှု၊ အစဉ်ရှု၊ အနုပဿနာ။
၁၅။ ထိုအနတ္တ၊ ရှုစဉ်မှ၊ ရှိုက်ရာမလိုက်ပါ။
၁၆။ ဤအနတ္တ၊ ရှိုက်စဉ်မှ၊ ရှုဘက်မပါပါ။
၁၇။ ရှုခိုက်စလယ်၊ သုံးချက်ဝယ်၊ တကယ်မမြဲပါ။
၁၈။ ရှိုက်ခိုက်စလယ်၊ သုံးချက်ဝယ်၊ တကယ်မမြဲပါ။
၁၉။ အမှန်ဖေါ်ပြ၊ ရုပ်နာမ်မှ၊ ဖြစ်က ပျက်ရတာ။
၂၀။ ဖြစ်ပျက်အစဉ်၊ ရှုရှိုက်တွင်၊ ဉာဏ်မြင်ဖြစ်အောင်သာ။
၂၁။ ငါမပါဘဲ၊ ဓါတ်သုံးတွဲ၊ ကွဲအောင်ရှုပေးပါ။
၂၂။ ကွဲသည့်ဓါတ်ထဲ၊ ပျက်မမြဲ၊ ရှုဆဲစိတ်လဲပါ။
၁၃။ ရှုစိတ်မမြဲ၊ ရုပ်မမြဲ၊ စုံတွဲအနိစ္စာ။
၂၄။ ထိုအနိစ္စ၊ စဉ်တိုက်ပြ၊ နာမ်က ရုပ်နှင့်မကွာ။

## သင်္ခါရာရမ္မဏိက — ဝိပဿနာပိုင်း

၂၅။ ရုပ် နိမိတ္တံ၊ နာမ် ပဝတ္တံ၊ ကေန်မမြဲပါ။
၂၆။ နိစ္စကုန်ဆုံး၊ အနတ္တတုံး၊ ပျက်ပြုန်းသင်္ခါရာ။
၂၇။ ဖြစ်ပျက်ရုပ်နာမ်၊ အနတ္တံ၊ ကေန်နိမိတ္တာ။
၂၈။ အတ္တသုဉ်းဆိတ်၊ ထိုနိမိတ်၊ နိစ္စကေန်ကွာတော့တာ။
၂၉။ နိစ္စခုခါထား၊ အနတ္တတရား၊ ဖြစ်ငြားဒုက္ခမြင်ပြန်တာ။
၃၀။ ဖြစ်ပြန်ဒုက္ခ၊ ပျက်အနိစ္စ၊ ဘင်္ဂသွင်ဟာ ထင်ရှားလာ။
၃၁။ ဘင်္ဂပျက်ဉာဏ်၊ မြင်မသန်၊ ဖြစ်ပျက်ဉာဏ်ဟာ မပျောက်ရာ။
၃၂။ ဖြစ်ပျက်မပျေ့ာ်၊ ရှုရှုက်နေ့ာ်၊ မဖေါက်ဉာဏ်မြင်-ယှဉ်ထားပါ။
၃၃။ ဝီရိယလွန်သော်၊ သတိချော်၊ ဥဒ္ဓစ္စနေ့ာ်ဝင်တတ်ပေ။
၃၄။ ဝီရိယနဲ့သော်၊ တွန့်ဆုတ်ပေါ်၊ ကောသဇ္ဇနေ့ာ် ဖြစ်တတ်ပေ။
၃၅။ သုံးပါးဓါတ်စဉ်၊ ကွဲခါပင်၊ အစဉ်ဖြစ်ပျက် မြင်ပါစေ။
၃၆။ ထိုမှရှေ့တွင်၊ အပျက်မြင်၊ ဘင်္ဂဉာဏ်သွင်ဝင်တတ်ပေ။
၃၇။ ဘင်္ဂသဘော၊ စိတ်ကလော၊ စောကြောမကြံသင့်ပေ။
၃၈။ ဖြစ်ပျက်နှစ်တန်၊ ဖြစ်အောင်ကြံ၊ ကေန်လောဘပါ။
၃၉။ ဖြစ်ပျက်နှစ်တန်၊ ပျက်အောင်ကြံ၊ အမှန်ဒေါသပါ။
၄၀။ ဖြစ်ပျက်နှစ်တန်၊ မမြင်ပြန်၊ ကေန်မောဟပါ။
၄၁။ မောဟကင်းခါ၊ ဖြစ်ပျက်သာ၊ မြင်အောင်ရှုနေပါ။
၄၂။ ဖြစ်ပျက်ရင့်သန်၊ ဘင်္ဂဉာဏ်၊ ကေန်ရမည်သာ။
၄၃။ ဘင်္ဂဉာဏ်လောက်၊ ကေန်ရောက်၊ မဂ်ပေါက်လမ်းစ မှန်ပြီမှတ်။
၄၄။ ရှေ့ဆက်ဉာဏ်စဉ်၊ သူ့လမ်းတွင်၊ မဂ္ဂင်ကပင် လှမ်းလိမ့်မှတ်။
၄၅။ မပြတ်နိစ္စ၊ ပွားများမှ၊ တိုးတက်ဉာဏ်စဉ် ဝင်မည်မှတ်။
၄၆။ တိုးတက်မရှိ၊ စစ်ဆေးကြည့်၊ လိုသည့်ဘက်ကို ညှိ။
၄၇။ သဒ္ဓါ, ပညာ၊ ဝီရိယာ, သမာဓိ၊ နှစ်ဘက်ရှိ- သမ္မာသတိနှင့် ညှိ။
၄၈။ သတိရှေ့ရှုံ၊ သက်ပွံ၊ သစ္စံအာရုံ တင်ပေးသည်။
၄၉။ သတိထင်ရှား၊ မှန်တရား၊ မမှားသက်ပွ ရှေ့ရှုသည်။
၅၀။ သတိသက်ပွ၊ ရှေ့ရှုလတ်၊ မပြတ်နှလုံးသွင်းတော့သည်။
၅၁။ မနသိကာရ၊ ထိုအခါ၊ ယောနိသောသာယှဉ်တော့သည်။
၅၂။ သတိပညာ၊ ကြည်သဒ္ဓါ၊ ဝီရိယာမပြတ်စုစည်းသည်။
၅၃။ မပြတ်စုလတ်၊ အာရုံဓါတ်၊ တရပ်သမာဓိ ညီတော့သည်။

၅၄။ သဒ္ဒါ,သတိ၊ ဝိရိရှိ၊ ပညာသမာဓိ ဖြစ်ပေါ်သည်။
၅၅။ သမာဓိအဖော်၊ ပညာပေါ်၊ ဉာဏ်နော်ဝိဇ္ဇာဖြစ်တော့သည်။
၅၆။ ဝိဇ္ဇာဉာဏ်ရောက်၊ ပညာဖေါက်၊ ဖြစ်တာပျောက်တော့သည်။
၅၇။ အဖြစ်ပယ်ခါ၊ပျက်ဉာဏ်လာ၊ ပဟာနာပရိညာဆိုက်တော့သည်။
၅၈။ ဘင်ဉာဏ်ပိုင်၊ မဂ်လမ်းတိုင်၊ မဏ္ဍိုင်စိုက်နိုင်ပြီ။
၅၉။ အနုပဿနာမပျော်၊ မဂ်လမ်းပေါက်၊ တောက်လျှောက်မမှားပြီ။
၆၀။ အကျိုးရှစ်တန်၊ သေက္ခမှန်၊ ကေန်ရပေမည်။
၆၁။ အကျိုးရှစ်ရပ်၊ မရလတ်၊ ဉာဏ်ခေါ်တ်မမှန်ပြီ။
၆၂။ ရအပ်အကျိုး၊ ဆ,တံပိုး၊ တိုး၍မဂ်ကိုရှာကြံမည်။
၆၃။ မဂ္ဂင်ကရှာ၊ ငါမရှာ၊ ထွက်မြောက်ရာသာ ရောက်ပေမည်။
၆၄။ ရောက်အောင်ကေန်၊ အတန်တန်- အမှန်ကြိုးစားသင့်ပေသည်။
၆၅။ မပြတ်ကြိုးကုတ်- လွန်အားထုတ်၊ မယုတ် ပဋိပဒါတည်။
၆၆။ ပဋိပဒါဆောင်၊ မဂ်ဉာဏ်ဘောင်၊ မဟာဉာဏ်အောင် ရပေမည်။
၆၇။ ခြောက်ဆဲ့လေးပါး၊ ဒိဋ္ဌိများ၊ ကင်းငြားမင်ဖိုလ်တည်။
၆၈။ သန္တိသုခ၊ နိဗ္ဗာန၊ ရောက်ရ မြတ်ယောဂီ။
၆၉။ သာသနာဟုန်၊ တွေ့ရကြုံ၊ လုံးစုံအောင်မြင်ပြီ....။

**မှတ်ချက်။** ။ဒေသနာဉာဏ်-ပစ္စက္ခဉာဏ်နှစ်စားဖြင့်၍-ဘုရားတရားတော် သံပေါက်များကို-ရှင်းလင်းပြသပေးမည်ဖြစ်ရာ။ အလွတ်ရအောင် ကျက်ထားပါက- အကျိုးများမည် ဖြစ်ပါသည်။

ဤမျှဖြင့်—(ဒုတိယပိုင်း)ကို ရပ်ဆိုင်ကား၊ ပေးထားသော- ဂတိအတိုင်း (တတိယပိုင်း)တွင် ပြည့်စုံအောင်— ဖေါ်ပြ၍၊ ယခု- ပညာအခံများအရ၊ ကိုယ်တိုင်ကျင့်သုံးပြီး၊ သူတပါးတို့အား- ပို့ချပေးနိုင်အောင် ရစေမည်ဖြစ်ပါသည်။ (တတိယပိုင်း)မှာ ဆက်လက်ရိုက်နှိပ် နေပြီ ဖြစ်ပါ၍၊ နှစ်လကျော်မျှအတွင်း ပြီးစီးမည် ဖြစ်ပါသည်၊ ရယူနိုင်အောင် အားခဲတော်မူကြလျက်....

"သတိဆရာ၊ သူညွှန်ရာသို့၊သဒ္ဓါနှင့်သွား၊ ဝီရိယနှင့်ထမ်း၊သမာဓိနှင့် ပိုး၍၊ တိုးလာသော ပညာအရ၊ ရှေ့ဉာဏ်စဉ်, လမ်းမမှားဘဲ၊ မဂ်စခန်းသို့ သွားလှမ်းနိုင်သူဖြစ်အောင်၊ မဆုတ်မနစ်၊ ကြိုးစား, ဆည်းပူးတော်မူကြပါလေ။"

ရန်ကုန်-ဦးဝိသုဒ္ဓ

၁၃၃၈-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၇)ရက်။

ဦးကျော်စိန် လဖက်ပွဲရုံ၊ (၅၂) ပင်လုံလမ်း-ကျောက်မဲမြို့။ ၅၀
ဒေါ်တင်တင်အေး ပြည်သူ့ကောင်စီရုံး၊ တောင်ကြီးမြို့။ ၃၀
ဦးမြသင်း အလယ်ကုန်း (ဈေးဆိုင်)သုံးဆယ်မြို့။ ၂၅
ဦးထွန်းသိန်း (၃၂)ဘီ၊ အ-ထ-က(၉)ဝင်း မော်လမြိုင်မြို့။ ၂၅
ဦးခင်မောင်ဆက် အမှတ် ၁၄၇၊ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။ ၂၅
နီနီ၊ အမှတ် ၃၈၊ ၅၂-လမ်း၊ ဗိုလ်တထောင် ရန်ကုန်မြို့။ ၂၅
မောင်ညွှန့်တင်၊ အမှတ် ၂၈၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ၂၅
အရာခံ-ဗိုလ်တင်ဝေ၊ လေ-၂၈၇၊ လေတပ်စခန်း၊ မင်္ဂလာဒုံ။ ၂၀
ဗိုလ်မှူး-လှငြိမ်း၊ အမှတ်(၁၀)လမ်းသွယ်(၁)၊ သီရိ ရိပ်သာ မေမြို့။ ၂၀
ဒေါ်တုတ်တုတ်၊ ပေပင်ကျောင်းလမ်း၊ ဆူးလေကုန်းရပ် မုံရွာမြို့။ ၂၀
ဒေါ်လှ၊ အမှတ် ၅၉၊ ၁၃၄-လမ်း၊ မအူကုန်း ရန်ကုန်မြို့။ ၂၀
ဦးတင်ညွှန့်၊ အမှတ် ၁၃၀၊ မြေညီထပ် ခရစ်လမ်း၊ ရန်ကုန်မြို့။ ၁၅
မောင်သိန်းလွင်၊ ၄၈၊ တာဝတိံသာ (၁)လမ်း၊ မြောင်းမြမြို့။ ၁၅
ဦးဆုမြိုင်၊ အမှတ် ၉၄၊ ပွဲကြိုရပ် မကွေးမြို့။ ၁၅
ဦးသိး၊ အမှတ် ၂၃၄၊ ည-ရပ်ကွက် သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ ၁၅
ဒေါ်အေးကြည်၊ အမှတ် ၈၊ ရတနာပုံလမ်း၊ အင်းစိန်။ ၁၅
ကိုလှဝင်း၊ တ/ဆ ဦးရွှေ-ဒေါ်စိုး တာနီလမ်း၊ စစ်ကွင်းမြို့။ ၁၅
ဦးအေးမောင်၊ (ပင်စင်စား) ဘီ-အိုု-စီ အနီး ပိန်းဇလုပ်မြို့။ ၁၀
ဦးဝါယမ (ဝံသ) တိုက်သစ်ကျောင်းတိုက်၊ ညောင်းတုန်းမြို့။ ၁၀
ဦးဘစိန်၊ မြောက်ဘက်တန်း၊ ပဲခူးတိုင်း၊ မင်းလှမြို့။ ၁၀
မောင်ခင်မောင် (စာပို့ကြပ်)အင်းစိန်စာတိုက်၊ ရန်ကုန်မြို့။ ၁၀
ဦးတင်၊အမှတ် ၂၇၈၊မြို့မ ၁၁-လမ်း၊၄-ရပ်ကွက်/မြောက်ပိုင်း၊သာကေတ ၁၀
မခင်လှပြုံး၊ (မန်းတက္ကသိုလ်)အမှတ် ၉၇၊ ၅-လမ်း၊ ညောင်ရွှေမြို့။ ၁၅
ဦးကဝိဓဇ ဓမ္မပါလကျောင်း၊ သဲအင်းဂူတိုက်၊ မှော်ဘီမြို့။ ၂၅
ဦးဉာဏိက(ဓမ္မာစရိယ) သိမ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့။ ၂၀
အရှင်သောမ၊ ကမာပါကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်။ ၂၀
အရှင်ဝိမလာလင်္ကာရ(ဓမ္မာစရိယ)၊ရွှေပန်းရုံစာသင်တိုက်၊ စကုမြို့။ ၁၅
ဦးပဏ္ဍိတ၊ ဇေယျဝတီကျောင်းတိုက်၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ ၁၅
ဦးဉာဏိက၊ ညောင်ပင်သာကျောင်း၊ ဝန်းသိုမြို့နယ်။ ၁၅
အရှင်ပာသိန္ဒ၊ ရွှေဘိုကျောင်း၊ ဥက္ကာမြို့၊ မှော်ဘီဝိုင်၊ ရန်ကုန်တိုင်း။ ၁၅
ဦးသိလာစာရ၊ အေးစေတီကျောင်း၊ မင်းဘူးမြို့။ ၁၅

ဦးသံဝရ(လပွတ္တာ) စွန်းလွန်းကမ္ဗဒ္ဒာန်းတိုက်၊ မော်လမြိုင်မြို့။ ၁၀ိ
ဦးဉာဏိန္ဒ၊ နန်းဦးကျောင်းတိုက်၊ ပေါင်းတည်မြို့။ ၁၅
ဦးပဏ္ဍိစ္စ (လက်ဝဲရွာ)၊ ညောင်ဦးမြို့နယ်။ ၁၀
အရှင်ပညာသာမိ၊ ဟိတကာရီကျောင်း၊ သထုံမြို့။ ၁၀
ဒေါ်ဝဏ္ဏစာရီ၊ ဗြဟ္မာဝေါသီချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။ ၁၅
ဦးခိုင်၊မိုးကျော်အောင်စိန်ရွှေရတနာဆိုင်၊မြို့မဈေး ပခုက္ကူမြို့။ ၁၀၉
ဦးချွန်စိန်း-အကျိုးဆောင်၊ သာသနာ့ နုဂ္ဂဟအသင်း၊ မြစ်သားမြို့။ ၅၀
ဦးစံအုပ် အမှုဆောင် ။ ။ ။ ၃၀
ဦးဘညွန့် (ဥက္ကဋ္ဌ) ။ ။ ။ ၁၀
ဦးသန်းရွှေ(အမှုဆောင် ။ ။ ။ ၁၀
ဦးအောင်ခင် ။ ။ ။ ။ ၁၀
ဦးသောင်းဖေ၊ ရွှေပန်းတိမ်-ပြင်ခရိုင်စာတိုက်၊ ပုသိမ်ခရိုင်။ ၃၀
ဦးစန်ဖြတ် ။ ။ ။ ၃၀
ဦးထွန်းလှိုင်(ဘီအေဘီလ်)ဗဟိုတရားရုံးရှေ့နေကြီး၊ မိတ္ထီလာမြို့ ။ ၂၅
ဦးကွန်း (အငြိမ်းစားကျောင်းအုပ်) ၁၇-လမ်း၊ ပေါင်းတည်မြို့။ ၂၅
ဦးလှမောင်၊ အမှတ် ၁၅၄၊ စက်တန်း၊ တမ္ဗဝတီရပ်၊ မန္တလေးမြို့။ ၂၅
ဦးဘိုးထိန်၊ (၃)ကျွဲကွက်သစ်လမ်း၊ ကျောင်းမြောင်း၊ ရန်ကုန်မြို့။ ၂၀
ဒေါ်အေးမြိုင်(စာရေးကြီး)၊ ဇေယျဝတီသကြားစက်၊ ဇေယျဝတီ ၂၀
ဦးဘသွယ်-ဒေါ်မေ၊ ဗိုလ်ချုပ်လမ်း၊ ကလေးဝမြို့၊ စစ်ကိုင်းတိုင်း။ ၂၀
ဦးရန်ရှင်း-ဒေါ်ညွန့်မေ၊သား-မောင်ဝင်းခိုင်၊၆၂-မင်းလမ်း၊ဒိုက်ဦးမြို့။ ၁၀
ဦးအောင်ခင်၊ ၅၆၉၊ မင်းတန်းလမ်း၊ ဒလမြို့။ ၁၅
ဦးကျော်ထွန်း၊ ၁၅၊ ၅၀-လမ်းသွယ်၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ ၁၀
ဦးသာထွန်း၊ ၆၅၊ မင်းလမ်း၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်း။ ၁၀
ဦးတင်၊ ၂၇၀၊ မြို့မ (၁၁)လမ်း၊ ၄-ရပ်ကွက်၊ သာကေတမြို့။ ၁၀
ဦးကျော်လှ(ပင်စင်အမြတ်ခွန်)၊ (၁၁)၊ ဘုန်းကြီးလမ်း၊ အင်းစိန်မြို့။ ၁၀
ဦးအုန်းမြင့်-ဒေါ်ပွေး၊မိသားစု၊ အုန်းမြင့်စာပေ၊ သာစည်မြို့။ ၁၀
မအေးသန်း(စာရေး) တိုင်းအထွေထွေအုပ်ချုပ်ရေးရုံး-ပုသိမ်မြို့။ ၁၀
ဦးကျော်မောင်(တကက)၊ ၂၊ ဆက်သွယ်ရေးအလုပ်ရုံ၊ မင်္ဂလာဒုံ ။ ၁၀
ဦးစိန်လှ-ဒေါ်မြင့်မြင့်၊ ပရိက္ခရာရပ်၊ ဆင်ဖြူကျွန်းမြို့။ ၁၀
ဦးချစ်မောင်-ဒေါ်ခင်တုတ်၊ ပိုးအရှေ့ရပ်၊ ဆင်ဖြူကျွန်းမြို့။ ၁၀
ဦးရွှေမောင်-ဒေါ်လှကြည်၊ သစ်ကြီးတန်းရပ်၊ ကျောက်ဆည်မြို့။ ၁၀
ဦးထွန်းဖေ၊ အမှတ် ၁၅၊ ဈေးရပ်၊ ကနောင်မြို့။ ၁၀
မောင်မောင်ငြိမ်း၊ မြို့စည်ပင်သာယာရေးအဖွဲ့ ညောင်ရွှေမြို့။ ၁၀

ဦးနိမလ အဝပြန်ကျောင်း၊ ကျိုက်လပ်မြို့နယ်။ ၂၀

ဦးနန္ဒိယ အင့်ဂတိုက်ကျောင်း၊ မြို့မရပ်၊ မိုးကုတ်မြို့။ ၂၅

ဦးပုည-ဆရာတော်၊သံကိုင်း စေတီကျောင်း၊ ပွင့်ဖြူမြို့နယ်။ ၂၅

ဦးစိတ္တရ တကူကျောင်း တနင်္သာရီမြို့နယ်။ ၂၀

ဦးသာသန ကွင်းကျောင်း၊ လက်ပန်ကုန်း၊ မအူပင်မြို့နယ်။ ၁၅

ဦးသူရိယ တောမရွာ၊ ထီးလင်းမြို့နယ်-မကွေးတိုင်း။ ၁၅

ဦးနန္ဒိသေန ကျောင်းခမ်းကျောင်း၊ မြို့လည်ရပ် သျှောင်ရှေ့မြို့။ ၁၅

ဦးရေဝတ- တိုက်ကျောင်း၊ သနပ္ပင်စာတိုက် ပဲခူးတိုင်း။ ၁၀

ဦးပဏ္ဍိစ္စ(ဘက)အလံပြကျောင်းတိုက်၊ ဘုရားကြီးမြို့၊ ပဲခူးတိုင်း။ ၁၀

ဦးကေလာသ ဓမ္မာရုံကျောင်းတိုက်၊ ဥက္ကံမြို့ ရန်ကုန်တိုင်း။ ၁၀

ကိုကျော်ဝင်း-မခင်သန်း၊ မိသားစု ရှမ်းစုရပ်-မိုးကုတ်မြို့။ ၁၀၀

ဦးမှန်ပြောင်း-ဒေါ်စိန်တင်၊ ဆယ်သိန်းရပ်ကွက်၊ သင်္ဃန်းကျွန်း။ ၁၀၀

ဦးကောင်း အမှတ် ၂၂၁၊ စူပါပင်လမ်း၊ အလုံ-ရန်ကုန်မြို့။ ၃၀

ဗိုလ်ကြီး-ခင်ဖေ စစ်ရေးရုံးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ၂၅

ဦးဘစိန်-စိန်ဝင်းခိုင်ကိတ်မုံ့တိုက်၊ စက်ကွေ့ရပ် မြစ်ငယ်မြို့။ ၂၅

ဦးအုန်းမောင် မယင်းကုန်းကျေးရွာ ဆကာကြီးမြို့နယ်။ ၂၅

ဦးညီစု-ဒေါ်လေးခင်(န)လက္ခာပွင်ရွာ နတ်မောက်မြို့နယ်။ ၂၅

ဒေါ်မြင့်မြင့် ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်း ရန်ကုန်မြို့။ ၂၅

ဦးကြင်-ဒေါ်ခင်လေးစိန် အောင်ချမ်းသာရပ်၊ အင်းတော်မြို့။ ၂၀

ဦးမောင် ဘုရားကြီးလမ်း၊မစိန်ရွာ ကလေးဝမြို့နယ်။ ၂၀

ဦးလှတင် အမှတ် ၂၈၁၊ ရုံးလမ်း၊ မင်းရပ် စစ်ကိုင်းမြို့။ ၂၀

မနန္ဒာရီနှင့် မပရမစာရီ၊ အောင်မင်္ဂလာစာသင်တိုက်၊ ပဲခူးမြို့။ ၂၀

ဒေါ်လှ-၅၉၊ ၁၃၄-လမ်း၊ ရန်ကုန် (ဒုတိယအကြိမ်လှူ) ၂၀

ဦးသာရ ကန်ဘဲ့ရွာ၊ အမရပူရမြို့နယ် မန္တလေးခရိုင်။ ၂၀

ဦးအောင်ကြီး-ဒေါ်ညွန့် လှစ္စလမ်းနှင့် ကုန်သည်လမ်းဒေါင့်ရန်ကုန်မြို့။ ၂၀

ဦးရွှေပို-ဒေါ်မြခင် ကွက်သစ်ရပ်၊ ယင်းမာပင်မြို့ မုံရွာခရိုင်။ ၁၆

ဦးဘထွန်း-ဒေါ်မြနု မိသားစု ပေါက်ချောင်းရပ် မိတ္ထီလာမြို့။ ၁၅

ဆရာ-ဦးဘိုးကြွယ်နှင့် ဦးဝင်းမောင် ၈-၄၇၊ ကုန်စျေးရုံ သုံးခွမြို့။ ၁၅

ဦးသန်း(ခ)ဦးညွန့်မောင်၊ ကိုယ်စားလှယ် မြစ်ငယ်မြို့။ ၁၅

ဦးလှမြင့် မြို့ပတ်လမ်း၊ တောင်ပိုင်း ဇီးကုန်းမြို့။ ၁၅

ဦးတင်ညွန့် ၁၃၀၊ ကရစ်လမ်း၊ ရန်ကုန် (ဒုတိယအကြိမ်လှူ) ၁၅

## ဓမ္မဒါနကောင်းမှုရှင်များ။

ဦးတင်ထွန်း၊ စာတိုက်မှူး နန်းခွင် (ကချင်ပြည်နယ်) ၁၅
ဦးဒင်အောင်၊ တဆင့် ဗိုလ်မှူးစိန်ရီ စစ်ဆေးရုံမိတ္ထီလာမြို့။ ၁၅
ဦးစန်းတင့် ၁၃၄၊ နံ့ကုန်းရိပ်သာ လမ်းသစ်၊ အင်းစိန်မြို့။ ၁၀
ဦးတင်မောင်(မြေတိုင်းပင်စင်စား) ရှမ်းစုရပ်၊ စကုမြို့။ ၁၀
ဦးလွင်(ဆရာကြီး) အမှတ် ၁၊ အ-ထ-က အနီး၊ တောင်တွင်းကြီးမြို့။ ၁၀
ဦးမြဦး (အလယ်တန်းပြဆရာ) ၅၈၊ ဦးဘခါ်လမ်း၊ မြောင်းမြမြို့။ ၁၀
ဦးမောင်ဦး အမှတ် (၆) အ-ထ-က မြောင်းမြမြို့။ ၁၀
ဦးလှဆောင် မြစ်လောင်းရွာ၊ အမရပူရမြို့နယ် မန္တလေးခရိုင်။ ၁၀
ဦးဘစိန် မြောက်ဘက်တန်း မင်းလှမြို့၊ ပဲခူးတိုင်း(ဒုတိယ အကြိမ်လှူ) ၁၀
ဦးသိန်းဟန် ၇၉၀၊ ကျော်သူ(၂၁)၊ ၉-ရပ်ကွက် တောင်ဥက္ကလာပမြို့။ ၁၀
ဦးအုန်းရှိန်(ကျောင်းဆရာကြီး) အမှတ် ၁၊ မာဃလမ်း၊ သုံးခွမြို့။ ၁၀
ဒေါ်ခင်ညွန့် (ဆရာမ) အစိုးရအလယ်တန်း ညောင်ရွှေမြို့။ ၁၀
ကိုကောင်း၊ ကုန်သွယ်ရေး( ၁ )၊ တိုက်ကြီးမြို့။ ၉
ဦးဟိန် ဇီးကျွန်းရွာ၊ ပွင့်ဖြူမြို့နယ်။ ၇၁
ဦးသိန်းမောင် ရွာသာညွန့် ၎င်း ၁၅
ဦးသူတော် ပေတောရွာ ၎င်း ၁၅
ဦးဘအေး စည်ပင်သာယာ ၎င်း ၁၀
ဦးဘစိန် ။ ၎င်း ၁၀
ဦးကျော်ခင် ။ ၎င်း ၁၀
ဦးအရိယဝံသ၊ တိုက်အုပ်ဆရာတော်- မစိုးရိမ်တိုက်သစ် ကျိုက်လပ်မြို့ ၃၀
ဦးသုန္ဒရ၊ ဂူကျောင်း- ငှက်ပစ်တောင်တိုက် ညောင်ဦးမြို့ ၂၀
အရှင်အာစိဏ္ဏ- ရေကန်တောင်ကျောင်း- ပတ္တမြားရပ်- မိုးကုတ်မြို့ ၁၃
ဦးခင်သိန်း- မအေးသွင်၊ အုန်းပင်စု- တွံတေးမြို့ ၁၅၀
ဦးတင်မောင်- ဆန်စက်ပိုင်- ကောလင်းမြို့ ၂၀
ဦးကျော်တင့်- မီးရထားတဲ့ပြင်စက်ရုံ- ကုန်တဲ့ဌာန မြစ်ငယ်မြို့ ၂၀
ဦးသန်းညွန့်- မိသားစု- အလုပ်ထိန်း, ပစ္စည်းထိန်းရုံး- မြစ်ငယ်မြို့ ၁၅
ဦးဘတုပ်- အငြိမ်းစား၊ ၃၄- လမ်း၊ မြောက်ကြယ်ခတ်ဝင်း- မန္တလေးမြို့ ၁၅
ကိုလှငင်း၊တဆ-ဦးရွှေ-ဒေါ်စိုး၊တာနိလမ်း-စစ်ကွင်းမြို့(ဒုတိယအကြိမ်လှူ) ၁၀
မောင်တင်ရွှေ- စာရေး, စာတိုက်ရုံး- ကျောင်းပန်းတောင်းမြို့ ၁၀
ဦးထွန်းမင်း-ငွေစာရင်းကိုင်၊ အမှတ်-၁၊ သတ္တုထုးဖေါ်ရေး- နမ္မတူမြို့ ၈
တင်ထွန်းအေး- ဈေးသစ်- မြင်းမှူလမ်း- မုံရွာမြို့ ၈

## လှူနတ် ဦးကိုင်–ထွန်းဘုန်းလှိုင်၏– လေးနိုင်သစ္စာ မင်္ဂလာပန်းလွှာကို– ဆွတ်ခါပန်ဆင်– ယှူစေချင်

❋❋❋❋

သတ္တဝါ အနန္တ၊ ဘေးဒုက္ခကို၊ ဗုဒ္ဓစက္ခု၊ သဗ္ဗညုမှ၊ ကြည့်ရှုမြင်လာ၊ ကရုဏာနှင့်၊ ဒယာဉာဏ၊ အစဉ်ခ၍၊ မိန့်ဟာချွေနှင်း၊ ငါးထောင်ချဉ်းမည့်၊ ထင်လင်းဝေဖြာ၊ သာသနာ သည်၊ ရှည်ကြာကြံ့ခိုင်၊ တည်တန့်, ပိုင်ပါစေသတည်း၊ ။

ဗုဒ္ဓ ကိုယ်စား၊ တည်ပေငြားသည့်၊ တရား သဒ္ဓမ္မ၊ မြတ်အမွေကို၊ မသေ့ ပရိယတ်၊ ပို့ချ အပ်သား၊ အမြတ် သံဃာ၊ ထေရ်မဟာတို့၊ သင်္ဂါယနာ၊ စဉ်လာမချို၊ ဆောင်ယူ ပို့သည်၊ အောင်မြို့နိဗ္ဗူ– တိုင်စေ သတည်း၊ ။

သဒ္ဓမ္မသုံးလွှာ၊ ဘိဓမ္မာနှင့်၊ တဖြာသုတ္တန်၊ ဝိနယံဟု၊ ရှင်သန်စင်ကြယ်၊ သုံးရပ်နယ်မှ၊ တသွယ် ခံယူ၊ တံခွန်ထူသည့်၊ ကျင့်မှုအမြတ်၊ ပဋိပတ်ကို၊ မလပ် ထမ်းဆောင်၊ စာပေ ဘောင်ဖြင့်၊ ဉာဏ်အောင်မဟာ၊ဝိပဿနာသည်၊မဂ်လွှာမျိုးစေ့-ရကြောင်းတည်း။

ထို့ကြောင့်မသွေ့၊များဝေနေတို့၊ မဟာဗောဓိ၊ဉာဏ်ပဋိကို၊ အမိဆွတ်လှမ်း၊ ရယူခဏ်းဝယ်၊ မိုငြမ်းခိုင်မာ၊ တင့်အပ်စွာသည့်၊ သုံးဖြာအပိုင်း၊ကျင့်စဉ်လှိုင်းကို၊မဆိုင်းမတွ၊ရယူကြ၍၊ ဓမ္မဒါနာ၊ ကိုယ်တိုင်ပါလျက်၊ ရှုခါ အားထုတ်၊ မဂ်ခလုပ်ဖြင့်၊ ဖွင့်ထုတ်သစ္စာ၊ မြိုက်ရသာကို၊ မဂ်မှာတသီး၊ဖိုလ်ဝယ်မှီး၍၊ မြည်ကြီးနိဗ္ဗူ၊အောင်ကြောင်းထူသည်၊ နတ်, လူ, အောင်မျို့- ကိန်းစေနည်း....၊ ရယူဆောင်လို့ - ငြိမ်းစေ သတည်း။ ။

မစိုးရိမ်– ဦးဝိစက္ခဏ